ဟာဇရသ် မောင်လာနာ မွဖ်သီ မိုဟမ္မဒ် ရှဖီး(အ်)

၏

ကုရ်အာန် သဖ်စီရ် (အူရ်ဒူ) ကျမ်းမှ

မအာရိဖွလ်ကုရ်အာန်
မြန်မာဘာသာပြန်

အစောင် ၂၈

ပြန်ဆို ရေးသား တည်းဖြတ်သူ

မောင်လာနာ မွဖ်သီ ကာရီ မိုဟမ္မဒ် ယူစွဖ် (အဆ်အဒီ)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ

ပါရာ [၂၈]

စူရာဟ်မုဂျာဒလဟ်

စောဒကဝင်သော မိန်းမ ကဏ္ဍ

၅၈ ： ၁ မှ ၅၈ ： ၆ အထိ

၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃
၂။ စူရာဟ်တော် ကျရောက်လာခြင်း၏ နောက်ခံသမိုင်း ၆
၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၈
၄။ 'ဇွေဟားရ်'၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် သာသနာ့အမိန့် ၉

၅၈ ： ၇ မှ ၅၈ ： ၁၃ အထိ

၅။ အာယသ်တော်များ ကျရောက်လာခြင်း၏ ကျောထောက်နောက်ခံသမိုင်း ၁၇
၆။ ပထမဖြစ်စဉ် ၁၇
၇။ ဒုတိယဖြစ်စဉ် ၁၈
၈။ တတိယဖြစ်စဉ် ၁၈
၉။ စတုတ္ထဖြစ်စဉ် ၁၈
၁၀။ ပဉ္စမဖြစ်စဉ် ၁၈
၁၁။ ဆဋ္ဌမဖြစ်စဉ် ၁၉
၁၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၀
၁၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၆
၁၄။ တီးတိုးလျှို့ဝှက်စွာ တိုင်ပင်ခြင်းနှင့် စပ်လျဉ်းသော လမ်းညွှန်ချက်တစ်ရပ် ၂၆
၁၅။ တီးတိုးညှိနှိုင်းတိုင်ပင်ခြင်းနှင့် စပ်လျဉ်းသော လမ်းညွှန်ချက်တစ်ရပ် ၂၇
၁၆။ ကာဖိရ်များ၏ဘက်မှပြုလာသော ဆိုးသွမ်းမှုများအပေါ်၌လည်း မွန်ရည်နူးညံ့စွာ
တုန့်ပြန်မှုကို ပြုရန် လမ်းညွှန်မှာကြားချက် ၂၉

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၇။	ထိုင်ဝိုင်း၏ ယဉ်ကျေးမှုအချို့	၃၀
၁၈။	ဤအာယသ်အပေါ် ဟဇရသ်အလီ ؓ သခင်ကြီးသာ ကျင့်ကြံပြုမူခဲ့ကြောင်းနှင့် အခြားတစ်ဦးတစ်ယောက်မျှ ပြုလုပ်ခွင့် မရရှိလိုက်ဘဲ တစ်ဖန် ဖျက်သိမ်းတော်မူလိုက်ခံရခြင်းအကြောင်း	၃၃
	၅၈ : ၁၄ မှ ၅၈ : ၂၂ အထိ	
၁၉။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၃၆
၂၀။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၄၀
၂၁။	မွတ်စ္စလင်မ်သည် ကာဖိရ် တစ်ဦးတစ်ယောက်ဖြင့် အူလိုက်၊ အသည်းလိုက် အဆွေခင်ပွန်းဖွဲ့ခြင်း မဖြစ်နိုင်ခြင်းအကြောင်း	၄၂

စူရာဟ်ဟာရှရ်
ပြည်နှင်ဒဏ်ကဏ္ဍ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၅၉ : ၁ မှ ၅၉ : ၅ အထိ	
၂၂။	စူရာဟ်တော်အချင်းချင်း ဆက်စပ်မှုနှင့် ကျောထောက်နောက်ခံသမိုင်း	၄၆
၂၃။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၄၈
၂၄။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၅၁
၂၅။	စူရာဟ် 'ဟာရှရ်'၏ အကျိုးထူးများနှင့် ဗနူနသွီးရ်တို့၏ ရာဇဝင်	၅၁
၂၆။	သံဝေဂတစ်ရပ်	၅၄
၂၇။	အမရ်အိဗ်နေအိုမိုက်ယားသွာမ်ရီ ؓ သခင်ကြီး၏ ဖြစ်စဉ်	၅၄
၂၈။	ဗနူနသွီးရ်မျိုးနွယ်အုပ်စုအား ပြည်နှင်ဒဏ်ပေးချိန် အစ္စလာမ်နှင့် မွတ်စ္စလင်မ်တို့၏ ထောက်ထားမှုသည် လက်ရှိနိုင်ငံရေးသမားတို့အဖို့ သင်ခန်းစာရယူစရာ အမှုကိစ္စဖြစ်ခြင်းအကြောင်း	၅၅
၂၉။	တမန်တော်မြတ် ﷺ ၏အမိန့်သည် စင်စစ်၌ အလ္လာဟ်အသျှင်မြတ်၏အမိန့်တော်သာလျှင်ဖြစ်ကြောင်း၊ ဟဒီးစ်တော်အား ငြင်းဆိုသောသူတို့အား သတိပေးချက်	၅၉
၃၀။	ထိုးထွင်းကြံဆမှု ဉာဏ်ဖြင့် ကွဲပြားသွားသော အချက်နှစ်ရပ်စလုံး၌ မည်သည့်အချက်တစ်ရပ်ကိုမဆို ပြစ်မှုဒုစရိုက်ဖြစ်သည်ဟူ၍ ပြောဆို၍ မရနိုင်ကြောင်း	၅၉

စဉ်	အကြောင်းအရာ	စာမျက်နှာ

၁၉ း ၆ မှ ၁၉ း ၁၀ အထိ

၃၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၆၂
၃၂။ သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ ၆၆
၃၃။ စည်းစိမ်ဥစ္စာ စုဆောင်းခြင်းအပေါ် အစ္စလာမ်သာသနာရေးဆိုင်ရာ တရားဥပဒေ တင်းကြပ်မှု ၇၁
၃၄။ 'ဇွဒ်ကာဟ်' ပစ္စည်းများ၌ မွန်ရည်သူများနှင့် သာသနာရေးရာ အမှုကိစ္စများကို အလုပ်အကျွေးပြုစု၍ လိုအပ်ချက်ရှိနေသောသူများကို ဦးစားပေးကာ ပေးအပ်ရမည့်အကြောင်း ၇၆
၃၅။ 'မုဟာဂျိရ်'များ၏ အကျိုးထူးဝိသေသ ၇၇
၃၆။ အရေးကြီးသော ခမ္ဘသတ်တစ်ရပ် ၇၈
၃၇။ မွတ်စ္စလင်မ်တို့၏ဥစ္စာပစ္စည်းအပေါ် ကာဖိရ်များ မောင်ပိုင်စီးခြင်း၏အမိန့် ၇၈
၃၈။ အန်စွာရီများ၏ အကျိုးထူးဝိသေသ ၈၀
၃၉။ 'ဗနူနသွီးရ်'မျိုးနွယ်အုပ်စု၏ ပစ္စည်းများအား ခွဲဝေခြင်းအကြောင်း ၈၂
၄၀။ ဆွဟာဗာကြီးများတွင် အထူးသဖြင့် အန်စွာရီသခင်ကြီးများမှ အခြားသူများအား ဦးစားပေးခြင်း၏ ဖြစ်စဉ်အချို့........ ၈၄
၄၁။ စောဒကတစ်ရပ်၏ အဖြေ ၈၉
၄၂။ မုဟာဂျိရ်များဘက်မှ အများအကျိုးကို ဦးစားပေးသော အန်စွာရီတို့အား ကျေးဇူးတုန့်ပြန်မှု ၉၀
၄၃။ အငြိုးစိတ်နှင့် ဝန်တိုခြင်းမှ ကင်းစင်ခြင်းသည် သုခဘုံသားတို၏ လက္ခဏာ ဖြစ်ခြင်း ၉၂
၄၄။ 'မုဟာဂျိရ်'နှင့် အန်စွာရီနောက် အွမ္မသ်ထုအတွင်းရှိ မွတ်စ္စလင်မ်ပြည်သူများ ၉၃
၄၅။ ဆွဟာဗာသခင်ကြီးများအား ချစ်ခင်မှု၊ လေးစားမှု ထားရှိခြင်းသည် လမ်းမှန်တရားပေါ်၌ ရှိနေသော အွမ္မသ်၏ လက္ခဏာဖြစ်ခြင်း ၉၄

၁၉ း ၁၁ မှ ၁၉ း ၁၇ အထိ

၄၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၉၈
၄၇။ သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ ၁၀၃
၄၈။ ဗနူကိုက်ကားအ်မျိုးနွယ်အုပ်စုအား ပြည်နှင်ဒဏ်ပေးခြင်း ၁၀၄

၅၉ း ၁၈ မှ ၅၉ း ၂၄ အထိ

၄၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၁၀
၅၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၁၃
၅၁။ ဇူရာဟ်ဟရှရ်၏ နောက်ဆုံးအာယသ်တော်များ၏ အကျိုးထူးနှင့် ဗရိကသ်များ ၁၂၂

စူရာဟ်မွမ်သဟိနဟ်
စစ်ဆေးခြင်းကဏ္ဍ

၆၀ း ၁ မှ ၆၀ း ၆ အထိ

၅၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၂၅
၅၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၃၀
၅၄။ အာယသ်တော် ကျရောက်လာရခြင်း၏ ကျောထောက်နောက်ခံသမိုင်း ၁၃၀
၅၅။ ဓာဒကတာစ်ရပ်နှင့် ၄င်း၏ အဖြေ ၁၃၇

၆၀ း ၇ မှ ၆၀ း ၉ အထိ

၅၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၃၉
၅၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၄၁

၆၀ း ၁၀ မှ ၆၀ း ၁၃ အထိ

၅၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၄၆
၅၉။ အာယသ်တော်များ ကျရောက်လာရခြင်း၏ သမိုင်းအကြောင်း ၁၄၆
၆၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၅၁
၆၁။ 'ဟိုဒိုက်ဗီယာ' စစ်ပြေငြိမ်းရေးစာချုပ်ပါ အချို့သော စည်းကမ်းချက်များအား စီစစ်လေ့လာခြင်း ၁၅၁
၆၂။ တင်ပြပါစည်းကမ်းချက်မှ အမျိုးသမီးများအား ချွင်းချက်အဖြစ်ထားရှိခြင်းသည် ပဋိညာဉ်ကိုချိုးဖောက်ခြင်းမဟုတ်ဘဲ သို့သာမက နှစ်ဘက်စလုံးမှ လက်ခံသော စည်းကမ်းချက်တစ်ချက်ကို ရှင်းလင်းတင်ပြခြင်းပင်ဖြစ်၏။ ၁၅၄
၆၃။ မွတ်စ္စလင်မ် အမျိုးသမီးများအနက် သာသနာကို စွန့်ပယ်ကာ မက္ကာဟ်မြို့သို့ သွားရောက်ခဲ့သော သူမများ ရှိပါ၏လော။ ၁၆၄

၆၄။ အမျိုးသမီးများ၏ 'ဗိုင်အသ်' (ကတိသစ္စာခံယူခြင်း) ၁၆၅
၆၅။ ဗိုင်အသ်ကတိသစ္စာပေးရာ၌ အချက်အလက်များကို အမျိုးသားများအား အကျဉ်းချုံးတင်ပြ၍ အမျိုးသမီးများအား အကျယ်တဝင့်တင်ပြပြီး 'ဗိုင်အသ်'ပြု ကတိသစ္စာဆိုစေရမည့်အကြောင်း ၁၆၇

စူရာဟ် ဆွဖ်
တန်းစီ (အစီအတန်းများ) ကဏ္ဍ

၆၁ : ၁ မှ ၆၁ : ၉ အထိ

၆၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၇၂
၆၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၇၇
၆၈။ အာယသ်တော်များ ကျရောက်လာခြင်း၏ ကျောထောက်နောက်ခံသမိုင်း ၁၇၇
၆၉။ 'ဒအ်ဝါ'(ကြွေးကြော်မှု) နှင့် 'ဒအ်ဝသ်' (ဖိတ်ခေါ်မှု) တို့၏ ခြားနားချက် ၁၈၀
၇၀။ 'အင်န်ဂျီးလ်'ကျမ်းလာ တမန်တော်မြတ် ﷺ ၏ သတင်းကောင်း ၁၈၃

၆၁ : ၁၀ မှ ၆၁ : ၁၄ အထိ

၇၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၈၅
၇၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၈၇
၇၃။ အီစာအီများ၏ အဖွဲ့ (၃) ဖွဲ့ ၁၉၀

စူရာဟ်ဂျုမုအာဟ်
သောကြာနေ့ (စုရုံးခြင်း) ကဏ္ဍ

၆၂ : ၁ မှ ၆၂ : ၈ အထိ

၇၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၉၃
၇၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၉၆
၇၆။ တမန်တော်မြတ် ﷺ အား စေလွှတ်တော်မူခြင်း၏ ရည်ရွယ်ချက် (၃) ရပ် ၁၉၈
၇၇။ မေးခွန်းတစ်ရပ်နှင့် အဖြေ ၁၉၉

စဉ် | အကြောင်းအရာ | စာမျက်နှာ

၇၈။ ကျင့်ကြံမှုမရှိသည့် အာလင်မ်ပညာရှင်၏ ဥပမာ ၂၀၃

၇၉။ သေခြင်းအား တောင့်တခြင်းသည် ပိုင်ပါ၏လော။ (သို့မဟုတ်) မပိုင်၏လော။ ၂၀၅

၈၀။ သေခြင်းတရား၏ အကြောင်းခံများမှ ပြေးလွှားခြင်း၏ အမိန့် ၂၀၆

၆၂ း ၉ မှ ၆၂ း ၁၁ အထိ

၈၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၀၇

၈၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၀၈

၈၃။ အကျိုးထူး ၂၁၁

၈၄။ 'ဂျုမုအာဟ်' နမာဇ်၏နောက် အရောင်းအဝယ်နှင့် ရှာဖွေခြင်း၌ ရရှိမည်ဖြစ်သော 'ဗရ်ကာသ်' မင်္ဂလာတော် ၂၁၄

စူရာဟ်မုနာဖိကူးန်
မွတ်စ္စလင်မ်အယောင်ဆောင်များကဏ္ဍ

၆၃ း ၁ မှ ၆၃ း ၈ အထိ

၈၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၂၀

၈၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၂၃

၈၇။ 'စူရာဟ်မုနာဖိကူးန်' ကျရောက်လာခြင်း၏ အကျယ်တဝင့် သမိုင်းဖြစ်ရပ် ၂၂၃

၈၈။ ဌာနေစွဲ၊ ဆွေမျိုးစွဲအပေါ် အခြေခံ၍ ရိုင်းပင်းမှုပြုခြင်းသည် ကုဖွ်ရ်နှင့် အမိုက်ခေတ်၏ သီးခြားလက္ခဏာဖြစ်ခြင်းအကြောင်း ၂၂၄

၈၉။ တင်ပြပါဖြစ်ရပ်အတွင်းရှိ အရေးပါသော လမ်းညွှန်ချက်များနှင့် အကျိုးထူးများ ၂၃၃
အစ္စလာမ့်နိုင်ငံရေးအခြေခံအုတ်မြစ်သည် အစ္စလာမ်သာသနာတော်ဝင်များအတွက် သီးသန့် တည်ဆောက်ထားခြင်း ဖြစ်ပေရာ ယင်းသို့ တည်ဆောက်ထားရာ၌ အရောင်အသွေး၊ ဘာသာစကားနှင့် ပြည်တွင်း၊ ပြည်ပသားဟူ၍ ခွဲခြားမှု အားလုံးကို ချေမှုန်းထားခြင်းအကြောင်း ၂၃၃

၉၀။ ဆွဟာဗာကြီးများ၏ အစ္စလာမ့်စည်းမျဉ်း ဥပဒေများအပေါ် တည်တံ့ ခိုင်မြဲစွာ ရပ်တည်နိုင်ခြင်းဖြင့် ၎င်းတို့၏ မြင့်မားသော အဆင့်အတန်း ၂၃၅

၉၁။ မွတ်စ္စလင်မ်တို့သည် အများအကျိုး ထောက်ရှုကာ မိမိတို့ အတွေး မှားခြင်းမှ ရှောင်ရှားစေရေးကိစ္စ ၂၃၇

၆၃ း ၉ မှ ၆၃ း ၁၁ အထိ

၉၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၄၀
၉၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၄၁

စူရာဟ်သဂါဗွန်
အရှုံးအမြတ် ပေါ်လွင်မည့်နေ့ ကဏ္ဍ

၆၄ း ၁ မှ ၆၄ း ၁၀ အထိ

၉၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၄၈
၉၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၅၁
၉၆။ လူမျိုးနှစ်ရပ်၏ ခံယူချက် သီအိုရီများ ၂၅၂
၉၇။ 'ကေယာမသ်'နေ့ကို [illegible] ဟူ၍ ခေါ်ဆိုရခြင်းအကြောင်း ၂၅၆

၆၄ း ၁၁ မှ ၆၄ း ၁၈ အထိ

၉၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၆၁
၉၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၆၄
၁၀၀။ ပြစ်မှုဒုစရိုက်ကျူးလွန်သော ဇနီးနှင့် သားသမီးတို့အား ပစ်ပယ်ခြင်း မုန်းတီးခြင်းတရား မထားသင့်ကြောင်း ၂၆၆
၁၀၁။ ပစ္စည်းဥစ္စာနှင့်သားသမီးများသည် လူသားတို့အဖို့ ကြီးကျယ်လှစွာသော စမ်းစစ်မှုဖြစ်ခြင်းအကြောင်း ၂၆၇

စူရာဟ်သွလာက်
လင်ခန်း မယားခန် ပြတ်စဲခြင်း ကဏ္ဍ

၆၅ း ၁ မှ ၆၅ း ၇ အထိ

၁၀၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၇၂
၁၀၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၇၇
၁၀၄။ သာသနာ့ရှုထောင့်ရှုထောင့်အရ ဆင်ခြင်တုံတရားရှိလှသော ထိမ်းမြားခြင်းနှင့် ကွာရှင်းပြတ်စဲခြင်းဆိုင်ရာ ကိစ္စရပ်များအကြောင်း ၂၇၇
၁၀၅။ ပညတ်ချက် ၁ .... ၂၈၂

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၀၆။	ပညတ်ချက် ၂	၂၈၅
၁၀၇။	ပညတ်ချက် ၃	၂၈၅
၁၀၈။	ပညတ်ချက် ၄	၂၈၆
၁၀၉။	ပညတ်ချက် ၅	၂၉၀
၁၁၀။	ပညတ်ချက် ၆	၂၉၁
၁၁၁။	ပညတ်ချက် ၇	၂၉၁
၁၁၂။	သုံး'သွလားက်'ကို တစ်ကြိမ်တည်းပေးခြင်း 'ဟရာမ်'ဖြစ်ကြောင်း၊ သို့ရာတွင် တစ်ဦးတစ်ယောက်သည် ဤသို့ပြုပါမူ သွလားက်(၃) ကြိမ်စလုံး ကျသွားမည် ဖြစ်ကြောင်းနှင့် ထိုအချက်အပေါ် အွမ္မသ်ထုတစ်ရပ်လုံး တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်ချထားခြင်းအကြောင်း	၂၉၃
၁၁၃။	ပညတ်ချက် ၈	၂၉၄
၁၁၄။	ကုရ်အာန်ကျမ်းတော်မြတ်၏ အံ့ဖွယ်ကောင်းသော အမြော်အမြင်နှင့် ပြစ်ချက်၊ ပြစ်ဒဏ်နှင့်စပ်လျဉ်းသည့် ဥပဒေများ၏ အခြေခံစည်းမျဉ်းများ	၂၉၆
၁၁၅။	တင်ပြပါအာယသ်တော် ကျရောက်လာခြင်း၏ နောက်ခံသမိုင်း	၃၀၀
၁၁၆။	ဘေးဒုက္ခများမှလွတ်မြောက်ရန်နှင့် ရည်ရွယ်ချက်များပြည့်ဝစေရန် အစွမ်းထက်သော ဆေးနည်း	၃၀၂
၁၁၇။	ပညတ်ချက် ၉	၃၀၄
၁၁၈။	'သက္ကဝါ'တရား၏ 'ဗရ်ကသ်'မင်္ဂလာတော် (၅) ရပ်	၃၀၅
၁၁၉။	ပညတ်ချက် ၁၀	၃၀၇
၁၂၀။	('သွလားက်'ပေးခြင်းခံရသော အမျိုးသမီးများအား 'အိဒ်ဒသ်'ရက်ပိုင်းကာလ အတွင်း စိတ်ဆင်းရဲမှုဖြစ်အောင် မပြုရန်အကြောင်း)	၃၀၇
၁၂၁။	ပညတ်ချက် ၁၁	၃၀၇
၁၂၂။	('သွလားက်'ပေးခြင်းခံရသော အမျိုးသမီးများအတွက် 'အိဒ်ဒသ်'ရက်အတွင်း အသုံးစရိတ်အကြောင်း)	၃၀၇
၁၂၃။	ပညတ်ချက် ၁၂	၃၁၀
၁၂၄။	ပညတ်ချက် ၁၃	၃၁၀
၁၂၅။	ပညတ်ချက် ၁၄	၃၁၁
၁၂၆။	ပညတ်ချက် ၁၅	၃၁၂

စဉ်	အကြောင်းအရာ	စာမျက်နှာ

၆၅ း ၈ မှ ၆၅ း ၁၂ အထိ

၁၂၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၁၅
၁၂၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၁၆
၁၂၉။ မြေ (၇) ထပ်သည် မည်သည့်နေရာများ၌ မည်သည့်ပုံစံများဖြင့် တည်ရှိနေပေသနည်း။ ၁၁၇

ဓူရောပ်သဟာရီမ်
တားမြစ်ခြင်းကဏ္ဍ

၆၆ း ၁ မှ ၆၆ း ၅ အထိ

၁၃၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၂၁
၁၃၁။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၂၄
၁၃၂။ 'သဟ်ရီးမ်'အာယသ်တော်များ ကျရောက်လာခြင်း၏ ဖြစ်စဉ် ၁၂၄

၆၆ း ၆ မှ ၆၆ း ၇ အထိ

၁၃၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၃၂
၁၃၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၃၃
၁၃၅။ ဇနီးနှင့် သားသမီးများအား သင်ကြား၊ ဆုံးမမှုသည် မွတ်စ္စလင်မ်တိုင်းအပေါ် ဖွရဇ်တာဝန်ဖြစ်ခြင်းအကြောင်း ၁၃၄

၆၆ း ၈ မှ ၆၆ း ၁၂ အထိ

၁၃၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၃၇
၁၃၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၃၉

ပါရာ [၂၈]

စူရာဟ်မုဂျာဒလဟ်

ဓေါဒကဝင်သော မိန်းမ ကဏ္ဍ

بِسۡمِ اللّٰہِ الرَّحۡمٰنِ الرَّحِیۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

قَدۡ سَمِعَ اللّٰہُ قَوۡلَ الَّتِیۡ تُجَادِلُکَ فِیۡ زَوۡجِہَا وَ
تَشۡتَکِیۡۤ اِلَی اللّٰہِ ٭ۖ وَ اللّٰہُ یَسۡمَعُ تَحَاوُرَکُمَا ؕ اِنَّ اللّٰہَ سَمِیۡعٌۢ بَصِیۡرٌ ①

၅၈ : ၁ ။ ။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အကြင်မိန်းမ၏ ပြောဆိုမှုကို ကြားတော်မူခဲ့လေပြီ။ ထိုမိန်းမသည် မိမိလင်ယောကျ်ားနှင့် ပတ်သက်၍ အသင်နှင့် ငြင်းခုံပြောဆို ဆွေးနွေးလျက် ရှိသည့်အပြင် (မိမိ) မကျေနပ်ကြောင်း အလ္လာဟ်အသျှင်မြတ်ထံတော်တွင် ထုတ်ဖော်လျှောက်ထား တိုင်တန်းလျက် ရှိခဲ့၏။ ၄င်းပြင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့နှစ်ဦး ပြောဆိုမေးဖြေခြင်းကိုလည်း ကြားတော်မူ၏။ ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အကြွင်းမဲ့ ကြားတော်မူသောအသျှင်၊ အကြွင်းမဲ့ သိမြင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

اَلَّذِیۡنَ یُظٰہِرُوۡنَ مِنۡکُمۡ مِّنۡ نِّسَآئِہِمۡ مَّا ہُنَّ اُمَّہٰتِہِمۡ ؕ اِنۡ اُمَّہٰتُہُمۡ
اِلَّا الّٰٓیِٴۡ وَلَدۡنَہُمۡ ؕ وَ اِنَّہُمۡ لَیَقُوۡلُوۡنَ مُنۡکَرًا مِّنَ الۡقَوۡلِ وَ زُوۡرًا ؕ وَ
اِنَّ اللّٰہَ لَعَفُوٌّ غَفُوۡرٌ ②

၅၈ : ၂ ။ ။ အသင်တို့အနက် အကြင်သူတို့သည် မိမိတို့၏ ဇနီးမိန်းမများအား 'ကျွန်ုပ်၏ မိခင်ကဲ့သို့ပင် ကျွန်ုပ်တို့ အပေါ်၌ 'ဟရာမ်'ဖြစ်သည်'ဟု ပြောဆို 'ဇိဟာရ်' [ခိုင်းနှိုင်းမှု] ပြုလုပ်ကြလေ၏။ ထိုဇနီးမိန်းမများမှာ ၄င်းတို့၏ မိခင်များ မဟုတ်ကြပေ။ ၄င်းတို့အား မွေးဖွားခဲ့ကြသော မိန်းမများသာလျှင်၊ ၄င်းတို့၏ မိခင်များ ဖြစ်ကြလေ၏။ သို့ရာတွင် ဧကန်မလွဲ ထို ('ဇိဟာရ်'ပြုလုပ်ကြကုန်သော) သူတို့သည် စက်ဆုပ်ဖွယ်ရာ စကားကိုလည်းကောင်း၊ မုသားစကားကိုလည်းကောင်း ပြောဆိုကြသည်မှာ အမှန်ပင် (ဖြစ်၏။) သို့တစေလည်း ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော အသျှင်၊ အလွန်တရာ ချမ်းသာပေးတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

وَالَّذِينَ يُظَاهِرُونَ مِن نِّسَائِهِمْ ثُمَّ
يَعُودُونَ لِمَا قَالُوا فَتَحْرِيرُ رَقَبَةٍ مِّن قَبْلِ أَن يَتَمَاسَّا ۚ ذَٰلِكُمْ
تُوعَظُونَ بِهِ ۚ وَاللَّهُ بِمَا تَعْمَلُونَ خَبِيرٌ ﴿٣﴾

၅၈ : ၃ ။ ။ စင်စစ် အကြင်သူတို့သည် မိမိတို့၏ ဇနီးမိန်းမများနှင့် 'ဇိဟာရ်'[ခိုင်းနှိုင်းမှု] ပြုလုပ်ကြကုန်၏။ ထို့နောက် ၎င်းတို့သည် မိမိတို့ ပြောဆိုခဲ့ကြသည်ကို ပြန်လည်ရုပ်သိမ်းလိုကြ၏။ သို့ဖြစ်လျှင် ၎င်းတို့ (ဇနီးမောင်နှံ) နှစ်ဦး ကိုယ်လက်နှီးနှောခြင်း၊ ထိတွေ့ခြင်း မပြုကြမီ 'ကျွန်'တစ်ယောက်ကို လွတ်မြောက်စေရမည်။ ဤသည်ဖြင့် အသင်တို့သည် ဆုံးမခြင်းကို ခံကြရပေသည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ကျင့်မူလျက် ရှိကြသည်တို့ကို အကြွင်းမဲ့ ကြား သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

فَمَن لَّمْ يَجِدْ فَصِيَامُ
شَهْرَيْنِ مُتَتَابِعَيْنِ مِن قَبْلِ أَن يَتَمَاسَّا ۖ فَمَن لَّمْ يَسْتَطِعْ فَإِطْعَامُ
سِتِّينَ مِسْكِينًا ۚ ذَٰلِكَ لِتُؤْمِنُوا بِاللَّهِ وَرَسُولِهِ ۚ وَتِلْكَ حُدُودُ اللَّهِ ۗ
وَلِلْكَافِرِينَ عَذَابٌ أَلِيمٌ ﴿٤﴾

၅၈ : ၄ ။ ။ သို့ရာတွင် မည်သူမဆို (ကျွန်) မရခဲ့လျှင်၊ ၎င်းတို့ (ဇနီးမောင်နှံ) နှစ်ဦး ကိုယ်လက်နှီးနှောခြင်း မပြုကြမီ၊ နှစ်လတိုင်တိုင် တစ်ဆက်တည်း 'ဆွိယမ်'ဥပုသ်သီလ ဆောက်တည်ရပေမည်။ သို့သော် မည်သူမဆို ('ဆွိယမ်' ဥပုသ်သီလ ဆောက်တည်ရန်) မတတ်စွမ်းနိုင်ပါလျှင်၊ သူဆင်းရဲခြောက်ဆယ်အား ၎င်းတို့ ဇနီးမောင်နှံနှစ်ဦး ကိုယ်လက် နှီးနှောခြင်း မပြုကြမီ (ထမင်းနှစ်နပ်) ကျွေးမွေးရပေမည်။ ထို (အမိန့်တော်ကို ပြဋ္ဌာန်းတော်မူခြင်း) သည် အသင်တို့ အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အားလည်းကောင်း၊ သက်ဝင်ယုံကြည်ကြရန် အလို့ငှာ ဖြစ်ပေသည်။ စင်စစ် ဤသည်တို့မှာ အလ္လာဟ်အသျှင်မြတ်၏ စည်းကမ်းချက်များပင် (ဖြစ်၏။) ၎င်းပြင် 'ကာဖိရ်' သွေဖည်ငြင်းပယ်ကြကုန်သော သူတို့အဖို့ နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည် ရှိပေလိမ့်မည်။

إِنَّ الَّذِينَ يُحَادُّونَ اللَّهَ وَرَسُولَهُ
كُبِتُوا كَمَا كُبِتَ الَّذِينَ مِن قَبْلِهِمْ ۚ وَقَدْ أَنزَلْنَا آيَاتٍ بَيِّنَاتٍ ۚ وَ
لِلْكَافِرِينَ عَذَابٌ مُّهِينٌ ﴿٥﴾

၅၈ : ၅ ။ ။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အား လည်းကောင်း ဆန့်ကျင်လျက် ဖီဆန်မှု ပြုတတ်ကြသော သူတို့သည် မိမိတို့အလျင် ရှိခဲ့ကြသော ရှေးသူဟောင်းတို့ ဂုဏ်ရည်

သေးသိမ်စေခြင်း ခံခဲ့ကြရသည့်နည်းတူ ဂုဏ်ရည်သေးသိမ်စေခြင်းကို ခံကြရပေမည်။ အမှန်စင်စစ် ငါအသျှင်မြတ်သည် ထင်ရှားလှစွာသော သက်သေလက္ခဏာတော်များကို ချပေးတော်မူခဲ့ပြီး ဖြစ်၏။ ၎င်းပြင် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့၌ ဂုဏ်ရည်ပျက်ပြားစေသော ပြစ်ဒဏ်သည် ရှိပေမည်။

يَوْمَ يَبْعَثُهُمُ اللّٰهُ جَمِيْعًا فَيُنَبِّئُهُمْ
بِمَا عَمِلُوْا أَحْصٰهُ اللّٰهُ وَنَسُوْهُ وَاللّٰهُ عَلٰى كُلِّ شَيْءٍ شَهِيْدٌ ۞

၅၈ : ၆ ။ ။ အကြင်နေ့တွင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အားလုံးကို ရှင်ပြန်ထစေတော်မူပြီးနောက်၊ ၎င်းတို့ ကျင့်မူခဲ့သမျှတို့ကို ၎င်းတို့အား သိစေတော်မူပေမည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုအကျင့်အမူကို ရေတွက်မှတ်သား၍ ထားရှိတော်မူ၏။ သို့ရာတွင် ၎င်းတို့မှာမူ ယင်းအကျင့်အမူကို မေ့ပျောက်ကြကုန်၏။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့အပေါ်ဝယ် မျက်မြင်သက်သေ ဖြစ်တော်မူ၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အကြင်မိန်းမ၏ ပြောဆိုမှုကို ကြားတော်မူခဲ့လေပြီ။ ထိုမိန်းမသည် မိမိလင်ယောကျာ်းနှင့် ပတ်သက်၍ အသင်နှင့် ငြင်းခုံပြောဆို ဆွေးနွေးလျက် ရှိသည့်အပြင် ဥပမာ-

مَاذَكَرَ طَلَاقًا

(၎င်းသည် 'သွလာက်'၏ စကားလုံးကို မပြောဆိုရာ 'ဟရာမ်'မည်ကဲ့သို့ ဖြစ်သွားပေသနည်း' ဟူ၍ ပြောဆိုခဲ့သည်။ မိမိ) မကျေနပ်ကြောင်း အလ္လာဟ်အသျှင်မြတ်ထံတော်တွင် ထုတ်ဖော်လျှောက်ထား တိုင်တန်းလျက် ရှိခဲ့၏။ ဥပမာ-

اَللّٰهُمَّ اِنِّىٓ اَشْكُوْا اِلَيْكَ

ဟူ၍ လျှောက်ထား ပြောဆိုခြင်း ဖြစ်သည်။) ၎င်းပြင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့နှစ်ဦး ပြောဆို မေးဖြေခြင်းကိုလည်း ကြားတော်မူ၏။ (ထို့ပြင်) ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အကြွင်းမဲ့ ကြားတော် မူသောအသျှင်၊ အကြွင်းမဲ့ သိမြင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (သို့ဆိုလျှင် ထိုတိုင်တန်း လျှောက်ထားချက်ကို မည်ကဲ့သို့ မကြားဘဲ ရှိနိုင်အံ့နည်း။

قَدْ سَمِعَ اللّٰهُ (ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ကြားတော်မူခဲ့လေပြီ။) *[၅၈ : ၁]*

ဟူသော အာယသ်တော်၌ အလ္လာဟ်အသျှင်မြတ် မိန့်မြွက်ခြင်း၏ အဓိကရည်ရွယ်ချက်သည် မိမိ အတွက် ကြားတော်မူကြောင်းကို အတည်ပြုရန် မဟုတ်ရုံသာမက ထိုအမျိုးသမီး၏ ဒုက္ခကို အဆုံးသတ်ရန် နှင့် ၎င်း၏ ချည့်နဲ့မှုကို လက်ခံတော်မူရန် ဖြစ်သည်။)

အသင်တို့အနက် အကြင်သူတို့သည် မိမိတို့၏ ဇနီးမိန်းမများအား 'ကျွန်ုပ်၏ မိခင်ကဲ့သို့ပင် ကျွန်ုပ်တို့အပေါ်၌ 'ဟရာမ်'ဖြစ်သည်'ဟု ပြောဆို 'ဇိဟာရ်' (ခိုင်းနှိုင်းမှု) ပြုလုပ်ကြလေ၏။ ထိုဇနီးမိန်းမများမှာ ၎င်းတို့၏ မိခင်များ မဟုတ်ကြပေ။ (ထို့ကြောင့် ဤသို့သော စကားလုံးများအား ပြောဆိုလိုက်ခြင်းဖြင့် ထာဝစဉ် အမြဲအတွက် မိခင်များကဲ့သို့ 'ဟရာမ်' ဖြစ်သွားခြင်းကို အတည်ပြု၍ ရရှိလောက်အောင် ဤအမျိုးသမီးများသည် ၎င်းသူတို့၏ မိခင်များ ဖြစ်သွားကြမည် မဟုတ်ပေ။ အခြားသော ဒုတိယအကြောင်းခံ တစ်ရပ်သည်လည်း ထာဝစဉ် 'ဟရာမ်' ဖြစ်သွားစေရန် မည်သည့်အထောက်အထား တစ်ရပ်ရပ်ဖြင့်လည်း အတည်ပြု မဖြစ်ရှိနိုင်ပေ။ ဥပမာ- ဆွေမျိုးတော်စပ်ခြင်းအရ 'ဟရာမ်'ဖြစ်ခြင်း၊ နို့တိုက်ကျွေးခြင်း၊ (သို့မဟုတ်) 'မုစွာဟရာ' အစရှိသည်တို့ ဖြစ်ပေသည်။ သို့ရှိရာ ထာဝရဖြစ်ခြင်းအား ငြင်းချက်ထုတ်လိုက်ပေသည်။) ၎င်းတို့အား မွေးဖွားခဲ့ကြသော မိန်းမများသာလျှင်၊ ၎င်းတို့၏ မိခင်များ ဖြစ်ကြလေ၏။ သို့ရာတွင် ဧကန်မလွဲ ထို ('ဇိဟာရ်'ပြုလုပ်ကြကုန်သော) သူတို့သည် စက်ဆုပ်ဖွယ်ရာ စကားကိုလည်းကောင်း၊ မုသားစကားကိုလည်းကောင်း ပြောဆိုကြသည်မှာ အမှန်ပင် (ဖြစ်၏။ ထို့ကြောင့် 'ဂိုနာဟ်' ပြစ်မှုဒုစရိုက် မုချ ဖြစ်သွားပေသည်။) သို့တစေလည်း (အကယ်၍ ထိုပြစ်မှုဒုစရိုက်အား ပိတ်ပင်တားဆီး ချေဖျက်အောင် ပြုလိုက်ပါမူ ထို 'ဂိုနာဟ်' ပြစ်မှုဒုစရိုက်တို့သည် ချမ်းသာပလပ်ခွင့် ပေးခြင်းကို ခံရပေမည်။ အဘယ်ကြောင့်ဆိုသော်) ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော အသျှင်၊ အလွန်တရာ ချမ်းသာပေးတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

(ရှေ့၌ ထိုတားမြစ်ပိတ်ပင် တားဆီးခြင်း၏ အချို့သော ပုံစံများကို ထောက်ရှုကာ တင်ပြထားပေသည်။) စင်စစ် အကြင်သူတို့သည် မိမိတို့၏ ဇနီးမိန်းမများနှင့် 'ဇိဟာရ်' (ခိုင်းနှိုင်းမှု) ပြုလုပ်ကြကုန်၏။ ထို့နောက် ၎င်းတို့သည် မိမိတို့ ပြောဆိုခဲ့ကြသည်ကို (မိမိဇနီးသည် မိမိအဖို့ 'ဟရာမ်' ဖြစ်သွားခြင်း၏ လိုလားချက်အား) ပြန်လည်ရုပ်သိမ်းလိုကြ၏။ (ဆိုလိုသည်မှာ ဇနီးသည်များမှ အကျိုးအမြတ်ကို ပြန်လည်ထုတ်ယူလိုကြ၏။) သို့ဖြစ်လျှင် ၎င်းတို့ (ဇနီးမောင်နှံ) နှစ်ဦး ကိုယ်လက်နှီးနှောခြင်း၊ (သို့မဟုတ်) ကိုယ်လက်နှီးနှောခြင်း၏ အကြောင်းခံများဖြစ်သော) ထိတွေ့ခြင်း မပြုကြမီ (အလျင်) 'ကျွန်'တစ်ယောက်ကို လွတ်မြောက်စေရမည်။ ဤ (လျော်ကြေးအမိန့်ကို ထုတ်ပြန်ချမှတ်လိုက်ခြင်း) ဖြင့် အသင်တို့သည် ဆုံးမခြင်းကို ခံကြရပေသည်။ (လျော်ကြေးအပြင် 'ဂိုနာဟ်'များ ပြေပျောက်သွားခြင်းဖြင့် နောက်နောင် အသင်တို့အဖို့ သတိထားနိုင်ခြင်း၏ အကျိုးတရားများလည်း ရှိပေသည်။) စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ကျင့်မူလျက် ရှိကြသည်တို့ကို အကြွင်းမဲ့ ကြားသိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ (လျော်ကြေးနှင့် စပ်လျဉ်း၍ ပညတ်ချက်များအား ပြည့်ဝစွာ လိုက်နာသည်၊ မလိုက်နာသည်ဟူသော ကျင့်မူချက်ကို သိရှိတော်မူခြင်း ဖြစ်ပသေည်။ သို့ဆိုလျှင် လျော်ကြေး၌ အမြော်အမြင်နှစ်ရပ် ရှိနေပေသည်။

ပထမတစ်ရပ်မှာ- ပြစ်မှုဒုစရိုက်၏ လွတ်ငြိမ်းချမ်းသာခွင့် ရရှိခြင်းဖြစ်၍ အကြင်အချက်အား لَعَفُوٌّ غَفُورٌ (၅၈း၂) ဟူသော အာယသ်တော်အတွင်း၌ ညွှန်ပြထားပေသည်။

ဒုတိယတစ်ရပ်မှာ- ခြိမ်းခြောက်သတိပေးမှုအား تُوْعَظُوْنَ ဟူသော စကားလုံးက တင်ပြထား လေသည်။

ဤဒုတိယအမြော်အမြင်သည်လည်း လျော်ကြေး၏ (၃) မျိုး (၃) စားထဲမှ ဖြစ်ပေသည်။ သို့ရာတွင် ကျွန် (သို့မဟုတ်) ကျွန်မကို သူကောင်းပြုခြင်းသည် လျော်ကြေးအမျိုးအစားများထဲမှ ဖြစ်သည့်အတွက် ကြောင့် ထိုအကြောင်းကို ပထမဦးဆုံး တင်ပြထားခြင်း ဖြစ်ပေသည်။)

သို့ရာတွင် မည်သူမဆို (ကျွန်) မရခဲ့လျှင်၊ ၄င်းတို့ (ဇနီးမောင်နှံ) နှစ်ဦး ကိုယ်လက်နှီးနှောခြင်း မပြုကြမီ၊ နှစ်လတိုင်တိုင် တစ်ဆက်တည်း (ဆက်တိုက်) 'ဆွိယမ်' ဥပုသ်သီလ ဆောက်တည်ရပေမည်။ သို့သော် မည်သူမဆို ('ဆွိယမ်' ဥပုသ်သီလ ဆောက်တည်ရန်) မတတ်စွမ်းနိုင်ပါလျှင်၊ သူဆင်းရဲခြောက် ဆယ်အား ၄င်းတို့ ဇနီးမောင်နှံနှစ်ဦး ကိုယ်လက် နှီးနှောခြင်း မပြုကြမီ (ထမင်းနှစ်နပ်) ကျွေးမွေးရပေ မည်။ (ရှေ့၌ ထိုအမိန့်တော်မျိုးကဲ့သို့ အခြားသော အမိန့်တော်များကို မုချ ထောက်ခံအတည်ပြုရမည့် အကြောင်းကို 'ပညတ်ချက်များအား အတည်ပြုပြဋ္ဌာန်းရခြင်းမှာ ရေးထုံးများနှင့် အမိုက်ခေတ်၏ အမိန့် များကို ဖောက်ဖျက်ရန် ရည်ရွယ်ချက်မျိုး'ဖြင့် အမိန့်ပေးထားရခြင်းအကြောင်းကို တင်ပြထားပေသည်။ ထို့ကြောင့် အထူး ဂရုပြုသင့်ပေသည်။ သို့ရှိရာ မိန့်တော်မူထားသည်မှာ ထို (အမိန့်တော်ကို ပြဋ္ဌာန်းတော် မူခြင်း) သည် (ယင်းအမိန့်တော်နှင့် ပတ်သက်၍ သင့်တော်သော အကျိုးတရားများကို ရယူခြင်းအပြင်) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အားလည်း ကောင်း၊ သက်ဝင်ယုံကြည်ကြရန် အလို့ငှာ ဖြစ်ပေသည်။ (ဆိုလိုသည်မှာ ထိုပညတ်ချက်များ၌ 'အီမာန်နှင့် စပ်လျဉ်း၍ သင့်တော်သော အကျိုးဆက်တရားများကို ရယူရန်'ကိုလည်း ထောက်ခံကြကုန်၏။ ရှေ့၌ သာပို လေးနက်စေရန်အတွက် မိန့်တော်မူထားသည်မှာ) စင်စစ် ဤသည်တို့မှာ အလ္လာဟ်အသျှင်မြတ်၏ (ဘက်တော်မှ ဘောင်ခတ်ထားသော) စည်းကမ်းချက်များပင် (ဖြစ်၏။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ မူဝါဒ ပုံသေနည်းများပင် ဖြစ်၏။) ၄င်းပြင် (ပညတ်ချက်များကို ထောက်ခံအတည်ပြုမှု မပြုကြကုန်သော) 'ကာဖိရ်'သွေဖည်ငြင်းပယ်ကြကုန်သော သူတို့အတွက် နာကျင်ဖွယ်ပြစ်ဒဏ်များ ရှိမည်ဖြစ်သည်။

(ဤပြစ်ဒဏ်ဟူ၍ ခြုံငုံသုံးနှုန်းထားခြင်းသည် ကျင့်ကြံမှု၌ လျော့နည်းယို့ယွင်းမှုရှိသော သူတို့ အဖို့လည်း ဖြစ်နိုင်ပေသည်။ အချို့သူများသည် ထိုအမိန့်တော်နှင့်သာလျှင် အထူးပြုထားရုံသာမက) ဧကန် စင်စစ် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အားလည်းကောင်း (မက္ကာဟ်မြို့ရှိ ကာဖိရ်များကဲ့သို့ မည်သည့်အမိန့်တော်တစ်ရပ်၌မဆို) ဆန့်ကျင်လျက် ဗီဆန့်မှု ပြုတတ်ကြသော သူတို့သည် မိမိတို့အလျင် ရှိခဲ့ကြသော ရှေးသူဟောင်းတို့ ဂုဏ်ရည် သေးသိမ်စေခြင်း ခံခဲ့ကြရသည့်နည်းတူ (ကမ္ဘာလောက၌) ဂုဏ်ရည်သေးသိမ်ခြင်းကို ခံကြရပေမည်။ (သို့ရှိရာ စစ်ပွဲများစွာ၌ ထိုအချက်သည် ဖြစ်ပေါ်ခဲ့ပြီး ဖြစ်သည်။ ပြစ်ဒဏ် မည်သို့ မခံရမည်နည်း။ အဘယ်ကြောင့်ဆိုသော်) ငါအသျှင်မြတ်သည် (အတိအလင်း အာယသ်တော်များဖြင့် မှန်ကန်ကြောင်းကို အတည်ပြုထားပြီး) ထင်ရှားလှစွာသော သက်သေ

လက္ခဏာတော်များကို ချပေးတော်မူခဲ့ပြီးဖြစ်၏။ (သို့ရှိရာ ထိုသက်သေလက္ခဏာတော်များအား ငြင်းဆိုခြင်းသည် မုချ ပြစ်ဒဏ်ခံရပေမည်။ ဤပြစ်ဒဏ်သည် ကမ္ဘာလောက၌ ဖြစ်ပြီး) ၄င်းပြင် ကာဖိရ်သွေဖည် ငြင်းပယ်သော သူတို့၌ ဂုဏ်ရည်ပျက်ပြားစေသော ပြစ်ဒဏ်သည်လည်း ရှိနေဦးမည် ဖြစ်ပေသည်။

(ရှေ့၌ ယင်းပြစ်ဒဏ်ခံရမည့်အချိန်ကို ပြဆိုထားပေသည်။ ဤသည် ထိုနေ့၌ ဖြစ်ပေမည်။) အကြင်နေ့တွင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အားလုံးကို ရှင်ပြန်ထစေတော်မူပြီးနောက်၊ ၎င်းတို့ ကျင့်မူခဲ့သမျှတို့ကို ၎င်းတို့အား သိစေတော်မူပေမည်။ (အဘယ်ကြောင့်ဆိုသော်) အလ္လာဟ်အသျှင်မြတ်သည် ထိုအကျင့်အမူကို ရေတွက်မှတ်သား၍ ထားရှိတော်မူ၏။ သို့ရာတွင် ၎င်းတို့မှာမူ ယင်းအကျင့်အမူကို မေ့ပျောက်ကြကုန်၏။ (အမှန်တကယ် မေ့ပျောက်သည်ဖြစ်စေ၊ (သို့မဟုတ်) သောကကင်းမဲ့ပြီး မေ့ပျောက်သည်ဖြစ်စေ) အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့အပေါ်ဝယ် မျက်မြင်သက်သေ ဖြစ်တော်မူ၏။ (၎င်းတို့၏ ပြုမူဆောင်ရွက်ချက်များဖြစ်စေ၊ အခြားသော အချက်အကြောင်း အရာများဖြစ်စေ။)

စူရာဟ်တော် ကျရောက်လာခြင်း၏ နောက်ခံသမိုင်း

ထိုစူရာဟ်တော်၏ အစပထမ ကျရောက်လာတော်မူသော အာယသ်တော်များ၏ အကြောင်းခံသည် သီးသန့် ဖြစ်စဉ်တစ်ရပ်အရ ဖြစ်ပေသည်။ ဟာဇရသ်အောက်စ်ဗင်န်စွာမိသ် ؓ သခင်ကြီးသည် တစ်ကြိမ်တစ်ခါက မိမိ၏ ဇနီး ခေါင်လာသခင်မကြီးအား

اَنۡتِ عَلَيَّ كَظَهۡرِ اُمِّيۡ

(အသင်မသည် ကျွန်ုပ်နှင့် စပ်လျဉ်း၍ မိမိ၏ မိခင်၏ ကျောကုန်း (ဝါ) 'ဟရာမ်' ဖြစ်ပေသည်) ဟူ၍ ပြောဆိုလိုက်ပေသည်။ တမန်တော်မြတ် ﷺ မပွင့်ပေါ်မီ အမိုက်ခေတ်၌ ဤစကားလုံးသည် အမြဲတမ်း 'ဟရာမ်' ဖြစ်သွားစေရန်အတွက် သုံးနှုန်းပြောဆိုလေ့ ရှိပေသည်။ အကြင်ပြောဆိုမှုသည် 'သွလာကေ့မုဂလ်လဇ္ဇာ' (တစ်ကြိမ်တည်း သုံး 'သွလာက်'ပေးခြင်း) ထက်ပင် သာပို၍ ဆိုးရွားလှပေသည်။ ဟာဇရသ် ခေါင်လာသခင်မကြီးသည် ဤကိစ္စရပ်နှင့် ရင်ဆိုင်ကြုံတွေ့လာရသောအခါ ၎င်းသည် သာသနာ့အမိန့်အား သိရှိရန်အတွက် တမန်တော်မြတ် ﷺ ထံတော်ပါးသို့ ရောက်လာလေသည်။ ထိုအချိန်ထိ ဤသီးသန့်ဓမ္မသတ်နှင့် စပ်လျဉ်း၍ တမန်တော်မြတ် ﷺ အပေါ် 'ဝဟီ'ဗျာဒိတ်တော် သီးသန့် မကျရောက်သေးပေ။ ထို့ကြောင့် တမန်တော်မြတ် ﷺ သည် ထင်ရှားသော အဆိုဓလေ့နှင့်အညီ ထိုသခင်မကြီးအား

مَا اَرٰكِ اِلَّا قَدۡ حَرُمۡتِ عَلَيۡهِ

(ငါကိုယ်တော်၏ အမြင်၌မူ အသင်မသည် မိမိ၏ ခင်ပွန်းသည်အပေါ် 'ဟရာမ်'ဖြစ်သွားပေသည်) ဟူ၍ မိန့်တော်မူလိုက်ပေသည်။ ထိုသခင်မကြီးသည် ဤမိန့်မြွက်ချက်ကို ကြားကာ 'ကျွန်တော်မျိုးမ၏ အပျိုအရွယ်သက်တမ်းသည် ထိုခင်ပွန်းသည်အား အလုပ်အကျွေးပြုစုရာ၌ ကုန်ဆုံးခဲ့ပေပြီ။ ယခု အိုမင်း

ရင့်ရော်သော အချိန်အခါမျိုးရောက်မှ ၎င်းသည် ကျွန်တော်မျိုးမအား ဤသို့သော အမှုကိစ္စကို ပြုခဲ့ပေသည်။ ယခု ကျွန်တော်မျိုးမ မည်သည့်အရပ်ဒေသသို့ သွားရောက်ရပေမည်နည်း။ ကျွန်တော်မျိုးမနှင့် ကျွန်တော်မျိုးမ၏ ကလေးငယ်များ၏ အသက်မွေးဝမ်းကျောင်းကို မည်ကဲ့သို့ ပြုရပေမည်နည်း' ဟူ၍ ငိုကြွေးလေတော့သည်။ ဆင့်ပြန်ချက်တစ်ရပ်၌ ခေါင်လာသခင်မကြီးသည်

مَاذَكَرَ طَلَاقًا

(ကျွန်တော်မျိုးမ၏ ခင်ပွန်းသည်သည် 'သွလားက်'၏ အမည်ကိုပင် မဖော်ထုတ်ရာ 'သွလားက်' မည်ကဲ့သို့ ကျသွားပေသနည်း) ဟူ၍လည်း လျှောက်ထားပေသည်။ အခြားသော ဆင့်ပြန်ချက်တစ်ရပ်၌ ခေါင်လာ သခင်မကြီးသည် အလ္လာဟ်အသျှင်မြတ်အား

اَللّٰهُمَّ اِنِّىْ اَشْكُوْا اِلَيْكَ

ဟူ၍လည်း လျှောက်ထားလေသည်။ နောက်ထပ် အခြားသော ဆင့်ပြန်ချက်တစ်ရပ်၌ တမန်တော်မြတ် ﷺ သည် ခေါင်လာသခင်မကြီးအား

مَا اُمِرْتُ فِىْ شَانِكَ شَىْءٍ حَتَّى الْاٰنَ

(ယခုအချိန်အထိတိုင် အသင်မ၏ ဓမ္မသတ်နှင့် စပ်လျဉ်း၍ ငါကိုယ်တော့်အပေါ် အမိန့်ပညတ်ချက်တစ်စုံတစ်ရာမျှ မကျရောက်သေးပေ) ဟူ၍ မိန့်တော်မူလိုက်၏။ (ထိုဆင့်ပြန်ချက်များအားလုံး၌ ဆန့်ကျင်ဘက်တစ်စုံတစ်ရာမျှ မရှိပေ။ အားလုံးသော အဆိုများသည် မှန်ကန်နိုင်ပေသည်။) ထိုဖြစ်စဉ်အပေါ် ဤအာယသ်တော်များ ကျရောက်လာပေသည်။ (ဒုရ်ရေမန်ဆူးရ်ကျမ်းနှင့် အိဗ်နေကဆီးရ်ကျမ်း၌ ဤအတိုင်းလာရှိထားပေသည်။) ထို့ကြောင့် ဤစူရာဟ်တော်၏ အစကနဦးပိုင်း အာယသ်တော်များအတွင်း၌ 'ဇွေဟားရ်' အမည်ရှိသော သီးသန့်ဓမ္မသတ်၏ သာသနာ့အမိန့်တော်ကို တင်ပြထားပေသည်။

အကြင်အာယသ်တော်များ၌ အလ္လာဟ်အသျှင်မြတ်သည် ခေါင်လားသခင်မကြီး၏ လျှောက်ထားပန်ကြားချက်နှင့် သခင်မကြီးအဖို့ လွယ်ကူမှုကို မိန့်မြွက်ထားတော်မူပေသည်။ ထိုသခင်မကြီး၏ လျှောက်ထားအသနားခံမှုကြောင့် အလ္လာဟ်အသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်၌ ဤသီးသန့်အမိန့်တော်များကို ချပေးသနားတော်မူခဲ့လေသည်။ ထို့ကြောင့် ဆွဟာဗာကြီးများသည် ထိုသခင်မကြီးအား အလွန်ဂုဏ်ပေးလေးစားကြသည်။ တစ်နေ့ ဖာရူကေ့အအ်ဇွားမ်သခင်ကြီးသည် သာဝကကြီးများအချို့နှင့်အတူ လမ်းလျှောက်တော်မူလျက် ရှိနေစဉ် ဤခေါင်လာအမျိုးသမီးကြီးသည် ရှေ့မှ လာရောက်ကာ ရပ်လိုက်၏။ တစ်စုံတစ်ရာ ပြောဆိုလိုသည့်အတွက်ကြောင့် ဟဇရသ်အုမရ် ؓ သခင်ကြီးသည် လမ်း၌ ရပ်ကာ ထိုသခင်မကြီး၏ စကားကို နားထောင်တော်မူ၏။ အချို့သူတို့က 'အသင်သည် ထိုအဖွားအိုကို ထောက်ရှု၍ ဤမျှခန့် များပြားလှသော လူပရိသတ်တို့ကို ရပ်ခိုင်းထားပေသည်' ဟူ၍ လျှောက်ထားရာ

သခင်ကြီးက 'ဤသူမသည် မည်သူဖြစ်သည်ကို အသင်တို့ သိရှိပါ၏လော။ ဤအမျိုးသမီး၏ စကားကို အလ္လာဟ်အသျှင်မြတ်သည် မိုး (၇) ထပ်အပေါ်မှ ကြားတော်မူခဲ့ပေသည်။ ကျွန်ုပ်အိုမရ်သည် ထိုသူမကြီး၏ စကားကို မည်သို့ သွေဖည်ရှောင်တိမ်းနိုင်မည်နည်း။ အလ္လာဟ်အသျှင်မြတ်အား ကျွန်ုပ် 'ကစမ်'ကျိန်ဆို၍ ပြောဆိုပါ၏။ အကယ်၍ ဤအဖွားအိုသည် ကိုယ်တိုင်နှုတ်ဆက်ကာ သွားခွင့်မပြုပါမူ၊ ကျွန်ုပ်သည် ညဥ့်အချိန်ထိတိုင် ၄င်းနှင့်အတူ ရပ်နေပေမည်' ဟူ၍ ပြန်လည် မိန့်ကြားလိုက်လေသည်။ */ အိဗ်နေကစီးရ် /*

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

قَدْ سَمِعَ اللّٰهُ

(ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ကြားတော်မူခဲ့လေပြီ။) */ ၅၈ : ၁ /*

ထိုအာယသ်တော်များ ကျရောက်လာခြင်း၏ အကြောင်းခံကို အထက်၌ တင်ပြခဲ့ပြီးဖြစ်သည်။ ထိုအာယသ်တော်များ၌ 'ဟဇရသ်အောက်စ်ဗင်န်စွာမိသ်သခင်ကြီး၏ ဇနီးဖြစ်၏ ခေါင်လာဗင်န် စအ်လဗာ ဟူသော အမျိုးသမီး၏ အကြောင်း၊ အကြင်သခင်မကြီး၏ ခင်ပွန်းသည် ၄င်းအား 'ဇွေဟားရ်' ပြုလုပ်ခဲ့ကြောင်းနှင့် ဤအမျိုးသမီးသည် ထိုအချက်အား တိုင်တန်းရန်အတွက် တမန်တော်မြတ် ﷺ ထံပါးသို့ လာရောက်ခဲ့ကြောင်း' တို့ကို ပြဆိုထားပေသည်။

အလ္လာဟ်အသျှင်မြတ်သည် ထိုအမျိုးသမီးကြီးအား '၄င်းအတွက် ပြန်လည်ဖြေကြားရာ၌ ကုရ်အာန်၏ အာယသ်တော်များ ချပေးတော်မူ၍' သိက္ခာတော်ကို ချီးမြှင့်လိုက်ပေသည်။ ထိုအာယသ်တော်များအတွင်း၌ 'ဇွေဟားရ်'၏ သာသနာ့အမိန့်နှင့် ထိုအမျိုးသမီးကြီးအား ဒုက္ခမှ ကင်းဝေးအောင် ပြုလုပ်စီမံပေးလိုက်ရုံသာမက ၄င်းအား စိတ်ဖြေသိမ့်မှုရရှိရန်အတွက် မုက္ခပါဋ်တော်၏ အစ၌ 'ခင်ပွန်း သည်၏ အမှုကိစ္စနှင့် စပ်လျဉ်း၍ တမန်တော်မြတ် ﷺ နှင့် အခြေတင် ပြောဆိုသော အမျိုးသမီး၏ ပြောကြား ချက်များကို ငါအသျှင်မြတ်သည် ကြားတော်မူကြောင်း' ကို မိန့်ဆိုထားပေသည်။ 'မူဂျာဒလာ' ၏ လိုရင်း သဘောမှာ 'အလိုသဘောကို တစ်ကြိမ် အဖြေပေးထားသည့် ကြားကပင် မိမိ၏ ဒုက္ခကို အကြိမ်ကြိမ် အခါခါ တင်ပြ၍ ကိုယ်တော်မြတ်ကို အာရုံစိုက်လာရလောက်အောင် အခြေအတင် ပြောဆိုဆွေးနွေးခြင်း' ဟူ၍ ဖြစ်သည်။ အချို့သော ဆင့်ပြန်ချက်များ၌ ဤသို့လည်း လာရှိထားပေသည်။ တမန်တော် မြတ် ﷺ သည် ထိုသခင်မကြီးအား 'အသင်မတို့၏ အမှုကိစ္စနှင့်စပ်လျဉ်း၍ ငါကိုယ်တော်အပေါ် မည်သည့် ပညတ်ချက်တစ်စုံတစ်ရာမျှ မကျရောက်သေးပေ'ဟူ၍ မိန့်ကြားတော်မူသော အခါဝယ် ယင်းဖြေကြားချက် အပေါ် သောကပွားသွားသော သူမ၏ နှုတ်လျှာမှ 'ဤသည့်အတိုင်း ကိုယ်တော်မြတ် ﷺ အပေါ်၌ အရာတိုင်း၏ ပညတ်ချက်များ ကျရောက်တော်မူလျက် ရှိနေပေသည်။ ယခု ကျွန်တော်မျိုးမ၏ အမှုကိစ္စနှင့် စပ်လျဉ်း၍ 'ဝဟီ' (ဗျာဒိတ်တော်) ရပ်တန့်သွားပါ၏လော'ဟူ၍ ထွက်ပေါ်လာပေသည်။ */ ကုရ်သုဗီး /*

ထို့နောက် အလ္လာဟ်အသျှင်မြတ်အား လျှောက်ထားပန်ကြားမှုကို ပြုလေတော့သည်။

وَتَشْتَكِيْٓ اِلَى اللّٰهِ

(မိမိ မကျေနပ်ကြောင်း အသျှင်မြတ်ထံတော်တွင် တိုင်တန်းလျက်။)   [၅၈ : ၁]

ထိုလျှောက်ထားပန်ကြားချက်အပေါ် ဤအာယသ်တော်မြတ် ကျရောက်လာပေသည်။

ဟဇရသ်အာအေရှာဟ် ﷺ သခင်မကြီးအား အမိန့်ရှိတော်မူသည်မှာ အသံအားလုံးကို လွှမ်းခြုံကာ တစ်ဦးချင်းစီ၏ အသံကို ကြားတော်မူသော အသျှင်မြတ်၏ ဇာတိတော်သည် သန့်ရှင်းတော်မူပေ၏။ ခေါင်လာ ဗင်န်သဲ့စအ်လာဗာသခင်မသည် မိမိ ခင်ပွန်းသည်၏ တိုင်တန်းမှုကို တင်ပြလျက်ရှိနေစဉ် ကျွန်တော်မျိုးမ သည် တမန်တော်မြတ် ﷺ ၏ အနီးအပါး၌ ရှိနေခဲ့သည်။ သို့ရာတွင် ဤမျှခန့် နီးကပ်စွာ တည်ရှိနေသည့် ကြားကပင် ၄င်းအမျိုးသမီး၏ အချို့သော စကားရပ်များကို မကြားနိုင်ပေ။ သို့ရာတွင် အလ္လာဟ်အသျှင် မြတ်သည် ထိုစကားရပ်အားလုံးကို ကြားတော်မူကာ မိန့်တော်မူလိုက်ပေသည်။

[အိဗ်နေကစီးရ်၊ ဘုခါရီ။]

قَدْ سَمِعَ اللّٰهُ (ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ကြားတော်မူခဲ့လေသည်။)   [၅၈ : ၁]

اَلَّذِيْنَ يُظٰهِرُوْنَ مِنْكُمْ مِّنْ نِّسَآئِهِمْ

(အသင်တို့အနက် အကြင်သူတို့သည် မိမိတို့၏ ဇနီးများအား ကျွန်ုပ်၏ မိခင်ကဲ့သို့ပင် ကျွန်ုပ်တို့ အပေါ်၌ 'ဟရာမ်' ဖြစ်သည်ဟု ပြောဆို 'ဇွေဟားရ်' ပြုလုပ်ကြလေ၏။)   [၅၈ : ၂]

'ယုဇွားဟိရူးန' သည် 'ဇွာ' အက္ခရာ၌ 'ဇေးရ်' နှင့် လာရှိထားသော 'ဇွေဟားရ်' ဟူသော စကားလုံးမှ ဆင်းသက်လာခြင်း ဖြစ်ပေသည်။ အကြင်စကားလုံးအား မိမိ၏ ဇနီးသည်ကို မိမိအပေါ်၌ 'ဟရာမ်' အဖြစ် ပြုရန် ထူးခြားသော စကားလုံးမျိုး ဖြစ်သည်။ ယင်းစကားလုံးသည် အစ္စလာမ်သာသနာတော်အလျှင် ကျော်ကြားခဲ့သော စကားလုံး ဖြစ်သည်။ ထိုပြောဆိုသည့် ပုံစံမှာ ဤသို့တည်း။ ခင်ပွန်းသည်သည် ဇနီးသည်အား

اَنْتِ عَلَيَّ كَظَهْرِ اُمِّيْ

(အသင်မသည် ကျွန်ုပ်အပေါ်၌ မိမိမိခင်၏ ကျောကုန်းကဲ့သို့ပင် 'ဟရာမ်' ဖြစ်ပေသည်) ဟူ၍ ပြောဆိုခြင်း ဖြစ်ပေသည်။ ဤနေရာ၌ 'ကျောကုန်း' ဟူ၍ တင်ပြထားခြင်းသည် သွယ်ဝိုက်ကာဖြင့် သုံးနှုန်း ထားခြင်း ဖြစ်ပေသည်။ အဓိကလိုရင်းအချက်သည် ဝမ်းဗိုက်ဖြစ်ကာ ကျောကုန်းကို တင်ပြထားခြင်း ဖြစ်ပေသည်။ (ကုရ်သုဗီသခင်ကြီးက ထိုအတိုင်း တင်ပြထားပေသည်။)

"ဇွေဟားရ်"၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် သာသနာ့အမိန့်

သာသနာတော်၏ အသုံးအနှုန်း ဝေါဟာရ၌ 'ဇွေဟားရ်' ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ဤသို့ ဖြစ်သည်။ မိမိ၏ ဇနီးကို မိမိအဖို့ တစ်သက်လုံး 'ဟရာမ်' ဖြစ်သော မိခင်၊ အစ်မ၊ ညီမနှင့် သမီး အစရှိသော သူမ

တို့အား မိမိအဖို့ ကြည့်ရှုရန် မပိုင်သော အစိတ်အပိုင်းတစ်ခုဖြင့် နှိုင်းနှိုင်းပြောဆိုခြင်း ဖြစ်သည်။ မိခင်၏ ကျောကုန်းသည်လည်း ထိုအချက်၏ ဥပမာတစ်ရပ်ဖြစ်ပေသည်။ အမိုက်ခေတ်၌ ဤစကားလုံးကို တစ်သက်လုံး 'ဟရာမ်'အဖြစ် ပြုရန်အတွက် ပြောဆိုလေ့ရှိကြပေသည်။ 'ဇွလားက်'စကားလုံးထက် သာပိုပြင်းထန်သော စကားလုံးဟူ၍ မှတ်ယူထားကြပေသည်။ အဘယ်ကြောင့်ဆိုသော် 'ဇွလားက်'၏ နောက်၌မူ 'ရဂျ်အီး' (ပြန်လည်သိမ်းပိုက်ခြင်း) သို့မဟုတ် 'နေကာဟ်'အသစ် ပြန်လည်ပြုလုပ်ကာ တစ်ဖန် မိမိ၏ ဇနီး ပြန်ဖြစ်နိုင်ပေသည်။ သို့ရာတွင် 'ဇွေဟားရ်' ပြုလုပ်သည့်ပုံစံ၌ အမိုက်ခေတ်၏ ဓလေ့ထုံးစံနှင့်အညီ ၎င်းနှစ်ဦး၏ ကြားဝယ် ဇနီးမောင်နှံမျိုး နေထိုင်ရန် လုံးဝ မည်သည့်ပုံစံမှ မရှိချေ။

တင်ပြလျက်ရှိနေသော အာယသ်တော်မြတ်၏ အကြောင်းခံဖြင့် အစ္စလာမ်သာသနာသည် ထိုထုံးဓလေ့အား ပြုပြင်ရန် အချက်နှစ်ရပ်ကို မိန့်မြွက်ထားတော်မူသည်။

ပထမအချက်သည် ထို 'ဇွေဟားရ်'၏ ဓလေ့ထုံးစံကို မပိုင်ကာ ပြစ်မှုဒုစရိုက်ဖြစ်ကြောင်း သတ်မှတ်အတည်ပြုထားပေသည်။ အဘယ်ကြောင့်ဆိုသော် ဇနီးသည်နှင့် ကွဲကွာရန်ကို ရွေးချယ်လိုသည်ဆိုလျှင် နည်းလမ်းမှာ 'ဇွလားက်'ဖြစ်ပြီး ထိုနည်းလမ်းကို ရွေးချယ်ရပေမည်။ ထိုကိစ္စရပ်အတွက် 'ဇွေဟားရ်'ကို အသုံးမပြုရန် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဇနီးသည်ကို မိခင်ဟူ၍ ပြောဆိုခြင်းသည် အလဟဿနှင့် မုသားစကားပင် ဖြစ်သည်။ ကုရ်အာန်ကျမ်းတော် မြတ်သည် ဤသို့ မိန့်တော်မူထား၏။

مَا هُنَّ أُمَّهَاتِهِمْ إِنْ أُمَّهَاتُهُمْ إِلَّا اللَّائِي

(ထိုဇနီးမိန်းမများ ၎င်းတို့၏ မိခင်များ မဟုတ်ပေ ၎င်းတို့အား မွေးဖွားခဲ့ကြသော မိန်းမများသာလျှင် ၎င်းတို့၏ မိခင်များ ဖြစ်ကြလေ၏။) *[၅၈ : ၂]*

ဆိုလိုသည်မှာ ၎င်းတို့၏ ထိုအကျိုးမဲ့စကားရပ်ကြောင့် ဇနီးသည်သည် မိခင်မဖြစ်သွားပေ။ ဝမ်းဗိုက်အတွင်းမှ မွေးဖွားပေးလိုက်သော အမျိုးသမီးများသာလျှင် မိခင်ဖြစ်ပေသည်။ တစ်ဖန် မိန့်တော်မူသည်မှာ

وَإِنَّهُمْ لَيَقُولُونَ مُنكَرًا مِّنَ الْقَوْلِ وَزُورًا

(သို့ရာတွင် ဧကန်မလွဲ ထိုသူတို့သည် စက်ဆုပ်ဖွယ်ရာ စကားကိုလည်းကောင်း၊ မုသားစကားကိုလည်းကောင်း ပြောဆိုကြသည်မှာ အမှန်ပင် ဖြစ်၏။) *[၅၈ : ၂]*

ဆိုလိုသည်မှာ ၎င်းတို့၏ ဤပြောကြားချက်သည် အမှန်နှင့် ဆန့်ကျင်ကာ ဇနီးသည်ကို 'မိခင်' ဟု ပြောဆိုသည့်အတွက်ကြောင့် မုသားအရာလည်း ရောက်ပြီး၊ ပြစ်မှုဒုစရိုက် 'ဂိုနာဟ်'လည်း ဖြစ်ပေသည်။

ဒုတိယအချက် ပြုပြင်မှုအား ဤသို့ မိန့်တော်မူထားပေသည်။ အကယ်၍ မသိနားမလည်သောသူ တစ်ဦးတစ်ယောက် (သို့မဟုတ်) သာသနာ့အမိန့် ပညတ်ချက်တို့အား မေ့လျော့နေသောသူသည် ဤသို့ ပြောဆိုမည်ဆိုပါက ထိုစကားကြောင့် အစ္စလာမ်သာသနာ၌ အမြဲတမ်းအတွက် 'ဟရာမ်' ဖြစ်သွားမည် မဟုတ်ပေ။ 'ဤသို့သော စကားလုံးမျိုးကို ပြောဆိုသုံးနှုန်းပြီးနောက် တစ်ဖန် ဇနီးသည်ဖြင့် ပထမမူလက

ကဲ့သို့ပင် နီးနှောဆက်ဆံခွင့်နှင့် အကျိုးကို ရယူနိုင်လောက်အောင်' လွတ်လပ်ခွင့်ကို မပေးထားပေ။ သို့သာမက ၎င်းအပေါ် ဒဏ်လျော်ကြေးတစ်ရပ်အား သတ်မှတ်ထားပေသည်။ အကယ်၍ တစ်ဖန် ဤမိမိ၏ ဇနီးသည်အား ပြန်ရုပ်သိမ်းရန် လိုလား၍သော်လည်းကောင်း၊ ထို့ပြင် မူလကကဲ့သို့ပင် ဇနီးသည်မှ အကျိုးတရားကို ရယူခံစားလို၍သော်လည်းကောင်း ပြစ်မှု ဒဏ်လျော်ကြေးပေးဆောင်ကာ မိမိ၏ ထိုပြစ်မှုကို ပပျောက်အောင် ပြုရပေမည်။ ဒဏ်လျော်ကြေးမပေးဆောင်ဘဲ ဇနီးသည်သည် 'ဟလာလ်'ဖြစ်မည် မဟုတ်ပေ။ ရှေ့အာယသ်တော်တွင်

وَالَّذِيْنَ يُظَاهِرُوْنَ مِنْ نِّسَائِهِمْ ثُمَّ يَعُوْدُوْنَ لِمَاقَالُوْا

(စင်စစ် အကြင်သူတို့သည် မိမိတို့၏ ဇနီးမိန်းမများနှင့် 'ဇွေဟားရ်' ပြုလုပ်ကြကုန်၏။ ထို့နောက် ၎င်းတို့သည် မိမိတို့ ပြောဆိုခဲ့ကြသည်ကို ပြန်လည်ရုပ်သိမ်းလိုကြ၏။) *[၅၈ : ၃]*

အာယသ်တော်၏ အလိုသဘောမှာ ဤသည်သာလျှင် ဖြစ်ပေသည်။ **يَعُوْدُوْنَ لِمَاقَالُوْا** ဟူသော စကားလုံးတော်များအတွင်း၌ (**لام**) ဟူသော အက္ခရာကို (**عَنْ**) ဟူသော အက္ခရာ၏ အဓိပ္ပာယ်ကို ကောက်ယူထားပေသည်။ ဆိုလိုသည်မှာ '၎င်းတို့သည် မိမိတို့၏ ပြောကြားချက်ကို ပြန်လည် ရုပ်သိမ်းလိုက်ပေသည်' ဟူ၍ ဖြစ်သည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးထံမှ **يَعُوْدُوْنَ** ဟူသော စကားလုံးကို အကျယ်ချဲ့ဖွင့်ဆိုရာတွင် **يَنْدَمُوْنَ** ဟူသော စကားလုံးဖြစ်ကြောင်းလည်း ဆင့်ပြန်ထားပေသည်။ အကြင်ကဲ့သို့ အကျယ်ချဲ့ဖွင့်ဆိုချက်ကို ကောက်ယူခြင်း၏ အလိုသဘောမှာ 'ဤစကားရပ်ကို ပြောဆိုပြီးနောက် ၎င်းတို့သည် မိမိတို့၏ ပြောဆိုမှုအပေါ် အရှက်တရားရရှိသော သူများဖြစ်ကာ တစ်ဖန် ဇနီးသည်ဖြင့် ရောထွေးနီးနှောမှုပြုရန် လိုလားနေကြသည်' ဟူ၍ ဖြစ်သည်။ *[မဇှ်ဟရီကျမ်း]*

ဤ (အထက်တင်ပြပါ အာယသ်တော်မှ 'ဒဏ်လျော်ကြေး 'ဝါဂျိဗ်'ဖြစ်ခြင်းသည် ဇနီးနှင့်အတူ နီးနှောဆက်ဆံခြင်း ပိုင်ခြင်း' ဟူသော သဘောကို ဆိုထားခြင်းဖြစ်ကြောင်းနှင့် ဒဏ်လျော်ကြေးမပေးဆောင်ဘဲ 'ဟလာလ်'ဖြစ်မည်မဟုတ်ကြောင်း' တို့ကိုလည်း သိရှိရပေသည်။ 'ဇွေဟားရ်'ကိုယ်တိုင်သည် ဒဏ်လျော်ကြေး၏ အကြောင်းခံမဟုတ်ပေ။ သို့သာမက 'ဇွေဟားရ်'ပြုလုပ်ခြင်းသည် ပြစ်မှုဒုစရိုက် 'ဂိုနာဟ်'တစ်ခုဖြစ်ပြီး ၎င်းလျော်ကြေးမှာ 'သောင်ဗာဟ်' (အမှားဝန်ခံမှု) နှင့် 'အိစ်သိဂ်ဖားရ်'ပြုရန် ဖြစ်ပေသည်။ အကြင်အချက်၏ဘက်သို့ အာယသ်တော်၏ နောက်ဆုံးပိုင်းတွင်

وَاِنَّ اللّٰهَ لَعَفُوٌّ غَفُوْرٌ

(အလွန်တရာ ခွင့်လွှတ်တော်မူသော အသျှင်၊ ချမ်းသာပေးတော်မူသော အသျှင်။) *[၅၈ : ၂]*

ဟူသော စကားလုံးတော်ဖြင့် ညွှန်ပြထားပေသည်။ ထို့ကြောင့် အကယ်၍ တစ်ဦးတစ်ယောက်သည် 'ဇွေဟားရ်'ပြုလုပ်ကာ ယခု ဇနီးဖြင့် နီးနှောနေထိုင်မှုကို မလိုလားပါက မည်သည့်ဒဏ်လျော်ကြေး

တစ်စုံတစ်ရာမျှ ပေးရန် အရေးမကြီးပေ။ သို့သာမက ဇနီးသည်၏ အခွင့်အရေးဝတ္တရားကို ဖျက်ဆီးလိုက်ခြင်းသည် မပိုင်ပေ။ အကယ်၍ ထိုဇနီးသည်က တောင်းခံလာပါမူ ဒဏ်လျော်ကြေးပေးဆောင်ကာ နှီးနှော ဆက်ဆံ နေထိုင်ခြင်း၊ (သို့မဟုတ်) တစ်ဖန် 'သွလားက်'ပေးကာ လွတ်လပ်ခွင့် ပေးရမည်မှာ 'ဝါဂျိဗ်' ဖြစ်သည်။ အကယ်၍ ထိုခင်ပွန်းသည် ကိုယ်တိုင်မပြုလျှင်မူ ဇနီးသည်အနေနှင့် အစ္စလာမ်အာဏာပိုင် အစိုးရဘက်သို့ လျှောက်ထားကာ ခင်ပွန်းအား ယင်းအချက်အပေါ် အကြပ်ကိုင်ရပေမည်။ ဤမဇ္ဈသတ်များအားလုံးကို ဖမ္မသတ် စာအုပ်များ၌ အကျယ်ချဲ့ရေးသားထားပေသည်။

فَتَحْرِيرُ رَقَبَةٍ (ကျွန်တစ်ယောက်ကို လွတ်မြောက်စေရမည်။) *[၅၈ : ၃]*

ဆိုလိုသည်မှာ 'ဇွေဟားရ်'၏ ဒဏ်လျော်ကြေးသည် ကျွန်တစ်ဦး (သို့မဟုတ်) ကျွန်မတစ်ဦးကို သူကောင်းပြုရပေမည်။ အကယ်၍ ထိုအချက်အပေါ် မစွမ်းနိုင်ပါမူ နှစ်လတိတိ ဆက်တိုက် ဥပုသ်စောင့်ထိန်းရမည်။ ရောဂါနှင့် ချည့်နဲ့မှုတစ်စုံတစ်ရာတို့ကြောင့် ဤမျှခန့် ရက်များအား ဥပုသ်စောင့်တည်နိုင်စွမ်း မရှိပါမူ သူဆင်းရဲအယောက် (၆၀) အား ကျွေးမွေးရမည် ဖြစ်သည်။ ၄င်းနောက် ကျွေးမွေးရန် မဖြစ်နိုင်က ဤသို့လည်း ပြုလုပ်နိုင်၏။ ၄င်းမှာ အစားအစာ (ထမင်း) ကျွေးမွေးရပေမည်။ ဆိုလိုသည်မှာ နှစ်ချိန် ဝမ်းဝစွာ သူဆင်းရဲအယောက် (၆၀) အား တစ်ဦးချင်းစီကို 'ဖိသ်ရာဟ်'တစ်ခု၏ အတိုင်းအတာ ဂျုံ၊ (သို့မဟုတ်) ၄င်း၏ တန်ဖိုးကို ပေးဆောင်ရပေမည်။ 'ဖိသ်ရာ'၏ အတိုင်းအတာမှာ ကျွန်ုပ်တို့၏ လက်ရှိ အလေးချန်ကို ထောက်ရှု၍ ဂျုံ တစ် လေးပုံသုံးပုံ ဖြစ်ပေသည်။ ထိုအတိုင်းအတာ အလေးချိန်၏ တန်ဖိုးကိုလည်း ပေးဆောင်နိုင်ပေသည်။

'ဇွေဟားရ်' နှင့် စပ်လျဉ်းသော ပညတ်ချက်များနှင့် ၄င်း၏ လျော်ကြေးတို့၏ အကျယ်ချဲ့ဖွင့်ဆိုချက်များကို ဖမ္မသတ်ကျမ်းများ၌ ကြည့်ရှုနိုင်ပေသည်။

ဟဒီးစ်တော်၌ ဤသို့ လာရှိထားပေသည်။ ဟဇရသ်ခေါင်လာဗင်န်သေ့စအ်လဗာသခင်မကြီး၏ မြည်တမ်းမှုနှင့် လျှောက်တင်ချက်အပေါ် တင်ပြပါအာယသ်တော်များ၊ 'ဇွေဟားရ်'ဒဏ်လျော်ကြေး အမိန့်များ ကျရောက်လာသည့်အတွက် ခင်ပွန်းသည်ဖြင့် ထာဝစဉ်ခွဲခွာရခြင်း၊ 'ဟရာမ်'ဖြစ်ခြင်းတို့မှ ရှောင်ရှားနိုင်ဖွယ် လမ်းကြောင်း ထွက်ပေါ်လာခဲ့သည်။ တမန်တော်မြတ် ﷺ သည် ထိုသခင်မကြီး၏ ခင်ပွန်းသည်အား ဆင့်ခေါ်လိုက်ပေသည်။ အမြင်အာရုံအားနည်းကာ အိုမင်းရင့်ရော်သောသူအဖြစ် မြင်တွေ့လိုက်ရပေသည်။ တမန်တော်မြတ် ﷺ သည် ၄င်းအား 'ကျွန်တစ်ဦး (သို့မဟုတ်) ကျွန်မတစ်ဦးအား သူကောင်းပြုရန်' ဟူသော ကျရောက်ပြီးဖြစ်သည့် အာယသ်တော်များနှင့် ဒဏ်ကြေး၏ အမိန့်ကို ဖတ်ပြလိုက်ပေသည်။ ၄င်းသည် 'ကျွန်ကို ဝယ်ယူ၍ သူကောင်းပြုရန် စွမ်းအားမရှိကြောင်း' ကို လျှောက်ထားရာ တမန်တော်မြတ် ﷺ က 'တစ်ဖန် နှစ်လတိတိ ဆက်တိုက် ဥပုသ်ဆောက်တည်ကုန်'ဟူ၍ မိန့်ကြားတော်မူလိုက်ပေသည်။ ၄င်းက 'ကိုယ်တော်မြတ်အား မှန်ကန်သော နဗီအဖြစ် စေလွှတ်တော်မူသော အသျှင်မြတ်၏ ကစမ်၊ အကယ်၍ နေ့တာအချိန်၌ အစားအစာ နှစ်ကြိမ်သုံးကြိမ် မစားသုံးပါက ကျွန်ုပ်၏ အမြင်အာရုံသည်

လုံး၀ ပျောက်ကွယ်သွားပေမည်’ ဟူ၍ လျှောက်ထားလိုက်ပေသည်။ တမန်တော်မြတ် ﷺ က ‘သူဆင်းရဲ အယောက် (၆၀) ကို အစားအစာ ကျွေးမွေးကုန်’ ဟူ၍ မိန့်တော်မူပြန်ရာ ၎င်းက ‘ကိုယ်တော်မြတ် ﷺ အနေဖြင့် တစ်စုံတစ်ရာ ကူညီထောက်ပံ့မည်ဆိုပါက ကျွန်ုပ် ယင်းအချက်ကို စွမ်းဆောင်နိုင်မည် ဖြစ်သည်’ ဟူ၍ ပြန်လည် လျှောက်ထားလိုက်ပေသည်။ တမန်တော်မြတ် ﷺ သည် ၎င်းအား ကောက်ပဲသီးနှံအချို့ကို ချီးမြှင့်ပေးအပ်လိုက်ပြီး တစ်ဖန် အခြားသူအချို့သည်လည်း စုပေါင်းကာ ၎င်းအား ပေးအပ်လိုက်ပေသည်။ ဤသို့ဖြင့် သူဆင်းရဲအယောက် (၆၀) အား ‘ဖိသ်ရာဟ်’၏ အတိုင်းအတာကို ပေးအပ်ကာ ဒဏ်လျော်ကြေးအား ပေးဆပ်လိုက်၏။ *[အိဗ်နေကဆီးရ်]*

ذَالِكَ لِتُؤْمِنُوا بِاللهِ وَرَسُولِه وَتِلْكَ حُدُودُ اللهِ وَلِلْكَافِرِينَ عَذَابٌ اَلِيمٌ

(ထိုအမိန့်တော်ကို ပြဋ္ဌာန်းတော်မူခြင်းသည် အသင်တို့ အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အားလည်းကောင်း သက်ဝင်ယုံကြည်ကြရန်အလို့ငှာ ဖြစ်ပေသည်။ စင်စစ် ဤသည်တို့မှာ အလ္လာဟ်အသျှင်မြတ်၏ စည်းကမ်းချက်များပင် ဖြစ်၏။ ၎င်းပြင် ကာဖိရ်သွေဖည် ငြင်းပယ်ကြကုန်သော သူတို့အတွက် နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည်လည်း ရှိမည်ဖြစ်သည်။) *[၅၈ : ၄]*

ဤအာယသ်တော်၌ **وَلِتُؤْمِنُوا** (အသင်တို့ အီမာန်ရယူကြရန်အလို့ငှာ) ဟူ၍ မိန့်မြွက်ထားပေသည်။ အီမာန်ရယူခြင်း၏ အလိုသဘောမှာ ‘သာသနာတော်လာ အချက်များနှင့် ပညတ်ချက်ပါ အချက်များအပေါ် ကျင့်ကြံပြုမူ ဆောင်ရွက်ခြင်း ဖြစ်ပေသည်’ ဟူ၍ ဖြစ်သည်။ ထို့နောက်တစ်ဖန် မိန့်တော်မူထားသည်မှာ ဤဒဏ်လျော်ကြေး ပေးဆောင်ရန် အစရှိသော အမိန့်ပညတ်ချက်များသည် အလ္လာဟ်အသျှင်မြတ်၏ဘက်တော်မှ သတ်မှတ်ပေးထားတော်မူသော အတိုင်းအတာများ ဖြစ်ပေသည်။ ထိုပညတ်ချက်များ ချိုးဖောက်ခြင်းသည် ‘ဟရာမ်’ ဖြစ်ပေသည်။ အစ္စလာမ်သာသနာသည် ‘နေကာဟ်’၊ ‘သွလားက်’၊ ‘ဇွေဟားရ်’ နှင့် အခြားသော အမှုကိစ္စများ၌ အမိုက်ခေတ်၏ ဓလေ့ထုံးများကို ချေဖျက်ကာ ထိုဓလေ့ထုံးများ၏ နေရာ၌ တရားမျှတမှုနှင့် မှန်ကန်သော နည်းလမ်းများကို သင်ကြားပေးထားခြင်းကိုလည်းကောင်း၊ အသင်တို့သည် ထိုအချက်များအပေါ် မြဲမြံစွာ ရပ်တည်နေခြင်းနှင့် ထိုသာသနာ့အတိုင်းအတာ ဘောင်များအား ငြင်းဆို၊ သွေဖည်သောသူတို့အဖို့ နာကျင်ပြင်းပြဖွယ် ကောင်းသော ပြစ်ဒဏ်ခံရမည်ဖြစ်ကြောင်း’ ဘက်သို့ ညွှန်ပြဖော်ထုတ်ထားပေသည်။

اِنَّ الَّذِيْنَ يُحَادُّوْنَ اللهَ وَرَسُوْلَهٗ كُبِتُوْا كَمَا كُبِتَ الَّذِيْنَ مِنْ قَبْلِهِمْ

(ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အားလည်းကောင်း ဆန့်ကျင်လျက် ဖီဆန်မှု ပြုတတ်ကြသော သူတို့သည် မိမိတို့အလျင် ရှိခဲ့ကြသော ရှေးသူဟောင်းတို့ ဂုဏ်ရည်သေးသိမ်စေခြင်း ခံခဲ့ကြရသည့်နည်းတူ ဂုဏ်ရည်သေးသိမ်စေခြင်းကို ခံကြရပေမည်။) *[၅၈ : ၅]*

လွန်ခဲ့သော အာယသ်တော်မြတ်၌ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ချမှတ်ပေးသနား တော်မူထားသော ဘောင်အတိုင်းအတာများနှင့် အစ္စလာမ်သာသနာ၏ ပညတ်ချက်များကို တိကျစွာ လိုက်နာရန် လေးနက်စွာ တိုက်တွန်းနှိုးဆော်ထားပေသည်။ ထိုအာယသ်တော်မြတ်တွင် ‘အလ္လာဟ်အသျှင်မြတ်၏ ဘောင်စည်းကမ်းများအား ဆန့်ကျင်ငြင်းဆိုသော သူတို့အပေါ် ခြိမ်းခြောက်ချက်သည်လည်း လာရှိထားပေသည်’ ဟူသော အချက်သည်လည်း ပါရှိထားသည်။ ထိုခြိမ်းခြောက်မှု ၎င်းတို့ အဖို့ ကမ္ဘာလောက၌လည်း နောက်ဆုံး ဇာတ်သိမ်းခြင်းသည် ဂုဏ်သရေ သေးသိမ်ခြင်းနှင့် ၎င်းတို့၏ ယတိပြတ် ဆုံးဖြတ်မှု ပြုထားသော ငြင်းဆိုခြင်းတို့သည်လည်း အောင်မြင်မှု မရှိကြောင်း တင်ပြထား၏။ ထို့ပြင် နောင်တမလွန် ‘အာခိရသ်’ ၌လည်း နာကျင်ပြင်းပြဖွယ်ကောင်းသော ပြစ်ဒဏ်ကို ခံစားရမည်ဖြစ်ကြောင်း မိန့်ဆိုထားတော်မူ၏။

أَحْصَاهُ اللَّهُ وَنَسُوهُ

(အလ္လာဟ်အသျှင်မြတ်သည် ထိုအကျင့်အမူကို ရေတွက်မှတ်သား၍ ထားရှိတော်မူ၏။ သို့ရာတွင် ၎င်းတို့မှာမူ ယင်းအကျင့်အမူကို မေ့ပျောက်ကြကုန်၏။) *[၅၈ : ၆.]*

ဟူသော အာယသ်တော်မြတ်၌ ‘မေ့လျော့သော လူသားသည် ကမ္ဘာလောက၌ ပြစ်မှုဒုစရိုက်နှင့် မကောင်းသော အလုပ်များကို ပြုလုပ်လျက် ရှိနေ၏။ ယင်းအချက်ကို ၎င်းသည် သတိပင် မရတော့ချေ။ မေ့လျော့ခြင်း၏ အကြောင်းခံသည် စင်စစ် ထိုလူသားသည် ထိုအလုပ်တို့ကို တစ်စုံတစ်ရာပင် အရေးမထားခြင်းသာ ဖြစ်လေသည်။ ထို့ကြောင့်ပင် မိမိ၏ အသိအာရုံအတွင်း မရှိခြင်းဖြစ်၏။ ထိုအချက်များအားလုံးသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်၌ ရေးသားထားပြီးဖြစ်၏။ လူသားတို့အနေဖြင့် မိမိတို့ ပြုလုပ်ခဲ့သမျှကို မေ့လျော့သွားသော်လည်း အလ္လာဟ်အသျှင်မြတ်သည် အားလုံးကို သိရှိတော်မူ၏။ အားလုံးကို စစ်ဆေးတော်မူပြီး ပြစ်ဒဏ်ပေးတော်မူမည် ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

أَلَمْ تَرَ أَنَّ اللَّهَ يَعْلَمُ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ ۖ مَا يَكُونُ مِن
نَّجْوَىٰ ثَلَاثَةٍ إِلَّا هُوَ رَابِعُهُمْ وَلَا خَمْسَةٍ إِلَّا هُوَ سَادِسُهُمْ وَلَا أَدْنَىٰ
مِن ذَٰلِكَ وَلَا أَكْثَرَ إِلَّا هُوَ مَعَهُمْ أَيْنَ مَا كَانُوا ۖ ثُمَّ يُنَبِّئُهُم بِمَا عَمِلُوا
يَوْمَ الْقِيَامَةِ ۚ إِنَّ اللَّهَ بِكُلِّ شَيْءٍ عَلِيمٌ ۝

၅၈ : ၇ ။ ။ (အို့၊ နဗီတမန်တော်) စကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိသည်တို့ကို သိရှိတော်မူကြောင်း အသင်သည် စဉ်းစားဆင်ခြင် သိမြင်ခဲ့ပြီး မဟုတ်ပါလော။ (လူ) သုံးဦး လျှို့ဝှက်တိုင်ပင်

ကြသည် မဟုတ်ပေ။ [စတုတ္ထမရှိဟု မထင်မှတ်ရာ] သို့ရာတွင် ထိုအသျှင်မြတ်သည် ၄င်းတို့အနက် စတုတ္ထဖြစ်တော်မူ၏။ ထိုနည်းတူစွာ (လူ) ငါးဦး (လျှို့ဝှက်တိုင်ပင်ကြသည်) မဟုတ်ပေ။ [ဆဋ္ဌမ မရှိဟု မထင်မှတ်ရာ။] သို့ရာတွင် ထိုအသျှင်မြတ်သည် ၄င်းတို့အနက် ဆဋ္ဌမဖြစ်တော်မူ၏။ ထို့ပြင် ထို (သုံးဦး) ထက် လျော့၍လည်းကောင်း၊ (ငါးဦးထက်) ပို၍လည်းကောင်း (လျှို့ဝှက်တိုင်ပင်ကြသည်) မဟုတ်ပေ။ သို့ရာတွင် ထိုအသျှင်မြတ်သည် ၄င်းတို့ မည်သည့်နေရာတွင် ရှိနေကြသည်ဖြစ်စေ၊ ၄င်းတို့နှင့်အတူ ရှိနေတော်မူ၏။ ထို့နောက် ထိုအသျှင်မြတ်သည် 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တွင် ၄င်းတို့အား ၄င်းတို့ ကျင့်မူခဲ့ကြသည်တို့ကို သိစေတော်မူပေမည်။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

أَلَمْ تَرَ إِلَى الَّذِينَ نُهُوا عَنِ النَّجْوَىٰ ثُمَّ يَعُودُونَ لِمَا نُهُوا عَنْهُ وَيَتَنَاجَوْنَ بِالْإِثْمِ وَالْعُدْوَانِ
وَمَعْصِيَتِ الرَّسُولِ وَإِذَا جَاءُوكَ حَيَّوْكَ بِمَا لَمْ يُحَيِّكَ بِهِ اللَّهُ
وَيَقُولُونَ فِي أَنفُسِهِمْ لَوْلَا يُعَذِّبُنَا اللَّهُ بِمَا نَقُولُ ۚ حَسْبُهُمْ جَهَنَّمُ يَصْلَوْنَهَا ۖ فَبِئْسَ الْمَصِيرُ ⑧

၅၈ : ၈ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် အကြင်သူတို့ (၏ အခြေအနေ) ကို ဆင်ခြင်သုံးသပ်မြင်ခဲ့သည် မဟုတ်လော။ ထိုသူတို့သည် လျှို့ဝှက်တိုင်ပင်မှုမပြုရန် တားမြစ်ခြင်းကို ခံခဲ့ရလေ၏။ ထို့နောက် ၄င်းတို့သည် မိမိတို့ တားမြစ်ခြင်း ခံခဲ့ကြရသော အမှုကိစ္စကိုပင် ထပ်မံ ပြုလုပ်ကြကုန်၏။ စင်စစ် ထိုသူတို့သည် ပြစ်မှုကျူးလွန်ရန်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျူးကျော်ရန်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ရစူလ်တမန်တော်မြတ်၏ အမိန့်ကို သွေဖည်ဆန့်ကျင်မှု ပြုလုပ်ရန်နှင့် စပ်လျဉ်း၍လည်းကောင်း လျှို့ဝှက်တိုင်ပင်ကြကုန်၏။ ၄င်းပြင် ထိုသူတို့သည် အသင့်ထံသို့ လာကြသောအခါ အလ္လာဟ်အသျှင်မြတ်က အသင့်အား မေတ္တာပို့တော်မမူခဲ့သော နည်းမျိုးဖြင့် မေတ္တာပို့သ နှုတ်ခွန်းဆက်သကြပေသည်။ ထို့ပြင် ၄င်းတို့သည် မိမိတို့စိတ်ထဲတွင် (တွေးတော) ပြောဆိုကြကုန်၏။ 'အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့၏ ပြောဆိုမှုကြောင့် ကျွန်ုပ်တို့အား အဘယ်ကြောင့် ပြစ်ဒဏ်ပေးတော်မမူပါသနည်း။' ၄င်းတို့၌ အကြင် 'ဂျဟန္နမ်' ငရဲဘုံသည် လုံလောက်ပေသည်။ ၄င်းတို့သည် ယင်း 'ဂျဟန္နမ်' ငရဲဘုံသို့ ဝင်ရောက်ကြရပေမည်။ အမှန်စင်စစ် ယင်း 'ဂျဟန္နမ်' ငရဲဘုံမှာ အလွန်ဆိုးရွားလှသော ပြန်လည်ရာစခန်းပင် ဖြစ်ပေသည်။

يَا أَيُّهَا الَّذِينَ آمَنُوا إِذَا تَنَاجَيْتُمْ
فَلَا تَتَنَاجَوْا بِالْإِثْمِ وَالْعُدْوَانِ وَمَعْصِيَتِ الرَّسُولِ وَتَنَاجَوْا
بِالْبِرِّ وَالتَّقْوَىٰ ۖ وَاتَّقُوا اللَّهَ الَّذِي إِلَيْهِ تُحْشَرُونَ ⑨

၅၈ : ၉ ။ ။ အို၊ မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် လျှို့ဝှက်တိုင်ပင်ကြသောအခါ၊ ပြစ်မှုကျူးလွန်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျူးကျော်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ရစူလ်တမန်တော်မြတ်၏ အမိန့်ကို သွေဖည်ဆန့်ကျင်ဘက် ပြုခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း လျှို့ဝှက်တိုင်ပင်ခြင်း မပြုကြကုန်လင့်။ သို့ရာတွင် အသင်

တို့သည် မကောင်းမှုပြုလုပ်ရန်လည်းကောင်း၊ ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်ရန်လည်းကောင်း လျှို့ဝှက်တိုင်ပင်ကြလေကုန်။ ထို့ပြင် အသင်တို့သည် အကြင်အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ထိုအသျှင်မြတ်၏ ထံတော်သို့ပင် အသင်တို့သည် ပြန်လည်စုရုံးကြရပေမည်။

إِنَّمَا النَّجْوَىٰ مِنَ الشَّيْطَانِ لِيَحْزُنَ الَّذِينَ آمَنُوا وَلَيْسَ بِضَارِّهِمْ شَيْئًا إِلَّا
بِإِذْنِ اللَّهِ ۚ وَعَلَى اللَّهِ فَلْيَتَوَكَّلِ الْمُؤْمِنُونَ ⑩

၅၈ : ၁၀ ။ ။ (မကောင်းမှု ကျူးလွန်ရန်) လျှို့ဝှက်တိုင်ပင်မှုသည် ရှိုက်သွာန်ထံမှ မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အား စိတ်ဒုက္ခဖြစ်စေရန်သာ ဖြစ်၏။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်၏ အလိုတော်မရှိဘဲ ယင်းရှိုက်သွာန်သည် မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အား အနည်းငယ် စိုးစဉ်းမျှပင် ကျိုးယုတ်စေနိုင်သူ မဟုတ်ပြီ။ သို့ဖြစ်ပေရာ 'မုအ်မင်န်'သက်ဝင် ယုံကြည်သူတို့သည် အလ္လာဟ်အသျှင်မြတ်၏ အပေါ်၌သာလျှင် ယုံပုံလွှဲအပ် အားထားကြရာကုန်သည်။

يَا أَيُّهَا الَّذِينَ
آمَنُوا إِذَا قِيلَ لَكُمْ تَفَسَّحُوا فِي الْمَجَالِسِ فَافْسَحُوا يَفْسَحِ اللَّهُ
لَكُمْ ۖ وَإِذَا قِيلَ انْشُزُوا فَانْشُزُوا يَرْفَعِ اللَّهُ الَّذِينَ آمَنُوا
مِنْكُمْ وَالَّذِينَ أُوتُوا الْعِلْمَ دَرَجَاتٍ ۚ وَاللَّهُ بِمَا تَعْمَلُونَ خَبِيرٌ ⑪

၅၈ : ၁၁ ။ ။ 'အို့၊ မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် 'နေရာချဲ့ပေးကြလေကုန်'ဟု ပြောဆိုခြင်းကို ခံကြရလေသောအခါ၊ နေရာချဲ့၍ ပေးကြကုန်။ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အဖို့ နေရာချဲ့ပေးတော်မူမည်။ ထိုနည်းတူစွာ အသင်တို့သည် 'မတ်တတ်ထကြလေကုန်'ဟု ပြောဆိုခြင်းကို ခံကြရသောအခါ မတ်တတ်ထကြလေကုန်။ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အနက် မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အားလည်းကောင်း၊ အသိပညာ ချီးမြှင့်ပေးသနားတော်မူခြင်း ခံခဲ့ကြရသော သူတို့အားလည်းကောင်း အဆင့်အတန်းများစွာ မြှင့်တင်ပေးတော်မူပေမည်။' စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ကျင့်မူသမျှတို့ကို အကြွင်းမဲ့ ကြားသိတော်မူသောအသျှင်မြတ်ပင် ဖြစ်တော်မူ၏။

يَا أَيُّهَا الَّذِينَ آمَنُوا إِذَا نَاجَيْتُمُ الرَّسُولَ فَقَدِّمُوا بَيْنَ يَدَيْ
نَجْوَاكُمْ صَدَقَةً ۚ ذَٰلِكَ خَيْرٌ لَكُمْ وَأَطْهَرُ ۚ فَإِنْ لَمْ تَجِدُوا فَإِنَّ اللَّهَ غَفُورٌ رَحِيمٌ ⑫

၅၈ : ၁၂ ။ ။ အို့၊ မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် ရစူလ်တမန်တော်မြတ်နှင့် လျှို့ဝှက်ပြောဆို တိုင်ပင်ကြသောအခါ၊ မိမိတို့ လျှို့ဝှက်ပြောဆို တိုင်ပင်မှုမပြုကြမီ၊ အလှူဒါန တစ်စုံတစ်ရာကို ကြိုတင် ပေးနှင့်ကြလေကုန်။ ဤသည် အသင်တို့အဖို့ အကောင်းဆုံးလည်း ဖြစ်၏။ အသန့်ရှင်းဆုံးလည်း ဖြစ်၏။ သို့ရာတွင် အကယ်၍ အသင်တို့သည် (အလှူဒါနပြုရန် ဝတ္ထုပစ္စည်း တစ်စုံတစ်ရာကို) မရခဲ့ကြလျှင်၊ ဧကန်အမှန် အလ္လာဟ်အသျှင်မြတ်သည်

အလွန်တရာ သနားကြင်နာ ကရုဏာပြုတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ [တမန်တော်မြတ်ထံ ချဉ်းကပ်၍ အကြောင်းမဲ့ စကားများကို ကြာမြင့်မီ တီးတိုးပြောဆိုနေလေ့ရှိရာ အခြားပုဂ္ဂိုလ်များမှာ တမန်တော်မြတ်ထံမှ အကျိုးခံစားခွင့် မရရှိသည့် အပြင် တမန်တော်မြတ်လည်း လွတ်လပ်စွာ နေထိုင်ခွင့် မရရှိခဲ့ပေ။ (သို့) အလှူပြုခြင်းဖြင့် တီးတိုးပြောဆိုသူများ၏ အရေ အတွက် လျော့နည်းသွားစေရန်ပင် ဖြစ်၏။]

ءَاَشۡفَقۡتُمۡ اَنۡ تُقَدِّمُوۡا بَيۡنَ يَدَىۡ نَجۡوٰٮكُمۡ

صَدَقٰتٍ ‌ؕ فَاِذۡ لَمۡ تَفۡعَلُوۡا وَتَابَ اللّٰهُ عَلَيۡكُمۡ فَاَقِيۡمُوا الصَّلٰوةَ وَ

اٰتُوا الزَّكٰوةَ وَاَطِيۡعُوا اللّٰهَ وَرَسُوۡلَهٗ‌ ؕ وَاللّٰهُ خَبِيۡرٌۢ بِمَا تَعۡمَلُوۡنَ ⑬

၅၈ : ၁၃ ။ ။ အသင်တို့သည် မိမိတို့ လျှို့ဝှက်ပြောဆိုမှုကို မပြုမီ အလှူဒါနများ ပေးရန် ကြောက်ရွံ့ခဲ့ကြလေပြီလော။ သို့ဖြစ်လျှင် အသင်တို့သည် (ယင်းသို့ အလှူဒါနပေးခြင်းကို) မပြုလုပ်နိုင်ခဲ့ကြသည်ဖြစ်ရာ အလ္လာဟ်အသျှင်မြတ်သည်လည်း အသင်တို့ဘက်သို့ ကရုဏာတော်နှင့် ပြန်လှည့်တော်မူသည်ဖြစ်ပေရာ အသင်တို့သည် 'ဆွလားသ်' ဝတ်ပြုမှုကို ဆောက်တည် ကြလေကုန်။ ၎င်းပြင် အသင်တို့သည် 'ဇကားသ်' ပေးဆောင်ကြလေကုန်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကိုလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်၏ အမိန့်တော်ကိုလည်းကောင်း လိုက်နာကြလေကုန်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ကျင့်မူလျက် ရှိကြသည်တို့ကို အကြွင်းမဲ့ ကြားသိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အာယသ်တော်များ ကျရောက်လာခြင်း၏ ကျောထောက်နောက်ခံသမိုင်း

အာယသ်တော်များ ကျရောက်လာခြင်း၏ အကြောင်းခံများသည် အချို့သော ဖြစ်စဉ်များကြောင့် ဖြစ်ပေသည်။

ပထမဖြစ်စဉ်

အစပိုင်းတွင် မွတ်စ္စလင်မ်တို့နှင့် ယဟူဒီများသည် ငြိမ်းချမ်းရေး ရယူခြင်းအတွင်း၌ ရှိကြပေသည်။ သို့ရာတွင် ယဟူဒီတို့သည် မွတ်စ္စလင်မ်တစ်ဦးတစ်ယောက်ကို တွေ့မြင်သောအခါဝယ် ၎င်း၏ အမြော် အမြင်၊ အတွေးအခေါ် မျှော်မှန်းချက်များကို ကမောက်ကမ ဖြစ်စေရန်အတွက် မိမိတို့အချင်းချင်းကြား၌ တီးတိုးတိုင်ပင် ပြောဆိုမှုများကို ပြုကြပေသည်။ ထိုမွတ်စ္စလင်မ်သည် 'မိမိတို့နှင့် ဆန့်ကျင်စွာ ပုန်ကန် ဆန့်ကျင်မှု တစ်စုံတစ်ရာ ပြုလုပ်လျက် ရှိနေသည်' ဟူ၍ ထင်မှတ်ကြလေ၏။ တမန်တော်မြတ် ﷺ သည် ယဟူဒီတို့အား ထိုသို့ မပြုလုပ်ရန် တားမြစ်တော်မူ၏။ သို့သော် ယဟူဒီတို့သည် ယင်းလုပ်ရပ်ကို ရပ်တန့် ခြင်း မရှိကြပေ။ ထိုအချက်အပေါ် اَلَمۡ تَرَ اِلَى الَّذِيۡنَ نُهُوۡا عَنِ النَّجۡوٰى ဟူသော အာယသ်တော် ကျရောက်လာပေသည်။

ဒုတိယဖြစ်စဉ်

ဤကဲ့သို့ပင် 'မုနာဖစ်က်' (အယောင်ဆောင်မွတ်စ္စလင်မ်) တို့သည်လည်း မိမိတို့အချင်းချင်း ကြားနှိ တီးတိုးတိုင်ပင်မှုကို ပြုကြပေသည်။ ထိုလုပ်ရပ်အပေါ် اِذَا تَنَا جَيتُم فَلاَتَتَنَاجَوا ဟူသော အာယသ်တော်နှင့် اِنَّمَا النَّجْوٰى ဟူသော အာယသ်တော်တို့ ကျရောက်လာခြင်း ဖြစ်ပေသည်။

တတိယဖြစ်စဉ်

ယဟူဒီတို့သည် တမန်တော်မြတ် ﷺ ၏ ထံပါးသို့ လာရောက်တိုင်း ဆိုးသွမ်း၊ သောင်းကျန်းမှု ပြုရန်အတွက် 'အဿလာမုအလိုက်ကွမ်း' ဟူ၍ ပြောဆိုရမည့်အစား 'စားမ်မုအလိုက်ကွမ်း' ဟူ၍ ပြောဆိုကြပေသည်။ 'စားမ်' ၏ အဓိပ္ပာယ်မှာ သေခြင်းတရား ဖြစ်ပေသည်။

စတုတ္ထဖြစ်စဉ်

'မုနာဖစ်က်' (အယောင်ဆောင်မွတ်စ္စလင်မ်) တို့သည်လည်း ထိုနည်းတူစွာပင် ပြောဆိုကြပေသည်။ အထက်ပါ ဖြစ်စဉ်နှစ်ရပ်အပေါ်

اِذَا جَاءُ وْكَ حَيَّوْكَ

ဟူသော အာယသ်တော် ကျရောက်လာပေသည်။ အိဗ်နေကစီးရ်သခင်ကြီးသည် အေမာမ်အဟ်မဒ် သခင်ကြီး၏ ဆင့်ပြန်ချက်မှ ဤအချက်ကိုလည်း ဆင့်ပြန်ဖော်ပြထားပေသည်။ ယဟူဒီတို့သည် ဤသို့ စလာမ်ပေးကာ

لَوْلَا يُعَذِّبُنَا اللهُ بِمَا نَقُوْلُ

(အကယ်၍ ကျွန်ုပ်တို့သည် ဤပြစ်မှုဒုစရိုက်ကို ပြုလုပ်သော်လည်း မိမိတို့အပေါ် အဘယ်ကြောင့် ပြစ်ဒဏ်မကျရောက်ပေသနည်း) ဟူ၍ တိုးတိုးစွာ ပြောဆိုကြပေသည်။

ပဉ္စမဖြစ်စဉ်

တစ်ကြိမ်တစ်ခါက တမန်တော်မြတ် ﷺ သည် 'စုဖ်ဖား' ဗလီဝတ်ကျောင်းတော်သို့ ကြွမြန်းသွားတော်မူပေသည်။ ထိုင်ဝိုင်း၌ လူ့ပရိသတ် များစွာ ရှိနေပေသည်။ 'ဗဒရ်' စစ်ပွဲ၌ ဆင်နွှဲခဲ့သော ဆွဟာဗာများ ထဲမှ အချို့သော ဆွဟာဗာများလည်း ကြွမြန်းလာရာ ၎င်းတို့အဖို့ ထိုင်ရန် နေရာမျှ မကျန်ရှိပေ။ ထိုင်ဝိုင်းရှိ သူတို့သည်လည်း နေရာကျယ်သွားစေရန် ကျုံ့ထိုင်ခြင်းမျိုးလည်း မရှိကြပေ။ တမန်တော်မြတ် ﷺ တွေ့မြင် သောအခါ အချို့သော သူတို့ကို ထိုင်ဝိုင်းမှ ထရန်အတွက် မိန့်တော်မူလေသည်။ မုနာဖစ်က်တို့သည် 'ဤသည် မည်ကဲ့သို့သော တရားမျှတခြင်း၏ အချက် ဖြစ်ပေသနည်း' ဟူ၍ ဝေဖန်ပြောဆိုကြသည်။

တမန်တော်မြတ် ﷺ သည် 'မိမိ၏ ညီနောင်မိတ်ဆွေအတွက် နေရာချဲ့ပေးသူအပေါ် အလ္လာဟ်အသျှင်မြတ် ကရုဏာတရား ထားပေးတော်မူပါစေ' ဟူ၍လည်း မိန့်တော်မူပေသည်။ သို့ရှိရာ လူတို့လည်း နေရာချဲ့ ပေးလိုက်လေသည်။ ထိုအချက်အပေါ်

يَاَيُّهَا الَّذِيْنَ اٰمَنُوْا اِذَا قِيْلَ لَكُمْ تَفَسَّحُوْا

ဟူသော အာယသ်တော် ကျရောက်လာပေသည်။ (အဗူဟာသင်မ်သခင်ကြီးထံမှ အိဗ်နေကစီးရ်သခင် ကြီးမှ ဆင့်ပြန်ထားပေသည်။) ဆင့်ပြန်ချက်၏ ကဏ္ဍရပ်အလုံးစုံမှာ 'တမန်တော်မြတ် ﷺ သည် ဦးစွာပထမ နေရာချဲ့ပေးရန်အတွက် မိန့်တော်မူပေရာ အချို့သည် နေရာချဲ့ပေးလိုက်လေသည်။ အကြင်နေရာသည် လုံလောက်မှု မရှိပေ။ အချို့သည် နေရာ မဖယ်ပေးရာ တမန်တော်မြတ် ﷺ သည် စာသင်ကျောင်းများ ၏ ကျောင်းသားများအား ယဉ်ကျေးသိမ်မွေ့စေရန် ဆုံးမပဲ့ပြင်သကဲ့သို့ ၎င်းတို့အား ထသွားရန် မိန့်တော် မူရာ မုနာဖစ်က်တို့သည် မကျေမချမ်း ဖြစ်သွားကြပေသည်။

ဆင့်ပြန်ချက်

အချို့သော ဓနရှင်တို့သည် တမန်တော်မြတ် ﷺ ၏ ထံပါးသို့ ဝင်ရောက်လာကြကာ တီးတိုး တိုင်ပင်မှုများ ပြုလုပ်လျက် ရှိနေပေရာ သူဆင်းရဲတို့အဖို့ အကျိုးအမြတ်ရယူရန် အချိန် နည်းပါးသွားပေ သည်။ တမန်တော်မြတ် ﷺ သည် ၎င်းတို့ ကြာရှည်စွာ ထိုင်ခြင်းနှင့် တီးတိုးပြောဆိုမှု ကို မနှစ်မြို့သည့်အပေါ်

اِذَا نَاجَيْتُمُ الرَّسُوْلَ

ဟူသော အာယသ်တော် ကျရောက်လာပေသည်။ ဖသ်ဟုလ်ဗယားန်ကျမ်းအတွင်း၌ ဇိုက်ဒ်ဗင်န် အပ်စလားမ် သခင်ကြီးထံမှ ဆင့်ကဲဆင့်ပြန်မှု အထောက်အထားကင်းမဲ့စွာဖြင့် ဆင့်ပြန်ချက် လာရှိထား သည်မှာ ယဟူဒီနှင့် မုနာဖစ်က်တို့သည် မလိုအပ်ဘဲ တမန်တော်မြတ် ﷺ ဖြင့် တီးတိုးတိုင်ပင်မှုကို ပြုလုပ်လျက် ရှိကြသည်။ မွတ်စ္စလင်မ်တို့သည် 'ဆုံးရှုံးမှုတစ်ရပ်ရပ်နှင့် ပတ်သက်၍ တီးတိုးမှုကို ပြုနေခြင်း ဖြစ်တန် ကောင်းပေသည်' ဟူသော တွေးခေါ်မှုတို့ကြောင့် မနှစ်မြို့ကြတော့ပေ။ ထိုလုပ်ရပ်အပေါ် ၎င်းတို့အား တားမြစ်တော်မူလိုက်ပေသည်။ ယင်းအချက်အား نُهُوْا عَنِ النَّجْوٰى ဟူသော အာယသ်တော်၌ တား မြစ်ထားပေသည်။ သို့သော် ၎င်းတို့အနေနှင့် မနာခံကြသောအခါ ဤအမိန့်တော် ကျရောက်လာပေသည်။ ၎င်းအမိန့်တော်မှာ اِذَا نَاجَيْتُمُ الرَّسُوْلَ ဟူ၍ ဖြစ်သည်။ ထိုအမိန့်တော်၏ အကျိုးဆက်တရားမှာ လမ်းမှားသူတို့သည် ထိုကဲ့သို့ တီးတိုးတိုင်ပင်မှု ရပ်တန့်သွားကြပေသည်။ အဘယ်ကြောင့်ဆိုသော် ပစ္စည်း ဥစ္စာကို တွယ်တာမှုကြောင့် လှူဒါန်းရန်ကို ၎င်းတို့အနေနှင့် မနှစ်မြို့ကြချေ။

သတ္တမဖြစ်စဉ်

တမန်တော်မြတ် ﷺ နှင့် တီးတိုးတိုင်ပင်မှုကို မပြုကြမီအလျင် လှူဒါန်းရန် အမိန့်ကို မိန့်တော်မူရာ များစွာသော သူတို့သည် အရေးကြီးစကားကို ပြောဆိုခြင်းမှလည်း ရပ်တန့်သွားကြပေသည်။ ထိုအချက်အပေါ် ءَأَشْفَقْتُمْ ဟူသော အာယသ်တော် ကျရောက်လာပေသည်။ ဟဇရသ်ဟကီမုလ်အွမ္မသ်သခင်ကြီးက အမိန့်ရှိသည်မှာ လှူဒါန်းမှုပြုရန် ပေးသော အမိန့်၌ ပထမကတည်းက فَإِن لَّمْ تَجِدُوا ဟူသော အာယသ်တော်အတွင်း၌ နွမ်းပါးသောသူတို့ကို ခွင့်ပြုထားပေသည်။ သို့ရာတွင် အချို့သော သူတို့သည် သာသနာ့ရှုထောင့်အရ ကြွယ်ဝသူ ဖြစ်နေလင့်ကစား လုံးဝ နွမ်းပါးသူလည်း မဟုတ်သလို၊ ပြည့်ဝစွာ ကြွယ်ဝချမ်းသာသူလည်း မဟုတ်ပေ။ များသောအားဖြင့် ဤကဲ့သို့သော လူတန်းစားများသည် ချောင်လည်မှု နည်းပါးခြင်းအတွက်ကြောင့် လှူဒါန်းမှုပြုရန် ခဲယဉ်းနေသလို မိမိတို့၏ နွမ်းပါးမှု၌လည်း သံသယဖြစ်၍ နေပေသည်။ ထို့ကြောင့် လှူဒါန်းမှုကိုလည်း မပြုနိုင်ကြသလို မိမိတို့ကိုယ်ကို မိမိလည်း ကင်းလွတ်ခွင့်ရရှိသော သူများဟူ၍လည်း မမှတ်ယူပေ။ တီးတိုးတိုင်ပင်ခြင်းသည် 'စွန့်လွှတ်လိုက်ခြင်းဖြင့် ပြစ်တင်ရှုံ့ချထိုက်ဖွယ် ဖြစ်ခြင်း၏ အကြောင်းခံ ဖြစ်နိုင်လောက်အောင်' ခဝပ်ကိုးကွယ်မှု (အေဗာဒသ်) တစ်စုံတစ်ရာမျှလည်း မဟုတ်ပေ။ ထို့ကြောင့် ယင်းအချက်အား တားမြစ်ထားပေသည်။ (ဆင့်ပြန်ချက်များအားလုံး ဒုရ်ရေမန်စူးရ်ကျမ်း၌ ပါရှိထားပေသည်။) ထိုကျရောက်လာခြင်း၏ အကြောင်းခံများကြောင့် အကျယ်ချဲ့ဖွင့်ဆိုမှုကို သဘောပေါက်မှတ်ယူရာ၌လည်း အထောက်အကူ ဖြစ်ပေသတည်း။ *[ဗယာနုလ်ကုရ်အာန်ကျမ်း]*

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ နဗီတမန်တော်) ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိသည်တို့ကို (ထိုအရာများအတွင်း၌ တီးတိုးတိုင်ပင်ခြင်းလည်း ပါဝင်ပေသည်။) သိရှိတော်မူကြောင်းကို အသင်သည် စဉ်းစားဆင်ခြင် သိမြင်ခဲ့ပြီး မဟုတ်ပါလော။ (အလိုသဘောမှာ မပြုရန် တားမြစ်ထားသော တီးတိုးတိုင်ပင်ခြင်းမှ နောက်သို့ မတွန့်ဆုတ်သော သူတို့အား ကြားနာစေရန် ဖြစ်ပေသည်။ သို့ဖြစ်ပေရာ လူ) သုံးဦး လျှို့ဝှက်တိုင်ပင်ကြသည် မဟုတ်ပေ။ (စတုတ္ထမရှိဟု မထင်မှတ်ရာ) သို့ရာတွင် ထိုအသျှင်မြတ်သည် ၎င်းတို့အနက် စတုတ္ထဖြစ်တော်မူ၏။ ထိုနည်းတူစွာ (လူ) ငါးဦး (လျှို့ဝှက်တိုင်ပင်ကြသည်) မဟုတ်ပေ။ (ဆဋ္ဌမ မရှိဟု မထင်မှတ်ရာ။) သို့ရာတွင် ထိုအသျှင်မြတ်သည် ၎င်းတို့အနက် ဆဋ္ဌမဖြစ်တော်မူ၏။ ထို့ပြင် ထို (သုံးဦးအရေအတွက်) ထက် လျော့၍လည်းကောင်း၊ (နှစ်ဦးဖြစ်စေ၊ တစ်ဦးဖြစ်စေ ငါးဦးထက်) ပို၍လည်းကောင်း (ခြောက်ဦး၊ ခုနစ်ဦးထက် များပြားစွာလည်းကောင်း လျှို့ဝှက်တိုင်ပင်ကြသည်) မဟုတ်ပေ။ သို့ရာတွင် ထို (အလ္လာဟ်) အသျှင်မြတ်သည် ၎င်းတို့ မည်သည့်နေရာတွင် ရှိနေကြသည်ဖြစ်စေ၊ (အခြေအနေတိုင်း၌) ၎င်းတို့နှင့်အတူ ရှိနေတော်မူ၏။ ထို့နောက် ထိုအသျှင်မြတ်သည် 'ကေယာမသ်'

ရှင်ပြန်ထရမည့်နေ့တွင် ၎င်းတို့အား ၎င်းတို့ ကျင့်မူခဲ့ကြသည့် (အရာအားလုံး) တို့ကို သိစေတော်မူပေမည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

(ဤအာယသ်တော်၏ စာစဉ်အကြောင်းအရာသည် ခေါင်းစီးချုပ် သဘောမျိုးကို ခြုံငုံ၍ ကြည့်ရှုမည်ဆိုလျှင် တင်ပြလျက်ရှိနေသော စာစဉ်အကြောင်းအရာများ၏ နိဒါန်းဖြစ်ပေသည်။ ဆိုလိုသည်မှာ ဤသို့ မွတ်စ္စလင်မ်များအား ဒုက္ခပေးရန်အတွက် မားယွင်းစွာ တီးတိုးတိုင်ပင်နေကြသော သူတို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ခြင်း မရှိပေ။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် အရာအားလုံးကို သိနားလည်တော်မူ၍ ၎င်းတို့အား ပြစ်ဒဏ်ပေးတော်မူပေလိမ့်မည်။ ရှေ့၌ ထိုစာစဉ်အကြောင်းအရာများ၏ ကဏ္ဍာရပ်များကို တင်ပြထားပေသည်။ ဆိုလိုသည်မှာ အို၊ နဗီတမန်တော်) အသင်သည် အကြင်သူတို့ (၏ အခြေအနေ) ကို ဆင်ခြင်သုံးသပ်မြင်ခဲ့သည် မဟုတ်လော။ ထိုသူတို့သည် လျှို့ဝှက်တိုင်ပင်မှု မပြုရန် တားမြစ်ခြင်းကို ခံခဲ့ရလေ၏။ (သို့ရာတွင်) ထို့နောက် (တစ်ဖန်) ၎င်းတို့သည် မိမိတို့ တားမြစ်ခြင်း ခံခဲ့ကြရသော အမှုကိစ္စကိုပင် ထပ်မံ ပြုလုပ်ကြကုန်၏။ စင်စစ် ထိုသူတို့သည် ပြစ်မှုကျူးလွန်ရန်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျူးကျော်ရန်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ရစူလ်တမန်တော်မြတ်၏ အမိန့်ကို သွေဖည်ဆန့်ကျင်မှု ပြုလုပ်ရန်နှင့် စပ်လျဉ်း၍လည်းကောင်း လျှို့ဝှက်တိုင်ပင်ကြကုန်။ (ဤသို့သော လျှို့ဝှက်တိုင်ပင်မှုများကို ပြုကြပေသည်။ အကြင်တိုင်ပင်မှုအား တားမြစ်ထားသည့်အတွက်ကြောင့် ကျူးလွန်ခြင်းသည် ကိုယ်တိုင် 'ဂိုနာဟ်' ပြစ်မှုဒုစရိုက် ဖြစ်ပေသည်။ မွတ်စ္စလင်မ်တို့အား သောကပွားစေရန်အတွက်ကြောင့် ပြုခြင်းသည် မတရားသမှုလည်း ဖြစ်ပေသည်။ တမန်တော်မြတ် ﷺ တားမြစ်ထားပြီးဖြစ်ခြင်းကြောင့် ဖီဆန်ရာလည်း ကျပေသည်။ ပမာဆိုသော် ပထမဖြစ်စဉ်နှင့် ဒုတိယဖြစ်စဉ်တို့၌ တင်ပြထားပေသည်။) ၎င်းပြင် ထိုသူတို့သည် အသင့်ထံသို့ လာကြသောအခါ အလ္လာဟ်အသျှင်မြတ်က အသင့်အား မေတ္တာပို့တော်မမူခဲ့သော နည်းမျိုးဖြင့် မေတ္တာပို့သ နှုတ်ခွန်းဆက်သကြပေသည်။ (အလ္လာဟ်အသျှင်မြတ် မေတ္တာပို့သ နှုတ်ခွန်းဆက်သသော စကားလုံးတော်များမှာ

سَلَامٌ عَلَى الْمُرْسَلِينَ

(ချမ်းမြေ့သာယာမှုသည် ရစူလ်တမန်တော်တို့အပေါ်ဝယ် ကျရောက်ပါစေ။) [၃၇ : ၁၈၁]

سَلَامٌ عَلَىٰ عِبَادِهِ الَّذِينَ اصْطَفَىٰ

(၎င်းပြင် ငြိမ်းချမ်းသာယာမှုသည် ထိုအသျှင်မြတ် ရွေးချယ်တော်မူသော ကျွန်များအပေါ်သို့ သက်ရောက်ပါစေ။) [၂၇ : ၅၉]

صَلُّوا عَلَيْهِ وَسَلِّمُوا تَسْلِيمًا

(အသင်တို့သည်လည်း ထိုနဗီတမန်တော်အပေါ်ဝယ် ကောင်းချီးမင်္ဂလာ ပို့သခြင်းကိုလည်းကောင်း၊ လွန်စွာ မေတ္တာပို့သခြင်းကိုလည်းကောင်း ပြုကြကုန်။) [၃၃ : ၅၆]

ဟူ၍ ဖြစ်သည်။ ထို့ပြင် ၎င်းတို့က اَلسَّامُ عَلَيْكَ (အတ်စ္စလာမုအလိုက်က) ဟူ၍ ပြောဆိုကြပေသည်။ ထို့ပြင် ၎င်းတို့သည် မိမိတို့စိတ်ထဲတွင် (သို့မဟုတ် မိမိတို့အချင်းချင်း ကြား၌ တွေးတော) ပြောဆိုကြကုန်၏။) (အကယ်၍ ဤသူသည် နဗီတမန်တော်ဖြစ်မူ) အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့၏ (ထိုနဗီတမန်တော်အား လုံးဝ ယဉ်ကျေးမှု ကင်းမဲ့စွာ) ပြောဆိုမှုကြောင့် ကျွန်ုပ်တို့အား အဘယ်ကြောင့် (ချက်ချင်း) ပြစ်ဒဏ်ပေးတော်မမူပါသနည်း။ (ပမာဆိုရသော် ဖြစ်စဉ် (၃) နှင့် (၄) ၌ တင်ပြခဲ့ပြီး ဖြစ်ပေသည်။ ရှေ့၌ ၎င်းတို့၏ ထိုလုပ်ရပ်ပြောဆိုမှု၏ ခြိမ်းခြောက်မှုနှင့် တုန့်ပြန်ဖြေကြားမှုကို တင်ပြထားပေသည်။ အချို့သော အကြောင်းခံတို့ကြောင့် လျင်မြန်စွာ ပြစ်ဒဏ်မကျရောက်ခြင်းသည် လုံးဝ ပြစ်ဒဏ်မကျရောက်ဟု ထင်မှတ်ခြင်း မပြုရပေ။ ၎င်းတို့အတွက် (ပြစ်ဒဏ်သည်) 'ဂျဟန္နမ်'ငရဲဘုံပင် လုံလောက်ပေသည်။ ၎င်းတို့သည် ယင်း 'ဂျဟန္နမ်'ငရဲဘုံသို့ (မုချ) ဝင်ရောက်ကြရပေမည်။ အမှန်စင်စစ် ယင်း 'ဂျဟန္နမ်'ငရဲဘုံမှာ အလွန်ဆိုးရွားလှသော ပြန်လည်ရာ စခန်းပင် ဖြစ်ပေသည်။

(ရှေ့၌ အီမာန်ရှင်များအား မိန့်မြွက်ထားခြင်း ဖြစ်ပေသည်။ အကြင်မိန့်မြွက်ချက်မှ မုနာဖစ်က်များနှင့်အတူ ဆင်တူရိုးမှားခြင်းမှ ၎င်းတို့အားလည်း တားမြစ်ထားတော်မူပေသည်။ 'အသင်တို့သည်မူ အီမာန်ရယူထားကြောင်းကို ကြေညာလျက်ရှိနေပေရာ အီမာန်၏ လိုလားချက်အပေါ် ကျင့်ကြံဆောင်ရွက်ကြကုန်' ဟူ၍ မုနာဖစ်က်တို့ကိုလည်း ကြားနာစေလိုထားပေသည်။ သို့ရှိရာ မိန့်တော်မူထားသည်မှာ) အို့, မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် (လိုအပ်ချက်တစ်စုံတစ်ရာကြောင့်) လျှို့ဝှက်တိုင်ပင်ကြသောအခါ၊ ပြစ်မှုကျူးလွန်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျူးကျော်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရစူလ်တမန်တော်မြတ်၏ အမိန့်ကို သွေဖည်ဆန့်ကျင်ဘက်ပြုခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း လျှို့ဝှက်တိုင်ပင်ခြင်း မပြုကြကုန်လင့်။ (ထိုစကားလုံးများ၏ အကျယ်ချဲ့ဖွင့်ဆိုချက်ကို ယခုအပေါ်၌မှာပင် တင်ပြခဲ့ပေပြီ။)

သို့ရာတွင် အသင်တို့သည် ကောင်းမှုပြုလုပ်ရန်လည်းကောင်း၊ ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်ရန်လည်းကောင်း လျှို့ဝှက်တိုင်ပင်ကြလေကုန်။ ('ဗိရ်'ဟူသော ကောင်းမှုပြုခြင်းသည် 'အုဒ်ဝါးန်'ဟု ခေါ်ဆိုသော ကျူးကျော်ခြင်း၏ ဆန့်ကျင်ဘက်ပုဒ် ဖြစ်သည်။ အလိုသဘောမှာ အခြားသူများထိတိုင် ရောက်ရှိသော အကျိုးဖြစ်ပေသည်။ 'သက္ကဝါ'ဟူသော ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်ခြင်းပုဒ်သည် ပြစ်မှုကျူးလွန်ခြင်းနှင့် နဗီအမိန့်ကို ဆန့်ကျင်ဘက်ပြုလုပ်ခြင်း၏ ပုဒ်ဖြစ်ပေသည်။) ထို့ပြင် အသင်တို့သည် အကြင်အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ထိုအသျှင်မြတ်၏ ထံတော်သို့ပင် အသင်တို့သည် ပြန်လည်စုရုံးကြရပေမည်။

(မကောင်းမှု ကျူးလွန်ရန်) လျှို့ဝှက်တိုင်ပင်မှုသည် ရှိုက်သွာန် (၏ ဖြားယောင်းသွေးဆောင်ခြင်း) မှ မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အား စိတ်ဒုက္ခဖြစ်စေရန်သာ ဖြစ်၏။ အမှန်စင်စစ် (ပမာဆိုရသော် ပထမဖြစ်စဉ်၌ တင်ပြထားပေသည်။ ရှေ့၌ သောကစိတ်မပွားများရန် မုအ်မင်န်တို့အား ဖြေသိမ့်မှု ပေးထား

ပေသည်။ အဘယ်ကြောင့်ဆိုသော်) အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်၏ အလိုတော်မရှိဘဲ ယင်းရှိုက်သွာန်သည် မုအ်မင်န် သက်ဝင်ယုံကြည်သူတို့အား အနည်းငယ် စိုးစဉ်းမျှပင် ကျိုးယုတ်စေနိုင်မည် မဟုတ်ပေ။ (အလိုသဘောမှာ အကယ်၍ ထိုသူတို့သည် ရှိုက်သွာန်၏ ဖြားယောင်းသွေးဆောင်မှုကြောင့် အသင်တို့နှင့် ဆန့်ကျင်စွာ စီမံကိန်းတစ်စုံတစ်ရာကို ရေးဆွဲနေသည် ဖြစ်လင့်ကစား ၎င်းတို့အဖို့ ဘေးအန္တရာယ်သည် အသျှင်မြတ်၏ အလိုတော်မပါဘဲ အသင်တို့ကို ပြုနိုင်စွမ်း မရှိပေ။ တစ်ဖန် အဘယ်ကြောင့် သောကပွားနေရသနည်း။) သို့ဖြစ်ပေရာ မုအ်မင်န်သက်ဝင် ယုံကြည်သူတို့သည် (အမှုကိစ္စတိုင်း၌) အလ္လာဟ်အသျှင်မြတ်အပေါ်၌သာလျှင် ယုံပုံလွှဲအပ် အားထားသင့်ပေသည်။

(ရှေ့၌ ပဌမဖြစ်စဉ်နှင့် စပ်လျဉ်းသော အမိန့်ဖြစ်ပေသည်။ ဆိုလိုသည်မှာ ထိုင်ဝိုင်း၌ အချို့သူတို့သည် နောက်ကျမှ လာရောက်သော ၎င်းတို့အတွက် နေရာချဲ့ပေးရန် အမိန့် ဖြစ်ပေသည်။)

'အို၊ မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် 'နေရာချဲ့ပေးကြလေကုန်'ဟု (တမန်တော်မြတ် ﷺ ၏ ဘက်မှသော်လည်းကောင်း၊ (သို့မဟုတ်) အကြီးအကဲ ခေါင်းဆောင် တစ်ဦးတစ်ယောက်၏ ဘက်မှသော်လည်းကောင်း (သို့မဟုတ်) မုချ နာခံရန်ဖြစ်သော တစ်ဦးတစ်ယောက်၏ ဘက်မှသော်လည်းကောင်း) ပြောဆိုခြင်းကို ခံကြရလေသောအခါ၊ နေရာချဲ့၍ ပေးကြကုန်။ (အကြင်ကဲ့သို့ ချဲ့ပေးလိုက်ခြင်းဖြင့် လာရောက်သောသူများအတွက် နေရာရရှိသွားမည် ဖြစ်သည်။ သို့ပါ၍ လာရောက်သောသူတို့အဖို့ နေရာပေးကြကုန်။) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အဖို့ ('ဂျန္နသ်'၌) နေရာချဲ့ပေးတော်မူမည်။ ထိုနည်းတူစွာ အသင်တို့သည် (လိုအပ်ချက်တစ်စုံတစ်ရာကြောင့် ထိုင်ဝိုင်းမှ) 'မတ်တတ်ထကြလေကုန်'ဟု ပြောဆိုခြင်းကို ခံကြရသောအခါ မတ်တတ်ထကြလေကုန်။

(လာရောက်သောသူတို့အတွက် နေရာချဲ့ပေးရန် ရည်ရွယ်ချက်ဖြင့် ထခိုင်းသည်ဖြစ်စေ၊ ထိုအချိန် (သဘာပတိမှ အကြောင်းခံတစ်ခုကြောင့်ဖြစ်စေ၊ သီးသန့် ဆွေးနွေးတိုင်ပင်ရန်အတွက် ဖြစ်စေ၊ အနားယူရန် (သို့မဟုတ်) 'အေဗာဒသ်'အစရှိသည့် ကိစ္စများအတွက်ဖြစ်စေ၊ ယင်းကိစ္စများသည် တစ်ဦးတစ်ယောက်တည်းမဟုတ်ဘဲ လုံးဝ မရရှိနိုင်ခြင်း၊ (သို့မဟုတ်) ပြီးပြည့်စုံစွာ မရရှိနိုင်ခြင်းကြောင့်၊ တစ်ကိုယ်ရည်တစ်ကာယတည်း နေလိုသည့်အတွက် ထခိုင်းသည်ဖြစ်စေ၊ ထိုင်ဝိုင်း၏ ခေါင်းဆောင်မှ ရပ်ရန် အမိန့်ပေးလိုက်ခြင်းဖြင့် ထရပ်သင့်ပေသည်။ ဤအမိန့်သည် ရစူလ်မဟုတ်သော သူတို့အဖို့လည်း ကျယ်ပြန့်စွာ သက်ရောက်နေပေသည်။ ရူးဟ်ကျမ်း၌ ဤအတိုင်း တင်ပြထားပေသည်။) သို့ရှိရာ သဘာပတိအဖို့ လိုအပ်လာသော အချိန်၌ တစ်ဦးတစ်ယောက်အား ထသွားခိုင်းပိုင်ခွင့်ကို ရရှိထားပေသည်။ သို့ရာတွင် လာရောက်သောသူတို့သည် အခြားတစ်ဦးတစ်ယောက်ကို ထခိုင်းကာ ၎င်း၏ နေရာ၌ ဝင်ထိုင်ခွင့် မရှိပေ။ ဟဒီးစ်တော်အတွင်း၌ ဤအထက်ပါ ဖော်ပြပါအတိုင်း လာရှိထားပေသည်။ *[ဘုခါရီကျမ်း၊ မွတ်စ္စလင်မ်ကျမ်း။]*

အချုပ်ဆိုရသော် ထိုင်ဝိုင်း၏ အကြီးအကဲ၏ ပြောဆိုမှုကြောင့် ထသွားရန် အမိန့်ကို ပေးထားပေသည်။ ထိုအမိန့်ကို နာခံသည့်အတွက်ကြောင့်) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အနက် မုအ်မင်န်

သက်ဝင် ယုံကြည်သူတို့အားလည်းကောင်း၊ (အီမာန်ရှင်များအနက်မှ ဒီးန်သာသနာ) အသိပညာ သာပိုစွာ ချီးမြှင့်ပေးသနားတော်မူခြင်း ခံခဲ့ကြရသော သူတို့အားလည်းကောင်း၊ ('အာခေရသ်'၌) အဆင့်အတန်းများစွာ မြှင့်တင်ပေးတော်မူပေမည်။' (ဆိုလိုသည်မှာ ထိုအမိန့်အား နာခံသော သူတို့တွင် သုံးမျိုးသုံးစား ဖြစ်သွားပေမည်။

တစ်မျိုးမှာ ကာဖိရ်များ ဖြစ်ပေသည်။ အကြင်သူတို့သည် လောကီရေးရာ၏ အကျိုးတရားတစ်ခုခုကြောင့် လက်ခံကြပေသည်။ ဥပမာ-မုနာဖစ်က်များ။ ၄င်းတို့သည် مِنْكُمْ ဟူသော စကားလုံးတွင် ပါရှိသော ထိုကတိတော်မှ ထွက်သွားပေသည်။

ဒုတိယအမျိုးအစားမှာ အာလင်မ်ပညာရှင်များ မဟုတ်သော မုအ်မင်န်များ ဖြစ်ပေသည်။ ၄င်းတို့အဖို့ အဆင့်အတန်းမြင့်မားခြင်းသာ ဖြစ်သည်။

တတိယအတန်းမှာ အီမာန်ရှင် အာလင်မ်သာသနာ့ပညာရှင်များ ဖြစ်ပေသည်။ အီလ်မ် (အသိပညာ) နှင့် 'မအ်ရေဖသ်' (အလ္လာဟ်အသျှင်မြတ်အား ပရမတ္ထလမ်းစဉ်အရ သိရှိခြင်း) အတွက်ကြောင့် ၄င်းတို့၏ ကျင့်ကြံချက်များ၏ အခြေခံ ပေါ်ပေါက်ချက်သည် သာပိုများပြားစွာ ကြောက်ရွံ့ခြင်းနှင့် 'အိခ်လားဆ်' (စိတ်စေတနာဖြူစင်ခြင်း) တို့ ဖြစ်ပေသည်။ အကြင်အချက်များကြောင့် ကျင့်ကြံဆောင်ရွက်ချက်၏ အကျိုးစဝါးဗ်သည် သာပိုများပြားသွားပေသည်။ ၄င်းတို့အဖို့ အဆင့်အတန်း များပြားစွာ မြင့်မားစေခြင်းကို ခံကြရပေမည်။) စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ကျင့်မူသမျှတို့ကို အကြွင်းမဲ့ ကြားသိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ (မည်သူသည် အီမာန်နှင့်တကွ ကျင့်ကြံခဲ့သည်။ မည်သူက အီမာန်မရှိဘဲ ကျင့်ခဲ့သည်ကိုလည်းကောင်း တစ်ဖန် အီမာန်ရှင်များ၌လည်း မည်သူ၏ ကျင့်ကြံမှု၌ စိတ်စေတနာဖြူစင်မှု 'အိခ်လားဆ်'သည် နည်းပါး၍ မည်သူ့ထံ၌ များပြားသည်ကို ကောင်းစွာ သိမြင်တော်မူပေသည်။ ထို့ကြောင့် တစ်ဦးချင်းစီ၏ အကျိုးဆက်တရား၌ ကွာခြားမှုကို ညွှန်ပြထားပေသည်။)

(ရှေ့၌ ဆဠမဖြစ်စဉ်နှင့် ပတ်သက်သော အမိန့်ဖြစ်သည်။ အကြင်အမိန့်သည် ဖြစ်စဉ် (၁) နှင့် ဖြစ်စဉ် (၂) တို့ဖြင့်လည်း ဆက်စပ်လျက် ရှိနေပေသည်။)

အို့၊ မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် ရစူလ်တမန်တော်မြတ် ﷺ နှင့် လျှို့ဝှက်ပြောဆို တိုင်ပင် (ရန် ရည်ရွယ်) ကြသောအခါ၊ မိမိတို့ လျှို့ဝှက်ပြောဆို တိုင်ပင်မှုမပြုကြမီ၊ အလှူဒါန တစ်စုံတစ်ရာကို (သူဆင်းရဲတို့အား) ကြိုတင် ပေးနှင့်ကြလေကုန်။ (ပေးကမ်းရမည့် အတိုင်းအတာကို ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်၌ အတိအလင်း မတင်ပြထားပေ။ ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များ၌ အတိုင်းအတာအမျိုးမျိုး လာရှိထားပေသည်။ ပြင်ပသဏ္ဍာန်အားဖြင့် ရှုမြင်သုံးသပ်ရမည်ဆိုလျှင် အတိုင်းအတာကို မသတ်မှတ်ထားကြောင်း သိရှိရပေသည်။ သို့ရာတွင် သင့်လျော်သော အတိုင်းအတာ ဖြစ်ရန် အရေးကြီးပေသည်။) ဤသည် အသင်တို့အဖို့ (ကုသိုလ်စဝါးဗ် ရယူရန်အတွက်) အကောင်းဆုံးလည်း ဖြစ်၏။ (ပြစ်မှုဒုစရိုက်များမှ ကင်းလွတ်ရန်) အကောင်းဆုံး အကြောင်းခံလည်း ဖြစ်၏။ (အဘယ်ကြောင့်ဆိုသော် နာခံမှုကြောင့် ပြစ်မှုဒုစရိုက်များသည် ပပျောက်ကင်းရှင်းသွားပေသည်။ ဤအကျိုးတရား

မိန့်မြွက်ချက်သည် နေရှင် မှအ်မင်န်များကို ထောက်ရှု၍ မိန့်ဆိုထားခြင်း ဖြစ်ပေသည်။ သူဆင်းရဲများအဖို့ ငွေကြေးထောက်ပံ့မှု ခံရခြင်း၏ အကျိုးတရား သက်ရောက်မည်ဖြစ်သည်။ ပမာတင်ပြရမည်ဆိုသော် 'စွာဒ်ကာဟ်' ဟူသော စကားလုံးမှ သိရှိရပေသည်။ အဘယ်ကြောင့်ဆိုသော် 'စွဒ်ကာဟ်' အား ရယူထိုက်ခွင့်ရှိသော သူများမှာ သူဆင်းရဲတို့သာလျှင် ဖြစ်ပေသည်။ တမန်တော်မြတ် ﷺ ကို ထောက်ရှု၍လည်း ကြည့်ရှုမည်ဆိုပါက ယင်းလှူဒါန်းမှုတွင် တမန်တော်မြတ် ﷺ ၏ ဂုဏ်ရှိန်ဂုဏ်ဝါတော် မြင့်မားမှု ဖြစ်ပေသည်။ မုနာဖစ်ကတ်တို့၏ တီးတိုးတိုင်ပင်မှုကြောင့် တမန်တော်မြတ် ﷺ သည် စိတ်ဒုက္ခရောက်လျက် ရှိနေပေရာ လှူဒါန်းခိုင်းလိုက်ခြင်းကြောင့် ဒုက္ခမှ လွတ်မြောက်မှုနှင့် သက်တောင့်သက်သာကို ရရှိပေသည်။ အဘယ်ကြောင့်ဆိုသော် ၄င်းသည် လိုအပ်သည့်အတွက်ကြောင့် လျှို့ဝှက်တိုင်ပင်ခဲ့ကြသည် မဟုတ်ပေ။ မလိုအပ်ဘဲ လှူဒါန်းခြင်းသည် ၄င်းတို့အဖို့ အတိုင်းထက်အလွန် ခဲယဉ်းလှသော အချက်ဖြစ်ပေသည်။ များသောအားဖြင့် ထိုသို့ လှူဒါန်းခိုင်းရန် အမိန့်သည်လည်း 'အားလုံးတို့၏ ရှေ့၌ ပေးကမ်းရန်' ဟူ၍ ဖြစ်သည်။ သို့မှသာ ပေးကမ်းခြင်းမရှိသော သူတို့သည်လည်း ဖြားယောင်းမှု မပြုနိုင်ကြရန် ဖြစ်ပေသည်။ (ရှေ့၌ မိန့်ထားသည်မှာ ဤအမိန့်သည် တတ်စွမ်းနိုင်သော သူတို့၏ အတွက်သာ ဖြစ်ပေသည်။)

သို့ရာတွင် အကယ်၍ အသင်တို့သည် (အလှူဒါနပြုရန် ဝတ္ထုပစ္စည်း တစ်စုံတစ်ရာကို) မရခဲ့ကြလျှင်၊ (လျှို့ဝှက်တိုင်ပင်ရန်လည်း လိုအပ်ချက် ဆိုက်ရောက်လာချိန်ဝယ်) ကေန်အမှန် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာ ကရုဏာပြုတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ (ထိုပုံစံ၌ ထိုအသျှင်မြတ်သည် အသင်တို့အား ချမ်းသာပလပ်ခွင့် ပေးတော်မူလိုက်၏။ အထက်ပါ ရှင်းလင်းချက်မှ ပြင်ပသဏ္ဍာန်အားဖြင့် 'မတတ်စွမ်းနိုင်သော အခြေအနေကို ချွင်းချက်အဖြစ် ထားရှိ၍ 'စွဒ်ကာဟ်' လှူဒါန်းရန် အမိန့်သည် 'ဝါဂျိဗ်' ဖြစ်ကြောင်း' ကို သိရှိရပေသည်။ တမန်တော်မြတ် ﷺ ထံ ချဉ်းကပ်၍ အကြောင်းမဲ့ စကားများကို ကြာမြင့်မီ တီးတိုး ပြောဆိုနေလေ့ရှိရာ အခြားပုဂ္ဂိုလ်များမှာ တမန်တော်မြတ် ﷺ ထံမှ အကျိုးခံစားခွင့် မရရှိသည့်အပြင် တမန်တော်မြတ် ﷺ လည်း လွတ်လပ်စွာ နေထိုင်ခွင့် မရရှိခဲ့ပေ။ (သို့) အလှူပြုခြင်းဖြင့် တီးတိုးပြောဆိုသူများ၏ အရေအတွက် လျော့နည်းသွားစေရန်ပင် ဖြစ်၏။)

(ရှေ့၌ သတ္တမဖြစ်စဉ်နှင့် စပ်လျဉ်းသော အချက် လာရှိထားပေသည်။ အကြင်အချက်သည် ဆဋ္ဌမဖြစ်စဉ်နှင့် ဆက်စပ်လျက် ရှိနေပေသည်။ မိန့်တော်မူထားသည်မှာ) အသင်တို့ (သတ္တမဖြစ်စဉ်၏ အောက်၌ တင်ပြထားသော အချို့သူ) သည် မိမိတို့ လျှို့ဝှက်ပြောဆိုမှုကို မပြုမီ အလှူဒါနများ ပေးရန် ကြောက်ရွံ့ခဲ့ကြလေပြီလော။ သို့ဖြစ်လျှင် အသင်တို့သည် (ယင်းသို့ အလှူဒါနပေးခြင်းကို) မပြုလုပ်နိုင်ခဲ့ကြသည်ဖြစ်ရာ အလ္လာဟ်အသျှင်မြတ်သည်လည်း အသင်တို့ဘက်သို့ ကရုဏာတော်နှင့် ပြန်လှည့်တော်မူသည်ဖြစ်ပေရာ (လုံးဝ ထိုအမိန့်ကို ဖျက်သိမ်းကာ ပလပ်ခွင့် ပေးတော်မူလိုက်ပေသည်။ အကြင်ကဲ့သို့ ပလပ်ခွင့်ပေးလိုက်ခြင်း၏ အမြော်အမြင်မှာ 'အကြင်အကျိုးတရားအတွက် အမိန့်ကို 'ဝါဂျိဗ်' အဖြစ် သတ်မှတ်ထားပေရာ ထိုအကျိုးတရား ဆင်ခြင်မှုသည်လည်း ရရှိသွားပေသည်။ အဘယ်ကြောင့်ဆိုသော် ဆင်ခြင်ခြင်း

တရား ရှိသော အကျိုးတရားမှာ ပယ်ဖျက်ပြီးနောက်၌လည်း ကျန်ရစ်လျက် ရှိနေသည့် 'လူတို့ သတိထား ရှောင်ကြဉ်ရန်' ဟူသော အချက်ကို ဝိတ်ပင်ရန်ဟူ၍ ဖြစ်ပေသည်။ အချုပ်ဆိုရသော် မိန့်မြွက်ထားတော်မူသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ထိုအမိန့်ကို ဖျက်သိမ်းတော်မူလိုက်ပေရာ) အသင်တို့သည် (အခြားသော ခဝပ်ကိုးကွယ် ဆည်းကပ်မှုများကို တည်တံ့မြဲမြံစွာ ဆောက်တည်ကြကုန်။ ဆိုလိုသည်မှာ) 'ဆွလာသ်' ဝတ်ပြုမှုကို ဆောက်တည်ကြလေကုန်။ ၎င်းပြင် အသင်တို့သည် 'ဇကားသ်'ပေးဆောင်ကြလေကုန်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကိုလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ် ﷺ ၏ အမိန့်တော်ကိုလည်းကောင်း လိုက်နာကြလေကုန်။ (အလိုသဘောမှာ ထိုပညတ်ချက်ကို ဖျက်သိမ်းပြီး နောက်တွင်လည်း အသင်တို့၏ နီးစပ်မှုနှင့် လွတ်မြောက်မှုရရှိရန်၊ လက်ခံခြင်းရရှိရန်အတွက် ကျန်ရှိသော ပညတ်ချက်များအပေါ် တည်တံ့မြဲမြံစွာ ဆောက်တည်ခြင်းသည် လုံလောက်ပေသည်။) အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ (အတွင်းပိုင်း၊ အပြင်ပိုင်း) ကျင့်မူလျက် ရှိကြသည့် (အခြေအနေ) တို့ကို အကြွင်းမဲ့ ကြားသိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

တင်ပြလျက်ရှိနေသော အာယသ်တော်များသည် အထက်ဖော်ပြပါ နောက်ခံသမိုင်း၌ တင်ပြထားပြီးဖြစ်သကဲ့သို့ သီးသန့်ဖြစ်စဉ်များအပေါ် မူတည်၍ ကျရောက်လာလင့်ကစား ကုရ်အာန်ကျမ်းလာ လမ်းညွှန်ချက်များသည် ကျယ်ပြန့်လှကြောင်း'မှာ ထင်ရှားလှပေသည်။ ထိုလမ်းညွှန်ချက်များအပေါ်၌ မူဝါဒပိုင်းဆိုင်ရာ ခံယူချက်များ၊ 'အေဗာဒသ်' ခဝပ်ကိုးကွယ်မှုများ၊ အပေးအယူပိုင်းဆိုင်ရာ ကဏ္ဍရပ်များနှင့် ဆက်ဆံခြင်းဆိုင်ရာတို့နှင့် စပ်လျဉ်းသော ပညတ်ချက်အားလုံး ပါရှိထားပေသည်။ ဤအာယသ်တော်များ၌လည်း အချင်းချင်း တစ်ဦးနှင့် တစ်ဦးကြား၌ ညှိနှိုင်းတိုင်ပင် ဆွေးနွေးမှုတို့နှင့် စပ်လျဉ်း၍ ဤသို့ပင် အချို့သော လမ်းညွှန်ချက်များ လာရှိထားပေသည်။

တီးတိုးလျှို့ဝှက်စွာ တိုင်ပင်ခြင်းနှင့် စပ်လျဉ်းသော လမ်းညွှန်ချက်တစ်ရပ်

တီးတိုးစွာ လျှို့ဝှက်တိုင်ပင်ခြင်းသည် များသောအားဖြင့် 'ဝဟီ' အားဖြင့် သီးသန့် အတွင်းသိမိတ်ဆွေများကြား၌ ပြုလေ့ရှိကြပေသည်။ အကြင်ကဲ့သို့ ညှိနှိုင်းတိုင်ပင်လိုက်သည့်အပေါ် 'ဤသို့ လျှို့ဝှက်အကြံအစည်ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ မဖွင့်ဟ၊ မထုတ်ဖော်ခြင်း'ဖြင့် စိတ်အေးချမ်းမှုကို ရရှိပေမည်။ ထို့ကြောင့် ယင်းကဲ့သို့သော အချိန်အခါ၌ တစ်ဦးတစ်ယောက်အား သတ်ဖြတ်ရန်အတွက်သော်လည်းကောင်း၊ တစ်ဦးတစ်ယောက်အား မတရားသမှု ကျူးလွန်ရန်အတွက်သော်လည်းကောင်း။ တစ်ဦးတစ်ယောက်၏ ပိုင်ဆိုင်မှုများအား အတင်းအဓမ္မ သိမ်းပိုက်ရန်အတွက်သော်လည်းကောင်း စသော စီမံကိန်းများကို ရွေးဆွဲလေ့ ရှိကြပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုအာယသ်တော်များ၌ 'အလ္လာဟ်အသျှင်

မြတ်၏ အသိတော်သည် စကြဝဠာတစ်ဝှမ်းလုံးအပေါ် လွှမ်းခြုံထားလျက်ရှိကြောင်း၊ အသင်တို့သည် မည်သည့်နေရာ၌ မည်သို့ပင် ကွယ်ဝှက်ကာ ညှိနှိုင်းမှုကို ပြုနေပါစေ။ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ 'အိလ်မ်' (အသိတော်)၊ ကြားတော်မူခြင်းနှင့် မြင်တော်မူခြင်းကို ထောက်ရှု၍ အသင်တို့ထံပါး၌ တည်ရှိတော်မူခြင်းဖြစ်ကြောင်း၊ အသင်တို့၏ စကားရပ်တိုင်း၊ အချက်အလက်တိုင်းကို တွေ့မြင်သိရှိ ကြားတော်မူခြင်းဖြစ်ကြောင်း၊ အကယ်၍ ထိုသို့ လျှို့ဝှက်တိုင်ပင်မှု၌ ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ကြသည်ဆိုလျှင် ပြစ်ဒဏ်ပေးခြင်း ခံရခြင်းမှ ရှောင်ရှား၍ ရမည်မဟုတ်ကြောင်း' ဟူသော အချက်များအား မိန့်မြွက်ထားတော်မူပေသည်။ ထိုအာယသ်တော်များ 'အသင်တို့သည် မည်မျှခန့် နည်းပါး၊ များပြားနေလင့်ကစား ဟူသော အရေအတွက်ဖြင့် ညှိနှိုင်းမှု၌ အတူတကွ ရှိနေကြသည်ဖြစ်စေ၊ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အတွင်းဝယ် တည်ရှိနေတော်မူကြောင်း'ဟူသော အချက်ကိုသာ ပြဆိုထားပေသည်။ ပြဆိုထားပေသည်။ ဥပမာ- (၂) ဦး၊ (၃) ဦး၊ (၅) ဦးကို ပြဆိုထားပေသည်။ ဆိုလိုသည်မှာ အကယ်၍ အသင်တို့ (၃) ဦး ညှိနှိုင်းတိုင်ပင်နေသည်ဆိုပါက ထိုနေရာ၌ စတုတ္ထမြောက် အသျှင်အဖြစ် အလ္လာဟ်အသျှင်မြတ်သည် တည်ရှိတော်မူပေသည်။ လူ (၅) ဦး ညှိနှိုင်းတိုင်ပင်နေသည်ဆိုပါက ဆဋ္ဌမမြောက် အသျှင်အဖြစ် အလ္လာဟ်အသျှင်မြတ်သည် တည်ရှိနေတော်မူပေသည်။ (၃) နှင့် (၅) ကို အထူးပြုရွေးချယ် မိန့်မြွက်ထားတော်မူရခြင်းအကြောင်းမှာ 'အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ အသင်းအဖွဲ့အုပ်စုအတွက် မ,ဂဏန်း အရေအတွက်ကို နှစ်မြို့တော်မူခြင်းဖြစ်ကြောင်း'ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန်တူပေသည်။

مَا يَكُوْنُ مِنْ نَّجْوٰى ثَلٰثَةٍ

ဟူသော အာယသ်တော်၏ ရလဒ်မှာ ဤသည်သာလျှင် ဖြစ်ပေသည်။

တီးတိုးညှိနှိုင်းတိုင်ပင်ခြင်းနှင့် စပ်လျဉ်းသော လမ်းညွှန်ချက်တစ်ရပ်

اَلَمْ تَرَ اِلَى الَّذِيْنَ نُهُوْا عَنِ النَّجْوٰى

(အသင်သည် အကြင်သူတို့ကို ဆင်ခြင်သုံးသပ် မြင်ခဲ့သည် မဟုတ်ပေ။ ထိုသူတို့သည် လျှို့ဝှက်မှု မပြုရန် တားမြစ်ခြင်း ခံခဲ့ရ၏။) [၅၈ : ၈]

ဖြစ်ရပ်ကို ကျော်ထောက်နောက်ခံသမိုင်း၌ တင်ပြခဲ့ပေပြီ။ ယဟူဒီတို့ဖြင့် တမန်တော်မြတ် ﷺ သည် ငြိမ်းချမ်းရေး၏ ပဋိညာဉ်ကို ပြုလုပ်ထားသော ခေတ်ကာလအချိန်၌ ၎င်းတို့သည် ပွင့်လင်းစွာ မွတ်စ္လင်မ်တို့နှင့် ဆန့်ကျင်ဘက် တစ်စုံတစ်ရာ မပြုဝံ့ကြပေ။ သို့ရာတွင် အစ္စလာမ်နှင့် မွတ်စ္လင်မ်တို့အား နှလုံးသားများအတွင်း၌ ပြည့်နှက်လျက်ရှိနေသော မုန်းတီးခြင်းတရားအား ထုတ်ဖော်ခြင်း၏ နည်းလမ်းတစ်ရပ်ကို ဤသို့ ရွေးချယ်ထားကြလေ၏။ ဆွဟာဗာသာဝကကြီးများထဲမှ တစ်ဦးတစ်ယောက်သည် မိမိတို့ အနီးအပါးသို့ လာရောက်သည်ကို တွေ့မြင်ကြသောအခါ၌ မိမိတို့အချင်းချင်းကြား လျှို့ဝှက် တီးတိုးတိုင်ပင်

ကြခြင်း၏ ပုံသဏ္ဍာန်ကို ပြုလုပ်ဖန်တီးကာ လာရောက်ကြကုန်သော မွတ်စ္စလင်မ်တို့၏ ဘက်သို့ ခြေဟန် လက်ဟန် အရိပ်အမြွက် တစ်စုံတစ်ရာကို ပြကြပေသည်။ အကြင်ကဲ့သို့ ပြသခြင်းကြောင့် ထိုမွတ်စ္စလင်မ်တို့သည် 'ကျွန်ုပ်တို့နှင့် ဆန့်ကျင်စွာ သောင်းကျန်းဆူပူမှု တစ်စုံတစ်ရာ ပြုလုပ်လျက် ရှိနေသည်' ဟူ၍ ထင်မှတ်မိကြသည်။ ထို့ကြောင့် ပူဆွေးသောက ရောက်ရှိသွားကြရလေသည်။ တမန်တော်မြတ် ﷺ သည် ၎င်းတို့အား ဤသို့သော လျှို့ဝှက်တိုင်ပင် အရိပ်အမြွက်ပြခြင်းတို့အား တားမြစ်တော်မူလိုက်ပေသည်။

نُهُوا عَنِ النَّجْوٰى

(ထိုသူတို့သည် လျှို့ဝှက်တိုင်ပင်မှု မပြုရန် တားမြစ်ခြင်းကို ခံခဲ့ရလေ၏။) *[၅၈ : ၈]*

ဟူသော အာယသ်တော်၌ ထိုအချက်ကိုသာ တားမြစ်ကြောင်း တင်ပြထားပေသည်။

ထိုတားမြစ်ချက်မှ 'မွတ်စ္စလင်မ်တို့သည်လည်း အချင်းချင်းကြား၌ အခြားသော မွတ်စ္စလင်မ်တစ်ဦး တစ်ယောက်ကို ဒုက္ခရောက်စေသော လျှို့ဝှက်တိုင်ပင်မှုကို မပြုရန်' ဟူ၍ အမိန့်တော်သည် မွတ်စ္စလင်မ်တို့အဖို့လည်း ထွက်ပေါ်လာပေသည်။

ဘုခါရီနှင့် မွတ်စ္စလင်မ်ကျမ်း အစရှိသော ကျမ်းများ၌ ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်မသ်ဝူဒ် ﷺ သခင်ကြီးထံမှ တမန်တော်မြတ် ﷺ ၏ ဤအောက်ဖော်ပြပါ မိန့်မြွက်ချက်သည် ဆင့်ပြန်ချက်အဖြစ် လာရှိထားပေသည်။

اِذَا كُنْتُمْ ثَلٰثَةً فَلَا يَتَنَاجٰى رَجُلَانِ دُوْنَ الْاٰخَرِ حَتّٰى يَخْتَلِطُوْا بِالنَّاسِ فَاِنَّ ذٰلِكَ يُحْزِنُهٗ

အကြင်နေရာတစ်နေရာ၌ လူ (၃) ဦး စုရုံးလျက်ရှိနေပေရာ လူ (၂) ဦးသည် တတိယမြောက်သူအား ချန်ထားရစ်၍ ၎င်းပြန်မလာသေးသရွေ့ အချိန်ကာလထိတိုင် နှစ်ကိုယ်ကြား၌ လျှို့ဝှက်တိုင်ပင်မှုကို မပြုကြလေနှင့်။ အဘယ်ကြောင့်ဆိုသော် ထိုအပြုအမူကြောင့် ထိုတတိယမြောက် လူပုဂ္ဂိုလ်အဖို့ စိတ်ဒုက္ခရောက်ရှိသွားပေသည်။ (သူစိမ်းဟူ၍ ထင်မှတ်သွားပေမည်။ ၎င်းအနေဖြင့် ထင်မှတ်သွားမည်မှာ ဤသူနှစ်ဦးသည် ကျွန်ုပ်၏ ကွယ်ရာ၌ ကျွန်ုပ်နှင့် ပတ်သက်ပြီး မဖွယ်မရာကို တိုင်ပင်ဆွေးနွေးနေကြသည့်အတွက်ကြောင့် ကျွန်ုပ်အား ဖုံးကွယ်ထားခြင်း ဖြစ်ကောင်းဖြစ်နိုင်ပေသည်' ဟူသော သံသယများ ပေါ်ပေါက်သွားတတ်ပေသည်။) *[မဇ္ဈဟရီး]*

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِذَا تَنَاجَيْتُمْ فَلَا تَتَنَاجَوْا بِالْاِثْمِ
وَالْعُدْوَانِ وَمَعْصِيَتِ الرَّسُوْلِ وَتَنَاجَوْا بِالْبِرِّ وَالتَّقْوٰى

(အို, မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် လျှို့ဝှက်တိုင်ပင်ကြသောအခါ၊ ပြစ်မှုကျူးလွန်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျူးကျော်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ရစူလ်တမန်တော်မြတ်၏ အမိန့်ကို သွေဖည်ဆန့်ကျင်ဘက် ပြုခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း လျှို့ဝှက်တိုင်ပင်ခြင်း

မပြုကြကုန်လင့်။ သို့ရာတွင် အသင်တို့သည် မကောင်းမှုပြုလုပ်ရန်လည်းကောင်း၊ ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်ရန်လည်းကောင်း လျှို့ဝှက်တိုင်ကြလေကုန်။ ထို့ပြင် အသင်တို့သည် အကြင်အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ထိုအသျှင်မြတ်၏ ထံတော်သို့ပင် အသင်တို့သည် ပြန်လည် စုရုံးကြရပေမည်။) *[၅၈ : ၉]*

တင်ပြပြီးသော အာယသ်တော်များအတွင်း၌ ကာဖိရ်များအား မပိုင်သော တီးတိုးတိုင်ပင်မှုများကို မပြုရန် သတိပေးထားတော်မူပေသည်။ ဤအာယသ်တော်မြတ်အတွင်း၌ မွတ်စ္စလင်မ်တို့ကို 'မိမိတို့၏ ညှိနှိုင်းတိုင်ပင်မှုများတွင် အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့၏ အခြေအနေများအားလုံးနှင့် ပြောဆိုမှုများအားလုံးကို သိရှိနေခြင်းအချက်ကို အာရုံထားရမည့်အကြောင်း၊ ထိုအာရုံစူးစိုက်ထားသည့် အချက်နှင့်အတူ 'မိမိတို့၏ ညှိနှိုင်းတိုင်ပင်မှု ကိုယ်တိုင်သည် အမှန်တကယ် ပြစ်မှုဒုစရိုက်သော်လည်းကောင်း၊ (သို့မဟုတ်) အခြားသူများအား မတရားသမှုပြုခြင်း၊ (သို့မဟုတ်) သာသနာနှင့် ဆန့်ကျင်ဘက်ဖြစ်သော လုပ်ရပ်မျိုးမဖြစ်ရန်အကြောင်း၊ သို့သာမက အကြင်မည်သည့် အချိန်အခါမျိုး၌မဆို လျှို့ဝှက် ညှိနှိုင်းတိုင်ပင်မှုပြုတိုင်း မွန်မြတ်သော လုပ်ငန်းဆောင်တာများအတွက် ပြုရန် ကြိုးပမ်းမှုပြုရမည့် အကြောင်းတို့ကို လမ်းညွှန်ဖော်ပြထားပေသည်။

ကာဖိရ်များ၏ဘက်မှ ပြုလာသော ဆိုးသွမ်းမှုများအပေါ်၌လည်း မွန်ရည်နူးညံ့စွာ တုန့်ပြန်မှုကို ပြုရန် လမ်းညွှန်မှာကြားချက်

တင်ပြပြီးသော အာယသ်တော်များ၏ ကွင်းဆက်တစ်ဆက်တည်းမှာပင် ယဟူဒီများနှင့် မုနာဖစ်က်တို့၏ ဆိုးသွမ်းမှုတစ်ရပ်ကို ၄င်းတို့သည် တမန်တော်မြတ် ﷺ ၏ အခစားတော်သို့ ဝင်ရောက်လာတိုင်း 'အတ်စ္စလားမုအလိုက်ကွမ်း' ဟူ၍ ပြောဆိုရမည့်အစား 'အတ်စ်စားမုအလိုက်ကွမ်း' ဟူ၍ ပြောဆိုကြောင်းကို တင်ပြထားပေသည်။ 'စားမ်'၏ အဓိပ္ပာယ်မှာ သေခြင်းတရား ဖြစ်ပေသည်။ စကားလုံးများ၌ များစွာ မကွဲပြားသည့်အတွက်ကြောင့် မွတ်စ္စလင်မ်တို့သည် ထိုအချက်ဘက်သို့ အာရုံမစူးစိုက်ကြပေ။ တစ်ခါက ဤသို့ ဖြစ်ခဲ့၏။ အာအေရှာဟ် ؓ သခင်မကြီးသည်လည်း ကြားနာတော်မူလျက် ရှိနေစဉ် ၄င်းတို့သည် တမန်တော်မြတ် ﷺ အား 'အပ်စ်စားမုအလိုက်ကွမ်း' ဟူ၍ ပြောဆိုလိုက်ကြသည်။ သို့ရှိရာ အာအေရှာဟ် ؓ သခင်မကြီးကလည်း 'အပ်စ်စားမုအလိုက်ကွမ်း၊ ဝလအနကုမုလ်လားဟု ဝဂသ်ဗ အလိုက်ကွမ်း' (ပျက်စီးမှုနှင့် တစ်ပါးတည်း အလ္လာဟ်အသျှင်မြတ်၏ ကျိန်စာနှင့် အမျက်တော်သည် အသင်တို့အပေါ်သို့ ကျရောက်ပါစေသော' ဟူ၍ တုန့်ပြန် ဖြေကြားလိုက်ပေသည်။

တမန်တော်မြတ် ﷺ ကြီးသည် ဟဇရသ်အာအေရှာဟ် ؓ သခင်မကြီးအား ဤသို့ ပြောဆိုလိုက်ခြင်းမှ တားမြစ်ကာ 'အလ္လာဟ်အသျှင်မြတ်သည် ရိုင်းပျသော စကားရပ်တို့ကို နှစ်မြို့တော်မမူပေ။ အသင်မ အဖို့ ကြမ်းတမ်းသော စကားလုံးတို့ကို ပြောဆိုခြင်းမှ ရှောင်ရှား၍ နူးညံ့သော စကားရပ်တို့ကို ပြောဆို

သင့်ပေသည်'ဟူ၍ မိန့်တော်မူလိုက်၏။ အာအေရှာဟ် ﷺ သခင်မကြီးသည် 'အို, အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်၊ ၎င်းတို့သည် ကိုယ်တော်မြတ်ကို အဘယ်ကဲ့သို့ ပြောဆိုတော်မူသည်ကို ကိုယ်တော်မြတ်အနေနှင့် မကြားပေ၏လော' ဟူ၍ လျှောက်ထားတော်မူရာ ကိုယ်တော်မြတ် ﷺ က 'ဟုတ်ပါ၏။ ကြားတော်မူပါ၏။ ငါကိုယ်တော်သည် 'အလိုက်ကွမ်း' (ပျက်စီးမှုသည် အသင်တို့အပေါ်သို့ ကျရောက်ပါစေသား) ဟူ၍ သမာသမတ်ကျသော လက်စားချေတုန့်ပြန် ဖြေကြားမှုကို ပေးခဲ့သည်။ ၎င်းတို့၏ တောင်းဆိုမှုကို လက်ခံခြင်း မပြုခဲ့ချေ။ ငါကိုယ်တော်၏ တောင်းဆိုမှု လက်ခံခြင်းခံရကြောင်းမှာ ထင်ရှားလှပေသည်။ ထို့ကြောင့် ၎င်းတို့၏ ဆိုးသွမ်းမှု၏ အစားရယူမှုကို ပြုလိုက်ပြီးဖြစ်ပေသည်' ဟူ၍ ပြန်လည် မိန့်ကြားတော်မူလိုက်လေသည်။ *[ဗုခါရီကျမ်း၊ မုစ္စလင်ကျမ်း။]*

ထိုင်ဝိုင်း၏ ယဉ်ကျေးမှုအချို့

يَآ يُّهَا الَّذِيْنَ اٰمَنُوْٓا اِذَاقِيْلَ لَكُمْ تَفَسَّحُوْا فِي الْمَجٰلِسِ فَافْسَحُوْا

ဤအမိန့်သည် မွတ်စလင်မ်များစုပေါင်းကာ တည်ရှိနေသော ထိုင်ဝိုင်းများအဖို့ ခြုံငုံကျယ်ဝန်းလှစွာသော အမိန့်များ ဖြစ်ပေသည်။ ထိုင်ဝိုင်းသို့ အချို့သော သူများသည် နောက်ကျမှ ရောက်လာသည် ဆိုပါမူ၊ မွတ်စလင်မ်တို့အဖို့ နေရာချဲ့ပေးရန် ကြိုးစား၍ ကျုံ့၍ ထိုင်ရမည်ဖြစ်သည်။ ဤသို့ ပြုကြသော သူတို့အပေါ် အလ္လာဟ်အသျှင်မြတ်သည် '၎င်းတို့အဖို့ အလ္လာဟ်အသျှင်မြတ်သည် ကျယ်ဝန်းမှုကို ဖန်ဆင်းပေးတော်မူမည်' ဟူ၍ ကတိပြုထားတော်မူပေသည်။ ဤကျယ်ဝန်းစေမှုသည် နောင်တမလွန် 'အာခေရသ်' ၌ ရမည်ဖြစ်ကြောင်းမှာ ထင်ရှား၍ 'လောကီရေးရာ စီးပွားရှာဖွေမှု၌လည်း ကျယ်ဝန်းချောင်ချိမှု ရရှိခြင်း' ဟူသော အချက်သည်လည်း စဉ်းစားတွေးဆရန် ဝေးကွာလှစွာသော အချက်မဟုတ်ပေ။

ဤအထက်တင်ပြပါ အာယသ်တော်၌ ထိုင်ဝိုင်း၏ ယဉ်ကျေးမှုနှင့်စပ်လျဉ်း၍ ဒုတိယအမိန့်မှာ-

اِذَاقِيْلَ انْشُزُوْا فَانْشُزُوْا

('အသင်တို့သည် မတ်တတ်ထကြလေကုန်'ဟု ပြောဆိုခြင်းကို ခံကြရလေသောအခါ မတ်တတ်ထကြလေကုန်။) *[၅၈ : ၁၁]*

ဟူ၍ ဖြစ်သည်။ ဤအာယသ်တော်၌ قِيْلَ (ကီးလ) ဟူ၍ 'ကတ္တားမြုပ်ကြိယာပုဒ်'အား အသုံးပြုထားပေသည်။ ပြောဆိုသောသူ မည်သူဖြစ်သည်ကို မတင်ပြထားပေ။ သို့ရာတွင် မှန်ကန်သော ဟဒီးစ်တော်များမှ 'ကိုယ်တိုင် လာရောက်သောသူသည် မိမိနေရာ ရယူရန်အတွက် အခြားတစ်ဦးအား ၎င်း၏ နေရာမှ ထခိုင်းခြင်း မပိုင်ကြောင်း' ကို သိရှိရပေသည်။

ဗုခါရီကျမ်း၊ မွတ်စလင်မ်ကျမ်းနှင့် မွတ်စ်နဒ်အဟ်မဒ်ကျမ်း၌ ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်အုမရ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ ထိုဆင့်ပြန်ချက်အတွင်း၌ တမန်တော်မြတ် ﷺ သည်

لَا يُقِيمُ الرَّجُلَ الرَّجُلَ مِنْ مَجْلِسِهِ فَيَجْلِسَ فِيهِ وَلٰكِنْ تَفَسَّحُوا وَ تَوَسَّعُوا

'မည်သူတစ်ဦးတစ်ယောက်မျှ အခြားတစ်ဦးတစ်ယောက်အား ၎င်း၏ နေရာမှ ထခိုင်းကာ ထိုနေရာ၌ မဝင်ထိုင်ရပေ။ သို့ရာတွင် ထိုင်ဝိုင်း၏ နေရာ ကျယ်ရန်အတွက် လာရောက်သော သူကို နေရာပေးကုန်' ဟူ၍ မိန့်တော်မူထားပေသည်။ *[အိမ်နေကစီးရ်]*

အထက်ပါဟာဒီးစ်တော်မှ 'တစ်ဦးတစ်ယောက်ကို ၎င်း၏ နေရာမှ ထခိုင်းရန် ပြောဆိုခြင်းသည် ၎င်းအဖို့ မပိုင်ကြောင်း' ကို သိရှိရပေသည်။ ထို့ကြောင့် အာယသ်တော်ပါ ပြောဆိုသူသည် ထိုင်ဝိုင်း ခေါင်းဆောင် (သို့မဟုတ်) အခမ်းအနားမှူးဖြစ်ကြောင်းမှာ ထင်ရှားလှပေသည်။ သို့ဆိုလျှင် အာယသ်တော်၏ အလိုသဘောမှာ ဤသို့ပင် ဖြစ်သည်။ အကယ်၍ ထိုင်ဝိုင်း၏ ခေါင်းဆောင် (သို့မဟုတ်) ထိုခေါင်းဆောင်၏ဘက်မှ သတ်မှတ်ပေးထားသော စီမံခန့်ခွဲရေးမှူးတို့သည် တစ်ဦးတစ်ယောက်အား ၎င်း၏ နေရာမှ ထခိုင်းရန် ပြောဆိုသောအခါ '၎င်းအား ပြဿနာမပြုဘဲ မိမိနေရာမှ ထပေးလိုက်ခြင်း' သည် ထိုင်ဝိုင်း၏ ယဉ်ကျေးမှုကို မည်သို့မျှ မထိခိုက်ပေ။ အဘယ်ကြောင့်ဆိုသော် အချို့သော အချိန်အခါမျိုး၌ ထိုင်ဝိုင်း ခေါင်းဆောင်သည် လိုအပ်ချက်တစ်ရပ်ကြောင့် တစ်ကိုယ်ရေတစ်ကာယတည်း နေထိုင်ချင်လာလျှင်သော် လည်းကောင်း၊ (သို့မဟုတ်) သီးသန့် အတွင်းဝန်တို့ဖြင့် လျှို့ဝှက်ချက် တစ်စုံတစ်ရာကို ပြောဆိုလိုလာလျှင် သော်လည်းကောင်း၊ (သို့မဟုတ်) နောက်မှ ရောက်ရှိလာသော သူတို့အတွက် (အခြားသော အချိန်များ၌ အကျိုးရယူနိုင်သော အချို့ အားနားမှုကင်းမဲ့ရသော အချို့ကို ၎င်းတို့အား ထိုင်ဝိုင်းမှ ထခိုင်းလိုက်ခြင်းဖြင့် ဆိုးကျိုးတစ်စုံတစ်ရာ မရှိကြောင်း၊ ထိုင်ဝိုင်းမှ ထခိုင်းခြင်း၏ အကြောင်းအပြင် အခြားအကြောင်း တစ်စုံတစ်ရာ ရှိချိန်) ၎င်းတို့အား ထခိုင်းလျှင်သော်လည်း' ဟူသော အချိန်အခါမျိုး၌ ထခိုင်းခြင်း ဖြစ်ပေသည်။

သို့သာမက ထိုင်ဝိုင်းခေါင်းဆောင်၊ (သို့မဟုတ်) ထိုင်ဝိုင်း၏ စီမံခန့်ခွဲရေးမှူးတို့သည် 'ထသွားသော သူအတွက် အရှက်ရစေသည့် ပုံစံမျိုးနှင့် ဒုက္ခရောက်စေသည့် ပုံစံမျိုးကို မရွေးချယ်သင့်ပေ။

ဤအာယသ်တော် ကျရောက်လာသော ဖြစ်စဉ်၌ တမန်တော်မြတ် ﷺ သည် 'စုဖ်ဖါး'ဗလီဝတ် ကျောင်းတော်၌ ရှိနေတော်မူစဉ် ယင်းနေရာတွင် အသင့်ရောက်ရှိနေသော သူများဖြင့် ပြည့်လျှံနေပေသည်။ 'ဗဒရ်'စစ်ပွဲ၌ ဆင်နွှဲခဲ့သည့် အကြောင်းခံကြောင့် သာပို များပြားစွာ ဂုဏ်ပေးထိုက်ခြင်း ခံသင့်သော အချို့အကြီးအကဲ ဆွဟာဗာတို့သည် နေရာမရရှိသည့်အတွက်ကြောင့် ရပ်လျက် ရှိနေပေသည်။ ထိုအချိန်၌ တမန်တော်မြတ် ﷺ သည် ပထမတွင်မူ အနည်းငယ် ကျုံ့ကာ ထိုင်ဝိုင်းကို နေရာချဲ့ပေး၍ ၎င်းတို့အား နေရာပေးကုန်' ဟူ၍ ခြုံငုံကာ မိန့်တော်မူလိုက်ပေသည်။ အချို့သော ဆွဟာဗာများအား ထသွားရန်အတွက်လည်း မိန့်တော်မူလိုက်ပေသည်။ ထိုင်ဝိုင်းမှ ထခိုင်းလိုက်သောသူတို့နှင့် စပ်လျဉ်း၍ '၎င်းတို့သည် အချိန်တိုင်း အခစားတော်သို့ ဝင်ရောက်နေကြသောသူများ ဖြစ်၍ ဤအချိန်၌ ထိုင်ဝိုင်းမှ ထသွားခြင်းဖြင့်လည်း ကြီးကျယ်သော ဆုံးရှုံးမှု မဖြစ်နိုင်ပေ။ တမန်တော်မြတ် ﷺ သည် ထိုင်ဝိုင်းနေရာ ကျယ်ရန် (သို့မဟုတ်)

ကျွံထိုင်ရန် အမိန့်ပေးရာ အချို့သူတို့သည် ထိုအချက်အပေါ် မနာခံကြလေရာ ၎င်းတို့အား ယဉ်ကျေးမှုအရ နာခံရန်အတွက် ထိုင်ဝိုင်းမှ သွားရန် မိန့်တော်မူလိုက်ခြင်း ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေကာမူ ဤအာယသ်တော်နှင့် ဆင့်ပြန်ချက်လာ ဟဒီးစ်တော်များမှ ထိုင်ဝိုင်း၏ ယဉ်ကျေးမှုများနှင့် စပ်လျဉ်း၍ 'ထိုင်ဝိုင်း၌ အသင့်ရှိနေသော သူတို့သည် နောက်မှ လာသောသူတို့အား နေရာပေးရန် ကြိုးစားမှုကို ပြုရမည်ဖြစ်ကြောင်း' ဟူ၍ အချက်တစ်ချက်ကိုမူ သိရှိရပေသည်။ ဒုတိယအချက် အနေဖြင့် 'လာရောက်သောသူတို့သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ၎င်း၏ နေရာမှ ထနိုင်းခြင်း မပြုရ' ဟူသော အချက်ကို အတည်ပြု ရရှိနိုင်သည်ဖြစ်ပြီး၊ တတိယအချက်မှာ ထိုင်ဝိုင်း၏ ခေါင်းဆောင် သည် '၎င်းအနေဖြင့် လိုအပ်မည်ဟု မှတ်ယူထားသည်ဆိုပါက အချို့သော သူတို့ကို ထိုင်ဝိုင်းမှ ထနိုင်းခွင့် ရှိသည်' ဟူသော အချက်ကိုလည်း အတည်ပြုရရှိနိုင်ပေသည်။ ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များဖြင့် လာရောက်သော သူတို့အဖို့လည်း ယဉ်ကျေးမှုစည်းကမ်းချက်နှင့် ကိုက်ညီသော အချက်မှာ ကနဦးကတည်းက ထိုင်နေသော သူများကြားဝယ် ထိုးဖောက်ဝင်ရောက်ကာ ဝင်ထိုင်လိုက်ခြင်းကို ပြုရမည့်အစား ထောင့် တစ်ထောင့်၌ ဝင်ရောက်ထိုင်သင့်ကြောင်း' ကို အတည်ပြုထားပေသည်။ ပမာတင်ပြရမည်ဆိုသော် မှန်ကန် သော ဘိုခါရီကျမ်း၏ ဟဒီးစ်တော်တစ်ရပ်၌ ဝင်ရောက်လာသော လူ (၃) ဦးအကြောင်းကို တင်ပြထား ပေသည်။ (၃) ဦးထဲမှ တစ်ဦးသည် ထိုင်ဝိုင်းအတွင်း နေရာမရရှိသည့်အတွက်ကြောင့် ထောင့်တစ်ထောင့်၌ သွားရောက်ကာ ထိုင်နေပေသည်။ တမန်တော်မြတ် ﷺ သည် ၎င်းအား ချီးကျူးတော်မူလိုက်ပေသည်။

ဓမ္မသတ် ။ ။ ထိုင်ဝိုင်း၏ ယဉ်ကျေးမှုအချက်များထဲမှ အချက်တစ်ရပ်မှာ လူ (၂) ဦး၏ ကြား၌ ၎င်းတို့၏ ခွင့်ပြုချက်မရှိဘဲ မဝင်ရောက်ရန် ဖြစ်ပေသည်။ အကြောင်းမှာ အချို့သော အချိန်အခါမျိုးတွင် နှစ်ဦးတွဲကာ ထိုင်နေခြင်း၌ ၎င်းတို့အဖို့ သီးသန့်အကျိုးတရား တစ်စုံတစ်ရာ ရှိတတ်ပေသည်။ ဟဇရသ် အိုစာမဟ် ဗင်န် ဇိုက်ဒ်လိုက်စီး ﷺ သခင်ကြီး၏ ဆင့်ပြန်ချက်ကို အဗူဒါဝူးဒ်ကျမ်းနှင့် သိရ်မေဇီကျမ်းတို့၌ ဆင့်ပြန်ထားပေသည်။ တမန်တော်မြတ် ﷺ သည်

لَا يَحِلُّ لِرَجُلٍ اَنْ يُّفَرِّقَ بَيْنَ اثْنَيْنِ اِلَّا بِاِذْنِهِمَا

(ပူးတွဲကာ ထိုင်နေသော လူနှစ်ဦးကြား ၎င်းတို့၏ ခွင့်ပြုချက်မရှိဘဲ ကြား၌ ခွဲကာ သွားရောက် နေထိုင်ခြင်း မည်သူတစ်ဦးတစ်ယောက်အဖို့မျှ ပြုပိုင်ခွင့် မရှိပေ' ဟူ၍ မိန့်တော်မူထားပေသည်။

[အိဗ်နေကစီးရ်]

يَاَيُّهَا الَّذِيْنَ اٰمَنُوْا اِذَا نَاجَيْتُمُ الرَّسُوْلَ

(အို၊ မုအ်မင်န်သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် ရစူလ်တမန်တော်မြတ်နှင့် လျှို့ဝှက် ပြောဆို တိုင်ပင်ကြသောအခါ။) *[၅၈ : ၁၂]*

တမန်တော်မြတ် ﷺ သည် သင်ကြားမှုနှင့် အဖန်ဆင်းခံများအား ပြုပြင်ပေးခြင်းတို့၏ အလုပ်၌ အစဉ်အမြဲ မွေ့လျော်နေတတ်ပေသည်။ အများနှင့် သက်ဆိုင်သော ထိုင်ဝိုင်း၌ အသင့်ရောက်ရှိကြသော လူထုပရိသတ်အားလုံးတို့သည် တမန်တော်မြတ် ﷺ ၏ မိန့်မြွက်ချက်တို့မှ အကျိုးရယူခံစားလေ့ ရှိကြပေသည်။ ထိုသို့ ကြားနာရခြင်း၏ ပုံစံတစ်ရပ်မှာ ဤသို့လည်း ရှိတတ်ပေသည်။ အချို့သူတို့သည် တမန်တော်မြတ် ﷺ ဖြင့် သီးခြားစွာ လျှို့ဝှက်တိုင်ပင်မှုတို့ကို ပြုချင်ကြရာ ကိုယ်တော်မြတ် ﷺ သည် အချိန်ပေးလေ့ ရှိပေသည်။ 'တစ်ဦးချင်းစီအတွက် သီးခြားစွာ အချိန်ပေးရခြင်း၌ အချိန်များစွာ လိုအပ်ပေသည်' ဖြစ်ကြောင်းမှာ ထင်ရှားလှပေသည်။ ထိုသို့ အချိန်ပေးရာ၌ အချို့မုနာဖစ်က်တို့၏ ဆိုးသွမ်းမှုများသည်လည်း ပါဝင်လာပေသည်။ အကြောင်းမှာ စိတ်စေတနာဖြူစင်သော မွတ်စ္စလင်မ်များကို ဒုက္ခပေးရန်အတွက် တမန်တော်မြတ် ﷺ ၏ ထံတော်ပါးမှ သီးခြားစွာနှင့် တီးတိုးတိုင်ပင်ရန် အချိန်ကို တောင်းခံ၍ ထိုင်ဝိုင်း၏ အချိန်ကို ကြာမြင့်စွာ ဆွဲလေ့ ရှိတတ်ကြပေသည်။ အချို့မသိနားမလည်သေးသော မွတ်စ္စလင်မ်တို့သည်လည်း စကားကြောကို ရှည်လျားစွာ ပြုကာ ထိုင်ဝိုင်း၏ အချိန်ကို ကြာမြင့်စွာ ဆွဲလာကြပေသည်။ အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ် ﷺ ၏ ထံပါးမှ ဤဝန်ထုပ်ကို ပေါ့ပါးသွားစေရန်အတွက် ဦးစွာပထမ 'တမန်တော်မြတ် ﷺ ဖြင့် သီးခြားစွာ တီးတိုးတိုင်ပင်ချင်ကြသည်ဆိုလျှင် 'ဦးစွာပထမ အလှူဒါန ပေးရန်' ဟူသော အမိန့်တော်ကို ထုတ်ပြန်လိုက်ပေသည်။ ထိုလှူဒါန်းမှု၏ အတိုင်းအတာ တစ်စုံတစ်ရာကိုမျှ ကုရ်အာန်ကျမ်းတော်မြတ်၌ ဆင့်ပြန်ချက် လာရှိထားခြင်း မရှိပေ။ ဤအာယသ်တော် ကျရောက်လာတော်မူသောအခါ အားလုံး၏အလျင် ဟဇရတ်အလီ ؓ သခင်ကြီးသည် ထိုအချက်အပေါ် လက်တွေ့ကျကျ ပြုလုပ်ပြခဲ့ပေသည်။ ရွှေဒင်္ဂါးပြားတစ်ပြား ပေးဆောင်ကာ တမန်တော်မြတ် ﷺ ဖြင့် စကားပြောဆိုတော်မူရန် အချိန်ကို ရယူလိုက်ပေသည်။

ဤအာယသ်တော်အပေါ် ဟဇရတ်အလီ ؓ သခင်ကြီးသာ ကျင့်ကြံ ပြုမူခဲ့ကြောင်းနှင့် အခြားတစ်ဦးတစ်ယောက်မျှ ပြုလုပ်ခွင့် မရရှိလိုက်ဘဲ တစ်ဖန် ဖျက်သိမ်းတော်မူလိုက်ခံရခြင်း အကြောင်း

ဤသည်လည်း အံ့ဖွယ်ကောင်းလှသော တိုက်ဆိုင်မှုမျိုးပင် ဖြစ်သည်။ ထိုအမိန့်တော်ကြောင့် များစွာသော ဆွဟာဗာသခင်ကြီးများသည် စိတ်ကျဉ်းကြပ်မှုနှင့် ရင်ဆိုင်လာရပေသည်။ ထို့ကြောင့် လျင်မြန်စွာ ဖျက်သိမ်းတော်မူလိုက်ပေသည်။ ဟဇရတ်အလီ ؓ သခင်ကြီးက 'ကုရ်အာန်ကျမ်းတော်မြတ်အတွင်းရှိ အာယသ်တော် တစ်အာယသ်ကို ကျွန်ုပ်၏အလျင်နှင့် ကျွန်ုပ်၏နောက် မည်သူတစ်ဦးတစ်ယောက်မျှ ပြုမူဆောင်ရွက်ခွင့် မရရှိဘဲ ကျွန်ုပ်သည်သာ ပြုမူခွင့် ရရှိလိုက်ပေသည်' ဟူ၍ မိန့်တော်မူလေ့ ရှိပေသည်။ အလျင် မပြုခဲ့သည်ဟူသော အချက်သည် ရှင်းလင်းပေသည်။ 'နောက်ပိုင်း၌ မည်သူမျှ မပြုလိုက်ရခြင်း' ဟူ၍ မိန့်တော်မူထားရခြင်းအကြောင်းမှာ 'ဖျက်သိမ်းခြင်းခံရလိုက်ရခြင်းကြောင့်' ဖြစ်ပေသည်။ ထိုအာယသ်တော်မြတ်သည် လှူဒါန်းမှုကို ဦးစွာ ပေးဆောင်ရန်ကိုသာလျှင် မိန့်မြွက်ထားခြင်း ဖြစ်ပေသည်။

ဤအမိန့်တော်သည် ဖျက်သိမ်းခြင်းခံရလင့်ကစား အကြင်အကျိုးရည်ရွယ်ချက်အတွက် ထုတ်ပြန်ထားပေရာ ထိုရည်ရွယ်ချက်ကြောင့် 'မွတ်စ္စလင်မ်တို့သည် မိမိတို့၏ အုလိုက်သည်းလိုက် ချစ်ခင်ခြင်း၏ လိုလားချက်ကြောင့်သော်လည်းကောင်း၊ မုနာဖစ်က်တို့သည် မွတ်စ္စလင်မ်တို့နှင့် ဆန့်ကျင်ဘက်အလုပ်ကို ပြုမူကြမည်ဆိုလျှင် မိမိတို့အား သိရှိသွားမည်ဖြစ်ကာ 'နေဖာက်' (အသွင်ဆောင်မှု) ပေါ်ထွက်သွားမည် ဟူသော အချက်ကြောင့်သော်လည်းကောင်း ဤသို့ ကြာမြင့်လှစွာသော ထိုင်ဝိုင်းမျိုးကို ပြုကြခြင်းမှ ရှောင်ရှားသွားကြပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေ၏။)

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

أَلَمْ تَرَ إِلَى الَّذِينَ تَوَلَّوْا قَوْمًا غَضِبَ اللَّهُ عَلَيْهِم مَّا هُم مِّنكُمْ وَلَا
مِنْهُمْ وَيَحْلِفُونَ عَلَى الْكَذِبِ وَهُمْ يَعْلَمُونَ ﴿١٤﴾

၅၈ : ၁၄ ॥ ॥ (အို၊ နဗီတမန်တော်) အသင်သည် အကြင် [ယဟူဒီနှင့် ကာဖိရ်] အမျိုးသားတို့အား အဆွေခင်ပွန်း ပြုလုပ်ခဲ့ကြသောသူ (မုနာဖစ်က်) တို့ (၏ အခြေအနေ) ကို သုံးသပ်ဆင်ခြင် တွေ့မြင်ခဲ့လေပြီ။ ထိုအမျိုးသားတို့အပေါ်ဝယ် အလ္လာဟ်အသျှင်မြတ်သည် အမျက်ထွက်တော်မူခဲ့၏။ ထိုအမျိုးသားတို့သည် အသင်တို့အနက်မှလည်း မဟုတ်ကြပေ။ ၎င်းတို့ အနက်မှလည်း မဟုတ်ကြချေ။ ထိုအမျိုးသားတို့သည် သိလျက်နှင့်ပင် မုသားနှင့် စပ်လျဉ်း၍ ကျိန်တွယ်ကြကုန်၏။

أَعَدَّ اللَّهُ لَهُمْ عَذَابًا شَدِيدًا ۖ إِنَّهُمْ سَاءَ مَا كَانُوا يَعْمَلُونَ ﴿١٥﴾

၅၈ : ၁၅ ॥ ॥ အလ္လာဟ်အသျှင်မြတ်သည် ပြင်းထန်စွာသော ပြစ်ဒဏ်ကို အမျိုးသားတို့အဖို့ အဆင်သင့်ပြုလုပ် ထားရှိတော်မူ၏။ စေန်မလွဲ ၎င်းတို့ ကျင့်မူလျက်ရှိကြသည်တို့မှာ လွန်စွာ ဆိုးယုတ်လှပေသည်။

اتَّخَذُوا أَيْمَانَهُمْ جُنَّةً فَصَدُّوا عَن سَبِيلِ اللَّهِ فَلَهُمْ عَذَابٌ مُّهِينٌ ﴿١٦﴾

၅၈ : ၁၆ ॥ ॥ ၎င်းတို့သည် မိမိတို့၏ ကျိန်ဆိုချက်များကို အကာအကွယ် ပြုလုပ်ခဲ့ကြပြီးလျှင် (သူတစ်ပါးတို့အား) လည်း အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှ ပိတ်ပင်တားဆီးခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ၎င်းတို့၌ ဂုဏ်သရေ ပျက်ပြားစေသော ပြစ်ဒဏ်သည် ရှိချေမည်။

لَّن تُغْنِيَ عَنْهُمْ أَمْوَالُهُمْ وَلَا أَوْلَادُهُم مِّنَ اللَّهِ شَيْئًا ۚ
أُولَٰئِكَ أَصْحَابُ النَّارِ ۖ هُمْ فِيهَا خَالِدُونَ ﴿١٧﴾

၅၈ : ၁၇ ॥ ॥ အလ္လာဟ်အသျှင်မြတ်နှင့် ဆန့်ကျင်၍ ထိုသူတို့၏ ပစ္စည်းဉစ္စာတို့သည်လည်းကောင်း၊ ထိုသူတို့၏ သားသမီးတို့သည်လည်းကောင်း ထိုသူတို့အား လုံးဝ အကျိုးပေးမည် မဟုတ်ပေ။ ထိုသူတို့သည် ငရဲသားများပင် ဖြစ်ကြကုန်၏။ ၎င်းတို့မှာ ယင်းငရဲဘုံ၌ ထာဝစဉ် နေထိုင်ကြရမည့်သူများပင် ဖြစ်ကြကုန်၏။

يَوْمَ يَبْعَثُهُمُ اللّٰهُ جَمِيعًا فَيَحْلِفُونَ لَهُ
كَمَا يَحْلِفُونَ لَكُمْ وَيَحْسَبُونَ أَنَّهُمْ عَلَىٰ شَيْءٍ ۚ أَلَا إِنَّهُمْ هُمُ الْكَاذِبُونَ ﴿١٨﴾

၅၈ : ၁၈ ॥ ॥ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အားလုံးတို့ကို ရှင်ပြန်ထစေတော်မူမည့် နေ့တွင် ၎င်းတို့သည် ထိုအသျှင်မြတ်၏ ရှေ့မှောက်၌လည်း အသင်တို့ရှေ့ဝယ် ကျိန်ဆိုဘိသကဲ့သို့ ကျိန်ဆိုကြပေမည်။ ထို့ပြင် ၎င်းတို့သည် ဧကန်အမှန် မိမိတို့မှာ (ကောင်းသော) အခြေအနေ၌ ရှိနေကြသည်ဟု ထင်မှတ်ကြပေမည်။ ကောင်းစွာ မှတ်ယူကြလေကုန်။ ဧကန်မလွဲ ၎င်းတို့သည် မုသာဝါဒီများပင် ဖြစ်ကြကုန်၏။

اسْتَحْوَذَ عَلَيْهِمُ الشَّيْطٰنُ فَأَنسٰهُمْ ذِكْرَ اللّٰهِ ۚ
أُولٰٓئِكَ حِزْبُ الشَّيْطٰنِ ۚ أَلَآ إِنَّ حِزْبَ الشَّيْطٰنِ هُمُ الْخٰسِرُونَ ﴿١٩﴾

၅၈ : ၁၉ ॥ ॥ ရှိက်သွာန်သည် ၎င်းတို့အား နိုင်နင်းကြီးစိုးလျက် ရှိပေရာ ၎င်းတို့အား ယင်းရှိက်သွာန်သည် အလ္လာဟ်အသျှင်မြတ်အား သတိရခြင်းကို မေ့ပျောက်စေခဲ့၏။ ထိုသူတို့သည် ရှိက်သွာန်၏ အုပ်စုပင် ဖြစ်ကြကုန်၏။ ကောင်းစွာ မှတ်ယူကြလေကုန်။ ဧကန်မလွဲ ရှိက်သွာန်၏ အုပ်စုသည် ဆုံးရှုံးမည့်သူများပင် ဖြစ်ကြကုန်သည်။

إِنَّ الَّذِينَ يُحَآدُّونَ اللّٰهَ وَرَسُولَهُۥٓ أُولٰٓئِكَ فِى الْأَذَلِّينَ ﴿٢٠﴾

၅၈ : ၂၀ ॥ ॥ ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အားလည်းကောင်း၊ ဆန့်ကျင်လျက် ဗီဆန်မှု ပြုလုပ်ကြကုန်သော သူတို့သည် အယုတ်ညံ့ဆုံးသော သူတို့တွင် အပါအဝင် ဖြစ်ကြပေမည်။

كَتَبَ اللّٰهُ لَأَغْلِبَنَّ أَنَا۠ وَرُسُلِىٓ ۚ إِنَّ اللّٰهَ قَوِىٌّ عَزِيزٌ ﴿٢١﴾

၅၈ : ၂၁ ॥ ॥ ငါအသျှင်မြတ်အားလည်းကောင်း၊ ငါအသျှင်မြတ်၏ ရစူလ်တမန်တော်များသည်လည်းကောင်း ဧကန်မလွဲ လွှမ်းမိုးတော်မူကြမည်ဟူ၍ အလ္လာဟ်အသျှင်မြတ်သည် ရေးသားတော်မူပြီး ဖြစ်၏။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် လွန်စွာ စွမ်းအားနှင့် ပြည့်စုံတော်မူသော အသျှင်၊ လွန်စွာ နိုင်နင်းလွှမ်းမိုးတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

لَا تَجِدُ قَوْمًا يُؤْمِنُونَ بِاللّٰهِ وَالْيَوْمِ الْءَاخِرِ يُوَآدُّونَ مَنْ حَآدَّ اللّٰهَ وَرَسُولَهُۥ
وَلَوْ كَانُوٓا ءَابَآءَهُمْ أَوْ أَبْنَآءَهُمْ أَوْ إِخْوٰنَهُمْ أَوْ عَشِيرَتَهُمْ ۚ أُولٰٓئِكَ
كَتَبَ فِى قُلُوبِهِمُ الْإِيمٰنَ وَأَيَّدَهُم بِرُوحٍ مِّنْهُ ۖ وَيُدْخِلُهُمْ جَنّٰتٍ
تَجْرِى مِن تَحْتِهَا الْأَنْهٰرُ خٰلِدِينَ فِيهَا ۚ رَضِىَ اللّٰهُ عَنْهُمْ وَرَضُوا۟
عَنْهُ ۚ أُولٰٓئِكَ حِزْبُ اللّٰهِ ۚ أَلَآ إِنَّ حِزْبَ اللّٰهِ هُمُ الْمُفْلِحُونَ ﴿٢٢﴾

၅၈ : ၂၂ ॥ ॥ (အို၊ နဗီတမန်တော်) အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း သက်ဝင်ယုံကြည်ကြကုန်သော အမျိုးသားတို့သည် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်

အားလည်းကောင်း (ပမာမခန့်) ဗီလာဆန့်ကျင်မှု ပြုလုပ်သူတို့ကို၊ ထို (ပမာမခန့်) ဗီလာဆန့်ကျင်မှု ပြုသူတို့မှာ ၎င်းတို့၏ ဖခင်များပင် ဖြစ်ကြသည်ဖြစ်စေ၊ ၎င်းတို့၏ သားများပင် ဖြစ်ကြသည်ဖြစ်စေ၊ ၎င်းတို့၏ ညီအစ်ကိုများပင် ဖြစ်ကြသည် ဖြစ်စေ၊ ၎င်းတို့၏ ဆွေမျိုးသားချင်းများပင် ဖြစ်ကြသည်ဖြစ်စေ၊ ချစ်မြတ်နိုးကြသည်ဟူ၍ အသင် တွေ့ရှိရမည်မဟုတ်ပေ။ ထိုသူတို့သည် အကြင်သူများပင် (ဖြစ်၏။) ထိုအသျှင်မြတ်သည် ၎င်းတို့၏ စိတ်နှလုံးများတွင် အီမာန်သက်ဝင်ယုံကြည်မှုကို ရေးမှတ်တော်မူခဲ့၏။ ထို့ပြင် ၎င်းတို့အား မိမိထံတော်မှ ရက်ရောမှုဖြင့် အားအင်ဖြည့်ပေးတော်မူခဲ့၏။ ထို့ပြင် ၎င်းတို့အား ထိုအသျှင်မြတ်သည် အကြင်ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူပေမည်။ ယင်းဥယျာဉ်များ၏ အောက်မှ စမ်းချောင်းများ သည် စီးတွေလျက် ရှိကြပေမည်။ ၎င်းတို့သည် ထိုဥယျာဉ်များ၌ အစဉ် နေထိုင်ကြပေမည်။ ထိုအသျှင်မြတ်သည် ၎င်းတို့ အပေါ်ဝယ် ကျေနပ်တော်မူပေမည်။ ၎င်းတို့သည်လည်း ထိုအသျှင်မြတ်အပေါ်ဝယ် ကျေနပ်ကြပေမည်။ ထိုသူတို့သည် အလ္လာဟ် အသျှင်မြတ်၏ အုပ်စုပင် ဖြစ်ကြကုန်၏။ ကောင်းစွာ မှတ်ယူကြလေကုန်။ ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်၏ အုပ်စုသည် သာလျှင် အောင်မြင်မည့်သူများ ဖြစ်ကြကုန်၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ နဗီတမန်တော်) အသင်သည် အကြင် (ယဟူဒီနှင့် ကာဖိရ်) အမျိုးသားတို့အား အဆွေခင်ပွန်း ပြုလုပ်ခဲ့ကြသောသူ (မုနာဖစ်က်) တို့ (၏ အခြေအနေ) ကို သုံးသပ်ဆင်ခြင် တွေ့မြင်ခဲ့လေပြီ။ ထိုအမျိုး သားတို့အပေါ်ဝယ် အလ္လာဟ်အသျှင်မြတ်သည် အမျက်ထွက်တော်မူခဲ့၏။ (ပထမလူတန်းစားများ၏ အလို သဘောမှာ မုနာဖစ်က်များဖြစ်၍ ဒုတိယလူတန်းစားများ၏ အလိုသဘောမှာ ယဟူဒီများနှင့် ပေါ်လွင် ထင်ရှားစွာ ဗီဆန့်မှုပြုကြသော ကာဖိရ်များ ဖြစ်ပေသည်။ မုနဖာစ်က်တို့သည် ယဟူဒီများဖြစ်သည့်အတွက် ကြောင့် ၎င်းတို့၏ အဆွေခင်ပွန်းဖွဲ့ခြင်းသည် ယဟူဒီများဖြင့်သော်လည်းကောင်း၊ ဤကဲ့သို့ပင် အခြားသော ကာဖိရ်များဖြင့်သော်လည်းကောင်း အဆွေခင်ပွန်း ဖွဲ့ကြခြင်းသည် ထင်ရှားကျော်ကြားကာ သိမြင်နိုင်သော အချက်ပင် ဖြစ်ပေသည်။) ထိုအမျိုးသား (မုနာဖစ်က်) တို့သည် အသင်တို့အနက်မှလည်း (ပြည့်ဝစွာ) မဟုတ်ကြပေ။ ၎င်းတို့အနက်မှလည်း (ပြည့်ဝသောသူများ) မဟုတ်ကြချေ။ (သို့သာမက အပေါ်ယံတွင် အသင်တို့နှင့်အတူ ပူးပေါင်းကာ တည်ရှိကြ၍ အတွင်းပိုင်း ယုံကြည်ချက်သည် ကာဖိရ်များနှင့် အတူတကွ ရှိကြပေသည်။) ထိုအမျိုးသားတို့ (ကိုယ်တိုင်) သည် (လည်း မိမိ လူလိမ်ဖြစ်ကြောင်း) သိလျက်နှင့်ပင် မုသားနှင့် စပ်လျဉ်း၍ ကျိန်တွယ်ကြကုန်၏။ (ထိုမုသားကျိန်တွယ် ပြောဆိုသော အချက်မှာ 'ကျွန်ုပ်တို့သည် မွတ်စ္စလင်မ်များအတွင်း၌ ပါဝင်ကြပါ၏' ဟူသော အချက်သည်သာလျှင် ဖြစ်ပေသည်။ ပမာဆိုရသော် အလ္လာဟ်အသျှင်မြတ်သည်

وَيَحْلِفُونَ بِاللهِ إِنَّهُمْ لَمِنكُمْ وَمَاهُمْ مِّنكُمْ

(စင်စစ် ၎င်းတို့သည် 'မိမိတို့မှာ အသင်တို့အနက်မှပင် ဖြစ်ကြပါသည်' ဟူ၍ အသျှင်မြတ်အား တိုင်တည်ကာ ကျိန်ဆိုကြလေသည်။ သို့ရာတွင် ၎င်းတို့သည် အသင်တို့အနက်မှ မဟုတ်ကြချေ။) *[၉ း ၅၆]*

(ရှေ့၌ ၎င်းတို့အဖို့ ခြိမ်းခြောက်ချက် လာရှိထားပေသည်။) အလ္လာဟ်အသျှင်မြတ်သည် ပြင်းထန်စွာသော ပြစ်ဒဏ်ကို ထိုအမျိုးသားတို့အဖို့ အဆင်သင့် ပြုလုပ်၍ ထားရှိတော်မူ၏။ (အဘယ်ကြောင့်ဆိုသော်) စေကန်မလွဲ ၎င်းတို့ ကျင့်မူလျက် ရှိကြသည်တို့မှာ လွန်စွာ ဆိုးယုတ်လှပေသည်။ (သို့ရှိရာ 'ကုဖွ်ရ်' သွေဖည်ငြင်းဆိုခြင်းနှင့် 'နေဖာက်'အသွင်ဆောင်ခြင်းတို့ထက် ဆိုးရွားသော လုပ်ရပ်သည် မည်သည့်လုပ်ရပ် ရှိပေသနည်း။ ထိုမကောင်းသော အမှုကိစ္စရပ်များအတွင်းမှ အမှုကိစ္စတစ်ရပ်မှာ) ၎င်းတို့သည် မိမိတို့၏ (မုသား) ကျိန်ဆိုချက်များကို (သို့မှသာ မွတ်စ္လင်မ်တို့သည် မိမိတို့အား မွတ်စ္လင်မ်များဟူ၍ မှတ်ယူကာ ကျွန်ုပ်တို့၏ အသက်အိုးအိမ် စည်းစိမ်တို့အား ဝင်ရောက်စွက်ဖက်မှု မပြုရန် ဖြစ်သည်။ မိမိတို့အဖို့ ရှောင်ရှားရန်အတွက်) အကာအကွယ် ပြုလုပ်ခဲ့ကြပြီးလျှင် (သူတစ်ပါးတို့အားလည်း) အလ္လာဟ်အသျှင်မြတ်၏ လမ်းတော် (ဒီးန်သာသနာ) မှ ပိတ်ပင်တားဆီးခဲ့ကြကုန်၏။ (ဆိုလိုသည်မှာ ဖြားယောင်းသွေးဆောင်လျက် ရှိကြပေသည်။) သို့ဖြစ်ပေရာ (ထို့ကြောင့်) ဂုဏ်သရေ ပျက်ပြားစေသော ပြစ်ဒဏ်သည်လည်း ရှိနေဦးမည် ဖြစ်သည်။ (ပြစ်ဒဏ်သည် ပြင်းထန်လေလေ သေးသိမ်မှု ဖြစ်လေလေ ဖြစ်ပေမည်။)

(ထိုပြစ်ဒဏ် ခံစားရသောအခါဝယ်) အလ္လာဟ်အသျှင်မြတ်နှင့် ဆန့်ကျင်၍ ထိုသူတို့၏ ပစ္စည်းဥစ္စာတို့သည်လည်းကောင်း၊ ထိုသူတို့၏ သားသမီးတို့သည်လည်းကောင်း (ပြစ်ဒဏ်မှ ကယ်တင်ရှောင်ရှားနိုင်ခွင့်ကို) လုံးဝ အကျိုးပေးမည် မဟုတ်ပေ။ ထိုသူတို့သည် ငရဲသားများပင် ဖြစ်ကြကုန်၏။ (ထိုမိန့်မြွက်ချက်အတွင်း၌ 'ထိုပြစ်ဒဏ်သည် ပြင်းထန်၍ သေးသိမ်သည်ဖြစ်ရာ ထိုအရာသည် ငရဲဘုံဖြစ်ကြောင်း' ကို သတ်မှတ် အတည်ပြုပေးလိုက်ပေသည်။ ထို့ပြင်) ၎င်းတို့မှာ ယင်းငရဲဘုံ၌ ထာဝစဉ် နေထိုင်ကြရမည့် သူများပင် ဖြစ်ကြကုန်၏။

(ရှေ့၌ ပြစ်ဒဏ်ခံရမည့်အချိန်ကို ပြဆိုထားပေသည်။ ယင်းပြစ်ဒဏ်သည် ထိုနေ့၌ ဖြစ်ပေါ်ဆိုက်ရောက်လာပေလိမ့်မည်။) အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ (နှင့် အခြားသော အဖန်ဆင်းခံများ) ကို ရှင်ပြန်ထစေတော်မူမည့် နေ့တွင် ၎င်းတို့သည် ထိုအသျှင်မြတ်၏ ရှေ့မှောက်၌လည်း အသင်တို့ရှေ့ဝယ် လိမ်လည်ကျိန်ဆိုဘိသကဲ့သို့ ကျိန်ဆိုကြပေမည်။ (ပမာဆိုရသော် မုရှ်ရစ်က်တို့၏ မုသား 'ကစမ်' ကျိန်ဆိုကြမည့်အကြောင်းကို

وَاللهِ رَبِّنَا مَاكُنَّا مُشْرِكِيْنَ

(ထို့နောက် ၎င်းတို့က 'ကျွန်တော်မျိုးတို့သည် မိမိတို့၏ အသျှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်ကို တိုင်တည်၍ ကျွန်တော်မျိုးတို့သည် တွဲဖက်၍ ကိုးကွယ်ခဲ့ကြသော သူများ မဖြစ်ခဲ့ကြပါ' ဟူ၍ ပြောဆိုကြသည်။)

[၆ : ၂၃]

ဟူသော အာယသ်တော်မြတ်၌ တင်ပြထားပေသည်။) ထို့ပြင် ၎င်းတို့သည် စေကန်အမှန် မိမိတို့မှာ (ကောင်းသော) အခြေအနေ၌ ရှိနေကြသည်ဟု (ထိုမုသားကျိန်ဆိုခြင်း၏ အကြောင်းခံကြောင့် လွတ်

မြောက်ခွင့် ရရှိမည်ဟု) ထင်မှတ်ကြပေမည်။ ကောင်းစွာ မှတ်ယူကြလေကုန်။ စင်စစ်မလွဲ ၎င်းတို့သည် မုသာဝါဒီများပင် ဖြစ်ကြကုန်၏။ (အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်မှာပင် မုသား ပြောဆိုခြင်းမှ ရှောင်ရှားကြမည်မဟုတ်ပေ။)

(အထက်၌ တင်ပြထားသော အပြုအမူများကို ၎င်းတို့ ပြုလုပ်ကြရခြင်း၏ အကြောင်းရင်းမှာ) ရှိုက်သွာန်သည် ၎င်းတို့အား နိုင်နင်းကြီးစိုးလျက် ရှိပေရာ (ရှိုက်သွာန်ပြောဆိုမှုအတိုင်း ၎င်းတို့သည် ပြုမူဆောင်ရွက်လျက် ရှိနေကြပေတော့သည်။) ၎င်းတို့အား ယင်းရှိုက်သွာန်သည် အလ္လာဟ်အသျှင်မြတ်အား သတိရခြင်းကို မေ့ပျောက်စေခဲ့၏။ (ထိုအသျှင်မြတ်၏ ပညတ်ချက်များကို စွန့်လွှတ်ခဲ့ကြပေ၏။ အမှန်တကယ်ပင်) ထိုသူတို့သည် ရှိုက်သွာန်၏ အုပ်စုပင် ဖြစ်ကြကုန်၏။ ကောင်းစွာ မှတ်ယူကြလေကုန်။ စင်စစ်မလွဲ ရှိုက်သွာန်၏ အုပ်စုသည် ဆုံးရှုံးမည့်သူများပင် ဖြစ်ကြကုန်သည်။ (နောင်တမလွန် 'အာခိရတ်'၌ ဆုံးရှုံးမှုသည် သက်သက် ဆုံးရှုံးမှုမျိုး မုချ ဆိုက်ရောက်မည်ဖြစ်၍ ကမ္ဘာလောက၌လည်း ဆုံးရှုံးမှုမျိုးသာ ဖြစ်ချေမည်။)

(အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်အား ဆန့်ကျင်ဘက် ပြုလုပ်သော သူတို့သည် အဘယ်ကြောင့် ဤကဲ့သို့သော အခြေအနေမျိုးနှင့် ရင်ဆိုင်ခြင်း မရှိရပေမည်နည်း။ ပုံသေနည်းအချုပ်မှာ) စင်စစ်မလွဲ အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အားလည်းကောင်း၊ ဆန့်ကျင်လျက် ဖီဆန်မှု ပြုလုပ်ကြကုန်သော သူတို့သည် (အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌) အယုတ်ညံ့ဆုံးသော သူတို့တွင် အပါအဝင် ဖြစ်ကြပေမည်။ (အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ အယုတ်ညံ့ဆုံးသောသူများ ဖြစ်သွားပါမူ ဖော်ပြပါ အကျိုးဆက်တရား ဆိုက်ရောက်လာခြင်းအပေါ် စဉ်းစားတွေးခေါ်ရန် ဝေးကွာလှသော အချက် ဖြစ်ရှိမည်၏လော။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အဖို့ ဂုဏ်သရေသေးသိမ်ခြင်းကို စီမံထားတော်မူသကဲ့သို့ နာခံသောသူတို့အဖို့လည်း သိက္ခာတော်ကို ဖန်တီးထားတော်မူပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့သည် အခြားသော ရစူလ်တမန်တော်များအားလည်း နောက်လိုက်သမှုပြုကြသော သူများ ဖြစ်ကြပေသည်။)

(ထို့ပြင်) ငါအသျှင်မြတ်သည်လည်းကောင်း၊ ငါအသျှင်မြတ်၏ ရစူလ်တမန်တော်များသည်လည်းကောင်း စင်စစ်မလွဲ လွှမ်းမိုးတော်မူကြမည်ဟူ၍ အလ္လာဟ်အသျှင်မြတ်သည် (မိမိ၏ ပျက်ပြယ်ခြင်းမရှိသော အမိန့်တော်များအတွင်း၌) ရေးသားတော်မူပြီး ဖြစ်၏။ စင်စစ်စစ် အလ္လာဟ်အသျှင်မြတ်သည် လွန်စွာစွမ်းအားနှင့် ပြည့်စုံတော်မူသော အသျှင်၊ လွန်စွာ နိုင်နင်းလွှမ်းမိုးတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ (ဂုဏ်သိက္ခာသည် အခြေခံဇစ်မြစ်အချက် ဖြစ်ပေသည်။ ဤနေရာ၌ အဓိကတင်ပြလိုသော အချက်သည် နဗီတမန်တော်များ လွှမ်းမိုးအောင်နိုင်မှု ရရှိမည့်အကြောင်း ဖြစ်ပေသည်။ မိမိ၏ အကြောင်းတော်ကို တင်ပြထားခြင်းသည် နဗီတမန်တော်များ ကြွမြန်းလာတော်မူရန်အတွက် မိန့်ဆိုထားခြင်း ဖြစ်ပေသည်။ သို့ရှိရာ

နဗီတမန်တော်များသည် ဂုဏ်သိက္ခာရှင်များ ဖြစ်ကြပေရာ ၎င်းတို့အား နောက်လိုက်သမှုပြုသော သူတို့သည်လည်း ဂုဏ်သိက္ခာရှိသောသူများ ဖြစ်ကြပေသည်။ လွှမ်းမိုးအောင်နိုင်ခြင်း၏ အဓိပ္ပာယ်ကို စူရာဟ်မာအေဒါ၏

اِنَّ حِزْبَ اللّٰهِ هُمُ الْغَالِبُوْنَ

နှင့် စူရာဟ်မုအ်မင်န်၏ لَنَنْصُرُ رُسُلَنَا ဟူသော အာယသ်တော်၌ တင်ပြခဲ့ပြီး ဖြစ်ပေသည်။ ထို့ကြောင့် ထိုအသျှင်မြတ်သည် မိမိလိုလားတော်မူသော သူအား လွှမ်းမိုးအောင်နိုင်မှုကို ချီးမြှင့် ပေးသနားတော်မူပေသည်။)

(ရှေ့၌ ကာဖိရ်များနှင့် မိတ်ဆွေဖွဲ့ရာ၌ မုနာဖစ်က်တို့၏ အခြေအနေနှင့် ဆန့်ကျင်စွာ အီမာန်ရှင်များ၏ အခြေအနေကို တင်ပြထားပေသည်။)

(အို၊ နဗီတမန်တော်၊ ငါ) အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း (ပြည့်ပြည့်ဝဝ) သက်ဝင်ယုံကြည်ကြကုန်သော အမျိုးသားတို့သည် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အားလည်းကောင်း (ဗီလာဆန့်ကျင်မှု ပြုသူတို့မှာ ၎င်းတို့၏ ဖခင်များပင် ဖြစ်ကြသည်ဖြစ်စေ၊ ၎င်းတို့၏ သားသမီးများပင် ဖြစ်ကြသည်ဖြစ်စေ၊ ၎င်းတို့၏ ညီအစ်ကိုများပင် ဖြစ်ကြသည် ဖြစ်စေ၊ ၎င်းတို့၏ ဆွေမျိုးသားချင်းများပင် ဖြစ်ကြသည်ဖြစ်စေ၊ ချစ်မြတ်နိုးကြသည်ဟူ၍ အသင် တွေ့ရှိရမည်မဟုတ်ပေ။ ထိုသူတို့သည် အကြင်သူများပင် (ဖြစ်၏။) ထိုအသျှင်မြတ်သည် ၎င်းတို့၏ စိတ်နှလုံးများတွင် အီမာန်သက်ဝင် ယုံကြည်မှုကို ရေးမှတ်တော်မူခဲ့၏။ ထို့ပြင် ၎င်းတို့အား (၎င်းတို့၏ နှလုံးသားများအတွင်းဝယ်) မိမိထံတော်မှ ရက်ရောမှုဖြင့် အားအင်ဖြည့်ပေးတော်မူခဲ့၏။ (ရက်ရောမှု၏ အလိုသဘောမှာ 'နူးရ်'ရောင်ခြည် ဖြစ်ပေသည်။ ဆိုလိုသည်မှာ 'ဟေဒါယသ်' ၏ တောင့်တချက်အရ အပေါ်ယံဖြင့် ကျင့်ကြံဆောက်တည်မှုကို ပြုကြ၍ အတွင်းပိုင်းအားဖြင့် နှလုံးသားတည်ငြိမ်အေးချမ်းမှုကို ရရှိပေသည်။ ထိုအချက်ကို

فَهُوَ عَلٰى نُوْرٍ مِّنْ رَّبِّهٖ

(တစ်ဖန် ထိုသူသည် မိမိအသျှင်မြတ်၏ အလင်းပေါ်၌ လျှောက်သွားလျက် ရှိ၏။) *[၃၉ : ၂၂]*

ဟူသော အလ္လာဟ်အသျှင်မြတ်၏ မိန့်မြွက်ချက်၌ တင်ပြထားပြီး ဖြစ်ပေသည်။

သို့ရှိရာ ဤ 'နူးရ်'ရောင်ခြည်သည် နာမ်ပိုင်းဆိုင်ရာ သက်တမ်းရှည်လျားခြင်း၏ အကြောင်းခံဖြစ်သည့်အတွက် 'ရူးဟ်' ဝိညာဉ်ဟူ၍ သုံးနှုန်းဖော်ပြထားခြင်း ဖြစ်ပေသည်။ ဤစည်းစိမ်ကိုမူ ၎င်းတို့သည် ကမ္ဘာလောက၌မှာပင် ရရှိမည်ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည်

أُولٰئِكَ عَلٰى هُدًى مِّنْ رَّبِّهِمْ

(ထိုသူများသည်) မိမိတို့ အသျှင်သခင်၏ ဖြောင့်မတ်မှန်ကန်သော တရားလမ်းပေါ်၌ တည်ရှိကြကုန်၏။) [၂:၅]

ဟူ၍ မိန့်တော်မူထားသည့်အတွက်ကြောင့် ဖြစ်ပေသည်။)

ထို့ပြင် (နောင်တမလွန် 'အာခေရသ်'၌ ၄င်းတို့သည် ဤ 'နေ့အ်မသ်' စည်းစိမ်တော်ကို ရရှိပေလိမ့်မည်။) ၄င်းတို့အား ထိုအသျှင်မြတ်သည် အကြင်ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူပေမည်။ ယင်းဥယျာဉ်များ၏ အောက်မှ စမ်းချောင်းများသည် စီးတွေလျက် ရှိကြပေမည်။ ၄င်းတို့သည် ထိုဥယျာဉ်များ၌ အစဉ် နေထိုင်ကြပေမည်။ ထိုအသျှင်မြတ်သည် ၄င်းတို့အပေါ်ဝယ် ကျေနပ်တော်မူပေမည်။ ၄င်းတို့သည် လည်း ထိုအသျှင်မြတ်အပေါ်ဝယ် ကျေနပ်ကြပေမည်။ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ အုပ်စုပင် ဖြစ်ကြကုန်၏။ ကောင်းစွာ မှတ်ယူကြလေကုန်။ ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်၏ အုပ်စုသည်သာလျှင် အောင်မြင်မည့်သူများ ဖြစ်ကြကုန်၏။ (အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည်

أُولٰئِكَ عَلٰى هُدًى مِّنْ رَّبِّهِمْ

(ထိုသူများသည် မိမိအသျှင်သခင်၏ ဖြောင့်မတ်မှန်ကန်သော တရားလမ်းပေါ်၌ တည်ရှိကြကုန်၏) [၂:၅]

၏ နောက်၌ أُولٰئِكَ هُمُ الْمُفْلِحُوْنَ

(ထိုသူများသည်သာလျှင် လိုအင်ဆန္ဒ ပြည့်ဝအောင်မြင်သူများ ဖြစ်ကြကုန်၏။) [၂:၅]
ဟူ၍ မိန့်ဆိုထားပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

اَلَمْ تَرَ اِلَى الَّذِيْنَ تَوَلَّوْا قَوْمًا غَضِبَ اللّٰهُ عَلَيْهِمْ

(အို၊ နဗီတမန်တော်၊ အသင်သည် အကြင်ယဟူဒီနှင့် ကာဖိရ်အမျိုးသားတို့အား အဆွေခင်ပွန်း ပြုလုပ်ခဲ့ကြသောသူ မုနာဖစ်က်တို့၏ အခြေအနေကို သုံးသပ်ဆင်ခြင် တွေ့မြင်ခဲ့လေပြီ မဟုတ်လော။) [၅၈:၁၄]

ထိုအာယသ်တော်များ၌ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရန်သူ ကာဖိရ်များဖြင့် အဆွေခင်ပွန်း ဖွဲ့ကြသောသူတို့၏ ဆိုးရွားသော အခြေအနေနှင့် နိဂုံးချုပ်တွင် ပြင်းထန်သော ပြစ်ဒဏ်ခံရမည့်အကြောင်းကို တင်ပြထားပေသည်။ မည်သည့်မွတ်စ္စလင်မ် တစ်ဦးတစ်ယောက်အဖို့ မုရ္ဟရစ်က်ဖြစ်စေ၊ (သို့မဟုတ်)

ယဟူဒီ၊ နစ္စရာနီဖြစ်စေ၊ (သို့မဟုတ်) အခြားအမျိုးအစား ကာဖိရ်များထဲမှ မည်သည့်ကာဖိရ်များနှင့်မဆို အဆွေခင်ပွန်းဖွဲ့ခြင်း မပိုင်ပေ။ ထိုအချက်သည် ဦးနှောက်အသိဉာဏ်ပိုင်းဆိုင်ရာအရလည်း မဖြစ်နိုင်ပေ။ အာယဲကြောင့်ဆိုသော် မုအ်မင်န်၏ အဓိကအရင်း အမြစ်အချက်သည် အလ္လာဟ်အသျှင်မြတ်အား ချစ်ခင်ခြင်း ဖြစ်ပေသည်။ ကာဖိရ်များသည် အလ္လာဟ်အသျှင်မြတ်အား ဆန့်ကျင်ဘက် ပြုလုပ်သော သူများနှင့် ရန်သူများ ဖြစ်ပေသည်။ တစ်ဦးတစ်ယောက်၏ စိတ်နှလုံးသားအတွင်း၌ အခြားတစ်ဦးတစ်ယောက်အား မှန်ကန်သော ချစ်ခင်မှုနှင့် အဆွေခင်ပွန်းဖွဲ့ခြင်း ရှိနေပါက၊ 'ထိုချစ်ခင်သော သူသည် မိမိချစ်သော အလ္လာဟ်အသျှင်မြတ်၏ ရန်သူဖြစ်သူအား ချစ်ခင်မှုနှင့် အဆွေခင်ပွန်းဖွဲ့ခြင်း' သည် ဖြစ်နိုင်ဖွယ်ရာ အချက်မဟုတ်ပေ။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်၏ များစွာသော အာယသ်တော်များအတွင်း၌ ကာဖိရ်များအား မိတ်ဆွေဖွဲ့ခြင်း၏ ပြင်းထန်စွာ တားမြစ်ထားခြင်း၏ ပညတ်ချက်များ လာရှိထားပေသည်။ အကြင်မွတ်စ္စလင်မ်သည် ကာဖိရ် တစ်ဦးဦးအား အူလိုက်၊ အသည်းလိုက် ချစ်ခင်မှုကို ထားရှိမည်ဆိုပါက ၎င်းကို ကာဖိရ်များ၏ အဖွဲ့ အစည်းများမှပင် ဖြစ်ကြောင်း မှတ်ယူထားရမည့် ခြိမ်းခြောက်ချက် လာရှိထားပေသည်။ သို့ရာတွင် ဤ အမိန့်တော်အားလုံးသည် နှလုံးသားဖြင့် ချစ်ခင်ရင်းနှီးသော အချက်နှင့် သက်ဆိုင်ပေသည်။

ကာဖိရ်များနှင့် ကောင်းမွန်စွာ ဆက်ဆံခြင်း ကိုယ်ချင်းစာတရား ထားခြင်း၊ ကောင်းရာကောင်းကျိုး ကို လိုလားခြင်း၊ ၎င်းတို့အား ကျေးဇူးပြုခြင်း၊ မွန်ရည်စွာဖြင့် ဆက်ဆံခြင်းနှင့် စီးပွားရေးရာ၊ ကူးသန်း ရောင်းဝယ်ခြင်းဆိုင်ရာ အမှုကိစ္စများကို ၎င်းတို့နှင့် ပြုလုပ်ခြင်းသည် အဆွေခင်ပွန်းဖွဲ့ခြင်း၏ အလိုသဘော ၌ မပါဝင်ပေ။ ဤအမှုကိစ္စအားလုံးသည် ကာဖိရ်များနှင့် ပြုပိုင်ခွင့်ရှိ၏။ တမန်တော်မြတ် ﷺ နှင့် ဆွဟာဗာ ကြီးများ၏ ထင်ရှားစွာသော အပြုအမူတို့သည် ထိုအချက်အပေါ် သာကေပြလျက် ရှိနေပေသည်။ သို့သာမက ထိုအချက်များအားလုံး၌ '၎င်းတို့နှင့်အတူ ပြုမူဆက်ဆံမှုများ ပြုရာတွင် မိမိ၏ 'ဒီးန်' (သာသနာ) အဖို့လည်း မထိခိုက်ရ။ မိမိ၏ အီမာန်နှင့် ပြုမူဆောင်ရွက်ချက်၌ ပျင်းရိမှု မပေါ်ပေါက်လာစေရ။ အခြားသော မွတ်စ္စလင်မ် တို့အဖို့လည်း ထိခိုက်မှုမရှိရ' ဟူသော အချက်ကို ထောက်ထားမှုပြုရန် အရေးကြီးပေသည်။

ဤခေါင်းသတ်နှင့် စပ်လျဉ်း၍ ချစ်ခင်မှုများ၊ အဆွေခင်ပွန်းဖွဲ့မှုများနှင့် ဆက်ဆံမှုများကြား ရှိသည့် ကွဲပြားချက်တို့၏ ပြည့်ဝစွာသော ရှင်းလင်းချက်ကို စူရာဟ် 'အားလေ့အင်မ်ရာန်' ၏ အာယသ်တော်ဖြစ်သော

لَا يَتَّخِذِ الْمُؤْمِنُوْنَ الْكَافِرِيْنَ اَوْلِيَاءَ

ဟူသော အာယသ်တော်၏ အောက်၌ မအာရိဖွလ်ကုရ်အာန်ကျမ်း၏ အတွဲ (၂)၊ စာမျက်နှာ (၄၅) မှ (၄၉) အထိ တင်ပြထားပေသည်။ ထိုနေရာ၌ လေ့လာကြည့်ရှုကုန်။

وَيَحْلِفُوْنَ عَلَى الْكَذِبِ

(ထိုအမျိုးသားတို့သည် မုသားနှင့် စပ်လျဉ်း၍ ကျိန်တွယ်ကြကုန်၏။) *[၅၈ : ၁၄]*

အချို့သော ဆင့်ပြန်ချက်များအတွင်း၌ ဤအာယသ်တော်သည် အစ်ဒွလ္လာဟ်ဗင်နံအိုဗိုက်ယ်နှင့် အစ်ဒွလ္လာဟ်ဗင်နံနဗ်သလ်တို့နှင့် စပ်လျဉ်း၍ ကျရောက်လာခြင်း ဖြစ်ပေသည်။ ဖြစ်အင်မှာ ဤသို့တည်း။ တစ်နေ့ တမန်တော်မြတ် ﷺ သည် ဆွဟာဗာကြီးများနှင့် ကြွမြန်းတော်မူလျက် ရှိစဉ် 'ယခု အသင်တို့ထံသို့ လူတစ်ယောက် ရောက်လာပေလိမ့်မည်။ အကြင်သူ၏ နှလုံးသားသည် ခက်ထန်မာကျော၍ ရှိက်သွာန်၏ မျက်လုံးဖြင့် ကြည့်ရှုပေသည်' ဟူ၍ မိန့်တော်မူလိုက်ပေသည်။ ထို့နောက် အစ်ဒွလ္လာဟ်ဗင်နံနဗ်သလ် မုနာဖစ်က် ဝင်ရောက်လာပေသည်။ အကြင်သူသည် အသားအရေ ဂျုံရောင်ရှိပြီး မျက်လုံးသည် ပြာကာ အရပ်ပု၍ မုတ်ဆိတ်ပါးပါးထားသောသူ ဖြစ်ပေသည်။ တမန်တော်မြတ် ﷺ သည် ၎င်းအား 'အသင်နှင့် အသင်၏ လူများသည် ကျွန်ုပ်အား အဘယ်ကြောင့် ဆဲရေးတိုင်းထွာမှုကို ပြုပေသနည်း' ဟူ၍ မိန့်တော်မူရာ ၎င်းသည် 'ကျွန်ုပ် ဤသို့ မပြုခဲ့ပေ' ဟူ၍ ကျိန်ဆိုကာ ပြောဆိုလိုက်ပေသည်။ တစ်ဖန် မိမိ၏ မိတ်ဆွေများကိုလည်း ခေါ်ယူလိုက်ပေသည်။ ၎င်းတို့သည်လည်း ထိုအတိုင်း မုသားကျိန်ဆိုမှုကို ပြုကြပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ဤအာယသ်တော်အတွင်း၌ ၎င်းတို့ မုသားပြောဆိုကြောင်းကို သတင်းပေးလိုက်ပေသည်။ *[ကုရ်သုဗီး]*

မွတ်စ္စလင်မ်သည် ကာဖိရ်တစ်ဦးတစ်ယောက်ဖြင့် အူလိုက်၊ အသည်းလိုက် အဆွေခင်ပွန်းဖွဲ့ခြင်း မဖြစ်နိုင်ခြင်း အကြောင်း

لَا تَجِدُ قَوْمًا يُّؤْمِنُوْنَ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ يُوَآدُّوْنَ مَنْ حَآدَّ اللّٰهَ وَرَسُوْلَهٗ وَلَوْ كَانُوْٓا اٰبَآءَ هُمْ

(အို၊ နဗီတမန်တော်) အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း သက်ဝင်ယုံကြည်ကြကုန်သော အမျိုးသားတို့သည် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အားလည်းကောင်း ဖီလာဆန့်ကျင်မှု ပြုလုပ်သူတို့ကို၊ ထိုဖီလာဆန့်ကျင်မှုပြုသူတို့မှာ ၎င်းတို့၏ ဖခင်များပင် ဖြစ်ကြသည်ဖြစ်စေ၊ ၎င်းတို့၏ သားများပင် ဖြစ်ကြသည်ဖြစ်စေ၊ ၎င်းတို့၏ ညီအစ်ကိုများပင် ဖြစ်ကြသည်ဖြစ်စေ၊ ၎င်းတို့၏ ဆွေမျိုးသားချင်းများပင် ဖြစ်ကြသည်ဖြစ်စေ၊ ချစ်မြတ်နိုးကြသည်ဟူ၍ အသင် တွေ့ရှိရမည်မဟုတ်ပေ။ *[၅၈ : ၂၂]*

တင်ပြခဲ့ပြီးသော အာယသ်တော်များအတွင်း၌ ကာဖိရ်များ၊ မုရှိရစ်က်များနှင့် အဆွေခင်ပွန်းဖွဲ့သော သူတို့အပေါ်၌ အလ္လာဟ်အသျှင်မြတ်၏ အမျက်တော်နှင့် ပြင်းထန်သော ပြစ်ဒဏ်ခံရမည့်အကြောင်းကို တင်ပြထားပေသည်။ ဤအာယသ်တော်၌ 'အိခ်လားစွ်' စိတ်စေတနာဖြူစင်သော မုအ်မင်န် တို့၏ အခြေအနေကို ၎င်းတို့နှင့် ဆန့်ကျင်ဘက် တင်ပြထားပေသည်။ ၎င်းတို့သည် အလ္လာဟ် အသျှင်မြတ်အား ဆန့်ကျင်မှုပြုသူ (ကာဖိရ်) တို့ဖြင့် 'အကယ်၍ ထိုကာဖိရ်တို့သည် ၎င်းတို့၏ ဖခင်၊ (သို့မဟုတ်) သား၊

(သို့မဟုတ်) ညီအစ်ကို၊ (သို့မဟုတ်) ဆွေမျိုးသားချင်းများ တော်စပ်နေလင့်ကစား' နှလုံးသားရေးရာအရ ပတ်သက်မှုကို မထားရှိကြပေ။

ဆွဟာဗာသာဝကကြီးများအားလုံး၏ အခြေအနေသည် ဤသို့သာလျှင် ဖြစ်သည်။ ဤနေရာ၌ အဖွင့်ရှင်များသည် များစွာသော ဆွဟာဗာသာဝကကြီးများ၏ ဤသို့သော ဖြစ်စဉ်များကို တင်ပြထားပေသည်။ အကြောင်းဖြစ်စဉ်များတွင် အဖေ၊ သား၊ ညီအစ်ကိုတို့ဖြင့် အစ္စလာမ်သာသနာ၊ (သို့မဟုတ်) တမန်တော်မြတ် ﷺ တို့နှင့် ဆန့်ကျင်စွာ အကြောင်းအချက် တစ်စုံတစ်ရာ ပေါ်ပေါက်လာပါမူ ဆက်နွယ်မှုများအားလုံးကို မေ့ပျောက်ပစ်ကာ ၎င်းတို့အား ပြစ်ဒဏ်ခတ်၍ အချို့ကိုမူ သတ်ပစ်မှုကိုပင် ပြုလိုက်ကြပေသည်။

မုနာဖစ်က်အိုဗိုက်၏ သား အဗ်ဒုလ္လာဟ်၏ ရှေ့၌ ၎င်း၏ ဖခင် အိုဗိုက်သည် တမန်တော်မြတ် ﷺ ၏ ဂုဏ်ရှိန်ဂုဏ်တော်နှင့် ဆန့်ကျင်ကာ ထိပါးစော်ကားလာသော စကားလုံးများကို ပြောဆိုလာချိန်ဝယ် သားဖြစ်သူ အဗ်ဒုလ္လာဟ်က တမန်တော်မြတ် ﷺ ၏ ထံတော်ပါးဝယ် မိမိ၏ ဖခင်အား သတ်ခွင့်ကို တောင်းဆိုလိုက်ပေသည်။ တမန်တော်မြတ် ﷺ သည် တားမြစ်တော်မူလိုက်ပေသည်။ ဟဇရသ်အဗူဗကရ်စွဒ်ဒီးက်သခင်ကြီး၏ ရှေ့မှောက်၌ ၎င်း၏ ဖခင် ကဟာဖားသည် တမန်တော်မြတ် ﷺ ၏ ဂုဏ်သိက္ခာတော်နှင့် စပ်လျဉ်း၍ ထိခိုက်မှုဖြစ်စေသော စကားလုံးအချို့ကို ပြောဆိုလိုက်သောအခါ အွမ္မသ်ထုအတွင်း သနားကရုဏာအထားဆုံးသော အဗူဗကရ်သည် 'မိမိ၏ ဖခင်ကို လဲကျသွားလောက်အောင် ပါးရိုက်လိုက်ရသည့် အဆင့်ထိတိုင် 'ဒေါသအမျက်ထွက်သွားပေသည်။ ထိုသတင်း တမန်တော်မြတ် ﷺ သည် သိရှိသွားသောအခါ 'နောက်နောင် ဤသို့ မပြုလုပ်ရန်' မိန့်တော်မူလိုက်ပေသည်။ အဗူအိုဗိုက်ဒါ၏ ဖခင် ဂျရ်ရားဟ်သည် 'အုဟုဒ်' စစ်ပွဲ၌ ကာဖိရ်များနှင့်အတူ မွတ်စ္စလင်မ်တို့အား စစ်ထိုးရန် ရောက်ရှိလာပေသည်။ သို့ရှိရာ စစ်မြေပြင်၌ ၎င်းဖခင်သည် အဗူအိုဗိုက်ဒါး၏ ရှေ့၌ အရောင်လာပြရာ ၎င်းသည်လည်း ဖခင်အား နောက်ယောင်ခံလိုက်ပေသည်။ ဤဖခင်သည် အရှေ့မှ မျက်ခြေပြတ်သွားပြန်သည်။ ဖခင်ဖြစ်သူ ဂျရ်ရားဟ်သည် ဆက်တိုက် ဆက်တိုက် ဤပုံစံကို ပြုလုပ်ရွေးချယ်လာလေရာ အဗူအိုဗိုက်ဒါးသည် ၎င်းအား သတ်ပစ်လိုက်လေသည်။ ဤအထက်ဖော်ပြပါ ဖြစ်စဉ်နှင့် အလားတူ ဖြစ်စဉ်များသည် ဆွဟာဗာကြီးများအဖို့ ထိပ်တိုက် ရင်ဆိုင်လာရသည့်အတွက်ကြောင့် အထက်ဖော်ပြပါ အာယသ်တော်များ ကျရောက်လာပေသည်။ *[ကုရ်သုဗီး]*

ဓမ္မသတ် ။ ။ များစွာသော ဓမ္မသတ်စီရင်ထုံး ပညာရှင်များသည် ဤအမိန့်ကိုပင် မတော်မတရားသူ ဖာစစ်က်၊ သူယုတ်မာ ဖာဂျိရ်နှင့် ဒီးန်သာသနာ၏ ပညတ်ချက်များကို လက်တွေ့ကျကျ ဂရုမမူသော မွတ်စ္စလင်မ်တို့ဖြင့် လက်တွေ့ကျကျ လိုက်နာသော မွတ်စ္စလင်မ်တို့သည် အရှိုက်၊ အသည်းလှိုက် အဆွေခင်ပွန်း မဖွဲ့နိုင်ကြောင်း'ကို သတ်မှတ် အတည်ပြုပေးထားကြ၏။ လုပ်ငန်းဆောင်တာများ၏ လိုအပ်ချက်များ၌ ဖက်စပ်ပူးပေါင်းကာ ဆောင်ရွက်ကြရသည်ဆိုလျှင်လည်း လိုအပ်သည့် အတိုင်းအတာခန့်သာ ပြုပိုင်ခွင့်

ရှိ၏။ မိမိကိုယ်တိုင်က ယုတ်မာညစ်ညမ်းသော စိတ်ရှိမှသာလျှင် အခြားယုတ်မာသူ တစ်ဦးနှင့် မိတ်ဆွေဖွဲ့နိုင်မည် ဖြစ်သည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ သည် မိမိ၏ တောင်းဆိုသော ဒိုအာများ၌ အောက်ဖော်ပြပါ ဒိုအာကို ပြုလေ့ရှိ၏။

اَللّٰهُمَّ لَا تَجْعَلْ لِفَاجِرٍ عَلَيَّ يَدًا

(အို၊ အလ္လာဟ်အသျှင်၊ ကျွန်တော်မျိုးအပေါ် မည်သည့်သူယုတ်မာတစ်ဦးဦး၏ ကျေးဇူးတော်ကို သက်ရောက်စေတော်မမူပါနှင့်။)

အဘယ်ကြောင့်ဆိုသော် မွန်ရည်သော စိတ်ဓါတ်ရှိသူသည် မိမိအား ကျေးဇူးပြုသောသူအား စိတ်သဘောထားအရ ချစ်ခင်ခြင်းသာ ဖြစ်ပေသည်။ ထို့ကြောင့် သူယုတ်မာတို့၏ ကျေးဇူးတရားကို လက်ခံခြင်းသည် ၎င်းတို့အား ချစ်ခင်ရမည်ဖြစ်ခြင်း၏ အကြောင်းခံ ဖြစ်သွားသည့်အတွက် တမန်တော်မြတ် ﷺ သည် ထိုအချက်မှ ခိုလှုံခွင့်ကို တောင်းဆိုထားခြင်း ဖြစ်ပသေည်။

وَاَيَّدَهُمْ بِرُوْحٍ مِّنْهُ

(ထို့ပြင် ၎င်းတို့အား မိမိ၏ ထံတော်မှ ရက်ရောမှုဖြင့် အားအင်ဖြည့်ပေးတော်မူခဲ့၏။)

[၅၈ : ၂]

ဤနေရာ၌ 'ရူးဟ်' ကို အကျယ်ချဲ့ဖွင့်ဆိုရာ၌ အချို့အဖွင့်ရှင်များသည် 'အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ မုအ်မင်န်တို့အား ချီးမြှင့်ထားသူ 'နူးရ်' ရောင်ခြည်' ဟူ၍ မိန့်ဆိုထားကြလေသည်။ ထို 'နူးရ်' ရောင်ခြည်သည်သာလျှင် ၎င်းပြုကျင့်သော 'အမလ်' မွန်မြတ်သော အကျင့်သီလနှင့် စိတ်နှလုံး တည်ငြိမ်အေးချမ်းခြင်း၏ အကြောင်းခံ ဖြစ်ပေသည်။ ဤတည်ငြိမ်အေးချမ်းမှု ရရှိခြင်းသည်သာလျှင် လွန်စွာကြီးမားလှစွာသော အားအင်ဖြစ်ပေသည်။ အချို့သော ပညာရှင်များသည် 'ရူးဟ်' ဟူသော စကားလုံးအား 'ကုရ်အာန်ကျမ်းတော်မြတ်နှင့် ကုရ်အာန်ကျမ်းတော်မြတ်၏ အထောက်အထားများ' ဟူ၍ ဖွင့်ဆိုကြပေသည်။ ထိုအချက်တို့သည်သာလျှင် မုအ်မင်န်တို့၏ အဓိကအင်အားဖြစ်ပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေ၏။) *[ကုရ်သုဗီး]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်ဟာရှ်

ပြည်နှင်ဒဏ်ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

سَبَّحَ لِلّٰهِ مَا فِى السَّمٰوٰتِ وَمَا فِى الْاَرْضِ ۚ وَهُوَ الْعَزِيْزُ الْحَكِيْمُ ①

၅၉ : ၁ ။ ။ မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိသမျှတို့သည် အလ္လာဟ်အသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုကြကုန်၏။ စင်စစ် ထိုအသျှင်မြတ်သည် လွန်စွာ နိုင်နင်းလွှမ်းမိုးတော်မူသော အသျှင်၊ နူးညံ့သိမ်မွေ့တော်မူသော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

هُوَ الَّذِىْٓ اَخْرَجَ الَّذِيْنَ كَفَرُوْا مِنْ اَهْلِ الْكِتٰبِ مِنْ دِيَارِهِمْ
لِاَوَّلِ الْحَشْرِ ۗ مَا ظَنَنْتُمْ اَنْ يَّخْرُجُوْا وَظَنُّوْٓا اَنَّهُمْ مَّانِعَتُهُمْ حُصُوْنُهُمْ
مِّنَ اللّٰهِ فَاَتٰىهُمُ اللّٰهُ مِنْ حَيْثُ لَمْ يَحْتَسِبُوْا ۖ وَقَذَفَ فِىْ
قُلُوْبِهِمُ الرُّعْبَ يُخْرِبُوْنَ بُيُوْتَهُمْ بِاَيْدِيْهِمْ وَاَيْدِى الْمُؤْمِنِيْنَ ۖ
فَاعْتَبِرُوْا يٰٓاُولِى الْاَبْصَارِ ②

၅၉ : ၂ ။ ။ ထိုအသျှင်မြတ်သည်ပင် ရှေးကျမ်းဂန် ရရှိသူတို့အနက် သွေဖည်ငြင်းပယ်ခဲ့ကြသော သူတို့အား ပထမအကြိမ် စုရုံးကြစဉ်အခါ၌ပင် ၎င်းတို့၏ နေအိမ်များမှ နှင်ထုတ်တော်မူခဲ့သော အသျှင် ဖြစ်တော်မူ၏။ အသင်တို့သည် ၎င်းတို့ ထွက်သွား ကြလိမ့်မည်ဟူ၍ပင် ထင်မြင်ခဲ့ကြသည်မဟုတ်ပေ။ ၎င်းတို့ကိုယ်တိုင်ကလည်း မိမိတို့အား မိမိတို့၏ ခံတပ်များသည် အလ္လာဟ်အသျှင်မြတ် (၏ ပြစ်ဒဏ်) မှ ကာကွယ်စောင့်ရှောက်ကြလိမ့်မည်ဟူ၍ပင် ထင်မြင်နေခဲ့ကြကုန်၏။ သို့တစေလည်း အလ္လာဟ်အသျှင်မြတ်(၏ ပြစ်ဒဏ်) သည် ၎င်းတို့ထံ၊ ၎င်းတို့ မထင်မြင် မယူဆခဲ့ကြသော နေရာမှ ရောက်ရှိ၍ လာခဲ့၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် ၎င်းတို့၏ စိတ်နှလုံးများတွင် ကြောက်ရွံ့စိုးရိမ်မှုကို သက်ရောက်စေတော်မူခဲ့ရာ ထိုသူတို့မှာ မိမိတို့၏ နေအိမ်များကို မိမိတို့၏ လက်များဖြင့်လည်းကောင်း၊ မုအ်မင်န်သက်ဝင် ယုံကြည်သူတို့၏ လက်များ

ဖြင့်လည်းကောင်း ဖျက်ဆီးလျက်·ရှိခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ‘အို, ဉာဏ် (ပညာ) မျက်စိရှင်အပေါင်းတို့၊ အသင်တို့သည် သင်ခန်းစာ ယူကြလေကုန်။’

[‘ဗနီနသွီရ်’ မျိုးနွယ်တို့သည် စာချုပ်ကို ချိုးဖောက်သောကြောင့် (၁၀) ရက်အတွင်း မိမိတို့လိုရာသို့ ရွှေ့ပြောင်းရန် ၎င်းရက်နောက်ပိုင်း၌ ကွပ်မျက်ခြင်းခံရမည်ဖြစ်သည်။ သို့သော် ‘မုနာဖစ်က်’ တို့၏ လှည့်ဖြားမှုကြောင့် ၎င်းတို့သည် ခံတပ်များတွင် ခိုအောင်းလျက်ရှိရာ မွတ်စ္စလင်မ်များသည် ဝန်းဝိုင်းထားခဲ့ကြပြီး ၎င်းတို့၏ ဥယျာဉ်များအတွင်းရှိ ‘အချို့အပင်များကို ခုတ်လှဲ၍ အချို့ကို မီးရှို့ခဲ့ကြ၏။ နောက်ဆုံးတွင် အရှုံးပေးရာ ပြည်နှင်ဒဏ်ပေးခြင်း ခံခဲ့ကြရ၍ မြို့ရွာမှ ထွက်ခွာရာ၌ မိမိတို့အိုးအိမ်များ၏ အသေးအဖွဲ့များကိုပါ ဖြုတ်ယူသယ်ဆောင်သွားခဲ့၏။]

وَلَوْلَآ اَنْ كَتَبَ اللّٰهُ عَلَيْهِمُ
الْجَلَآءَ لَعَذَّبَهُمْ فِى الدُّنْيَا ۖ وَلَهُمْ فِى الْاٰخِرَةِ عَذَابُ النَّارِ ۝٣

၅၉ : ၃ ။ ။ စင်စစ် အကယ်၍သာ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့နှင့် ပတ်သက်၍ ပြည်နှင်ဒဏ်ပေးခြင်းကို ရေးမှတ်ပြဋ္ဌာန်းတော်မူခဲ့သည် မရှိပါလျှင်၊ အမှန်ပင် ထိုအသျှင်မြတ်သည် ပစ္စုပ္ပန်ဘဝ၌ ၎င်းတို့အား (ကွပ်မျက်သတ်ဖြတ်၍) ပြစ်ဒဏ်ခတ်တော်မူခဲ့ပေမည်။ စင်စစ် ‘အာခိရသ်’ တမလွန်ဘဝ၌မူ ငရဲမီး၏ ပြစ်ဒဏ်သည် ၎င်းတို့၌ ရှိပေမည်။

ذٰلِكَ بِاَنَّهُمْ شَآقُّوا اللّٰهَ وَرَسُوْلَهٗ ۚ وَمَنْ يُّشَآقِّ اللّٰهَ فَاِنَّ اللّٰهَ شَدِيْدُ الْعِقَابِ ۝٤

၅၉ : ၄ ။ ။ ယင်းသို့ ဖြစ်ရခြင်းမှာ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ် တမန်တော်မြတ်အားလည်းကောင်း၊ ဗီလာဆန့်ကျင်မှု ပြုလုပ်ခဲ့ကြသောကြောင့်ပင် (ဖြစ်၏။) စင်စစ် မည်သူမဆို အလ္လာဟ် အသျှင်မြတ်အား ဗီလာဆန့်ကျင်မှု ပြုလုပ်ခဲ့ပါမူ၊ ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် ပြင်းထန်စွာ ပြစ်ဒဏ်ခတ်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

مَا قَطَعْتُمْ مِّنْ لِّيْنَةٍ اَوْ تَرَكْتُمُوْهَا قَآئِمَةً عَلٰٓى اُصُوْلِهَا فَبِاِذْنِ اللّٰهِ وَلِيُخْزِيَ الْفٰسِقِيْنَ ۝٥

၅၉ : ၅ ။ ။ စွန်ပလွံပင်များကို အသင်တို့ ခုတ်လှဲဖြတ်တောက်ခဲ့ကြခြင်း၊ (သို့မဟုတ်) ယင်းစွန်ပလွံပင်များကို ၎င်းတို့၏ အောက်ခြေ အမြစ်များအပေါ်၌ ရပ်တည်လျက် ချန်ထားခဲ့ကြခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်နှင့် အညီပင် ဖြစ်ပေသည်။ ၎င်းပြင် ထိုအသင်မြတ်သည် အမိန့်တော်ကို သွေဖည်သော သူတို့အား အရှက်တကွဲ ဖြစ်စေတော်မူရန် အလို့ငှာ ဖြစ်ပေသည်။

စူရာဟ်တော်အချင်းချင်း ဆက်စပ်မှုနှင့် ကျောထောက်နောက်ခံသမိုင်း

လွန်လေပြီးသော စူရာဟ်တော်၌ မုနာဖစ်က်များ ပြုမူရွေးချယ်ခဲ့ကြသော ယဟူဒီတို့နှင့် အဆွေခင်ပွန်းဖွဲ့ခြင်း၏ ကဲ့ရဲ့ပြစ်တင်ထိုက်ဖွယ်အချက်ကို တင်ပြထားပေသည်။ ဤစူရာဟ်တော်၌ ယဟူဒီများ

အပေါ် ကမ္ဘာလောကၚ္ဌ ပြည်နှင်ဒဏ်ပေးခြင်း၏ ပြစ်ဒဏ်နှင့် နောင်တမလွန် 'အာခေရသ်'၌ ပြစ်ဒဏ်ခံရမည့် အကြောင်းကို တင်ပြထားပေသည်။ ထိုယဟူဒီတို့၏ အဖြစ်အပျက်မှာ ဤသို့တည်း။ တမန်တော်မြတ် ﷺ သည် မဒီနာရွှေမြို့တော်သို့ ကြွမြန်းလာတော်မူသောအခါ ယဟူဒီတို့ဖြင့် ငြိမ်းချမ်းရေးစာချုပ်ကို ချုပ်ဆိုခဲ့၏။ ထိုယဟူဒီတို့၏ မျိုးနွယ်အုပ်စုများတွင် ဗနူနသ္ဗီးရ်ဟူသော မျိုးနွယ်အုပ်စုသည်လည်း ငြိမ်းချမ်းရေးရယူထားခြင်း၌ ပါဝင်ပေသည်။ ဤသူတို့သည် မဒီနာ ရွှေမြို့တော်နှင့် (၂) မိုင် ကွာဝေးသော အရပ်ဒေသ၌ နေထိုင်ကြပေသည်။ တစ်ကြိမ်တစ်ခါက ဤသို့ ဖြစ်ပေါ်လာခဲ့ပေသည်။ အမရ်အိဗ်နေအိုမိုက်ယား၏ လက်ချက်ဖြင့် နှစ်ဦးသတ်ဖြတ်ခြင်း ခံခဲ့ရပေသည်။ ယင်းသွေးကြွေးလျော်ကြေးကို အားလုံး ပူးပေါင်းကာ စပ်ပေးရန် ဖြစ်သည်။

တမန်တော်မြတ် ﷺ သည် မိမိ၏ မွတ်စ္စလင်မ်များထံမှ ထိုကိစ္စရပ်အတွက် အလှူငွေကို ကောက်ခံပေသည်။ တစ်ဖန် ငြိမ်းချမ်းရေးစာချုပ်ကို ထောက်ရှု၍ 'ယဟူဒီတို့သည် မွတ်စ္စလင်မ်တို့နှင့် အတူတကွ ပါဝင်ကြရာ သွေးကြွေးလျော်ကြေးပေးရန်အတွက် ၄င်းတို့ထံမှလည်း အလှူငွေကောက်ခံရမည်ဟူသော ဆန္ဒဖြင့် ထိုကိစ္စရပ်ကို အကောင်အထည် ဖော်ဆောင်ရန်အတွက် တမန်တော်မြတ် ﷺ သည် ဗနူနသ္ဗီးရ် မျိုးနွယ် အုပ်စုရှိရာဆီသို့ ကြွမြန်းသွားတော်မူပေသည်။ ၄င်းတို့သည် 'ကျွန်ုပ်တို့လက်ဝယ် တမန်တော်မြတ် ﷺ အား သတ်ဖြတ်ရန် အခွင့်ကောင်း ရောက်ရှိလာပြီ'ဟူ၍ ပုန်ကန်ရန်အတွက် တမန်တော်မြတ် ﷺ အား တစ်နေရာ၌ ထိုင်ခိုင်းတော်မူ၍ 'ကျွန်ုပ်တို့အနေဖြင့် သွေးကြွေးလျော်ကြေးကို ကောက်ယူရန် စီမံမည်' ဟူ၍ ပြောဆိုကြပေသည်။ ထို့နောက် တီးတိုးတိုင်ပင်ကြကာ တမန်တော်မြတ် ﷺ ထိုင်နေသော တံတိုင်းအပေါ် လူတစ်ယောက် တက်၍ အလွန်ကြီးမားလေးလံသော ကျောက်တုံးကို တမန်တော်မြတ် ﷺ အပေါ်သို့ ပစ်ချကာ အဆုံးစီရင်မည်ဟု ဆုံးဖြတ်ချက်ချလိုက်ပေသည်။ တမန်တော်မြတ်သည် 'ဝဟီ' (ဗျာဒိတ်တော်) ၏ အကြောင်းခံဖြင့် ချက်ချင်း ၄င်းတို့၏ ပုန်ကန်ယုတ်မာမှုကို သိရှိသွားတော်မူပေသည်။ တမန်တော်မြတ် ﷺ သည် ထိုနေရာမှ ထတော်မူကာ ပြန်လည် ကြွမြန်းလာတော်မူ၏။ ထို့နောက် ၄င်းတို့အား 'အသင်တို့သည် ကတိဖျက်၍ ပဋိညာဉ်ကို ချိုးဖောက်ခဲ့လေပြီ။ ထို့ကြောင့် အသင်တို့အား 'မိမိတို့ သွားလိုသည့် အရပ်ဒေသသို့ သွားရောက်ရန် (၁၀) ရက်တာ အချိန်ပေးမည်။ ထိုရက်အတိုင်းအတာ၏ နောက် ဤအရပ်ဒေသ၌ တစ်ဦးတစ်ယောက်ကို တွေ့မြင်ရမည်ဆိုပါက ၄င်းအား ကွပ်မျက်အရေးယူတော်မူမည် ဖြစ်သည်' ဟူ၍ ပြောဆိုလိုက်တော်မူ၏။

၄င်းတို့သည် သွားရောက်ရန် ရည်ရွယ်ကြသောအခါ အဗ်ဒုလ္လာဟ်ဗင်န်အိုဗိုက် မုနာဖစ်က်သည် ၄င်းတို့အား 'မည်သည့်တစ်နေရာကိုမျှ မသွားရောက်ကြလေနှင့်။ အသင်တို့အပေါ် အပူမီး မရောက်ရှိစေရန် အသက်ကို ပဓါနမထားသော လူ (၂၀၀၀) ကျွန်ုပ်ထံ၌ ရှိပေသည်'ဟု ပြောဆိုကာ တားမြစ်လိုက်ပေသည်။ ရူဟုလ်မအာနီကျမ်း၌ အိဗ်နေအစ်ဟားက်သခင်ကြီး၏ ဆင့်ပြန်ချက်မှ အဗ်ဒုလ္လာဟ်နှင့်အတူ ဝဒီအားဗင်န် မာလစ်က်၊ စူဝိုက်ဒ်နှင့် ရာအစ်တို့လည်း ပါဝင်ကြောင်းကို ရေးသားထားပေသည်။ ဤသူတို့သည် ၄င်းအဗ်ဒုလ္လာဟ် ပြောဆိုခြင်းကို နားယောင်သွားလေသည်။ ထို့နောက် 'ကျွန်ုပ်တို့အနေဖြင့် မည်သည့်

နေရာတစ်နေရာကိုမျှ သွားမည်မဟုတ်။ အသင် လုပ်နိုင်သမျှ ပြုလုပ်ကုန်'ဟု တမန်တော်မြတ် ﷺ အား ပြောဆိုခိုင်းလိုက်လေသည်။ တမန်တော်မြတ် ﷺ သည် ဆွဟာဗာကြီးများနှင့်အတူ ထိုမျိုးနွယ်အုပ်စုအပေါ် ဝယ် ဝင်ရောက်တိုက်ခိုက်ပေတော့သည်။ ဤသူတို့သည် ခံတပ်တံခါးပိတ်ကာ ထားပြီး မုန်ာဖစ်က်တို့ သည်လည်း ပုန်းအောင်းရှောင်တိမ်းနေပေသည်။ တမန်တော်မြတ် ﷺ သည် ၎င်းတို့ကို ပတ်ပတ်လည် ဝိုင်းရံထားကာ ၎င်းတို့ပိုင် အပင်များကို မီးရှို့၍ အချို့ကို ရိပ်ကာ ဖြတ်တောက်လိုက်ပေသည်။ နောက်ဆုံး အနေရ၊ အထိုင်ရ ကြပ်တည်းလာကာ ၎င်းတို့သည် 'ပြည်နှင်ဒဏ်ပေးခံရခြင်း'ကို သဘောတူ လက်ခံလိုက် ကြပေသည်။ တမန်တော်မြတ် ﷺ သည် ထိုအခြေအနေ၌လည်း ၎င်းတို့နှင့်အတူ ဤသို့ ထောက်ထား မှုကို ပြုထားတော်မူပေသည်။ 'ဥပဒေသဘောအရ တားမြစ်ထားသော လက်နက်ကိရိယာများမှအပ ယူဆောင် နိုင်သမျှ ပစ္စည်းများ ယူဆောင်ကြကုန်' ဟူ၍ အမိန့်ထုတ်ပြန်တော်မူလိုက်ပေသည်။

ဤသူတို့သည် ထွက်ခွာကာ အချို့သည် ဆီးရီးယားနိုင်ငံသို့ သွားကာ အချို့သည် ခိုက်ဗရ်အရပ် ဒေသသို့ ပြောင်းရွှေ့ထွက်ခွာသွားကြပေသည်။ လောကီရေးရာ၏ ရမ္မက်ကြောင့် မိမိတို့အိမ်များရှိ ထုပ်တန်း များ၊ အခင်းများနှင့် သော့၊ မင်းတုံးများကိုပင် ဖြုတ်ယူသွားကြပေသည်။ ဤဖြစ်စဉ်သည် 'ဗဒရ်'စစ်ပွဲ ဖြစ်ပြီးနောက် ဟီဂျ်ရီ (၄) ခုနှစ် ရဗီအုလ်အောင်ဝလ်လ၌ ဖြစ်ပေါ်ခဲ့ပေသည်။ တစ်ဖန် ဟဇရသ်အုမရ် ؓ သခင်ကြီး စိုးမိုးအုပ်ချုပ်သော ခေတ်ကာလ၌ ၎င်းယဟူဒီတို့ကို အခြားသော ယဟူဒီများနှင့်အတူ ဆီးရီး ယားနိုင်ငံ၏ ဘက်သို့ နှင်ထုတ်လိုက်ပေသည်။ ဤပြည်နှင်ဒဏ်ပေးခြင်း နှစ်ရပ်စလုံးကို 'ဟရှ်ရေအောင်ဝ်လ်' ဟရှ်ရေစာနီး'ဟူ၍ ခေါ်ဆိုကြပေသည်။ (ဤအတိုင်း ဇာဒုလ်မအားဒ်ကျမ်း၌ တင်ပြထားပေသည်။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိသမျှ (သော အဖန်ဆင်းခံ) တို့သည် အလ္လာဟ်အသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုကြကုန်၏။ စင်စစ် ထိုအသျှင်မြတ်သည် လွန်စွာ နိုင်နင်းလွှမ်းမိုး တော်မူသော အသျှင်၊ နူးညံ့သိမ်မွေ့တော်မူသော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

(ထိုအသျှင်မြတ်၏ ဂုဏ်ရှိန်ဂုဏ်ဝါ မြင့်မားတော်မူခြင်း၊ စွမ်းဆောင်နိုင်တော်မူခြင်းနှင့် အမြော် အမြင်တော်၏ စူးရှသက်ရောက်မှုတစ်ရပ်မှာ) ထိုအသျှင်မြတ်သည်ပင် (ထိုကာဖိရ်) ရှေးကျမ်းဂန်ရရှိသူ (ဗနူနဒွီးရ်) တို့အနက် သွေဖည်ငြင်းပယ်ခဲ့ကြသော သူတို့အား ပထမအကြိမ် စုရုံးကြစဉ်အခါ၌ပင် ၎င်း တို့၏ နေအိမ်များမှ နှင်ထုတ်တော်မူခဲ့သော အသျှင် ဖြစ်တော်မူ၏။ (ဆိုလိုသည်မှာ ဖိုဟ်ရီသခင်ကြီး၏ ပြောဆိုချက်အရ ဤအလျှင် ၎င်းတို့အပေါ်၌ ဤဒုက္ခမျိုးသည် မကျရောက်ခဲ့ဘူးသေးပေ။ ၎င်းတို့၏ ယုတ်မာ သော အပြုအမူများ၏ အကျိုးဆက်တရားကြောင့် ၎င်းတို့အပေါ် ပထမအကြိမ်အဖြစ် ကျရောက်တော်မူ လာခြင်း ဖြစ်ပေသည်။)

(ထိုမိန့်မြွက်ချက်၌ 'ငင်းတို့အဖို့ ကြိုတင်ဟောကိန်းတစ်ရပ်ကို ရှင်းလင်းစွာဖြင့် ညွှန်ပြထားတော်မူပေသည်။ သို့ရာတွင် ငင်းတို့အဖို့ တိုက်ဆိုင်မှု ဖြစ်သွားပေမည်။ သို့ရှိရာ ဒုတိယအကြိမ် ဟဇရသ်အုမရ် ﷺ သခင်ကြီးသည် ယဟူဒီများကို အရဗ်၏ ကျွန်းစွယ်မှ နှင်ထုတ်လိုက်၏။ ခါဇင်နိကျမ်း၌ ဤအတိုင်း လာရှိထားပေသည်။ ညွှန်ပြချက်ကို ရှင်းလင်းစွာ ပြောဆိုထားရခြင်းအကြောင်းမှာ 'ပထမအကြိမ်' ဟူသော စကားလုံးသည် အမြဲတစေ ဒုတိယအကြိမ်ဟူသော အချက်အား မလိုလားပေ။' သို့ရှိရာ မည်သည့်အမျိုးသမီးသည် ပထမအကြိမ်မှာပင် ကလေးဖွားမြင်သည်'ဟူ၍ ပြောဆိုကြပေသည်။ ငင်းတို့အား အိမ်မှနှင်ထုတ်လိုက်ခြင်းသည် မွတ်စ္စလင်မ်တို့၏ အင်အားနှင့် လွှမ်းမိုးအောင်နိုင်ခြင်း၏ အကျိုးဆက်တရားပင်ဖြစ်သည်။)

(ရှေ့၌ 'အို၊ မွတ်စ္စလင်မ်အပေါင်းတို့၊ ငင်းတို့၏ ဥစ္စာပစ္စည်း အရင်းအနှီးများနှင့် တိုးတက်ပြောင်းမြောက်မှုကို တွေ့မြင်ကာ'ဟူ၍ မိန့်တော်မူထားပေသည်။ အသင်တို့သည် ငင်းတို့ (မည်သည့်အခါမျှ မိမိတို့၏ အိမ်များမှ) ထွက်သွားကြလိမ့်မည်'ဟူ၍ပင် ထင်မြင်ခဲ့ကြသည်မဟုတ်ပေ။ ငင်းတို့ကိုယ်တိုင်ကလည်း မိမိတို့အား မိမိတို့၏ ခံတပ်များသည် အလ္လာဟ်အသျှင်မြတ် (၏ ပြစ်ဒဏ်) မှ ကာကွယ်စောင့်ရှောက်ကြ လိမ့်မည်ဟူ၍ပင် ထင်မှတ်နေခဲ့ကြကုန်၏။ (ဆိုလိုသည်မှာ မိမိတို့၏ တံတိုင်းများ ခိုင်မာမှုများအပေါ် 'ငင်းတို့၏ နှလုံးသားများအတွင်း အကွယ်မှ ပြစ်ဒဏ်ဆိုက်ရောက်လာမည်ဟူသည်ကို စိုးရိမ်ခြင်း မရှိကြောင်း' ဟူ၍ စိတ်အေးလက်အေးဖြင့် ရှိနေခြင်းဖြစ်ပေသည်။ သို့ရှိရာ ငင်းတို့၏ အခြေအနေသည် ဤကဲ့သို့သောသူနှင့် အလားတူပေ၏။ အကြင်သူသည် 'ငင်းတို့၏ တံတိုင်းများသည် အလ္လာဟ်အသျှင်မြတ်၏ ဖမ်းဆီးကွပ်မျက်မှုမှ ရှောင်ရှားမှု ရရှိပေလိမ့်မည်' ဟူ၍ တွေးတော ထင်မှတ်ထားခြင်း ဖြစ်ပေသည်။ အကယ်၍ အထူးသဖြင့် ဗနူနသွီးရ်မျိုးနွယ်အုပ်စု၏ တံတိုင်းခံတပ်သည် များစွာ မရှိပါမူ 'ဟုစူးနူးဟူးမ်' ဟူသော အများကိန်း၏ အညွှန်းနာမ်စားသည် ယဟူဒီတို့၏ အဖို့ ခြုံငုံစွာ သုံးထားတော်မူခြင်းဖြစ်ပေသည်။ 'အင်းန်နဟူးမ်' (ထိုသူတို့) ဟူသော စကားလုံးသည်လည်း ယဟူဒီများကိုသာ သုံးနှုန်းထားခြင်း ဖြစ်ပေသည်။ (ဆိုလိုသည်မှာ 'ဗနူနသွီးရ်'မျိုးနွယ်အုပ်စုသည် 'ယဟူဒီများအားလုံးကို ငင်းတို့၏ ခံတပ်တံတိုင်း နံရံများသည် ဘေးဒုက္ခအန္တရာယ်များမှ ရှောင်ရှားပေးလိမ့်မည်'ဟူ၍ ထင်မှတ်ကြပေသည်။ ထိုယဟူဒီ အားလုံးတို့သည် 'မိမိတို့၏ ခံတပ်တံတိုင်းကို မိမိတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ပေးမည့် အရာဖြစ်ကြောင်း မှတ်ယူထားကြခြင်းလည်း ဖြစ်ပေသတည်း။)

သို့တစေလည်း အလ္လာဟ်အသျှင်မြတ် (၏ ပြစ်ဒဏ်) သည် ငင်းတို့ထံ၊ ငင်းတို့ မထင်မှတ် မယူဆခဲ့ကြသော နေရာမှ ရောက်ရှိ၍ လာခဲ့၏။ (အလိုသဘောမှာ မွတ်စ္စလင်မ်တို့၏ လက်ချက်ဖြင့် နှင်ထုတ်ခြင်းခံခဲ့ရလေ၏။ အကြင်မွတ်စ္စလင်မ်တို့၏ ဥစ္စာခနမဲ့ဖြစ်ခြင်းအပေါ် ကြည့်ကာ 'ဤဥစ္စာခနမဲ့သော သူတို့သည် ဥစ္စာနေရှိသော သူတို့အပေါ် လွှမ်းမိုးအောင်နိုင်လာမည်' ဟူ၍ပင် တွေးတောနိုင်ခြင်း မရှိခဲ့ကြချေ။) ငင်းပြင် ထိုအသျှင်မြတ်သည် ငင်းတို့၏ စိတ်နှလုံးများတွင် (မွတ်စ္စလင်မ်တို့၏) ကြောက်ရွံ့စိုးရိမ်မှုကို သက်ရောက်စေတော်မူခဲ့ရာ (ထိုကြောက်ရွံ့စိုးရိမ်မှုကြောင့် ငင်းတို့သည် ထွက်ခွာသွားရန် ဆုံးဖြတ်

ချက်ချကြကာ ထိုအချိန်၌ ၎င်းတို့၏ အခြေအနေသည် ဤသည့်အဆင့်ထိတိုင် ရောက်ရှိသွားပေသည်။) ထိုသူတို့မှာ မိမိတို့၏ နေအိမ်များကို မိမိတို့၏ လက်များဖြင့်လည်းကောင်း၊ မုအ်မင်န်သက်ဝင် ယုံကြည်သူတို့၏ လက်များဖြင့်လည်းကောင်း ဖျက်ဆီးလျက် ရှိခဲ့ကြကုန်၏။ (ဆိုလိုသည်မှာ ကိုယ်တိုင်လည်း ထုတ်တန်းအခင်းများကို ပါသွားရန်အတွက် မိမိအိမ်များကို ဖျက်ပစ်ကြလေတော့သည်။ မွတ်စ္စလင်မ်တို့သည်လည်း ၎င်းတို့အား စိတ်ထိခိုက်မှုပြုရန်အတွက် ဖျက်ဆီးပစ်လိုက်ခြင်းအား ၎င်းတို့ဘက်သို့ ဆက်နွယ်ပြောဆိုရခြင်း၏ အကြောင်းမှာ 'ထိုသို့ ဖျက်ပစ်ရန် အကြောင်းခံကို ဖန်တီးသောသူတို့မှာ ၎င်းတို့သည်သာလျှင် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ကတိကို ဖျက်လိုက်ကြခြင်းနှင့် ထိုဖြစ်စဉ်လုပ်ရပ်များကို ယဟူဒီတို့က ပြုလုပ်ခဲ့ကြခြင်း' ဖြစ်ကြောင်းကို ၎င်းယဟူဒီဘက်သို့ ဆက်နွယ်ထားခြင်းကြောင့် မွတ်စ္စလင်မ်တို့၏ လက်ချက်သည် လက်နက်ကိရိယာအသွင် ဖြစ်ရှိသွားပေသည်။)

သို့ဖြစ်ပေရာ 'အို၊ ဉာဏ်ကြီးရှင်အပေါင်းတို့၊ ၎င်းအခြေအနေကို ကြည့်၍ အသင်တို့သည် သင်ခန်းစာယူကြလေကုန်။' (အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်အား ဆန့်ကျင်ဘက်ပြုလုပ်ခြင်းသည် အချို့သော အချိန်အခါမျိုး၌ ကမ္ဘာလောက၌မှာပင် လွန်စွာ ဆိုးယုတ်မှုကို ရရှိမည် ဖြစ်ပေသည်။)

စင်စစ် အကယ်၍သာ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့နှင့် ပတ်သက်၍ ပြည်နှင်ဒဏ်ပေးခြင်းကို ရေးမှတ်ပြဋ္ဌာန်းတော်မူခဲ့သည် မရှိပါလျှင်၊ အမှန်ပင် ထိုအသျှင်မြတ်သည် ပစ္စုပ္ပန်ဘဝ၌ ၎င်းတို့အား (ကွပ်မျက်သတ်ဖြတ်၍) ပြစ်ဒဏ်ခတ်တော်မူပေမည်။ (၎င်းတို့၏ နောက် ဗနူကုရိုက်ဇာဟ်မျိုးနွယ်အုပ်စု ပြုလုပ်သည့်အလား) လောကီ၌ သတ်ဖြတ်ခံရခြင်းမှ လွတ်မြောက်သွားသော်ငြားလည်း စင်စစ် 'အာခိရသ်' တမလွန်ဘဝ၌မူ ငရဲမီး၏ ပြစ်ဒဏ်သည် ၎င်းတို့အတွက် ရှိနေပေမည်။

ယင်းသို့ (ကမ္ဘာလောက၌ ပြည်နှင်ဒဏ်ခံရခြင်းနှင့် နောင်တမလွန်၌ ပြစ်ဒဏ်ခံစားရမည်) ဖြစ်ရခြင်းမှာ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အားလည်းကောင်း၊ ဖီလာဆန့်ကျင်မှု ပြုလုပ်ခဲ့ကြသောကြောင့်ပင် (ဖြစ်၏။) စင်စစ် မည်သူမဆို အလ္လာဟ် အသျှင်မြတ်အား ဖီလာဆန့်ကျင်မှု ပြုလုပ်ခဲ့ပါမူ၊ (ထိုဖီလာဆန့်ကျင်မှုသည် ရစူလ်တမန်တော်ကို ပြုလုပ်လိုက်ခြင်းပင် ဖြစ်သည်။) ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် ပြင်းထန်စွာ ပြစ်ဒဏ်ခတ်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ (ဤသို့ ဖီလာဆန့်ကျင်မှု ပြုလုပ်ခြင်းသည် ပုံစံနှစ်ရပ်အရ ဖြစ်သည်။ ပထမတစ်ရပ်သည် ပဋိညာဉ်ကို ချိုးဖောက်သည့်အတွက်ကြောင့် ပြည်နှင်ဒဏ်ပေးခြင်း ခံရ၍ ဒုတိယတစ်ရပ်မှာ အီမာန်မရှိသည့် အကြောင်းခံကြောင့် နောင်တမလွန် 'အာခိရသ်'၌ ပြစ်ဒဏ်ခံရပေမည်)

(ရှေ့၌ သစ်ပင်များကို ခုတ်လဲ၊ မီးရှို့ခြင်းနှင့် စပ်လျဉ်း၍ ဤသို့ ပြုလုပ်ခြင်းသည် ပျက်စီးရာပျက်စီးကြောင်းကို ပြုခြင်းဖြစ်ကြောင်း၊ ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်ခြင်းသည် စောင်းချိတ်ပြစ်တင်ဖွယ်ဖြစ်ကြောင်း' ဟူ၍ ယဟူဒီတို့က ပြောဆိုလာသော ဆိုးသွမ်းရမ်းကားသော စကားရပ်အား ဖြေကြားထားပေသည်။ (ဒုရ်ရေမန်စူးရ်ကျမ်း၌ ဤအတိုင်း တင်ပြထားပေသည်။)

ထို့ပြင် အချို့သော မွတ်စ္စလင်မ်တို့သည် ခွင့်ပေးထားသော်ငြားလည်း 'ပြုပိုင်ခွင့်ကို စွန့်လွှတ်ခြင်းအား ပြုပိုင်ခွင့်ရှိသည်' ဟူ၍ မှတ်ယူထားသည်က တစ်ကြောင်း၊ နောက်ဆုံး ထိုအပင်များသည် မွတ်စ္စလင်မ်တို့သာလျှင် ဖြစ်သွားမည်က တစ်ကြောင်း၊ ထို့ကြောင့် ထိုအပင်များ ရှိနေခြင်းသည်သာလျှင် အကောင်းဆုံးဖြစ်မည်ဟု မှတ်ယူကာ မဖြတ်တောက်ကြတော့ပေ။ အချို့သောသူတို့သည် ယဟူဒီများကို စိတ်ထိခိုက်အောင် ပြုမည်ဟူ၍ မှတ်ယူကြကာ ခုတ်ဖြတ်လိုက်ကြပေသည်။ (ဒုရ်ရေမန်ဆူးရ်ကျမ်း၌ ဤအတိုင်း တင်ပြထားပေသည်။) တုန့်ပြန် ဖြေကြားချက်နှင့်အတူ ထိုလုပ်ရပ် နှစ်ရပ်စလုံးကိုလည်း မှန်ကန်ကြောင်းကို မိန့်တော်မူထားပေသည်။)

စွန်ပလွံပင်များကို အသင်တို့ ခုတ်လှဲဖြတ်တောက်ခဲ့ကြခြင်း၊ (မီးရှို့ပစ်ခြင်း၊ သို့မဟုတ်) ယင်းစွန်ပလွံပင်များကို ၎င်းတို့၏ အောက်ခြေ အမြစ်များအပေါ်၌ (ရှိရင်းစွဲ အခြေအနေဖြင့်သာ) ရပ်တည်လျက်ချန်ထားခဲ့ကြခြင်း (အချက်နှစ်ရပ်စလုံး) သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော် (နှစ်မျိုး) နှင့် အညီပင်ဖြစ်ပေသည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် အမိန့်တော်ကို သွေဖည်သော သူတို့အား အရှက်တကွဲ ဖြစ်စေတော်မူရန်အလို့ငှာ ဖြစ်ပေသည်။ (ဆိုလိုသည်မှာ လုပ်ရပ်နှစ်ရပ်စလုံး၌ သင့်လျော်သော အကျိုးတရားများရှိပေသည်။ သို့ရှိရာ ခွင့်ပြုချက်ကို စွန့်လွှတ်ထားရာ၌လည်း 'ဤမွတ်စ္စလင်မ်တို့သည် ထိုအပင်များကိုဆက်လက် ရှင်သန်ကြီးထွားစေပေလိမ့်မည်' ဟူ၍ မွတ်စ္စလင်မ်တို့အဖို့ အောင်မြင်မှုနှင့် ကာဖိရ်များအားအမျက်ဒေါသထွက်အောင် ပြုလိုက်ခြင်း ဖြစ်ပေသည်။ ခုတ်လဲ၊ မီးရှို့ပစ်ခြင်း ပြုရာ၌လည်း 'မွတ်စ္စလင်မ်တို့သည် ကျွန်ုပ်တို့ပိုင် ပစ္စည်းများ၌ မည်ကဲ့သို့ ခြယ်လှယ်မှုပြုနေပေသနည်း' ဟူ၍ မွတ်စ္စလင်မ်တို့၏ ဒုတိယအောင်မြင်မှုဖြစ်သော လွှမ်းမိုးအောင်နိုင်လာခြင်း၏ လက္ခဏာများ ထင်ဟပ်လာမှုနှင့် ကာဖိရ်များကို အမျက်ဒေါသထွက်စေလိုက်ခြင်း ဖြစ်ပေသည်။ သို့ရှိရာ အချက်နှစ်ချက်စလုံး ပြုပိုင်ခွင့် ရှိပေသည်။ အမြော်အမြင်အပေါ်၌ မူတည်သော အကြောင်းခံ၌ ပျက်စီးဆုံးရှုံးမှုတစ်စုံတစ်ရာမျှ မရှိပေ။

သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ

စူရာဟ် "ဟရှ်" ၏ အကျိုးထူးများနှင့် ဗနူနသီွးရ်တို့၏ ရာဇဝင်

(အိဗ်နေအစ်ဟားက်သခင်ကြီး၏ ပြောဆိုချက်အရ) စူရာဟ် 'ဟရှ်' တစ်ပုဒ်လုံးသည် ယဟူဒီအမျိုးသားများဖြစ်သော ဗနူနသီွးရ်တို့နှင့် စပ်လျဉ်း၍ ကျရောက်လာခဲ့ခြင်း ဖြစ်ပေသည်။ ဟဇရတ်အိဗ်နေအဗ္ဗားစ် (رضي الله عنه) သခင်ကြီးသည် ဤစူရာဟ်တော်၏ အမည်ကိုပင်လျှင် စူရာဟ်ဗနူနသီွးရ်ဟူ၍ ပြောဆိုလေ့ရှိပေသည်။ *[အိဗ်နေကာစီးရ်]*

ဗနူနသီွးရ်သည် ဟဇရတ်ဟာရူန် (عليه السلام) ၏ သားစဉ်မြေးဆက်ထဲမှ ဖြစ်သော ယဟူဒီမျိုးနွယ်အုပ်စု တစ်အုပ်စု ဖြစ်ပေသည်။ ၎င်းတို့၏ ဘိုးဘွားဘီဘင်များသည် 'သောင်ရားသ်' ကျမ်းအား တတ်ကျွမ်း

နားလည် သောသူများ ဖြစ်ပေသည်။ အကြင်ကျမ်း၌ တမန်တော်မြတ် ﷺ ၏ သတင်း၊ တမန်တော်မြတ် ﷺ ၏ ဝတ်စားဆင်ယင်ပုံ ဟန်ပန်အမူအရာနှင့် လက္ခဏာတော်များကို တင်ပြထားပေသည်။ 'ရပ်စ်ယဗ်'ဟူသော မဒီနာရွှေမြို့တော်ရှိရာဆီသို့ ကြွမြန်းလာတော်မူမည့် အကြောင်းလည်း ပါဝင်ပေသည်။ ဤမျိုးနွယ်အုပ်စုတို့သည် တမန်တော်မြတ် ﷺ နှင့်အတူ နေထိုင်လိုသော ရမ္မက်ဖြင့် ဆီရီးယားနိုင်ငံမှ မဒီနာရွှေမြို့တော်သို့ ပြောင်းရွှေ့ကာ လာကြပေသည်။ ၎င်းတို့၏ လက်ရှိသူများတွင် အချို့သူတို့သည်လည်း 'သောင်ရားသ်'ကျမ်းကို တတ်ကျွမ်းနားလည်သောသူများ ဖြစ်ကြသည်။ တမန်တော်မြတ် ﷺ မဒီနာရွှေမြို့တော်သို့ ကြွမြန်းလာပြီးသည့်နောက် နိမိတ်လက္ခဏာများကို ကြည့်ရှုကာ 'ဤနဗီသည် နောက်ဆုံးနဗီဖြစ်ကြောင်း' ကိုလည်း သိရှိသွားကြပေသည်။ သို့ရာတွင် ၎င်းတို့သည် ဤနဗီသည် ဟဇရသ်ဟာရူးန် عليه السلام ၏ သားစဉ်မြေးဆက်ဖြစ်သော မိမိတို့၏ မျိုးနွယ်အုပ်စုအတွင်းမှသာ ဖြစ်ရမည်ဖြစ်ကြောင်း' ကို မျှော်မှန်းတွေးခေါ်ခဲ့ကြပေသည်။ နောက်ဆုံး နဗီတမန်တော်သည် ဗနီအိစ်ရာအီးလ်မျိုးနွယ်အုပ်စုမှ ပွင့်ပေါ်လာမည့်အစား ဗနီအိစ်မာအီးလ်မျိုးနွယ်အုပ်စုအတွင်း၌ ပွင့်ပေါ်လာပေသည်။

သို့ရှိရာ ထိုမနာလိုဝန်တိုမှုသည် ၎င်းတို့အား အီမာန်ရယူခြင်းမှ တားမြစ်လိုက်ပေသည်။ သို့ရာတွင် ၎င်းတို့လူအများ၏ စိတ်နှလုံးသားများအတွင်း၌ တမန်တော်မြတ် ﷺ သည် နောက်ဆုံးနဗီ တမန်တော်ဖြစ်ကြောင်းကို သိရှိထားကြပေသည်။ 'ဗဒရ်'စစ်ပွဲ၌ မွတ်စ္စလင်မ်တို့၏ အံ့ဖွယ်သရဲအောင်မြင်မှုနှင့် မုရှ်ရစ်က်တို့ ရှုံးနိမ့်သွားခြင်းကို တွေ့မြင်ကာ ၎င်းတို့၏ ဤယုံကြည်ချက်သည် အနည်းငယ် ထပ်၍ မြင့်တက်သွားပေသည်။ ၎င်းတို့၏ ဝန်ခံချက်ကို ၎င်းတို့၏ နှုတ်လျှာများမှလည်း ကြားခဲ့ရပေသည်။ သို့ရာတွင် ထိုအပေါ်ယံအောင်မြင်ခြင်း၊ ရှုံးနိမ့်ခြင်းကို အမှန်နှင့် အမှား သိရှိရန် မှတ်ကျောက်တင်လိုက်ခြင်းသည်ပင်လျှင် ယိုယွင်းချည့်နဲ့သော အခြေခံအုတ်မြစ် ဖြစ်ပေသည်။ 'အုဟုဒ်'စစ်ပွဲ၌ ကနဦးပိုင်းတွင် မွတ်စ္စလင်မ်တို့သည် အရေးနိမ့်ကာ အချို့သော ဆွဟာဗာသခင်ကြီးများသည် 'ရှဟီးဒ်'ဖြစ် ကျဆုံးသွားသောအခါဝယ် ၎င်းတို့၏ ယုံကြည်ချက်သည် ယိမ်းယိုင်သွား၍ ထို့နောက်ပိုင်း၌ ၎င်းတို့သည်င် မက္ကာဟ်မြို့ရှိ မုရှ်ရစ်ကတို့နှင့်အတူ ဆန့်ကျင်လှုံ့ဆော်မှုတို့ကို စတင်ပြုလုပ်လာကြခြင်း'၏ အကျိုးဆက်အချုပ်တရားသာ ပေါ်ပေါက်လာပေသည်။

ထိုအချက်၏အလျင် ဤအောက်ဖော်ပြပါ ဖြစ်စဉ်သည် ပြီးဆုံးသွားပြီး ဖြစ်ပေသည်။ တမန်တော်မြတ် ﷺ သည် မဒီနာရွှေမြို့တော်သို့ ရောက်ရှိကာ နိုင်ငံရေးရှုထောင့်၏ အမြော်အမြင်၏ လိုလားချက်အရ ဦးစွာပထမ ဤအလုပ်ကို ပြုလုပ်တော်မူပေသည်။ မဒီနာရွှေမြို့တော်နှင့် ယင်းမြို့တော်၏ အနီးပတ်ဝန်းကျင်၌ ရှိသော ယဟူဒီမျိုးနွယ်အုပ်စုတို့ဖြင့် အောက်ဖော်ပြပါ စည်းကမ်းချက်များဖြင့် ပဋိညာဉ်ငြိမ်းချမ်းရေး စာချုပ်ကို ချုပ်ဆိုလိုက်ပေသည်။ ဤသူတို့သည် မွတ်စ္စလင်မ်တို့နှင့် ဆန့်ကျင်ကာ စစ်မတိုက်ရ။ လာရောက် တိုက်ခိုက်သော သူတို့အားလည်း အကူအညီ မပေးရ။ အကယ်၍ ထို (ယဟူဒီ) တို့အပေါ် မည်သူမဆို လာရောက်တိုက်ခိုက်ပါမူ မွတ်စ္စလင်မ်တို့သည် ထို (ယဟူဒီ) တို့အား အကူအညီပေးရပေမည်။ စာချုပ်၌ အခြားသော ဥပဒေရေးရာအချက်များလည်း ရှိပေသည်။ အကျယ်တဝင့်များကို အိဗ်နေဟေရှားမ်၏ ရာဇဝင်စာအုပ်၌ တင်ပြထားပေသည်။ ဤသို့ဖြင့် ဗနူနသွီးရ်မျိုးနွယ်အုပ်စု အပါအဝင် ယဟူဒီ

မျိုးနွယ် အုပ်စုများအားလုံးသည် မဒီနာရွှေမြို့တော်၏ နှစ်မိုင်ခန့် ကွာဝေးသော အရပ်ဒေသ၌ ရပ်ရွာများ၊ ခံတပ် တံတိုင်းများနှင့် ဥယျာဉ်များဖြင့် အခိုင်အမာ နေထိုင်ကြလေတော့သည်။

'အူဟူဒ်' စစ်ပွဲထိတိုင် ဤသူတို့သည် အပေါ်ယံဝါဒီအားဖြင့် စာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာစွာဖြင့် နေထိုင်ခြင်းကို တွေ့မြင်ရပေသည်။ သို့ရာတွင် 'အူဟူဒ်' စစ်ပွဲ၏နောက် သစ္စာဖောက်မှုနှင့် လျှို့ဝှက်စွာ ဖောက်ပြန် အလွဲသုံးစား ပြုလုပ်မှုမှုတို့ကို စတင်ပြုလုပ်လာကြပေသည်။ ထိုသို့ သစ္စာဖောက်ခြင်းနှင့် အလွဲသုံးစားပြုခြင်း၏ အစမှာ ဤသို့ ဖြစ်ခဲ့သည်။ ဗနူနသွီးရ်မျိုးနွယ်အုပ်စု၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ ကအဗ်ဗင်န်အရှ်ရဖ်သည် 'အူဟူဒ်' စစ်ပွဲပြီးသည့်နောက် မိမိ၏ ယဟူဒီ လူ (၄၀) ရှိသော အဖွဲ့တစ်ဖွဲ့နှင့်အတူ မက္ကာဟ်ရွှေမြို့တော်သို့ ရောက်ရှိခဲ့ပေသည်။ ဤမြို့၌ရှိသော ကာဖိရ် ကုရိုက်ရှ်တို့သည် 'ဗဒရ်' စစ်ပွဲ၌ စစ်ရှုံးနိမ့်ခြင်း၏ သွေးကြွေးကို ရယူရန် နီယသ်ဖြင့် 'အူဟူဒ်' စစ်ပွဲရှိရာဆီသို့ ထွက်ခွာလာခဲ့ကြပေရာ ထိုစစ်ပွဲ၌လည်း နောက်ဆုံး ရှုံးနိမ့်ကာ ပြန်ခဲ့ကြပြီးဖြစ်ရာ ၄င်းတို့နှင့် တွေ့ဆုံနှုတ်ဆက်ကြလေသည်။ ထိုအဖွဲ့နှစ်ရပ်စလုံး၌ တမန်တော်မြတ် ﷺ နှင့် မွတ်စ္စလင်မ်တို့ဖြင့် ဆန့်ကျင်ကာ စစ်တိုက်ခိုက်ရန် ပဋိညာဉ်တစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းကြပေသည်။ အကြင်ပဋိညာဉ်အား အဆုံးသတ်မှုကို 'ကအဗ်ဗင်န်အရှ်ရဖ်' သည် မိမိလူ ယဟူဒီ (၄၀) နှင့်အတူ ၄င်းတို့နှင့် နှိုင်းယှဉ်ကာ အဗူစုဖ်ယာန်သည် မိမိ၏ ကုရိုက်ရှ်အမျိုးသား (၄၀) နှင့်အတူ 'ကအ်ဗာဟ်' ကျောင်းတော်၏ 'ဟရာမ်' ပရဝုဏ်အတွင်းသို့ ဝင်ရောက်ရန်၊ 'ကအ်ဗာဟ်' ကျောင်းတော်၏ အဝတ်အဖုံးတော်ကို ကိုင်၍ 'ကျွန်ုပ်တို့သည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ အတူတကွ တည်ရှိနေမည်ဖြစ်ခြင်းနှင့် မွတ်စ္စလင်မ်တို့နှင့် ဆန့်ကျင်စွာ စစ်မက်ယှဉ်ပြိုင်တိုက်ခိုက်ရန်' ဟူ၍ ခံဝန်ချက် ပြုလိုက်ပေသည်။

ကအဗ်ဗင်န်အရှ်ရဖ်သည် ဤပဋိညာဉ်ကို ဝန်ခံပြီးနောက် မဒီနာရွှေမြို့တော်သို့ ပြန်လည်ရောက်ရှိလာသောအခါ သစ္စာရှင် ကောင်းကင်တမန်တော်ကြီး ဂျိဗ်ရာအီးလ် عليه السلام သည် တမန်တော်မြတ် ﷺ အားဖြစ်စဉ်နှင့် ခံဝန်ကတိပြုမှု အလုံးစုံကို အကျယ်တဝင့် တင်ပြတော်မူ၏။ တမန်တော်မြတ် ﷺ သည် ကအဗ်ဗင်န်အရှ်ရဖ်အား သတ်ဖြတ်ရန် အမိန့်တော်ကို ချမှတ်လိုက်ပေသည်။ သို့ရှိရာ မိုဟမ္မဒ်ဗင်န်မုစလ်လမားဆွဟာဗာကြီးသည် ၄င်းအား သတ်ပစ်လိုက်လေ၏။

ထို့နောက်ပိုင်း၌ ဗနူနသွီးရ်မျိုးနွယ်အုပ်စုတို့၏ အမျိုးမျိုးသော သစ္စာဖောက်မှုများနှင့် သောင်းကျန်းပုန်ကန်မှုများကို တမန်တော်မြတ် ﷺ သည် သိရှိတော်မူလျက် ရှိနေပေသည်။ အကြင်ဖြစ်စဉ်များအတွင်း၌ ဖြစ်စဉ်တစ်ရပ်ကို ကျောထောက်နောက်ခံ၏ ခေါင်းစီးအဖြစ် ရေးသားထားခဲ့ပေသည်။ အကြောင်းမှာ တမန်တော်မြတ် ﷺ အား သတ်ဖြတ်ရန် ဗီဆန့်ပုန်ကန် သောင်းကျန်းမှုကို ပြုကြသောအခါ အကယ်၍တမန်တော်မြတ် ﷺ သည် 'ဝဟီ' ဗျာဒိတ်တော်၏ အကြောင်းခံဖြင့် ထိုဆန့်ကျင်ပုန်ကန်မှု၏ သတင်းကိုချက်ချင်း မသိရှိလိုက်ရပါမူ ထိုသူတို့သည် မိမိတို့၏ ပုန်ကန်သတ်ဖြတ်မှုအား အောင်မြင် အထမြောက်သွားပေတော့မည်။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့ တမန်တော်မြတ် ﷺ အား ထိုင်နိုင်းသော အိမ်၏ အပေါ်သို့ တက်ကာ အလွန်ကြီးမားသော ကျောက်တုံးတစ်တုံးကို တမန်တာ်မြတ် ﷺ ၏ ဦးခေါင်းတော်

ပေါ်သို့ ပစ်ချရန် စီမံကိန်းသည် အနီးစပ်ဆုံးအရ ပြီးဆုံးလုမတတ် ဖြစ်နေပေသည်။ ထိုစီမံကိန်းအား လက်တွေ့ကျကျ အကောင်အထည်ဖော်ပေးမည့်သူ၏ အမည်မှာ အုမရ်ဗင်န်ဂျဟ်ဟားရှ် ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ် ﷺ အား ထိန်းသိမ်းစောင့်ရှောက်တော်မူ၍ ယင်းစီမံကိန်းသည် အထမမြောက်ကာ ရှုံးနိမ့်သွားပေသည်။

သံဝေဂတစ်ရပ်

ဤသည်လည်း အံ့ဖွယ်ကောင်းသော အမှုကိစ္စ ဖြစ်ပေသည်။ နောက်ပိုင်း၌ ဖြစ်ပေါ်လာသော ဖြစ်စဉ်၌ ဗနူနသွီးရ်မျိုးနွယ်အုပ်စုများအားလုံးသည် ပြည်နှင်ဒဏ်ပေးခြင်း ခံရကာ မဒီနာရွှေမြို့တော်မှ ထွက်ခွာသွားရပေသည်။ သို့ရာတွင် ၎င်းတို့အတွင်းမှ လူနှစ်ဦးသည်သာလျှင် မွတ်စ္စလင်မ်ဖြစ်ရှိကာ ငြိမ်းချမ်းစွာ ထိန်းသိမ်းစောင့်ရှောက်ခြင်း ခံထားရပေသည်။ ထိုနှစ်ဦးအတွင်းမှ တစ်ဦးသည် အုမရ်အိဗ်နေ ဂျဟ်ဟားရှ် ဖြစ်ပြီး ဒုတိယလူမှာ ၎င်း၏ ဦးလေးဖြစ်သူ ယာမင်န်ဗင်န်အမရ်ဗင်န်ကအဗ် ဖြစ်ပေသည်။

[အိဗ်နေကစီးရ်]

အမရ်အိဗ်နေအိုမိုက်ယားသွာမ်ရီသခင်ကြီး၏ ဖြစ်စဉ်

ကျော်ထောက်နောက်ခံ သမိုင်း၏ ဖြစ်စဉ်၌ အမရ်အိဗ်နေအိုမိုက်ယားသွားမ်ရီသခင်ကြီး၏ လက်ချက်ဖြင့် လူနှစ်ဦး သေဆုံးသွားကြောင်း တင်ပြထားပေသည်။ ၎င်း၏ သွေးကြွေးလျော်ကြေးကို စုဆောင်းရန် ကြိုးပမ်းမှုကို တမန်တော်မြတ် ﷺ သည် ပြုလုပ်တော်မူနေခြင်း၏ အခန်းကဏ္ဍကွင်းဆက်၌ ဗနူနသွီးရ်မျိုးနွယ်အုပ်စုတို့ထံ အလှူငွေကောက်ခံရန်အတွက် ၎င်းတို့ရပ်ရွာရှိရာဆီသို့ ကြွမြန်းသွားတော်မူခဲ့ပေသည်။ ထိုဖြစ်စဉ်ကို အိဗ်နေကစီးရ်သခင်ကြီးသည် ဤသို့ တင်ပြထားပေသည်။ မွတ်စ္စလင်မ်တို့နှင့် ဆန့်ကျင်ဘက်ကာဖိရ်များ၏ ဖီလာဆန့်ကျင်မှုများနှင့် မတရားသမှုတို့၏ ဖြစ်စဉ်များသည် အလွန်ရှည်လျားလှပေသည်။ ထိုဖြစ်စဉ်များထဲမှ ဖြစ်စဉ်တစ်ရပ်မှာ 'ဗေရေမအူနာ' ဖြစ်စဉ် ဖြစ်ပေသည်။ ထိုရာဇဝင်သမိုင်းသည် အစ္စလာမ့်သမိုင်း၌ ထင်ရှားကျော်ကြားပေသည်။ အချို့သော မုနာဖစ်က်များနှင့် ကာဖိရ်များသည် တမန်တော်မြတ် ﷺ ၏ ထံတော်ပါးမှ အစ္စလာမ်သာသနာအား ဖြန့်ဖြူးရန်အတွက် ဆွဟာဗာသခင်ကြီးများ၏ အဖွဲ့တစ်ရပ်အား မိမိတို့၏ ကျေးရွာတွင် စေလွှတ်ပေးပါရန်' လျှောက်ထား တောင်းခံလာကြပေသည်။ တမန်တော်မြတ် ﷺ သည် ဆွဟာဗာအပါး (၇၀) ကို ၎င်းတို့နှင့် အတူတကွ ထည့်ပေးလိုက်လေသည်။ နောက်ပိုင်း၌မှ '၎င်းတို့၏ ဤသို့ တောင်းခံမှုပြုခြင်းသည် ဆူပူဖီဆန့်မှုပြုရန် သက်သက်သာဖြစ်ကြောင်းမှာ ကွက်ကွက်ကွင်းကွင်း တွေ့မြင်လာပေသည်။ ထိုဆွဟာဗာကြီးများ အားလုံးကို ဝိုင်းရံကာ သတ်ဖြတ်ရန် စီမံကိန်းကို ပြုခဲ့ကြလေသည်။ ၎င်းတို့သည် ထိုစီမံကိန်းအား အကောင်အထည်ဖော်ရာတွင် အောင်မြင်သွားပေသည်။ ထိုအပါး (၇၀) ထဲမှ အမရ်အိဗ်နေအိုမိုက်ယားသွမ်ရီးသခင်ကြီးသည်သာလျှင် လွတ်မြောက်

လာပေသည်။ အကြင်သူတော်စင်ဆွဟာဗာကြီးသည် ယခုမှပင် ကာဖိရ်များ၏ ဤသစ္စာဖောက်မှုနှင့် အလွဲသုံးစား ပြုမှု၊ ထို့ပြင် မိမိ၏ ညီနောင်တော် (၆၉) ပါးကို ကြင်နာမှု ကင်းမဲ့စွာဖြင့် သတ်ဖြတ်ခြင်း ခံနေရခြင်းကို တွေ့မြင်ခဲ့ကြပေသည်။ ၎င်း၏ ဖွဲ့စိတ်၊ ဖွဲ့မာန်သည် ကာဖိရ်များနှင့် ပြန်လည် ယှဉ်ပြိုင်ရာ တွင် အဘယ်မျှအတိုင်းအတာ ရှိနေမည်ဖြစ်ကြောင်းကို လူတိုင်းခန့်မှန်းနိုင်ကြပေသည်။ တိုက်ဆိုင်သည့် အချက်မှာ မဒီနာရွှေမြို့တော်သို့ လာရောက်နေသော အချိန်၌ လမ်းတွင် ၎င်းသည် ကာဖိရ်နှစ်ဦးနှင့် ရင်ဆိုင်လိုက်ရ၍ နှစ်ဦးစလုံးကို သတ်ပစ်လိုက်၏။ နောက်ပိုင်းမှ ဤသူ နှစ်ဦးစလုံးသည် တမန်တော် မြတ် ﷺ ဖြင့် စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုထားသော ဗနူအာမိရ်မျိုးနွယ် အုပ်စုမှဖြစ်ကြောင်းကို သိရှိ လိုက်ရပေသည်။

မွတ်စ္စလင်မ်တို့၏ ပဋိညာဉ်ခံဝန်ချက်များသည် ‘အစပထမကတည်းက ဆန့်ကျင်ခြင်းနှင့် ကတိဖျက်ခြင်းတို့၏ လမ်းကြောင်းကို ရှာဖွေထားပြီးဖြစ်သော ‘မျက်မှောက်ခေတ်ရှိ နိုင်ငံရေးသမားများ လုပ်လေ့လုပ်ထရှိသော ပဋိညာဉ်ခံဝန်ချက်မျိုးများ မဟုတ်ပေ။ အတိတ်ခေတ် မွတ်စ္စလင်မ်များထံ၌မူ နှုတ်လျှာ၊ (သို့မဟုတ်) ကလောင်တံမှ ပြောဆိုရေးသားထားသော အချက်အကြောင်းအရာတို့ကို ဘာသာ သာသနာ့ ရေးအသွင်နှင့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်အသွင်အဖြစ် ထားရှိကြပေသည်။ ထိုပဋိညာဉ်ပါ စည်းကမ်း ချက်များကိုလည်း မုချ တစ်သွေမတိမ်း လိုက်နာကြပေသည်။ တမန်တော်မြတ် ﷺ သည် ထိုမှားယွင်းချက် အား သိမြင်တော်မူသောအခါ သာသနာ့စည်းကမ်းဘောင်နှင့်အညီ ထိုအသတ်ခံရသော သူနှစ်ဦးစလုံး၏ သွေးကြေးလျော်ကြေးကို ပေးဆပ်ရန် ဆုံးဖြတ်ချက် ချတော်မူလိုက်ပေသည်။ ထိုကိစ္စရပ်အတွက် မွတ်စ္စလင်မ် တို့ထံမှ အလှူငွေကို ကောက်ခံပေသည်။ ထိုသို့ ကောက်ခံရာ၌ ဗနူနသွီးရ်မျိုးနွယ်အုပ်စု ရှိရာဆီသို့လည်း အလှူငွေ၊ ပစ္စည်းကောက်ခံတော်မူရန်အတွက် သွားတော်မူခဲ့ပေသည်။ *[အိဗ်နေကဆီးရ်]*

ဗနူနသွီးရ်မျိုးနွယ်အုပ်စုအား ပြည်နှင်ဒဏ်ပေးချိန် အစ္စလာမ်နှင့် မွတ်စ္စလင်မ်တို့၏ ထောက်ထားမှုသည် လက်ရှိ နိုင်ငံရေးသမားတို့အဖို့ သင်ခန်းစာရယူစရာ အမှုကိစ္စဖြစ်ခြင်းအကြောင်း

ယနေ့ မျက်မှောက်ခေတ်ရှိ အကြီးအကဲခေါင်းဆောင်များနှင့် အစိုးရဌာနများသည် လူ့ကျင့်ဝတ် ရေးရာဝတ္တရားတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန် အလွန်အရေးပါသော ဟောပြောသင်ကြားမှုတို့ကို ပြု ပေးကြပေသည်။ ထိုကိစ္စရပ်အား အကောင်အထည်ဖော်ဆောင်ရန်အတွက် အသင်းအဖွဲ့များကိုလည်း တည် ထောင်ထားပေသည်။ ကမ္ဘာလောက၌ လူ့ကျင့်ဝတ်ရေးရာတို့ကို ထိန်းသိမ်းစောင့်ရှောက်သော အကြီး အကဲ ခေါင်းဆောင်ဟူ၍ ခေါ်ဆိုကြပေသည်။ သို့ဆိုလျှင် အနည်းငယ်မျှ အောက်ဖော်ပြပါ ဖြစ်စဉ်ကို စဉ်းစားကြည့်ကြလေကုန်။ အသင်၏ ရှေ့၌ ရောက်ရှိနေသော ဗနူနသွီးရ်မျိုးနွယ်အုပ်စု၏ စဉ်ဆက်မပြတ် သွေဖည်သောင်းကျန်းမှုများ၊ သစ္စာဖောက်မှုများနှင့် တမန်တော်မြတ် ﷺ အား သတ်ဖြတ်ရန် စီမံကိန်း သည် မျက်မှောက်ခေတ်ရှိ နိုင်ငံအရေးအကြီးအကဲ ခေါင်းဆောင်တစ်ဦး၏ ရှေ့ဝယ်သို့ ရောက်ရှိလာမည်

ဆိုလျှင် 'ၾင်းအကြီးအကဲတို့သည် ဤဆန့်ကျင်သောင်းကျန်းသော သူတို့နှင့်အား မည်ကဲ့သို့ ဆက်ဆံမည်' ကို စိတ်နှလုံးအတွင်း၌ နှိုင်းယှဉ်ကြည့်ရှုကုန်။ မျက်မှောက်ခေတ်တွင် အသက်ထင်ရှား ရှိနေသူများအပေါ် ခါတ်ဆီဖျန်း၍ ရှင်းပစ်လိုက်ခြင်းသည် မည်သည့်အုပ်ချုပ်သူ အာဏာရှင်တစ်ဦးမှ လုပ်ရန် မလိုအပ်ပေ။ ယင်းအမှုကို လုပ်ဆောင်ရန်အတွက် အချို့ဆိုးသွမ်းသူများ စုစည်းလုပ်ဆောင်ခြင်းဖြင့်လည်း ယင်းကိစ္စပြီးမြောက်နိုင်ပေသည်။ မျက်မှောက်ခေတ်၌မူ လွတ်ငြိမ်းချမ်းသာခွင့်ပေးကာ ရှင်းထုတ်လိုက်ရန်ကိုလည်း မည်သည့်အကြီးအကဲ ခေါင်းဆောင်တစ်ဦးကသော်လည်းကောင်း၊ အစိုးရအဖွဲ့တစ်ဖွဲ့ကသော်လည်းကောင်း လိုအပ်မည် မဟုတ်ပေ။ အချို့ဆူပူသောင်းကျန်းသူတို့သည် ဆူပူသောင်းကျန်းသော အချက်များကို ပြုမူဆောင်ရွက်ကြပေသည်။ မင်းရိုန်၊ မင်းဝါ၊ မင်းပြစ်၊ မင်းဒဏ်သည် ထိုအချက်ထက် ပြင်းထန်ပေသည်။

သို့ရာတွင် ဤအုပ်ချုပ်မှုသည် အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်မြတ်၏ အုပ်ချုပ်မှုဖြစ်ပေရာ သစ္စာဖောက်မှုများနှင့် အလွဲသုံးစားပြုလုပ်မှုများ အတိုင်းထက်အလွန် ပြုလုပ်လာသော အချိန်အခါ၌လည်း ၄င်းတို့အားလုံးကို သတ်ပစ်လိုက်ခြင်းအား ရည်ရွယ်မထားပေ။ ၄င်းတို့၏ ပစ္စည်းဥစ္စာများကိုလည်း ရယူသိမ်းပိုက်ခြင်းမျိုးကိုပင် စဉ်းစားတော်မမူပေ။ သို့သာမက

(၁) မိမိတို့၏ ပစ္စည်းဥစ္စာများအားလုံးကို ယူဆောင်ကာ မြို့မှ ထွက်ခွာသွားရန်ကိုသာလျှင် ဆုံးဖြတ်တော်မူခဲ့၏။

(၂) ထိုကိစ္စရပ်အတွက် လွယ်ကူစွာဖြင့် မိမိတို့၏ ပစ္စည်းဥစ္စာများကို အတူတကွ ယူဆောင်ကာ ငြိမ်းချမ်းစွာဖြင့် အခြားတစ်နေရာသို့ ပြောင်းရွှေ့နိုင်ရန်အတွက် (၁၀) ရက်တာ အချိန်ပေးတော်မူခဲ့၏။ ထိုအချက်အားလည်း ဆန့်ကျင်ဖီလာမှု ပြုလာသည်ဆိုလျှင် မျိုးနွယ်ရေးဆိုင်ရာ အရေးယူမှုများ ပြုလုပ်လာပေမည်။

(၃) ထို့ကြောင့် ၄င်းတို့အပေါ် စူးရှမှုသက်ရောက်စေရန် 'အချို့သစ်ပင်များကို မီးရှို့၍ အချို့ကို ခုတ်လှဲပစ်လိုက်ရပေသည်။' သို့ရာတွင် ခံတပ်တံတိုင်းအား မီးရှို့ခြင်း၊ (သို့မဟုတ်) အများစုကို သတ်ဖြတ်ခြင်း၏ အမိန့်ကို ထိုအချိန်၌လည်း မထုတ်ပြန်ခဲ့ပေ။

(၄) တစ်ဖန် မတတ်စွမ်း၍ ၄င်းတို့သည် မြို့ကို စွန့်လွှတ်ထွက်ခွာသွားရန် လက်ခံလိုက်သောအခါဝယ် ထိုသို့ တပ်လှန့်ပေးထားသည့် ကြားကပင် 'ကုလားအုတ်တစ်ကောင်အပေါ် တင်နိုင်သမျှ ပစ္စည်း တင်ယူခွင့်' ကို ပြုထားပေသည်။ ထိုခွင့်ပြုချက်၏ အကျိုးဆက်မှာ ၄င်းတို့သည် မိမိတို့ အိမ်များ၏ ထုတ်ပေါက်တန်းများ၊ အခင်းထိုင်စရာများ၊ တံခါးများနှင့် သော့ခလောက်များကို ဖြုတ်ယူကာ တင်ဆောင်သွားကြပေသည်။

(၅) ထိုဝန်စည်စလယ်များနှင့်အတူ ပြောင်းရွှေ့သွားသော သူတို့ကို မည်သည့်မွတ်စလင်မ်တစ်ဦးတစ်ယောက်ကမျှ မျက်စောင်းမျှပင် ထိုး၍ မကြည့်ကြပေ။ ငြိမ်းချမ်းသာယာစွာ သက်တောင့်သက်သာ ဖြစ်စွာနှင့် ပြည့်ဝစွာ တည်ငြိမ်မှုနှင့်အတူ ပစ္စည်းများကို ယူဆောင်၍ ထွက်ခွာသွားကြပေသည်။

တမန်တော်မြတ် ﷺ ၏ ဤအမှုကိစ္စများသည် ရန်သူများအား ပြည့်ပြည့်ဝဝ အစားပြန်လည်ရယူနိုင်သော အချိန်ကာလမျိုး၌ ဖြစ်ပေသည်။ ထိုသစ္စာဖောက်များ၊ အလွဲသုံးစားပြုသူများနှင့် ဆန့်ကျင်သောသူများကို ထိုအချိန်၌ တမန်တော်မြတ် ﷺ ပြုခဲ့သည့် နည်းဥပမာမျိုးကိုပင် မက္ကာဟ်မြို့တော်ကို အောင်နိုင်ပြီးနောက် မိမိ၏ ရန်သူဟောင်းများအားလည်း ထိုကဲ့သို့ပင် ပြုခဲ့ပေသည်။

لِاَوَّلِ الْحَشْرِ (ပထမအကြိမ် စုရုံးကြစဉ်အခါ၌ပင်။) *[၅၉ : ၂]*

ဟူသော အာယသ်တော်တွင် ဗနူနသွီးရ်မျိုးနွယ်အုပ်စု၏ ဤသို့ ပြည်နှင်ဒဏ်ပေးခံရခြင်းကို ကုရ်အာန်ကျမ်းတော်မြတ်သည် 'အောင်ဝလုလ်ဟရှရ်' ဟူ၍ မိန့်တော်မူထားပေသည်။ 'ဟရှရ်' ၏ အဓိပ္ပာယ်မှာ ထ၍ ရပ်ခြင်း ဖြစ်သည်။ ပထမထ၍ ရပ်ခြင်းဟူ၍ မိန့်တော်မူထားရခြင်း အကြောင်းမှာ 'ဤသူတို့သည် အတိတ်ခေတ်အချိန်၌ တစ်နေရာ၌ တည်ထောင်နေထိုင်ကြကာ ပြောင်းရွှေ့ခြင်းနှင့် ပြည်နှင်ဒဏ်ခံရခြင်းသည် ၎င်းတို့အဖို့ ယခု ပထမအကြိမ်အနေဖြင့် ရင်ဆိုင်ရခြင်းဖြစ်ကြောင်း' ဟူသော အချက်ကို စကားပြေအကျဉ်း၌ တင်ပြထားပြီး ဖြစ်ပေသည်။ ဒုတိယအကြောင်းမှာ ဤသို့ပင် ဖြစ်သည်။ အစ္စလာမ်သာသနာ၏ မူရင်းအမိန့်မှာ 'အာရဗ်ကျွန်းစွယ်တစ်ခုလုံးမှ မွတ်စ္စလင်မ်မဟုတ်သော သူတို့ကို မထားရန်' ပင် ဖြစ်သည်။ သို့မှသာ ထိုကျွန်းစွယ်တစ်ခုလုံးသည် မွတ်စ္စလင်မ်တို့အဖို့ ခိုင်မာသော ခံတပ်တစ်ခု ဖြစ်နိုင်လာပေမည်။ ထိုအချက်၏ အကျိုးဆက်တရား၌ 'ဒုတိယအကြိမ် ပြောင်းရွှေ့ခြင်း' ဟူသော ပြည်နှင်ဒဏ်ပေးခြင်း၏ ပုံစံသည် ဟဇရသ်အုမရ်သခင်ကြီး စိုးမိုးအုပ်ချုပ်သော ခေတ်ကာလ၌ လက်တွေ့ကျကျ ပြသခဲ့ပေသည်။ ၎င်းတို့အထဲမှ အကြွင်းသူတို့သည် ပြောင်းရွှေ့ကာ 'ခိုင်ဗရ်'အရပ်ဒေသသို့ သွားရောက်ကာ နေထိုင်ကြကုန်၏။ ၎င်းတို့အားလည်း အာရဗ်ကျွန်းစွယ်မှ ပြင်ပအရပ်ဒေသများသို့ သွားရောက်ရန် မိန့်တော်မူလိုက်ပေသည်။ ထိုအချက်ကို ထောက်ရှု၍ ဗနူနသွီးရ်မျိုးနွယ်အုပ်စု၏ ဤသို့ ပြည်နှင်ဒဏ်ပေးခံရခြင်းကို ပထမရွှေ့ပြောင်းခြင်းနှင့် ဟဇရသ်အုမရ်သခင်ကြီး၏ ခေတ်ကာလ၌ ပြည်နှင်ဒဏ်ပေးခံရခြင်းကို ဒုတိယရွှေ့ပြောင်းမှုဟူ၍ ခေါ်ဆိုကြပေသည်။

فَاَتَاهُمُ اللّٰهُ مِنْ حَيْثُ لَمْ يَحْتَسِبُوْا

ဟူသော အာယသ်တော်မြတ်၏ လုံးချင်းကောက်အဓိပ္ပာယ်မှာ 'အလ္လာဟ်အသျှင်မြတ်သည် ၎င်းထံသို့ ၎င်းတို့ မမျှော်မှန်းထားသော အသွင်မျိုးဖြင့် ရောက်ရှိလာတော်မူပေသည်'ဟူ၍ ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ် လာရောက်တော်မူခြင်း၏ အလိုသဘောမှာ ထိုအသျှင်မြတ်၏ အမိန့်တော်နှင့် အမိန့်တော်ကို နာခံသော ကောင်းကင်တမန်တော်များ လာရောက်ခြင်း ဖြစ်ပေသည်။

يُخْرِبُوْنَ بُيُوْتَهُمْ بِاَيْدِيْهِمْ وَاَيْدِى الْمُؤْمِنِيْنَ

(ထိုသူတို့မှာ မိမိတို့၏ နေအိမ်များကို မိမိတို့၏ လက်များနှင့်လည်းကောင်း၊ မုအ်မင်န်တို့၏ လက်များဖြင့်လည်းကောင်း ဖျက်ဆီးလျက် ရှိကြကုန်၏။) *[၅၉ : ၂]*

ငင်းတို့သည် မိမိတို့၏ အိမ်များအား ဖျက်ဆီးပစ်ခြင်းသည် 'မိမိတို့၏ အိမ်ရှိ တံခါးများကို သော့ခလောက်များပါ တစ်ပါတည်း ရယူရန်အတွက် ဖြုတ်ယူခြင်း'ဟူသော ပုံစံမျိုးဖြစ်၍ မွတ်စလင်မ်တို့၏ လက်ချက်ဖြင့် ပျက်စီးသွားရခြင်း၏ ပုံစံမှာ 'ဤသူတို့သည် ခံတပ်အတွင်း ပိတ်၍ နေကြရာ ငင်းတို့အပေါ် လွှမ်းမိုးအောင်နိုင်မှု၏ စူးရှမှုတရား သက်ရောက်စေရန်အတွက် အပင်များနှင့် အိမ်များကို ပျက်စီးလိုက်ခြင်း ဖြစ်ပေသည်။

مَاقَطَعْتُمْ مِّنْ لِّيْنَةٍ اَوْتَرَكْتُمُوْهَا قَائِمَةً

عَلٰى اُصُوْلِهَا فَبِاِذْنِ اللهِ وَلِيُخْزِىَ الْفَاسِقِيْنَ

(စွန်ပလွံပင်များကို အသင်တို့ ခုတ်လှဲဖြတ်တောက်ခြင်း၊ (သို့မဟုတ်) ယင်းစွန်ပလွံပင်များကို ငင်းတို့၏ အောက်ခြေအမြစ်များအပေါ်၌ ရပ်တည်လျက် ချန်ထားခဲ့ကြခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်နှင့်အညီပင် ဖြစ်သည်။ ထိုအသျှင်မြတ်သည် အမိန့်ကို သွေဖည်သူတို့အား အရှက်ရစေရန်အလို့ငှာ ဖြစ်ပေသည်။) *[၅၉ း ၅]*

'လီနာ'ဟူသော စကားလုံးသည် စွန်ပလွံပင်ကိုင်း၊ (သို့မဟုတ်) 'အဂျ်ဝါး'တို့မှအပ အခြားသော အပင်များအတွက် ခေါ်ဝေါ်သုံးစွဲလေ့ ရှိပေသည်။ ဗနီနသ္သီးရ်မျိုးနွယ်အုပ်စု၏ ဥယျာဉ်များသည် စွန်ပလွံခြံ၊ ဥယျာဉ်များ ဖြစ်ပေသည်။ တံတိုင်းခံတပ်အတွင်း ပိတ်ကာ နေကြမှု အချို့သော ဆွဟာဗာကြီးများသည် ငင်းတို့ကို ဒေါသထွက်စေရန်နှင့် ငင်းတို့အပေါ် ဂုဏ်ရှိန်ဂုဏ်ဝါ သက်ရောက်စေရန်အတွက် ငင်းတို့ပိုင် စွန်ပလွံပင်များအချို့ကို ခုတ်၍လည်းကောင်း၊ (သို့မဟုတ်) အချို့ကို မီးရှို့ကာ ဖျက်ဆီးပစ်လိုက်ကြပေသည်။ အချို့သော ဆွဟာဗာကြီးများက 'အလ္လာဟ်အသျှင်မြတ် အလိုရှိတော်မူမည်ဆိုပါက ကျွန်ုပ်တို့သည် အောင်နိုင်ပေလိမ့်မည်။ ဤအပင်နှင့် ဥယျာဉ်ခြံများသည် မွတ်စလင်မ်တို့၏ လက်ဝယ်အတွင်းသို့သာ ရောက်ရှိလာမည်ဖြစ်ရာ အဘယ်ကြောင့် ဖျက်ဆီးရပေမည်နည်း'ဟူ၍ တွေးခေါ်ကာ ခုတ်ခြင်းနှင့် ရှို့ခြင်းတို့ကို မပြုဘဲ နေလိုက်ကြပေသည်။ ဤသည် တွေးခေါ်ယူဆခြင်း၏ ကွဲပြားချက်သာ ဖြစ်ပေသည်။ နောက်ပိုင်း မိမိတို့အချင်းချင်း စကားလက်ဆုံ ပြောကြသောအခါ ခုတ်ထစ်၊ ရှို့သော ဆွဟာဗာကြီးများက 'ကျွန်ုပ်တို့သည် ပြစ်မှုဒုစရိုက် ကျူးလွန်ခဲ့မိသောသူများ ဖြစ်တန်ကောင်း၏။ အကြောင်းမှာ မွတ်စလင်မ်တို့ ရရှိမည်ဖြစ်သော အရာများကို ဖျက်ဆီးပစ်ခဲ့ပေသည်ဟူ၍ ပူဆွေးသောက ရောက်ရှိသွားပေသည်။ ထိုအချက်အပေါ် အထက်ဖော်ပြပါ အာယသ်တော် ကျရောက်လာပေသည်။ အကြင်အာယသ်တော်သည် နှစ်ဖွဲ့စလုံး၏ ပြုမူဆောင်ရွက်ချက်ကို မှန်ကန်ကြောင်း မိန့်မြွက်ထားတော်မူပေသည်။ နှစ်ဖွဲ့စလုံးကို အလ္လာဟ်အသျှင်မြတ်၏ ခွင့်ပြုချက်အတွင်း ပါဝင်စေပြီး အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို နာခံကြောင်းအား အတည်ပြုထားပေသည်။

တမန်တော်မြတ် ﷺ ၏ အမိန့်သည် စင်စစ်၌ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်သာလျှင်ဖြစ်ကြောင်း၊ ဟဒီးစ်တော်အား ငြင်းဆိုသောသူကို့အား သတိပေးချက်

ဤအာယသ်တော်၌ သစ်ပင်များအား ခုတ်ထစ်၊ ရှုပစ်ခြင်း၊ (သို့မဟုတ်) ထိုအပင်များအား ချန်ထားရစ်ခြင်း၏ ကွဲပြားသော လုပ်ရပ် (၂) ခုစလုံးကို 'အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်၊ ခွင့်ပြုချက်' ဟူ၍ မိန့်တော်မူထားပေသည်။ ဧကန်အမှန် ကုရ်အာန်ကျမ်းတော်မြတ်၏ မည်သည့်အာယသ်တော် တစ်ပုဒ်တစ်ပါဒ၌ပင် လုပ်ရပ်နှစ်ခုစလုံးမှ မည်သည့်လုပ်ရပ်ကိုမှ မိန့်ဆိုထားခြင်း မရှိပေ။ နှစ်ဖွဲ့စလုံး၌ ရှိသောသူတို့သည် မိမိတို့၏ ထိုးထွင်းကြံဆမှုဉာဏ်ဖြင့် ပြုလုပ်ခဲ့ကြခြင်းဖြစ်ကြောင်း'မှာ ထင်ရှားလှပေသည်။ ၎င်းတို့သည် တမန်တော်မြတ် ﷺ ၏ ထံတော်ပါးမှ ပြုလုပ်ခွင့်ကို ရယူထားကြောင်း' အများဆုံးအဆင့်အနေဖြင့် ပြောဆိုနိုင်ပေသည်။ သို့ရာတွင် ကုရ်အာန်ကျမ်းတော်မြတ်သည် ဟဒီးစ်တော်တစ်ရပ်ဖြစ်သော ထိုခွင့်ပြုချက်ကို အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြစ်သည်ဟူ၍ သတ်မှတ် အတည်ပြုပေးကာ 'တမန်တော်မြတ် ﷺ ကို အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ သာသနာ့ပညတ်ချက်များအား ရွေးချယ်ခွင့်ပေးထားကြောင်း၊ တမန်တော်မြတ် ﷺ ချမှတ်အတည်ပြုထားသော ပညတ်ချက်များသည် အလ္လာဟ်အသျှင်မြတ်၏ ပညတ်ချက်အတွင်း၌ ပါဝင်ခြင်းဖြစ်ကြောင်း၊ ထိုပညတ်ချက်အား လိုက်နာခြင်းသည် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များအား လိုက်နာသကဲ့သို့ပင် 'ဖွရ်ဇ်'တာဝန်ဖြစ်ခြင်းအကြောင်း'ဟူသော အချက်တို့ကို ရှင်းလင်းဖော်ထုတ် ပြသလိုက်ပေသည်။

ထိုးထွင်းကြံဆမှုဉာဏ်ဖြင့် ကွဲပြားသွားသော အချက်နှစ်ရပ်စလုံး၌ မည်သည့်အချက်တစ်ရပ်ကိုမဆို ပြစ်မှုဒုစရိုက်ဖြစ်သည်ဟူ၍ ပြောဆို၍ မရနိုင်ခြင်းအကြောင်း

ဤအာယသ်တော်မှ ဒုတိယအခြေခံအရေးကြီးသော ဤအောက်ဖော်ပြပါ အချက်ကိုလည်း သိရှိရပေသည်။ အကြင်သူတို့သည် သာသနာရေးရာ ထိုးထွင်းကြံဆနိုင်ခြင်း၏ အရည်အချင်း ရှိကြပေသည်။ အကယ်၍ ၎င်းတို့၏ ထိုးထွင်းကြံဆ သုံးသပ်ဆုံးဖြတ်ခြင်းသည် ဓမ္မသတ်တစ်ရပ်၌ 'အဖွဲ့တစ်ဖွဲ့သည် ပိုင်သည်'ဟူ၍ သတ်မှတ်ထားကာ အခြားတစ်ဖွဲ့မှာ 'မပိုင်သည်'ဟူ၍ သတ်မှတ်ကာ ကွဲပြားနေသည်ဆိုပါက အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ ဤအမိန့်နှစ်ရပ်စလုံးသည် ပိုင်သွားပေသည်။ ထိုအချက်နှစ်ရပ်စလုံးမှ မည်သည့်အချက်တစ်ရပ်ကိုမဆို ပြစ်မှုဒုစရိုက်ဖြစ်သည်ဟူ၍ မပြောဆိုနိုင်ပေ။ 'ထိုအချက်အပေါ် မကောင်းရာ မြစ်တားခြင်း၏ တရားဥပဒေကို ပြဋ္ဌာန်း၍ မရခြင်း'ကြောင့် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအဖွဲ့နှစ်ဖွဲ့ထဲမှ မည်သည့်အဖွဲ့တစ်ဖွဲ့၏ အချက်တစ်ချက်သည် သာသနာရေးဆိုင်ရာ အချက်အား ငြင်းဆိုခြင်းမျိုး မဟုတ်ပေ။

وَلِيُخْزِىَ الْفَاسِقِيْنَ

(၎င်းပြင် ထိုအသျှင်မြတ်သည် အမိန့်တော်ကို သွေဖည်သောသူတို့အား အရှက်တကွဲ ဖြစ်စေတော်မူရန်အလို့ငှာ ဖြစ်ပေသည်။) *[၅၉ : ၅]*

ဟူသော အာယသ်တော်၌ သစ်ပင်များအား မီးရှို့၊ ခုတ်လှဲခြင်း၏ အပြုအမူကို ပျက်စီးရာ ပျက်စီးကြောင်း ပြုခြင်း၏ လုပ်ရပ်အတွင်း မပါဝင်ကြောင်း၊ သို့သာမက ကာဖိရ်များကို သေးသိမ်စေရန် ရည်ရွယ်ချက်ဖြင့် မုချ အကျိုးစဝါးဗ် ရရှိမည်ဖြစ်ကြောင်း' ဟူသော အကြောင်းပြချက်များကို တင်ပြထားပေသည်။

ဓမ္မသတ် ။ ။ စစ်ဖြစ်နေသော အခြေအနေ၌ ကာဖိရ်များ၏ အိမ်များကို ဖြိုဖျက်ခြင်း၊ (သို့မဟုတ်) မီးရှို့ပစ်ခြင်း၊ ဤနည်းနှင်နှင် သစ်ပင်များ၊ လယ်ယာကိုင်းကျွန်းများကို ဖျက်ဆီးပစ်ခြင်းသည် ပိုင်ပါ၏လော။ (သို့မဟုတ်) မပိုင်၏လော။ ထိုဓမ္မသတ်နှင့် စပ်လျဉ်း၍ ဓမ္မသတ်ပညာရှင်ကြီးများ၏ အဆိုအမျိုးမျိုး ရှိပေသည်။ ဟဇရသ်အေမာမ်အဘူဟာနီဖားသခင်ကြီးထံမှ စစ်ဖြစ်နေသော အချိန်၌ အထက်ဖော်ပြပါ အမှုကိစ္စများအားလုံး ပြုလုပ်ပိုင်ခွင့်ရှိကြောင်း ဆင့်ပြန်ချက် လာရှိထားပေသည်။ သို့ရာတွင် ရှိက်ခ်အိဗ်နေဟုမားမ်သခင်ကြီးသည် ထိုအချက်များကို မပြုမူဘဲ ကာဖိရ်များအပေါ် လွှမ်းမိုးအောင်နိုင်မှု ရယူရန် ခက်ခဲလာသော အချိန်၊ (သို့မဟုတ်) မွတ်စလင်မ်များ အောင်နိုင်မှုရရှိရန် ထင်မြင်မှု မလွှမ်းမိုးနိုင်သော အချိန်၌ ပြုပိုင်ခွင့်ရှိကြောင်း'ကို မိန့်မြွက်ထားပေသည်။ သို့ဆိုလျှင် ဤအထက်ဖော်ပြပါ အမှုကိစ္စအားလုံးကို ပြုပိုင်ခွင့်ရှိသည်ဟူ၍ သတ်မှတ်ထားရခြင်းအကြောင်းမှာ 'ထိုလုပ်ရပ်တို့ဖြင့် ကာဖိရ်များ၏ ဂုဏ်ရှိန်အင်အားကို ချိုးဖျက်ပစ်လိုက်ရန် ရည်ရွယ်ချက်တို့ကြောင့်လည်းကောင်း၊ (သို့မဟုတ်) မအောင်နိုင်သော ပုံစံ၌လည်း ၎င်းတို့၏ ဥစ္စာပစ္စည်းများကို ဖျက်ဆီးပစ်လိုက်ခြင်းသည်လည်းကောင်း ၎င်းတို့၏ အင်အားကို ရိုက်ချိုးပစ်လိုက်ခြင်းသည် ပြုပိုင်ခွင့်ရှိသော အချက်၌ ပါဝင်ကြောင်း'ကို တင်ပြထားပေသည်။ *[မဇ္ဈဟရီကျမ်း]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَمَآ أَفَآءَ اللّٰهُ عَلٰى رَسُوْلِهٖ مِنْهُمْ فَمَآ أَوْجَفْتُمْ عَلَيْهِ مِنْ خَيْلٍ وَّلَا رِكَابٍ وَّلٰكِنَّ
اللّٰهَ يُسَلِّطُ رُسُلَهٗ عَلٰى مَنْ يَّشَآءُ ۚ وَاللّٰهُ عَلٰى كُلِّ شَىْءٍ قَدِيْرٌ ۝

၅၉ : ၆ ။ ။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရစူလ်တမန်တော်မြတ်အား ၎င်းတို့ထံမှ (ဖိုင်အ်) လက်ရပစ္စည်းအဖြစ် သိမ်းပိုက်စေတော်မူခဲ့သော အရာများမှာမူ၊ အသင်တို့သည် ယင်းပစ္စည်းများအပေါ်သို့ မြင်းများကို (စီးနင်း၍) မောင်းနှင်ခဲ့ကြသည်လည်း မဟုတ်ပေ။ ကုလားအုတ်များကို (စီးနင်း၍ မောင်းနှင်ခဲ့ကြသည်လည်း မဟုတ်ပေ။) စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရစူလ်တမန်တော်များအား မိမိအလိုရှိတော်မူသော သူတို့အပေါ်ဝယ် လွှမ်းမိုးစေတော်မူ၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

[စစ်မြေပြင်တွင် ရန်သူများနှင့် ယှဉ်ပြိုင်တိုက်ခိုက်ခြင်းမရှိဘဲ သိမ်းပိုက်ရရှိသော လက်ရပစ္စည်းကို 'ဖိုင်အ်' ဟုခေါ်၍ ရန်သူများနှင့် တိုက်ခိုက်၍ သိမ်းပိုက်ရရှိသော လက်ရပစ္စည်းကို 'ဂနီမသ်' အပြင် 'နဖလ်'၊ 'အန်ဖာန်' ဟုလည်း ခေါ်ဆိုသည်။ 'ဂနီမသ်' ပစ္စည်းများအနက် (၅) ပုံ (၁) ပုံသည် တမန်တော်မြတ်နှင့် သက်ဆိုင်၍ ကျန်လေးပုံသည် သက်ဆိုင်ရာ စစ်သည်များအား ခွဲဝေပေးရသည်။]

مَآ أَفَآءَ ٱللَّهُ عَلَىٰ رَسُولِهِۦ مِنْ أَهْلِ ٱلْقُرَىٰ فَلِلَّهِ وَلِلرَّسُولِ
وَلِذِى ٱلْقُرْبَىٰ وَٱلْيَتَٰمَىٰ وَٱلْمَسَٰكِينِ وَٱبْنِ ٱلسَّبِيلِ كَىْ لَا
يَكُونَ دُولَةًۢ بَيْنَ ٱلْأَغْنِيَآءِ مِنكُمْ ۚ وَمَآ ءَاتَىٰكُمُ ٱلرَّسُولُ فَخُذُوهُ وَ
مَا نَهَىٰكُمْ عَنْهُ فَٱنتَهُوا۟ ۚ وَٱتَّقُوا۟ ٱللَّهَ ۖ إِنَّ ٱللَّهَ شَدِيدُ ٱلْعِقَابِ ۝٧

၅၉ : ၇ ။ ။ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရစူလ်တမန်တော်မြတ်အား မြို့ရွာများတွင် နေထိုင်သောသူတို့ထံမှ (ဖိုင်အ်) လက်ရပစ္စည်းများအဖြစ် သိမ်းပိုက်စေတော်မူခဲ့သော အရာများသည် အလ္လာဟ်အသျှင်မြတ်နှင့်သာ သက်ဆိုင်၏။ ထို့ပြင် ရစူလ်တမန်တော်မြတ်နှင့်လည်းကောင်း၊ (ထိုရစူလ်တမန်တော်မြတ်၏) ဆွေရင်းသားရင်းတို့နှင့်လည်းကောင်း၊ ဖမဲ့ ကလေးသူငယ်တို့နှင့်လည်းကောင်း၊ သူဆင်းရဲတို့နှင့်လည်းကောင်း၊ ခရီးသည်တို့နှင့်လည်းကောင်း သက်ဆိုင်၏။ (ယင်းကဲ့သို့ ပြဋ္ဌာန်းတော်မူခြင်းမှာ) ယင်းလက်ရပစ္စည်းများသည် အသင်တို့အနက် ကုံလုံကြွယ်ဝသော သူတို့၏ အကြား၌သာ လည်နေသော ပစ္စည်းများ မဖြစ်စေရန် (ပြဋ္ဌာန်းတော်မူခြင်း) ပင် (ဖြစ်၏။) ထို့ပြင် အသင်တို့သည် မိမိတို့ ရစူလ်တမန်တော်မြတ်က ပေးခဲ့သည်ကို ယူကြလေကုန်။ ထိုနည်းတူစွာ ထိုရစူလ်တမန်တော်မြတ်က တားမြစ်တော်မူသည်မှ ရှောင်ကြဉ်ကြလေကုန်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် ပြင်းထန်စွာ အပြစ်ပေးတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

لِلْفُقَرَآءِ ٱلْمُهَٰجِرِينَ ٱلَّذِينَ أُخْرِجُوا۟ مِن دِيَٰرِهِمْ وَأَمْوَٰلِهِمْ
يَبْتَغُونَ فَضْلًا مِّنَ ٱللَّهِ وَرِضْوَٰنًا وَيَنصُرُونَ ٱللَّهَ وَرَسُولَهُۥٓ ۚ
أُو۟لَٰٓئِكَ هُمُ ٱلصَّٰدِقُونَ ۝٨

၅၉ : ၈ ။ ။ ('ဖိုင်အ်' လက်ရပစ္စည်းများသည်) အကြင် 'မုဟာဂျိရီးန်' (မက္ကာဟ်မြို့တော်မှ) ရွှေ့ပြောင်းခဲ့ကြသော သူဆင်းရဲတို့နှင့် (အထူး) သက်ဆိုင်၏။ ထိုသူတို့သည် မိမိတို့၏ နေအိမ်များကိုလည်းကောင်း၊ မိမိတို့၏ ဥစ္စာပစ္စည်းများကို လည်းကောင်း စွန့်၍ ထွက်ခဲ့ကြရကုန်၏။ ထိုသူတို့မှာ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်ကိုလည်းကောင်း၊ ကျေနပ်မှုကို လည်းကောင်း ရှာဖွေဆည်းပူးလျက် ရှိကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အားလည်းကောင်း ကူညီကြကုန်၏။ ထိုသူတို့သည်ပင်လျှင် သစ္စာဝါဒီများ ဖြစ်ကြကုန်၏။

وَالَّذِيْنَ تَبَوَّؤُ الدَّارَ وَالْاِيْمَانَ مِنْ
قَبْلِهِمْ يُحِبُّوْنَ مَنْ هَاجَرَ اِلَيْهِمْ وَلَا يَجِدُوْنَ فِيْ صُدُوْرِهِمْ
حَاجَةً مِّمَّآ اُوْتُوْا وَيُؤْثِرُوْنَ عَلٰٓى اَنْفُسِهِمْ وَلَوْ كَانَ بِهِمْ
خَصَاصَةٌ ۗ وَمَنْ يُّوْقَ شُحَّ نَفْسِهٖ فَاُولٰٓئِكَ هُمُ الْمُفْلِحُوْنَ ۚ﴿٩﴾

၅၉ : ၉ ။ ။ ထို့ပြင် အကြင်သူတို့နှင့်လည်း သက်ဆိုင်၏။ ထိုသူတို့သည် ၄င်း 'မုဟာဂျိရီးန်' တို့ (ရောက်မလာမီ) အလျင်ကပင် 'ဒါရွလ်အစ္စလာမ်' အစ္စလာမ့်မြို့တော်၌ နေထိုင်လျက်ရှိကြပြီး၊ အီမာန်သက်ဝင်ယုံကြည်မှုတွင် ကြံ့ခိုင်စွာ ရှိခဲ့ကြကုန်၏။ ၄င်းတို့သည် မိမိတို့ထံ ရွှေ့ပြောင်းခဲ့ကြသော သူတို့အား ချစ်မြတ်နိုးကြကုန်၏။ ထို့ပြင် ၄င်းတို့သည် ထို 'မုဟာဂျိရ်' များ ရရှိကြသော ပစ္စည်းများအပေါ် မည်သည့်တစ်စုံတစ်ရာ မကျေနပ်မှုလည်း မရှိခဲ့ကြပေ။ ထို့ပြင် ၄င်းတို့သည် မိမိတို့ကိုယ်တိုင် ငတ်မွတ်ခြင်း ခံရနေသော်လည်း (ထို 'မုဟာဂျိရ်'တို့အား) မိမိတို့ထက် ဦးစားပေး ကြကုန်၏။ စင်စစ် မည်သူမဆို မိမိကိုယ် မိမိ၏ လောဘရမ္မက်နှင့် ကင်းဝေးမည်ဆိုပါက ထိုကဲ့သို့သော သူတို့သည် အောင်မြင်သူများ ဖြစ်ကြပေသည်။

وَالَّذِيْنَ جَآءُوْ مِنْۢ بَعْدِهِمْ يَقُوْلُوْنَ رَبَّنَا اغْفِرْ لَنَا وَلِاِخْوَانِنَا
الَّذِيْنَ سَبَقُوْنَا بِالْاِيْمَانِ وَلَا تَجْعَلْ فِيْ قُلُوْبِنَا غِلًّا لِّلَّذِيْنَ
اٰمَنُوْا رَبَّنَآ اِنَّكَ رَءُوْفٌ رَّحِيْمٌ ﴿١٠﴾

၅၉ : ၁၀ ။ ။ ထို့ပြင် ၄င်းတို့နောက် လာကြသော သူတို့နှင့်လည်း သက်ဆိုင်၏။ ထိုသူတို့ (ဤသို့) ပန်ကြားကြကုန်၏။ 'အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အားလည်းကောင်း၊ အီမာန် သက်ဝင်ယုံကြည်မှုတွင် ကျွန်တော်မျိုးတို့ထက် ဦးခဲ့ကြသော ကျွန်တော်မျိုးတို့၏ နောင်တော်တို့အားလည်းကောင်း ခွင့်လွှတ် ချမ်းသာပေးတော်မူပါ။ ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးတို့၏ စိတ်တွင်းဝယ် မုအ်မင်န်သက်ဝင်ယုံကြည်သူတို့နှင့် ပတ်သက်၍ ရန်ငြိုးတစ်စုံတစ်ရာကိုမျှပင် ဖြစ်ပေါ်စေတော်မမူပါနှင့်။ အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ ဧကန်မလွဲ အသျှင်မြတ်သည် လွန်စွာ သိမ်မွေ့တော်မူသော အသျှင်၊ လွန်စွာ ကရုဏာ ပြုတော်မူသော အသျှင်မြတ် ဖြစ်တော်မူပါသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အထက်၌ တင်ပြခဲ့သော အကြောင်းသည် ဗနူနသွီးရ်မျိုးနွယ်အုပ်စုတို့၏ အသက်ဇီဝိန်များနှင့် စပ်လျဉ်းသော အမှုကိစ္စဖြစ်ပေသည်။ ၄င်းတို့၏ ဥစ္စာပစ္စည်းနှင့် စပ်လျဉ်းသော အမှုကိစ္စကို ဤသို့ တင်ပြထားပေသည်။) ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရစူလ်တမန်တော်မြတ်အား ၄င်းတို့ထံမှ (ဖိုင်အ်) လက်ရပစ္စည်းအဖြစ် သိမ်းပိုက်စေတော်မူခဲ့သော အရာများမှာမူ (ထိုသို့ ရရှိခြင်း၌ အသင်တို့အဖို့ ပင်ပန်းခက်ခဲမှု တစ်စုံတစ်ရာမျှလည်း မရှိပေ။ သို့ရှိရာ) အသင်တို့သည် ယင်းပစ္စည်းများအပေါ်သို့ (ဆိုလိုသည်မှာ

ထိုအရာများကို ရရှိခြင်းအပေါ်) မြင်းများကို (စီးနင်း၍) မောင်းနှင်ခဲ့ကြသည်လည်း မဟုတ်။ ကုလားအုတ်များကို (စီးနင်း၍ မောင်းနှင်ခဲ့ကြသည်လည်း မဟုတ်။ အလိုသဘောမှာ ခရီး၏ ခက်ခဲမှုဒဏ်ကိုလည်း မခံစားရပေ။ အဘယ်ကြောင့်ဆိုသော် မဒီနာမြို့နှင့် နှစ်မိုင်ဝေးကွာသော အရပ်ဒေသမှ ရရှိခဲ့ခြင်းဖြစ်သည်။ တိုက်ခိုက်မှုကိုလည်း မပြုခဲ့ရပေ။ အကြိမ်အရေအတွက်များစွာလည်း မဟုတ်ဘဲ ယှဉ်ပြိုင်ခြင်းသည် အမည်ထားရှိခြင်း ဖြစ်ပေသည်။ ရှူးဟ်ကျမ်း၌ ဤအတိုင်း တင်ပြထားပေသည်။ ထို့ကြောင့် ဤပစ္စည်းဥစ္စာသည် သုံ့ပန်းပစ္စည်းကဲ့သို့ ခွဲဝေ၊ ပိုင်ဆိုင်ခြင်းခံရသည့် ထိုက်တန်သော ပစ္စည်းမျိုး မဟုတ်ပေ။) စင်စစ် အလ္လာဟ်အသျှင်မြတ် (၏ ဓလေ့တော်) သည် မိမိ၏ ရစူလ်တမန်တော်များအား (ရန်သူများမှ အထူးသဖြင့်) မိမိ အလိုရှိတော်မူသော သူတို့အပေါ်ဝယ် လွှမ်းမိုးစေတော်မူ၏။ (အကြင်ကဲ့သို့ အောင်နိုင်မှု ရရှိရာ၌ မည်သူတစ်ဦးတစ်ယောက်မျှ ပင်ပန်းဆင်းရဲခြင်းကို မခံစားရပေ။ သို့ရှိရာ ထိုရစူလ်တမန်တော်များထဲမှ မိမိ၏ ရစူလ်တမန်တော်ဖြစ်သော မိုဟမ္မဒ် ﷺ အပေါ်ဝယ် ဗနူနသွီးရ်မျိုးနွယ်အုပ်စု၏ ဥစ္စာပစ္စည်းများကို လွှမ်းမိုးစေတော်မူလိုက်၏။ ထို့ကြောင့် ယင်းဥစ္စာပစ္စည်း၌ အသင်တို့အဖို့ ရယူပိုင်ဆိုင်ခွင့် တစ်စုံတစ်ရာမျှ မရှိပေ။ သို့သာမက ထိုပစ္စည်းဥစ္စာများအား ပြည့်ဝစွာ ချယ်လှယ်နိုင်စွမ်းသည် တမန်တော်မြတ် ﷺ အဖို့သာ ဖြစ်ပေသည်။) စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

(စစ်မြေပြင်တွင် ရန်သူများနှင့် ယှဉ်ပြိုင်တိုက်ခိုက်ခြင်းမရှိဘဲ သိမ်းပိုက်ရရှိသော လက်ရပစ္စည်းကို 'ဖိုင်အ်' ဟုခေါ်၍ ရန်သူများနှင့် တိုက်ခိုက်၍ သိမ်းပိုက်ရရှိသော လက်ရပစ္စည်းကို 'ဂနီမသ်' အပြင် 'နမလ်'၊ 'အန်ဖာန်' ဟုလည်း ခေါ်ဆိုသည်။ 'ဂနီမသ်' ပစ္စည်းများအနက် (၅) ပုံ (၁) ပုံသည် တမန်တော်မြတ် ﷺ နှင့် သက်ဆိုင်၍ ကျန်လေးပုံသည် သက်ဆိုင်ရာ စစ်သည်များအား ခွဲဝေပေးရသည်။ သို့ရှိရာ ထိုအသျှင်မြတ်သည် အကြင်ကဲ့သို့ ရန်သူများကို အရေးနိမ့်စေ၍ ထိုကဲ့သို့ပင် မိမိ၏ ရစူလ်တမန်တော်မြတ် ﷺ ကို ရွေးချယ်နိုင်စွမ်း ချီးမြှင့်ပေးသနားထားတော်မူပေသည်။ ပမာဆိုရသော် ဗနူနသွီးရ်မျိုးနွယ်အုပ်စု၏ ပစ္စည်းသည် ဤအမိန့်သာလျှင် ဖြစ်ပေသည်။)

(ဤကဲ့သို့ပင်) အလ္လာဟ်အသျှင်မြတ်သည် (ထိုပုံစံကဲ့သို့) မိမိ၏ ရစူလ်တမန်တော်မြတ်အား (အခြားသော) မြို့ရွာများတွင် နေထိုင်သော (ကာဖိရ်) တို့ထံမှ ('ဖဒပ်က်' ဥယျာဉ်နှင့် 'ခိုက်ဗရ်' ၏ အစိတ်အပိုင်းဒေသတစ်ခုကဲ့သို့သော ဖိုင်အ်) လက်ရပစ္စည်းများအဖြစ် သိမ်းပိုက်စေတော်မူခဲ့သော အရာများသည် (လည်း အသင်တို့အဖို့ တစ်စုံတစ်ရာ ရယူပိုင်ဆိုင်ခွင့် မရှိဘဲ သို့သာမက ထိုအရာပစ္စည်းများသည်) လည်း အလ္လာဟ်အသျှင်မြတ်နှင့်သာ သက်ဆိုင်ပေ၏။ (ဆိုလိုသည်မှာ ထိုအသျှင်မြတ် နှစ်မြို့တော်မူသလို အမိန့်ပေးတော်မူမည် ဖြစ်သည်။ ဤကဲ့သို့ပင် အခြားသော အမှုကိစ္စ အရာများသည်လည်း ထိုအသျှင်မြတ်သည်သာလျှင် အမိန့်ပေးတော်မူခွင့် ရှိပေသည်။ ရယူပိုင်ဆိုင်ခွင့်ကို အထူးပြုထားခြင်းသည် 'ဟစ္စရ်' ကိုအတွက်သာလျှင် မဟုတ်ဘဲ) ထို့ပြင် ရစူလ်တမန်တော်မြတ်နှင့်လည်းကောင်း၊ (အလ္လာဟ်အသျှင်မြတ်သည် ရစူလ်တမန်တော်မြတ်အား ထိုပစ္စည်းများ၌ မိမိ၏ မှန်ကန်သော အရှုအမြင်ဖြင့် ပိုင်ဆိုင်ချယ်လှယ်နိုင်ခွင့်ကို

ပေးသနားထားတော်မူပေသည်။ ထိုရစူလ်တမန်တော်မြတ်၏) ဆွေရင်းသားရင်းတို့နှင့်လည်းကောင်း၊ ဖမဲ့ကလေးသူငယ်တို့နှင့်လည်းကောင်း၊ သူဆင်းရဲတို့နှင့်လည်းကောင်း၊ ခရီးသည်တို့နှင့်လည်းကောင်း သက်ဆိုင်၏။ (ဆိုလိုသည်မှာ တင်ပြပါသုံးစွဲခွင့် ပေးထားသူတို့အား တမန်တော်မြတ် ﷺ ၏ မှန်ကန်သော ရှုမြင်သုံးသပ်ချက်နှင့်အညီ ထိုပစ္စည်းများအား သုံးစွဲစေခွင့် ပေးထားပေသည်။ အထက်တင်ပြပါသူများသည်သာမက တမန်တော်မြတ် ﷺ သည် မိမိ၏ အကြံဉာဏ်တော်ဖြင့် ပေးလိုသည့်သူကိုလည်း ပေးပိုင်ခွင့်ရှိကြောင်း ပါဝင်ပေသည်။ အထက်ဖော်ပါ လူတန်းစားများအား သီးသန့်ပုံစံမျိုးဖြင့် တင်ပြထားရခြင်း အကြောင်းမှာ ဤအောက်ဖော်ပြပါ အချက်၏ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။)

('ဂျိဟားဒ်'စစ်ပွဲ၌ ဝင်ရောက် ဆင်နွှဲသူတို့သည်လည်း ထိုပစ္စည်းများကို ပိုင်ဆိုင်ခွင့်မရှိ ဖြစ်ပေရာ အထက်ပါ လူတန်းစားတို့လည်း ပါဝင်တိုက်ခိုက်ခြင်း မရှိခြင်းကြောင့် ထိုသူတို့အဖို့လည်း ပိုင်ဆိုင်ခွင့် ရှိမည် မဟုတ်ပေ။ သို့ရာတွင် အာယသ်တော်၌ ၎င်းတို့အား တင်ပြခြင်းသည် ၎င်းတို့၏ သီးသန့်ဝိသေသ အချက်ဖြစ်သော ဖတာဆိုးကလေးဖြစ်ခြင်း၊ ဆင်းရဲခြင်း၊ ခရီးသည်ဖြစ်ခြင်း စသော အချက်အလက်များဖြင့် တင်ပြထားခြင်းသည် 'ဤသူတို့သည် မိမိတို့၏ ထိုဝိသေသအချက်အလက်များကြောင့် ထိုပစ္စည်းအား သုံးပိုင်ခွင့်ရှိခြင်းမှာ တမန်တော်မြတ် ﷺ သာ ဖြစ်ပေသည်။ 'ဂျိဟားဒ်'စစ်ပွဲနှင့် မသက်ဆိုင်ပေ။ တစ်ဖန် ထိုဂုဏ်ထူးဝိသေသ အချက်များအတွင်း၌ ဆွေရင်း၊ သားရင်းတို့ဟူ၍လည်း လာရှိထားပေသည်။ ဆိုလိုသည်မှာ တမန်တော်မြတ် ﷺ ၏ ဆွေရင်းသားရင်းတို့အဖို့လည်း သက်ဆိုင်ပေသည်။ ၎င်းတို့ကို ဤပစ္စည်းဥစ္စာ အား ပေးရခြင်းအကြောင်းမှာ ဤသူများအားလုံးသည် တမန်တော်မြတ် ﷺ အား ကူညီသောသူများ ဖြစ်ခဲ့သည့် အကြောင်းပင် ဖြစ်ပေသည်။ အခက်အခဲနှင့် ကြုံတွေ့ရသော အချိန်တိုင်း၌ အသုံးဝင်ခဲ့ခြင်းလည်း ဖြစ်ကြပေသည်။ ဤဝေစုဝေပုံသည် တမန်တော်မြတ် ﷺ 'ဝဖားသ်' (ကွယ်လွန်တော်) မူပြီးနောက် ပြတ်တောက်သွားပေသည်။ ပမာဆိုရသော် စူရာဟ် 'အန်ဖားလ်'အတွင်း၌ ထိုအကြောင်းအား တင်ပြထားပြီး ဖြစ်ဇပေသည်။ ယင်းကဲ့သို့ ပြဋ္ဌာန်းတော်မူခြင်းမှာ) ယင်းလက်ရပစ္စည်းများသည် အသင်တို့အနက် ကုံလုံကြွယ်ဝသော သူတို့၏ ထံပါး၌သာ ရှိနေသော ပစ္စည်းများ မဖြစ်စေရန် (ပြဋ္ဌာန်းတော်မူခြင်း) ပင် (ဖြစ်၏။ ပမာဆိုရသော် အမိုက်ခေတ်ကာလ၌ သုံ့ပန်းပစ္စည်းနှင့် စစ်ပွဲမှ လက်ရပစ္စည်းများအားလုံးကို ခေါင်းဆောင်ပိုင်း အကြီးအကဲတို့သာလျှင် ရယူပိုင်ဆိုင်ကြပေသည်။ သူဆင်းရဲ တို့သည် လုံးဝ လက်မဲ့အဖြစ် ကျန်ရစ်ခဲ့ကြသည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ် ﷺ သည် ပိုင်ဆိုင်သောသူ ဖြစ်နေသည့်ကြားကပင် သို့တစေလည်း လိုအပ်ချက် ရှိနေသောသူများနှင့် အများအကျိုး သယ်ပိုးဆောင်ရွက်ရမည့် နေရာ၌ သုံးစွဲရန်'ဟူ၍ သုံးစွဲခွင့်ရှိသော သူတို့ကို ပြဆိုလိုက်ပေသည်။) ထို့ပြင် (တမန်တော်မြတ် ﷺ ၏ အကြံအစည်အပေါ် တည်ရှိခြင်း၏ အမြော်အမြင်တော်ကို သိရှိသွားရသောအခါဝယ်) အသင်တို့သည် မိမိတို့အား ရစူလ်တမန်တော်မြတ် ﷺ က ပေးခဲ့သည်ကို ယူကြလေကုန်။ ထိုနည်းတူစွာ ထိုရစူလ်တမန်တော်မြတ်က (ရယူခြင်းမှ) တားမြစ်တော်မူသည်မှ ရှောင်ကြဉ်ကြလေကုန်။ (စကားလုံးတော်များအားလုံးကို ခြုံငုံ၍ ၎င်းအမူကိစ္စတိုင်း၊ အမိန့်တော်များအားလုံးတို့၌ လည်း ဤအမိန့်သည်သာလျှင် အကျုံးဝင်ပေ

သည်။) ထို့ပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ စကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် ပြင်းထန်စွာ အပြစ်ပေးတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

(ရှုထောင့်တစ်ရပ်အရ ကြည့်ရှုပါ။ ခြုံငုံလှစွာသော သဘောမျိုးဖြင့် လက်ရပစ္စည်းသည် သူဆင်းရဲများအားလုံးတို့အဖို့ ပိုင်ဆိုင်ခွင့် ရှိပေသည်။ သို့ရာတွင်) 'ဖိုက်အ်'လက်ရပစ္စည်းများသည်) အကြင် 'မုဟာဂျိရ်' (မက္ကာဟ်မြို့တော်မှ) ရွှေ့ပြောင်းခဲ့ကြသော သူဆင်းရဲတို့နှင့် (အထူး) သက်ဆိုင်၏။ ထိုသူတို့သည် မိမိတို့၏ နေအိမ်များကိုလည်းကောင်း၊ မိမိတို့၏ ဥစ္စာပစ္စည်းများကိုလည်းကောင်း စွန့်၍ ထွက်ခဲ့ကြရကုန်၏။ (ဆိုလိုသည်မှာ ကာဖိရ်များသည် ၎င်းတို့အနေဖြင့် 'အိုးအိမ်၊ ပစ္စည်းများကို စွန့်လွှတ်ကာ ပြောင်းရွှေ့သွားရန်အတွက် စိတ်ကျဉ်းကြပ်အောင် ပြုလာကြပေသည်။ ထိုပြောင်းရွှေ့မှုကြောင့်) ထိုသူတို့မှာ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်ကိုလည်းကောင်း၊ (ဂျန္နသ်) ကျေနပ်မှုကိုလည်းကောင်း ရှာဖွေဆည်းပူးလျက် ရှိကြကုန်၏။ (မည်သည့်လောကီရေးရာ ရည်ရွယ်ချက် တစ်စုံတစ်ရာကြောင့် ပြောင်းရွှေ့ခြင်းမျိုး မဟုတ်ပေ။) ၎င်းပြင် ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အားလည်းကောင်း (သို့မဟုတ် ဒီးန်သာသနာအားလည်းကောင်း) ကူညီကြကုန်၏။ ထိုသူတို့သည်ပင်လျှင် (အီမာန်၏) သစ္စာဝါဒီများ ဖြစ်ကြကုန်၏။

ထို့ပြင် အကြင်သူတို့နှင့်လည်း သက်ဆိုင်၏။ ထိုသူတို့သည် ၎င်း 'မုဟာဂျိရီးန်' တို့ (ရောက်မလာမီ) အလျှင်ကပင် 'ဒါရွလ်အစ္စလာမ်' အစ္စလာမ့်မြို့တော်၌ နေထိုင်လျက်ရှိကြပြီး၊ အီမာန်သက်ဝင်ယုံကြည်မှုတွင် ကြံ့ခိုင်စွာ ရှိခဲ့ကြကုန်၏။ (အလိုသဘောမှာ အန်စွာရီအမျိုးသားများ ဖြစ်ပေသည်။ မဒီနာမြို့၌ အစကနဦးကပင် နေထိုင်ခြင်း အလိုသဘောမှာ '၎င်းတို့သည် မဒီနာမြို့၌ နေထိုင်သူများဖြစ်ကြောင်း' ဟူ၍ ထင်ရှားလှပေသည်။ အီမာန်အရာ၌ အစကနဦးပိုင်းကတည်းက ကြံ့ခိုင်စွာ တည်ရှိနေခြင်း အလိုသဘောမှာ 'အန်စွာရီများ၏ အီမာန်သည် 'မုဟာဂျိရ်'များထက် ဦးစွာ ရယူထားသည်'ဟူ၍ သဘောမျိုးမဟုတ်ဘဲ သို့သာမက ၎င်းတို့၏ မူရင်းအီမာန်သည် 'မုဟာဂျိရ်'များ အီမာန်ရယူခြင်းထက် နောက်ကျသည်ဖြစ်စေ၊ ထို 'မုဟာဂျိရ်'များ မဒီနာမြို့တော်သို့ မရောက်လာမီ အလျှင်ကတည်းက ဤပုဂ္ဂိုလ်များသည် အစ္စလာမ်သာသနာကို ရယူထားပြီးဖြစ်ပေသည်' ဟူသော အလိုသဘော ဖြစ်ပေသည်။) ၎င်းတို့သည် မိမိတို့ထံ ရွှေ့ပြောင်းခဲ့ကြသော သူတို့အား ချစ်မြတ်နိုးကြကုန်၏။ ထို့ပြင် ၎င်းတို့သည် ထို 'မုဟာဂျိရ်'များ ရရှိကြသော (သုံ့ပန်းပစ္စည်း အစရှိသော) ပစ္စည်းများကြောင့် (ဤအန်စွာရီတို့သည် မိမိတို့၏ ချစ်ခင်မြတ်နိုးမှုကြောင့်) မိမိတို့၏ စိတ်ထဲ၌ တစ်စုံတစ်ရာ မကျေနပ်မှုကို တွေ့ရှိခံစားကြရသည် မဟုတ်ပေ။ ထို့ပြင် (သို့သာမက ထို့ထက်ပင် ပို၍ ချစ်ခင်မှုကို ထားရှိကြပေသည်။ အကြောင်းမှာ ကျွေးမွေးခြင်း၏ ကဏ္ဍရပ်၌ ၎င်းတို့ကို) မိမိတို့ကိုယ်တိုင် ငတ်မွတ်နေသော်လည်း (ထို 'မုဟာဂျိရ်'တို့အား) မိမိတို့ထက် ဦးစားပေးကြကုန်၏။ (ဆိုလိုသည်မှာ တစ်ခါတစ်ရံ၌ ဆာလောင်စွာဖြင့် ရှိနေကြသော 'မုဟာဂျိရ်' များကို ကျွေးမွေးကြပေသည်။) စင်စစ် (အမှန်တကယ်) မည်သူမဆို မိမိတို့ကိုယ်တိုင်၏ လောဘရမ္မက်ကြီးမှုနှင့် ကင်းလွတ်စေခြင်းကို ခံရလျှင် (ပမာဆိုရသော် ဤသူတို့ပင် ဖြစ်ပေသည်။ ၎င်းတို့အား အလ္လာဟ်အသျှင်

မြတ်သည် အဆိုပါ လောဘရမ္မက်မှ ကင်းလွတ်စွာ ထားရှိခဲ့သည့်အတွက် ၎င်းသူတို့သည် အောင်မြင်သူများ ဖြစ်ကြပေသည်။

ထို့ပြင် ၎င်းတို့နောက်မှ လာကြသော သူတို့နှင့်လည်း (လက်ရပစ္စည်းသည်) သက်ဆိုင်၏။ (အကြင်သူတို့သည် မဒီနာမြို့၌သော်လည်းကောင်း၊ (သို့မဟုတ်) 'ဟီဂျ်ရသ်'ပြု ပြောင်းရွှေ့ရာ၌သော်လည်းကောင်း၊ (သို့မဟုတ်) ကမ္ဘာလောက၌ ထိုအထက်တင်ပြပါ 'မုဟာဂျီရ်'များနှင့် အန်စွာရီများထက် နောက်ကျမှ လာရောက်ကြပေသည်။ (သို့မဟုတ်) လာရောက်ပေလိမ့်မည်။) 'အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အားလည်းကောင်း၊ (မူရင်းအီမာန်၏ အရာ၌ဖြစ်စေ၊ (သို့မဟုတ်) 'ဟီဂျ်ရသ်'ပြု ပြောင်းရွှေ့ခြင်းအပေါ် မူတည်သော ပြည့်ဝသော အီမာန်၏ အရာ၌ဖြစ်စေ) အီမာန်သက်ဝင်ယုံကြည်မှုတွင် ကျွန်တော်မျိုးတို့ထက် ဦးခဲ့ကြသော ကျွန်တော်မျိုးတို့၏ နောင်တော်တို့အားလည်းကောင်း ခွင့်လွှတ်ချမ်းသာပေးတော်မူပါ။ ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးတို့၏ စိတ်တွင်းဝယ် မုအ်မင်န်သက်ဝင်ယုံကြည်သူတို့နှင့် ပတ်သက်၍ ရန်ငြိုးတစ်စုံတစ်ရာကိုမျှပင် ဖြစ်ပေါ်စေတော်မမူပါနှင့်။ (ဤဆုမွန်ဒိုအာသည် အတိတ်ခေတ်ရှိ သူတို့အပြင် ခေတ်ပြိုင်သူများအဖို့လည်း ပါဝင်ပေသည်။) အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ ဧကန်မလွဲ အသျှင်မြတ်သည် လွန်စွာ သိမ်မွေ့တော်မူသော အသျှင်၊ လွန်စွာ ကရုဏာပြုတော်မူသော အသျှင်မြတ် ဖြစ်တော်မူပါသည်။

သိမ့်တော်မွယ်ရာများနှင့် စမ္မသတ်များ

وَمَآ اَفَآءَ اللّٰهُ عَلٰى رَسُوْلِهٖ مِنْهُمْ (الاٰية)

(ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရစူလ်တမန်တော်မြတ်အား ၎င်းတို့ထံမှ 'ဖိုက်အ်'လက်ရပစ္စည်းအဖြစ် သိမ်းပိုက်စေတော်မူခဲ့သော အရာများမှာမူ။) [၅၉ : ၆]

'အဖာအူးန်'ဟူသော စကားလုံးသည် 'ဖိုက်အူးန်'ဟူသော စကားလုံးမှ ဆင်းသက်လာခြင်း ဖြစ်သည်။ အဓိပ္ပာယ်မှာ 'ပြန်လှည့်လာခြင်း' ဖြစ်သည်။ ထို့ကြောင့် မွန်းလွဲသွားပြီးချိန် အရှေ့ဘက်အရပ်သို့ အရိပ်ယိမ်းညွှတ်လာခြင်းကိုလည်း 'ဖိုက်အ်'ဟူ၍ ခေါ်ဆိုပေသည်။ ကာဖိရ်များထံမှ ရရှိသော သုံ့ပန်းပစ္စည်းများအားလုံး၏ အခြေခံဇစ်မြစ်အချက်သည် ၎င်းတို့သည် ပုန်ကန်သူများ ဖြစ်သွားသည့်အတွက်ကြောင့် အာဏာပိုင်အစိုးရသည် ပြန်လည်၍ သိမ်းပိုက်ကာ ၎င်းတို့၏ ပိုင်ဆိုင်မှုမှ ထွက်သွား၍ တစ်ဖန် မူရင်းပိုင်ရှင်ဖြစ်သော အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်သို့ ပြန်လည်ရောက်ရှိသွားပေသည်။ ထို့ကြောင့် ယင်းဥစ္စာပစ္စည်းများ ရရှိခြင်းကို 'အဖာအူးန်'ဟူသော စကားလုံးဖြင့် သုံးနှုန်းဖော်ပြထားပေသည်။ အထက်ပါ ရှင်းလင်းချက်ကို ထောက်ရှု၍ ကာဖိရ်များ၏ထံမှ ရရှိသော ပစ္စည်းများအားလုံးကို 'ဖိုက်အ်'ဟု ခေါ်ဆိုရန်သင့်ကာ သို့ရာတွင် 'ဂျီဟားဒ်'စစ်ဆင်နွှဲခြင်း၏ အကြောင်းခံဖြင့် ရရှိသော ဥစ္စာပစ္စည်းများတွင် လူသား

တို့၏ ဆောင်ရွက်ချက်နှင့် ကြိုးပမ်းမှုသည် တစ်နည်းမဟုတ် တစ်နည်းဖြင့် ပါဝင်နေပေသည်။ ထို့ကြောင့် ယင်းပစ္စည်းကို 'ဂနီမသ်'ဟူသော စကားလုံးဖြင့် သုံးနှုန်းတင်ပြထားပေသည်။

وَاعْلَمُوْا اَنَّمَا غَنِمْتُمْ مِنْ شَيْءٍ

(အသင်တို့သည် တစ်စုံတစ်ရာ လက်ရပစ္စည်းများကို ရရှိကြပါမူ (၅) ပုံ (၁) ပုံ ပိုင်ဆိုင်ကြသည်ကို သိထားကြရမည်။) [၈ : ၄၁]

သို့ရာတွင် အကြင်ပစ္စည်းကို ရယူရာ၌ ယှဉ်ပြိုင်တိုက်ခိုက်ရန် တစ်စုံတစ်ရာ မလိုအပ်ပါက ၎င်းကို 'ဖိုက်အ်'ဟူသော စကားလုံးဖြင့် သုံးနှုန်းတင်ပြပေသည်။ ဤအာယသ်တော်၏ အချုပ်သဘောတရားမှာ 'ယှဉ်ပြိုင်တိုက်ခိုက်မှု မပါရှိဘဲ ရရှိသော ဥစ္စာပစ္စည်းများကို စစ်သည်တော်များကြားဝယ် စစ်သုံ့ပန်းပစ္စည်းများ၏ ဥပဒေကဲ့သို့ ခွဲဝေကာ ရယူပိုင်ခွင့်မရှိဘဲ သို့သာမက ထိုပစ္စည်းများနှင့် စပ်လျဉ်း၍ လုံးဝရွေးချယ်ပိုင်ဆိုင်ခွင့်သည် တမန်တော်မြတ် ﷺ ၏ လက်ဝယ်တော်အတွင်း၌ ရှိပေသည်။ ပေးရန် လိုလားတော်မူသော သူကို ပေးပိုင်ခွင့်ရှိ၍ သို့တည်းမဟုတ်ပါက မိမိအဖို့လည်း ထားခွင့် ရှိပေသည်'ဟူ၍ ဖြစ်သည်။ သို့သာမက အချို့သော လူတန်းစားများ ပိုင်ဆိုင်ခွင့်ရှိကြောင်းနှင့် ယင်းပစ္စည်းများကို လူတန်းစားများကြား ခွဲဝေပေးနိုင်ခြင်းရှိကြောင်း စည်းကမ်းချက်ကိုမူ သတ်မှတ်ပးထားပေသည်။ ထိုအကြောင်းကို တင်ပြလျက်ရှိသော အာယသ်တော်၌ ဤသို့ တင်ပြထားပေသည်။

وَمَا اَفَاءَ اللهُ عَلٰى رَسُوْلِهٖ مِنْ اَهْلِ الْقُرٰى

(အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရစူလ်အား မြို့ရွာများတွင် နေထိုင်သောသူတို့ထံမှ လက်ရပစ္စည်းများအဖြစ် သိမ်းပိုက်ခဲ့သော အရာများသည် အသျှင်မြတ်နှင့်သာ သက်ဆိုင်၏။) [၅၉ : ၇]

ထိုအာယသ်တော်အတွင်း၌ ရှာသားများ၏ အလိုသဘောမှာ ဗနူနသွီးရ်မျိုးနွယ်အုပ်စုများနှင့် ၎င်းတို့နှင့် အလားတူ အခြားမျိုးနွယ်အုပ်စု ဗနူကုရိုက်ဇွာမျိုးနွယ်အုပ်စု အစရှိသော သူတို့ ဖြစ်ပေသည်။ အကြင်သူတို့၏ ဥစ္စာပစ္စည်းကို တိုက်ခိုက်မှုမပြုဘဲ ရရှိခဲ့ပေသည်။ ရှေ့၌ စားထိုက်၊ သုံးထိုက်ခွင့်ရှိသော လူတန်းစား (၅) ရပ်ကို ပြဆိုထားပေသည်။ အကြင်သူတို့၏ အကြောင်း ရှေ့၌ တင်ပြသွားမည်ဖြစ်သည်။

တင်ပြလျက်ရှိနေသော အာယသ်တော်များ၌ 'ဖိုက်အ်' (လက်ရပစ္စည်း) ၏ ပညတ်ချက်များ၊ ထိုပစ္စည်းများအား ခံစားထိုက်သောသူများနှင့် ၎င်းခံစားထိုက်သောသူများကြားဝယ် ခွဲဝေပေးခြင်း၏ နည်းလမ်းကို တင်ပြထားသည်။ စူရာဟ် 'အန်ဖားလ်'၏အစ၌ သုံ့ပန်းပစ္စည်းနှင့် လက်ရပစ္စည်း၏ ကွဲပြားခြားနားချက်ကို တင်ပြထားပြီးဖြစ်သည်။ ၎င်းမှာ ကာဖိရ်များဖြင့် စစ်မက်ယှဉ်ပြိုင်တိုက်ခိုက်၍ နောက်ဆုံး မွတ်စ္စလင်မ်တို့၏ လက်ဝယ်အတွင်း ရရှိသော ပစ္စည်းများကို 'ဂနီမသ်'ဟု ခေါ်ဆို၍ စစ်မက်မတိုက်ခိုက်ရဘဲ ထိုကာဖိရ်များသည် မိမိတို့၏ ပစ္စည်းများကို ချန်ထားရစ်ကာ ပြေးသွား၍သော်လည်းကောင်း၊ (သို့မဟုတ်) သဘောတူညီစွာ အခွန်ပေးဆောင်ခြင်း၊ (သို့မဟုတ်) ရောင်းဝယ်ဖောက်ကားခြင်းဆိုင်ရာ

တာဝန်ကျေပွန်ခြင်း အစရှိသော အကြောင်းခံများဖြင့် ရရှိသော ပစ္စည်းများကို 'ဖိုက်အ်'ဟု ခေါ်ဆိုကြောင်း' ဟူသော အချက်ကို ရှင်းလင်းစွာဖြင့် တင်ပြထားပြီး ဖြစ်ပေသည်။

ထိုအချက်၏ အနည်းငယ် ရှင်းလင်းချက်ကို မအာရိဖုလ်ကုရ်အာန်ကျမ်း၏ အတွဲ (၄) စာမျက်နှာ (၁၇၄) စူရာဟ်အန်ဖားလ်၏ အစဦးသော်လည်းကောင်း၊ သာပို၍ ထပ်မံ အကျယ်ချဲ့ဖွင့်ဆိုချက်ကို မအာရိဖွလ်ကုရ်အာန်ကျမ်း၊ အတွဲ (၄)၊ စာမျက်နှာ (၂၃၆)၊ စူရာဟ်အန်ဖားလ်၏ အာယသ်တော် (၄၁) ၌ ရေးသားထားပြီး ဖြစ်ပေသည်။

'စူရာဟ်အန်ဖားလ်'၏ အာယသ်တော် (၄၁) ၌ (၅) ပုံ (၁) ပုံဟူသော စကားလုံးသည် စစ်သုံ့ပန်းပစ္စည်းနှင့် စပ်လျဉ်း၍ လာရှိထားကာ ထိုစကားလုံးသည်ပင်လျှင် အနီးစပ်ဆုံးအားဖြင့် ဤနေရာ၌ 'ဖိုက်အ်' လက်ရပစ္စည်းနှင့် စပ်လျဉ်း၍ လာရှိထားကြောင်းဟူသော အချက်ကို သေချာစမ်းစစ် ကြည့်ရှုသင့်ပေသည်။ စူရာဟ်အန်ဖားလ်၌

وَاعْلَمُوْا اَنَّمَا غَنِمْتُمْ مِّنْ شَيْءٍ فَاَنَّ لِلّٰهِ خُمُسَهٗ وَ لِلرَّسُوْلِ

وَلِذِى الْقُرْبٰى وَالْيَتٰمٰى وَالْمَسٰكِيْنِ وَابْنِ السَّبِيْلِ

အသင်တို့သည် (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရာတွင်) တစ်စုံတစ်ရာ လက်ရပစ္စည်းများကို ရရှိပါမူ ငါးပုံတစ်ပုံသည် အလ္လာဟ်အသျှင်မြတ်၊ ရစူလ်တမန်တော်မြတ်၊ (တမန်တော်မြတ် ၏) ဆွေမျိုးသားချင်းများ၊ ဖမဲ့ကလေးသူငယ်များ၊ သူဆင်းရဲများနှင့် ခရီးသည်များ၏ ပိုင်ဆိုင်ကြသည့် (ဝေစုဖြစ်ကြောင်း) ကို (ကောင်းစွာ) သိထားကြရမည်။ *[၈ : ၄၁]*

ထိုအာယသ်တော်နှစ်ပိုဒ်လုံး၌ ယင်းပစ္စည်းဥစ္စာအား ထိုက်တန်သောသူ (၆) မျိုး တင်ပြထားပေသည်။ အလ္လာဟ်၊ ရစူလ်၊ ဆွေးရင်းသားရင်းများ၊ ဖတဆိုးကလေးများ၊ သူဆင်းရဲနှင့် ခရီးသည်ဟူ၍ ဖြစ်ပေသည်။ 'အလ္လာဟ်အသျှင်မြတ်သည်မူ နှစ်လောကနှစ်ဌာနစလုံးနှင့် အဖန်ဆင်းခံများအားလုံးအား စိုးပိုင်တော်မူသော အသျှင် ဖြစ်ကြောင်း'မှာ ထင်ရှားပေသည်။ ထိုအသျှင်မြတ်၏ မင်္ဂလာရှိတော်မူသော အမည်နာမကို ဝေစုဝေပုံများအတွင်း၌ ထည့်သွင်းမိန့်မြွက်ခြင်းမှာ 'ဗရ်ကာသ်'မင်္ဂလာတော်နှင့် အကျိုးအမြတ်အတွက်သာလျှင် ဖြစ်ပေသည်။ ထိုသို့ နာမတော်ကို ထည့်သွင်းမိန့်မြွက်ခြင်းဖြင့် ထိုပစ္စည်းဥစ္စာ၏ မွန်မြတ်ထူးကဲခြင်းနှင့် သန့်ပြန့်ခြင်း၏ ဘက်သို့လည်း ညွှန်ပြပြီးသား ဖြစ်သွားပေသည်။ ဟဇရသ်ဟစန်းဗဆွရီး၊ ကသာဒါး၊ အသွားအ်၊ အိဗ်ရာဟီးမ်၊ ရှအ်ဗီးနှင့် အခြားသော အဖွင့်ရှင်များ၏ အဆိုသည်လည်း ဤအဆိုအတိုင်းသာလျှင် ဖြစ်ပေသည်။ *[မဇ္ဖဟရီး]*

အလ္လာဟ်အသျှင်မြတ်၏ နာမတော်ကို တင်ပြလိုက်ခြင်းဖြင့် ထိုပစ္စည်းဥစ္စာ ထူးကဲမွန်မြတ်ခြင်းအား ညွှန်ပြမှု ဖြစ်ရှိသွားခြင်းသည် မည်ကဲ့သို့နည်း။ ထိုအချက်နှင့် စပ်လျဉ်း၍ အကျယ်ချဲ့ ရှင်းလင်းချက်ကို စူရာဟ် 'အန်ဖားလ်'၏ အကျယ်ချဲ့ဖွင့်ဆိုချက်၌ တင်ပြပြီး ဖြစ်ပေသည်။ တင်ပြချက်၏ အချုပ်အနှစ်သာသော

တရားမှာ ဤသို့တည်း။ အလ္လာဟ်အသျှင်မြတ်သည် နဗီတမန်တော်များအဖို့ မွတ်စ္စလင်မ်တို့ထံမှရရှိသော 'ဂွဒ်ကာဟ်' (အလှူဒါနပစ္စည်း) ကို စားပိုင်၊ ပြုပိုင်ခွင့် မပြုထားပေ။ ကာဖိရ်တို့၏ထံမှ ရရှိသော သုံ့ပန်းပစ္စည်းနှင့် 'ဖိုက်အ်' (လက်ရပစ္စည်း) သည် တမန်တော်မြတ် ﷺ အဖို့ မည်သို့ သုံးပိုင်၊ ပြုပိုင်ခွင့်ရှိကြောင်း' ဟူ၍ စောဒကတက်ကောင်း တက်နိုင်ပေသည်။ ထိုစောဒကအား တုန့်ပြန်ဖြေကြားရန်အတွက် အလ္လာဟ်အသျှင်မြတ်၏ နာမတော်ကို ဤနေရာ၌ တင်ပြထားသည်မှာ ဧကန်ဆိုလျှင် အရာခပ်သိမ်းအား စိုးပိုင်တော်မူသော အသျှင်မှာ အလ္လာဟ်ဖြစ်ကြောင်းကို ဖော်ထုတ်ပြသလိုက်ပေသည်။ ထိုအသျှင်မြတ်သည် မိမိ၏ ကျေးဇူးအသနားတော်ဖြင့် သီးသန့် ဥပဒေဘောင်တစ်ရပ်၏ အောက်ဝယ် လူသားတို့အား ပိုင်ဆိုင်ခွင့်ကို ပေးသနားထားတော်မူပေသည်။ သို့ရာတွင် အကြင်လူသားသည် ပုန်ကန်သောသူများ ဖြစ်သွားလျှင်မူ ၄င်းတို့အား လမ်းမှန်တရားအပေါ် ပို့ဆောင်ရန်အတွက် ဦးစွာပထမ နဗီတမန်တော်များနှင့် ကောင်းကင်ကျ လမ်းညွှန်ချက်များကို ပို့ဆောင်ပေးတော်မူလိုက်ပေသည်။ အကြင်သူတို့သည် ယင်းလမ်းမှန်တရားများမှလည်း စူးရှသက်ရောက်မှု မရှိသည်ဆိုလျှင် 'အစ္စလာမ့်ဥပဒေကို လေးစားလိုက်နာရန်အတွက် သတ်မှတ်ထားပြီးဖြစ်သော အခွန်တော်ကို မိမိတို့၏ ဥစ္စာပစ္စည်းများထဲမှ ပေးဆောင်ကာ အစ္စလာမ့်အစိုးရထံ ပေးအပ်ရမည်' ဟူသော လုပ်ပိုင်ခွင့်ကို နဗီတမန်တော်အား ပေးထားပေသည်။ အကြင်သူတို့သည် ထိုအချက်မှလည်း ဖီဆန်ပုန်ကန်မှု ပြုမည်ဆိုလျှင် ၄င်းတို့နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရန် အမိန့်တော်ကို ပြဋ္ဌာန်းလိုက်ရ ဂြန်ပေသည်။

အကြင်တိုက်ခိုက်ရခြင်း၏ အလိုသဘောမှာ '၄င်းတို့၏ အသက် စည်းစိမ်တို့သည် လေးစားထိုက်ဖွယ် မကောင်းတော့ဘဲ ထိုပစ္စည်းများသည် အလ္လာဟ်အသျှင်မြတ်၏ အစိုးရတော်၏ ပိုင်ဆိုင်ခွင့်အတွင်း၌ ရောက်ရှိသွားပေသည်' ဟူ၍ ဖြစ်ပေသည်။ 'ဂျီဟားဒ်' စစ်ဆင်ရေး၏ အကြောင်းခံဖြင့် ရရှိသော ပစ္စည်းများသည် မည်သူတစ်ဦးတစ်ယောက်၏ ပင်ကိုယ်ပိုင်ဆိုင်မှုအတွင်း၌ မရှိဘဲ အလ္လာဟ်အသျှင်မြတ်၏ ပိုင်ဆိုင်မှုအတွင်းသို့သာ တိုက်ရိုက် သက်ရောက်သွားပေသည်။ 'ဖိုက်အ်' ဟူသော စကားလုံး၏ မူရင်းအဓိပ္ပာယ်မှာ လှည့်ပြန်လာခြင်းဖြစ်ရာ ထိုစကားလုံး၏ အတွင်း၌ အထက်ဖော်ပြပါ လိုရင်းသဘောဘက်သို့လည်း ရည်ညွှန်းဖော်ထုတ်ထားပေသည်။ ထိုပစ္စည်းကို 'ဖိုက်အ်' ဟူ၍ ခေါ်ဆိုရခြင်းအကြောင်းမှာ 'ဤပစ္စည်းသည် မူရင်းပိုင်ရှင်ဖြစ်သော အလ္လာဟ်အသျှင်မြတ်၏ ပိုင်ဆိုင်မှုအတွင်းသို့ ပြန်လည်ရောက်ရှိသွားခြင်း' ကြောင့် ဖြစ်ပေသည်။ ယခု ထိုပစ္စည်း၌ မည်သည့်လူသား တစ်ဦးတစ်ယောက်၏ ပိုင်ဆိုင်မှုအနေဖြင့် ပါဝင်ပတ်သက်ခြင်း မရှိတော့ပေ။ ထို့နောက်၌ ထိုက်တန်သောသူတို့ကို ထိုပစ္စည်းများနှင့်စပ်လျဉ်း၍ ဝေစုဝေပုံ တစ်စုံတစ်ရာကို ပေးအပ်မည်ဆိုလျှင် ဤသို့ ပေးအပ်ခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ တိုက်ရိုက်ချီးမြှင့်ခြင်းမျိုးပင် ဖြစ်၏။ ပမာဆိုရသော် အသျှင်မြတ်ဘက်တော်မှ တိုက်ရိုက် ချီးမြှင့်ထားသော ရေနှင့် သဘာဝပေါက်ပင်၊ မြက်တို့သည် သန့်ရှင်းစင်ကြယ်သော အရာများ ဖြစ်သလို သန့်ရှင်းစင်ကြယ်သော အရာများပင် ဖြစ်ပေသည်။

အချုပ်သဘောမှာ ဤသို့တည်း။ အလ္လာဟ်အသျှင်မြတ်၏ နာမတော်ကို ဤနေရာ၌ တင်ပြထားခြင်းဖြင့် 'ဤပစ္စည်းဥစ္စာ အလုံးစုံသည် စင်စစ်၌ အလ္လာဟ်အသျှင်မြတ်၏ ပစ္စည်းဥစ္စာသာဖြစ်ကြောင်း၊ ထိုအသျှင်မြတ်၏ ဘက်တော်မှသာ ထိုက်တန်သောသူတို့ကို ချီးမြှင့်ထားခြင်းဖြစ်ကြောင်း၊ ဤသည် တစ်ဦးတစ်ယောက်၏ ပေးကမ်းစွန့်လှူထားသော အလှူဒါနမဟုတ်ကြောင်း' ၏ ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားပေသည်။

ယခု လေးစားထိုက်သော သူတို့သည် ရစူလ်တမန်တော်မြတ် ﷺ ၊ ဆွေးရင်းသားရင်း၊ ဖတဆိုးကလေး၊ သူဆင်းရဲနှင့် ခရီးသည်ဟူ၍ လူတန်းစား (၅) ရပ်သည်သာလျှင် ဖြစ်နေပေရာ ဤသူတို့သာလျှင် စစ်သုံ့ပန်းပစ္စည်း၏ (၅) ပုံ (၁) ပုံ ထိုက်တန်သောသူများ ဖြစ်ပေသည်။ အကြင်အချက်၏ အကြောင်း စူရာဟ်အန်ဖားလ်၌ တင်ပြထားပေသည်။ ဤသူတို့သည်သာလျှင် 'ဖိုက်အ်' (လက်ရပစ္စည်း) များကို ထိုက်တန်သောသူများ ဖြစ်ပေသည်။ ဤပစ္စည်းနှစ်မျိုးစလုံး၏ အမိန့်မှာ ဤသို့ ဖြစ်ပေသည်။ ဤပစ္စည်းများအားလုံးသည် စင်စစ်၌ တမန်တော်မြတ် ﷺ နှင့် တမန်တော်မြတ် ﷺ ၏ နောက် ပေါ်ပေါက်လာမည် ဖြစ်သော ခလီဖာများအဖို့လည်း လုပ်ပိုင်ခွင့်ရှိပေသည်။ ၎င်းတို့သည် အများမွတ်စ္လင်မ်တို့၏ အကျိုးအတွက် ထိန်းချုပ်ထားမည်ဆိုပါက ထိန်းချုပ်ပိုင်ခွင့် ရှိပေသည်။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မပေးဘဲ အများဘဏ်တိုက်၌ စုဆောင်းထားပိုင်ခွင့် ရှိပေသည်။ အကယ်၍ ခွဲဝေပေးမည်ဆိုပါကလည်း ထိုလူတန်းစား (၅) ရပ်အတွင်း၌သာ ခွဲဝေပေးပိုင်ခွင့်သာ ရှိပေမည်။ *[ကုရ်သုဗီး]*

ခလီဖာကြီးများနှင့် အခြားသော ဆွဟာဗာကြီးများ၏ အပြုအမူတို့မှ သိရ၏။ 'တမန်တော်မြတ် ﷺ ၏ ခေတ်ကာလ၌ လက်ရပစ္စည်းသည် တမန်တော်မြတ် ﷺ ၏ ရွေးချယ်ခွင့်အတွင်း၌သာ ရှိကြောင်း၊ တမန်တော်မြတ် ﷺ ၏ မှန်ကန်သော ရှုမြင်သုံးသပ်ချက်နှင့်အညီ သုံးပေးပိုင်ခွင့်ရှိကြောင်း၊ တမန်တော်မြတ် ﷺ ၏နောက် တမန်တော်မြတ် ﷺ ၏ ခလီဖာများ၏ ရွေးချယ်ခွင့်နှင့် မှန်ကန်သော ရှုမြင်သုံးသပ်ချက်အတွင်း၌သာ တည်ရှိကြောင်း' ဟူသော အချက်ကို အတည်ပြု၍ ရရှိပေသည်။

တစ်ဖန် ထိုပစ္စည်းဥစ္စာအတွင်း၌ တမန်တော်မြတ် ﷺ အဖို့ ထားရှိထားသော ဝေစုသည် တမန်တော်မြတ် ﷺ 'ဝဖားသ် (ကွယ်လွန်သွား) ပြီးနောက် ကုန်ဆုံးသွားပေသည်။ ဆွေးရင်းသားရင်းများကို ပေးဆောင်ရခြင်း၏ အကြောင်းနှစ်ရပ် ရှိပေသည်။ အကြောင်းတစ်ရပ်မှာ တမန်တော်မြတ် ﷺ အား ကူညီခြင်း၊ (သို့မဟုတ်) အစ္စလာမ့်သာသနာရေးရာ လုပ်ငန်းဆောင်တာများ၌ တမန်တော်မြတ် ﷺ အား ကူညီခြင်း ဖြစ်ပေသည်။ ထိုအချက်ကို ထောက်ရှု၍ ချမ်းသာသော ဆွေးရင်း၊ သားရင်းတို့ကိုလည်း ထိုပစ္စည်းထဲမှ ဝေစုကို ခွဲဝေပေးလေ့ ရှိကြပေသည်။

ဒုတိယအချက်မှာ တမန်တော်မြတ် ﷺ ၏ ဆွေမျိုးသားချင်းများအပေါ် 'ဇွဒ်ကာဟ်' ပစ္စည်းကို 'ဟရာမ်'အဖြစ် သတ်မှတ်ထားတော်မူပေသည်။ သို့ရှိရာ တမန်တော်မြတ် ﷺ နှင့် ဆွေးရင်းသားရင်းတော်စပ်သော သူဆင်းရဲသားများအပေါ် 'ဇွဒ်ကာဟ်' ပစ္စည်းအစား လက်ရပစ္စည်းများထဲမှ ဝေစုဝေပုံကို ခွဲဝေပေးလေ့ ရှိကြပေသည်။ တမန်တော်မြတ် ﷺ 'ဝဖားသ်'ဖြစ်သွားပြီးနောက် ကူညီစောင်မခြင်း၏

ကွင်းဆက်သည် ကုန်ဆုံးသွားပေသည်။ သို့ဆိုလျှင် ဤအထက်တင်ပြပါအကြောင်း မကျန်ရှိတော့သည့်အတွက်ကြောင့် တမန်တော်မြတ် ﷺ နှင့် ဆွေမျိုးသားချင်း တော်စပ်သော ချမ်းသာသူတို့၏ ဝေစုဝေပုံသည်လည်း တမန်တော်မြတ် ﷺ ၏ ဝေစုဝေပုံကဲ့သို့ ကုန်ဆုံးသွားပေသည်။ သို့သာမက တမန်တော်မြတ် ﷺ နှင့် ဆွေမျိုးသားချင်းတော်စပ်သော သူဆင်းရဲတို့၏ ဝေစုဝေပုံသည် ဆင်းရဲ၊ တပ်မက်ခြင်း၏ ရှုထောင့်အရ ထိုပစ္စည်းများအတွင်း၌ ဝေစုအဖြစ် ကျန်ရှိ၍နေပေသည်။ ထို့ပြင် ၄င်းတို့ကို ထိုပစ္စည်းဥစ္စာအတွင်း၌ အခြားသော သူဆင်းရဲတို့နှင့် နှိုင်းယှဉ်လာလျှင် ဦးစားပေးကြပေသည်။ (ဟေဒါယာကျမ်း၌ ဤအတိုင်းတင်ပြထားပေသည်။) ယင်းအချက်နှင့် စပ်လျဉ်းသော ရှင်းလင်းချက် အပြည့်အစုံကို စူရာဟ် 'အန်ဖားလ်' ၌ တင်ပြပြီး ဖြစ်ပေသည်။

كَيْلَا يَكُوْنَ دُوْلَةً بَيْنَ الْاَغْنِيَآءِ مِنْكُمْ

(ယင်းလက်ရပစ္စည်းများသည် အသင်တို့အနက် ကုံလုံကြွယ်ဝသော သူတို့၏ အကြား၌သာ လည်ပတ်နေသော ပစ္စည်းများ မဖြစ်စေရန် ပြဋ္ဌာန်းတော်မူခြင်းပင် ဖြစ်၏။) *[၅၉ : ၇]*

'ဒူလသူးန်' ဟူသော စကားသည် 'ဒါးလ်' အက္ခရာအပေါ်၌ 'ပေး၍' ဖြင့် လာရှိထားပေသည်။ အချင်းချင်းကြား၌ အပေးအယူပြုလုပ်သော ပစ္စည်းဥစ္စာကို ခေါ်ဆိုပေသည်။ *[ကုရ်သုဗီး]*

အာယသ်တော်၏ အဓိပ္ပာယ်မှာ ဤသို့ဖြစ်သည်။ လက်ရပစ္စည်းများကို ထိုက်သင့်သောသူတို့ကို သတ်မှတ်ပေးထားရခြင်းအကြောင်းမှာ 'ဤပစ္စည်းသည် ချမ်းသာကြွယ်ဝသော သူတို့၏ ကြားဝယ်၌သာ တဝဲလည်လည် မဖြစ်စေရန်အလို့ငှာ' ဟူသောကြောင့် ဖြစ်ပေသည်။ ထိုသို့ မိန့်မြွက်ရာ၌ 'အမိုက်ခေတ်၏ ဓလေ့ထုံးကို ချေဖျက်ခြင်း' ၏ ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားပေသည်။ အကြင်အမိုက်ခေတ်၌ ဤကဲ့သို့သော ပစ္စည်းများအားလုံးကို သူဌေးခေါင်းဆောင်တို့သည် ကိုယ်တိုင် လက်ဝါးကြီးအုပ်ကာ သူဆင်းရဲတို့အဖို့ ဝေစုဝေပုံ တစ်စုံတစ်ရာမျှပင် ထားရှိခြင်း မရှိပေ။

စည်းစိမ်ဥစ္စာ စုဆောင်းခြင်းအပေါ် အစ္စလာမ်သာသနာရေးဆိုင်ရာ တရားဥပဒေ တင်းကြပ်မှု

အလ္လာဟ်အသျှင်မြတ်သည် စကြဝဠာအပေါင်းအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်ပေသည်။ ထိုအသျှင်မြတ်၏ အဖန်ဆင်းခံများဖြစ်ခြင်းကို ထောက်ရှု၍ လူသားတို့၏ လိုအပ်ချက်များအတွင်းဝယ် လူသားအားလုံးတို့သည် တန်းတူအခွင့်အရေး ရရှိကြပေသည်။ ထိုအခွင့်အရေး၌ မုအ်မင်န်၊ ကာဖိရ်ဟူ၍ ကွဲပြားခြားနားခြင်း မရှိပေ။ ဆွေမျိုးသားချင်းရေးရာ၊ အဆင့်အတန်းရေးရာ ချမ်းသာခြင်းနှင့် ဆင်းရဲခြင်းတို့ကို မည်သို့ ခွဲခြားထားပေမည်နည်း။ အလ္လာဟ်အသျှင်မြတ်သည် ကမ္ဘာလောက၌ လူသားတို့၏ ဇီဝသဘာဝနှင့် မူရင်းလိုအပ်ချက်များ ပါဝင်သော စည်းစိမ်ခနေ ခွဲဝေပေးခြင်း၏ အလွန်အရေးပါသော ကဏ္ဍရပ်ကို မိမိ၏ လက်ဝယ်တော်အတွင်း၌သာ ထားရှိကာ 'လူတန်းစားတိုင်း၊ နယ်မြေဒေသတိုင်း၊

ချည့်နဲ့၊ ဖွံ့ဖြိုးသူတိုင်းနှင့် ချမ်းသာသူ၊ ဆင်းရဲသူတို့အားလုံး တန်းတူ အကျိုးခံစားနိုင်ရန်' ဟူသော ပုံစံမျိုးဖြင့် ခွဲပေးထားပေသည်။ ဤသို့ အရေးကြီးသော အရာများကို အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရင့်ကျက်တော်မူသော အမြော်အမြင်တော်ဖြင့် လူအများ၏ စိုးမိုးအုပ်ချုပ်၊ ချယ်လှယ်၊ ပိုင်ဆိုင်နိုင်ခြင်းအရ ပြုလုပ်ပေသည်။ 'ထိုအရာများအပေါ် ပင်ကိုယ်အတ္တအစွဲဖြင့် ပိုင်ဆိုင်နိုင်ရန်' ကို မည်သူတစ်ဦးတစ်ယောက်မျှ မစွမ်းနိုင်ပေ။ လေ၊ အာကာသ၊ နေ၊ လ၊ ကြယ်တာရာများ၏ အလင်းရောင်၊ အာကာသအတွင်း၌ ပေါ်ပေါက်လာသော မိုးတိမ်၊ ထိုမိုးတိမ်မှ ရွာသွန်းသော မိုး စသော အရာများသည် အချိန်အနည်းငယ်မျှပင် လစ်လပ်သွားသည်ဆိုပါက လူသားတို့သည် အသက်ရှင်နေထိုင်နိုင်တော့မည် မဟုတ်ပေ။ ထိုအရာများကို တန်ခိုးတော် အသျှင်မြတ်သည် 'မည်သည့်ကြီးမားသော အာဏာပိုင်အစိုးရတစ်ခု၏ အင်အားနှင့် ထိန်းချုပ်နိုင်စွမ်းမရှိသော ပုံစံမျိုးဖြင့် လူအများအပေါ် အကျိုးသက်ရောက်မှုရှိအောင် ပြုထားတော်မူပေသည်။ ဤအရာများကို အလ္လာဟ်အသျှင်မြတ်၏ အဖန်ဆင်းခံများသည် နေရာတိုင်း၌ သာတူညီမျှစွာ ရယူလျက် ရှိနေပေသည်။

လိုအပ်သော အရာများ၏ ဒုတိယကဏ္ဍရပ်မှာ ကမ္ဘာမြေကြီးအတွင်းမှ ထွက်သော ရေနှင့် စားသောက်ဖွယ်ရာများ ဖြစ်ပေသည်။ ဤအရာများသည် ဤမျှခန့် များပြားနေလင့်ကစား သို့ရာတွင် အစ္စလာမ်သာသနာရေးရာ တရားဥပဒေဘောင်၌ တောင်များ၊ မဖွံ့ဖြိုးသော တောမြိုင်များနှင့် သဘာဝစမ်းချောင်းများကို အများပိုင်အဖြစ် ထားရှိကာ သီးသန့် တရားဥပဒေဘောင်၏ အောက်တွင် သီးသန့်သူတို့ကို ကမ္ဘာမြေပထဝီ၏ အချို့သော နယ်မြေဒေသများအပေါ် ပိုင်ဆိုင်ခွင့်ကို ပေးထားကာ မတရား သဖြင့် အုပ်ချုပ်မှု၊ ပိုင်ဆိုင်မှုကို ရယူထားကြသော သူများလည်း ရှိပေသည်။ သို့ရာတွင် ဓလေ့သဘာဝအားဖြင့် မြေကြီးမှ ရွှေသီးခြင်း၏ အကျိုးများကို အလွန်ကြွယ်ဝသော မြေပိုင်ရှင်သည်လည်း ဆင်းရဲသားများ၊ လယ်သမားများနှင့် အလုပ်သမားများကို အတူတကွ မပါဝင်စေဘဲ အဆိုပါအရာများကို မရရှိနိုင်ပေ။ ထို့ကြောင့် ရှုထောင့်တစ်ရပ်အရ စိုးမိုးအုပ်ချုပ်ထားသည့် ကြားကပင် ထိုမြေကြီး၏ အကျိုးအမြတ်ကို ချည့်နဲ့သော သူဆင်းရဲတို့အား မလွှဲမရှောင် ဝေစုခွဲဝေပေးရပေသည်။

တတိယကဏ္ဍရပ်မှာ ရွှေ၊ ငွေနှင့် ငွေကြေးတို့ ဖြစ်ပေသည်။ အကြင်အရာများသည် အဓိကနှင့် သဘာဝ လိုအပ်ချက်များ၌ မပါဝင်ပေ။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် ထိုအရာကို လိုအပ်ချက် အလုံးစုံအား ရယူရန် အကြောင်းခံအဖြစ် ပြုလုပ်ထားတော်မူပေသည်။ ဤအရာများသည် တွင်းများမှ တူးဖော်ရယူပြီးနောက် သီးသန့် တရားဥပဒေ၏ အောက်ဝယ် ထုတ်ယူတူးဖော်သော သူတို့၏ ပိုင်ဆိုင်မှု ဖြစ်သွားကြပေသည်။ ၎င်းတို့ထံမှ ဤအရာများ၏ ပိုင်ဆိုင်မှုသည် ပုံစံအမျိုးမျိုးဖြင့် အခြားသောသူများ ပိုင်ဆိုင်မှုအတွင်းသို့ ဆင့်ကဲဆင့်ကဲ ရောက်ရှိနေပေသည်။ အကယ်၍ ထိုအရာ၏ ပိုင်ဆိုင်မှု သံသရာသည် လူ့ဘောင်အသိုင်းဝိုင်းတစ်ခုလုံး၌ လည်ပတ်လျက် ရှိနေလျှင်မူ မည်သည့်လူသား တစ်ဦးတစ်ယောက်မျှ ဝတ်ရမဲ့မဲ့နှင့် စားရမဲ့မဲ့ ဖြစ်ရှိနေနိုင်မည် မဟုတ်ပေ။ သို့ရာတွင် ဥစ္စာပစ္စည်းအား အတ္တစွဲဖြင့် မိမိတို့သည်သာလျှင် ပိုင်ဆိုင်မှုကို ရယူလို၍ အခြားသောသူများကို မပိုင်ဆိုင်စေလိုသောကြောင့်' ထိုလောဘရမ္မက်

ဓာသည် ကမ္ဘာလောကတွင် စည်းစိမ်ကို စုဆောင်းခြင်းနှင့် ဥစ္စာအရင်းအနှီးအား ခဝပ်ကိုးကွယ်ခြင်း၏ နည်းသစ်၊ နည်းဟောင်းတို့ကို တီထွင်စေလိုက်ပေသည်။ အကြင်နည်းလမ်းများ၏ အကြောင်းခံကြောင့် ထိုခနစည်းစိမ်၏ ပိုင်ဆိုင်မှုသံသရာသည် သူဌေးများနှင့် လူကုံတံတို့၏ လက်ဝယ်အတွင်း၌သာ တဝဲလည်လည် ဖြစ်ရှိနေပေသည်။ အများပြည်သူ၊ သူဆင်းရဲတို့ လက်မဲ့ဖြစ်စေခြင်းကို ခံကြရပေသည်။ အကြင်အချက်အား တွန်းလှန်တုန့်ပြန်မှုသည် ကမ္ဘာလောက၌ ကွန်မြူနစ်နှင့် ဆိုရှယ်လစ်ဟူသော အစိပ္ပာယ်မဲ့သည့် နည်းလမ်းများကို တီထွင်လိုက်ကြပေသည်။

အစ္စလာမ့်ရေးရာ တရားဥပဒေသည် တစ်ဘက်မှ ပုဂ္ဂိုလ်ရေးပိုင်ဆိုင်မှုကို ဤမျှခန့်အထိတိုင် ဂုဏ်ပေးထားပေသည်။ လူတစ်ဦး၏ ပစ္စည်းကို ၎င်း၏ အသက်နှင့် တန်းတူ၊ ၎င်း၏ အသက်ကိုလည်း အလ္လာဟ်အသျှင်မြတ်၏ အိမ်တော်၏ ဂုဏ်သိက္ခာနှင့် တန်းတူ သတ်မှတ်ပေးထားတော်မူပေသည်။ ထိုအသက်နှင့် ဥစ္စာပစ္စည်းအပေါ် တစ်ဦးတစ်ယောက်၏ မသမာသော နည်းဖြင့် ခြယ်လှယ်လာခြင်းကို ပြင်းထန်စွာဖြင့် တားမြစ်ထားတော်မူပေသည်။ ဒုတိယတစ်ဖက်၌ မသမာသောနည်းဖြင့် လှမ်းလာသော လက်ကို ဖြတ်တောက်ခိုင်းထားပေသည်။ တတိယတစ်ဘက်၌ သဘာဝ၏ အမှီသဟဲဖြင့် ရရှိလာသော အရာများအပေါ် သီးသန့် တစ်ဦးတစ်ယောက်ကသော်လည်းကောင်း၊ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ကသော်လည်းကောင်း အပိုင်စီးထားခြင်းပြုကာ အများသူငှာတို့ကို လက်မဲ့ဖြစ်စေခြင်း၏ တံခါးပေါက်များအားလုံးကိုလည်း ပိတ်ဆို့လိုက်ပေသည်။

ဥစ္စာခနေ ရှာဖွေခြင်း၏ ရေပန်းစားနေသော နည်းလမ်းများအတွင်း၌ အတိုးနှင့် လောင်းကစားခြင်းတို့သည် ဤသို့သော အရာများ ဖြစ်ပေသည်။ ထိုအရာများ၏ အကြောင်းခံဖြင့် ပစ္စည်းဥစ္စာသည် စုကာ အချို့သော သူတို့ထံ၌သာလျှင် တည်ရှိနေပေသည်။ ထိုအချက်များအားလုံးကို ပြင်းထန်လှစွာသော 'ဟရာမ်'အချက်များအဖြစ် သတ်မှတ်ကာ ရောင်းဝယ်ဖောက်ကားခြင်း၏ အမှုကိစ္စများအားလုံးနှင့် အငှားပြုလုပ်ခြင်း အစရှိသော လုပ်ငန်းရပ်များအား အမြစ်မှ ဖြတ်တောက်ထားလိုက်ပေသည်။ တစ်ဦးတစ်ယောက်ထံသို့ ပိုင်သော နည်းလမ်းဖြင့် ရောက်ရှိလာသော ပစ္စည်းဥစ္စာများအတွင်းဝယ် သူဆင်းရဲများ၏ ခံစားခွင့်များဖြစ်သော 'ဇကားသ်'၊ 'အုရှူရ်' (မြေထွက်သီးနှံ၏ ၁၀ ပုံ ၁ ပုံ) 'စွဒ်ကာဟ်သုလ် ဖိသ်ရ်' ('ဖိသ်ရာ' နှင့် 'ကဖ်ဖာရာ' (လျော်ကြေး၊ ဒဏ်ကြေးငွေများ) အစရှိသော အရာများကို 'ဖွရ်ဇ်' တာဝန်၏ ပုံစံများဖြင့်သော်လည်းကောင်း၊ ထို့ထက်သာပို၍ သဒ္ဒါထက်သန်မည်ဆိုလျှင် ထက်သန်သလို ပေးဆောင်နိုင်သည့် ပုံစံများဖြင့်သော်လည်းကောင်း စသော ပုံစံများကို စီမံခန့်ခွဲပေးထားပေသည်။ ထိုလှူဒါန်းသုံးစွဲပေးမှုများအားလုံးကို ပေးကမ်းလှူဒါန်းပြီးနောက် လူသားကွယ်လွန်ခါနီးထိတိုင် ကျန်ရစ်လျက် ရှိနေသော ပစ္စည်းများကိုလည်း သီးသန့် အမြော်အမြင်နှင့် ပြည့်စုံသော နည်းဥပဒေဘောင်များနှင့်အညီ ခွဲဝေပေးခိုင်းထားပေသည်။ ထိုအမွေပစ္စည်းများအား ခံထိုက်သောသူတို့သည် ကွယ်လွန်သွားသောသူ၏ ဆွေမျိုးသားချင်းများထဲမှ နီးစပ်သောသူတို့သည် နီးစပ်သလိုဟူသော အခြေခံဥပဒေဘောင်ဖြင့် ခွဲဝေပေးထားတော်

မူပေသည်။ ထိုအမွေပစ္စည်းကို အမျိုးသူဆင်းရဲတို့အား ခွဲဝေပေးရန် ဥပဒေကို မထုတ်ပြန်ထားရခြင်း အကြောင်းမှာ ဤသို့တည်း။ အကယ်၍ ဤသို့ ထုတ်ပြန်ထားမည်ဆိုပါက 'ကွယ်လွန်မည့်သူသည် မကွယ်လွန်မီအလျင်ကပင် အကျိုးရှိသော နေရာ၊ အကျိုးမရှိသော နေရာများ၌ သုံးဖြုန်းလိုက်ရန် တပ်မက်စိတ်သည် ဗီဇသဘာဝအရ ပေါ်ပေါက်လာမည်ဖြစ်ပြီး မိမိ၏ မိတ်ဆွေများနှင့် ဆွေမျိုးသားချင်းများ ရှိသည်ကို တွေ့မြင်ကာ ဤနှိုးဆော်တပ်မက်စိတ်သည် ၎င်း၏ နှလုံးသားအတွင်းတွင် တွေ့မြင်ရမည် မဟုတ်ပေ' ဟူသော အကြောင်းတို့ကြောင့် ဖြစ်ပေသည်။

ဤအထက်တင်ပြပါနည်းလမ်းတို့မှာ ရှာဖွေခြင်း၏ ရေပန်းစားနေသော နည်းလမ်းများထဲမှ ခနစည်းစိမ် စုဆောင်းထားခြင်းကို ရှောင်ရှားစေခြင်း၏ နည်းလမ်းကို ရွေးချယ်တင်ပြထားခြင်း ဖြစ်ပေသည်။ ပစ္စည်းဥစ္စာကို ရယူရန် ဒုတိယနည်းလမ်းမှာ စစ်မက်တိုက်ခိုက်ခြင်း ဖြစ်ပေသည်။ ထိုစစ်ပွဲမှ ရရှိသော ပစ္စည်းဥစ္စာများအတွင်းဝယ် သာသနာအရ ခွဲဝေခြင်း၏ အချို့သောအကြောင်းကို စူရာဟ် 'အန်ဖားလ်'၌ တင်ပြထား၍ အချို့ကို ဤစူရာဟ်တော်အတွင်း၌ တင်ပြထားပေသည်။ ထိုသူတို့သည် အဘာယ်မျှခန့် နှလုံးသားအမြင်ကျဉ်းသော သူများ ဖြစ်ပေသနည်း။ အကြင်သူတို့သည် အစ္စလာမ်သာသနာ၏ ထိုအမြော်အမြင်နှင့် တရားမျှတမှုရှိသော စီမံချက်တို့ကို စွန့်လွှတ်ကာ နည်းပရိယာယ်အသစ်တို့ကို ရွေးချယ်၍ ကမ္ဘာလောကကြီး၏ ငြိမ်းချမ်းရေးကို ဖျက်ဆီးပစ်လျက် ရှိကြပေသည်။

مَآاٰتَاكُمُ الرَّسُوْلُ فَخُذُوْهُ وَ مَانَهَا كُمْ عَنْهُ فَانْتَهُوْا وَاتَّقُوااللهَ (الاٰية)

(ထို့ပြင် အသင်တို့သည် မိမိတို့အား ရစူလ်တမန်တော်မြတ်က ပေးခဲ့သည်ကို ယူကြလေကုန်။ ထိုနည်းတူစွာ ထိုရစူလ်တမန်တော်မြတ်က တားမြစ်တော်မူသည်မှ ရှောင်ကြဉ်ကြလေကုန်။) */ ၅၉ : ၇ /*

ဤအာယသ်တော်မြတ်သည် လက်ရပစ္စည်းကို ခွဲဝေခြင်းနှင့် စပ်လျဉ်း၍ မိန့်မြွက်ထားပြီး ထိုကွင်းဆက်ဖယောနှင့် သင့်တော်လျော်ကန်သော အာယသ်တော်၏ အလိုသဘောမှာ ဤသို့တည်း။ လက်ရပစ္စည်းနှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်သည် ထိုက်တန်သော လူတန်းစားများကို သတ်မှတ်ပေးထားနေလင့်ကစား '၎င်းတို့ထဲမှ မည်သူ့ကို၊ မည်မျှခန့် ပေးဆောင်ရမည်' ဟူသော သုံးသက်ချက်နှင့် ပတ်သက်၍ မှတ်စုလင်မ်တို့ကို ဤအာယသ်တော်မြတ်အတွင်း၌ 'တမန်တော်မြတ် ﷺ သည် အဘာယ်သူ့ကို အဘာယ်မျှခန့် ပေးသည်ဆိုပါက ထိုအရာကို နှစ်မြို့စွာ ရယူလိုက်၍ အကယ်၍ မပေးအပ်သည်ဆိုပါကလည်း သောကမပွားရန်' လမ်းညွှန်ချက်ကို ထုတ်ပြန်တော်မူထားပေသည်။ ရှေ့၌ ယင်းအချက်ကို اِتَّقُوا الله (ထို့ပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြကုန်) ဟူသော အမိန့်တော်ဖြင့် သာပို၍ လေးနက်စေတော်မူထားပေသည်။ အကြောင်းမှာ အကယ်၍ ထိုအမှုကိစ္စ၌ တစ်စုံတစ်ရာ မှားယွင်းစွာဖြင့်လည်းကောင်း၊ ဉာဏ်နီဉာဏ်နက်ကို သုံး၍ အပို ရယူလိုက်မည်ဆိုပါကလည်း အလ္လာဟ်အသျှင်မြတ်သည် အားလုံးကို သိနားလည်တော်မူ၍ ပြစ်ဒဏ်ကို ပေးတော်မူပေလိမ့်မည်။

တမန်တော်မြတ် ﷺ ၏ အမိန့်သည်လည်း ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်ကဲ့သို့ပင် လိုက်နာရန် အရေးကြီးခြင်းအကြောင်း

သို့ရာတွင် အာယသ်တော်၏ စကားလုံးများသည် ကျယ်ဝန်းလှပေသည်။ ဥစ္စာပစ္စည်းများကိုသာလျှင် အထူးပြုထားရုံသာမက ပညတ်ချက်များသည်လည်း ၄င်းအတွင်း၌ ပါဝင်ပေသည်။ ထို့ကြောင့် ခြုံငုံလှစွာသော အသွင်မျိုးဖြင့် အာယသ်တော်၏ အလိုသဘောမှာ ဤသို့တည်း။ အကြင်မည်သည့် အမိန့် (သို့မဟုတ်) ဥစ္စာပစ္စည်း၊ (သို့မဟုတ်) အခြားတစ်စုံတစ်ရာကို တမန်တော်မြတ် ﷺ က တစ်ဦးတစ်ယောက်ကို ချီးမြှင့်လိုက်သည်ဆိုလျှင် ရယူသင့်ပေသည်။ ထိုအချက်နှင့် သင့်တော်စွာ ပြုမူဆောင်ရွက်ရန်ဖြစ်ပြီး တားမြစ်လိုက်သော အရာမှလည်း ရှောင်ရှားမှုကို ပြုသင့်ပေသည်။

များစွာသော ဆွဟာဗာသာဝကကြီးများသည် ထိုခြုံငုံလှစွာသော အလိုသဘောကို ရွေးချယ်ကာ တမန်တော်မြတ် ﷺ ၏ အမိန့်တော်တိုင်းကို ဤအထက်ဖော်ပြပါ အာယသ်တော်မြတ်အား အခြေခံကာ ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်နှင့် မုချ နာခံ ကျင့်သုံးရမည်ဖြစ်သော အချက်ဟု သတ်မှတ်ထားတော်မူပေသည်။ ကုရ်သုဗီးသခင်ကြီးက အမိန့်ရှိထားသည်မှာ ဤအာယသ်တော်၌ 'အသား' (أَتى) ဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ ဤနေရာ၌ (نَهى) နှင့် လုံးဝ မှန်ကန်စွာ ဆန့်ကျင်လျက် ရှိနေသော أَمَرَ (ထိုအမျိုးသားတစ်ဦး အမိန့်ပေးခဲ့သည်) ဟူသော အဓိပ္ပာယ်သာဖြစ်ကြောင်း'ကို သိရှိရပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် (نَهى) ဟူသော စကားလုံးနှင့် ဆန့်ကျင်ဘက်ဖြစ်သော (أَمَرَ) ဟူသော စကားလုံးကို ချန်ထားကာ (أَتى) ဟူသော စကားလုံးကို သုံးနှုန်းရာ၌ 'လက်ရပစ္စည်းကို ခွဲဝေခြင်း၏ အကြောင်းအရာ ပါရှိသော လွန်ခဲ့သည့် အာယသ်တော်၌ ရှိသော စာစဉ်အကြောင်း အရာကိုပါ တစ်ပါတည်း ဤအာယသ်တော်၌ ပါရှိစေရန် အလို့ငှာ' ဟူသော အကြောင်းတို့ကြောင့် ဖြစ်နိုင်ပေသည်။

ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်နိမတ်စ်အူးဒ် ؓ သခင်ကြီးသည် လူတစ်ဦးကို 'အဲဟ်ရာမ်'၏ အခြေအနေ၌ ချုပ်ထားပြီးဖြစ်သော အဝတ်ကို ဝတ်ဆင်းထားသည်ကို မြင်တွေ့သောအခါဝယ် 'ဤအဝတ်ကို ချွတ်ပါလေ' ဟူ၍ မိန့်ဆိုလိုက်ပေသည်။ ၄င်းက 'အသင်သည် ထိုမွေသတ်နှင့် စပ်လျဉ်း၍ ကျွန်ုပ်အား ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်ကို ပြဆိုနိုင်ပါ၏လော။ အကြင်အာယသ်တော်၌ ချုပ်ရိုးကြောင်း ပါရှိထားသော အဝတ်ကို ဝတ်ဆင်ခြင်းအား တားမြစ်ထားသော အာယသ်တော် ပြဆိုနိုင်ပါသလား'ဟု ပြောဆိုရာ ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်နိမတ်စ်အူးဒ် ؓ သခင်ကြီးက 'ကျွန်ုပ်အနေနှင့် ပြဆိုနိုင်ပါ၏' ဟု မိန့်ဆိုလိုက်ပေသည်။ ထို့နောက်တစ်ဖန် ဤအာယသ်တော်ကိုသာ ဖတ်ပြလိုက်ပေသည်။

အဲမာမ်ရှာဖေအီသခင်ကြီးသည် တစ်ကြိမ်တစ်ခါက လူတို့အား 'ကျွန်ုပ်သည် အသင်တို့၏ အဖြေတိုင်းအား ကုရ်အာန်ကျမ်းတော်မြတ်ဖြင့် ပြဆိုကာ ဖြေဆိုနိုင်ပေသည်။ မေးမြန်းကြပါလေ။ မည်သည့် အချက်ကို မေးမြန်းလိုကြပေသနည်း'ဟူ၍ မိန့်ဆိုလိုက်ရာ လူတစ်ဦးက 'အကြင်သူတစ်ဦးသည် 'အဲဟ်ရာမ်'

ဝတ်ဆင်ထားသော အခြေအနေ၌ ဖြုတ်ကောင်ကို သတ်လိုက်ပါမူ အမိန့်သည် မည်ကဲ့သို့နည်း'ဟူ၍ မေးမြန်းလိုက်ပေသည်။ အေမာမ်ရှာဖေအီသခင်ကြီးသည် ဤအထက်ဖော်ပြပါ အာယသ်တော်ကိုသာလျှင် ရွတ်ဖတ်တော်မူ၍ ဟဒီးစ်တော်ဖြင့် ထိုအမိန့်တော်ကို တင်ပြလိုက်ပေသည်။ *[ကုရ်သုဗီး]*

لِلْفُقَرَآءِ الْمُهَاجِرِيْنَ

(အကြင် 'မုဟာဂျိရ်' ရွှေ့ပြောင်းခဲ့ကြသော သူဆင်းရဲတို့နှင့် သက်ဆိုင်၏။)

ဤအာယသ်တော်များမှ နောက်ဆုံး ရုကူအ်ထိတိုင် သူဆင်းရဲ 'မုဟာဂျိ'များ၊ အန်ဆွာရီများနှင့် ၎င်းတို့၏နောက် ပေါ်ပေါက်လာမည်ဖြစ်သော 'အွမ္မသ်'ထုတစ်ရပ်လုံး၏ လူများအကြောင်းကို တင်ပြထားပေသည်။ သဒ္ဒါပညာ၏ ဝါကျတည်ဆောက်ပုံကို ထောက်ရှု၍ لِلْفُقَرَآءِ ဟူသော စကားလုံးကို ၎င်း၏အလျှင် အာယသ်တော်၌ လာရှိထားပြီးဖြစ်သော لِذِى الْقُرْبٰى ဟူသော စကားလုံး၏ 'ဗဒလ်'အဖြစ် သတ်မှတ်ပေးထားပေသည်။ *[မဇ္ဇဟရီကျမ်း]*

အာယသ်တော်၏ အလိုသဘောမှာ ဤသို့တည်း။ လွန်လေပြီးသော အာယသ်တော်၌ ဖတဆိုးကလေးများ၊ သူဆင်းရဲများနှင့် ခရီးသည်တို့ကို ၎င်းတို့၏ ငတ်မွတ်၊ တပ်မက်ခြင်းကို ထောက်ရှု၍ လက်ရပစ္စည်းများအား ထိုက်တန်သောသူများဖြင့် ရေတွက်ဖော်ပြထားပေသည်။ ဤအာယသ်တော်များ၌ သာပိုရှင်းလင်းစွာ 'ထိုလက်ရပစ္စည်းနှင့် စပ်လျဉ်း၍ သူဆင်းရဲအားလုံးတို့သည် ထိုက်တန်နေလင့်ကစား သို့ရာတွင် ၎င်းတို့အားလုံးထက် သာသနာရေးဆိုင်ရာ ကိစ္စရပ်တို့အား အလုပ်အကျွေးပြုစု ပေးနေသူများနှင့် သာသနာရေးဆိုင်ရာတို့၌ ပင်ကိုယ်အရည်အချင်းနှင့် ပြည့်စုံသောသူတို့ကို ဦးစားပေးရမည်ဖြစ်ကြောင်း' ဟူသော အသွင်မျိုးဖြင့် တင်ပြထားပေသည်။

"စွဒ်ကာဟ်" ပစ္စည်းများ၌ မွန်ရည်သူများနှင့် သာသနာရေးရာ အမှုကိစ္စများကို အလုပ်အကျွေးပြုစု၍ လိုအပ်ချက်ရှိနေသောသူများကို ဦးစားပေးကာ ပေးအပ်ရမည့်အကြောင်း

အထက်ပါတင်ပြချက်မှ 'စွဒ်ကာဟ်'ပစ္စည်းများသည် အထူးသဖြင့် လက်ရပစ္စည်းများကို အများမွတ်စ္စလင်မ်သူဆင်းရဲတို့၏ လိုအပ်ချက်ကို ပပျောက်အောင် ပေးထားနေလင့်ကစား'ဟူသော အချက်ကို သိရှိကာ သို့ရာတွင် ထိုအများမွတ်စ္စလင်မ် သူဆင်းရဲများအတွင်း၌လည်း မွန်ရည်၍ သာသနာရေးကို ကိုင်းရှိုင်းသူများ အထူးသဖြင့် သာသနာရေးဆိုင်ရာ အမှုကိစ္စတို့ကို ဆောင်ရွက်နေသော ကျောင်းသားများ၊ အာလင်မ်သာသနာ့ပညာရှင်များကို အခြားသောသူများထက် ဦးစားပေးရပေမည်။ အဘယ်ကြောင့်ဟူမူ အစ္စလာမ့်အုပ်ချုပ်မှု၌ သင်ပေးသင်ယူပြုခြင်း၊ သာသနာပြန့်ပြူးခြင်းနှင့် အဖန်ဆင်းခံများကို ပြုပြင်ရန် ဆောင်ရွက်ခြင်း၏ အမှုကိစ္စတို့၌ နစ်မွန်းလျက်ရှိနေသော အာလင်မ်သာသနာ့ပညာရှင်များ၊ မွဖ်သီများနှင့် တရားသူကြီးများအား ၎င်းတို့ အသက်မွေးဝမ်းကြောင်းပြုရန် ကုန်ကျစရိတ်ကို လက်ရပစ္စည်းများအတွင်းမှသာ ပေးခြင်း

လေ့သည် ရှိခဲ့ပေသည်။ အဘယ်ကြောင့်ဆိုသော် ဤအာယသ်တော်များ၌ ဆွဟာဗာသာဝကကြီးများ အတွင်းမှာပင် ပထမအဆင့် (၂) ဆင့် ခွဲထားပေသည်။

ပထမအဆင့်မှာ 'မုဟာဂျိရ်'များဖြစ်ပေသည်။ အကြင်သူတို့သည် အားလုံး၏အလျင် အစ္စလာမ် သာသနာနှင့် တမန်တော်မြတ် ﷺ အတွက် လွန်စွာ စွန့်လှူမှုများကို ပြုခဲ့ကြပေသည်။ အစ္စလာမ်သာသနာ အတွက် ကြီးမားလှစွာသော ပင်ပန်းခြင်း ဆင်းရဲဒုက္ခကို ခံကြကာ နောက်ဆုံး မိမိတို့၏ အိုးအိမ်၊ ဥစ္စာ ပစ္စည်း၊ မွေးရပ်ဌာနေနှင့် ဆွေမျိုးသားချင်းများအားလုံးတို့ကို ဝမ်းနည်းစွာဖြင့် နှုတ်ဆက်ခွဲခွာကာ မဒီနာ မြို့သို့ ရွှေ့ပြောင်းသွားကြပေသည်။

ဒုတိယအဆင့်ရှိသူတို့မှာ မဒီနာမြို့နေ အန်ဆွာရီများ ဖြစ်ပေသည်။ အကြင်သူတို့သည် တမန်တော် မြတ် ﷺ နှင့်အတူ လာရောက်ကြကုန်သော 'မုဟာဂျိရ်' မိတ်ဆွေများကို ခေါ်ဆောင်ကာ ကမ္ဘာလောကကို မိမိတို့၏ ဆန့်ကျင်ဘက်အဖြစ် ပြုလုပ်ကြပေသည်။ ထိုအန်ဆွာရီတို့၏ တည့်ခင်းဧည့်ခံမှုကို ကမ္ဘာလောက ကြီးအတွင်း၌ နှိုင်းယှဉ်ပမာပြရန်ကိုပင် မရရှိနိုင်ပေ။ ထိုလူတန်းစားနှစ်ရပ်၏ နောက် တတိယလူတန်းစား ကို ထိုမွတ်စ္စလင်မ်တို့အား သတ်မှတ်ခဲ့ပေသည်။ အကြင်သူတို့သည် ဆွဟာဗာကြီးများ၏နောက် အစ္စလာမ် သာသနာကို လက်ခံကြကာ ၎င်းတို့၏ လမ်းစဉ်အတိုင်း လျှောက်လှမ်းကြပေသည်။ အကြင်လူတန်းစား အတွင်း၌ 'ကေယာမသ်'နေ့ထိတိုင် ပေါ်ပေါက်လာမည်ဖြစ်သော မွတ်စ္စလင်မ်များအားလုံး ပါဝင်ပေသည်။ ရှေ့၌ ထိုလူတန်းစား (၃) ရပ်စလုံး၏ အရည်အချင်းနှင့် ဂုဏ်ထူးဝိသေသနအချို့အပြင် သာသနာရေးဆိုင်ရာ ကိစ္စရပ်များအား ဆောင်ရွက်သွားကြသည့်အကြောင်းကို တင်ပြထားပေသည်။

"မုဟာဂျိရ်"များ၏ အကျိုးထူးဝိသေသ

اَلَّذِيْنَ اُخْرِجُوْامِنْ دِيَارِهِمْ وَاَمْوَالِهِمْ يَبْتَغُوْنَ فَضْلًا مِّنَ اللهِ

وَرِضْوَا نًاوَّيَنْصُرُوْنَ اللهَ وَرَسُوْ لَهٗ اُولٰٓئِكَ هُمُ الصّٰدِقُوْنَ

(ထိုသူတို့သည် မိမိတို့၏ နေအိမ်များကိုလည်းကောင်း၊ မိမိတို့၏ ဥစ္စာပစ္စည်းများကိုလည်းကောင်း စွန့်၍ ထွက်ခွာခဲ့ကြကုန်၏။ ထိုသူတို့မှာ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်ကိုလည်းကောင်း၊ ကျေနပ်မှု ကိုလည်းကောင်း ရှာဖွေဆည်းပူးလျက် ရှိကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်အား လည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အားလည်းကောင်း ကူညီကြကုန်၏။ ထိုသူတို့ သည်ပင်လျှင် သစ္စာဝါဒီများ ဖြစ်ကြကုန်၏။ *[၅၉ : ၈]*

ထိုအာယသတော်၌ 'မုဟာဂျိရ်'များ၏ ပထမအရည်အချင်းကို ဤသို့ တင်ပြထားပေသည်။ ၎င်း တို့ကို ၎င်းတို့၏ မွေးရပ်ဌာနေ၊ ဥစ္စာပစ္စည်းနှင့် စည်းစိမ်ရတနာတို့မှ စွန့်ပယ်ပစ်ခြင်းကို ခံခဲ့ရပေသည်။ ဆိုလိုသည်မှာ မက္ကာဟ်မြို့ရှိ ကာဖိရ်များသည် 'ဤသူတို့သည် မွတ်စ္စလင်မ်များနှင့် တမန်တော်မြတ် ﷺ

အား အကူအညီပေးသောသူများဖြစ်သည့်' ပြစ်ချက်ကြောင့် ၎င်းတို့သည် မိမိတို့၏ မွေးရပ်ဌာနေနှင့် ဥစ္စာပစ္စည်း အရင်းအနှီးတို့ကို စွန့်ပယ်ကာ မလွဲမရှောင်သာဖြစ်၍ ပြောင်းရွှေ့သွားရသည့်အထိ အမျိုးမျိုးသော နည်းများဖြင့် ဒုက္ခပေးခဲ့ကြပေသည်။ အချို့သောသူတို့သည် ဆာလောင်မွတ်သိပ်ခြင်းကြောင့် ဝမ်းဗိုက်၌ ခဲဆွဲထားရသည့်အထိ ခံစားခဲ့ရပေသည်။ အချို့မှ အအေးဒဏ်ကို ကာကွယ်ရန် ပစ္စည်းများ မရှိသည့်အတွက်ကြောင့် အအေးဒဏ်မှ ကာကွယ်ရန် မြေကြီး၌ တွင်းတူးကာ နေခဲ့ကြရပေသည်။

[မဇ္ဇဟရီကျမ်း၊ ကုရ်သုဗီး]

အရေးကြီးသော မေးသတ်တစ်ရပ်

မွတ်စ္စလင်မ်တို့၏ ဥစ္စာပစ္စည်းအပေါ် ကာဖိရ်များ မောင်ပိုင်စီးခြင်း၏ အမိန့်

ဤအာယသ်တော်၌ 'မုဟာဂျီရ်' များကို သူဆင်းရဲများဟူ၍ မိန့်တော်မူထားပေသည်။ (အကြင်သူ၏ထံ၌ တစ်စုံတစ်ရာမျှသော်လည်းကောင်း၊ (သို့မဟုတ်) အနည်းဆုံး 'နေစာဗ်' အတိုင်းအတာခန့် မရှိသောသူကို 'သူဆင်းရဲ' ဟူ၍ ခေါ်ဆိုပေသည်။ ကေန်အမှန် 'မုဟာဂျီရ်' ပုဂ္ဂိုလ်များထဲမှ အများစုသည် မက္ကာဟ်ရွှေမြို့တော်၌ ချမ်းသာကြွယ်ဝကြသော ပုဂ္ဂိုလ်များ ဖြစ်ကြပေသည်။ အကယ်၍ 'ဟီဂျ်ရသ်ပြု ပြောင်းရွှေ့ပြီး နောက်ပိုင်း၌လည်း ထိုပစ္စည်းဥစ္စာများသည် ၎င်းတို့၏ ပိုင်ဆိုင်မှုအတွင်း၌ ဆက်လက်တည်ရှိနေသည်ဆိုပါက ၎င်းတို့အား သူဆင်းရဲဟူ၍ ပြောဆိုခြင်းသည် မမှန်ကန်ပေ။ ကုရ်အာန်ကျမ်းတော်မြတ်သည် ၎င်းတို့ကို သူဆင်းရဲများဟူ၍ မိန့်မြွက်ကာ 'ဟီဂျ်ရသ်'ပြု ပြောင်းရွှေ့ပြီးနောက် မက္ကာဟ်မြို့၌ ချန်ထားရစ်ခဲ့သော ၎င်းတို့ပိုင် ပစ္စည်းများကို ကာဖိရ်များ သိမ်းယူလိုက်ခြင်းကြောင့် ၎င်းတို့၏ ပိုင်ဆိုင်မှုမှ ထွက်သွားကြောင်း'ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားပေသည်။

ထို့ကြောင့် အေမာမ်အဘူဟနီဖာ (ရဟ) နှင့် အေမာမ်မာလစ်က် (ရဟ) သခင်ကြီးတို့ မိန့်တော်မူထားသည်မှာ အကယ်၍ မွတ်စ္စလင်မ်တို့သည် နေရာတစ်နေရာသို့ 'ဟီဂျ်ရသ်' ပြု ပြောင်းရွှေ့ကာ ၎င်းတို့၏ ဥစ္စာပစ္စည်းများကို ကာဖိရ်များက ပိုင်ဆိုင်မှုအတွင်း၌ ရယူလိုက်လျှင်သော်လည်းကောင်း၊ (သို့မဟုတ်) (အလ္လာဟ်အသျှင်မြတ်) ပြုလုပ်တော်မမူပါနှင့်။ အစ္စလာမ်၏ မြို့တော်အား ၎င်းတို့သည် လွှမ်းမိုးအောင်နိုင်ကာ မွတ်စ္စလင်မ်တို့၏ ဥစ္စာပစ္စည်းများကို ရယူလိုက်လျှင်သော်လည်းကောင်း၊ ဤဥစ္စာပစ္စည်းများသည် ၎င်းတို့၏အဖို့ ပြည့်ဝစွာ ပိုင်ဆိုင်မှုကို ရရှိပြီးနောက် ၎င်းကာဖိရ်တို့၏ အပိုင်ပစ္စည်းများပင် ဖြစ်သွားပေသည်။ ထိုမွတ်စ္စလင်မ်တို့၏ ပစ္စည်းများနှင့် ပတ်သက်၍ စိုးမိုးခြယ်လှယ်ခြင်း (သို့မဟုတ်) အရောင်းအဝယ်ပြုခြင်းများ ပြုလုပ်လာပေသည်။ ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များသည်လည်း ထိုအချက်အား အထောက်အကူပြုလျက် ရှိပေသည်။ သဖ်စီးရေမဇ္ဇဟရီကျမ်း၌ ဤနေရာတွင် ထိုဆင့်ပြန်ချက်များအားလုံးကို ဆင့်ပြန်ထားပေသည်။

'မုဟာဂျိရ်'တို့၏ ဒုတိယအရည်အချင်းကို အာယသ်တော်အတွင်း၌ ဤသို့ တင်ပြထားပြန်ပေသည်။

يَبْتَغُوْنَ فَضْلًا مِّنَ اللهِ وَرِضْوَانًا

(ထိုသူတို့မှာ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်ကိုလည်းကောင်း၊ ကျေနပ်မှုကိုလည်းကောင်း ရှာဖွေဆည်းပူးလျက် ရှိကြကုန်၏။) *[၅၉ : ၈]*

ဆိုလိုသည်မှာ ၎င်းတို့ အစ္စလာမ့်ဘောင်သို့ သက်ဝင်လိုက်ခြင်းနှင့် တစ်ဖန် 'ဟီဂျ်ရသ်'ပြု ပြောင်းရွှေ့ကာ ဥစ္စာပစ္စည်းများကို ချန်ထားခဲ့ခြင်းတို့၌ လောကီရေးရာ၏ ရမ္မက်တစ်စုံတစ်ရာမျှ မရှိပေ။ သို့သာမက အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးအသနားတော် ကရုဏာတော်နှင့် သဘောတူနှစ်မြို့မှုကိုသာလျှင် လိုလားတပ်မက်နေပေသည်။ အကြင်အချက်မှ ၎င်းတို့၏ ပြည့်ဝသော 'အိခ်လားဆ်' (စိတ်စေတနာဖြူစင်မှု) ကို သိရှိရပေသည်။ 'ဖသ္ဖ်လ်'ဟူသော စကားလုံးသည် များသောအားဖြင့် လောကီရေးရာ 'နေအ်မသ်' (စည်းစိမ်တော်) တို့အဖို့သော်လည်းကောင်း၊ 'ရသ္ဖ်ဝါးန်'ဟူသော စကားလုံးသည် 'အာခေရသ်' နောင်တမလွန်ရေးရာ၏ 'နေအ်မသ်'(စည်းစိမ်တော်) တို့အဖို့လည်းကောင်း သုံးနှုန်းကြပေသည်။ ထို့ကြောင့် အလိုသဘောမှာ ဤသို့ ဖြစ်သွားပေသည်။ ၎င်းပုဂ္ဂိုလ်တို့သည် မိမိတို့၏ ဓိမ်ခံပစ္စည်းများအားလုံး၊ အိမ်နှင့် ခနစည်းစိမ်တို့ကိုမူ စွန့်လွှတ်လိုက်ပေသည်။ ယခု လောကီရေးရာ၏ လိုအပ်ချက်များနှင့် တမလွန်၏ စည်းစိမ်တော်များသည် အစ္စလာမ်သာသနာ၏ အရိပ်အာဝါသအောက်၌မှာပင် နေကာ လိုလားတပ်မက်၍ နေကြပေသည်။ လောကီရေးရာ၏ အသက်ရှင်နေထိုင်ခြင်း၏ လိုအပ်ချက်များကိုလည်း အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်၏ သဘောတူနှစ်မြို့ခြင်း၌သာ ရယူရန်ကိုပင် အဓိကရည်ရွယ်ထားကြပေသည်။

'မုဟာဂျိရ်'ပုဂ္ဂိုလ်များ၏ တတိယဂုဏ်အင်ကို ဤသို့ တင်ပြထားပေသည်။

وَيَنْصُرُوْنَ اللهَ وَرَسُوْ لَهُ

(၎င်းပြင် ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်အားလည်းကောင်း ကူညီကြကုန်၏။) *[၅၉ : ၈]*

ဆိုလိုသည်မှာ ဤအလုပ်များအားလုံးကို ၎င်းတို့သည် ပြုလုပ်ရန် ရွေးချယ်ရခြင်းအကြောင်းမှာ 'အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ် ﷺ ကို ကူညီရန် ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်အား ကူညီတော်မူခြင်း၏ အလိုသဘောမှာ ထိုအသျှင်မြတ်၏ ဒီးန်သာသနာတော်ကို ကူညီခြင်းဖြစ်ပေသည်။ အကြင်သာသနာအား ကူညီရာ၌ ၎င်းတို့သည် အံ့ဖွယ်ကောင်းသော ပေးကမ်းစွန့်လှူမှုတို့ကို ပြုခဲ့ကြပေသည်။

၎င်းတို့၏ စတုတ္ထအရည်အချင်းမှာ-

أُولَٰئِكَ هُمُ الصَّادِقُوْنَ (ထိုသူတို့သည်ပင်လျှင် သစ္စာဝါဒီများ ဖြစ်ကြကုန်၏။) *[၅၉ : ၈]*

ဆိုလိုသည်မှာ ဤသူတို့သည်ပင်လျှင် အပြောနှင့် အလုပ် ကိုက်ညီမှန်ကန်သောသူများ ဖြစ်ပေသည်။ အစ္စလာမ်သာသနာ၏ 'ကလေမာဟ်'ကို ဖတ်ကာ အလ္လာဟ်အသျှင်မြတ်နှင့် တမန်တော်မြတ် ﷺ ဘက်တော်တို့မှ အတည်ပြုပြဋ္ဌာန်းပေးထားသော ပဋိညာဉ်တို့အား လိုက်နာရာ၌ ပြည့်ဝစွာ ဆောက်တည်သမှုကို ပြခဲ့ကြပေသည်။ ဤအာယသ်တော်သည် 'မုဟာဂျိရ်'ဆွဟာဗာများအားလုံး မှန်ကန်ကြောင်းကို ကမ္ဘာသိအောင် ကြေညာချက် ထုတ်ပြန်ထားပေသည်။ အကြင်သူသည် ၎င်းတို့ထဲမှ တစ်ဦးတစ်ယောက်ကို 'လူလိမ်' ဟူ၍ အတည်ပြုလိုက်သည်ဆိုပါက ထိုသူသည် မွတ်စ္စလင်မ်မဖြစ်နိုင်တော့ပေ။ အဘယ်ကြောင့်ဆိုသော် ထိုသူသည် အာယသ်တော်အား ငြင်းဆိုရာ ရောက်သွားပေသည်။ (အလ္လာဟ်အသျှင်မြတ်ထံ ခိုလှုံခွင့် တောင်းခံပါ၏။) ထိုပုဂ္ဂိုလ်များအား မုနာဖစ်က်ဟူ၍ ပြောဆိုသမုတ်ကြသော 'ရဝါဖိဇ်'တို့သည် ဤအာယသ်တော်အား ရှင်းလင်းစွာ ငြင်းဆိုခြင်း ဖြစ်ပေသည်။ ဤသူဆင်းရဲ 'မုဟာဂျိရ်'များသည် အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်မြတ် ﷺ ထံ၌ ဤမျှ အတိုင်းအတာအထိ အဆင့်အတန်း ရှိကြပေသည်။ ၎င်းမှာ 'မိမိ၏ တောင်းဆုဒိုအာများတွင် ထိုသူဆင်းရဲ 'မုဟာဂျိရ်'များအား အမှီသဟဲပြု၍ အသျှင်မြတ်ထံတော်မှ တောင်းဆုဒိုအာပြုတော်မူလေ့ ရှိကြပေသည်။ *[မဇ္ဇဟရီ]*

အန်ဆွာရီများ၏ အကျိုးထူးဝိသေသ

وَالَّذِيْنَ تَبَوَّءُا الدَّارَ وَالْاِيْمَانَ مِنْ قَبْلِهِمْ (الاية)

(ထိုသူတို့သည် ၎င်း'မုဟာဂျိရ်'တို့အလျင်ကပင် အစ္စလာမ့်မြို့တော်၌ နေထိုင်လျက် ရှိကြပြီး အီမာန်တွင် ကြံ့ခိုင်စွာ ရှိခဲ့ကြကုန်၏။) *[၅၉ : ၉]*

'သဗူးအူးန်'ဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ နေရာထိုင်ခင်းအတည်ပြု သတ်မှတ်ခြင်းဟူ၍ ရ၏။ အာယသ်တော်အတွင်း ပါရှိသည့် 'ဒါးရ်'ဟူသော စကားလုံး၏ လိုရင်းသဘောမှာ 'ဟီဂျ်ရသ်'ပြု ပြောင်းရွှေ့ကာ ရောက်ရှိသော ဌာနေ၊ (သို့မဟုတ်) အီမာန်၏ မြို့တော်ဖြစ်သော မဒီနာရွှေမြို့တော်ပင် ဖြစ်ပေသည်။ မဒီနာရွှေမြို့တော်၌ အထူးသီးသန့် ဂုဏ်အင်တစ်ရပ် ရှိပေသည်။ ထို့ကြောင့် အေမာမ်မာလစ်က် (ရဟ) သခင်ကြီးသည် ရှုထောင့်တစ်ရပ်အရ မဒီနာရွှေမြို့တော်ကို ကမ္ဘာလောကရှိ ကျန်ရှိသော မြို့များထက် အမွန်မြတ်ဆုံးဟူ၍ သတ်မှတ်အတည်ပြုထားပေသည်။ မိန့်တော်မူသည်မှာ ကမ္ဘာလောကရှိ အစ္စလာမ်သာသနာ ရောက်ရှိသော မြို့များနှင့် တိုင်းပြည်များအားလုံးသည် 'ဂျီဟားဒ်'စစ်ဆင်ခြင်းကို အကြောင်းပြု၍ ပြန့်နှံ့ခဲ့ပေသည်။ နောက်ဆုံးအဆင့်အနေဖြင့် မက္ကာဟ်ရွှေမြို့တော်သည်ပင်လျှင် 'ဂျီဟားဒ်'စစ်ဆင်ရေး၏ အမှီသဟဲဖြင့် အောင်မြင်မှုကို ရရှိခဲ့ပေသည်။ စစ်ဆင်ရေးကင်းလွတ်ကာ အောင်မြင်မှုရရှိသော မြို့သည် အခြားသော မြို့များမှအပ မဒီနာရွှေမြို့တော်သည်သာလျှင် ဖြစ်ပေသည်။ ဤမြို့တော်ကို အီမာန်ဖြင့်သာ အောင်နိုင်မှုကို ရရှိခဲ့ပေသည်။ *[ကုရ်သုဗီး]*

ဤအာယသ်တော်အတွင်းတွင် 'သဗောင်ဝ်ဝုအ်' ဟူသော စကားလုံး၏ အောက်၌ 'ဒါးရ်'(မြို့တော်) ဟူသော စကားလုံးနှင့်အတူ အီမာန်ဟူသော စကားလုံးကိုလည်း တွဲကာ တင်ပြထားပေသည်။ ကေန်ဆိုလျှင် အတည်တကျ နေထိုင်ခြင်းသည် နေရာတစ်ခုနှင့်သာ ဆက်နွယ်ပတ်သက်လျက် ရှိနေပေသည်။ အီမာန်သည် ၄င်း၏ အတွင်း၌ အတည်တကျ နေထိုင်၍ ရလောက်အောင် ရုပ်ဝတ္ထုပစ္စည်းမျိုး မဟုတ်ပေ။ ထို့ကြောင့် အချို့သော အာလင်မ်သာသနာ့ပညာရှင်များသည် ဤနေရာ၌ اَخْلَصُوا (သို့မဟုတ်) تَمَكَّنُوا ဟူသော စကားလုံး မြုပ်နေကြောင်းကို အမိန့်ရှိထားကြပေသည်။ အာယသ်တော်၏ အလိုသဘောမှာ ဤသို့တည်း။ ဤသူတို့သည်သာလျှင် ထိုပုဂ္ဂိုလ်မွန်များ ဖြစ်ပေသည်။ အကြင်သူတို့သည် ပြောင်းရွှေ့လာကြသော နေရာဌာန၌ အတည်တကျ နေထိုင်ကြကာ အီမာန်၏ အရာ၌လည်း စိတ်တေနာ ဖြူစင်ကြကာ တည်တံ့ကြံ့ခိုင်မှု ရှိကြပေသည်။ 'ဤနေရာ၌ အသုံးအနှုန်းကို ဌားရမ်းသည့်ပုံစံမျိုးဖြင့် အီမာန်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းခံထားရသော အိမ်အဖြစ် ပမာခိုင်းနှိုင်း တင်ပြထားကာ ထိုအီမာန် အိမ်အတွင်း၌ ဝင်ရောက် ခိုလှုံနေကြခြင်း တင်ပြထားခြင်းမျိုးလည်း ဖြစ်နိုင်ပေသည်။

مِنْ قَبْلِهِمْ (ထို 'မုဟာဂျိရ်'တို့၏အလျှင်) ဟူသော စကားလုံးတို့၏ အလိုသဘောမှာ ဤသို့တည်း။ မဒီနာမြို့နေ အန်စွာရီများ၏ အကျိုးထူးတစ်ရပ်မှာ အကြင်မြို့သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ 'ဟီဂျ်ရသ်'ပြု ပြောင်းရွှေ့လာမည့်မြို့နှင့် အီမာန်၏ မြို့တော်ဖြစ်လာရန် ရှိပေသည်။ ထိုမြို့၌ ၄င်းတို့ကို 'မုဟာဂျိရ်'များ၏အလျှင် အတည်တကျ နေထိုင်ပြီးသား ဖြစ်သွားကြပေသည်။ 'မုဟာဂျိရ်'များ ဤအရပ်ဒေသသို့ မပြောင်းရွှေ့လာမီ အလျှင်ကတည်းကပင် ဤသူတို့သည် အီမာန်ကို လက်ခံကြကာ ထိုအီမာန်၏ အရာ၌ ရင့်ကျက်ပြီးသောသူများ ဖြစ်နေကြပေသည်။

အာယသ်တော်အတွင်း၌ အန်စွာရီများ၏ ဒုတိယအရည်အချင်းကို ဤသို့ တင်ပြထားပေသည်။

يُحِبُّوْنَ مَنْ هَاجَرَ اِلَيْهِمْ

(၄င်းတို့သည် မိမိတို့ထံ ရွှေ့ပြောင်းခဲ့ကြသော သူတို့အား ချစ်မြတ်နိုးကြကုန်၏။) *[၅၉ : ၉]*

ဆိုလိုသည်မှာ ဤသူတို့သည် တစ်လောကလုံးရှိ လူသားတို့၏ ဗီဇနှင့် ဆန့်ကျင်ဘက်ဖြစ်ကာ မိမိတို့မြို့သို့ ပြောင်းရွှေ့လာကြကုန်သော သူတို့အား ချစ်ခင် မြတ်နိုးကြပေသည်။ ဤသို့ အခြေအနေ ယို့ယွင်း၊ ယိုင်လျက်ရှိနေသော သူတို့အား မိမိတို့၏ ရပ်ရွာဌာန၌ နေရာပေးခြင်းကို မည်သူ နှစ်မြို့နိုင်ပေမည်နည်း။ နေရာတိုင်း၊ ပြည်တွင်း၊ ပြည်ပ၊ မိမိတိုင်းပြည်၊ တိုင်းတစ်ပါးတို့နှင့် စပ်လျဉ်းသော မေးခွန်းများ ပေါ်ပေါက်လာပေမည်။ သို့ရာတွင် ထိုအန်စွာရီအမျိုးသားတို့သည် ဤသို့ နေရာပေးရုံသာမက မိမိတို့၏ အိမ်များ၌ နေရာပေး တည့်ခင်းဧည့်ခံ ကျွေးမွေးကာ မိမိတို့၏ ဥစ္စာပစ္စည်းများ၌လည်း ဝေစုဝေပုံရှင်အဖြစ် ဖန်တီးပေးလိုက်ပေသည်။ ဤသို့ ဂုဏ်သိက္ခာပေးစွာနှင့်အတူ ၄င်းတို့အား လှိုက်လှဲစွာ ကြိုဆိုခဲ့ကြပေသည်။ 'မုဟာဂျိရ်' တစ်ဦးချင်းစီကို မိမိတို့၏ အိမ်နေရာ၌ နေရာပေးရန်အတွက် များစွာသော အန်စွာရီ

အမျိုးသားများသည် နောက်ဆုံး မဲနှိုက်လိုက်ရသည့် အခြေအနေထိတိုင် မိမိတို့၏ဘက်မှ တောင်းဆိုလာကြပေသည်။ မဲနှိုက်ခြင်း၏ အမိန့်သဟဲဖြင့် မဲပေါက်သော 'မုဟာဂျိရ်'ကို အန်စွာရီအမျိုးသားအား အပ်နှင်းလိုက်ပေသည်။ *[မဇ္ဇဟရီး]*

အန်စွာရီများ၏ တတိယအရည်အချင်းကို တင်ပြထားပေသည်။

وَلَا يَجِدُونَ فِي صُدُورِهِمْ حَاجَةً مِّمَّا أُوتُوا

(ထို့ပြင် ၎င်းတို့သည် 'မုဟာဂျိရ်'များ ရရှိကြသော ပစ္စည်းများကြောင့် မိမိတို့၏ စိတ်ထဲ၌ တစ်စုံတစ်ရာ မကျေနပ်မှုကို တွေ့ရှိခံစားကြရသည်မဟုတ်ပေ။) *[၅၉ : ၉]*

ယင်းအာယသ်တော်ပါ ဝါကျသည် 'ဗနူနသွီးရ်'မျိုးနွယ်အုပ်စုအား ပြည်နှင်ဒဏ်ပေးလိုက်ခြင်းနှင့် ၎င်းတို့၏ ဥယျာဉ်များ၊ အိမ်များအပေါ် မွတ်စ္စလင်မ်များ ရယူသိမ်းပိုက်လိုက်ချိန်၌' ဟူသော သီးသန့်ဖြစ်စဉ်နှင့် ဆက်နွယ်လျက် ရှိနေပေသည်။

"ဗနူနသွီးရ်"မျိုးနွယ်အုပ်စု၏ ပစ္စည်းများအား ခွဲဝေခြင်းအကြောင်း

ယင်းသို့ ခွဲဝေပေးခြင်း၏ ပုံစံမှာ ဤသို့တည်း။ ဤအာယသ်တော်၌ လက်ရပစ္စည်းများကို 'မုဟာဂျိရ်'များနှင့် အန်စွာရီ အစရှိသော အမျိုးသားများကြားဝယ် ခွဲဝေပေးရန် ရွေးချယ်ခွင့်ကို တမန်တော်မြတ် ﷺ အား ပေးသနားထားတော်မူပေသည်။ ဤသည် 'မုဟာဂျိရ်'များ၏ ထံ၌ အိုးပိုင်၊ အိမ်ပိုင် တစ်စုံတစ်ရာမျှ မရှိဘဲ အန်စွာရီများ၏ အိမ်များ၌ နေထိုင်ကြကာ ၎င်းတို့၏ ဥစ္စာပစ္စည်း အရင်းအနှီးများကြားဝယ် ပင်ပန်းဆင်းရဲစွာ ဒုက္ခခံ၍ အသက်မွေးဝမ်းကြောင်းပြုနေသော အချိန်၌ ဖြစ်ပေသည်။ ဗနူနသွီးရ်နှင့် ကိုက်ကားအ်မျိုးနွယ်အုပ်စုတို့၏ ပစ္စည်းဥစ္စာများကို လက်ရပစ္စည်းအဖြစ် မွတ်စ္စလင်မ်တို့ ရရှိသောအခါဝယ် တမန်တော်မြတ် ﷺ သည် အန်စွာရီအမျိုးသားတို့၏ ခေါင်းဆောင်ဖြစ်သော စာဗိသ်ဗင်န်ကိုက်စ်ဗင်န်ရှမားစ်ကို ခေါ်ဆောင်ကာ 'မိမိ၏ အန်စွာရီအမျိုးသားတို့ကို ငါကိုယ်တော်ထံ ခေါ်ဆောင်လာကြကုန်' ဟူ၍ မိန့်တော်မူရာ ၎င်းက 'အို၊ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်၊ မိမိ၏ အန်စွာရီမျိုးနွယ်ဖြစ်သော ဗနူခဇ်ရဂျ်တို့ကို ခေါ်ဆောင်လာရမည်လော။ (သို့မဟုတ်) အန်စွာရီမျိုးနွယ်အုပ်စုရှိ အမျိုးသားများအားလုံးကို ခေါ်ဆောင်လာရမည်လော' ဟူ၍ လျှောက်ထားလိုက်ပေသည်။ တမန်တော်မြတ် ﷺ က အားလုံးသော သူတို့ကို ခေါ်ဆောင်လာရန် မိန့်တော်မူလိုက်ပေသည်။ ဤသူများအားလုံး အသင့်ရောက်ရှိလာကြသော အခါဝယ် တမန်တော်မြတ် ﷺ သည် မိန့်ခွန်းတစ်ရပ်ကို မိန့်ကြားတော်မူပေသည်။ အကြင်မိန့်ခွန်းတော်၌ အလ္လာဟ်အသျှင်မြတ်အား ချီးမွမ်းထောပနာပြုပြီး ရစူလ်တမန်တော် (မိမိ) အပေါ် 'ဒရူးဒ်'မေတ္တာပြုပြီးနောက် မဒီနာမြို့ရှိ အန်စွာရီအမျိုးသားတို့အား '၎င်းတို့အနေဖြင့် မုဟာဂျိရ်မိတ်ဆွေများအား ပြုမူဆက်ဆံခဲ့သော အပြုအမူမျိုးသည် အလွန် သိက္ခာ ဂုဏ်အင်နှင့် ပြည့်စုံပြီး ခွဲ၊ လုံ့လနှင့် ပြည့်စုံသော ကိစ္စရပ်ဖြစ်ကြောင်း'

အချက်အပေါ် ချီးမွမ်းမှုကို ပြုလိုက်ပေသည်။ ထို့နောက် တမန်တော်မြတ် ﷺ သည် ဤသို့ ဆက်လက်၍ မိန့်တော်မူလိုက်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ဗနူနသွီးရ်တို့၏ ဥစ္စာပစ္စည်းများကို အသင်တို့အား ချီးမြှင့်ပေးသနားတော်မူလိုက်လေပြီ။ အကယ်၍ အသင်တို့သည် ထိုပစ္စည်းများကို 'မုဟာဂျိရ်' နှင့် အန်စွာရီ အမျိုးသားတို့၏ ကြားဝယ် ခွဲဝေပေးလိုသည်ဆိုပါက ခွဲဝေပေးကုန်။ 'မုဟာဂျိရ်' တို့သည် ထုံးစံအတိုင်း အသင်တို့၏ နေအိမ်များ၌ ဆက်လက် နေထိုင်နေကြမည် ဖြစ်သည်။ ဤသူတို့သည် အိုးမဲ့၊ အိမ်မဲ့၊ ဥစ္စာမဲ့ သောသူများ ဖြစ်ကြပေရာ ဤပစ္စည်းများအားလုံးကို ၎င်းတို့အဖို့သာလျှင် ခွဲဝေပေးလိုသည်ဆိုပါကလည်း ခွဲဝေပေးကုန်။ ထိုအချိန်၌ ဤသူတို့သည် အသင်တို့၏ အိမ်များကို စွန့်လွှတ်ကာ သီးခြားစွာ မိမိတို့၏ ကိုယ်ပိုင်အိမ်များကို ဆောက်လုပ်ကာ နေထိုင်ကြပေလိမ့်မည်။

ဤမိန့်မြွက်ချက်ကို ကြားကာ အန်စွာရီအမျိုးသားတို့၏ ခေါင်းဆောင်ကြီး (၂) ဦးဖြစ်သော ဟဇရသ်စအဒ်ဗင်န်အိုဗာဒါး ؓ သခင်ကြီးနှင့် စအဒ်ဗင်န်မအာဇ် ؓ သခင်ကြီးတို့သည် ထကာ ဤသို့ 'အို၊ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်၊ ကျွန်ုပ်တို့ တင်ပြလိုသည့် အချက်မှာ ဤပစ္စည်းများကို လည်း 'မုဟာဂျိရ်' တို့၏ အတွင်း၌သာ ခွဲဝေပေး၍ ၎င်းတို့သည်လည်း ကျွန်တော်မျိုးတို့၏ အိမ်များ၌သာ ဆက်လက်နေထိုင်ရန် ဖြစ်ပေသည်' ဟူ၍ လျှောက်ထားကြပေသည်။ ဤသူနှစ်ဦး၏ လျှောက်ထားချက်ကို ကြားကာ အသင့်ရှိနေသော အန်စွာရီအမျိုးသားအားလုံးတို့ကလည်း 'ကျွန်ုပ်တို့သည် ထိုဆုံးဖြတ်ချက် အပေါ် သဘောတူ နှစ်မြို့ကြပါသည်' ဟူ၍ ထကာ ပြောဆိုကြပေသည်။ ထိုအချိန်၌ တမန်တော်မြတ် ﷺ သည် အန်စွာရီအမျိုးသားများအားလုံးနှင့် ၎င်းတို့၏ သားသမီးများအတွက် ဒိုအာပြုပေးတော်မူပေ၏။ ထို့နောက် ယင်းပစ္စည်းများအားလုံးကို မုဟာဂျိရ်အမျိုးသားများအတွင်း၌သာလျှင် ခွဲဝေပေးတော်မူလိုက် ပေသည်။ အန်စွာရီအမျိုးသားထဲမှ အလွန် လိုအပ်လျက်ရှိသော စလ်ဟာဗင်န်ဟနီးဖ်သခင်ကြီးနှင့် အဗူဒဂျာနာ ؓ သခင်ကြီးနှစ်ပါး တို့ကိုသာလျှင် ဝေစုအဖြစ် ခွဲဝေပေးလိုက်ပေသည်။ ထို့နောက် စအဒ်ဗင်န်မာအ် ؓ သခင်ကြီးအား အိဗ်နေအဗီလ်ဟကီး ؓ သခင်ကြီး၏ တစ်မူထူးသော ဓါးတစ်ချောင်းအား ပေးအပ်လိုက် ပေသည်။ (မဇ္ဇှဟရီး၊ မိုဟမ္မဒ်ဗင်န်ယူစွဖ်စွာလေဟီး ရေးသားထားသော အပ်စ်စဗီးလုရ်ရရှားဒ်ဟူသော ကျမ်းကိုးဖြင့် ရေးသားထားသည်။) တင်ပြလျက်ရှိနေသော အာယသ်တော်၌

لَا يَجِدُوْنَ فِيْ صُدُوْرِهِمْ حَاجَةً مِّمَّا اُوْتُوْا

(ထို့ပြင် ၎င်းတို့သည် 'မုဟာဂျိရ်' များ ရရှိကြသော ပစ္စည်းများကြောင့် မိမိတို့၏ စိတ်ထဲ၌ တစ်စုံ တစ်ရာ၊ မကျေနပ်မှုကို တွေ့ရှိခံစားကြရသည် မဟုတ်ပေ။) *[၅၉ ႏ ၉]*

ဟူသော အကြောင်းအချက်တွင် 'ရရှိကြသော ပစ္စည်း' ဟူသော စကားလုံး၏ အလိုသဘောသည် လိုအပ်သော အရာတိုင်းဖြစ်ပေသည်။

مِّمَّا اُوْتُوْا (၎င်းတို့ ရရှိကြသော) ဟူသည့် စကားလုံးတွင်းရှိ အညွှန်းနာမ်စားသည် 'မုဟာဂျိရ်' များဘက်သို့ ညွှန်ပြထားပေသည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ ဤသို့တည်း။ 'မုဟာဂျိရ်' များ ရရှိသော

ဝေခြမ်းရေးပစ္စည်းများနှင့် စပ်လျဉ်း၍ မဒီနာမြို့နေ အန်စွာရီများအတွက် အန်စွာရီများအတွက် ယင်းပစ္စည်းများသည် မည်သို့မျှ မလိုအပ်ကြောင်းနှင့် ၄င်းတို့အား ပေးကမ်းလိုက်ရခြင်းကြောင့် မကောင်းထင်မြင်ခြင်းနှင့် တိုင်တန်းမှုများကို အလျဉ်း မပြုလုပ်ခဲ့ကြဘဲ၊ ထိုသို့ ခွဲဝေပေးရခြင်းကို ပျော်ရွှင်စွာဖြင့် လက်ခံခဲ့ကြသည်။ ထိုအချက်နှင့် ဆန့်ကျင်ကာ 'ဗဟ်ရိုင်း'အရပ်ဒေသကို အောင်နိုင်သောအခါ တမန်တော်မြတ် ﷺ သည် ထိုပစ္စည်းများအားလုံးကို အန်စွာရီတို့ကိုသာလျှင် ခွဲဝေပေးရန် လိုလားနေပေသည်။ သို့ရာတွင် ထိုအချက်ကို အန်စွာရီများသည် လက်မခံကြပေ။ သို့သာမက 'ကျွန်ုပ်တို့၏ 'မုဟာဂျိရ်'မိတ်ဆွေများအားလည်း ထိုပစ္စည်းများထဲမှ ဝေစုကို မပေးသရွေ့ ကာလပတ်လုံး ကျွန်ုပ်တို့သည် ရယူကြမည်မဟုတ်' ဟူ၍ လျှောက်ထားလိုက်ကြပေသည်။

[အနတ်စ်ဗင်န်မာလိက် ﷺ သခင်ကြီးထံမှ ဗုခါရီကျမ်းနှင့် အိဗ်နေကစီးရ်ကျမ်း]

မဒီနာမြို့နေ အန်စွာရီများ၏ စတုတ္ထအရည်အချင်းကို ထိုအာယသ်တော်အတွင်း၌ ဤသို့ တင်ပြထားပေသည်။

وَيُؤْثِرُوْنَ عَلٰٓى اَنْفُسِهِمْ وَلَوْكَانَ بِهِمْ خَصَاصَةٌ

(ထို့ပြင် ၄င်းတို့သည် မိမိတို့ကိုယ်တိုင် ငတ်မွတ်နေသော်လည်း မိမိတို့ထက် ဦးစားပေးကြကုန်၏)

[၅၉ ႏ ၉]

'ခစွာစွား'၏ အဓိပ္ပာယ်သည် 'ငတ်မွတ်ခေါင်းပါးခြင်း' ဖြစ်၏။ 'အီစားရ်'၏ အဓိပ္ပာယ်မှာ အခြားသောသူများ၏ တပ်မက်မှုနှင့် လိုအပ်ချက်ကို မိမိ၏ တပ်မက်မှု၊ လိုအပ်ချက်ထက် ဦးစားပေးခြင်း ဖြစ်သည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ ဤသို့တည်း။ အန်စွာရီများသည် မိမိတို့ကိုယ်တိုင် ငတ်မွတ်ခေါင်းပါးနေလင့်ကစား မိမိတို့၏ လိုအပ်ချက်များကို မဖြည့်ဆည်းမီအလျှင် အခြားသောသူများဖြစ်သည့် 'မုဟာဂျိရ်' များ၏ လိုအပ်ချက်ကို ဦးစားပေးလေ့ ရှိပေသည်။

သွဟာဗာကြီးများတွင် အထူးသဖြင့် အန်စွာရီသခင်ကြီးများမှ အခြားသူများအား ဦးစားပေးခြင်း၏ ဖြစ်စဉ်အချို့

အာယသ်တော်များအား အကျယ်ချဲ့ဖွင့်ဆိုရန်အတွက် ဖြစ်စဉ်များတင်ပြရန် မလိုအပ်နေလင့်ကစား ဤဖြစ်စဉ်များသည် လူသားတိုင်းအား အမြင့်မြတ်ဆုံးသော လူ့ကျင့်ဝတ် သင်ခန်းစာနှင့် လူ့ဘဝသက်တမ်းကို ပြောင်းလဲစေသော အချက်များကို ပြသပေးဆောင်သည့် ဖြစ်စဉ်များ ဖြစ်ပေသည်။ ထိုကြောင့် အကျယ်ချဲ့ဖွင့်ဆိုသော ပညာရှင်များသည် ဤနေရာ၌ ထိုဖြစ်စဉ်များကို အကျယ်တဝင့် ရေးသားဖော်ပြထားကြပေသည်။ အထူးသဖြင့် ကုရ်သုဗီးသခင်ကြီးသည် ထိုဖြစ်စဉ်များထဲမှ အချို့သော ဖြစ်စဉ်များကို တင်ပြဆင့်ပြန်ပေးထားပေသည်။

သိရ်မေဇီကျမ်း၌ ဟဇရသ်အဗူဟူရိုက်ရား ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက်တစ်ရပ် လာရှိထားသည်မှာ အန်စွာရီတစ်ဦး၏ အိမ်သို့ ညဥ့်အချိန်၌ ဧည့်သည်တစ်ဦး ရောက်ရှိလာ၏။ ၄င်းအိမ်ရှင်ထံ၌ မိမိ

တို့နှင့် ကလေးသူငယ်တို့အဖို့သာလျှင် စားသောက်နိုင်ရန် အတိုင်းအတာမျှသာ အစားအစာ ရှိပေသည်။ ၎င်းအန်စွာရီသည် မိမိ၏ ဇနီးသည်အား 'ကလေးငယ်များကို မည်သည့်နည်းတစ်နည်းဖြင့် ချော့၍ သိပ်လိုက်ပါ။ တစ်ဖန် အိမ်၏ မီးခွက်ကို မှုတ်လိုက်ပါ။ ဧည့်သည်၏ ရှေ့မှောက်၌ အစားအစာကို ချထားကာ 'ကျွန်ုပ်တို့သည်လည်း စားသုံးလျက်ရှိနေသည်' ဟူ၍ ထင်မှတ်သွားလေအောင် ၎င်းနှင့်အတူ ဝင်ထိုင်လိုက်ပါ။ သို့သော် ကျွန်ုပ်တို့အနေနှင့် မစားသုံးမှသာလျှင် ဧည့်သည်သည် ဝမ်းဝစွာ စားသုံးနိုင်ပေမည်' ဟူ၍ ပြောဆိုလိုက်ပေသည်။ ထိုအချက်အပေါ် ယခု တင်ပြလျက်ရှိနေသော (၅၉း၉) အာယသ်တော် ကျရောက်လာပေသည်။ (အေမမ်သိရ်မေဇီသခင်ကြီးသည် ဤဟဒီးစ်တော်အား ဆင့်ပြန်ထားရာတွင် မှန်ကန်ကြောင်း အမိန့်ရှိထားပေသည်။)

သိရ်မေဇီကျမ်း၌ ဟဇရသ်အဗူဟုရိုင်ရားဟ် ﷺ သခင်ကြီးထံမှ အခြားသော ဖြစ်စဉ်တစ်ရပ်ကိုလည်း ဆင့်ပြန်ထားပေသည်။ လူတစ်ဦးသည် တမန်တော်မြတ် ﷺ ၏ အခစားတော်သို့ ဝင်ရောက်ကာ 'ကျွန်တော်မျိုးသည် ဆာလောင်မွတ်သိပ်မှုကြောင့် သောကဝေဖြာနေရပါသည်'ဟူ၍ လျှောက်ထားတော်မူရာ တမန်တော်မြတ် ﷺ သည် ကြင်ယာတော်များထဲမှ တစ်ပါး၏ထံသို့ သတင်းပေးတော်မူလိုက်ပေရာ 'ကျွန်တော်မျိုးမ၏ထံတွင် ယခုအချိန်၌ ရေမှအပ အခြားမည်သည့်အရာ တစ်စုံတစ်ရာမျှ မရှိကြောင်း' ကို ပြန်လည်၍ ဖြေကြားလျှောက်ထားလိုက်ပေသည်။ ဒုတိယကြင်ယာတော်၏ထံသို့ သတင်း ထပ်မံပေးပေရာ ဤအဖြေသည်သာလျှင် ရောက်ရှိလာပေသည်။ တစ်ဖန် တတိယ၊ စတုတ္ထ စသော ကြင်ယာတော်များထံသို့လည်း ဤသတင်းကို ပေးပို့ရာ ဤအတိုင်း အဖြေရောက်ရှိလာပေသည်။ နောက်ဆုံးအဆင့်အနေဖြင့် အားလုံးသော ကြင်ယာတော်များ၏ ထံမှ 'မိမိတို့၏ ထံ၌ ရေမှအပ အခြားမည်သည့်အရာ တစ်စုံတစ်ရာမျှ မရှိကြောင်း' ဖြေကြားလျှောက်ထားချက်များ လာရှိပေသည်။ ယခု တမန်တော်မြတ် ﷺ သည် ထိုင်ဝိုင်း၌ အသင့်ရှိနေသော သူတို့အား 'ထိုဧည့်သည်ကို ဤညဉ့်၌ ဧည့်ခံကျွေးမွေးမည့်သူ မည်သူ ရှိပေသနည်း'ဟူ၍ မိန့်တော်မူပေရာ 'အို၊ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်၊ ကျွန်တော်မျိုးပြုမည်'ဟူ၍ အန်စွာရီအမျိုးသားတစ်ဦးက လျှောက်ထားလိုက်ပေသည်။ ထိုအန်စွာရီသည် ယင်းဧည့်သည်အား အတူတကွ ခေါ်ဆောင်သွားပေသည်။ အိမ်သို့ ရောက်ကာ အန်စွာရီက မိမိ၏ ဇနီးသည်အား 'စားစရာ တစ်စုံတစ်ရာ ရှိပါ၏လော' ဟု မေးရာ 'ကလေးများ စားသုံးရန်မျှသာ ရှိကြောင်း' ပြန်လည် ဖြေကြားလိုက်ပေသည်။ အန်စွာရီသူတော်စင်သည် ကလေးများအား ချော့သိပ်ရန် ပြောဆိုလိုက်ပေသည်။ ထို့နောက် 'ဧည့်သည်၏ ရှေ့မှောက်၌ အစားအစာထားရှိစေပြီး ကိုယ်တိုင် အတူတကွ ထိုင်ပြီးနောက် 'မိမိတို့အနေဖြင့် အတူတကွ မစားသုံးကြောင်းကို မရိပ်စားမိစေရန်' မီးခွက်ကို မှုတ်ငြိမ်းလိုက်ပါ' ဟု ပြောဆိုလိုက်ပေသည်။ လာရောက်သော ဧည့်သည်သည် အစားအစာများကို စားသုံးလေ၏။ နံနက်မိုးသောက်ယံ အချိန်၌ တမန်တော်မြတ် ﷺ ထံ ဝင်ရောက်ခစားပါမူ တမန်တော်မြတ် ﷺ က 'အလ္လာဟ်အသျှင်မြတ် အသင့်အနေဖြင့် လွန်ခဲ့သော ညဉ့်က မိမိ၏ ဧည့်သည်အား ပြုမူခဲ့သော အပြုအမူအား အလွန်တရာ နှစ်သက်တော်မူကြောင်း' ကို မိန့်ခြွေလိုက်ပေသည်။

မဟ်ဒဝီးသခင်သည် အန်စွာရီသူတော်စင်တစ်ပါးအနေဖြင့် ဟဇရတ်စာဗိတ်ဗင်န်ကိုက်စ် (ရဟ) သခင်ကြီးအား ညဉ့်အချိန်၌ မီးခွက်မှုတ်ကာ ကျွေးမွေးခဲ့သော ဤအထက်တင်ပြပါ ဖြစ်စဉ်မျိုးကဲ့သို့ ဖြစ်စဉ်တစ်ရပ်ကို တင်ပြထားပေသည်။ ဆင့်ပြန်ချက်များ၌ တင်ပြထားသော ဖြစ်စဉ်များနှင့် ပတ်သက်၍ 'တင်ပြလျက်ရှိနေသော အာယသ်တော် ကျရောက်လာတော်မူကြောင်း' လည်း လာရှိထားပေသည်။

ကုရိုက်ရီသခင်ကြီးသည် ဟဇရတ်အဗ်ဒွလ္လာဟ်ဗင်န်အုမရ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ထားပေသည်။ ဆွဟာဗာသာဝကကြီးများထဲမှ သူတော်စင်တစ်ပါးကို အခြားတစ်ဦးတစ်ယောက်သည် ဆိတ်ခေါင်းတစ်လုံးအား လက်ဆောင်အဖြစ် ပေးအပ်ခဲ့၏။ ထိုသူတော်စင်သည် 'ကျွန်ုပ်၏ မည်သည့်မိတ်ဆွေ ညီနောင်နှင့် ၎င်း၏ အိမ်သူအိမ်သားတို့သည် ကျွန်ုပ်ထက် သာပို၍ လိုအပ်ချက်ရှိသောသူများ ဖြစ်ကြောင်း' ဟူ၍ တွေးခေါ်ကာ ဤဦးခေါင်းကို ၎င်းအခြားမိတ်ဆွေတစ်ဦး၏ အိမ်သို့ ပို့ဆောင်လိုက်ပေသည်။ ဒုတိယသူတော်စင်၏ထံသို့ ရောက်ရှိသွားသောအခါလည်း ဤကဲ့သို့ပင် ၎င်းသည်လည်း တတိယပုဂ္ဂိုလ်၏ ထံ၊ တတိယ ပုဂ္ဂိုလ်သည်လည်း စတုတ္ထပုဂ္ဂိုလ်၏ ထံသို့ ပို့ဆောင်လိုက်ပေသည်။ နောက်ဆုံး အိမ် (၇) လုံးထိတိုင် လှည့်လည်သွားပြီးနောက် တစ်ဖန် ပထမသူတော်စင်အိမ်သို့ ပြန်လည်ရောက်ရှိလာပေသည်။ ထိုဖြစ်စဉ်အပေါ် တင်ပြလျက်ရှိနေသော အာယသ်တော်များ ကျရောက်လာပေသည်။ ဤဖြစ်စဉ်ကိုပင်လျှင် စအ်လဗီး ﷺ သခင်ကြီးသည် ဟဇရတ်အနတ်စ် ﷺ သခင်ကြီးထံမှလည်း ဆင့်ပြန်ထားပေသည်။

မုအသ္ဘာအေမာမ်မာလစ်က် (ရဟ) သခင်မှ ဆင့်ပြန်ထားသည်။ ၎င်းမှာ သူဆင်းရဲတစ်ဦးသည် အာအေရှာဟ် ﷺ သခင်မကြီးထံ လာရောက်တောင်းခံရာ ၎င်းသခင်မကြီးအိမ်တွင် မုန့်တစ်ချပ်သာလျှင် ရှိ၏။ ၎င်းသခင်မသည် ထိုနေ့တွင် 'ရိုဇာဟ်' စောင့်ထားသည့်အတွက် အဆိုပါမုန့်တစ်ချပ်ကို လာရောက်တောင်းခံသူအား ပေးလိုက်ရန် မိမိအခိုင်းအစေကို မိန့်ဆိုလိုက်၏။

ထိုအခါ အခိုင်းအစေက 'အကယ်၍ ယင်းမုန့်တစ်ချပ်ကို ပေးလိုက်မည်ဆိုလျှင် အသင်မအတွက် ညနေ (ဝါဖြေချိန်) တွင် မည်သည့်အရာမှ ရှိမည်မဟုတ်'ဟု ပြောဆိုသော်ငြားလည်း အာအေရှာဟ် ﷺ သခင်မက 'ပေးလိုက်ပါ'ဟု ထပ်မံ မိန့်ဆို၏။

ဤအခိုင်းအစေမ တင်ပြသည်မှာ ညနေချိန် ရောက်သောအခါ လက်ဆောင်ပေးလေ့ပေးထ မရှိသော သူတစ်ဦးသည် ဆိတ်သားဟင်းနှင့် မုန့် လာရောက်ပေးလေ၏။ ယင်းအစားအစာသည် အာရဗ်လူမျိုးများကြား အကောင်းဆုံးအစားအစာ ဖြစ်သည်ကို မှတ်ယူကြ၏။ အာအေရှာဟ် ﷺ သခင်မကြီးက အခိုင်းအစေအား ခေါ်ယူ၍ 'ဤသည် အဆိုပါပေးလိုက်သော မုန့်ထက် သာပို၍ ကောင်းပေသည်။ စားသုံးပါ'ဟု မိန့်ဆိုလိုက်၏။

နစာအီး ﷺ သခင်ကြီးသည် ဟဇရတ်အဗ်ဒွလ္လာဟ်ဗင်န်အုမရ် ﷺ သခင်ကြီးထံမှ ဖြစ်စဉ်ကို ဆင့်ပြန်ထားပေသည်။ ၎င်းသည် နေထိုင်မကောင်းဖြစ်နေခိုက် စပျစ်သီးကို စားသုံးရန် အာသီသရှိခဲ့၏။ ထို့အတွက်ကြောင့် ငွေဒင်္ဂါးတစ်ပြားဖိုး စပျစ်ခိုင်တစ်ခိုင်ကို ဝယ်ယူလာပေသည်။ ရုတ်တရက် သူဆင်းရဲတစ်ဦး ရောက်ရှိလာ၍ တောင်းခံရာ သခင်ကြီးသည် 'ဤစပျစ်ခိုင်ကို ၎င်းအား ပေးလိုက်ရန်' မိန့်တော်မူလိုက်

ပေးသည်။ အသင့်ရှိနေသော သူများထဲမှ တစ်ဦးတစ်ယောက်သည် တိတ်တဆိတ် ၎င်း၏ နောက်သို့ လိုက်သွားကာ စပျစ်ခိုင်ကို ထိုသူဆင်းရဲထံမှ ဝယ်ယူ၍ အိဗ်နေအုမရ် ؓ သခင်ကြီးအား ဆက်သလိုက်ပြန်သည်။ သို့ရာတွင် ဤတောင်းရမ်းသူသည် တစ်ဖန် ပြန်လည်ရောက်ရှိလာကာ တောင်းခံလေ၏။ အိဗ်နေအုမရ် ؓ သခင်ကြီးသည် တစ်ဖန် ၎င်းအား ပေးလိုက်ပြန်၏။ တစ်ဖန် တစ်ဦးတစ်ယောက်က ပုန်းလျှိုးလျက်သွားကာ ထိုသူဆင်းရဲအား ငွေဒင်္ဂါးတစ်ပြားပေးကာ စပျစ်ခိုင်ကို ပြန်ယူလာပြန်သည်။ ထို့နောက် အိဗ်နေအုမရ် ؓ သခင်ကြီးအား ဆက်သလိုက်ပေသည်။ တစ်ဖန် ထိုတောင်းရမ်းသူသည် ပြန်လာ၍ တောင်းခံလိုက်ရာ လူတို့က တားမြစ်လိုက်၏။ ဟဇရတ်အိဗ်နေအုမရ် ؓ သခင်ကြီးသည် 'ဤသည် မိမိလှူဒါန်းပေးပြီးခဲ့သော စပျစ်ခိုင်ဖြစ်ကြောင်းကို သိရှိသွားသောအခါ လုံးဝ မစားသုံးတော့ပေ။ သို့ရာတွင် ထိုသူတို့သည် ယူလာသောသူတို့ ဈေးမှ ယူလာသည်ဖြစ်ခြင်းကြောင့် အသုံးပြုပေးလိုက်သည်' ဟူ၍ မှတ်ယူ တွေးခေါ်ထားကြပေသည်။

အိဗ်နေမူဘာရပ်ကသခင်သည် မိမိ၏ ဆင့်ကဲဆင့်ပြန်မှုတွင် ကွင်းဆက်ဇယားနှင့်အတူ ဆင့်ပြန်ထားပေသည်။ တစ်ကြိမ်တစ်ခါက ဟဇရတ်ဖာရူကေ့အအ်ဇွမ်သခင်ကြီးသည် ရွှေဒင်္ဂါးအပြား (၄၀၀) ကို အိတ်တစ်ခုအတွင်းထည့်၍ အိတ်ကို မိမိ၏ ကျွန်တစ်ဦးအား ပေးအပ်ကာ 'အဗူအိုဗိုက်ဒါးဗင်န် ဂျရ်ရားဟ် သခင်ကြီးထံ ယူဆောင်သွားပါ။ ဤသည် လက်ဆောင်ဖြစ်၍ လက်ခံကာ မိမိလိုအပ်ချက်များနှင့် စပ်လျဉ်း၍ အသုံးပြုရန်' ဟူ၍ မိန့်မှာလိုက်လေသည်။ တစ်ဆက်တည်းမှာပင် မိမိ၏ ကျွန်အား လက်ဆောင်အိတ်ကို ပေးအပ်ပြီးနောက် အချိန်အနည်းငယ် ၎င်း၏ အိမ်၌ နေထိုင်ရန်၊ ထို့နောက် အဗူအိုဗိုက်ဒါးသည် ထိုငွေကြေးကို မည်ကဲ့သို့ ပြုလုပ်ကြောင်းကို ကြည့်ရှုရန်ကိုလည်း မှာကြားလိုက်ပေသည်။ ကျွန်သည် မှာကြားချက်နှင့်အညီ ဤရွှေဒင်္ဂါးအိတ်ကို ဟဇရတ်အဗူအိုဗိုက်ဒါးသခင်ကြီးထံသို့ အပ်နှင်းလိုက်လေသည်။ ထို့နောက် အနည်းငယ်ထိုင်ကာ စောင့်ကြည့်နေပေသည်။ အဗူအိုဗိုက်ဒါးသခင်ကြီးသည် ရွှေဒင်္ဂါးအိတ်ကို ရယူကာ 'အလ္လာဟ်အသျှင်မြတ်သည် ထိုသူ (ဝါ) ဟဇရတ်အုမရ်သခင်ကြီးကို ၎င်းပေးကမ်းမှု၏ အစားကို ချီးမြှင့်ပေးသနားတော်မူပါစေ။ ထို့နောက် ၎င်းအပေါ် ကရုဏာတရားကိုလည်း ထားတော်မူပါစေ' ဟူ၍ တောင်းဆုမေတ္တာ ပို့ပေးလိုက်လေ၏။ ထို့နောက် ယင်းအချိန်အတွင်းမှာပင် မိမိ၏ ကျွန်မကို ခေါ်ဆောင်ကာ 'ဤ (၇) ပြားကို ယူ၍ အဘယ်သူကို ပေးကုန်။ ဤ (၅) ပြားကို ယူ၍ အဘယ်သူကို ပေးကုန်' ဟူ၍ ပြောဆိုလိုက်ပေသည်။ ဤမျှခန့်အတိုင်းအတာထိတိုင်အောင် ပေးအပ်လိုက်သည်မှာ ရွှေဒင်္ဂါးပြား (၄၀၀) အားလုံးကို ထိုအချိန်အတွင်းမှာပင် ခွဲဝေပေးလိုက်ခြင်း ဖြစ်ပေသည်။

ကျွန်သည် ပြန်ရောက်လာကာ ဖြစ်စဉ်ကို တင်ပြလိုက်လေ၏။ ဟဇရတ်အုမရ် ؓ သခင်ကြီးသည် ဤကဲ့သို့ပင် ရွှေဒင်္ဂါးအပြား (၄၀၀) ပါရှိသော အခြားအိတ်တစ်အိတ်ကို အသင့်ပြင်ကာ ကျွန်ကို ပေး၍ မအာဇ်ဗင်န်ဂျဗလ်သခင်ကြီးထံသို့ သွားကာ ပေး၍ ထိုအချိန်၌လည်း ၎င်းမည်သို့ ပြုလုပ်သည်ကို ကြည့်ရှုရန် လမ်းညွှန်မှာကြားပြန်၏။ ဤကျွန်သည် ယူဆောင်သွားခဲ့ပေသည်။ ၎င်းမအာဇ်သည် ရွှေဒင်္ဂါးအိတ်ကို ယူ၍ ဟဇရတ်အုမရ် ؓ သခင်ကြီးနှင့် စပ်လျဉ်း၍ رَحِمَهُ اللهُ وَوَصَلَهُ (အလ္လာဟ်အသျှင်မြတ်သည်

၄င်းအား ကရုဏာတရား ထားရှိတော်မူပါစေ။ ၄င်းအား အစားပေးတော်မူပါစေ) ဟူ၍ ဒိုအာပြုပေးတော်မူလိုက်ပေသည်။ ထိုအိတ်ကို ယူတော်မူ၍ ချက်ချင်းဝေငှတော်မူရန် ထိုင်လိုက်ပေသည်။ ထို့နောက် ယင်းအိတ်ရှိ အရာများကို ဝေစုများစွာခွဲကာ အိမ်များစွာ ရှိရာဆီသို့ ပို့ဆောင်ပေးတော်မူလျက် ရှိပေသည်။ ဟဇရတ်မအားဇ် ﷺ ၏ ဇနီးသည်သည် ယင်းဖြစ်စဉ်အားလုံးကို ကြည့်လျက်ရှိနေရာ နောက်ဆုံး၌ 'အလ္လာဟ် အသျှင်မြတ်၏ ကစမ်၊ ကျွန်တော်မျိုးမတို့သည်လည်း သူဆင်းရဲများသည်သာလျှင် ဖြစ်ပေသည်။ ကျွန်တော်မျိုးမတို့အဖို့လည်း အနည်းငယ် ရသင့်ပေသည်' ဟူ၍ ပြောဆိုလိုက်ပေသည်။ ထိုအချိန် အိတ်အတွင်းတွင် နှစ်ပြားသာလျှင် ကျန်ရှိပေရာ ၄င်းနှစ်ပြားအား ပေးအပ်လိုက်၏။ ကျွန်ုပ်သည် ဤအချင်းအရာကို တွေ့မြင်ပြီးနောက် ပြန်လာကာ ဟဇရတ်အုမရ် ﷺ သခင်ကြီးအား အလုံးစုံ တင်ပြလိုက်၏။ သို့ရှိရာ သခင်ကြီးသည် 'ဤသူများအားလုံးသည် သာသနာ့ညီနောင်များ ဖြစ်ကြ၍ အားလုံးသော သူတို့၏ ဗီဇသည် တစ်မျိုးတည်းဖြစ်ကြောင်း' ကို မိန့်တော်မူလိုက်ပေသည်။

ဟုဇိုက်ဖား ﷺ သခင်ကြီးက အမိန့်ရှိထားပေသည်။ ကျွန်ုပ်သည် 'ယရ်မူးက်' စစ်ပွဲ၌ မိမိ၏ ညီအစ်ကို ဝမ်းကွဲတော်စပ်သူအား 'ရှဟီဒ်' များ၏ အလောင်းတော်များထဲမှ ရှာဖွေရန် ထွက်လာခဲ့၏။ အကယ်၍ ၄င်းတို့အတွင်း၌ အသက်ငွေ့ငွေ့ ကျန်ပါကလည်း ရေတိုက်ကျွေးရန် ရေကိုပါ အနည်းငယ်ယူဆောင်လာပေသည်။ ၄င်း၏ ထံပါးသို့ ရောက်ရှိသောအခါဝယ် အသက်ငွေ့ငွေ့သာ ကျန်နေသည်ကို မြင်တွေ့ရာ ကျွန်ုပ်သည် 'ရေတိုက်ကျွေးရမည်လော' ဟူ၍ ပြောဆိုရာ ၄င်းက အရိပ်အမြွက်ဖြင့် သောက်လိုကြောင်း ညွှန်ပြပေသည်။ သို့ရာတွင် ချက်ချင်းလက်ငင်းဆိုသလို အနီးမှ အခြားသော 'ရှဟီဒ်' တစ်ဦး၏ ညည်းတွားသံသည် ကြားလာရပေရာ ကျွန်ုပ်၏ ညီအစ်ကိုတော်စပ်သူက 'ဤရေကို ၄င်းအား တိုက်လိုက်ပါ' ဟူ၍ ပြောဆိုလိုက်ပေသည်။ ထိုဒုတိယသူ၏ အနီးသို့ ရောက်ကာ ရေပေးရန် လိုလားလျက်ရှိနေခိုက် တတိယသူတစ်ဦး၏ အသံသည်လည်း နားသို့ ရောက်ရှိလာပြန်သည်။ ဒုတိယသူကလည်း တတိယသူအား ရေပေးရန် ပြောဆိုလာပြန်သည်။ ဤသို့ တစ်ဦးပြီးတစ်ဦးဖြင့် 'ရှဟီဒ်' (၇) ဦးထိတိုင် ဤဖြစ်အင်မျိုးနှင့် ကြုံကြိုက်သွားပေသည်။ သတ္တမမြောက် 'ရှဟီဒ်' ၏ အနီးမှ မိမိညီအစ်ကိုတော်စပ်သူ၏ ထံသို့ ပြန်လည်ရောက်ရှိလာသောအခါဝယ် ၄င်းသည်လည်း ကွယ်လွန်သွားပြီး ဖြစ်ပေသည်။

ဤသည် 'မုဟာဂျိရ်' အချို့နှင့် အန်ဆွာရီအချို့တို့နှင့်စပ်လျဉ်းသော ဖြစ်စဉ်များ ဖြစ်ပေသည်။ များသောသူများအနေဖြင့် ဤအာယသ်သေ့အီစားရ် (၅၉း၉) သည် ဤအထက်ဖော်ပြပါ ဖြစ်စဉ်နှင့် စပ်လျဉ်း၍ ကျရောက်လာကြောင်းကို ပြောဆိုကြပေသည်။ သို့ရာတွင် ထိုဖြစ်စဉ်များကြားဝယ် ကွဲလွဲမှုတစ်စုံတစ်ရာမျှ မရှိပေ။ အဘယ်ကြောင့်ဆိုသော် အကြင်ကဲ့သို့သော ဖြစ်စဉ်တစ်ရပ်နှင့် စပ်လျဉ်း၍ အာယသ်တော် တစ်ပုဒ် ကျရောက်ပြီးဖြစ်ပေရာ အကယ်၍ ထိုကဲ့သို့သော အခြားဖြစ်စဉ်တစ်ရပ် ကြုံကြိုက်လာသည်ဆိုပါမူ၊ 'ထိုဖြစ်စဉ်နှင့် စပ်လျဉ်း၍ ဤအာယသ်တော် ကျရောက်လာခြင်း ဖြစ်ပေသည်' ဟူ၍ ပြောဆိုနိုင်ပေသည်။ အခြေခံဇစ်မြစ်အချက်မှာ 'ဤဖြစ်စဉ်များအားလုံးသည် အာယသ်တော် ကျရောက်လာခြင်း၏ အကြောင်းခံနှင့် အခြေခံမူတည်ချက်' ဟူ၍ပင် ဖြစ်ပေသည်။

စာဒကတစ်ရပ်၏ အဖြေ

အထက်၌ တင်ပြထားသော ဆွဟာဗာသာဝကကြီးများ၏ ကိုယ်ကျိုးစွန့်၍ အခြားသော သူများကို ဦးစားပေးသော ဖြစ်စဉ်များအပေါ် 'မိမိတို့၏ ပစ္စည်းများအားလုံးကို ပေးကမ်းစွန့်လှူသော အချက်ကို တားမြစ်ထားသော 'တမန်တော်မြတ် ﷺ ၏ ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များအကြောင်း စာဒကတစ်ရပ် တက်လာပြန်ပေသည်။ ပမာတင်ပြရမည်ဆိုသော် ဟဒီးစ်တော်တစ်ရပ်၌ ဤသို့ လာရှိထားပေသည်။ လူတစ်ဦး တစ်ယောက်သည် တမန်တော်မြတ် ﷺ ၏ ထံတော်သို့ ဥတစ်လုံးခန့် အတိုင်းအတာရှိသော ရွှေပိုင်းတစ်ပိုင်း အား လှူဒါန်းလိုသော ရည်ရွယ်ချက်မျိုးဖြင့် ဆက်သလိုက်ပေသည်။ သို့ရှိရာ တမန်တော်မြတ် ﷺ သည် ထိုရွှေပိုင်းကို ၎င်း၏ဘက်သို့ လွှင့်ပစ်ကာ 'အသင်တို့အတွင်းရှိ အချို့သော သူတို့သည် မိမိတို့၏ ပစ္စည်း များအားလုံးကို ပေးကမ်းလှူဒါန်းရန် ရောက်ရှိလာကြပေသည်။ တစ်ဖန် လိုလားတောင့်တသော အဖြစ်သို့ ရောက်ရှိကာ လူတို့ထံ လှည့်လည်ကာ တောင်းရမ်း၍ နေပေသည်' ဟူ၍ မိန့်တော်မူလိုက်လေသည်။

စာဒက၏ အဖြေကို 'လူတို့၏ အခြေအနေများ အမျိုးမျိုး ကွဲပြားလျက်ရှိနေခြင်း' ကို ထိုဆင့်ပြန် ချက်များအတွင်းမှ ထုတ်ယူ၍ ရရှိနိုင်ပေသည်။ အခြေအနေတိုင်း၏ အမိန့်မှာ သီးခြားစွာ ဖြစ်ပေသည်။ ပစ္စည်းများအားလုံးကို လှူဒါန်းရန်ကို တားမြစ်ခြင်းခံထားရသော သူတို့သည် 'ထိုသို့ လှူဒါန်းပြီးနောက် ဆာလောင်မွတ်သိပ် ကျပ်တည်းမှုအပေါ် သည်းမခံနိုင်သောသူ၊ မိမိတို့ ပေးကမ်းပြီးဖြစ်သော ပစ္စည်း များအား နှမြောတမ်းတလျက်ရှိနေသောသူ၊ (သို့မဟုတ်) တစ်ဖန် လူတို့ထံမှ တောင်းခံရန် မတတ်နိုင်သော အခြေအနေ ဆိုက်ရောက်နေသောသူတို့အဖို့' ဖြစ်ပေသည်။ အားလုံးသော ပစ္စည်းများကို လှူဒါန်းသုံးစွဲ ပေးပြီးနောက် ၎င်းတို့အဖို့ ငတ်မွတ်ခေါင်းပါးခြင်း၏ တစ်စုံတစ်ရာ သောကဗျာပါဒမရှိဘဲ သို့သာမက ဖွဲလုံ့လနှင့်အတူ ထိုငတ်မွတ်ကျပ်တည်းခြင်းအပေါ် သည်းခံမှုတရား ထားရှိနိုင်သောသူများ' ဟူ၍ ခိုင်မာ သော ဆုံးဖြတ်ချက်၊ ဖွဲလုံ့လနှင့် တည်တံ့ကြံ့ခိုင်ကြသော သူတို့အဖို့ ၎င်းပစ္စည်းဥစ္စာများအားလုံးကို အလ္လာဟ် အသျှင်မြတ်၏ လမ်းတော်၌ လှူဒါန်းသုံးစွဲခြင်း ပိုင်ပေသည်။ ပမာဆိုရသော် ဟဇရသ်အဗူဗာကရ်စ္စဒ်ဒီးက် ؓ သခင်ကြီးသည် စစ်ပွဲတစ်ပွဲနှင့် စပ်လျဉ်း၍ အလှူငွေကောက်ခံရာတွင် မိမိ၏ ပစ္စည်းဥစ္စာအလုံးစုံကို ပေးအပ်လိုက်ပေသည်။

ထိုဖြစ်စဉ်မျိုးကဲ့သို့ အလားတူ ဖြစ်စဉ်များကို ဤနေရာ၌ တင်ပြထားပေသည်။ ဤကဲ့သို့သော ပုဂ္ဂိုလ်မွန်တို့သည် မိမိတို့ အိမ်သူ၊ အိမ်သားများကိုလည်း ထိုသည်းခံမှုနှင့် တည်တံ့မြဲမြံမှုကို တည်ရှိ အောင် ခလေ့သဘောအဖြစ် ပြုလုပ်ပေးထားကြပေသည်။ ထို့ကြောင့် ယင်းသို့ လှူဒါန်းပေးလိုက်ခြင်း ဖြင့်လည်း ၎င်းတို့၏ ဝတ္တရားတစ်စုံတစ်ကို ချိုးဖောက်ရာလည်း မကျပေ။ အကယ်၍ ပစ္စည်းဥစ္စာသည် ၎င်းတို့၏ လက်ဝယ်အတွင်း၌ရှိပါမူ ၎င်းတို့သည်လည်း ဤသို့ပင် ပြုကြမည် ဖြစ်ပေသည်။

[အချို့သော အချက်အလက်များကို ကိုးကားတင်ပြချက်နှင့်အတူ ကုရ်သုဗီးကျမ်း]

မုဟာဂျိရ်များဘက်မှ အများအကျိုးကို ဦးစားပေးသော အန်ဆွာရီတို့အား ကျေးဇူးတုန့်ပြန်မှု

ကမ္ဘာလောက၌ မည်သည့် စုပေါင်းအကျိုးဆောင် လုပ်ရပ်တစ်ခုမျှပင် အဖွဲ့အစည်းနှစ်ရပ်၏ ဘက်မှ သာတူညီမျှသော လိုက်လျောညီထွေမှုဖြင့် ကိုယ်ကျိုးစွန့်လျက် အများအကျိုးကိုသာ ဦးစားပေးဆောင်ရွက်ခြင်းမရှိသော အဖွဲ့အစည်းသည် တည်တံ့ခိုင်မြဲစွာ တည်ရှိနေနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် တမန်တော်မြတ် ﷺ သည် မွတ်စ္စလင်မ် တို့ မိမိအချင်းချင်းကြား၌ တစ်ဦးနှင့်တစ်ဦး လက်ဆောင်ပေးကာ အချင်းချင်းကြား မေတ္တာတရားကို တိုးပွားအောင်ပြုရန် နှိုးဆော်မှုကို ပြုထားသလို လက်ဆောင်ပေးခြင်းခံရသောသူအားလည်း 'လက်ဆောင် ပေးအပ်သောသူ၏ ကျေးဇူးတရားကို တစ်ဖန် တုန့်ပြန်မှု ပြုရမည်ဖြစ်ကြောင်း၊ အကယ်၍ နေအင်အား ကျယ်ပြန့်စွာ ချီးမြှင့်ပေးထားသည်ဆိုလျှင်လည်း ပစ္စည်းကို ပြန်လည်ပေးအပ်၍ သော်လည်းကောင်း၊ သို့တည်းမဟုတ် တောင်းဆုဒိုအာ ပြုပေးကာ ပြန်လည် တုန့်ပြန်ရမည်ဖြစ်ကြောင်းနှင့် တစ်ဦးတစ်ယောက်၏ ကျေးဇူးတရားများကို ဦးခေါင်းအပေါ်၌ တင်ထားလျက် ရှိနေခြင်းသည် မွန်ရည်သော စာရိတ္တနှင့် ဆန့်ကျင်ဘက်ဖြစ်ကြောင်း' ဟူသော လမ်းညွှန်ချက်များ ပေးထားတော်မူပေသည်။

အန်ဆွာရီများသည် မုဟာဂျိရ်များနှင့် စပ်လျဉ်းသော အမှုကိစ္စများအတွင်း၌ လွန်စွာ အကျိုးစွန့်စွာဖြင့် ပြုပေးထားတော်မူပေသည်။ မိမိတို့၏ အိမ်များ၊ ဈေးဆိုင်များ၊ လုပ်ငန်းများ၊ မြေကြီးနှင့် လယ်ယာစိုက်ပျိုးရေးတို့၌ ဖက်စပ်ပါဝင်ထားပေးကြလေသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် မုဟာဂျိရ်များအား ကျယ်ဝန်း၊ ချောင်ချိမှုကို ချီးမြှင့် ပေးသနားတော်မူလိုက်သောအခါဝယ် ၎င်းတို့သည်လည်း အန်ဆွာရီများအား ပြန်လည် ကျေးဇူးတုန့်ပြန်ရာ၌လည်း မနည်းပါးလှပေ။

အေမာမ်ကုရ်သုဗီး (ရဟ) သခင်ကြီးသည် ဘိုခါရီကျမ်းနှင့် မွတ်စ္စလင်မ်ကျမ်း၏ အမှီသဟဲဖြင့် ဟဇရသ်အနတ်စ်ဗင်န်မာလိက် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ထားပေသည်။ မုဟာဂျိရ်များသည် မက္ကာဟ်ရွှေမြို့တော်မှ မဒီနာမြို့တော်သို့ ပြောင်းလာကြသောအခါဝယ် ၎င်းတို့၏ လက်ဝယ်တွင် မည်သည့်အရာတစ်စုံတစ်ရာမျှပင် မရှိပေ။ မဒီနာမြို့နေ အန်ဆွာရီတို့သည် မြေပိုင်ရှင်၊ လယ်ယာပိုင်ရှင်၊ ဥစ္စာရှင်များ ဖြစ်ကြပေသည်။ အန်ဆွာရီများသည် ၎င်းတို့အား အရာတိုင်းကို တစ်ဝက်စီ ဝေမျှပေးလိုက်ပေသည်။ မိမိတို့၏ ဥယျာဉ်များမှ ထွက်သော သီးနှံများတစ်ဝက်ကို နှစ်စဉ် ၎င်းတို့အား ပေးလေသည်။ ဟဇရသ်အနတ်စ် ﷺ သခင်ကြီး၏ မိခင်ဖြစ်သော အွမ်မေ့စုလိုင်းမ်သခင်မကြီးသည် မိမိ၏ အချို့သော စွန်ပလွံပင်များကို တမန်တော်မြတ် ﷺ အား ပေးအပ်လှူဒါန်းခဲ့ပေသည်။ အကြင်အပင်များကို တမန်တော်မြတ် ﷺ သည် အိုစာမားဗင်န်ဇိုက်ဒ် ﷺ ၏ မိခင်ဖြစ်သော အွမ်မေ့အိုက်မာန် ﷺ သခင်မကြီးအား ပေးအပ်လိုက်လေသည်။

အေမာမ်ဇိုဟ်ရီသခင်ကြီးက ပြောဆိုသည်မှာ 'ကျွန်ုပ်အား ဟဇရသ်အနတ်စ် ဗင်န် မာလိက်သခင်ကြီးက သတင်းပေးခဲ့သည်။ တမန်တော်မြတ် ﷺ သည် 'ခိုက်ဗရ်'စစ်ပွဲအား အောင်နိုင်စွာဖြင့် ပြီးဆုံးကာ မဒီနာရွှေမြို့တော်သို့ ပြန်ကြွလာ၏။ (ထိုစစ်ပွဲ၌ မွတ်စ္စလင်မ်တို့သည် လုံလောက်စွာသော အတိုင်းအတာ သုံ့ပန်းပစ္စည်းများ လက်ဝယ်အတွင်း ရရှိလိုက်ကြပေသည်။) သို့ရှိရာ မုဟာဂျိရ်များအားလုံးသည်

အန်စွာရီများပေးထားသော အရာများအားလုံးကို စာရင်းပြုလုပ်ကာ ပြန်လည်ပေးအပ်လိုက်လေ၏။ တမန်တော်မြတ် ﷺ သည် ကျွန်တော်မျိုးမိခင်၏ အပင်များကို အွမ်မေ့အိုက်မာန် ﷺ သခင်မကြီးထံမှ ရယူကာ ၎င်းအားလည်း ပြန်လည်အပ်နှင်းလိုက်ပေသည်။ ထိုအရာ၏အစား မိမိ (တမန်တော်မြတ် ﷺ) ၏ ဥယျာဉ်တော်အတွင်းမှ အပင်များကို ချီးမြှင့်ပေးသနားတော်မူလိုက်ပေသည်။

وَمَنْ يُّوْقَ شُحَّ نَفْسِهٖ فَاُولٰٓئِكَ هُمُ الْمُفْلِحُوْنَ

(စင်စစ် မည်သူမဆို မိမိတို့ကိုယ်တိုင်၏ လောဘရမ္မက်ကြီးမှုနှင့် ကင်းလွတ်စေခြင်းကို ခံရလျှင် ထိုကဲ့သို့သော သူတို့သည် အောင်မြင်သူများ ဖြစ်ကြပေသည်။) *[၅၉ : ၉]*

အန်စွာရီသခင်ကြီးများ ကိုယ်ကျိုးစွန့်ကာ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ အရာအားလုံးအား ပေးကမ်းလှူဒါန်းပေးလိုက်ခြင်း၏ အကြောင်းကို တင်ပြပြီးနောက် ခြုံငုံကျယ်ဝန်းလှစွာသော ပုံသေနည်း တစ်ရပ်ကို အမိန့်ရှိတော်မူလိုက်ပေသည်။ အကြင်သူတို့သည် မိမိတို့ကိုယ်တိုင် မိမိတို့အနေဖြင့် လောဘ ရမ္မက်ကြီးမှုအား ရှောင်ရှားလိုက်သည်ဆိုပါလျှင် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ ထိုသူတို့သည် သာလျှင် အောင်မြင်သောသူများ ဖြစ်ကြကုန်၏။ 'ရှုဟ်'ဟူသော စကားလုံးနှင့် 'ဗုခ်လ်'ဟူသော စကားလုံး သည် အနီးစပ်ဆုံး အဓိပ္ပာယ်အတူတူပင် ဖြစ်ပေသည်။ 'ရှုဟ်'ဟူသော စကားလုံး၌ အတိုင်းထက်အလွန် ဟူသော အချက်အဖြစ် ပါဝင်နေခြင်းကြောင့် 'အလွန်ပြင်းထန်သော ရမ္မက်ကြီးမှု' ကို ခေါ်ဆိုခြင်း ဖြစ် ပေသည်။ စေးနဲတွန့်တို၊ ရမ္မက်ကြီးမှုသည် လူသားတို့နှင့် ပတ်သက်သည့် အရေးကြီးသော ဝတ္တရားဖြစ်သည့် အလ္လာဟ်အသျှင်မြတ်၏ ဝတ္တရားများဖြစ်သော ဥပမာ– 'ဇကားသ်'၊ 'ဖိသ်ရာ'၊ 'အုရှုရ်' (၁၀ ပုံ ၁ ပုံ)၊ 'ကုရ်ဗာနီ' အစရှိသော တာဝန်များကို ထမ်းဆောင်ရာ၌ စေးနဲတွန့်တိုမှုကြောင့် ပျက်ကွက်နေလျှင်သော် လည်းကောင်း၊ (သို့မဟုတ်) လိုလားတောင့်တလျက်ရှိနေသော မိဘများနှင့် မိတ်ဆွေ၊ ဆွေမျိုးသားချင်း တို့အား မုချ သုံးစွဲပေးမှုပြုရာ၌ စေးနဲမှုသည် အဟန့်အတားဖြစ်နေလျှင်သော်လည်းကောင်း၊ ထိုအချက်များ သည် လုံးဝ'ဟရာမ်'ဖြစ်ပေသည်။ ပေးကမ်းခြင်းဖြင့် သာပို 'စဝါးဗ်' ရရှိနေမည်ဖြစ်သော ကိစ္စများနှင့် ပိုမိုထွတ်မြတ်မှုရှိသော အမှုကိစ္စများတို့မှ အဟန့်အတား ဖြစ်နေမည်ဆိုလျှင် စောင်းချိတ်ပြစ်တင် ရှုတ်ချ ဖွယ်ကောင်း၍ မနှစ်မြို့ခြင်းခံရသော အချက်ပင် ဖြစ်ပေသည်။ ထုံးဓလေ့ဆိုင်ရာ အမှုကိစ္စများ၌ သုံးစွဲမှု တို့မှ အဟန့်အတားဖြစ်နေမည်ဆိုလျှင် ထိုအရာသည် သာသနာအရ စေးနဲခြင်းမဟုတ်ပေ။

စေးနဲခြင်းနှင့် လောဘရမ္မက်ကြီးခြင်း၊ အခြားသူတစ်ပါးအပေါ် မနာလိုဝန်တိုစိတ်ထားခြင်းနှင့် ပတ်သက်၍ ကျမ်းတော်မြတ်နှင့် ဟဒီးစ်ကျမ်းတို့တွင် ထိုမကောင်းသော အကျင့်စာရိတ္တများသည် အလွန်ပင် ပြစ်တင်ရှုတ်ချခြင်း ခံရသော အကျင့်စာရိတ္တများပင် ဖြစ်လေသည်။ ထိုယုတ်ညံ့သော စာရိတ္တများအတွက် ကောင်းသတင်းများလည်း လာရှိထားပေသည်။ အန်စွာရ်တို့၏ ဂုဏ်ပုဒ်များနှင့် အကြောင်းအရာများကို တင်ပြထားရာ၌ ၎င်းတို့သည် စေးနဲခြင်းနှင့် မနာလိုစိတ်မှ ကင်းစင်ကြောင်းကို အတိအလင်း သိရှိရ၏။

အပြုံးစိတ်နှင့် ဝန်တိုခြင်းမှ ကင်းစင်ခြင်းသည် သုခဘုံသားတို့၏ လက္ခဏာဖြစ်ခြင်း

အိဗ်နေကစီးရ်သခင်ကြီးသည် အေမာမ်အဟ်မဒ် (ရဟ) သခင်ကြီး၏ အမှီသဟဲဖြင့် ဟဇရသ်အနတ်စ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ထားပေသည်။

ကျွန်ုပ်တို့သည် တမန်တော်မြတ် ﷺ နှင့် အတူတကွ ထိုင်တော်မူလျက် ရှိနေစဉ် ကိုယ်တော်မြတ် ﷺ သည် 'ယခု အသင်တို့ထံသို့ 'ဂျန္နသ်'သုခဘုံသားများထဲမှ အမျိုးသားတစ်ဦး ရှေ့မှောက်သို့ ရောက်လာပေလိမ့်မည်' ဟူ၍ မိန့်တော်မူလိုက်ပေသည်။ သို့ရှိရာ အန်စွာရီများထဲမှ လူတစ်ဦးသည် ရောက်ရှိလာပေသည်။ အကြင်သူ၏ မုတ်ဆိတ်သည် ယခုမှပင် 'ဝူဇူ'ပြုထားသည့်အတွက်ကြောင့် ရေစက်၊ ရေပေါက်များကျလျက် ရှိနေပေသည်။ ဘယ်ဘက်လက်၌ မိမိ၏ ဖိနပ်အား ကိုင်ထားပေသည်။ ဒုတိယနေ့၌လည်း ဤဖြစ်စဉ်မျိုးပင် ကြုံကြိုက်လာရပေသည်။ ဤပုဂ္ဂိုလ်သည်သာလျှင် ဖော်ပြပါအခြေအနေမျိုးဖြင့် ရောက်ရှိလာပေသည်။ တတိယနေ့၌လည်း တစ်ဖန် ဤအတိုင်းပင် ဖြစ်ခဲ့ပေသည်။ ဤပုဂ္ဂိုလ်သည် တင်ပြပါအခြေအနေမျိုးဖြင့် ရောက်ရှိလာခဲ့ပေသည်။ တမန်တော်မြတ် ﷺ သည် ထိုင်ဝိုင်းတော်မှ ထသွားတော်မူသောအခါဝယ် အဗ်ဒွလ္လာဟ်ဗင်န်အမရ်အိဗ်နေအားစ္ ﷺ သခင်ကြီးသည် ၎င်း၏နောက်သို့ လိုက်သွားပေသည်။ (ထိုသို့ လိုက်သွားရခြင်း၏ အကြောင်းမှာ ၎င်း'ဂျန္နသ်'သုခဘုံသား ဖြစ်ခြင်း၏ လျှို့ဝှက်ချက်ကို သိရှိရန် ဖြစ်ပေသည်။) ၎င်းအား 'ကျွန်ုပ်သည် ပြဿနာတစ်ရပ်နှင့် စပ်လျဉ်း၍ (၃) ရက်တိုင် မိမိအိမ်၌ မနေရန် 'ကစမ်'ကျိန်ဆိုထားကြောင်း၊ အကယ်၍ အသင့်အနေဖြင့် သင့်တော်မည်ဟု ဆိုပါက (၃) ရက် အသင့်အိမ်၌ တည်းခိုခွင့်ပြုရန်' ကို ပြောဆိုလိုက်ပေသည်။ ၎င်းအန်စွာရီအမျိုးသား လက်ခံလိုက်၏။

အဗ်ဒွလ္လာဟ်ဗင်န်အမရ် ﷺ သခင်ကြီးသည် (၃) ညတိုင်တိုင် ၎င်းနှင့်အတူ နေထိုင်ခဲ့ပေသည်။ သို့ရှိရာ ညအချိန်၌ 'သဟဂျ်ဂျုဒ်' နာမဇ်ဝတ်ပြုရန်အတွက်လည်း မထကြောင်း၊ သို့သာမက အိပ်ယာခင်းပေါ်သို့ ရောက်ရှိသောအခါ အနည်းနှင့်အများမဆို အလ္လာဟ်အသျှင်မြတ်အား သတိရတသကြောင်း၊ တစ်ဖန် နံနက်မိုးသောက်ယံအချိန်၌ နမာဇ်ဝတ်ပြုရန်အတွက် ထသွားကြောင်း၊ သို့သာမက ထိုပြည့်ဝသော ရက်ပိုင်းကာလအတွင်း၌ ၎င်း၏ထံမှ ကောင်းသော စကားလုံးများမှအပ အခြားမည်သည့်စကားကိုမျှ မကြားခဲ့ရပေ။ (၃) ညတိုင်တိုင် ကုန်သွားပါမှ၊ ကျွန်ုပ်၏ နှလုံးသားအတွင်း၌ ၎င်း၏ ပြုမူဆောင်ရွက်ချက်များအား အထင်သေးလိုစိတ် ရောက်ရှိလုမတတ် ဖြစ်သွားပေရာ ကျွန်ုပ်သည် ၎င်းအား 'ကျွန်ုပ်၏အိမ်၌ မည်သည့်ပြဿနာ တစ်စုံတစ်ရာမျှ မရှိပေ။ သို့ရာတွင် ကျွန်ုပ်သည် တမန်တော်မြတ် ﷺ ၏ ထံတော်ပါးမှ (၃) ရက်ထိတိုင် 'အသင်တို့၏ ထံသို့ 'ဂျနသ်'သုခဘုံသားများထဲမှ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ရောက်ရှိလာပေလိမ့်မည်' ဟူသော မိန့်မြွက်ချက်ကို (၃) ရက်တိုင်တိုင် ကြားနာခဲ့ရကြောင်း၊ တစ်ဖန် (၃) ရက်တိုင်တိုင် အသင်သည်သာလျှင် ရောက်ရှိလာခဲ့ကြောင်း၊ ထို့ကြောင့် ကျွန်ုပ်သည် အသင်နှင့် နေထိုင်လိုက ဤသို့ အကျိုးထူးရရှိသော အကြောင်းခံအချက်သည် မည်သည့် 'အမလ်'ဖြစ်သည်ကို ကြည့်ရှုမည်ဖြစ်ကြောင်း၊ သို့ရာတွင် အံ့ဖွယ်အချက်မှာ ကျွန်ုပ်သည် အသင့်အား ကြီးမားသော ကျင့်ကြံပြုမူ ဆောင်ရွက်

ချက် ပြုလုပ်သည်ကို မတွေ့မြင်ခဲ့ရကြောင်း၊ သို့ဆိုလျှင် အသင့်အား ဤအဆင့်ထိတိုင် ပို့ဆောင်ပေးလိုက်သော ဆောင်ရွက်ချက်သည် မည်သည့်အချက် ဖြစ်ပေသနည်း။'

၎င်းက 'ကျွန်ုပ်ထံ၌ အသင်မြင်တွေ့ခဲ့ရသော အချက်များအပြင် မည်သည့်အချက် တစ်စုံတစ်ရာမျှ မရှိပေ' ဟူ၍ ပြောဆိုလိုက်ပေသည်။ ကျွန်ုပ်သည် ထိုဖြေကြားချက်ကို ကြားကာ လှည့်ထွက်မည်ပြုခိုက် ကျွန်ုပ်အား တစ်ဖန် ပြန်လည်ခေါ်ဆောင်ကာ 'ဟုတ်ပါ၏။ အချက်တစ်ချက်တော့ ရှိပြန်ပေသေးသည်။ ကျွန်ုပ်သည် မိမိ၏ နှလုံးသား၌ မည်သည့်မွတ်စ္စလင်မ် တစ်ဦးတစ်ယောက်ကိုမျှ အငြိုးအတေးနှင့် မကောင်းစိတ်ဖြင့် မကြည့်ခဲ့ပေ။ ထို့အပြင် အလ္လာဟ်အသျှင်မြတ်အနေနှင့် တစ်ဦးတစ်ယောက်အား ချီးမြှင့်ပေးသနားထားတော်မူသော အရာအပေါ်၌လည်း မနာလို၊ မရှုစိတ် မရှိပေ' ဟူ၍ ပြောဆိုလိုက်ပေသည်။ အဗ်ဒုလ္လာဟ်အမရ် ﷺ သခင်ကြီးက 'တော်လောက်ပါပြီ။ ဤသည့်အချက်သည်သာလျှင် အသင့်အား ထိုမြင့်မားသော အဆင့်အတန်းရှိရာဆီသို့ ပို့ဆောင်လိုက်ခြင်း ဖြစ်ပေသည်။'

အိဗ်နေကစီးရ် (ရဟ) သခင်ကြီးသည် ထိုအကြောင်းအရာကို ဆင့်ပြန်ကာ 'ထိုဆင့်ပြန်ချက်ကို အေမာမ်နစာအီ (ရဟ) သခင်ကြီးသည်လည်း 'အမလုလ်ယောင်းမ်မေ့ဝလ်လိုင်လား' အတွင်း၌လည်း ဆင့်ပြန်ထားပေသည်။ ထိုဆင့်ပြန်ချက်၏ ဆင့်ကဲဆင့်ပြန်မှုသည် မှန်ကန်ကာ ဘိုခါရီကျမ်းနှင့် မွတ်စ္စလင်မ် ကျမ်းတို့၏ စည်းကမ်းချက်ဖြင့်လည်း ကိုက်ညီပေသည်။

"မုဟာဂျီရ်" နှင့် အန်စွာရီနောက် အုမ္မသ်ထုအတွင်းရှိ မွတ်စ္စလင်မ်ပြည်သူများ

وَالَّذِيْنَ جَآءُوْا مِنْۢ بَعْدِهِمْ (الاٰية)

(ထို့ပြင် ၎င်းတို့နောက် လာကြသော သူတို့နှင့်လည်း သက်ဆိုင်၏။) *[၅၉ : ၁၀]*

ဤအထက်တင်ပြပါ အာယသ်တော်၏ အလိုသဘော၌ 'မုဟာဂျီရ်'၊ 'အန်စွာရီ' ဆွဟာဗာသခင်ကြီးတို့နောက် 'ကေယာမသ်'နေ့အထိတိုင် ပေါ်ပေါက်လာမည်ဖြစ်သော မွတ်စ္စလင်မ်များ အားလုံးပါဝင်ပေသည်။ ဤအာယသ်တော်သည် ထိုသူများအားလုံးကို လက်ရပစ္စည်းများအား ရထိုက်သော သူများအနေဖြင့် သတ်မှတ်ပေးထားတော်မူပေသည်။ ဤအတွက်ကြောင့်သာလျှင် ဟဇရသ်ဖာရူကေ့အအ်ဇွမ်(ရဟ) သခင်ကြီးသည် ကမ္ဘာ့လောကရှိ နိုင်ငံကြီးများဖြစ်သော အီရတ်နိုင်ငံ၊ ဆီးရီးယားနိုင်ငံနှင့် အီဂျစ်နိုင်ငံ အစရှိသော နိုင်ငံကြီးများကို တိုက်ခိုက်သိမ်းပိုက် အောင်နိုင်လာသောအခါဝယ် သို့သာမက ထိုနယ်ပယ်မြေယာများကို နောင်လာမည့် မျိုးဆက်သစ်များအတွက် အများပိုင်၊ လယ်ယာမြေများအဖြစ် ထားရှိပေသည်။ အကြောင်းမှာ ထိုလယ်ယာမြေများ၏ ဝင်ငွေကို 'ကေယာမသ်'နေ့ထိတိုင် ပေါ်ပေါက်လာမည်ဖြစ်သော မွတ်စ္စလင်မ်များ အကျိုးရယူ ခံစားနိုင်ရန်' အစ္စလာမ်သာသနာရေးရာ ဘဏ်တိုက်၌ ထားရှိလိုက်ပေသည်။ အချို့သော ဆွဟာဗာသာဝကကြီးများသည် ထိုအောင်မြင်ပြီးဖြစ်သော အရာများနှင့်

ပတ်သက်၍ ခွဲဝေမည့် ကိစ္စအား မေးမြန်းရာ ထိုဟာဇရသ်အုမရ် ﷺ သခင်ကြီးသည် ဖော်ပြပါအာယသ်တော်ကို အထောက်အထားပေးကာ 'အကယ်၍ ကျွန်ုပ်၏ ရှေ့မှောက်၌ နောင်လာမည့် မျိုးဆက်သစ်များ၏ အရေးကိစ္စမရှိပါမူ အောင်မြင်စွာ ရရှိပြီးဖြစ်သော လယ်ယာမြေများအားလုံးကို စစ်သည်တော်များ ကြားဝယ် ခွဲဝေပေးလိုက်မည်ဖြစ်သည်။ ပမာဆိုရသော် တမန်တော်မြတ် ﷺ သည် 'ခိုက်ဗရ်' ၏ မြေယာများကို ခွဲပေးခဲ့ဘူးပေသည်။ သို့ရာတွင် ယခုလက်ရှိ ရှိနေသော မြေယာများအားလုံးကို မွတ်စ္စလင်မ်တို့၏ ကြားဝယ် ခွဲဝေပေးလိုက်ပါမူ နောင်လာမည့် မျိုးဆက်သစ် မွတ်စ္စလင်မ်တို့အဖို့ မည်သည့်အရာ ကျန်ရှိနေမည်နည်း' ဟူ၍ မိန့်တော်မူလိုက်ပေသည်။ (ထိုဆင့်ပြန်ချက်အား အေမာမ်မာလိက် (ရဟ) သခင်ကြီးသည် ဆင့်ပြန်ထားပေသည်။) *[ကုရ်သုဗီး]*

ဆွဟာဗာသခင်ကြီးများအား ချစ်ခင်မှု၊ လေးစားမှု ထားရှိခြင်းသည် လမ်းမှန်တရားပေါ်၌ ရှိနေသော အုမ္မသ်၏ လက္ခဏာဖြစ်ခြင်း

ဤနေရာ၌ အလ္လာဟ်အသျှင်မြတ်သည် အုမ္မသ် (နောက်လိုက်ထု) တစ်ရပ်လုံးအား (၃) မျိုး (၃) စား ခွဲခြားပြထားပေသည်။ 'မုဟာဂျိရ်'၊ 'အန်စွာရီ'နှင့် ကျန်ရှိသော 'အုမ္မသ်' (နောက်လိုက်ထု) တို့ ဖြစ်ပေသည်။ 'မုဟာဂျိရ်'နှင့် 'အန်စွာရီ' တို့၏ သီးခြားသော ဂုဏ်အင်များ၊ အရည်အချင်းများနှင့် အကျိုးထူးများကို ဤနေရာ၌ တင်ပြထားပေသည်။ သို့ရာတွင် ကျန်ရှိသော မွတ်စ္စလင်မ်အုမ္မသ်ထု၏ အကျိုးထူးများ၊ အရည်အချင်းများနှင့် ဂုဏ်အင်များထဲမှ အရည်အချင်းတစ်ရပ်ကို တင်ပြထားသည်မှာ 'ၔင်းတို့သည် ဆွဟာဗာကြီးများ၏ အီမာန်ကို အစောတလျှင် ရရှိခြင်းနှင့် ကျွန်ုပ်တို့၏ထံ အီမာန်ရောက်ရှိခြင်း အကြောင်းခံကို သိရှိခြင်းဖြစ်သည်။ အားလုံးသောသူတို့အဖို့ လွတ်ငြိမ်းချမ်းသာခွင့် ရရှိရန်နှင့် မိမိတို့အဖို့လည်း 'မိမိတို့၏ စိတ်နှလုံးသားများအတွင်းဝယ် မည်သည့်မွတ်စ္စလင်မ် တစ်ဦးတစ်ယောက်ကိုမျှ အငြိုးအတေးနှင့် မုန်းတီးမှုမထားရှိရန်ကို ဆုမွန်ဒိုအာ တောင်းခံရန် တင်ပြထားပေသည်။

အထက်တင်ပြပါအချက်မှ သိရှိရသည်မှာ ဆွဟာဗာသာဝကကြီးများနောက် တည်ရှိသမျှသော မွတ်စ္စလင်မ်တို့၏ အီမာန်နှင့် အစ္စလာမ်ကို လက်ခံ၍ လွတ်မြောက်အောင်မြင်မှုကို ရရှိရန် စည်းကမ်းချက်သည် 'ၔင်းတို့အနေနှင့် ဆွဟာဗာကြီးများအား ချစ်ခင်မှုနှင့် ကြီးကျယ်မြင့်မြတ်မှုကို နှလုံးသွင်း၍ ၔင်းတို့အတွက် ဆုမွန်ဒိုအာပြုပေးရန်'ဟူ၍ ဖြစ်သည်။ အကြင်သူ၏ထံ၌ ဤစည်းကမ်းချက်မရှိပါက ၔင်းအား မွတ်စ္စလင်မ်ဟူ၍ပင် မခေါ်ဆိုထိုက်ပေ။ ထို့ကြောင့် ဟာဇရသ်မုစ္စ်အဗ်ဗင်နစ်အဒ်သခင်ကြီးသည် 'အုမ္မသ်' (နောက်လိုက်ထု) တစ်ရပ်လုံးအတွင်းရှိ မွတ်စ္စလင်မ်များအား အဆင့်အတန်း (၃) မျိုး ခွဲခြားပြဆိုထားပေသည်။ အကြင်အတန်းအစားများထဲမှ 'မုဟာဂျိရ်'နှင့် 'အန်စွာရီ'ဟူ၍ အဆင့်အတန်းနှစ်မျိုးသည် ကုန်ဆုံးသွားခဲ့ပြီး ဖြစ်သည်။ ယခု ဆွဟာဗာကြီးများအား ကြီးကျယ်မှုကို မှတ်ယူခြင်းနှင့် ချစ်ခင်မှုတရားအား ထားရှိခြင်း၏ အဆင်တစ်ဆင့်သည်သာလျှင် ကျန်ရစ်နေပေသည်။ အကယ်၍ အသင်တို့အနေဖြင့်လည်း

အမွှေသိုအတွင်း၌ နေရာတစ်နေရာကို ရယူရန်ရှိမူ ဤတတိယအဆင့်၊ အုပ်စုအတွင်းသို့ ဝင်ရောက်ကြကုန်' ဟူ၍ မိန့်ဆိုထားပေသည်။

ဟဇရတ်ဟုစိုင်းန်သခင်ကြီးအား တစ်ဦးတစ်ယောက်က ဟဇရတ်အွတ်စ်မာန် ﷺ သခင်ကြီးနှင့် စပ်လျဉ်း၍ မေးမြန်းခဲ့ပေသည်။ (ထိုသို့ မေးမြန်းချိန်သည် ဟဇရတ်အွတ်စ်မာန် ﷺ သခင်ကြီး ကွယ်လွန် 'ရှဟာဒဒ်'ဖြစ်သွားပြီး နောက်၌ ဖြစ်ပေသည်။) သို့ရှိရာ ထိုဟူစိုင်းန်သခင်ကြီးသည် မေးမြန်းသူအား 'အသင်သည် 'မုဟာဂျိရ်'အမျိုးသားများထဲမှ ဖြစ်ပါ၏လော'ဟူ၍ မေးမြန်းရာ ၎င်းက 'မဟုတ်ကြောင်း' လျှောက်ထားပေသည်။ တစ်ဖန် 'အန်စွာရီအမျိုးသားများထဲမှ ဖြစ်ပါ၏လော'ဟူ၍ မေးမြန်းရာ ၎င်းက 'မဟုတ်ကြောင်း' ပင် ပြန်လည် လျှောက်ထားလိုက်ပေသည်။ သို့ရှိရာ ဟဇရတ်ဟူစိုင်န်သခင်ကြီးက 'ယခုမူ တတိယအာယသ်တော်ဖြစ်သော

اَلَّذِيْنَ جَآءُوْا مِنْ بَعْدِ هِمْ

ဟူသော အဆင့်သာ ကျန်ရစ်၍ နေပေသည်။ အကယ်၍ အသင်သည် ဟဇရတ်အွတ်စ်မာန်း ﷺ သခင်ကြီး၏ ဂုဏ်ရှိန်၊ ဂုဏ်ဝါနှင့် စပ်လျဉ်း၍ ဒွိဟသံသယ တစ်စုံတစ်ရာရှိပါမူ ဤအဆင့်မှလည်း ထွက်သွားမည်ဖြစ်ပေသည်' ဟူ၍ မိန့်ကြားတော်မူလိုက်ပေသည်။

ကုရ်သုဗီးသခင်ကြီးက ဤသို့ အမိန့်ရှိထားပေသည်။ 'ဆွဟာဗာသာဝကကြီးများအား ချစ်ခင်ရန် ကျွန်ုပ်တို့အပေါ် 'ဝါဂျိဗ်'ဖြစ်ကြောင်း' ၏ အထောက်အထားသည် ဤအာယသ်တော်ပင် ဖြစ်ပေသည်။ အေမာမ်မာလိက်သခင်ကြီးက 'အကြင်သူသည် ဆွဟာဗာသာဝကကြီးတစ်ပါးပါးအား မကောင်းပြောဆိုပေအံ့၊ (သို့မဟုတ်) ၎င်းနှင့် စပ်လျဉ်း၍ မကောင်းသော ယုံကြည်ချက် ထားရှိမည်ဆိုပါက ထိုသူသည် မွတ်စ္စလင်မ်တို့၏ လက်ရပစ္စည်းများထဲမှ ဝေစုဝေပုံတစ်စုံတစ်ရာကိုမျှပင် ရရှိမည်မဟုတ်'ဟူ၍ မိန့်တော်မူထားပေသည်။ တစ်ဖန် ဤအထက်ဖော်ပြပါ အာယသ်တော်ကိုသာလျှင် အထောက်အထားအဖြစ် ရယူ အမိန့်ရှိထားပေသည်။ လက်ရပစ္စည်း၏ ဝေစုဝေပုံသည် မွတ်စ္စလင်မ်တိုင်းအတွက်သာလျှင် ဖြစ်ပေရာ ထိုဝေစုဝေပုံကို မရရှိသောသူ၏ အီမာန်နှင့် အစ္စလာမ်သည်ပင်လျှင် ဒွိဟသံသယအတွင်း၌ တည်ရှိနေပေသည်။

ဟဇရတ်အဗ်ဒွလ္လာဟ်ဗင်န်အဗ္ဗားစ် ﷺ သခင်ကြီးက အမိန့်ရှိသည်မှာ အလ္လာဟ်အသျှင်မြတ်သည် မွတ်စ္စလင်မ်များအားလုံးကို တမန်တော်မြတ် ﷺ ၏ ဆွဟာဗာကြီးများအား 'အစ်သိဂ်ဖားရ်' (လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံပေးခြင်း) နှင့် ဆုမွန်ဒိုအာ ပြုပေးရန် မိန့်တော်မူထားခြင်းသည် အမှန်တကယ်ဆိုလျှင် ၎င်းတို့အချင်းချင်းကြားဝယ် စစ်ပွဲနှင့် အချင်းပွားများခြင်း၏ ပြဿနာများ ပေါ်ပေါက်တော်မူမည်ဖြစ်ကြောင်း' အလ္လာဟ်အသျှင်မြတ်၏ 'အီလ်မ်' (အသိပညာ) တော်၌ ရှိခဲ့ပေသည်။ (ဤအတွက်ကြောင့် မည်သည့်မွတ်စ္စလင်မ်တစ်ဦးတစ်ယောက်မဆို ဆွဟာဗာကြီးများ အချင်းချင်းကြား၌ အချင်းပွားများခဲ့သည့်အတွက်ကြောင့် ၎င်းတို့အထဲမှ တစ်ပါးပါးအပေါ် မကောင်းထင်မြင်ခြင်း မပိုင်ပေ။)

ဟဇရတ်အာအေရှာဟ် ﵂ သခင်မကြီးက မိန့်ရှိသည်မှာ 'ကျွန်မသည် အသင်တို့၏ နဗီတမန်တော်မြတ် ﷺ ကြီးထံမှ ကြားသိခဲ့ရသည်။ ဤအွမ္မသ်တို့သည် အတိတ်ခေတ်ရှိသူတို့အား ကျိန်ဆဲကာ ပြစ်တင်ဝေဖန်မှု မပြုသရွေ့ ကာလပတ်လုံး ပျက်စီးလိမ့်မည်မဟုတ်ပေ။'

ဟဇရတ်အဗ်ဒွလ္လာဟ်ဗင်န်အုမရ် ﵁ သခင်ကြီးက ဤသို့ အမိန့်ရှိထားပေသည်။ အသင်တို့သည် တစ်ဦးတစ်ယောက်အား ဆွဟာဗာသာဝကကြီးများအား မကောင်းပြောဆိုနေသည်ကို တွေ့မြင်သောအခါ ၄င်းအား အသင်တို့အတွင်းရှိ အဆိုးရွားဆုံးသော သူတို့အပေါ် အလ္လာဟ်အသျှင်မြတ်၏ ကျိန်စာကျရောက်ပါစေသား' ဟူ၍ ပြောဆိုကုန်။ သာပိုဆိုးရွားသော သူမှာ ဆွဟာဗာများ မဟုတ်။ ၄င်းဆွဟာဗာများအား မကောင်းပြောဆိုသူသာလျှင် သာပို ဆိုးရွားကြောင်းမှာ ထင်ရှားလှပေသည်။ အချုပ်သဘောမှာ 'ဆွဟာဗာကြီးများထဲမှ တစ်ဦးတစ်ယာက်အား မကောင်းပြောဆိုခြင်းသည် ကျိန်စာ ကျရောက်လာမည့် အကြောင်းခံဖြစ်ကြောင်း' ဟူ၍ ဖြစ်ပေသည်။

အောင်ဝါးမ်ဗင်န်ဟောင်ရှဗ် (ရဟ) သခင်ကြီးက မိန့်ဆိုထားပေသည်။ ကျွန်ုပ်သည် ဤအွမ္မသ်အလျင် အတိတ်ခေတ်ရှိ သူတို့အား ဤအောက်ဖော်ပြပါအချက်အပေါ် တည်တံ့မြဲမြံစွာ တည်ရှိခဲ့ကြောင်းကို တွေ့မြင်သိရှိခဲ့ရပေသည်။ ၄င်းတို့သည် လူသားတို့အား 'ဆွဟာဗာသာဝကကြီးများ၏ အကျိုးထူးများနှင့် ကောင်းသော အချက်များကို တင်ပြကြကုန်။ သို့မှသာ လူတို့၏ နှလုံးသားများအတွင်း၌ ၄င်းတို့၏ ချစ်စိတ်ပေါ်ပေါက်လာပေမည်။ ၄င်းတို့၏ ကြား၌ ပေါ်ပေါက်ဖြစ်ပေါ်ခဲ့သော အချင်းပွားမှုများကို မတင်ပြကြကုန်လင့်။ အကြင်ကဲ့သို့ တင်ပြလိုက်ခြင်းဖြင့် ၄င်းတို့၌ အတင့်ရဲမှု တိုးကာ ယဉ်ကျေးမှုကင်းမဲ့သော သူများ ဖြစ်သွားပေမည်' ဟူသော အချက်များကိုသာ ညွှန်ကြားသင်ပြကြပေသည်။ (ဤဆင့်ပြန်ချက်များအားလုံးကို ကုရ်သုဗီးကျမ်းမှ ကောက်ယူတင်ပြထားပေသည်။)

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

أَلَمْ تَرَ إِلَى الَّذِينَ نَافَقُوا
يَقُولُونَ لِإِخْوَانِهِمُ الَّذِينَ كَفَرُوا مِنْ أَهْلِ الْكِتَابِ لَئِنْ
أُخْرِجْتُمْ لَنَخْرُجَنَّ مَعَكُمْ وَلَا نُطِيعُ فِيكُمْ أَحَدًا أَبَدًا وَإِنْ
قُوتِلْتُمْ لَنَنْصُرَنَّكُمْ وَاللَّهُ يَشْهَدُ إِنَّهُمْ لَكَاذِبُونَ ﴿١١﴾

၅၉ : ၁၁ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် အယောင်ဆောင်ခဲ့ကြသော သူ (မုနာဖစ်က်) တို့၏ အခြေအနေကို သုံးသပ်ဆင်ခြင် တွေ့မြင်ခဲ့လေပြီ မဟုတ်ပါလော။ ထိုသူတို့သည် မိမိတို့၏ ညီအစ်အကိုများဖြစ်ကြသော ရှေးကျမ်းဂန် ရရှိသူတို့အနက် သွေဖည်ငြင်းပယ်ကြသောသူ (ဗနီနာသွီရ်မျိုးနွယ်ဝင်) တို့အား (ဤသို့) ပြောဆိုလျက် ရှိခဲ့ကြကုန်၏။ 'အမှန်ပင်

အကယ်၍သာ အသင်တို့သည် (မဒီနာမြို့တော်မှ) နှင်ထုတ်ခြင်းခံခဲ့ကြရလျှင် ဧကန်မလွဲ ကျွန်ုပ်တို့သည်လည်း အသင်တို့နှင့်အတူ ထွက်ကြမည်။ စင်စစ် ကျွန်ုပ်တို့သည် အသင်တို့နှင့် ပတ်သက်၍ မည်သည့်အခါမျှပင် မည်သူတစ်ဦးတစ်ယောက် (၏ ပြောဆိုချက်) ကိုမျှ လိုက်နာကြမည် မဟုတ်ပေ။ ထို့ပြင် အကယ်၍ အသင်တို့သည် တိုက်ခိုက်ခြင်းကို ခံခဲ့ကြရလျှင်လည်း၊ မုချစင်စစ် ကျွန်ုပ်တို့သည် အသင်တို့အား ကူညီကြမည်။ အမှန်စင်စစ် ၎င်းတို့မှာ အမှန်ပင် မုသာဝါဒီများဖြစ်ကြောင်း အလ္လာဟ်အသျှင်မြတ်သည် သက်သေခံတော်မူ၏။

لَئِنْ أُخْرِجُوا لَا يَخْرُجُونَ مَعَهُمْ وَلَئِنْ قُوتِلُوا لَا يَنْصُرُونَهُمْ وَلَئِنْ نَصَرُوهُمْ
لَيُوَلُّنَّ الْأَدْبَارَ ثُمَّ لَا يُنْصَرُونَ ﴿١٢﴾

၅၉ : ၁၂ ။ ။ (စင်စစ်) အမှန်ပင် အကယ်၍ ထိုသူတို့သည် (မဒီနာမြို့တော်မှ) နှင်ထုတ်ခြင်းကို ခံခဲ့ကြရလျှင်လည်း ၎င်း (မုနာဖစ်က်) တို့သည် ထိုသူတို့နှင့်အတူ ထွက်ကြမည်မဟုတ်ပေ။ ထိုနည်းတူစွာ အမှန်ပင် အကယ်၍ ထိုသူတို့သည် တိုက်ခိုက်ခြင်းကို ခံခဲ့ကြရလျှင်လည်း ၎င်းတို့သည် ထိုသူတို့အား ကူညီကြမည် မဟုတ်ပေ။ သို့ရာတွင် အကယ်၍ ၎င်း (မုနာဖစ်က်) တို့သည် ထိုသူတို့အား ကူညီခဲ့ကြသော်ငြားလည်း ဧကန်မုချ ၎င်းတို့သည် ကျောခိုင်း၍ ထွက်ပြေးကြမည်သာ (ဖြစ်၏။) ထို့နောက် ထိုသူတို့သည် အကူအညီ ရရှိကြမည် မဟုတ်တော့ပြီ။

لَأَنْتُمْ أَشَدُّ رَهْبَةً
فِي صُدُورِهِمْ مِنَ اللَّهِ ذَٰلِكَ بِأَنَّهُمْ قَوْمٌ لَا يَفْقَهُونَ ﴿١٣﴾

၅၉ : ၁၃ ။ ။ အမှန်ပင် အသင် (မွတ်စ္စလင်မ်) တို့အား ၎င်း [ယဟူဒီ၊ မုနာဖစ်က်] တို့၏ စိတ်တွင်း၌ အလ္လာဟ် အသျှင်မြတ်ထက်ပင် ကြောက်ရွံ့စိုးရိမ်ဖွယ် ဖြစ်နေကြသည်။ ထိုသို့ ဖြစ်ရခြင်းမှာ အမှန်စင်စစ် ၎င်းတို့သည် နားမလည်သူများ ဖြစ်ကြသောကြောင့်ပင် (ဖြစ်၏။)

لَا يُقَاتِلُونَكُمْ جَمِيعًا إِلَّا فِي قُرًى مُحَصَّنَةٍ أَوْ مِنْ وَرَاءِ
جُدُرٍ بَأْسُهُمْ بَيْنَهُمْ شَدِيدٌ تَحْسَبُهُمْ جَمِيعًا وَقُلُوبُهُمْ
شَتَّىٰ ذَٰلِكَ بِأَنَّهُمْ قَوْمٌ لَا يَعْقِلُونَ ﴿١٤﴾

၅၉ : ၁၄ ။ ။ ၎င်း [မုနာဖစ်က်၊ ယဟူဒီ အစရှိသည့် ကာဖိရ်] တို့သည် အသင်တို့အား တစ်စည်းတစ်လုံးတည်း တိုက်ခိုက်ကြမည် မဟုတ်ပေ။ သို့ရာတွင် လုံခြုံသော မြို့ရွာများတွင်သော်လည်းကောင်း၊ တံတိုင်းများ၏ အကွယ်မှသော်လည်း ကောင်း တိုက်ခိုက်ကြပေမည်။ ၎င်းတို့အချင်းချင်းတွင် ကြီးကျယ်သော ခိုက်ရန်ရှိနေ၏။ အသင်သည် ၎င်းတို့အား တစ်စည်း တစ်လုံးတည်းဟူ၍ ထင်မှတ်နေသော်လည်း အမှန်စင်စစ် ၎င်းတို့၏ စိတ်နှလုံးမှာမူ တစ်ကွဲတစ်ပြားစီ ဖြစ်နေကြပေသည်။ ထိုသို့ ဖြစ်ရခြင်းမှာ ၎င်းတို့သည် အသိဉာဏ်ကို အသုံးမပြုကြသောကြောင့်ပင် (ဖြစ်၏။)

كَمَثَلِ الَّذِينَ مِن قَبْلِهِمْ قَرِيبًا ۖ ذَاقُوا وَبَالَ أَمْرِهِمْ ۖ وَلَهُمْ عَذَابٌ أَلِيمٌ ﴿١٥﴾

၅၉ : ၁၅ ။ ။ (၎င်းတို့၏ ဥပမာသည်) ၎င်းတို့နှင့် အချိန်ကာလ အနည်းငယ်အလျင်၊ မိမိတို့၏ အပြုအမူများ၏ ပြစ်ဒဏ်ကို မြည်းစမ်းသွားခဲ့ကြရသော သူတို့၏ ဥပမာကဲ့သို့ပင် (ဖြစ်၏။) ၎င်းပြင် ထိုသူတို့၌ (တမလွန်ဘဝတွင်လည်း) နာကျင်ဖွယ်ရာဖြစ်သော ပြစ်ဒဏ်သည် ရှိပေဦးမည်။

كَمَثَلِ الشَّيْطَانِ إِذْ قَالَ لِلْإِنسَانِ اكْفُرْ فَلَمَّا كَفَرَ
قَالَ إِنِّي بَرِيءٌ مِّنكَ إِنِّي أَخَافُ اللَّهَ رَبَّ الْعَالَمِينَ ﴿١٦﴾

၅၉ : ၁၆ ။ ။ (ထို့ပြင် ၎င်းတို့၏ ဥပမာသည်) ရှိုက်သွာန်၏ ဥပမာကဲ့သို့ပင် (ဖြစ်၏။) အဘယ်ကြောင့်ဆိုသော် ထို ရှိုက်သွာန်သည် လူသားအား 'အသင်သည် သွေဖည်ငြင်းပယ်လော'ဟု ပြောဆို (စေခိုင်း) လေ့ရှိ၏။ ထိုသို့ စေခိုင်းသည့် အလျောက် ၎င်းလူသားသည် သွေဖည်ငြင်းပယ်သောအခါ၊ ယင်းရှိုက်သွာန်က 'စင်စစ် ငါသည် အသင်နှင့် မည်သို့မျှ မပတ်သက်တော့ပြီ။ စင်စစ် ငါသည် စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့သည်' ဟု ပြောဆို (နောက်ဆုတ်) လေသည်။

فَكَانَ عَاقِبَتَهُمَا أَنَّهُمَا فِي النَّارِ خَالِدَيْنِ فِيهَا ۚ وَذَٰلِكَ جَزَاءُ الظَّالِمِينَ ﴿١٧﴾

၅၉ : ၁၇ ။ ။ သို့ဖြစ်ပေရာ ၎င်းတို့နှစ်ဦးစလုံး၏ နောက်ဆုံးအကျိုးမှာ ၎င်းတို့နှစ်ဦးစလုံးသည် ငရဲမီးထဲသို့ ရောက်ရှိကြပေမည်။ ၎င်းတို့နှစ်ဦးစလုံးမှာ ယင်းငရဲမီးထဲ၌ အမြဲထာဝစဉ် နေထိုင်ကြရပေမည်။ ဤသည် မတရားပြုလုပ်သော သူတို့၏ အကျိုးပင် (ဖြစ်၏။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ နဗီတမန်တော်) အသင်သည် အယောင်ဆောင်ခဲ့ကြသော သူ (အဗ်ဒုလ္လာဟ်ဗင်န်အိုဗိုက် အစရှိသော မုနာဖစ်က်) တို့၏ အခြေအနေကို သုံးသပ်ဆင်ခြင် တွေ့မြင်ခဲ့လေပြီ မဟုတ်ပါလော။ ထိုသူတို့သည် မိမိတို့၏ (ဘာသာတူ) ညီအစ်အကိုများဖြစ်ကြသော ရေးကျမ်းဂန် ရရှိသူတို့အနက် သွေဖည်ငြင်းပယ် ကြသောသူ (ဗနူနသွီးရ်မျိုးနွယ်ဝင်) တို့အား (ဤသို့) ပြောဆိုလျက် ရှိခဲ့ကြကုန်၏။ (ဆိုလိုသည်မှာ ဗနူ နသွီးရ်မျိုးနွယ်ဝင်တို့အား ပြည်နှင်ဒဏ်ပေးပြီးနောက် ကျရောက်လာသော စူရာဟ်ဖြစ်ပေသည်။ ဤအတိုင်း 'ရူးဟ်'ကျမ်း၌ ဟဒီးစ်တော်နှင့် ရာဇဝင်သမိုင်းတို့မှ အထောက်အထားရယူကာ တင်ပြထားပေသည်။ 'အမှန်ပင် (ကျွန်ုပ်တို့သည် အခြေအနေတိုင်း၌ အသင်တို့နှင့် အတူတကွ ရှိကြပေမည်။ သို့ရှိရာ) အကယ်၍ သာ အသင်တို့သည် (မိမိတို့၏ မွေးရပ်ဌာနေမှ (ဝါ) မဒီနာမြို့တော်မှ အတင်းအဓမ္မ) နှင်ထုတ်ခြင်းခံခဲ့ ကြရလျှင် စင်စစ် ကျွန်ုပ်တို့သည်လည်း (မိမိတို့၏ မွေးရပ်ဌာနေမှ) အသင်တို့နှင့်အတူ ထွက်ခွာသွား

ကြမည်ဟု ကိုန်ဆိုပြောဆိုကြ၏။ စင်စစ် ကျွန်ုပ်တို့သည် အသင်တို့နှင့် ပတ်သက်၍ မည်သည့်အခါမျှပင် မည်သူတစ်ဦးတစ်ယောက် (၏ ပြောဆိုချက်) ကိုမျှ လိုက်နာကြမည် မဟုတ်ပေ။ (ဆိုလိုသည်မှာ ကျွန်ုပ်တို့ကို ရှေ့၌ တင်ပြလာမည်ဖြစ်သလို နှင်ထုတ်၊ တိုက်ခိုက်ခြင်းတို့နှင့် စပ်လျဉ်း၍ အဘယ်ကဲ့သို့ပင် ရှင်းပြ၊ နားချလာနေလင့်ကစား၊ အသင်တို့နှင့်အတူ လက်တွဲကာ ၎င်းတို့၏ ပြောစကားကို နာခံမည်မဟုတ်ပေ။ သို့ရာတွင် لَا نُطِيعُ ဟူသော ဝါကျသည် အရှေ့၊ အနောက် ဝါကျ နှစ်ရပ်စလုံးနှင့် ဆက်စပ်၍ နေပေသည်။) ထို့ပြင် အကယ်၍ အသင်တို့သည် တိုက်ခိုက်ခြင်းကို ခံခဲ့ကြရလျှင်လည်း၊ မုချစင်စစ် ကျွန်ုပ်တို့သည် အသင်တို့အား ကူညီကြမည်။ အမှန်စင်စစ် ၎င်းတို့မှာ အမှန်ပင် မုသာဝါဒီများဖြစ်ကြောင်း အလ္လာဟ် အသျှင်မြတ်သည် သက်သေခံတော်မူ၏။' (ဤသည်မှု ၎င်းတို့ မုသာဝါဒီဖြစ်ကြောင်းကို အကျဉ်းချုပ် အချက်အဖြစ် တင်ပြထားပေသည်။)

(ရှေ့၌ အကျယ်ချဲ့ မိန့်မြွက်ထားတော်မူသည်မှာ (စင်စစ်) အမှန်ပင် အကယ်၍ ထိုသူတို့သည် (မဒီနာမြို့တော်မှ) နှင်ထုတ်ခြင်းကို ခံခဲ့ကြရလျှင်လည်း ၎င်း (မုနာဖစ်က်) တို့သည် ထိုသူတို့နှင့်အတူ ထွက်ကြမည်မဟုတ်ပေ။ ထိုနည်းတူစွာ အမှန်ပင် အကယ်၍ ထိုသူတို့သည် တိုက်ခိုက်ခြင်းကို ခံခဲ့ကြရလျှင်လည်း ၎င်းတို့သည် ထိုသူတို့အား ကူညီကြမည် မဟုတ်ပေ။ သို့ရာတွင် အကယ်၍ ၎င်း (မုနာဖစ်က်) တို့သည် ပမာဆိုရသော် ထိုသူတို့အား ကူညီခဲ့ကြသော်ငြားလည်း (စစ်ပွဲ၌ အတူတကွ ပါဝင်ခဲ့သော်လည်း ဧကန်မုချ ၎င်းတို့သည် ကျောခိုင်း၍ ထွက်ပြေးကြမည်သာ (ဖြစ်၏။) ထို့နောက် (တစ်ဖန် ၎င်းတို့ ထွက်ပြေးသွားပြီးနောက်) ထို (ကျမ်းရ) သူတို့သည် အကူအညီ ရရှိကြမည် မဟုတ်တော့ပြီ။ (ဆိုလိုသည်မှာ ကူညီသောသူတို့သည် ထွက်ပြေးသွားကြရာ အခြားကူညီမည့်သူများလည်း ရှိကြတော့မည်မဟုတ်ပေ။ သို့ဆိုလျှင် မုချ အရေးနိမ့်ကျသွားပေလိမ့်မည်။)

(အချုပ်ဆိုရသော် မုနာဖစ်က်တို့၏ ရည်ရွယ်ချက်မှာ 'မိမိတို့၏ ညီနောင်များအပေါ် မည်သည့် ဘေးဒုက္ခတစ်စုံတစ်ရာမျှ မကျရောက်ရန်' ဟူသော အချက်၌ နည်းအမျိုးမျိုးဖြင့်လည်း မအောင်မြင်ဘဲ ရှိနေပေရာ ဤကဲ့သို့ပင် ဖြစ်သွားပေသည်။ နောက်ဆုံး၌ ဗနူနသွီးရ်မျိုးနွယ်ဝင်များ နှင်ထုတ်ခြင်း ခံကြရလေသောအခါ မုနာဖစ်က်တို့သည် ၎င်းတို့နှင့်အတူ မထွက်ခွာသွားကြပေ။ ကနဦးပိုင်း သတ်ဖြတ်ခြင်း ခံရကိန်း ဆိုက်ရောက်နေပြီး ဝိုင်းရံခြင်း ခံထားရသော အချိန်၌လည်း ၎င်းတို့သည် မကူညီခဲ့ကြပေ။ ဖြစ်စဉ်ပေါ်ပေါက်ပြီးနောက် (၅၉း၁၂) ကဲ့သို့ မိန့်မြွက်ခြင်းသည် နောင်လာမည့်ကာလ၌ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်းကို ညွှန်ပြလျက် ရှိနေပေသည်။ သို့တည်းမဟုတ်ပါက အတိတ်ခေတ် ဖြစ်စဉ်ကိုပင် အာရုံပြု နှလုံးသွင်းမှုအပေါ် မူတည်၍ နေပေသည်။ သို့မှသာ ၎င်းတို့၏ ကတိဖျက်မှုနှင့် စွန့်ပစ်ထားခြင်း ခံရခြင်းသည် ကောင်းစွာ ကွက်ကွက်ကွင်းကွင်း ရှေ့မှောက်သို့ ရောက်ရှိလာပေမည်။ သို့မဟုတ် နောင်အခါ၌ အတူတကွ ပေါင်းစည်းသွားနိုင်ခြင်းဟူသော သို့လောသို့လော ဖြစ်နိုင်ချေအချက်ကိုလည်း ငြင်းပယ်ထားပေသည်။ ရှေ့၌ အတူတကွ မတည်ရှိခြင်း၏ အကြောင်းခံကို မိန့်တော်မူထားပေသည်။)

အမှန်ပင် အသင် (မွတ်စ္စလင်မ်) တို့အား (ယဟူဒီ၊ မုနာဖစ်က်) တို့၏ စိတ်တွင်းဝယ် အလ္လာဟ်အသျှင်မြတ်ထက်ပင် ကြောက်ရွံ့စိုးရိမ်ဖွယ် ဖြစ်နေကြပေသည်။ (အီမာန်ရယူထားခြင်းကို ကြွေးကြော်ထားမှုကြောင့် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ခြင်းကို ပြောဆိုနေခြင်းသည် အမှန်တကယ် ဖြစ်စဉ်နှင့် ဆန့်ကျင်လျက် ရှိနေပေသည်။ သို့တည်းမဟုတ်ပါက 'ကုဖွ်ရ်' (သွေဖည်ငြင်းဆိုမှု) ကို အဘယ်ကြောင့် မစွန့်လွှတ်ကြပေသနည်း။ အမှန်တကယ်ပင် အသင်တို့သည် ကြောက်ရွံ့၍ နေကြပေသည်။ ထိုကြောက်ရွံ့မှုကြောင့် ဤသူတို့သည် ဗနူနသွီးရ်မျိုးနွယ်အုပ်စုတို့နှင့်အတူ မရှိကြပေ။ ထို့အပြင်) ဤသို့ ၄င်းတို့သည် အသင်တို့အား ကြောက်ရွံ့၍ အလ္လာဟ်အသျှင်မြတ်အား မကြောက်ရွံ့ခြင်းသည်) အမှန်စင်စစ် ၄င်းတို့သည် 'ကုဖွ်ရ်' (သွေဖည်ငြင်းဆိုမှု) ကြောင့် အလ္လာဟ်အသျှင်မြတ်၏ ကြီးကျယ်ခြင်းကို) နားမလည်သူများ ဖြစ်ကြသောကြောင့်ပင် (ဖြစ်၏။)

(ဗနူနသွီးရ်ဖြစ်စေ၊ ဗနူနသွီးရ်မဟုတ်သောသူများ ဖြစ်စေ ယဟူဒီများအားလုံး ခြုံငုံ၍စွာ ပါဝင်ကြကာ မုနာဖစ်က်တို့သည် တစ်ကွဲတစ်ပြားစီဖြစ်နေကြ၍ အသင်တို့အား ယှဉ်ပြိုင်ရန် အဘယ်မှာလျှင် သတ္တိရှိနိုင်အံ့နည်း။) ၄င်း (မုနာဖစ်က်၊ ယဟူဒီ အစရှိသည့် ကာဖိရ်) တို့သည် အသင်တို့အား တစ်စည်းတစ်လုံးတည်း တိုက်ခိုက်ကြမည်မဟုတ်ပေ။ သို့ရာတွင် လုံခြုံသော မြို့ရွာများတွင်သော်လည်းကောင်း၊ တံတိုင်းများ (မြို့ရွာများ၏ ခံတပ်များ) ၏ အကွယ်၌သော်လည်းကောင်း ကာကွယ်၍ နေကြ၏။ (ကာကွယ်ကြခြင်း၏ အလိုသဘောသည် ကျယ်ဝန်းလှပေသည်။ မြို့ရိုးခံတပ်ဖြင့် ဖြစ်စေ၊ တံတိုင်းအစရှိသော အရာများဖြင့်ဖြစ်စေ ပါဝင်ပေသည်။ ထိုတင်ပြချက်ကြောင့် မုနာဖစ်က်တို့သည် မွတ်စ္စလင်မ်တို့အား တံတိုင်းခံတပ်တစ်ခုနှင့် နေရာတစ်ခုကို အကာအကွယ်ရယူကာ တိုက်ခိုက်ခဲ့သည်ဟူသော အချက်သည် တစ်ခါတစ်ရံ ရှိတတ်သည်ဟူသော အချက်မှာ မုချ မသက်ရောက်ပေ။ အဘယ်ကြောင့်ဆိုသော် တင်ပြချက်၏ အဓိက ရည်ရွယ်ချက်မှာ အကယ်၍ တစ်ခါတစ်ရံ ယဟူဒီများနှင့် မုနာဖစ်က်တို့သည် သီးခြားစွာ (သို့မဟုတ်) ပူးပေါင်းစွာ အသင်တို့အား လာရောက်တိုက်ခိုက်မည်ဆိုလျှင်လည်း ၄င်းတို့၏ တိုက်ခိုက်ခြင်းသည် မြို့ရွာများ၏ ခံတပ်၊ တံတိုင်းတို့၏ အကာအကွယ်၏ နောက်မှသာ ဖြစ်ပေါ်ပေလိမ့်မည်။ ထိုသို့ မိန့်မြွက်ရာ၌ '၄င်းတို့အား စိုးရိမ်မှု မရှိစေရန် မွတ်စ္စလင်မ်တို့အား ဖွဲ့သတ္တိ တင်ပေးခြင်း ဖြစ်ပေသည်။ ဆိုလိုသည်မှာ ထိုရန်သူများနှင့် ပတ်သက်၍ စိုးစဉ်းမျှ မစိုးရိမ်လေနှင့်။ ၄င်းတို့၏ အချို့သော မျိုးနွယ်အုပ်စုများဖြစ်သော 'အောက်စ်'နှင့် 'ခဇ်ရဂ်'တို့၏ စစ်ပွဲဖြစ်စဉ်များကို တွေ့မြင်ကာ 'ဤကဲ့သို့ မွတ်စ္စလင်မ်တို့ဖြင့် နှိုင်းယှဉ်၊ ယှဉ်ပြိုင်ရာ၌ မည်သည့်အချိန်တစ်ချိန်ချိန်၌မှာမဆို လာရောက်နိုင်ပေသည်' ဟူသော စိုးရိမ်ဖွယ်အချက် မထားရှိရန် ဖြစ်ပေသည်။ ဆိုလိုရင်းသဘောမှာ ၄င်းတို့အချင်းချင်းတွင် ကြီးကျယ်သော ခိုက်ရန် (သည်သာလျှင်) ဖြစ်လျက် ရှိ၏။ (သို့ရာတွင် မွတ်စ္စလင်မ်တို့နှင့် ယှဉ်လျှင် မည်သို့မျှ မကြီးကျယ်လှပေ။

ပမာဆိုရသော် အစ္စလာမ်ထုတစ်ရပ်လုံးနှင့် ယှဉ်ရန် ၄င်းတို့အုပ်စု တစ်စုသာ အင်အားချည့်နဲ့သည်ဟူ၍ မယူဆကြရပေ။ သို့သော် အားအင်ချည့်နဲ့သူများစွာ စုပေါင်း၍ အားအင်များ ဖြစ်ရှိလာ၏။ ဤနည်း

ဖြင့် ထိုရန်သူများ စုပေါင်း၍ မွတ်စ္စလင်မ်တို့အား ယှဉ်ပြိုင်တိုက်ခိုက်နိုင်မည်ဟူသော အချက်သည် ဖြစ်နိုင်သော အချက်မဟုတ်ပေ။

အသင်သည် ၎င်းတို့အား (အပေါ်ယံ၌) တစ်စည်းတစ်လုံးတည်းဟူ၍ ထင်မှတ်နေသော်လည်း အမှန်စင်စစ် ၎င်းတို့၏ စိတ်နှလုံးမှာမူ တစ်ကွဲတစ်ပြားစီ ဖြစ်နေကြပေသည်။ (ဆိုလိုသည်မှာ မှန်ကန်သောသူတို့ဖြင့် ဤသူများအားလုံး ရန်ငြိုးထားခြင်းမှာ အကြောင်းခံတစ်ခုကြောင့် ဖြစ်ပေသည်။ သို့ရာတွင် ၎င်းတို့အချင်းချင်းကြား၌လည်း ယုံကြည်ချက်များ ကွဲပြားမှုကြောင့် ကစဉ့်ကလျား ကွဲပြားခြင်းနှင့် ရန်ငြိုးမှုများ ရှိကြပေသည်။ ပမာဆိုရသော် စူရာဟ်မာအေဒါ၏ (الآية) وَأَلْقَيْنَا بَيْنَهُمُ الْعَدَاوَةَ (၅း၆၄) ဟူသော အာယသ်တော်အတွင်း၌ တင်ပြပြီး ဖြစ်ပေသည်။

၎င်းတို့အချင်းချင်းကြား ပူးပေါင်းနိုင်ခြင်းကို ငြင်းချက်ထုတ်ထားခြင်းကိုလည်း သာပိုလေးနက်စွာနှင့် အဓိကရည်ရွယ်ချက်ကို အားဖြည့်ပေးရန်အတွက် ဖြစ်ပေသည်။ သို့တည်းမဟုတ်ပါက အလ္လာဟ်အရှင်မြတ်၏ အလိုသဘောသည် ၎င်းတို့ အရေးနိမ့်ခြင်းနှင့်အတူ ဆုံးဖြတ်တော်မူပြီး ဖြစ်ပေသည်။ သို့ရှိရာ အကယ်၍ စည်းလုံးမည်ဆိုပါကလည်း အဘယ်ကဲ့သို့ အောင်မြင်ကြပေမည်နည်း။ ရှေ့၌ ထိုသို့ မစည်းလုံးရခြင်းအကြောင်းကို တင်ပြထားသည် မှာ) ထိုသို့ (နှလုံးသားများ စည်းလုံးညီညွတ်မှု မရှိခြင်းမှာ) ၎င်းတို့သည် အသိဉာဏ်ကို အသုံးမပြုကြသောကြောင့်ပင် (ဖြစ်၏။ ထို့ကြောင့် တစ်ဦးချင်းစီသည် မိမိတို့၏ တွေးခေါ်မှု၏ နောက်လိုက်များ ဖြစ်နေပေသည်။ အရှုအမြင် သုံးသပ်ချက်များနှင့် သဘောဆန္ဒများ အကွဲကွဲအပြားပြား ဖြစ်သွားသောအခါဝယ် ၎င်းတို့အဖို့ စိတ်နှလုံးသားများ ကစဉ့်ကလျား ကွဲပြားခြားနားမှုဖြစ်နေမှုသည် မုချ ဖြစ်တန်ကောင်းရာသော အချက်ပင် ဖြစ်ပေသည်။ သာသနာမဲ့သော သူများအပေါ်၌ များစွာသော အချိန်အခါများတွင် စည်းလုံးညီညွတ်စွာ ရှိနေကြောင်း' ဟူသော အချက်အပေါ်၌လည်း သံသယမဖြစ်လေနှင့်။ ယင်းစာဒက၏ အဖြေမှာ ဤသို့တည်း။ ဤနေရာ၌ မူသေပုံဆောင်သော နည်းကို တင်ပြရန်မဟုတ်ပေ။ သို့ပင်မက ၎င်းတို့ကြား မသင့်မမြတ်ဖြစ်ခြင်းသည် ၎င်းတို့အဖို့ အထက်တင်ပြပါ အချက်သည်သာလျှင် တည်ရှိနေခြင်းဟူသော အကြောင်းခံအချက်ကို အဓိက ဖော်ပြလိုခြင်း ဖြစ်ပေသည်။ သို့ရှိရာ ရှင်းလင်းလှပေသည်။ ရှေ့၌ အထူးသဖြင့် 'ဗနူနသွီးရ်မျိုးနွယ်အုပ်စုနှင့် အကူအညီပေးမည်ဟု ကတိပြုကာ ဖြားယောင်းသွေးဆောင်ခဲ့ကြသော မုနာဖစ်က်များ၊ ၎င်းတို့သည် အကူအညီပြုမည်ဟု ကတိပေးပြီး ဒုက္ခပေးကြသည်။ အကူအညီကို အတိအကျရယူရန် လိုအပ်နေသော အချိန်၌ ဖြားယောင်းသွေးဆောင်မှုကို ပြုခဲ့ကြသော သူတို့၏ အခြေ အနေကို တင်ပြထားခြင်း ဖြစ်ပေသည်။ ၎င်းတို့အဖွဲ့နှစ်ရပ်ပေါင်း၏ ဥပမာနှစ်ရပ်ဖြစ်သည်။ ဥပမာတစ်ရပ်သည် သီးသန့် ဗနူနသွီးရ်မျိုးနွယ်အုပ်စုတို့အတွက် ဖြစ်ပြီး ကျန်ရှိသော ဥပမာတစ်ရပ်မှာ မုနာဖစ်က်တို့အတွက် ဖြစ်ပေသည်။)

(၎င်းဗနူနသွီးရ်မျိုးနွယ်စုတို့၏ ဥပမာသည်) ၎င်းတို့နှင့် အချိန်ကာလ အနည်းငယ်အလျင် မိမိတို့၏ အပြုအမူများ၏ ပြစ်ဒဏ်ကို (ကမ္ဘာလောက၌မှာပင်) မြည်းစမ်းသွားခဲ့ကြရသော သူတို့၏ ဥပမာကဲ့သို့ပင်

(ဖြစ်၏။) ၎င်းပြင် ထိုသူတို့၌ (တမလွန်ဘဝတွင်လည်း) နာကျင်ဖွယ်ရာ ရှိပေဦးမည်။ (ထိုမိန့်မြွက်ချက်၏ အလိုသဘောမှာ ဗနူကိုက်ကားအ်မျိုးနွယ်အုပ်စုများ ဖြစ်ပေသည်။ အကြင်သူတို့၏ ဖြစ်စဉ်မှာ ဤသို့တည်း။ 'ဗဒရ်'၏ ဖြစ်စဉ်ဖြစ်ပြီးနောက် ၎င်းတို့သည် ဟီဂျ်ရီ (၂) ခုနှစ်၌ တမန်တော်မြတ် ﷺ နှင့် ပဋိညာဉ်ကို ချိုးဖောက်ကာ စစ်တိုက်ခိုက်ကြပေသည်။ တစ်ဖန် အရေးနိမ့်သွားကြပေသည်။ တမန်တော်မြတ် ﷺ ၏ ဆုံးဖြတ်ချက်အရ ခံဝပ်အပြင်သို့ ထွက်လာကြကာ အားလုံးကို လက်ထိတ်ခတ်ကာ ချည်နှောင်လိုက်ပေသည်။ အဗ်ဒုလ္လာဟ်ဗင်န်အိုဗိုက်၏ အတင်းအဓမ္မ အသနားခံမှုကြောင့် မဒီနာ (ရွှေမြို့တော်မှ ရွှေပြောင်းရန် စည်းကမ်းချက်ကို လက်ခံသည့်အတွက်ကြောင့် အသက်ဘေးအန္တရာယ်မှ လွတ်ကင်းချမ်းသာမှုကို ရရှိခဲ့ကြပေသည်။ သို့ရှိရာ ၎င်းတို့သည် ဆီးရီးယားနိုင်ငံ၏ 'အဇ်ရအားသ်' အရပ်ဒေသသို့ ထွက်ခွာသွားကြပေသည်။ ၎င်းတို့၏ ပစ္စည်းဥစ္စာများကို သုံ့ပန်းပစ္စည်းအဖြစ် ခွဲဝေရယူလိုက်ကြပေသည်။

[ဇာဒုလ်မအားဒ်ကျမ်း]

(ထို့ပြင် ၎င်း (မုနာဖစ်က်) တို့၏ ဥပမာသည်) ရှိုက်သွာန်၏ ဥပမာကဲ့သို့ပင် (ဖြစ်၏။) အဘယ်ကြောင့်ဆိုသော် (ကနဦး၌မူ) ထိုရှိုက်သွာန်သည် လူသားအား 'အသင်သည် သွေဖည်ငြင်းပယ်လော'ဟု ပြောဆို (စေခိုင်း) လေ့ရှိ၏။ ထိုသို့ စေခိုင်းသည့်အလျောက် ၎င်းလူသားသည် သွေဖည်ငြင်းပယ်သောအခါ၊ (ထိုကုဖွ်ရ်သွေဖည်ငြင်းဆိုမှု၏ ပြစ်ဒဏ်ကြောင့် ကမ္ဘာလောက၌သော်လည်းကောင်း၊ (သို့မဟုတ်) နောင်တမလွန် 'အာခိရသ်'၌သော်လည်းကောင်း ပြစ်ဒဏ်ကို ခံစားရသောအခါ ထိုအချိန်၌ ၎င်းရှိုက်သွာန်သည် ရှင်းလင်းစွာ ဖြေကြားသည်မှာ) 'ကျေနပ်စင်စစ် ငါသည် စကြဝဠာခပ်သိမ်းတို့ကို မွေးမြူဖန်ဆင်းတော်မူသော အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့သည်' ဟု ပြောဆို (နောက်ဆုတ်) လေသည်။

(ကမ္ဘာလောက၌ ဤသို့ ကင်းလွတ်မှုကို ရယူခြင်း၏ ဖြစ်စဉ်သည် စူရာဟ်အန်ဖားလ်၏

وَاِذْ زَيَّنَ لَهُمُ الشَّيْطَانُ اَعْمَالَهُمْ (الاية)

ဟူသော အာယသ်တော်၏ အောက်၌ တင်ပြပြီးဖြစ်ပေသည်။ နောင်တမလွန်ဘဝ၌ ဤသို့ သူစိမ်းဆန်စွာ လမ်းလွဲအောင် ပြုသော သူတို့၏ လမ်းလွဲသွားကြသူများအား အာယသ်တော်များစွာတွင် တင်ပြထားပေသည်။)

သို့ဖြစ်ပေရာ ၎င်းတို့နှစ်ဦးစလုံး၏ နောက်ဆုံးအကျိုးမှာ ၎င်းတို့နှစ်ဦးစလုံး ငရဲမီးထဲသို့ ရောက်ရှိကြပေမည်။ (တစ်ကြောင်းမှာ လမ်းလွဲခြင်းကြောင့်ဖြစ်ပြီး ဒုတိယတစ်ကြောင်းမှာ လမ်းလွဲအောင် ပြုလုပ်ခြင်းတို့ကြောင့် ဖြစ်ပေသည်။) ၎င်းတို့နှစ်ဦးစလုံးမှာ ယင်းငရဲမီးထဲ၌ အမြဲထာဝစဉ် နေထိုင်ကြရပေမည်။ ဤသည် မတရားပြုလုပ်သော သူတို့၏ အကျိုးပင် (ဖြစ်၏။ ထိုရှိုက်သွာန်သည် လူသားတို့အား ကနဦး၌ ဖြားယောင်းသွေးဆောင်ကာ လိုအပ်ချိန်၌ အတူတကွ မရှိကာ နှစ်ဦးစလုံး ဆုံးရှုံးကြသလို ထိုမုနာဖစ်က်တို့သည် ကနဦးပိုင်း၌ 'အသင်တို့ မထွက်ကြလေနှင့်'ဟူသော မကောင်းသော အကြံကို ပေးကာ

တကယ့်အချိန်၌ ၎င်းတို့အား လိမ်လည်လှည့်ဖြားခဲ့ကြသည့်အတွက် နှစ်ဦးစလုံး ဘေးဒုက္ခအတွင်း၌ နစ်မွန်းသွားကြပေသည်။ ဗနူနသွီးရ်တို့သည် ပြည်နှင်ဒဏ်ပေးခြင်း ခံရခြင်း၏ ဘေးဒုက္ခအတွင်းသို့ ကျရောက်သွား၍ မုနာဖစ်က်တို့သည် မအောင်မြင်ခြင်း၏ သေးသိမ်မှုအတွင်း၌ နစ်မွန်းသွားကြပေသည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္ဗသတ်များ

كَمَثَلِ الَّذِيْنَ مِنْ قَبْلِهِمْ قَرِيْبًا

(၎င်းတို့၏ ဥပမာသည် ၎င်းတို့နှင့် အချိန်ကာလအနည်းငယ်အလျှင်။) *[၅၉ : ၁၅]*

ဤသည် ဗနူနသွီရ်တို့၏ ဖြစ်ရပ်ကို ဥပမာအဖြစ် တင်ပြထားခြင်း ဖြစ်သည်။ ၎င်းနောက်အထက်ပါ အာယသ်တော်၏ ဖွင့်ဆိုချက်ကို အကျယ်ဖွင့်ဆိုရင်း မုဟာဂျာဟီဒ်သခင်ကြီးသည် 'ဗဒရ်'မြို့သားကာဖိရ်များကို ဆိုလိုခြင်းဖြစ်သည်ဟူ၍ မိန့်တော်မူထားပေသည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးသည် ယဟူဒီတို့၏ မျိုးနွယ်အုပ်စုတစ်အုပ်စုဖြစ်သော ဗနူကိုက်ကားအ်မျိုးနွယ်အုပ်စုဖြစ်ကြောင်းကို မိန့်တော်မူထားပေသည်။ နှစ်ဖွဲ့စလုံး၏ အဆုံးမလှခြင်း၊ သတ်ဖြတ်ခံရခြင်း၊ အရေးနိမ့်ခြင်းနှင့် ဂုဏ်သရေကျဆင်းခြင်းတို့သည် ထိုအချိန်၌ ရှင်းလင်းစွာ ဖြစ်ပေါ်ခဲ့ပြီး ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဗနူနသွီးရ်မျိုးနွယ်အုပ်စုတို့ ပြည်နှင်ဒဏ်ခံရခြင်းသည် 'ဗဒရ်'စစ်ပွဲနှင့် 'အူဟူဒ်'စစ်ပွဲဖြစ်ပြီးသည့် နောက်မှသာ ဖြစ်ပေါ်ခဲ့ပေသည်။ ဗနူကိုက်ကာအ်မျိုးနွယ်အုပ်စုတို့၏ ဖြစ်စဉ်သည်လည်း 'ဗဒရ်'၏ နောက်၌ ဖြစ်ပေါ်ခဲ့ပေသည်။ 'ဗဒရ်'စစ်ပွဲ၌ အာရဗ်မုရှ်ရစ်က်ပေါင်း (၇၀) သည် သတ်ဖြတ်ခြင်း ခံလိုက်ရပေသည်။ ကျန်ရှိသော သူတို့သည် သေးသိမ်စွာနှင့်အတူ နောက်ကြောင်းပြန် ခေါက်လာပေသည်။ အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီး၏ အဆိုကို အလိုသဘော ကောက်ယူမည်ဆိုပါက အာယသ်တော်၏ အလိုသဘောမှာ ရှင်းလင်းသွားပေသည်။ ၎င်းတို့နှင့် စပ်လျဉ်း၍ အာယသ်တော်၌

فَذَاقُوْا وَبَالَ اَمْرِهِمْ

(မိမိတို့၏ အပြုအမူများ၏ ပြစ်ဒဏ်ကို မြည်းစမ်းသွားခဲ့ကြရသောသူတို့) ဟူ၍ မိန့်တော်မူထားပေသည်။ ဤသည့်မြင်ကွင်းကို နောင်တမလွန် 'အာခေရသ်'၏အလျှင် ကမ္ဘာလောက၌မှာပင် မျက်ဝါးထင်ထင် ကွက်ကွက်ကွင်းကွင်း မြင်ခဲ့ရပေသည်။ ဤကဲ့သို့ပင် အကယ်၍

اَلَّذِيْنَ مِنْ قَبْلِهِمْ

(၎င်းတို့နှင့် အချိန်ကာလအနည်းငယ်အလျှင်) ၏ အလိုသဘောကို ယဟူဒီတို့၏ မျိုးနွယ်အုပ်စုတစ်စုဖြစ်သော ဗနူကိုက်ကာအ်တို့ဖြစ်ကြောင်း အလိုသဘောကို ကောက်ယူမည်ဆိုပါက ၎င်းတို့၏ ဖြစ်စဉ်သည်လည်း ဤကဲ့သို့ပင် သံဝေဂတရား ရယူထိုက်ဖွယ် ကောင်းပေသည်။

ဗနူကိုက်ကားအ်မျိုးနွယ်အုပ်စုအား ပြည်နှင်ဒဏ်ပေးခြင်း

ဖြစ်စဉ်မှာ ဤသို့တည်း။ တမန်တော်မြတ် ﷺ သည် ဟီဂျ်ရယ်ပြု ပြောင်းရွှေ့တော်မူကာ မဒီနာရွှေမြို့တော်သို့ ရောက်ရှိလာသောအခါ ထိုမြို့၏ အနီးပတ်ဝန်းကျင်၌ ရှိသော ယဟူဒီမျိုးနွယ် အားလုံးတို့ဖြင့် ငြိမ်းချမ်းရေး ပဋိညာဉ် စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့၏။ စာချုပ်ပါ စည်းကမ်းချက်များအတွင်း စည်းကမ်းချက်တစ်ရပ်မှာ 'ငှင်းတို့ယဟူဒီ မျိုးနွယ်အုပ်စုများအတွင်းမှ မည်သည့်မျိုးနွယ် အုပ်စုတစ်စုမဆို တမန်တော်မြတ် ﷺ နှင့် မွတ်စ္စလင်မ်တို့အား ဆန့်ကျင်ဘက်ပြုသော သူတို့အား မကူညီရန်' ဟူသော အချက်တစ်ချက်လည်း ပါဝင်ပေသည်။ ထိုပဋိညာဉ်ကို ချုပ်ဆိုသောသူတို့တွင် ဗနူကိုက်ကားအ် မျိုးနွယ်အုပ်စုတို့လည်း ပါဝင်ပေသည်။ သို့ရာတွင် ထိုမျိုးနွယ်အုပ်စုသည် လအချို့ ကြာမြင့်ပြီးသည့်နောက်၌ သစ္စာဖောက်မှုနှင့် ပဋိညာဉ်ပါ စည်းကမ်းချက်ကို ချိုးဖောက်လိုက်ကြပေသည်။ 'ဗဒရ်' စစ်ပွဲဖြစ်ပွားချိန် မုရှ်ရစ်က်တို့နှင့်အတူ လျှို့ဝှက်သောင်းကျန်းမှုများကို ပြု၍ အကူအညီများပေးမှု၏ ဖြစ်စဉ်များအချို့ကို မြင်တွေ့ရပေ၏။ ထိုအချိန်၌ ဤအောက်ဖော်ပြပါ အာယသ်တော် ကျရောက်လာပေသည်။

وَاِمَّا تَخَا فَنَّ مِنْ قَوْمٍ خِيَا نَةً فَانْبِذْ اِلَيْهِمْ عَلٰى سَوَآءٍ

ထို့ပြင် အကယ်၍ အသင်သည် လူမျိုးတစ်မျိုးထံမှ သစ္စာဖောက်ဖျက်မည်ကို စိုးရိမ်ရပါလျှင် အသင်သည် ငှင်းတို့နှင့် ချုပ်ဆိုထားသော ပဋိညာဉ်စာချုပ်ကို ငှင်းတို့ထံ ပြန်လည်၍ အပ်လိုက်ပါလေ။ စာချုပ်ရုပ်သိမ်းပြီးဖြစ်ကြောင်း သိရှိရာတွင် အသင်သည် ငှင်းတို့နှင့် တန်းတူ ဖြစ်ရှိသွားပေမည်။)

[၈ : ၅၈]

ဆိုလိုသည်မှာ အကယ်၍ (ပဋိညာဉ်နှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုပြီးနောက်) မည်သည့်မျိုးနွယ်အုပ်စုတစ်စုပင် ချိုးဖောက်မည်ကို စိုးရိမ်ရသောအခါ၊ အသင်သည် ထိုစာချုပ်အား ဖျက်သိမ်းနိုင်ပေသည်။ ဗနူကိုက်ကာအ်မျိုးနွယ်စုတို့သည် ထိုပဋိညာဉ်စာချုပ်ကို မိမိတို့၏ သစ္စာဖောက်မှုကြောင့် ကိုယ်တိုင်ချိုးဖောက်ပြီး ဖြစ်ပေသည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ သည် ငှင်းတို့နှင့် ဆန့်ကျင်စွာ စစ်ဆင်နွှဲရန် ကြေညာချက်ကို ထုတ်ပြန်လိုက်ပေသည်။ စစ်အလံကို ဟဇရသ်ဟမ်ဇားသခင်ကြီးအား အပ်နှင်းလိုက်ပေသည်။ မဒီနာရွှေမြို့တော်၌ ဟဇရသ်အဗူလိုဗာဒါးကို မိမိ၏ ကိုယ်စားလှယ်တော်အဖြစ် ခန့်အပ်ကာ တမန်တော်မြတ် ﷺ ကိုယ်တော်တိုင် ကြွမြန်းသွားတော်မူပေသည်။ ဤသူတို့သည် မွတ်စ္စလင်မ်တို့၏ စစ်တပ်ကို တွေ့မြင်ကာ မိမိတို့၏ မြို့ရိုးခံတပ်အား ပိတ်ထားလိုက်ပေသည်။ တမန်တော်မြတ် ﷺ သည် ခံတပ်တံတိုင်းအား ဝိုင်းရံထားလိုက်ပေသည်။ (၁၅) ရက်ထိတိုင် ဤသူတို့သည် ပိတ်မိနေကာ သည်းခံလျက်နေခဲ့ကြ၏။ နောက်ဆုံး အလ္လာဟ်အသျှင်မြတ်သည် ငှင်းတို့၏ နှလုံးသားများအတွင်းဝယ် ကြောက်ရွံ့မှုတရားကို ထည့်သွင်းပေးလိုက်ပေသည်။ ထို့ပြင် ဤသူတို့သည် 'ယှဉ်ပြိုင်ခြင်းဖြင့်လည်း အောင်နိုင်မည်မဟုတ်ကြောင်း' ဟူသော အချက်ကို သဘောပေါက်သွားပေသည်။ ထို့နောက် ခံတပ်တံခါးကို ဖွင့်ကာ 'ကျွန်ုပ်

တို့သည် တမန်တော်မြတ် ﷺ အနေဖြင့် မိမိတို့နှင့် စပ်လျဉ်း၍ ချမှတ်ပေးမည့် ဆုံးဖြတ်ချက်ကို လိုက်နာပါမည်' ဟူ၍ ပြောဆိုလာကြပေသည်။

တမန်တော်မြတ် ﷺ ၏ ဆုံးဖြတ်ချက်မှာ ၄င်းတို့၏ အမျိုးသားများအား သတ်ခိုင်းလိုက်တော့မည် ဖြစ်သည်။ အဗ်ဒုလ္လာဟ်ဗင်န် အိုဗိုက်မုနာဖစ်က်သည် '၄င်းတို့နှင့် စပ်လျဉ်း၍ အသက်ဘေးမှ ချမ်းသာခွင့် ရရှိရန်' အကြိမ်ကြိမ်အခါခါ လျှောက်ထားအသနားခံသည့်အတွက်ကြောင့် နောက်ဆုံး တမန်တော်မြတ် ﷺ သည် 'ဤသူတို့သည် မြို့မှ ထွက်ကာ ပြည်နှင်ဒဏ်ခံရမည်ဖြစ်ကြောင်းနှင့် ၄င်းတို့၏ ပစ္စည်းဥစ္စာများကို မွတ်စ္စလင်မ်တို့၏ ကြားဝယ် သုံ့ပန်းပစ္စည်းအဖြစ် ခွဲဝေရယူမည်ဖြစ်ကြောင်း' ဆုံးဖြတ်ချက်ချလိုက်ပေသည်။ ယင်းသို့ ချမှတ်ပေးလိုက်သော ဆုံးဖြတ်ချက်နှင့်အညီ ဤသူတို့သည် မဒီနာရွှေမြို့တော်ကို စွန့်လွှတ်ကာ ဆီးရီးယားနိုင်ငံ၏ အရပ်ဒေသတစ်ခုဖြစ်သော 'အဇ်ရအားသ်'သို့ ပြောင်းရွှေ့သွားကြပေသည်။ ၄င်းတို့၏ ပစ္စည်းဥစ္စာများကို တမန်တော်မြတ် ﷺ သည် သုံ့ပန်းပစ္စည်း၏ တရားဥပဒေနှင့်အညီ (၅) ပုံ (၁) ပုံကို အစ္စလာမ့်ဘဏ္ဍာတိုက်တွင် ထားရှိ၍ ကျန်ရှိသော (၅) ပုံ (၄) ပုံကို စစ်သည်တော်များကြားဝယ် ခွဲဝေပေးလိုက်သည်'ဟူသော ပုံစံမျိုးဖြင့် ခွဲဝေပေးလိုက်ပေသည်။

'ဗဒရ်'စစ်ပွဲပြီးနောက် 'အစ္စလာမ့်ဘဏ္ဍာတိုက်တွင်းသို့ (၅) ပုံ (၁) ပုံ ရောက်ရှိလာခြင်း'သည် ပထမအကြိမ် ဖြစ်ပေသည်။ ဤဖြစ်စဉ်သည် ဟီဂျ်ရီ (၂) ခု ရှောင်ဝလ်လ (၁၅) ရက် စနေနေ့ တမန်တော်မြတ် ﷺ ဟီဂျ်ရသ်ပြု ပြောင်းရွှေ့ပြီး လပေါင်း (၂၀) ၏ နောက် ဖြစ်ပေါ်လာသော ဖြစ်ရပ် ဖြစ်ပေသည်။

كَمَثَلِ الشَّيْطَانِ اِذْ قَالَ لِلْاِنْسَانِ اكْفُرْ

(ထို့ပြင် ၄င်းတို့၏ ဥပမာသည် ရှိုက်သွာန်၏ ဥပမာကဲ့သို့ပင် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ထိုရှိုက်သွာန်သည် လူသားအား အသင်သည် သွေဖည်ငြင်းပယ်လောဟု ပြောဆိုစေခိုင်းလေ့ ရှိ၏။)

[၅၉ : ၁၆]

ဤဒုတိယဥပမာသည် ယင်းကဲ့သို့သော မုနာဖစ်က်တို့အဖို့ ဖြစ်ပေသည်။ အကြင်သူတို့သည် ဗနူနသ္သီး၏ မျိုးနွယ်အုပ်စုကို ပြည်နှင်ဒဏ်ပေးခြင်းခံရခြင်း အမိန့်ကို မနာခံရန် တမန်တော်မြတ် ﷺ နှင့် စစ်မက်ယှဉ်ပြိုင် တိုက်ခိုက်ရန်အတွက် လှုံ့ဆော်မှုပြုပေးခြင်းနှင့် အကူအညီပေးရန်ကိုလည်း ကတိပြုခဲ့ကြသူများ ဖြစ်ပေသည်။ သို့ရာတွင် မွတ်စ္စလင်မ်တို့သည် ၄င်းတို့အား ဝိုင်းရံလိုက်ပါမှ မည်သည့်မုနာဖစ်က် တစ်ယောက်မျှ အကူအညီပေးရန် မရောက်ရှိသွားကြပေ။ ၄င်းတို့၏ ပုံဆောင်ခိုင်းနှိုင်းချက်ကို ကုရ်အာန်ကျမ်းတော်မြတ်သည် ရှိုက်သွာန်၏ ဖြစ်စဉ်တစ်ရပ်ဖြင့် ပေးထားတော်မူ၏။ ရှိုက်သွာန်သည် လူသားတို့အား ကုဖ္ဖရ်သွေဖည်ငြင်းဆိုမှုပြုရန် လှုံ့ဆော်ကာ အမျိုးမျိုးသော ကတိများကို ပေးသည်။ သို့ရာတွင် ထိုလူသားသည် 'ကုဖ္ဖရ်'သွေဖည်ငြင်းဆိုမှုအတွင်း၌ နစ်မွန်းသွားသောအခါဝယ် အားလုံးသောသူတို့ဖြင့် ငြင်းဆိုဖီဆန် ဖြားယောင်းမှုကို ပြုလိုက်ပေသည်။

ရှိုက်သွာန်၏ ဤကဲ့သို့သော ဖြစ်စဉ်များသည် အာဘယ်မျှခန့် ရှိနေသည်ကို အလ္လာဟ်အသျှင်မြတ်သည်သာလျှင် သိရှိတော်မူ၏။ ထိုအထဲမှ ဖြစ်စဉ်တစ်ရပ်ကိုမူ ကုရ်အာန်ကျမ်းတော်မြတ်၌ လေးနက်စွာလာရှိထားပေသည်။ အကြင်ဖြစ်စဉ်၏ အကြောင်း စူရာဟ်အန်ဖားလ်၏ ဤအောက်ဖော်ပြပါ အာယသ်တော်များအတွင်း၌ လာရှိထားပေသည်။

وَاِذْ زَيَّنَ لَهُمُ الشَّيْطٰنُ اَعْمَالَهُمْ وَقَالَ لَا غَالِبَ لَكُمُ الْيَوْمَ مِنَ النَّاسِ وَاِنِّىْ جَارٌ لَّكُمْ فَلَمَّا تَرَآءَتِ الْفِئَتٰنِ نَكَصَ عَلٰى عَقِبَيْهِ وَقَالَ اِنِّىْ بَرِىْٓءٌ مِّنْكُمْ

(ထို့ပြင် ပြန်လည်သတိရကြလေကုန်။ အကြင်အခါဝယ် ရှိုက်သွာန်သည် ၎င်းတို့၏ အပြုအမူများကို ၎င်းတို့၏ အမြင်တွင် လှပတင့်တယ်အောင် ပြုလုပ်၍ ပြသခဲ့သည့်အပြင် 'ယနေ့ လူတို့အနက်မှ အသင်တို့အပေါ်ဝယ် လွှမ်းမိုးအောင်နိုင်မည့်သူဟူ၍ မည်သူတစ်ဦးတစ်ယောက်မျှပင် မရှိချေ။ ငါသည် အသင်တို့အား ကာကွယ်စောင့်ရှောက်မည့်သူ ဖြစ်သည်' ဟူ၍လည်း ပြောဆိုခဲ့လေသည်။ သို့ရာတွင် အုပ်စုနှစ်စုသည် ရင်ဆိုင်ခဲ့ကြသောအခါ ထိုရှိုက်သွာန်သည် နောက်ဆုတ်၍ ထွက်ပြေးသွားခဲ့လေသည်။ ၎င်းပြင် ယင်းရှိုက်သွာန်က (အချင်းတို့) ငါသည် အသင်တို့နှင့် ပတ်သက်ခြင်းမရှိ၊ တာဝန်ကင်း၏။)

[၈ : ၄၈]

ဤဖြစ်စဉ်သည် 'ဗဒရ်'၏ ဖြစ်စဉ်ဖြစ်ပေသည်။ အကြင်ဖြစ်စဉ်အတွင်း၌ ရှိုက်သွာန်သည် ဝေးသွားလောက်အောင် အသွင်မျိုးဖြင့်သော်လည်းကောင်း၊ (သို့မဟုတ်) လူအသွင်မျိုးဖြင့်သော်လည်းကောင်း ရှေ့သို့ ရောက်ရှိလာကာ မက္ကာဟ်မြို့ရှိ မုရှ်ရစ်က်များကို မွတ်စ္စလင်မ်တို့ဖြင့် ရင်ဆိုင်တိုက်ခိုက်ရန် မြှောက်ထိုးပင့်ကော်မှုကို ပြုကာ မိမိ၏ ဘက်တော်မှ အကူအညီပေးမည်ဖြစ်ကြောင်းကို ယုံကြည်အောင် အယုံသွင်းပေးလိုက်လေသည်။ သို့ရာတွင် မွတ်စ္စလင်မ်တို့ဖြင့် ရင်ဆိုင်လာကြရသောအခါဝယ် အကူအညီပေးခြင်းအား လုံးဝ ငြင်းဆိုလိုက်ပေသည်။ ဤဖြစ်စဉ်၏ အကျယ်ရှင်းလင်းတင်ပြချက်ကို မအာရိဖုလ်ကုရ်အာန်ကျမ်း၊ အတွဲ (၃)၊ စာမျက်နှာ (၂၅၆) မှ (၂၅၈) ထိတိုင် အကျယ်တဝင့် တင်ပြပြီး ဖြစ်သည်။

အကယ်၍ တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ ထိုဖြစ်စဉ်၏ ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားပါမူ 'ရှိုက်သွာန်သည် လူသားတို့အား 'ကုဖွ်ရ်' (သွေဖည်ငြင်းပယ်မှုကို) ပြုရန် ပြောဆိုရာ လူသားသည် ပြုလုပ်လိုက်ပါမူ ၎င်းလူသား၏ထံမှ တာဝန်ကင်းလွတ်သူဖြစ်သွားခြင်း' ဟူသော မိန့်မြွက်ချက်အပေါ် ဤသို့ စောဒကတစ်ရပ် တက်ကောင်း တက်နိုင်ပေသည်။ ထိုဖြစ်စဉ်၏ အပေါ်ယံအချက်ကိုသာလျှင် ရှုမြင်သုံးသပ်မည်ဆိုလျှင် ရှိုက်သွာန်သည် ၎င်းတို့အား ကုဖွ်ရ်သွေဖည်ငြင်းဆိုမှုပြုရန်ကို မဆို

ထားပေ။ ၎င်းတို့သည် အစပထမကတည်းကပင် ကာဖိရ်ဖြစ်ပြီး ဖြစ်ပေသည်။ ရှိက်သွာန်သည် ၎င်းတို့အား ယှဉ်ပြိုင်ရန် စုရုံးမှုအတွက်ကိုသာလျှင် ပြောဆိုလိုက်ခြင်း ဖြစ်ပေသည်။ စာဒကာ၏ အဖြေမှာ ရှင်းလင်းလှပေသည်။ ကုဖ္ဖရ်တည်းဟူသော သွေဖည်ငြင်းဆိုမှုအပေါ် တည်တံ့မြဲမြံစွာ နေထိုင်ခြင်းနှင့် တမန်တော်မြတ် ﷺ နှင့် ယှဉ်ပြိုင်ရာ၌ တိုက်ခိုက်စေခြင်းသည်လည်း 'ကုဖ္ဖရ်' ပြုရန်အတွက် ပြောဆိုခြင်း၏ အဓိပ္ပါယ်အတွင်း၌ ပါဝင်သွားပေသည်။

မန္ဒိဟရီး၊ ကုရ်သုဗီးနှင့် အိဗ်နေကဗီးရ် အစရှိသော ကျမ်းများတွင် ဤနေရာ၌ ရှိက်သွာန်တို့၏ ထိုဥပမာနှင့် စပ်လျဉ်းသော ဗနီအီစ်ရာအီးလ်လူမျိုးတို့၏ များစွာသော ရဟန်းဘုန်းကြီးများနှင့် 'အေဗာဒသ်' ခဝပ်ကိုးကွယ်မှုပြုသော သူတို့ကို ရှိက်သွာန်သည် ဖြားယောင်းသွေးဆောင်ကာ 'ကုဖ္ဖရ်' သွေဖည်ငြင်းဆိုမှုပြုသည့် အတိုင်းအတာသို့ ပို့ဆောင်ပေးလိုက်ခြင်းနှင့် ပတ်သက်သော ဖြစ်စဉ်များကို ဆင့်ပြန်ဖော်ပြထားပေသည်။ ဥပမာ- ဗနီအီစ်ရာအီးလ် မျိုးနွယ်အုပ်စုအတွင်း၌ တရားအားထုတ်သော ဘုန်းတော်ကြီးတစ်ပါးသည် အမြဲတစေ မိမိ၏ ခဝပ်ကိုးကွယ်မှု အဆောင်၌ ခဝပ်လျက် ရှိနေပေသည်။ (၁၀) ရက်ကြာမျှတစ်ခါသာလျှင် ဝါဖြေသော ပုံစံမျိုးဖြင့် ဥပုသ်ဆောက်တည်မှုကို ပြုပေသည်။ နှစ်ပေါင်း (၇၀) ထိတိုင် ဤအခြေအနေမျိုးဖြင့် သီတင်းသုံး နေထိုင်တော်မူခဲ့ခြင်း ဖြစ်ပေသည်။ မိစ္ဆာကောင် ရှိက်သွာန်သည် ၎င်း၏ နောက်သို့ ခြေရာကောက် ဖျက်ဆီးမှုကို ပြုလိုက်ပေတော့သည်။ မိမိတပည့်များထဲမှ ကောက်ကျစ်စဉ်းလဲ ဖြားယောင်းဆုံးသော ရှိက်သွာန်တစ်ကောင်ကို ၎င်းဘုန်းတော်ကြီးထံသို့ အလွန် ကျင့်ကြံအားထုတ်သော ဘုန်းတော်ကြီးအသွင်ဖြင့် စေလွှတ်လိုက်ပေသည်။ အကြင်အယောင်ဆောင် ဘုန်းကြီးသည် ထိုသူတော်စင် ဘုန်းတော်ကြီးထံသို့ သွားရောက်ကာ ထိုသူတော်စင်ဘုန်းတော်ကြီးထက်ပင် သာပို၍ ခဝပ်ကိုးကွယ်သည့်အသွင် ပြသလိုက်ပေသည်။ နောက်ဆုံး သူတော်စင်ဘုန်းတော်ကြီးသည် ထိုအယောင်ဆောင်ဘုန်းကြီးအပေါ် ယုံကြည်မိသွားလေတော့သည်။

နောက်ဆုံး ဤသူဟောင်းဘုန်းကြီးကို ရှိက်သွာန်သည် 'ရောဂါသည်များကို ပျောက်ကင်းချမ်းသာစေသော အချို့ဒိုအာများကို သင်ကြားပေးလိုက်ခြင်း' ၏ အမှုကိစ္စ၌ အောင်မြင်သွားပေသည်။ တစ်ဖန်ထိုအယောင်ဆောင်ဘုန်းကြီးသည် များစွာသော သူတို့ကို မိမိ၏ အစွမ်းဖြင့် လူမမာသည် ရောဂါသည်အဖြစ်ပြုလုပ်လိုက်၍ ၎င်းရောဂါသည်များကို ကိုယ်တိုင် ထိုသူတော်စင်ဘုန်းတော်ကြီး ရှိရာဆီသို့ ညွှန်ပြပေးလိုက်လေ၏။ ဤသူတော်စင်ဘုန်းတော်ကြီးသည် ထိုလူမမာသည်အား အထက်ပါဒိုအာ ဖတ်ပေးလိုက်ပါမှ ဤရှိက်သွာန်သူတော်ယောင်သည် မိမိ၏ ထည့်ပေးထားသော ရောဂါကို အစွမ်းဖြင့် ပြန်လည် ရုပ်သိမ်းလိုက်လေသည်။ ၎င်းသည် ပျောက်ကင်းချမ်းသာမှုကို ရရှိသွားပေသည်။

အချိန်အခိုက်အတန့် ကာလကြာမြင့်သည့်အထိတိုင် ဤကုသမှု ပျောက်ကင်းခြင်း၏ ကွင်းဆက်သည် တည်ရှိနေပြီးနောက် ထိုအယောင်ဆောင်ရှိက်သွာန်သည် အီစ်ရာအီးလ်မျိုးနွယ်ဖွား ခေါင်းဆောင်

တစ်ဦး၏ လုပသော မိန်းကလေးငယ်တစ်ဦးအပေါ် မိမိ၏ ဤအစွမ်း 'အမလ်' ကို ထည့်ပေးလိုက်လေ၏။ ထိုမိန်းကလေးငယ်ကိုလည်း ဤသူတော်စင်ဘုန်းတော်ကြီး ရှိရာသို့ သွားရန် သဘောတူညီနိုင်းချက်ကို ပေးလိုက်ပေသည်။ နောက်ဆုံးအနေဖြင့် ထိုမိန်းကလေးငယ်ကို သူတော်စင်ဘုန်းတော်ကြီး၏ ခဝပ်ကိုး ကွယ်သည့် အဆောင်ထိတိုင် ပို့ပေးလိုက်ခြင်း၏ အခန်းကဏ္ဍထိတိုင် အောင်မြင်မှုကို ရရှိသွားပေသည်။ တစ်ဖြေးဖြေး ထိုသူတော်စင်ဘုန်းကြီးကို ယင်းမိန်းကလေးငယ်နှင့်အတူ 'ဇေနာ' အမှု ကျူးလွန်ရာ၌ နစ်မွန်း သွားစေခြင်း၏ ကိစ္စရပ်၏ အထမြောက်အောင်မြင်သွားပေသည်။ အကြင်ကိစ္စရပ်၏ အကျိုးဆက်တရား ၌ ထိုမိန်းကလေးသည် ကိုယ်ဝန်ရှိသွားပေသည်။ သို့ဆိုလျှင် သိက္ခာကျဆင်းမှုမှ ရှောင်ရှားစေရန်အတွက် ထိုမိန်းကလေးကို သတ်ဖြတ်ရန် အကြံအစည်ကို ပေးလိုက်ပေသည်။ သတ်ဖြတ်လိုက်ပြီးသည့်နောက် ရှိုက်သွာန်သည်ပင်လျှင် လူသတ်မှု အစရှိသော အမှုကိစ္စတို့ကို ဖော်ထုတ်ကာ သူတော်စင်ဘုန်းတော်ကြီး နှင့် ဆန့်ကျင်စွာ ' လူတို့သည် ထိုဘုန်းကြီး၏ တရားဆောင်ကို ဖျက်ဆီးပစ်၍ ၎င်းအား သေဒဏ်ချကာ ကားစင်တင်မည့် ဆုံးဖြတ်ချက်ချလိုက်သည့်' အတိုင်းအတာထိအောင် မားမားမတ်မတ် ရပ်တည်နေပေ သည်။ ထိုအချိန် ရှိုက်သွာန်သည် ထိုသူတော်စင်ဘုန်းကြီး၏ ထံသို့ ရောက်ရှိကာ 'ယခုမှု အသင့်အံဖို့ လွတ်မြောက်ရာ၊ လွတ်မြောက်ကြောင်း မည်သည့်တစ်စုံတစ်ရာမျှပင် မကျန်ရှိတော့ပေ။ ဟုတ်၏။ မှန်၏။ အကယ်၍ အသင်သည် ကျွန်ုပ်အား 'စဂျ်ဒဟ်' ဦးညွတ်၊ ဦးချလိုက်လျှင်မူ အသင့်အား ကျွန်ုပ်ကယ်တင် နိုင်ပေမည်' ဟူ၍ ပြောဆိုလိုက်ပေသည်။

သူတော်စင်ဘုန်းတော်ကြီးသည် အစကတည်းက အချို့သော ပြစ်မှုဒုစရိုက်များအားလုံးကို ပြုလုပ် ပြီး ဖြစ်သည့်အတွက်ကြောင့် 'ကုဖ္ဖရ်' သွေဖည်ငြင်းဆိုမှု ပြုရန် လမ်းကြောင်းသည် ဖြောင့်မတ်လျက် ရှိပြီး ဖြစ်သွားလေ၏။ ၎င်းသည် 'စဂျ်ဒဟ်' ကို ပြုလိုက်ပေသည်။ ထိုအချိန်၌ ရှိုက်သွာန်သည် 'အသင် သည် ကျွန်ုပ်၏ စိုးမိုးပိုက်နက်မှုအတွင်းသို့ လာရောက်ခဲ့သည် မဟုတ်ပေ။ ကျွန်ုပ်သည် ဤဖြားယောင်း သွေးဆောင်မှု အလုံးစုံကို အသင့်အနေဖြင့် 'ကုဖ္ဖရ်' သွေဖည်ငြင်းဆိုမှု ပြုမှုအတွင်း၌ နစ်မွန်းသွားစေရန် ပြုလိုက်ခြင်းသာ ဖြစ်ပေသည်။ ယခု ကျွန်ုပ်သည် အသင့်အား ကယ်တင် နိုင်မည်မဟုတ်' ဟူ၍ ရှင်းလင်း စွာ ပြောဆိုလိုက်လေ၏။

ဤဖြစ်စဉ်သည် ကုရ်သုဗီ၊ မဇ္ဇဟရီးစသော အကျယ်ဖွင့်ဆိုသည့် ကျမ်းများ၌ ရှင်းလင်းစွာနှင့် အတူ ရေးသား ဖော်ပြထားပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေ သတည်း။)

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ ٱتَّقُوا۟ ٱللَّهَ وَلْتَنظُرْ نَفْسٌ مَّا قَدَّمَتْ لِغَدٍ ۖ
وَٱتَّقُوا۟ ٱللَّهَ ۚ إِنَّ ٱللَّهَ خَبِيرٌۢ بِمَا تَعْمَلُونَ ﴿١٨﴾

၅၉ : ၁၈ ။ ။ အို့၊ မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင် လူတိုင်းလူတိုင်းသည် မနက်ဖြန်အဖို့ မိမိ တင်ကြို ပို့နှင့်ထားသည်ကို ကြည့်ရပေမည်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ကျင့်မှုသမျှတို့ကို အကြွင်းမဲ့ ကြားသိတော်မူသော အသျှင်မြတ်ပင် (ဖြစ်တော်မူ၏။)

وَلَا تَكُونُوا۟ كَٱلَّذِينَ نَسُوا۟ ٱللَّهَ فَأَنسَىٰهُمْ أَنفُسَهُمْ ۚ أُو۟لَٰٓئِكَ هُمُ ٱلْفَٰسِقُونَ ﴿١٩﴾

၅၉ : ၁၉ ။ ။ ထို့ပြင် အသင်တို့သည် အကြင်သူတို့ကဲ့သို့ မဖြစ်ကြကုန်လင့်။ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်အား မေ့ပစ်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ထိုအသျှင်မြတ်သည် ၎င်းတို့အား မိမိတို့ကိုယ်တိုင်ပင် မေ့ပျောက်စေတော်မူခဲ့၏။ ထိုသူတို့မှာ ၎င်းတို့သည်ပင် အမိန့်တော်ကို သွေဖည်သူများ ဖြစ်ကြကုန်၏။

لَا يَسْتَوِىٓ أَصْحَٰبُ ٱلنَّارِ وَأَصْحَٰبُ ٱلْجَنَّةِ ۚ أَصْحَٰبُ ٱلْجَنَّةِ هُمُ ٱلْفَآئِزُونَ ﴿٢٠﴾

၅၉ : ၂၀ ။ ။ ငရဲသားတို့နှင့် 'ဂျန္နသ်'သုခဘုံသားတို့သည် တူကြသည်မဟုတ်ပေ။ သုခဘုံသားတို့မှာမူ အောင်မြင်သောသူများပင် ဖြစ်ကြကုန်သည်။

لَوْ أَنزَلْنَا هَٰذَا ٱلْقُرْءَانَ عَلَىٰ جَبَلٍ لَّرَأَيْتَهُۥ خَٰشِعًا
مُّتَصَدِّعًا مِّنْ خَشْيَةِ ٱللَّهِ ۚ وَتِلْكَ ٱلْأَمْثَٰلُ نَضْرِبُهَا
لِلنَّاسِ لَعَلَّهُمْ يَتَفَكَّرُونَ ﴿٢١﴾

၅၉ : ၂၁ ။ ။ အကယ်၍သာ ငါအသျှင်မြတ်သည် ဤကုရ်အာန်ကျမ်းတော်မြတ်ကို တစ်စုံတစ်ခုသော တောင်ပေါ်၌ ချပေးတော်မူခဲ့ပါလျှင်၊ အသင်တို့သည် ထိုတောင်ကို အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့သောကြောင့် နိမ့်ကျလျက်၊ အပိုင်းပိုင်း ဖြစ်လျက် ရှိသည်ကို အမှန်ပင် တွေ့မြင်ရပေမည်။ စင်စစ် ငါအသျှင်မြတ်သည် လူတို့ သုံးသပ်ဆင်ခြင် စဉ်းစားကြရန်အလို့ငှာ ယင်းဥပမာ ပုံဆောင်ချက်များကို ခိုင်းနှိုင်းဖော်ပြတော်မူ၏။

هُوَ ٱللَّهُ ٱلَّذِى لَآ إِلَٰهَ إِلَّا هُوَ ۖ عَٰلِمُ ٱلْغَيْبِ وَٱلشَّهَٰدَةِ ۖ هُوَ ٱلرَّحْمَٰنُ ٱلرَّحِيمُ ﴿٢٢﴾

၅၉ : ၂၂ ။ ။ ထိုအသျှင်မြတ်သည်ပင် အကြင်အလ္လာဟ်အသျှင်မြတ် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်မှတစ်ပါး (အခြား) ခဝပ်ဆည်းကပ်ကိုးကွယ်ရာဟူ၍ အလျဉ်း မရှိပြီ။ လျှို့ဝှက်စွာ ရှိသည်တို့ကိုလည်းကောင်း၊ ထင်ရှားစွာ ရှိသည်တို့ကိုလည်းကောင်း သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်သည်ပင် အနန္တကရုဏာတော်ရှင်၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

هُوَ اللّٰهُ الَّذِىۡ لَاۤ اِلٰهَ اِلَّا هُوَ‌ۚ اَلۡمَلِكُ الۡقُدُّوۡسُ السَّلٰمُ
الۡمُؤۡمِنُ الۡمُهَيۡمِنُ الۡعَزِيۡزُ الۡجَبَّارُ الۡمُتَكَبِّرُ‌ؕ سُبۡحٰنَ اللّٰهِ عَمَّا يُشۡرِكُوۡنَ ۝٢٣

၅၉ : ၂၃ ॥ ॥ ထိုအသျှင်မြတ်သည်ပင် အကြင်အလ္လာဟ်အသျှင်မြတ် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်မှတစ်ပါး (အခြား) ခဝပ်ဆည်းကပ်ကိုးကွယ်ရာဟူ၍ အလျှဉ်းမရှိပြီ။ စိုးမိုးအုပ်ချုပ်တော်မူသော ဘုရင်၊ သန့်ရှင်းစင်ကြယ် အပြစ်ကင်းတော်မူသော အသျှင်၊ ချွတ်ယွင်းချက်တို့မှ ကင်းစင်တော်မူသော အသျှင်၊ ငြိမ်းချမ်းမှု ပေးတော်မူသော အသျှင်၊ ထိန်းသိမ်းစောင့်ရှောက်တော်မူသော အသျှင်၊ ဩဇာအာဏာ လွှမ်းမိုးတော်မူသော အသျှင်၊ ဂုဏ်သိက္ခာ ကြီးကဲမြင့်မြတ်တော်မူသော အသျှင် ဖြစ်တော်မူ၏။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ တွဲဖက်နိူင်းယှဉ် ကိုးကွယ်ကြသည်တို့မှ သန့်ရှင်းစင်ကြယ်တော်မူ၏။

هُوَ اللّٰهُ الۡخَـالِـقُ الۡبَارِئُ الۡمُصَوِّرُ‌ لَـهُ الۡاَسۡمَآءُ الۡحُسۡنٰى‌ ؕ
يُسَبِّحُ لَهٗ مَا فِى السَّمٰوٰتِ وَالۡاَرۡضِ‌ۚ وَهُوَ الۡعَزِيۡزُ الۡحَكِيۡمُ ۝٢٤

၅၉ : ၂၄ ॥ ॥ ထိုအသျှင်မြတ်သည်ပင် ဖန်ဆင်းတော်မူသော၊ အကောင်အထည်ဖော်တော်မူသော (မရှိရာမှ ရှိအောင် ပြုလုပ် ဖန်ဆင်းတော်မူသော) ပုံသဏ္ဌာန် ပြုလုပ်တော်မူသော အလ္လာဟ်အသျှင်မြတ် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်၌ ကောင်းမြတ်လှစွာသော နာမံဂုဏ်တော်များ ရှိကုန်၏။ မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိသမျှတို့သည် ထိုအသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုလျက် ရှိကြကုန်၏။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင် လွန်စွာ ခံ့ညားတော်မူသော အသျှင်၊ သိမ်မွေ့လှစွာသော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို၊ မုအ်မင်န်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် (အမိန့်မနာခံ ဖီဆန်သူတို့၏ ဇာတ်သိမ်းမလှခြင်းများကို ကြားနာခဲ့ပြီးဖြစ်ရာ) အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင် လူတိုင်းလူတိုင်းသည် မနက်ဖြန် ('ကေယာမတ်') အဖို့ မိမိ (တို့၏ အကျိုးစဝါးဗ်အစုအပုံ) တင်ကြိုပို့နှင့်ထားသည်ကို ကြည့်ရပေမည်။ (ဆိုလိုသည်မှာ ကောင်းမြတ်သော အကျင့်သီလတို့ကို ကျင့်မူဆောက်တည်ပါ။ စွမ်းစွမ်းတမံ ကြိုးစားပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် နောင်တမလွန် 'အာခိရတ်'၌ အသုံးဝင်မည့် အစုအပုံ ဖြစ်ပေသည်ဟူ၏။) ထို့ပြင် (ဤသို့ အမိန့်နာခံမှုနှင့် ကုသိုလ်အကျိုးစဝါးဗ်ကို ရှာဖွေစုဆောင်းရာ၌ 'သက္ကဝါ' တရားကို လက်ကိုင်ထားရန် မိန့်တော်မူထားသလို မကောင်းမှု ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်ရန်အတွက်လည်း အသင်တို့အား ပြဋ္ဌာန်းမိန့်တော်မူသည်မှာ) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ကျင့်မူသမျှတို့ကို အကြွင်းမဲ့ ကြားသိတော်မူသော အသျှင်မြတ်ပင် (ဖြစ်တော်မူ၏။ သို့ရှိရာ ပြစ်မှုဒုစရိုက်အား ကျူးလွန်ခြင်းဖြင့် ဒဏ်ခတ်ခံရဖွယ် ရှိပေသည်။ သို့ဆိုလျှင် ပထမအကြိမ်အနေဖြင့် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့နိုင်းခြင်းသည် အမိန့်နာခံ

မှုများနှင့် စပ်လျဉ်း၍ နေပေသည်။ ယင်းကဲ့သို့ ကောက်ချက်ချရခြင်းမှာ قَدَّ مَتْ لِغَدٍ (မနက်ဖြန်အဖို့ မိမိ ကြိုတင်ပို့နှင့်ထားသည်) ဟူသော စာသားကို အခြေခံသုံးသပ်၍ ဖြစ်သည်။ ဒုတိယအကြိမ်အနေဖြင့် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ခိုင်းထားခြင်းမှာ ပြစ်မှုဒုစရိုက်များနှင့် စပ်လျဉ်း၍ နေပေသည်။ ယင်းကဲ့သို့ ကောက်ချက်ချ သတ်မှတ်ရခြင်းမှာ-

خَبِيْرٌ بِمَا تَعْمَلُوْنَ

(အသျှင်မြတ် သည် အသင်တို့ ကျင့်မှုသမျှအားလုံးတို့ကို အကြွင်းမဲ့ ကြားသိတော်မူသော အသျှင်မြတ်ဖြစ်တော်မူ၏) ဟူသော စာသားကို အခြေခံသုံးသပ်၍ ဖြစ်ပေသည်။)

(ရှေ့၌ ထိုပညတ်ချက်များကိုပင် ပို၍ လေးလေးနက်နက် ထားရှိစေရန်အတွက် မိန့်တော်မူထားသည်မှာ) ထို့ပြင် အသင်တို့သည် အကြင်သူတို့ကဲ့သို့ မဖြစ်ကြကုန်လင့်။ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ် (၏ ပညတ်ချက်များအား) မေ့ပစ်ခဲ့ကြကုန်၏။ (တားမြစ်ထားသော ပညတ်ချက်များကို ပြုမူကျူးလွန်၍၊ ပြုမူရန် အမိန့်ပေးထားသော ပညတ်ချက်များအား ဗီလာဆန့်ကျင်ပြုကာ သတ်မှတ်ပြဋ္ဌာန်းထားသော ရှောင်ရန်၊ ဆောင်ရန် အမိန့်များကို စွန့်လွှတ်ခဲ့ကြသူများအား ဆိုလို၏။) သို့ဖြစ်ပေရာ (ထိုအချက်၏ အကြောင်းဆက်တရားမှာ) ထိုအသျှင်မြတ်သည် ၎င်းတို့အား မိမိတို့ကိုယ်တိုင်ပင် မေ့ပျောက်စေတော်မူခဲ့၏။ (ဆိုလိုသည်မှာ ၎င်းတို့ကို မှန်ကန်သော အကျိုးပြုမည့်အရာကို မသိရှိနိုင်လောက်အောင်နှင့် ယင်းအရာအား ရယူနိုင်ခြင်း မရှိခဲ့သည့် ဆင်ခြင်သုံးသပ်မှု ကင်းမဲ့သောသူများအဖြစ် ပြုလုပ်ပေးခဲ့ဟူ၍ ဖြစ်ပေသည်။) ထိုသူတို့မှာ ၎င်းတို့သည်ပင် အမိန့်တော်ကို သွေဖည်သူများ ဖြစ်ကြကုန်၏။ (ဖီဆန်ခြင်း၏ အစား (ပြစ်ဒဏ်) ကို ခံကြရပေလိမ့်မည်။ အထက်၌ 'သက္ကဝါ' (ရှောင်ကြဉ်ခြင်းတရား) ထားရှိသူ၊ အမိန့်နာခံသူများနှင့် အမိန့်ပညတ် ချက်များကို ဗီလာဆန့်ကျင် စွန့်လွှတ်သူများဟူသော လူတန်းစားနှစ်ရပ်အကြောင်းကို တင်ပြထားပေသည်။ ၎င်းတို့အနက် တစ်ဖွဲ့သည် 'ဂျန္နသ်'သုခဘုံသားများဖြစ်၍ ဒုတိယအဖွဲ့မှာ ငရဲသားများ ဖြစ်ပေမည်။)

ငရဲသားတို့နှင့် သုခဘုံသားတို့သည် တူကြသည်မဟုတ်ပေ။ (သို့သာမက) သုခဘုံသားတို့မှာမူ အောင်မြင်သာသူများ ဖြစ်ကြကုန်သည်။ (ငရဲသားတို့သည် ဆုံးရှုံးမည့်သူများ ဖြစ်ကြပေသည်။ ယင်းကို အထက်၌ တင်ပြခဲ့သည့်

اُولٰئِكَ هُمُ الْفَاسِقُوْنَ

(၎င်းတို့သည်ပင် အမိန့်တော်ကို သွေဖည်သောသူများ ဖြစ်ကြကုန်၏။) ဟူသော အာယသ်တော်မှ သိရှိရပေသည်။ သို့ရှိရာ အသင်တို့သည် သုခဘုံသားများအတွင်းမှ ဖြစ်သင့်ပေသည်။ ငရဲဘုံသားများအတွင်းမှ မဖြစ်သင့်ပေ။)

(ဤအချို့သော ဆုံးမတရားများကို ကုရ်အာန်ကျမ်းတော်မြတ်အား အကြောင်းခံ၍ အသင်တို့အား ကြားနာစေထားပေသည်။ ထိုကျမ်းမြတ်သည် ဤသို့တည်း။) အကယ်၍သာ ငါအသျှင်မြတ်သည် ဤ

ကုရ်အာန်ကျမ်းတော်မြတ်ကို တစ်စုံတစ်ခုသော တောင်ပေါ်၌ ချပေးတော်မူခဲ့ပါလျှင်၊ (ယင်းတောင်များ သိနားလည်နိုင်သည့် အခြေခံအရည်အချင်းကို ထည့်သွင်းပေးထားမှု၊ ၎င်းနောက် စိတ်ရိုင်း၏ တပ်မက်မှုတို့ကို ထည့်သွင်းခြင်း မပြုပါက အို၊ ကြားနာသူ) အသင်တို့သည် ထိုတောင်ကို အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့သောကြောင့် နိမ့်ကျလျက်၊ အပိုင်းပိုင်းဖြစ်လျက် ရှိသည်ကို အမှန်ပင် တွေ့မြင်ရပေမည်။ (ဆိုလိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်သည် အမှန်တကယ်ပင် မိမိ၏ ပင်ကိုယ်၌ ဤမျှ စူးရှသက်ရောက်မှု အားကောင်းသော စူးရှသက်ရောက်မှု ဖြစ်ပေါ်စေသည့်အရာပင် ဖြစ်ပေသည်။ သို့ရာတွင် လူသားတို့၌ ရမ္မက်ဇောစိတ်များ လွှမ်းမိုးနေခြင်းကြောင့် ပင်ကိုယ်ရှိ အရည်အချင်းတို့သည် ပျက်သုဉ်းသွားပြီး ဖြစ်၏။ စူးရှသက်ရောက်မှု မဖြစ်ပေါ်ခြင်း ဖြစ်ပေသည်ဟူ၏။ သို့ရှိရာ ၎င်းတို့အဖို့ အမိန့်နာခံမှုတို့ကို ရယူကာ ဒုစရိုက်အမှုများမှ ရှောင်ရှား၍ မိမိတို့၏ ရမ္မက်၊ တပ်မက်မှုတို့ကို ဖိနှိပ်ချုပ်ချယ်ကာ ထားသင့်ပေသည်။ သို့မှသာ အထက်၌ တင်ပြခဲ့ပြီးဖြစ်သော ကုရ်အာန်ကျမ်းတော်မြတ်လာ တရားဒေသနာတို့မှ ၎င်းတို့သည် စူးရှသက်ရောက်မှု ရရှိခံစား၍ ထို့အတွက်ကြောင့်သာ ပညတ်ချက်များအပေါ် တည်တံ့မြဲမြံစွာ လိုက်နာနိုင်စွမ်းကို ရရှိပြီး အလ္လာဟ်အသျှင်မြတ်အား သတိရတသနိုင်စွမ်း ရရှိကာ နောင်တမလွန်ဘဝ၏ သောကဖြစ်ပေါ်လာပေလိမ့်မည်။ စင်စစ် ငါအသျှင်မြတ်သည် လူတို့ သုံးသပ်ဆင်ခြင် စဉ်းစားကြရန်အလို့ငှာ (အကျိုးတရားရယူရန်အလို့ငှာ) ယင်းဥပမာ ပုံဆောင်ချက်များကို ခိုင်းနှိုင်းဖော်ပြတော်မူ၏။ (ထို့ကြောင့်ပင်

لَوْ اَنْزَلْنَا هٰذَا الْقُرْاٰنَ عَلٰى جَبَلٍ لَّرَاَيْتَهٗ خَاشِعًا مُّتَصَدِّعًا مِّنْ خَشْيَةِ اللّٰهِ

(အကယ်၍သာ ငါအသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို တစ်စုံတစ်ခုသော တောင်ပေါ်၌ ချပေးတော်မူခဲ့ပါလျှင် အသင်တို့သည် ထိုတောင်ကို အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့သောကြောင့် နိမ့်ကျလျက်၊ အပိုင်းပိုင်းဖြစ်လျက် ရှိသည်ကို အမှန်ပင် တွေ့မြင်ရပေမည်။) *[၅၉ : ၂၁]*

ဤစာစဉ်အကြောင်းအရာကို ဤနေရာ၌ တင်ပြထားခြင်း ဖြစ်ပေသည်။ ရှေ့၌ အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝကုံလုံလှသော ဂုဏ်ရည်တော်များကို တင်ပြထားပေသည်။ ၎င်းမှ အလ္လာဟ်အသျှင်မြတ်၏ ကြီးကျယ်မှု နှလုံးသားတွင်း နစ်ဝင်စွဲမြဲသွားကာ အမိန့်ပညတ်ချက်များကို နာခံရာ၌ အထောက်အပံ့ပေးမည့် အရာအဖြစ် ထားရှိပေးရန် ဖြစ်ပေသည်။ သို့ရှိရာ မိန့်တော်မူထားသည်မှာ) ထိုအသျှင်မြတ်သည် အကြင်အလ္လာဟ်အသျှင်မြတ် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်မှတစ်ပါး (အခြား) ခဝ်ဆည်းကပ်ကိုးကွယ်ရာဟူ၍ အလျဉ်း မရှိပြီ။ လျှို့ဝှက်စွာ ရှိသည်တို့ကိုလည်းကောင်း၊ ထင်ရှားစွာ ရှိသည်တို့ကိုလည်းကောင်း သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်သည်ပင် အနန္တကရုဏာတော်ရှင်၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

('သောင်ဟီးဒ်' ကိုးကွယ်ခံထိုက်တော်မူသော အသျှင် အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်း တည်ရှိခြင်းတရားသည် အလွန်တရာ အရေးကြီးသော အချက်ဖြစ်သည့်အတွက်ကြောင့် ထိုအချက်အား လေးနက်စေရန်အတွက် ထပ်မံ မိန့်တော်မူထားသည်မှာ) ထိုအသျှင်မြတ်သည်ပင် အကြင်အလ္လာဟ်အသျှင်မြတ် ဖြစ်

တော်မူ၏။ ထိုအသျှင်မြတ်မှတစ်ပါး (အခြား) ခဝပ်ဆည်းကပ်ကိုးကွယ်ရာ (ခဝပ်ကိုးကွယ်ခံဖြစ်ရန် ထိုက်တန်သော အရာများ) ဟူ၍ အလျဉ်းမရှိပြီ။ စိုးမိုးအုပ်ချုပ်တော်မူသော (ချို့တဲ့ချွတ်ယွင်းခြင်းအပေါင်းမှ) သန့်ရှင်းစင်ကြယ် အပြစ်ကင်းတော်မူသော အသျှင်၊ ချွတ်ယွင်းချက်တို့မှ ကင်းစင်တော်မူသော အသျှင်၊ (အတိတ်ခေတ်ကာလ၌လည်း ထိုအသျှင်မြတ်တွင် မည်သည့်ချို့ယွင်းချက်မျှ မရှိ။ ယင်းသည် قُدُّوسٌ ဟူသော ဂုဏ်တော်၏ အဖွင့်အလိုသဘော ဖြစ်ပေသည်။ နောင်လာမည့် အနာဂတ်ကာလ၌လည်း ချို့တဲ့ချွတ်ယွင်းခြင်း တစ်စုံတစ်ရာမျှလည်း အလျဉ်းမရှိ။ ယင်းသည် سَلَامٌ 'စလာမွန်း' ဟူသော ဂုဏ်တော်၏ အဖွင့်အလိုသဘော ဖြစ်ပေသည်။ (သဖ်စီးရ်ကဘီးရ်ကျမ်း၌ ဤအတိုင်း တင်ပြထားပေသည်။ မိမိ၏ ကျေးကျွန်များကို ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ အရာများမှ) ငြိမ်းချမ်းမှုပေးတော်မူသော အသျှင်၊ (မိမိ၏ ကျေးကျွန်များကို ထိတ်လန့်ဖွယ်ရာ အရာများမှ) ထိန်းသိမ်းစောင့်ရှောက်တော်မူသော အသျှင်၊ (ဆိုလိုသည်မှာ ဘေးဒုက္ခများကို လာခွင့်မပေး၍ လာရောက်လျက်ရှိနေသော ဘေးဒုက္ခကိုလည်း ဝေးကွာအောင် ပြုပေးတော်မူသော အသျှင်မြတ်ဖြစ်ပေသည်ဟူ၍ ဖြစ်၏။) ဩဇာအာဏာ လွှမ်းမိုးတော်မူသော အသျှင်၊ ဂုဏ်သိက္ခာ ကြီးကဲမြင့်မြတ်တော်မူသော အသျှင် ဖြစ်တော်မူ၏။ အလ္လာဟ်အသျှင်မြတ်သည် (ဤကဲ့သို့သော အသျှင်မြတ် ဖြစ်တော်၏။ ထိုအသျှင်မြတ်၏ ဂုဏ်ရှိန်ဂုဏ်ဝါတော်မှာ) ၎င်းတို့ တွဲဖက်နှိုင်းယှဉ် ကိုးကွယ်ကြသည်တို့မှ သန့်ရှင်းစင်ကြယ်တော်မူ၏။

ထိုအသျှင်မြတ်သည်ပင် (အစစ်အမှန်) ကိုးကွယ်ခံထိုက်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။) ဖန်ဆင်းတော်မူသော၊ အကောင်အထည်ဖော်တော်မူသော (မရှိရာမှ ရှိအောင် ပြုလုပ် ဖန်ဆင်းတော်မူကာ အရာတိုင်းကိုလည်း အမြော်အမြင်တော်နှင့်အညီ ဖန်ဆင်းတော်မူသော အသျှင်၊ ရုပ်သွင်) ပုံသဏ္ဌာန်ပြုလုပ်တော်မူသော အလ္လာဟ်အသျှင်မြတ် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်၌ ကောင်းမြတ်လှစွာသော နာမဂုဏ်တော်များ ရှိကုန်၏။ (၎င်းကောင်းမြတ်လှစွာသော နာမတော်များသည် အလွန် ကောင်းမွန်လှသော ဂုဏ်တော်များအပေါ် ရည်ညွှန်းလျက် ရှိနေပေသည်။) မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိသမျှတို့သည် (အခြေအနေ ဟန်ပန်အရသော်လည်းကောင်း၊ နှုတ်အရာဖြင့်သော်လည်းကောင်း) ထိုအသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်း (နှင့် ချို့တဲ့ချွတ်ယွင်းခြင်းမှ ကင်းစင်တော်မူကြောင်း) ကို မြွက်ဆိုလျက် ရှိကြကုန်၏။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင် လွန်စွာ ခံ့ညားတော်မူသော အသျှင်၊ သိမ်မွေ့လှစွာသော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (သို့ရှိရာ ဤသို့ ကြီးကျယ်ခမ်းနားလှစွာသော အသျှင်မြတ်၏ ပညတ်ချက်များအား ဆောက်တည်လိုက်နာရန်သည် အလွန့်အလွန် အရေးကြီးသော အချက် ဖြစ်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ် 'ဟရှ်ရ်'၏ အစ၌ ကျမ်းရ ကာဖိရ်များ၊ မုန်ရှိရစ်ကိန်များနှင့် မုနာဖစ်ကိတို့၏ အခြေအနေ၊ ၎င်းတို့၏ ပြုမူပြောဆို ဆက်ဆံမှု အမှုကိစ္စများနှင့် ၎င်းတို့အပေါ် လောကီ၊ လောကုတ္တရာတို့၌ ခံစား

ရမည်ဖြစ်သော ပြစ်ဒဏ်တို့ကို တင်ပြ မိန့်မြွက်ပြီးနောက် ယခု ဤအာယသ်တော်မှ စူရာဟ်တော်၏ အနောက်ဆုံးအထိတိုင် မုအ်မင်န်များအား သတိပေးနှိုးဆော်ခြင်းနှင့် ကောင်းမြတ်သော အကျင့်သီလများကို ဦးလည်မသုန် ကျင့်ဆောက်တည်ရန် လမ်းညွှန်မှာကြားထားပေသည်။ တင်ပြလျက်ရှိနေသော အာယသ်တော်များအတွင်းရှိ ပထမအာယသ်တော်တွင် အလွန်အင်မတန် ထိမိစွာဖြင့် နောင်တမလွန် 'အာခေရသ်' အား သောကထားရန်နှင့် ထိုလောကအတွက် အသင့်ပြင်ဆင်ထားရန် အမိန့်ရှိထားပေသည်။ ၄င်းအာယသ်တော်အတွင်း၌ ဦးစွာပထမ ဤသို့ မိန့်တော်မူထားပေသည်။

يَاَيُّهَا الَّذِيْنَ اٰمَنُوا اتَّقُوا اللّٰهَ وَلْتَنْظُرْ نَفْسٌ مَّا قَدَّمَتْ لِغَدٍ

(အို၊ မုအ်မင်န်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ၄င်းပြင် လူတိုင်းလူတိုင်းသည် မနက်ဖြန်အဖို့ မိမိကြိုတင်ပို့နှင့်ထားသည်ကို ကြည့်ရပေမည်။) *[၅၉ : ၁၈]*

ဆိုလိုသည်မှာ အို၊ အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြကုန်။ လူတိုင်းလူတိုင်းသည် မိမိသည် နောင်တမလွန် 'အာခေရသ်'အတွက် မည်သည့် အရာများကို ပို့နှင့်ထားသည်ကို သေချာကျနစွာ စဉ်းစားသင့်ပေသည်ဟူ၍တည်း။

ဤနေရာ၌ အချို့သော အချက်အလက်များကို သေချာကျနစွာ စမ်းစစ်လေ့လာကြည့်ရှုသင့်ပေသည်။

ပထမအချက် ။ ။ ဤအထက်ဖော်ပြပါ အာယသ်တော်အတွင်း၌ 'ကေယာမသ်'နေ့ကို غَدٍ ဟူသော စကားလုံးဖြင့် သုံးနှုန်းထားပေသည်။ အဓိပ္ပာယ်မှာ 'လာမည်နက်ဖြန်' ဟူ၍ ဖြစ်ပေသည်။ ထိုသို့ သုံးနှုန်းအမိန့်ရှိထားခြင်း၌ အချက်နှစ်ချက်၏ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားပေသည်။

ပထမအချက်မှာ ကမ္ဘာလောက၏ အချိန်ကာလ စုစုပေါင်းသည် နောင်တမလွန် 'အာခေရသ်'၏ အချိန်ကာလနှင့် နှိုင်းယှဉ်ကြည့်လျှင် တစ်နေ့တာ အချိန်ကာလမျှသာ ဖြစ်ပေမည်။ သချာင်္ဂဏန်းကို ထောက်ရှုတွက်ချက်မည်ဆိုပါက ဤသို့ တစ်ရက်တာကာလမျှသာ ရှိမည်ဟူသော သတ်မှတ်ချက်သည်လည်း ပြည့်မီရန်ခဲယဉ်းလှသော အချက်ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် နောင်တမလွန် 'အာခေရသ်'သည် ထာဝစဉ်တည်ရှိကာ မည်သည့်အခါမျှ နိဂုံးချုပ် ကုန်ဆုံးသွားမည်မဟုတ်ပေ။ လူသားတို့ မှီတင်း နေထိုင်နေကြသော ဤကမ္ဘာလောကကြီး၏ သက်တမ်းကိုမူ နှစ်ထောင်ပေါင်းအချို့၏ အချိန်ကာလသာ ရှိမည်ဟူ၍ တင်ပြထားပေသည်။ အကယ်၍ မိုးကောင်းကင်နှင့် ကမ္ဘာမြေပထဝီ၏ ဖန်ဆင်းချိန်မှ စ၍ ရေတွက်ကြည့်မည်ဆိုလျှင် နှစ်သိန်းပေါင်းအချို့သာလျှင် ဖြစ်ရှိသွားပေလိမ့်မည်။ သို့ဆိုလျှင်လည်း အတိုင်းအတာတစ်ခုရှိသော အချိန်ကာလသာလျှင် ဖြစ်ပေမည်။ အတိုင်းအတာမဲ့သော ဌာန၏ အချိန်နှင့် နှိုင်းယှဉ်လျှင် ထိုလောကီရေးရာသက်တမ်းကို မည်သို့မျှပင် ဆက်စပ်တင်ပြ၍ မရနိုင်ပေ။

အချို့ဟာဒီးစ်တော်၏ ဆင့်ပြန်ချက်များ၌ လာရှိထားပေသည်။

اَلدُّنْيَايَوْمٌ وَلَنَا فِيْهِ صَوْمٌ

(စကြဝဠာတစ်ခွင်လုံးသည် တစ်ရက်မျှသာ ဖြစ်သည်။ ထိုနေ့ရက်ပိုင်းကာလအတွင်း၌ ကျွန်ုပ်တို့သည် 'ရိုဇာဟ်'ထားရပေမည်။) မိုးကောင်းကင်နှင့် မြေပထဝီကို ဖန်ဆင်းချိန်မှ စ၍ ရေတွက်မည် ဖြစ်စေ၊ (သို့) လူသားတို့အား ဖန်ဆင်းချိန်မှ စ၍ ရေတွက်မည်ဖြစ်စေ၊ သေချာကျနစွာ ကြည့်ရှုမည်ဆိုလျှင် ဤအချိန်ကာလနှစ်ခုလုံးသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အဖို့ အလေးထားဖွယ်ကောင်းသော အချက် မဟုတ်ပေ။ သို့သာမက လူပုဂ္ဂိုလ်တိုင်း၏ လောကီဘဝ အချိန်ကာလသည်မှု ၎င်း၏သက်တမ်း၌ ရရှိသော နေ့ရက်များနှင့် နှစ်များသာ ဖြစ်ပေမည်။ ထိုရက်ပိုင်း၊ နှစ်ပိုင်း ကာလတို့သည် နောင်တမလွန်၏ 'အာခေရသ်' နှင့် နှိုင်းယှဉ်လျှင် အဘယ်မျှခန့် သေးသိမ်တိုတောင်းသော ကာလဖြစ်ပေသနည်း။ ထိုအချက်ကို လူတိုင်း ခန့်မှန်းသုံးသပ်နိုင်ပေသည်။

ဒုတိယအချက်မှာ ဤအာယသ်တော်အတွင်း၌ 'ကေယာမသ်' မုချ ဆိုက်ရောက်လာမည် ဖြစ်ကြောင်းဘက်သို့လည်း ညွှန်ပြထားပေသည်။ ယနေ့၏ နောက် နက်ဖြန် ရောက်ရှိလာမည်ကို မည်သူ တစ်ဦးတစ်ယောက်မျှ အငြင်းမပွားနိုင်သလို ဤကမ္ဘာလောက၏ နောက် 'ကေယာမသ်'နှင့် တမလွန် 'အာခေရသ်' လောက ဆိုက်ရောက်လာမည် ဖြစ်ခြင်းသည်လည်း အလွန်သေချာသော အချက်သာလျှင် ဖြစ်ပေသည်။

ထို့ပြင် တတိယအချက်အနေဖြင့် 'ကေယာမသ်'သည် အလွန်နီးကပ်စွာ ရှိနေကြောင်းဘက်သို့လည်း ညွှန်ပြထားပေသည်။ ယနေ့၏ နောက် နက်ဖြန်သည် ဝေးကွာခြင်း မရှိ။ အလွန် နီးကပ်စွာ ရှိနေသည်ဟူ၍ သဘောပေါက်မှတ်ယူထားသလို ကမ္ဘာလောက၏ နောက် 'ကေယာမသ်'သည်လည်း နီးကပ်လျက် ရှိနေ ပေသည်။

'ကေယာမသ်' ကမ္ဘာပျက်ခြင်းတစ်ရပ်သည်မှု စကြဝဠာတစ်ခွင်လုံးအပေါ် ဖြစ်ပေါ် တည်ရှိပေ မည်။ မိုးကောင်းကင်၊ မြေပထဝီနှင့် အရာအားလုံး ပျက်စီးသွားပေမည်။ ယင်းသည် နှစ်ထောင်ပေါင်း၊ သိန်းပေါင်းများစွာ၏ နောက်၌ ဖြစ်ပေါ်မည် ဖြစ်ပါသော်လည်း နောင်မလွန်၏ အချိန်နှင့် ပြန်လည်နှိုင်းယှဉ် ကြည့်မည်ဆိုပါက လုံးဝ နီးကပ်လျက် ရှိနေမည်သာ ဖြစ်၏။

'ကေယာမသ်' ကမ္ဘာပျက်ခြင်း နောက်တစ်ရပ်သည် လူတိုင်းအဖို့ မိမိတို့ ကွယ်လွန်သေဆုံးချိန်၌ ကြုံကြိုက်တွေ့ဆုံရမည့် ဘဝသက်တမ်း ကမ္ဘာပျက်ခြင်း ဖြစ်ပေသည်။ ယင်းကို

من مّا ت فَقَدْ قَا مَتْ قيا متہ

ဟု ဆိုထားပေသည်။ အလိုသဘောမှာ လူတစ်ဦး ကွယ်လွန်သေဆုံးသွားမည်ဆိုပါက ၎င်း၏ 'ကေယာမသ်'သည် ယခုပင် ဆိုက်ရောက်ပြီး ဖြစ်ပေသည်ဟူ၏။ အဘယ်ကြောင့်ဆိုသော် 'ကဗရ်'စခန်းမှ

စ၍ တမလွန်အာခိရတ်၏ အချင်းလက္ခဏာ အချက်အလက်များ စတင် ပေါ်ပေါက်၏။ ထို့နောက် အကျိုး၊ အစားတို့၏ နမူနာသည် ရှေ့မှောက်သို့ ရောက်ရှိလာပေမည်။ အဘယ်ကြောင့်ဆိုသော် 'ဗရ်ဇခ်'လောက ဟု ခေါ်ဆိုသော 'ကဗရ်'လောက၏ ဥပမာသည် ကမ္ဘာလောက၌ရှိသော စောင့်ဆိုင်းရာ နေရာဌာနနှင့် အလားတူပေသည်။ ၎င်းစောင့်ဆိုင်း ရာဌာနသည် ပထမတန်းမှစ၍ တတိယတန်းထိတိုင်ရှိသော သူတို့ အဖို့ အမျိုးမျိုးသော အမျိုးအစားတို့ဖြင့် ဖြစ်ပေါ်တည်ရှိ၍ နေပေသည်။ တရားခံများအဖို့ စောင့်ဆိုင်းရာဌာန နေရာသည် တိုက်ပိတ်ချုပ်နှောင်ခြင်းနှင့် အကျဉ်းထောင်များပင် ဖြစ်ပေသည်။ ထိုစောင့်ဆိုင်းရာ နေရာဌာနမှ စ၍ လူတိုင်းသည် မိမိတို့၏ အဆင့်၊ အခြေအနေကို သတ်မှတ်နိုင်ပေသည်။ ထို့ကြောင့် ကွယ်လွန်သွားသည် နှင့် တစ်ပြိုင်နက် လူတိုင်း၏ 'ကေယာမတ်'သည် ရောက်ရှိလာပေမည်။ လူသားတို့ ကွယ်လွန်သေဆုံး ခြင်းကို အလ္လာဟ်အသျှင်မြတ်သည် ဤသို့ ပဟေဠိဆန်စွာဖြင့် ထားရှိပေသည်။ အကြီးမားဆုံးသော ပရော်ဖက်ဆာပါမောက္ခနှင့် သိပ္ပံပညာရှင်တို့သည်ပင်လျှင် ထိုသေဆုံးရမည့်အချိန်ကို အတတ်မပြောဆိုနိုင်ကြပေ။ သို့သာမက အချိန်တိုင်း၊ စက္ကန့်တိုင်း၌ လူသားတို့သည် 'လာမည့် နာရီအချိန်၌ အသက်ရှင်လျက် ရှိနိုင်မည်၏လော' ဟူသော အချက်မှ စိတ်လွတ်ကိုယ်လွတ် စိုးရိမ်စိတ်ကင်းစွာ နေထိုင်နိုင်ကြမည် မဟုတ်ပေ။ အထူးသဖြင့် ဤမျှ အရှိန်အဟုန် လျှင်မြန်စွာဖြင့် တိုးတက်ထွန်းကားနေသော ခေတ်အခါသမယ၌ ရုတ်တရက် နှလုံးသွေးခုန်နှုန်းရပ်ကာ ကွယ်လွန်သေဆုံးခြင်း၏ ဖြစ်အင်တို့မှာ လူသားတို့အဖို့ မထူးဆန်းသော အချက် အဖြစ် တွေ့ရှိနေရပေသည်။

အချုပ်သဘောတရားမှာ ဤသို့တည်း။ ဤအာယသ်တော်၌ 'ကေယာမတ်'နေ့ကို غَدٍ (လာမည့် နက်ဖြန်) ဟူ၍ မိန့်ခြွေတင်ပြကာ လူသားတို့အား 'ကေယာမတ်' နေ့ကို ဝေးလွန်းလှသေးသော အချက်ဟူ၍ မမှတ်ယူလေနှင့်။ ထို 'ကေယာမတ်'သည် နောင်လာမည့် နံနက်ဖြန်ကဲ့သို့ နီးကပ်၍နေပေသည်။ နံနက်ဖြန် ၏ အလျှင်လည်း ဆိုက်ရောက်ကောင်း ဆိုက်ရောက်လာနိုင်ပေသည်' ဟူသော အချက်တို့ကို သတိပေး တော်မူပေသည်။

ဒုတိယအချက် ။ ။ ဤအာယသ်တော်အတွင်းရှိ ဒုတိယသေချာကျနစွာ ဆင်ခြင်သုံးသပ်သင့်သော အချက်မှာ ဤသို့ ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ဤအာယသ်တော်အတွင်း၌ လူသားတို့ကို 'ကေယာမတ်'သည် မုချ ဆိုက်ရောက်လာမည်ဖြစ်ရာ နီးကပ်နေသည်လည်း ဖြစ်၍ အသင်တို့သည် မည်သည့် အရာများကို ကြိုတင်ပို့နှင့်ထားသည်ကို ချင့်ချိန်သုံးသပ် ခိုင်းထားပေသည်။ အထက်ပါရှင်းလင်းချက်မှ သိရှိရသည်မှာ လူသားတို့၏ ကနဦးမူရင်း ဌာနသည် နောင်တမလွန် 'အာခိရတ်'ဖြစ်ပေသည်။ ကမ္ဘာ လောက၌ ထိုလောကုတ္တရာသားတစ်ဦးသည် ခရီးသည်တစ်ဦးအသွင်သာ ဖြစ်ပေသည်။ ဌာနေ၌ ထာဝစဉ် နေထိုင်နိုင်ခွင့် ရရှိရန်အတွက် ဤလောကဘဝ၌မှာပင် အချို့သော အရာများကို ပို့နှင့်ထားရန် အရေးကြီး ပေသည်။ လူသားတို့ ခရီးနှင်ရမည့် ၎င်းခရီးစဉ်၏ အဓိကပန်းတိုင်မှာ 'ဤကမ္ဘာလောက၌ နေထိုင်ကာ အရာအချို့ကို ရှာဖွေစုဆောင်း၍ တစ်ဖန် ထိုအရာကို နောင်တမလွန် 'အာခိရတ်'ရှိရာဆီသို့ ပို့နှင့်ထား

ရန် ဖြစ်ပေသည်။ ကမ္ဘာလောက၏ ဥစ္စာပစ္စည်း၊ ခနစည်းစိမ်တို့ကို မည်သူတစ်ဦးတစ်ယောက်မျှ ထိုဌာနေဆီသို့ မ,ယူသွားနိုင်မည် မဟုတ်ဟူသည်မှာလည်း ထင်ရှားလှစွာသော အချက်ဖြစ်ပေသည်။ သို့ဆိုလျှင် တိုင်းပြည်တစ်ခုမှ အခြားတိုင်းပြည်တစ်ခုသို့ ပစ္စည်းပို့ရန် ကမ္ဘာလောက၌ အသုံးပြုလျက်ရှိနေသော ပုံစံကဲ့သို့သော ကြိုတင်ပို့နှင့်စွာ ထားရမည့် ပုံစံတစ်ရပ် ကျန်ရှိပေတော့သည်။ ၎င်းပုံစံမှာ မိမိတိုင်းပြည်၏ အစိုးရဘဏ်၌ ပစ္စည်းများကို သွားရောက်ထည့်သွင်း စုဆောင်းကာ အခြားတိုင်းပြည်၌ သုံးစွဲလျက် ရှိနေသော ငွေကြေးကို ရယူသော နည်းလမ်းပင် ဖြစ်ပေသည်။ ဤကမ္ဘာလောက၌ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌သော်လည်းကောင်း အလ္လာဟ့်အမိန့်ကို နာခံရာ၌သော်လည်းကောင်း သုံးစွဲမှုပြုခဲ့သော အရာများသည် ကောင်းကင်ဘုံ၌ စုရုံးကာ ရောက်ရှိနေပေသည်။ ထိုတမလွန်လောက၌ အသုံးဝင်မည်ဖြစ်သော အကျိုးစဝါးဗ်ကို ၎င်းအဖို့ ရေးမှတ်ခြင်းကို ခံထားရပေမည်။ ထိုလောကသို့ ရောက်ရှိကာ တောင်းခံ၊ ကြွေးကြော်မှုမပြုရဘဲ ၎င်းအား ပြန်လည်ပေးအပ်ခြင်းကို ခံရပေမည်။

مَاقَدَّمَتْ لِغَدٍ (မနက်ဖြန်အဖို့ မိမိ ကြိုတင်ပို့နှင့်ထားသည်) ဟူသော စကားလုံးသည် ကုသိုလ်အကျိုးနှင့် ဒုစရိုက်နှစ်မျိုးစလုံးကို ခြုံငုံစွာ မိန့်တော်မူထားခြင်းဖြစ်ပေသည်။ အကြင်သူသည် ကောင်းမြတ်သော အကျင့်သီလတို့ကို ကြိုတင်ပို့နှင့်ထားသည်ဆိုပါက ၎င်းအဖို့ နောင်တမလွန်၌ အသုံးဝင်မည့် အကျိုးစဝါးဗ်၏ အသွင်ဖြင့် ရရှိပေလိမ့်မည်။ အကြင်သူသည် မကောင်းသော ဒုစရိုက်မှုတို့အား ပို့ထားမည် ဆိုပါက ထိုလောက၌ အမှုပြစ်ဒဏ်အသွင်ဖြင့် ပြန်လည်သက်ရောက်လာပေမည်။ ဤသို့ တင်ပြထားခြင်းသည် လေးနက်စေရန်အတွက်လည်း ဖြစ်နိုင်သလို၊ စကားပြေအကျဉ်းချုပ်၌ တင်ပြထားသလို ပထမအကြိမ် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့စေခိုင်းခြင်းသည် 'ဝါဂျိဗ်'နှင့် 'ဖွရဇ်'တာဝန်များကို လေးနက်စွာဖြင့် ဆောက်တည်ရန်အတွက် ညွှန်ကြားထားခြင်းဖြစ်ပြီး၊ ဒုတိယအကြိမ် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့စေခိုင်းထားခြင်းသည် ပြစ်မှုဒုစရိုက်များမှ ရှောင်ရှားရန်အတွက် လေးနက်စွာဖြင့် တင်ပြထားခြင်းမျိုးလည်း ဖြစ်နိုင်ပေသည်။

ပထမအကြိမ် 'အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြကုန်' ဟူ၍ ဆိုခြင်းမှ 'ကောင်းမြတ်သော အကျင့်သီလများနှင့် အလ္လာဟ်အသျှင်မြတ်၏ ပညတ်ချက်များအား လိုက်နာတည်ဆောက်ကာ နောင်တမလွန် 'အာခိရသ်'အတွက် အချို့သော အရာများကို ပို့နှင့်ထားပေးရန် မိန့်တော်မူထားရန် ဖြစ်နိုင်သလို ဒုတိယအကြိမ်အနေဖြင့် 'အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြကုန်' ဟူ၍ ဆိုခြင်းမှ 'ထိုတမလွန်လောကသို့ ပို့နှင့်ထားသော အရာကို အလေးအနက်ကြည့်ရှုရန် လမ်းညွှန် သင်ကြားပေးခြင်းလည်း ဖြစ်နိုင်၏။ ထိုလောက၌ သုံး၍ မရနိုင်သော ပစ္စည်းအတု မဖြစ်ရန်ကို အလေးအနက်ထား ကြည့်ရှုရမည်ဖြစ်သည်။ ထိုလောကရှိ ပစ္စည်းအတုသည် အသွင်အရမူ ကောင်းမြတ်သော အကျင့်သီလဖြစ်ပြီး သို့ရာတွင် ထိုအကျင့်သီလ ကောင်းမှုကုသိုလ် လုပ်ရပ်အတွင်း၌ 'အိခ်လားစ်'တည်းဟူသော အလ္လာဟ်အသျှင်မြတ် သဘောတူနှစ်မြို့စေရန်ဟူသော ရည်ရွယ်ချက်မပါရုံသာမက ပြစားရန်၊ ကြွားဝါရန် (သို့မဟုတ်) ကိုယ်ကျိုး၊

အတ္တအကျိုးအဖို့သာလျှင် ပြုလုပ်သော ကျင့်စဉ်ဖြစ်မည်။ (သို့မဟုတ်) ကျင့်ကြံ ဆောင်ရွက်ချက်သည် ခဝပ်ကိုးကွယ်ခြင်း၏ အသွင်၌ ရှိပြီး ဒီးန်သာသနာ၌ ၎င်းနှင့် စပ်လျဉ်း၍ အတည်ပြုချက် တစ်စုံတစ်ရာ မရှိခြင်းကြောင့် လမ်းလွဲလမ်းမှားသော ဆောင်ရွက်ချက်များနှင့် 'ဗိဒ်အသ်' တရားသစ်တီထွင်ခြင်းများ ဖြစ်မည်။ သို့ဆိုလျှင် ဤသို့ ဒုတိယအကြိမ် 'အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြကုန်' ဟူသော အမိန့်၏ အချုပ်သဘောတရားသည် ဤသို့တည်း။ နောင်တမလွန် 'အာခေရသ်'အတွက် အသွင်အရသာ ပစ္စည်းတစ်စုံတစ်ရာ ဖြစ်ခြင်းသည် မလုံလောက်ပေ။ ထိုလောက၌ လက်ခံရယူနိုင်ခြင်းရှိမည် မဟုတ်သော ပစ္စည်းအတုမဖြစ်စေရန်ကို ကြည့်ကာ ပို့နှင့်ထားပါလေဟူ၍ ဖြစ်၏။

فَاَنۡسٰىهُمۡ اَنۡفُسَهُمۡ

(သို့ဖြစ်ပေရာ ထိုအသျှင်မြတ်သည် ၎င်းတို့အား မိမိတို့ကိုယ်တိုင်ပင် မေ့ပျောက်စေတော်မူခဲ့၏။)

[၅၉ : ၁၉]

ဆိုလိုသည်မှာ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်ကို မေ့လျော့ထားသည်ကို မဆိုထားဘိဦး။ စင်စစ် 'မိမိတို့၏ အကျိုး၊ ဆိုးကျိုးကိုမျှပင် မသိရလောက်အောင်' မိမိတို့ကိုယ်ကို မိမိ မေ့လျော့မှုအတွင်းသို့ ထည့်ထားခြင်း ဖြစ်ပေသည်ဟူ၏။

لَوۡ اَنۡزَلۡنَا هٰذَا الۡقُرۡاٰنَ عَلٰى جَبَلٍ

(အကယ်၍သာ ငါအသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို တစ်စုံတစ်ခုသော တောင်ပေါ်၌ ချပေးတော်မူခဲ့ပါလျှင်။)

[၅၉ : ၂၁]

ဤသည် ပုံဆောင်ခိုင်းနှိုင်းချက်တစ်ရပ်ပင် ဖြစ်ပေသည်။ အကယ်၍ ကုရ်အာန်ကျမ်းတော်မြတ်ကို တောင်များကဲ့သို့ လေးလံမာကျောသော အရာများအပေါ်သို့ ချပေးတော်မူလိုက်မည်ဆိုလျှင် တစ်ဖန် လူသားတို့အား တွေးတောသိမြင် ခံစားနိုင်သည့် ဦးနှောက်အသိဉာဏ်ပေးထားသကဲ့သို့ ထိုတောင်များအား ပေးလိုက်မည်ဆိုလျှင် ထိုတောင်များသည် ယင်းကုရ်အာန်ကျမ်းတော်မြတ်၏ ကြီးကျယ်မှု၏ ရှေ့မှောက်ဝယ် ညွတ်သွားရုံသာမက အပိုင်းအပိုင်းအစစ ဖြစ်သွားပေမည်။ သို့ရာတွင် လူသားတို့သည် မိမိတို့၏ စိတ်ရိုင်း၏ ရမ္မက်များကို ဦးစားပေးမှုနှင့် အတ္တအကျိုး၌ နစ်မွန်းကာ မိမိတို့၏ ပင်ကိုယ်ရှိ သိနားလည်မှုကို ဖျက်ဆီးပစ်ခဲ့သော ထိုလူသားသည် ကုရ်အာန်ကျမ်းတော်မြတ်မှ စူးရှသက်ရောက်မှုကို မရရှိနိုင်တော့ပေ။ တောင်များ၌ သိနားလည်နိုင်စွမ်း ရှိမည်ဆိုပါက'ဟူသည် ပြောရမည်ဆိုသော် ပုံဆောင်ခိုင်းနှိုင်းမှုတစ်ရပ်ကို တင်ပြထားခြင်း ဖြစ်ပေသည်။ အချို့သော အာလင်မ်သာသနာ့ပညာရှင်များက ဤသို့ အမိန့်ရှိထားကြပေသည်။ တောင်များ၊ အပင်များနှင့် ကမ္ဘာလောက၌ရှိသော အရာများအတွင်းဝယ် ခံစားသိမြင်နိုင်သော စွမ်းအားများရှိကြောင်းကို ဦးနှောက်ပိုင်းဆိုင်ရာ စဉ်းစားတွေးခေါ်မှုအရသော်လည်းကောင်း၊ ဆင့်ကဲဆင့်ပြန်မှု၏ သာသနာရေးဆိုင်ရာ အထောက်အထားအရသော်လည်းကောင်း အတည်ပြု သိရှိရပြီး ဖြစ်ပေသည်။ ထို့ကြောင့် ဤအထက်တင်ပြပါ အချက်ကို ပုံဆောင်ခိုင်းနှိုင်းချက် မဟုတ်တော့ဘဲ ဖြစ်ရပ်မှန်ကို တင်ပြ

ထားခြင်းပင် ဖြစ်ပေသည်ဟူ၍တည်း။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေ၏။) *[မဇ္ဇဟရီကျမ်း]*

လူသားတို့အား တမလွန်ရေးဆိုင်ရာ သောကကို ထားရှိနိုင်းထားပြီး ကုရ်အာန်ကျမ်းတော်မြတ်၏ ကြီးကျယ်မြင့်မြတ်တော်မူကြောင်းကို ပြဆိုပြီး နောက်ဆုံးတွင် အလ္လာဟ်အသျှင်မြတ်၏ အချို့သော ပြည့်စုံတော်မူလှသော ဂုဏ်တော်များကို တင်ပြကာ စူရာဟ်တော်ကို အဆုံးသတ်လိုက်ပေသည်။

عَالِمُ الْغَيْبِ وَ الشَّهَادَةِ

(လျှို့ဝှက်စွာ ရှိသည်တို့ကိုလည်းကောင်း၊ ထင်ရှားစွာရှိသည်တို့ကိုလည်းကောင်း သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။) *[၅၉ : ၂၂]*

ဆိုလိုသည်မှာ ကွယ်ဝှက်စွာနှင့် ရှင်းလင်းစွာရှိသော အရာတိုင်းနှင့် မျက်ကွယ်၊ မျက်မှောက်တွင် ရှိရှိသမျှသော အရာများကို ပြည့်ဝစွာ သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်ဟူ၍ ဖြစ်၏။

اَلْقُدُّوْسُ (သန့်ရှင်းစင်ကြယ် အပြစ်ကင်းတော်မူသော အသျှင်။) *[၅၉ : ၂၃]*

'ကားဖ်'အက္ခရာအပေါ်၌ 'ပေးရှ်'ရှိပေသည်။ ချို့ယွင်းခြင်းအပေါင်းမှ ကင်းစင်တော်မူသော ထိုအသျှင်မြတ်၏ ဂုဏ်ရှိန်ဂုဏ်ဝါတော်နှင့် မသင့်တော်သော အရာများအလုံးစုံမှ ကင်းစင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်ဟူ၏။

اَلْمُؤْمِنُ (ငြိမ်းချမ်းမှု ပေးသနားတော်မူသော အသျှင်။) *[၅၉ : ၂၃]*

ဤစကားလုံးသည် လူသားတို့အဖို့ သုံးစွဲမည်ဆိုပါက အီမာန်ရှင်ဟူ၍ အဓိပ္ပာယ်ရ၏။ အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်မြတ် ﷺ တို့၏ မုက္ခပါဌ်တော်ကို လက်ခံယုံကြည် ထောက်ခံသော သူကို ခေါ်ဆိုပေသည်။ ဤစကားလုံးကို အလ္လာဟ်အသျှင်မြတ်အတွက် အသုံးပြုမည်ဆိုပါက ငြိမ်းချမ်းမှုကို ပေးသနားတော်မူသော အသျှင်ဟူ၍ အဓိပ္ပာယ်ရရှိ၏။ (ထိုအတိုင်းပင် အိဗ်နေအဗ္ဗားစ် ؓ သခင်ကြီးက အမိန့်ရှိထားပေသည်) ဆိုလိုသည်မှာ ထိုအသျှင်မြတ်သည် အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်မြတ် ﷺ အပေါ် အီမာန်သက်ဝင် ယုံကြည်ကြကုန်သော သူတို့ကို အမျိုးမျိုးသော ပြစ်ဒဏ်နှင့် ဘေးဒုက္ခတို့မှ ငြိမ်းချမ်းမှုကို ပေးသနားတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်ဟူ၏။

اَلْمُهَيْمِنُ (ထိန်းသိမ်းစောင့်ရှောက်တော်မူသော အသျှင်။) *[၅၉ : ၂၃]*

၎င်း၏ အဓိပ္ပာယ်မှာ 'ကြည့်ရှုစောင့်ကြပ်တော်မူသောအသျှင်မြတ်'ဟူ၍ဖြစ်၏။ (ဤအတိုင်းပင် အိဗ်နေအဗ္ဗားစ် ؓ သခင်၊ မုဂျာဟိဒ် (ရဟ) နှင့် ကသာဒဟ် (ရဟ) သခင်ကြီးတို့က အမိန့်ရှိထားသည်)

ကာမူးစ်ကျမ်း၌ يُهَيْمِنُ — هَيْمَنَ ၏ အဓိပ္ပာယ်မှာ 'ကြည့်ရှု၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း'ဟူ၍ လာရှိထားသည်။

اَلْعَزِيْزُ (အားအင်တောင့်တင်းခိုင်မာတော်မူ အသျှင်ဟူ၍ အဓိပ္ပာယ်ရ၏။) [၅၉ : ၂၃]

اَلْجَبَّارُ သည် جَبْرٌ ဟူသော စကားလုံးမှ ဆင်းသက်လာခြင်းလည်း ဖြစ်နိုင်၏။ 'ကျိုးနေသော အရိုးကို ပြန်ဆက်ခြင်း' ဟူ၍ အဓိပ္ပာယ်ရ၏။ ထို့ကြောင့် جبيرة သည် 'ကျိုးနေသော အရိုးကို ဆက်ပေးရန်အတွက် စည်းပေးထားရသော ပတ်တီး' ကို ခေါ်ဆိုပေသည်။ ထိုအဓိပ္ပာယ်ကို ထောက်ရှုကာ စကားလုံးတော်၏ အဓိပ္ပာယ်မှာ ထိုအသျှင်မြတ်သည် 'ပျက်စီးယိုယွင်းကာ ဆုံးရှုံး၍ အသုံးမဝင်သော အရာကို ပြုပြင်ပေးပြီး ပြန်လည်၍ ကောင်းမွန်အောင် ပြုပေးတော်မူသော အသျှင်' ဟူ၍ ဖြစ်သည်။

[မဇ္ဇဟရီကျမ်း]

اَلْمُتَكَبِّرُ (ဂုဏ်သိက္ခာကြီးကဲမြင့်မြတ်တော်မူသော အသျှင်။) [၅၉ : ၂၃]

تكبّر ဟူသော စကားလုံးမှ၊ တစ်ဖန် ၎င်းသည် كبرياء ဟူသော စကားလုံးမှ ဆင်းသက်လာခြင်း ဖြစ်ပေသည်။ အဓိပ္ပာယ်မှာ 'ဂုဏ်သိက္ခာကြီးကျယ်မြင့်မြတ်ခြင်း' ဟူ၍ ရ၏။ ကြီးကျယ်မြင့်မြတ်ခြင်းဟူသည် စင်စစ်၌ အလ္လာဟ်အသျှင်မြတ်အဖို့သာလျှင် သီးသန့်အထူး ဖြစ်ပေသည်။ အကြင်အသျှင်မြတ်သည် မည်သည့်အရာတစ်ခုကိုမဆို လိုလားတပ်မက်တော်မူသော အသျှင် မဟုတ်ပေ။ အကြင်သူသည် လိုလားတပ်မက်နေသည်ဆိုပါက ထိုသူသည် ဂုဏ်သိက္ခာ ကြီးကဲမြင့်မြတ်သောသူ မဖြစ်တန်ရာ။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်မှအပ အခြားသောသူတို့အဖို့ ဤစကားလုံးကို ခေါ်ဝေါ်သုံးစွဲခြင်းသည် အပြစ်ထိုက်စေပေသည်။ အဘယ်ကြောင့်ဆိုသော် စင်စစ်၌ ကြီးကျယ်၊ ဂုဏ်သိက္ခာမြင့်မြတ်မှု မရရှိသည့်ကြားကပင် ကြီးကျယ်ဂုဏ်သိက္ခာ မြင့်မြတ်ကြောင်း ကြွေးကြော်သူသည် လူလိမ်ဖြစ်သည်။ စင်စစ်၌ အားလုံးသော အရာများထက် အကြီးကျယ်၊ အမြင့်မြတ်ဆုံးဖြစ်ကာ လိုလားတောင့်တခြင်း ကင်းစင်တော်မူသော အသျှင်မြတ်၏ သီးသန့်ဂုဏ်တော် ၌ ဖက်စပ်ပါဝင်ကြောင်းကို ကြွေးကြော်ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် متكبّر ဟူသော စကားလုံးသည် အလ္လာဟ်အသျှင်မြတ်အတွက် သီးသန့်ဂုဏ်တော် ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်မှအပ အခြားသော သူတို့အဖို့ မှားယွင်းသော ကြွေးကြော်မှုပင် ဖြစ်သည်။

اَلْمُصَوِّرُ ၏ အဓိပ္ပာယ်သည် 'ပုံသဏ္ဌာန်ပြုလုပ်တော်မူသော အသျှင်မြတ်' ဟူ၍ ဖြစ်ပေသည်။ အလိုသဘောမှာ 'အဖန်ဆင်းခံများအားလုံးကို အလ္လာဟ်အသျှင်မြတ်သည် သီးသန့်အသွင်သဏ္ဌာန်ကို ချီးမြှင့် ပေးသနားထားတော်မူပေသည်။ ထိုကဲ့သို့ ချီးမြှင့် ပေးသနားထားတော်မူခြင်းကြောင့် ၎င်းအဖန်ဆင်းခံများသည် အခြားသော အဖန်ဆင်းခံများနှင့်မတူ တစ်မူထူး၊ ကွဲပြားစွာဖြင့် တည်ရှိနေပေသည်။ ကမ္ဘာလောကရှိ မိုးကောင်းကင်နှင့် ပထဝီမြေဆိုင်ရာ အဖန်ဆင်းခံအများစုကို သီးသန့်၊ သီးခြားသော ပုံပန်းသဏ္ဌာန်များကြောင့် သိရှိရပေသည်။ တစ်ဖန် ထိုအဖန်ဆင်းခံများအတွင်း၌ အသင်းအဖွဲ့များနှင့် အမျိုးအစားများကိုလည်း ခွဲပေးထားတော်မူကာ အသင်းအဖွဲ့တိုင်းနှင့် အမျိုးအစားတိုင်းကို သီးခြားသော သီးသန့် ပုံပန်းသဏ္ဌာန်တို့ကို ထားရှိစေထားခြင်း၊ လူသားတို့ အမျိုးအစားအတွင်း၌မှာပင် အမျိုးသား၊

အမျိုးသမီးဟူ၍ ပုံစံကို မတူဘဲ ထားရှိစေတော်မူခြင်း၊ တစ်ဖန် အမျိုးသားများအားလုံးနှင့် အမျိုးသမီးများအားလုံးတို့၏ ပုံပန်းသဏ္ဌာန်များအတွင်း၌ တစ်ဦးနှင့်တစ်ဦး ကြားတွင် 'ကမ္ဘာလောက၌ ပေါ်ပေါက်တည်ရှိလာသော သိန်းသန်းကုဋေပေါင်းများစွာသော လူသားတို့သည် တစ်ဦးနှင့်တစ်ဦး လုံး၀ မတူဘဲ၊ လုံး၀ ဆင်တူမှုကို မထားရှိစေဘဲ' ဟူသော ခွဲခြားသိမြင်နိုင်သည့် ပုံသဏ္ဌာန်များကို ချီးမြှင့်ပေးသနားထားတော်မူပေသည်။ ဤသို့ ပြည့်၀ စုံလင်လှစွာသော စွမ်းဆောင်နိုင်ခြင်းသည် အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်းအဖို့သာ ဖြစ်ပေသည်။ အကြင်အသျှင်မြတ်၏ ဇာတိတော်အတွင်း၌ အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ ဖက်စပ် ခ၀ပ်ကိုးကွယ်နိုင်ရန်အကြောင်း အလျဉ်းမရှိပြီ။ အလ္လာဟ်အသျှင်မြတ်မှအပ အခြားသော အရာများအတွက် ဂုဏ်သိက္ခာ ကြီးကျယ်ထူးကဲ မြင့်မြတ်မှု ထားရှိခြင်းသည် မပိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ထိုသို့ ဂုဏ်သိက္ခာ ထူးကဲမြင့်မြတ် ခြင်းသည် အလ္လာဟ်အသျှင်မြတ်အတွက်သာလျှင် ဖြစ်၍သာတည်း။ ထိုနည်းတူစွာ ပန်းချီ၊ ပုံပန်းသဏ္ဌာန် ပြုလုပ်ပေးခြင်းသည်လည်း အလ္လာဟ်အသျှင်မြတ်မှအပ အခြားသောသူတို့အဖို့ မပိုင်ပေ။ အကြောင်းမှာ ထိုသို့ ပြုလုပ်ခြင်းသည်လည်း အလ္လာဟ်အသျှင်မြတ်၏ သီးသန့်ဂုဏ်တော်အတွင်း၌ လက်တွေ့ကျကျပင် ဖက်စပ်ပါ၀င်ကြောင်းကို ကြွေးကြော်ခြင်းပင် ဖြစ်ပေသည်။

لَهُ الْاَسْمَآءُ الْحُسْنٰى

(ထိုအသျှင်မြတ်၌ ကောင်းမြတ်လှစွာသော နာမဂုဏ်တော်များ ရှိကုန်၏။) *[၅၉ : ၂၄]*

ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ ထိုဂုဏ်တော်များ၏ အရေအတွက်ကို သီးသန့် သတ်မှတ်ပေးထားတော်မမူပေ။ ခိုင်လုံသော ဟဒီးစ်တော်များအတွင်း၌ (၉၉) ပါးဟူ၍ ပြဆိုထားပေသည်။ သိရ်မဇီကျမ်း၏ ဟဒီးစ်တော်တစ်ရပ်၌ ဤဂုဏ်တော်များအားလုံးကို တင်ပြထားပေသည်။ ထို့ပြင် များစွာသော အာလင်မ်သာသနာ့ပညာရှင်များသည် 'အပ်စ်မာအုလ်ဟွစ်နား' နှင့် စပ်လျဉ်း၍ သီးသန့်စာအုပ်များကို ရေးသားခဲ့ကြပေသည်။ ကျွန်ုပ် (စာရေးသူ) သည်လည်း 'အပ်စ်မားအုလ်ဟွစ်နား' အမည်ဖြင့် စာစောင်ငယ်တစ်ရပ်ကို **مناجات مقبول** 'မုနာဂျာသေ့မပ်က်ဗူးလ်' ၏ အစ၌ ရေးသားရိုက်နှိပ် ထုတ်ဝေထားပေသည်။

يُسَبِّحُ لَهٗ مَا فِي السَّمٰوٰتِ وَالْاَرْضِ

(မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိသမျှတို့သည် ထိုအသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုလျက် ရှိကြကုန်၏။) *[၅၉ : ၂၄]*

ဤသို့ မိန့်မြွက်လျက် ရှိနေခြင်းသည် အမူအရာ ပုံပန်းသဏ္ဌာန်အရ မြွက်ဆိုခြင်း ဖြစ်ကြောင်းမှာ ထင်ရှားလှပေသည်။ အဘယ်ကြောင့်ဆိုသော် အဖန်ဆင်းခံများအားလုံးနှင့် ၎င်းတို့၏ အတွင်း၌ ထားရှိသော အံ့ဖွယ်ကောင်းလှသည့် ယန္တရားကြီးနှင့် ပုံစံများသည် အခြေအနေ၊ ပုံသဏ္ဌာန်အရ မိမိတို့အားဖန်ဆင်း ပေးသနားတော်မူသော အသျှင်မြတ်အား ချီးမွမ်းထောပနာပြုမှုအတွင်း၌ နစ်မွန်းနေပေသည်။ အမှန်တကယ် ရွတ်ဆိုခြင်းမျိုးလည်း ဖြစ်နိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် 'ကမ္ဘာလောကအတွင်း

အရာများအားလုံးကို မိမိတို့၏ အဆင့်အတန်း၊ အခြေအနေများနှင့် လျော်ညီစွာ ခံစားတွေးတော သိမြင်ခြင်း၏ ဦးနှောက်အသိဉာဏ်အား ချီးမြှင့်ထားတော်မူကြောင်း' ကို စီစစ်သုတေသနပြုပြီး ဖြစ်ပေသည်။ ထိုသို့ ချီးမြှင့်ပေးခြင်းခံရခြင်း၏ ကနဦးဆုံး လိုလားချက်မှာ မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်အား သိမြင်ခြင်းနှင့် ထိုအသျှင်မြတ်အား ကျေးဇူးတင်ရှိခြင်းပင် ဖြစ်ပေသည်။ ထို့ကြောင့် အရာတိုင်းသည် အမှန်တကယ်ပင် ရွတ်ဆိုပွားများမှု ပြုနေသည်ဆိုပါကလည်း ကျွန်ုပ်တို့၏ နားများဖြင့် မကြားနေရလင့်ကစား၊ တစ်စုံတစ်ရာ ခဲယဉ်း၊ ဝေးကွာလှစွာသော အချက်မဟုတ်ပေ။ ထို့ကြောင့်ပင် ကုရ်အာန်ကျမ်းတော်မြတ်၏ တစ်နေရာ၌

وَلٰكِنْ لَّا تَفْقَهُوْنَ تَسْبِيْحَهُمْ

(သို့ရာတွင် အသင်တို့မှာမူ ၎င်းတို့၏ ရွတ်ဆိုမှုကို နားမလည်ကြချေ။) *[၁၇ း ၄၄]*

ဟူ၍ မိန့်တော်မူထားပေသည်။

စူရာဟ်"ဟရှ်"၏ နောက်ဆုံး အာယသ်တော်များ၏ အကျိုးထူးနှင့် "ဖရ်ကသ်"များ

သီရ်မေဇီကျမ်း၌ ဟဇရသ်မအ်ကလ်ဗင်န်ယစားရ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ တမန်တော်မြတ် ﷺ သည် ဤသို့ အောက်ဖော်ပြပါအတိုင်း မိန့်တော်မူထားပေသည်။ အကြင်သူသည် နံနက်မိုးသောက်ယံအချိန်၌

اَعُوْذُ بِاللهِ السَّمِيْعِ الْعَلِيْمِ مِنَ الشَّيْطَانِ الرَّجِيْمِ

(အအူးဇုဗိစ်လ်လာဟိစ် စမီးအီးလ်အလီးမ် မိနရှ်ရှိုက်သွာနိရ်ရဂျီးမ်) ကို (၃) ကြိမ် ရွတ်ဆိုပြီး စူရာဟ်ဟရှ်၏ နောက်ဆုံးအာယသ်တော် (၃) ပိုဒ်ဖြစ်သော

هُوَاللهُ الَّذِىْ لَآ اِلٰهَ اِلَّاهُوَ

(ဟုဝလ်လာဟုလ်လဇီးလာအိလာဟ်အိလ်လာဟုဝ်) မှစ၍ စူရာဟ်အဆုံးထိတိုင် ဖတ်ရွတ်လိုက်မည်ဆိုပါက အလ္လာဟ်အသျှင်မြတ်သည် ကောင်းကင်တမန်တော်ပေါင်း (၇၀၀၀၀) ကို သတ်မှတ်ပေးတော်မူလိုက်ပေသည်။ ၎င်းကောင်းကင်တမန်များသည် ညနေအချိန်ထိတိုင် ၎င်းအတွက် 'ရဟ်မသ်'ကရုဏာတော်များ ရရှိစေရန် ဒိုအာပြုပေးလျက် ရှိနေပေမည်။ အကယ်၍ ထိုနေ့၌ ကွယ်လွန် သေဆုံးသွားပါမူ 'ရှဟာဒသ်' ('ရှဟီဒ်'ဖြစ်ခြင်း) ၏ သေခြင်းအဆင့်ကို ရရှိပေလိမ့်မည်။ အကြင်သူသည် ညနေအချိန်၌လည်း (၃) ကြိမ် ဖတ်ရွတ်မည်ဆိုပါကလည်း ဤအထက်ဖော်ပြပါ အဆင့်အတန်းမျိုးကိုပင် ရရှိပေလိမ့်မည်။ *[မဇ္ဇဟရီး]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရာဟ်မွမ်သဟိနဟ်

စစ်ဆေးခြင်းကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَتَّخِذُوْا عَدُوِّيْ وَعَدُوَّكُمْ اَوْلِيَآءَ تُلْقُوْنَ
اِلَيْهِمْ بِالْمَوَدَّةِ وَقَدْ كَفَرُوْا بِمَا جَآءَكُمْ مِّنَ الْحَقِّ ۚ يُخْرِجُوْنَ الرَّسُوْلَ
وَاِيَّاكُمْ اَنْ تُؤْمِنُوْا بِاللّٰهِ رَبِّكُمْ ۗ اِنْ كُنْتُمْ خَرَجْتُمْ جِهَادًا فِيْ سَبِيْلِيْ وَ
ابْتِغَآءَ مَرْضَاتِيْ ۖ تُسِرُّوْنَ اِلَيْهِمْ بِالْمَوَدَّةِ ۖ وَاَنَا اَعْلَمُ بِمَآ اَخْفَيْتُمْ وَمَآ
اَعْلَنْتُمْ ۗ وَمَنْ يَّفْعَلْهُ مِنْكُمْ فَقَدْ ضَلَّ سَوَآءَ السَّبِيْلِ ①

၆၀ : ၁ ။ ။ အို့, မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အကယ်၍ အသင်တို့သည် ငါအသျှင်မြတ်၏ လမ်းတော်၌ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း အလို့ငှာလည်းကောင်း၊ ငါအသျှင်မြတ်၏ နှစ်မြို့ကျေနပ်မှုကို ဆည်းပူးရန်အလို့ငှာလည်းကောင်း ထွက်ခဲ့ကြသည်ဖြစ်ပါမူ၊ အသင်တို့သည် ငါအသျှင်မြတ်၏ ရန်သူကိုလည်းကောင်း၊ မိမိတို့၏ ရန်သူကိုလည်းကောင်း အဆွေခင်ပွန်း မပြုကြကုန်လင့်။ အသင်တို့သည် ခင်မင်မှုကြောင့် ၎င်းတို့ထံ (လျှို့ဝှက်သတင်းကို) ပို့ကြကုန်၏။ အမှန်စင်စစ် ၎င်းတို့သည် အသင်တို့ထံ ရောက်ရှိလာသော အမှန်တရားကို ငြင်းပယ်ခဲ့ကြလေ၏။ ထိုသူတို့သည် ရစူလ်တမန်တော်မြတ်အား နှင်ထုတ်ခဲ့ကြသည်။ ၎င်းပြင် အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အသျှင်မြတ်အား သက်ဝင်ယုံကြည်ကြသောကြောင့်၊ ၎င်းတို့သည် အသင်တို့ကိုလည်း နှင်ထုတ်ခဲ့ကြလေ၏။ အသင်တို့သည် ခင်မင်မှုကြောင့် ၎င်းတို့ထံ လျှို့ဝှက် (သတင်းကို) ပို့ဆောင်သော်ငြားလည်း၊ ငါအသျှင်မြတ်မှာမူ အသင်တို့ လျှို့ဝှက်သမျှတို့ကိုလည်းကောင်း၊ အသင်တို့ ထင်ရှားစေသမျှတို့ကိုလည်းကောင်း အသိတော်မူဆုံးပင် ဖြစ်တော်မူ၏။ စင်စစ် အသင်တို့အနက် မည်သူမဆို ယင်းလျှို့ဝှက်သတင်း ပို့ဆောင်ခြင်းကို ကျူးလွန်ပါမူ၊ ထိုသူသည် ဧကန်မလွဲ ဖြောင့်မတ်သော လမ်းစဉ်မှ တိမ်းပါးလွဲချော်၍ သွားခဲ့လေပြီ။

إِنْ يَثْقَفُوكُمْ يَكُونُوا لَكُمْ أَعْدَاءً وَيَبْسُطُوا إِلَيْكُمْ أَيْدِيَهُمْ وَأَلْسِنَتَهُمْ
بِالسُّوءِ وَوَدُّوا لَوْ تَكْفُرُونَ ﴿٢﴾

၆၀ : ၂ ။ ။ အကယ်၍ ၎င်းတို့သည် အသင်တို့အပေါ်၌ အရေးသာခဲ့ကြလျှင် အသင်တို့၏ ရန်သူဖြစ်ကြောင်းကိုသာ ပေါ်လွင်စေကြသည့်အပြင် မိမိတို့၏ လက်များဖြင့်လည်းကောင်း၊ မိမိတို့၏ နှုတ်လျှာများဖြင့်လည်းကောင်း အသင်တို့အား ဒုက္ခပေးကြမည်သာ (ဖြစ်၏။) ထို့ပြင် ၎င်းတို့သည် အသင်တို့ ကာဖိရ်သွေဖည်ငြင်းပယ်သူများ ဖြစ်ကြရန်ကိုလည်း လိုလားလျက် တောင့်တကြပေသည်။

لَنْ تَنْفَعَكُمْ أَرْحَامُكُمْ وَلَا أَوْلَادُكُمْ ۚ
يَوْمَ الْقِيَامَةِ ۚ يَفْصِلُ بَيْنَكُمْ ۚ وَاللَّهُ بِمَا تَعْمَلُونَ بَصِيرٌ ﴿٣﴾

၆၀ : ၃ ။ ။ အသင်တို့၏ ဆွေမျိုးနီးစပ်မှုတို့သည်လည်းကောင်း၊ အသင်တို့၏ သားသမီးတို့သည်လည်းကောင်း 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တွင် အသင်တို့အား အလျဉ်း အကျိုးပေးကြမည်မဟုတ်ပေ။ ထိုအသျှင်မြတ်သည် အသင်တို့၏ ကြားဝယ် စီရင်ဆုံးဖြတ်တော်မူမည် ဖြစ်၏။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ကျင့်မူသမျှတို့ကို အကြွင်းမဲ့ သိမြင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

قَدْ كَانَتْ لَكُمْ أُسْوَةٌ حَسَنَةٌ فِي إِبْرَاهِيمَ وَالَّذِينَ مَعَهُ إِذْ قَالُوا لِقَوْمِهِمْ إِنَّا
بُرَآءُ مِنْكُمْ وَمِمَّا تَعْبُدُونَ مِنْ دُونِ اللَّهِ كَفَرْنَا بِكُمْ وَبَدَا بَيْنَنَا
وَبَيْنَكُمُ الْعَدَاوَةُ وَالْبَغْضَاءُ أَبَدًا حَتَّىٰ تُؤْمِنُوا بِاللَّهِ وَحْدَهُ إِلَّا
قَوْلَ إِبْرَاهِيمَ لِأَبِيهِ لَأَسْتَغْفِرَنَّ لَكَ وَمَا أَمْلِكُ لَكَ مِنَ اللَّهِ
مِنْ شَيْءٍ ۖ رَبَّنَا عَلَيْكَ تَوَكَّلْنَا وَإِلَيْكَ أَنَبْنَا وَإِلَيْكَ الْمَصِيرُ ﴿٤﴾

၆၀ : ၄ ။ ။ ဧကန်အမှန် အသင်တို့အဖို့ (နဗီတမန်တော်) အိဗ်ရာဟီးမ်၌လည်းကောင်း၊ ၎င်း (နဗီတမန်တော် အိဗ်ရာဟီးမ်) နှင့်အတူ ရှိခဲ့ကြသောသူတို့၌လည်းကောင်း မွန်မြတ်လှစွာသော စံနမူနာသည် ရှိပေသည်။ တစ်ရံရောအခါ ၎င်းတို့သည် မိမိတို့၏ အမျိုးသားတို့အား (ဤသို့) ပြောကြားခဲ့ကြကုန်၏။ 'ဧကန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့နှင့်လည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်အပြင် အသင်တို့ ဆည်းကပ်ကိုးကွယ်ကြသော အရာများနှင့်လည်းကောင်း မပတ်သက်သူများပင် ဖြစ်ကြ၏။ ကျွန်ုပ်တို့သည် အသင်တို့အား ငြင်းပယ်လိုက်ကြပြီ။ အသင်တို့သည် တစ်ဆူတည်းသော အလ္လာဟ်အသျှင်မြတ်အား မယုံကြည်သမျှ ကာလပတ်လုံး ကျွန်ုပ်တို့နှင့် အသင်တို့၏ အကြား၌ ရန်ငြိုးသည်လည်းကောင်း၊ မုန်းတီးမှုသည်လည်းကောင်း အမြဲမပြတ် ဖြစ်ပေါ်လျက် ရှိနေမည်သာ (ဖြစ်၏။) သို့ရာတွင် (နဗီတမန်တော်အိဗ်ရာဟီးမ်သည်) မိမိ၏ ဖခင်အား မုချဧကန် ကျွန်ုပ်သည် အသင့်အဖို့ လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားမည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ်

အသင်နှင့် ပတ်သက်၍ ကျွန်ုပ် တစ်စုံတစ်ရာမျှပင် အခွင့်အာဏာ ပိုင်ဆိုင်ခြင်း မရှိပြီ'ဟူသော (နဗီတမန်တော်) အီဗ်ရာဟီးမ်၏ ပြောဆို (ကတိပြု) ချက်မှအပ (ယင်းအချက်ကိုမူ အသင်တို့သည် လိုက်နာခြင်း မပြုကြရ။) အို, ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ ကျွန်တော်မျိုးတို့သည် အသျှင်မြတ်အပေါ်၌သာလျှင် ယုံပုံလွှဲအပ်ကြပါပြီ။ ၎င်းပြင် ကျွန်တော်မျိုးတို့သည် အသျှင်မြတ်ဘက်သို့သာလျှင် ပြန်လှည့်ကြပါပြီ။ ထို့ပြင် နောက်ဆုံး ပြန်လည်ရာစခန်းမှာ အသျှင်မြတ်၏ ထံတော်တွင်ပင် ဖြစ်ပါသည်။'

رَبَّنَا لَا تَجْعَلْنَا فِتْنَةً لِّلَّذِينَ كَفَرُوا وَاغْفِرْ لَنَا رَبَّنَا ۖ إِنَّكَ أَنتَ الْعَزِيزُ الْحَكِيمُ ⑤

၆၀ : ၅ ။ ။ 'အို, ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးအား ကာဖိရ်သွေဖည်ငြင်းပယ်သူတို့၏ ဖိစီးနှိပ်စက်မှု ခံကြရသောသူများ ပြုလုပ်တော်မမူပါနှင့်၊ ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးတို့ (၏ ပြစ်မှုဒုစရိုက်များ) ကို ခွင့်လွှတ်ချမ်းသာပေးတော်မူပါ။ အို, ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ စင်စစ်မလွဲ အသျှင်မြတ်သည်သာလျှင် အလွန်တရာ ခံ့ညားတော်မူသော အသျှင်၊ သိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပါ၏။'

لَقَدْ كَانَ لَكُمْ فِيهِمْ أُسْوَةٌ حَسَنَةٌ لِّمَن كَانَ
يَرْجُو اللَّهَ وَالْيَوْمَ الْآخِرَ ۚ وَمَن يَتَوَلَّ فَإِنَّ اللَّهَ هُوَ الْغَنِيُّ الْحَمِيدُ ⑥

၆၀ : ၆ ။ ။ စင်စစ်မလွဲ အသင်တို့အဖို့ (တစ်နည်း) အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ နောက်ဆုံးနေ့အားလည်းကောင်း ယုံကြည်သူတို့၏အဖို့ ၎င်း (ဆိုခဲ့ပြီး ထိုပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်) တို့၌ မွန်မြတ်လှစွာသော စံနမူနာသည် ရှိ၏။ သို့ရာတွင် မည်သူမဆို မျက်နှာလွှဲ၍ ထွက်သွားကြသည်ရှိသော်၊ စင်စစ်မလွဲ အလ္လာဟ်အသျှင်မြတ်မှာမူ လိုလားတောင့်တမှု ကင်းမဲ့တော်မူသော အသျှင်၊ ချီးမွမ်းအပ်သော ဂုဏ်ထူး ဝိသေသအပေါင်းနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို, မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အကယ်၍ အသင်တို့သည် ငါအသျှင်မြတ်၏ လမ်းတော်၌ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့ခြင်း အလို့ငှာလည်းကောင်း၊ ငါအသျှင်မြတ်၏ နှစ်မြို့ကျေနပ်မှုကို ဆည်းပူးရန် အလို့ငှာလည်းကောင်း (မိမိတို့၏ အိမ်များမှ) ထွက်ခဲ့ကြသည်ဖြစ်ပါမူ၊ အသင်တို့သည် ငါအသျှင်မြတ်၏ ရန်သူကိုလည်းကောင်း၊ မိမိတို့၏ ရန်သူကိုလည်းကောင်း အဆွေခင်ပွန်း မပြုကြကုန်လင့်။ (ကာဖိရ်များနှင့် အဆွေခင်ပွန်းဖွဲ့ခြင်းသည် ကာဖိရ်များ၏ ကျေနပ်နှစ်မြို့မှုကို ရယူရန် သောကထားခြင်း မည်၏။ ဤသည့် အချက်သည် အလ္လာဟ်အသျှင်မြတ်၏ သဘောတူ ကျေနပ်နှစ်မြို့မှုနှင့် ထိုအသျှင်မြတ်၏ ကျေနပ်နှစ်မြို့မှု ရရန်အတွက် ပြုသင့်သော ပြုမူဆောင်ရွက်ချက်တို့နှင့် ဆန့်ကျင်သော အချက် ဖြစ်နေပေသည်။) အသင်တို့သည် ခင်မင်မှုကြောင့် ၎င်းတို့ထံ (လျှို့ဝှက်သတင်းကို) ပို့ကြကုန်

၏။ (ဆိုလိုသည်မှာ ပထမအချက်အနေဖြင့်မူ ခင်မင်ရင်းနှီးမှု ထားရှိခြင်းသည်ပင်လျှင် မကောင်းသော အချက် ဖြစ်ပေသည်။ တစ်ဖန် ပုန်းလျှိုးကွယ်လျှိုး သတင်းပေးပို့ခြင်းသည် ၎င်းတို့နှင့် သီးသန့် ဆက်နွယ် ပတ်သက်နေခြင်း၏ လက္ခဏာပင် ဖြစ်ပေသည်။ ဤသည် သာ၍ ဆိုးရွားလှစွာသော အချက်ဖြစ်ပေသည်။ နှလုံးသားအတွင်းမှ အူလှိုက်သည်းလှိုက် မခင်မင်ပါကလည်း ဤသို့ ခင်မင်ဟန်ဆက်ဆံမှုကိုလည်း မပြု ကြကုန်လင့်။)

အမှန်စင်စစ် ၎င်းတို့သည် အသင်တို့ထံ ရောက်ရှိလာသော အမှန်တရားကို ငြင်းပယ်ခဲ့ကြလေ ၏။ (ယင်းကဲ့သို့ ငြင်းပယ်ခဲ့ခြင်းကြောင့် ၎င်းတို့မှာ အလ္လာဟ်အသျှင်မြတ်၏ ရန်သူများ ဖြစ်ကြောင်းကို သိရှိရပေသည်။ ၎င်းအချက်ကို အာယသ်တော်၏ စကားလုံးအတွင်းဝယ် عَدُوِّى (ငါအသျှင်မြတ်၏ ရန်သူ) ဟူ၍ တင်ပြထားပေသည်။) ထိုသူတို့သည် ရစူလ်တမန်တော်မြတ် ﷺ အား နှင်ထုတ်ခဲ့ကြသည်။ ၎င်းပြင် အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အသျှင်မြတ်အား သက်ဝင် ယုံကြည်ကြသောကြောင့်၊ ၎င်းတို့သည် အသင်တို့ကိုလည်း နှင်ထုတ်ခဲ့ကြလေ၏။ (ဤသည် عَدُوَّكُمْ (အသင်တို့၏ ရန်သူ) ဖြစ်ကြောင်းကို တင်ပြထားခြင်း ဖြစ်ပေသည်။ ဆိုလိုသည်မှာ ၎င်းတို့သည် အလ္လာဟ် အသျှင်မြတ်၏ ရန်သူဖြစ်ရုံသာမက အသင်တို့၏ ရန်သူလည်း ဖြစ်ကြကုန်၏။ အချုပ်ဆိုရသော် ဤကဲ့ သို့သော သူများနှင့် အဆွေခင်ပွန်း မဖွဲ့ကြကုန်နှင့်။) အသင်တို့သည် ခင်မင်မှုကြောင့် ၎င်းတို့ထံ လျှို့ဝှက် သတင်းကို ပို့ဆောင်သော်ငြားလည်း ငါအသျှင်မြတ်မှာမူ အသင်တို့ လျှို့ဝှက်သမျှတို့ကိုလည်းကောင်း၊ အသင်တို့ ထင်ရှားစေသမျှတို့ကိုလည်းကောင်း အသိတော်မူဆုံးပင် ဖြစ်တော်မူ၏။ (ဆိုလိုသည်မှာ တင်ပြပါ အခြားသော အဟန့်အတားဖြစ်စေသည့် အချက်များနည်းတူ အလ္လာဟ်အသျှင်မြတ်သည် အရာတိုင်းကို သိနားလည်တော်မူသော အသျှင်မြတ်ဖြစ်ခြင်း' ဟူသော အချက်သည်လည်း ၎င်းတို့နှင့် အဆွေခင်ပွန်းဖွဲ့ ခြင်းအား အဟန့်အတား ဖြစ်စေသင့်သောအချက် ဖြစ်ပေသည်။) စင်စစ် (ရှေ့၌ ထိုသို့ အဆွေခင်ပွန်းဖွဲ့ ခြင်းအား ခြိမ်းခြောက်မှု ပြုထားတော်မူသည်မှာ) အသင်တို့ အနက် မည်သူမဆို ယင်းလျှို့ဝှက်သတင်း ကို ပို့ဆောင်ခြင်းကို ကျူးလွန်ပါမူ၊ ထိုသူသည် ဧကန်မလွဲ ဖြောင့်မတ်သော လမ်းစဉ်မှ တိမ်းပါးလွဲချော်၍ သွားခဲ့လေပြီ။ (လမ်းလွဲလမ်းမှားသော သူတို့၏ အချုပ်ဇာတ်သိမ်းကိုမူ သိရှိကြပြီး ဖြစ်ပေသည်။)

(ရှေ့၌ ထိုကာဖိရ်များ၏ ရန်ငြိုးထားခြင်းအကြောင်းကို တင်ပြထားပေသည်။ ၎င်းကာဖိရ်တို့သည် အသင်တို့အဖို့ ဤမျှခန့် ပြင်းထန်ခက်ထန်သော ရန်သူများ ဖြစ်၏။) အကယ်၍ ၎င်းတို့သည် အသင်တို့ အပေါ်၌ အရေးသာခဲ့ကြလျှင် (ချက်ချင်း) အသင်တို့၏ ရန်သူဖြစ်ကြောင်းကိုသာ ပေါ်လွင်စေကြသည့်အပြင် (၎င်းတို့၏ ရန်လိုမှုမှာ) မိမိတို့၏ လက်များဖြင့်လည်းကောင်း၊ မိမိတို့၏ နှုတ်လျှာ များဖြင့်လည်းကောင်း အသင်တို့အား (အကျိုးယုတ်နစ်နာစေရန်) ဒုက္ခပေးကြမည်သာ (ဖြစ်၏။ ဤသည် လောကီ ရေးရာ၏ ဒုက္ခပေးမှုဖြစ်ပေသည်။ သာသနာရေးဆိုင်ရာ ဒုက္ခပေး အကျိုးယုတ်နစ်နာစေမှုမှာ) ထို့ပြင် ၎င်းတို့သည် အသင်တို့ ကာဖိရ် သွေဖည်ငြင်းပယ်သူများ ဖြစ်ကြရန်ကိုလည်း လိုလားတောင့်တလျက် ရှိကြပေသည်။ (သို့ရှိရာ ဤသို့သော လူတန်းစားတို့သည် အဘယ်မှာလျှင် အဆွေခင်ပွန်းဖြစ်နိုင်အံ့နည်း။)

(အကယ်၍ အသင်တို့သည် အဆွေခင်ပွန်းဖွဲ့ခြင်းနှင့် စပ်လျဉ်း၍ မိမိတို့၏ အိမ်သူ၊ အိမ်သားများကို ဂရုစိုက် ထောက်ထားနေရပါမူ၊ ကောင်းစွာ မှတ်သားထားကုန်။) အသင်တို့၏ ဆွေမျိုးနီးစပ်မှုတို့သည် လည်းကောင်း၊ အသင်တို့၏ သားသမီးတို့သည်လည်းကောင်း 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တွင် အသင်တို့အား (အနည်းငယ်မျှပင်) အလျဉ်း အကျိုးပေးကြမည်မဟုတ်ပေ။ ထိုအသျှင်မြတ်သည် (ပင်လျှင်) အသင်တို့၏ အကြား၌ စီရင်ဆုံးဖြတ်တော်မူမည် ဖြစ်၏။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ကျင့်မူသမျှတို့ကို အကြွင်းမဲ့ သိမြင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ (သို့ရှိရာ ကျင့်ကြံမှုတိုင်းအား တိတိကျကျ ဆုံးဖြတ်ပေးတော်မူပေလိမ့်မည်။ သို့ဆိုလျှင် အကယ်၍ အသင်တို့၏ ကျင့်ကြံပြုမူဆောင်ရွက်ချက်သည် ပြစ်ဒဏ်ထိုက်ဖွယ်ဖြစ်လာလျှင်မူ ထိုပြစ်ဒဏ်အား အသင်တို့၏ သားသမီးများနှင့် ဆွေမျိုးသားချင်းများသည် ဖယ်ရှားပေးနိုင်မည် မဟုတ်ပေ။ တစ်ဖန် ၎င်းတို့အား ထောက်ထားမှုပြုရန် အလ္လာဟ်အသျှင်မြတ်၏ အမိန့်အား ဆန့်ကျင်ပြုလုပ်ခြင်းသည် အလွန် ရှုတ်ချဖွယ်ကောင်းသော အမှုကိစ္စ ဖြစ်ပေသည်။ ထိုအချက်မှ ဉစ္စာပစ္စည်းတို့သည် ဂရုစိုက်သင့်သော အရာမဟုတ်ကြောင်းမှာ သာပို၍ပင် ရှင်းလင်းသွားပေသည်။)

(ရှေ့၌ တင်ပြပါ အမိန့်အပေါ် တပ်မက်စွာဖြင့် ကျင့်ကြံမှုပြုရန် လှုံ့ဆော်ရာ၌ ဟဇရတ်အိဗ်ရာဟီးမ် ﷺ ၏ ဖြစ်အင်ကို တင်ပြထားပေသည်။) စေကန်အမှန် အသင်တို့အဖို့ (နဗီတမန်တော်) အီဗ်ရာဟီးမ်၌ ၎င်း (အီမာန်နှင့် နာခံမှုအရာ၌) ထိုနဗီတမန်တော်အီဗ်ရာဟီးမ် ﷺ နှင့်အတူ ရှိခဲ့ကြသော သူတို့၌လည်းကောင်း မွန်မြတ်လှစွာသော စံနမူနာသည် ရှိပေသည်။ (ဆိုလိုသည်မှာ ဟဇရတ်အီဗ်ရာဟီးမ် ﷺ နှင့် ၎င်း၏ နောက်လိုက်သမှုပြုသော သူတို့သည် ကာဖိရ်များနှင့် မည်သို့ ဆက်ဆံခဲ့ပေသနည်း။ ထိုပုံစံမျိုး အသင်တို့အနေနှင့်လည်း ပြုသင့်ပေသည်ဟူ၏။) တစ်ရံရောအခါ ၎င်းတို့သည် (မကြာခဏဆိုသလို အကြိမ်ကြိမ်ပင်) မိမိတို့၏ အမျိုးသားတို့အား (ဤသို့) ပြောကြားခဲ့ကြကုန်၏။ 'စေကန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့နှင့်လည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်အပြင် အသင်တို့ ဆည်းကပ်ကိုးကွယ်ကြသော အရာများနှင့်လည်းကောင်း မပတ်သက်သူများပင် ဖြစ်ကြ၏။ (မကြာခဏဆိုသလို အကြိမ်ကြိမ်ပင်ဟူ၍ ဖွင့်ဆိုတင်ပြရခြင်းမှာ ဟဇရတ်အီဗ်ရာဟီးမ် ﷺ သည် ကနဦးပိုင်း၌ ဤစကားကို မိမိ၏ မျိုးနွယ်အုပ်စုအား ပြောကြားချိန်တွင်မူ တစ်ဦးတည်း ဖြစ်ပါသော်လည်း နဗီတမန်တော်ကြီး၏ ပြောကြားချက်ကို လက်ခံခဲ့ကြသော လူများ တစ်စတစ်စ များပြားလာသည်နှင့်အမျှ အားလုံးတို့သည် ကာဖိရ်များနှင့် အပြောအဆိုအရာ၌သော်လည်းကောင်း၊ လုပ်ရပ်အရဖြင့်သော်လည်းကောင်း အဆက်အသွယ် ဖြတ်တောက်ထားခဲ့ကြ၍ ဖြစ်ပေသည်။ ရှေ့၌ ၎င်းတို့နှင့် မပတ်သက်ကြောင်းကို တင်ပြထားပေသည်။)

ကျွန်ုပ်တို့သည် အသင်တို့အား (ကာဖိရ်များနှင့် ၎င်းတို့ ခဝပ်ကိုးကွယ်လျက် ရှိနေသော အရာများကို) ငြင်းပယ်လိုက်ကြပြီ။ (ဆိုလိုသည်မှာ အသင်တို့၏ ယုံကြည်ချက်များနှင့် ခဝပ်ကိုးကွယ်နေသော ခဝပ်ကိုးကွယ်မှုအား မယုံကြည်လက်မခံ ငြင်းဆိုသောသူများသာ ဖြစ်ပေသည်ဟူ၏။ ဤသည် ယုံကြည်ချက်ပိုင်းဆိုင်ရာကို ထောက်ရှု၍ မပတ်သက်ကြောင်းကို တင်ပြထားခြင်းဖြစ်သည်။ ရှေ့၌ ကူးလူးဆက်ဆံ

မှုအရလည်း မပတ်သက်ကြောင်း၊ ဆန့်ကျင်ကြောင်းကို တင်ပြထားပေသည်။) အသင်တို့သည် တစ်ဆူတည်းသော အလ္လာဟ်အသျှင်မြတ်အား မယုံကြည်သမျှ ကာလပတ်လုံး ကျွန်ုပ်တို့နှင့် အသင်တို့၏ အကြား၌ ရန်ငြိုးသည်လည်းကောင်း၊ မုန်းတီးမှုသည်လည်းကောင်း အမြဲမပြတ် (သာပို) ဖြစ်ပေါ်လျက် ရှိနေမည်သာ (ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ရန်ငြိုးမုန်းတီးမှု၏ မူတည်ချက်သည် ယုံကြည်ချက်ပိုင်းဆိုင်ရာကဏ္ဍ၌ မတူညီ ကွဲပြားနေခြင်းကြောင့် ဖြစ်ပေသည်။ ယခု ထိုအချက်အား ထပ်မံ၍ ကြေညာလိုက်ပြီးဖြစ်ရာ ရန်ငြိုးမုန်းတီးမှုသည် သာပို၍ ပေါ်လွင်ကြီးထွားလာပြီး **عداوت** ရန်ငြိုးမှုနှင့် **بغض** မုန်းတီးမှုတရားသည် နီးကပ်လှပေသည်။ ထိုစကားလုံးနှစ်လုံးအား တွဲကာ ပေါင်း၍ တင်ပြထားခြင်းသည် လေးနက်စေရန်အတွက် ဖြစ်ပေသည်။ ဤမုန်းတီးမှုတရားသည် ကျွန်ုပ်တို့အဖို့ အသင်တို့ဖြင့် အမြဲတည်ရှိနေပေလိမ့်မည်ဟူ၍ ပြဆိုရန် ဖြစ်ပေသည်။ အချုပ်ဆိုရသော် တမန်တော်အီဗ်ရာဟီးမ် عليه السلام နှင့် ၎င်း၏ နောက်လိုက်များသည် ကာဖိရ်များအား ရှင်းလင်းပြတ်သားစွာ အဆက်အသွယ် ဖြတ်တောက်လိုက်ပေသည်။)

သို့ရာတွင် (နဗီတမန်တော်အီဗ်ရာဟီးမ်သည်) မိမိ၏ ဖခင်အား 'မုချဧကန် ကျွန်ုပ်သည် အသင့်အဖို့ လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားမည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ် (လွတ်ငြိမ်းချမ်းသာခွင့်ကို တောင်းခံပေးခြင်းထက် သာပို၍) အသင်နှင့် ပတ်သက်၍ ကျွန်ုပ် တစ်စုံတစ်ရာမျှပင် အခွင့်အာဏာ ပိုင်ဆိုင်ခြင်း မရှိပြီ' ဟူသော (နဗီတမန်တော်) အီဗ်ရာဟီးမ်၏ ပြောဆို (ကတိပြု) ချက်မှအပ (ယင်းအချက်ကိုမူ အသင်တို့သည် လိုက်နာခြင်း မပြုကြရ။) တောင်းဆုဒိုအာကို လက်ခံစေခြင်း၊ (သို့မဟုတ်) အီမာန်ကို မရယူထားသည့် ကြားကပင် ပြစ်ဒဏ်မှ ကယ်တင်ပေးခြင်း မပြုနိုင်ပြီ။ ယင်းတောင်းဆိုမှုမှ ပြင်ပသဏ္ဍာန်အားဖြင့် ရှုမြင်သုံးသပ်မည်ဆိုလျှင် ဖခင်အား ချစ်ကျွမ်းဝင်ခြင်း၏ နိမိတ်သဘောကို ဆောင်နေပေသည်။ အလိုသဘောမှာ ဤသို့တည်း။ ဟဇရသ်အီဗ်ရာဟီးမ် عليه السلام ပြောဆိုခဲ့သော စကားနှင့် စပ်လျဉ်း၍ အသင်တို့အနက်မှ အချို့သော သူတို့သည် ယေဘုယျအားဖြင့် အလုံးစုံသော လွတ်ငြိမ်းချမ်းသာခွင့် တောင်းဆိုပေးခြင်း ဟူ၍ မှတ်ယူသဘောပေါက်ထားကြပေသည်။ တစ်ကယ်တန်းဆိုလျှင် ဤနေရာ၌ လွတ်ငြိမ်းချမ်းသာခွင့် တောင်းဆိုခြင်းသည် အခြားအဓိပ္ပာယ်တစ်ခုအရ ဖြစ်ပေသည်။ ၎င်းမှာ မိမိ၏ ဖခင်အတွက် 'အီမာန်ရရှိကာ ပလပ်ခွင့်ရရှိခြင်းကို ခံထိုက်သူဖြစ်သွားစေရန်' ဒိုအာ တောင်းပေးခြင်း ဖြစ်ပေသည်။ ယင်းဆောင်ရွက်ချက်ကို အားလုံးသော သူတို့အဖို့ ပြုပိုင်ခွင့်ကို ပေးထားပေသည်။ အမှန်စင်စစ်၌ ဤအချက်သည် အဆက်ဖြတ်တောက်ခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သော အချက်လည်း မဟုတ်ပေ။ သို့ရာတွင် အပေါ်ယံပတ်သက်မှုနှင့် လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံပေးမှုကို အပေါ်ယံအဓိပ္ပာယ်ကို ကောက်ယူခြင်းကို ထောက်ရှု၍ ပုံစံအရ ယင်းအချက်အား ချွင်းချက်အဖြစ် ပြုထားခြင်း ဖြစ်ပေသည်။ ဤစကားရပ်ကိုမူ ဟဇရသ်အီဗ်ရာဟီးမ် عليه السلام သည် မိမိ၏ မျိုးနွယ်အုပ်စုအား ပြောဆိုခဲ့ပေသည်။ ရှေ့၌ ထိုနဗီကြီး တောင်းဆိုတော်မူသော ဒိုအာ၏ စာစဉ်အကြောင်းအရာ လာရှိထားပေသည်။

(ဆိုလိုသည်မှာ ကာဖိရ်များဖြင့် အဆက်အသွယ်ဖြတ်တောက်မှုကို ပြု၍ ၎င်းသည် ယင်းအချက်နှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ လျှောက်ထားတော်မူသည်မှာ) အို, ကျွန်တော်မျိုးတို့

အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ ကျွန်တော်မျိုးတို့သည် (ကာဖိရ်တို့ဖြင့် မပတ်သက်မှုနှင့် ရန်ငြိုးမုန်းတီးမှု ထားရှိခြင်း၏ အမှုကိစ္စ၌) အသျှင်မြတ်အပေါ်၌သာလျှင် ယုံပုံလွှဲအပ်ကြပါပြီ။ (အသျှင်မြတ်သည်သာလျှင် ကျွန်ုပ်တို့၏ အရေးကိစ္စများနှင့် အခက်အခဲ အလုံးစုံတို့အား တာဝန်ခံတော်မူ၍ ရန်သူတို့၏ ဘေးဒုက္ခပေးခြင်းတို့မှ စောင့်ရှောက်တော်မူရန် ဖြစ်သည်။ ထို့ပြင် အီမာန်ရယူရာ၌လည်း) ကျွန်တော်မျိုးတို့သည် အသျှင်မြတ်ဘက်သို့သာလျှင် ပြန်လှည့်ကြပါပြီ။ ထို့ပြင် (ကျွန်ုပ်တို့ ယုံကြည်ထားကြသော အချက်မှာ အားလုံးသောသူတို့၏) နောက်ဆုံး ပြန်လည်ရာစခန်းမှာ အသျှင်မြတ်၏ ထံတော်တွင်ပင် ဖြစ်ပါသည်။' (သို့ရှိရာ ထိုယုံကြည်မှုအတွက်ကြောင့် ကျွန်ုပ်တို့ ကာဖိရ်များဖြင့် မပတ်သက်ကြောင်း ကြေညာခြင်းမှာ စိတ်စေတနာဖြူစင်မှုသက်သက်ဖြင့် ပြုခဲ့ခြင်း ဖြစ်ပေသည်။ ထိုအမှုကိစ္စ၌ လောကီရေးရာ၏ တပ်မက်မှုတစ်စုံတစ်ရာမျှ မရှိပေ။ ထိုသို့ ပြုရခြင်း၏ ရည်ရွယ်ချက်မှာ ကြွားဝါရန်အတွက်လည်း မဟုတ်ဘဲ အခြေအနေကို တင်ပြကာ လျှောက်ထားအသနားခံခြင်းပင် ဖြစ်ပေသည်။)

'အို့, ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးအား ကာဖိရ်သွေဖည်ငြင်းပယ်သူတို့၏ ဖိစီးနှိပ်စက်မှု ခံကြရသောသူများအဖြစ် ပြုလုပ်တော်မမူပါနှင့်။ (ဆိုလိုသည်မှာ ထိုမပတ်သက်မှုကြောင့် ကျွန်ုပ်တို့အပေါ် ဤကာဖိရ်တို့ဘက်မှ ညှဉ်းပန်းနှိပ်စက်မှုကို ပြုစေတော်မမူပါနှင့်။) ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးတို့ (၏ ပြစ်မှုဒုစရိုက်များ) ကို ခွင့်လွှတ်ချမ်းသာပေးတော်မူပါ။' အို့, ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ ဧကန်မလွဲ အသျှင်မြတ်သည်သာလျှင် အလွန်တရာ ခံ့ညားတော်မူသော အသျှင်၊ သိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပါ၏။' (နည်းအမျိုးမျိုးဖြင့် အသျှင်မြတ်အဖို့ ချီးမွမ်းဆောင်နိုင်မှု ရှိပေသည်)

ဧကန်မလွဲ အသင်တို့အဖို့ (တစ်နည်း) အလ္လာဟ်အသျှင်မြတ် (၏ ရှေ့တော်မှောက်သို့ သွားရောက်ရန်ကို) အားလည်းကောင်း၊ နောက်ဆုံးနေ့ ('ကေယာမသ်' ရောက်ရှိလာမည်) ကိုသော်လည်းကောင်း ယုံကြည်သူတို့၏အဖို့ ၎င်း (ဆိုခဲ့ပြီး ထိုပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်များ ဖြစ်ကြသော ဟဇရသ်အီဗ်ရာဟီးမ် عليه السلام ၏ စံနမူနာကို နောက်လိုက်သမှုပြုရန် လိုလားလျက် ရှိနေပေသည်။)

(ရှေ့၌ အခြားသော နည်းတစ်ရပ်ဖြင့် ခြိမ်းခြောက်ထားတော်မူပေသည်။ ဤသည် ထက်အလျင်

وَمَن يَفْعَلْهُ (စင်စစ် မည်သူမဆို ယင်းလျှို့ဝှက်သတင်းပို့ဆောင်ခြင်းကို ကျူးလွန်ပါမူ။)/ *၆၀ : ၁* /

ဟူသော အာယသ်တော်၌ ခြိမ်းခြောက်မှုတစ်ရပ်သည် လွန်ခဲ့ပြီးဖြစ်ပေသည်။)

သို့ရာတွင် မည်သူမဆို (ထိုအမိန့်တော်မှ) မျက်နှာလွှဲ၍ ထွက်သွားကြသည်ရှိသော်၊ ဧကန်မလွဲ (၎င်းအဖို့သာ ဆုံးရှုံးမှု ရှိပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော်) အလ္လာဟ်အသျှင်မြတ်မှာမူ လိုလား တောင့်တမှု ကင်းမဲ့တော်မူသော (ပြည့်စုံ ကုံလုံလှစွာသော ဂုဏ်ရည်များ အလုံးစုံ ရှိနေခြင်းကြောင့်) ချီးမွမ်းအပ်သော ဂုဏ်ထူးဝိသေသအပေါင်းနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ

ဤစူရာဟ်တော်၏ ပဌမပိုင်းကဏ္ဍသည် ကာဖိရ်၊ မုရှ်ရစ်က်တို့ဖြင့် အဆွေခင်ပွန်းဖွဲ့ခြင်း 'ဟရာမ်' ဖြစ်ကြောင်းနှင့် တားမြစ်ချက်ရှိသော ကိစ္စဖြစ်ကြောင်းကို တင်ပြရာ၌ ပိတ်ပင် ကျရောက်ခဲ့ပေသည်။ ထိုအာယသ်တော်များ ကျရောက်လာရခြင်း၏ သီးသန့် ဖြစ်အင်တစ်ရပ် ရှိပေသည်။

အာယသ်တော် ကျရောက်လာရခြင်း၏ ကျောထောက်နောက်ခံသမိုင်း

ကုရ်သုဗီး အကျယ်ဖွင့်ကျမ်း၌ ကိုရိုက်ရှီး (ရဟ) နှင့် စအ်လဗီး (ရဟ) သခင်ကြီးတို့၏ အဆိုဟူ၍ အညွှန်းပြ တင်ပြထားသည်မှာ 'ဗဒရ်'စစ်ပွဲအပြီး မက္ကာဟ်မြို့တော်ကို မအောင်နိုင်မီအလျင် မက္ကာဟ်မြို့နေ 'ဆာရဟ်'အမည်ရှိသော အဆိုတော်မတစ်ဦးသည် မဒီနာမြို့သို့ ရောက်ရှိလာခဲ့ပေသည်။ တမန်တော်မြတ် ﷺ သည် ထိုအမျိုးသမီးအား 'ဟိဂျ်ရသ်ပြု ပြောင်းရွှေ့လာခြင်း ဖြစ်ပါ၏လော' ဟူ၍ မေးမြန်းရာ ထိုအမျိုးသမီးက 'မဟုတ်ကြောင်း' ပြန်လည်ဖြေကြားခဲ့ပေသည်။ 'မွတ်စ္လင်မ်အဖြစ် ရောက်ရှိလာပါ၏လော' ဟူ၍ ထပ်မံမေးမြန်းရာ၌လည်း ထိုအမျိုးသမီးက 'မဟုတ်ကြောင်း' ပြန်လည်ဖြေကြားခဲ့ပေသည်။ တမန်တော်မြတ် ﷺ က 'သို့ဆိုလျှင် မည်သည့်ရည်ရွယ်ချက်မျိုးဖြင့် ရောက်လာပါ၏လော' ဟူ၍ မေးမြန်းရာ ထိုအဆိုတော်မက 'အသင်တို့သည် မက္ကာဟ်မြို့ရှိ အထင်ကရမျိုးနွယ်အုပ်စုထဲမှ ဖြစ်ကြပေသည်။ အသင်တို့ကိုသာလျှင် အမှီသဟဲပြု၍ ကျွန်တော်မျိုးမသည် အသက်မွေးဝမ်းကြောင်း ပြုနေပေသည်။ ယခု မက္ကာဟ်မြို့၌ရှိသော ခေါင်းဆောင်ပိုင်းများသည် 'ဗဒရ်' စစ်ပွဲ၌ သတ်ဖြတ်ခြင်းခံလိုက်ကြရပြီး ဖြစ်၏။ အသင်တို့သည်လည်း ဤအရပ်ဒေသသို့ ပြောင်းရွှေ့နေထိုင်လျက် ရှိကြသည်။ ကျွန်တော်မျိုးမ အဖို့ အသက်မွေးဝမ်းကြောင်းပြုရန် အခက်အခဲ ရှိနေပါသည်။ ကျွန်တော်မျိုးမသည် အလွန် ဒုက္ခရောက်နေကာ အကူအညီလိုအပ်လျက် ရှိ၍ အသင်တို့ထံမှ အကူအညီရယူရန် ရောက်ရှိလာခြင်း ဖြစ်ပေသည်'ဟူ၍ လျှောက်ထားခဲ့ပေသည်။ တမန်တော်မြတ် ﷺ က 'အသင်မသည် မက္ကာဟ်မြို့၌ အဆိုတော်ကချေသည် အလုပ်ကို ပြုလုပ်ရာ (အသင်မအား ငွေကြေးများ များစွာ ပေးသော) သူရွယ်တို့သည် မည်သို့ ဖြစ်သွားပါ၏လော'ဟူ၍ မေးမြန်းရာ ထိုအမျိုးသမီးက 'ဗဒရ်'စစ်ပွဲပြီးနောက် ထိုသူရွယ်တို့၏ ပျော်ရွှင်ခြင်းအခမ်းအနားများနှင့် အောင်နန်းစံမှုတို့သည် ပျက်သုဉ်းသွားပြီး ဖြစ်သည်။ ထိုအချိန်မှစ၍ မည်သူတစ်ဦးတစ်ယောက်မျှ ကျွန်တော်မျိုးမအား ခေါ်ယူခြင်း မရှိတော့ပေ'ဟူ၍ ပြန်လည် လျှောက်ထားခဲ့ပေသည်။ တမန်တော်မြတ် ﷺ သည် ဗနူအဗ်ဒုလ်မုသ္တ္တလိဗ် မျိုးနွယ်အုပ်စုအား ၎င်းအမျိုးသမီးအား အကူအညီပေးရန် လှုံ့ဆော်မှုပြုခဲ့၏။ ၎င်းတို့သည် ထိုအမျိုးသမီးအား ငွေကြေးများနှင့် အဝတ်အစား အစရှိသည်တို့ကို ပေးကမ်းကာ ပြန်လွှတ်လိုက်ပေသည်။

ဤသည် 'ဟုဒိုက်ဗီယာ' ငြိမ်းချမ်းရေးစာချုပ်ကို ကာဖိရ်၊ ကုရိုက်ရှ်တို့ဘက်မှ ချိုးဖောက်ပြီး ဖြစ်သော အချိန်ကာလက ဖြစ်ပေသည်။ တမန်တော်မြတ် ﷺ သည် မက္ကာဟ်မြို့ရှိ ကာဖိရ်များအား ချီတက်

တိုက်ခိုက်တော်မူရန် ဆန္ဒရှိ၍ ထိုကိစ္စရပ်အတွက် လျှို့ဝှက်ပြင်ဆင်မှုများကို စတင်လုပ်ဆောင်နေပြီးလည်း ဖြစ်ပေသည်။ 'ကျွန်ုပ်တို့၏ လျှို့ဝှက်အကြံအစည်ကို မက္ကာဟ်မြို့သားတို့အပေါ် အချိန်မကျရောက်မီအလျင် ပေါ်ပေါက်မှုကို ပြုတော်မမူပါနှင့်' ဟူ၍လည်း ဒိုအာပြုထားတော်မူပေသည်။ ဤတစ်ဖက်၌ ကနဦး 'မုဟာဂျိရ်'များထဲမှ ဆွဟာဗာ ကြီးတစ်ပါးဖြစ်သူ (၎င်းသည် ယမန်နယ်သားဖြစ်၏။) သည် မက္ကာဟ် မြို့သို့ ရောက်ရှိကာ အခြေချ နေထိုင်ခဲ့ပေသည်။ ထိုမက္ကာဟ်မြို့၌ ၎င်းနှင့် ဆွေမျိုးသားချင်းတော်စပ်သူ တစ်ဦးတစ်ယောက်မျှ မရှိပေ။ ထိုအရပ်ဒေသ၌မှာပင် မွတ်စ္စလင်မ်ဖြစ်ခဲ့ပေသည်။ တစ်ဖန် ဟီဂျ်ရတ်ပြု ပြောင်းရွှေ့ကာ မဒီနာရွှေမြို့တော်သို့ ရောက်ရှိလာပေသည်။ ၎င်း၏ အိမ်သူအိမ်သားတို့သည် မက္ကာဟ် မြို့၌သာလျှင် ကျန်ရစ်ခဲ့ပေတော့သည်။ တမန်တော်မြတ် ﷺ နှင့် များစွာသော ဆွဟာဗာသာဝကကြီးများ သည် ဟီဂျ်ရတ်ပြု ပြောင်းရွှေ့ပြီးနောက် မက္ကာဟ်မြို့၌ရှိသော မုရ်ရစ်က်သည် မက္ကာဟ်မြို့၌ ကျန်ရစ် ခဲ့သော မွတ်စ္စလင်မ်များကို ဒုက္ခနှင့် စိတ်ဆင်းရဲမှုများ ပေးခဲ့ကြလေတော့သည်။ မိတ်ဆွေသားချင်းများ ရှိသော မုဟာဂျိရ်များ၏ မိသားစုများအဖို့မူ အတိုင်းအတာတစ်ခုအထိ လုံခြုံမှုရှိပေသည်။ ဟဇရတ် ဟာသွိဗ် ؓ သခင်ကြီးသည် 'မိမိ၏ အိမ်သူအိမ်သားများအား ရန်သူများ၏ ဒုက္ခပေးမှုမှ စောင့်ရှောက် ကယ်တင်ပေးမည့်သူ ထိုမက္ကာဟ်မြို့၌ တစ်ဦးတစ်ယောက်မျှ မရှိပေ' ဟူ၍ သောကဖြစ်နေပေသည်။ ၎င်းသည် မိမိ၏အိမ်သူအိမ်သားများ လုံခြုံမှုရရှိစေရန် 'မက္ကာဟ်မြို့သားတို့အပေါ် ကျေးဇူးတရားအချို့ ကိုပြု၍ ၎င်းမြို့သားတို့သည် မိမိ၏ သားသမီးများကို ညှဉ်းပန်းနှိပ်စက်မှု မပြုရန်' အချက်ကို အခွင့် ကောင်းဟူ၍ တန်ဖိုးထားလိုက်ပေသည်။

၎င်းသည် မိမိ၏ နှလုံးသားအတွင်း၌ မိမိအဖို့ 'အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ် ﷺ အား အောင်မြင်မှုကို ချီးမြှင့် ပေးသနားတော်မူမည်ဖြစ်ကြောင်း၊ ဤလျှို့ဝှက်အကြံအစည်ကို သတင်းပေးလိုက် ခြင်းဖြင့်လည်း တမန်တော်မြတ် ﷺ နှင့် အစ္စလာမ်သာသနာကို အနည်းငယ်မျှ ဆုံးရှုံးထိခိုက်စေမည် မဟုတ် ကြောင်း၊ အပြည့်အဝ ယုံကြည်ထား၏။ အကယ်၍ ကျွန်ုပ်သည် စာလွှာတစ်စုံတစ်ရာ ရေးသားကာ 'တမန်တော်မြတ် ﷺ သည် အသင်တို့အား တိုက်ခိုက်တော်မူရန် ရည်ရွယ်နေကြောင်း'ကို အသိပေးလိုက် မည်ဆိုပါက မိမိ၏ သားသမီးအဖို့ လုံခြုံမှုရရှိမည်'ဟူ၍ စဉ်းစားမိပြီး 'လျှို့ဝှက်စွာ မက္ကာဟ်မြို့သား တို့ထံ စာတစ်စောင်ကို ဆာရဟ်အမျိုးသမီးဖြင့် ပေးအပ်လိုက်သော အမှားတစ်ရပ် ၎င်းထံမှ ဖြစ်ပေါ် သွားခဲ့ပေပြီ။

အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ် ﷺ အား 'ဝဟီ'ဗျာဒိတ်တော်ဖြင့် ထိုအမှုကိစ္စအား အသိပေးတော်မူလိုက်ပေသည်။ ထိုအမျိုးသမီးသည် 'ဤအချိန်၌ 'ခါးခ်' ဥယျာဉ်ထိတိုင် ရောက်ရှိနေပြီး ဖြစ်ကြောင်း' ကိုပါ သိရှိလိုက်ရသည်။

ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်းတို့၌ ဟဇရတ်အလီသခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ တမန်တော်မြတ် ﷺ သည် ကျွန်ုပ်နှင့် အဗူမရ်ဆဒ်၊ ဇုဗိုင်ရ်ဗင်န်အဝါးမ် စသော သူတို့ကို 'မြင်းများအပေါ်တွင် စီး၍ ထိုအမျိုးသမီး၏ နောက်သို့ လိုက်ကုန်။ အသင်တို့သည် ထိုအမျိုးသမီးအား 'ခါးခ်'ဥယျာဉ်၌ တွေ့မြင်

ရပေလိမ့်မည်။ ထိုအမျိုးသမီးထံ၌ ဟာသိဗ်ဗင်နိအဗီဗလ်သအားဟ်မှ မက္ကာဟ်မြို့သားတို့၏ အမည်ဖြင့် ရေးသား ပေးပို့လိုက်သော စာလွှာကို ရှာကာ ပြန်လည်၍ ယူဆောင်လာကုန်’ ဟူ၍ မိန့်တော်မူလိုက်ပေသည်။ အလီ ؓ သခင်ကြီးက ဤသို့ အမိန့်ရှိခဲ့ပေသည်။ ကျွန်ုပ်တို့သည် အမိန့်တော်နှင့်အညီ လျှင်မြန်စွာ လိုက်သွားပေသည်။ တမန်တော်မြတ် ﷺ သည် သတင်းအတိအကျပေးသော နေရာ၌မှာပင် ထိုအမျိုးသမီးကို ကုလားအုတ်အပေါ် စီးနင်းလျက် ဖမ်းမိလိုက်ပေသည်။ ထို့နောက် ကျွန်ုပ်တို့က ‘အသင်မထံ၌ ရှိသော စာလွှာကို ထုတ်ကုန်’ ဟု ပြောဆိုရာ ၄င်းက မရှိကြောင်း ငြင်းလိုက်ပေသည်။ တစ်ဖန် ကျွန်ုပ်တို့သည် ၄င်းအမျိုးသမီး၏ ကုလားအုတ်ကို ထိုင်ခိုင်းကာ ရှာဖွေမှုကို ပြုပေသည်။ သို့ရာတွင် မည်သည့်စာ တစ်စောင်ကိုမျှပင် မရရှိပေ။ သို့ရာတွင် ကျွန်ုပ်တို့သည် မိမိတို့၏ စိတ်နှလုံးသားများအတွင်း၌ ‘တမန်တော်မြတ် ﷺ ပေးသော သတင်းသည် မှားယွင်းမှု မဖြစ်နိုင်ကြောင်း၊ မုချ ထိုအမျိုးသမီးသည် စာကို တစ်နေရာရာ၌ ဝှက်ထားမည်ဖြစ်ကြောင်း’ ကို စဉ်းစားမိကာ ၄င်းအမျိုးသမီးအား ‘စာလွှာကို ထုတ်ကုန်။ သို့တည်းမဟုတ်ပါက ကျွန်ုပ်တို့သည် အသင်မ၏ အဝတ်အစားများကို ချွတ်ကာ ရှာဖွေမည်’ ဟူ၍ ပြောဆိုလိုက်ပေသည်။

ထိုအမျိုးသမီးသည် ‘ယခု ၄င်းတို့၏ လက်မှ လွတ်မြောက်နိုင်မည် မဟုတ်ကြောင်း’ ကို သိမြင်လာရသောအခါ မိမိ၏ လုံချည်ထဲမှ စာလွှာကို ထုတ်ပေးလိုက်ပေသည်။ ကျွန်ုပ်တို့သည် ထိုစာလွှာကို ယူဆောင်ကာ တမန်တော်မြတ် ﷺ ထံ ဆက်သခဲ့ပေသည်။ ဟဇရသ်အုမရ် ؓ သခင်ကြီးသည် ဖြစ်အင်ကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် တမန်တော်မြတ် ﷺ အား ‘၄င်းသည် အလ္လာဟ်အသျှင်မြတ်နှင့် အသျှင်မြတ်၏ ရစူလ်တမန်တော်နှင့် မွတ်စ္စလင်မ်များအားလုံးတို့အား သစ္စာဖောက်ကာ ကာဖိရ်များထံ ကျွန်ုပ်တို့၏ လျှို့ဝှက်အကြံအစည်ကို ရေးသားပေးပို့ရန် ကြံစည်ခဲ့ပေသည်။ ၄င်းအား ကွပ်မျက်ရန် ကျွန်ုပ်အား ခွင့်ပေးတော်မူပါ’ ဟူ၍ လျှောက်ထားလိုက်ပေသည်။

တမန်တော်မြတ် ﷺ သည် ဟာသိဗ်ဗင်နိအဗီဗလ်သအားဟ် ؓ အား ‘အသင့်အား ဤပြစ်မှုမျိုးကို ပြုမိအောင် မည်သည့်အရာက လှုံ့ဆော်ဖြစ်ပေါ်စေခဲ့ပေသနည်း’ ဟူ၍ မေးမြန်းရာ ၄င်းက ‘အို၊ အလ္လာဟ်အသျှင် မြတ်၏ ရစူလ်တမန်တော်၊ ကျွန်တော်မျိုး၏ အီမာန်ယုံကြည်မှုအတွင်း၌ ယခုအချိန်ထိတိုင် ခြားနားမှု တစ်စုံ တစ်ရာမျှပင် မရှိပေ။ ဖြစ်ပေါ်ပုံမှာ ဤသို့တည်း။ ကျွန်ုပ်၏ နှလုံးသားအတွင်း၌ ကျွန်ုပ်၏ အိမ်သူအိမ်သားများအား တစ်စုံတစ်ရာ ဒုက္ခမပေးရလေအောင် ကျွန်ုပ် မက္ကာဟ်မြို့သားတို့အပေါ် ကျေးဇူးတရား တစ်စုံတစ်ရာ ထားရှိလျှင် ကောင်းမည်။ ကျွန်ုပ်မှအပ အခြားသော ‘မုဟာဂျိရ်’ များ၏ ထံတွင် ၄င်းတို့၏ အိမ်သူအိမ်သားများအား စောင့်ရှောက်ပေးမည့် ၄င်းတို့၏ ဆွေမျိုးသားချင်းများ၊ မျိုးနွယ် အုပ်စုများမရှိသူ ဟူ၍ မရှိပေ’ ဟူသော တွေးခေါ်မှု ဝင်ရောက်လာခြင်း ကြောင့် ဖြစ်ပေသည်။

တမန်တော်မြတ် ﷺ သည် ဟာသိဗ် ؓ ၏ တင်ပြချက်ကို ကြားနာကာ ‘၄င်းသည် မှန်ကန်သော စကားကို ပြောဆိုခဲ့၏။ ၄င်းနှင့် ပတ်သက်သော အမှုကိစ္စနှင့်စပ်လျဉ်း၍ ကောင်းခြင်းမှအပ အခြား တစ်စုံတစ်ရာကိုမျှ မပြောဆိုနှင့်’ ဟူ၍ မိန့်တော်မူလိုက်ပေသည်။ ဟဇရသ်ဖာရူကေ့အအ်ဇမ်အုမရ် ؓ

သခင်ကြီးသည် (မိမိ၏ အီမာန်တရား၏ ရှက်စိတ်ဖွဲ့မာန်ကြောင့်) ၎င်းအား ကွပ်မျက်ရန် တစ်ဖန်ပြန်လည် ခွင့်တောင်းဆိုပြန်ပေသည်။ တမန်တော်မြတ် ﷺ က 'ဤသူသည် 'ဗဒရ်'စစ်ပွဲ၌ ဆင်နွှဲခဲ့သောသူ မဟုတ်ပါ၏လော။ ထိုစစ်ပွဲ၌ ဆင်နွှဲခဲ့သော အီမာန်ရှင်များကို အလ္လာဟ်အသျှင်မြတ်သည် လွတ်ငြိမ်းချမ်းသာ ခွင့် ပေးရန်နှင့် 'ဂျန္နသ်'သုခဘုံကို ချီးမြှင့်ပေးသနားတော်မူရန် ကြေညာထားတော်မူပေသည်' ဟူ၍ မိန့်တော်မူလိုက်ပေသည်။ ဤမိန့်မြွက်ချက်ကို ကြားနာကာ ဟဇရသ်အုမရ် ﷺ သခင်ကြီးသည် ငိုယို တော်မူလိုက်၍ 'အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်သည်သာလျှင် အခြေခံဇစ်မြစ် အချက်ကို သိနားလည်တော်မူပေသည်' ဟူ၍ လျှောက်ထားတော်မူလိုက်ပေသည်။ (ဤသည် ဘိုခါရီကျမ်း ၏ ဆင့်ပြန်ချက်ဖြစ်ပြီး 'ဂေသာဗုလ်မဃာဇီ' ('ဗဒရ်'စစ်ပွဲ၏ အခန်းကဏ္ဍ) ၌ တင်ပြထားပေသည်။)

[အိဗ်နေကစီးရ်ကျမ်း]

အချို့သော ဆင့်ပြန်ချက်များအတွင်း၌ ဟာသိဗ် ﷺ သခင်ကြီး၏ ''ကျွန်ုပ်သည် ဤလုပ်ရပ်ကို အစ္စလာမ်သာသနာနှင့် မွတ်စ္စလင်မ်တို့အား ဆိုးကျိုးသက်ရောက်စေရန် ပြုခဲ့ခြင်း မဟုတ်ပေ။ အဘယ် ကြောင့်ဆိုသော် ကျွန်ုပ်သည် 'တမန်တော်မြတ် ﷺ သည်သာလျှင် အောင်မြင်မှု ရရှိမည်ဖြစ်ကြောင်း၊ မက္ကာဟ် မြို့သားတို့ သတင်းရရှိသွားသည်ဆိုလျှင်လည်း ကိုယ်တော်မြတ်အား တစ်စုံတစ်ရာ ဆိုးကျိုးပြုနိုင်မည် မဟုတ်ကြောင်း'ကို ယုံကြည်ထားပေသည်'' ဟူသော ကြေညာချက်ကိုလည်း တင်ပြထားပေသည်။

ထိုဖြစ်အင်အပေါ် အခြေခံ၍ စူရာဟ်မွမ်သဟိနဟ်၏ ကနဦးပိုင်း အာယသ်တော်များ ကျရောက်လာ ပေသည်။ ၎င်းအာယသ်တော်များအတွင်း၌ ထိုဖြစ်အင်အား သတိပေးထားကာ မွတ်စ္စလင်မ်များကို ကာဖိရ် များဖြင့် မည်သည့်အဆွေခင်ပွန်း ဖွဲ့မှုမျိုးကိုမဆို ပြုခြင်း 'ဟရာမ်'ဖြစ်ကြောင်း အတည်ပြု သတ်မှတ်ပေး ထားတော်မူပေသည်။

يَاَيُّهَا الَّذِينَ اٰمَنُوا لَا تَتَّخِذُوا عَدُوِّى وَعَدُوَّكُمْ اَوْلِيَاءَ تُلْقُوْنَ اِلَيْهِمْ بِالْمَوَدَّةِ

(အို၊ မုအ်မင်နသက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် ငါအသျှင်မြတ်၏ ရန်သူကို လည်းကောင်း၊ မိမိတို့၏ ရန်သူကိုလည်းကောင်း မိတ်ဆွေဖွဲ့ သဝဏ်လွှာပေးပို့၍ အဆွေခင်ပွန်း မပြု ကြကုန်လင့်။)

[၆၀ : ၁]

ထိုအာယသ်တော်အတွင်း၌ ဤသို့ 'ကာဖိရ်များထံ စာလွှာရေးသားပေးလိုက်ခြင်းသည် ၎င်းတို့ နှင့် အဆွေခင်ပွန်းဖွဲ့ခြင်းကို ရယူခြင်း' ဟူသော အသွင်ဖြစ်သွားပေရာ တင်ပြပါ ဖြစ်အင်ဘက်သို့ ရည်ညွှန်း ဖော်ထုတ်ပေးလိုက်ပေသည်။ တင်ပြလျက်ရှိသော အာယသ်တော်အတွင်း၌ 'ကာဖိရ်' ဟူသော စကားလုံး ကို မသုံးဘဲ 'မိမိ၏ ရန်သူနှင့် အသင်တို့၏ ရန်သူ' ဟူသော စကားလုံးမျိုးကို ရွေးချယ်ရာ၌ ပထမ အချက်သည်မှု 'မိမိတို့၏ ရန်သူလည်းဖြစ်၊ အလ္လာဟ်အသျှင်မြတ်၏ ရန်သူလည်းဖြစ်သော သူတို့ထံမှ အဆွေခင်ပွန်းဖြစ်ရန် မျှော်လင့်ချက် ထားရှိခြင်းသည် ကြီးစွာသော မှားယွင်းမှုဖြစ်၍ ယင်းအချက်အား ရှောင်ကြဉ်ရန်' ဟူ၍ ထိုအမိန့်တော်၏ အကြောင်းခံနှင့် အထောက်အထားဘက်သို့ ရည်ညွှန်းခြင်း ဖြစ်

ပေးသည်။ ဒုတိယအချက်မှာ 'ကာဖိရ်များသည် ကာဖိရ်ဖြစ်နေသရွေ့ ကာလပတ်လုံး၊ မွတ်စ္စလင်မ်တို့သည်လည်း မွတ်စ္စလင်မ်ဖြစ်နေသရွေ့ ကာလပတ်လုံး အချင်းချင်းကြား အဆွေခင်ပွန်း မဖြစ်နိုင်ကြောင်း ၎င်းကာဖိရ်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ရန်သူများဖြစ်နေ၍လည်းကောင်း၊ မွတ်စ္စလင်မ်တို့သည် အလ္လာဟ်အသျှင်မြတ်အား ချစ်ခင်ကြောင်းကို ကြွေးကြော်နေကြသောသူများ ဖြစ်နေ၍လည်းကောင်း အချင်းချင်းကြား အဆွေခင်ပွန်း မည်သို့ ဖြစ်နိုင်အံ့နည်း' ဟူသော အချက်ဘက်သို့လည်း ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။

وَقَدْ كَفَرُوْا بِمَا جَآءَ كُمْ مِّنَ الْحَقِّ يُخْرِجُوْنَ الرَّسُوْلَ وَاِيَّاكُمْ اَنْ تُؤْمِنُوْا بِاللهِ رَبِّكُمْ

(အမှန်စင်စစ် ၎င်းတို့သည် အသင်တို့ထံ ရောက်ရှိလာသော အမှန်တရားကို ငြင်းပယ်ခဲ့ကြလေ၏။ ထိုသူတို့သည် ရစူလ်တမန်တော်မြတ်အား နှင်ထုတ်ခဲ့ကြသည်။ ၎င်းပြင် အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အလ္လာဟ်အသျှင်မြတ်အား သက်ဝင်ယုံကြည်ခဲ့ကြသောကြောင့် ၎င်းတို့သည် အသင်တို့ကိုလည်း နှင်ထုတ်ခဲ့ကြလေ၏။) [၆၀ း ၁]

حق (အမှန်တရား) ၏ အလိုသဘောမှာ ကုရ်အာန်ကျမ်းတော်မြတ်၊ (သို့မဟုတ်) အစ္စလာမ်သာသနာ ဖြစ်ပေသည်။ ဤအာယသ်တော်အတွင်း၌ ၎င်းတို့၏ အမှန်းတရားကို အခြေခံသော သွေဖည်ငြင်းဆိုခြင်းကို တင်ပြပြီးနောက် ၎င်းတို့၏ အပြင်ပိုင်းအရ ရှင်းလင်းလှစွာသော ရန်ငြိုးမှုတရား ထားရှိခြင်းကို '၎င်းတို့သည် အသင်တို့နှင့် အသင်တို့၏ ရစူလ်တမန်တော်မြတ်ကို ၎င်းတို့ မွေးရပ်ဌာနေမှ နှင်ထုတ်လိုက်ကြသည်' ဟူ၍ တင်ပြထားပေသည်။ ထိုသို့ နှင်ထုတ်ခဲ့ကြခြင်းမှာ လောကီရေးရာအကြောင်း တစ်စုံတစ်ရာကို အခြေခံ၍ မဟုတ်ဘဲ အသင်တို့ ရယူထားကြသော အီမာန်ကြောင့်သာလျှင် ဖြစ်ပေသည်။ သို့ရှိရာ အသင်တို့သည် မုအ်မင်န်အဖြစ် တည်ရှိနေသရွေ့ ကာလပတ်လုံး ၎င်းတို့သည် အသင်တို့ဖြင့် အဆွေခင်ပွန်း မဖြစ်နိုင်ကြောင်း'ဟူသော အချက်မှာ ရှင်းလင်းသွားပေပြီ။ ထိုအချက်သည် 'ထိုကာဖိရ်များအပေါ် ကျေးဇူးတရား တစ်စုံတစ်ရာ ထားရှိပေးလိုက်ခြင်းဖြင့် မိမိတို့၏ အိမ်သူ၊ အိမ်သားများကို စောင့်ရှောက်ပေးမည်' ဟူ၍ ဟာသ္ဗိဗ်သခင်ကြီးကဲ့သို့ တွေးခေါ်မှုမျိုးသည်လည်း မှားယွင်းကြောင်းဘက်သို့ ရည်ညွှန်းဖော်ထုတ်ပေးလိုက်ပေသည်။ အဘယ်ကြောင့်ဆိုသော် အီမာန်ရယူထားသည့် အတွက်ကြောင့်သာ ၎င်းတို့သည် အသင်တို့၏ ရန်သူဖြစ်ရခြင်း ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ် ပြုလုပ်တော်မမူပါနှင့်။ အသင်တို့၏ထံမှ အီမာန်ကို ရုပ်သိမ်းခြင်းမခံရသမျှ ကာလပတ်လုံး ၎င်းတို့ဖြင့် အဆွေခင်ပွန်းဖြစ်ရန် မျှော်လင့်မှု ထားရှိခြင်းသည် မှားယွင်းမှုသာ ဖြစ်ပေသည်။

اِنْ كُنْتُمْ خَرَجْتُمْ جِهَادًا فِىْ سَبِيْلِىْ وَابْتِغَآءَ مَرْضَاتِىْ

(အကယ်၍ အသင်တို့သည် ငါအသျှင်မြတ်၏ လမ်းတော်၌ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း အလို့ငှာလည်းကောင်း၊ ငါအသျှင်မြတ်၏ နှစ်မြို့ကျေနပ်မှုကို ဆည်းပူးရန်အလို့ငှာလည်းကောင်း ထွက်ခဲ့ကြသည်ဖြစ်ပါမူ။) [၆၀ း ၁]

ထိုအာယသ်တော်အတွင်း၌လည်း 'အကယ်၍ အသင်တို့၏ ဟီဂျ်ရသ်ပြု ပြောင်းရွှေ့ခြင်းသည် အမှန်တကယ် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ သဘောတူနှစ်မြို့စေရန်အတွက်ဖြစ်ပါမူ၊ ၎င်းတို့သည် အသင်တို့အား တစ်စုံတစ်ရာ ထောက်ထားညှာတာမှုပြုမည်ဟူ၍ အလ္လာဟ်အသျှင်မြတ်၏ ရန်သူဖြစ်သော ကာဖိရ်တစ်ဦးဦးထံမှ အဘယ်ကဲ့သို့ မျှော်ကိုးမှု ထားနိုင်အံ့နည်း' ဟူသော အချက်ဘက်သို့ ရည်ညွှန်း ဖော်ထုတ်ထားပေသည်။

تُسِرُّوْنَ اِلَيْهِمْ بِالْمَوَدَّةِ وَاَنَاأَعْلَمُ بِمَآ اَخْفَيْتُمْ وَمَآ اَعْلَنْتُمْ

(အသင်တို့သည် ခင်မင်မှုကြောင့် ၎င်းတို့ထံ လျှို့ဝှက်သတင်းကို ပို့ဆောင်သော်ငြားလည်း ငါအသျှင်မြတ်မှာမူ အသင်တို့ လျှို့ဝှက်သမျှတို့ကိုလည်းကောင်း၊ အသင်တို့ ထင်ရှားစေသမျှတို့ကိုလည်းကောင်း အသိတော်မူဆုံးပင် ဖြစ်တော်မူပေ၏။) [၆ဝ : ၁]

အာယသ်တော်၏ ဤအစိတ်အပိုင်းအတွင်း၌ ကာဖိရ်များဖြင့် လျှို့ဝှက်စွာ အဆွေခင်ပွန်းဖွဲ့ကြသည်ရှိသော ၎င်းတို့အနေဖြင့် မိမိတို့၏ ဤလျှို့ဝှက်လုပ်ရှားမှုသည် ဖုံးကွယ်၊ ကွယ်ဝှက်စွာဖြင့်သာ တည်ရှိနေမည်၊ ပေါက်ကြားမည်မဟုတ်ဟူ၍ ထင်မှတ်မထားလေနှင့်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ လျှို့ဝှက်သမျှတိုင်းနှင့် ထင်ရှားစေသမျှတိုင်းကိုလည်းကောင်း အသိရှိဆုံးသော အသျှင်မြတ် ဖြစ်တော်မူကြောင်း' ကို ပြဆိုထားပေသည်။ ပမာဆိုရသော် တင်ပြလျက်ရှိသော ဖြစ်အင်၌ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရစူလ်တမန်တော်မြတ်ကို 'ဝဟီ'ဗျာဒိတ်တော် သတင်းပေးတော်မူကာ လျှို့ဝှက်လုပ်ဆောင်ချက်ကို ဖမ်းဆီးစေခဲ့ပေသည်။

اِنْ يَّثْقَفُوْكُمْ يَكُوْنُوْا لَكُمْ اَعْدَآءً وَّيَبْسُطُوْا اِلَيْكُمْ اَيْدِيَهُمْ وَاَلْسِنَتَهُمْ بِالسُّوْءِ

(အကယ်၍ ၎င်းတို့သည် အသင်တို့အပေါ်၌ အရေးသာခဲ့ကြလျှင် အသင်တို့၏ ရန်သူဖြစ်ကြောင်းကိုသာ ပေါ်လွင်စေကြသည့်အပြင် မိမိတို့၏ လက်များဖြင့်လည်းကောင်း၊ မိမိတို့၏ နှုတ်များဖြင့်လည်းကောင်း အသင်တို့အား ဒုက္ခပေးကြမည်သာ ဖြစ်၏။) [၆ဝ : ၂]

ဆိုလိုသည်မှာ ၎င်းတို့ထံမှ ထိုသူတို့အဖို့ အခွင့်ကောင်းရရှိနေသည့် ကြားကပင် အသင်တို့နှင့်အတူ တစ်စုံတစ်ရာ ထောက်ထားညှာတာမှု ထားရှိမည်ဟူ၍ မျှော်လင့်ချက် ထားရှိခြင်းသည် တစ်စုံတစ်ရာ ဖြစ်နိုင်ချေရှိသော အချက်မဟုတ်ပေ။ ၎င်းတို့သည် မည်သည့်အခါ၌မဆို အသင်တို့အပေါ်ဝယ် လွှမ်းမိုးအောင်နိုင်မှု ရရှိသွားကြလျှင် ၎င်းတို့၏ လက်များနှင့် နှုတ်လျှာများသည် အသင်တို့အဖို့ ဆိုးယုတ်မှုနှင့် ပျက်စီးဆုံးရှုံးစေခြင်းမှအပ အခြားမည်သည့်အချက် တစ်ချက်ချက်၏ ဘက်ကိုမျှ ထကြွလိမ့်မည် မဟုတ်ပေ။

وَوَدُّوْا لَوْ تَكْفُرُوْنَ

(ထို့ပြင် ၎င်းတို့သည် အသင်တို့ ကာဖိရ်သွေဖည်ငြင်းပယ်သောသူများ ဖြစ်ကြရန်ကိုလည်း လိုလားလျက် တောင့်တကြပေသည်။) [၆ဝ : ၂]

ဤအာယသ်တော်အတွင်း၌ 'အသင်တို့သည် ၎င်းတို့နှင့် အဆွေခင်ပွန်း ဖြစ်လိုသည်ဆိုပါက အသင်တို့သည် မိမိတို့၏ အီမာန်ကို စတေးနိုင်မှသာလျှင် ဖြစ်နိုင်မည့်အကြောင်း၊ ၎င်းနောက် အသင်တို့သည် 'ကုဖ္ဖရ်' တည်းဟူသော သွေးဖည်ငြင်းဆိုမှု၌ မနစ်မွန်းသရွေ့ ကာလပတ်လုံး အသင်တို့အား မည်သည့်အခါမျှ သဘောတူ နှစ်မြို့ ကျေနပ်မည်မဟုတ်' ဟူသော အချက်ဘက်သို့ ရည်ညွှန်း ဖော်ထုတ်ထားပေသည်။

لَن تَنفَعَكُمْ أَرْحَامُكُمْ وَلَآ أَوْلَادُكُمْ يَوْمَ الْقِيَامَةِ يَفْصِلُ بَيْنَكُمْ وَاللّٰهُ بِمَا تَعْمَلُونَ بَصِيرٌ

(အသင်တို့၏ ဆွေမျိုးနီးစပ်မှုတို့သည်လည်းကောင်း၊ အသင်တို့၏ သားသမီးတို့သည်လည်းကောင်း 'ကေယာမသ်'ရှင်ပြန်ထရမည့်နေ့တွင် အသင်တို့အား အလျဉ်း အကျိုးပေးကြမည်မဟုတ်ပေ။ ထိုအသျှင်မြတ်သည် အသင်တို့၏ ကြား၌ စီရင်ဆုံးဖြတ်တော်မူမည် ဖြစ်၏။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ကျင့်မူသမျှတို့ကို အကြွင်းမဲ့ သိမြင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။)

[၆၀ : ၃]

ဆိုလိုသည်မှာ 'ကေယာမသ်'နေ့၌ အသင်တို့၏ ဆွေမျိုးသားချင်းများနှင့် သားသမီးတို့သည် အသင်တို့အဖို့ တစ်စုံတစ်ရာမျှပင် အကျိုးပြုလိမ့်မည်မဟုတ်။ အလ္လာဟ်အသျှင်မြတ်သည် 'ကေယာမသ်'နေ့၌ ဤဆက်နွယ်မှုအလုံးစုံတို့ကို ပပျောက်စေတော်မူပေလိမ့်မည်။ သားသမီးတို့သည် မိဘများမှလည်းကောင်း၊ မိဘများသည် သားသမီးများမှလည်းကောင်း လှည့်ပတ်ရှောင်ပြေး၍ နေပေလိမ့်မည်။ ဤမိန့်မြွက်ချက်၌ ဟဇရသ်ဟာသိဗ် ﷺ ၏ အကြောင်းပြချက်ကို အကြင်သားသမီးတို့၏ ချစ်ခင်မှု၌ နစ်မွန်းကာ ဤအပြုအမူကို ပြုမူခဲ့ပေသည်။ မှတ်သားထားကုန်။ 'ကေယာမသ်'နေ့၌ ထိုသားသမီးများသည် အသင်တို့အဖို့ တစ်စုံတစ်ရာမျှပင် အသုံးဝင်လိမ့်မည် မဟုတ်။ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ မည်သည့်လျှို့ဝှက်အကြံအစည်တစ်ရပ်ကိုမျှပင် ဖုံးကွယ်ထား၍ မရနိုင်ပေဟူ၍ တုန့်ပြန်ချေပထားပေသည်။

ရှေ့၌ လာရှိနေသော အာယသ်တော်များအတွင်း၌ ကာဖိရ်များဖြင့် အဆွေခင်ပွန်းဖွဲ့ခြင်းအား စွန့်လွှတ်ရန်ဟူသော အမိန့်တော်ကို အထောက်အကူပြု သာဓိ လေးနက်စေရန်အတွက် ဟဇရသ်အီဗ်ရာဟီးမ် ﷺ ၏ ဖြစ်အင်အား တင်ပြထားပေသည်။ ၎င်း၏ မျိုးနွယ်တစ်စုလုံးသည် မုရှ်ရစ်က်များ ဖြစ်ကြပေသည်။ ၎င်းနဗီကြီးသည် အားလုံးသောသူတို့ဖြင့် ပတ်သက်မှုကို မပြုရုံသာမက 'အသင်တို့သည် တစ်ဆူတည်းသော အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်မယူကြသရွေ့ ကာလပတ်လုံး မိမိတို့၏ 'ရှရစ်က်' (တုဖက်နှိုင်းယှဉ်မှုပြုခြင်း) မှ နောက်သို့ မတွန့်ဆုတ်သရွေ့ ကာလပတ်လုံး ကျွန်ုပ်တို့နှင့် အသင်တို့၏ ကြားဝယ် ရန်ငြိုးမှုနှင့် မုန်းတီးမှု၏ တံတိုင်းကြီးသည် ခြားထားလျက် ရှိနေမည်သာ ဖြစ်၏' ဟူ၍ အမှန်းတရားထားရှိခြင်းကိုလည်း ကြေညာတော်မူခဲ့ပေသည်။

قَدْ كَانَتْ لَكُمْ أُسْوَةٌ حَسَنَةٌ فِىٓ إِبْرٰهِيمَ وَالَّذِينَ مَعَهُۥ ... حَتّٰى تُؤْمِنُوا بِاللّٰهِ وَحْدَهُۥٓ အထိ

အာယသ်တော် (၆၀:၄) ၏ အလိုသဘောမှာ ဤသည်သာလျှင် ဖြစ်ပေသည်။

စောဒကတစ်ရပ်နှင့် ၎င်း၏ အဖြေ

အထက်ပါအာယသ်တော်အတွင်း၌ မွတ်စ္စလင်မ်တို့ကို ဟဇရသ်အီဗ်ရာဟီးမ် عليه السلام ၏ မွန်ရည်သော စံနမူနာနှင့် လမ်းစဉ်အပေါ် လိုက်နာရန် နှိုးဆော်ချက်ကို မိန့်မြွက်ထားတော်မူပေသည်။ ဟဇရသ်အီဗ်ရာဟီးမ် عليه السلام သခင်ကြီးထံမှ မိမိ၏ မုရှ်ရစ်က်ဖခင်အတွက် လွတ်ငြိမ်းခွင့်ရရှိရန် တောင်းဆိုမှု ပြုခဲ့ကြောင်းမှာ အတည်ဖြစ် လာရှိထားပေသည်။ စူရာဟ် 'သောင်ဗာဟ်'အစရှိသော စူရာဟ်တော်များ၌ ထိုအကြောင်း လာရှိထားပေသည်။ သို့ရှိရာ ဟဇရသ်အီဗ်ရာဟီးမ် عليه السلام ၏ လမ်းစဉ်တော်အား လိုက်နာရန်ဟူသော အမိန့်၌ 'မိမိ၏ မုရှ်ရစ်က်မိဘများနှင့် ဆွေမျိုးသားချင်းတို့အဖို့ လွတ်ငြိမ်းချမ်းသာခွင့် ရရှိရန် ဒိုအာတောင်းခံပေးခြင်းသည်လည်း ပါဝင်လေရာ ဤအချက်သည် ပိုင်သင့်သည်ဟူ၍ စောဒကတက်လာ နိုင်ပေသည်။ ထို့ကြောင့် ဤဟဇရသ်အီဗ်ရာဟီးမ် عليه السلام ၏ မွန်ရည်သော စာရိတ္တတော်ကို လိုက်နာသမှု ပြုရာ၌ ထိုအချက်ကို ချွင်းချက်အဖြစ် ချန်ထားရစ်ကာ 'အချက်အားလုံး၌ ဟဇရသ်အီဗ်ရာဟီးမ် عليه السلام ၏ မွန်ရည်သော ဓလေ့များအား လိုက်နာသမှုပြုရမည်ဖြစ်ပြီး သို့ရာတွင် ၎င်းနဗီကြီး၏ အထက်တင်ပြပါ ဆောင်ရွက်ချက်အား လိုက်နာမှုပြုရန် မွတ်စ္စလင်မ်များအဖို့ မပိုင်ကြောင်း' ကို မိန့်မြွက်ထားတော်မူပေသည်။ ထိုပြုပိုင်ခွင့်မရှိသော အချက်မှာ မုရှ်ရစ်က်မိဘများနှင့် ဆွေမျိုးသားချင်းတို့အဖို့ လွတ်ငြိမ်းချမ်းသာခွင့် ရရှိရန် ဒိုအာတောင်းခြင်း ဖြစ်ပေသည်။

إِلَّا قَوْلَ إِبْرَٰهِيمَ لِأَبِيهِ لَأَسْتَغْفِرَنَّ لَكَ

ဟူသော အာယသ်တော်၏ အလိုသဘောမှာ ဤသည်သာလျှင် ဖြစ်ပေသည်။ ဟဇရသ်အီဗ်ရာဟီးမ် عليه السلام သည် ဖခင်အတွက် လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံပေးမည်ဟူသော ကတိတော်ကို တားမြစ်ချက် မကျရောက်မီအလျှင်က ပြုခဲ့သော ကတိတော်ဖြစ်၍ ဖြစ်ပေသည်။ သို့မဟုတ်က 'ဖခင်၏ နှလုံးသားအတွင်း၌ အီမာန်သက်ဝင်မှု ရှိနေပြီးဟူ၍ ထင်မြင်မိကာ ကတိတော်ပြုခဲ့ခြင်းလည်း ဖြစ်နိုင်ပြီး ၎င်းဖခင်သည် အလ္လာဟ်အသျှင်မြတ်၏ ရန်သူဖြစ်သည်ကို သိရှိသွားအခါ မိမိဘက်မှ အဆက်အသွယ် ဖြတ်ကြောင်းကို ကြေညာတော်မူခဲ့ကြောင်းကို စူရာဟ်'သောင်ဗာဟ်'၌ တင်ပြခဲ့ပြီး ဖြစ်ပေသည်။

فَلَمَّا تَبَيَّنَ لَهُ أَنَّهُ عَدُوٌّ لِّلَّهِ تَبَرَّأَ مِنْهُ

(သို့ရာတွင် ထိုနဗီတမန်တော်အီဗ်ရာဟီးမ်အဖို့ ၎င်း၏ ဖခင်သည် အလ္လာဟ်အသျှင်မြတ်၏ ရန်သူဖြစ်ကြောင်း ထင်ရှားခဲ့သောအခါ ထိုနဗီတမန်တော်အီဗ်ရာဟီးမ်သည် ၎င်း၏ ဖခင်နှင့် မည်သို့မျှ မသက်ဆိုင်၊ မပတ်သက်ဟူ၍ ငြင်းဆိုခဲ့လေသည်) ဟူသော အာယသ်တော်၏ အလိုသဘောသည် ဤသည်သာလျှင် ဖြစ်ပေသည်။

အချို့သော အကျယ်ဖွင့် ပညာရှင်ကြီးများသည် إِلَّا قَوْلَ إِبْرَاهِيمَ ဟူသော ချွင်းချက်ကို 'အစ်သစ်နာ မွန်ကသွေ့အ်' (ရှေ့နှင့် နောက်တို့ဖြင့် ဆက်စပ်မှု ပြတ်တောက်သော ချွင်းချက်) ဟူ၍ အတည်ပြု ထားကြ

ပေသည်။ အကြင်အချက်၏ အချုပ်သဘောတရား ရလဒ်မှာ ဤသို့တည်း။ ဟဇရသ်အီဗ်ရာဟီးမ် عليه السلام သည် မိမိ၏ ဖခင်အတွက် လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံပေးခြင်းသည် စံနမူနာဖြစ်အပ်သော ဟဇရသ် အီဗ်ရာဟီးမ် عليه السلام ၏ စာရိတ္တတော်ဖြင့် ဆန့်ကျင်ဘက် ဖြစ်မနေပေ။ အဘယ်ကြောင့်ဆိုသော် ‘၎င်းသည် မိမိဖခင် မွတ်စ္လင်မ်ဖြစ်သွားလေပြီ’ ဟူသော ထင်မြင်မှုကို အခြေခံကာ ထိုနဗီကြီးသည် လွတ်ငြိမ်းချမ်းသာ ခွင့်ကို တောင်းခံခဲ့ခြင်း ဖြစ်ပေသည်။ တစ်ဖန် အခြေခံဇစ်မြစ်အမှန်ကို သိရှိသွားသောအခါ လွတ်ငြိမ်း ချမ်းသာခွင့် တောင်းခံပေးခြင်းကိုလည်း စွန့်လွှတ်လိုက်၍ မသက်ဆိုင် မပတ်သက်ကြောင်းကိုပါ ကြေညာ တော်မူခဲ့၍ ဖြစ်ပေသည်။ ဤသို့ ပြုခြင်း ယခုအချိန်၌လည်း ပိုင်ပေသည်။ အကြောင်းမှာ အကြင်သူသည် ကာဖိရ်တစ်ဦးတစ်ယောက်နှင့် စပ်လျဉ်း၍ ‘၎င်းမွတ်စ္လင်မ်ဖြစ်သွားပြီး’ ဟူ၍ တစ်ထစ်ချ ခန့်မှန်းထင်မြင် မိသောအခါ ၎င်းအဖို့ ချမ်းသာပလပ်ခွင့် တောင်းခံပေးရာ၌ အကြောင်းတစ်စုံတစ်ရာ မရှိပေ။ / *မဇ္ဇ်ဟရီး* /

အထက်တင်ပြပါ အကျယ်ဖွင့်ဆိုချက်အတွင်း၌ ထိုပုံစံကိုသာလျှင် ရွေးချယ်ကာ ဖွင့်ဆိုတင်ပြပေး ထားပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေ၏။)

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

عَسَى اللَّهُ أَنْ يَجْعَلَ بَيْنَكُمْ وَبَيْنَ الَّذِينَ عَادَيْتُمْ مِنْهُمْ مَوَدَّةً ۚ
وَاللَّهُ قَدِيرٌ ۚ وَاللَّهُ غَفُورٌ رَحِيمٌ ﴿٧﴾

၆၀ : ၇ ။ ။ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့နှင့် အသင်တို့၏ ရန်ဘက်များဖြစ်ကြသော သူတို့၏ အကြား၀ယ် ချစ်ခင်မှုကို စီမံ ဖန်တီးပေးတော်မူမည် ဖြစ်တန်ရာ၏။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာရာကို အကြွင်းမဲ့ စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ ၎င်းပြင် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

لَا يَنْهَاكُمُ اللَّهُ عَنِ الَّذِينَ لَمْ
يُقَاتِلُوكُمْ فِي الدِّينِ وَلَمْ يُخْرِجُوكُمْ مِنْ دِيَارِكُمْ أَنْ تَبَرُّوهُمْ وَ
تُقْسِطُوا إِلَيْهِمْ ۚ إِنَّ اللَّهَ يُحِبُّ الْمُقْسِطِينَ ﴿٨﴾

၆၀ : ၈ ။ ။ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား အကြင်သူတို့ကို ကျေးဇူးပြုခြင်းမှလည်းကောင်း၊ တရားမျှတ စွာ ဆက်ဆံခြင်းမှလည်းကောင်း တားမြစ်တော်မူသည်မဟုတ်ပေ။ ထိုသူတို့သည် အသင်တို့အား ‘ဒီးန်’ သာသနာတော်နှင့် စပ်လျဉ်း၍ တိုက်ခိုက်ခဲ့ကြသည်လည်း မဟုတ်ပေ။ အသင်တို့အား အသင်တို့၏ နေအိမ်များမှ နှင်ထုတ်ခဲ့ကြသည်လည်း မဟုတ်ပေ။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် တရားမျှတသော သူတို့အား ချစ်ခင်နှစ်သက်တော်မူ၏။

إِنَّمَا يَنْهَاكُمُ اللَّهُ عَنِ
الَّذِينَ قَاتَلُوكُمْ فِي الدِّينِ وَأَخْرَجُوكُم مِّن دِيَارِكُمْ وَظَاهَرُوا عَلَىٰ
إِخْرَاجِكُمْ أَن تَوَلَّوْهُمْ ۚ وَمَن يَتَوَلَّهُمْ فَأُولَٰئِكَ هُمُ الظَّالِمُونَ ⑨

၆၀ : ၉ ။ ။ (စင်စစ်) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား အကြင်သူတို့ကို အဆွေခင်ပွန်း ပြုလုပ်ခြင်းမှသာ တားမြစ်တော်မူ၏။ ထိုသူတို့သည် ဒီန်သာသနာနှင့် စပ်လျဉ်း၍ အသင်တို့ကို တိုက်ခိုက်ခဲ့ကြသည့်အပြင်၊ အသင်တို့အား အသင်တို့၏ နေအိမ်များမှလည်း နှင်ထုတ်ကြခဲ့ကြကုန်၏။ အသင်တို့ကို နှင်ထုတ်ရေးနှင့် စပ်လျဉ်း၍ (သူတစ်ပါးတို့အား) ရိုင်းပင်းကူညီခဲ့ကြ၏။ စင်စစ် မည်သူမဆို ၄င်းတို့အား အဆွေခင်ပွန်း ပြုလုပ်သည်ရှိသော် ထိုကဲ့သို့သော သူတို့သည်သာလျှင် မတရားသောသူများ ဖြစ်ကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(သို့ရှိရာ ၄င်းတို့ဖြင့် ရန်ငြိုးမှုတရားကို ထားရမည်ဟူသော အချက်ကို ကြားနာရပြီးနောက် မွတ်စ္စလင်မ်တို့အဖို့ 'ဆွေမျိုးသားချင်းတို့နှင့် ဆွေဖြတ်၊ မျိုးဖြတ် ပြုရခြင်းဖြင့် ဗီဇသဘာဝအရ နည်းများ မဆို စိတ်ဒုက္ခရောက်ကာ' သောကဖြစ်ပေါ်နိုင်ပေသည်။ ထို့ကြောင့် သတင်းကောင်းပေးသော အသွင် မျိုးဖြင့် ရှေ့၌ ကြိုတင်ဟောကိန်းတစ်ရပ်ကို တင်ပြ မိန့်ခြွေတော်မူထားသည်မှာ) အလ္လာဟ်အသျှင်မြတ် (၏ ဘက်တော်မှ ကတိတော်ရှိ) သည် အသင်တို့နှင့် အသင်တို့၏ ရန်ဘက်များဖြစ်ကြသော သူတို့၏ အကြားဝယ် ချစ်ခင်မှုကို စီမံဖန်တီးပေးတော်မူမည် ဖြစ်တန်ရာ၏။ (အချို့သော သူများနှင့် စပ်လျဉ်း၍သာ ဖြစ်မည်။ ဆိုလိုသည်မှာ အချို့အား မွတ်စ္စလင်မ်များအဖြစ် ပြုလုပ်ပေးကာ မွတ်စ္စလင်မ်ဖြစ်သွားခြင်းဖြင့် ရန်ငြိုးမှုတရားသည် ချစ်ခင်မှုတရားဖြင့် ပြောင်းလွဲသွားစေမည် ဖြစ်ပေသည်ဟူ၏။ ထိုအချက်ကို တစ်စုံတစ်ရာ ခဲယဉ်း ဝေးကွာလှစွာသော အချက်ဟူ၍လည်း မမှတ်ယူထားကုန်နှင့်။ အဘယ်ကြောင့် ဆိုသော်) အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာရာကို အကြွင်းမဲ့ စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ (သို့ရှိရာ မက္ကာဟ်မြို့တော်ကို အောင်နိုင်သောနေ့၌ များစွာသော သူတို့ သည် ပျော်ရွှင်စွာဖြင့် မွတ်စ္စလင်မ်ဖြစ်သွားကြပေသည်။ အလိုသဘောမှာ ဤသို့တည်း။ ကနဦးပိုင်းမှပင် အကယ်၍ အဆက်အသွယ် ဖြတ်တောက်ခိုင်းခြင်းသည် အမြဲတမ်းအဖို့ ဖြစ်လျှင်မူလည်း အမိန့်ပေးထားသော ပညတ်ချက် ဖြစ်သည့်အတွက်ကြောင့် လိုက်နာရန် အရေးကြီးပေသည်။ သို့သော် သီးသန့် ရက်အနည်း ငယ်အတွက်သာ အဆက်အသွယ် ဖြတ်တောက်ခိုင်းပြီး ထို့နောက် အီမာန်ရယူခြင်း၌ အတူတကွ ဖြစ်ရှိ သွားကြကာ ဆွေမျိုးပတ်သက်မှုနှင့် မိတ်ဆွေသူငယ်ချင်း ဖြစ်ခြင်းသည် ထုံးစံအတိုင်း ပြန်လည်ရရှိမည် ဖြစ်ရာ သောကတစ်စုံတစ်ရာထားရန် အချက်မဟုတ်တော့ပေ။ ယခုအချိန်ထိတိုင် တစ်ဦးတစ်ယောက် အနေဖြင့် ထိုအမိန့်အား ဆန့်ကျင်မှုပြုမိကာ မှားယွင်းသွားသည့် အတွက်ကြောင့် ၄င်းသည် ယခုလက်ရှိ

ကာလ၌ 'သောင်ဗာဟ်'ပြုခဲ့သော) ၄င်းပြင် အလ္လာဟ်အသျှင်မြတ်သည် (၄င်းအဖို့) အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာ ညာတာတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ (ကာဖိရ်များဖြင့် အဆက်အသွယ်ဖြတ်တောက်ခြင်း 'ဝါဂျိဗ်'ဟူ၍ အဆွေခင်ပွန်းဖွဲ့ခြင်းနှင့် စပ်လျဉ်းသော အမိန့်ကို ဤနေရာထိတိုင် တင်ပြမိန့်မြွက်ထားပေသည်။)

(ရှေ့၌ ၄င်းတို့နှင့် ပြေပြစ်ကောင်းမွန်စွာ ဆက်ဆံမှု ပြုခြင်းတို့၏ အမိန့်တော်ကို အကျယ်တဝင့် တင်ပြထားသည်မှာ) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား အကြင်သူတို့ကို ကျေးဇူးပြုခြင်းမှလည်းကောင်း၊ တရားမျှတစွာ ဆက်ဆံခြင်းမှလည်းကောင်း တားမြစ်တော်မူသည် မဟုတ်ပေ။ ထိုသူတို့သည် အသင်တို့အား 'ဒီးန်'သာသနာတော်နှင့် စပ်လျဉ်း၍ တိုက်ခိုက်ခဲ့ကြသည်လည်း မဟုတ်ပေ။ အသင်တို့အား အသင်တို့၏ နေအိမ်များမှ နှင်ထုတ်ခဲ့ကြသည်လည်း မဟုတ်ပေ။ (အလိုသဘောမှာ အခွန်ပေး၍နေသော ကာဖိရ်များကိုလည်းကောင်း၊ (သို့မဟုတ်) ငြိမ်းချမ်းရေး ရယူထားကြသော ကာဖိရ်များကိုလည်းကောင်း ဆိုလိုခြင်း ဖြစ်ပေသည်။ ဆိုလိုသည်မှာ ၄င်းတို့အား ပြေပြစ်ကောင်းမွန်စွာ ဆက်ဆံခြင်း ပိုင်ပေသည်။ တရားမျှတစွာဖြင့် ဆက်ဆံဆုံးဖြတ်မည်ဟူသော ကိစ္စနှင့် စပ်လျဉ်း၍မူ ယင်းကိစ္စသည် အခွန်ပေး၍ နေထိုင်သော ကာဖိရ် (သို့မဟုတ်) ငြိမ်းချမ်းရေးကို ရယူထားသော ကာဖိရ်တို့ကိုသာ ပြုလုပ်ရမည်ဟူသော စည်းကမ်းချက်မျိုး မရှိရုံသာမက ကာဖိရ်တိုင်းသာမက တိရစ္ဆာန်များဖြင့်လည်း ပြုရန် 'ဝါဂျိဗ်' ဖြစ်ပေသည်။ ဤအာယသ်တော်အတွင်း၌ တရားမျှတခြင်း၏ အလိုသဘောသည် ပြေပြစ်ကောင်းမွန်စွာ ဆက်ဆံခြင်းကို ဆိုလိုပေသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးရယူထားကြသော သူတို့အဖို့သာ အထူးပြုထားခြင်း ဖြစ်ပေသည်။) ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် တရားမျှတသော သူတို့အား ချစ်ခင်နှစ်သက်တော်မူ၏။

(စင်စစ်) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား အကြင်သူတို့ကို အဆွေခင်ပွန်း ပြုလုပ်ခြင်း (ကောင်းမွန်စွာနှင့် ကျေးဇူးတရားထားရှိခြင်း) မှသာ တားမြစ်တော်မူ၏။ ထိုသူတို့သည် ဒီးန်သာသနာနှင့် စပ်လျဉ်း၍ အသင်တို့ကို (ကာယကံမြောက်ဖြစ်စေ၊ (သို့) ပြုလိုစိတ်ရှိ၍ ဖြစ်စေ) တိုက်ခိုက်ခဲ့ကြသည့်အပြင်၊ အသင်တို့အား အသင်တို့၏ နေအိမ်များမှလည်း နှင်ထုတ်ကြခဲ့ကြကုန်၏။ (အကယ်၍ မနှင်ထုတ်ပါကလည်း) အသင်တို့ကို နှင်ထုတ်ရေးနှင့် စပ်လျဉ်း၍ (နှင်ထုတ်ကြသည့် အခြားသူတစ်ပါးတို့အား) ရိုင်းပင်းကူညီခဲ့ကြ၏။ (ဆိုလိုသည်မှာ ထိုသူတို့၏ ကာယကံမြောက် ကျူးလွန်ခြင်း၌အတူ ပါဝင်သည် ဖြစ်စေ၊ (သို့မဟုတ်) ပြုလိုစိတ်ရှိခြင်း၌ ပါဝင်သည်ဖြစ်စေ၊ ယင်း၌ ကာဖိရ်များအားလုံး အကျုံးဝင်သွားပေသည်။ မှတ်စွလင်မ်တို့ဖြင့် ငြိမ်းချမ်းရေး ပဋိညာဉ်တစ်စုံတစ်ရာ (သို့မဟုတ်) အခွန်ပေးဆောင်ရန် ခံဝန်ကတိပြုထားခြင်းမျိုး မရှိကြသော ၄င်းတို့နှင့်အတူ ကောင်းမွန်စွာ ကျေးဇူးတရား ထားရှိစွာဖြင့် ဆက်ဆံသော ဆက်ဆံရေးအမှုကိစ္စသည် မပိုင်ပေ။ သို့သာမက ၄င်းတို့ဖြင့်မူ စစ်တိုက်ယှဉ်ပြိုင်မှုပြုရန်သာ ရှိပေသည်။) စင်စစ် မည်သူမဆို ၄င်းတို့အား (ကောင်းမွန်ပြေပြစ်၊ ကျေးဇူးတရား ထားရှိစွာဖြင့် ဆက်ဆံ၍) အဆွေခင်ပွန်း ပြုလုပ်သည်ရှိသော် ထိုကဲ့သို့သော သူတို့သည်သာလျှင် မတရားသောသူများ ဖြစ်ကြကုန်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

လွန်လေပြီးသော အာယသ်တော်များအတွင်း၌ ကာဖိရ်များသည် မိမိတို့ဖြင့် အာဘယ်မျှခန့် သွေးရင်းသားရင်းဖြစ်ကာ နီးစပ်လျက်ရှိနေသော ဆွေမျိုးသားချင်းများ ဖြစ်နေလင့်ကစား ၎င်းတို့နှင့် အဆွေခင်ပွန်းဖွဲ့ခြင်းကို လေးနက်စွာ တားမြစ်ထား၍ မပိုင်ကြောင်းကိုလည်း ထုတ်ပြန်ထားပေသည်။ ဆွဟာဗာကြီးများသည် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်နှင့် စပ်လျဉ်းလျက်ရှိသော အမှုကိစ္စတို့၌ မိမိတို့၏ စိတ်အလိုဆန္ဒ အကျိုးတပ်မက်မှုကိုသော်လည်းကောင်း၊ မည်သည့်သွေးရင်းသားရင်းဆွေမျိုးသားချင်းတို့၏ ချစ်ခင်မှုကိုသော်လည်းကောင်း ဂရုမမူကြပေ။ ထိုအချက်အပေါ် လက်တွေ့ကျကျပြုလုပ်ပြသခဲ့ကြပေသည်။ ယင်း၏ အကျိုးဆက်တရားမှာ အိမ်တိုင်း၊ အိမ်တိုင်းတွင် ဖခင်သည် မွတ်စ္စလင်မ်ဖြစ်ကာ သားသည် ကာဖိရ်ဖြစ်နေခြင်း၊ (သို့မဟုတ်) သားသည် မွတ်စ္စလင်မ်ဖြစ်၍ ဖခင်သည် ကာဖိရ်ဖြစ်နေခြင်းများကို ပေါ်ပေါက်စေခဲ့ပေသည်။ တစ်ဦးနှင့် တစ်ဦး အလွန်ရင်းရင်းနှီးနှီး ဆက်ဆံခြင်းများကို ဖြတ်တောက်ခဲ့ကြပေသည်။ 'လူ့ဗီဇသဘာဝအရ ဤဆောင်ရွက်ချက်သည် မလွယ်ကူလှသော ကိစ္စရပ်ဖြစ်ကြောင်း' မှာ ထင်ရှားလှပေသည်။ ထို့ကြောင့် တင်ပြလျက်ရှိနေသော အာယသ်တော်များအတွင်း၌ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ အခက်အခဲကို မကြာမီ လွယ်ကူစေတော်မူမည်ဟူသော သတင်းကို ပေးတော်မူလိုက်ပေသည်။

အချို့သော ဟဒီးစ်ဆင့်ပြန်ချက်များ၌ လာရှိထားပေသည်။ အလ္လာဟ်အသျှင်မြတ်၏ မည်သည့်ကျေးကျွန်တစ်ဦးသည် အလ္လာဟ်အသျှင်မြတ်၏ နှစ်မြို့မှုအတွက် မိမိ၏ နှစ်မြို့ဖွယ်အရာကို စွန့်လွှတ်လိုက်ပါမူ အချို့သော အချိန်အခါမျိုး၌ အလ္လာဟ်အသျှင်မြတ်သည် ထိုအရာကို ပြုပိုင်ခွင့်အဖြစ် ပြုပေးကာ ၎င်း၏ ထံသို့ ပို့ဆောင်ပေးလိုက်ပေသည်။ အချို့သော အချိန်အခါမျိုးတွင် ထို့ထက် သာပို ကောင်းမြတ်သော အရာကိုပင် ချီးမြှင့်ပေးသနားတော်မူလိုက်ပေသည်။

ထိုအာယသ်တော်များအတွင်း၌ အလ္လာဟ်အသျှင်မြတ်သည် 'ယနေ့ အကြင်သူတို့သည် ကုဖ်ရ်တည်းဟူသော သွေဖည်ငြင်းဆိုမှုအပေါ်၌ တည်ရှိနေကြပေသည်။ ထိုသွေဖည်မှုကြောင့် ၎င်းတို့သည် အသင်တို့၏ ရန်သူများဖြစ်သွားကြ၍ အသင်တို့သည်လည်း ၎င်းတို့၏ ရန်သူများ ဖြစ်သွားကြပေသည်။ များမကြာမီ အချိန်အတောအတွင်း၌ အလ္လာဟ်အသျှင်မြတ်သည် ထိုရန်ငြိုးမှုတရားကို အဆွေခင်ပွန်းဖြစ်ခြင်းတရားနှင့် ပြောင်းလွဲပေးတော်မူမည်နိုင်၏' ဟူသော အချက်ဘက်သို့ ရည်ညွှန်း ဖော်ထုတ်ထားပေသည်။ အလိုသဘောမှာ ဤသို့တည်း။ ၎င်းတို့ကို အီမာန်ရယူနိုင်စွမ်း ချီးမြှင့်ကာ အသင်တို့၏ ဆက်နွယ်ပတ်သက်မှုများကို တစ်ဖန် အစမှ ပြန်လည်၍ ချောမွေ့စေတော်မူပေမည်။ ထိုကြိုတင်ဟောကိန်း ပြည့်ဝမှန်ကန်စွာ ပေါ်လွင်ခဲ့မှုသည် မက္ကာဟ်မြို့တော်ကို အောင်နိုင်သော အချိန်၌ 'သတ်ဖြတ်ခြင်းခံရသော ကာဖိရ်များမှအပ အခြားကျန်ရှိသော ကာဖိရ်များအားလုံးသည် မွတ်စ္စလင်မ်များ ဖြစ်သွားကြခြင်းဖြင့် ပေါ်လွင်ခဲ့ပေသည်။

[မဇ္ဇ်ဟာရီကျမ်း]

ဤသည်ကို ကုရ်အာန်ကျမ်းတော်မြတ်၌

يَدْخُلُوْنَ فِىْ دِيْنِ اللّٰهِ اَفْوَاجًا

(လူတို့သည် အသျှင်မြတ်၏ ဒီးန်၌ အသင်းအဖွဲ့လိုက် ဝင်ရောက်လျက်ရှိကြမည်။) *[၁၁၀ : ၂]*

ဟူ၍ တင်ပြထားပေသည်။ ဤသို့ပင် ဖြစ်ပေါ်ခဲ့ပေသည်။

ဆွဟီးဟ်ဘုခါရီကျမ်း၌ ဟဇရသ်အပ်စ်မားအ်ဗင်န်သေ့ အဗူဗကရ်စွိဒ်ဒီးက် ﷺ သခင်မကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ ထိုသခင်မကြီး၏ မိခင်သည် 'ကုဖွရ်'၏ အခြေအနေ၌မှာပင် မက္ကာဟ်မြို့မှ မဒီနာရွှေမြို့တော်သို့ ရောက်ရှိလာပေသည်။ (မွတ်စ်နဒ်အဟ်မဒ်ကျမ်း၏ ဆင့်ပြန်ချက်၌ လာရှိသည်မှာ ဤဖြစ်အင်သည် 'ဟိုဒိုက်ဗီယာ'စစ်ပွဲအပြီး မက္ကာဟ်မြို့ရှိ ကုရိုက်ရှ်တို့ဖြင့် ပဋိညာဉ်ကို ရယူထားသော အချိန်ကာလ၌ ဖြစ်ပေသည်။ ထိုသခင်မကြီး၏ မိခင်အမည်မှာ 'ကဗီလာ' ဖြစ်ပေသည်။ ၄င်းအမျိုးသမီးကြီးသည် မိမိ၏ သမီး ဟဇရသ်အပ်စ်မားအ် ﷺ သခင်မအတွက် လက်ဆောင်ပစ္စည်းအချို့ကို ယူဆောင်ကာ မဒီနာမြို့သို့ ရောက်ရှိလာခဲ့သည်။ သို့သော် အပ်စ်မားအ် ﷺ သခင်မကြီးသည် ၄င်း၏ လက်ဆောင်များ.ကို လက်ခံရယူရန် ငြင်းဆိုလိုက်ပေသည်။ မိမိ၏ အိမ်သို့ လာရောက်ခွင့်ကိုလည်း တမန်တော်မြတ် ﷺ ၏ ထံတော်ပါးမှ ခွင့်မရသရွေ့ ကာလပတ်လုံး အချိန်ထိတိုင် ခွင့်ပေးလိမ့်မည်မဟုတ်ဟူ၍ ပြောဆိုခိုင်းလိုက်ပေသည်။)

အချုပ်ဆိုရသော် ဟဇရသ်အပ်စ်မားအ် ﷺ သခင်မကြီးသည် တမန်တော်မြတ် ﷺ အား 'ကျွန်တော်မျိုးမ၏ မိခင်သည် ကျွန်တော်မျိုးမနှင့် တွေ့ဆုံရန် လာရောက်ခဲ့သည်။ ၄င်းသည် ကာဖိရ်ဖြစ်ရာ မည်သို့သော ဆက်ဆံမှုမျိုးကို ပြုရပေမည်နည်း' ဟူ၍ လျှောက်ထားရာ တမန်တော်မြတ် ﷺ သည် 'မွန်ရည်ပြေပြစ် လုပကောင်းမွန်စွာဖြင့် ဆက်ဆံကုန်' ဟူ၍ မိန့်တော်မူလိုက်ပေသည်။ ထိုအချက်အပေါ်

لَا يَنْهٰكُمُ اللّٰهُ عَنِ الَّذِيْنَ لَمْ يُقَاتِلُوْكُمْ فِى الدِّيْنِ

(အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား အကြင်သူတို့ကို ကျေးဇူးပြုခြင်းမှလည်းကောင်း၊ တရားမျှတစွာ ဆက်ဆံခြင်းမှလည်းကောင်း တားမြစ်တော်မူသည် မဟုတ်ပေ။ ထိုသူတို့သည် အသင်တို့အား ဒီးန်သာသနာတော်နှင့် စပ်လျဉ်း၍ တိုက်ခိုက်ခဲ့ကြသည်လည်း မဟုတ်ပေ။) *[၆၀ : ၈]*

ဟူသော ဤအာယသ်တော် ကျရောက်လာပေသည်။

အချို့သော ဆင့်ပြန်ချက်များ၌ ဤသို့လည်း လာရှိထားပေသည်။ ဟဇရသ်အပ်စ်မားအ် ﷺ သခင်မကြီး၏ မိခင်ကဗီလာကို ဟဇရသ်အဗူဗကရ်စွိဒ်ဒီးက် ﷺ သခင်ကြီးသည် အမိုက်ခေတ်ကာလကတည်းက 'သွလားက်'ပေးပြီး ဖြစ်ပေသည်။ ဟဇရသ်အပ်စ်မားက် ﷺ သခင်မကြီးသည် ဟဇရသ်အဗူဗကရ် ﷺ သခင်၏ အခြားဇနီးတစ်ဦးဖြစ်သော အွမ်မေ့ရူမာန်းဟု ခေါ်သော သခင်မကြီး၏ ဝမ်းမှ မွေးဖွားလာခဲ့ခြင်း ဖြစ်ပေသည်။ ထိုကြင်ယာတော်သည် မွတ်စ္စလင်မ်ဖြစ်ခဲ့ပေသည်။ *[အိဗ်နေကစီးရ်၊ မဇ္ဇဟ်ရီ]*

ဤအာယသ်တော်အတွင်း၌ မွတ်စ္စလင်မ်တို့ဖြင့် တိုက်ခိုက်မှုမပြုကြသော ကာဖိရ်များနှင့် မွတ်စ္စလင်မ်တို့အား မောင်းထုတ်ရာ၌ မည်သည့်ကဏ္ဍရပ်မှပင် မပါဝင်ခဲ့ကြသော ကာဖိရ်တို့အား မွန်ရည်ကောင်းမွန်ပြေပြစ်ကျစ်လစ်လှစွာနှင့် ဆက်ဆံရန်၊ တရားမျှတစွာဖြင့် ဆက်ဆံရန် လမ်းညွှန်ချက်ကို ညွှန်ကြားပြသထားပေသည်။ တရားမျှတစွာ ဆက်ဆံခြင်းကိုမူ ကာဖိရ်တိုင်းနှင့် ပြုမူရန် အရေးကြီးပေသည်။ ယင်း၌ 'အခွန်ပေး၍ နေထိုင်သော ကာဖိရ်၊ ငြိမ်းချမ်းရေးရယူထားသော ကာဖိရ်နှင့် စစ်မြေပြင်ရှိ ကာဖိရ်ရန်သူ' တို့အားလုံးသည် တန်းတူဖြစ်ကြပေသည်။ သို့သာမက အစ္စလာမ်သာသနာ၌မူ တရားမျှတစွာ ဆက်ဆံခြင်းသည် တိရစ္ဆာန်များနှင့်ပင်လျှင် 'ဝါဂျိဗ်'ဖြစ်သည်။ ၎င်းမှာ ၎င်းတိရစ္ဆာန်များ ခံနိုင်ရည်ထက် ပို၍ ၎င်းတို့အပေါ် ဝန်စည်စလယ် မထမ်းခိုင်းရန်နှင့် ၎င်းတို့အဖို့ အစာရေစာနှင့် သက်တောင့်သက်သာ ရှိနေစေရန် စောင့်ကြပ်ရပေမည်။ ဤအာယသ်တော်၏ အဓိကရည်ရွယ်ချက်မှာ ကောင်းမွန်စွာ၊ ကျေးဇူးတရားထားရှိစွာ ဆက်ဆံရန် အချက်တို့ကို လမ်းညွှန်ပေးရန် ဖြစ်ပေသည်။

ဓမ္မသတ် ။ ။ ဤအာယသ်တော်မှ 'နဖိလ်'၊ 'ဖွရ်ဇ်'၊ 'ဝါဂျိဗ်' အရေးကြီးတာဝန်ရှိသော လှူဒါန်းခြင်းများမဟုတ်သော အပိုလှူဒါန်းမှုများကို အခွန်ပေး၍ နေထိုင်သော ကာဖိရ်များနှင့် ငြိမ်းချမ်းရေး ရယူထားကြသော ကာဖိရ်တို့ကို ပေးဆောင်နိုင်ကာ စစ်ဖက်ရန်သူ ကာဖိရ်တို့ကိုမူ မပေးနိုင်ပေ။

إِنَّمَا يَنْهٰكُمُ اللّٰهُ عَنِ الَّذِيْنَ قَاتَلُوْكُمْ فِى الدِّيْنِ وَاَخْرَجُوْكُمْ مِّنْ دِيَارِكُمْ

وَظَاهَرُوْا عَلٰى إِخْرَاجِكُمْ اَنْ تَوَلَّوْهُمْ

(စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား အကြင်သူတို့ကို အဆွေခင်ပွန်းပြုလုပ်ခြင်းမှသာ တားမြစ်တော်မူ၏။ ထိုသူတို့သည် ဒီးန်သာသနာနှင့် စပ်လျဉ်း၍ အသင်တို့ကို တိုက်ခိုက်ခဲ့ကြသည့်အပြင် အသင်တို့အား အသင်တို့၏ အိမ်များမှလည်း နှင်ထုတ်ခဲ့ကြ၏။ အသင်တို့ကို နှင်ထုတ်ရေးနှင့် စပ်လျဉ်း၍ သူတစ်ပါးအား ရိုင်းပင်းကူညီခဲ့ကြ၏။) *[၆၀ : ၉]*

ဤအာယသ်တော်အတွင်း၌ မွတ်စ္စလင်မ်တို့ဖြင့် ယှဉ်ပြိုင် ရင်ဆိုင်၍ စစ်မက်တိုက်ခိုက်ခဲ့ကြသော၊ မွတ်စ္စလင်မ်တို့အား အိမ်များမှ နှင်ထုတ်ရာ၌ အစိတ်အပိုင်းကဏ္ဍရပ်တစ်ခုခု၌မဆို ပါဝင်ပတ်သက်ခဲ့ကြသော ကာဖိရ်တို့၏ အကြောင်းကို တင်ပြထားပေသည်။ ၎င်းတို့နှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်သည် ဤသို့ မိန့်တော်မူထားပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့နှင့်အတူ အူလိုက်သည်းလိုက် အဆွေခင်ပွန်းဖွဲ့ခြင်းကို တားမြစ်ထားတော်မူပေသည်။ ကောင်းမွန်၊ ပျူငှာစွာ ဆက်ဆံခြင်းအချက်သည် တားမြစ်ချက်အတွင်း၌ မပါဝင်ပေ။ နှလုံးသားအတွင်းမှ ချစ်ခင်ရင်းနှီးမှု၊ ပတ်သက်ဆက်နွယ်မှုတို့ကိုသာ တားမြစ်ထားတော်မူပေသည်။ ဤနှလုံးသားအတွင်းမှ အူလိုက်သည်းလိုက် ချစ်ခင်ရင်းနှီးမှု ထားရှိခြင်းကို ထိုကာဖိရ်များအတွင်းမှ စစ်ဘက်ဆိုင်ရာ ကာဖိရ်အကြီးအကဲတို့နှင့်သာမကဘဲ အခွန်ပေး၍ နေထိုင်ကြသော ကာဖိရ်

များနှင့် ငြိမ်းချမ်းရေးကို ရယူထားကြသော ကာဖိရ်များဖြင့်လည်း ပြုခွင့်မပေးထားပေ။ ထိုအချက်ကို အကိုးအကားပြု၍ မဇ္ဇဟာရီကျမ်း၌ 'စစ်ဘက်ရေးရာ ကာဖိရ်အကြီးအကဲများနှင့်အတူ တရားမျှတစွာ ဆက်ဆံရန်သည် အစ္စလာမ်သာသနာ၌ အရေးကြီးလှပေသည်။ တားမြစ်ချက်မှာ နှလုံးသားအတွင်း အူလှိုက်သည်းလှိုက် ချစ်ခင်ရင်းနှီးမှု ထားရှိခြင်းနှင့်သာ သက်ဆိုင်၍ ကောင်းမွန်ပျူငှာစွာ ဆက်ဆံခြင်းသည် တားမြစ်ချက်အတွင်း၌ မပါဝင်ပေ' ဟူသော ဓမ္မသတ်ကို ထုတ်နုတ် တင်ပြထားပေသည်။ အထက်ပါ ဓမ္မသတ်မှ 'မွန်ရည်ကောင်းမွန်စွာ ဆက်ဆံခြင်းသည် စစ်ဘက်ဆိုင်ရာ ကာဖိရ်များနှင့် အတူလည်း ပြုပိုင်ခွင့် ရှိကြောင်း' ကို သိရှိရပေသည်။ သို့သာမက အခြားငြင်းမရသော အထောက်အထားများကို အခြေခံမူတည်၍ ၎င်းတို့နှင့်အတူ မွန်ရည်ပျူငှာစွာ ဆက်ဆံမှုမျိုးကို ပြုမူဆောင်ရွက်ရာ၌ မွတ်စ္စလင်မ်တို့ကို မည်သည့်ဆိုးကျိုး၊ အန္တရာယ်တစ်စုံတစ်ရာမျှ သက်ရောက်ရန် စိုးရိမ်ခွင့်မရှိသော စည်းကမ်းချက်ဖြင့် ကိုက်ညီမှသာ ပြုခွင့် ရှိပေမည်။ အကြင်နေရာမျိုး၌ ဤသို့သော စိုးရိမ်ဖွယ်အချက်ရှိမူ ထိုနေရာ၌ ယင်းကာဖိရ်များဖြင့် မွန်ရည်ပြေပြစ် ကျစ်လစ်ပျူငှာစွာ ဆက်ဆံခြင်း မပိုင်ပေ။ သို့ရာတွင် တရားမျှတစွာ ဆက်ဆံခြင်းသည် အခြေအနေတိုင်း၌ လူတိုင်းနှင့် စပ်လျဉ်း၍ အရေးကြီးပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေ၏။)

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓا۟ إِذَا جَآءَكُمُ ٱلْمُؤْمِنَٰتُ مُهَٰجِرَٰتٍ فَٱمْتَحِنُوهُنَّ ۖ
ٱللَّهُ أَعْلَمُ بِإِيمَٰنِهِنَّ ۖ فَإِنْ عَلِمْتُمُوهُنَّ مُؤْمِنَٰتٍ فَلَا تَرْجِعُوهُنَّ
إِلَى ٱلْكُفَّارِ ۖ لَا هُنَّ حِلٌّ لَّهُمْ وَلَا هُمْ يَحِلُّونَ لَهُنَّ ۖ وَءَاتُوهُم مَّآ
أَنفَقُوا۟ ۚ وَلَا جُنَاحَ عَلَيْكُمْ أَن تَنكِحُوهُنَّ إِذَآ ءَاتَيْتُمُوهُنَّ أُجُورَهُنَّ ۚ
وَلَا تُمْسِكُوا۟ بِعِصَمِ ٱلْكَوَافِرِ وَسْـَٔلُوا۟ مَآ أَنفَقْتُمْ وَلْيَسْـَٔلُوا۟ مَآ
أَنفَقُوا۟ ۚ ذَٰلِكُمْ حُكْمُ ٱللَّهِ ۖ يَحْكُمُ بَيْنَكُمْ ۚ وَٱللَّهُ عَلِيمٌ حَكِيمٌ ۝١٠

၆၀ : ၁၀ ။ ။ အို, မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့ထံ မုအ်မင်န်သက်ဝင်ယုံကြည်သော မိန်းမများသည် ရွှေ့ပြောင်း၍ လာခဲ့ကြသောအခါ၊ အသင်တို့သည် ၎င်းတို့အား စမ်းသပ်စစ်ဆေးကြလေကုန်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ အီမာန်သက်ဝင်ယုံကြည်မှုကို ကောင်းမွန်စွာ သိရှိတော်မူ၏။ သို့ဖြစ်ပေရာ အကယ်၍ အသင်တို့သည် ၎င်းတို့ မုအ်မင်န်သက်ဝင် ယုံကြည်သော မိန်းမများဖြစ်ကြောင်းကို ကောင်းမွန်စွာ သိရှိခဲ့ကြသောအခါ၊ အသင်တို့သည် ၎င်းတို့အား

ကာဖိရ်များထံသို့ ပြန်၍ မပို့ကြကုန်လင့်။ ၎င်းတို့မှာလည်း ထိုကာဖိရ်တို့အဖို့ (ဟလာလ်) တရားဝင်ကြသည်မဟုတ်ပေ။ ထို ကာဖိရ်များမှာလည်း ၎င်းတို့အဖို့ (ဟလာလ်) တရားဝင်ကြသည် မဟုတ်ပြီ။ သို့ရာတွင် အသင်တို့သည် ထိုကာဖိရ်များအား ၎င်းတို့ အကုန်အကျခံခဲ့ကြရသည်များကို ပေးဆပ်ကြလေကုန်။ ထို့ပြင် အကယ်၍ အသင်တို့သည် ၎င်းတို့အား ၎င်းတို့၏ 'မဟရ်'ထိမ်းမြားကြေးများကို ပေးဆက်ကြ လျှင်၊ ၎င်းတို့နှင့် 'နေကာဟ်'ထိမ်းမြားခြင်းမှာ အသင်တို့၌ အပြစ်မဟုတ်ပေ။ ထို့ပြင် အသင်တို့သည် ကာဖိရ်မိန်းမများ၏ ဂုဏ်သရေကို သိမ်းပိုက်၍ မထားကြကုန်လင့်။ ၎င်းပြင် အသင်တို့သည်လည်း မိမိတို့ အကုန်အကျ ခံခဲ့ကြရသည်များကို (ကာဖိရ်များထံမှ) တောင်း၍ ယူကြလေကုန်။ ၎င်းတို့သည်လည်း မိမိတို့ ကုန်ကျခဲ့သည်များကို (အသင်တို့ထံမှ) တောင်း၍ ယူကြရပေမည်။ ထိုသည် အလ္လာဟ်အသျှင်မြတ်၏ စီရင်ပြဋ္ဌာန်းချက်ပင် (ဖြစ်၏။) ထိုအသျှင်မြတ်သည် အသင်တို့၏ အကြားဝယ် စီရင်ပြဋ္ဌာန်းတော်မူ၏။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသောအသျှင်၊ နူးညံ့သိမ်မွေ့ ဆင်ခြင်တုံတရားနှင့် ပြည့်စုံ တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

وَإِنْ فَاتَكُمْ شَيْءٌ مِّنْ أَزْوَاجِكُمْ إِلَى الْكُفَّارِ فَعَاقَبْتُمْ فَآتُوا
الَّذِينَ ذَهَبَتْ أَزْوَاجُهُم مِّثْلَ مَا أَنفَقُوا وَاتَّقُوا اللَّهَ الَّذِي
أَنتُم بِهِ مُؤْمِنُونَ ﴿١١﴾

၆၀ : ၁၁ ။ ။ သို့ရာတွင် အကယ်၍ အသင်တို့၏ ဇနီးမိန်းမတို့အနက် တစ်ဦးတစ်ယောက်သည် ကာဖိရ်များထံသို့ ထွက်သွားခဲ့ပြီးနောက်၊ အသင်တို့ အလှည့်ရောက်ရှိခဲ့ပါလျှင် (အသင်တို့သည် လက်ရပစ္စည်း ရရှိခဲ့ကြပါလျှင်) ဇနီးမိန်းမများ ထွက်သွားခဲ့ကြသောသူ [အခွင့်အရေး ဆုံးရှုံးနေသည့် မွတ်စလင်မ်ယောကျ်ား] တို့အား ၎င်းတို့ အကုန်အကျခံကြသည့် ('မဟရ်'ထိမ်းမြားကြေး) နှင့် အညီအမျှ အသင်တို့ ပေးဆပ်ကြလေကုန်။ ထို့ပြင် အသင်တို့သည် မိမိတို့ သက်ဝင်ယုံကြည် ကြကုန်သော အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။

يَا أَيُّهَا النَّبِيُّ إِذَا جَاءَكَ الْمُؤْمِنَاتُ يُبَايِعْنَكَ
عَلَىٰ أَن لَّا يُشْرِكْنَ بِاللَّهِ شَيْئًا وَلَا يَسْرِقْنَ وَلَا يَزْنِينَ وَلَا
يَقْتُلْنَ أَوْلَادَهُنَّ وَلَا يَأْتِينَ بِبُهْتَانٍ يَفْتَرِينَهُ بَيْنَ
أَيْدِيهِنَّ وَأَرْجُلِهِنَّ وَلَا يَعْصِينَكَ فِي مَعْرُوفٍ فَبَايِعْهُنَّ
وَاسْتَغْفِرْ لَهُنَّ اللَّهَ إِنَّ اللَّهَ غَفُورٌ رَّحِيمٌ ﴿١٢﴾

၆၀ : ၁၂ ။ ။ အို့, နဗီတမန်တော်၊ မုအ်မင်န်သက်ဝင်ယုံကြည်ကြသော မိန်းမများသည် အသင့်ထံလာ၍ မိမိတို့မှာ မည်သည့်တစ်စုံတစ်ရာကိုမျှပင် အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ် (ဆည်းကပ်ကိုးကွယ်) ကြမည် မဟုတ်ပါဟူ၍လည်း

ကောင်း၊ ခိုးဝှက်မှုကိုလည်း ကျူးလွန်ကြမည် မဟုတ်ပါဟူ၍လည်းကောင်း၊ သူတစ်ပါး၏ ဇနီးမိန်းမအား 'ဇေနာ' ကာမဂုဏ် ကျူးလွန်မှုကိုလည်း ကျူးလွန်ကြမည် မဟုတ်ပါဟူ၍လည်းကောင်း၊ မိမိတို့၏ သားသမီးများကိုလည်း သတ်ဖြတ်ကြမည် မဟုတ်ပါဟူ၍လည်းကောင်း၊ မိမိတို့လက်များနှင့် ခြေများ၏ အကြား၌ မုသားတစ်စုံတစ်ရာကိုလည်း လီဆယ်ဖန်တီးကြမည် မဟုတ်ပါဟူ၍လည်းကောင်း၊ ကောင်းမြတ်သော အမှုကိစ္စ တစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ အသင်၏ အမိန့်ကိုလည်း ဖီဆန်ကြမည် မဟုတ်ပါဟူ၍လည်းကောင်း 'ဗိုင်အသ်' ကတိသစ္စာ ပြုကြသောအခါ အသင်သည် ၎င်းတို့အား 'ဗိုင်အသ်' ကတိသစ္စာ ပြုပါလေ။ ထို့ပြင် အသင်သည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ ၎င်းတို့အဖို့ လွတ်ငြိမ်းချမ်းသာခွင့်ကိုလည်း ပန်ကြားပါလေ။ ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူသော အသျှင်၊ အလွန်တရာ ကရုဏာပြုတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

يَا أَيُّهَا الَّذِينَ
آمَنُوا لَا تَتَوَلَّوْا قَوْمًا غَضِبَ اللَّهُ عَلَيْهِمْ قَدْ يَئِسُوا مِنَ
الْآخِرَةِ كَمَا يَئِسَ الْكُفَّارُ مِنْ أَصْحَابِ الْقُبُورِ ۝١٣

၆၀ : ၁၃ ။ ။ 'အို, မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အမျက်တော် ကျရောက်ခဲ့သော လူမျိုးကို အဆွေခင်ပွန်း မပြုလုပ်ကြကုန်လင့်။ ဧကန်စင်စစ် ၎င်းတို့မှာ သင်္ချိုင်းများအတွင်း၌ ရှိကြကုန်သော သူတို့နည်းတူ 'အာခိရသ်' တမလွန်ဘဝ (၏ အကျိုးကျေးဇူးများ) ကို မျှော်လင့်ချက် ကင်းမဲ့လျက် ရှိကြကုန်သည်။ (တစ်နည်း) ဧကန်စင်စစ် ၎င်းတို့မှာမူ သင်္ချိုင်းများအတွင်းဝယ် ရှိသူတို့ (ထံမှ အကျိုးကျေးဇူးများ) ကိုလည်း မျှော်လင့်ချက် ကင်းကြသကဲ့သို့ပင် 'အာခိရသ်' တမလွန်ဘဝ (၏ အကျိုးကျေးဇူးများ) ကိုလည်း မျှော်လင့်ချက် ကင်းလျက် ရှိကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အာယသ်တော်များ ကျရောက်လာရခြင်း၏ သမိုင်းအကြောင်း

(ဤ)အာယသ်တော်များသည် သီးခြားဖြစ်ရပ်တစ်ခုနှင့် စပ်လျဉ်းနေပေသည်။ ထိုဖြစ်ရပ်သည် 'ဟုဒိုက်ဗီယာ' စစ်ပြေငြိမ်းရေးအချိန်၌ ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်ပေသည်။ ယင်းအကျယ်တဝင့်၏ အကြောင်းအရာကို စူရာဟ် 'ဖသဟ်'၏အစ၌ တင်ပြခဲ့ပေပြီး စာချုပ်ပါစည်းကမ်းများအနက် မွတ်စ္စလင်မ်တို့ထဲမှ ကာဖိရ်များ၏ ဘက်သို့ ထွက်ပြေးသွားရောက်ရှိလာသူအား ပြန်လည်ပေးအပ်မည်မဟုတ်။ ရောက်ရှိလာသူ ကာဖိရ်တို့ဘက်မှ မွတ်စ္စလင်မ်များ၏ ထံသို့ ထွက်ပြေးရောက်ရှိလာသူအား ပြန်လည် ပို့ဆောင်ပေးရမည်'ဟူသော စည်းကမ်းချက်လည်း ပါဝင်ပေသည်။ သို့ရှိရာ အချို့သော မွတ်စ္စလင်မ်အမျိုးသားများ လာရောက်ခဲ့ကြသောအခါ ၎င်းတို့အား ပြန်လည်၍ အပ်နှင်းပေးခဲ့ပေသနည်း။ တစ်ဖန် အချို့သော အမျိုးသမီးများသည်

လည်း မွတ်စ္စလင်မ်ဖြစ်ကာ လာရောက်ခဲ့ကြပေရာ ၎င်းအမျိုးသမီးများ၏ ဆွေမျိုးသားချင်းတို့သည် ၎င်းတို့အား ပြန်လည်ပို့ဆောင်ပေးရန် တောင်းဆိုခဲ့ကြပေသည်။ ထိုအချက်အပေါ် ဤအာယသ်တော်များသည် 'ဟုဒိုက်ဗိယာ'၌ ကျရောက်လာပေသည်။ ဤအာယသ်တော်များအတွင်း၌ အမျိုးသမီးများအား ပြန်လည်ပို့ဆောင်ပေးခြင်းမှ တားမြစ်ထားတော်မူပေသည်။)

(သို့ရှိရာ စာချုပ်ပါ စည်းကမ်းချက်၌ သတ်မှတ်ချက် ပေါ်ပေါ်လွင်လွင် မပါသော်လည်း ဤအမိန့်ဖြင့် ၎င်းစာချုပ်ပါ စည်းကမ်းချက်မှာ အမျိုးသားများအတွက်သာ သီးသန့် ဖြစ်သွားရ၏။ သို့မဟုတ်က အမျိုးသမီးများနှင့် စပ်လျဉ်း၍ ၎င်းစည်းကမ်းချက်များပါ အမိန့်မှာ ဖျက်သိမ်းခြင်း ခံလိုက်ရသည်ဟု မှတ်ယူရ၏။ ဤသို့သော အမျိုးသမီးများနှင့် စပ်လျဉ်း၍ သီးသန့်ပညတ်ချက်များကို အတည်ပြု ပြဋ္ဌာန်းတော် မူခဲ့ပေသည်။ ထိုကဲ့သို့သော အမျိုးသမီးများ၏ ပညတ်ချက်များနှင့်အတူ 'ကနဦးပိုင်း၌ မွတ်စ္စလင်မ်တို့၏ 'နေကာဟ်'အတွင်း၌ ရှိကာ သို့ရာတွင် အစ္စလာမ်သာသနာကို မရယူ၊ လက်မခံကြဘဲ မက္ကာဟ်မြို့၌သာ ကျန်ရစ်ခဲ့ကြသော 'အမျိုးသမီးတို့အဖို့ ပြဋ္ဌာန်းချက်များကိုလည်း ထည့်သွင်း ထုတ်ပြန်တော်မူခဲ့ပေသည်။ ထိုအမျိုးသမီးများနှင့် စပ်လျဉ်းသော ပညတ်ချက်များ၏ အခြေခံမူတည်ချက်သည် ထိုအမျိုးသမီးများ မွတ်စ္စလင်မ်ဖြစ်ခြင်းနှင့် သက်ဆိုင်နေပေသည်။ ထို့ကြောင့် စမ်းသပ်နိုင်မည့် နည်းလမ်းကိုလည်း တင်ပြထားပေသည်။)

(သို့ရှိရာ မွတ်စ္စလင်မ်အားလုံးအား ဦးတည်ရည်ညွှန်း၍ မိန့်တော်မူထားသည်မှာ) အို၊ မုအ်မင်န်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့ထံ မုအ်မင်န်သက်ဝင်ယုံကြည်သော မိန်းမများသည် ရွှေ့ပြောင်း၍ လာခဲ့ကြသောအခါ၊ (အစ္စလာမ်ဌာနေဖြစ်သော မဒီနာမြို့တော်သို့ ရောက်ရှိလာသည်ဖြစ်စေ၊ သို့တည်းမဟုတ် အစ္စလာမ့်စစ်တပ်တည်ရှိရာ ဌာနသည် အစ္စလာမ်ဌာနေပင် မည်သည့်အတွက် 'ဟုဒိုက်ဗိယာ'သို့ ရောက်ရှိလာသည် ဖြစ်စေ။ ဟေဒါယာကျမ်း၏ 'ဟုဒူးဒ်'အခန်းကဏ္ဍ၌ ဤအတိုင်း တင်ပြထားပေသည်)

အသင်တို့သည် ၎င်းတို့အား (မွတ်စ္စလင်မ်ဖြစ်ကြောင်း) စစ်ဆေးကြလေကုန်။ (စစ်ဆေးရမည့် နည်းလမ်းကို ရှေ့၌ يَآيُّهَا النَّبِيُّ ဟူသော အာယသ်တော်တွင် သီးသန့် မိန့်မြွက်ထားပေသည်။ ထိုသို့ စစ်ဆေးရာ၌ အပေါ်ယံစစ်ဆေးမှုကိုသာ ပြုကြကုန်။ အဘယ်ကြောင့်ဆိုသော်) အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ (အခြေခံဇစ်မြစ်) အီမာန်သက်ဝင်ယုံကြည်မှုကို ကောင်းမွန်စွာ သိရှိတော်မူ၏။ (အသင်တို့သည် အသေးစိတ် သုတေသနအချက်ကို ပြုနိုင်ကြမည် မဟုတ်ပေ။) သို့ဖြစ်ပေရာ အကယ်၍ အသင်တို့သည် (အပေါ်ယံ စစ်ဆေးမှုအရ) ၎င်းတို့ မုအ်မင်န်သက်ဝင် ယုံကြည်သော မိန်းမများဖြစ်ကြောင်းကို ကောင်းမွန်စွာ သိရှိခဲ့ကြသောအခါ၊ အသင်တို့သည် ၎င်းတို့အား ကာဖိရ်များထံသို့ ပြန်၍ မပို့ကြကုန်လင့်။ (အဘယ်ကြောင့်ဆိုသော်) ၎င်းတို့မှာလည်း ထိုကာဖိရ်တို့အဖို့ (ဟလာလ်) တရားဝင်ကြသည်မဟုတ်ပေ။ ထိုကာဖိရ်များမှာလည်း ၎င်းတို့အဖို့ (ဟလာလ်) တရားဝင်ကြသည် မဟုတ်ပြီ။ (အဘယ်ကြောင့်ဆိုသော် မွတ်စ္စလင်မ်အမျိုးသမီး၏ 'နေကာဟ်'သည် ကာဖိရ်အမျိုးသားများဖြင့် လုံးဝ မကျန်ရှိတော့ပေ။)

သို့ရာတွင် (ယင်းပုံစံ၌) အသင်တို့သည် ထိုကာဖိရ်များအား ၎င်းတို့ အကုန်အကျခံခဲ့ကြရသည်များ ('မဟရ်' နှင့် စပ်လျဉ်း၍ ထိုအမျိုးသမီးများအပေါ် ပေးအပ်ခဲ့ကြသော ကုန်ကျစရိတ်များ) ကို ပေးဆပ်ကြလေကုန်။ ထို့ပြင် အကယ်၍ အသင်တို့သည် ၎င်းတို့အား ၎င်းတို့၏ 'မဟရ်' ထိမ်းမြားကြေးများကို ပေးဆက်ကြလျှင်၊ ၎င်းတို့နှင့် 'နေကာဟ်' ထိမ်းမြားခြင်းမှာ အသင်တို့၌ အပြစ်မဟုတ်ပေ။ ထို့ပြင် (အို၊ မွတ်စ္စလင်မ်အပေါင်းတို့) အသင်တို့သည် ကာဖိရ်မိန်းမများ၏ ဂုဏ်အသရေကို သိမ်းပိုက်၍ မထားကြကုန်လင့်။ (ဆိုလိုသည်မှာ ကာဖိရ်ဌာနေ၌ 'ကုဖွရ်' တည်းဟူသော သွေဖည်ငြင်းဆန်ခြင်းဖြင့်ပင် ကျန်ရစ်ခဲ့ကြသော အသင်တို့၏ ဇနီးများ၏ 'နေကာဟ်' သည် အသင်တို့နှင့် ပျက်ပြယ်သွားလေပြီ။ ၎င်းတို့နှင့် ဆက်သွယ်ပတ်သက်မှုများ၏ တစ်စုံတစ်ရာ အရိပ်အယောင်မျှပင် ကျန်ရစ်နေသည်ဟူ၍ မမှတ်ကြကုန်လင့်။) ၎င်းပြင် (ထိုပုံစံ၌) အသင်တို့သည်လည်း မိမိတို့ အကုန်အကျခံခဲ့ကြရသည်များ ('မဟရ်' ခန်းဝင်ကြေး) ကို (ကာဖိရ်များထံမှ) တောင်း၍ ယူကြလေကုန်။ (ဤနည်းနှင်နှင်) ၎င်းတို့သည်လည်း မိမိတို့ ကုန်ကျခဲ့သည်များ ('မဟရ်' ခန်းဝင်ကြေး) ကို (အသင်တို့ထံမှ) တောင်း၍ ယူကြရပေမည်။ (အထက်တွင်လည်း

اٰتُوْهُمْ مَّآ اَنْفَقُوْا

(သို့ရာတွင် အသင်တို့သည် ကာဖိရ်များအား ၎င်းတို့အား အကုန်အကျခံခဲ့ကြသည်များကို ပေးဆပ်ကြလေကုန်။) *[၆၀ : ၁၀]*

ဟူသော နေရာတွင် တင်ပြခဲ့ပြီးဖြစ်သည်။ သို့သော် ဤသည်ကို ထပ်မံ၍ တင်ပြရခြင်း၊ ခေါင်းစည်းပုံစံပြောင်း၍ အဓိပ္ပာယ်တစ်မျိုးတည်းဖြစ်သော အချက်ကို ထပ်ပြန်၍ မိန့်တော်မူထားရခြင်းမှာ 'အခြားသော သူများအပေါ် တင်ရှိနေသော အသင်တို့၏ တာဝန်ဝတ္တရားများကို သာပို၍ လေးလေးနက်နက်မှတ်ယူကုန်' ဟူသော အချက်ဘက်သို့ ရည်ညွှန်း ဖော်ထုတ်ထားဟန် တူပေသည်။ (မိန့်မြွက်ထားသော) ထို (ပြဋ္ဌာန်းချက်) တို့သည် အလ္လာဟ်အသျှင်မြတ်၏ စီရင်ပြဋ္ဌာန်းချက်ပင် (ဖြစ်၏။ ထိုပြဋ္ဌာန်းချက်များအား လိုက်နာသမှုပြုကုန်။) ထိုအသျှင်မြတ်သည် အသင်တို့၏ အကြားဝယ် (ဤသို့ သင့်တော်သော စီရင်ပြဋ္ဌာန်းမှုမျိုးကို) စီရင်ပြဋ္ဌာန်းတော်မူ၏။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသောအသျှင်၊ နူးညံ့သိမ်မွေ့ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ (အသိပညာတော်နှင့် အမြော်အမြင်တော်တို့ကြောင့် သင့်တော်သော ပညတ်ချက်များကို စီရင်ပြဋ္ဌာန်းထားတော်မူပေသည်။)

သို့ရာတွင် အကယ်၍ အသင်တို့၏ ဇနီးမိန်းမတို့အနက် တစ်ဦးတစ်ယောက်သည် ကာဖိရ်များထံသို့ ထွက်သွားခဲ့ပြီးနောက် (ထိုသူမတို့သည် လုံးဝ အသင်တို့၏ လက်ဝယ် ပြန်လည်မရောက်ရှိလာလျှင်၊ (သို့) ၎င်းသူမတို့၏ အစား 'မဟရ်' ၏ လျော်ကြေးကိုလည်း မရရှိလျှင် တစ်ဖန် ကာဖိရ်များအား 'မဟရ်' ပေးရန်) အသင်တို့အလှည့် ရောက်ရှိခဲ့ပါလျှင် ဆိုလိုသည်မှာ အသင်တို့အပေါ်၌ ကာဖိရ်တို့အား 'မဟရ်' ကြေး ပေးဆောင်ရန် တာဝန်ရှိခဲ့လျှင် အသင်တို့သည် ထို 'မဟရ်' ကို ယင်းကာဖိရ်များအား

မပေးလေနှင့်။ သို့သာမက) ဇနီးမိန်းမများ ထွက်သွားခဲ့ကြသော သူတို့ (ယခုပင် فَاتَكُمْ ဟူသော နေရာ၌ တင်ပြခဲ့ပြီးဖြစ်သည့် အခွင့်အရေးဆုံးရှုံးနေသည့် မွတ်စ္စလင်မ်ယောကျ်ား) တို့အား (၎င်းတို့၏ ဇနီးများ အပေါ်) ၎င်းတို့ အကုန်အကျခံခဲ့ကြသည့် (မုချ ပေးဆပ်ရန် တာဝန်ရှိသော 'မဟရ်' ထိမ်းမြားကြေး) နှင့် အညီအမျှ အသင်တို့ ပေးဆပ်ကြလေကုန်။ ထို့ပြင် အသင်တို့သည် မိမိတို့ သက်ဝင် ယုံကြည်ကြကုန်သော အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ (မုချ ထမ်းဆောင်ရမည်ဖြစ်သော တာဝန်များ၌ ပျက်ကွက်မှုကို မပြုကြကုန်လင့်။)

(ရှေ့၌ တမန်တော်မြတ် ﷺ ကို သီးခြား ဦးတည်မိန့်ကြား၍ အီမာန်အား စစ်ဆေးခြင်း၏ နည်းလမ်းနှင့် စပ်လျဉ်း၍ မိန့်တော်မူထားသည်မှာ) အို, နဗီတမန်တော်၊ မုအ်မင်န်သက်ဝင် ယုံကြည်ကြသော မိန်းမများသည် အသင့်ထံလာ၍ မိမိတို့မှာ မည်သည့်တစ်စုံတစ်ရာကိုမျှပင် အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ် (ဆည်းကပ်ကိုးကွယ်) ကြမည်မဟုတ်ပါဟူ၍လည်းကောင်း၊ ခိုးဝှက်မှုကိုလည်း ကျူးလွန်ကြမည် မဟုတ်ပါဟူ၍လည်းကောင်း၊ ဖောက်ပြန်မှုကိုလည်း ကျူးလွန်ကြမည် မဟုတ်ပါဟူ၍လည်းကောင်း၊ မိမိတို့၏ သားသမီးများကိုလည်း သတ်ဖြတ်ကြမည် မဟုတ်ပါဟူ၍လည်းလည်းကောင်း၊ မိမိတို့လက်များနှင့် ခြေများ၏ အကြား၌ (ခင်ပွန်းသည်၏ ကာလလရေကြည်ဖြင့် မွေးဖွားလာသော ကလေးများဖြစ်သည်ဟူ၍ ကြွေးကြော်ကာ) မုသားတစ်စုံတစ်ရာကိုလည်း လီဆယ် ဖန်တီးကြမည်မဟုတ်ပါဟူ၍လည်းကောင်း၊ ပမာဆိုရသော် အမိုက်ခေတ်ကာလ၌ အချို့သော အမျိုးသမီးများသည် အခြားသူ၏ ကလေးကို ရယူလာကာ မိမိ ခင်ပွန်း၏ ကလေးဖြစ်သည်ဟူ၍လည်းကောင်း၊ သို့မဟုတ် အခြားတစ်ဦးတစ်ယောက်ဖြင့် ဖောက်ပြန်မှုကို ကျူးလွန်ကာ ထို 'ဟရာမ်' ကာလလရေကြည်ဖြင့် မွေးဖွားလာသော ကလေးအား မိမိခင်ပွန်း၏ ကလေးဖြစ်သည်ဟု ပြောဆိုကြေညာသည့် အစဉ်အလာ ရှိခဲ့သည်။ ထိုလုပ်ရပ်၌ 'ဇနော' ၏ ပြစ်မှုဒုစရိုက်အပြင် မိမိ၏ ခင်ပွန်းသည်ကို အခြားသူ၏ ကလေးဖြင့်သာ သားချင်းတော်စပ်စေခြင်းအမှုလည်း ရှိနေပေသည်။ ယင်းလုပ်ရပ်အပေါ် ဟဒီးစ်တော်၌ တားမြစ်ခြိမ်းခြောက်ချက်များ လာရှိထားပေသည်။)

[အဗူဒါဝူးဒ်၊ နစာအီးကျမ်း။]

ကောင်းမြတ်သော အမှုကိစ္စ တစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ အသင်၏ အမိန့်ကိုလည်း ဖီဆန်ကြမည် မဟုတ်ပါဟူ၍လည်းကောင်း (ထိုအချက်အတွင်း၌ သာသနာ၏ အမိန့်ပညတ်ချက်များအားလုံး ပါဝင်သွားပေသည်။ သို့ရှိရာ ထိုအမျိုးသမီးများသည် အီမာန်၏ စည်းကမ်းချက်များဖြစ်သော တင်ပြပါ ယုံကြည်ချက်များကို စည်းကမ်းချက်များအနေဖြင့် လက်ခံလိုက်ကြမည်ဆိုလျှင်၊ လိုက်နာကျင့်ကြံ ဆောက်တည်မှုသည်မှု ပြည့်ဝသော အီမာန်ရှင်ဖြစ်ရန်အတွက် စည်းကမ်းချက် ဖြစ်၏။) 'ဗိုင်အသ်' ကတိသစ္စာ ပြုကြသောအခါ အသင်သည် ၎င်းတို့အား 'ဗိုင်အသ်' ကတိသစ္စာပြုပါလေ။ ထို့ပြင် အသင်သည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ ၎င်းတို့ (၏ အတိတ်ခေတ်ရှိ ပြစ်မှုဒုစရိုက်များနှင့် စပ်လျဉ်း၍) အဖို့ လွတ်ငြိမ်းချမ်းသာခွင့်ကိုလည်း ပန်ကြားပါလေ။ ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့်

ပေးတော်မူသော အသျှင်၊ အလွန်တရာ ကရုဏာပြုတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (အလို သဘောမှာ 'ထိုပညတ်ချက်များအား မှန်ကန်၍ မုချ ပြုကျင့်ဆောင်ရွက်ရမည်ဖြစ်သော အချက်များဟူ၍ သဘောပေါက်ကာ ထုတ်ဖော်ပြဆိုကြမည်ဆိုလျှင် ၄င်းတို့ကို မွတ်စ္စလင်မ်များ ဖြစ်သည်ဟူ၍ မှတ်ယူ ပါလေ' ဟူ၍ ဖြစ်သည်။ အစ္စလာမ်သာသနာကို ယုံကြည်လက်ခံလိုက်ခြင်းဖြင့်ပင်လျှင် အတိတ်ခေတ် ၏ ပြစ်မှုဒုစရိုက်များသည် ချမ်းသာပလပ်ခွင့် ပေးခြင်းကို ခံလိုက်ရပေသည်။ သို့ရာတွင် ဤနေရာ၌ လွတ်ငြိမ်းချမ်းသာခွင့် တောင်းဆိုပေးနိုင်းခြင်း၏ အဓိပ္ပါယ်သည်မှု လုံး၀ ပြည့်ပြည့်၀၀ လွတ်ငြိမ်းချမ်းသာ ခွင့်ရရှိသည့် နိမိတ်လက္ခဏာများ ရယူခံစားနိုင်ရန်အတွက်လည်း ဖြစ်နိုင်သလို လက်ခံခြင်းခံရသည့် အီမာန် ၏ အကျိုးဆက်တရားဖြစ်သည့် လွတ်ငြိမ်း ချမ်းသာခွင့်ကို ရရှိရန် ဆုမွန်ဒိုအာ တောင်းခံပေးခြင်းလည်း ဖြစ်နိုင်ပေသည်။)

'အို၊ မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အမျက် တော် ကျရောက်ခဲ့သော လူမျိုးကို (လည်း) အဆွေခင်ပွန်း မပြုလုပ်ကြကုန်လင့်။ (အလိုသဘောမှာ ယဟူဒီများ ဖြစ်ကြပေသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် စူရာဟ်မာအေဒဟ် အတွင်း၌

مَنْ لَّعَنَهُ اللّٰهُ وَغَضِبَ عَلَيْهِ

(အလ္လာဟ်အသျှင်မြတ်သည် ထိုသူတို့အား မိမိ၏ ကရုဏာတော်မှ ကင်းဝေးစေတော်မူခဲ့သည်။ ၄င်းပြင် ယင်းသူတို့အပေါ်၌ အမျက်တော်လည်း ပွားတော်မူခဲ့၏။) [၅ း ၆၀]

ဟူ၍ ယဟူဒီများနှင့် စပ်လျဉ်း၍ မိန့်တော်မူထား၍ ဖြစ်ပေသည်။

ကေန်စင်စစ် ၄င်းတို့မှာ သင်္ချိုင်းများအတွင်း၌ (မြှုပ်နှံခြင်း ခံထားရကုန်သော) သူတို့နည်းတူ 'အာခိရသ်' တမလွန်ဘ၀ (၏ အကျိုးကျေးဇူးများ) ကို မျှော်လင့်ချက် ကင်းမဲ့လျက် ရှိကြကုန်သည်။ (တစ်နည်း) ကေန်စင်စစ် ၄င်းတို့မှာမူ သင်္ချိုင်းများအတွင်း၀ယ် ရှိသူတို့ (ထံမှ အကျိုးကျေးဇူးများ) ကိုလည်း မျှော်လင့်ချက် ကင်းကြသကဲ့သို့ပင် 'အာခိရသ်' တမလွန်ဘ၀ (၏ အကျိုးကျေးဇူးများ) ကိုလည်း မျှော်လင့် ချက်ကင်းလျက် ရှိကြကုန်သည်။ (ကာဖိရ်သည် ကွယ်လွန်သေဆုံးသွားသောအခါ 'အာခိရသ်' နောင်တမ လွန်ကို မျက်ဝါးထင်ထင် မြင်တွေ့သွားကာ 'ယခု ကျွန်ုပ်အဖို့ လွတ်ငြိမ်းချမ်းသာခွင့် လုံး၀ ရရှိလိမ့်မည် မဟုတ်' ဟူသော အချက်ကို ယုံကြည်စွာဖြင့် သိရှိသွားပေလိမ့်မည်။ သို့ရှိရာ

يَعْرِفُوْنَهُ كَمَا يَعْرِفُوْنَ اَبْنَآءَهُمْ

(ယဟူဒီနှင့် ခရစ်ယာန် ပညာရှိတို့သည် မိမိတို့၏ သား၊ မြေးတို့ကို မှတ်မိကြသကဲ့သို့ပင် တမန် တော်မိုဟမ္မဒ်သခင်ကိုလည်း မှတ်မိကြကုန်၏။) [၂ း ၁၄၆]

ဟူသော အာယသ်တော်အရ တမန်တော်မြတ် ﷺ နဗီဖြစ်ခြင်းကိုသော် လည်းကောင်း၊ ဤကဲ့သို့ပင် ရှက်ဝံမနာလိုဝန်တိုခြင်းကြောင့် နောက်လိုက်သမှု မပြုနေလင့်ကစား တမန်တော်မြတ် ﷺ အား ဆန့်ကျင်

ဘက်ပြုသော သူတို့သည် ကာဖိရ်ဖြစ်ခြင်းနှင့် လွတ်မြောက်မှု မရရှိနိုင်သော သူတို့ဖြစ်ခြင်းကို ကောင်းစွာ သိနားလည်ကြပေသည်။ ထို့ကြောင့် ၎င်းတို့သည် နှလုံးသားအတွင်းမှ ဂုဏ်မောက်မှုကြောင့် အပေါ်ယံ ၎င်းနှင့် ဆန့်ကျင်ဘက် ပြုလုပ်နေလင့်ကစား 'ကျွန်ုပ်တို့သည် လွတ်မြောက်မှု ရရှိမည့်သူများမဟုတ်ကြောင်း' ကို ယုံကြည်ထားကြပေသည်။ သို့ရှိရာ 'အကြင်သူတို့၏ လမ်းလွဲမှားခြင်းကို ၎င်းတို့ကိုယ်တိုင် မိမိတို့၏ စိတ်နှလုံးသားများအတွင်းမှ ယုံကြည်လက်ခံထားကြပေရာ ဤသို့ လမ်းလွဲမှားသော သူတို့ဖြင့် ပတ်သက်မှု ထားရှိခြင်းသည် အဘယ်ကဲ့သို့ ဖြစ်သင့်အံ့နည်း။ ထို့ပြင် အဆုံးစွန်ရောက် လမ်းလွဲမှားခြင်း၏ အဆင့်သို့ မရောက်ရှိသော သူတို့ဖြင့် အဆွေခင်ပွန်းဖွဲ့ခြင်း ပိုင်သည်' ဟူ၍လည်း မမှတ်ယူထားလေနှင့်။ အဆွေခင်ပွန်းဖွဲ့ပိုင်ခွင့်ကို 'ကုဖွရ်' သွေဖည်ငြင်းဆိုခြင်းဟူသည့် အချက်က အတားအဆီး ပြုထား၏။ သို့ပါ၍ ထိုသို့ သိလျက်နှင့် အီမာန်မရယူခြင်းကြောင့် ထိုအချက်သည် သာပို၍ မပိုင်သောအချက် ဖြစ်သွားပေမည်။ ဤနေရာ၌ ယဟူဒီတို့ကို အထူးပြု တင်ပြထားရခြင်းအကြောင်းမှာ 'မဒီနာမြို့၌ ယဟူဒီများ အများအပြား ရှိ၍ တစ်ကြောင်း၊ တစ်ဖန် ထိုသူတို့သည် အလွန် ဆိုးသွမ်းကာ အန္တရာယ်ပေး ရန်ပြုမည့် သူများဖြစ်ခြင်းက တစ်ကြောင်း ဖြစ်ကောင်းဖြစ်နိုင်ပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

"ဟုဒိုက်ဗီယာ" စစ်ပြေငြိမ်းရေးစာချုပ်ပါ အချို့သော စည်းကမ်းချက်များအား စီစစ်လေ့လာခြင်း

စူရာဟ် 'ဖသဟ်' အတွင်း၌ 'ဟုဒိုက်ဗီယာ' ၏ ဖြစ်အင်ကို အကျယ်တဝင့် တင်ပြထားပြီးဖြစ်သည်။ ယင်းဖြစ်အင်၌ နောက်ဆုံး မက္ကာဟ်မြို့ရှိ 'ကုရိုက်ရှ်' နှင့် တမန်တော်မြတ် ﷺ ၏ ကြားဝယ် (၁၀) နှစ်တာကာလအတွက် ပဋိညာဉ်တစ်ရပ်ကို ချုပ်ဆိုခဲ့ကြပေသည်။ ပဋိညာဉ်စာချုပ်ပါ အချို့သော စည်းကမ်းချက်များ၌ အဓိနိုပ်ခံကာ ငြိမ်းချမ်းရေး ရယူလိုက်ခြင်းကတစ်ကြောင်း၊ ပြင်ပသဏ္ဌာန်အားဖြင့် ရှုမြင်သုံးသပ်မည်ဆိုလျှင် မွတ်စ္စလင်မ်များ အရေးနိမ့်လျက် ရှိနေသည်ဟူ၍ ခံစားသိမြင်နေရသည့် အကြောင်းက တစ်ကြောင်း စသော အကြောင်းတို့ကြောင့် ဆွဟာဗာသာဝကကြီးများသည် ထိုအချက်အပေါ် မခံမရပ်နိုင်ဖြစ်နေကာ ဒေါသထွက်ခဲ့ခြင်းများ ဖြစ်ပေါ်ခဲ့ပေသည်။ သို့ရာတွင် တမန်တော်မြတ် ﷺ သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် 'လက်ရှိရက် အနည်းငယ်အတွက် အရေးနိမ့်သည့် အသွင်ကို ဆောင်နေသော်လည်း နောက်ဆုံးတွင် အမြဲတမ်းအတွက် တင်စားလှစွာသော အောင်မြင်မှုသည် ရှေ့မှောက်သို့ ဆိုက်ရောက်လာမည့် ဖြစ်ကြောင်း' ကို သိမြင် ခံစားနေရသည့်အတွက်ကြောင့် လက်ခံတော်မူပေသည်။ တစ်ဖန် အားလုံးသော ဆွဟာဗာသာဝကကြီးများသည်လည်း စိတ်ရောကိုယ်ပါ လက်ခံခဲ့ကြပေသည်။

ထိုငြိမ်းချမ်းရေးစာချုပ်၏ စည်းကမ်းချက်တစ်ချက်မှာ ဤသို့ ပါရှိနေပေသည်။ အကယ်၍ မက္ကာဟ်မြို့မှ တစ်ဦးတစ်ယောက်သည် မဒီနာမြို့သို့ သွားရောက်ပါမူ တမန်တော်မြတ် ﷺ သည် ၎င်းသည် မွတ်စ္စလင်မ် ဖြစ်နေလင့်ကစား ပြန်လည်ပို့ဆောင်ရပေလိမ့်မည်။ အကယ်၍ မဒီနာမြို့မှ တစ်ဦးတစ်ယောက်သည် မက္ကာဟ်

ရွှေမြို့တော်သို့ သွားရောက်ပါမူ မက္ကာဟ်မြို့ရှိ ကုရိုက်ရှ်တို့သည် ၎င်းအား ပြန်လည် ပို့ဆောင်ပေးလိမ့်မည် မဟုတ်။ ပဋိညာဉ်ပါ စကားလုံးများသည် ခြုံငုံလုံစွာဖြင့် ပါရှိထားရာ ပြင်ပသဏ္ဍာန်အားဖြင့် ရှုမြင်သုံးသပ်မည်ဆိုလျှင် အမျိုးသားနှင့် အမျိုးသမီး လူတန်းစားနှစ်ရပ်စလုံး ပါဝင်ပေသည်။ ဆိုလိုသည်မှာ မည်သည့်မွတ်စ္စလင်မ်အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ မက္ကာဟ်မြို့မှ တမန်တော်မြတ် ﷺ ၏ ထံတော်ပါးသို့ ရောက်ရှိသွားပါမူ ၎င်းအား ပြန်လည် ပို့ဆောင်ပေးရပေလိမ့်မည်။

ဤစာချုပ်ပြီးဆုံးပြီးခါစပင် ရှိသေးသည်။ တမန်တော်မြတ် ﷺ သည် 'ဟုဒိုက်ဗီယာ' အရပ်ဒေသ၌ ရှိနေသေးစဉ် မွတ်စ္စလင်မ်တို့အဖို့ သည်းခံမှုတရားကို စမ်းစစ်သော ဖြစ်အင်များ များစွာ ပေါ်ပေါက်ခဲ့ပေသည်။ ယင်းဖြစ်အင်များအနက် ဖြစ်အင်တစ်ရပ်မှာ အဗူဂျန်ဒူးလ် ؓ ၏ ဖြစ်ရပ်ပင် ဖြစ်ပေသည်။ ၎င်းကို မက္ကာဟ်မြို့ရှိ ကုရိုက်ရှ်တို့သည် ချုပ်နှောင်ထားပေသည်။ ၎င်းသည် နည်းတစ်နည်းနည်းဖြင့် ထိုကုရိုက်ရှ်တို့၏ အချုပ်ထောင်မှ လွတ်မြောက်ကာ တမန်တော်မြတ် ﷺ ၏ ထံတော်ပါးသို့ ရောက်ရှိခဲ့ပေသည်။ ဆွဟာဗာသာဝကကြီးများသည် ၎င်းကို တွေ့မြင်ကာ 'ပဋိညာဉ်၏ ရှုထောင့်အရ ၎င်းအား ပြန်လည်ပို့ဆောင်ရန် သင့်သည်ကတစ်ကြောင်း၊ အနိမ်ခံဘဝ ရောက်နေသော မိမိတို့၏ ညီနှောင်မိတ်ဆွေကို တစ်ဖန် မတရားညှဉ်းဆဲမှု ပြုနေသောသူတို့ထံ ပြန်လည်ပေးအပ်ရမည်မှာလည်း မည်သို့မှ စဉ်းစား၍ မရသည့် အချက်တစ်ချက် ဖြစ်နေသည်ကတစ်ကြောင်း၊ လွန်စွာ စိတ်ရှုပ် အနှောင့်အယှက် ဖြစ်သွားကြပေသည်။

သို့ရာတွင် တမန်တော်မြတ် ﷺ သည် ပဋိညာဉ်ကို ရေးသားပြီးဖြစ်ကာ သာသနာ့စည်းကမ်းချက် ဘောင်များကို စောင့်ရှောက်ကာကွယ် လိုက်နာရန်နှင့် အခိုင်အမာ ရပ်တည်ပြရန်အတွက် လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်အတွက်ကြောင့် စာချုပ်ပါစည်းကမ်းချက်တို့ကို မစွန့်လွှတ်နိုင်ပေ။ ထိုအချက်နှင့် တစ်ပါတည်း တမန်တော်မြတ် ﷺ ၏ နှလုံးသားအမြင်မှလည်း များမကြာမီ အချိန်အတောအတွင်း၌ ထိုညှဉ်းပန်းနှိပ်စက်ခြင်း ခံနေရသောသူများ အားလုံးသည် အောင်မြင်လွတ်မြောက်မှု ရရှိမည်ဟူသော အချက်ကိုလည်း မျက်ဝါးထင်ထင် မြင်တွေ့နေဘိအလား ဖြစ်ပေသည်။ အဗူဂျန်ဒူလ် ؓ သခင်ကြီးအား ပြန်လည်ပေးအပ်ရန် အမှုကိစ္စနှင့် စပ်လျဉ်း၍ တမန်တော်မြတ် ﷺ သည် ဗီဇသဘာဝအရ မုချ စိတ်သောက ရောက်ရှိနေခဲ့သည်။ သို့ရာတွင် တမန်တော်မြတ် ﷺ သည် ပဋိညာဉ်အား တည်တံ့စွာ ရပ်တည်ပြရန်အချက်ကို မူတည်၍ ၎င်းသခင်ကြီးအား သဘောပေါက် နားလည်အောင် ရှင်းပြကာ ပြန်လည် ပို့ဆောင်ပေးခဲ့ပေသည်။

ထိုဖြစ်အင်နှင့်အတူ အခြားဒုတိယဖြစ်အင်တစ်ရပ်သည်လည်း ဤသို့ ပေါ်ပေါက်လာပြန်ပေသည်။ မွတ်စ္စလင်မ်တစ်ဦးဖြစ်သော စအီဒါးဗင်န်သေ့ဟာရိစ် အပ်စ်လမီယား ؓ ဟူသော အမျိုးသမီးသည် ကာဖိရ်အမျိုးသားတစ်ဦးဖြစ်သော စိုက်ဖီးဗင်န်အန်စွာဗ်၏ 'နေကာဟ်'အတွင်း၌ ရှိနေပေသည်။ အချို့သော ဆင့်ပြန်ချက်များအတွင်း၌ ထိုကာဖိရ်အမျိုးသား၏ အမည်ကို 'မုစာဖိရ်အလ်မခ်ဇူးမီး' ဟူ၍ ပြဆိုထားပေသည်။ (ထိုအချိန်ထိတိုင် မွတ်စ္စလင်မ်များနှင့် ကာဖိရ်များ၏ ကြား၌ 'နေကာဟ်'ထိမ်းမြားခြင်း နှစ်ဖက်နှစ်ရပ်စလုံးမှ 'ဟရာမ်'မဖြစ်သေးပေ။) ဤမွတ်စ္စလင်မ်အမျိုးသမီးသည် မက္ကာဟ်မြို့မှ ပြေးကာ တမန်တော်မြတ် ﷺ ၏ အခစားတော်သို့ ဝင်ရောက်လာခဲ့ပေသည်။ တစ်ဆက်တည်းမှာပင် ၎င်း၏ အမျိုးသားသည်

လည်း ရောက်ရှိလာပေသည်။ ထို့နောက် မိမိ၏ ဇနီးအား မိမိထံ ပြန်လည် အပ်နှင်းရန် တောင်းခံပေတော့သည်။ အဘယ်ကြောင့်ဆိုသော် စာချုပ်ပါတ်ဆိပ်၏ မှင်သည် ခြောက်ပင် မခြောက်သွေ့သေးပေ။ တမန်တော်မြတ် ﷺ သည် ထိုစည်းကမ်းချက်ကို လက်ခံတော်မူခဲ့ပြီးဖြစ်၍ ဖြစ်ပေသည်။

ထိုဖြစ်ရပ်အပေါ် အထက်တင်ပြပါ အာယသ်တော်များ ကျရောက်လာပေသည်။ ဤအာယသ်တော်များအတွင်း၌ မွတ်စ္စလင်မ်များနှင့် မုရှ်ရစ်က်တို့၏ကြားဝယ် 'နေကာဟ်'ထိမ်းမြားခြင်းကို 'ဟရာမ်'အဖြစ် သတ်မှတ်ပြဌာန်းခဲ့ပေသည်။ ထိုသို့ သတ်မှတ်ပြဌာန်းချက်၏ အကျိုးဆက်၌ ဤအောက်ဖော်ပြပါ အချက်သည်လည်း ပါဝင်လာပေသည်။ အစကတည်းက မွတ်စ္စလင်မ်ဖြစ်ကြောင်း သိရှိထားပြီးဖြစ်သော အမျိုးသမီး ဖြစ်စေ၊ ဥပမာတင်ပြထားသော ဖြစ်အင်အတွင်း၌ ဟဇရသ်စအီဒါးသခင်မကြီးကဲ့သို့လည်းကောင်း၊ သို့မဟုတ် ဟိဂျ်ရသ်ပြု ပြောင်းရွှေ့ချိန်၌ ထိုအမျိုးသမီး မွတ်စ္စလင်မ်ဖြစ်ကြောင်းကို မှန်ကန်စွာဖြင့် သိရှိရလျှင်သော်လည်းကောင်း၊ ထိုအမျိုးသမီးတို့သည် ဟိဂျ်ရသ်ပြု ပြောင်းရွှေ့ကာ တမန်တော်မြတ် ﷺ ၏ ထံတော်ပါးသို့ ရောက်ရှိလာလျှင် ထိုအမျိုးသမီးကို ကာဖိရ်များ၏ လက်ဝယ်အတွင်းသို့ ပြန်လည် မအပ်နှင်းရ။ အဘယ်ကြောင့်ဆိုသော် ထိုအမျိုးသမီးသည် မိမိ၏ ကာဖိရ်ခင်ပွန်းသည်အဖို့ 'ဟလာလ်'ကာမပိုင်လင်ယောကျ်ားအဖြစ် မရှိတော့၍ ဖြစ်ပေသည်။ (သဖ်စီးရေကုရ်သုဗီးကျမ်း၌ ဤဖြစ်အင်ကို ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီး၏ ဆင့်ပြန်ချက်ဖြင့် ဆင့်ပြန်တင်ပြထားပေသည်။)

အချုပ်ဆိုရသော် ဤအာယသ်တော်များ ကျရောက်လာခြင်းသည် 'အကြင်မည်သည့် မွတ်စ္စလင်မ်မဆို အသင်တမန်တော်၏ ထံသို့ ရောက်ရှိလာလျှင် အသင်သည် ပြန်လည်၍ ပို့ဆောင်ပေးရပေလိမ့်မည်' ဟူသော စာချုပ်ပါစည်းကမ်းချက်သည် ခြုံငုံလွှမ်းခြုံသော သဘောဖြင့် 'အမျိုးသားနှင့် အမျိုးသမီးအတန်းအစားနှစ်ရပ်စလုံး ပါဝင်သည်ဟု ယူဆခြင်းမှာ မမှန်ကန်ပေ' ဟူသော အချက်ကို ရှင်းလင်းတင်ပြလိုက်ပေသည်။ ဤစည်းကမ်းချက်သည် အမျိုးသားတို့အဖို့သာလျှင် လက်နာဖွယ်ထိုက်ပြီး အမျိုးသမီးများနှင့်စပ်လျဉ်း၍ ဤစည်းကမ်းချက်သည် လက်ခံထိုက်ဖွယ် မရှိပေ။ ထိုအမျိုးသမီးများနှင့်စပ်လျဉ်း၍ 'ငှင်းတို့သည် မွတ်စ္စလင်မ်ဖြစ်ကာ ဟိဂျ်ရသ်ပြု ပြောင်းရွှေ့ခဲ့မည်ဆိုလျှင် ၎င်း၏ ကာဖိရ်ခင်ပွန်းမှ သုံးစွဲပေးထားသော 'မဟရ်' ကြေးတို့ကို ပြန်လည် ပေးအပ်ရမည်' ဟူသော အတိုင်းအတာခန့်မျှသာ တာဝန်ရှိပေသည်။ ထိုအာယသ်တော်များကို အခြေခံ၍ တမန်တော်မြတ် ﷺ သည် ထိုစည်းကမ်းချက်၏ အဖွင့်သဘောကို ရှင်းလင်းတင်ပြ မိန့်တော်မူခဲ့ပေသည်။ ထိုမိန့်ပြဌာန်းချက်နှင့်အညီ အထက်တင်ပြပါ စအီဒါ ﷺ သခင်မကြီးကို ပြန်လည်၍ မအပ်နှင်းခဲ့ပေ။

အချို့သော ဆင့်ပြန်ချက်များအတွင်း၌ လာရှိထားပေသည်။ 'အွမ်မေ့ကုလ်စူးမ်ဗင်န်သေ့အွသ်ဗား ဗင်န်အဗီမုအီးသွ် ﷺ သည် မက္ကာဟ်မြို့မှ တမန်တော်မြတ် ﷺ ၏ ထံတော်ပါးသို့ ရောက်ရှိသွားပေသည်။ ၎င်းအမျိုးသမီး၏ ဆွေမျိုးသားချင်းတို့သည် စာချုပ်ပါ ခြုံငုံလွှမ်းခြုံသော စည်းကမ်းချက်ကြောင့် ပြန်လည် ပို့ဆောင်ပေးရန် တောင်းဆိုလာကြသောအခါဝယ် ဤအထက်တင်ပြပါ အာယသ်တော်များ ကျရောက်လာပေသည်။အချို့သော ဆင့်ပြန်ချက်များအတွင်း၌ အွမ်မေ့ကုလ်စူးမ်သည် ထိုအချိန်ထိတိုင် မွတ်စ္စလင်မ်မဖြစ်

သေးသော အမရ်အိဗ်နေအားစ္စ် ؓ ၏ 'နေကာဟ်'အတွင်း၌ ရှိနေပေသည်။ ဤအမျိုးသမီးသည် ၎င်း၏ အစ်ကိုနှစ်ဦးနှင့်အတူ မက္ကာဟ်မြို့တော်မှ ထွက်ပြေးလာကာ တမန်တော်မြတ် ﷺ ၏ အခစားတော်သို့ ရောက်ရှိလာခဲ့ပေသည်။ တစ်ပြိုင်တည်းမှာပင် အွမ်မေ့ကုလ်ဆူးမ် ؓ သခင်မကြီး၏ ခင်ပွန်းသည်ဖြစ်သော အမရ်အိဗ်နေအားစ္စ် ؓ သခင်ကြီး အစရှိသော သူတို့သည် တမန်တော်မြတ် ﷺ ၏ အခစားတော်သို့ လာရောက်ကာ ထိုထွက်ပြေးရောက်ရှိလာသော သူတို့အား ပြန်လည်အပ်နှင်းရန် တောင်းဆိုကြပေတော့သည်။ တမန်တော်မြတ် ﷺ သည် စည်းကမ်းချက်နှင့်အညီ ၎င်းအမျိုးသမီး၏ အစ်ကိုနှစ်ဦးဖြစ်သော အမ်မာရား ؓ နှင့် ဝလီးဒ် ؓ တို့ကိုမူ ပြန်လည်၍ အပ်နှင်းခဲ့ပေသည်။ သို့ရာတွင် အွမ်မေ့ကုလ်ဆူးမ် ؓ သခင်မကြီးကို ပြန်လည်၍ မအပ်ခဲ့ပေ။ ထို့နောက် ဤစည်းကမ်းချက်သည် အမျိုးသားတို့နှင့်သာ သက်ဆိုင်ပြီး အမျိုးသမီးများသည် ယင်းစည်းကမ်းချက်အတွင်း၌ မပါဝင်ပေ'ဟူ၍ မိန့်တော်မူခဲ့ပေသည်။ ထိုအချက်အပေါ် တင်ပြပါအာယသ်တော်များသည် တမန်တော်မြတ် ﷺ အား ထောက်ခံ အတည်ပြုရန်အတွက် ကျရောက်လာပေသည်။

ဤသို့ဖြင့် တမန်တော်မြတ် ﷺ ၏ အခစားတော်သို့ ရောက်ရှိလာသော အခြားသော အမျိုးသမီးများ၏ အချို့သော ဖြစ်အင်များကိုလည်း ဆင့်ပြန်ချက်များအတွင်း၌ တင်ပြထားပေသည်။ ထိုဖြစ်အင်များအတွင်း၌ တစ်စုံတစ်ရာ ဆန့်ကျင်ဘက် မရှိကြောင်းမှာလည်း ထင်ရှားလှပေသည်။ ဤဖြစ်အင်များအားလုံးသည် ဖြစ်ပေါ် ကြုံကြိုက်ခဲ့သည်လည်း ဖြစ်နိုင်ပေသည်။

တင်ပြပါ စည်းကမ်းချက်မှ အမျိုးသမီးများအား ချွင်းချက်အဖြစ် ထားရှိခြင်းသည် ပဋိညာဉ်ကို ချိုးဖောက်ခြင်းမဟုတ်ဘဲ သို့သာမက နှစ်ဘက်စလုံးမှ လက်ခံသော စည်းကမ်းချက်တစ်ချက်ကို ရှင်းလင်း တင်ပြခြင်းပင်ဖြစ်၏။

ကုရ်သုဗီကျမ်းမှ ကောက်နှုတ်တင်ပြခဲ့သော တင်ပြပါ ဆင့်ပြန်ချက်သည် ပဋိညာဉ်ပါ စည်းကမ်းချက်၏ စကားလုံးများသည် ခြုံငုံလွှမ်းသော သဘောကို ဆောင်နေလင့်ကစား သို့ရာတွင် တမန်တော်မြတ် ﷺ ၏ ထံတော်၌ ထိုစည်းကမ်းချက်သည် အမျိုးသမီးများအဖို့ မပါဝင်ကြောင်းကို သိရှိရပေသည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ သည် ထိုအချက်အား 'ဟိုဒိုက်ဗီယာ'အရပ်ဒေသ၌မှာပင် ရှင်းလင်းဖော်ထုတ်ပြသလိုက်ပေသည်။ ထိုအချက်အား ထောက်ခံမှုအပေါ် ဤအာယသ်တော်များ ကျရောက်လာပေသည်။

အချို့သော ဆင့်ပြန်ချက်များမှ ဤအချက်ကို သိရှိရပြန်လေသည်။ တမန်တော်မြတ် ﷺ သည် အမျိုးသမီးများသည်လည်း ပါဝင်သည်ဖြစ်ကြောင်းဟူ၍ ထိုစည်းကမ်းချက်ကို ခြုံငုံလွှမ်းသော သဘောတရားနှင့်အတူ လက်ခံထားတော်မူလိုက်ပေသည်။ ထိုအာယသ်တော်များ ကျရောက်လာခြင်းသည် ထိုစကားလုံး၏ ခြုံငုံလွှမ်းသော သဘောတရားကို ဖျက်သိမ်းတော်မူလိုက်ပေသည်။ ထိုအချိန်၌ပင် တမန်တော်မြတ် ﷺ သည် ကုရိုက်ရှ်အမျိုးသား ကာဖိရ်တို့ကို အမျိုးသမီးများ ၎င်းစည်းကမ်းချက်တွင် မပါဟူ၍

ရှင်းလင်းတင်ပြခဲ့သည်။ သို့ရှိရာ အမျိုးသမီးများကို တမန်တော်မြတ် ﷺ သည် ပြန်လည်၍ မပို့ဆောင်တော့ပေ။ ထိုအချက်မှ ဤသည် တမန်တော်မြတ် ﷺ အဖို့ လုံး၀ မဖြစ်နိုင်သော ပဋိညာဉ်ကို ချိုးဖောက်ခြင်း မဟုတ်သလို၊ ပဋိညာဉ်ကို ဖျက်သိမ်းလိုက်ခြင်းလည်း မဟုတ်ပေ။ တမန်တော်မြတ် ﷺ ၏ အလိုသဘောသည် အစကတည်းက ဤသို့ ရှိသည်ဖြစ်စေ၊ (သို့မဟုတ်) အာယသ်တော်များ ကျရောက်ပြီးနောက် တမန်တော်မြတ် ﷺ သည် ထိုခြုံငုံလှစွာသော အလိုသဘောကို အမျိုးသားများအဖို့သာ ဘောင်ခတ်မိန့်တော်ခဲ့၍ ဖြစ်စေ၊ ဤသည် စည်းကမ်းချက်တစ်ရပ်ကို ရှင်းလင်းတင်ပြခြင်း ဖြစ်၏။ ထိုရှင်းတင်းတင်ပြပြီးနောက်၌လည်း ငြိမ်းချမ်းရေး၏ ပဋိညာဉ်စာချုပ်ကို နှစ်ဖက်စလုံးမှ လက်ခံကာ ထိုစာချုပ်ပါ စည်းကမ်းချက်အပေါ် အချိန်ကာလတစ်ခုထိတိုင် လိုက်နာခဲ့ပေသည်။ ထိုစာချုပ်ချုပ်ဆိုလိုက်ခြင်း၏ အကျိုးဆက်တရား၌ လမ်းခရီးများ အေးချမ်းသာယာ အနှောင့်အယှက် အန္တရာယ်များ ကင်းဝေးသွား၍ တမန်တော်မြတ် ﷺ သည် ကမ္ဘာ့တိုင်းပြည်၊ နိုင်ငံများရှိ ဘုရင်များ၏အမည်ဖြင့် သ၀ဏ်လွှာများကို ပို့တော်မူခဲ့ပေသည်။ ထို့ပြင် ယင်းစာချုပ်ချုပ်ဆိုခြင်း၏ အကျိုးဆက်တရား၌ အဗူစုဖ်ယာန်တို့၏ ကုန်သည်အဖွဲ့သည် သောကကင်းမဲ့စွာဖြင့် ဆီးရီးယားနိုင်ငံသို့ ရောက်ရှိခဲ့ကြပေသည်။ ယင်းနိုင်ငံ၌ ဟီရ်ကဲဘုရင်သည် ၎င်းအဗူစုဖ်ယာန်ကို မိမိနန်းတော်တွင်းသို့ ခေါ်ဆောင်ကာ တမန်တော်မြတ် ﷺ ၏ အခြေအနေများနှင့် ဖြစ်အင်များကို စီစစ် မေးမြန်းစုံစမ်းခဲ့ပေသည်။

အချုပ်သဘောတရားမှာ ဤသို့တည်း။ စာချုပ်ပါစည်းကမ်းချက်များ၏ စကားလုံးများသည် ခြုံငုံလှစွာသော သဘောတရား ရှိပေသည်။ အမျိုးသမီးများ မပါ၀င်ခြင်းသည် အစကတည်းက တမန်တော်မြတ် ﷺ ၏ အရှုအမြင်အတွင်း၌ မပါ၀င်၍ဖြစ်စေ၊ (သို့မဟုတ်) အာယသ်တော်များ ကျရောက်လာပြီးနောက် တမန်တော်မြတ် ﷺ သည် အမျိုးသမီးများကို ထိုခြုံငုံလှစွာသော အလိုသဘောမှ ထုတ်ပယ်တော်မူခဲ့၍ ဖြစ်စေ၊ တင်ပြပါ ပုံစံနှစ်ရပ်စလုံး၌ ကာဖိရ်ကုရိုက်ရှ်တို့နှင့် မွတ်စ္စလင်မ်တို့၏ကြားဝယ် အထက်ပါ ရှင်းလင်းချက်ကို ထုတ်ပြန်ပြီးနောက်ပိုင်း၌လည်း ပြီးပြည့်စုံသည်ဟူ၍ သဘောပေါက် မှတ်ယူထားကြပေသည်။ အချိန်အခိုက်အတန့် တစ်ခုထိတိုင် ထိုစာချုပ်ပါ စည်းကမ်းချက်အပေါ် လိုက်နာခဲ့ကြပေသည်။ ထို့ကြောင့် ယင်းစည်းကမ်းချက်အား ထုတ်ဖော်ရှင်းလင်း ပြဆိုလိုက်ခြင်းသည် ပဋိညာဉ်ကို ချိုးဖောက်ခြင်း၊ (သို့မဟုတ်) ဖျက်သိမ်းခြင်းအတွင်း၌ မပါ၀င်ပေ။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေ၏။)

ရှေ့၌ အာယသ်တော်များ၏ အလိုသဘောကို အာယသ်တော်ပါ စကားလုံးများ၏ ရှင်းလင်းချက်၌ လေ့လာကြည့်ရှုကြပါစို့။

يَآيُّهَا الَّذِيْنَ اٰمَنُوْٓا اِذَا جَآءَكُمُ الْمُؤْمِنٰتُ مُهٰجِرٰتٍ فَامْتَحِنُوْهُنَّ اَللّٰهُ اَعْلَمُ بِاِيْمَانِهِنَّ

(အို၊ မုအ်မင်နသက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့ထံ မုအ်မင်နသက်ဝင်ယုံကြည်သော မိန်းမများသည် ရွှေ့ပြောင်း၍ လာခဲ့ကြသောအခါ၊ အသင်တို့သည် ၎င်းတို့အား စမ်းသပ်စစ်ဆေးကြလေကုန်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ အီမာန်သက်ဝင်ယုံကြည်မှုကို ကောင်းမွန်စွာသိရှိတော်မူ၏။) *[၆၀ : ၁၀]*

ဤအာယသ်တော်၏ အလိုသဘောမှာ ဤသို့တည်း။ အမျိုးသမီးများကို ငြိမ်းချမ်းရေးစာချုပ်ပါ စည်းကမ်းချက်မှ ချွင်းချက်ပြု၍ သတ်မှတ်ပြဋ္ဌာန်းခဲ့ရခြင်းမှာ ၎င်းအမျိုးသမီးများ မွတ်စ္စလင်မ်နှင့် မုအ်မင်န် ဖြစ်ခြင်း ဖြစ်ပေသည်။ မက္ကာဟ်မြို့မှ မဒီနာမြို့သို့ ရောက်ရှိလာသော အမျိုးသမီးများအတွင်း၀ယ် အချို့ သည် အစ္စလာမ်နှင့် အီမာန်ကြောင့် မဟုတ်ဘဲ မိမိ၏ ခင်ပွန်းသည်ဖြင့် စိတ်ဆိုး၍သော်လည်းကောင်း၊ (သို့မဟုတ်) မဒီနာမြို့သူ၊ မြို့သား တစ်ဦးဦးအား သံယောဇဉ်ဖြစ် ချစ်ကြိုက်မိ၍သော်လည်းကောင်း၊ (သို့) အခြားသော လောကီရေးရာ၏ ရည်ရွယ်ချက်တစ်စုံတစ်ရာကြောင့်သော်လည်းကောင်း အစရှိသော အချက်များ ပြောင်းရွှေ့လာခြင်း ဖြစ်မူ ၎င်းသူမတို့၏ ထိုပြောင်းရွှေ့လာခြင်းသည် အလ္လာဟ်အသျှင်မြတ် ၏ ထံတော်ပါး၌ တင်ပြပါစည်းကမ်းချက်မှ ချွင်းချက်အဖြစ် ထားရှိခြင်း မခံရပေ။ သို့သာမက ၎င်းတို့ကို ပြန်လည်ပို့ဆောင်ရန် စာချုပ်ပါစည်းကမ်းချက်အရ အရေးကြီးပေသည်။ ထို့ကြောင့် မွတ်စ္စလင်မ်တို့အား 'ဟီဂျ်ရသ်'ပြု ပြောင်းရွှေ့ ရောက်ရှိလာသော အမျိုးသမီးများ၏ အီမာန်ကို စစ်ဆေးမှုပြုရန် မိန့်တော်မူ ထားပေသည်။ တစ်ဆက်တည်းမှာ-

اَللّٰهُ اَعْلَمُ بِاِيْمَانِهِنَّ

(အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ အီမာန်သက်ဝင်ယုံကြည်မှုကို ကောင်းမွန်စွာ သိရှိတော် မူ၏။) [၆၀ : ၁၀]

ဟူ၍ မိန့်တော်မူထားပေသည်။ ထိုသို့ မိန့်မြွက်ရာ၌ 'အမှန်တကယ် အီမာန်ရှိခြင်း၊ မရှိခြင်း၏ အခြေခံဇစ်မြစ်အချက်သည်မူ လူသားတို့၏ နှလုံးသားအတွင်းနှင့် သက်ဆိုင်ပေသည်။ ၎င်းနှလုံးသားအတွင်းရှိ အချက်ကိုမူ အလ္လာဟ်အသျှင်မြတ်မှအပ အခြားမည်သူတစ်ဦးတစ်ယောက်မျှ မသိရှိနိုင်ပေ။' သို့တစေ လူသားတို့၏ နှုတ်လျှာမှ ဖွင့်ဟဝန်ခံခြင်းနှင့် အကြောင်းခံ များဖြင့် အီမာန်အား စမ်းစစ်ကြည့်ရှုနိုင်ပေသည်။ သို့ရှိရာ မွတ်စ္စလင်မ်တို့အဖို့ ထိုအချက်ကိုသာလျှင် အမိန့်ပေးခြင်း ခံရ၍ ထိုမျှသာ တာဝန်ရှိပေသည်ဟူသော အချက်ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားပေသည်။

ဟာဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိသည်မှ ၎င်းတို့အား စစ်ဆေးရန် နည်းလမ်းမှာ ဤသို့ ဖြစ်သည်။ ပြောင်းရွှေ့လာသော အမျိုးသမီးအား 'မိမိသည် ခင်ပွန်းသည်ဖြင့် စိတ်ဆိုး ကာ လာရောက်ခြင်း မဟုတ်ကြောင်းနှင့် အခြားလောကီရေးရာ မက်ဆန္ဒတစ်ရပ်ရပ်ဖြင့် လာရောက် ခြင်း မဟုတ်ကြောင်း၊ သို့သာမက အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်၏ ချစ်စိတ်နှင့် ကျေနပ်နှစ်သက်မှုအတွက်သာလျှင် လာရောက်ခြင်းဖြစ်ကြောင်း' တို့ကို ခံဝန်သစ္စာပြု ကျိန်ဆို စေရပေမည်။ ထိုအမျိုးသမီးသည် ဤသို့ သစ္စာပြု ကျိန်ဆိုခဲ့မည်ဆိုလျှင် တမန်တော်မြတ် ﷺ သည် ထိုအမျိုး သမီးကို မဒီနာမြို့၌ နေထိုင်ခွင့် ပေးတော်မူသည်။ ထိုအမျိုးသမီးများ မိမိတို့၏ ကာဖိရ်ခင်ပွန်းသည်များ ထံမှ ရယူထားကြသော 'မဟရ်'ခန်းဝင်ကြေးများကိုလည်း ခင်ပွန်းသည်များထံ ပြန်လည် ပေးအပ်နိုင်း လိုက်ပေသည်။ [ကုရ်သုဗီး]

ဟဇရသ်အာအေရှာဟ် ﷺ သခင်မကြီးထံမှ သိရ်မေဇီကျမ်း၌ ဆင့်ပြန်ချက်တစ်ရပ် လာရှိထားပေသည်။ ၄င်းဆင့်ပြန်ချက်ကို အေမာမ်သိရ်မေဇီ (ရဟ) သခင်ကြီးသည် حسن صحيح ဟစ်အဆင့်၊ ဆွဟီးစ်အဆင့်ရှိ ဟဒီးစ်တော်ဟု တင်ပြ အမိန့်ရှိထားပေသည်။ သခင်မကြီးက မိန့်တော်မူထားသည်မှာ '၄င်းတို့အား စမ်းစစ်ရမည့် ပုံစံမှာ ရှေ့၌ လာရှိနေသော အာယသ်တော်များအတွင်း အကျယ်တဝင့် လာရှိနေသည့် 'ဗိုင်အသ်' ခံဝန်ကတိသစ္စာပြုစေခြင်းပင် ဖြစ်သည်' ဟူ၍ ဖြစ်သည်။ 'ဗိုင်အသ်' ခံဝန်ကတိသစ္စာ ပြုစေခြင်းကို

اِذَا جَاءَكَ الْمُؤْمِنٰتُ يُبَايِعْنَكَ

ဟူသော အာယသ်တော်တွင် အကျယ်တဝင့် တင်ပြထားသည်။ သို့ရှိရာ ပြောင်းရွှေ့လာသော အမျိုးသမီးများ၏ အီမာန်နှင့် စပ်လျဉ်း၍ စမ်းစစ်ရန် နည်းလမ်းမှာ '၄င်းတို့သည် တမန်တော်မြတ် ﷺ ၏ 'ဗရ်ကသ်'မင်္ဂလာရှိသော လက်တော်၌ ရှေ့တွင် တင်ပြထားသော ကတိသစ္စာ ခံယူခြင်း၏ ပဋိညာဉ်ပါ အချက်များအပေါ် ကတိသစ္စာခံယူခြင်း'ပင် ဖြစ်ပေသည်။ ဤသည် ဆက်စပ်နားလည်နိုင်ရန် အလွန်ခက်ခဲ ဝေးလံလှစွာသော အချက်မဟုတ်ပေ။ အကြောင်းမှာ ဦးစွာပထမ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အဗ္ဗားစ် ﷺ သခင်ကြီး၏ ဆင့်ပြန်ချက်၌ လာရှိထားသော အချက်အလက်များကို ပြောဆို ကျိန်ဆိုသစ္စာပြုနိုင်း၍ လုံး၀ ပြည့်၀ခိုင်မာစေရန်အတွက် ရှေ့၌ လာရှိနေသော 'ဗိုင်အသ်'ပြုစေခြင်ကို ပြုစေခဲ့ခြင်းလည်း ဖြစ်နိုင်ပေသည်။ (အ်လ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေသည်။)

فَاِنْ عَلِمْتُمُوْهُنَّ مُؤْمِنٰتٍ فَلَا تَرْجِعُوْهُنَّ اِلَى الْكُفَّارِ

(သို့ဖြစ်ပေရာ အကယ်၍ အသင်တို့သည် ၄င်းတို့ မုအ်မင်န်သက်ဝင်ယုံကြည်ကြသော မိန်းမများ ဖြစ်ကြောင်းကို ကောင်းမွန်စွာ သိရှိခဲ့ကြသောအခါ အသင်တို့သည် ၄င်းတို့အား ကာဖိရ်များထံသို့ ပြန်လည်၍ မပို့ကြကုန်လင့်။) *[၆၀ : ၁၀]*

ဆိုလိုသည်မှာ အထက်တင်ပြပါနည်းဖြင့် ထိုပြောင်းရွှေ့လာသော အမျိုးသမီးများ၏ အီမာန်ကို စမ်းစစ်ရာ မုအ်မင်န်ဖြစ်ကြောင်း အတည်ပြု၍ ရရှိသည်ဆိုလျှင် တစ်ဖန် ထိုအမျိုးသမီးများကို ကာဖိရ်များ၏ ထံသို့ ပြန်လည်ပို့ဆောင်ပေးခြင်း မပိုင်ပေဟူ၍ ဖြစ်၏။

لَا هُنَّ حِلٌّ لَّهُمْ وَلَا هُمْ يَحِلُّوْنَ لَهُنَّ

(၄င်းတို့မှာလည်း ထိုကာဖိရ်တို့အဖို့ 'ဟလာလ်' တရားဝင်ကြသည်မဟုတ်ပေ။ ထိုကာဖိရ်များမှာလည်း ၄င်းတို့အဖို့ 'ဟလာလ်'တရားဝင်ကြသည် မဟုတ်ပြီ။) *[၆၀ : ၁၀]*

ဆိုလိုသည်မှာ ၄င်းတို့ဖြင့် ဒုတိယအကြိမ် ပြန်လည်၍ 'နေကာဟ်'ပြုနိုင်ရလောက်အောင် ဤအမျိုးသမီးများသည်လည်း ကာဖိရ်အမျိုးသားများအဖို့ 'ဟလာလ်'မဖြစ်နိုင်သလို၊ ကာဖိရ်အမျိုးသားများသည်လည်း ထိုအမျိုးသမီးများအဖို့ 'ဟလာလ်'မဖြစ်နိုင်ပေ။

ဓမ္မသတ် ။ ။ ကာဖိရ်အမျိုးသားတစ်ဦး၏ 'နေကာဟ်'အတွင်း၌ရှိသော အမျိုးသမီးသည် မွတ်စ္စလင်မ် ဖြစ်လာသည်ဆိုလျှင် ၄င်းတို့၏ 'နေကာဟ်'သည် အလိုအလျောက် ပျက်ပြယ်သွားပေသည်။ ဤအမျိုးသမီး သည်လည်း အမျိုးသားအတွက် မပိုင်သလို၊ ထိုအမျိုးသားသည်လည်း အမျိုးသမီးအတွက် မပိုင်ကြောင်း' ဟူသော အချက်ကို ဤအာယသ်တော်က ရှင်းလင်း ဖော်ထုတ်ပေးထားပေသည်။ အမျိုးသမီးများကို စစ်ပြေ ငြိမ်းရေးစာချုပ်ပါ စည်းကမ်းချက်အရ ပြန်လွှတ်ရမည်ဟူသော အချက်မှ ပြန်မလွှတ်ရန် ချွင်းချက်အဖြစ် ထားရှိပေးထားခြင်းမှာ ထိုအမျိုးသမီးများသည် ယခု မိမိတို့၏ ကာဖိရ်ခင်ပွန်းတို့ဖြင့် 'ဟလာလ်'တရား မဝင်တော့သည့် အတွက်ကြောင့်သာလျှင် ဖြစ်ပေသည်။

وَاٰتُوۡهُمۡ مَّاۤ اَنۡفَقُوۡا

(သို့ရာတွင် အသင်တို့သည် ထိုကာဖိရ်များအား ၄င်းတို့ အကုန်အကျခံခဲ့ကြသည်များကို ပေးဆပ် ကြလေကုန်။) *[၆၀ : ၁၀]*

ဆိုလိုသည်မှာ 'ဟိဂျ်ရသ်'ပြု ပြောင်းရွှေ့လာသော မုအ်မင်န်အမျိုးသမီးများ၏ ကာဖိရ်ခင်ပွန်းမှ မိမိ၏ အမျိုးသမီးအား ၄င်းနှင့် 'နေကာဟ်'ပြုရာ၌ ပေးအပ်ခဲ့သော 'မဟရ်'ခန်းဝင်ကြေးနှင့် အစစသော အရာများကို ၄င်းသူမတို့၏ ခင်ပွန်းသည်အား ပြန်လည်၍ ပေးဆပ်ရပေမည်။ အဘယ်ကြောင့်ဆိုသော် စာချုပ်ပါစည်းကမ်းချက်မှ အမျိုးသမီးများကိုသာလျှင် ပြန်လည်မပို့ဆောင်ရန် ချွင်းချက်အဖြစ် ထားရှိထား ပေသည်။ ၄င်းအမိန့်မှာ ထိုအမျိုးသမီးများအတွက် ၄င်းအမျိုးသားတို့မှာ 'ဟရာမ်'ဖြစ်သွားကာ တရား မဝင်နိုင်တော့၍သာ ချမှတ်ပြဋ္ဌာန်းပေးခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် ၄င်းတို့ပေးထားသော ငွေကြေးစရိတ် များကို စည်းကမ်းချက်နှင့်အညီ ပြန်လည်၍ ပေးဆောင်ရပေမည်။ ထိုငွေကြေးစရိတ်များကို ပြန်လည်ပေး ဆောင်ရမည်ဟူသော တာဝန်ကို 'ဟိဂျ်ရသ်' ပြု ပြောင်းရွှေ့လာသော အမျိုးသမီးများအား အသင်မတို့ ပေးအပ်ကြကုန်ဟူ၍ ဦးတည် မိန့်မြွက်ခြင်း မပြုဘဲ အများမွတ်စ္စလင်မ်တို့ကို 'အသင်တို့ ပေးဆောင်ကြ ကုန်'ဟူ၍ တာဝန်ပေး မိန့်တော်မူထားပေသည်။ အဘယ်ကြောင့်ဆိုသော် '၄င်းသူမတို့၏ ခင်ပွန်းသည်များမှ ပေးဆောင်ထားသော ငွေကြေးပစ္စည်းများကို ထိုအမျိုးသမီးများ သုံးစွဲပြီးဖြစ်၍ မကျန်ရှိနိုင်ခြင်း' အလွန် ဖြစ်နိုင်ရုံသာမက ရာခိုင်နှုန်းအပြည့် ဖြစ်နိုင်ချေရှိသော အချက်ဖြစ်ပေသည်။ ယခု ထိုအမျိုးသမီးများဘက် မှ ပြန်လည်ပေးဆောင်ရန်မှာ မည်သို့မှ မဖြစ်နိုင်တော့ပေ။

ထို့ကြောင့် ငြိမ်းချမ်းရေး၏ ပဋိညာဉ်ကို ပြည့်ဝစေရန်အတွက် ၄င်းတို့၏ဘက်မှ ကာဖိရ်ခင်ပွန်း များအား ပေးဆောင်ရန်ရှိသော တာဝန်ကို မွတ်စ္စလင်မ် တို့အပေါ်၌ သတ်မှတ်ပေးတော်မူခဲ့ခြင်း ဖြစ်သည်။ အကယ်၍ အစ္စလာမ့်ပြည်သူပိုင် ဘဏ္ဍာတိုက်မှ ပေးဆောင်ခဲ့မည်ဆိုလျှင် ၄င်းပြည်သူပိုင် ဘဏ္ဍာတိုက်မှ ပေး၍ သို့တည်းမဟုတ်ပါက အလှူငွေ ကောက်ခံကာ ပေးဆောင်ရပေလိမ့်မည်။ *[ကုရ်သုဗီး]*

وَلَاجُنَاحَ عَلَيْكُمْ اَنْ تَنْكِحُوْهُنَّ اِذَا اٰتَيْتُمُوْهُنَّ

(ထို့ပြင် အကယ်၍ အသင်တို့သည် ၎င်းတို့အား ၎င်းတို့၏ 'မဟရ်'ထိမ်းမြားကြေးများကို ပေးဆပ်ကြလျှင် ၎င်းတို့နှင့် 'နေကာဟ်'ထိမ်းမြားခြင်းမှာ အသင်တို့၌ အပြစ်မဟုတ်ပေ။) *[၆၀ : ၁၀]*

လွန်လေပြီးသော အာယသ်တော်အတွင်းတွင် 'ဟီဂျ်ရသ်'ပြု ပြောင်းရွှေ့ကာ ရောက်ရှိလာကြကုန်သော မွတ်စ္စလင်မ်အမျိုးသမီးများ၏ 'နေကာဟ်'သည် ၎င်းတို့၏ ကာဖိရ်ခင်ပွန်းသည်တို့ဖြင့် ပျက်ပြယ်သွားပြီးဖြစ်ကြောင်းနှင့် 'ဟရာမ်'ဖြစ်သွားပြီဖြစ်ကြောင်းကို ရှင်းလင်းတင်ပြထားပြီး ဖြစ်ပေသည်။ ဤအာယသ်တော်၌ ထိုအထက်အမိန့်ကို ဖြည့်စွက်တင်ပြထားသည်မှာ ယခု ၎င်းအမျိုးသမီးများသည် အခြားမွတ်စ္စလင်မ်အမျိုးသားဖြင့် 'နေကာဟ်'ပြုနိုင်ပေသည်။ ကာဖိရ်ခင်ပွန်းသည်ဟောင်း အသက်ရှင်နေလင့်ကစား ၎င်းသည် 'သွလားက်'မပေးထားနေလင့်ကစား သို့ရာတွင် သာသနာ့အမိန့်ရှုထောင့်ဖြင့် 'နေကာဟ်' ပျက်ပြယ်သွားပြီး ဖြစ်ခြင်းကြောင့် အခြားသော အမျိုးသားတစ်ဦးဖြင့် ၎င်း၏ 'နေကာဟ်'သည် ပိုင်သွားခြင်း ဖြစ်ပေသည်။

ကာဖိရ်အမျိုးသား၏ ဇနီးသည် မွတ်စ္စလင်မ်ဖြစ်သွားမည်ဆိုလျှင် ၎င်းတို့အကြား 'နေကာဟ်'ပျက်သွားကြောင်းကို တင်ပြလျက်ရှိနေသော အာယသ်တော်မှ သိရှိရပြီးဖြစ်ပေသည်။ သို့ရာတွင် အခြားသော မွတ်စ္စလင်မ်အမျိုးသားတစ်ဦးဖြင့် ထိုအမျိုးသမီး၏ 'နေကာဟ်'သည် မည်သည့်အချိန်၌ ပိုင်ပေမည်နည်း။ ထိုအချက်နှင့် စပ်လျဉ်း၍ အေမာမ်အဗူဟနီဖဟ် (ရဟ) သခင်ကြီး၏ လမ်းစဉ်ဥပဒေသ ပြဋ္ဌာန်းချက်မှာ ဤသို့ဖြစ်သည်။ ကာဖိရ်အမျိုးသားတစ်ဦး၏ ဇနီးသည် မွတ်စ္စလင်မ်ဖြစ်လာသည်ဆိုလျှင် အစ္စလာမ့်အာဏာပိုင်လူကြီးသည် ၎င်းအမျိုးသမီး၏ ခင်ပွန်းသည်ကို ခေါ်ယူကာ 'အကယ်၍ အသင်သည်လည်း မွတ်စ္စလင်မ်ဖြစ်လိုက်ပါလျှင် အသင်တို့အကြားရှိ 'နေကာဟ်'သည် ဆက်လက်တည်တံ့ ကျန်ရှိပေလိမ့်မည်။ သို့တည်းမဟုတ် 'နေကာဟ်'ပျက်သွားပေလိမ့်မည်'ဟူ၍ ပြောဆိုရပေလိမ့်မည်။ အကယ်၍ ထိုခင်ပွန်းသည် ယင်းသို့ပြောဆိုခြင်းအပေါ်၌လည်း အစ္စလာမ်သာသနာကို လက်ခံခြင်းမှ ငြင်းဆိုလျက်ရှိနေမူ ယခု ၎င်းဇနီး မောင်နှံနှစ်ဦးကြား၌ ပြည့်ပြည့်ဝဝ ကွဲကွာပြီး ဖြစ်သွားပေလိမ့်မည်။ ထိုအချိန်၌ ယင်းအမျိုးသမီးသည် အခြားသော မွတ်စ္စလင်မ်အမျိုးသားတစ်ဦးဖြင့် 'နေကာဟ်' ပြုလုပ်နိုင်ပေသည်။ သို့ရာတွင် အစ္စလာမ့်အာဏာပိုင်လူကြီးမှ ခင်ပွန်းအား ခေါ်ယူ၍ တင်ပြမေးမြန်းခြင်းသည် အစ္စလာမ့်အစိုးရ အုပ်ချုပ်မှု ရှိနေသော နေရာဖြစ်မှသာ ဖြစ်နိုင်ကြောင်း' မှာ ထင်ရှားလှပေသည်။ ကာဖိရ်တို့၏ ဌာနေ (သို့မဟုတ်) ရန်သူ့စစ်မြေ၌ ဤသို့သော ဖြစ်အင်များ ကြုံကြိုက်လာလျှင်မူ ဇနီးမောင်နှံနှစ်ဦးကြား အပြီးအပိုင် လုံးလုံးလျားလျား ကွဲကွာပြီးဖြစ်ကြောင်းကို ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် ခင်ပွန်းကို အစ္စလာမ်သာသနာအား သက်ဝင်ယုံကြည်ပါရန် ခေါ်ယူတင်ပြ ပြောဆိုခြင်းနှင့် ၎င်းကာဖိရ်အနေဖြင့် ငြင်းဆိုခြင်းပုံစံမှာ ဖြစ်ပေါ်နိုင်ချေ မရှိပေ။

ထို့ကြောင့် ဤအထက်ပါပုံစံ၌ ဇနီးမောင်နှံနှစ်ဦးကြား လုံးလုံးလျားလျား ကွာပြီးဖြစ်ကြောင်းကို ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် ဤအမျိုးသမီးသည် 'ဟီဂျ်ရသ်'ပြု ပြောင်းရွှေ့ကာ အစ္စလာမ့်ဌာနသို့လည်းကောင်း၊ (သို့မဟုတ်) မွတ်စ္စလင်မ့်စစ်တပ် တည်ရှိရာသို့လည်းကောင်း ရောက်ရှိခဲ့မှသာလျှင် ဖြစ်နိုင်ပေလိမ့်မည်။

အစ္စလာမ့်ဌာနေသို့ လာရောက်ခြင်း၏ ပုံစံသည် တင်ပြပါဖြစ်အင်များ၌ မဒီနာရွှေမြို့တော်သို့ ရောက်ရှိပြီး နောက် ဖြစ်နိုင်ပေသည်။ အစ္စလာမ့်စစ်တပ်သည် 'ဟိုဒိုက်ဗီယာ' အရပ်ဒေသ၌ တည်ရှိနေပေရာ ထို စစ်တပ်ရှိရာဆီသို့ ရောက်ရှိသွားခြင်းဖြင့်လည်း 'ဟိဂျ်ရည်'ပြု ရွှေ့ပြောင်းလာခြင်းအရာ အထမြောက်သွား ပေသည်။ ယင်းကို ဓမ္မသတ်ပညာရှင်များ၏ အသုံးအနှုန်းဝေါဟာရ၌ **اختلاف دارين** (ဇနီးမောင်းနှံနှစ်ဦး မတူညီသော ဌာနေတစ်ခုစီတွင် ရှိခြင်း) ဟူ၍ ခေါ်ဆိုကြပေသည်။ ဆိုလိုသည်မှာ ကာဖိရ်ခင်ပွန်းသည်နှင့် ၎င်း၏ မွတ်စ္စလင်မ် ဇနီးသည်၏ ကြား၌ ဌာနနှစ်ခု ကွာခြားသွားပေသည်။ ဆိုလိုသည်မှာ တစ်ဦးသည် ကာဖိရ်တို့၏ ဌာနေ၌ရှိပြီး အခြားတစ်ဦးသည် အစ္စလာမ့်ဌာနေ၌ဖြစ်မှု ဤကွဲကွာမှုသည် ပြီးပြည့်စုံသွားကာ အမျိုးသမီးသည် အခြားတစ်ဦးဖြင့် 'နေကာဟ်'ပြုရန်အတွက် အခွင့်အရေးရရှိသွားကာ လွတ်လပ်သွားပြီး

[ဟေဒါယာ အစရှိသောကျမ်းများ]

၎င်းနောက် အာယသ်တော်၌ **إِذَا آتَيْتُمُوهُنَّ أُجُورَهُنَّ**

(ထို့ပြင် အကယ်၍ အသင်တို့သည် ၎င်းတို့အား ၎င်းတို့၏ 'မဟရ်'ထိမ်းမြားကြေးများကို ပေး ဆပ်ကြလျှင်။)

[၆၀ : ၁၀]

ဟူသော အချက်ကို 'အကယ်၍ အသင်တို့သည် 'မဟရ်'ထိမ်းမြားကြေး ပေးဆောင်မည်ဆိုပါက ၎င်းအမျိုးသမီးတို့ဖြင့် 'နေကာဟ်'ပြုနိုင်ပေသည်'ဟူသော စည်းကမ်းချက်ပုံစံမျိုးဖြင့် မိန့်တော်မူထားပေသည်။ စင်စစ် ဤသည် 'နေကာဟ်'၏ စည်းကမ်းချက်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အွမ္မသ်နောက်လိုက်ထု အတွင်းရှိ အာလင်မ်သာသနာ့ပညာရှင်များ တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ထားသော အချက်မှာ 'နေကာဟ် ထိမ်းမြားမှုပြုရာ၌ 'မဟရ်' ခန်းဝင်ကြေးပေးဆောင်ရန်သည် အရေးကြီးနေလင့်ကစား ယင်းကြေးသည် 'နေကာဟ်'ပိုင်ရန်အတွက် စည်းကမ်းချက်အဖြစ် မူတည်မနေပေ'ဟူ၍ ဖြစ်သည်။ ဤနေရာ၌ ထို 'မဟရ်' ကြေးကို စည်းကမ်းချက်ပုံစံမျိုးဖြင့် တင်ပြထားရခြင်းမှာ 'ယခု 'မဟရ်' ကြေးတစ်ရပ်ကိုမူ ကာဖိရ်ခင်ပွန်း သည်အား ပြန်လည် ပေးဆောင်ထားခိုင်းပြီး ဖြစ်ပေသည်။ ထိုကာဖိရ်အား ပေးလိုက်သော 'မဟရ်'ကြေးကို မွတ်စ္စလင်မ်အမျိုးသားသည် 'မဟရ်'ပေးပြီးဖြစ်သည်။ ယခု အသစ်တစ်ဖန် ထပ်မံပေးဆောင်ရန် မလိုအပ် တော့ပေ' ဟူ၍ သဘောပေါက်မှတ်ယူမှု မမှားစေရန်ဟူသော အချက်တို့ကြောင့် ဖြစ်တန်ကောင်းရာပေသည်။ ထို့ကြောင့် ထိုကာဖိရ်အား ပေးအပ်လိုက်သော 'မဟရ်'သည် လွန်လေပြီးသော 'နေကာဟ်'နှင့် စပ်လျဉ်း၍ ဖြစ်ပြီး ယခု ၎င်းအမျိုးသမီးဖြင့် 'နေကာဟ်'ပြုရန် ရှိပါမူ 'မဟရ်'အသစ်ပေးဆောင်ရန်သည် မုချ အရေးကြီး ပေသည်'ဟူ၍ မိန့်တော်မူထားသည်။

وَلَا تُمْسِكُوا بِعِصَمِ الْكَوَافِرِ (ထို့ပြင် အသင်တို့သည် ကာဖိရ်မိန်းမများ၏ ဂုဏ်အသရေကို သိမ်းပိုက်၍ မထားကြကုန်လင့်။)

[၆၀ : ၁၀]

عِصَمٌ သည် **عصمت** ဟူသော စကားလုံး၏ အများကိန်းဖြစ်ပေသည်။ မူရင်းအဓိပ္ပာယ်မှာ 'ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ခိုင်မာတောင့်တင်ခြင်း' ဟူ၍ ရ၏။ စကားလုံးတော်၏ အလိုသဘောမှာ 'ထိန်းသိမ်းစောင့်စည်းအပ်သော 'နေကာဟ်'ထိမ်းမြားခြင်း' ဟူ၍ ဖြစ်သည်။

كَوَافِرُ သည် كَافِرَةٌ ဟူသော စကားလုံး၏ အများကိန်းဖြစ်ပေသည်။ 'ရှရစ်ကပြုလုပ်သော မိန်းမ'ဟူ၍ အလိုသဘော ရရှိပေသည်။ အဘယ်ကြောင့်ဆိုသော် ကျမ်းရ ကာဖိရ်အမျိုးသမီးဖြင့် 'နေကာဟ်' ပြုပိုင်ခွင့်ရှိကြောင်း ကုရ်အာန်ကျမ်းတော်မြတ်က 'ခိုင်လုံသော 'နပ်စ်'အထောက်အထား'တို့ဖြင့် ခွင့်ပြုထားပေသည်။ အာယသ်တော်၏ အလိုသဘောမှာ ဤသို့တည်း။ မွတ်စ္စလင်မ်တို့နှင့် မုရှ်ရစ်ကတို့၏ ကြားဝယ် ယခုအချိန်အထိတိုင် 'နေကာဟ်'ပြုခွင့်ကို ပေးထားပါသော်လည်း ထိုပြုပိုင်ခွင့်အချက်ကို ဖျက်သိမ်းတော်မူလိုက်လေပြီ။ ယခု မည်သည့်မွတ်စ္စလင်မ် အမျိုးသား တစ်ဦးတစ်ယောက်ကိုမျှ မုရှ်ရစ်ကအမျိုးသမီး တစ်ဦးဖြင့် 'နေကာဟ်' ပြုခြင်း မပိုင်တော့ပြီ။ ယခင်က ပြုခဲ့သော 'နေကာဟ်'တို့သည် ပယ်ဖျက်ပြီးဖြစ်၍ ယခု မည်သည့်မုရှ်ရစ်ကအမျိုးသမီး တစ်ဦးတစ်ယောက်ကိုမျှ မိမိတို့၏ 'နေကာဟ်'တွင် ထားခွင့် မရှိတော့ပြီးဟူ၍တည်း။

ဤအာယသ်တော် ကျရောက်လာသောအချိန်တွင် မုရှ်ရစ်ကအမျိုးသမီးများကို မိမိတို့၏ 'နေကာဟ်' ၌ ထားရှိထားကြသော ဆွဟာဗာကြီးများသည် ထိုအမျိုးသမီးတို့ကို စွန့်လွှတ်လိုက်ပေသည်။ ဟဇရသ် ဖာရူကေ့အအ်ဇွာမ်အုမရ် ﷺ သခင်ကြီး၏ 'နေကာဟ်'၌ မုရှ်ရစ်ကအမျိုးသမီးနှစ်ဦးသည် ၎င်းဟီဂျ်ရသ် ပြုလုပ်လာသည့် အချိန်ထိတိုင် ရှိနေပြီး မက္ကာဟ်မြို့၌ ကျန်ရစ်နေခဲ့ပေသည်။ ဟဇရသ်ဖာရူကေ့အအ်ဇွာမ် ﷺ သခင်ကြီးသည် ဤအာယသ်တော် ကျရောက်ပြီးနောက် နှစ်ဦးစလုံးအား 'သွလာက်'ပေးလိုက်ပေသည်။ (ဇိုဟ်ရီး (ရဟ) သခင်ကြီး ဆင့်ပြန်သော ဆင့်ပြန်ချက်ဖြင့် ဗဂဝီး (ရဟ) သခင်ကြီးက ဆင့်ပြန်ထားပေသည်။ 'မဇ္ဇဟရီးကျမ်း၌လည်း ဤအတိုင်း လာရှိထားပေသည်။) ဤနေရာ၌ 'သွလာက်'၏ အလိုသဘောသည် 'စွန့်လွှတ်ခြင်း၊ အဆက်အသွယ် ဖြတ်တောက်ခြင်း' ဟူ၍ အဓိပ္ပာယ်ကောက်ယူရပေမည်။ သာသနာရေးဆိုင်ရာ အသုံးအနှုန်း ဝေါဟာရဖြစ်သော 'သွလာက်'ကို အလိုသဘောကောက်ယူရန် ဤနေရာ၌ လိုပင်မလိုအပ်ပေ။ အဘယ်ကြောင့်ဆိုသော် ဤအာယသ်တော်ကြောင့် 'နေကာဟ်'ပျက်ပြယ်သွားပြီးဖြစ်သော ကြောင့်ပင် ဖြစ်သည်။

وَاسْئَلُوا مَا اَنْفَقْتُمْ وَلْيَسْئَلُوا مَآ اَنْفَقُوْا

(၎င်းပြင် အသင်တို့သည်လည်း မိမိတို့ အကုန်အကျခံခဲ့ကြသည်များကို ကာဖိရ်များထံမှ တောင်း၍ ယူကြလေကုန်။ ၎င်းတို့သည်လည်း မိမိတို့ကုန်ကျခဲ့သည်များကို အသင်တို့ထံမှ တောင်း၍ ယူကြရပေမည်)
[၆၀ : ၁၀]

အမျိုးသမီးတစ်ဦးဦးသည် 'မွတ်စ္စလင်မ်ဖြစ်ကာ 'ဟီဂျ်ရသ်'ပြု ပြောင်းရွှေ့၍ မဒီနာသို့ ရောက်ရှိလာသည်ဆိုလျှင်မူ ၎င်းအမျိုးသမီးများအား မက္ကာဟ်မြို့သို့ ပြန်လည်မပို့ဆောင်ရ' ဟူသော အမှုကိစ္စကို အတည်ပြု ပြဋ္ဌာန်းတော်မူခဲ့ပြီး၊ သို့သာမက ၎င်းတို့၏ ခင်ပွန်းသည်များမှ ထိုအမျိုးသမီးများအား ပေးဆောင်ထားသော 'မဟရ်'ကြေး အစရှိသည်တို့ကို ၎င်းအမျိုးသားတို့ထံ ပြန်လည် ပို့ဆောင်ပေးရပေမည် ဟူ၍လည်း ပြဋ္ဌာန်းထားပြီးဖြစ်၏။ ဤကဲ့သို့ပင် အကယ်၍ မွတ်စ္စလင်မ်အမျိုးသမီး တစ်ဦးတစ်ယောက်သည် (အလ္လာဟ်အသျှင်မြတ် ကာကွယ်စောင့်ရှောက်တော်မူပါ။) သာသနာကို စွန့်ပယ်ကာ မက္ကာဟ်မြို့သို့ ရောက်ရှိသွားလျှင်သော်လည်းကောင်း၊ (သို့မဟုတ်) အစကတည်းက ကာဖိရ်အဖြစ်နှင့်ပင် ရှိနေကာ

သို့ရာတွင် မွတ်စ္စလင်မ်ခင်ပွန်းသည်၏ အုပ်ချုပ်မှုအောက်မှ ထွက်သွားလျှင်သော်လည်းကောင်း၊ (အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်၌ ဤဒုတိယပုံစံကိုသာ ရွေးချယ်တင်ပြထား၏။ ၎င်းပုံစံကိုသာ ရွေးချယ်၍ တင်ပြရခြင်းမှာ 'မွတ်စ္စလင်မ်အမျိုးသမီး တစ်ဦးတစ်ယောက်သည် သာသနာကို စွန့်ပယ်ကာ မက္ကာဟ်မြို့သို့ ရောက်ရှိသွား၍ ထိုမြို့တွင် ကာဖိရ်ဘဝဖြင့် နေထိုင်ခဲ့သည်ဟူသော ဖြစ်ရပ်မျိုး ဖြစ်ပေါ်ခဲ့ခြင်း မရှိ၍ ဖြစ်ပေသည်။ ပထမကတည်းက ကာဖိရ်အဖြစ်နှင့် ရှိနေပြီး ၎င်းသည် မိမိ မွတ်စ္စလင်မ်ခင်ပွန်းသည်၏ အုပ်ချုပ်မှုအောက်မှ ထွက်သွား၍ မက္ကာဟ်မြို့၌မှာပင် ကျန်ရစ်နေထိုင်လျက် ရှိနေခြင်း' ဟူသော ဖြစ်အင်များသည်မူ မုချ ပေါ်ပေါက်ခဲ့၏။ ထိုအချက်တို့ကြောင့် ယင်းသို့ ရွေးချယ်ကာ ရေးသားတင်ပြထားခြင်း ဖြစ်နိုင်ပေသည်။) မက္ကာဟ်မြို့ရှိ ကာဖိရ်များသည် ထိုအမျိုးသမီးကို ပြန်လည် ပို့ဆောင်လိမ့်မည်မဟုတ်။ သို့ရာတွင် ၎င်း၏ မွတ်စ္စလင်မ်ခင်ပွန်းသည် ထိုအမျိုးသမီးအား ပေးထားသော 'မဟရ်' ခန်းဝင်ကြေးတို့ကို ကာဖိရ်တို့သည် ပြန်လည်၍ ပေးဆောင်ရန် တာဝန်ရှိပေသည်။ ထို့ကြောင့် ယင်းအပေးအယူများအား ဖြေရှင်းဆောင်ရွက်ရာတွင် အချင်းချင်းကြား ညှိနှိုင်း၍ နားလည်မှုရယူကာ ပြုလုပ်ရမည် ဖြစ်ပေသည်။ နှစ်ဖက်စလုံးမှ ပေးဆောင်ထားသော ခန်းဝင်ကြေး အစရှိသည်တို့ကို မေးမြန်းသတ်မှတ်ကြကာ ထိုအတိုင်း အပြန်အလှန် ပေးဆောင်ကြရန် ဖြစ်ပေသည်။

ထိုပညတ်ချက်အပေါ် မွတ်စ္စလင်မ်တို့သည် မိမိတို့အတွက် ကုရ်အာန်ကျမ်းတော်မြတ်လာ ပညတ်ချက်များအား တစ်သွေမတိမ်း လိုက်နာခြင်းသည် 'ဖွရ်ဒ်' တာဝန် ဖြစ်သည့်အတွက်ကြောင့် နှလုံးစိတ်ဝမ်း ပျော်ရွှင်စွာဖြင့် လိုက်နာကျင့်ကြံ ဆောင်ရွက်ခဲ့ကြပေသည်။ ထို့ကြောင့် ဟိဂျ်ရသ်ပြု ပြောင်းရွှေ့လာသမျှသော အမျိုးသမီးများအားလုံး၏ 'မဟရ်' ခန်းဝင်ကြေး အစရှိသည်တို့ကို ၎င်းတို့၏ ကာဖိရ်ခင်ပွန်းသည်များထံ ပို့ဆောင်ပေးလိုက်ပေသည်။ သို့ရာတွင် မက္ကာဟ်မြို့ရှိ ကာဖိရ်များသည် ကုရ်အာန်ကျမ်းတော်မြတ်အပေါ် အီမာန်မရယူထားကြပေရာ လိုက်နာဆောင်ရွက်မှုကို မပြုခဲ့ကြပေ။ ထိုအချက်အပေါ် တင်ပြလျက်ရှိသော အာယသ်တော် ကျရောက်လာပေသည်။ (ဇိုဟ်ရီး (ရဟ) သခင်ကြီးထံမှ ဗဂဝီ (ရဟ) သခင်ကြီးသည် ဆင့်ပြန်တင်ပြထားပေသည်။) *[မဇ္ဈဟရီး]*

وَاِنْ فَاتَكُمْ شَيْءٌ مِّنْ اَزْوَاجِكُمْ اِلَى الْكُفَّارِ فَعَاقَبْتُمْ (الاية)

(သို့ရာတွင် အကယ်၍ အသင်တို့၏ ဇနီးမိန်းမတို့အနက် တစ်ဦးတစ်ယောက်သည် ကာဖိရ်များထံသို့ ထွက်သွားခဲ့ပြီးနောက် အသင်တို့အလှည့် ရောက်ခဲ့ပါလျှင် ဇနီးမိန်းမများ ထွက်သွားခဲ့ကြသောသူ (အခွင့်အရေး ဆုံးရှုံးနေသည့် မွတ်စ္စလင်မ်ယောကျ်ား) တို့အား ၎င်းတို့ အကုန်အကျခံခဲ့ကြသည့် 'မဟရ်' ထိမ်းမြားကြေးနှင့် အညီအမျှ အသင်တို့ ပေးဆပ်ကြလေကုန်။) *[၆၀ : ၁၁]*

عَاقَبْتُمْ ဟူသော စကားလုံးသည် **معاقبة** ဟူသော စကားလုံးမှ ဆင်းသက်လာသည့် စကားလုံး ဖြစ်ပေသည်။ ၎င်း၏ အဓိပ္ပာယ်တစ်ရပ်မှာ 'ကလှဲ့စားရယူခြင်း' ဟူ၍ ရ၏။ ဤနေရာ၌ ဤထက်ဖော်ပြပါ အဓိပ္ပာယ်ကိုလည်း အလိုသဘောအဖြစ် ကောက်ယူနိုင်ပေသည်။ (ဤအတိုင်း ကသာဒါး (ရဟ) နှင့် မူဂျာဟိဒ် (ရဟ) သခင်ကြီးတို့ထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။) *[ကုရ်သုဗီး]*

ဤပုံစံ၌ အာယသ်တော်၏ အလိုသဘောမှာ ဤသို့တည်း။ မွတ်စ္စလင်မ်တို့၏ အချို့သော အမျိုးသမီးများသည် အကယ်၍ ကာဖိရ်တို့၏ လက်ဝယ်အတွင်းသို့ ရောက်ရှိသွားခဲ့သည်ဆိုလျှင် စာချုပ်ပါစည်းကမ်းချက်အရ ၎င်းသူမတို့၏ မွတ်စ္စလင်မ်ယောကျ်ားများမှ ပေးထားသော ငွေကြေးများကို ပြန်လည်ပေးဆောင်ရန် ၎င်းတို့အပေါ် အရေးကြီးပေသည်။ ပမာဆိုရသော် မွတ်စ္စလင်မ်တို့ဘက်မှလည်း 'ဟီဂျ်ရသ်' ပြု ပြောင်းရွှေ့လာသော အမျိုးသမီးများ၏ ကာဖိရ်အမျိုးသားများကို ၎င်းတို့၏ 'မဟရ်' ကြေးများကိုလည်း ပြန်လည်ပေးဆောင်ခဲ့ကြသကဲ့သို့ ဖြစ်ပေသည်။ သို့ရာတွင် ကာဖိရ်တို့သည် ဤသည်ကို မလိုက်နာကြမူ မွတ်စ္စလင်မ်ခင်ပွန်းတို့မှ မိမိတို့၏ အမျိုးသမီးတို့အား ပေးကမ်းခဲ့သော 'မဟရ်'ကြေးကို မပေးဆပ်ကြပါမူ ထိုလုပ်ရပ်အတွက် အကယ်၍ အသင်တို့အနေဖြင့် အစားရယူလိုကြသည်ဆိုလျှင် 'ဟီဂျ်ရသ်' ပြု ပြောင်းရွှေ့လာကြသော အမျိုးသမီးများ၏ 'မဟရ်'ကြေးများကို မက္ကာဟ်ရှိ ကာဖိရ်များကို ပေးဆပ်ရန်ရှိပေရာ အသင်တို့သည်လည်း မိမိတို့ အခွင့်အရေး၊ ဝတ္တရားအတွက် ပေးဆပ်ခြင်းမပြုဘဲ ရပ်တန့်ဆိုင်းငံ့ထားကုန်။' ၎င်းနှင့် စပ်လျဉ်း၍ အမိန့်မှာ ဤသို့တည်း။

فَاٰتُوا الَّذِيْنَ ذَهَبَتْ اَزْوَاجُهُمْ مِّثْلَ مَا اَنْفَقُوْا

(ဇနီးမိန်းမများ ထွက်သွားခဲ့ကြသူ အခွင့်အရေး ဆုံးရှုံးသည့် မွတ်စ္စလင်မ်ယောကျ်ားတို့အား ၎င်းတို့အကုန်အကျခံခဲ့ကြသည့် 'မဟရ်'ထိမ်းမြားကြေးနှင့် အညီအမျှ အသင်တို့ ပေးအပ်ကြလေကုန်။)/ *၆၀ း ၁၁* /

ဆိုလိုသည်မှာ အသင်တို့သည် ဟီဂျ်ရသ်ပြု ပြောင်းရွှေ့လာသော အမျိုးသမီးများ၏ 'မဟရ်' ကြေးများမှ ပေးဆပ်ခြင်းမပြုသေးဘဲ ရပ်တန့်ဆိုင်းငံ့ထားရှိထားသော ငွေကြေးများကို အကြင်အမျိုးသားများ၏ ဇနီးသည်များသည် မက္ကာဟ်မြို့နေ ကာဖိရ်များ၏ လက်ဝယ်အတွင်းသို့ ရောက်ရှိသွားကြပေသည်။ ထိုမွတ်စ္စလင်မ်ခင်ပွန်းသည်များ သုံးစွဲပေးခဲ့သော 'မဟရ်'အစရှိသော ကြေးများ၏ အစား၌ ပြန်လည်ပေးဆပ်ကြကုန်ဟူ၍ ဖြစ်သည်။

عَاقَبْتُمْ ၏ ဒုတိယအဓိပ္ပာယ်မှာ اَعْقَبْتُمْ ، عَقَّبْتُمْ ဟူ၍ဖြစ်ပြီး စစ်ပွဲ၌ သုံ့ပန်းပစ္စည်း ရရှိခြင်းဟူ၍ ဖြစ်ပေသည်။ ဤအာယသ်တော်တွင် عَاقَبْتُمْ ဟူသော စကားလုံးအား ပုံစံ (၃) မျိုးစလုံးဖြင့် ဖတ်ခြင်း၊ ကာရီသခင်ကြီးများထံမှ ဆင့်ပြန်ချက်လာရှိထားပေသည်။ ဟဇရသ်ကသာဒါ (ရဟ) သခင်ကြီးတို့ထံမှ ထို 'ကေရာအသ်'ဖတ်ရွတ်နည်း (၃) မျိုးစလုံး၏ စကားလုံးများ၏ အဓိပ္ပာယ်ကို သုံ့ပန်းပစ္စည်းဟူ၍လည်း ဆင့်ပြန်ထားပေသည်။ ဤပုံစံ၌ အာယသ်တော်၏ အဓိပ္ပာယ်မှာ ဤသို့ ဖြစ်သွားပေလိမ့်မည်။ အကြင်မွတ်စ္စလင်မ်ခင်ပွန်းသည်တို့၏ အမျိုးသမီးများသည် ကာဖိရ်များ၏ လက်ဝယ်အတွင်းသို့ ရောက်ရှိသွားကာ စာချုပ်ပါ စည်းကမ်းချက်နှင့်အညီ ကာဖိရ်များသည် ၎င်းအမျိုးသမီးတို့၏ 'မဟရ်'ကို မွတ်စ္စလင်မ်ခင်ပွန်းသည်များအား မပေးဆပ်ကြလျှင် တစ်ဖန် မွတ်စ္စလင်မ်တို့သည် စစ်သုံ့ပန်းပစ္စည်းများကို ရရှိခဲ့ကြသောအခါဝယ် ထိုခင်ပွန်းသည်များ၏ ရပိုင်ခွင့် အခွင့်အရေးကို စစ်သုံ့ပန်းပစ္စည်းများဖြင့် ၎င်းတို့အား ပေးဆပ်ရမည်ဟူ၍ ဖြစ်ပေသည်။ / *ကုရ်သုတ်ဗီး* /

မွတ်စ္စလင်မ်အမျိုးသမီးများအနက် သာသနာကိုစွန့်ပယ်ကာ မက္ကာဟ်မြို့သို့ သွားရောက်ခဲ့သောသူမများ ရှိပါ၏လော

ဤအာယသ်တော်အတွင်း၌ အကြင်အမှုကိစ္စ၏ အမိန့်ကို တင်ပြထားပေသည်။ ထိုအမှုကိစ္စနှင့် စပ်လျဉ်းသော ဖြစ်အင်ဖြစ်ပေါ်ခဲ့၊ မဖြစ်ပေါ်ခဲ့နှင့် ပတ်သက်၍ အချို့သော ပညာရှင်များသည် 'ဖြစ်အင် တစ်ရပ်သာ ပေါ်ပေါက်ခဲ့သည်'ဟူ၍ တင်ပြထားပေသည်။ ဟဇရသ်အိယားသွ်ဗင်နိဂနမ်း ကုရိုက်ရှီး ﷺ ၏ ဇနီးဖြစ်သော အွမ်မေ့ဟေကမ်း ဗင်န်သေ့ အဗီစုဖ်ယာန်သည် သာသနာကို စွန့်လွှတ်ကာ မက္ကာဟ် မြို့သို့ ပြောင်းရွှေ့သွားခဲ့သည်။ သို့သော်လည်း ၄င်းအမျိုးသမီးသည် အစ္စလာမ်သာသနာဘက်သို့ တစ်ဖန် ကူးပြောင်း ရောက်ရှိလာခဲ့ပေသည်။

ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးသည် စုစုပေါင်း အမျိုးသမီး (၆) ဦး အစ္စလာမ်သာသနာကို စွန့်လွှတ်ကာ ကာဖိရ်များနှင့်အတူ သွားရောက် ပူးပေါင်းခဲ့သည်ဟူ၍ တင်ပြထားပေသည်။ ထို (၆) ဦး အနက် တစ်ဦးသည် ဤအွမ်မေ့ဟေကမ်း ဗင်န်သေ့ အဗီစုဖ်ယာန် ဖြစ်ပေသည်။ ကျန်ရှိသော အမျိုးသမီး (၅) ဦး 'ဟီဂျ်ရသ်'ပြု ပြောင်းရွှေ့ချိန်မှပင် မက္ကာဟ်မြို့၌ ကျန်ရစ်နေကာ အစကတည်းက ကာဖိရ်များပင် ဖြစ်ပေသည်။ မွတ်စ္စလင်မ်နှင့် ကာဖိရ်တို့၏ကြား 'နေကာဟ်' ပျက်သွားပေသည်'ဟူသော အာယသ်တော် ကျရောက်လာချိန်၌လည်း ထိုအမျိုးသမီးတို့သည် မွတ်စ္စလင်မ်ဖြစ်ရန် အသင့်မရှိခဲ့ကြပေ။ ထိုသို့ အသင့် မရှိခဲ့ခြင်းကြောင့် ယင်းအမျိုးသမီးများကိုလည်း ထိုအမျိုးသမီးများအတွင်း၌ ထည့်သွင်း ရေတွက်ခဲ့ခြင်း ဖြစ်ပေသည်။ အကြင်အမျိုးသမီးများ၏ 'မဟရ်'ကြေးကို ၄င်းတို့၏ မွတ်စ္စလင်မ်ခင်ပွန်းသည်များသည် မက္ကာဟ်မြို့နေ ကာဖိရ်များ၏ဘက်မှ ပြန်လည် ရယူပိုင်ခွင့် ရှိပေသည်။ ၄င်းတို့သည် မပေးဆပ်သော အခါဝယ် တမန်တော်မြတ် ﷺ သည် စစ်သုံ့ပန်းပစ္စည်းများထဲမှ ၄င်းတို့၏ ရပိုင်ခွင့်ဖြစ်သော အခွင့်အရေး ကို ပေးအပ်ခဲ့ပေသည်။

အထက်ပါရှင်းလင်းတင်ပြချက်မှ သိရှိရသည်မှာ မဒီနာမှ မက္ကာဟ်မြို့သို့ ရွှေ့ပြောင်းသွားခြင်း နှင့် အစ္စလာမ်သာသနာအား စွန့်လွှတ်လိုက်ခြင်း၏ ဖြစ်အင်သည် တစ်ရပ်တည်းသာ ရှိပေသည်။ ကျန်ရှိ သော အမျိုးသမီး (၅) ဦးမှာ အစပထမကတည်းက 'ကုဖွ်ရ်'တည်းဟူသော သွေဖည်ငြင်းဆိုခြင်းအပေါ်၌ တည်ရှိနေကြပေသည်။ 'ကုဖွ်ရ်'တည်းဟူသော သွေဖည်ငြင်းဆိုမှုအပေါ်၌ တည်ရှိနေကြသောကြောင့် ၄င်း အမျိုးသမီးတို့သည် မွတ်စ္စလင်မ်တို့၏ 'နေကာဟ်'မှ ဤအာယသ်တော်ကြောင့် ထွက်သွားကြပေသည်။ ဤအတွက်ကြောင့် ထိုအမျိုးသမီးများကိုလည်း ယင်းကွင်းဆက်တစ်ဆက်တည်းအတွင်း၌မှာပင် ထည့်သွင်း ရေတွက်ခဲ့ခြင်း ဖြစ်ပေသည်။ သာသနာကို စွန့်ပယ်ကာ မက္ကာဟ်မြို့သို့ ထွက်ခွာသွားသော အမျိုးသမီး တစ်ဦးရှိခဲ့ကြောင်း လာရှိထားပေသည်။ ဤအမျိုးသမီးသည်လည်း နောက်ပိုင်း၌ မွတ်စ္စလင်မ် ပြန်ဖြစ်ခဲ့ လေသည်။ *[ကုရ်သုဗီး]*

ဗဂဝီး (ရဟ) သခင်ကြီးသည် အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီး၏ ဆင့်ပြန်ချက်ဖြင့် ဆင့်ပြန် ထားသည်မှာ ကျန် (၅) ယောက်သော အမျိုးသမီးတို့သည်လည်း နောက်ပိုင်း၌ မွတ်စ္စလင်မ်ပြန် ဖြစ်ခဲ့ပေ သည်ဟူ၏။ *[မဇ္ဇ်ဟရီး]*

အမျိုးသမီးများ၏ "ဗိုင်အသ်" (ကတိသစ္စာခံယူခြင်း)

يَاَيُّهَا النَّبِىُّ اِذَاجَآءَ كَ الْمُؤْمِنٰتُ يُبَايِعْنَكَ (الاٰية)

(အို, နဗီတမန်တော်၊ မုအ်မင်န်သက်ဝင်ယုံကြည်ကြသော မိန်းမများသည် အသင့်ထံ လာ၍ 'ဗိုင်အသ်' (ကတိသစ္စာ) ပြုသောအခါ။) [၆၀ : ၁၂]

ဤအာယသ်တော်အတွင်း၌ မွတ်စ္စလင်မ်အမျိုးသမီးများ၏ ဘက်မှ အကျယ်တဝင့် ကတိသစ္စာခံယူမှုတစ်ရပ်အကြောင်းကို တင်ပြထားပေသည်။ ၎င်း 'ဗိုင်အသ်'ကတိသစ္စာခံယူမှု၌ အီမာန်နှင့် ခံယူချက်ပိုင်းဆိုင်ရာ အချက်အလက်များကို လေးစားလိုက်နာရန်နှင့်အတူ သာသနာ့ပညတ်ချက်များကို လေးစားလိုက်နာရမည်ဟူသော ပဋိညာဉ်ခံဝန်မှုလည်း ပါရှိပေသည်။

တင်ပြပြီးသော အာယသ်တော်များ ယင်းအာယသ်တော်များနှင့် ဆက်စပ်၍ ဤ 'ဗိုင်အသ်' ကတိသစ္စာခံယူခြင်း၏ အာယသ်တော်သည် လာရှိထားပေသည်။ ထိုအာယသ်တော်များသည် 'ဟီဂျ်ရသ်'ပြုပြောင်းရွှေ့လာသော အမျိုးသမီးများ၏ အီမာန်အား စမ်းစစ်နည်းကို တင်ပြလျက် လာရှိထား၏။ ဤ 'ဗိုင်အသ်'ကတိသစ္စာခံယူမှုသည် ၎င်းတို့၏ အီမာန်စမ်းစစ်မှုကို ပြီးပြည့်စုံစေပေသည်။ သို့ရာတွင် အာယသ်တော်၏ စကားလုံးများသည် ခြုံငုံကာ ကျယ်ဝန်းလှသော အဓိပ္ပာယ်ကို ဆောင်နေပေသည်။ 'ဟီဂျ်ရသ်'ပြုပြောင်းရွှေ့လာသော နောင်မွတ်စ္စလင်မ် အမျိုးသမီးတို့အဖို့သာလျှင် သီးသန့်မဟုတ်ပေ။ သို့သာမက အားလုံးသော မွတ်စ္စလင်မ်အမျိုးသမီးများနှင့် သက်ဆိုင်နေပေသည်။ ဖြစ်ရပ်သည်လည်း ဤသို့ပင် ကြုံကြိုက်ဖြစ်ပေါ်ခဲ့ပေသည်။ တင်ပြပါ 'ဗိုင်အသ်'ကတိသစ္စာခံယူမှု၌ တမန်တော်မြတ် ﷺ ထံတော်တွင် 'ဗိုင်အသ်' ကတိသစ္စာ ခံယူကြကုန်သော အမျိုးသမီးတို့မှာ ဟီဂျ်ရသ်ပြု ပြောင်းရွှေ့လာကြကုန်သော နောင်မွတ်စ္စလင်မ် အမျိုးသမီးများသာမဟုတ်၊ ယခင်ကလည်း အီမာန်ယူထားကြသည့် လူဟောင်းအမျိုးသမီးများသည်လည်း ပါဝင်ခဲ့ကြပေသည်။ ပမာတင်ပြရမည်ဆိုသော် ဆွဟီးဟ်ဘိုခါရီကျမ်း၌ အွမ်မေ့အသွိယား (ရဟ) သခင်မကြီး ထံမှသော်လည်းကောင်း၊ ဇဂဝီ (ရဟ) သခင်ကြီး ဆင့်ပြန်တင်ပြသော ဆင့်ပြန်ချက်အရ အိုမိုင်မဟ်ဗင်န်သေ့ ရိုကိုက်ယား ﷺ သခင်မကြီးထံမှသော်လည်းကောင်း ဆင့်ပြန်ချက် လာရှိထားပေသည်။ ဟဇရသ်အိုမိုင်မဟ် ﷺ သခင်မကြီးထံမှ ဆင့်ပြန်ချက်သည် ဤသို့ လာရှိထားပေသည်။ ကျွန်တော်မျိုးမသည် အခြားသော အမျိုးသမီးများနှင့်အတူ တမန်တော်မြတ် ﷺ ထံတော်မှ 'ဗိုင်အသ်' ကတိသစ္စာကို ခံယူခဲ့ပေသည်။ သို့ဆိုလျှင် တမန်တော်မြတ် ﷺ သည် ထို 'ဗိုင်အသ်' ကတိသစ္စာခံယူမှု၌ အကြင်သာသနာ့ ပညတ်ချက်များအား ဦးလည်မသုန် နာခံကျင့်ကြံရန် ကတိသစ္စာရယူလျက် တစ်ဆက်တည်းမှာပင်

فِيْمَا اسْتَطَعْتُنَّ وَاَطَقْتُنَّ

(ဆိုလိုသည်မှာ ကျွန်တော်မျိုးမတို့သည် စွမ်းအား၊ အင်အားရှိသည့် အတိုင်းအတာခန့်ထိတိုင် ထိုအချက်များအား တစ်သွေမတိမ်း လိုက်နာဆောက်တည်ပါမည်) ဟူသော စကားလုံးတော်များကိုပါ တစ်ပါတည်း

ရွတ်ဆိုစေတော်မူခဲ့ပေသည်။ အိုမိုင်မပ်ဟ် ﷺ သခင်မကြီးသည် ထိုအချက်ကို ဆင့်ပြန်လျက် ဤသို့ အမိန့်ရှိခဲ့ပေသည်။

အထက်ပါအချက်မှ သိရှိရသည်မှာ 'တမန်တော်မြတ် ﷺ ၏ သနားကြင်နာမှုနှင့် ကရုဏာတော်သည် ကျွန်တော်မျိုးမတို့အပေါ် ကျွန်မတို့ မိမိကိုယ်ကို မိမိ သနားကြင်နာ ကရုဏာထားသည်ထက်ပင်သာပို၍ နေပေသည်။ အကြောင်းမှာ ကျွန်တော်မျိုးမတို့သည်မူ စည်းကမ်းချက် တစ်စုံတစ်ရာမျှ မပါဘဲ ခံဝန်ကတိသစ္စာကို ရယူလိုကြပေသည်။ တမန်တော်မြတ် ﷺ သည် တစ်စုံတစ်ရာ ခက်ခဲကျဉ်းကြပ်မှုနှင့် ကြုံကြိုက်လာရသော အချိန်၌ ဆန့်ကျင်ဘက်အသွင်မျိုး ဖြစ်သွားမည်ဆိုလျှင် ကတိသစ္စာကို ချိုးဖောက်ရာ မသက်ရောက်သွားစေရန်အလို့ငှာ' အထက်တင်ပြပါ စည်းကမ်းချက်ကိုပါ ရွတ်ဆိုစေတော်မူခဲ့သည် ဟူ၏။

ဆွဟီးဟ်ဘိုခါရီကျမ်း၌ ဟဇရသ်အာအေရှာဟ် ﷺ သခင်မကြီးသည် ထိုအမျိုးသမီးများ၏ 'ဗိုင်အသ်' ကတိသစ္စာခံယူခြင်းနှင့် စပ်လျဉ်း၍ ဤသို့ အမိန့်ရှိထားပေသည်။ အမျိုးသမီးများအဖို့ ဤ 'ဗိုင်အသ်'ကတိသစ္စာခံယူမှုသည် နှုတ်လျှာမှ ခြွက်ဟဝန်ခံ ရွတ်ဆိုသော ပုံစံဖြင့်သာ ဖြစ်ခဲ့ပေသည်။ အမျိုးသားများအား 'ဗိုင်အသ်'ကတိသစ္စာခံယူမှု ပေးရာ၌ လက်ပေါ် လက်အပ်သည့် ဓလေ့ထုံးရှိပေသည်။ အမျိုးသမီးများအား 'ဗိုင်အသ်' ကတိသစ္စာခံယူမှု ပေးရာ၌ ဤသို့ မပြုခဲ့ပေ။ တမန်တော်မြတ် ﷺ ၏ မင်္ဂလာရှိတော်မူသော လက်တော်သည် မည်သည့်အခါကမျှ တစိမ်းအမျိုးသမီးတစ်ဦး၏ လက်ကို ထိတွေ့ကိုင်တွယ်ခဲ့ခြင်းမျိုး မရှိပေ။ *[မဇ္ဇဟရီး]*

ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များမှ ဤအချက်များကို အတည်ပြု သိရှိရသည်မှာ ဤသို့ အမျိုးသမီးများ၏ 'ဗိုင်အသ်' ကတိသစ္စာခံယူမှုသည် ဤ 'ဟုဒိုင်ဗိယာ'ဖြစ်ရပ်၏နောက် တစ်ကြိမ်တည်းပင် ဖြစ်ခဲ့သည့်အတွက် အကြိမ်ကြိမ်အခါခါ ဖြစ်ခဲ့ပေသည်။ မက္ကာဟ်မြို့တော်ကို အောင်နိုင်သော နေ့၌လည်း တမန်တော်မြတ် ﷺ သည် အမျိုးသားများအား 'ဗိုင်အသ်' ကတိသစ္စာ ပေးပြီးသောအခါ 'စွာဖါ'တောင်ပေါ်၌ အမျိုးသမီးများအား 'ဗိုင်အသ်'ကတိသစ္စာ ပေးခဲ့သည့်အထိ ရှိခဲ့ပေသည်။ တောင်ခြေ၌ ဟဇရသ်အုမရ်အိဗ်နေခတ္တွာဘ် ﷺ သခင်ကြီးသည် တမန်တော်မြတ် ﷺ ၏ ဘက်တော်မှ တမန်တော်မြတ် ﷺ ၏ စကားလုံးတော်များကို ထပ်ဖန်တလဲလဲ အသံပြုကာ 'ဗိုင်အသ်' ကတိသစ္စာခံယူမှု၌ ပါဝင်လာကြကုန်သော တောင်အောက်၌ စုရုံးလျက်ရှိနေသည့် အမျိုးသမီးများထိတိုင် ရောက်အောင် ပြောဆိုတော်မူလျက်ရှိနေပေသည်။

ထိုအချိန် 'ဗိုင်အသ်'ကတိသစ္စာခံယူသော အမျိုးသမီးများအတွင်းဝယ် အဗူစုဖ်ယာန်၏ ဇနီးဖြစ်သူ ဟင်းန်ဒ်သည်လည်း ပါဝင်ပေသည်။ ၄င်းသည် အစအစပိုင်း၌ ရှက်ရွံ့နေ၍ မိမိကိုယ်ကို ကွယ်၍ ထားပေသည်။ တစ်ဖန် 'ဗိုင်အသ်' ကတိသစ္စာခံယူမှု၌ အချို့သော ပညတ်ချက်များအား အကျယ်တဝင့် တင်ပြသောအခါ မမေးဘဲ မနေနိုင်ရအောင် ဖြစ်ရှိသွားပေသည်။ မေးခွန်းများစွာကို မေးမြန်းခဲ့ပေသည်။ ဤဖြစ်ရပ်၏ အကျယ်တဝင့် အကြောင်းအရာကို မဇ္ဇဟရီးကျမ်း၌ တင်ပြထားပေသည်။

"ဗိုင်အသ်"ကတိသစ္စာပေးရာ၌ အချက်အလက်များကို အမျိုးသားများအား အကျဉ်းချုံးတင်ပြ၍ အမျိုးသမီးများအား အကျယ်တဝင့်တင်ပြပြီး "ဗိုင်အသ်"ပြု ကတိသစ္စာဆိုစေရမည့်အကြောင်း

အမျိုးသားများ၏ ထံမှ 'ဗိုင်အသ်' ကတိသစ္စာရယူရာ၌ များသောအားဖြင့် အစ္စလာမ်သာသနာအပေါ် မြဲမြဲမြံမြံ ရပ်တည်နေထိုင်ရန်နှင့် 'ဂျီဟားဒ်'သာသနာ့စစ်ပွဲမှ ကျောခိုင်းထွက်ပြေးခြင်း မပြုရန်အချက်တို့အပေါ်၌သာ ရယူလေ့ ရှိပေသည်။ ကျင့်ကြံဆောင်ရွက်မှုနှင့် သက်ဆိုင်သော ပညတ်ချက်များအပေါ် အကျယ်တဝင့် ကတိသစ္စာ ရယူခြင်းမရှိပေ။ အမျိုးသမီးများထံမှ ရယူသော 'ဗိုင်အသ်' ကတိသစ္စာခံယူမှုသည် ယင်းအချက်နှင့် ဆန့်ကျင်ဘက်ဖြစ်နေပေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့နှင့် စပ်လျဉ်း၍မူ အကျယ်တဝင့် အချက်အလက်များအပေါ် ကတိသစ္စာ ရယူခဲ့ကြောင်း ရှေ့၌ လာရှိနေပေသည်။ ကွဲပြားခြားနားရခြင်းအကြောင်းမှာ 'အမျိုးသားများ၏ထံမှ အီမာန်အပေါ် မြဲမြဲမြံမြံ ရပ်တည်နေထိုင်ရန်နှင့် အမိန့်နာခံမှုအပေါ် ခံဝန်ကတိသစ္စာ ရယူမှု၌ ပညတ်ချက်များအားလုံး ပါဝင်နေခြင်းကြောင့် အကျယ်တဝင့် အချက်အလက်များကို တင်ပြရန် မလိုအပ်တော့၍ ဖြစ်ပေသည်။ အမျိုးသမီးတို့သည် များသောအားဖြင့် ဦးနှောက်ပိုင်းဆိုင်ရာ အသိဉာဏ်နှင့် တွေးခေါ်သဘောပေါက်မှုတို့၌ အမျိုးသားတို့ထက် လျော့နည်းလျက် ရှိနေခြင်းကြောင့် ၎င်းတို့အား ခံဝန်ကတိသစ္စာရယူရာတွင် အကျယ်တဝင့် အချက်အလက်များကို တင်ပြရန်မှာ သင့်တော်လျော်ကန်၍ ဖြစ်ပေသည်။ ဤသည် အမျိုးသမီးများထံမှ ရယူထားသော 'ဗိုင်အသ်' ပင် ဖြစ်ပေသည်။ သို့ရာတွင် ဤသည့် 'ဗိုင်အသ်'မျိုးသည် အမျိုးသမီးတို့အဖို့သာ အထူးသီးသန့် မဟုတ်ဘဲ အမျိုးသားတို့ထံမှလည်း ထိုအချက်များ 'ဗိုင်အသ်' ကတိသစ္စာ ရယူခြင်း၊ ဟဒီးစ် ဆင့်ပြန်ချက်များဖြင့် အတည်ပြုသိရှိရပေသည်။ (ဟဇရတ်အိုဗာဒါး ဗင်န်စွာမိတ် ﷺ သခင်ကြီးထံမှ ဤအကြောင်းနှင့် စပ်လျဉ်းသော ဆင့်ပြန်ချက် လာရှိထားပေသည်။) *[ကုရ်သုဗီး]*

ထို့အပြင် အကြင်ပညတ်ချက်များအား လိုက်နာဆောက်တည်ရန် ပဋိညာဉ်ခံဝန်ချက်ကို အမျိုးသမီးများထံမှ ရယူထားပေသည်။ များသောအားဖြင့် ယင်းအချက်များနှင့် စပ်လျဉ်း၍ အမျိုးသမီးများသည် အလွဲလွဲအချော်ချော် မှားမှားယွင်းယွင်း ပြုတတ်ကြပေသည်။

ထို့ကြောင့်လည်း အထူးသဘောမျိုးဖြင့် ၎င်းတို့ထံမှ 'ဗိုင်အသ်' ကတိသစ္စာခံယူမှု၌ အောက်ဖော်ပြပါ အချက်များအား အကျယ်တဝင့် တင်ပြထားခြင်း ဖြစ်ပေသည်။

يُبَايِعْنَكَ عَلٰٓى اَنْ لَّا يُشْرِكْنَ بِاللّٰهِ شَيْـًٔا (الاٰية)

(မိမိတို့မှာ မည်သည့်တစ်စုံတစ်ရာကိုမျှပင် အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်နိူင်းယှဉ် ဆည်းကပ်ကိုးကွယ်ကြမည်ဟူ၍လည်းကောင်း။) *[၆၀ : ၁၂]*

ပထမအချက် မှာမူ အီမာန်ယုံကြည်ခြင်းတရားကို လက်ကိုင်ထားရန်နှင့် 'ရှိရစ်က်' (တုဖက် နိူင်းယှဉ်ခြင်း) မှ ရှောင်ရှားရန် ဖြစ်ပေသည်။ ၎င်းသည် အမျိုးသားများ၏ 'ဗိုင်အသ်' ကတိသစ္စာခံယူရာ၌လည်း ပါဝင်သော အချက်ပင် ဖြစ်ပေသည်။

ဒုတိယအချက် မှာ ခိုးယူမှုမပြုရန် ကတိသစ္စာပြုခြင်း ဖြစ်ပေသည်။ များသောအားဖြင့် အမျိုးသမီးများသည် မိမိခင်ပွန်းသည်များ၏ ဥစ္စာပစ္စည်းများမှ ခိုးယူသည့် ဓလေ့ရှိခြင်းကြောင့် တင်ပြထားခြင်း ဖြစ်ပေသည်။

တတိယအချက် မှာမူ 'ဇေနာ'ပြုလုပ်ခြင်းမှ ရှောင်ရှားရန် ဖြစ်ပေသည်။ ၄င်းအချက်များအပေါ် အမျိုးသမီးများ ခိုင်မာစွာဖြင့် ရပ်တည်နေမည်ဆိုလျှင် အမျိုးသားတို့အဖို့လည်း ၄င်းပြစ်မှုမှ လွတ်မြောက်မှု ရရှိရန်မှာ လွယ်ကူသွားပေမည်။

စတုတ္ထအချက် မှာ မိမိတို့၏ သားသမီးများကို မသတ်ဖြတ်ရန် ဖြစ်ပေသည်။ အမိုက်ခေတ်၌ သမီးမိန်းကလေးများကို အရှင်လတ်လတ် မြေမြှုပ်ကာ သတ်ပစ်ကြသည့် ဓလေ့ထုံး ရှိပေသည်။ ထိုအချက်အား တားမြစ်ထားတော်မူပေသည်။

ပဥ္စမအချက် မှာ မုသားနှင့် လီဆယ်ဖန်တီးမှုကို မပြုကြရန် ဖြစ်ပေသည်။ ထိုလီဆယ်ကြံဖန်မှုကို မပြုရန် တားမြစ်ခြင်းနှင့်အတူ

بَيْنَ اَيْدِ يْهِنَّ وَ اَرْجُلِهِنَّ (မိမိတို့လက်များနှင့် ခြေများ၏ ကြား၌။) [၆၀ : ၁၂]

ဟူသော စကားလုံးများသည်လည်း ပါရှိထားပေသည်။ ထိုစကားလုံးတော်များအား တင်ပြရခြင်း အကြောင်းမှာ "ကေယာမသ်နေ့၌ လူသားတို့၏ လက်များနှင့် ခြေထောက်များသည်သာလျှင် ၄င်းကျင့်ကြံပြုမူဆောင်ရွက်ခဲ့ကြသော အချက်များအပေါ်ဝယ် သက်သေပေးကြပေလိမ့်မည်"ဟူသော အချက်ဘက်သို့ ရည်ညွှန်းရန် ဖြစ်ပေသည်။ အလိုသဘောမှာ "ဤသို့သော ဒုစရိုက်အမှုကို ကျူးလွန်နေချိန်၌ 'ကျွန်ုပ်သည် (၄) ဦးသော သက်သေများကြား၌ ဤအမှုကို ပြုနေပေသည်။ ၄င်းသက်သေ (၄) ဦးသည် ကျွန်ုပ်နှင့် ဆန့်ကျင်စွာ သက်သေပေးပေလိမ့်မည်' ဟူသော အချက်ကို စဉ်းစားချင့်ချိန်နိုင်ရန် ဖြစ်ပေသည်။

ဤနေရာ၌ လာရှိထားသော بُهْتَانٌ (လီဆယ်ကြံဖန်ခြင်း) သည် 'မိမိ၏ ခင်ပွန်းသည်အပေါ်၌ ဖြစ်စေ၊ (သို့မဟုတ်) အခြားတစ်ဦးတစ်ယောက်အပေါ်၌ဖြစ်စေ ကျယ်ပြန့်လှသော အလိုသဘောကို ဆောင်ပေသည်။ အဘယ်ကြောင့်ဆိုသော် မုသားမတရား ကြံဖန်လီဆယ်မှု ပြုခြင်းသည် မည်သည့်လူသားအပေါ်၌မဆို နောက်ဆုံးအဆင့်အနေဖြင့် ကာဖိရ်များအပေါ်၌လည်း 'ဟရာမ်'ဖြစ်ပေသည်။ အထူးသဖြင့် မိမိ၏ ခင်ပွန်းသည်အပေါ် လီဆယ်ဖန်တီးခြင်းသည် သာပို၍ ပြင်းထန်သော ပြစ်မှုဒုစရိုက်ဖြစ်ပေသည်။

ခင်ပွန်းသည်အပေါ် လီဆယ်ဖန်တီးခြင်း၏ ပုံစံတစ်ရပ်မှာ 'အမျိုးသမီးသည် အခြားတစ်ဦးတစ်ယောက်၏ ကလေးကို ရယူကာ ထိုကလေးကို မိမိခင်ပွန်းသည်၏ ကလေးဟူ၍ ဖော်ထုတ်ကာ ၄င်း၏ ဆွေစဉ်သားရင်းများအတွင်းသို့ ထည့်ပေးလိုက်ခြင်း' ပင် ဖြစ်သည်။

အခြားပုံစံတစ်ရပ် မှာ '(အလ္လာဟ်အသျှင်မြတ်ထံ မပြုမိစေရန် ခိုလှုံခွင့် တောင်းခံပါ၏။) 'ဇေနာ' အမှုကို ကျူးလွန်ပြီး ကိုယ်ဝန်ရှိခဲ့၏။ ထိုကိုယ်ဝန်မှ မွေးဖွားလာသော ကလေးကို ခင်ပွန်းသည်၏ သွေးရင်းသားရင်း သားသမီးစာရင်းဝင်စေခြင်းပင် ဖြစ်ပေသည်။

ဆဋ္ဌမအချက် မှာ ခြုံငုံကျယ်ဝန်းလှစွာသော စည်းကမ်းချက်တစ်ရပ် ဖြစ်ပေသည်။

وَلَا يَعۡصِينَكَ فِي مَعۡرُوفٖ

(ကောင်းမြတ်သော အမှုကိစ္စ တစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ အသင်၏ အမိန့်ကိုလည်း ဖီဆန်ကြမည် မဟုတ်ပါဟူ၍လည်းကောင်း။) *[၆၀ : ၁၂]*

ဆိုလိုသည်မှာ ၎င်းတို့သည် မည်သည့်ကောင်းမြတ်သော အမှုကိစ္စရပ်တစ်ရပ်၌မဆို အသင်၏ အမိန့်အား ဖီလာဆန့်ကျင်မှုကို ပြုကြမည်မဟုတ်ဟူ၍ ကတိသစ္စာ ပြုရမည်ဟူ၍ ဖြစ်၏။ ဤနေရာ၌ **مَعۡرُوف** (ကောင်းမြတ်သော အမှုကိစ္စ) ဟူ၍ စည်းကမ်းဘောင် သတ်မှတ်ထားခြင်းမှာ "တမန်တော်မြတ် ﷺ အနေနှင့် ပေးတော်မူသော မည်သည့်အမိန့်ပညတ်ချက် တစ်ရပ်မဆို မှန်ရည်၊ ကောင်းမြတ်သော အချက်တို့မှအပ အခြားမည်သည့်အချက် တစ်စုံတစ်ရာမျှ မဖြစ်နိုင်ကြောင်းကို မုချ အတတ်သိ ယုံကြည်ထားရန် ဖြစ်ပေသည်"ဟူ၍လည်း ဖြစ်နိုင်သလို၊ အများမွတ်စ္စလင်မ် ပြည်သူတစ်ရပ်လုံးကို 'အလ္လာဟ်အရှင်မြတ်၏ အမိန့်နှင့် ဆန့်ကျင်စွာ အခြားမည်သည့် အဖန်ဆင်းခံတစ်ဦးဦး၏ အမိန့်ကို နာခံခြင်းသည် မပိုင်ကြောင်း၊ နောက်ဆုံးအနေဖြင့် တမန်တော်မြတ် ﷺ ၏ ဘက်မှ ပေးလာသော အမိန့်အပေါ် နာခံမှုပြုရာတွင်လည်း ထိုစည်းကမ်းချက်နှင့်အတူ ဘောင်ခတ်ထားသည်' ဟူ၍ သိရှိနားလည်ထားရန်ဟူသော ရည်ရွယ်ချက်ဖြင့်လည်း ဖြစ်နိုင်ပေသည်။

ဤနေရာသည် အမျိုးသမီးများ၏ အမှုကိစ္စနှင့် စပ်လျဉ်းနေပေသည်။ ကောင်းမြတ်သော အမှုကိစ္စ အမိန့်နာခံရမည်။ ထိုပညတ်ချက်တော် အမှုကိစ္စတို့၏ မည်သည့်အမိန့် တစ်စုံတစ်ရာကိုမျှ ဖီလာဆန့်ကျင်မှုမပြုရဟု ဆိုထားရာ တစ်ဦးတစ်ယောက်၏ နှလုံးသားအတွင်း၌ 'အမှုကိစ္စတိုင်း' ဟူသော အချက်ဖြင့် ရိုက်သွင်းသည် လမ်းလွဲမှားသွားစေရန် သို့လောသို့လော အချက်များ ဖန်တီးပေးနိုင်ပေရာ ထိုလမ်းကြောင်းအပေါ်က ပိတ်ဆို့သွားစေရန်အတွက် ဤစည်းကမ်းချက်ဘောင်ကို သတ်မှတ်ပေးလိုက်ခြင်းမျိုးလည်း ဖြစ်နိုင်ပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရာဟ် ဆွဖ်

ဏန်းစိ (အစီအဏန်းများ) ကဏ္ဍ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِیۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

سَبَّحَ لِلّٰهِ مَا فِی السَّمٰوٰتِ وَمَا فِی الۡاَرۡضِ ۚ وَهُوَ الۡعَزِیۡزُ الۡحَکِیۡمُ ①

၆၁ : ၁ ။ ။ မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိသမျှတို့သည် အလ္လာဟ်အသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုလျက် ရှိကြကုန်၏။ အမှန်စင်စစ် ထိုအသျှင်မြတ်သည် အလွန်တရာ ခံ့ညားတော်မူသော အသျှင်၊ နူးညံ့သိမ်မွေ့တော်မူသော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

یٰۤاَیُّهَا الَّذِیۡنَ اٰمَنُوۡا لِمَ تَقُوۡلُوۡنَ مَا لَا تَفۡعَلُوۡنَ ②

၆၁ : ၂ ။ ။ အို၊ မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မည်သည့်အတွက်ကြောင့် မိမိတို့ မပြုလုပ်ကြသော ကိစ္စကို (ပြုလုပ်လေဟန်) ပြောဆိုကြသနည်း။

کَبُرَ مَقۡتًا عِنۡدَ اللّٰهِ اَنۡ تَقُوۡلُوۡا مَا لَا تَفۡعَلُوۡنَ ③

၆၁ : ၃ ။ ။ အလ္လာဟ်အသျှင်မြတ်ထံတော်တွင် အသင်တို့ မပြုလုပ်ကြသော အမှုကိစ္စကို (ပြုလုပ်လေဟန်) ပြောဆိုခြင်းသည် လွန်စွာ မုန်းတီးစက်ဆုပ်ဖွယ် ကောင်းလှ၏။

اِنَّ اللّٰهَ یُحِبُّ الَّذِیۡنَ
یُقَاتِلُوۡنَ فِیۡ سَبِیۡلِهٖ صَفًّا کَاَنَّهُمۡ بُنۡیَانٌ مَّرۡصُوۡصٌ ④

၆၁ : ၄ ။ ။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ထိုအသျှင်မြတ်၏ လမ်းတော်၌ စီတန်းလျက် လွန်စွာ သိပ်သည်းခိုင်ခံ့လှစွာသော အဆောက်အအုံကဲ့သို့ပင် (မဆုတ်မနစ် စိတ်ဓါတ်တည်ကြည် ကြံ့ခိုင်စွာ) တိုက်ခိုက်ကြကုန်သော သူတို့အား နှစ်မြို့တော်မူပေသည်။

وَإِذْ قَالَ مُوسَىٰ لِقَوْمِهِ يَا قَوْمِ لِمَ تُؤْذُونَنِي وَقَد تَّعْلَمُونَ أَنِّي
رَسُولُ اللَّهِ إِلَيْكُمْ ۖ فَلَمَّا زَاغُوا أَزَاغَ اللَّهُ قُلُوبَهُمْ ۚ وَاللَّهُ لَا يَهْدِي الْقَوْمَ الْفَاسِقِينَ ۝٥

၆၁ : ၅ ။ ။ ၎င်းပြင် (ပြန်လည် သတိရရှိကြလေကုန်။) တစ်ရံရောအခါဝယ် (နဗီတမန်တော်) မူစာသည် မိမိ၏ အမျိုးသားတို့အား 'အို၊ ငါ၏ အမျိုးသားတို့၊ ငါသည် အသင်တို့ထံ (စေလွှတ်တော်မူခြင်းခံရသော) အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော် မုချအမှန်ဖြစ်ကြောင်း၊ ကေန်မလွဲ အသင်တို့ သိရှိပြီးဖြစ်ကြပါလျက်၊ မည်သည့်အတွက်ကြောင့် အသင်တို့သည် ငါ့အား ဒုက္ခပေးကြသနည်း'ဟု ပြောကြားခဲ့ကြလေ၏။ သို့ပါလျက် ၎င်းတို့သည် လွဲချော်မှောက်မှားခဲ့ကြသောအခါ၊ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ စိတ်နှလုံးကို လွဲချော်မှောက်မှားစေတော်မူခဲ့၏။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အမိန့်တော်ကို သွေဖည်သော လူမျိုးအား လမ်းမှန်သို့ ရောက်စေတော်မူသည် မဟုတ်ပေ။

وَإِذْ قَالَ عِيسَى ابْنُ مَرْيَمَ يَا بَنِي إِسْرَائِيلَ إِنِّي
رَسُولُ اللَّهِ إِلَيْكُم مُّصَدِّقًا لِّمَا بَيْنَ يَدَيَّ مِنَ التَّوْرَاةِ وَمُبَشِّرًا
بِرَسُولٍ يَأْتِي مِن بَعْدِي اسْمُهُ أَحْمَدُ ۖ فَلَمَّا جَاءَهُم بِالْبَيِّنَاتِ قَالُوا هَٰذَا سِحْرٌ مُّبِينٌ ۝٦

၆၁ : ၆ ။ ။ ထို့ပြင် ပြန်လည် သတိရရှိကြလေကုန်။ အခါတစ်ပါး၌ မရ်ယမ်၏ သားတော် (နဗီတမန်တော်) အီစာသည် (ဤသို့) ပြောကြားခဲ့လေ၏။ 'အို အီစ်ရာအီလီ မျိုးနွယ်အပေါင်းတို့၊ ကေန်မလွဲ ငါသည် မိမိအလျှင်ရှိနေသော 'သောင်ရားသ်' (ကျမ်းဂန်) ကို ဟုတ်မှန်ကြောင်း ထောက်ခံအတည်ပြုသူအဖြစ်လည်းကောင်း ငါ၏နောက်တွင် 'အဟ်မဒ်' ဟူသော အမည်နာမနှင့် ပွင့်မည်ဖြစ်သော ရစူလ်တမန်တော်တစ်ပါးနှင့် ပတ်သက်၍ သတင်းကောင်းပြောကြားသူအဖြစ်လည်းကောင်း အသင်တို့ထံ (စေလွှတ်တော်မူခြင်း ခံရသော) အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်၏။ သို့တစေလည်း ၎င်း (နဗီတမန်တော်) သည် သက်သေလက္ခဏာများနှင့်တကွ ၎င်းတို့ထံ ရောက်ရှိ၍ လာခဲ့သောအခါ၊ ၎င်းတို့က ဤသည် ထင်ရှားစွာသော ပဉ္စလက် (စုန်း) အတတ်ပင် ဖြစ်သည်ဟု ပြောဆိုခဲ့ကြလေသည်။

وَمَنْ أَظْلَمُ مِمَّنِ افْتَرَىٰ عَلَى اللَّهِ الْكَذِبَ وَهُوَ يُدْعَىٰ إِلَى الْإِسْلَامِ ۚ وَاللَّهُ لَا يَهْدِي الْقَوْمَ الظَّالِمِينَ ۝٧

၆၁ : ၇ ။ ။ အမှန်စင်စစ် မိမိကိုယ်တိုင် အစ္စလာမ်သာသနာတော်သို့ ဖိတ်ခေါ်ခြင်း ခံရသည်ဖြစ်ပါလျက်၊ အလ္လာဟ်အသျှင်မြတ်အပေါ်ဝယ် လီဆယ်စွပ်စွဲ၍ မုသားပြောဆိုသူထက် ပို၍ မတရားသောသူသည် မည်သူ ရှိမည်နည်း။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မတရားသော လူမျိုးတို့အား တရားလမ်းမှန်သို့ ရောက်စေတော်မူသည် မဟုတ်ပြီ။

يُرِيدُونَ لِيُطْفِئُوا نُورَ اللَّهِ بِأَفْوَاهِهِمْ وَاللَّهُ مُتِمُّ نُورِهِ وَلَوْ كَرِهَ الْكَافِرُونَ ۝٨

၆၁ : ၈ ။ ။ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ ရောင်ခြည် (အစ္စလာမ်) ကို မိမိတို့၏ ပါးစပ်ဖြင့် ငြိမ်းသတ်လိုကြကုန်၏။ သို့ရာတွင် ကာဖိရ်သွေဖည်ငြင်းပယ်သောသူများ မနှစ်မြို့ကြသော်ငြားလည်း အလ္လာဟ်အသျှင်မြတ်မှာမူ မိမိ၏ (တရားတော်) ရောင်ခြည်ကို ပြည့်ဝစုံလင်အောင် ပြုတော်မူမည့် အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

هُوَ الَّذِيٓ اَرۡسَلَ رَسُوۡلَهٗ بِالۡهُدٰى وَدِيۡنِ الۡحَـقِّ لِيُظۡهِرَهٗ عَلَى الدِّيۡنِ كُلِّهٖ وَلَوۡ كَرِهَ الۡمُشۡرِكُوۡنَ ۝

၆၁ : ၉ ။ ။ ထိုအသျှင်မြတ်သည် အကြင်အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ မုရှ်ရစ်က်တို့သည် မနှစ်မြို့ကြသော်ငြား လည်း ထိုအသျှင်မြတ်သည် မိမိ၏ ရစူလ်တမန်တော်အား တရားလမ်းညွှန်နှင့်တကွလည်းကောင်း၊ မှန်ကန်သော ဒီးန်သာသနာ တော်နှင့်တကွလည်းကောင်း (ယင်းမှန်ကန်သော သာသနာတော်ကို) ဘာသာသာသနာ အလုံးစုံတို့ထက်ဝယ် လွှမ်းမိုးစေတော် မူရန် အလို့ငှာ စေလွှတ်တော်မူခဲ့ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိရှိသမျှတို့သည် (နှုတ်လျှာ၏ ပြောဆိုမှုအရလည်းကောင်း၊ (သို့မဟုတ်) အခြေအနေ၏ ပုံပန်းသဏ္ဌာန်အရသော်လည်းကောင်း) အလ္လာဟ်အသျှင်မြတ် သန့်ရှင်းစင်ကြယ် တော်မူကြောင်းကို ဖြွက်ဆိုလျက်ရှိကြကုန်၏။ အမှန်စင်စစ် ထိုအသျှင်မြတ်သည် အလွန်တရာ ခန့်ညား တော်မူသော အသျှင်၊ နူးညံ့သိမ်မွေ့တော်မူသော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

(သို့ရှိရာ အကြင်အသျှင်မြတ်သည် ဤသို့ ကြီးကျယ်ကာ ဂုဏ်ရှိန်ဂုဏ်ဝါနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေရာ အမိန့်ပညတ်ချက်တိုင်း၌ ထိုအသျှင်မြတ်၏ မိန့်ကြားမှုကို နာခံရန် အရေးကြီး ပေသည်။ အကြင်အမိန့်ပညတ်ချက်များထဲမှ အမိန့်တစ်ရပ်မှာ 'ဂျီဟားဒ်' သာသနာရေး စစ်ဆင်နွှဲခြင်း ဖြစ်ပေသည်။ အကြင်သို့ ဆင်နွှဲခြင်းအကြောင်း၊ ဤစူရာဟ်၌ တင်ပြထားပေသည်။ စူရာဟ်ကျရောက် လာခြင်း၏ အကြောင်းခံမှာ ဤသို့ ဖြစ်သည်။ တစ်ကြိမ်တစ်ခါ၌ အချို့သော မွတ်စ္စလင်မ်တို့သည် မိမိတို့ အချင်းချင်း ကြား၌ 'အကယ်၍ ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ အလွန် နှစ်မြို့ဖွယ် ကောင်းသော ကျင့်ကြံပြုမူ ဆောင်ရွက်ချက်ကို သိရှိလျှင်မူ ကျင့်ကြံဆောက်တည်ကြမည်' ဟူ၍ ပြောဆို တိုင်ပင်လျက် ရှိကြပေသည်။ ဤသည်အထက်အလျင် 'အုဟူဒ်' စစ်ပွဲ၌ အချို့သည် ထွက်ပြေးခဲ့ကြပြီး ဖြစ်ရာ အကြင်သူတို့အကြောင်း စူရာဟ်အားလေ့အင်မ်ရားန်၌ တင်ပြထားပေသည်။ ထို့ပြင် 'ဂျီဟားဒ်' စစ်ဆင်နွှဲရေး၏ အမိန့်တော် ကျရောက်လာသောအခါ၌ အချို့သောသူတို့သည် ထိုအမိန့်ကို ခဲယဉ်းလေးလံ သည်ဟု မှတ်ယူထားကြပေသည်။ အကြင်အချက်၏ အကြောင်း စူရာဟ်နေစာအ်၌ ပါရှိထားပေသည်။ ယင်းအချက်အပေါ် ဤမိန့်မြွက်ချက် ကျရောက်လာပေသည်။)

အို၊ မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မည်သည့်အတွက်ကြောင့် မိမိတို့ မပြုလုပ်ကြသော ကိစ္စကို (ပြုလုပ်လေဟန်) ပြောဆိုကြသနည်း။

အလ္လာဟ်အသျှင်မြတ်ထံတော်တွင် အသင်တို့ မပြုလုပ်ကြသော အမှုကိစ္စကို (ပြုလုပ်လေဟန်) ပြောဆိုခြင်းသည် လွန်စွာ မုန်းတီးစက်ဆုပ်ဖွယ် ကောင်းလှ၏။

ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ထိုအသျှင်မြတ်၏ လမ်းတော်၌ စီတန်းလျက် လွန်စွာ သိပ်သည်းခိုင်ခံ့လှစွာသော အဆောက်အအုံကဲ့သို့ပင် (မဆုတ်မနစ် စိတ်ဓါတ်တည်ကြည် ကြံ့ခိုင်စွာ) တိုက်ခိုက်ကြကုန်သော သူတို့အား နှစ်မြို့တော်မူပေသည်။ (ဤအဆောက်အဦးသည် ခိုင်ခန့်ကာ မပြိုပျက်နိုင်သလို ထိုသူရဲကောင်းများသည်လည်း ရန်သူများနှင့် ယှဉ်ပြိုင်ရာနောက်သို့ မတွန့်ဆုတ်သွားပေ။ အလိုသဘောမှာ ဤသို့တည်း။ အသင်တို့သည် 'အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ အနှစ်သက်ဆုံးသော အရာအား အသင်တို့ သိရှိရလျှင်မူ ကျွန်ုပ်တို့ ပြုကြမည်'ဟူ၍ ပြောဆိုနေကြပေရာ ယင်းနှစ်သက်သော အရာသည် 'ဂျေဟား ဒ်' (သာသနာ ရေးစစ်ဆင်နွှဲခြင်း) ဖြစ်ပေသည်။ တစ်ဖန် ထိုအချက်၏ အမိန့်ကျရောက်လာချိန် ခက်ခဲလေးလံမှုကို အဘယ်ကြောင့် ခံစားနေရပေသနည်း။ 'အူဟူဒ်' စစ်ပွဲမှ အဘယ်ကြောင့် ထွက်ပြေးသွားကြပေသနည်း။ ထိုအမှုကိစ္စများအားလုံး ရှေ့၌ မျက်ဝါးထင်ထင် ရင်ဆိုင်နေလာရသည့် ကြားကပင် ဤသို့ ပြုမူခြင်းသည် အလွန် မသင့်လျော်၍ အလ္လာဟ်အသျှင်မြတ် အလွန် မနှစ်မြို့သော အချက်လည်း ဖြစ်ပေသည်။ အပြောနှင့် အဟောမကိုက်ညီခြင်းအချက်ကို သိရှိပြီးမှ ထိုကြွေးကြော်မှုအတွင်း ပါရှိနေသည့် ဂုဏ်မောက် ကြွားဝါမှုနှင့် မုသားကြေညာချက်အပေါ် ခြိမ်းခြောက်သတိပေးထားပေသည်။ 'ဆောင်ရွက်မှုမရှိဘဲ အပြောသက်သက်' အချက်သည် ထိုအလိုသဘောအတွင်း၌ မပါဝင်ပေ။)

(ရှေ့၌ ကာဖိရ်များ သတ်ဖြတ်ခံရခြင်းနှင့် တိုက်ခိုက်ခြင်းခံထိုက်ဖွယ် ဖြစ်ရခြင်း၏ အကြောင်းခံများဖြစ်သော ဒုက္ခပေးခြင်း၊ လိမ်လည်မုသားမှု ပြုခြင်းနှင့် တမန်တော်မြတ် ﷺ အား ဆန့်ကျင်မှုပြုခြင်းတို့၏ အကြောင်းကို အဓိကအချက်အဖြစ် တင်ပြထားပေသည်။ ယင်းအချက်နှင့် သင့်လျော်စွာ ဟဇရတ်မူစာ (عليه السلام) နှင့် ဟဇရတ်အီစာ (عليه السلام) ၏ အကြောင်းတို့ကို တင်ပြထားပေသည်။ သို့ရှိရာ မိန့်တော်မူထားသည်မှာ) ၄င်းပြင် (ပြန်လည် သတိရရှိလေကုန်။) တစ်ရံရောအခါဝယ် (နဗီတမန်တော်) မူစာသည် မိမိ၏ အမျိုးသားတို့အား 'အို၊ ငါ၏ အမျိုးသားတို့၊ ငါသည် အသင်တို့ထံ (စေလွှတ်တော်မူခြင်းခံရသော) အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော် မုချအမှန်ဖြစ်ကြောင်း၊ ဧကန်မလွဲ အသင်တို့ သိရှိပြီးဖြစ်ကြပါလျက်၊ မည်သည့်အတွက်ကြောင့် အသင်တို့သည် ငါ့အား ဒုက္ခပေးကြသနည်း' ဟု ပြောကြားခဲ့ကြလေ၏။ (ဒုက္ခပေးခြင်း၏ ပုံစံသည် အမျိုးမျိုး ဖြစ်ပေသည်။ အကြင်ဒုက္ခပေးခြင်း၏ ပုံစံများမှ အချို့အချို့သော ပုံစံများကို ကုရ်အာန်ကျမ်းတော်မြတ်အတွင်း အထူးသဖြင့် စူရာဟ်ဗကရာ၌ တင်ပြထားပေသည်။ ထိုဒုက္ခပေးနည်းပေါင်းစုံ၏ အဓိကအချက် ရလဒ်မှာ ဆိုးသွမ်းခြင်းနှင့် ဆန့်ကျင်ဘက်ပြုလုပ်ခြင်းပင် ဖြစ်ပေသည်။)

သို့ပါလျက် (ယင်းသို့ တင်ပြခြင်း ပြုလိုက်သည့်အပေါ်၌လည်း) ၄င်းတို့သည် လွဲချော်မှောက်မှားခဲ့ကြသောအခါ၊ (လမ်းမှန်အပေါ်သို့ မရောက်ရှိလာသည်ဆိုလျှင်) အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့၏ စိတ်နှလုံးကို (သာ၍) လွဲချော်မှောက်မှားစေတော်မူခဲ့၏။ (ဆိုလိုသည်မှာ ဆန့်ကျင်ဘက်ပြုခြင်းနှင့် ဖီဆန်ခြင်း၏ အခြေခံအချက်သည် သာ၍ များပြားလာခဲ့ပေသည်။ ပမာဆိုရသော် ပြစ်မှုဒုစရိုက်ကို အစဉ်မပြတ် ပြုလုပ်ခြင်းဖြင့် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်သို့ စိတ်ယိမ်းညွတ်မှုနှင့် အသျှင်မြတ်၏ အမိန့်ကို

နာခံခြင်း၏ ထက်သန်မှုသည် လျော့နည်းသွားပေသည်။) အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အမိန့်တော်ကို သွေဖည်သော လူမျိုးအား လမ်းမှန် (၏ စွမ်းအား) သို့ ရောက်စေတော်မူသည် မဟုတ်ပေ။ (ဤနည်းနှင်နှင် ဤသူတို့သည်လည်း တမန်တော်မြတ် ﷺ ကို အမျိုးမျိုးသော နည်းများဖြင့် ဒုက္ခပေးကြပေသည်။ ထို့ကြောင့် ၎င်းတို့၏ လွဲချော်မှောက်မှားမှုနှင့် ဆိုးသွမ်းမှုသည် ပြုပြင်မှုရယူနိုင်ရန် မျှော်လင့်ချက်ပင် ကုန်သွားရလောက်အောင် များပြားနေပေသည်။ သို့ရှိရာ ထိုပျက်စီးရာပျက်စီးကြောင်းကို ဖယ်ရှားရန်အတွက် တိုက်ခိုက်ရန် အမိန့်ပေးခြင်းသည် သင့်တော်လျောက်ပတ်လှပေသည်။)

ထို့ပြင် ပြန်လည် သတိရရှိကြလေကုန်။ အခါတစ်ပါး၌ မရ်ယမ်၏ သားတော် (နဗီတမန်တော်) အီစာသည် (ဤသို့) ပြောကြားခဲ့လေ၏။ “အို အီစ်ရာအီလီ မျိုးနွယ်အပေါင်းတို့၊ စင်စစ်မလွဲ ငါသည် မိမိအလျင်ရှိနေသော (ကျရောက်ပြီးဖြစ်သည့်) ‘သောင်ရားသ်’ (ကျမ်းဂန်) ကို ဟုတ်မှန်ကြောင်း ထောက်ခံအတည်ပြုသူအဖြစ်လည်းကောင်း ငါ၏နောက်တွင် ‘အဟ်မဒ်’ ဟူသော (မင်္ဂလာရှိသည့်) အမည်နာမနှင့် ပွင့်မည်ဖြစ်သော ရစူလ်တမန်တော်တစ်ပါးနှင့် ပတ်သက်၍ သတင်းကောင်း ပြောကြားသူအဖြစ်လည်းကောင်း အသင်တို့ထံ စေလွှတ်ခြင်းခံရပေသည်။ (ဟဇရသ်အီစာ عليه السلام ၏ထံမှ ထိုသတင်းကောင်းပေးခြင်း ဆင့်ပြန်ချက်ကို ကျမ်းရပုဂ္ဂိုလ်များကိုယ်တိုင်၏ တင်ပြမှုဖြင့် ဟဒီးစ်တော်များ၌ အတည်ပြုထားပေသည်။ သို့ရှိရာ ခါဇင်န်ကျမ်း၌ အဗူဒါဝူးဒ် (ရဟ) သခင်ကြီး၏ ဆင့်ပြန်ချက် ဤသို့ လာရှိထားပေသည်။ နဇ္ဇာရှီတို့၏ အာလင်မ်လည်းဖြစ်၊ အီသီယိုပီးယားဘုရင်လည်းဖြစ်သူ နဂျာရှီသည် ဟဇရသ်အီစာ عليه السلام သတင်းကောင်းပေးခဲ့သော နဗီသည် အမှန်တကယ်ပင် အသင်ဖြစ်သည်” ဟူ၍ ၎င်း၏ အဆိုသည် ရှိခဲ့ဖူးပေသည်။ ခါဇင်န်ကျမ်းအတွင်း၌မှာပင် သိရ်မေဇီသခင်ကြီးထံမှ ယဟူဒီအာလင်မ်တစ်ပါးဖြစ်သူ အဗ်ဒုလ္လာဟ်ဗင်နစလာမ်က ဤသို့ ဆိုထားပေသည်။ ‘သောင်ရားသ်’ကျမ်း၌ တမန်တော်မြတ် ﷺ ၏ ဂုဏ်အရည်အချင်းတော်များကို ရေးသားထားပေသည်။ ထို့ပြင် ဟဇရသ်အီစာ عليه السلام သည် တမန်တော်မြတ် ﷺ နှင့်အတူ ‘ဒဖန်’ ပြုလုပ်ခြင်း ခံရပေမည်။ တမန်တော်အီစာ عليه السلام သည် ‘သောင်ရားသ်’ကျမ်းအား ဖြန့်ဖြူးသောသူ ဖြစ်သည့်အတွက်ကြောင့် ‘သောင်ရားသ်’ ကျမ်း၌ ထိုသတင်းကောင်း ရှိနေခြင်းအား ဟဇရသ်အီစာ عليه السلام မှ ဆင့်ပြန်လာခြင်း ဖြစ်သည်’ ဟူ၍ပင် ပြောဆိုရရှိပေသည်။

မောင်လာနာရဟ်မသုလ်လ်ားသည် အဇ္ဇဟာရုလ်ဟပ်က်ဟူသော စာအုပ်၌ ၎င်းပညာရှင်ကြီးကိုယ်တိုင် ကုစ္စ်သူန်သွီနီယာရိက်၊ အတွဲ (၂)၊ စာမျက်နှာ (၁၆၄) မှ ‘သောင်ရားသ်’ ကျမ်း၏ လက်ရှိမူရင်း စာမူများထဲမှ များစွာသော သတင်းကောင်းအချက်များကို ဆင့်ပြန်ထားပေသည်။ ထိုစာစဉ်အကြောင်းအရာများ လက်ရှိ ‘အင်န်ဂျီးလ်’ကျမ်းများ၏ စာမူများကို စီစစ်သုတေသနမှု ပြုသော အာလင်မ်ပညာရှင်များ၏ သုတေသနပြုချက်နှင့်အညီ ထိုကျမ်းလာ စာမူများ စောင့်ရှောက်ခြင်း မခံရထားတော့သည်’ ဟူသော သုံးသပ်ချက်ကြောင့် ထိခိုက်ဆုံးရှုံးမှုမရှိပေ။ သို့ရာတွင် တည်ရှိနေသည့် စာမူများ၌လည်း ထိုကဲ့သို့ အမျိုးအစား ရှိသည့် စာမူအကြောင်းအရာများ ရှိပေသည်။ သို့ရာတွင် ခရစ်သက္ကရာဇ် ၁၈၁ ခုနှစ်နှင့် ၁၈၃၃ ခုနှစ်တို့၌ လန်ဒန်၌ ရိုက်နှိပ်ပြီး အာရဗီဘာသာဖြင့် ပြန်ဆိုထားသော ယူဟင်နာအင်န်ဂျီးလ်၏ အခန်း (၁၄) ၌ ‘အသင်တို့အဖို့ ကျွန်ုပ် သွားရောက်ခြင်းသည်သာလျှင် သာပို၍ ကောင်းပေသည်။ အဘယ်ကြောင့်

ဆိုသော် အကယ်၍ ကျွန်ုပ် မသွားပါမူ 'ဖားရ်ကလီသ်'အသင်တို့ထံ ရောက်ရှိလာမည် မဟုတ်ပေ။ သို့ရှိရာ အကယ်၍ ကျွန်ုပ်သွားမည်ဆိုလျှင် ၎င်း 'ဖားရ်ကလီးသ်'အား အသင်တို့ထံ ပို့ဆောင်ပေးတော်မူပေလိမ့်မည်။' ဖားရ်ကလီးသ်၏ ဘာသာပြန် အဓိပ္ပာယ်သည် 'အဟ်မဒ်' ﷺ ဖြစ်ပေသည်။ ကျမ်းရယုဂ္ဂိုလ်များသည် အမည်များကိုလည်း ဘာသာပြန်ဆိုလေ့ ရှိကြပေသည်။ ဟဇရသ်အီစာ عليه السلام သည် အီဗ်ရာနီဘာသာစကားဖြင့် အဟ်မဒ်ဟူ၍ မိန့်ခြွေထားပေသည်။

ယူနာနီဘာသာစကားဖြင့် အသွင်ပြောင်းလိုက်လျှင်မူ 'ဗိုက်ရ်ကလူသူးစ်'ဟူ၍ ရေးသားကြပေသည်။ အကြောင်စကားလုံး၏ အဓိပ္ပာယ်မှာ 'အဟ်မဒ်' (အလွန်ချီးမွမ်းခြင်းခံရသူ၊ အလွန် ချီးမွမ်းထောပနာပြုသူ) ဟူ၍ ဖြစ်သည်။ တစ်ဖန် ယူနာနီဘာသာစကားမှ အီဗ်ရာနီဘာသာစကား အသွင်သို့ ပြန်ပြောင်းလိုက်မည်ဆိုလျှင် ယခုအထိတိုင် 'အဟ်မဒ်'ဟူသော မင်္ဂလာရှိသည့် နာမတော်သည် ရှိနေပေသည်။ ခရစ်သက္ကရာဇ် ၁၈၂၉ ခုနှစ် လန်ဒန်မြို့ရိုက် အဗာလူရှီးဂေါင်အိုဖရီးဟင်ဂစ်၏ ဘာသာပြန်ဖြစ်သော ခရစ်သက္ကရာဇ် (၁၈၇၃) ခုနှစ် ဗရေလီမြို့ရိုက် ဟေမာယသုလ်အစ္စလာမ်၏ စာမျက်နှ (၈၄၈၁) ၌ အီစာအီ ဘုန်းတော်ကြီးပါးရ်ကဲဟ်ရားစ်၏ ရေးသားထားသော စာပိုဒ်၌လည်း 'အဟ်မဒ်'ဟူသော စကားလုံး ပါရှိထားပေသည်။ ထိုဖားရ်ကလီးသ်နှင့် စပ်လျဉ်း၍ ယူစင်န်နားအင်န်ဂျီးလ်ကျမ်း၌လည်း '၎င်းသည် အသင်တို့အား အရာအားလုံးကို သင်ကြားပေးပေလိမ့်မည်။ ဤစကြဝဠာလောကကြီး၏ ခေါင်းဆောင်သည် ကြွမြန်းလာပေသည်။ ၎င်းကြွရောက်တော်မူလာကာ ကမ္ဘာလောကကြီးကို ပြစ်မှုဒုစရိုက်နှင့် မှန်ကန်မှုတခြင်း၏ ဆန့်ကျင်ဘက်တရားအပေါ် ပြစ်ဒဏ်ခတ်ပေးလိမ့်မည်'ဟူသော စကားလုံးများ ပါရှိထားပေသည်။ ဤသည် သီးသန့်နဗီဖြစ်ခြင်းအပေါ် ညွှန်ပြထားသော စကားလုံးများ ဖြစ်ပေသည်။ ဤနေရာ ရှုထောင့်နှင့် စပ်လျဉ်းသော ပြည့်ဝသော ရှင်းလင်းချက်ကို ဟပ်က်ကာနီကျမ်း၌ ပါရှိပေသည်။ ထိုနေရာမှ ကဏ္ဍရပ်အနည်းငယ်ကို သာလျှင် ဆင့်ဆိုတင်ပြထားခြင်း ဖြစ်ပေသည်။ အချုပ်ဆိုရသော် ဟဇရသ်အီစာ عليه السلام သည် ဤသို့ အမိန့်ရှိထားပေသည်။ ဤစာစဉ်အကြောင်းအရာများအားလုံးကို မိန့်မြွက်ကာ မိမိနဗီဖြစ်ကြောင်းကို အတည်ပြုစေရန်အတွက်) အသင်တို့ထံ (စေလွှတ်တော်မူခြင်း ခံရသော) အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်၏။ သို့တစေလည်း ၎င်း (နဗီတမန်တော်) သည် သက်သေလက္ခဏာများနှင့်တကွ ၎င်းတို့ထံ ရောက်ရှိ၍လာခဲ့သောအခါ၊ (ထို 'မုအ်ဂျေဇာဟ်' သက်သေအထောက်အထားများနှင့် စပ်လျဉ်း၍) ၎င်းတို့က 'ဤသည် ထင်ရှားစွာသော ပဉ္စလက် (စုန်း) အတတ်ပင် ဖြစ်သည်'ဟု ပြောဆိုခဲ့ကြလေသည်။

(ပဉ္စလက်စုန်းအတတ်ပညာဟူ၍ ပြောဆိုကာ နဗီဖြစ်ကြောင်းကို ငြင်းဆိုကြပေသည်။ ပမာဆိုရသော် စူရာဟ်မာအေဒဟ်၌ အလ္လာဟ်အသျှင်မြတ်သည်

وَإِذْ كَفَفْتُ بَنِىٓ إِسْرَٰٓءِيلَ عَنكَ إِذْ جِئْتَهُم بِٱلْبَيِّنَٰتِ

(ထို့ပြင် အကြင်အခါဝယ် ငါအသျှင်မြတ်သည် အီစ်ရာအီးလ်မျိုးနွယ်ဝင်တို့၊ အသင့်အား ဖမ်းဆီးကွပ်မျက်ခြင်းမှ တားဆီးတော်မူခဲ့သည်။ အကြင်အခါဝယ် အသင်သည် ၎င်းတို့ထံသို့ ထင်ရှားလှစွာသော သက်သေသာဓက တန်ခိုးတော်များကို ယူဆောင်သွားခဲ့ပြီးနောက်။) [၅ : ၁၁၀]

ဟူ၍ မိန့်တော်မူထားပေသည်။ ဤနည်းနှင်နှင် တမန်တော်အီဆာ ﷺ ၏ နောက်တစ်ဖန် တမန်တော်မြတ် ﷺ ရှုလ်တမန်တော်ဖြစ်သော ခေတ်ကာလ၌ လက်ရှိကာဖိရ်များသည် တမန်တော်မြတ် ﷺ အား ငြင်းဆိုကာ ဆန့်ကျင်မှုကို ပြုခဲ့ကြပေသည်။ ဤသည် ကြီးကျယ်သော မတရားမှုပင် ဖြစ်သည်။ သို့ရှိရာ ထိုမတရားသမှု ပွားများလာခြင်းကို သုတ်သင်ရန်အတွက် တိုက်ခိုက်ရေး၏ အမိန့်ကို ပေးခြင်းသည် သင့်လျော်လှပေသည်။)

အမှန်စင်စစ် မိမိကိုယ်တိုင် အစ္စလာမ်သာသနာတော်သို့ ဖိတ်ခေါ်ခြင်း ခံရသည်ဖြစ်ပါလျက်၊ အလ္လာဟ်အသျှင်မြတ်အပေါ်ဝယ် လီဆယ်စွပ်စွဲ၍ မုသားပြောဆိုသူထက် ပို၍ မတရားသောသူသည် (အမှန်တကယ်ပင်) မည်သူရှိမည်နည်း။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မတရားသော လူမျိုးတို့အား တရားလမ်းမှန် (သို့ ရောက်ရှိစေရန် စွမ်းအင်) ကို ပေးသနားတော်မူခြင်း မရှိပေ။ အလ္လာဟ်အသျှင်မြတ်အပေါ် လိမ်လည်ခြင်း ဆိုသည်မှာ နဗီဖြစ်ခြင်းအား လိမ်လည်ခြင်း၊ အတည်ပြုထားခြင်းကို လိမ်လည်ခြင်း၊ အတည်မပြုသည်ကို အတည်ပြုခြင်းသည်ဟု လိမ်လည်ခြင်း ဆိုလိုသည်မှာ (အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ မဟုတ်သော အရာများကို အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်သို့ ဆက်နွယ်၍ သော်လည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ အမှန်တကယ် ရောက်ရှိလာသော အရာများကို ငြင်းဆိုခြင်းသည်လည်းကောင်း စသော အချက်နှစ်ချက်စလုံးသည် အလ္လာဟ်အသျှင်မြတ်အပေါ် လီဆယ်စွပ်စွဲခြင်း ဖြစ်ပေသည်။ ဥပမာ- (မိမိကိုယ်တိုင် အစ္စလာမ်သာသနာသို့ ဖိတ်ခေါ်ခြင်း ခံရသည်ဖြစ်ပါလျက်) ဟူသော စကားလုံးကို သာပို၍ ထည့်သွင်းအမိန့်ရှိထားရခြင်း၏ အကြောင်းမှာ ထို့ထက်သာပို၍ ဆိုးရွားသွားစေရန် ဖြစ်ပေသည်။ ဆိုလိုသည်မှာ ကိုယ်တိုင်သတိပေးခြင်း ခံနေရသည့်တိုင် သတိမမူခဲ့ပေ'ဟူသော အကြောင်းကြောင့် ဖြစ်ပေသည်။

لَا يَهْدِي (စင်စစ် အလ္လာဟ်အသျှင်မြတ်သည် တရားလမ်းမှန်သို့ ရောက်စေတော်မူသည် မဟုတ်ပြီ။) ဟူသော စကားလုံးကို သာပို၍ ထည့်သွင်းမိန့်တော်မူထားခြင်း အကြောင်းမှာ 'ၾင်းတို့၏ လက်ရှိ အခြေအနေသည် ပြုပြင်မှုရရှိခြင်းမှ ကင်းဝေးနေသည့်အတွက်ကြောင့် တိုက်ခိုက်ခြင်း၏ ပြစ်ဒဏ်စီမံချက်ကိုသာလျှင် ပြုခြင်း သင့်တော်လှပေသည်' ဟူသော အကြောင်းကြောင့် ဖြစ်ပေသည်။)

(သို့ရှိရာ ယခုထိတိုင် အကြင်သူတစ်ဦးတစ်ယောက်၏ထံ အစ္စလာမ်သာသနာ၏ သတင်း မရောက်ရှိသေးပါက ဦးစွာပထမ ၎င်းအား အစ္စလာမ်သာသနာ၏ ဘက်သို့ ဖိတ်ခေါ်သင့်ပေသည်။ ၎င်းအနေဖြင့် အပေါ်ယံအရ မျှော်လင့်ချက်ကင်းမဲ့ခြင်း၏ လက္ခဏာကို ဖော်ထုတ်လိုက်သည့် ပုံစံမျိုးဖြင့် ငြင်းဆိုလိုက်မည်ဆိုလျှင် ထိုအချိန် သာသနာရေးစစ်ပွဲကို ဆင်နွှဲရန် အမိန့်ကို အတည်ပြု သတ်မှတ်ရပေသည်။ ရှေ့၌ သာသနာရေးစစ်ပွဲ ဆင်နွှဲရန် တိုက်တွန်းနှိုးဆော်ချက်၊ အကူအညီပေးမည့် ကတိတော်၊ အမှန်တရားသည် အောင်နိုင်မည်ဖြစ်ခြင်းနှင့် မှားယွင်းခြင်းတရား အရေးနိမ့်မည် ဖြစ်ကြောင်းကို မိန့်မြွက်ထားတော်မူပေသည်။) ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ ရောင်ခြည် (အစ္စလာမ်) ကို မိမိတို့၏ ပါးစပ်ဖြင့် (မှုတ်ကာ) ငြိမ်းသတ်လိုကြကုန်၏။ (ဆိုလိုသည်မှာ ကာယကံမြောက် ကြံစည်ခြင်းနှင့်အတူ ပါးစပ်ဖြင့်လည်း ချေပ

စာဒကစကားများကို မှန်ကန်သောသာသနာ မထွန်းတောက်လာစေရန် ရည်ရွယ်ချက်မျိုးဖြင့် ပြဆိုကြပေသည်။ အချို့သော အချိန်အခါမျိုး၌ ပါးစပ်ဖြင့် သို့လော၊ သို့လော သံသယဖြစ်စေသော အချက်စကားရပ်တို့ဖြင့် စူးရှသက်ရောက်စေကြပေသည်။ သို့တည်းမဟုတ် ဤသည် ပုံဆောင်ခိုင်းနှိုင်းချက် တစ်ရပ်ပင် ဖြစ်ပေသည်။ ၎င်းတို့၏ ဥပမာသည် တစ်ဦးတစ်ယောက်အနေနှင့် ပါးစပ်ဖြင့် အလ္လာဟ်အသျှင်မြတ်၏ 'နူးရ်' ရောင်ခြည်တော်ကို ငြိမ်းသတ်လိုသော သူနှင့် အလားသဏ္ဍာန်တူပေသည်။ ဆိုလိုသည်မှာ မအောင်မြင်သော နည်းဖြင့် ငြိမ်းသတ်ခြင်း ဖြစ်ပေသည်။)

သို့ရာတွင် ကာဖိရ်သွေဖည်ငြင်းပယ်သောသူများ မနှစ်မြို့ကြသော်ငြားလည်း အလ္လာဟ်အသျှင်မြတ်မှာမူ မိမိ၏ (တရားတော်) ရောင်ခြည်ကို ပြည့်ဝစုံလင်အောင် ပြုတော်မူမည့် အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

ထိုအသျှင်မြတ်သည် အကြင်အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ မုရှ်ရစ်က်တို့သည် မနှစ်မြို့ကြသော်ငြားလည်း ထိုအသျှင်မြတ်သည် (ဤသာသနာ့ လင်းရောင်ခြည် ပြည့်ဝစုံလင်တော်မူရန်အတွက်) မိမိ၏ ရစူလ် တမန်တော်အား တရားလမ်းညွှန် (မည့်အရာဖြစ်သော (ဝါ) ကုရ်အာန်ကျမ်းတော်မြတ်) နှင့်တကွ လည်းကောင်း၊ မှန်ကန်သော (အစ္စလာမ်) ဒီးန်သာသနာတော်နှင့်တကွလည်းကောင်း လောကတွင် စေလွှတ်တော်မူခဲ့၏။ (ယင်းမှန်ကန်သော သာသနာတော်ကို ကျန်ရှိသော) ဘာသာသာသနာ အလုံးစုံတို့ထက်ဝယ် လွှမ်းမိုးစေတော်မူရန် (ဤသည်သာလျှင် သာသနာ့ရောင်ခြည်တော်ကို ပြည့်ဝစုံလင်စေသော အချက်ဖြစ်ပေသည်။ ပြီးပြည့်စုံတော်မူခြင်း၊ လွှမ်းမိုးတော်မူခြင်းတို့နှင့် စပ်လျဉ်းသော အကျယ်ဖွင့်ဆိုချက်ကို စူရာဟ်ဗရာအဿတွင် ဤကဲ့သို့သော အလားတူ အာယသ်တော်၌ တင်ပြခဲ့ပြီး ဖြစ်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အာယသ်တော်များ ကျရောက်လာခြင်း၏ ကျောထောက်နောက်ခံသမိုင်း

သိရ်မေဇီသခင်ကြီးသည် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်နိစလားမ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ထားပေသည်။ ဟာကင်မ် (ရဟ) သခင်ကြီးသည် ထိုဆင့်ပြန်ချက်ကို ဆင့်ပြန်ကာ ဆင့်ကဲဆင့်ပြန်မှုသည် မှန်ကန်သော ကွင်းဆက်ဇယားဟူ၍ အတည်ပြု သတ်မှတ်ပေးထားတော်မူပေသည်။ ဆွဟာဗာသခင်ကြီးများ၏ အဖွဲ့တစ်ဖွဲ့သည် မိမိတို့အချင်းချင်း ကြား၌ 'အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ အနှစ်မြို့ဆုံးသော ကျင့်ကြံဆောင်ရွက်ချက်ကို အကယ်၍ ကျွန်ုပ်တို့ သိရှိမည်ဆိုပါက ထိုအချက်အပေါ် ကျင့်ကြံဆောက်တည်ကြပေမည်' ဟူ၍ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ပြောဆိုလျက် ရှိကြကုန်၏။ ဗဂဝီးသခင်ကြီးသည် ထိုဆင့်ပြန်ချက်အတွင်း၌ ဤအောက်ဖော်ပြပါအချက်ကိုလည်း ထည့်သွင်းဆင့်ပြန်ထားပေသည်။ ထိုသူများထဲမှ အချို့သော သူတို့သည် 'အကယ်၍ ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်ပါး၌ အနှစ်မြို့ဆုံး

သော ကျင့်ကြံဆောင်ရွက်ချက်ကို သိရှိရလျှင်မူ မိမိတို့သည် အသက်အိုးအိမ် စည်းစိမ် အားလုံးတို့ကို ထိုအမှုကိစ္စအတွက် စွန့်လှူလိုက်ပေမည်' ဟူသော စကားလုံးများကို ထည့်သွင်း ပြောဆိုခဲ့ကြပေသည်။

[မဇ္ဇဟာရီးကျမ်း]

အိဗ်နေကစီးရ်သခင်ကြီးသည် မွစ်နဒ်အဟ်မဒ်ကျမ်း၏ အကိုးအကားဖြင့် ဆင့်ပြန်ထားသည်မှာ ထိုသူအချို့သည် မိမိတို့အချင်းချင်း ကြား၌ စုရုံးကာ ဤသို့ အပြန်အလှန် ပြောဆိုမှုကို ပြုနေကြပေသည်။ တစ်ဦးတစ်ယောက်သည် သွားရောက်ကာ တမန်တော်မြတ် ﷺ ကို ထိုမေးခွန်းနှင့် ပတ်သက်၍ မေးမြန်းခိုင်းပေရာ မည်သူတစ်ဦးတစ်ယောက်မျှ မမေးဝံ့ကြပေ။ ယခု ဤသူတို့သည် ထိုအခြေအနေပေါ်ရှိနိုက် တမန်တော်မြတ် ﷺ သည် ထိုသူများအားလုံးကို တစ်ဦးချင်းစီအမည်ဖြင့် မိမိ၏ ထံတော်ပါးသို့ ခေါ်ဆောင်လိုက်ပေသည်။ (အကြင်ကဲ့သို့ ခေါ်ယူလိုက်ခြင်းဖြင့် တမန်တော်မြတ် ﷺ သည် 'ဝဟီ' ဗျာဒိတ်တော်၏ အကြောင်းခံဖြင့် ၎င်းတို့ စုစည်းကာ ပြောဆိုနေခြင်းကို သိရှိသွားတော်မူခြင်းအချက်ကို သိရှိရပေသည်။) ဤသူများအားလုံး တမန်တော်မြတ် ﷺ လာရောက်ကြသောအခါ တမန်တော်မြတ် ﷺ သည် မိမိ၏ အပေါ် ယခုအချိန်၌မှာပင် ကျရောက်လာသော စူရာဟ်စွာဖ်တစ်ပုဒ်လုံးကို ဖတ်ပြတော်မူလိုက်ပေသည်။

ထိုစူရာဟ်တော်သည် အမွန်မြတ်ဆုံးသော ပြုမူဆောင်ရွက်ချက် 'အမလ်'ကို ရှာဖွေနေသော သူတို့အား အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ 'ဂျီဟားဒ်' (သာသနာရေးစစ်ပွဲ ဆင်နွှဲခြင်း) ဖြစ်ကြောင်းဟူသော အချက်ကို ပြဆိုလိုက်ပေသည်။ တစ်ပြိုင်နက်တည်းမှာပင် ၎င်းတို့သည် 'အကယ်၍ ကျွန်ုပ်တို့ သိရှိခဲ့ပါကလည်း ထိုအချက်အား ကျင့်ကြံဆောင်ရွက်ရာတွင် ဤသို့ စွမ်းစွမ်းတမံ အသက်ကို ပဓါနမထားဘဲ ပြသလိုက်မည်ဟူ၍ အစရှိသော အချက်များကိုလည်း' ပြဆိုလိုက်ကြပေသည်။ အကြင်ကဲ့သို့ ပြောဆိုမှုအတွင်း၌ 'ကျွန်ုပ်တို့ ဤသို့ ပြုနိုင်သည်' ဟူ၍ ကြွေးကြော်မှု၏ အမျိုးအစားတစ်ရပ်အသွင်ကို ဆောင်နေပေသည်။ ထိုကြွေးကြော်ချက်အပေါ် ၎င်းတို့အား 'မည်သည့်မုအ်မင်န် တစ်ဦးတစ်ယောက်အဖို့မဆို ဤသို့ ကြွေးကြော်ခြင်းသည် မပိုင်ပေဟူ၍ သတိပေးတော်မူခဲ့၏။ အချိန်ကျရောက်လာချိန်၌ ၎င်းသည် မိမိ၏ ရည်ရွယ်ချက်ကို ပြည့်ဝစွာ ဆောင်ရွက်နိုင်မည်လော။ (သို့မဟုတ်) မဆောင်ရွက်နိုင်မည်၏လော' ဟူသော အချက်ကို မသိရှိနိုင်ပေ။ ပြုမူဆောင်ရွက်ရန် အကြောင်းခံများကို စုဆောင်းခြင်းနှင့် အဟန့်အတား အနှောင့်အယှက်များကို ဝေးကွာအောင် ပြုခြင်းသည် ၎င်း၏ လုပ်ပိုင်ခွင့်အတွင်း၌ မရှိပေ။ တစ်ဖန် ၎င်းသူကိုယ်တိုင်၏ လက်၊ လက်မောင်းနှင့် ကိုယ်ခန္ဓာ၏ အစိတ်အပိုင်းများကိုသာမက နလုံးသားရေးဆိုင်ရာ အလိုသဘောဆန္ဒများထဲမှ မည်သည့်အချက် တစ်ချက်ပင်မဆို လုံးဝ ၎င်း၏ ပိုင်ဆိုင်မှုအတွင်း၌ မရှိပေ။ ဤအတွက်ကြောင့် တမန်တော်မြတ် ﷺ ကိုယ်တော်တိုင်ကိုလည်း ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ ဤအချက်ကို ညွှန်ကြားမှု ပြုပေးထားပေသည်။ အကြင်အလုပ်ကို အသင်တမန်တော်သည် နံနက်ဖြန်၌ ပြုလုပ်ရန်ရှိမည်ဆိုပါက 'အင်န်ရှာအလ္လာဟ်' (အကယ်၍ အလ္လာဟ်အသျှင်မြတ်၏ အလိုရှိတော်မည်ဆိုလျှင်) နံနက်ဖန် ဤအရာကို ပြုလုပ်ရမည်' ဟူသော သတ်မှတ်ချက်နှင့်အတူ တင်ပြကုန်။

لَاتَقُوْ لَنَّ لِشَيْءٍ اِنِّىْ فَاعِلٌ ذَالِكَ غَدًا اِلَّا اَنْ يَّشَاءَ اللهُ

(ဌင်းပြင် 'အို၊ နဗီတမန်တော်၊ အသင်သည် မည်သည့်တစ်စုံတစ်ရာ အရေးကိစ္စနှင့် စပ်လျဉ်း၍ ကေန်အမှန် ငါသည် ယင်းကိစ္စကို နက်ဖြန် ပြုလုပ်အံ့' ဟူ၍ အလျဉ်းမပြောဆိုပါလေနှင့်။)/ *၁၈ : ၂၃ /*

ဆွဟာဗာသခင်ကြီးများ၏ သဘောရည်ရွယ်ချက်သည် ကြွေးကြော်မှု မဟုတ်နေလင့်ကစား သို့ရာတွင် ကြွေးကြော်မှု၏ ပုံစံအဖြစ် သက်ရောက်နေပေသည်။ ထိုအချက်အား အလ္လာဟ်အသျှင်မြတ် နှစ်သက်တော်မမူပေ။ အကြောင်းမှာ တစ်ဦးတစ်ယောက်သည် ထိုအချက်သည် အလ္လာဟ်အသျှင်မြတ်၏ အလိုသဘော ဆန္ဒတော်အတွင်းသို့ လွဲအပ်လိုက်ခြင်း၊ 'အင်နှရှာအလ္လာဟ်' ကို တစ်ပါတည်း ပြောဆိုခြင်း ဟူသောအချက်တို့ မပါဘဲ ကြွေးကြော်ခြင်းမျိုးကို မပြုရပေ။ ထိုအချက်အပေါ် သတိပေးရန်အတွက် ဤအောက်ဖော်ပြပါ အာယသ်တော် ကျရောက်လာပေသည်။

يَاَيُّهَاالَّذِيْنَ اٰمَنُوْا لِمَ تَقُوْلُوْنَ مَالَا تَفْعَلُوْنَ كَبُرَ مَقْتًا عِنْدَ اللهِ اَنْ تَقُوْلُوْا مَالَا تَفْعَلُوْنَ

(အို၊ မုအ်မင်နှသက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မည်သည့်အတွက်ကြောင့် မိမိတို့ မပြုလုပ်ကြသော ကိစ္စကို ပြုလုပ်လေဟန် ပြောဆိုကြသနည်း။ အလ္လာဟ်အသျှင်မြတ်ထံတော်တွင် အသင်တို့ မပြုလုပ်ကြသော အမှုကိစ္စကို ပြုလုပ်လေဟန် ပြောဆိုခြင်းသည် လွန်စွာ မုန်းတီးစက်ဆုပ်ဖွယ် ကောင်းလှ၏)
[၆၁ : ၂-၃]

تَفْعَلُوْنَ (အသင်တို့ မပြုလုပ်ကြသော အမှုကိစ္စ) ၏ အပေါ်ယံအဓိပ္ပာယ်သည် 'အသင်တို့ ပြုလုပ်ရန် မရှိသော အလုပ်ကို ပြုလုပ်မည်ဟု အဘယ်ကြောင့် ကြွေးကြော်နေကြပေသနည်း' ဟူ၍ ဖြစ်သည်။ အကြင် မိန့်မြွက်ချက်မှ 'လူသားတို့ နှလုံးသားအတွင်း၌ ပြုလုပ်ရန် အလိုသဘောဆန္ဒမရှိသော အလုပ်ကို ပြုလုပ်ရန် ကြွေးကြော်နေခြင်း၏ တားမြစ်ချက်' ကို ရှင်းလင်းစွာ သိရှိရပေသည်။ အဘယ်ကြောင့်ဆိုသော် ဤသည် မုသား ကြွေးကြော်မှုသက်သက်သာ ဖြစ်၍ ပြစ်မှားကြွားဝါရန်အတွက်သာ ဖြစ်နိုင်ပေသည်။ သို့ရာတွင် 'အာယသ်တော်များ ကျရောက်လာခြင်း၏ ကျောထောက်နောက်ခံသမိုင်း၌ ဆွဟာဗာသာဝက ကြီးများ ဆွေးနွေးနေခြင်းသည် ပြုလုပ်ရန် ဆန္ဒမရှိဘဲ ကြွေးကြော်နေကြသူများမဟုတ်ကြောင်း' မှာ ထင်ရှားလှပေသည်။ ထို့ကြောင့် ယင်းမိန့်မြွက်ချက်၏ အလိုသဘော၌ 'နှလုံးသားအတွင်း ပြုလုပ်ရန် ဆန္ဒရှိနေလင့်ကစား၊ သို့တစေငြားလည်း မိမိ၏ စိတ်အပေါ် အားကိုး၍ 'ကျွန်ုပ်သည် အဆိုပါအလုပ်ကို ပြုလုပ်မည်'ဟူ၍ ကြွေးကြော်ခြင်းသည် ကျေးကျွန်လူသားဖြစ်ခြင်း၏ ဂုဏ်ရှိန်၊ ဂုဏ်ဝါနှင့် ဆန့်ကျင်ဘက် ဖြစ်နေခြင်း' ဟူသော အချက်သည်လည်း ပါဝင်နေပေသည်။ ပထမအချက်သည်မှ ထိုသို့ ပြောဆိုရန်ပင် အဘယ်မှာ လိုအပ်နိုင်ပေမည်နည်း။ ပြုလုပ်ရန် အခွင့်ကောင်း ရောက်ရှိလာမည်ဆိုလျှင် ပြုလုပ်လိုက်ရန် လိုအပ်လာပါကလည်း 'အင်နှရှာအလ္လာဟ်' ဟူသော စကားလုံးများနှင့်အတူ ဘောင်သတ်ကာ ပြောဆိုလိုက်မည်ဆိုလျှင်လည်း ကြွေးကြော်မှုအသွင်ဖြင့် ကျန်ရစ်တော့မည် မဟုတ်ပေ။

ဓမ္မသတ် ။ ။ အထက်ပါတင်ပြချက်မှ 'ပြုလုပ်ရန်နှင့် ပြုလုပ်ရန် ဆန္ဒမရှိသော အလိုကို ပြုလုပ်မည်' ဟူ၍ ကြွေးကြော်ခြင်းသည် ကြီးလေးသော ပြစ်မှုဒုစရိုက်နှင့် အလ္လာဟ်အသျှင်မြတ် လွန်စွာ မနှစ်မြို့ခြင်း၏ အကြောင်းခံဖြစ်ကြောင်း' ကို သိရှိရပေသည်။

كَبُرَ مَقْتًا عِنْدَ اللهِ

(အလ္လာဟ်အသျှင်မြတ်ထံတော်တွင် လွန်စွာ မုန်းတီးစက်ဆုပ်ဖွယ် ကောင်းလှ၏။) *[၆၁ : ၃]*

ဟူသော အာယသ်တော်၏ အခြေခံမူတည်ချက်သည် ဤသည်သာလျှင် ဖြစ်ပေသည်။ အကြင်နေရာ၌ ဤသို့သော ပုံစံမရှိဘဲ သို့သာမက ပြုလုပ်ရန် သဘောပိုက်ထားသည်ဆိုလျှင် ထိုနေရာ၌လည်း မိမိ၏ စွမ်းအား၊ အင်အားအပေါ် အားကိုးသမှုပြု၍ ကြွေးကြော်ခြင်းကို တားမြစ်ထားကာ မနှစ်မြို့ဖွယ်ကောင်းသော အမှုကိစ္စ ဖြစ်ပေသည်။

"ဒအ်ဝါ" (ကြွေးကြော်မှု) နှင့် "ဒအ်ဝသ်" (ဖိတ်ခေါ်မှု) တို့၏ ခြားနားချက်

တင်ပြပါအကျယ်ဖွင့်ဆိုချက်မှ ထိုအာယသ်တော်များ၏ ပတ်သက်မှုသည် 'လူသားသည် မိမိပြုလုပ်ရန် မရှိသော အလုပ်ကို ပြုလုပ်နေသည်ဟူ၍ ကြွေးကြော်ခြင်းသည် အလ္လာဟ်အသျှင်မြတ် မနှစ်မြို့ခြင်း၏ အကြောင်းခံ' ဖြစ်ကြောင်းကို သိရှိရပေသည်။ 'အကြင်အလုပ်ကို မိမိကိုယ်တိုင် မပြုလုပ်ဘဲ ထိုအလုပ်ကို အခြားသူများ ပြုလုပ်ရန် ဆိုဆုံးမခြင်းနှင့် ထိုအလုပ်၏ ဘက်သို့ အခြားသော မွတ်စ္စလင်မ်များအား ဖိတ်ခေါ်ခြင်း၊ ဖြန့်ဖြူး၊ ဆုံးမတရားပေးခြင်း၏ ကဏ္ဍာရပ်သည် အာယသ်တော်၏ အလိုသဘောအတွင်း၌ မပါဝင်ပေ။ ယင်းအချက်နှင့် စပ်လျဉ်းသော ပညတ်ချက်များသည် အခြားသော အာယသ်တော်များနှင့် ဟဒီးစ်တော်များ၌ တင်ပြထားပေသည်။ ဥပမာ- ကုရ်အာန်ကျမ်းတော်မြတ်၌

اَتَأْمُرُوْنَ النَّاسَ بِالْبِرِّ وَ تَنْسَوْنَ اَنْفُسَكُمْ

(အသင်တို့သည် လူအများတို့ကို ကောင်းမှုတရားများရရန် ဆုံးမစကားပြောကြား၍ မိမိတို့ကိုယ်တိုင် (ကျင့်ကြံမှု မရှိဘဲ) မေ့လျော့နေကြကုန်သလော။) *[၂ : ၄၄]*

ဤအထက်ဖော်ပြပါ အာယသ်တော်သည် ကောင်းရာညွှန်ကြားခြင်းနှင့် တရားဒေသနာ ဟောကြားနေသောသူတို့သည် 'မွန်ရည်ကောင်းမြတ်သော အလုပ်ကို ပြုလုပ်ရန်ဘက်သို့ လူတို့အား ဖိတ်ခေါ်ကာ ကိုယ်တိုင် ထိုအချက်အပေါ် လိုက်နာခြင်းမရှိက အရှက်တရားရစေသော အချက်ပင် ဖြစ်လေသည်။ တင်ပြချက်၏ အလိုသဘောမှာ ဤသို့တည်း။ အခြားသောသူများကို ဆိုဆုံးမသောအခါ မိမိကိုယ်တိုင် မိမိ ထိုဆုံးမချက်ကို နာခံမှုပြုရန်သည် အခြားသော သူများထက် ဦးစွာ ရှိရမည်ဖြစ်သည်။ အကြင်အချက် အမှုကိစ္စဘက်သို့ လူတို့ကို ဖိတ်ခေါ်မည်ဆိုပါက ကိုယ်တိုင်လည်း ထိုအချက်အပေါ် ကျင့်ကြံပြုမူ ဆောင်ရွက်ကြကုန်။

'ကိုယ်တိုင် မပြုလုပ်ပါမူ အခြားသောသူများကိုလည်း မပြောဆို၊ မဆုံးမနှင့်' ဟူ၍လည်း မိန့်တော်မမူထားပေ။ ထိုတင်ပြချက်မှ 'ကိုယ်တိုင် ပြုနိုင်စွမ်းမရှိသည့် ကောင်းသော အမှုကိစ္စဘက်သို့ အခြားသူများအားလည်း ဖိတ်ခေါ်၊ ဆုံးမခြင်းအား မစွန့်လွှတ်လိုက်လေနှင့်။ ထိုဆုံးမဩဝါဒပေးခြင်း၏ 'ဗရ်ကသ်'တော်ဖြင့် တစ်ချိန်ချိန်၌ မိမိကာယကံရှင်ကိုယ်တိုင်သည်လည်း ပြုနိုင်စွမ်း ရှိလာမည်ဟူ၍ မျှော်လင့်ချက်ရှိနိုင်ကြောင်း'ဟူသော အချက်တို့ကို သိရှိရပေသည်။ ပမာဆိုရသော် အတွေ့အကြုံများဟု သိမြင်တွေ့ရှိနေရပေသည်။ သို့သာမက အကယ်၍ ထိုဆောင်ရွက်ချက်သည် 'ဝါဂျိဗ်' (သို့မဟုတ်) 'စွန္နသ်သေ့မုအဲက်ကဒါ'၏အဆင့်၌ ရှိပါမူ တင်ပြပါအာယသ်တော်များအား ရေးရှု၍ မိမိကိုယ်ကို မိမိ ရှက်ကြောင့်မှုတရား ထားရှိစေခြင်းသည်လည်း 'ဝါဂျိဗ်'ဖြစ်ပေသည်။ အကယ်၍ 'မွတ်စ်သဟဗ်'အချက်များနှင့် စပ်လျဉ်းလာလျှင်မူ ဤသို့ ရှက်ကြောက်မှုတရား ထားရှိခြင်းသည်လည်း 'မွတ်စ်သဟဗ်' ဖြစ်ပေသည်။

ရှေ့အာယသ်တော်များ၌ စူရာဟ်တော် ကျရောက်လာခြင်း၏ အကြောင်းခံဖြစ်သော မူရင်း ကိစ္စကို တင်ပြထားပေသည်။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ အနှစ်မြို့ဆုံးသော 'အမလ်'သည် မည်သည့်'အမလ်' ဖြစ်ပေသနည်း။ ထိုအချက်နှင့် စပ်လျဉ်း၍ မိန့်တော်မူထားပေသည်။

إِنَّ اللَّهَ يُحِبُّ الَّذِينَ يُقَاتِلُونَ فِي سَبِيلِهِ صَفًّا كَأَنَّهُم بُنْيَانٌ مَّرْصُوصٌ

(ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ထိုအသျှင်မြတ်၏ လမ်းတော်၌ စီတန်းလျက် လွန်စွာသိပ်သည်းခိုင်ခံ့လှစွာသော အဆောက်အဦးကဲ့သို့ပင် တိုက်ခိုက်ကြကုန်သော သူတို့အား နှစ်မြို့တော်မူပေသည်။) [၆၁ : ၄]

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ အနှစ်မြို့ဆုံးသော ကျင့်ကြံ ဆောက်တည်ချက်မှာ 'အလ္လာဟ်အသျှင်မြတ်၏ ရန်သူများနှင့် ယှဉ်ပြိုင်ရာ၌ အလ္လာဟ်အသျှင်မြတ်၏ 'ကလေမဟ်'တော်မြင့်မားစေရန်အတွက် ရပ်တည်ကာ ထိုစစ်သည်တော်တို့၏ ခြေထောက်များသည် ယိမ်းယိုင်မှု မရှိဘဲ ခိုင်မာသော ဖွဲ့သတ္တိစိတ်ဓါတ်တို့ကြောင့် ခဲရည်သွန်းလောင်းထားသော အဆောက်အဦးကဲ့သို့ မြဲမြံမှုရှိပြီး စီတန်းစွာဖြင့် တိုက်ခိုက်လျက် ရှိကြကုန်သော တိုက်ခိုက်ရေးပင် ဖြစ်ပေသည်။

ထိုအချက်၏နောက် ဟဇရသ်မူစာ عليه السلام နှင့် ဟဇရသ်အီစာ عليه السلام တို့အနေဖြင့် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ 'ဂျီဟားဒ်' (သာသနာရေးစစ်ပွဲ ဆင်နွဲခြင်း) နှင့် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ ရန်သူများ၏ဘက်မှ ပေးသော ဒုက္ခများကို သည်းခံမှုတရား ထားခြင်းအကြောင်းကို တင်ပြထားပေသည်။ ထို့နောက်တစ်ဖန် မွတ်စ္စလင်မ်များအား 'ဂျီဟားဒ်' စစ်ဆင်ရေးနွဲရန် သင်ကြား ညွှန်ပြထားပေသည်။ ဤနေရာ၌ တင်ပြထားသော ဟဇရသ်မူစာ عليه السلام နှင့် ဟဇရသ်အီစာ عليه السلام တို့၏ ဖြစ်စဉ်များ၌လည်း များစွာသော အသိပညာရေးဆိုင်ရာ၊ ကျင့်ကြံဆောက်တည်မှုရေးဆိုင်ရာတို့၏ အကျိုးတရားများနှင့် လမ်းညွှန်ချက်များ ပါရှိထားပေသည်။ ဟဇရသ်အီစာ عليه السلام ၏ ဖြစ်စဉ်၌ ၄င်းသည် ဗနီအိစ်ရာအီးလ်တို့အား မိမိ

နဗီဖြစ်ကြောင်းကို ယုံကြည်လက်ခံရန်အတွက် ဖိတ်ခေါ်သောအခါ အချက်နှစ်ရပ်ကို အထူးသဖြင့် တင်ပြထားပေသည်။ အချက်တစ်ရပ်မှာ မိမိသည် ရစူလ်အသစ်အဖြစ်နှင့် စကားရပ်အသစ်များကို ယူဆောင်လာသောသူ မဟုတ်ကြောင်း၊ သို့သာမက အတိတ်ခေတ် နဗီတမန်တော်များ ပြောဆိုသော အတိတ်ခေတ် မိုးကောင်းကင်ကျကျမ်းဂန်များ၌ တင်ပြထားသော အချက်များကိုသာ ပြောဆိုလျက်ရှိကြောင်းနှင့်၊ ထို့ပြင် နောက်ဆုံးနဗီတစ်ပါး ပွင့်ပေါ်လာမည်ဖြစ်ကြောင်း၊ ထိုနဗီသည်လည်း ထိုကဲ့သို့ပင် လမ်းညွှန်တရားများကိုသာ ယူဆောင်လာမည်ဖြစ်ကြောင်း' ကိုသာ မိန့်မြွက်ထားပေသည်။

ဤနေရာတွင် ပထမကျမ်းဂန်များထဲမှ 'သောင်ရေးသ်'ကျမ်းကို အထူး တင်ပြထားရသည့်အကြောင်းမှာ များပြားသောအားဖြင့် ဗနီအိစ်ရာအီးလ်လူမျိုးစုတို့အပေါ် အနီးစပ်ဆုံး ကျရောက်လာသော ကျမ်းသည် ထို 'သောင်ရေးသ်'ကျမ်းသည်သာလျှင် ဖြစ်ခြင်း၊ သို့တည်းမဟုတ်ပါက နဗီတမန်တော်များအား ထောက်ခံအတည်ပြုခြင်းသည်မှု အတိတ်ခေတ် မိုးကောင်းကင်ကျ ကျမ်းဂန်များအားလုံးကိုပါ ခြုံငုံစွာ ပါဝင်နေခြင်း' ဟူသော အကြောင်းကြောင့် ဖြစ်ပေသည်။ ထို့ပြင် ယင်းကျမ်းကိုသာ အထူးပြုတင်ပြရာ၌ 'တမန်တော်အီစာ عليه السلام ၏ သာသနာသည် သီးသန့်သာသနာတော်တစ်ရပ် ဖြစ်နေလင့်ကစား အချို့ ပြောင်းလွဲထားသော ပညတ်ချက်များမှအပ များစွာသော ပညတ်ချက်များသည် တမန်တော်မူစာ عليه السلام ၏ သာသနာနှင့် 'သောင်ရေးသ်'ကျမ်း၏ ပညတ်ချက်တို့နှင့်သာလျှင် တူညီနေကြောင်း'ဟူသော အချက်တို့ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။ ဤသည်မှု အတိတ်ခေတ် နဗီတမန်တော်များနှင့် ကျမ်းစာအုပ်များအား ထောက်ခံခြင်း၏ စာစဉ်အကြောင်းအရာပင် ဖြစ်ပေသည်။ ဟဇရသ်အီစာ عليه السلام အား အထူးပြုကာ ဒုတိယအချက်အနေဖြင့် တင်ပြသောအချက်မှာ 'နောက်၌ ပွင့်ပေါ်လာမည်ဖြစ်သော ရစူလ်တမန်တော်အား သတင်းကောင်းပေးခြင်းဟူ၍ ဖြစ်ပေသည်' ယင်းသို့ သတင်းကောင်းပေးရာ၌လည်း 'ထိုနဗီတမန်တော်၏ လမ်းညွှန်ပြသချက်များသည်လည်း ဤလမ်းညွှန်ချက်များဖြင့် ကိုက်ညီလျက်ရှိနေခြင်းဖြစ်သည်။ ထို့ကြောင့် ယင်းနောက်ဆုံး နဗီတမန်တော်အပေါ် အီမာန်ရယူခြင်းသည် ဦးနောက်အသိဉာဏ်အရ လုံးဝ လိုလားကိုက်ညီလျက်ရှိနေသော အချက်ဖြစ်ကြောင်း' ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားခြင်း ဖြစ်ပေသည်။

တစ်ပြိုင်နက်တည်းမှာပင် ဟဇရသ်အီစာ عليه السلام အနေဖြင့် ဗနီအိစ်ရာအီးလ်လူမျိုးတို့အား သတင်းကောင်းပေးရာတွင် ထိုနဗီ၏ အမည်ကို အင်န်ဂျီးလ်ကျမ်း၌ ပြဆိုထားပေသည်။ ထိုကျမ်း၌ ဗနီအိစ်ရာအီးလ်လူမျိုးတို့အား 'ထိုနဗီရစူလ်တမန်တော်မြတ် ကြွမြန်းလာလျှင်မူ အသင်တို့သည် ထိုနဗီရစူလ်မြတ်အပေါ် အီမာန်ရယူရန်နှင့် အမိန့်နာခံရန်သည် အသင်တို့အပေါ် မုချတာဝန်ရှိကြောင်း' ကိုပါ လမ်းညွှန်ပြသတော်မူလိုက်ပေသည်။

مُبَشِّرًا بِرَسُوْلٍ يَّأْتِيْ مِنْ بَعْدِى اسْمُهٗ اَحْمَدُ

(ငါ၏ နောက်တွင် 'အဟ်မဒ်'ဟူသော အမည်နာမနှင့် ပွင့်မည်ဖြစ်သော ရစူလ်တမန်တော်တစ်ပါးနှင့် ပတ်သက်၍ သတင်းကောင်း ပြောကြားသူအဖြစ်လည်းကောင်း။) *[၆၁ : ၆]*

ဟူသော အာယသ်တော်၌ ထိုအချက်ကိုသာ တင်ပြထားပေသည်။ ထိုအာယသ်တော်၌ နောင် ပွင့်ပေါ်လာမည့် ရစူလ်တမန်တော်ကို 'အဟ်မဒ်'ဟူ၍ ပြဆိုထားပေသည်။ ကျွန်ုပ်တို့၏ နောက်ဆုံး နဗီ တမန်တော်မြတ် ﷺ ၌ မိုဟမ္မဒ်၊ အဟ်မဒ်အပြင် အခြားသော နာမတော်များလည်း ရှိပေသည်။ သို့ရာတွင် 'အင်န်ဂျီးလ်'ကျမ်း၌ 'အဟ်မဒ်'ဟူသော အမည်ကို ပြဆိုရာ၌ 'မိုဟမ္မဒ်'ဟူသော အမည်ကို ထားခြင်းသည် အာရဗ်နိုင်ငံ၌ အတိတ်ကာလကတည်းက ရှိခဲ့လေသည်။ ထို့ကြောင့် ယင်းအမည်ဖြင့် အာရဗ်နိုင်ငံတွင် အခြားသောသူများလည်း ရှိပေသည်။ ယင်းအမည်နှင့် ဆန့်ကျင်စွာ အာရဗ်နိုင်ငံ၌ 'အဟ်မဒ်' ဟူသော အမည်သည် မကျော်ကြားပေ။ ထိုနာမတော်သည် တမန်တော်မြတ် ﷺ ၏ ပင်ကိုယ်ဇာတိတော်အတွက် သာ သီးသန့် အထူးဖြစ်ပေသည်။

"အင်န်ဂျီးလ်"ကျမ်းလာ တမန်တော်မြတ် ﷺ ၏ သတင်းကောင်း

ယဟူဒီများနှင့် နစ္စရာနီများကိုယ်တိုင် 'သောင်ရားသ်'ကျမ်းနှင့် 'အင်န်ဂျီးလ်'ကျမ်းတို့၌ အပြောင်း အလဲပြုခြင်း ခံထားရသည်ကို ဝန်ခံထားကြောင်းကို အားလုံးသိရှိထားကြပေသည်။ အခြေခံဇစ်မြစ်အချက် သည်မှ ထိုကျမ်းနှစ်အုပ်စလုံး၌ မူရင်းမုက္ခပါဌ်တော်ပင် အလွယ်တကူ မသိရှိရလောက်အောင် ပြောင်းလွဲထား ပြီးဖြစ်သော 'အင်န်ဂျီးလ်'ကျမ်းကို ထောက်ရှုအခြေခံ၍ မျက်မှောက်ခေတ်ရှိ အီစာအီများသည် 'အင်န်ဂျီးလ်' ကျမ်း၏ အချို့သော နေရာများတွင် တမန်တော်မြတ် ﷺ ၏ အမည်ကို 'အဟ်မဒ်'ဟူ၍ ပြဆိုထားကာ သတင်းကောင်းပေးထားသည့်အချက်ကို လက်မခံကြပေ။ ယင်းအချက်နှင့် စပ်လျဉ်းသော အတိုချုပ် အဖြေကို အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်၌ လာရှိထားပြီးဖြစ်ရာ လုံလောက်ပေသည်။

အကျယ်ဖွင့်ဆိုချက်အဖြေအား မောင်လာနာရဟ်မသုလ်လားကေရာနဝီသခင်ကြီး၏ 'အဇ္ဖ်ဟာရုလ် ဟပ်က်' ဟူသော စာအုပ်အား လေ့လာကြကုန်။ ယင်းစာအုပ်သည် အီစာအီဘာသာ၏ အခြေခံဇစ်မြစ် အချက်၊ 'အင်န်ဂျီးလ်'ကျမ်းအတွင်း ပြောင်းလွဲမှုပြုထားသော အချက်များ၊ ပြောင်းလွဲမှုများ ပြုထားသည့် ကြားကပင် ထိုကျမ်း၌ တမန်တော်မြတ် ﷺ ၏ သတင်းကောင်းများနှင့် စပ်လျဉ်းတင်ပြသော စာအုပ်တစ်အုပ် ဖြစ်ပေသည်။ 'အကယ်၍ ဤကမ္ဘာလောက၌ ထိုစာအုပ်အား ဆက်လက်ဖြန့်ဖြူးကာ ကျယ်ပြန့်အောင် ပြုလုပ်ရှိလျှင်မူ အီစာအီသည် မည်သည့်အခါမျှ ထွန်းလင်းတောက်ပြောင်မှုကို ရရှိနိုင်မည်မဟုတ်ကြောင်း' ဟူသော အီစာအီအကြီးအကဲ ခေါင်းဆောင်တို့၏ အဆိုကိုလည်း ရိုက်နှိပ်ထားပေသည်။

ဤစာအုပ်ကို အာရဗီစာပေဖြင့် ရေးသားထားခြင်း ဖြစ်ပေသည်။ တစ်ဖန် တူရကီဘာသာစကား နှင့် အင်္ဂလိပ်ဘာသာစကားတို့ဖြင့်လည်း ဘာသာပြန် ရေးသားရိုက်နှိပ်ထားပေသည်။ သို့ရာတွင် အီစာအီ ကော်မရှင်အဖွဲ့သည် ထိုစာအုပ်ကို ပျောက်ဆုံးပပျောက်သွားအောင် ပြုရာ၌ မိမိတို့အစွမ်းကုန် ကြိုးစား ကြခြင်း၏ သက်သေသာဓကများသည်လည်း ရှိနေပေသည်။ အူရ်ဒူဘာသာပြန်ဖြင့် ယနေ့တိုင် ပြန်ဆို ထားခြင်း မရှိသေးပေ။ ယခုအခါ ဒါရုလ်အုလူးမ်ကျောင်း (ကရာချိ) ၏ စာပြဆရာတစ်ပါးဖြစ်သော

မောင်လာနာအပ်ဗ်ဟ်ဗရ်အလီသခင်ကြီးအနေဖြင့် လည်းကောင်း၊ မောင်လာနာမိုဟမ္မဒ်သကီး အွစ္စမာနီသခင် (ဒါရွလ်အိုလူးမ်ကရာချီ) ကလည်းကောင်း၊ မျက်မှောက်ခေတ်ရှိ ရိုက်နှိပ်ပြီးဖြစ်သော 'အင်န်ဂျီးလ်' ကျမ်းများမှ အကျိုးပြု သုတေသနပြုချက်အသစ်များကို အတွဲ (၃) တွဲအဖြစ်လည်းကောင်း ရေးသားဖြန့်ဖြူး ထားပေသည်။ ယင်းစာအုပ်၏ တတိယအတွဲ၌ စာမျက်နှာ (၁၈၂ မှ ၃၂၆) အထိတိုင် ထိုသတင်းကောင်း များ၏ အကျယ်ဖွင့်ဆိုချက်ကို လက်ရှိ 'အင်န်ဂျီးလ်' ကျမ်းများ၏ အကိုးအကားဖြင့်လည်းကောင်း၊ ဒွိဟ သံသယအချက်များ၏ အခြေအနေများကိုလည်းကောင်း တင်ပြထားပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ هَلْ أَدُلُّكُمْ عَلَىٰ تِجَٰرَةٍ تُنجِيكُم مِّنْ عَذَابٍ أَلِيمٍ ⑩

၆၁ : ၁၀ ॥ ॥ အို၊ မုအ်မင်န်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့အား အလွန်တရာ နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်မှ လွတ်မြောက်စေမည့် ကူးသန်းရောင်းဝယ် ဖောက်ကားမှုကို ငါအသျှင်မြတ်သည် အသင်တို့အား ညွှန်ပြတော်မူရ မည်လော။

تُؤْمِنُونَ بِٱللَّهِ وَرَسُولِهِۦ وَتُجَٰهِدُونَ
فِى سَبِيلِ ٱللَّهِ بِأَمْوَٰلِكُمْ وَأَنفُسِكُمْ ۚ ذَٰلِكُمْ خَيْرٌ لَّكُمْ إِن كُنتُمْ تَعْلَمُونَ ⑪

၆၁ : ၁၁ ॥ ॥ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အား လည်းကောင်း သက်ဝင်ယုံကြည်ကြရပေမည်။ ၎င်းပြင် အသင်တို့သည် မိမိတို့၏ ဥစ္စာပစ္စည်းများဖြင့်လည်းကောင်း၊ မိမိတို့၏ အသက်ဇီဝိန်များဖြင့်လည်းကောင်း အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သက်စွန့်ကြိုးပမ်းကြရပေမည်။ ဤသည် အကယ်၍ အသင်တို့ သိရှိကြသည်ဖြစ်ပါမူ၊ အသင်တို့အဖို့ အကောင်းဆုံးပင် ဖြစ်၏။

يَغْفِرْ لَكُمْ ذُنُوبَكُمْ وَيُدْخِلْكُمْ جَنَّٰتٍ تَجْرِى مِن تَحْتِهَا
ٱلْأَنْهَٰرُ وَمَسَٰكِنَ طَيِّبَةً فِى جَنَّٰتِ عَدْنٍ ۚ ذَٰلِكَ ٱلْفَوْزُ ٱلْعَظِيمُ ⑫

၆၁ : ၁၂ ॥ ॥ ထိုအသျှင်မြတ်သည် အသင်တို့၏ ပြစ်မှုဒုစရိုက်များကို ခွင့်လွှတ်တော်မူပေမည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့အား အကြင်ဥယျာဉ်များသို့ အမြဲထာဝစဉ် နေထိုင်သူများအဖြစ် ဝင်ရောက်စေတော်မူပေမည်။ ယင်းဥယျာဉ်များ၏ အောက်မှ စမ်းရေချောင်းများသည် စီးတွေလျက် ရှိကြပေမည်။ ၎င်းပြင် (ထိုအသျှင်မြတ်သည် အသင်တို့အား) အကြင်နေအိမ်များသို့ ဝင်ရောက်စေတော်မူပေမည်။ ထိုနေအိမ်များသည် အမြဲထာဝစဉ် နေထိုင်ရမည့် ဥယျာဉ်များဝယ် ရှိကြပေမည်။ ထိုသည် ကြီးကျယ်လှစွာသော အောင်မြင်မှုပင် (ဖြစ်၏။)

وَأُخْرَىٰ تُحِبُّونَهَا نَصْرٌ مِّنَ اللَّهِ وَفَتْحٌ قَرِيبٌ وَبَشِّرِ الْمُؤْمِنِينَ ﴿١٣﴾

၆၁ : ၁၃ ။ ။ ထို့ပြင် အသင်တို့ နှစ်သက်ကြကုန်သော အခြား (အကျိုးကျေးဇူး) တစ်ပါးကိုလည်း (ထိုအသျှင်မြတ်သည် အသင်တို့အား ချီးမြှင့်တော်မူပေမည်။ ယင်းသည်) အလ္လာဟ်အသျှင်မြတ်ထံတော်မှ ကူညီစောင်မမှုပင် (ဖြစ်၍) နီးကပ်စွာသော အောင်နိုင်မှုပင် (ဖြစ်၏။) ၎င်းပြင် (အို၊ နဗီတမန်တော်) အသင်သည် မုအ်မင်နံသက်ဝင်ယုံကြည်သူတို့အား သတင်းကောင်း ပြောကြားပါလေ။

يَا أَيُّهَا الَّذِينَ آمَنُوا كُونُوا أَنصَارَ اللَّهِ كَمَا قَالَ عِيسَى ابْنُ مَرْيَمَ
لِلْحَوَارِيِّينَ مَنْ أَنصَارِي إِلَى اللَّهِ ۖ قَالَ الْحَوَارِيُّونَ نَحْنُ أَنصَارُ
اللَّهِ ۖ فَآمَنَت طَّائِفَةٌ مِّن بَنِي إِسْرَائِيلَ وَكَفَرَت طَّائِفَةٌ ۖ
فَأَيَّدْنَا الَّذِينَ آمَنُوا عَلَىٰ عَدُوِّهِمْ فَأَصْبَحُوا ظَاهِرِينَ ﴿١٤﴾

၆၁ : ၁၄ ။ ။ 'အို၊ မုအ်မင်နံသက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မရ်ယမ်၏ သားတော် (နဗီတမန်တော် အီစာက 'ဟဝါရီ' တို့အား ပြောကြားဘိသကဲ့သို့ပင် အလ္လာဟ်အသျှင်မြတ် (၏ ဒီးန်သာသနာတော်) ကို ကူညီသူများပင် ဖြစ်ကြလေကုန်။ (မရ်ယမ်၏ သားတော် အီစာက ဟဝါရီတို့အား) 'အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ ငါ့အား မည်သူများ ကူညီကြမည်နည်း' (ဟု ပြောကြားခဲ့ရာ) 'ဟဝါရီ' တို့က 'အလ္လာဟ်အသျှင်မြတ် (ဒီးန်သာသနာတော်) ကို ကျွန်ုပ်တို့ ကူညီကြပါမည်' ဟု ပြောဆိုခဲ့ကြကုန်၏။ ထို့နောက် အီစ်ရာအီးလ်မျိုးနွယ်ဝင်တို့အနက် လူတစ်စုမှာ သက်ဝင်ယုံကြည်ခဲ့ကြ၍ လူတစ်စုမှာမူ သွေဖည်ငြင်းပယ်ခဲ့ကြလေ၏။ ထိုအခါ ငါအသျှင်မြတ်သည် သက်ဝင်ယုံကြည်ခဲ့ကြသော သူတို့အား ၎င်းတို့၏ ရန်သူများအပေါ်၌ ကူညီစောင်မတော်မူခဲ့ပေရာ ၎င်းတို့မှာ အောင်နိုင်ခဲ့ကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ရှေ့၌ ဦးစွာပထမ 'ဂျီဟား ဒ်' (သာသနာရေးစစ်ပွဲ) သည် နောင်တမလွန်၏ အကျိုးဆက်တရားနှင့် လောကီရေးရာ အကျိုးဆက်တရားအား ကတိပေးတော်မူ၍ တိုက်တွန်းနှိုးဆော်မှုကို ပြုထားပေ သည်။) အို၊ မုအ်မင်နံသက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့အား အလွန်တရာ နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်မှ လွတ်မြောက်စေမည့် ကူးသန်းရောင်းဝယ် ဖောက်ကားမှုကို ငါအသျှင်မြတ်သည် အသင်တို့အား ညွှန်ပြတော်မူရမည်လော။

(ထိုရောင်းဝယ်ဖောက်ကားမှုမှာ) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အား လည်းကောင်း သက်ဝင်ယုံကြည်ကြရပေမည်။ ၎င်းပြင် အသင်တို့သည် မိမိတို့၏ ဥစ္စာပစ္စည်းများဖြင့်လည်းကောင်း၊ မိမိတို့၏ အသက်ဇီဝိန်များဖြင့်လည်းကောင်း အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သက်စွန့်ကြိုးပမ်းကြရပေမည်။ ဤသည် အကယ်၍ အသင်တို့ သိရှိကြသည်ဖြစ်ပါမူ၊ အသင်တို့အဖို့ အကောင်းဆုံးပင် ဖြစ်၏။

(ဤသို့ ပြုကြလျှင်မူ) ထိုအသျှင်မြတ်သည် အသင်တို့၏ ပြစ်မှုဒုစရိုက်များကို ခွင့်လွှတ်တော်မူပေမည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့အား ('ဂျန္နသ်'၏) အကြင်ဥယျာဉ်များသို့ အမြဲထာဝစဉ် နေထိုင်သူများအဖြစ် ဝင်ရောက်စေတော်မူပေမည်။ ယင်းဥယျာဉ်များ၏ အောက်မှ စမ်းရေချောင်းများသည် စီးတွေလျက် ရှိကြပေမည်။ ၎င်းပြင် (ထိုအသျှင်မြတ်သည် အသင်တို့အား) အကြင် (ကောင်းမွန်သော) နေအိမ်များသို့ ဝင်ရောက်စေတော်မူပေမည်။ ထိုနေအိမ်များသည် အမြဲထာဝစဉ် နေထိုင်ရမည့် ဥယျာဉ်များဝယ် (တည်) ရှိကြပေမည်။ ထိုသည် ကြီးကျယ်လှစွာသော အောင်မြင်မှုပင် (ဖြစ်၏။)

(ထိုလောကုတ္တရာရေးရာ၏ စစ်မှန်သော အကျိုးဆက်တရားအပြင်) အသင်တို့ နှစ်သက်ကြကုန်သော အခြား (လောကီရေးရာ အကျိုးကျေးဇူး) တစ်ပါးကိုလည်း (ထိုအသျှင်မြတ်သည် အသင်တို့အား ချီးမြှင့်တော်မူပေမည်။ ယင်းသည်) အလ္လာဟ်အသျှင်မြတ်ထံတော်မှ ကူညီစောင်မမှုပင် (ဖြစ်၍) လျင်မြန်စွာ အောင်နိုင်မှုကို ရရှိခြင်းပင် (ဖြစ်၏။ အထူးသဖြင့် နှစ်မြို့ဖွယ်ကောင်းလှသည်ဟူ၍ မိန့်တော်မူထားရခြင်းအကြောင်းမှာ လူသားသည် ဗီဇသဘာဝအရ လက်ငင်းအကျိုးကျေးဇူးတရားကို လိုလားတော်မူသောအတွက်ကြောင့် ဖြစ်ပေသည်။) ၎င်းပြင် (အို၊ နဗီတမန်တော်) အသင်သည် မုအ်မင်နှိသက်ဝင်ယုံကြည်သူတို့အား (ထိုအမှုကိစ္စ အလုံးစုံ၏) သတင်းကောင်း ပြောကြားပါလေ။ (သို့ရှိရာ အောင်မြင်မှုနှင့် အကူအညီ ရရှိခြင်း၏ ကြိုတင်ဟောကိန်း၏ အကောင်အထည်ပေါ်လာမှုသည် အစ္စလာမ့်သာသနာရေးဆိုင်ရာ အောင်မြင်မှုများကြောင့် ထင်ရှားလှပေသည်။)

(ရှေ့၌ ဟဇရသ်အီစာ ﷺ ၏ အဆွေခင်ပွန်းများအကြောင်းကို သတိပေးတော်မူကာ သာသနာအား ကူညီစောင်မခြင်း၏ တိုက်တွန်းနှိုးဆော်မှုကို ပြုထားပေသည်။) 'အို၊ မုအ်မင်နှိသက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မရ်ယမ်၏ သားတော် (နဗီတမန်တော်) အီစာက 'ဟဝါရီ' တို့အား ပြောကြားဘိသကဲ့သို့ပင် (ထိုဟဝါရီတို့သည် သူ့ခေတ်ကာလ၏ သာသနာတော်အား ကူညီခဲ့သောသူများ ဖြစ်ကြပေသည်။) အလ္လာဟ်အသျှင်မြတ် (၏ ဒီးန်သာသနာတော် သတ်မှတ်ထားသော နည်းလမ်းဖြစ်သည့် (ဝါ) 'ဂျီဟားဒ်' (သာသနာရေးစစ်ဆင်နွှဲခြင်း) ကို ကူညီသူများပင် ဖြစ်ကြလေကုန်။ (လူတို့သည် များပြားစွာ ဟဇရသ်အီစာ ﷺ အား ဆန့်ကျင်ဘက် ရန်သူများအဖြစ် ဖြစ်သွားကြသောအခါဝယ် မရ်ယမ်၏ သားတော် အီစာက (ထို) ဟဝါရီတို့အား) အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ ငါ့အား မည်သူများ ကူညီကြမည်နည်း) ဟု (ပြောကြားခဲ့ရာ) 'ဟဝါရီ' တို့က 'အလ္လာဟ်အသျှင်မြတ် (၏ ဒီးန်သာသနာတော်) ကို ကျွန်ုပ်တို့ ကူညီကြပါမည်'ဟု ပြောဆိုခဲ့ကြကုန်၏။ (သို့ဆိုလျှင် ဟာဝါရီများသည် သာသနာအား ဖြန့်ဖြူးရေးကိစ္စ၌ စွမ်းစွမ်းတမံ ကြိုးစားမှုကို ပြုခဲ့ကြပေသည်။) သို့ရှိရာ (ယင်းသို့ ကြိုးပမ်းမှုကို ပြုပြီးနောက်) အီစ်ရာအီးလ် မျိုးနွယ်ဝင်တို့အနက် လူတစ်စုမှာ သက်ဝင်ယုံကြည်ခဲ့ကြ၍ လူတစ်စုမှာမူ သွေဖည်ငြင်းပယ်ခဲ့ကြလေ၏။ တစ်ဖန် ထိုသူများတွင် ဘာသာရေး အယူဝါဒကွဲလွဲကာ ရန်သူများ ဖြစ်သွားကြပြီး ပြည်တွင်းစစ်များ ဖြစ်သွား၏။ (သို့မဟုတ်) ဘာသာရေးနှင့် ပတ်သက်၍ အငြင်းအခုံများ ဖြစ်ခဲ့ကြ၏။ ထိုအခါ ငါအသျှင်မြတ်သည် သက်ဝင်ယုံကြည်ခဲ့ကြသော သူတို့အား ၎င်းတို့၏ ရန်သူများအပေါ်၌

ကူညီစောင်မတော်မူခဲ့ပေရာ ၄င်းတို့မှာ အောင်နိုင်ခဲ့ကြကုန်သည်။ (ဤနည်းနှင်နှင့် အသင်တို့သည် မိုဟမ္မဒ်၏ ဒီးန်သာသနာတော်အတွက် ကြိုးပမ်းမှုနှင့် သာသနာရေးစစ်ပွဲကို ဆင်နွှဲကြကုန်။ အကယ်၍ ထိုပြည်တွင်းစစ်ကို ကာဖိရ်များဘက်မှ စတင်ပြုလုပ်လာပါမူ၊ ထိုသို့ အစပြုခြင်းကြောင့် အီစာအီဘာသာအတွင်း၌ 'ဂျီဟား'ဒ်' ပြုလုပ်ရန်သည် အရေးမကြီးပေ။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

تُؤْمِنُوْنَ بِاللهِ وَرَسُوْلِهٖ وَتُجَاهِدُوْنَ فِىْ سَبِيْلِ اللهِ بِاَمْوَالِكُمْ وَاَنْفُسِكُمْ

(အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အားလည်းကောင်း သက်ဝင်ယုံကြည်ကြရပေမည်။ ၄င်းပြင် အသင်တို့သည် မိမိတို့၏ ဥစ္စာပစ္စည်းများဖြင့်လည်းကောင်း၊ မိမိတို့၏ အသက်ဇီဝိန်များဖြင့်လည်းကောင်း အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သက်စွန့်ကြိုးပမ်းကြရပေမည်။) *[၆၁ : ၁၁]*

ဤအာယသ်တော်အတွင်း၌ အီမာန်၊ ပစ္စည်းဥစ္စာနှင့် အသက်ဇီဝိန်တို့ဖြင့် သက်စွန့်ကြိုးပမ်းခြင်းကို ရောင်းဝယ်ဖောက်ကားခြင်းဟူ၍ မိန့်ဆိုထားပေသည်။ အဘယ်ကြောင့်ဆိုသော် ရောင်းဝယ်ဖောက်ကားမှု၌ အချို့သော ပစ္စည်းများကို သုံးစွဲခြင်းနှင့် ကြိုးပမ်းမှု၏ အစား၌ အကျိုးအမြတ်များ ရရှိသကဲ့သို့ အီမာန်နှင့်အတူ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ အသက်ဇီဝိန်နှင့် ဥစ္စာပစ္စည်းတို့ကို သုံးစွဲရခြင်း၏ အစား၌ အလ္လာဟ်အသျှင်မြတ်၏ သဘောတူနှစ်မြို့မှုနှင့် နောင်တမလွန် 'အာခေရသ်'၏ ထာဝစဉ် စည်းစိမ်တော်များကို ရရှိမည်သာ ဖြစ်ပေသည်။ အကြင်အချက်၏အကြောင်း တင်ပြလျက်ရှိနေသော အာယသ်တော်၌ ဤသို့ တင်ပြထားပေသည်။ အကြင်သူသည် ဤကဲ့သို့သော ရောင်းဝယ်ဖောက်ကားမှုကို ပြုမည်ဆိုပါက အလ္လာဟ်အသျှင်မြတ်သည် ၄င်း၏ ပြစ်မှုဒုစရိုက်များကို ချမ်းသာပလပ်ခွင့် ပေးတော်မူပေလိမ့်မည်။ 'ဂျန္နသ်'၌ ၄င်းအား သန့်ရှင်း၊ ကောင်းမွန်သော ဌာနများနှင့် အိမ်များကို ချီးမြှင့်ပေးသနားတော်မူပေလိမ့်မည်။ အကြင်ဥယျာဉ်၊ ဌာနေ နားနေဆောင်များအတွင်း၌ အမျိုးမျိုးသော သက်တောင့်သက်သာဖြစ်စေသည့် စိမ်ခံပစ္စည်းများ ရှိပေလိမ့်မည်။ ပမာတင်ပြရမည်ဆိုသော် ဟဒီးစ်တော်၌ 'မစာကေ့နေ့သွိုင်ယိဗား'ကို အကျယ်ဖွင့်ဆိုရာ၌ အထက်ပါအချက်အလက်များကို တင်ပြထားပေသည်။ ရှေ့၌ နောင်တမလွန်၏ စည်းစိမ်တော်များနှင့်တကွ လောကီရေးရာ၏ စည်းစိမ်အချို့ကိုလည်း ပေးတော်မူမည်ဟု ကတိပြုထားတော်မူပေသည်။

وَاُخْرٰى تُحِبُّوْنَهَا نَصْرٌ مِّنَ اللهِ وَفَتْحٌ قَرِيْبٌ

(ထို့ပြင် အသင်တို့ နှစ်သက်ကြကုန်သော အခြားအကျိုးကျေးဇူးတစ်ပါးကိုလည်း ထိုအသျှင်မြတ်သည် အသင်တို့အား ချီးမြှင့်တော်မူပေမည်။ ယင်းသည် အလ္လာဟ်အသျှင်မြတ်ထံတော်မှ ကူညီစောင်မမှုပင်ဖြစ်၍ နီးကပ်စွာသော အောင်နိုင်မှုပင် ဖြစ်၏။) *[၆၁ : ၁၃]*

'အုခ်ရား'ဟူသော စကားလုံးသည် 'နေ့အ်မသ်'ဟူသော စကားလုံး၏ နာမဝိသေသနပုဒ် ဖြစ်ပေသည်။ အဓိပ္ပာယ်မှာ 'တမလွန် 'အာခေရသ်'၏ စည်းစိမ်တော်များနှင့် 'ဂျန္နသ်' ၏ အိမ်များသည် ရရှိမည်' ကို ဆိုလိုခြင်းဖြစ်၏။ ပမာဆိုရသော် ကတိလည်း ပြုထားပေသည်။ 'အလ္လာဟ်အသျှင်မြတ်၏ အကူအညီနှင့် ထိုအကူအညီကို အကြောင်းခံ၍ နီးစပ်စွာသော အောင်မြင်မှု (ဝါ) ရန်သူများ၏ တိုင်းပြည်နိုင်ငံများကို အောင်နိုင်ခြင်း' ဟူ၍ လက်ငင်းလောကီစည်းစိမ်ကိုလည်း ရရှိမည့်အရာ ဖြစ်ပေသည်။ ဤနေရာ၌ 'နီးကပ်စွာသော' ဟူသည့် စကားလုံးကို နောင်တမလွန် 'အာခေရသ်'နှင့် နှိုင်းယှဉ်၍ အသုံးပြုမည်ဆိုလျှင် နောင်လာမည့် ကာလ၌ အာရဗ်နှင့် အာရဗ်မဟုတ်သော အရပ်ဒေသများနှင့် အရပ်ဒေသမဟုတ်သော နေရာများအားလုံးကို အစ္စလာမ်သာသနာအနွယ်ဝင်တို့မှ အောင်မြင်စွာ တိုက်ခိုက် သိမ်းပိုက်နိုင်ခြင်း အချက်များအားလုံး ပါဝင်ပေသည်။ ထို 'နီးကပ်စွာသော'ဟူသည့် စကားလုံးကို အများသုံးဝေါဟာရဖြင့် အလိုသဘောကို ကောက်ယူမည် ဆိုလျှင် ယင်းအလိုသဘော၏ ပထမ အခြေခံ မှတ်ချက်သည် 'ခိုက်ဗရ်'ဒေသအား အောင်နိုင်ခြင်း ဖြစ်ပေသည်။ ထိုနီးကပ်စွာသော အောင်နိုင်မှုနှင့် စပ်လျဉ်း၍ تُحِبُّونَهَا (အသင်တို့ နှစ်သက်ကြကုန်သော အခြားအကျိုးကျေးဇူးတရား) ဟူ၍ မိန့်တော်မူထားပေသည်။ ဆိုလိုသည်မှာ ဤသို့ လက်ငင်းချီးမြှင့်တော်မူမည်ဖြစ်သော 'နေ့အ်မသ်'စည်းစိမ်တော်သည် အသင်တို့အဖို့လည်း နှစ်မြို့ဖွယ်ရာ ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် လူသားတို့သည် ဗီဇသဘာဝအရပင် အလျင်စလိုဖြစ်ပေါ်မှုကို လိုလားနှစ်သက်ကြပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၌

وَكَانَ الْاِنْسَانُ عَجُوْلًا

(စင်စစ်မှာမူ လူသားတို့သည် သဘာဝအလျောက်ပင် အလွန် အလျင်လိုသူများ ဖြစ်ကြကုန်သည်)
[၁၇ : ၁၁]

ဟူ၍ မိန့်တော်မူထားပေသည်။ အထက်ပါ ရှင်းလင်းတင်ပြချက်သည် 'နောင်တမလွန် 'အာခေရသ်' ၏ စည်းစိမ်တော်များကို ၄င်းသည် မနှစ်မြို့ပေသည်'ဟူသော သဘောပေါက် မှတ်ယူရမည့်အချက်မျိုးမဟုတ်ပေ။ သို့သာမက အလိုသဘောမှာ ဤသို့တည်း။ နောင်တမလွန် 'အာခေရသ်'၏ စည်းစိမ်တော်များအား တပ်မက်ချစ်ခင်မှုရှိခြင်းမှာ ထင်ရှားလှပေသည်။ သို့ရာတွင် ဗီဇသဘာဝအရ အချို့လက်ငင်း စည်းစိမ်တော်များ လောက၌လည်း ရရှိရန်ကို အသင်တို့သည် နှစ်မြို့ကြကုန်၏။ ထိုအရာသည်လည်း ချီးမြှင့်ခြင်းခံရမည်ဖြစ်ပေသည်။

كَمَا قَالَ عِيْسَى ابْنُ مَرْيَمَ لِلْحَوَارِيِّيْنَ مَنْ اَنْصَارِيْ اِلَى اللهِ

(မရ်ယမ်၏ သားတော်အီစာက ဟဝါရီတို့အား 'အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ ငါ့အား မည်သူ ကူညီကြမည်နည်း'ဟု ပြောကြားခဲ့ရာ။) *[၆၁ : ၁၄]*

'ဟဝါရီယင်းန်'ဟူသော စကားလုံးသည် ဟဝါရီဟူသော စကားလုံး၏ အများကိန်း ဖြစ်ပေသည်။ အဓိပ္ပာယ်မှာ 'ပြစ်ချက်တိုင်းမှ ကင်းစင်ကာ စိတ်စေတနာဖြူစင်သော မိတ်ဆွေ' ဟူ၍ ရ၏။ (ဖိုဟ်ရီသခင်ကြီးထံမှ ရူးဟ်) ထို့ကြောင့် ဟဇရသ်အီစာ ﷺ အပေါ် အီမာန်ရယူထားကြသော သူတို့ကို 'ဟဝါရီ' ဟူ၍ ခေါ်ဆိုကြပေသည်။ ပမာဆိုရသော် ထိုသူ (၁၂) ဦးရှိကြောင်း စူရာဟ် 'အားလေ့အင်မ်ရားန်'၌ တင်ပြထားပြီး ဖြစ်ပေသည်။ ဤအာယသ်တော်၌ ဟဇရသ်အီစာ ﷺ ၏ ခေတ်ကာလရှိ ဖြစ်စဉ်တစ်ရပ်အား တင်ပြကာ မွတ်စ္စလင်မ်များကို 'အလ္လာဟ်အသျှင်မြတ်၏ ဒီးန်သာသနာတော်အတွက် အသင့်ပြင်ကြရန်' တိုက်တွန်းမှုကို ပြုထားပေသည်။ ပမာဆိုရသော် ဟဇရသ်အီစာ ﷺ သည် ရန်သူများ၏ ဒုက္ခပေးမှုမှ စိတ်ကြပ်တည်း ကျဉ်းမြောင်းလာပါမူ လူတို့အား

مَنْ اَنْصَارِىْ اِلَى اللّٰهِ

(အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ ငါ့အား မည်သူများ ကူညီကြမည်နည်း။) *[၆၁ : ၁၄]*

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ဒီးန်သာသနာအား ဖြန့်ဖြူးမှုပြုရာ၌ 'မည်သူ ကျွန်ုပ်အား ကူညီမည်နည်း'ဟူ၍ ပြောကြားရာ လူ (၁၂) ဦးမှ ခံဝန်ကတိ ပဋိညာဉ်ကို ပြုကာ အီစာအီ သာသနာအား ဖြန့်ဖြူးရာ၌ အဆုံးသတ်ထိတိုင် အလုပ်အကျွေးပြုစုမှုကို ပြုခဲ့ပေသည်။ သို့ရှိရာ 'အလ္လာဟ်အသျှင်မြတ်၏ ဒီးန်သာသနာအား ကူညီမည့်သူများ' မွတ်စ္စလင်မ်တို့အဖို့လည်း ဖြစ်သင့်ပေသည်။

ဆွဟာဗာသာဝကကြီးများ အားလုံးသည် ထိုအမိန့်အား 'အတိတ်ခေတ် မျိုးနွယ်အုပ်စုများ၌ စံထိုး၍ မရရှိလောက်အောင် နာခံမှုပြုထားကြောင်း ဖော်ပြထားပေသည်။ တမန်တော်မြတ် ﷺ အား ကူညီမှုနှင့် သာသနာကို ထောက်ရှုကာ အာရဗ်ဟုတ်သူ၊ မဟုတ်သူ အားလုံးတို့၏ထံမှ ရန်ငြိုးမှုကို ဝယ်ယူပြီး ၄င်းတို့၏ ဘက်မှ ပေးသော ဒုက္ခများကို ခံစားကာ မိမိတို့၏ အသက်ဇီဝိန်၊ ဥစ္စာပစ္စည်းနှင့် သားသမီးအားလုံးကို ထိုအချက်အပေါ် ပေးကမ်းစွန့်လှူမှုကို ပြုခဲ့ပေသည်။ နောက်ဆုံး အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကူညီမှုနှင့် အောင်မြင်မှုကို ချီးမြှင့် ပေးသနားတော်မူခဲ့ပေသည်။ အားလုံးသော ရန်သူတို့အပေါ် လွှမ်းမိုးအောင်နိုင်မှုကို ချီးမြှင့်၍ ၄င်းတို့၏ တိုင်းပြည်နိုင်ငံများကို မွတ်စ္စလင်မ်တို့၏ လက်ဝယ်အတွင်းဝယ် ထည့်သွင်းပေး၍ လောကီရေးရာ၏ စိုးမိုးအုပ်ချုပ်မှုကိုလည်း ချီးမြှင့်ပေးသနားတော်မူလိုက်ပေသည်။

فَاٰمَنَتْ طَّآئِفَةٌ مِّنْ بَنِىْٓ اِسْرَآئِيْلَ وَكَفَرَتْ طَّآئِفَةٌ فَاَيَّدْنَا الَّذِيْنَ

اٰمَنُوْا عَلٰى عَدُوِّهِمْ فَاَصْبَحُوْا ظٰهِرِيْنَ

(ထို့နောက် အီစ်ရာအီးလ်မျိုးနွယ်ဝင်တို့အနက် လူတစ်စုမှာ သက်ဝင်ယုံကြည်ခဲ့ကြ၍ လူတစ်စုမှာမူ သွေဖည်ငြင်းပယ်ခဲ့ကြလေ၏။ ထိုအခါ ငါအသျှင်မြတ်သည် သက်ဝင်ယုံကြည်ခဲ့ကြသော သူတို့အား ၄င်းတို့၏ ရန်သူများအပေါ်၌ ကူညီစောင်မတော်မူခဲ့ပေရာ ၄င်းတို့မှ အောင်နိုင်ခဲ့ကြကုန်သည်။)*[၆၁ : ၁၄]*

အီစာအီများ၏ အဖွဲ့ (၃) ဖွဲ့

ဗဂဝီသခင်ကြီးသည် ဤအာယသ်တော်အား အကျယ်ဖွင့်ဆိုရာ၌ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်နိ အဗ္ဗားစ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ထားပေသည်။ ဟဇရသ်အီစာ ﷺ အား မိုးကောင်းကင်ပေါ်သို့ ခေါ်ဆောင်တော်မူသွားသောအခါ အီစာအီများ၌ အဖွဲ့ (၃) ဖွဲ့ ကွဲသွားပေသည်။ အဖွဲ့တစ်ဖွဲ့က 'ငှင်းကိုယ်တော်တိုင် သည်ပင်လျှင် အလ္လာဟ်အသျှင်မြတ်ဖြစ်ရာ မိုးကောင်းကင်သို့ ပြန်လည်ကြွမြန်းသွားတော်မူခြင်း ဖြစ်ပေသည်' ဟူ၍ ပြောဆိုကြပေသည်။ ဒုတိယအဖွဲ့က 'ငှင်းသည် အလ္လာဟ်အသျှင်တော့ မဟုတ်။ အလ္လာဟ် အသျှင်၏ သားတော် ဖြစ်ပေသည်။ အသျှင်အလ္လာဟ်သည် ပြန်လည်၍ ခေါ်ဆောင်တော်မူကာ ရန်သူများ အပေါ် အသာစီးပေးတော်မူလိုက်ပေသည်' ဟူ၍ ပြောဆိုကြပေသည်။ တတိယအဖွဲ့က 'ငှင်းသည် အလ္လာဟ် အသျှင်မြတ်လည်းမဟုတ်၊ အလ္လာဟ်အသျှင်မြတ်၏ သားတော်လည်း မဟုတ်။ သို့သာမက အလ္လာဟ်အသျှင် မြတ်၏ ကျေးကျွန်နှင့် ထိုအသျှင်မြတ်၏ ဘက်တော်မှ စေလွှတ်ထားတော်မူသော ရစူလ်တမန်တော်မြတ် ဖြစ်တော်မူပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ငှင်းအား ရန်သူများ၏ ရန်မှ ကယ်တင်တော်မူကာ မြင့်မား သော အဆင့်အတန်းအား ချီးမြှင့်ပေးသနားတော်မူရန်အတွက် ခေါ်ယူတော်မူသွားပေသည်' ဟူ၍ မှန်ကန် သော စကားကို ပြောဆိုကြပေသည်။ ဤသူတို့သည် မှန်ကန်သော မုအ်မင်နီများ ဖြစ်ကြပေသည်။ အဖွဲ့ (၃) ဖွဲ့ စလုံးနှင့်အတူ အများပြည်သူတို့သည် အနည်းနှင့်အများမဆို အတူပါဝင်သွားကြကာ အချင်းချင်း ကြား ရှုပ်ထွေးပွေလီမှုများဖြစ်ကာ သတ်ဖြတ်တိုက်ခိုက်လာကြသော အဆင့်အထိ ရောက်ရှိလာကြပေသည်။ မမျှော်လင့်ဘဲ ကာဖိရ်အဖွဲ့နှစ်ဖွဲ့သည် မုအ်မင်နီတို့အပေါ် လွှမ်းမိုးအောင်မြင်လာကြပေသည်။ အလ္လာဟ် အသျှင်မြတ်သည် နောက်ဆုံးနဗီတမန်တော်မြတ် ﷺ အား စေလွှတ်တော်မူသည့် အချိန်ကာလထိတိုင် ငှင်း တို့သည် လွှမ်းမိုးအောင်မြင်လျက် ရှိနေပေသည်။ ဤသို့ နောက်ဆုံး နဗီတမန်တော်မြတ် ﷺ သည် ထို မုအ်မင်နီအဖွဲ့အား သက်သေအထောက်အထားအရ လွှမ်းမိုးအောင်နိုင်မှုကို ချီးမြှင့်ခဲ့ပေသည်။

[မဇ္ဟရီ]

ထိုအကျယ်ဖွင့်ဆိုချက်နှင့်အညီ اَلَّذِيۡنَ اٰمَنُوۡا (အီမာန်သက်ဝင် ယုံကြည်သူအပေါင်း) ၏ အလို သဘောသည် ဟဇရသ်အီစာ ﷺ ၏ အုမ္မသ် (နောက်လိုက်ထု) အတွင်း၌ရှိသော မုအ်မင်နီများဖြစ်ကြ ပေရာ အကြင်သူတို့သည် နောက်ဆုံး နဗီတမန်တော်မြတ် ﷺ ၏ ကူညီစောင်မတော်မူခြင်းကြောင့် အကူ အညီရရှိပြီးသူနှင့် အောင်မြင်သောသူများ ဖြစ်သွားကြပေသည်။ *[မဇ္ဟရီ]*

အချို့သော အာလင်မ်ပညာရှင်များက ဤသို့ အမိန့်ရှိထားကြပေသည်။ ဟဇရသ်အီစာ ﷺ မိုး ကောင်းကင်သို့ ကြွမြန်းသွားပြီးသည့်နောက် အီစာအီမျိုးနွယ်အုပ်စုကြားဝယ် အဖွဲ့နှစ်ဖွဲ့ ကွဲသွားပေသည်။ တစ်ဖွဲ့သည် ဟဇရသ်အီစာ ﷺ အား အလ္လာဟ် (သို့မဟုတ်) အလ္လာဟ်၏ သားဟူ၍ သတ်မှတ်ကာ မုရှ်ရစ်က် ဖြစ်သွားကြပေသည်။ တစ်ဖွဲ့သည် မှန်ကန်သော သာသနာအပေါ်၌ တည်ရှိနေပေသည်။ ထိုဟဇရသ် အီစာ ﷺ ကို အလ္လာဟ်အသျှင်မြတ်၏ ကျေးကျွန်နှင့် ရစူလ်တမန်တော်ဟူ၍ ပြောဆိုကြပေသည်။ တစ်ဖန်

ထိုမုရ်ရှစ်က်နှင့် မုအ်မင်န်တို့၏ ကြားဝယ် စစ်ဖြစ်သွားပါမူ အလ္လာဟ်အသျှင်မြတ်သည် ဟဇရသ်အီစာ ﷺ ၏ မုအ်မင်န်အုမ္မသ်တို့ကို ၎င်း၏ ကာဖိရ်အုမ္မသ်အပေါ်ဝယ် လွှမ်းမိုးအောင်နိုင်စေတော်မူလိုက်ပေသည်။ သို့ရာတွင် ဟဇရသ်အီစာ ﷺ ၏ သာသနာ၌ စစ်မက်ယှဉ်ပြိုင် တိုက်ခိုက်ခြင်း၏ အမိန့်မရှိခြင်းသည် ထင်ရှားသည့်အတွက်ကြောင့် မုအ်မင်န်များ၏ ယှဉ်ပြိုင်တိုက်ခိုက်ခြင်းကို ဝေးကွာလှစွာသော အချက်ဟူ၍ မှတ်ယူသိရှိရပေသည်။ *[ရူဟုလ်မအာနီကျမ်း]*

သို့ရာတွင် အထက်၌ ရေးသားထားသော အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်၌ ထိုအချက်၏ အဖြေဘက်သို့ ညွှန်ပြထားပေသည်။ ဖြစ်နိုင်ချေရှိသော အချက်မှာ စစ်အား စတင်ဖန်တီးသော သူတို့သည် နစ္စရာနီကာဖိရ်များ၏ဘက်မှ ဖြစ်၍ မုအ်မင်န်တို့သည် မလွှဲမရှောင်သာ ကာကွယ်ရန် အခြေအနေသို့ ရောက်ရှိပေရာ ဤသည် စစ်မက်ယှဉ်ပြိုင်တိုက်ခိုက်ခြင်း၏ အမိန့်၌ မပါဝင်တော့ပေ။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရာဟ်ဂျုမ္မုအဟ်

သောကြာနေ့ (စုရုံးခြင်း) ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

يُسَبِّحُ لِلّٰهِ مَا فِي السَّمٰوٰتِ وَمَا فِي الْأَرْضِ الْمَلِكِ الْقُدُّوْسِ الْعَزِيْزِ الْحَكِيْمِ ①

၆၂ း ၁ ။ ။ မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိသမျှတို့သည် စိုးမိုးအုပ်ချုပ်တော်မူသော၊ သန့်ရှင်းစင်ကြယ် အပြစ်ကင်းတော်မူသော၊ အလွန်တရာ ခံ့ညားတော်မူသော၊ လွန်စွာ နူးညံ့သိမ်မွေ့တော်မူသော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုလျက် ရှိကြကုန်၏။

هُوَ الَّذِي بَعَثَ فِي الْأُمِّيِّينَ رَسُولًا مِّنْهُمْ يَتْلُوا عَلَيْهِمْ آيَاتِهِ
وَيُزَكِّيهِمْ وَيُعَلِّمُهُمُ الْكِتَابَ وَالْحِكْمَةَ وَإِن كَانُوا مِن قَبْلُ لَفِي ضَلَالٍ مُّبِينٍ ②

၆၂ : ၂ ။ ။ ထိုအသျှင်မြတ်သည်ပင် စာပေမတတ်သော သူတို့ထံ၊ ၎င်းတို့အနက်မှပင် ရဆူလ်တမန်တော်တစ်ပါးကို စေလွှတ်တော်မူခဲ့၏။ ထိုရဆူလ်တမန်တော်သည် ၎င်းတို့ရှေ့ဝယ် ထိုအသျှင်မြတ်၏ အာယသ်တော်များကို ဖတ်ကြားလေ၏။ ထို့ပြင် ၎င်းတို့အား သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်လေ၏။ ၎င်းပြင် ထိုသူတို့အား ကျမ်းဂန်ကိုလည်းကောင်း၊ ဉာဏ်ပညာကိုလည်းကောင်း သင်ကြားပို့ချလေ၏။ စင်စစ် ၎င်းတို့သည် ယခင်က ထင်ရှားစွာသော လမ်းမှားမှု၌ပင် ရှိနေခဲ့ကြကုန်၏။

وَآخَرِينَ مِنْهُمْ لَمَّا يَلْحَقُوا بِهِمْ ۚ وَهُوَ الْعَزِيزُ الْحَكِيمُ ③

၆၂ : ၃ ။ ။ ထို့ပြင် (ထိုအသျှင်မြတ်သည်) ၎င်းတို့အနက်မှ ၎င်းတို့နှင့် လာရောက်ပူးပေါင်းခြင်း မရှိကြသေးသော သူတို့အဖို့လည်း (ထိုရဆူလ်တမန်တော်အား စေလွှတ်တော်မူခဲ့၏။) စင်စစ် ထိုအသျှင်မြတ်သည် လွန်စွာ ခံ့ညားတော်မူသော အသျှင်၊ လွန်စွာ နူးညံ့သိမ်မွေ့တော်မူသော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ်ပင် (ဖြစ်၏။)

ذَٰلِكَ فَضْلُ اللَّهِ يُؤْتِيهِ مَن يَشَاءُ ۚ وَاللَّهُ ذُو الْفَضْلِ الْعَظِيمِ ④

၆၂ : ၄ ။ ။ ထိုသည် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်ပင် (ဖြစ်၏။) ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား ယင်းကျေးဇူးတော်ကို ချီးမြှင့်ပေးသနားတော်မူ၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ကြီးကျယ်သော ကျေးဇူးတော်ကို ပိုင်ဆိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

مَثَلُ الَّذِينَ حُمِّلُوا التَّوْرَاةَ ثُمَّ لَمْ يَحْمِلُوهَا كَمَثَلِ الْحِمَارِ يَحْمِلُ أَسْفَارًا ۚ
بِئْسَ مَثَلُ الْقَوْمِ الَّذِينَ كَذَّبُوا بِآيَاتِ اللَّهِ ۚ وَاللَّهُ لَا يَهْدِي الْقَوْمَ الظَّالِمِينَ ⑤

၆၂ : ၅ ။ ။ 'သောင်ရားသ်' ကျမ်းတော်နှင့် စပ်လျဉ်း၍ တာဝန်ပေးခြင်းကို ခံခဲ့ကြရပြီးနောက်၊ ယင်း (သောင်ရားသ်) ကျမ်းတော်ကို (တာဝန်ကျေပွန်စွာ) ထမ်းဆောင်ခြင်း မရှိခဲ့ကြသော သူတို့၏ ဥပမာသည် ကျမ်းစာအုပ်များကို တင်ဆောင်လျက် ရှိသော မြည်းတိရစ္ဆာန်၏ ဥပမာကဲ့သို့ပင် (ဖြစ်၏။) အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြလေသလော လူမျိုး၏ ဥပမာသည် လွန်စွာ ယုတ်ညံ့လှပေ၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မတရားသော သူတို့အား တရားလမ်းမှန်သို့ ပို့ပေးတော်မူသည် မဟုတ်ပေ။

قُلْ يَا أَيُّهَا الَّذِينَ هَادُوا إِن زَعَمْتُمْ أَنَّكُمْ أَوْلِيَاءُ لِلَّهِ مِن دُونِ النَّاسِ فَتَمَنَّوُا الْمَوْتَ إِن كُنتُمْ صَادِقِينَ ⑥

၆၂ : ၆ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ 'အို၊ ယဟူဒီဖြစ်ကြသောသူတို့၊ အကယ်၍ အသင်တို့သည် အခြားသူများမပါဘဲ၊ မိမိတို့သည်သာလျှင် အလ္လာဟ်အသျှင်မြတ်၏ အချစ်တော်များ ဖြစ်ကြသည်ဟု ထင်မှတ်

ကြလျှင် အကယ်၍ အသင်တို့သည် (ယင်းသို့ ထင်မှတ်ပြောဆိုရာ၌) သစ္စာဝါဒီများ ဖြစ်ကြလျှင်၊ သေခြင်းတရားကို တောင့်တ ဆန္ဒပြုကြလေကုန်။'

وَلَا يَتَمَنَّوْنَهُ أَبَدًا بِمَا قَدَّمَتْ أَيْدِيهِمْ ۚ وَاللَّهُ عَلِيمٌ بِالظَّالِمِينَ ۝٧

၆၂ : ၇ ။ ။ သို့ရာတွင် ၎င်းတို့သည် မိမိတို့၏ လက်များက ကြိုတင်ပို့နှင့်ခဲ့သော အကျင့်အမူတို့ကြောင့်၊ ယင်းသေခြင်းတရားကို မည်သည့်အခါမျှပင် တောင့်တ ဆန္ဒပြုကြမည် မဟုတ်ပြီ။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မတရားသော သူတို့အား ကောင်းစွာ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

قُلْ إِنَّ الْمَوْتَ الَّذِي تَفِرُّونَ مِنْهُ فَإِنَّهُ مُلَاقِيكُمْ ۖ ثُمَّ تُرَدُّونَ
إِلَىٰ عَالِمِ الْغَيْبِ وَالشَّهَادَةِ فَيُنَبِّئُكُمْ بِمَا كُنْتُمْ تَعْمَلُونَ ۝٨

၆၂ : ၈ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) အသင်တို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိသော သေခြင်းတရားသည် ဧကန်မလွဲ အသင်တို့နှင့် တွေ့ဆုံမည်ပင် ဖြစ်၏။ ထို့နောက် အသင်တို့သည် လျှို့ဝှက်စွာရှိသည်တို့ကိုလည်းကောင်း၊ ထင်ရှားစွာ ရှိသည်တို့ကိုလည်းကောင်း အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ်ထံတော်သို့ ပြန်လည် ရောက်စေခြင်းကို ခံကြရပေမည်။ ထိုအခါ ထိုအသျှင်မြတ်သည် အသင်တို့အား အသင်တို့ ကျင့်မူခဲ့ကြသည်တို့ကို သိစေတော်မူမည် ဖြစ်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိသမျှတို့သည် (နှုတ်လျှာဖြင့်သော်လည်းကောင်း၊ (သို့မဟုတ်) အခြေအနေ၊ ပုံပန်းသဏ္ဌာန်အရသော်လည်းကောင်း) စိုးမိုးအုပ်ချုပ်တော်မူသော၊ (ချို့တဲ့ချွတ်ယွင်းခြင်းများမှ) သန့်ရှင်းစင်ကြယ် အပြစ်ကင်းတော်မူသော၊ အလွန်ခန့်ညားတော်မူသော၊ လွန်စွာ နူးညံ့သိမ်မွေ့တော်မူသော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို ချွက်ဆိုလျက် ရှိကြကုန်၏။

ထိုအသျှင်မြတ်သည်ပင် စာပေမတတ်သောသူ (အာရဗ်) တို့ထံ (၎င်းတို့အာရဗ်မျိုးနွယ်) မှပင် ရစူလ်တမန်တော်တစ်ပါးကို စေလွှတ်တော်မူခဲ့၏။ ထိုရစူလ်တမန်တော်သည် ၎င်းတို့ရှေ့ဝယ် ထိုအသျှင်မြတ်၏ အာယသ်တော်များကို ဖတ်ကြားပြလေ၏။ ထို့ပြင် ၎င်းတို့အား (မှားယွင်းသော ခံယူချက်များနှင့် ဝလေ့ဆိုးတို့မှ) သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ပေးလေ၏။ ၎င်းပြင် ထိုသူတို့အား ကျမ်းဂန်ကိုလည်းကောင်း၊ ဉာဏ် ပညာကိုလည်းကောင်း (အကြင်ဉာဏ်ပညာဆိုရာ၌ သာသနာရေးဆိုင်ရာ အရေးကြီးသော 'အီလ်မ်' အသိပညာများအားလုံး ပါဝင်ပေသည်။) သင်ကြားပို့ချလေ၏။ စင်စစ် ၎င်းတို့သည် (တမန်တော်မပွင့်ပေါ်မီ) ယခင်က ထင်ရှားစွာသော လမ်းမှားမှု၌ပင် ရှိနေခဲ့ကြကုန်၏။ (ဆိုလိုသည်မှာ 'ကုဖွရ်' သွေဖည်ငြင်းဆိုမှုနှင့်

'ရှရစ်က်'တဖက်နှိုင်းယှဉ်မှုတို့၌ နစ်မွန်းလျက်ရှိကြကုန်၏။ အလိုသဘောမှာ အများစုဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် အမိုက်ခေတ်၌လည်း အချို့သောသူတို့သည် တစ်ပါးတည်း တည်ရှိခြင်းကို ယုံကြည်လက်ခံကြသောသူများ ဖြစ်ပေသည်။ သို့ရာတွင် တရားလမ်းမှန်တရား ပြီးပြည့်စုံ စွာ ရရှိရာ ၎င်းတို့သည်လည်း အလွန် ချီးမွမ်းထောပနာပြုသောသူများ ဖြစ်ကြပေသည်။)

ထို့ပြင် (ဤတည်ရှိနေသော သူများအပြင်) ၎င်းတို့အနက်မှ (အစ္စလာမ်သာသနာကို လက်ခံကာ) ၎င်းတို့နှင့် လာရောက်ပူးပေါင်းခြင်း မရှိကြသေးသော (တည်ရှိကာ သို့ရာတွင် အစ္စလာမ်သာသနာကို လက်မခံသေးသည့် အကြောင်းကြောင့်သောလည်းကောင်း၊ (သို့မဟုတ်) ယခုအချိန်အထိတိုင် မမွေးဖွား လာသေးသည့် အကြောင်းကြောင့်သော်လည်းကောင်း၊ ထိုလူတန်းများအတွင်း၌ 'ကေယာမသ်' နေ့ထိတိုင် ပေါ်ပေါက်လာမည်ဖြစ်သော အာရဗ်ဟုတ်သူ၊ မဟုတ်သူအားလုံး ပါဝင်ပေသည်။ ထို့ကြောင့် مِنْهُمْ '၎င်းတို့အနက်မှ' ဟူ၍ မိန့်တော်မူထားခြင်း ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် မွတ်စ္စလင်မ်သည် အစ္စလာမ်၏ ဆက်နွယ်မှုအားလုံး၌ တစလမ်းစဉ်၊ တစ်သွေးတစ်သားတည်း ဖြစ်ပေသည်။ ခါဇင်ကျမ်း၌ ဤအတိုင်း တင်ပြထားပေသည်။) စင်စစ် ထိုအသျှင်မြတ်သည် လွန်စွာ ခံ့ညားတော်မူသော အသျှင်၊ လွန်စွာ နူးညံ့သိမ်မွေ့တော်မူသော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ်ပင် (ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မိမိ၏ တန်ခိုးတော်၊ အမြော်အမြင်တော်ဖြင့် ဤကဲ့သို့သော နဗီတမန်တော်ကို စေလွှတ်ထားတော်မူပေသည်။ ပထမအာယသ်တော်အတွင်း၌ ထိုအသျှင်မြတ်၏ ဇာတိတော်အဖို့ ထိုဂုဏ် တော်များအား အတည်ပြုပေးရန် ရည်ရွယ်ချက်ပင် ဖြစ်ပေသည်။ သို့ရှိရာ ထပ်ခါတလဲလဲ တင်ပြထားခြင်း အချက်သည် မကျန်ရှိတော့ပေ။)

ထိုသည် (ရစူလ်တမန်တော်အား အကြောင်းခံ၍ လမ်းလွဲလမ်းများခြင်းမှ ထုတ်ကာ ကျမ်းဂန်၊ အမြော်အမြင်နှင့် လမ်းမှန်တရား၏ ဘက်သို့ ရောက်ရှိလာခြင်းသည်) အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူး တော်ပင် (ဖြစ်၏။) ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား ယင်းကျေးဇူးတော်ကို ချီးမြှင့်ပေး သနားတော်မူ၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ကြီးကျယ်သော ကျေးဇူးတော်ကို ပိုင်ဆိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ (အကယ်၍ အားလုံးကို ထိုလမ်းမှန်တရား ချီးမြှင့်မည်ဆိုပါကလည်း ကျယ်ဝန်းလှစွာ ချီးမြှင့်နိုင်စွမ်း ရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ သို့ရာတွင် ထိုအသျှင်မြတ် သည် မိမိ၏ အမြော်အမြင်တော်ဖြင့် လိုလားတော်မူသော သူကို အကန်းအဖြစ် ထားတော်မူပေသည်။ ပမာဆိုရသော် အထက်၌ စာမတတ်သူများ၊ အီမာန်ရယူခြင်းဖြင့်သော်လည်းကောင်း၊ တင်ပြလျက်ရှိသော အာယသ်တော်အတွင်း၌ ယဟူဒီအာလင်မ်များ အီမာန်မရယူခြင်းဖြင့်သော်လည်းကောင်း ဤအမှုကိစ္စသည် ရှင်းလင်းလှပေသည်။)

(ရှေ့၌ ရစူလ်တမန်တော်၏ ရစူလ်တမန်တော်ဖြစ်ခြင်းကို ငြင်းဆိုသောသူများ၏ ဆိုးရွားသော အကြောင်းကို တင်ပြထားပေသည်။) 'သောင်ရားသ်'ကျမ်းတော်နှင့် စပ်လျဉ်း၍ တာဝန်ပေးခြင်းကို ခံခဲ့ကြရ

ပြီးနောက်၊ ယင်း (သောင်ရားသ်) ကျမ်းတော်ကို (တာဝန်ကျေပွန်စွာ) ထမ်းဆောင်ခြင်း မရှိခဲ့ကြသော သူတို့၏ ဥပမာသည် ကျမ်းစာအုပ်များကို တင်ဆောင်လျက်ရှိသော မြည်းတိရစ္ဆာန်၏ ပမာကဲ့သို့ပင် (ဖြစ်၏။ သို့ရာတွင် ထိုကျမ်းစာအုပ်များ၏ အကျိုးတရားမှ ၎င်းတို့သည် လက်မဲ့ဖြစ်၍ နေပေသည်။ ဤကဲ့သို့ပင် အဓိကရည်ရွယ်ချက်နှင့် အကျိုးပြုသော 'အိလ်မ်' (အသိပညာ) မှာ 'အမလ်'ကျင့်ကြံ ဆောက်တည်မှု) ပင် ဖြစ်သည်။ ယင်းအချက်မပါရှိဘဲ 'အိလ်မ်' (အသိပညာ) အား အလွတ်ကျက်မှတ် ရယူခြင်းသည် အချည်းအနှီးသာ ဖြစ်၍ အထက်တင်ပြပါ ဥပမာကဲ့သို့ပင် ဖြစ်သွားပေ၏၊ မြည်းတိရစ္ဆာန် ဦးနှောက်တွေးခေါ်မှုစွမ်းအား မရှိခြင်းသည် ထင်ရှားကျော်ကြားခြင်း ဖြစ်ပေသည်။ သို့ရှိရာ ထိုပုံဆောင်ပြ နိုင်းနှိုင်းမှုသည် သာပို၍ပင် မုန်းတီးရွံရှာမှု ဖြစ်ပေါ်သွားပေသည်။ အချုပ်ဆိုရသော်) အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြလေသလော (ယဟူဒီကဲ့သို့သော) လူမျိုးတို့၏ ဥပမာသည် လွန်စွာ ယုတ်ညံ့လှပေ၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မတရားသော သူတို့အား တရားလမ်းမှန်သို့ ပို့ဆောင်ပေးတော်မူသည် မဟုတ်ပေ။

(အာဘယ်ကြောင့်ဆိုသော် သိနားလည်ပါလျက်နှင့် ရန်ငြိုးမှုတရားကို ထားရှိကြပေသည်။ အကယ်၍ လမ်းမှန်တရား ရရှိသွားမည်ဆိုပါကလည်း ထို့နောက်ပိုင်း၌ ၎င်းရန်ငြိုးသည် ဖြစ်ပေါ်လာမည် ဖြစ်ပေမည်။ 'သောင်ရားသ်'ကျမ်းအပေါ် လိုက်နာခြင်း၏ အရေးကြီးသော အချက်များမှ အချက်တစ်ရပ်မှာ တင်ပြပါ အမိန့်ကဲ့သို့ပင် တမန်တော်မြတ် ﷺ အပေါ် အီမာန်ယူဆောင်ခြင်းသည်လည်း ပါဝင်ပေသည်။ သို့ရှိရာ အီမာန်ကို မရရှိခြင်းသည် 'သောင်ရားသ်'ကျမ်းလာ ကျင့်ကြံမှုများအား မုချ စွန့်လွှတ်လိုက်ခြင်းပင် ဖြစ်ပေသည်။ အကယ်၍ ဤသူတို့သည် 'ဤအခြေအနေ၌ ကျွန်ုပ်တို့ တည်ရှိနေလင့်ကစား အလ္လာဟ်အသျှင်မြတ် လက်ခံသောသူများ ဖြစ်ကြသည်'ဟူ၍ ပြောဆိုကြပါမူ။ အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။ 'အို၊ ယဟူဒီဖြစ်ကြသောသူတို့၊ အကယ်၍ အသင်တို့သည် အခြားသူများမပါဘဲ၊ မိမိတို့သည်သာလျှင် အလ္လာဟ်အသျှင်မြတ်၏ အချစ်တော် (နှစ်မြို့ခြင်းခံရသူများ) ဖြစ်ကြသည်ဟု ထင်မှတ်ကြလျှင် အသင်တို့သည် (ယင်းသို့ ထင်မှတ်ပြောဆိုရာ၌) သစ္စာဝါဒီများ ဖြစ်ကြပါလျှင်၊ (အနည်းငယ်) သေခြင်းတရားကို တောင့်တ ဆန္ဒပြုကြလေကုန်။ (ပြသကြလေကုန်။)'

(တစ်ပြိုင်နက်တည်းမှာပင် ကျွန်ုပ်တို့ ပြောဆိုနိုင်မည် ဖြစ်သည်မှာ) သို့ရာတွင် ၎င်းတို့သည် မိမိတို့၏ လက်များက ကြိုတင်ပို့နှင့်ခဲ့သော (ကုဖွ်ရ်တည်းဟူသော) အကျင့်အမူတို့ကြောင့် (ပြစ်ဒဏ်ကို ကြောက်ရွံ့စွာဖြင့်) ယင်းသေခြင်းတရားကို မည်သည့်အခါမျှပင် (သီးသန့် ကြွေးကြော်မှုဖြင့်) တောင့်တ ဆန္ဒပြုကြမည် မဟုတ်ပေ။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မတရားသော သူတို့ (၏ အခြေအနေ) အား ကောင်းစွာ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ (အမှုစစ်ဆေးရန် အချိန်ရောက်ရှိလာသော အခါဝယ် တစ်ဦးချင်း၏ ခံဝန်ချက်နှင့် ပြစ်ချက်ကို ကြားနာကာ ဒဏ်ခတ်ရန် အမိန့်ပေးတော်မူပေလိမ့်မည်။) ထိုပြစ်ဒဏ်ပေးခြင်း၏ ကတိကို လေးနက်စေရန်အတွက် (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။ (အချင်းတို့) အသင်တို့ ထွက်ပြေးတိမ်းရှောင်လျက် ရှိသော သေခြင်း

တရားသည် (ထိုသို့ သေခြင်းတရားအား တောင့်တခြင်းသည် ဝလီ (အသျှင်မြတ်၏ အချစ်တော်) ဖြစ်ခြင်း၏ ကြွေးကြော်ချက်ကြောင့် မဟုတ်ရခြင်း အကြောင်းမှာ ၎င်းတို့သည် ပြစ်ချက်၏ အစားကို ခံရပေလိမ့်မည်) ထို့နောက် (တစ်နေ့ သေခြင်းတရားသည်) အသင်တို့အား လျှို့ဝှက်စွာ ရှိသည်တို့ကိုလည်းကောင်း၊ ထင်ရှားစွာ ရှိသည်တို့ကိုလည်းကောင်း အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ်ထံတော်သို့ ပြန်လည်ရောက်စေခြင်းကို ခံကြရပေမည်။ ထိုအခါ ထိုအသျှင်မြတ်သည် အသင်တို့အား အသင်တို့ ကျင့်မူခဲ့ကြသည်တို့ကို သိစေတော်မူမည် ဖြစ်သည်။ (ထို့နောက် ပြစ်ဒဏ်တော်ကို ပေးတော်မူပေလိမ့်မည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

يُسَبِّحُ لِلّٰهِ مَا فِى السَّمٰوٰتِ وَمَا فِى الْاَرْضِ

(မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိရှိသမျှတို့သည် အလ္လာဟ်အသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုလျက် ရှိကြကုန်၏။) [၆၂ : ၁]

ကုရ်အာန်ကျမ်းတော်မြတ်၌ سَبَّحَ (သို့မဟုတ်) يُسَبِّحُ တို့ဖြင့် အစပြုထားသော စူရာဟ်တော်များ ရှိပေသည်။ ထိုစူရာဟ်တော်များကို 'မုစဗ်ဗိဟားသ်' ဟူ၍ ခေါ်ဆိုပေသည်။ ထိုစူရာဟ်တော်များအတွင်း၌ မိုးကောင်းကင်များအားလုံး၊ မြေပထဝီများအားလုံးနှင့် ထိုမိုးများနှင့် မြေများကြားဝယ် ရှိရှိသမျှသော အရာများအားလုံးတို့အဖို့ အလ္လာဟ်အသျှင်မြတ်အား ချီးမွမ်းထောမနာပြုနေသော အရာများဖြစ်ကြောင်းကို အတည်ပြုထားပေသည်။ ဤသို့ အခြေအနေအရ ဘာဝနာစီးဖြန်းမှု ဆိုလိုသည်မှာ အခြေအနေ၏ ပြယုဂ်ဖြင့် ဘာဝနာစီးဖြန်းမှုကိုမူ လူတိုင်း သဘောပေါက် နားလည်နိုင်ပေသည်။ အလ္လာဟ်အသျှင်မြတ် ဖန်ဆင်းထားတော်မူသော အဖန်ဆင်းခံများ၏ သေးငယ်လှစွာသော အရာများမှအစ မိမိတို့အား ပြုလုပ်ဖန်ဆင်းတော်မူသော၊ အမြော်အမြင်ရှိတော်မူသော အသျှင်မြတ်၏ အမြော်အမြင်တော်နှင့် တန်ခိုးတော်အပေါ် သက်သေပေးလျက် ရှိနေပေသည်။ ဤသည်သာလျှင် ၎င်းတို့ ပြုလျက်ရှိကြကုန်သော ဘာဝနာစီးဖြန်းမှုပင် ဖြစ်ပေသည်။ 'အရာတိုင်းသည် မိမိတို့၏ သဘာဝပုံစံဖြင့် အမှန်တကယ် 'သတ်စ်ဗီးဟ်' ဘာဝနာစီးဖြန်းနေကြခြင်းမှာ မှန်ကန်သော အချက်ပင် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် အခြေခံဓစ်မြစ်အချက်မှာ ဤသို့တည်း။ ခံစားသိမြင်နိုင်ခြင်းကိုမူ အလ္လာဟ်အသျှင်မြတ်သည် အပင်၊ ကျောက်ခဲနှင့် အရာတိုင်းများအတွင်းဝယ် ၎င်းတို့၏ အင်အားနှင့်အညီ ထားရှိတော်မူထားပေသည်။ ထိုအသိဉာဏ်နှင့် ခံစားသိမြင်နိုင်ခြင်း၏ မုချ လိုလားလျက်ရှိနေသော အချက်မှာ ဘာဝနာစီးဖြန်းခြင်းပင် ဖြစ်ပေသည်။ သို့ရာတွင် ထိုအရာများ၏ ဘာဝနာစီးဖြန်းခြင်းကို လူတို့သည် မကြားကြပေ။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်၌ ဤသို့ မိန့်တော်မူထားပေသည်။

وَلٰكِنْ لَّا تَفْقَهُوْنَ تَسْبِيْحَهُمْ

(သို့ရာတွင် အသင်တို့မှာမူ ၎င်းတို့ ရွတ်ဆိုမှုကို နားမလည်ကြချေ။) *[၁၇ : ၄၄]*

များစွာသော စူရာဟ်များ၏ အစ၌ سَبَّحَ (ရွက်ဆိုကြကုန်၏) ဟူ၍ အတိတ်ကာလကို သုံးထားပေသည်။ စူရာဟ် 'ဂျုမုအာဟ်' နှင့် စူရာဟ် 'သဂါဗွန်' ၏ အစ၌မှာပင် يُسَبِّحُ (ရွက်ဆိုလျက် ရှိကြကုန်) ဟူ၍ လက်ရှိကာလနှင့် အနာဂတ်ကာလတို့ကို အသုံးပြုထားပေသည်။) ပြောင်းလဲကာ တင်ပြပေးခြင်း၌ ကာရံပြောင်းမြောက်ခြင်းနှင့် နူးညံ့သိမ်မွေ့မှု တစ်ရပ်သည်လည်း ယင်းအချက်၏ အကြောင်းခံ ဖြစ်သွားပေသည်။ ထိုနူးညံ့ပြောင်းမြောက်မှုမှာ ဤသို့တည်း။ အတိတ်ကာလနှင့် အသုံးပြုရာ၌ လုံးဝ အတတ်ယုံကြည်ရမည်ဖြစ်ခြင်း၏ အချက်အပေါ် ညွှန်ပြလျက် ရှိနေသည့်အတွက်ကြောင့် များသောအားဖြင့် ထိုကာလ ကိုသာလျှင် အသုံးပြုထားခြင်း ဖြစ်ပေသည်။ လက်ရှိကာလနှင့် အနာဂတ်ကာလသည် ထာဝစဉ်၊ ထာဝရဖြစ်ခြင်းအချက်အပေါ် ညွှန်ပြလျက် ရှိနေပေသည်။ ထိုအကျိုးအတွက် နှစ်နေရာ၌ ထိုကာလကို အသုံးပြုထားပေသည်။

هُوَ الَّذِىْ بَعَثَ فِى الْاُمِّيّٖنَ رَسُوْلًا مِّنْهُمْ

(ထိုအသျှင်မြတ်သည်ပင် စာပေမတတ်သော သူတို့ထံ၊ ၎င်းတို့အနက်မှာပင် ရစူလ်တမန်တော် တစ်ပါးကို စေလွှတ်တော်မူခဲ့၏။) *[၆၂ : ၂]*

'အွမ်မိယင်းန်' သည် 'အွမ်မီ' ဟူသော စကားလုံး၏ အများကိန်းဖြစ်ပေသည်။ စာမတတ်သူကို ခေါ်ဆိုပေသည်။ အာရဗ်နိုင်ငံရှိ သူတို့သည် ထိုဂုဏ်ပုဒ်ဖြင့် ကျော်ကြားကြပေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အတွင်းဝယ် ရေးတတ်ဖတ်တတ်ကြခြင်း၏ ဓလေ့မရှိကြပေ။ လူအနည်းငယ်မျှသာ ရေးတတ်၊ ဖတ်တတ်ကြပေသည်။ ဤအာယသ်တော်၌ 'အလ္လာဟ်အသျှင်မြတ်၏ ကြီးကျယ်သော တန်ခိုးတော်ကို ဖော်ထုတ်ပြသရန်အတွက် သီးသန့် အာရဗ်လူမျိုးတို့အဖို့ ဤဂုဏ်ပုဒ်ကို ရွေးချယ်ထားခြင်း ဖြစ်ပေသည်။ စေလွှတ်တော်မူသော ရစူလ်တမန်တော်ကိုလည်း 'အွမ်မီ' ဖြစ်သော ၎င်းတို့အတွင်းမှပင် စေလွှတ်ထားတော်မူကြောင်းကို ပြဆိုထားပေသည်။ ထို့ကြောင့် 'တစ်မျိုးသားလုံးတို့သည်လည်း မရေးတတ်၊ မဖတ်တတ်သောသူ ဖြစ်ကြောင်း' မှာ အလွန် အံ့ဖွယ်ကောင်းသော အမှုကိစ္စ ဖြစ်ပေသည်။ ထိုရစူလ်တမန်တော်မြတ် ﷺ အပေါ် ချမှတ်ပေးထားသော တာဝန်ဝတ္တရားများကို တင်ပြလျက်ရှိနေသော အာယသ်တော်၏ အတွင်း၌ တင်ပြထားပေသည်။ ထိုသင်ပေးသင်ယူ ပြုပြင်မှုပိုင်းဆိုင်ရာ ကဏ္ဍာရပ်အလုံးစုံတို့သည် အွမ်မီတစ်ဦး တစ်ယောက်အနေဖြင့် သင်ကြားမပေးနိုင်သော အရာမဟုတ်သလို မျိုးနွယ်အုပ်စုတို့အဖို့လည်း သင်ယူနိုင်စွမ်းမရှိသော အရာများပင် ဖြစ်ပေသည်။

ဤသည် အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝစုံလင်လှစွာသော တန်ခိုးတော်နှင့် တမန်တော်မြတ် ﷺ ၏ 'မုအ်ဂျေဇာဟ်' တန်ခိုးတော်ကြောင့်သာ ဖြစ်နိုင်ပေသည်။ အကြောင်းမှာ တမန်တော်မြတ် ﷺ သည် သင်ကြား

ပြုပြင်မှု၏ အလုပ်ကို စတင်ပြုလုပ်ပါမူ ထိုစာမတတ်သော အမျိုးသားများအတွင်းမှပင် အာလင်မ်ပညာရှင်များနှင့် အမြော်အမြင်ရှိသော သူများကို မွေးထုတ်ပေးခဲ့ပေသည်။ အကြင်သူတို့၏ အသိပညာနှင့် အမြော်အမြင်၊ စဉ်းစားတွေးခေါ်မှုနှင့် အသိဉာဏ်၊ လုပ်ငန်းတိုင်း၏ ကောင်းမွန်သော အရည်အချင်းတို့သည် အားလုံးသော စကြဝဠာတို့ထက် မိမိတို့အနေဖြင့် ခိုင်ခံ့စွာ တည်ရှိကြောင်း မိန့်ဆိုထားခြင်းပင် ဖြစ်ပေသည်။

တမန်တော်မြတ် ﷺ အား စေလွှတ်တော်မူခြင်း၏ ရည်ရွယ်ချက် (၃) ရပ်

يَتْلُوا عَلَيْهِمْ اٰيٰتِهٖ وَيُزَكِّيْهِمْ وَيُعَلِّمُهُمُ الْكِتٰبَ وَالْحِكْمَةَ

(ထိုရစူလ်တမန်တော်သည် ၎င်းတို့ရှေ့ဝယ် ထိုအသျှင်မြတ်၏ အာယသ်တော်များကို ဖတ်ကြားလေ၏။ ထို့ပြင် ၎င်းတို့အား သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်လေ၏။ ၎င်းပြင် ထိုသူတို့အား ကျမ်းဂန်ကိုလည်းကောင်း၊ ဉာဏ်ပညာကိုလည်းကောင်း သင်ကြားပို့ချလေ၏။) *[၆၂ : ၂]*

ဤအာယသ်တော်အတွင်း၌ တမန်တော်မြတ် ﷺ ၏ အရည်အချင်းတော် (၃) ရပ်ကို အလ္လာဟ်အသျှင်မြတ်၏ 'နေအ်မသ်'(စည်းစိမ်တော်များ) ကို ပြဆိုထားပေသည်။ ပထမတစ်ရပ်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များအား ရွတ်ဖတ်ပြခြင်း၊ ဆိုလိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်ကို 'အွမ္မသ်' (နောက်လိုက်ထု) အား ဖတ်ပြခြင်း၊ ဒုတိယတစ်ရပ်မှာ ၎င်းတို့ကို အတွင်းပိုင်း၊ အပြင်ပိုင်းရှိ အမျိုးမျိုးသော အညစ်အကြေးတို့မှ သန့်ရှင်းအောင် ပြုပေးခြင်း၊ အကြင်သို့ သန့်ရှင်းမှုပြုပေးရာ၌ ကိုယ်ခန္ဓာနှင့် အဝတ်အစား အစရှိသော အရာများ၏ အပေါ်ယံ သန့်ရှင်းစင်ကြယ်မှုလည်း ပါဝင်ပေသည်။ ယုံကြည်ချက်ပိုင်းဆိုင်ရာ ခံယူချက်များ၊ ပြုမူဆောင်ရွက်ချက်များ၊ အကျင့်များနှင့် ဓလေ့စရိုက်များကို သန့်ရှင်းအောင် ပြုပေးခြင်းလည်း ပါဝင်ပေသည်။ တတိယစည်းစိမ်တော်မှာ ကျမ်းဂန်နှင့် ဉာဏ်ပညာတို့ကို သင်ကြားပေးခြင်း ဖြစ်ပေသည်။

ဤအထက်တင်ပြပါ အချက် (၃) ရပ်စလုံးသည် အွမ္မသ် (နောက်လိုက်ထု) တို့အဖို့ အလ္လာဟ်အသျှင်မြတ်၏ ဆုလာဘ်များ ဖြစ်ပေသည်။ ထို့ပြင် တမန်တော်မြတ် ﷺ အား စေလွှတ်တော်မူခြင်း၏ ရည်ရွယ်ချက်များလည်း ဖြစ်ပေသည်။

يَتْلُوا عَلَيْهِمْ اٰيٰتِهٖ

(ထိုရစူလ်တမန်တော်သည် ၎င်းတို့ရှေ့ဝယ် ထိုအသျှင်မြတ်၏ အာယသ်တော်များကို ဖတ်ကြားလေ၏။) *[၆၂ : ၂]*

'သေလာဝသ်'၏ မူရင်းအဓိပ္ပာယ်မှာ နောက်လိုက်မှုပြုခြင်း ဖြစ်ပေသည်။ သာသနာတော်၏ အသုံးအနှုန်းဝေါဟာရ၌ ဤစကားလုံးသည် အလ္လာဟ်အသျှင်မြတ်၏ မုကဒ္ဒပါဌ်တော်တို့ကို ရွတ်ဖတ်ရန်အတွက် အသုံးပြုကြပေသည်။ အာယသ်တော်များ၏ အလိုသဘောသည် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များကိုသာ ဆိုလိုခြင်း ဖြစ်ပေသည်။

عَلَيْهِمْ (၎င်းတို့ရှေ့ဝယ်) ဟူသော စကားလုံးမှ ဤအချက်ကို ပြဆိုထားပေသည်

တမန်တော်မြတ် ﷺ ၏ တာဝန်နှင့် စေလွှတ်တော်မူထားခြင်း၏ ပထမရည်ရွယ်ချက်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များကို လူတို့အား ဖတ်ပြစေခြင်းပင် ဖြစ်၏။ တင်ပြလျက်ရှိနေသော အာယသ်တော်မြတ်အတွင်း၌ တမန်တော်မြတ် ﷺ အား စေလွှတ်တော်မူ ခြင်း၏ ဒုတိယရည်ရွယ်ချက်ကို

وَيُزَكِّيهِمْ (ထို့ပြင် ၎င်းတို့အား သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်လေ၏။) [၆၂ : ၂]

ဟူ၍ ပြဆိုထားပေသည်။ ဤသည် 'သဝ်ဇီကီယာ' ဟူသော စကားလုံးမှ ဆင်းသက်လာခြင်း ဖြစ်ပေသည်။ 'သန့်ရှင်းအောင် ပြုပေးခြင်း' ဟူ၍ အဓိပ္ပာယ်ရ၏။ များသောအားဖြင့် အတွင်းပိုင်းဆိုင်ရာကို သန့်ရှင်းအောင် ပြုခြင်း၌ အသုံးပြု ခေါ်ဝေါ်ကြပေသည်။ ဆိုလိုသည်မှာ 'ကုဖွ်ရ်' သွေဖည်ငြင်းဆိုမှု၊ 'ရှရစ်က်' တုဖက်နိုင်းယှဉ်မှုနှင့် ဓလေ့ဆိုး၊ အကျင့်ဆိုးတို့အား သန့်ရှင်းအောင် ပြုခြင်းဖြစ်၏။ တစ်ခါတစ်ရံ အတွင်းပိုင်း၊ အပြင်ပိုင်းတို့ကို သန့်ရှင်းအောင်ပြုခြင်းအတွက်လည်း အသုံးပြုကြပေသည်။ ဤနေရာ၌ အပေါ်ယံအားဖြင့် အတွင်းအပြင် အားလုံးကို ခြုံငုံ၍ အလိုသဘောကို ကောက်ယူထားခြင်း ဖြစ်ပေသည်။

တတိယရည်ရွယ်ချက်မှာ

وَيُعَلِّمُهُمُ الْكِتَابَ وَالْحِكْمَةَ

(၎င်းပြင် ထိုသူတို့အား ကျမ်းဂန်ကိုလည်းကောင်း၊ ဉာဏ်ပညာကိုလည်းကောင်း သင်ကြားပို့ချလေ၏။) [၆၂ : ၂]

ကျမ်းဂန်၏ အလိုသဘောသည် ကုရ်အာန်ကျမ်းတော်မြတ်ဖြစ်၍ 'ဟိကမ်သ်' ၏ အလိုသဘောသည် တမန်တော်မြတ် ﷺ ထံတော်မှ ပြောဆိုမှုအရသော်လည်းကောင်း၊ (သို့မဟုတ်) လုပ်ရပ်အရဖြင့်သော်လည်းကောင်း သင်ကြားညွှန်ကြားထားသော အရာများ ဖြစ်ပေသည်။ ထို့ကြောင့် များစွာသော အကျယ်ဖွင့်ဆိုသည့် ပညာရှင်များသည် ဤနေရာ၌ 'ဟိကမ်သ်' ကို အကျယ်ဖွင့်ဆိုရာ၌ 'စွန္နသ်' တော်ဟူ၍ မိန့်ဆိုထားကြပေသည်။

မေးခွန်းတစ်ရပ်နှင့် အဖြေ

ဤနေရာ၌ ပြင်ပသဏ္ဌာန်အားဖြင့် သုံးသပ်မည်ဆိုလျှင် အစဉ်လိုက်ဖြစ်သင့်သည်မှာ 'သေလာဝသ်' ၏ နောက် သင်ကြားခြင်းအကြောင်းကို တင်ပြ၍ ထို့နောက် သန့်ရှင်းစင်ကြယ်မှု ရယူကြောင်းကို တင်ပြရန် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအချက်တာဝန် (၃) ရပ်စလုံး၏ သဘာဝအရ အစီအစဉ်ကျနမှုမှာလည်း ပထမ 'သေလာဝသ်' ဆိုလိုသည်မှာ စကားလုံးတော်များအား သင်ကြားပေးမှု၊ တစ်ဖန် အဓိပ္ပာယ်များအား သင်ကြားပေးမှု၊ ထိုအချက်နှစ်ရပ်စလုံး၏ အကျိုးဆက်တရား၌ 'သဝ်ဇ်ကီယာ' ၏ အလိုသဘော အတွင်း ရောက်ရှိနေသော ကျင့်ကြံဆောင်ရွက်ချက်များနှင့် စာရိတ္တအကျင့်တို့အား ပြုပြင်ခြင်းဖြစ်ပေသည်။

သို့ရာတွင် ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအာယသ်တော်မြတ်သည် နေရာများစွာ၌ လာရှိထားပေသည်။ များစွာသော နေရာများ၌ အစီစဉ်ကျနမှုကို ပြောင်းလွဲကာ 'သေလာဝသ်' နှင့် သင်ကြားမှု၏ ကြား၌ 'သပ်ဖ်ကီယာ' (ပြုပြင်ခြင်းအကြောင်း) ကို တင်ပြထားရခြင်း၏ အကြောင်းမှာ မည်သို့နည်း' ဟူသော မေးစရာမေးခွန်း ပေါ်ပေါက်လာပေသည်။

ရုဟူလ်မအာနီကျမ်း၌ ထိုအချက်၏ ဤပုံစံကို ပြဆိုထားပေသည်။ အကယ်၍ သဘောစဉ်လိုက် အချက်နှင့်အညီ ထားရှိမည်ဆိုလျှင် ဤအချက် (၃) ရပ်စလုံး ပူးပေါင်းကာ အချက်တစ်ရပ်တည်း ဖြစ်သွားပေမည်။ ပမာဆိုရသော် ကုသမှုများ၏ ဆေးညွှန်းများ၌ ဆေးများအားလုံးကို ပေါင်းကာ ဆေးတစ်ဖုံဟူ၍သာ ခေါ်ဆိုကြပေသည်။ ဤနေရာ၌လည်း 'ယင်းအချက် (၃) ရပ်စလုံးသည် အလ္လာဟ်အသျှင်မြတ်၏ သီးသန့် 'နေ့အ်မသ်' စည်းစိမ်တော်များဖြစ်ကြောင်း၊ အချက် (၃) ရပ်စလုံးကို ရစူလ်တမန်တော်၏ ရစူလ်ဖြစ်ခြင်း၏ 'ဖွရ်ဇ်' တာဝန်များအဖြစ် သတ်မှတ်ထားခြင်းဖြစ်ကြောင်း' ဟူသော အခြေခံဇစ်မြစ်အချက်ကို ရှင်းလင်းဖော်ပြထားပေသည်။ ထိုသို့ အစီအစဉ်ကျနမှုကို ပြောင်းလဲတင်ပြပေးခြင်းဖြင့် အထက်တင်ပြပါ အချက်ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားပေသည်။

ဤအာယသ်တော်မြတ်၏ ပြည့်ဝသော အကျယ်ဖွင့်ဆိုချက်မှုနှင့် ရှင်းလင်းချက်၏ အကျိုးအမျိုးမျိုးနှင့် အရေးကြီးသော ဓမ္မသတ်များ ပါဝင်သော အချက်အလက်များကို စူရာဟ်ဗကရာ၌ တင်ပြပြီး ဖြစ်ပေသည်။ ထိုနေရာ၌ ကြည့်ရှုကုန်။ မအာရိဖုလ်ကုရ်အာန်၊ မူရင်းကျမ်း၊ အတွဲ (၁) ၏ စာမျက်နှာ (၂၇၂) မှ (၂၈၄) ထိတိုင် ဤစာစဉ်အကြောင်းအရာများ ပါရှိထားပေသည်။

وَاٰخَرِيْنَ مِنْهُمْ لَمَّا يَلْحَقُوْا بِهِمْ وَهُوَ الْعَزِيْزُ الْحَكِيْمُ

(ထို့ပြင် ထိုအသျှင်မြတ်သည် ၄င်းတို့အနက်မှ ၄င်းတို့နှင့် လာရောက်ပူးပေါင်းခြင်း မရှိကြသေးသော သူတို့အဖို့လည်း ထိုရစူလ်တမန်တော်အား စေလွှတ်တော်မူခဲ့၏။) [၆၂ : ၃]

'အားခရီးန' ဟူသော စကားလုံး၏ အဓိပ္ပာယ်သည် အခြားသူများဖြစ်၍ 'လမ်မားယလ်ဟကူးဗိဟင်မ်' ဟူသော စကားလုံးတော်များ၏ အဓိပ္ပာယ်မှာ ယခုထိတိုင် ထိုစာမတတ်သောသူများနှင့် မတွေ့ဆုံကြသေးပေ' ဟူ၍ အဓိပ္ပာယ်ရရှိ၏။ 'ကေယာမသ်' နေ့ထိတိုင် အစ္စလာမ့်ဘောင်အတွင်းသို့ သက်ရောက်လျက်ရှိနေသော သူများ' ဟူ၍ အလိုသဘောရရှိပေသည်။ [အိဗ်နေ့ခိုက်ဒ်၊ မုဂျာဟိဒ်။]

ထိုမိန့်မြွက်ချက်အတွင်း၌ 'ကေယာမသ်' နေ့ထိတိုင် ပေါ်ပေါက်လာမည်ဖြစ်သော မွတ်စ္စလင်မ်များ အားလုံးသည် ရှေးဟောင်းမှအ်မင်န်များ (ဆိုလိုသည်မှာ ဆွဟာဗာသာဝကကြီးများနှင့်အတူ ပါဝင်နေကြောင်း' ဟူ၍ မှတ်ယူရမည်ဖြစ်ခြင်းဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။ ဤသည် နောင်းပိုင်းခေတ်၌ ပေါ်ပေါက်လာမည်ဖြစ်သော မွတ်စ္စလင်မ်တို့အဖို့ ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းပင် ဖြစ်ပေသည်။ [ရူးဟ်]

'အားခရီးန်'ဟူသော စကားလုံးကို ဆက်စပ်ပြပုဒ်အဖြစ် သတ်မှတ်ရာတွင် အဆိုနှစ်ရပ် ရှိပေသည်။ အချို့သော အဖွင့်ရှင်များသည် ထိုစကားလုံးကို 'အွမ်မိယီးန်'ဟူသော စကားလုံးအပေါ် ဆက်စပ်လျက် ရှိနေသည်ဟူ၍ ဆိုထားကြပေသည်။ အကြင်ကဲ့သို့ သတ်မှတ်လိုက်ခြင်း၏ အာယသ်တော်၏ အချုပ်သဘော ရလဒ်မှာ 'အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရစူလ်တမန်တော်မြတ်ကို စာမတတ်သောသူများနှင့် ၎င်းတို့နှင့် ယခုထိတိုင် မတွေ့ဆုံကြသေးသော သူတို့ထံ စေလွှတ်တော်မူထား၏' ဟူ၍ ရရှိ၏။ ထိုအချုပ်သဘော တရားရလဒ်အပေါ် 'လက်ရှိ စာမတတ်သောသူများထံ တမန်တော်မြတ် ﷺ အား စေလွှတ်တော်မူခြင်းသည် ရှင်းလင်းထင်ရှား၍ ယခုအချိန်ထိတိုင် မရောက်ရှိသော သူတို့ထံ စေလွှတ်တော်မူခြင်း၏ အလိုသဘောသည် အဘယ်ကဲ့သို့နည်း'ဟူ၍ သံသယဝင်လာပေသည်။ ထိုစောဒက သံသယ၏ အဖြေကို ဗယာနုလ်ကုရ်အာန် ကျမ်း၌ ဤသို့ ဖြေကြားပေးထားပေသည်။ ၎င်းတို့အတွင်းဝယ် စေလွှတ်ပေးတော်မူခြင်း၏ အလိုသဘောမှာ '၎င်းတို့အဖို့ စေလွှတ်တော်မူခြင်းဖြစ်ပေသည်'ဟူ၍ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အာရဗီစာပေ ဘာသာစကား၌ (ဖီး) ဟူသော အရာရာသည် ထိုအထက်ဖော်ပြပါ အဓိပ္ပာယ်အတွက်လည်း လာရှိထား ပေသည်။

အချို့သော ပညာရှင်များသည် ထို 'အားခရီးန'၏ ဆက်စပ်ပြပုဒ်ကို **يُعَلِّمُهُمْ** ဟူသော စကားလုံး၏ ကံပုဒ်အား အညွှန်းနာမ်စားအပေါ် တည်ရှိနေကြောင်းဟူ၍ မိန့်ဆိုထားကြပေသည်။ အကြင်ကဲ့သို့ ကောက်ယူ မည်ဆိုလျှင် 'တမန်တော်မြတ် ﷺ သည် 'အွမ်မီယီးန်' (စာမတတ်သူများ) နှင့် ၎င်းတို့နှင့် ယခုအချိန်ထိတိုင် မတွေ့ဆုံကြသေးသော သူတို့ကိုပါ သင်ကြားမှုများ ပြုပေးသည်'ဟူ၍ အလိုသဘော ရရှိပေသည်။

[မဇ္ဇ်ဟရီကျမ်း၏ ရွေးချယ်ချက်]

မှန်ကန်သော ဗုခါရီကျမ်းနှင့် မွတ်စ္စလင်မ်ကျမ်း၌ ဟဇရသ်အဗူဟူရိုင်ရားသခင်ကြီးထံမှ ဆင့်ပြန် ချက် လာရှိထားပေသည်။ ကျွန်ုပ်တို့သည် တမန်တော်မြတ် ﷺ ၏ ထံတော်ပါးဝယ် ထိုင်ကြလျက်ရှိနေစဉ် စူရာဟ် 'ဂျုမုအာဟ်' ကျရောက်လာတော်မူပေသည်။ တမန်တော်မြတ် ﷺ သည် ကျွန်ုပ်တို့အား ဖတ်ပြ လေသည်။

وَآخَرِينَ مِنْهُمْ لَمَّا يَلْحَقُوا بِهِمْ

(ထို့ပြင် ထိုအသျှင်မြတ်သည် ၎င်းတို့အနက်မှ ၎င်းတို့နှင့် လာရောက်ပူးပေါင်းခြင်း မရှိကြသေး သော သူတို့အဖို့လည်း ထိုရစူလ်တမန်တော်အား စေလွှတ်တော်မူခဲ့၏။) *[၆၂ : ၃]*

ဟူသော အာယသ်တော်ကို ဖတ်ပြသောအခါဝယ် ကျွန်ုပ်တို့က 'အို၊ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော် 'အားခရီးန'ဟူသော စကားလုံးတော်ဖြင့် တင်ပြထားသော သူတို့သည် မည်သူများ ဖြစ်ပေသနည်း'ဟူ၍ လျှောက်ထားတော်မူရာ ကိုယ်တော်မြတ် ﷺ သည် ဆိတ်ဆိတ်နေတော်မူပေသည်။ နှစ်ကြိမ်၊ (၃) ကြိမ် ထပ်ခါထပ်ခါ လျှောက်ထားသောအခါဝယ် တမန်တော်မြတ် ﷺ သည် မိမိ၏ 'ဗရ်ကာသ်' မင်္ဂလာလက်တော်ကို (ထိုအချိန် ထိုင်ဝိုင်း၌ အသင့်ရှိနေသော) ဟဇရသ်စလ်မာန်းဖာရစီး (ရဟ) သခင်

ကြီးအပေါ် တင်၍ 'အကယ်၍ အီမာန်သည် 'စုရိုက်ယာ'ကြယ်ရှိရာ မြင့်သော နေရာ၌လည်း တည်ရှိနေမည် ဆိုပါကလည်း ၎င်း၏ အမျိုးသားများထဲမှ အချို့သောသူတို့သည် ထိုနေရာမှပင် အီမာန်ကို ရယူလာကြပေလိမ့်မည်' ဟူ၍ မိန့်တော်မူလိုက်ပေသည်။ *[မဇ္ဇဟရီကျမ်း]*

အထက်တင်ပြပါ ဆင့်ပြန်ချက်၌ ပါးရှားန်နိုင်ငံသားတို့အား အထူးပြုထားခြင်းကို အထောက်အထားဖြင့် အတည်ပြု၍မရချေ။ သို့သာမက 'ဤသူတို့သည်လည်း 'အာခရီးန'ဟူသော သူများ၌ ပါဝင်ကြောင်း' မျှသာ အတည်ပြု၍ ရရှိပေသည်။ ဟဒီးစ်တော်၌ အာရဗ်လူမျိုးမဟုတ်သော သူတို့အဖို့ အလွန်ကြီးမားလှစွာသော အကျိုးထူးရှိပေသည်။ *[မဇ္ဇဟရီကျမ်း]*

مَثَلُ الَّذِينَ حُمِّلُوا التَّوْرَاةَ ثُمَّ لَمْ يَحْمِلُوهَا كَمَثَلِ الْحِمَارِ يَحْمِلُ أَسْفَارًا

('သောင်ရားသ်'ကျမ်းတော်နှင့် စပ်လျဉ်း၍ တာဝန်ပေးခြင်းကို ခံခဲ့ကြရပြီးနောက် 'သောင်ရားသ်' ကျမ်းတော်ကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ခြင်း မရှိခဲ့ကြသော သူတို့၏ ဥပမာသည် ကျမ်းစာအုပ်များကို တင်ဆောင်လျက်ရှိသော မြည်းတိရစ္ဆာန်၏ ဥပမာကဲ့သို့ပင် ဖြစ်၏။) *[၆၂ : ၅]*

'အပ်စ်ဖားရှုးန်'သည် 'စီးန်'အက္ခရာ၌ 'ဇေးရ်'ဖြင့် လာရှိသော 'စစ်ဖ်ရှုးန်' ဟူသော စကားလုံး၏ အများကိန်းဖြစ်ပြီး ကျမ်းစာအုပ်အကြီးကို ခေါ်ဆိုပေသည်။ လွန်လေပြီးသော အာယသ်တော်များ၌ တမန်တော်မြတ် ﷺ အား စေလွှတ်တော်မူခြင်းသည် 'အွမ္မီ' (စာမတတ်သောသူ) များအတွင်းမှ ဖြစ်ကြောင်းနှင့် တမန်တော်မြတ် ﷺ အား စေလွှတ်တော်မူခြင်း၏ ရည်ရွယ်ချက် (၃) ချက်၏ အကြောင်းကို အကြင်စကားလုံးတော်ဖြင့် တင်ပြထားပေရာ အတိတ်ခေတ်ကျ ကျမ်းဂန်ဖြစ်သော 'သောင်ရားသ်'ကျမ်း၌လည်း အနီးစပ်ဆုံးအားဖြင့် ထိုစကားလုံးမျိုးဖြင့်သာ တင်ပြထားခြင်း ဖြစ်ပေသည်' ဟူသော အချက်များကို တင်ပြထားပေသည်။ အကြင်တင်ပြချက်တို့မှ လိုလားလျက်ရှိနေသော အချက်မှာ ယဟူဒီတို့သည် တမန်တော်မြတ် ﷺ ကို တွေ့မြင်လိုက်သည်နှင့် အီမာန်ကို ရယူရန်ဖြစ်သည်။ သို့ရာတွင် ၎င်းတို့ကို လောကီရေးရာ၏ အာဏာစက်နှင့် ဥစ္စာပစ္စည်းတို့သည် 'သောင်ရားသ်'ကျမ်းလာ ပညတ်ချက်တို့အား အတန်းအဖြစ်ပြုလုပ်ပေးထားလိုက်ပေသည်။ 'သောင်ရားသ်'ကျမ်းလာ 'အီလ်မ်' (အသိပညာ) ကို သိရှိနေသည့်ကြားကပင် ကျင့်ကြံဆောင်ရွက်ချက်ကို ထောက်ရှု၍ လုံးဝ မသိနားမလည်သော သူများပမာ ဖြစ်သွားကြပေသည်။ ထိုသူတို့အား တင်ပြလျက်ရှိနေသော အာယသ်တော်၌ ဤသို့ ဝေဖန်ပြစ်တင်မှုကို ပြုထားပေသည်။ 'သောင်ရားသ်'ကျမ်းကို အကြင်သူတို့အပေါ် ဝယ်ယူဆောင်လာခြင်း ခံထားရပေသည်။ ဆိုလိုသည်မှာ ၎င်းတို့သည် မတောင်းခံဘဲ အလ္လာဟ်အသျှင်မြတ်သည် ဤ 'နေ့အ်မသ်'စည်းစိမ်တော်အား ၎င်းတို့အား ချီးမြှင့်ပေးသနားတော်မူထားခြင်း ဖြစ်ပေသည်။ သို့ရာတွင် ၎င်းတို့သည် ထိုကျမ်းအား မ,ယူခြင်း၏ ဝတ္တရားကို မကျေပွန်ကြပေ။ ဆိုလိုသည်မှာ 'သောင်ရားသ်'ကျမ်း၏ ပညတ်ချက်များကို ဂရုမမူကြပေ။ ၎င်းတို့၏ ဥပမာသည် မြည်းတိရစ္ဆာန်၏ အပေါ်၌ ကျမ်းစာအုပ်များအား တင်ဆောင်ပေးထားခြင်း၏ အလားသဏ္ဌာန်ကဲ့သို့ ဖြစ်ပေသည်။ ဤမြည်းတိရစ္ဆာန်သည် ထိုလေးလံသော တာဝန်ကိုမူ မ,ထမ်း

ထား၍ ထိုကျမ်းစာများလာ စာစဉ်အကြောင်းအရာများကို သဘောမပေါက်သလို ထိုစာအုပ်များမှ အကျိုးကျေးဇူး တစ်စုံတစ်ရာကိုမျှလည်း မရရှိကြပေ' ဟူသော ပုံဆောင်ခိုင်းနှိုင်းချက်ကဲ့သို့ပင် ဖြစ်ပေသည်။ လောကီရေးရာအား ရှာဖွေရန် 'သောင်ရားသ်' ကျမ်းကို လှည့်လည် ယူဆောင်ကြ၍ လူတို့၏ ကြားဝယ် ထိုကျမ်း၏ အမှီသဟဲဖြင့် အာဏာစက်နှင့် ကုလားထိုင်နေရာများ ရရှိအောင် ဖန်တီးမှုကို ပြုချင်နေကြပေသည်။ သို့ရာတွင် ထိုကျမ်းလာ လမ်းညွှန်ချက်များထဲမှ အကျိုးတစ်စုံတစ်ရာကိုမျှ မရယူ မခံစားကြရခြင်းပင် ဖြစ်လေသည်။

ကျင့်ကြံမှုမရှိသည့် အာလင်မ်ပညာရှင်၏ ဥပမာ

အဖွင့်ရှင်များက 'ယဟူဒီတို့အဖို့ ပေးထားသော ဥပမာသည်ပင်လျှင် မိမိတို့ တတ်သိထားသော 'အိလ်မ်' ပညာရှင်တို့အဖို့လည်း ဖြစ်ပေသည်'ဟူ၍ မိန့်ကြားထားကြပေသည်။

قُلْ يَٰٓأَيُّهَا ٱلَّذِينَ هَادُوٓا۟ إِن زَعَمْتُمْ أَنَّكُمْ أَوْلِيَآءُ لِلَّهِ
مِن دُونِ ٱلنَّاسِ فَتَمَنَّوُا۟ ٱلْمَوْتَ إِن كُنتُمْ صَٰدِقِينَ

(အို့, နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ 'အို, မိုဟမ္မဒ်၊ ယဟူဒီဖြစ်ကြသောသူတို့၊ အကယ်၍ အသင်တို့သည် အခြားသူများမပါဘဲ၊ မိမိတို့သည်သာလျှင် အလ္လာဟ်အသျှင်မြတ်၏ အချစ်တော်များ ဖြစ်ကြသည်ဟု ထင်မှတ်ကြလျှင် အကယ်၍ အသင်တို့သည် (ယင်းသို့ ထင်မှတ်ပြောဆိုရာ၌) သစ္စာဝါဒီများ ဖြစ်ကြလျှင်၊ သေခြင်းတရားကို တောင့်တ ဆန္ဒပြုကြလေကုန်။') *[၆၂ : ၆]*

ယဟူဒီတို့သည် မိမိတို့ 'ကုဖ္ဖရ်' (သွေဖည်ငြင်းဆိုမှု)၊ 'ရှရစ်က်' (တုဖက်နှိုင်းယှဉ်မှု) နှင့် ဓလေ့ အကျင့်ဆိုးများအားလုံးကို ပြုမူနေသည့် ကြားကပင်

نَحْنُ أَبْنَٰٓؤُا۟ ٱللَّهِ وَأَحِبَّٰٓؤُهُۥ

(ငါတို့သည်လည်း အလ္လာဟ်အသျှင်မြတ်၏ သားတော်များ ဖြစ်ကြပေသည်။ ထိုအသျှင်မြတ်၏ အချစ်တော်များလည်း ဖြစ်ကြသည်။) *[၅ : ၁၈]*

ဟူ၍ ကြွေးကြော်ကြပေသည်။ မိမိတို့မှအပ အခြားသော မည်သည့်မျိုးနွယ်အုပ်စု တစ်စုကိုမျှ 'ဂျန္နသ်'သို့ ဝင်ရောက်ရန် ထိုက်တန်သောသူများ ဟူ၍ မမှတ်ယူထားကြပေ။ သို့သာမက ဤသို့ ပြောဆိုလေ့ ရှိကြပေသည်။

لَن يَدْخُلَ ٱلْجَنَّةَ إِلَّا مَن كَانَ هُودًا

('ဂျန္နသ်'သုခဘုံအတွင်းသို့ 'ယဟူဒီ' ဘာသာဝင် (သို့မဟုတ်) အီစာအီဘာသာဝင်တို့မှအပ အခြား မည်သူတစ်ဦးတစ်ယောက်သည် မည်သည့်အခါမျှ ဝင်ရောက်နိုင်မည် မဟုတ်ချေ။) *[၂ : ၁၁၁]*

၄င်းတို့သည် 'အာခိရသ်'တမလွန်၏ ပြစ်ဒဏ်မှ မိမိတို့ကိုယ်ကို မိမိရှောင်ရှားမှု ရရှိကာ တည်ငြိမ် အေးချမ်းမှု ရရှိမည်ဟု မှတ်ယူထားကြ၍ 'ဂျန္နသ်'၏ စည်းစိမ်တော်များကိုလည်း မိမိတို့ အပိုင်စားရမည် ဟူ၍ သဘောပေါက်မှတ်ယူကြပေသည်။

တမလွန် 'အာခိရသ်'၏ 'နေ့အ်မသ်' စည်းစိမ်တော်များသည် လောကီရေးရာ၏ 'နေ့အ်မသ်' စည်းစိမ်တော်များထက် အဆပေါင်းများစွာ သာပို ကောင်းမြတ်ကြောင်း၊ ကမ္ဘာလောက၌ အချိန်တိုင်း လိုလို လောကလူ့ဘုံ၏ သက်တမ်းသည် သောကဗျာပါဒ ဒုက္ခများနှင့် ပင်ပန်းခက်ခဲ ဆင်းရဲခြင်းတို့မှ ကင်းလွတ်၍ မနေကြောင်း၊ ရောဂါဝေဒနာများသည်လည်း လာရောက်ကာ စွဲကပ်၍ နေကြောင်း၊ သေခြင်း တရား ဆိုက်ရောက်လာသည်နှင့် တစ်ပြိုင်နက် ကြီးမားထွတ်မြတ်၍ ထာဝစဉ်စည်းစိမ် မုချရရှိမည် ဖြစ် ခြင်းကို ယုံကြည်၍ နေခြင်းက တစ်ကြောင်း' ဟူသော အချက်တို့ကို အီမာန်ရယူထားသော သူသည် အကယ်၍ ၄င်းတို့ထံ၌ အနည်းငယ်မျှပင် စဉ်းစားတွေးခေါ်မှု ဦးနှောက်အသိဉာဏ်ရှိမည် ဆိုပါမူ၊ ၄င်းရယူ ထားသော အီမာန်သည် ၄င်း၏ နှလုံးသားအတွင်း၌ သေခြင်းတရားကို တောင့်တလျက် ရှိနေမည်ဖြစ် ကြောင်း ထင်ရှားလှစွာသော အချက်ဖြစ်ပေသည်။ ၄င်းတို့သည် နှလုံးသားအတွင်းမှ သေခြင်းတရားကို အလျင်စလို လာရောက်စေခြင်းကို လိုလားနေမည်လည်း ဖြစ်ပေမည်။ သို့မှသာ လောကီရေးရာ၏ စိတ်ရှုပ် ထွေးမှုနှင့် သောကဗျာပါဒတို့နှင့် ပြည့်လျက်ရှိနေသော သက်တမ်းမှ တိုးထွက်ကာ သက်တောင့်သက်သာ ရှိနေမည်ဖြစ်သော တမလွန်ဘဝကို ကူးပြောင်းရမည်ကိုလည်း လိုလားတောင့်တကြမည် ဖြစ်ပေသည်။

တင်ပြလျက်ရှိနေသော အာယသ်တော်၌ တမန်တော်မြတ် ﷺ အား လမ်းညွှန်မှာတမ်းထားတော် မူသည်။ အသင်သည် ယဟူဒီတို့အား 'အကယ်၍ အသင်တို့သည် အဖန်ဆင်းခံများအားလုံးအတွင်းဝယ် မိမိတို့သည်သာလျှင် အလ္လာဟ်အသျှင်မြတ်၏ တစ်ဦးတည်းသော အချစ်တော်များဖြစ်၍ နောင်တမလွန် 'အာခိရသ်' ၌လည်း မိမိတို့အဖို့ တစ်စုံတစ်ရာ ပြစ်ဒဏ်များ သက်ရောက်ခြင်းဟူသော စိုးရိမ်ပူပန် ဖွယ်ရာများ မရှိ' ဟူ၍ ကြွေးကြော်ကြမည်ဆိုလျှင် ဦးနှောက်အသိဉာဏ်၏ လိုလားချက်မှာ အသင်တို့ သည် သေခြင်းတရားကို တပ်မက်ကြကုန်။ ထိုသေခြင်းတရားအတွက် ပြင်ဆင်ကြကုန်' ဟူ၍ ပြောဆိုကုန်။

တစ်ဖန် ကုရ်အာန်ကျမ်းတော်မြတ်တွင်းပင်လျှင် ၄င်းတို့အား မဟုတ်မမှန် ပြောဆိုနေကြောင်းကို ငြင်းချက်ထုတ်တော်မူလိုက်ပေသည်။

وَلَا يَتَمَنَّوْنَهٗٓ اَبَدًا بِمَا قَدَّمَتْ اَيْدِيْهِمْ

(သို့ရာတွင် ၄င်းတို့သည် မိမိတို့၏ လက်များက ကြိုတင်ပို့နှင့်ခဲ့သော အကျင့်အမူတို့ကြောင့် ယင်းသေခြင်းတရားကို မည်သည့်အခါမျှပင် တောင့်တဆန္ဒပြုကြမည် မဟုတ်ပြီ။) *[၆၂ : ၇]*

ဆိုလိုသည်မှာ ဤသူတို့သည် လုံးဝ သေခြင်းတရားကို တောင့်တကြမည်မဟုတ်ပေ။ ယင်းသို့ မတောင့်တကြခြင်း၏ အကြောင်းမှာ ၄င်းတို့၏ လက်များသည် (တောင်တမလွန် 'အာခိရသ်'အတွက် 'ကုဖွရ်'သွေဖည်ငြင်းပယ်ဆိုမှု၊ 'ရှုရစ်က်' တုဖက်နိူင်းယှဉ်မှုနှင့် အကျင့်မလေ့ဆိုးများကို ပို့ဆောင်ထား

လျက် ရှိပေသည်။ နောင်တမလွန် 'အာခေရသ်'၌ မိမိတို့အဖို့ 'ဂျဟန္နမ်'၏ ပြစ်ဒဏ်မှအပ အခြားမည်သည့် အရာ တစ်စုံတစ်ရာမျှ မရှိကြောင်း' ကို ကောင်းစွာ သိနားလည်ကြပေသည်။ ဤကြွေးကြော်မှုသည် အလ္လာဟ်အသျှင်မြတ် ချစ်ခင်လက်ခံတော်မူခြင်း အချက်နှင့် လုံး၀ မှားယွင်း၍ နေပေသည်။ သို့ရာတွင် လောကီရေးရာ၏ အချို့သော အကျိုးတရားများ ရယူရန်အတွက် ဤသို့ ကြွေးကြော်မှုမျိုးများကို ကြွေးကြော် နေခြင်းသာ ဖြစ်ပေသည်။ 'အကယ်၍ ကျွန်ုပ်တို့သည် မိုဟမ္မဒ် ﷺ ၏ ပြောကြားချက်အပေါ် သေခြင်းတရား အား တောင့်တလိုက်မည်ဆိုလျှင် ထိုတောင့်တချက်သည် လုံး၀ လက်ခံမည်ဖြစ်သည်။ ထို့နောက် ကျွန်ုပ် တို့သည် သေသွားကြပေလိမ့် မည်ဖြစ်ကြောင်းကိုလည်း ၄င်းတို့သည် သိရှိကြပေသည်။ ထို့ကြောင့် ၄င်းတို့ သည် လုံး၀ ဤသို့ တပ်မက် တောင့်တကြလိမ့်မည်မဟုတ်' ဟူ၍ မိန့်တော်မူထားခြင်း ဖြစ်ပေသည်။

ဟဒီးစ်တော်တစ်ရပ်၌ တမန်တော်မြတ် ﷺ သည် မိန့်တော်မူထား၏။ အကယ်၍ ထိုအချိန်၌ ၄င်းတို့အတွင်း၀ယ် တစ်ဦးတစ်ယောက်သည် သေခြင်းတရားကို တောင့်တလိုက်မည်ဆိုပါက ထိုအချိန်၌မှာပင် သေဆုံးသွားမည်ဖြစ်ပေသည်။ *[ရှုဟ်]*

သေခြင်းအား တောင့်တခြင်းသည် ပိုင်ပါ၏လော။ (သို့မဟုတ်) မပိုင်၏လော။

ဤအကျယ်ဖွင့် ဆွေးနွေးချက်ကို စူရာဟ်ဗကရာ၌ တင်ပြပြီးဖြစ်ပေသည်။ ဟဒီးစ်တော်အတွင်း၌ သေခြင်းတရားအား တောင့်တခြင်းကို တားမြစ်ထားတော်မူပေသည်။ ထိုတားမြစ်ချက်၏ ကြီးမားသော အကြောင်းခံမှာ ဤသို့တည်း။ မည်သူတစ်ဦးတစ်ယောက်အဖို့ ကမ္ဘာလောက၌ 'သေဆုံးသွားသည်နှင့် 'ဂျန္နသ်'သို့ မုချ ရောက်ရှိမည်မဟုတ်' ဟူ၍ အတတ်ထင်မြင်ထားပိုင်ခွင့် မရှိပေ။ မည်သည့်အမျိုးအစား ပြစ်ဒဏ်တော်တစ်ရပ်မှပင် ၄င်းအဖို့ ခံစားရမည်ဟူ၍ စိုးရိမ်ဖွယ်အချက် မရှိလျှင်မူလည်း ဤကဲ့သို့သော အခြေအနေမျိုး၌ သေခြင်းတရားအား တောင့်တခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်၌ မိမိ၏ ရဲစွမ်းသတ္တိကို ပြသခြင်းနှင့် တစ်ထပ်တည်းဖြစ်နေပေသည်။

قُلْ اِنَّ الْمَوْتَ الَّذِىْ يَفِرُّوْنَ مِنْهُ فَاِنَّهٗ مُلَاقِيْكُمْ

(အို, နဗီတမန်တော်၊ အသင်သည် ပြောကြားပါလေ။ အချင်းတို့၊ အသင်တို့ ထွက်ပြေးတိမ်းရှောင် လျက်ရှိသော သေခြင်းတရားသည် ဧကန်မလွဲ အသင်တို့နှင့် တွေ့ဆုံမည်ပင် ဖြစ်၏။) *[၆၂ : ၈]*

ဆိုလိုသည်မှာ 'ယဟူဒီတို့သည် ထိုသို့ ကြွေးကြော်မှုကို ပြုနေသည့် ကြားကပင် သေခြင်းတရားအား တောင့်တခြင်းမှ ရှောင်လွှဲရှောင်ဖယ်၍ နေကြပေသည်။ ထိုသို့ ရှောင်လွှဲရခြင်း၏ ရလဒ်သည် သေခြင်းတရား မှ ပြေးလွှား၍ နေခြင်း ဖြစ်ပေသည်။' ၄င်းတို့အား အသင့်အနေနှင့် 'အသင်တို့ ပြေးလွှားကာ ရှောင်ရှားနေ သည့် သေခြင်းတရားသည် လာရောက်လျက် ရှိနေမည်သာ ဖြစ်သည်။ ဤအချိန် မဆိုက်ရောက်လာလျှင်မူ ရက်အချို့၏ နောက် ဆိုက်ရောက်လာပေလိမ့်မည်။ ဤအတွက်ကြောင့် သေခြင်းတရားမှ ပြေးလွှားနေခြင်း သည် လုံး၀ မည်သူတစ်ဦးတစ်ယောက်၏ စွမ်းအားအတွင်း၌ ရှိနေသော အချက်မဟုတ်ပေ'ဟုအမိန့်ရှိပါလေ။

သေခြင်းတရား၏ အကြောင်းခံများမှ ပြေးလွှားခြင်း၏ အဓိပ္ပါယ်

အကြင်အရာများသည် ဓလေ့အရ သေဆုံးသွားနိုင်ခြင်း၏ အကြောင်းခံဖြစ်မူ ထိုအကြောင်းခံအချက်မှ ပြေးလွှားသွားခြင်းသည် ဦးနှောက်အသိဉာဏ်နှင့် သာသနာတော်မှ လိုလားလျက်ရှိနေသော အချက် ဖြစ်ပေသည်။ တမန်တော်မြတ် ﷺ သည် ယိုင်နေသော တံတိုင်းနံရံ၏အောက်မှ ဖြတ်သန်းသွားသောအခါဝယ် လျင်မြန်စွာ လျှောက်လှမ်းတော်မူလေ့ ရှိပေသည်။ ဤကဲ့သို့ပင် တစ်နေရာ၌ မီးလောင်နေသည်ဆိုလျှင် ထိုနေရာမှ ပြေး၍ မသွားလေနှင့်။ ဦးနှောက်အသိဉာဏ်နှင့် သာသနာတော်နှစ်ရပ်စလုံးနှင့် ဆန့်ကျင်ဘက် ဖြစ်နေပေသည်။ သို့ရာတွင် တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ ရှုတ်ချထားသော သေခြင်းတရားမှ ပြေးလွှားခြင်း၏ အဓိပ္ပါယ်၌ မပါဝင်ပေ။ ယုံကြည်ချက်ပိုင်းဆိုင်ရာ မူဝါဒတည်ငြိမ်အေးချမ်း၍ 'သေခြင်းတရား အချိန် ရောက်ရှိလာမည်ဆိုလျှင် ကျွန်ုပ်၏ ပြေးလွှားခြင်းသည် ကျွန်ုပ်အဖို့ မကယ်တင်နိုင်ပေ' ဟူ၍ မှတ်ယူထားချိန်ဝယ် သို့ရာတွင် ဤမီး (သို့မဟုတ်) ဤအဆိပ် (သို့မဟုတ်) အသက်အန္တရာယ်ကို ထိခိုက်စေမည့် အရာတစ်ခုခုသည် မိမိ၏ သေခြင်းတရားအဖို့ မုချ သတ်မှတ်ထားသည်ကို မသိရှိသည့်အတွက်ကြောင့် ထိုအကြောင်းခံများမှ ပြေးလွှားခြင်းသည် ပြစ်တင်ရှုတ်ချထားသော သေခြင်းတရားမှ ပြေးလွှားခြင်း၏ အတွင်း၌ မပါဝင်ပေ။

'ကာလဝမ်းရောဂါနှင့် ဘေးဒုက္ခတစ်စုံတစ်ရာကို ရင်ဆိုင်နေရသော ရွာမှ ပြေးလွှားသွားခြင်းသည် သီးသန့်ဓမ္မသတ်တစ်ရပ်ဖြစ်ခြင်း' နှင့် စပ်လျဉ်းသော အချက်သည် ကျန်ရစ်နေပေသည်။ အကြင်ဓမ္မသတ်၏ အကျယ်ဖွင့်ရှင်းလင်းချက်ကို ဓမ္မသတ်ကျမ်းများနှင့် ဟဒီးစ်ကျမ်းများ၌ တင်ပြထားပေသည်။ ထိုနေရာများ၌ ကြည့်ရှုနိုင်ပေသည်။ ရူဟူလ်မအာနီကျမ်း၌လည်း ထိုအာယသ်တော်မြတ်၏ အောက်ဝယ် ယင်းဓမ္မသတ်နှင့် စပ်လျဉ်း၍ လုံလောက်လှစွာသော ဆွေးနွေးချက်ကို တင်ပြကာ ဓမ္မသတ်ကို ရှင်းလင်းဖော်ထုတ်ပြသထားပေသည်။ ဤနေရာ၌ ယင်းအချက်တို့အား ရှင်းလင်းတင်ပြရန်မှာ အခွင့်မသင့်ပေ။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓا۟ إِذَا نُودِىَ لِلصَّلَوٰةِ مِن يَوْمِ ٱلْجُمُعَةِ فَٱسْعَوْا۟ إِلَىٰ
ذِكْرِ ٱللَّهِ وَذَرُوا۟ ٱلْبَيْعَ ۚ ذَٰلِكُمْ خَيْرٌ لَّكُمْ إِن كُنتُمْ تَعْلَمُونَ ﴿٩﴾

၆၂ : ၉ ။ ။ အို, မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ (ဂျုမုအာဟ်) သောကြာနေ့တွင် 'ဆွလားသ်' ဝတ်ပြုကြရန်အလို့ငှာ 'အဇာန်' ပေးသောအခါ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား တသ သတိရရှိရာသို့ အဆောတလျင် သွားကြလေကုန်။ ထို့ပြင် အသင်တို့သည် ရောင်းဝယ်မှုကို စွန့်လွှတ်ကြလေကုန်။ ထိုသည် အသင်တို့ သိရှိကြသည်ဖြစ်မူ အသင်တို့အဖို့ အကောင်းဆုံးပင် (ဖြစ်၏။)

فَإِذَا قُضِيَتِ الصَّلَوٰةُ فَانتَشِرُوا فِي الْأَرْضِ وَابْتَغُوا مِن فَضْلِ اللَّهِ
وَاذْكُرُوا اللَّهَ كَثِيرًا لَّعَلَّكُمْ تُفْلِحُونَ ﴿١٠﴾

၆၂ : ၁၀ ။ ။ တို့နောက် 'ဆွလားသ်'ဝတ်ပြုမှု ပြီးဆုံးခဲ့သောအခါ အသင်တို့သည် ပထဝီမြေဝယ် အနှံ့အပြား သွားလာကြလျက် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်တည်းဟူသော ရိဇ္ဇ္ကာကို ရှာဖွေဆည်းပူးကြလေကုန်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား များစွာ တသ သတိရလျက် ရှိကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် အောင်မြင်ကြပေမည်။

وَإِذَا رَأَوْا تِجَارَةً أَوْ لَهْوًا
انفَضُّوا إِلَيْهَا وَتَرَكُوكَ قَائِمًا ۚ قُلْ مَا عِندَ اللَّهِ خَيْرٌ مِّنَ اللَّهْوِ
وَمِنَ التِّجَارَةِ ۚ وَاللَّهُ خَيْرُ الرَّٰزِقِينَ ﴿١١﴾

၆၂ : ၁၁ ။ ။ စင်စစ် ထိုသူတို့သည် အရောင်းအဝယ်၊ ရောင်းကုန်ဝယ်ကုန်ကိုသော်လည်းကောင်း၊ ပျော်ပွဲရွှင်ပွဲကို သော်လည်းကောင်း တွေ့မြင်ခဲ့ကြလေသောအခါ၊ အသင့်အား မတ်တတ်ရပ်လျက် ထားခဲ့ပြီးလျှင် ယင်းရောင်းကုန်ဝယ်ကုန်၊ (သို့မဟုတ်) ပျော်ပွဲရွှင်ပွဲ ရှိရာသို့ ကစဉ့်ကလျား ပြေး၍ သွားခဲ့ကြကုန်၏။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) အလ္လာဟ်အသျှင်မြတ်ထံတော်၌ ရှိသော အရာသည် ရောင်းကုန်ဝယ်ကုန်ထက်လည်းကောင်း၊ ပျော်ပွဲရွှင်ပွဲထက်လည်းကောင်း မွန်မြတ်လှပေသည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် ရိဇ္ဇ္ကာ ချီးမြှင့်တော်မူသော၊ အကောင်းဆုံးသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို၊ မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ (ဂျုမုအာဟ်) သောကြာနေ့တွင် 'ဆွလားသ်' ဝတ်ပြုကြရန်အလို့ငှာ 'အဇာန်'ပေးသောအခါ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား တသ သတိရရှိရာ (နမာဇ်နှင့် 'ခွသ်ဗာဟ်'နားထောင်ရန်) သို့ အဆောတလျင် (ချက်ချင်း) သွားကြလေကုန်။ ထို့ပြင် အသင်တို့သည် ရောင်းဝယ်မှုကို (ဤကဲ့သို့ပင် အစောတလျင် သွားရောက်ခြင်းကို အဟန့်အတားများ ဖြစ်စေသော အခြားသော အမှုကိစ္စတို့ကိုလည်း 'ရဒ်ဒုလ်မုဟ်သားရ်') စွန့်လွှတ်ကြလေကုန်။ (ရောင်းဝယ်ဖောက်ကားမှုကို အထူးပြု၍ အသုံးပြုထားရခြင်းအကြောင်းမှာ သာပို အလေးထားခြင်းကြောင့် ဖြစ်ပေသည်။ အကြောင်းမှာ ထိုအမှုကိစ္စအား စွန့်လွှတ်လိုက်ခြင်းကို အကျိုးဆုံးရှုံးသည်ဟု မှတ်ယူသဘောပေါက်ထားကြပေသည်။) ထို (သို့ အရောင်းအဝယ်ပြုလုပ်ခြင်း၏ စသော အမှုကိစ္စကို စွန့်လွှတ်၍ သွားရောက်ခြင်း) သည် အသင်တို့ သိရှိကြသည်ဖြစ်မူ အသင်တို့အဖို့ အကောင်းဆုံးပင် (ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ထိုနမာဇ်နှင့် 'ခွသ်ဗာဟ်'နားထောင်ခြင်း၏ အကျိုးစဝါးဗ်တို့သည် ကျန်ရှိနေမည်ဖြစ်၍ အရောင်းအဝယ် အစရှိသော အမှုကိစ္စတို့၏ အကျိုးအမြတ်သည် ပျက်သုဉ်းသွားမည့်အရာများ ဖြစ်ပေသည်။)

ထို့နောက် (ဂျုမုအာဟ်) 'ဇွလားသ်'ဝတ်ပြုမှု ပြီးဆုံးခဲ့သောအခါ (ထို့ပြင် အကယ်၍ အစဉ်မှာပင် 'ခွသ်ဗာဟ်' ကို နှောင့်ဆိုင်းစွာဖြင့် ထားရှိပါမူ နမာဇ်ဝတ်ပြုမှုကို အဆုံးသတ်ခြင်းသည် ထိုနမာဇ်နှင့် သက်ဆိုင်သော နမာဇ်များကို ပြည့်ဝစွာ ဆောင်ရွက်ခြင်း၏ အလိုသဘောဖြစ်ပေမည်။ တင်ပြချက်၏ အချုပ်သဘောတရား ရလဒ်မှာ နမာဇ်နှင့် 'ခွသ်ဗာဟ်'တို့ကို ပြည့်ဝစွာ အဆုံးသတ်ဆောင်ရွက်ပြီးဖြစ်မူ ထိုအချိန်၌ အသင်တို့ ပြုပိုင်ခွင့်ရှိသော အချက်မှာ) အသင်တို့သည် ပထဝီမြေဝယ် အနှံ့အပြား သွားလာကြလျက် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်တည်းဟူသော ရိဇ္ဇာကို ရှာဖွေဆည်းပူးကြလေကုန်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား များစွာ တသသတိရလျက် ရှိကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် အောင်မြင်ကြပေမည်။ (ဆိုလိုသည်မှာ ထိုအချိန်၌ လောကီရေးရာ၏ လုပ်ငန်းဆောင်တာများ အတွက် လှည့်လည်သွားလာခွင့် ရှိပေသည်။ ထို့ပြင် (ယင်းသို့ လှည့်လည်သွားလာနေချိန်၌လည်း) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား များစွာ သတိရတသလျက် ရှိကြလေကုန်။ (ဆိုလိုသည်မှာ အရေးကြီးသော ခဝပ်ကိုးကွယ်မှုများနှင့် ပညတ်ချက်များ မေ့သွားရလောက်အောင် လောကီရေးရာ၏ အမှုကိစ္စများ၌ နစ်မွန်း၍ မနေလေနှင့်။) သို့မှသာလျှင် အသင်တို့သည် အောင်မြင်ကြပေမည်။

(အချို့သောသူများ၏ အခြေအနေမှာ) စင်စစ် ထိုသူတို့သည် အရောင်းအဝယ်၊ ရောင်းကုန်ဝယ်ကုန် ကိုသော်လည်းကောင်း၊ ပျော်ပွဲရွှင်ပွဲကိုသော်လည်းကောင်း တွေ့မြင်ခဲ့ကြလေသောအခါ၊ အသင့်အား မတ်တတ် ရပ်လျက် ထားခဲ့ပြီးလျှင် ယင်းရောင်းကုန်ဝယ် (သို့မဟုတ်) ပျော်ပွဲရွှင်ပွဲ ရှိရာသို့ ကစဉ့်ကလျား ပြေး၍ သွားခဲ့ကြကုန်၏။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) အလ္လာဟ်အသျှင် မြတ်ထံတော်၌ ရှိသော အရာသည် (ကုသိုလ်အကျိုးစဝါးဗ်နှင့် အလ္လာဟ်အသျှင်မြတ်နှင့် နီးကပ်စေသော အရာ၏ အမျိုးအစားတို့သည်) ရောင်းကုန်ဝယ်ကုန်ထက်လည်းကောင်း၊ ပျော်ပွဲရွှင်ပွဲထက်လည်းကောင်း မွန်မြတ်လှပေသည်။ ထို့ပြင် (အကယ်၍ ထိုရောင်းကုန်၊ ဝယ်ကုန် ပြုလုပ်ခြင်းမှ ရိဇ္ဇိရိက္ခာ တိုးပွားရန် လောဘရမ္မက်ရှိနေမူ မှတ်သားထားကြကုန်။) အလ္လာဟ်အသျှင်မြတ်သည် ရိဇ္ဇိရိက္ခာ ချီးမြှင့်တော်မူသော၊ အကောင်းဆုံးသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

يَاَيُّهَا الَّذِيْنَ اٰمَنُوْا اِذَا نُوْدِيَ لِلصَّلٰوةِ مِنْ يَّوْمِ الْجُمُعَةِ فَاسْعَوْا اِلٰى ذِكْرِ اللّٰهِ وَذَرُوا الْبَيْعَ

(အို၊ မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ သောကြာနေ့တွင် နမာဇ်ဝတ်ပြုကြရန်အလို့ငှာ 'အဇာန်'ပေးသောအခါဝယ် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား သတိရရှိရာသို့ သွားကြကုန်။)

[၆၂ : ၉]

ထိုနေ့ကို 'ဂျုမုအာဟ်'နေ့ဟူ၍ ခေါ်ဆိုရခြင်းအကြောင်းမှာ မွတ်စ္စလင်မ်တို့ စုရုံးကာ ရောက်ရှိသော နေ့ဖြစ်သောကြောင့် ဖြစ်သည်။ မိုးကောင်းကင်၊ မြေပထဝီနှင့် အဖန်ဆင်းခံများအားလုံးကို အလ္လာဟ်အသျှင်

မြတ်သည် (၆) ရက်အတွင်း ဖန်ဆင်းတော်မူရာ ဖန်ဆင်းတော်မူခြင်း ပြီးမြောက်သွားသော နောက်ဆုံးရက်မှာ 'ဂျုမုအာဟ်'နေ့ ဖြစ်ပေသည်။ ထိုနေ့၌မှာပင် ဟဇရသ်အာဒမ် ﵇ အား ဖန်ဆင်းတော်မူ၍ ထိုနေ့၌မှာပင် 'ဂျန္နသ်'သုခဘုံအတွင်းသို့ သက်ရောက်စေကာ ထိုနေ့၌မှာပင် ကမ္ဘာမြေပဝထီပေါ်သို့ ပြန်လည်ဆင်းသက်တော်မူလိုက်ပေသည်။ ထိုနေ့၌မှာ 'ကေယာမသ်'သည် ဖြစ်ပေါ်လာပေလိမ့်မည်။ ထိုနေ့၌မှာပင် လူသားအနေဖြင့် မည်သည့်တောင်းဆုတော်ကိုမဆို တောင်းခံမည်ဆိုပါက လက်ခံခြင်းခံရမည်ဖြစ်သော အချိန်နာရီ တစ်ချိန် ရှိပေသည်။ ဤအထက်ဖော်ပြပါ အချက်များအားလုံးသည် မှန်ကန်သော ဟဒီးစ်တော်များဖြင့် အတည်ပြုထားပေသည်။ *[အိဗ်နေကစီးရ်]*

အလ္လာဟ်အသျှင်မြတ်သည် လူသားတို့အတွက် ထပ်တလဲလဲ စုရုံးရောက်ရှိစေရန်အတွက် အပတ်တိုင်းတွင် ဤ 'ဂျုမုအာဟ်'နေ့အား ထားရှိပေးထားပေသည်။ သို့ရာတွင် အတိတ်ခေတ်အုမ္မသ်သားတို့အဖို့ ထိုအချက်အား ရရှိနိုင်ခွင့် မရှိကြပေ။ ယဟူဒီတို့သည် စနေနေ့ကို မိမိတို့ စုရုံးကာ ရောက်ရှိရမည့်နေ့ဟူ၍ ပြုလုပ်သတ်မှတ်ထားကာ နစ္စရာနီများသည် တနင်္ဂနွေနေ့ကို ပြုလုပ်ထားကြပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ဤ 'အုမ္မသ်' (နောက်လိုက်ထု) အား သောကြာနေ့အား ရွေးချယ်တော်မူနိုင်စွမ်းကို ချီးမြှင့်ပေးသနားတော်မူလိုက်ခြင်း ဖြစ်လေသည်။ (ပမာဆိုရသော် ဘိုခါရီကျမ်းနှင့် မွတ်စ္စလင်မ်ကျမ်းတို့ ဟဇရသ်အဗူဟုရိုက်ရား ﵁ သခင်ကြီးထံမှ ဆင့်ပြန်ထားပေသည်။ *[အိဗ်နေကစီးရ်]*

အဲမိုက်ခေတ်၌ ထိုနေ့ကို 'ယောင်မေ့အရူဗာ'ဟူ၍ ခေါ်ဆိုကြပေသည်။ အာရဗ်လူမျိုးများ၌ ပထမဦးဆုံး ကအဗ်ဗင်န်လူအိုက်ဟူသော သူသည် ထိုနေ့ကို 'ဂျုမုအာဟ်'နေ့ဟူ၍ အမည်ထားရှိပေးခဲ့ပေသည်။ ကုရိုက်ရှ်တို့သည် ထိုနေ့၌ စုရုံးရောက်ရှိလာကြကာ ကအဗ်ဗင်န်လူအိုက်သည် 'ခွသ္ဗဟ်' မြွက်ကြားလေ့ရှိပေသည်။ ဤဖြစ်စဉ်သည် တမန်တော်မြတ် ﷺ ကြွမြန်းလာတော်မမူမီအလျှင် နှစ်ပေါင်း (၅၆၀) အလျှင်ကဖြစ်ပေသည်။

ကအဗ်ဗင်န်လူအိုက်သည် တမန်တော်မြတ် ﷺ ၏ ဘိုးဘေးများထဲမှဖြစ်၍ ၎င်းအား အလ္လာဟ်အသျှင်မြတ်သည် အဲမိုက်ခေတ်ကာလ၌မှာပင် ရုပ်တုဆင်းတုများကို ခဝပ်ကိုးကွယ်ခြင်းမှ ကာယ်တင်တော်မူထားပေသည်။ 'သောင်ဟီးဒ်'တစ်ပါးတည်း တည်ရှိခြင်းကို ရယူနိုင်စွမ်း ချီးမြှင့်ပေးသနားထားတော်မူပေသည်။ ၎င်းသည် လူတို့အား တမန်တော်မြတ် ﷺ ကြွမြန်းလာတော်မူမည့် သတင်းကိုလည်း ပေးတော်မူခဲ့၏။ ကုရိုက်ရှ်မျိုးနွယ်အတွင်းဝယ် ၎င်း၏ ကြီးကျယ်မှုသည် တမန်တော်မြတ် ﷺ ကြွမြန်းလာတော်မမူမီအလျှင် နှစ်ပေါင်း (၅၆၀) အလျှင်ကတည်းက ဖြစ်ပေရာ ၎င်းကွယ်လွန်သေဆုံးသည့် အချိန်မှစ၍ ခုနှစ်၊ သက္ကရာဇ်ရေတွက်ခြင်း၏ သမိုင်းကို စတင်ရေတွက်ကြသည့် အတိုင်းအတာထိတိုင် ကြီးကျယ်နေပေသည်။ အာရဗ်နိုင်ငံ၏ သမိုင်းအစကို 'ကအ်ဗာဟ်'ကျောင်းတော်ကို စတင်ဆောက်လုပ်သည့် အချိန်မှစ၍ ကောက်ယူရေတွက်ကြကာ ကအဗ်ဗင်န်လူအီးကွယ်လွန်ချိန်၌၊ ၎င်းကွယ်လွန်သည့် နောက်မှစ၍ ရာဇဝင်သမိုင်းကို စတင်ပြန်လည်၍ ရေတွက်ကြပြန်ပေသည်။ တစ်ဖန် တမန်တော်မြတ် ﷺ ဖွားမြင်တော်မူမည့်

ခုနှစ်၌ ဆင်အဖြစ်အပျက် ဖြစ်ပေါ်သွားခဲ့ပေရာ ထိုဖြစ်စဉ်ကို အကြောင်းခံ၍ အာရဗ်သမိုင်းကြောင်း ရေတွက်ခြင်းကို ဆက်လက် အတည်ပြုထားကြပြန်ပေသည်။

အချုပ်သဘောတရားမှာ 'ဂျုမုအာဟ်'နေ့အား အရေးပေး၊ အလေးထားခြင်းသည် အာရဗ်နိုင်ငံ၌ အစ္စလာမ်သာသနာ မပွင့်ပေါ်မီ ကအ်ဗင်န်လူအိုက်၏ ခေတ်ကာလ၌မှာပင် ဖြစ်ပေါ်ခဲ့ပြီး ဖြစ်ကြောင်း'ဟူ၍ ဖြစ်၏။ ထိုနေ့ကို 'ဂျုမုအာဟ်'နေ့ဟူ၍ ထားရှိခြင်းသည်လည်း ၄င်း၏ဘက်သို့ ဆက်နွယ်ကာ ထားရှိခြင်း ဖြစ်ပေသည်။ *[မဇ္ဇဟရီး]*

အချို့သော ဆင့်ပြန်ချက်များ၌ ဤသို့ လာရှိထားပေသည်။ မဒီနာမြို့နေ အန်စွာရီများသည် ဟစ်ဂျ်ရီမပြုမီ 'ဂျုမုအာဟ်'၏ 'ဖွရ်ဇ်'ဖြစ်ကြောင်း မကျရောက်မီ အလျင်ကတည်းကပင် မိမိတို့၏ ကြံဆမှု ဉာဏ်ဖြင့် 'ဂျုမုအာဟ်'နေ့၌ စုရုံးကာ ခဝပ်ကိုးကွယ်ခြင်း၏ အရေးတယူ အလေးထားခြင်းကို ပြုထားကြပေ၏။ (ပမာဆိုရသော် ထိုဆင့်ပြန်ချက်ကို အဗ်ဒ်ုရ်ရတ်ဇားက်သည် မိုဟမ္မဒ်ဗင်န်စီရီးန်သခင်ကြီးထံမှ ဆင့်ပြန်ချက်နှင့်အတူ ဆင့်ပြန်ထားပေသည်။) *[မဇ္ဇဟရီကျမ်း]*

نُوْدِىَ لِلصَّلٰوةِ مِنْ يَّوْمِ الْجُمُعَةِ

(သောကြာနေ့တွင် 'ဆွလားသ်'ဝတ်ပြုကြရန်အလို့ငှာ 'အဇာန်'ပေးသောအခါ။) *[၆၂ : ၉]*

'ဆွလားသ်'ဝတ်ပြုရန် ကြေညာခြင်း၏ အစအလိုသဘောသည် 'အဇာန်'ဖြစ်ပေသည်။ 'ဂျုမုအာဟ်နေ့မှ' ဟူသော စကားလုံးများ၏ အဓိပ္ပာယ် 'ဂျုမုအာဟ်နေ့၌'ဟူ၍ ဖြစ်သည်။

فَاسْعَوْا اِلٰى ذِكْرِ اللّٰهِ

(အသင်တို့သည် အသျှင်မြတ်အား သတိရရှိရာသို့ အစောတလျင် သွားရန်။) *[၆၂ : ၉]*

'စအီ'၏ အဓိပ္ပာယ်မှာ ပြေးလွှားခြင်း ဖြစ်ပေသည်။ ထို့ပြင် အလုပ်ကိစ္စတစ်စုံတစ်ရာကို အပူတပြင်း ဆောင်ရွက်ခြင်းကိုလည်း ခေါ်ဆိုပေသည်။ ဤနေရာ၌ တင်ပြထားသော အဓိပ္ပာယ် (၂) ရပ်မှ ဒုတိယအဓိပ္ပာယ်ကို ကောက်ယူထားပေသည်။ အဘယ်ကြောင့်ဆိုသော် နမာဇ်ဝတ်ပြုရန်အတွက် ပြေးလွှားလာခြင်းကို တမန်တော်မြတ် ﷺ သည် တားမြစ်ထားတော်မူပေသည်။ ထို့နောက် နမာဇ်ဝတ်ပြုရန် လာရောက်ကြသောအခါ တည်ငြိမ်စွာဖြင့် လာရောက်ကြကုန်' ဟူ၍ မိန့်တော်မူထားပေသည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ 'ဂျုမုအာဟ်နေ့တွင် 'ဂျုမုအာဟ်' အဇာန်ပေးသောအခါဝယ် အလ္လာဟ်အသျှင်မြတ်အား တသ သတိရရှိရန်အတွက် ပြေးကုန်' ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'နမာဇ်နှင့် 'ခုသ်ဗာဟ်'အတွက် ဗလီဝတ်ကျောင်းတော်၏ဘက်သို့ သွားရောက်ခြင်းကို အပူတပြင်း ပြုမူကြကုန်'ဟူ၍ ဖြစ်သည်။ ပြေးလွှားနေသောသူတစ်ဦးသည် အခြားမည်သည့်ကိစ္စတစ်ရပ်၏ ဘက်သို့မှပင် အာရုံမထားသော ပမာကဲ့သို့ပင် ဖြစ်ပေသည်။ အဇာန်၏ နောက် အသင်တို့သည် နမာဇ်နှင့် 'ခုသ်ဗာဟ်'မှလွဲ၍ အခြားမည်သည့် အမှုကိစ္စတစ်ရပ်၏ ဘက်သို့ အာရုံမထားရှိလေနှင့်။ *[အိဗ်နေကစီးရ်]*

ذِكرِ الله (အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်း) သည် 'ဂျုမုအာဟ်' နမာဇ်၏ စည်းကမ်းချက်နှင့် 'ဖွရဇ်' အချက်များထဲမှ အချက်တစ်ချက်ဖြစ်သည့် 'ခွသ်ဗာဟ်' လည်း ဖြစ်နိုင်ပေသည်။ ထို့ကြောင့် နှစ်မျိုးစလုံးအား စုပေါင်းအဓိပ္ပာယ်ကောက်ယူခြင်းသည် သာ၍ ကောင်းမြတ်လှပေသည်။

[မဇ္ဇဟရီကျမ်း]

وَذَرُوا الْبَيْعَ

(ထို့ပြင် အသင်တို့သည် ရောင်းဝယ်မှုကိစ္စကို စွန့်လွှတ်ကြလေကုန်။) [၆၂ : ၉]

ဆိုလိုသည်မှာ 'ရောင်းခြင်းကိုသာလျှင် တင်ပြထားခြင်းကို လုံလောက်သည်' ဟူ၍ မှတ်ယူကာ တင်ပြမိန့်မြွက်ထား၍ အလိုသဘောမှာ ရောင်းခြင်း၊ ဝယ်ခြင်း နှစ်မျိုးစလုံး ပါဝင်ပေသည်။ လုံလောက်သည်ဟု မှတ်ယူခြင်း၏ အကြောင်းမှာ 'အချက်တစ်ချက်အား လွှတ်လိုက်ခြင်းဖြင့် ဒုတိယအချက်သည်လည်း အလိုအလျောက် လွှတ်သွားပေမည်' ဟူသော အကြောင်းကြောင့် ဖြစ်ပေသည်။ ရောင်းသူက မရောင်းသောအခါ ဝယ်ယူသူ၏ ဝယ်ယူခြင်းသည် ကျန်ရစ်၍ပင် မနေတော့ပေ။

ထိုအာယသ်တော်၌ 'ဂျုမုအာဟ်အဇာန်' ၏ နောက် အရောင်းအဝယ်ပြုခြင်းကို ဤအာယသ်မှ 'ဟရာမ်' အဖြစ် သတ်မှတ်ထားတော်မူခြင်းအကြောင်းနှင့် အာယသ်တော်ပါ ကျင့်ကြံဆောင်ရွက်မှုကို ပြုရန် ရောင်းချသူနှင့် ဝယ်ယူသူအားလုံးတို့အပေါ်၌ 'ဖွရဇ်' တာဝန်ဖြစ်ကြောင်းဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားကြောင်းကို သိရှိရပေသည်။ သို့ရာတွင် ထိုအချက်အား အကောင်အထည်ဖော်ရန် စီမံကိန်းကို ဤသို့ ပြုရပေမည်။ ဆိုင်များကို ပိတ်လိုက်ပါမူ ဝယ်ယူခြင်းသည် အလိုအလျောက် ပိတ်သွားပေလိမ့်မည်။ ထိုသို့ ရောင်းချခြင်းအား ပိတ်ပင်တားမြစ်စေခြင်း၌ ဤသို့သော အမြော်အမြင်လည်း ရှိစေသည်။ ဝယ်ယူသူများ၏ အရေအတွက်သည် အတိုင်းအတာမရှိ၍ အလွန်များပြားပေရာ ၄င်းတို့အားလုံးအား ပိတ်ပင်တားဆီးရန် စီမံချက်သည် မလွယ်ကူလှပေ။ ရောင်းချလျက် ရှိနေသော ဆိုင်ရှင်များသည် သတ်မှတ်ချက်အတိုင်းအတာ အတွင်း၌ ရှိနေပေသည်။ ၄င်းရောင်းချသူ ဆိုင်ရှင်တို့အား ရောင်းချခြင်းမှ ပိတ်ပင်လိုက်ပါမူ ကျန်ရှိသော ဝယ်ယူသူအားလုံးတို့သည် အလိုအလျောက် ရပ်တန့်သွားကြပေလိမ့်မည်။ ထို့ကြောင့်

ذَرُوا الْبَيْعَ (ထို့ပြင် အသင်တို့သည် ရောင်းဝယ်မှုကို စွန့်လွှတ်ကုန်။) [၆၂ : ၉]

ဟူသော အာယသ်တော်၌ ရောင်းချခြင်းကို စွန့်လွှတ်ခိုင်းခြင်း၏ အမိန့်ကို တင်ပြရုံသာ လုံလောက်သည်ဟု မှတ်ယူကာ မိန့်တော်မူထားခြင်း ဖြစ်ပေသည်။

အကျိုးထူး

'ဂျုမုအာဟ်အဇာန်' ၏ နောက် လုပ်ငန်းဆောင်တာ အားလုံးတို့ကိုသာလျှင် တားမြစ်လိုက်ခြင်းသည် အဓိက ရည်ရွယ်ချက်ဖြစ်ပေသည်။ အကြင်လုပ်ငန်းဆောင်တာများအတွင်း၌ လယ်ယာကိုင်းကျွန်း

ပြုလုပ်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့် ကုန်တင်ကုန်ချ အလုပ်လုပ်ခြင်းများအားလုံး ပါဝင်ပေသည်။ သို့ရာတွင် ကုရ်အာန်ကျမ်းတော်မြတ်သည် 'ရောင်းချခြင်း' ကိုသာလျှင် မိန့်တော်မူထားပေသည်။ ထိုသို့တင်ပြခြင်းမှ 'ဂျုမုအာဟ်'နမာဇ် ဝတ်ပြုရန် မိန့်မြွက်ချက်သည် မြို့သားများနှင့် ရွာကြီးသားတို့အပေါ်၌ ဖြစ်ကြောင်းဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားပေသည်။ ရွာသေးများနှင့် သေးငယ်သော တောများ၌ 'ဂျုမုအာဟ်'နမာဇ် မရှိပေ။ ထို့ကြောင့် မြို့များနှင့် ရွာကြီးများ၌ အများသူငှာတို့အဖို့ ရင်ဆိုင်တွေ့ကြုံနေရသော အချက်အား တားမြစ်လိုက်ခြင်း ဖြစ်ပေသည်။ ထိုအရာသည် အရောင်းအဝယ်ပြုခြင်းပင် ဖြစ်ပေသည်။ ယင်းအချက်သည် ရွာ၌ နေထိုင်သော သူတို့နှင့် ဆန့်ကျင်ဘက် ဖြစ်နေပေသည်။ အကြောင်းမှာ ထိုရွာသားတို့၏ လုပ်ငန်းဆောင်တာသည် လယ်ယာစိုက်ပျိုးရေးနှင့် မြေယာတို့နှင့် ပတ်သက်နေပေသည်။ ဤနေရာ၌ ရောင်းချခြင်း၏ အလိုသဘောကို ရောင်းချခြင်းသက်သက်သာ မဟုတ်ဘဲ 'ဂျုမုအာဟ်'နမာဇ် ဝတ်ပြုရေးတွင် အဟန့်အတားမြစ်စေသော အချက်များအားလုံး ရောင်းချခြင်း၏ အလိုသဘောအတွင်း၌ အကျုံးဝင်ကြောင်းကို အွမ္မသ် (နောက်လိုက်ထု) တစ်ရပ်လုံးရှိ အာလင်မ်သာသနာ့ပညာရှင်များ အားလုံးတို့က တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ထားကြပေသည်။ ထို့ကြောင့် 'ဂျုမုအာဟ်'၏ အဇာန်ပေးပြီးနောက် စားခြင်း၊ သောက်ခြင်း၊ အိပ်စက်ခြင်း၊ တစ်ဦးတစ်ယောက်နှင့် စကားပြောဆိုခြင်း၊ နောက်ဆုံးအဆင့်အနေဖြင့် စာအုပ်လေ့လာခြင်း စသော အချက်များအားလုံးကို တားမြစ်ထားပေသည်။ 'ဂျုမုအာဟ်'နမာဇ် ဝတ်ပြုရန် အသင့်ပြင်ဆင်ခြင်း၏ ကိစ္စရပ်ကိုသာလျှင် ပြုလုပ်နိုင်ပေသည်။

'ဂျုမုအာဟ်'၏ အဇာန်သည် အစ၌ 'ခွသ်ဗာဟ်'မိန့်ကြားချိန် အေမာမ်၏ ရှေ့၌ ပေးသော အဇာန်တစ်ခုတည်းသာလျှင် ဖြစ်ပေသည်။ တမန်တော်မြတ် ﷺ ၊ ဟဇရတ်အဗူဗကရ် ﷺ ၊ ဟဇရတ်ဖာရူကေ့အအ်ဇွမ် ﷺ သခင်ကြီးတို့၏ ခေတ်ကာလတို့၌ ဤပုံစံဖြင့်သာ တည်ရှိနေပေသည်။ ဟဇရတ်အွတ်စ်မာန်ဂနီ (ရဟ) သခင်ကြီး၏ ခေတ်ကာလ၌ မွတ်စ္စလင်မ်တို့၏ အရေအတွက်သည် များပြားလာကာ မဒီနာမြို့၏ အဘက်ဘက်၌ ပျံ့နှံ့လျက် ရှိနေပေသည်။ အေမာမ်၏ အရှေ့တွင် 'ခွသ်ဗာဟ်'မြွက်ကြားချိန်၌ ပေးသော အာဇာန်သည် အဝေးထိတိုင် မကြားရတော့ပေ။ သို့ဖြစ်၍ အွတ်စ်မာန်ဂနီသခင်ကြီးသည် နောက်ထပ် အဇာန်တစ်ခုကို ဗလီအပြင်ရှိ မိမိအိမ်ရှိရာ 'ဇောင်ရာအ်' နေရာ၌ စတင် ပေးခိုင်းလိုက်ပေသည် အကြင်အဇာန်သံသည် မဒီနာမြို့တစ်မြို့လုံးထိတိုင် ရောက်ရှိသွားခဲ့ပေသည်။ ဆွဟာဗာကြီးများထဲမှ မည်သူတစ်ဦးတစ်ယောက်မျှပင် ထိုအချက်အပေါ် စောဒကမတက်ခဲ့ကြပေ။ ထို့ကြောင့် ဤအဇာန်သည် ပထမအချက်အနေဖြင့် ဆွဟာဗာကြီးများအားလုံး တစ်ညီတစ်ညွတ်တည်း လက်ခံပြီးဖြစ်သွားကာ သာသနာ့ပညတ်ချက်အဖြစ် အတည်ပြုခြင်း ခံထားရပေသည်။ 'ဂျုမုအာဟ်'၏ အဇာန်ချိန်၌ ရောင်းဝယ်ဖောက်ကားခြင်း အစရှိသော အမှုကိစ္စများ 'ဟရာမ်'ဖြစ်ခြင်းအမိန့်သည် 'ခွသ်ဗာဟ်'အချိန် ပေးသော ပထမအဇာန်၏ နောက်၌မှ ဖြစ်၍ ယခု ပထမအဇာန်အချိန်မှ စတင်ပေတော့သည်။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်၏ စကားလုံးတော်များဖြစ်သော

نُوْدِىَ لِلصَّلٰوةِ مِنْ يَوْمِ الْجُمُعَةِ

(သောကြာနေ့တွင် 'ဆွလားသ်' ဝတ်ပြုကြရန်အလို့ငှာ အဇာန်ပေးသောအခါ။) *[၆၂ : ၉]*

သည် အထက်တင်ပြပါ အချက်အပေါ်၌လည်း သက်ရောက်နေပေသည်။ ဤအချက်များအားလုံးသည် ဟဒီးစ်၊ ဖေကာဟ် (ဓမ္မသတ်) နှင့် သဖ်စီးရ် စသော ကျမ်းကြီးများ၌ အကွဲအလွဲမရှိဘဲ တင်ပြထားပေသည်။

('ဂျုမုအာဟ်'နေ့၌ 'ဇိုဟိုရ်'နမာဇ်၏ အစား 'ဂျုမုအာဟ်'နမာဇ် 'ဖွရဇ်'ဖြစ်ကြောင်းကို မွတ်စ္စလင်မ်အွမ္မသ်ထုတစ်ရပ်လုံးက တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ထားကြပေသည်။ 'ဂျုမုအာဟ်'နမာဇ်သည် နမာဇ် (၅) ကြိမ်ကဲ့သို့ မဟုတ်ကြောင်း၊ ထို 'ဂျုမုအာဟ်'နမာဇ်အတွက် အချို့သော စည်းကမ်းချက်များ သာပို၍ ရှိနေကြောင်း၊ နမာဇ် (၅) ကြိမ်ကို 'ဂျမာအသ်'မပါဘဲ တစ်ဦးတစ်ယောက်တည်းလည်း တာဝန်ထမ်းဆောင် ပိုင်ခွင့်ရှိကြောင်း၊ ထိုနမာဇ် (၅) ကြိမ်ကို နှစ်ဦးနှစ်ယောက်တည်းနှင့်လည်း တာဝန်ထမ်းဆောင်ပိုင်ခွင့် ရှိကြောင်း၊ 'ဂျုမုအာဟ်'နမာဇ်သည် 'ဂျမာအသ်'မပါဘဲနှင့် တာဝန်ထမ်းဆောင်ပိုင်ခွင့် မရှိကြောင်း' ဟူသော အချက်ကိုလည်း မွတ်စ္စလင်မ်အွမ္မသ်ထုတစ်ရပ်လုံးက တစ်ညီတစ်ညွတ်တည်း အတည်ပြု ဆုံးဖြတ်ထားကြပေသည်။

'ဂျမာအသ်' ရှိသူများ၏ အရေအတွက်နှင့် စပ်လျဉ်း၍ ဓမ္မသတ်ပညာရှင်များ၏ အဆိုအမျိုးမျိုး ရှိပေသည်။ ဤကဲ့သို့ပင် နမာဇ် (၅) ကြိမ်သည် တောတောင်ရေမြေ စသော နေရာတိုင်း၌ တည်ဆောက်ပိုင်ခွင့် ရှိ၍ သို့ရာတွင် 'ဂျုမုအာဟ်' နမာဇ်သည် တောနှင့် ကန္တာရ အရပ်ဒေသတွင် မည်သူတစ်ဦးတစ်ယောက်၏ ထံ၌ပင် တည်ဆောက်ခွင့် မရှိပေ။ အမျိုးသမီးများ၊ ရောဂါသည်များနှင့် ခရီးသည်များအပေါ် 'ဂျုမုအာဟ်'နမာဇ်၏အစား 'ဇိုဟိုရ်' နမာဇ်ကို ဝတ်ပြုရပေမည်။ 'ဂျုမုအာဟ်'နမာဇ်သည် မည်ကဲ့သို့သော တောရွာအမျိုးအစားအပေါ်၌ 'ဖွရဇ်'ဖြစ်ပေသနည်း။ ထိုအချက်နှင့် စပ်လျဉ်း၍ ဓမ္မသတ်ပညာရှင်များ၏ အဆိုအမျိုးမျိုး ရှိပေသည်။ အေမာမ်ရှာဖေအီ (ရဟ) သခင်ကြီးထံ၌ အကြင်တောရွာ၌ လွတ်လပ်၍ အသိဉာဏ်ရှိကာ အရွယ်ရောက်ပြီးဖြစ်သော အမျိုးသား (၄၀) ဦးရှိကာ တည်ထားသော ရွာဖြစ်လျှင်မူ 'ဂျုမုအာဟ်'နမာဇ်ဖတ်ပိုင်ခွင့် ရှိပေသည်။ ထို့ထက်နည်းပါက မဖတ်ပိုင်ပေ။ အေမာမ်မာလစ်က် (ရဟ) သခင်ကြီးထံ၌ အိမ်များ တစ်ဆက်တည်းရှိကာ ဈေးရှိသည့် ရွာဖြစ်ရန် အရေးကြီးပေသည်။ အေမာမ်အဗူဟနီဖာ သခင်ကြီးထံ၌ ဂျုမုအာဟ်နမာဇ်အတွက် 'မြို့ (သို့မဟုတ်) ရွာကြီးဖြစ်ကာ လမ်းနှင့်ဈေးများရှိ၍ အမှုကိစ္စများကို အဆုံးအဖြတ်ပေးသည့် တရားသူကြီး တစ်ဦးတစ်ယောက်ရှိရန်' အချက်သည် စည်းကမ်းချက် ဖြစ်ပေသည်။ ဓမ္မသတ်နှင့် ထိုဓမ္မသတ်၏ အထောက်အထားများကို ဤနေရာ၌ အကျယ်တဝင့် တင်ပြရန် မဟုတ်ပေ။ အာလင်မ်သာသနာ့ပညာရှင်များသည် ထိုအခြေအတင် စာစဉ်အကြောင်းအရာအပေါ် သီးသန့်စာအုပ်များကို ရေးကာ အချက်အားလုံးကို ရှင်းလင်းတင်ပြလိုက်ပေသည်။

အချုပ်သဘောတရားမှာ يَاَيُّهَا الَّذِيْنَ اٰمَنُوْا (အို, ယုံကြည်သူတို့) နှင့် فَاسْعَوْا (အစောတလျင် သွားကြကုန်) ဟူသော စကားလုံးတော်တို့သည် 'အွမ္မသ်၏ နှောင်းပိုင်းခေတ်ရှိ အာလင်မ်ပညာရှင် အားလုံးတို့ထံ၌ 'အများထဲမှ အချို့ကို ရွေးချယ်ထားခြင်း' ဖြစ်သည်' ဟူ၍ တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက် ချထားကြပေသည်။ ခြုံငုံလှစ္စာသော သဘောမျိုးဖြင့် မွတ်စ္စလင်မ်တိုင်းအပေါ်၌ 'ဂျုမုအာဟ်' နမာဇ်သည် 'ဖွရဇ်' မဟုတ်ပေ။ သို့သာမက ထိုပညာရှင်များ အားလုံးတို့၏ ထံ၌ အချို့သော ဘောင်၊ စည်းကမ်းချက်များလည်း ရှိပေသည်။ ကွဲပြားမှုသည် စည်းကမ်းချက်များကို သတ်မှတ်ခြင်းအရာ၌သာ လျှင် ဖြစ်ပေသည်။ သို့သာမက 'ဖွရဇ်' ဟူ၍ သတ်မှတ်ထားခြင်းခံရသော သူတို့အဖို့ ထို 'ဖွရဇ်' သည် အလွန်အရေးပါကာ နှိုးဆော်မှုကိုလည်း ပြုထားပေသည်။ ၎င်းတို့အတွင်းဝယ် သာသနာရေးဆိုင်ရာ ချွင်းချက် တစ်စုံတစ်ရာ မရှိဘဲ တစ်ဦးတစ်ယောက်သည် ဂျုမုအာဟ်နမာဇ်ကို လွှတ်လိုက်မည်ဆိုလျှင် စစ်မှန်သော ဟဒီးစ်တော်များ၌ ၎င်းတို့အပေါ် ပြင်းထန်သော ခြိမ်းခြောက်မှုများ လာရှိထားပေသည်။ 'ဂျုမုအာဟ်' နမာဇ်ကို စည်းကမ်းချက်များနှင့် စနစ်တကျ ဝတ်ပြုသော သူတို့အဖို့လည်း သီးသန့် အကျိုးထူးများနှင့် 'ဗရ်ကသ်' မင်္ဂလာတော်များ ရရှိမည်ဖြစ်ကြောင်းကိုလည်း ကတိပြုထားတော်မူပေသည်။

فَاِذَا قُضِيَتِ الصَّلٰوةُ فَانْتَشِرُوْا فِى الْاَرْضِ وَابْتَغُوْا مِنْ فَضْلِ اللّٰهِ

(ထို့နောက် 'ဆွလားသ်' ဝတ်ပြုမှု ပြီးဆုံးသွားသောအခါ အသင်တို့သည် မြေပေါ်ဝယ် အနှံ့အပြား သွားလာလျက် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော် ရိဇ္ဇာကို ရှာဖွေကြကုန်။) [၆၂ : ၁၀]

လွန်လေပြီးသော အာယသ်တော်များ၌ 'ဂျုမုအာဟ်' အဇာန်၏ နောက် အရောင်းအဝယ်ပြုခြင်း စသော လောကီရေးရာ အမှုကိစ္စအားလုံးတို့ကို တားမြစ်ထားတော်မူပေသည်။ ဤအာယသ်တော်အတွင်း၌ 'ဂျုမုအာဟ်' နမာဇ် ပြီးဆုံးပြီးနောက် အရောင်းအဝယ်ရေးဆိုင်ရာ အမှုကိစ္စနှင့် မိမိတို့၏ ရိဇိရိဇ္ဇာကို လေးနက်စွာ အားလုံးတို့အဖို့ ရှာဖွေနိုင်ကြောင်းကို ခွင့်ပေးထားပေသည်။

"ဂျုမုအာဟ်"နမာဇ်၏ နောက် အရောင်းအဝယ်နှင့် ရှာဖွေခြင်း၌ ရရှိမည်ဖြစ်သော "ဗရ်ကသ်"မင်္ဂလာတော်

ဟဇရသ်အရားက်ဗင်နိမာလိက် (ရဟ) သခင်ကြီးသည် 'ဂျုမုအာဟ်' နမာဇ်ပြီးဆုံးကာ အပြင်သို့ ထွက်လာပါမှု ဗလီဝတ်ကျောင်းတော်၏ တံခါးဝ၌ ရပ်ကာ ဤဒိုအာကို ရွတ်ဖတ်တော်မူလေ့ ရှိသည်။

اَللّٰهُمَّ اِنِّىْ اَجَبْتُ دَعْوَتَكَ وَصَلَّيْتُ فَرِيْضَتَكَ

وَانْتَشَرْتُ كَمَا اَمَرْتَنِىْ فَارْزُقْنِىْ مِنْ فَضْلِكَ وَاَنْتَ خَيْرُ الرَّازِقِيْنَ

(အို, အလ္လာဟ်၊ ကျွန်တော်မျိုးသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို နာခံခဲ့သည်။ အလ္လာဟ်မြတ် အမိန့် ပေးတော်မူထားသည့်အတိုင်း ချမှတ်ပေးထားသော 'ဖွရဇ်' တာဝန်ကို ကျေပွန်ခဲ့သည်။ နမာဇ်ပြီးကာ အပြင်

သို့ ရောက်ရှိလာလျှင်မူ အသျှင်မြတ်သည် မိမိ၏ ကျေးဇူးအသနားတော်ဖြင့် ကျွန်တော်မျိုးအား ရိဇီရိက္ခာကို ချီးမြှင့်ပေးသနားတော်မူပါ။ အသျှင်မြတ်သည် ရိဇီရိက္ခာ ချီးမြှင့်သူများတွင် အကောင်းဆုံးသော ချီးမြှင့်ပေးသနားတော်မူသည့် အသျှင်မြတ် ဖြစ်တော်မူပေသည်။)

အချို့အတိတ်ခေတ်ရှိ သူတော်စင်များထံမှ ဆင့်ပြန်ချက် လာရှိထားသည်မှာ 'အကြင်သူသည် 'ဂျုမုအာဟ်'နမာဇ် ဝတ်ပြုပြီးနောက် ရောင်းဝယ်ဖောက်ကားမှုကို ပြုမည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် ထိုသူ့အတွက် အကြိမ်ပေါင်း (၇၀) 'ဗရ်ကသ်'မင်္ဂလာတော်ကို ချပေးသနားတော်မူပေသည်' ဟူ၍ ဖြစ်သည်။

[အိဗ်နေကစီးရ်]

وَاذْكُرُوا اللهَ كَثِيرًا لَعَلَّكُمْ تُفْلِحُونَ

(ထို့ပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား များစွာ သတိရလျက် ရှိကြလေကုန်။)

[၆၂ : ၁၀]

ဆိုလိုသည်မှာ 'ဂျုမုအာဟ်'နမာဇ်ဝတ်ပြုပြီးနောက် ဝမ်းစာရှာဖွေရန် ရောင်းဝယ်ဖောက်ကားမှု အစရှိသော လုပ်ငန်းဆောင်တာများကို ပြုလုပ်ကြကုန်။ သို့ရာတွင် ကာဖိရ်များကဲ့သို့ အလ္လာဟ်အသျှင်မြတ်အား မေ့လျော့သောသူများအဖြစ်နှင့် မနေကြကုန်လင့်။ အရောင်းအဝယ်နှင့် လုပ်ငန်းဆောင်တာအတွင်း လုံးဝ ရှိနေသော အချိန်၌လည်း အလ္လာဟ်အသျှင်မြတ်အား သတိရတသလျက် ရှိကုန်။

وَإِذَا رَأَوْا تِجَارَةً أَوْ لَهْوًا انْفَضُّوا إِلَيْهَا وَتَرَكُوكَ قَائِمًا قُلْ مَا عِنْدَ اللهِ خَيْرٌ مِنَ اللَّهْوِ وَمِنَ التِّجَارَةِ وَاللهُ خَيْرُ الرَّازِقِينَ

(စင်စစ် ထိုသူတို့သည် အရောင်းအဝယ်ကိုလည်းကောင်း၊ ပျော်ပွဲရွှင်ပွဲကိုလည်းကောင်း တွေ့မြင်သောအခါ အသင့်အား မတ်တတ်ရပ်လျက် ထားခဲ့ပြီးလျှင် ထိုနေရာများသို့ ပြေး၍ သွားခဲ့ကြကုန်၏။ အသင် ပြောကြားပါလေ။ အသျှင်မြတ်ထံ၌ ရှိသော အရာသည် ထိုရောင်းဝယ်ကုန်ထက်လည်းကောင်း၊ ပျော်ပွဲရွှင်ပွဲထက်လည်းကောင်း မွန်မြတ်လှပေသည်။) *[၆၂ : ၁၁]*

ဤအာယသ်တော်၌ 'ဂျုမုအာဟ်ခွသ်ဗာဟ်'ကို လွတ်ကာ ရောင်းဝယ်ဖောက်ကားခြင်း၏ ဘက်သို့ အာရုံထားသောသူတို့အား သတိပေးထားတော်မူပေသည်။ အေမာမ်အိဗ်နေကစီးရ်သခင်ကြီးက ဤသို့ အမိန့်ရှိထားပေသည်။ ဤဖြစ်စဉ်သည် ယနေ့ထိတိုင် 'အီးဒ်'နမာဇ်များ၌ ပြုလုပ်သကဲ့သို့ တမန်တော်မြတ် ﷺ သည် 'ဂျုမုအာဟ်'နမာဇ်၏နောက် 'ဂျုမုအာဟ်ခွသ်ဗာဟ်'ကို မြွက်ကြားနေချိန်၌ ဖြစ်ခဲ့သော ဖြစ်စဉ်ဖြစ်ပေသည်။ 'ဂျုမုအာဟ်'နေ့၌ ဤဖြစ်အင်သည် ကြုံကြိုက် ပေါ်ပေါက်လာပေသည်။ 'ဂျုမုအာဟ်'နမာဇ်ပြီးဆုံးကာ တမန်တော်မြတ် ﷺ သည် 'ခွသ်ဗာဟ်'ကို မြွက်ကြားလျက်ရှိနေစဉ် ရုတ်တရက် ကုန်သည်အဖွဲ့တစ်ဖွဲ့သည် မဒီနာမြို့၏ ဈေးသို့ ရောက်ရှိလာပေသည်။ အိုးစည်ဒိုးပတ် အစရှိသော ဗုံတို့ဖြင့် ရောင်းဝယ်မှုပြုရန်

ကြေညာ၍ နေပေတော့သည်။ ထိုအချိန်သည် 'ဂျုမုအာဟ်' နမာဇ် ဝတ်ပြုပြီးချိန် ဖြစ်ပေသည်။ 'ခွသ်ဗာဟ်' မြွက်ကြားလျက် ရှိနေရာများစွာသော ဆွဟာဗာသခင်များသည် ဈေးသို့ ထွက်ခွာသွားကြရာ တမန်တော်မြတ် ﷺ နှင့်အတူ အနည်းငယ်သာ ကျန်ရစ်ခဲ့ပေတော့သည်။ ၁၂ ဦးသာ ကျန်သည်ဟူ၍ အရေအတွက်ကို ပြဆိုထားပေသည်။ (ဤဆင့်ပြန်ချက်ကို အဗူဒါဝူးဒ်သခင်ကြီးသည် 'မရာစီးလ်'၌ တင်ပြထားပေသည်)

အချို့သော ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များအတွင်း၌ လာရှိထားသည်မှာ တမန်တော်မြတ် ﷺ သည် ထိုလုပ်ရပ်ဖြစ်စဉ်အပေါ် 'အကယ်၍ အသင်တို့အားလုံး သွားရောက်လိုက်ကြပါမူ မဒီနာမြို့၏ အရပ်ဒေသအားလုံးသည် 'အဇားဗ်'တော်၏ မီးများအားလုံးဖြင့် ပြည့်နှက်သွားပေမည်'ဟူ၍ မိန့်တော်မူလိုက်ပေသည်။ *[အဗူယအ်လား၊ အိဗ်နေကစီးရ်]*

အကျယ်ဖွင့်ဆိုသော အေမာမ်တစ်ပါးဖြစ်သူ မကာသိလ်သခင်ကြီးက ဤသို့ တင်ပြထားပေသည်။ ဤကုန်သည်အဖွဲ့သည် ဆီရီးယားနိုင်ငံမှ လာရောက်သော ဒဟီယာဗင်နိခလဖ် (ကလ်ဗီး) သခင်ကြီး၏ ကုန်သည်အဖွဲ့ဖြစ်ကာ မဒီနာမြို့ရှိ ကုန်သည်များထံ လိုအပ်သော အရာများအားလုံး ယူဆောင်ကာ ရောက်ရှိလာခြင်း ဖြစ်ပေသည်။ မဒီနာမြို့ရှိ သူတို့သည် ၄င်းတို့ လာရောက်သည့်သတင်းကို ရရှိပါမူ အမျိုးသား၊ အမျိုးသမီးအားလုံးတို့သည် ထိုအဖွဲ့ရှိရာဘက်သို့ ပြေးလွှားသွားကြကုန်၏။ ဤဒဟီယာဗင်နိခလဖ်သည် ထိုအချိန်ထိတိုင် မွတ်စ္စလင်မ်မဖြစ်သေးဘဲ နောက်ပိုင်းမှ အစ္စလာမ်သာသနာဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ပေသည်။

မဒီနာမြို့၌ အရေးကြီးလိုအပ်သော အရာများ ရှားပါး၍ အလွန်ဈေးကြီးသော အချိန်၌ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်းလည်း ဟစန်ဗဆွရီး (ရဟ) သခင်ကြီးနှင့် အဗူမာလိက် (ရဟ) သခင်ကြီးတို့က အမိန့်ရှိထားကြပေသည်။ *[မဇ္ဇဟရီကျမ်း]*

ဤသည် 'ဆွဟာဗာသခင်ကြီးများ၏ များပြားကြီးမားသော အရေအတွက်သည် ကုန်သည်အဖွဲ့၏ အသံကို ကြားကာ ဗလီကျောင်းတော်မှ ထွက်ခွာသွားကြခြင်း' ၏ အကြောင်းခံများ ဖြစ်ပေသည်။ ပထမအချက်သည် 'ဖွရဇ်'အချက်အား တည်ဆောက်ပြီးဖြစ်၍ 'ခွသ်ဗာဟ်'နှင့် စပ်လျဉ်း၍လည်း 'ဖွရဇ်' အစိတ်အပိုင်းဖြစ်ကြောင်းကို မသိရှိသေးသော အချိန်ကာလ၌ ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်ပေသည်။ ဒုတိယအချက်မှာ အရာဝတ္ထုပစ္စည်းများ ရှားပါးချိန်၌ ဖြစ်ပြီး၊ တတိယအချက်မှာ ကုန်သည်အဖွဲ့ရှိရာဆီသို့ ဝိုင်းအုံလာကြရာ 'နောက်ကျသွားခြင်းဖြင့် မိမိတို့၏ လိုအပ်ချက်အရာများ မရရှိနိုင်ပေ' ဟူ၍ တစ်ဦးချင်း တွေးခေါ်ထားသော အချိန်ပင် ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေကာမူ ထိုအကြောင်းခံများ၏ အောက်ဝယ် ဆွဟာဗာအားလုံးမှ ယင်းမေ့မှားမှု ဖြစ်ခဲ့ရာ ယင်းအပေါ်၌ ဟဒီးစ်တော်၌ ပြစ်ဒဏ်တော် ကျရောက်မည်ဖြစ်ကြောင်း လာရှိပေသည်။ အားလုံးသော သူများ သွားရောက်လိုက်ကြမည်ဆိုပါမူ၊ အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်ကျရောက်မည် ဖြစ်၏။

ယင်းအချက်အပေါ် အရှက်အကြောက်တရားနှင့် သတိပေးတော်မူရန်အတွက် အထက်ပါအာယသ်တော် ကျရောက်လာခြင်း ဖြစ်ပေသည်။ ထိုအကြောင်းခံကြောင့် တမန်တော်မြတ် ﷺ သည် 'ခွသ်ဗာဟ်' နှင့် စပ်လျဉ်းသော အမူကိစ္စ၌ နမာဇ်ဝတ်ပြုမှု၏ အလျင် 'ခွသ်ဗာဟ်' မြွက်ကြားတော်မူ ခြင်း၏ မိမိ၏ ဓလေ့ကို ပြန်လည် ပြောင်းတော်မူလိုက်လေသည်။ ဤပုံပန်းသဏ္ဌာန်သည်သာလျှင် ယခုအချိန် ထိတိုင် 'စွန္နသ်' ဖြစ်နေပေသည်။ *[အိဗ်နေကစီးရ်]*

တင်ပြလျက်ရှိနေသော အာယသ်တော်၌ တမန်တော်မြတ် ﷺ အား 'အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ ရှိသော အရာများသည် ထိုအိုးစည်ဒိုးပတ်တို့ဖြင့် မောင်းခတ်ကာ ရှာဖွေနေသော အရောင်းအဝယ်ထက်ပင် သာပိုကြောင်း' ကို ပြဆိုရန် မိန့်တော်မူထားခြင်း ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်ထံတော်ပါး၌ ရှိသော အရာသည် 'အာခေရသ်' နောင်တမလွန်၏ အကျိုးစဝါးဗ်သည်သာလျှင် ဖြစ်ကြောင်းကိုသာလျှင် အလိုသဘောကို ကောက်ယူရပေမည်။ နမာဇ်နှင့် 'ခွသ်ဗာဟ်' ကို ထောက်ရှု၍ ရောင်းဝယ်ဖောက်ကားခြင်းနှင့် ဝမ်းစာရှာဖွေခြင်းကို စွန့်လွှတ်လိုက်သော သူတို့အဖို့ အလ္လာဟ်အသျှင်မြတ်၏ဘက်တော်မှ ကမ္ဘာလောက၌လည်း သီးသန့် 'ဗရ်ကသ်' တော်များ ကျရောက်လာမည်ဖြစ်ကြောင်း' မှာ တွေးခေါ်ရန် ခဲယဉ်းလှစွာသော အချက် မဟုတ်ပေ။ ပမာတင်ပြရမည်ဆိုသော် အထက်၌ အတိတ်ခေတ် သူတော်စင်တို့မှ အိဗ်နေကစီးရ်သခင်ကြီး၏ ဆင့်ပြန်ချက်ကို ဆင့်ဆိုထားပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်မုနာဖိကူးန်

မွတ်စ္စလင်မ်အယောင်ဆောင်များကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

إِذَا جَآءَكَ الْمُنٰفِقُوْنَ قَالُوْا نَشْهَدُ إِنَّكَ لَرَسُوْلُ اللّٰهِ وَاللّٰهُ يَعْلَمُ
إِنَّكَ لَرَسُوْلُهٗ وَاللّٰهُ يَشْهَدُ إِنَّ الْمُنٰفِقِيْنَ لَكٰذِبُوْنَ ①

၆၃ : ၁ ။ ။ မုနာဖစ်က်အယောင်ဆောင် မွတ်စ္စလင်မ်တို့သည် အသင့်ထံ လာခဲ့ကြသောအခါ 'ကေန်မုချ အသင်သည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်ကြောင်း ကျွန်ုပ်တော်များ သက်သေခံကြပါသည်' ဟု ပြောဆိုကြကုန်၏။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင့်အား ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်ကြောင်း ကောင်းစွာ သိရှိတော်မူ၏။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် ကေန်မလွဲ မုနာဖစ်က်အယောင်ဆောင် မွတ်စ္စလင်မ်တို့မှာ မုသာဝါဒီများ ဖြစ်ကြောင်း သက်သေခံ တော်မူ၏။

اِتَّخَذُوْٓا اَيْمَانَهُمْ جُنَّةً فَصَدُّوْا عَنْ سَبِيْلِ اللّٰهِ ۗ اِنَّهُمْ سَآءَ مَا كَانُوْا يَعْمَلُوْنَ ②

၆၃ : ၂ ။ ။ ၎င်းတို့သည် မိမိတို့၏ ကျိန်ဆိုချက်များကို အကာအကွယ် ပြုလုပ်ပြီးလျှင် (သူတစ်ပါးတို့အား) အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှ တားဆီးပိတ်ပင်ခဲ့ကြလေ၏။ ကေန်စင်စစ် ၎င်းတို့၏ ပြုမူချက်များမှာ လွန်စွာ ဆိုးရွားလှ၏။

ذٰلِكَ بِاَنَّهُمْ اٰمَنُوْا ثُمَّ كَفَرُوْا فَطُبِعَ عَلٰى قُلُوْبِهِمْ فَهُمْ لَا يَفْقَهُوْنَ ③

၆၃ : ၃ ။ ။ ထိုသို့ဖြစ်ရခြင်းမှာ ၎င်းတို့သည် သက်ဝင်ယုံကြည်ခဲ့ကြပြီးနောက် သွေဖည်ငြင်းပယ်ခဲ့ကြသောကြောင့်ပင် (ဖြစ်၏။) သို့ရှိရာ ၎င်းတို့၏ နှလုံးသားများအပေါ် တံဆိပ်ခတ်နှိပ်ခြင်း ခံခဲ့ကြရ၏။ သို့ဖြစ်ပေရာ ၎င်းတို့သည် နားလည်ကြသည် မဟုတ်ပြီ။

وَإِذَا رَأَيْتَهُمْ تُعْجِبُكَ أَجْسَامُهُمْ ۖ وَإِن يَقُولُوا تَسْمَعْ لِقَوْلِهِمْ ۖ كَأَنَّهُمْ
خُشُبٌ مُّسَنَّدَةٌ ۖ يَحْسَبُونَ كُلَّ صَيْحَةٍ عَلَيْهِمْ ۚ هُمُ الْعَدُوُّ فَاحْذَرْهُمْ ۚ
قَاتَلَهُمُ اللَّهُ ۖ أَنَّىٰ يُؤْفَكُونَ ④

၆၃ : ၄ ။ ။ ထို့ပြင် (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့အား တွေ့မြင်သောအခါ ၎င်းတို့၏ လုံးရုပ်သဏ္ဍာန်များသည် အသင်၏ အမြင်၌ လှပစွာ မြင်ရပေမည်။ ထိုနည်းတူစွာ အသင်သည် ၎င်းတို့အား တွေ့မြင်သောအခါ ၎င်းတို့၏ လုံးရုပ်သဏ္ဍာန်များသည် အသင်၏ အမြင်၌ လှပစွာ မြင်ရပေမည်။ ထိုနည်းတူစွာ အကယ်၍ ၎င်းတို့သည် စကားစမြည် ပြောဆိုကြလျှင်၊ အသင်သည် ၎င်းတို့၏ စကားများကို (စိတ်ဝင်စားစွာ) နားထောင်ပေမည်။ ၎င်းတို့မှာ မှီ၍ထားသော သစ်တုံးများကဲ့သို့ပင် ဖြစ်ကြကုန်၏။ ဟစ်အော်သံ (ကြားရ) တိုင်း၊ မိမိတို့နှင့် ဆန့်ကျင်၍ [ငါတို့၏ အတွင်းရေးနှင့် ပတ်သက်၍] (ဟစ်အော်သံဟု) ထင်မှတ်ကြ၏။ ၎င်းတို့သည်ပင် ရန်သူများ ဖြစ်ကြ၏။ သို့ဖြစ်ပေရာ အသင်သည် ၎င်းတို့နှင့် ကင်းရှင်းစွာ နေပါလေ။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ဖျက်ဆီးတော်မူပါစေ။ ၎င်းတို့သည် အဘယ်သို့ ပြန်လှည့်၍ ထွက်သွားကြသနည်း။

وَإِذَا قِيلَ لَهُمْ تَعَالَوْا يَسْتَغْفِرْ لَكُمْ رَسُولُ اللَّهِ لَوَّوْا رُءُوسَهُمْ وَرَأَيْتَهُمْ يَصُدُّونَ وَهُم مُّسْتَكْبِرُونَ ⑤

၆၃ : ၅ ။ ။ ၎င်းပြင် ထိုသူတို့အား 'အသင်တို့သည် လာကြလေကုန်။ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်သည် အသင်တို့အဖို့ လွတ်ငြိမ်းခွင့်ကို ပန်ကြား၍ ပေးမည်' ဟု ပြောဆိုသောအခါ ၎င်းတို့သည် မိမိတို့၏ ဦးခေါင်းများကို လှုပ်ခါကြကုန်၏။ ထို့ပြင် (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့အား မာန်မာန ထောင်လွှားကြလျက် ပြန်လှည့်၍ သွားကြသည်ကို တွေ့မြင်ရပေမည်။

سَوَاءٌ عَلَيْهِمْ أَسْتَغْفَرْتَ لَهُمْ أَمْ لَمْ تَسْتَغْفِرْ لَهُمْ لَن يَغْفِرَ اللَّهُ لَهُمْ ۚ إِنَّ
اللَّهَ لَا يَهْدِي الْقَوْمَ الْفَاسِقِينَ ⑥

၆၃ : ၆ ။ ။ အသင်သည် ၎င်းတို့အဖို့ လွတ်ငြိမ်းခွင့်ကို ပန်ကြားသည်ဖြစ်စေ၊ ၎င်းတို့အဖို့ လွတ်ငြိမ်းခွင့်ကို ပန်ကြားခြင်း မပြုသည်ဖြစ်စေ၊ ၎င်းတို့အဖို့ အကြောင်းမထူးပြီ။ ဧကန်အမှန် အလ္လာဟ်အသျှင်မြတ်သည် အမိန့်တော်ကို သွေဖည်သော သူတို့အား တရားလမ်းမှန်သို့ ပို့ပေးတော်မူသည် မဟုတ်ပေ။

هُمُ الَّذِينَ يَقُولُونَ لَا تُنفِقُوا عَلَىٰ مَنْ عِندَ رَسُولِ اللَّهِ حَتَّىٰ
يَنفَضُّوا ۗ وَلِلَّهِ خَزَائِنُ السَّمَاوَاتِ وَالْأَرْضِ وَلَٰكِنَّ الْمُنَافِقِينَ لَا يَفْقَهُونَ ⑦

၆၃ : ၇ ။ ။ ၎င်း (မုနာဖစ်က်) တို့ကပင် 'အသင်တို့သည် ရစူလ်တမန်တော်မြတ်၏ ထံတော်ပါး၌ ရှိနေကြသောသူ [မက္ကာဟ်မြို့မှ ရွှေ့ပြောင်းလာခဲ့ကြသော မုဟာဂျစ်ရ်] တို့အပေါ်၌ ၎င်းတို့ ကစဉ့်ကလျား ဖြစ်သွားကြသည်အထိ [စားဝတ်

နေရေး ကျပ်တည်းအောင် ၎င်းတို့အပေါ် နေရာထိုင်ခင်း၊ အကူအညီ] သုံးစွဲခြင်းကို မပြုကြကုန်လင့်'ဟူ၍ ပြောဆိုခဲ့ကြကုန်၏။ စင်စစ် မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိကြကုန်သော ဘဏ္ဍာတော်များသည် အသျှင်မြတ် ပိုင်ဆိုင်တော်မူသော ဘဏ္ဍာတော်များသာ ဖြစ်ကြကုန်၏။ သို့ရာတွင် မုနာဖစ်က်အယောင်ဆောင် မွတ်စ္စလင်မ်တို့သည် နားလည်ကြသည်မဟုတ်ပေ။

يَقُولُونَ لَئِن رَّجَعْنَآ
إِلَى ٱلْمَدِينَةِ لَيُخْرِجَنَّ ٱلْأَعَزُّ مِنْهَا ٱلْأَذَلَّ ۚ وَلِلَّهِ ٱلْعِزَّةُ وَلِرَسُولِهِۦ
وَلِلْمُؤْمِنِينَ وَلَٰكِنَّ ٱلْمُنَٰفِقِينَ لَا يَعْلَمُونَ ۝٨

၆၃ : ၈ ။ ။ ၎င်းတို့ပင် (ယခုသော်) 'ကျွန်ုပ်တို့သည် မဒီနာမြို့သို့ ပြန်၍ သွားခဲ့ကြလျှင် ဂုဏ်အသရေ အားအင်ရှိသူတို့သည် ဂုဏ်အသရေ အားအင်မဲ့သော သူတို့အား ထိုမြို့မှ ကေန်မလွဲ နှင်ထုတ်ကြပေမည်'ဟူ၍ (လည်း) ပြောဆိုကြကုန်၏။ စင်စစ် ဂုဏ်သရေ အားအင်ဟူသည် အလ္လာဟ်အသျှင်မြတ်၌သာလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်၌သာလည်းကောင်း၊ မုအ်မင်န်သက်ဝင် ယုံကြည်သူတို့၌လည်းကောင်း ရှိပေသည်။ သို့တစေလည်း မုနာဖစ်က်မွတ်စ္စလင်အယောင်ဆောင်သော သူတို့မှာမူ သိရှိကြသည်မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မုနာဖစ်က်အယောင်ဆောင် မွတ်စ္စလင်မ်တို့သည် အသင့်ထံ လာခဲ့ကြသောအခါ 'ကေန်မုချ အသင်သည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်ကြောင်း ကျွန်တော်များ (နှလုံးသားများအတွင်းမှ) သက်သေခံကြပါသည်'ဟု ပြောဆိုကြကုန်၏။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင့်အား ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်ကြောင်း ကောင်းစွာ သိရှိတော်မူ၏။ (အထက်ပါ ၎င်းတို့၏ ပြောဆိုချက်ကို မဟုတ်မမှန် လိမ်လည်ပြောဆိုခြင်းဟူ၍ သတ်မှတ်ခြင်း မပြုခဲ့ပေ။) သို့ရာတွင် (ထိုသို့ ပြောဆိုနေသည့်တိုင်) အလ္လာဟ်အသျှင်မြတ်သည် ကေန်မလွဲ မုနာဖစ်က်အယောင်ဆောင် မွတ်စ္စလင်မ်တို့မှာ (ထိုပြောဆိုမှု၌) မုသာဝါဒီများဖြစ်ကြောင်း သက်သေခံတော်မူ၏။ (၎င်းတို့၏ 'ကျွန်ုပ်တို့ နှလုံးသားအတွင်းမှ သက်သေခံပါသည်' ဟူ၍ ပြောဆိုခြင်းနှင့် စပ်လျဉ်း၍ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် နှုတ်လျှာဖြင့်သာလျှင် သက်သေခံခဲ့ခြင်းဖြစ်ပြီး နှလုံးသား၏ ယုံကြည်ချက်ဖြင့် သက်သေခံခြင်း မရှိခဲ့၍ ဖြစ်သည်။)

၎င်းတို့သည် မိမိတို့၏ ကျိန်ဆိုချက်များကို (မိမိတို့၏ အသက်များနှင့် ပစ္စည်းဥစ္စာများကို ကာကွယ်ရန်အတွက်) ဒိုင်းသဖွယ်ပြုလုပ်ခဲ့ပြီး၊ (အဘယ်ကြောင့်ဆိုသော် ကုဖွ်ရ်ပြုခြင်းကို ထုတ်ဖော်လိုက်မည်ဆိုလျှင် ၎င်းတို့သည်လည်း အခြားသော ကာဖိရ်များနည်းတူ 'ဂျိဟားဒ်' (စစ်ဆင်နွှဲခြင်း) ခံရ၍ တိုက်ခိုက်သတ်ဖြတ်ခြင်းကို ခံရပေမည်။) တစ်ဖန် မိမိတို့အဖို့ ပျက်စီးရာပျက်စီးကြောင်းကို ဖြစ်ပေါ်စေသည့်အချက်အပြင် အခြားသူများကိုပါ ဆင့်ပွားကူးစက်ပျက်စီးစေမည့် အချက်ကိုလည်း ကျူးလွန်ခဲ့ကြ၏။) ဤသူတို့

သည် (အခြားသူတို့အား) အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှ တားဆီးပိတ်ပင်ခဲ့ကြလေ၏။ ကေန်စင်စစ် ၎င်းတို့၏ ပြုမူချက်များမှာ လွန်စွာ ဆိုးရွားလှ၏။

(၎င်းတို့၏ ပြုမူချက်များ လွန်စွာ ဆိုးရွားသည်ဟူ၍ ငါအသျှင်မြတ် မိန့်တော်မူရခြင်းမှာ ဤသည့် အချက်ကြောင့် ဖြစ်ပေသည်။) ထိုသို့ဖြစ်ရခြင်းမှာ ၎င်းတို့သည် (အစပထမ၌ အပေါ်ယံအရ) အီမာန် သက်ဝင်ယုံကြည်ခဲ့ကြပြီးနောက် (တစ်ဖန် မိမိတို့၏ အကြီးအကဲ အပေါင်းအပါ ရှိုက်သွာန်များရှိရာဆီသို့ သွားကာ

اِنَّامَعَكُمْ اِنَّمَانَحْنُ مُسْتَهْزِءُوْنَ

(ကျွန်ုပ်တို့သည် အသင်တို့နှင့်အတူ တစ်သင်းတည်း၊ တစ်ဝါဒတည်းပင် ဖြစ်ကြပါသည်။ မုချကေန် ကျွန်ုပ်တို့သည် ထိုမွတ်စ္စလင်မ်များအား သက်သက် ပြက်ရယ်ကျီစယ် ကရော်ကမည် ပြုကြသူများသာ ဖြစ်ကြပါ၏။) *[၂ : ၁၄]*

ဟူ၍ ပြောဆိုပြီး) သွေဖည်ငြင်းပယ်ခဲ့ကြသောကြောင့်ပင် (ဖြစ်၏။ အလိုသဘောမှာ '၎င်းတို့ အပေါ် 'အဆိုးရွားဆုံးသော အပြုအမူ ပြုလုပ်ခဲ့ကြသည်' ဟူ၍ မိန့်မြွက်သတ်မှတ် တင်ပြခဲ့ခြင်းမှာ ကုဖ္ဖရ် လုပ်ရပ်များ၌ အဆိုးရွားဆုံးသော အချက်ဖြစ်သည့် **نفاق** မွတ်စ္စလင်မ်အသွင်ဆောင်ခဲ့ခြင်းကြောင့် ဖြစ်ပေသည်။) သို့ရှိရာ (ထိုသို့ အသွင်ဆောင်မှု ပြုခဲ့သည့်အတွက်ကြောင့်) ၎င်းတို့၏ နှလုံးသားများအပေါ် တံဆိပ်ခတ်နှိပ်ခြင်း ခံခဲ့ကြရ၏။ သို့ဖြစ်ပေရာ (အမှန်တရားစကားကို) ၎င်းတို့သည် နားလည်ကြသည် မဟုတ်ပြီ။

ထို့ပြင် (ပြင်ပသဏ္ဍာန်အရ ထိုသူတို့သည် ဤမျှ ဟိတ်ဟန်ကြီးသူများ ဖြစ်ကြသည်။ အို၊ နဗီတမန် တော်) အသင်သည် ၎င်းတို့အား (အပေါ်ယံ ဟိတ်ဟန်ကြောင့်) ၎င်းတို့၏ လုံးရပ်သဏ္ဍာန်များသည် အသင်၏ အမြင်၌ လှပစွာ တွေ့မြင်ရပေမည်။ ထိုနည်းတူစွာ (ပြောဆိုခြင်းအရာ၌လည်း) အကယ်၍ ၎င်းတို့သည် စကားစမြည် ပြောဆိုကြလျှင်၊ အသင်သည် ၎င်းတို့၏ စကားများကို (ချိုမြန်ကာ အပြော ကြွယ်ကြသည့်အတွက်ကြောင့် စိတ်ဝင်စားစွာ) နားထောင်ပေမည်။

(ထို့ကြောင့် အပေါ်ယံ အသွင်အပြင် ဟိတ်ဟန်ရှိနေပါသော်လည်း အတွင်းပိုင်း အရည်အချင်း များမှ ဗလာနတ္ထိ လက်မဲ့ဖြစ်ရှိနေသည့်အတွက်ကြောင့် ၎င်းတို့၏ ဥပမာသည် ဤအချက်နှင့် တူဆင်နေ ပေသည်။) ၎င်းတို့မှာ (တံတိုင်း၌) မှီ၍ထားသော (ထောင်နေသည့်) သစ်တုံးများကဲ့သို့ပင် ဖြစ်ကြ ကုန်၏။ (အကြောင်းမှာ ကိုယ်ခန္ဓာ၏ အရာ၌မူ ကြီးမားတုတ်ခိုင်မှု ရှိနေပါသော်လည်း သက်မဲ့ဝတ္တုသာ ဖြစ်ပေသည်။ လက်တလော အသုံးမလိုသေးသော သစ်တုံးများကို များသောအားဖြင့် ထိုကဲ့သို့ပင် ထားလေ့ ရှိကြသည်။ ဤကဲ့သို့သော သစ်သားသည် အကျိုးမဲ့အရာသက်သက်သာ ဖြစ်နေလေ့ ရှိပေသည်။ ဤကဲ့ သို့ပင် ယင်းသူတို့သည်လည်း အပေါ်ယံအရမူ သို့ရာတွင် အတွင်းပိုင်း အရည်အချင်းအရမူ အလကား အချည်းအနှီး လူများသာ ဖြစ်ပေသည်။ 'အိခ်လာႀစ္စ်' (စိတ်စေတနာ ဖြူစင်မှု) မရှိ၊ အီမာန် မရှိသည့်အတွက်

ကြောင့် အချိန်တိုင်းလိုလို ၎င်းတို့သည် 'မွတ်စ္စလင်မ်တို့သည် ကျွန်ုပ်တို့၏ အခြေအနေအမှန်ကို ခိုင်မာသော အကြောင်းခံတစ်ရပ်ရပ်ဖြင့်သော်လည်းကောင်း၊ (သို့မဟုတ် 'ဝဟီ'ဗျာဒိတ်တော်၏ အကြောင်းခံဖြစ်သော်လည်းကောင်း သိရှိသွားလေမလား။ တစ်ဖန် အခြားသော ကာဖိရ်များနည်းတူ ကျွန်ုပ်တို့အပေါ်၌လည်း 'ဂျီဟားဒ်' သာသနာရေးစစ်ပွဲ အစရှိသော အချက်များကို ဆင်နွဲလာလေမလား' ဟူ၍ စိုးရိမ်မကင်းဖြစ်ရှိနေပေသည်။ ထိုသို့သော စိုးရိမ်စိတ်ကြောင့် ဤမျှတိုင်အောင် ကြောက်ရွံ့နေလျက်ရှိပေသည်။ ၎င်းမှာ ဟာစ်အော်သံ (ကြားရ) တိုင်း၊ မိမိတို့နှင့် ဆန့်ကျင်၍ (ငါတို့၏ အတွင်းရေးနှင့် ပတ်သက်၍ ဟာစ်အော်သံဟု) ထင်မှတ်ကြ၏။ (ဆူပူအော်ဟစ်သံ တစ်စုံတစ်ရာ ကြားရသည်ဆိုလျှင် 'ကျွန်ုပ်တို့၏ လျှို့ဝှက်ချက် ပေါ်လွင်သွားလေမလား' ဟူ၍ ထင်မှတ်စိတ်ပူနေခဲ့ကြပေသည်။ စင်စစ်) ၎င်းတို့သည်ပင် (လျှင် အသင်တို့အဖို့ ကြီးမားလှစွာသော) ရန်သူများ ဖြစ်ကြ၏။ သို့ဖြစ်ပေရာ အသင်သည် ၎င်းတို့နှင့် ကင်းရှင်းစွာ နေပါလေ။ (ဆိုလိုသည်မှာ ၎င်းတို့၏ မည်သည့်စကားရပ် တစ်စုံတစ်ရာအပေါ်၌မှာပင် ယုံကြည်မှု မထားရှိလေနှင့်) အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ဖျက်ဆီးတော်မူပါစေ။ ၎င်းတို့သည် (မှန်ကန်သော သာသနာမှ) အဘယ်သို့ ပြန်လှည့်၍ ထွက်သွားကြသနည်း။ (ဆိုလိုသည်မှာ နေ့စဉ်နှင့်အမျှ ဝေး၍ ဝေး၍ သွားကြပေပြီးဟူ၍ ဖြစ်သည်။)

၎င်းပြင် (ထိုသူတို့၏ မာနတရားနှင့် ဆိုးသွမ်းမှု၏ အခြေအနေမှာ ဤသို့တည်း။) ထိုသူတို့အား 'အသင်တို့သည် (တမန်တော်မြတ် ﷺ ၏ ထံတော်ပါးသို့) လာကြလေကုန်။ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်သည် အသင်တို့အဖို့ လွတ်ငြိမ်းခွင့်ကို ပန်ကြား၍ပေးမည်' ဟု ပြောဆိုသောအခါ ၎င်းတို့သည် မိမိတို့၏ ဦးခေါင်းများကို လှုပ်ခါကြကုန်၏။ ထို့ပြင် (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့အား (ကောင်းရာကောင်းကျိုး ပြုခြင်းအချက်နှင့် ရစူလ်တမန်တော်မြတ် ﷺ မှ လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံပေမည်ဟူသော အချက်တို့မှ) မာန်မာန ထောင်လွှားကြလျက် ပြန်လှည့်၍ သွားကြသည်ကို တွေ့မြင်ရပေမည်။

(၎င်းတို့၏ ကုဖ္ဖရ်သွေဖည်ငြင်းဆိုခြင်းသည် ဤအခြေအနေထိတိုင် ရောက်ရှိနေသည်ဆိုလျှင်) အသင်သည် ၎င်းတို့အဖို့ လွတ်ငြိမ်းခွင့်ကို ပန်ကြားသည်ဖြစ်စေ၊ ၎င်းတို့အဖို့ လွတ်ငြိမ်းခွင့်ကို ပန်ကြားခြင်း မပြုသည်ဖြစ်စေ၊ ၎င်းတို့အဖို့ အကြောင်းမထူးပြီ။ စင်စစ်အမှန် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား လုံးဝ ခွင့်လွှတ်တော်မူမည် မဟုတ်။ (အလိုသဘောမှာ အကယ်၍ ၎င်းတို့သည် အသင်၏ ထံတော်ပါသို့ လာရောက်ကြကာ အသင်သည်လည်း ၎င်းတို့၏ အပေါ်ယံအခြေအနေကို ထောက်ရှု၍ လွတ်ငြိမ်းခွင့် တောင်းခံပေးပါကလည်း ၎င်းတို့အဖို့ အကျိုးတစ်စုံတစ်ရာမျှ မထူးနိုင်ပြီ။ ဤသည်မှု ၎င်းတို့၏ အတိတ်ခေတ်ကို ထောက်ရှု၍ ဖြစ်ပေသည်။ နောင်လာမည့် အနာဂတ်နှင့် စပ်လျဉ်း၍မူ ဤသို့ရှိ၏။) စင်စစ်အမှန် အလ္လာဟ်အသျှင်မြတ်သည် အမိန့်တော်ကို သွေဖည်သော သူတို့အား တရားလမ်းမှန်သို့ ပို့ပေးတော်မူသည် မဟုတ်ပေ။

၎င်း (မုနာဖစ်က်) တို့ကပင် 'အသင်တို့သည် ရစူလ်တမန်တော်မြတ်၏ ထံတော်ပါး၌ (စုရုံး) ရှိနေကြသောသူ (မက္ကာဟ်မြို့မှ ရွှေ့ပြောင်းလာခဲ့ကြသော မုဟာဂျစ်ရ်) တို့အပေါ်၌ ၎င်းတို့ ကစဉ့်ကလျား ဖြစ်သွားကြသည်အထိ (စားဝတ်နေရေး ကျပ်တည်းအောင် ၎င်းတို့အပေါ် နေရာထိုင်ခင်း၊ အကူအညီ) သုံးစွဲခြင်းကို မပြုကြကုန်လင့်' ဟူ၍ ပြောဆိုခဲ့ကြကုန်၏။ (၎င်းတို့၏ ဤသို့ ပြောဆိုမှုသည် အသိဉာဏ် အလိမ္မာ ခေါင်းပါးမှုသာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်) စင်စစ် မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိကြကုန်သော ဘဏ္ဍာတော်များသည် အသျှင်မြတ် ပိုင်ဆိုင်တော်မူသော ဘဏ္ဍာတော်များသာ ဖြစ်ကြကုန်၏။ သို့ရာတွင် မုနာဖစ်က်အယောင်ဆောင် မွတ်စ္စလင်မ်တို့သည် နားလည်ကြသည်မဟုတ်ပေ။ (၎င်းတို့သည် ရိဇိရိက္ခာ ရရှိရန်အတွက် မြို့သူ၊ မြို့သားတို့၏ သုံးစွဲကူညီမှုသည် အဓိကနေရာ၌ ရှိသည်ဟူ၍ သဘောပေါက် မှတ်ယူထားကြ၍ ဖြစ်ပေသည်။)

(ထို့ပြင်) ၎င်း (သူ) တို့ကပင် (ယခုသော်) 'ကျွန်ုပ်တို့သည် မဒီနာမြို့သို့ ပြန်၍ သွားခဲ့ကြလျှင် ဂုဏ်အသရေ အားအင် ရှိသူတို့သည် ဂုဏ်အသရေ အားအင်မဲ့သော သူတို့အား ထိုမြို့မှ ဧကန်မလွဲ နှင်ထုတ်ကြပေမည်'ဟူ၍ (လည်း) ပြောဆိုကြကုန်၏။ (ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် ထိုတိုင်းတစ်ပါး ခရီးသည်တို့အား နှင်ထုတ်ကြပေလိမ့်မည်။) စင်စစ် (မိမိတို့ကိုယ်ကို မိမိတို့ သိက္ခာရှိသူများနှင့် မွတ်စ္စလင်မ်များကို သိက္ခာမဲ့သော သူများဟူ၍ ပြောဆိုခြင်းသည် အသိဉာဏ်အလိမ္မာ ကင်းမဲ့သော စကားချည်းသာ ဖြစ်ပေသည်။ သို့သာမက ဇာတိတော်အရ) ဂုဏ်သရေ အားအင်ဟူသည် အလ္လာဟ်အသျှင်မြတ်၌သာလည်းကောင်း၊ (အလ္လာဟ်အသျှင်မြတ်နှင့် တမန်တော်မြတ် ﷺ နှင့် ဆက်နွယ်မှုကို အကြောင်းခံ၍၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်၌သာလည်းကောင်း၊ (အလ္လာဟ်အသျှင်မြတ်နှင့် တမန်တော်မြတ် ﷺ တို့ဖြင့် ဆက်နွယ်မှုကို အကြောင်းခံ၍) မုအ်မင်န်သက်ဝင် ယုံကြည်သူတို့၌လည်းကောင်း ရှိပေသည်။ သို့တစေလည်း မုနာဖစ်က် မွတ်စ္စလင်အယောင်ဆောင်သော သူတို့မှာမူ သိရှိကြသည်မဟုတ်ပေ။ (သို့သာမက ပျက်သုဉ်းသွားမည် ဖြစ်သော အမှုကိစ္စများကို အဓိက အခြေခံမူတည်ချက်၍ မှတ်ယူထားကြပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

"စူရာဟ်မုနာဖိကူးန်" ကျရောက်လာခြင်း၏ အကျယ်တဝင့် သမိုင်းဖြစ်ရပ်

ဤဖြစ်အင်သည် မိုဟမ္မဒ်ဗင်န် အိစ်ဟားက် (ရဟ) သခင်ကြီး၏ ဆင့်ပြန်ချက်အရ ဟီဂျ်ရီ (၆) ခုနှစ် ရှအ်ဗာလန်လ၌သော်လည်းကောင်း၊ ကသာဒါ (ရဟ) နှင့် အုရ်ဝါ (ရဟ) သခင်ကြီးတို့၏ ဆင့်ပြန်ချက်အရ ဟီဂျ်ရီ (၅) ခုနှစ် ရှအ်ဗာန်လမြတ်၌သော်လည်းကောင်း ဗနီမုစ္ဌလိက် မျိုးနွယ်အုပ်စုတို့ဖြင့် စစ်ဖြစ်သော အချိန်၌ ပေါ်ပေါက်ခဲ့သည်။ *[မဇ္ဇဟရီ]*

ယင်းဖြစ်အင်သည် မိုဟမ္မဒ်ဗင်န်အိစ်ဟားက် (ရဟ) နှင့် စစ်သမိုင်း၊ ရာဇဝင်သမိုင်းတို့၌ အထင်ကရ ပုဂ္ဂိုလ်များအဖြစ် ကျော်ကြားကြသည့် များစွာသော အာလင်မ်ပညာရှင်ကြီးများ၏ ဆင့်ပြန်ချက်

နှင့်အညီ ဤသို့တည်း။ ဗနီနစ်မှစ္စ်သွလပ်က်မျိုးနွယ်အုပ်စု၏ ခေါင်းဆောင်ဖြစ်သော ဟာရိစ်ဗင်န်ဒ္ဒရ်ရာရ် ﷺ သည် တမန်တော်မြတ် ﷺ နှင့် ဆန့်ကျင်၍ စစ်မက်ယှဉ်ပြိုင် တိုက်ခိုက်ရန် အသင့်ပြင်လျက် ရှိနေသည့် သတင်းကို တမန်တော်မြတ် ﷺ သိရှိသွားတော်မူသည်။ ဤဟာရိစ်ဗင်န် ဒ္ဒရ်ရားရ် ﷺ သည် ဂျူဝိုင်ရီယား ﷺ သခင်မကြီး၏ ဖခင်ဖြစ်ပေသည်။ အကြင်သခင်မကြီးသည် နောက်ပိုင်း၌ မွတ်စ္စလင်မ်ဖြစ်ရှိကာ တမန်တော်မြတ် ﷺ ၏ ဇနီးကြင်ယာတော်များအတွင်း၌ ပါဝင်သွားခဲ့ပေသည်။ ထိုဟာရိစ်ဗင်န် ဒ္ဒရ်ရားရ် ﷺ ကိုယ်တိုင်သည်လည်း နောက်ပိုင်း၌ မွတ်စ္စလင်မ်ဖြစ်ခဲ့ပေသည်။

တမန်တော်မြတ် ﷺ သည် ၄င်းတို့ စစ်ရေးစစ်ရာ ပြင်ဆင်နေသည့်သတင်းကိုကြားရာ မွတ်စ္စလင်မ် အဖွဲ့တစ်ဖွဲ့နှင့်အတူ ၄င်းတို့နှင့် ယှဉ်ပြိုင်တိုက်ခိုက် စစ်ဆင်နွဲရန်အတွက် ထွက်လာတော်မူခဲ့ပေသည်။ ထို စစ်ဆင်ရေး၌ ထွက်သွားသော မွတ်စ္စလင်မ်တို့နှင့်အတူ များစွာသော မွတ်စ္စလင်မ်တို့သည်လည်း 'ကျွန်ုပ်တို့ အဖို့လည်း သုံ့ပန်းပစ္စည်း၌ ဝေစုဝေပုံ ရရှိလိမ့်မည်' ဟူသော လောဘရမ္မက်ဖြင့် ထွက်လာခဲ့ပေသည်။ အဘယ်ကြောင့်ဆိုသော် ဤသူတို့သည် နှလုံးသားအတွင်း၌မူ ငြင်းဆိုမှုကို ပြုသောသူများ ဖြစ်နေသည့်တိုင်အောင် 'အလ္လာဟ်အသျှင်မြတ်၏ အကူအညီသည် တမန်တော်မြတ် ﷺ နှင့်အတူ တည်ရှိကြောင်း နှင့် တမန်တော်မြတ် ﷺ သည်သာလျှင် လွှမ်းမိုးအောင်နိုင်မှုကို ရရှိမည်ဖြစ်ကြောင်း' ကို ယုံကြည်ထားကြပေသည်။

တမန်တော်မြတ် ﷺ သည် ဗနီမုစ္စ်သလပ်က် မျိုးနွယ်အုပ်စုတို့၏ နေရာဖြစ်သော 'မုရိုက်စီးအ်' ဟူ၍ ကျော်ကြားသော စမ်းချောင်း၊ (သို့မဟုတ်) ရေတွင်းရှိရာ နေရာဌာနတွင် ဟာရိစ်ဗင်န်သွရ်ရားရ် ﷺ တို့၏ စစ်တပ်ဖြင့် ထိပ်တိုက် ရင်ဆိုင်တွေ့ဆုံခဲ့ပေသည်။ ထို့ကြောင့် ဤစစ်ပွဲကို 'မုရိုက်စီးအ်' စစ်ပွဲ ဟူ၍လည်း ခေါ်ဆိုပေသည်။ နှစ်ဖက်စလုံးမှ စစ်သည်များ စီတန်းကာ မြားများဖြင့် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြသည်။ ယင်းစစ်ပွဲ၌ ဗနီမွစ္စ်သလပ်က်မျိုးနွယ်အုပ်စုဝင် များစွာသော သူများ သတ်ဖြတ်ခံရပြီး ကျန်ရှိသော သူများသည် ထွက်ပြေးတိမ်းရှောင်သွားခဲ့ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ် ﷺ ကို အောင်မြင်မှု ပေးသနားတော်မူကာ ထိုရန်သူတို့၏ အချို့သော ပစ္စည်းများမှာ သုံ့ပန်းလက်ရပစ္စည်း အဖြစ်၊ အချို့သော အမျိုးသမီး၊ အမျိုးသားတို့သည် အကျဉ်းသားအဖြစ်နှင့် မွတ်စ္စလင်မ်တို့၏ လက်ဝယ် အတွင်းသို့ ရောက်ရှိခဲ့ပေသည်။ ထိုစစ်ပွဲသည်လည်း ပြီးဆုံးသွားလေသည်။

ဌာနေစွဲ၊ ဆွေမျိုးစွဲအပေါ် အခြေခံ၍ ရိုင်းပင်းမှု ပြုခြင်းသည် ကုဖ္ဖရ်နှင့် အမိုက်ခေတ်၏ သိးခြား လက္ခဏာ ဖြစ်ခြင်းအကြောင်း

သို့ရာတွင် စစ်ပွဲပြီးသည့်နောက် ယခု မွတ်စ္စလင်မ်တို့၏ စစ်တပ်သည် ထို 'မုရိုက်စီးအ်' ရေတွင်း၌မှာပင် ရှိနေသေး၏။ မနှစ်မြို့ဖွယ်ကောင်းသော ဖြစ်အင်တစ်ရပ် ပေါ်ပေါက်ခဲ့ပေသည်။ မုဟာဂျီရ် (ဟီဂျ်ရသ် ပြု ပြောင်းရွှေ့လာသူ ဆွဟာဗီ) တစ်ဦးနှင့် အန်စွာရီ (မဒီနာမြို့နေ အိမ်ရှင်ဆွဟာဗီ) တစ်ဦး၏ ကြားဝယ်

ထိုရေနှင့်စပ်လျဉ်း၍ အချင်းချင်းကြား၌ ပြဿနာတက်ကြကာ ခိုက်ရန်ဖြစ်ပွားသည့် အဆင့်ထိတိုင် ရောက်ရှိသွားပေသည်။ မုဟာဂျိရ်သည် မိမိအား ကူညီရန်အတွက် မုဟာဂျိရ်များကို ဟစ်ခေါ်ခဲ့ပြီး အန်စွာရီသည်လည်း အန်စွာရီများကို ဟစ်ခေါ်ခဲ့ရာ နှစ်ဦးစလုံးကို တစ်ပတ်တစ်ရပ်မှ ကူညီကြမည့် လူအချို့သည် ရောက်ရှိခဲ့ကြပေသည်။ မွတ်စ္စလင်မ်များအချင်းချင်း ကြား၌ ပြဿနာတစ်ရပ် ပေါ်ပေါက်လုမတတ် ဖြစ်သွားပေသည်။ တမန်တော်မြတ် ﷺ သည် ထိုသတင်းကို ကြားသိသွားတော်မူသောအခါ ချက်ချင်း အငြင်းပွားရာ နေရာသို့ ကြွမြန်း ရောက်ရှိလာခဲ့ပေသည်။ အလွန် စိတ်ဆိုးဒေါသဖြစ်ခြင်းနှင့်အတူ

مابال دعوى الجاهلية

(ဤသို့ အမိုက်ခေတ်၏ ကြွေးကြော်မှုသည် မည်သို့နည်း) ဟူ၍ မိန့်တော်မူခဲ့ပေသည်။ အလိုသဘောမှာ 'မျိုးနွယ်အုပ်စု၏ ဆွေစွဲ၊ မျိုးစွဲ၊ ဌာနေစွဲကို အခြေခံ၍ အကူအညီများကို တောင်းခံ၍ ကာကွယ်မှုကို ရယူသော အမှုကိစ္စကို ပြုလုပ်နေကြပေပြီလော' ဟူ၍ ဖြစ်ပေသည်။ ထို့နောက်

دَعُوهَا فَاِنَّهَا منتنة

(ထိုကြွေးကြော်မှုမျိုးကို စွန့်လွှတ်ကုန်။ ဤသည် လွန်စွာ ညစ်ထေးနံစော်သော ကြွေးကြော်မှုဖြစ်ပေသည်) ဟူ၍ မိန့်တော်မူခဲ့ပေသည်။ ထို့နောက်တစ်ဖန် မွတ်စ္စလင်မ်တိုင်းသည် မိမိ၏ ညီနောင်မွတ်စ္စလင်မ့်မိတ်ဆွေအား ၎င်းသည် မတရားသောသူဖြစ်စေ၊ သို့တည်းမဟုတ် မတရားပြုလုပ်ခြင်းခံရသောသူ ဖြစ်စေ ကူညီသင့်ပေသည်ဟူ၍ မိန့်တော်မူခဲ့ပေသည်။ မတရားပြုခြင်းခံရသူအား ကူညီခြင်းဟူသည် '၎င်းအား မတရားပြုလုပ်မှု ခံရခြင်းမှ ကယ်တင်လိုက်ခြင်းဖြစ်ကြောင်း' မှာ ထင်ရှားလှပေသည်။ မတရားပြုသောသူအား ကူညီခြင်း၏ အလိုသဘောမှာ ၎င်းအား မတရားသမှုပြုခြင်းမှ တားမြစ်ရန်ကို ဆိုလိုခြင်း ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းအား အမှန်တကယ် ကူညီခြင်းမှာ ဤသည်သာလျှင် ဖြစ်ပေသည်။ အချုပ်အလိုသဘောမှာ ဤသို့ဖြစ်သည်။ အမှုကိစ္စတိုင်း၌ မတရားပြုခြင်းခံရသူသည် မည်သူနည်း။ မတရားပြုသောသူသည် မည်သူနည်းဟူသော အချက်ကို အလျှင် လေ့လာစမ်းစစ်ရပေမည်။ တစ်ဖန် မုဟာဂျိရ်ဖြစ်သည်ဖြစ်စေ၊ အန်စွာရီဖြစ်သည်ဖြစ်စေ၊ မည်သည့်မျိုးနွယ်အုပ်စုဝင်ပင် ဖြစ်စေ၊ မွတ်စ္စလင်မ်တိုင်းသည် အခြားမွတ်စ္စလင်မ် တစ်ဦးတစ်ယောက်အား မတရားသမှုပြုခြင်း ခံရသူအဖြစ်တွေ့မြင်ရသည်ဆိုလျှင် မတရားမှုမှ ကယ်တင်ရပေမည်။ မတရားသမှုပြုလုပ်သူဖြစ်ပါက ထိုသူသည် မိမိ၏ ညီအစ်ကိုအရင်း (သို့) ဖခင်ပင် ဖြစ်နေလင့်ကစား၊ ၎င်း၏ လုပ်ရပ်အား တားမြစ်ဟန့်တားရန် တာဝန်သည် မုချရှိပေသည်။ ဤသို့ မျိုးနွယ်အုပ်စုစွဲ၊ ဂိုဏ်ဂဏစွဲ၊ ဆွေစွဲ၊ မျိုးစွဲ၊ ဌာနေစွဲဆိုင်ရာ ကြွေးကြော်မှုသည် အသိဉာဏ်အလိမ္မာ ကင်းမဲ့ခြင်းနှင့် မသန့်၊ ညစ်ညမ်းမှုမှအပ အခြားတစ်စုံတစ်ရာ လက်ဝယ် မရရှိနိုင်သော နံစော်ညစ်ထေးသော ကြွေးကြော်မှုသာ ဖြစ်ပေသည်။

တမန်တော်မြတ် ﷺ ၏ ဤမိန့်မြွက်ချက်ကို ကြားနာလိုက်ရသည်နှင့် တစ်ပြိုင်နက် ပြဿနာသည် ချုပ်ငြိမ်း သွားပေသည်။ ထိုအမှုကိစ္စ၌ 'မုဟာဂျိရ်' ဆွဟာဗာတစ်ပါးဖြစ်သူ ဂျာဟ်ဂျဟ်သည် အနည်းငယ်

အတိုင်းထက်အလွန် ပြုမူခဲ့၏။ ၎င်းနှင့် ဆန့်ကျင် ပြဿနာဖြစ်သူ စေနားန်ဗင်န်ဝဗ်ရားဂျိဟာနီးအန်စွာရီ ﷺ သခင်ကြီးသည် ဒဏ်ရာရရှိသွားပေသည်။ ဟဇရသ်အိုဗာဒါးဗင်န်စွာမိသ် ﷺ သခင်ကြီး၏ တရားချပြမှု ကြောင့် စေနားန်ဗင်န်ဝဗ်ရဟ် ﷺ သခင်ကြီးသည် မိမိ၏ဘက်မှ ရယူပိုင်ခွင့်ရှိသော အခွင့်အရေးကို ခွင့်လွှတ် ပလပ်ပေးလိုက်ပေသည်။ ပြဿနာဖြစ်ရှိခဲ့ကြသော မတရားပြုသူနှင့် ပြုခြင်းခံရသူတို့သည် တစ်ဖန် ညီအစ်ကို ရင်းပမာ ဖြစ်ရှိသွားကြပေသည်။

မုနာဖစ်က်အဖွဲ့တစ်ဖွဲ့သည် သုံ့ပန်းပစ္စည်းအား ရယူရန် ရမ္မက်ဖြင့် မွတ်စ္စလင်မ်တို့နှင့်အတူ လာ ရောက်ကာ ပူးပေါင်းခဲ့ကြခြင်း ဖြစ်ပေသည်။ ၎င်းတို့၏ ခေါင်းဆောင်သည် အဗ်ဒုလ္လာဟ်ဗင်န်အုဗိုက် ဖြစ်ပေသည်။ ထိုသူသည် နှလုံးသားအတွင်းမှ တမန်တော်မြတ် ﷺ နှင့် မွတ်စ္စလင်မ်တို့အား ရန်ငြိုးမှု ထားရှိသူ ဖြစ်ပေသည်။ သို့ရာတွင် လောကီအကျိုးများကို ထောက်ရှု၍ မိမိကိုယ်ကို မိမိ မွတ်စ္စလင်မ် ဟူ၍ ကြွေးကြော်ထားသည်။ ၎င်းသည် မုဟာဂျိရ်များနှင့် အန်စွာရီများ၏ အချင်းချင်းကြား၌ အကွဲကွဲ အပြားပြားပြုရန် အခွင့်ကောင်းအဖြစ် အသုံးချရန် မိမိ၏ ထိုင်ဝိုင်း (မုအ်မင်န်များထဲမှ ဇိုက်ဒ်ဗင်န် အရ်ကမ် ﷺ သခင်သာ ပါဝင်သော မုနာဖစ်က်များအားလုံး စုရုံးကာ နေသော ထိုင်ဝိုင်း) ၌ ၎င်းသည် အန်စွာရီများကို မုဟာဂျိရ်များနှင့် ဆန့်ကျင်စွာ လှုံ့ဆော်သွေးထိုးမှုကို ပြုခဲ့ပေသည်။ 'အသင်တို့သည် ထိုမုဟာဂျိရ်များကို မိမိတို့၏ အရပ်ဒေသသို့ ခေါ်ဆောင်ကာ မိမိတို့အပေါ် ခြယ်လှယ်ခွင့်ကို ပေးလိုက် ပေသည်။ မိမိတို့၏ ဥစ္စာနှင့် ပစ္စည်းများကို ခွဲဝေကာ ၎င်းတို့အား ပေးအပ်လိုက်ပေသည်။ ဤသူတို့သည် အသင်တို့၏ ကျွေးမွေးစောင့်ရှောက်မှုကြောင့် ရပ်တည်နိုင်လာခဲ့သောအခါ ယခု အသင်တို့နှင့် ယှဉ်ပြိုင် ရင်ဆိုင်လာခဲ့ကြပေပြီ။ အကယ်၍ အသင်တို့သည် ယခုအချိန်၌လည်း မိမိတို့၏ အချုပ်ဇာတ်သိမ်းကို သဘောမပေါက်မူ နောင်ကာလ၌ အသင်တို့ ရပ်တည်နေထိုင်ရန်အတွက်ကိုပင် ခဲယဉ်းအောင် ပြုလာကြ ပေလိမ့်မည်။ ဤအတွက်ကြောင့် နောက်ကို အသင်တို့သည် ပစ္စည်းဥစ္စာဖြင့် ကူညီရိုင်းပင်းမှုကို မပြုကြ လေနှင့်။ ၎င်းတို့သည် အလိုအလျောက် ဟိုဟိုဒီဒီ ပြေးသွားကြပေလိမ့်မည်။ ယခု အသင်တို့ ပြသင့် သည့်အချက်မှာ မဒီနာမြို့သို့ ရောက်ရှိသွားသည်နှင့် အသင်တို့ထဲမှ ဂုဏ်သရေရှိသူတို့သည် ဂုဏ်သရေ သေးသိမ်သူတို့ကို မောင်းထုတ်ပစ်ရပေမည်' ဟူ၍ ပြောဆိုလိုက်ပေသည်။

'ဂုဏ်သရေရှိသောသူ' ဟူ၍ ပြောဆိုခဲ့သော ပြောဆိုချက်မှ 'မိမိတို့အဖွဲ့ အသင်းအပင်း အပေါင်း အပါများနှင့် အန်စွာရီများကို ဆိုလိုကာ' ဂုဏ်သရေသေးသိမ်သောသူများဟူ၍ ပြောဆိုခဲ့သော ပြောဆို ချက်မှ (အလ္လာဟ်အသျှင်မြတ်ထံတော်မှ ခိုလှုံခွင့်ကို တောင်းခံပါ၏။) တမန်တော်မြတ် ﷺ နှင့် မုဟာဂျိရ် ဆွဟာဗာများကို ရည်ရွယ်ပြောဆိုခဲ့ခြင်း ဖြစ်ပေသည်။ ဇိုက်ဒ်ဗင်န်အရ်ကမ် ﷺ သခင်ကြီးသည် ၎င်း၏ ပြောကြားချက်ကို နားထောင်ပြီးသောအခါ ချက်ချင်း 'အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ အသင်သည်သာ လျှင် သေးသိမ်သူနှင့် အများက်ရှုခြင်းခံရမည့်သူ ဖြစ်သည်။ တမန်တော်မြတ် ﷺ သည် အလ္လာဟ်အသျှင် မြတ်၏ ဘက်တော်မှ ချီးမြှင့်ပေးသနားတော်မူထားသော ဂုဏ်သိက္ခာတော်နှင့် မွတ်စ္စလင်မ်တို့မှ နှစ်နှစ်

ကာကာ ချစ်ခင်ကြ၍ နှလုံးသားအတွင်းရှိ ပေးသည့် ဒိုအာများကြောင့် အောင်မြင်သွားပေလိမ့်မည်' ဟူ၍ ပြောဆိုလိုက်ပေသည်။

အဗ်ဒုလ္လာဟ်ဗင်န်အိုဗိုက်သည် မိမိ၏ အယောင်ဆောင်မှုကို ဖုံးအုပ်ရန်အတွက် စကားလုံးများကို ရှင်းရှင်းလင်းလင်း မပြောဆိုခဲ့ပေ။ ဇိုက်ဒ်ဗင်န်အရ်ကမ် ؓ သခင်ကြီး၏ ဒေါသ ထွက်မှုကို တွေ့မြင်ပြီးနောက် 'ကျွန်ုပ်၏ 'ကုဖွရ်' သွေဖည်မှုတရား ပေါ်လွင်သွားပေလိမ့်မည်' ဟူသော သတိဝင်ခဲ့ပေသည်။ သို့ရှိရာ ဟဇရတ်ဇိုက်ဒ်သခင်ကြီးအား 'ကျွန်ုပ်သည် ဤစကားကို ပျော်စေပျက်စေ သဘောမျိုးဖြင့် ပြောဆိုခြင်း ဖြစ်ပေသည်။ ကျွန်ုပ်၏ အလိုသဘောမှာ တမန်တော်မြတ် ﷺ နှင့် ဆန့်ကျင်မှု တစ်စုံတစ်ရာ ပြုရန် မဟုတ်' ဟူ၍ အကြောင်းပြချက် စကားကို ပြောဆိုခဲ့ပေသည်။

ဟဇရတ်ဇိုက်ဒ်ဗင်န်အရ်ကမ် ؓ သခင်ကြီးသည် ထိုထိုင်ဝိုင်းမှ ထကာ တမန်တော်မြတ် ﷺ ၏ အခစားတော်သို့ ဝင်ရောက်ခစားကာ အိဗ်နေအိုဗိုက်၏ ပြောကြားချက်အားလုံးကို တင်ပြလိုက်ပေသည်။ တမန်တော်မြတ် ﷺ အတွက် ဤသတင်းသည် အလွန် စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်ခဲ့ရပေသည်။ 'ဗရ်ကာသ်' ရှိတော်မူသော မျက်နှာတော်အပေါ် အမျက်ဒေါသ၏ လက္ခဏာများကို မြင်တွေ့ခဲ့ရပေသည်။ ဇိုက်ဒ်ဗင်န်အရ်ကမ် ؓ သခင်သည် အသက်အရွယ်ငယ်သော ဆွဟာဗာသာဝကဖြစ်ပေရာ တမန်တော်မြတ် ﷺ သည် ၎င်းအား 'အို, ကလေး၊ အသင်သည် မှသားစကားကို ပြောဆိုနေခြင်းမှု မဟုတ်ပါ၏လော' ဟူ၍ မိန့်တော်မူရာ ဇိုက်ဒ်ဗင်န်အရ်ကမ် ؓ သခင်ကြီးက 'ကစမ်' ကျိန်ဆိုကာ 'မဟုတ်ပေ။ ကျွန်တော်မျိုး ကိုယ်တိုင်ပင် မိမိ၏ နားများဖြင့် ၎င်းပြောဆိုသော ဤစကားများကို ကြားခဲ့ရပါသည်' ဟူ၍ လျှောက်ထားလိုက်ပေသည်။ တမန်တော်မြတ် ﷺ သည် တစ်ဖန် 'အသင်သည် မှားယွင်းကြားနာခဲ့ခြင်း ဖြစ်သွားပါ၏လော' ဟူ၍ မိန့်တော်မူပြန်ရာ ဇိုက်ဒ်ဗင်န်အရ်ကမ် ؓ က အထက်ပါအဖြေကိုသာလျှင် ပြန်လည် လျှောက်ထားလိုက်ပေသည်။ အိဗ်နေအိုဗိုက်၏ ဤစကားသည် စစ်တပ်တစ်တပ်လုံးအတွင်းဝယ် ပြန့်နှံ့သွားပေသည်။ မိမိတို့အချင်းချင်း ကြားဝယ် ထိုစကားမှအပ အခြားမည်သည့်စကား တစ်စုံတစ်ရာကို မျှပင် မပြောဆိုကြတော့ပေ။ တစ်ဖက်၌မူ အန်ဆွာရီများအားလုံးသည် ဇိုက်ဒ်ဗင်န်အရ်ကမ် ؓ သခင်အား 'အသင်သည် မျိုးနွယ်အုပ်စု၏ ခေါင်းဆောင်ဖြစ်သူအပေါ် မတရားစွပ်စွဲကာ ဆွေပြတ်မျိုးပြတ် ဖြစ်စေခဲ့သည်' ဟူ၍ ပြစ်တင် ဝေဖန်ကြပေသည်။ ဇိုက်ဒ်ဗင်န်အရ်ကမ် ؓ သခင်ကြီးက 'အလ္လာဟ်အသျှင်မြတ်အား ကျွန်ုပ် ကစမ်ကျိန်ဆို၍ ပြောဆိုပေမည်။ ခဇ်ရဂျ်မျိုးနွယ်အုပ်စုတစ်အုပ်စုလုံးအတွင်းဝယ် ကျွန်ုပ်အတွက် အိဗ်နေအိုဗိုက်ထက် သာပို၍ ချစ်ခင်ရသောသူ တစ်ဦးတစ်ယောက်မျှ မရှိပေ။ (သို့ရာတွင် ၎င်းသည် တမန်တော်မြတ် ﷺ နှင့် ဆန့်ကျင်စွာ ဤစကားလုံးများကို ဆိုလာချိန်ဝယ် ကျွန်ုပ်သည် သည်းခံနိုင်စွမ်း မရှိတော့ပေ။) အကယ်၍ ကျွန်ုပ်၏ ဖခင်သည်လည်း ဤကဲ့သို့သော စကားကို ပြောဆိုလာလျှင်မူ ကျွန်ုပ်သည် ထိုစကားကိုလည်း မုချ တမန်တော်မြတ် ﷺ ထံတိုင် ပို့ဆောင်မည်သာ ဖြစ်ပေသည်' ဟူ၍ ပြေဆိုခဲ့ပေသည်။

အခြားတစ်ဘက်၌ ဟဇရတ်အုမရ် ﷺ သခင်ကြီးသည် တမန်တော်မြတ် ﷺ အား 'အို, အလ္လာဟ် အသျှင်မြတ်၏ ရစူလ်တမန်တော်၊ ထိုမုနာဖစ်က်အား အဆုံးစီရင်ရန် ကျွန်တော်မျိုးအား ခွင့်ပေးတော်မူပါ' ဟူ၍ လျှောက်ထားလာပေသည်။ အချို့သော ဆင့်ပြန်ချက်များအတွင်း၌ ဟဇရတ်ဖာရူကေ့အအ်ဇမ်အုမရ် ﷺ သခင်ကြီးသည် 'အို, ကိုယ်တော်၊ ၎င်း၏ ဦးခေါင်းအား ဖြတ်၍ ကိုယ်တော်၏ ရှေ့တော်မှောက် ဝယ် ဆက်သရန် အေဗားဒ်ဗင်န် ဗိရှ်ရ်ကို အမိန့်ပေးတော်မူပါ' ဟူ၍ လျှောက်ထားခဲ့ကြောင်း လာရှိ ထားပေသည်။

တမန်တော်မြတ် ﷺ သည် 'အို, အုမရ်၊ ငါကိုယ်တော်သည် 'မိမိ၏ အဆွေတော် အပေါင်းအပါ များကို သတ်ဖြတ်သည်' ဟူ၍ သတင်းဖြန့်လိုက်ပါမူ မည်သို့ ဖြစ်မည်ဟူသော အချက်ကို စဉ်းစားထိုက် သည်' ဟူ၍ မိန့်ကြားတော်မူခဲ့ပေသည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ သည် အိဗ်နေအိုဗိုက်အား သတ်ဖြတ်ရန် တောင်းဆိုမှုကို ပိတ်ပင်တားမြစ်ခဲ့ပေသည်။ ဟဇရတ်ဖာရူကေ့အအ်ဇွားမ် (ရဆွီ) သခင်ကြီး ၏ ပြောကြားလိုက်သော ထိုစကားသတင်းသည် စစ်မှန်သော မွတ်စ္စလင်မ်တစ်ဦးဖြစ်သူ အဗ်ဒွလ္လာဟ် အမည်ရှိသော အဗ်ဒွလ္လာဟ်ဗင်န်အိုဗိုက်မုနာဖစ်က်၏ သားထံသို့ ရောက်ရှိသွားသော အခါဝယ် ဤသူသည် ချက်ချင်း တမန်တော်မြတ် ﷺ ၏ အခစားတော်သို့ ဝင်ရောက်ကာ 'ကျွန်တော်မျိုး၏ ဖခင်ကို ၎င်း၏ ထိုပြောဆိုမှု၏ အကြောင်းဆက်တရား၌ သတ်ဖြတ်ရန် ကိုယ်တော်မြတ်အနေနှင့် သဘောဆန္ဒ ရှိပါမူ ကျွန်တော်မျိုးအား အမိန့်ပေးတော်မူပါ။ ကျွန်တော်မျိုးသည် မိမိဖခင်၏ ခေါင်းအား ဖြတ်၍ ကိုယ်တော် မြတ် ထိုင်းဝိုင်းတော်မှ မထမီအလျင် ကိုယ်တော်မြတ်ထံ ဆက်ပါမည်။ 'ခဇ်ရားဂျ်' မျိုးနွယ်အုပ်စုတစ်အုပ်စု လုံး၌ ကျွန်ုပ်ထက် ပို၍ မိဘအမိန့်နာခံသူ၊ ဝတ်ကြီးဝတ်ငယ်ပြု စောင့်ရှောက်သူ မည်သူမှ မရှိကြောင်း အပေါ် ၎င်း 'ခဇ်ရားဂျ်' မျိုးနွယ်အုပ်စုတစ်စုလုံး သက်သေအဖြစ် ရှိကြပါသည်။' သို့ရာတွင် 'အလ္လာဟ် အသျှင်မြတ်နှင့် ရစူလ်တမန်တော်အား ဆန့်ကျင်သော အချက်၌ ၎င်းမိဘနှစ်ပါး၏ မည်သည့်အချက် တစ်စုံတစ်ရာကိုမျှပင် သည်းမခံနိုင်ပေ။ ကိုယ်တော်သည် အခြားတစ်ဦးအား ကျွန်တော်မျိုး၏ ဖခင်ကို သတ်ဖြတ်ရန် အမိန့်ပေးလိုက်၍ ၎င်းသည် သတ်ဖြတ်ခဲ့သည်ဆိုပါက ထိုသူ့ကို ကျွန်ုပ် သွားရင်းလာရင်း တွေ့မြင်ခဲ့သော၊ တစ်ဖန် ထိုအချိန်၌ ကျွန်ုပ်အပေါ် သွေးရင်းသားရင်း တော်စပ်ခြင်း၏ ရှက်စိတ် လွှမ်းမိုး လာကာ မိမိအဖို့ ပြစ်ဒဏ်ခံရမည့် အကြောင်းခံ ဖြစ်စေမည့် ၎င်းအား ပြန်လည် သတ်ဖြတ်မိနိုင်ခြင်း အချက်ကို ကျွန်ုပ်သည် မိမိအဖို့ စိုးရိမ်မကင်း ဖြစ်ရှိနေပေသည်' ဟူ၍ လျှောက်ထားခဲ့ပေသည်။ တမန် တော်မြတ် ﷺ သည် 'အသင် ဖခင်အား ငါကိုယ်တော်သည် သတ်ဖြတ်ရန် ဆန္ဒသဘောမရှိသလို အခြား တစ်ဦးတစ်ယောက်ကိုလည်း သတ်ဖြတ်ရန် အမိန့်ပေးမည် မဟုတ်' ဟူ၍ မိန့်တော်မူလိုက်ပေသည်။

ထိုအဖြစ်အပျက်၏ နောက် တမန်တော်မြတ် ﷺ သည် ပြုနေကျ ဓလေ့တော်နှင့် ဆန့်ကျင်စွာ အချိန်မဲ့ ခရီးထွက်ခွာရန် အားလုံးကို ကြေညာလိုက်ပေသည်။ ကိုယ်တော်တိုင် 'ကစ္စဝါး' ကုလားအုတ်မ အပေါ် တက်ရောက် စီးနင်းလိုက်ပေသည်။ ဆွဟာဗာသခင်ကြီးများ အများစု ထွက်ခွာသွားသော အခါဝယ် တမန်တော်မြတ် ﷺ သည် အဗ်ဒွလ္လာဟ်ဗင်န်အိုဗိုက်ကို ခေါ်ကာ 'အသင်သည် ဤသို့ ပြောကြားခဲ့ပါ၏

လော’ ဟူ၍ မေးမြန်းရာ ၄င်းက ‘ကျွန်ုပ်သည် လုံးဝ ဤသို့ မပြောဆိုခဲ့ပေ။ ဤလူငယ် ဇိုက်ဒ်ဗင်န်အရ်ကမ် ؓ သည် လူလိမ်သာ ဖြစ်သည်’ ဟူ၍ ‘ကစမ်’ကျိန်ဆိုကာ လျှောက်ထားခဲ့ပေသည်။ အဗ်ဒုလ္လာဟ်ဗင်န် အိုဗိုက်သည် မိမိ၏ မျိုးနွယ်အုပ်စုအတွင်းဝယ် သိက္ခာကြီးရင့်သောသူဖြစ်ရာ အားလုံးသောသူတို့သည် ဇိုက်ဒ်ဗင်န်အရ်ကမ် ؓ အနေနှင့် မှားယွင်းစွာ ကြားနာခဲ့ခြင်း ဖြစ်ပေမည်။ အိဗ်နေအိုဗိုက်သည် ဤသို့ ပြောဆိုမည်မဟုတ်’ ဟူ၍ ကောက်ချက်ချခဲ့ကြပေသည်။

မည်သို့ပင်ဆိုစေကာမူ တမန်တော်မြတ် ﷺ သည် အိဗ်နေအုဗိုက်၏ ကျိန်ဆိုမှုနှင့် အကြောင်းပြ ချက်ကို လက်ခံတော်မူလိုက်၏။ လူတို့၏ ကြားဝယ် ဇိုက်ဒ် ဗင်န် အရ်ကမ် ؓ သခင်ကြီးအား ဒေါသထွက် မှုနှင့် ပြစ်တင်ဝေဖန်မှုသည် ပို၍ ပြင်းထန်လာပေသည်။ ဟဇရတ်ဇိုက်ဒ် ؓ သည် ထိုမျက်နှာပျက်သေးသိမ် ခဲ့ရမှုကြောင့် လူတို့မှ ရှောင်ဖယ်ကာ နေထိုင်လေတော့သည်။ တစ်ဖန် တမန်တော်မြတ် ﷺ သည် အစွာလာမ့် စစ်တပ် တစ်တပ်လုံးနှင့်အတူ တစ်ရက်နှင့် တစ်ညလုံးလုံး ခရီးနှင်ခဲ့ပေသည်။ နောက်တစ်နေ့၌လည်း နံနက်ပိုင်းတွင် ဆက်တိုက်ဆက်တိုက် ခရီးနှင်လျက် ရှိနေ၏။ နေအပူရှိန် လုံးဝ ပြင်းထန်စွာ ပူလောင် လာသော အချိန်၌ တမန်တော်မြတ် ﷺ သည် တစ်တပ်လုံးကို တစ်နေရာ၌ ရပ်နားစေတော်မူလိုက်ပေသည်။ တစ်ရက်နှင့် တစ်ည မရပ်မနားဘဲ ခရီးနှင်ခဲ့ကြသော မောပန်းနွမ်းလျနေသော ဆွဟာဗာကြီးများသည် ထိုစခန်း၌ နားလိုက်သည်နှင့် အိပ်ပျော်သွားခဲ့ကြပေသည်။

ဆင့်ပြန်သူက တမန်တော်မြတ် ﷺ သည် အခြားသော ခရီးများနှင့် ဆန့်ကျင်စွာ ချက်ချင်းလက်ငင်း ဆိုသလိုပင် အချိန်မဲ့ ခရီးစတင် ထွက်ခြင်းနှင့် တစ်ဖန် ဤမျှခန့် ခရီးရှည်နှင်ခဲ့ခြင်း၏ ရည်ရွယ်ချက်မှာ မွတ်စ္စလင်မ်တို့၏ ကြားဝယ် ပြန့်နှံ့လျက်ရှိနေသော အိဗ်နေအိုဗိုက်မုနာဖစ်က်၏ အကြောင်းအရာကို အဆုံး သတ်သွားစေရန် မွတ်စ္စလင်မ်တို့အား ဤကဲ့သို့သော ခရီးရှည်နှင်ရာ၌ လုံးပမ်းစေကာ အာရုံပြောင်းပေး ရန်အတွက် ဖြစ်ပေသည်။

ထို့နောက်တစ်ဖန် တမန်တော်မြတ် ﷺ သည် ခရီးထွက်ရန် စတင်ပြန်ပေသည်။ ထိုသို့ ခရီးထွက် နေစဉ် ကာလအတွင်း အိဗ်နေ့အိုဗိုက်နှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော် ကျရောက် လာခြင်း မရှိသေးသည့် အချိန်အထိ ဟဇရတ်အိုဗာဒါးဗင်န်စွာမိသ် ؓ သခင်ကြီးသည် အိဗ်နေ့အိုဗိုက်အား ‘အသင်သည် ကိုယ်တိုင် တမန်တော်မြတ် ﷺ ၏ အခစားတော်သို့ ဝင်ရောက်၍ မိမိ၏ အပြစ်အား ဝန်ခံ လိုက်ပါ။ သို့ဆိုလျှင် တမန်တော်မြတ် ﷺ သည် အသင့်အတွက် လွတ်ငြိမ်းချမ်းသာခွင့်ကို တောင်းခံ ပေးမည်သာ ဖြစ်၏။ အသင်သည် လွတ်မြောက်အောင်မြင်မှုကို ရရှိသွားလိမ့်မည်’ဟူ၍ ဆုံးမမှုကို ပြုနေခဲ့ ပေသည်။ အိဗ်နေအိုဗိုက်သည် ထိုဆုံးမစကားကို ကြားကာ မျက်နှာကို တစ်ဘက်သို့ လွှဲလိုက်ပေသည်။ ဟဇရတ်အိုဗာဒါး ؓ သည် ထိုအချိန်၌ ‘ဧကန်မုချ အသင်၏ ထိုမျက်နှာလွှဲဖယ်မှုနှင့် ပတ်သက်၍ ကုရ်အာန် ကျမ်းတော်မြတ်၏ အာယသ်တော် ကျရောက်လာပေလိမ့်မည်’ ဟူ၍ ပြောဆိုလိုက်ပေသည်။

တစ်ဘက်၌မူ တမန်တော်မြတ် ﷺ သည် ခရီးနှင်လျက် ရှိနေစဉ် ဇိုက်ဒ်ဗင်န်အရ်ကမ် ؓ သခင် ကြီးသည် အကြိမ်ကြိမ်အခါခါ တမန်တော်မြတ် ﷺ ၏ အနီးတော်ပါးသို့ ချဉ်းကပ်ခဲ့ပေသည်။ အဘယ်

ကြောင့်ဆိုသော် ၄င်းက 'ဤမုနာဖစ်ကသည် ကျွန်ုပ်အား မျိုးနွယ်အုပ်စုတစ်ခုလုံးအတွင်းဝယ် လူလိမ်' ဟူ၍ ထင်မြင်စေကာ သေးသိမ်အောင် ပြုထားပေသည်။ ကေန်မုချ ကျွန်ုပ်အား ထောက်ခံပြီး ၄င်းအား ရှုတ်ချထားသည့် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်တစ်ပါးပါး ကျရောက်လာပေလိမ့်မည်ဟူ၍ ယုံကြည်ထားပေသည်။ ရုတ်တရက် ဇိုက်ဒ်ဗင်န်အရ်ကမ် ﵁ သခင်ကြီးသည် တမန်တော်မြတ် ﷺ အား 'ဝဟီ' ကျရောက်ချိန်တွင် တွေ့မြင်ရသော မြင်ကွင်းဖြစ်သည့် အသက်ရှူပြင်းထန်လာပြီး နဖူးတော်အပေါ်၌ ချွေးများ ဆို့လာကာ စီးတော် ကုလားအုတ်မသည်ပင် ထိုင်ကျသွားသည်ကို တွေ့မြင်လိုက်ရသောခါ ထိုအမှုကိစ္စနှင့် စပ်လျဉ်း၍ 'ဝဟီ' တော်တစ်ရပ်ရပ် ကျရောက်လာလေပြီဟု မျှော်လင့်စောင့်စားမိခဲ့သည်။ နောက်ဆုံး တမန်တော်မြတ် ﷺ ထံတော်ပါးမှ ထိုအခြေအနေ ပပျောက်သွား၏။ တမန်တော်မြတ် ﷺ ၏ အနီး၌မှာ ပင်လျှင် ကျွန်ုပ်၏ အစီးအနင်းသည် တည်ရှိနေပေရာ ကိုယ်တော်မြတ် ﷺ သည် မိမိ၏ အစီးအနင်းတော် ပေါ်မှပင် ကျွန်ုပ်၏ နားကို ကိုင်ကာ ဤသို့ မိန့်တော်မူခဲ့ပေသည်။

يَاغُلَامُ صَدَّقَ حَدِيْثَكَ وَنَزَلَتْ سُوْرَةُ الْمُنٰفِقِيْنَ فِى ابنِ ابِّى مِنْ اَوَّلِهَا اِلٰى اٰخِرِهَا

('အို, သူငယ်၊ အလ္လာဟ်အသျှင်မြတ်သည် အသင်၏ ပြောကြားချက်အား ထောက်ခံတော်မူလိုက်ပေသည်။ အိဗ်နေအိုဗိုက်နှင့် စပ်လျဉ်း၍ စူရာဟ် 'မုနာဖိကူးန်' တစ်ပုဒ်လုံးကို ချပေးတော်မူလိုက်ပေသည်။)

အထက်ပါဆင့်ပြန်ချက်မှ စူရာဟ် 'မုနာဖိကူးန်' သည် ခရီး၌ ကျရောက်ခဲ့သောစူရာဖြစ်ကြောင်းသိရပေသည်။ သို့ရာတွင် ဗဂဝီ (ရဟ) သခင်ကြီး၏ ဆင့်ပြန်ချက်အရမူ 'တမန်တော်မြတ် ﷺ မဒီနာမြို့တော်သို့ ပြန်လည် ရောက်ရှိပြီးနောက် ဇိုက်ဒ်အိဗ်နေအရ်ကမ် ﵁ သခင်ကြီးသည် အရှက်ရ မျက်နှာ မူရမည်ကို စိုးရိမ်၍ အိမ်တွင်း၌ပင် ပုန်းအောင်းနေလျက် ရှိနေခဲ့၏။ ထိုအချိန်၌ ဤစူရာဟ်တော် ကျရောက်လာခဲ့ပေသည်' ဟူ၍ လာရှိထားပေသည်။ (အလ္လာဟ်အသျှင်မြတ်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေသည်။)

ဆင့်ပြန်ချက်တစ်ရပ်၌ ဤသို့လည်း လာရှိထားပေသည်။ တမန်တော်မြတ် ﷺ သည် မဒီနာမြို့အနီး 'အကီးက်' တောင်ကြားလမ်းသို့ ရောက်ရှိသောအခါဝယ် အဗ်ဒုလ္လာဟ်ဗင်န်အိုဗိုက် မုနာဖစ်က်၏ သားဖြစ်သော မုအ်မင်န်ဖြစ်သူ အဗ်ဒုလ္လာဟ်သည် ရှေ့သို့ ကျော်ဖြတ်သွားကာ အစီးအနင်းများအား ရှာဖွေရင်း မိမိဖခင် အိဗ်နေအိုဗိုက်၏ အစီးအနင်း၏ အနီးသို့ ရောက်ရှိသွားကာ ဖခင်၏ ကုလားအုတ်မကို ထိုင်ခိုင်းလိုက်ပေသည်။ ထိုကုလားအုတ်မ၏ ဒူးအပေါ် ခြေတင်ကာ ဖခင်အား 'အလ္လာဟ်အသျှင်မြတ်အား ကျွန်ုပ် 'ကစမ်' ကျိန်ဆို၍ ပြောဆိုပေမည်။ တမန်တော်မြတ် ﷺ သည် အသင်ဖခင်အား မဒီနာမြို့အတွင်းသို့ ဝင်ခွင့်မပေးသရွေ့ ကာလပတ်လုံး ဝင်ခွင့်ပြုမည် မဟုတ်။ ဖခင်ပြောဆိုသော စကားအတွင်း၌ ဂုဏ်အသရေရှိသော သူတို့သည် သေးသိမ်သော သူတို့အား မောင်းထုတ်ရမည်ဟူ၍ ပါရှိထားပေသည်။ ထိုစကားရပ်အတွင်း၌ သိက္ခာရှိသော၊ ဂုဏ်သရေရှိသောသူသည် တမန်တော်မြတ် ﷺ ဖြစ်ပါ၏လော။ သို့မဟုတ် အသင်ဖခင်ပင် ဖြစ်ပါ၏လောဟူသော အချက်ကို ရှင်းရှင်းလင်းလင်း မဖော်ထုတ်သရွေ့ ကာလပတ်လုံး ဝင်ခွင့်

ပြုမည်မဟုတ်' ဟူ၍ ပြောဆိုလိုက်ပေသည်။ အဗ်ဒုလ္လာဟ်ဗင်န်အိုဗိုက်၏ သား အဗ်ဒုလ္လာဟ်သည် ဖခင်သွားမည့် လမ်းကို ပိတ်ကာ ရပ်နေပေရာ အနီးမှ ဖြတ်သွားသောသူတို့သည် 'ဖခင်နှင့် ဤသို့ ဆက်ဆံရပါသလော' ဟူ၍ စောင်းချိတ်ကဲ့ရဲ့ ပြစ်တင်ပြောဆိုခဲ့ကြပေသည်။ နောက်ဆုံး တမန်တော်မြတ် ﷺ ၏ အစီးအနင်း တော်သည် အနီးမှ ဖြတ်သန်းလာသောအခါ အကျိုးအကြောင်းကို မေးမြန်းတော်မူရာ လူတို့က မုအ်မင်န် တစ်ဦးဖြစ်သော အဗ်ဒုလ္လာဟ်သည် မိမိ၏ ဖခင်သွားမည့်လမ်းကို 'တမန်တော်မြတ် ﷺ ၏ ထံတော်ပါးမှ မဒီနာမြို့အတွင်းသို့ ဝင်ခွင့်မရရှိသရွေ့ ကာလပတ်လုံး ဝင်ခွင့်မပေးဟု ဆိုပြီး တားဆီးပိတ်ထား၍ ၎င်းသည် မဒီနာမြို့တော်သို့ ဝင်ရောက်နိုင်မည်မဟုတ်ပေ' ဟူ၍ တင်ပြခဲ့ကြပေသည်။ တမန်တော်မြတ် ﷺ သည် အိဗ်နေအိုဗိုက် မုနာဖစ်က်သည် မိမိ၏ သားအား မတတ်သာ၍ 'ကျွန်ုပ်သည် ကလေးငယ်များနှင့် အမျိုး သမီးများထက်ပင် သာပို၍ သေးသိမ်သောသူ ဖြစ်ကြောင်း' ပြောဆိုနေသည်ကို တွေ့မြင်တော်မူလိုက်ရ သောအခါ တမန်တော်မြတ် ﷺ သည် ဤစကားကို ကြားကာ သားဖြစ်သူအား 'လမ်းဖွင့်ပေးလိုက်ကုန်။ မဒီနာသို့ သွားခွင့်ပေးလိုက်ကုန်' ဟူ၍ မိန့်တော်မူလိုက်မှသာ လမ်းဖွင့်ပေးခဲ့ပေသည်။

စူရာဟ် 'မုနာဖိကူးန်' ကျရောက်လာရခြင်း၏ ဖြစ်ရပ်မှာ အထက်၌ တင်ပြထားသည့် အတိုင်းအတာ ခန့်မျှသာ ဖြစ်ပေသည်။ ဖြစ်အင်အစ၌ 'ဗနီမွစ္စ်သွလပ်က်' မျိုးနွယ်အုပ်စု၏ အဓိကတာဝန်ခံသည် မုအ်မင်န် အပေါင်း၏ မိခင်မွန်ကြီးဖြစ်သော ဟဇရတ်ဂျိုဝိုင်ရီးယား ؓ သခင်မကြီး၏ ဖခင်ဖြစ်သူ ဟာရိဇ်ဗင်န် သွရာရ်ရား ؓ ဖြစ်ကြောင်း အကျဉ်းရုံးအနေဖြင့် ပါရှိခဲ့ပေသည်။ နောက်ပိုင်း၌ ဂျိုဝိုင်ရီယား ؓ သခင်မ ကြီးကို အလ္လာဟ်အသျှင်မြတ်သည် အစ္စလာမ်သာသနာနှင့်အတူ တမန်တော်မြတ် ﷺ ၏ ဇနီးဖြစ်ခွင့်ကို လည်း ချီးမြှင့်ပေးသနားတော်မူခဲ့ပေသည်။ ထို့နောက် သခင်မကြီး၏ ဖခင်သည်လည်း မွတ်စ္စလင်မ်ဖြစ်လာ ခဲ့ပေသည်။

ထိုဖြစ်ရပ်ကို မွတ်စ်နဒ်အဟ်မဒ်၊ အဗူဒါဝူးဒ် အစရှိသော ကျမ်းများ၌ ဤသို့ ဆင့်ပြန် တင်ပြ ထားပေသည်။ ဗနီမွစ္စ်သလပ်က်မျိုးနွယ်အုပ်စုတို့ စစ်ရှုံးနိမ့်သွားသော အခါဝယ် သုံ့ပန်းပစ္စည်းနှင့်အတူ ၎င်းတို့၏ အချို့သောသူများသည် အကျဉ်းသမားများအဖြစ် လက်ဝယ်သို့ ရောက်ရှိလာပေသည်။ အစ္စလာမ့် ဥပဒေထုံးနှင့်အညီ ဖမ်းဆီးခြင်းခံရသော အကျဉ်းသမားများနှင့် ပစ္စည်းများအားလုံးကို စစ်သည်တော် များ ကြားဝယ် ခွဲဝေပေးခဲ့ပေသည်။ အကျဉ်းသမားများ အတွင်း၌ ဟာရိဇ်ဗင်န်သွာရ်ရား ؓ ၏ သမီး ဟဇရတ်ဂျိုဝိုင်ဒီယား ؓ သခင်မကြီးသည်လည်း ပါဝင်ပေသည်။ ဤသခင်မကြီးသည် ဟဇရတ်ဇာဗိတ်ဗင်န် ကိုက်စ်ဗင်န်ရှမ်မားစ် ؓ ၏ ဝေစု၌ ရောက်ရှိခဲ့ပေသည်။ ၎င်းသည် ဂျိုဝိုင်ရီယား ؓ သခင်မကြီးကို သတ်မှတ် ငွေကြေးကို ပေးဆပ်စေ၍ သူကောင်းပြုရန် ဆန္ဒရှိနေပေသည်။ စာချုပ်အသွင်ဖြင့် သူကောင်းပြုခြင်း၏ ပုံစံမှာ ကျွန်၊ (သို့မဟုတ်) ကျွန်မအပေါ် ငွေကြေးအချို့ကို သတ်မှတ်၍ ထိုကျွန်၊ (သို့မဟုတ်) ကျွန်မကို အလုပ်သမားအဖြစ် အလုပ်လုပ်ခြင်း၊ (သို့မဟုတ်) စီးပွားကူးသန်း ရောင်းဝယ်ခွင့်ပေးကာ ထိုကျွန်၊ (သို့ မဟုတ်) ကျွန်မသည် သတ်မှတ်ထားသော ငွေကြေးကို ရှာဖွေစုဆောင်းပြီး မိမိပိုင်ရှင်အား ပေးအပ်လိုက်သည် ဆိုလျှင် သူကောင်းဖြစ်ရှိသွားပေသည်။

ဂျိုဝိုင်ရီယား ﷺ သခင်မကြီးအပေါ် သတ်မှတ်ပေးလိုက်သော ငွေကြေးမှာ အလွန် များပြားသည့်အတွက်ကြောင့် ပေးဆောင်ရန် မလွယ်ကူလှပေ။ ထိုသခင်မကြီးသည် တမန်တော်မြတ် ﷺ ၏ အခစားတော်သို့ ဝင်ရောက်ကာ 'ကျွန်မသည် မွတ်စ္စလင်မ်ဖြစ်ပြီးသွားပါပြီ။ အလ္လာဟ်အသျှင်မြတ်သည် တစ်ပါးတည်း တည်ရှိကာ ထိုအသျှင်မြတ်နှင့် တုဖက်နှိုင်းယှဉ်ရန် မည်သည့်အရာ တစ်စုံတစ်ရာမျှ မရှိကြောင်းနှင့် ကိုယ်တော်မြတ် ﷺ သည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်ကြောင်းကိုလည်း သက်သေခံတော်မူပါသည်' ဟူ၍ ပြောဆိုလျှောက်ထားခဲ့ပေသည်။ တစ်ဖန် 'မိမိသည် စာဗိသ်ဗင်န်ကိုက်စ် ﷺ ၏ ဝေစုဝေပုံအတွင်းသို့ ရောက်ရှိသွားကြောင်း၊ ၎င်းသည် ကျွန်မအား သတ်မှတ်ငွေကြေးကို ပေးဆောင်ရန် သူကောင်းဖြစ်နိုင်သော ကျွန်မအဖြစ် ပြုထားကြောင်း၊ သို့ရာတွင် စာချုပ်ပါ ငွေကြေးကို မိမိအဖို့ ပေးဆောင်ရန် မစွမ်းနိုင်၍ ကိုယ်တော်မြတ် ﷺ အနေနှင့် မိမိအား ကူညီတော်မူပါ' ဟူ၍ မိမိ၏ အခြေအနေကို တင်ပြ လျှောက်ထားခဲ့ပေသည်။

တမန်တော်မြတ် ﷺ သည် ထိုသခင်မကြီး၏ လျှောက်ထားချက်ကို လက်ခံကာ တစ်ပြိုင်နက်တည်း သူကောင်းပြုကာ မိမိ၏ ကြင်ယာတော်အဖြစ် တင်မြှောက်ရန် ဆန္ဒပြုကြောင်းကို ထုတ်ဖော်တော်မူခဲ့ပေသည်။ ဂျိုဝိုင်ရီယား ﷺ သခင်မကြီးအဖို့ ဤသည် ကြီးမားလှစွာသော 'နေ့အ်မသ်' စည်းစိမ်တော်ဖြစ်ပေရာ မည်ကဲ့သို့ လက်မခံဘဲ နေမည်နည်း။ အလိုက်သည်းလိုက် လက်ခံကာ ကြင်ယာတော်အဖြစ် လက်ခံသဘောတူလိုက်ပေသည်။ 'အွမ်မွလ်မုအ်မိနီးန်' မုအ်မင်န်များ၏ မိခင်မွန်ကြီး ဂျိုဝိုင်ရီယား ﷺ သခင်မကြီး၏ တင်ပြချက်မှာ 'ဗနီမွစ္စ်သလပ်က်စစ်ပွဲသို့ တမန်တော်မြတ် ﷺ မကြွမြန်းလာမီ (၃) ရက်အလိုတွင် ကျွန်မသည် မဒီနာမြို့မှ လမင်းကြီးသည် ရွေ့လျားကာ ကျွန်မ၏ ရင်ခွင်အတွင်းသို့ လာရောက်ကာ ပြုတ်ကျသွားသည်' ဟူ၍ အိပ်မက် မြင်မက်ခဲ့ပေသည်။ ထိုအချိန် ၌မူ ကျွန်မသည် ထိုအိပ်မက်အား မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတင်ပြခဲ့ပေ။ ယခု ထိုအိပ်မက်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရပေပြီဟူ၏။

ဤသခင်မကြီးသည် မျိုးနွယ်အုပ်စုတစ်စုလုံး၏ ခေါင်းဆောင်၏ သမီးဖြစ်သည်။ သခင်မကြီးသည် တမန်တော်မြတ် ﷺ ၏ ကြင်ယာတော်အတွင်းသို့ ဝင်ရောက်သွားခြင်းအပေါ် ကောင်းမြတ်သော အကျိုးဆက်တရားများ ပေါ်ထွန်းလာပေသည်။ အကျိုးတရားတစ်ရပ်မှ သခင်မကြီးနှင့်အတူ ဖမ်းဆီးခြင်းခံရသော ၎င်းနှင့် ဆွေမျိုးသားချင်းတော်စပ်သော အမျိုးသမီးများအားလုံးတို့အပေါ် သက်ရောက်ခဲ့ပေသည်။ အဘယ်ကြောင့်ဆိုသော် သခင်မကြီးသည် မုအ်မင်န်တို့၏ မိခင်ဖြစ်သွားသည်ကို သိရှိပြီးနောက် သခင်မကြီးနှင့် ဆွေမျိုးတော်စပ်သည့် ကျွန်မများ ပိုင်ဆိုင်ထားကြသော မွတ်စ္စလင်မ်များအားလုံးသည် ထိုကျွန်မများကို သူကောင်းပြုလိုက်ပေသည်။ အကြောင်းမှာ သခင်မကြီးနှင့် ဆွေမျိုးတော်စပ်နေသော အမျိုးသမီးတစ်ဦးကို ကျွန်အဖြစ်ပြု၍ မိမိ၏ ထံ၌ ထားရှိခြင်းကို ရိုသေလေးစားမှုနှင့် ဆန့်ကျင်သော အချက်ဟူ၍ မှတ်ယူထားကြသည်။ ဤသို့ဖြင့် ကျွန်မပေါင်း (၁၀၀) သည် သခင်မကြီးနှင့်အတူ သူကောင်းများ ဖြစ်သွားကြပေသည်။ တစ်ဖန် ထိုသခင်မကြီး၏ ဖခင်သည်လည်း တမန်တော်မြတ် ﷺ ၏ 'မုအ်ဂျေဇာဟ်' တန်ခိုးတော်တစ်ရပ်ကို တွေ့မြင်ကာ မွတ်စ္စလင်မ်ဖြစ်သွားပေသည်။

တင်ပြပါဖြစ်ရပ်အတွင်းရှိ အရေးပါသော လမ်းညွှန်ချက်များနှင့် အကျိုးထူးများ

စူရာဟ်မုနာဖိကူးန် ကျရောက်လာခြင်း၏ ဖြစ်စဉ်သည် ထိုစူရာဟ်တော်၏ အကျယ်ဖွင့်ဆိုမှုကို သဘောပေါက် မှတ်ယူရာ၌မူ အထောက်အကူပြုမှုသည် ရှိ၍ပင် နေပေရာ တစ်ဆက်တည်းမှာပင် အလွန် အရေးပါသော လမ်းညွှန် ချက်များ၊ ဓမ္မသတ်များ၊ အကျင့်ဓလေ့ထုံးများ၊ တိုင်းပြည်ရေးနှင့် လူမှုရေးကဏ္ဍ ရပ်တို့နှင့် စပ်လျဉ်းသော အချက်များသည်လည်း ပါရှိလာပေသည်။ ထို့ကြောင့် ကျွန်ုပ် သေးသိမ်သူသည် ထိုဖြစ်စဉ်ကို ပြည့်ဝစွာ အကျယ်တဝင့်ပုံစံဖြင့် ဤနေရာ၌ တင်ပြပေးလိုက်ပေသည်။

အစ္စလာမ့်နိုင်ငံရေး အခြေခံအုတ်မြစ်သည် အစ္စလာမ်သာသနာတော်ဝင်များအတွက် သီးသန့် တည်ဆောက်ထားခြင်း ဖြစ်ပေရာ ယင်းသို့ တည်ဆောက်ထားရာ၌ အရောင် အသွေး၊ ဘာသာစကားနှင့် ပြည်တွင်း၊ ပြည်ပသားဟူ၍ ခွဲခြားမှုအားလုံးကို ချေမှုန်းထားခြင်းအကြောင်း

'ဗနီမုစ္စ္ဇလပ်က်' စစ်ပွဲ၌ ဖြစ်ပေါ်ကြုံကြိုက်လာသော အန်စွာရီတစ်ဦးနှင့် 'မုဟာဂျိရ်' တစ်ဦး၏ ပြဿနာမှာ နှစ်ဦးစလုံးဘက်မှ အန်စွာရီများနှင့် မုဟာဂျိရ်များကို မိမိတို့အဖို့ ကူညီရန်အတွက် ဖိတ်ခေါ် လိုက်ခြင်းသည် အမိုက်ခေတ်၏ အရိုးစွဲ ဓလေ့ထုံး တစ်ရပ်ဖြစ်၍ ၎င်းဓလေ့ထုံးကို တမန်တော်မြတ် ﷺ သည် ချိုးဖျက်ပစ်လိုက်ပေသည်။ မွတ်စ္စလင်မ်သည် မည်သည့်အရပ်ဒေသ၌ နေထိုင်သောသူ၊ မည်သည့် အသားအရောင်နှင့် ဘာသာစကားကို ပြောဆိုသောသူ ဖြစ်စေကာမူ၊ မည်သည့်မျိုးနွယ်အုပ်စု၌ ရှိသူဖြစ်စေ ကာမူ အားလုံးကို အချင်းချင်းကြား၌ ညီအစ်ကိုများပမာ ပြုပေးထားပေသည်။ အန်စွာရီများနှင့် မုဟာဂျိရ် များကြား၌ စည်းစနစ်ကျစွာ ညီနောင်များ ဖွဲ့ပေးထားခိုင်းကာ ၎င်းတို့ကြားရှိ ဖက်စပ်ပါဝင်နေသည့် အစ္စလာမ့်ရေးရာ ချစ်မိတ်ဆွေ ညီနောင်များအဖြစ်လည်း ပြုပေးထားပေသည်။ သို့ရာတွင် ရှိုက်သွာန်သည် 'လူတို့ကို မိမိညွှတ်ကွင်းအတွင်း သက်ရောက်စေကာ အချင်းချင်းကြား ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက် လာရန် ဖန်တီးပေးခြင်းဖြင့် ပြဿနာပေါ်လာသောအခါ၊ မျိုးနွယ်အုပ်စု၊ ဌာနေ၊ ဘာသာစကားနှင့် အသား အရောင် အစရှိသော အချက်တို့မှ ကူညီရိုင်းပင်းမှုကို ရယူခြင်း၏ အုတ်မြစ်ကို တည်ဆောက်ထားခြင်း သည်' ရှိုက်သွာန်၏ မာယာပရိယာယ် ထောင်ချောက်ဟောင်းပင် ဖြစ်ပေသည်။ အကြင်မှုဝါဒမှ မုချ သက်ရောက်လာမည်ဖြစ်သော အကျိုးဆက်တရားမှာ ရိုင်းပင်းကူညီမှု၏ အစ္စလာမ်သာသနာရေးဆိုင်ရာ မှတ်ကျောက်ဖြစ်သော အမှန်တရားနှင့် တရားမျှတမှုသည် အားလုံးသော သူတို့၏ စဉ်းစားတွေးခေါ်မှု တို့မှ ရှုပ်ထွေးပွေလီသွားပေသည်။ ဆွေမျိုးရေးရာနှင့် မျိုးနွယ်ရေးရာ၏ အခြေခံအချက်ကို မူတည်၍ တစ်ဦးနှင့် တစ်ဦး ကူညီခြင်း၏ အခြေခံစည်းမျဉ်းသည် ဖြစ်ပေါ်နေပေသည်။ ဤသို့ဖြင့် ထိုစည်းမျဉ်းသည် မွတ်စ္စလင်မ်တို့ကို မွတ်စ္စလင်မ်တို့ထံ တိုက်ခိုက်ခိုင်းထားပေသည်။ ဤအထက်ပါ ဖြစ်စဉ်၌လည်း အနည်း နှင့် အများမဆို အထက်ပါပုံစံမျိုး ဖြစ်ပေါ်တည်ရှိနေပေသည်။ သို့ရာတွင် တမန်တော်မြတ် ﷺ သည်

အလျင်အမြန် ရောက်ရှိကာ ယင်းအခြေအနေ ပြဿနာကို အမြစ်ပြတ် ချေမှုန်းလိုက်ပေသည်။ ထို့နောက် ဤသည့်အချက်သည် အမိုက်ခေတ်နှင့် ကုဖွရ် (သွေဖည်ငြင်းဆိုမှု) ၏ ကြွေးကြော်မှု အနံ့အသက်ဆိုး ဖြစ်ကြောင်း၊ ထိုသို့သော ကြွေးကြော်မှုတို့မှ ရှောင်ရှားရန်ကို ပြဆိုလိုက်ပေသည်။ တစ်ဖန် အားလုံးသော သူတို့ကို ကုရ်အာန်ကျမ်းမြတ် ပညတ်ရေးဆိုင်ရာကို ကူညီရိုင်းပင်းခြင်း၏ အခြေခံမှုကို တည်ထောင်လိုက်ပေသည်။ အကြင်အာယသ်တော် အခြေခံမှု၌ ဤသို့ မိန့်မြွက်ထားပေသည်။

تَعَاوَنُوْا عَلَى الْبِرِّ وَالتَّقْوٰى وَلَا تَعَاوَنُوْا عَلَى الْاِثْمِ وَالْعُدْوَانِ

(အသင်တို့သည် ကောင်းမှုကုသိုလ်ပြုရာ၌လည်းကောင်း၊ မကောင်းမှုဒုစရိုက်မှ ရှောင်ကြဉ်ကြရာ၌လည်းကောင်း အချင်းချင်း ကူညီရိုင်းပင်းကြလေကုန်။ သို့ရာတွင် ပြစ်မှုဒုစရိုက်ကို ပြုကျင့်ရာတွင်လည်းကောင်း၊ ကျူးကျော်စော်ကားရာတွင်လည်းကောင်း အချင်းချင်း ရိုင်းပင်းမှုကို မပြုကြလေနှင့်။) *[၅း၂]*

ဆိုလိုသည်မှာ မွတ်စ္စလင်မ်တို့အဖို့ တစ်ဦးတစ်ယောက်အား ကူညီရန်နှင့် ကူညီမှုကို ရယူရန် ဤစံနမူနာအတိုင်း ဖြစ်သင့်ပေသည်။ အကြင်မွတ်စ္စလင်တစ်ဦးသည် ဆွေမျိုး၊ မျိုးနွယ်အသားအရေ၊ ဘာသာစကားနှင့် ဌာနေသည် အသင်နှင့် ကွဲပြားနေလင့်ကစား တရားမျှတမှုနှင့် ကောင်းမြတ်သော အချက်အပေါ် တည်ရှိနေပါက ၎င်းအား ကူညီကုန်။ အကြင်သူသည် ပြစ်မှုဒုစရိုက်နှင့် မတရားသမှုအပေါ် တည်ရှိနေပါက မိမိ၏ ဖခင်နှင့် ညီအစ်ကိုပင် ဖြစ်နေလင့်ကစား ၎င်းအား လုံးဝ မကူညီလေနှင့်။ ဤသည်သာလျှင် စဉ်းစားတွေးခေါ်နိုင်၍ တရားမျှတမှုရှိသော အခြေခံအုတ်မြစ်မဏ္ဍိုင် ဖြစ်ပေသည်။ အကြင်အချက်ကို အစ္စလာမ်သာသနာက တည်ထောင်ပေးထားပေသည်။ တမန်တော်မြတ် ﷺ သည် ခြေလှမ်းတိုင်း၊ အချိန်အခါတိုင်း၌ ထိုအချက်အား ကိုယ်တော်တိုင် ထောက်ထားတော်မူပေသည်။ အားလုံးသော သူတို့ကိုလည်း ထိုစည်းမျဉ်းအပေါ် နောက်လိုက်သမှုပြုရန် ညွှန်ပြထားတော်မူပေသည်။ မိမိ၏ နောက်ဆုံး 'ခွသ်ဗာဟ်' ဖြစ်သော နောက်ဆုံး 'ဟဂျ်' ၏ မြွက်ကြားမှု၌ ကြေညာချက် ထုတ်ပြန်တော်မူထားပေသည်။ အမိုက်ခေတ်၏ ဓလေ့ထုံးများအားလုံးကို ငါကိုယ်တော်၏ ခြေထောက်အောက်၌ ချေမှုန်းတော်မူလိုက်ပေပြီ။ ယခု အာရဗ်လူမျိုး၊ အခြားသော လူမျိုး၊ ဖြူသူ၊ မဲသူ၊ တိုင်းရင်းသား၊ တိုင်းတစ်ပါးသား ဟူသော ခွဲခြားမှုများ အားလုံး၏ အရိုးစွဲ အစဉ်အလာများကို ချိုးဖျက်တော်မူလိုက်ပေပြီ။ အချင်းချင်းကူညီခြင်း၏ အစ္စလာမ်ရေးရာဆိုင်ရာ အခြေခံအုတ်မြစ်သည် အမှန်တရားနှင့် တရားမျှတမှုသာ ဖြစ်ပေသည်။ အားလုံးသော သူတို့သည် ထိုလမ်းစဉ်၏ နောက်သို့ လိုက်ရန်သာ ဖြစ်ပေသည်။

ထိုဖြစ်စဉ်မှ အစ္စလာမ့်ရန်သူများသည် ယနေ့မှ မဟုတ်။ အမြဲတစေပင် မွတ်စ္စလင်မ်တို့၏ စီမံကိန်းကို ကစဉ့်ကလျားဖြစ်စေရန်အတွက် ဤမျိုးနွယ်အုပ်စုဖြစ်ခြင်း၏ ဆွေမျိုးသားချင်းတော်စပ်ခြင်းနှင့် ဌာနေတူဖြစ်ခြင်း၏ လက်နက်ကို အသုံးချ၍ နေပေသည်။ မည်သည့်အချိန်အခါမဆို အခွင့်အရေးရှိတိုင်း ထိုအချက်အား အသုံးပြုကာ မွတ်စ္စလင်မ်တို့၏ ကြားဝယ် ကွဲပြားမှုကို ဖန်တီးပေးနေပေသည်' ဟူသော သင်ခန်းစာကိုလည်း ရရှိရပေသည်။

ဝမ်းနည်းရသည်မှာ ရှေးအတိတ်ခေတ်ကာလကတည်းက တစ်ဖန် မွတ်စ္စလင်မ်တို့သည် မိမိတို့၏ ထိုသင်ခန်းစာကို မေ့ပစ်လိုက်ကြပေသည်။ အခြားသော မျိုးနွယ်ဝင် လူမျိုးစုတို့သည် တစ်ဘာသာ တစ်သာသနာတည်းဟူသော အစ္စလာမ့်ရေးရာအား အကွဲကွဲအပြားပြား ဖြစ်သွားခြင်းကို ပြုရာ၌ တစ်ဖန် ထိုရှိုက်သွာန်၏ မာယာထောင်ချောက်ကိုသာလျှင် ဖြန့်ခင်းပေးလျက် ရှိနေလေသည်။ ဒီးန်သာသနာနှင့် သာသနာရေး ဆိုင်ရာ အခြေခံမူဝါဒတို့မှ မေ့လျော့ခြင်း၏ အချက်အပေါ် အခြေခံမူတည်၍ တစ်လောကလုံး၌ရှိသော မွတ်စ္စလင်မ်တို့သည် ထိုပိုက်ကွန်အတွင်း၌ မိကာ အချင်းချင်းပြည်တွင်းစစ်ဖြစ်ခြင်း၏ သားကောင်ဘဝသို့ ရောက်ရှိနေပေသည်။ ကုဖ္ဖရ်သွေဖည်ငြင်းဆိုမှုနှင့် ဘာသာမဲ့အယူဝါဒတို့အား ရင်ဆိုင်ရန်အတွက် ၎င်းတို့၏ စည်းလုံးခြင်း၏ အင်အားသည် အစိတ်စိတ်အမွှာမွှာဖြစ်၍ နေပေသည်။ အာရဗ်လူမျိုးဟုတ်သူ၊ မဟုတ်သူတို့ကို မဆိုထားဘိဦး။ အာရဗ်လူမျိုးအတွင်း၌မှာပင် အီဂျစ်သား၊ ဆီးရီးယားသား၊ ဟေဂျားဇ်သားနှင့် ယမန်နိုင်ငံသားတို့သည် တစ်ဦးနှင့်တစ်ဦး ညီညွတ်မှု မရှိကြတော့ပေ။ အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံ၌ ပန်ဂျာဗီ၊ ဘင်္ဂါလီ၊ စင်ဒီ၊ ဟန္ဒီ၊ ပထန်နှင့် ဗလူကျီတို့သည် အချင်းချင်းကြား တိုက်ခိုက်ရေးဆင်နွှဲနေခြင်း၏ သားကောင်များ ဖြစ်နေပေသည်။ (အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးသို့သာ တိုင်တန်းလျှောက်ထားပါ၏။)

အစ္စလာမ်၏ ရန်သူများသည် ကျွန်ုပ်တို့၏ တိုက်ခိုက်မှုအား ပီတိဖြစ်လျက် ရှိနေကြသည်။ ထိုတိုက်ခိုက်ခြင်း၏ အကြောင်းဆက်၌ ထိုမွတ်စ္စလင်မ်တို့သည် နေရာတိုင်း၌ ကျွန်ုပ်တို့အပေါ် လွှမ်းမိုးအောင်နိုင်လျက် ရှိနေပေသည်။ ကျွန်ုပ်တို့သည် နေရာတိုင်း၌ ရှုံးနိမ့်ကာ ကျွန်အတွေးအခေါ်အတွင်း နစ်မွန်းကာ ၎င်းတို့အပေါ် ခိုလှုံခွင့်ရယူရန် မတတ်သာသော အခြေအနေကို မြင်တွေ့နေရပေသည်။ ယနေ့ မျက်မှောက်ခေတ်၌ မွတ်စ္စလင်မ်တို့သည် မိမိတို့၏ ကျမ်းမြတ်ကုရ်အာန်လာ အခြေခံစည်းမျဉ်းများနှင့် တမန်တော်မြတ် ﷺ ၏ လမ်းညွှန်ချက်များအပေါ် သေချာကျနစွာ တွေးခေါ်မည်ဆိုလျှင် ကောင်းလေစွ။ အခြားသောသူများကို အားကိုးကာ ရှင်သန်နေမည့်အစား အစ္စလာမ့်အနွယ်ဝင်ဖြစ်ခြင်းကိုပင် ခိုင်ခန့်အောင် ပြုကာအရောင်အသွေး၊ အသားအရေ၊ ဘာသာစကားနှင့် ဌာနေစွဲတို့၏ အရိုးစွဲဝါဒကို တစ်ဖန် တစ်ကြိမ်တစ်ခါချိုးဖျက်လိုက်မည် ဆိုလျှင် ယနေ့၌လည်း အလ္လာဟ်အသျှင်မြတ်၏ အကူအညီကို မျက်ဝါးထင်ထင် မြင်တွေ့ရမည် ဖြစ်ပေသည်။

သွဟာဗာကြီးများ၏ အစ္စလာမ့်စည်းမျဉ်း ဥပဒေများအပေါ် တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်ခြင်းဖြင့် ၎င်းတို့၏ မြင့်မားသော အဆင့်အတန်း

ထိုအထက်တင်ပြပါ ဖြစ်စဉ်သည် ဤအချက်ကိုလည်း ပြဆိုထားပေသည်။ ရှတ်တရက်ဆိုသလို ရှိုက်သွာန်သည် အချို့သောသူများကို အမိုက်ခေတ်၏ ကြွေးကြော်မှုအတွင်းသို့ နစ်မွန်းစေထားနေလင့်ကစား သို့ရာတွင် စင်စစ် အားလုံးသော သူတို့၏ နှလုံးသားများအတွင်းဝယ် အီမာန်သည် အနည်ထိုင်လျက်

ရှိနေပြီးခဲ့သည်။ အနည်းငယ်သော သတိပေးလိုက်သည့် အချက်အပေါ် အားလုံးသော သူတို့သည် ထိုအတွေး အခေါ်တို့မှ အမှားကို ဝန်ခံလိုက်ကြပေသည်။ ၎င်းတို့၏ နှလုံးသားများအပေါ် အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်မြတ် ﷺ အား ချစ်ခင်မှုနှင့် ကြီးကျယ်မှုသည် မည်သည့်ဆွေမျိုးသားချင်း တော်စပ်မှုနှင့် သော်လည်းကောင်း၊ မျိုးနွယ်အုပ်စုဖြစ်ခြင်းသည်လည်းကောင်း အဟန့်အတားမဖြစ်ရလေအောင် မိမိကိုယ် မိမိ ထိန်းသိမ်းထားခဲ့နိုင်ပေသည်။ ယင်းအချက်၏ သက်သေသာဓကဖြစ်စဉ်မှာ ဇိုက်ဒ်ဗင်န်အရ်ကားမ် ၏ ပထမတင်ပြချက်မှ ရှင်းလင်း သွားပေသည်။ ၎င်းကိုယ်တိုင် ခဇ်ရဂျ်မျိုးနွယ်ဝင် တစ်ဦးဖြစ်၍ အိဗ်နေ အိုဗိုက်သည် ထိုမျိုးနွယ်၏ ခေါင်းဆောင် ဖြစ်ပေသည်။ ဇိုက်ဒ်ဗင်န်အရ်ကားမ်သခင်သည်လည်း ထိုခေါင်း ဆောင်အား သိက္ခာကြီးကျယ်ခြင်းကို ဖွင့်ဟ ဝန်ခံထားပေသည်။ သို့ရာတွင် ၎င်း၏ နှုတ်လျှာမှ မုဟာဂျိရ် များနှင့် တမန်တော်မြတ် ﷺ အပေါ် ဆန့်ကျင်စွာ ပြောဆိုသော စကားများကို ကြားသည့် အချိန်မှစ၍ သည်းခံနိုင်စွမ်း မရှိတော့ပေ။ ထိုထိုင်ဝိုင်းအတွင်းမှာပင် အိဗ်နေအိုဗိုက်အား ပြင်းထန်စွာ အဖြေပေးခဲ့ လေ၏။ တစ်ဖန် တမန်တော်မြတ် ﷺ ၏ ရှေ့တော်မှောက်သို့ အခစားဝင်ကာ တိုင်တန်းမှုကို ပြုလေသည်။ အကယ်၍ မျက်မှောက်ခေတ်၏ သားချင်းအနွယ်ဝင်ဖြစ်ခြင်းကို ဦးခိုက်နေသောသူ ဖြစ်ပါက မိမိ၏ မျိုးနွယ်စု ၏ ခေါင်းဆောင်ဖြစ်သူ ပြောဆိုသော ဤစကားရပ်ကို မည်သည့်အခါမျှ တမန်တော်မြတ် ﷺ ထိတိုင် ရောက်အောင် ပို့ဆောင်မည် မဟုတ်ပေ။

ထိုဖြစ်စဉ်အတွင်း အိဗ်နေအိုဗိုက်ကိုယ်တိုင်၏ သားဖြစ်သော အဗ်ဒုလ္လာဟ်၏ အဖြစ်အပျက်သည် ထိုအချက်ကို အဘယ်မျှခန့်ထိတိုင် မီးမောင်းထိုးပြနေပေသနည်းဆိုပါမူ၊ ၎င်း၏ ချစ်ခင်မှုနှင့် ကြီးကျယ်မှု ထားရှိခြင်း၏ အဓိကဆက်နွယ်မှုသည် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်တို့ အတွက်သာလျှင် ဖြစ်ပေသည်။ မိမိ၏ ဖခင်ထံမှ ၎င်းနှင့် ဆန့်ကျင်သော စကားကို ကြားလိုက်ရသည့်အခါ၊ တမန်တော်မြတ် ﷺ ၏ အခစားတော်သို့ ဝင်ရောက်ကာ ကိုယ်တိုင် ဖခင်အား သတ်ဖြတ်ရန် ပြောဆို တင်ပြ၍ ခွင့်ကို တောင်းခံလေ၏။ တမန်တော်မြတ် ﷺ သည် ၎င်းအား တားမြစ်တော်မူလိုက်ပေသည်။ သို့ဖြင့် မဒီနာမြို့အနီးသို့ ရောက်ရှိသောအခါ ဖခင်၏ အစီးအနင်းကို ထိုင်ခိုင်းကာ မဒီနာသို့ သွားရာ လမ်းကို ပိတ်၍ ဖခင်အား 'သိက္ခာရှင်သည် တမန်တော်မြတ် ﷺ သည်သာလျှင် ဖြစ်၍ ကိုယ်တိုင် သေးသိမ် သူဖြစ်ကြောင်းကို ဝန်ခံသွားရလောက်အောင်' အကျပ်ကိုင်ထားပေသည်။ တစ်ဖန် တမန်တော်မြတ် ﷺ ၏ ထံတော်မှ ခွင့်မရမီအလျှင် ဖခင်သွားမည့်လမ်းကို ဖွင့်၍ မပေးပေ။

ထို့ပြင် 'ဗဒရ်'၊ 'အုဟုဒ်'နှင့် 'အဟ်ဇာဗ်'စစ်ပွဲတို့သည်မူ ဓါး၏ အကြောင်းခံဖြင့် ထိုမျိုးစွဲ၊ ဌာနေစွဲ၏ ခေါင်းတို့ကို ချေမှုန်းပစ်လိုက်ပေသည်။ အကြင်အချက်က 'မွတ်စလင်မ်သည် မည်သည့်မျိုးနွယ် ဌာနေ၊ မည်သည့်အသားအရေနှင့် ဘာသာစကားကို ပြောဆိုနေကြသောသူများ ဖြစ်စေကာမူ ထိုသူများ

အားလုံးသည် အချင်းချင်းကြား၌ ညီအစ်ကိုများဖြစ်ကြပြီး အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်ကို မယုံကြည်သော သူတို့သည် ညီအစ်ကိုရင်း၊ သားအဖအရင်း ဖြစ်နေလင့်ကစား ရန်သူဖြစ်ကြောင်း' ကို အတည်ပြုထားပေသည်။

မွတ်စလင်မ်တို့သည် အများအကျိုး ထောက်ရှုကာ မိမိတို့ အတွေးမှားခြင်းမှ ရှောင်ရှားစေရေးကိစ္စ

ထိုဖြစ်စဉ်မှ ကျွန်ုပ်တို့အား သင်ခန်းစာတစ်ရပ်ကို ဤသို့လည်း ပေးပြန်ပေသည်။ အကြင်အလုပ်သည် မိမိ၏ မူရင်း၌ လုပ်ပိုင်ခွင့်ရှိ၏။ သို့ရာတွင် ထိုအလုပ်ကို ပြုလုပ်လိုက်ခြင်းဖြင့် 'မွတ်စလင်မ် တစ်ဦးကို ကိုယ်တိုင် အတွေးအခေါ်မှားယွင်းမှု ပေါ်ပေါက်သွားမည်ကိုသော်လည်းကောင်း၊ (သို့မဟုတ်) ရန်သူများအဖို့ မှားယွင်းသော အတွေးအခေါ် သဘောပေါက်မှုများ ပြန့်နှံ့သွားရန် အခြေအနေကို ရရှိမည် ကိုသော်လည်းကောင်း၊ စိုးရိမ်ဖွယ်များ ရှိလာလျှင်မူ ဤအလုပ်ကို မပြုလုပ်ရပေ။ ပမာဆိုရသော် တမန်တော် မြတ် ﷺ သည် မုနာဖစ်က်တို့၏ ခေါင်းဆောင်ဖြစ်သော အိဗ်နေအိုဗိုက်၏ မွတ်စလင်မ်အသွင်ဆောင်မှုကို ကွက်ကွက်ကွင်းကွင်း သိရှိသွားပြီးသည့်နောက်၌လည်း ဖာရူကေ့အအ်ဇွာမ်သခင်ကြီး၏ 'ငှင်းအား သတ်ပစ်ရန်' တင်ပြလာသော တိုင်ပင်မှုကို လက်ခံတော်မမူပေ။ အဘယ်ကြောင့်ဆိုသော် ထိုသို့ သတ်ပစ်စေ ရာ၌ ရန်သူများအဖို့ အများသူငှာတို့၏ ကြားဝယ် တမန်တော်မြတ် ﷺ သည် မိမိ၏ အဆွေခင်ပွန်းကို သတ်ပစ်လိုက်သည်ဟူသော မှားယွင်းသော သဘောပေါက်မှု ပြန့်နှံ့သွားစေရန် အခွင့်အရေး ရရှိသွားနိုင် သည့် 'စိုးရိမ်မကင်းသော အချက်သည် ရှိနေပေသည်။

သို့ရာတွင် အခြားသော ဆင့်ပြန်ချက်များမှ ဤအချက်ကို အတည်ပြုထားပေသည်။ သဘောပေါက် မှားယွင်းခြင်း၏ စိုးရိမ်မကင်းဖြစ်သည့် အချက်မှာ မွတ်စ်သဟာဗ်နှင့် အကျိုးစဝါးဗ်ရရှိသော အလုပ်ဖြစ်နေ လင့်ကစား သာသနာတော်၏ အဓိကရည်ရွယ်ချက်များထဲမှ မဟုတ်သော အလုပ်များကို စွန့်လွှတ်နိုင် ပေသည်။ သာသနာတော်၏ အဓိကကျသော အချက်တစ်ချက်ချက်ကို ဤသို့သော စိုးရိမ်မှုကြောင့် စွန့်လွှတ် နိုင်ခြင်း မရှိချေ။ သို့သာမက စိုးရိမ်မကင်းဖြစ်သော အချက်ကို ဝေးကွာအောင် ပြုရန် သောကထားပြီး ထိုအလုပ်ကို ပြုလုပ်ရန်ဖြစ်ပေသည်။

စူရာဟ်တော်၏ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်ကို အထက်၌ ရေးသားပြီး ဖြစ်ပေ သည်။ ယခု ထိုစူရာဟ်တော်၏ သီးသန့်ဝါကျများ ရှင်းလင်းချက်အပိုကို လေ့လာကြည့်ရှုကြပါစို့။

وَاِذَاقِيۡلَ لَهُمۡ تَعَالَوۡا يَسۡتَغۡفِرۡ لَكُمۡ رَسُوۡلُ اللّٰهِ

(ငှင်းပြင် ထိုသူတို့အား အသင်တို့သည် လာကြလေကုန်။ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန် တော်မြတ်သည် အသင်တို့အဖို့ လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားပေးမည်ဟု ပြောဆိုရာ။) [၆၃ : ၅]

မုနာဖစ်က်တို့၏ ခေါင်းဆောင်ဖြစ်သော အဗ်ဒုလ္လာဟ်ဗင်န်အိုဗိုက်နှင့် စပ်လျဉ်း၍ ဤစူရာဟ်သည် ကျရောက်လာပေသည်။ ထိုစူရာဟ်၌ ငှင်းကိုနှိုဆိုထားသော 'ကစမ်'များသည် မှားယွင်းကြောင်းကို ဖော်ထုတ်

လိုက်သောအခါ လူတို့သည် ၎င်းအား ကောင်းကျိုးကို မျှော်ကိုး၍ 'အသင်နှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်သည် မည်သို့ ကျရောက်ခဲ့သည်ကို အသင် သိရှိပါ၏လော။ ယခုလည်း အချိန်မလင့်သေးပေ။ အသင်သည် တမန်တော်မြတ် ﷺ ၏ အခစားတော်သို့ ဝင်ရောက်၍ (အပြစ်ကို ဝန်ခံလိုက်ပါမူ) ကိုယ်တော်သည် အသင့်အဖို့ လွတ်ငြိမ်းချမ်းသာခွင့်ကို တောင်းခံပေးပေလိမ့်မည်' ဟူ၍ ပြောဆိုကြပေသည်။ ထိုအခါ ၎င်းသည် ဤသို့ တုန့်ပြန်ဖြေကြားမှုကို ပြုခဲ့ပေသည်။ အသင်တို့သည် ကျွန်ုပ်အား 'အီမာန်ရယူ'ဟူ၍ ပြောဆိုရာ ကျွန်ုပ်သည် အီမာန်ကို ရွေးယူခဲ့ပေသည်။ တစ်ဖန် အသင်တို့သည် ကျွန်ုပ်အား မိမိ၏ ပစ္စည်းများထဲမှ 'ဇကားသ်'ကို ပေးဆောင်ရန် ပြောဆိုရာ ထို 'ဇကားသ်'ကိုလည်း ပေးဆောင်ခဲ့ပေသည်။ ယခု ကျွန်ုပ်သည် မိုဟမ္မဒ်ကို 'စဂျ်ဒဟ်'ပြုရန်မှအပ အခြားမည်သည့်အချက် ကျန်ရစ်နေပေသနည်း။ ထိုအချက်အပေါ် တင်ပြလျက်ရှိနေသော အာယသ်တော်များ ကျရောက်လာပေသည်။ ၎င်းအာယသ်တော်များ၌ ၎င်း၏ နှလုံးသားအတွင်း၌ အီမာန်သည်ပင်လျှင် မရှိပေရာ ၎င်းအတွက် မည်သူတစ်ဦးတစ်ယောက်၏ လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံပေးခြင်းမှလည်း အကျိုးသက်ရောက်မှုရှိနိုင်မည် မဟုတ်ပေ' ဟူသော အချက်ကို ရှင်းလင်းစွာ မိန့်ဆိုထားပေသည်။

အိဗ်နေအိုဗိုက်သည် ထိုဖြစ်စဉ်၏နောက် မဒီနာမြို့သို့ ရောက်ရှိကာ ရက်အချို့ ရှင်သန်ကာ နေထိုင်ပြီးနောက် လျင်မြန်စွာ ကွယ်လွန်သွားပေသည်။ *[မဇ္ဇဟရီကျမ်း]*

هُمُ الَّذِيْنَ يَقُوْلُوْنَ لَاتُنْفِقُوْاعَلٰى مَنْ عِنْدَ رَسُوْلِ اللّٰهِ حَتّٰى يَنْفَضُّوْا

(၎င်းမုနာဖစ်က်တို့ကပင် အသင်တို့သည် ရစူလ်တမန်တော်မြတ်၏ ထံတော်ပါး၌ ရှိနေကြသောသူတို့အပေါ်၌ ၎င်းတို့ ကစဉ့်ကလျား ဖြစ်သွားကြသည့်အထိ သုံးစွဲခြင်းကို မပြုကြကုန်လင့်။) *[၆၃ : ၇]*

ဤသည် ဂျဟ်ဂျားအမည်ရှိသော မုဟာဂျိရ်နှင့် စေနန်းအမည်ရှိသော အန်စွာရီတို့ ပြဿနာတက်နေသောအချိန်၌ အိဗ်နေအိုဗိုက် ပြောဆိုခဲ့သော စကားပင် ဖြစ်ပေသည်။ ထိုပြောကြားချက်ကို အလ္လာဟ်အသျှင်မြတ်သည် ဤသို့ တုန့်ပြန်မိန့်မြွက်တော်မူလိုက်ပေသည်။ ဤအသိဉာဏ်အလိမ္မာ ကင်းမဲ့သော 'မုဟာဂျိရ်တို့သည် ကျွန်ုပ်တို့၏ ပေးကမ်းမှုကို လိုလားလျက် ရှိနေပေရာ ကျွန်ုပ်တို့သည်သာလျှင် ၎င်းတို့အား ပေးကမ်းနေရပေသည်'ဟူ၍ ထင်မှတ်သဘောပေါက်၍ နေကြပေသည်။ အကယ်၍ မိုးကောင်း ကင်များနှင့် မြေပထဝီရှိ ဘဏ္ဍာတော်တိုက်များအားလုံးသည် အလ္လာဟ်အသျှင်မြတ်၏ လက်ဝယ်တော် အတွင်း၌ ရှိနေပေသည်။ ထိုအသျှင်မြတ် လိုလားတော်မူပါက မုဟာဂျိရ်များကို အသင်တို့ တစ်ဦးတစ်ယောက် ၏ အကူအညီမျှ မပါဘဲ ပေးကမ်းချီးမြှင့်နိုင်ပေသည်။ ၎င်းတို့ ဤသို့ တွေးခေါ်မှုပြုခြင်းသည် အသိဉာဏ်၊ အလိမ္မာခေါင်းပါးခြင်း၏ အထောက်အထားဖြစ်ခြင်းကြောင့် ကုရ်အာန်ကျမ်းတော်မြတ်သည် ဤနေရာ၌ **لَايَفْقَهُوْنَ** (နားလည်ကြသည်မဟုတ်ပေ) ဟူသော စကားလုံးတော်ကို ရွေးချယ်ကာ 'ဤသို့ တွေးခေါ်မှုပြုနေသော သူတို့သည် သဘောပေါက်နားမလည်သော သူများ ဖြစ်ကြောင်း' အချက်ကို ပြဆိုလိုက်ပေသည်။

يَقُوْلُوْنَ لَئِنْ رَّجَعْنَا اِلَى الْمَدِيْنَةِ لَيُخْرِجَنَّ الْاَعَزُّ مِنْهَا الْاَذَلَّ

(၎င်းတို့ကပင် ယခုသော် ကျွန်ုပ်သည် မဒီနာမြို့သို့ ပြန်လည်၍ သွားခဲ့ကြလျှင် ဂုဏ်သရေ အင်အားရှိသူတို့သည် ဂုဏ်သရေအားအင်မဲ့သော သူတို့အား ထိုမြို့မှ ဧကန်မလွဲ နှင်ထုတ်ကြပေမည်ဟူ၍ လည်း ပြောဆိုကြကုန်၏။) [၆၃ : ၈]

ဤသည်လည်း ထိုမုနာဖစ်က်အဗ်ဒုလ္လာဟ်ဗင်န်အိုဗိုက်၏ အဆိုသာလျှင် ဖြစ်သည်။ ယင်းစကား ရပ်အတွင်း၌ စကားလုံးများကို ရှင်းရှင်းလင်းလင်း မပြောဆိုနေလင့်ကစား သို့ရာတွင် အလိုသဘောမှာ '၎င်းသည် မိမိကိုယ်ကို မိမိနှင့် အန်စွာရီများကို ဂုဏ်သရေရှိသောသူများနှင့် ၎င်းတို့နှင့် ဆန့်ကျင်ဘက် တမန်တော်မြတ် ﷺ နှင့် မုဟာဂျိရ်ဆွဟာဗာများကို (မပြောကောင်း၊ မဆိုအပ်) ဂုဏ်သရေသေးသိမ်သော သူများဖြစ်ကြောင်း' ဟူ၍ ထင်ရှားနေပေသည်။ ထို့နောက် မဒီနာမြို့နေ အန်စွာရီများကို ထိုချည့်နဲ့၍ သေး သိမ်သော သူများကို မဒီနာမြို့မှ မောင်းထုတ်ရန် အချက်ကိုလည်း မြှောက်ထိုးပင့်မှု ပြုရန် လိုလားနေပေ သည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား တုန့်ပြန်ဖြေကြားရာ၌ ၎င်း၏ စကားကိုပင်လျှင် ၎င်းအပေါ် ပြောင်းပြန် ပြန်၍ သက်ရောက်စေလိုက်ပေသည်။ အကယ်၍ သိက္ခာရှိသူတို့သည် သိက္ခာမဲ့သော သူတို့ အား နှင်ထုတ်ကြစတမ်းဆိုလျှင် ထိုအချက်၏ အစားကို အသင်တို့ မြည်းစမ်းကြရပေလိမ့်မည်။ အဘယ် ကြောင့်ဆိုသော် သိက္ခာသည် အလ္လာဟ်အသျှင်မြတ်၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်နှင့် မုအ်မင်န် တို့အဖို့သာ ရထိုက်ပေသည်။ သို့ရာတွင် အသင်တို့သည် မိမိတို့၏ အသိဉာဏ်အလိမ္မာ ကင်းမဲ့မှု၏ အခြေခံ မှုတည်ချက်အပေါ် ယင်းအချက်အား မေလျော့၍ နေပေသည်။ ဤနေရာ၌ ကုရ်အာန်ကျမ်းတော်မြတ် သည် لَا يَعْلَمُوْنَ (သိရှိကြသည်မဟုတ်ပေ) ဟူသော စကားလုံးကို အသုံးပြုထားပေသည်။ ဤအာယသ် တော်၏အလျင် အာယသ်တော်၌ لَا يَفْقَهُوْنَ (နားလည်ကြသည်မဟုတ်ပေ) ဟူသော စကားလုံးကို အမိန့် ရှိထားပေသည်။ တင်ပြပုံ ကွဲပြားခြင်း၏ အကြောင်းမှာ တစ်ဦးတစ်ယောက်သည် မိမိကိုယ်ကိုမိမိ အခြား သောသူတို့အား စားနပ်ရိက္ခာ ပေးဆောင်နေသောသူဟူ၍ မှတ်ယူကာ ရှိနေမည်ဆိုလျှင် ဤသည် လုံးဝ ဦးနှောက်အသိဉာဏ်နှင့် ဆန့်ကျင်သော အချက်ဖြစ်ပေမည်။ ၎င်းအနေဖြင့် ဤသို့ တွေးခေါ်မှတ်ယူ ထားခြင်းသည် အသိဉာဏ်အလိမ္မာကင်းမဲ့ခြင်း၏ လက္ခဏာဖြစ်ပေသည်။ သိက္ခာနှင့် သေးသိမ်မှုသည် တစ်ခါတစ်ရံ ကမ္ဘာလောက၌ တစ်ချို့သောသူတို့အဖို့ ရရှိကာ တစ်ခါတစ်ရံ အချို့သောသူများလည်း ရရှိပေသည်။ ထို့ကြောင့် ဤအမှုကိစ္စ၌ မှားယွင်းမှု ဖြစ်ရှိနေမှု ဤသည့်ဖြစ်စဉ်များအား မေ့လျော့ကာ မသိရှိခြင်း၏ အထောက်အထားဖြစ်ပေသည်။ ထို့ကြောင့် ဤနေရာ၌ يَعْلَمُوْنَ (သိရှိကြသည် မဟုတ်ပေ) ဟူ၍ မိန့်ခြွေထားခြင်း ဖြစ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟
لَا تُلْهِكُمْ أَمْوَٰلُكُمْ وَلَآ أَوْلَٰدُكُمْ عَن ذِكْرِ ٱللَّهِ ۚ وَمَن يَفْعَلْ ذَٰلِكَ
فَأُو۟لَٰٓئِكَ هُمُ ٱلْخَٰسِرُونَ ⑨

၆၃ : ၉ ॥ ॥ 'အို့၊ မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့ကို အလ္လာဟ်အသျှင်မြတ်အား တသ သတိရခြင်းမှ အသင်တို့၏ ဥစ္စာပစ္စည်းများသည်လည်း လစ်လျူရှု ပေါ့တန်စေခြင်း မရှိစေရ။ အသင်တို့၏ သားသမီးများသည်လည်း လစ်လျူရှု ပေါ့တန်စေသည် မရှိစေရ။ အမှန်စင်စစ် မည်သူမဆို ထိုသည်ကို ပြုမူသည်ရှိသော်၊ ထိုကဲ့သို့သော သူတို့သည်သာလျှင် ဆုံးရှုံးသူများ ဖြစ်ကြကုန်၏။

وَأَنفِقُوا۟ مِن مَّا رَزَقْنَٰكُم مِّن قَبْلِ أَن
يَأْتِىَ أَحَدَكُمُ ٱلْمَوْتُ فَيَقُولَ رَبِّ لَوْلَآ أَخَّرْتَنِىٓ إِلَىٰٓ أَجَلٍ
قَرِيبٍ فَأَصَّدَّقَ وَأَكُن مِّنَ ٱلصَّٰلِحِينَ ⑩

၆၃ : ၁၀ ॥ ॥ ထို့ပြင် အသင်တို့အနက် တစ်ဦးတစ်ယောက်ထံသို့ သေခြင်းတရား ဆိုက်ရောက်မလာမီပင် အသင်တို့သည် မိမိတို့အား ငါအသျှင်မြတ် ချီးမြှင့်ပေးသနားတော်မူခဲ့သည်များအနက်မှ သုံးစွဲ (လှူဒါန်း) ကြလေကုန်။ ထို (သေခြင်းတရား ဆိုက်ရောက်လာသော) အခါ ထိုသူသည် 'အို့၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် အဘယ်ကြောင့် ကျွန်တော်မျိုးအား အချိန်ကာလ အနည်းငယ် ရွှေ့ဆိုင်းခွင့် ပေးတော်မမူပါသနည်း။ ထိုသို့ ပေးတော်မူခဲ့ပါလျှင် ကျွန်တော်မျိုးသည် အလှူဒါန ပြုသည့်အပြင် သူတော်ကောင်းတစ်ဦးလည်း ဖြစ်ပါမည်'ဟု လျှောက်ထားပေမည်။

وَلَن يُؤَخِّرَ ٱللَّهُ نَفْسًا إِذَا جَآءَ أَجَلُهَا ۚ وَٱللَّهُ خَبِيرٌۢ بِمَا تَعْمَلُونَ ⑪

၆၃ : ၁၁ ॥ ॥ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှပင် ၎င်းနှင့် ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော အချိန်ကာလ ဆိုက်ရောက်လာခဲ့လျှင်လည်း ရွှေ့ဆိုင်းခွင့် အလျှဉ်း ပြုတော်မူသည်မဟုတ်ပြီ။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ကျင့်မူသမျှတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို့၊ မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့ကို အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်းမှ (အမိန့်နာခံခြင်းမှ အလိုသဘောမှာ ယေဘုယျအားဖြင့် သာသနာရေးရာ အမှုကိစ္စအားလုံးဖြစ်ပေသည်။) အသင်တို့၏ (လောကီရေးရာ အမှုကိစ္စများအားလုံးဖြစ်သော) အသင်တို့၏ ဥစ္စာပစ္စည်းများသည်လည်း လျစ်လျူရှုပေါ့တန်စေခြင်း မရှိစေရ။ အသင်တို့၏ သားသမီးများသည်လည်း လျစ်လျူရှု ပေါ့တန်စေသည် မရှိစေရ။ (လောကီရေးရာ၌ လောကုတ္တရာရေးရာတို့ကို အဟန့်အတား အနှောင့်အယှက်

ဖြစ်သွားစေလောက်အောင် နစ်မွန်းမှုကို မပြုလေနှင့်။) အမှန်စင်စစ် မည်သူမဆို ထိုသည်ကို ပြုမူသည် ရှိသော် ထိုကဲ့သို့သော သူတို့သည်သာလျှင် ဆုံးရှုံးသူများ ဖြစ်ကြကုန်၏။ (အသျှင်မြတ်အား အောက်မေ့ တသ သတိရမှုတွင် ဥစ္စာပစ္စည်း၊ သားသမီးများသည် အဟန့်အတားမဖြစ်ရာ။ အဘယ်ကြောင့်ဆိုသော် လောကီရေးရာ၏ အကျိုးအမြတ်သည် ပျက်သုဉ်းသွားမည့်အရာများ ဖြစ်ပေသည်။ နောင်တမလွန် 'အာခေရသ်' ၏ ဆုံးရှုံးမှုသည် ရှည်လျားကာ ထာဝစဉ် တည်ရှိနေမည့်အရာ ဖြစ်ပေသည်။)

ထို့ပြင် (နာခံမှု ပညတ်ချက်များမှ ပညတ်ချက်တစ်ရပ်မှာ ပစ္စည်းဥစ္စာရေးရာဆိုင်ရာ နာခံမှုတစ်ရပ် လည်း ရှိပေသည်။

لَا تُلْهِكُمْ اَمْوَالُكُمْ

(အသင်တို့၏ ဥစ္စာပစ္စည်းများသည်လည်း လျစ်လျူရှု ပေါ့တန်စေခြင်း မရှိစေရ။) *[၆၃ : ၉]*

ဟူသော ခြုံငုံလုပ်စွာသော အကြောင်းအရာများထဲမှ သီးသန့်အကြောင်းအရာတစ်ရပ် ရှိပေ သည်။ ဆိုလိုသည်မှာ) အသင်တို့အနက် တစ်ဦးတစ်ယောက်ထံသို့ သေခြင်းတရား ဆိုက်ရောက်မလာမီပင် အသင်တို့သည် မိမိတို့အား ငါအသျှင်မြတ် ချီးမြှင့်ပေးသနားတော်မူခဲ့သည်များအနက်မှ သုံးစွဲ (လှူဒါန်း) ကြလေကုန်။ ထို (သေခြင်းတရား ဆိုက်ရောက်လာသော) အခါ ထိုသူသည် 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် အဘယ်ကြောင့် ကျွန်တော်မျိုးအား အချိန် ကာလ အနည်းငယ် ရွှေ့ဆိုင်းခွင့် ပေးတော်မမူပါသနည်း။ ထိုသို့ ပေးတော်မူခဲ့ပါလျှင် ကျွန်တော်မျိုးသည် အလှူဒါနပြုသည့်အပြင် သူတော်ကောင်းတစ်ဦးလည်း ဖြစ်ပါမည်' ဟု (တောင့်တဝမ်းနည်းကာ) လျှောက် ထားပေမည်။

(၎င်း၏ ဤတောင့်တဝမ်းနည်းချက်သည် မည်သို့မျှ အကျိုးမရှိချေ။) စင်စစ် အလ္လာဟ်အသျှင်မြတ် သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှပင် ၎င်းနှင့် ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော (သက်တမ်း ကုန်ဆုံးသွားခြင်း) ၏ အချိန်ကာလ ဆိုက်ရောက်လာခဲ့လျှင်လည်း ရွှေ့ဆိုင်းခွင့် အလျဉ်း ပြုတော်မူသည် မဟုတ်ပြီ။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ကျင့်မူသမျှတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ (ထိုကျင့်ကြံချက်နှင့်အညီ အကျိုးအစားကို ထိုက်တန်စွာ ခံစား၊ စံစားရပေမည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

يَاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تُلْهِكُمْ اَمْوَالُكُمْ

(အို၊ မုအ်မင်န်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့ကို အလ္လာဟ်အသျှင်မြတ်အား တသ သတိရခြင်းမှ အသင်တို့၏ (ဥစ္စာပစ္စည်းများသည်လည်း လျစ်လျူရှုပေါ့တန်စေခြင်း မရှိစေရ။) *[၆၃ : ၉]*

ဤစူရာဟ်တော်၏ ပထမရုကူအ်၌ မုနာဖစ်က်တို့၏ လိမ်လည်မှားယွင်းသော 'ကစမ်'ကျိန်ဆိုမှုများအကြောင်းနှင့် ၄င်းတို့၏ ဗီဆန်ပုန်ကန်မှုများအကြောင်းကို တင်ပြထားပေသည်။ အချက်အားလုံး၏ အနှစ်ချုပ်မှာ လောကီရေးရာ၏ ချစ်ခင်မှုလွှမ်းမိုးနေခြင်း ဖြစ်ပေသည်။ ထို့ကြောင့် အပေါ်ယံ၌ အစ္စလာမ်သာသနာ သက်ဝင်ထားကြောင်းကို ကြွေးကြော်ထားကြပေသည်။ သို့မှသာ မွတ်စ္စလင်မ်တို့၏ ထိုးနှက်ချက်၏ ပစ်မှတ်မှ လွတ်ကင်းမည်ဖြစ်ပြီး သုံ့ပန်းပစ္စည်း အစရှိသော ဝေစုဝေပုံများကိုလည်း ရရှိမည်ဖြစ်ပေသည်။ ထိုအကြောင်းကြောင့် မုဟာဂျိရ်ဆွဟာဗာများအပေါ် သုံးစွဲပေးကမ်းစေခြင်းကို ပိတ်ပင်တားဆီးလိုက်ရန်သည် ၄င်းတို့၏ ဆိုးသွမ်း ပုန်ကန်မှု အချက်ပင် ဖြစ်ပေသည်။ ဤဒုတိယရုကူအ်တော်အတွင်း၌ စိတ်စေတနာဖြူစင်သော မုအ်မင်န်များကို မိန့်မြွက်ထားတော်မူပေသည်။ ယင်းမိန့်မြွက်ချက်အတွင်း၌ ထိုဖြူစင်သော မွတ်စ္စလင်မ်များကို 'မုနာဖစ်က်များကဲ့သို့ လောကီရေးရာ၌ အသိတရား မေ့ပျောက်မသွားရအောင်' သော အချက်အား သတိပေးခြိမ်းခြောက်ထားပေသည်။ ကမ္ဘာလောက၌ လူသားတို့အား အလ္လာဟ်အသျှင်မြတ်ကို မေ့လျော့စေသော အကြီးမားဆုံး အချက်နှစ်ရပ်မှာ ပစ္စည်းဥစ္စာနှင့် သားသမီးတို့ ဖြစ်ပေသည်။ ထို့ကြောင့် ဤအချက် နှစ်ရပ်စလုံး၏ အမည်ကို တင်ပြထားပေသည်။ သို့တည်းမဟုတ်ပါက မိန့်မြွက်ချက်၏ အလိုသဘောမှာ လောကီရေးရာ၏ ပစ္စည်းအားလုံး ဖြစ်ပေသည်။ မိန့်မြွက်ချက်၏ ရလဒ်မှာ ပစ္စည်းဥစ္စာနှင့် သားသမီးအား ချစ်ခင်ခြင်းသည် အဆင့်တစ်ဆင့်၌ ဝေဖန်ထိုက်ဖွယ်ခြင်းမခံရပေ။ ၄င်းတို့နှင့်အတူ အဆင့်တစ်ဆင့်ထိတိုင် နစ်မွန်းနေခြင်းသည် ပိုင်ရုံသာမက 'ဝါဂျိဗ်'ပင် ဖြစ်ပေသည်။ သို့ရာတွင် ဤအရာများသည် လူသားတို့ကို အလ္လာဟ်အသျှင်မြတ်အား သတိရတာသခြင်းမှ မမေ့လျော့သွားစေရန် ခြားနားထားသည့် အတိုင်းအတာတစ်ရပ်သည် အချိန်တိုင်း ရှေ့မှောက်၌ ရှိသင့်ပေသည်။ ဤနေရာ၌ 'ဇိကိရ်'ဟူသော သတိရ တာသခြင်းကို အချို့သော အကျယ်ဖွင့်ဆိုသော ပညာရှင်များက နမာဇ် (၅) ကြိမ်ဟူ၍ အလိုသဘော ကောက်ယူကာ အချို့သည် ကုရ်အာန်ကျမ်းတော်မြတ် ဖြစ်ကြောင်းကို အတည်ပြုထားကြပေသည်။ ဟဇရတ်ဟစန်ဗဆွ်ရီးသခင်ကြီးက 'ဇိကိရ်၏ အလိုသဘောမှာ ဤနေရာ၌ နာခံမှုနှင့် ခဝပ်ကိုးကွယ်မှုအားလုံးကို ဆိုလိုထားကြောင်း' ဟူ၍ မိန့်တော်မူထားပေသည်။ ဤအဆိုသည်သာလျှင် အားလုံးသော အဆိုကို စုစည်း ပေါင်းစပ်ထားသော အဆိုသည်ပင် ဖြစ်ပေသည်။ */ ကုရ်သုဗီး /*

အချုပ်သဘောတရားမှာ ဤလောကီရေးရာ ရှာဖွေမှု၏ ဥစ္စာပစ္စည်းအရင်းအနှီး၌ ၄င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ 'ဇိကိရ်' (သို့မဟုတ်) နာခံမှုမှ လူသားတို့ကို မမေ့လျော့သွားလောက်သော အတိုင်းအတာအထိ နစ်မွန်းခွင့်ကို ပြုထားပေသည်။ ထို့ကြောင့် ထိုအရာများ၏ တပ်မက်မှု၌ နစ်မွန်းခွင့်ကို ပြုထားပေသည်။ အဘယ်ကြောင့်ဟူမူ ထိုအရာများ၏ တပ်မက်မှု၌ နစ်မွန်းကာ 'ဖွရ်ဇ်'များနှင့် 'ဝါဂျိဗ်' တာဝန်များကို ထမ်းဆောင်ရာ၌ မမေ့လျော့၊ မပေါ့စေရန်နှင့် 'ဟရာမ်'အမှုကိစ္စနှင့် 'မက္ကရူးဟ်' (မနှစ်မြို့ဖွယ်ရာကောင်းသော အမှုကိစ္စများ) ၌ မနစ်မွန်းသွားစေရန် ဖြစ်ပေသည်။ အကြင်သူသည် ဤသို့ ပြုမည်ဆိုပါက ၄င်းနှင့် စပ်လျဉ်း၍ ဤသို့ မိန့်တော်မူထားပေသည်။

أُولَٰئِكَ هُمُ الْخَاسِرُونَ

(ထိုကဲ့သို့သော သူတို့သည်သာလျှင် ဆုံးရှုံးသူများ ဖြစ်ကြကုန်၏။) [၆၃ : ၉]

အဘယ်ကြောင့်ဆိုသော် ၎င်းသည် တမလွန် 'အာခိရတ်'၏ ကြီးကျယ်ခြင်းနှင့် ထာဝစဉ် တည်ရှိနေမည့် 'နေ့အ်မတ်' စည်းစိမ်တော်များ၏ အစား၌ ကမ္ဘာလောက၏ သေးသိမ်ပျက်သုဉ်းသွားမည်ဖြစ်သော 'နေ့အ်မတ်' စည်းစိမ်များကို ရွေးချယ်လိုက်ခြင်းထက် ကြီးမားသော ဆုံးရှုံးမှုမှာ အဘယ်အရာ ရှိနိုင်အံ့နည်း။

وَأَنفِقُوا مِمَّا رَزَقْنَاكُم مِّن قَبْلِ أَن يَأْتِيَ أَحَدَكُمُ الْمَوْتُ

(ထို့ပြင် အသင်တို့အနက် တစ်ဦးတစ်ယောက်၏ထံသို့ သေခြင်းတရား ဆိုက်ရောက်မလာမီ အသင်တို့သည် မိမိတို့အား ငါအသျှင်မြတ် ချီးမြှင့်ပေးသနားတော်မူခဲ့သည်များအနက်မှ သုံးစွဲလှူဒါန်းကြလေကုန်။) [၆၃ : ၁၀]

ဤအာယသ်တော်၌ 'သေခြင်းတရား မဆိုက်ရောက်လာမီအလျှင်' ဟူ၍ မိန့်ဆိုထားခြင်း၏ အလိုသဘောမှာ 'သေခြင်းတရား၏ နိမိတ်လက္ခဏာများကို မြင်တွေ့နေရခြင်း' ဟူ၍ပင် ဖြစ်သည်။ အလိုသဘောမှာ 'သေခြင်းတရား၏ နိမိတ်လက္ခဏာများရှေ့မှောက်သို့ မရောက်လာမီအလျှင် သန်စွမ်း၍ ကျန်းမာရေးကောင်းသော အခြေအနေ၌ မိမိ၏ ဥစ္စာပစ္စည်းများကို အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ အသုံးချကာ နောင်တမလွန် 'အာခိရတ်'၏ အဆင့်အတန်းများကို ရယူကုန်။ သို့တည်းမဟုတ်ပါက သေဆုံးပြီးနောက် ဤဥစ္စာပစ္စည်း အစရှိသော အရာများသည် အသင့်အဖို့ တစ်စုံတစ်ရာမျှ အသုံးဝင်လိမ့်မည်မဟုတ်' ဟူ၍ ဖြစ်ပေသည်။

'ဇိကိရ်'၏ အလိုသဘောသည် 'နာခံမှုအားလုံးနှင့် သာသနာ့ပညတ်ချက်များကို တစ်သွေမတိမ်း လိုက်နာဆောက်တည်ခြင်း' ဟူသော အချက်ကို သိရှိပြီး ဖြစ်ပေရာ ယင်းအချက်အလက်များအတွင်း၌ လိုအပ်သော နေရာ၌ သုံးစွဲရန်လည်း ပါဝင်ပေသည်။ တစ်ဖန် ဤနေရာ၌ ပစ္စည်းလှူဒါန်း သုံးစွဲခြင်းကို သီးခြားစွာ တင်ပြထားပေးခြင်း၏ အကြောင်းနှစ်ရပ် ရှိနိုင်ပေသည်။

ပထမအကြောင်းမှာ ဤသို့ ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ အမိန့်ပညတ်ချက်များကို လိုက်နာဆောက်တည်ရာ၌ လူသားတို့ကို မေ့လျော့မှုအတွင်းသို့ သွတ်သွင်းသော အကြီးမားဆုံးသော အရာမှာ ပစ္စည်းဥစ္စာသည်သာလျှင် ဖြစ်ပေသည်။ ထို့ကြောင့် 'ဇကားသ်'၊ 'အုရှရ်'၊ 'ဟဂ်ျ' အစရှိသော အမှုကိစ္စတို့ကဲ့သို့ ပစ္စည်းကို လှူဒါန်းသုံးစွဲပေးရန် ရှိသော နေရာမျိုး၌ လှူဒါန်းသုံးစွဲမှုကို ပြုရပေမည်။ ထိုအချက်ကို သီးသန့်တင်ပြထားခြင်း ဖြစ်ပေသည်။

ဒုတိယအကြောင်းမှာ ဤသို့လည်း ဖြစ်နိုင်ပေသည်။ သေခြင်းတရား၏ နိမိတ်လက္ခဏာများ ရှေ့သို့ ဆိုက်ရောက်လာသောအချိန်၌ ပျက်ကွက်ခဲ့သော နမာဇ်များကို ပြန်လည်ဆောက်တည်ရန်ကိုသော်လည်း

ကောင်း၊ (သို့မဟုတ်) ပျက်ကွက်ခဲ့သော 'ဟဂ်ျ'တာဝန်ကို ပြန်လည် ပြုချင်ရန်ကိုသော်လည်းကောင်း၊ (သို့မဟုတ်) ပျက်ကွက်ခဲ့သော ရမ်ဇာန်လမြတ်၏ ရက်များကို ပြန်လည်၍ ဆောက်တည်လိုသည်ရှိသော် လည်းကောင်း၊ စသော ချက်များသည် မည်သူတစ်ဦးတစ်ယောက်၏ စွမ်းအား၊ အင်အားအတွင်း၌ မရှိသလို အာရုံကိုမျှပင် မည်သူတစ်ယောက်မျှ ရနိုင်မည်မဟုတ်သော အချိန်ဖြစ်ပေသည်။ သို့ရာတွင် ရှေ့၌ရှိနေသော ဥစ္စာပစ္စည်းနှင့် စပ်လျဉ်း၍ 'ယခု ဤပစ္စည်းဥစ္စာသည် မိမိ၏ လက်မှ ကင်းလွတ်သွားမည်ဖြစ်သော အရာ ဖြစ်ကြောင်း'ကို အတတ်သိရှိပေရာ 'အလျှင်မြန်ဆုံး ပစ္စည်းဥစ္စာကို သုံးစွဲပေးကာ ပေါ့လျော့ပျက်ကွက်ခဲ့သော ဥစ္စာပစ္စည်းရေးဆိုင်ရာ 'အေဗာဒသ်' ခဝပ်ကိုးကွယ်မှုအား ဖြည့်ဆည်းကာ လွတ်မြောက်မှုကို ရယူမည်' ဟူသော မျှော်လင့်တောင့်တမှုမျိုးလည်း ဖြစ်နိုင်ပေသည်။ ထို့ပြင် 'ဆွဒ်ကာဟ်' လှူဒါန်းမှုသည် အခြားသော ဘေးဗလာဒုက္ခများနှင့် ပြစ်ဒဏ်တော်အား ရှောင်ရှားစေခြင်း၌လည်း အကျိုးထက်မြက်သော အရာဖြစ်ခြင်း' ကြောင့်လည်း ဖြစ်နိုင်ပေသည်။

မှန်ကန်သော ဘိုခါရီကျမ်းနှင့် မွတ်စ္စလင်မ်ကျမ်း၌ ဟဇရသ်အဗူဟုရိုင်ရာဟ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ တစ်ဦးတစ်ယောက်သည် တမန်တော်မြတ် ﷺ အား 'မည်ကဲ့သို့သော လှူဒါန်းမှုမျိုးသည် အကျိုးစဝါးဗ် ရရှိဆုံးဖြစ်ပေသနည်း'ဟူ၍ လျှောက်ထားတော်မူရာ တမန်တော်မြတ် ﷺ သည် 'လူသားသည် ကျန်းမာရေးကောင်း၍ မိမိ၏ အနာဂတ်ရေးဆိုင်ရာ လိုအပ်ချက်များကို ထောက်ရှု၍ 'ပစ္စည်းဥစ္စာကို လှူဒါန်းသုံးစွဲလိုက်ပါမူ နောင်တစ်ချိန်တစ်ခါ ကိုယ်တိုင် လိုလားတောင့်တသူ ဖြစ်ကောင်း ဖြစ်နိုင်သည်'ဟူသော စိုးရိမ်ဖွယ်ရှိသော အချိန်၌ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်တွင် လှူဒါန်းသုံးစွဲခြင်း ဖြစ်ပေသည်။ ထို့နောက် ဆက်လက် အမိန့်ရှိသည်မှာ "အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ လှူဒါန်းသုံးစွဲခြင်းကို 'ရူးဟ်'(ဝိညာဉ်) သည် အသင်တို့၏ လည်မျိုအဝသို့ ရောက်ရှိလာပါက ကွယ်လွန်အံ့ဆဲဆဲ အချိန်၌ 'ဤရွေ့ဤမျှ၊ မည်သူ၊ မည်ဝါကို ပေးပါ။ ဤရွေ့ဤမျှ မည်သည့်နေရာ၌ လှူဒါန်းသုံးစွဲပေးပါ' ဟူသော အချိန် ဆိုက်ရောက်လာမည့် အချိန်ထိတိုင် စောင့်ဆိုင်းကာ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ လှူဒါန်းခြင်းကို မပြုလေနှင့်" ဟူ၍ ဖြစ်ပေသည်။

فَيَقُوْلَ رَبِّ لَوْ لَآ اَخَّرْتَنِيْٓ اِلٰٓى اَجَلٍ قَرِيْبٍ

(ထိုသူသည် အို၊ ကျွန်တော်မျိုးအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် အဘယ်ကြောင့် ကျွန်တော်မျိုးအား အချိန်ကာလ အနည်းငယ် ရွှေ့ဆိုင်းခွင့် ပေးတော်မမူပါသနည်း။)

[၆၃ : ၁၀]

ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးသည် ထိုအာယသ်တော်အား အကျယ်ဖွင့်ဆိုရင်း ဤသို့ မိန့်တော်မူထားပေသည်။ အကြင်သူတစ်ဦးတစ်ယောက်၏ အပေါ်၌ 'ဇကားသ်'ပေးဆောင်ရန်သည် 'ဝါဂျိဗ်' ဖြစ်ရာ ငွေသည် မပေးဆောင်ခဲ့ပေ။ 'ဟဂ်ျ'ပြုရန် တာဝန်သည် 'ဖွရဇ်'အဖြစ်ရှိနေပေရာ တာဝန် မထမ်း

ဆောင်သေးပေ။ ၎င်းထံ သေခြင်းတရား ဆိုက်ရောက်လာပြီးနောက် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ 'တစ်ဖန် ကမ္ဘာလောကသို့ ပြန်သွားရန်' တောင့်တသမှုကို ပြပေလိမ့်မည်။ ဆိုလိုသည်မှာ ကွယ်လွန်သေဆုံးခြင်းအရေးနှင့် စပ်လျဉ်း၍ 'အလ္လာ့ဒါနများကို ပေးကမ်းစွန့်ကြဲရန်နှင့် 'ဖွရ်ဇ်'တာဝန်များကို အဆုံးသတ် ဆောင်ရွက်နိုင်ရန်အလို့ငှာ' အချိန်ကာလ အနည်းငယ် ထပ်မံ၍ ရယူလိုပေသည်။

اَكُنْ مِّنَ الصّٰلِحِيْنَ

(ကျွန်တော်မျိုးသည် အလှူဒါနပြုသည့်အပြင် သူတော်ကောင်းတစ်ဦးလည်း ဖြစ်ပါမည်။)

[၆၃ : ၁၀]

ဆိုလိုသည်မှာ သေဆုံးချိန်၌ ဤသို့လည်း ရှမ္မက်တောင့်တမှုကို ထားပေလိမ့်မည်။ အချိန်အနည်းနှင့်အများမဆို စောင့်ဆိုင်းခွင့်ကို ရရှိမည်ဆိုလျှင် ဤသို့သော ပြုမူဆောင်ရွက်ချက်များကို ပြုလုပ်တော်မူမည် ဖြစ်သည်။ အကြင်ပြုမူဆောင်ရွက်ချက်များကြောင့် သူတော်ကောင်းများအတွင်းသို့ ဝင်ရောက်သွားမည်ဖြစ်ပေသည်။ ဆိုလိုသည်မှာ ပျက်ကွက်ခဲ့သော 'ဖွရ်ဇ်'တာဝန်များနှင့် 'ဝါဂျိဗ်'တာဝန်များကို ဖြည့်ဆည်းဆောက်တည်မည်ဖြစ်ကာ နစ်မွန်းခဲ့သော 'ဟရာမ်'အမှုကိစ္စများနှင့် 'မက္ကရူးဟ်' အမှုကိစ္စတို့မှ အမှားဝန်ခံကာ နောင်ကို ပြုလုပ်တော့မည် မဟုတ်'ဟူ၍ ဝန်ခံမှု မကျန်ရှိတော့အောင် ပြုမည် ဖြစ်ပေသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် တင်ပြလျက်ရှိသော အာယသ်တော်၌ သေခြင်းတရား ဆိုက် ရောက်လာပြီးနောက် မည်သူတစ်ဦးတစ်ယောက်ကိုမျှ စောင့်ဆိုင်းခွင့် ပေးမည်မဟုတ်။ ဤသို့သော မျှော်လင့် တောင့်တမှုတို့သည် အကျိုးမဲ့ အလဟဿဖြစ်ကြောင်း' ကို ပြဆိုထားပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရဟ်သဂါဗွန်

အရှုံးအမြတ် ပေါ်လွင်မည့်နေ့ ကဏ္ဍ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

يُسَبِّحُ لِلّٰهِ مَا فِى السَّمٰوٰتِ وَمَا فِى الۡاَرۡضِ‌ۚ لَـهُ الۡمُلۡكُ وَلَـهُ الۡحَمۡدُ‌ وَهُوَ عَلٰى كُلِّ شَىۡءٍ قَدِيۡرٌ ①

၆၄ : ၁ ။ ။ မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိသမျှတို့သည် အလ္လာဟ်အသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုလျက် ရှိကြကုန်၏။ စိုးမိုးအုပ်ချုပ်မှုသည်လည်း ထိုအသျှင်မြတ်၌သာ ရှိ၏။ ချီးမွမ်းထောမနာဟူဟူသမျှတို့သည်လည်း ထိုအသျှင်မြတ်နှင့်သာ အပ်စပ်၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

هُوَ الَّذِىۡ خَلَقَكُمۡ فَمِنۡكُمۡ كَافِرٌ وَّمِنۡكُمۡ مُّؤۡمِنٌ‌ؕ وَاللّٰهُ بِمَا تَعۡمَلُوۡنَ بَصِيۡرٌ ②

၆၄ : ၂ ။ ။ ထိုအသျှင်မြတ်သည်သာလျှင် အသင်တို့အား ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ သို့ပါသော်လည်း အသင်တို့အနက် အချို့မှာ သွေဖည်ငြင်းပယ်သူဖြစ်၍ အသင်တို့အနက် အချို့မှာ သက်ဝင်ယုံကြည်သူဖြစ်၏။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ကျင့်မူသမျှတို့ကို အကြွင်းမဲ့ မြင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

خَلَقَ السَّمٰوٰتِ وَالۡاَرۡضَ بِالۡحَـقِّ وَصَوَّرَكُمۡ فَاَحۡسَنَ صُوَرَكُمۡ‌ۚ وَاِلَيۡهِ الۡمَصِيۡرُ ③

၆၄ : ၃ ။ ။ ထိုအသျှင်မြတ်သည်ပင် မိုးကောင်းကင်များနှင့် ပထဝီမြေကို နက်နဲသိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် လျော်ညီစွာ ဖန်ဆင်းတော်မူခဲ့၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့၏ ပုံပန်းသဏ္ဌာန်ကို ပြုလုပ်တော်မူခဲ့ရာ အသင်တို့၏ ပုံပန်းသဏ္ဌာန်များကို ကောင်းမွန်လှပစွာ ပြုလုပ်တော်မူခဲ့၏။ ထို့ပြင် (အသင်တို့၏ နောက်ဆုံး) ပြန်လည်ရာစခန်းမှာလည်း ထိုအသျှင်မြတ်ထံတော်၌ပင် ဖြစ်၏။

يَعْلَمُ مَا فِي السَّمٰوٰتِ وَالْأَرْضِ وَيَعْلَمُ
مَا تُسِرُّونَ وَمَا تُعْلِنُونَ ۚ وَاللّٰهُ عَلِيمٌ بِذَاتِ الصُّدُورِ ④

၆၄ : ၄ ။ ။ ထိုအသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိရှိသမျှတို့ကို သိရှိတော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့ လျှို့ဝှက်စွာ ပြုလုပ်သမျှတို့ကိုလည်းကောင်း၊ အသင်တို့ ထင်ရှားစွာ ပြုလုပ်သမျှတို့ကိုလည်းကောင်း သိရှိတော်မူ၏။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် စိတ်နှလုံးများအတွင်း၌ ရှိသမျှတို့ကိုလည်း အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

أَلَمْ يَأْتِكُمْ نَبَؤُا الَّذِينَ كَفَرُوا مِنْ قَبْلُ فَذَاقُوا وَبَالَ أَمْرِهِمْ
وَلَهُمْ عَذَابٌ أَلِيمٌ ⑤

၆၄ : ၅ ။ ။ အသင်တို့ထံ (မိမိတို့) အလျင် သွေဖည်ငြင်းပယ်ခဲ့ကြလေသော ရှေးသူဟောင်းတို့၏ သတင်းရောက်ရှိ၍ မလာခဲ့လေသလော။ ထိုသို့ သွေဖည်ငြင်းပယ်ခဲ့ကြပေရာ ၎င်းတို့သည် မိမိတို့၏ အပြုအမူနှင့် စပ်လျဉ်း၍ ပြစ်ဒဏ်ကို မြည်းစမ်းစေခဲ့ကြရလေပြီ။ ထို့ပြင် ('အာခေရသ်' တမလွန်ဘဝတွင်) ၎င်းတို့၌ လွန်စွာ နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည်လည်း ရှိချေဦးမည်။

ذٰلِكَ بِأَنَّهُ كَانَتْ تَّأْتِيهِمْ رُسُلُهُمْ
بِالْبَيِّنٰتِ فَقَالُوٓا أَبَشَرٌ يَّهْدُونَنَا فَكَفَرُوا وَتَوَلَّوْا وَّاسْتَغْنَى
اللّٰهُ ۚ وَاللّٰهُ غَنِيٌّ حَمِيدٌ ⑥

၆၄ : ၆ ။ ။ ထိုသို့ဖြစ်ရခြင်းမှာ ၎င်းတို့ထံ ၎င်းတို့၏ ရစူလ်တမန်တော်များသည် ထင်ရှားစွာသော သက်သေသာဓကများနှင့် တကွ်ရောက်လေ့ ရှိခဲ့ကြသောအခါ ၎င်းတို့က 'လူသားများသည် ကျွန်ုပ်တို့အား တရားလမ်းမှန်ကို ပြသကြမည်လော'ဟု ပြောဆိုကြကုန်၏။ ထို့နောက် ၎င်းတို့သည် သွေဖည်ငြင်းပယ်ခဲ့၍ ကျောခိုင်းသွားခဲ့ကြကုန်၏။ အလ္လာဟ်အသျှင်မြတ်သည်လည်း (၎င်းတို့အား ဂရုစိုက်တော်မူသည် မရှိခဲ့ပေ။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် လိုလားတောင့်တမှု ကင်းမဲ့တော်မူသော အသျှင်၊ ချီးမွမ်းအပ်သော ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

زَعَمَ الَّذِينَ كَفَرُوٓا أَنْ لَّنْ
يُّبْعَثُوا ۚ قُلْ بَلٰى وَرَبِّي لَتُبْعَثُنَّ ثُمَّ لَتُنَبَّؤُنَّ بِمَا
عَمِلْتُمْ ۚ وَذٰلِكَ عَلَى اللّٰهِ يَسِيرٌ ⑦

၆၄ : ၇ ။ ။ ကာဖိရ်သွေဖည်ငြင်းပယ်သော သူများက ၎င်းတို့သည် အလျှင်း ရှင်ပြန်ထကြရမည်မဟုတ်ဟူ၍ ထင်မြင်ပြောဆိုခဲ့ကြကုန်၏။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) အဘယ်ကြောင့် မဟုတ်ပါသနည်း။

ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား တိုင်တည်၍ (ပြောအံ့။) ကေန်မလွဲ အသင်တို့သည် ရှင်ပြန်ထကြရပေမည်။ ထို့နောက် ကေန်မုချ အသင်တို့သည် မိမိတို့ ကျင့်မူခဲ့သမျှတို့ကို သိစေခြင်း ခံကြရမည်။ စင်စစ် ဤသည် အလ္လာဟ် အသျှင်မြတ်၌ လွန်စွာ လွယ်ကူလှ၏။

فَاٰمِنُوْا بِاللّٰهِ وَرَسُوْلِهٖ وَالنُّوْرِ الَّذِيْٓ اَنْزَلْنَا ؕ وَاللّٰهُ بِمَا تَعْمَلُوْنَ خَبِيْرٌ ⑧

၆၄ : ၈ ။ ။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အားလည်းကောင်း၊ ငါအသျှင်မြတ် ချပေးသနားတော်မူခဲ့သော အလင်းရောင် [တည်းဟူသော ကျမ်းမြတ်ကုရ်အာန်] အားလည်းကောင်း သက်ဝင်ယုံကြည်ကြလေကုန်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ကျင့်မူသမျှတို့ကို အကြွင်းမဲ့ ကြားသိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

يَوْمَ يَجْمَعُكُمْ لِيَوْمِ الْجَمْعِ ذٰلِكَ يَوْمُ التَّغَابُنِ ؕ وَمَنْ يُّؤْمِنْۢ بِاللّٰهِ
وَيَعْمَلْ صَالِحًا يُّكَفِّرْ عَنْهُ سَيِّاٰتِهٖ وَيُدْخِلْهُ جَنّٰتٍ تَجْرِيْ
مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَآ اَبَدًا ؕ ذٰلِكَ الْفَوْزُ الْعَظِيْمُ ⑨

၆၄ : ၉ ။ ။ အကြင်နေ့ကို (သတိရကြလေကုန်။) ထိုအသျှင်မြတ်သည် အသင်တို့အား စုရုံးရာနေ့တွင် စုရုံးတော်မူပေမည်။ ထိုနေ့သည် အရှုံးအနိုင်ကို အမှန်အတိုင်း သိရှိရမည့်နေ့ပင် (ဖြစ်၏။) စင်စစ် မည်သူမဆို အလ္လာဟ်အသျှင်မြတ်အား သက်ဝင်ယုံကြည်၍ ကောင်းမှုကို ကျင့်မူဆောက်တည်ပါလျှင်၊ ထိုအသျှင်မြတ်သည် ၎င်း၏ အကုသိုလ်ဒုစရိုက်များကို ၎င်းမှ ပပျောက်စေတော်မူမည့် အပြင်၊ ၎င်းအား အကြင်ဥယျာဉ်များသို့လည်း အမြဲထာဝစဉ် နေထိုင်သူများအဖြစ် ဝင်ရောက်စေတော်မူမည်ဖြစ်၏။ ယင်းဥယျာဉ်များ၏ အောက်မှ စမ်းရေချောင်းများသည် စီးတွေလျက် ရှိကြပေမည်။ ထိုသည် ကြီးကျယ်လှစွာသော အောင်မြင်မှုပင် (ဖြစ်၏။)

وَالَّذِيْنَ كَفَرُوْا وَكَذَّبُوْا بِاٰيٰتِنَآ اُولٰٓئِكَ اَصْحٰبُ النَّارِ خٰلِدِيْنَ فِيْهَا ؕ وَبِئْسَ الْمَصِيْرُ ⑩

၆၄ : ၁၀ ။ ။ သို့တစေလည်း အကြင်သူတို့သည် သွေဖည်ငြင်းပယ်ကြကုန်၏။ ၎င်းပြင် ငါအသျှင်မြတ်၏ အာယသ်တော်များကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ ထိုသူတို့သည် ငရဲမီး၌ အမြဲထာဝစဉ် နေထိုင်ကြရမည့်သူများပင် ဖြစ်ကြကုန်၏။ စင်စစ် ယင်းငရဲမီးသည် လွန်စွာ ယုတ်ညံ့လှသော စခန်းပင် ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိသမျှတို့သည် အလ္လာဟ်အသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို (နှုတ်လျှာအရဖြင့်လည်းကောင်း၊ (သို့မဟုတ်) အခြေအနေ ပုံပန်းသဏ္ဌာန်အရလည်းကောင်း)

မြွက်ဆိုလျက် ရှိကြကုန်၏။ စိုးမိုးအုပ်ချုပ်မှုသည်လည်း ထိုအသျှင်မြတ်၌သာ ရှိ၏။ ချီးမွမ်းထောပနာပြုမှု သမျှတို့သည်လည်း ထိုအသျှင်မြတ်နှင့်သာ အပ်စပ်၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ (ဤသည့်အချက်များသည် ရှေ့၌ တင်ပြမည့် အကြောင်းအရာ၏ နိဒါန်းဖြစ်ပေသည်။)

(ထိုအသျှင်မြတ်သည် ဤသို့ ပြည့်ဝကုံလုံလှသော ဂုဏ်တော်များပိုင်ရှင် အသျှင်မြတ် ဖြစ်တော်မူပေရာ ထိုအသျှင်မြတ်၏ အမိန့်တော်အား နာခံခြင်းသည် 'ဝါဂျိဗ်'ဖြစ်၍ အမိန့်မနာခံခြင်း၊ ဖီဆန်ခြင်းသည် အလွန်ဆိုးရွားသော အချက် ဖြစ်ပေသည်။) ထိုအသျှင်မြတ်သည်သာလျှင် အသင်တို့အား ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ (ယင်းအချက်သည် အားလုံးသောသူတို့ အီမာန်ယူလာသင့်ပေသည်ဟူသော အချက်ကို လိုလားတောင်းဆိုနေသည်။) သို့ပါသော်လည်း (ထိုသို့ အီမာန်ရယူထိုက်သည့် ကြားကပင်) အသင်တို့အနက် အချို့မှာ သွေဖည်ငြင်းပယ်သူ ဖြစ်၍ အသင်တို့အနက် အချို့မှာ သက်ဝင်ယုံကြည်သူ ဖြစ်၏။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ကျင့်မူသမျှ (ကုဖွ်ရ်လုပ်ရပ်များနှင့် အီမာန်ယူကာ ကျင့်ကြံမှုများ) တို့ကို အကြွင်းမဲ့မြင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ (သို့ရှိရာ လူတိုင်းအား သင့်တော်သော အကောင်းအဆိုးတို့၏ အစားကို ပေးတော်မူပေလိမ့်မည်။)

ထိုအသျှင်မြတ်သည်ပင် မိုးကောင်းကင်များနှင့် ပထဝီမြေကို နက်နဲသိမ်မွေ့သော ဆင်ခြင်တုံတရား (ကောင်းကျိုးအပြည့်အစုံ) နှင့် လျော်ညီစွာ ဖန်ဆင်းတော်မူခဲ့၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့၏ ပုံပန်းသဏ္ဍာန်များကို ပြုလုပ်တော်မူခဲ့ရာ အသင်တို့၏ ပုံပန်းသဏ္ဍာန်များကို ကောင်းမွန်လှပစွာ ပြုလုပ်တော်မူခဲ့၏။ (အဘယ်ကြောင့်ဆိုသော် လူသားတို့အား ကိုယ်ခန္ဓာအချိုးအစား ကျနစွာဖြင့် ဖန်ဆင်းတော်မူ ထားသည့်နည်းတူ အခြားမည်သည့်တိရစ္ဆာန်တစ်ကောင်ကောင်ကိုမျှ အချိုးအစားကျနစွာ ဖန်ဆင်းထားတော်မူခြင်း မရှိပေ။) ထို့ပြင် (အသင်တို့အားလုံး၏ နောက်ဆုံး) ပြန်လည်ရာ စခန်းမှာလည်း ထိုအသျှင်မြတ်ထံတော်၌ ပင် ဖြစ်၏။

ထိုအသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိရှိသမျှတို့ကို သိရှိတော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့ လျှို့ဝှက်စွာ ပြုလုပ်သမျှတို့ကိုလည်းကောင်း၊ အသင်တို့ ထင်ရှားစွာ ပြုလုပ်သမျှတို့ကိုလည်းကောင်း သိရှိတော်မူ၏။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် စိတ်နှလုံးများအတွင်း၌ ရှိသမျှတို့ကိုလည်း အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ (ဤအထက်တင်ပြပါ အမှုကိစ္စအလုံးစုံသည် ထိုအသျှင်မြတ်၏ အမိန့်တော်ကို နာခံရန် လိုလားတောင်းဆို၍ နေပေသည်။)

(ထိုလိုလား တောင်းဆိုချက်များအပြင်) အသင်တို့ထံ (မိမိတို့) အလျှင် သွေဖည်ငြင်းပယ်ခဲ့ကြလေသော ရှေးသူဟောင်းတို့၏ သတင်းရောက်ရှိ ၍ မလာခဲ့လေသလော။ (ထိုသို့ သတင်းရောက်ရှိလာခြင်းသည်လည်း အမိန့်နာခံမှုကို ပြုရန် ထိုက်သည်ဟူသော အချက်ကို လိုလားတောင်းဆို၍ နေပေသည်။) ထို (သူတို့သည် အသင်တို့၏အလျှင်) သွေဖည်ငြင်းပယ်ခဲ့ကြပေရာ ၎င်းတို့သည် မိမိတို့၏ အပြုအမူနှင့်

စပ်လျဉ်း၍ (ကမ္ဘာလောက၌မှာပင်) ပြစ်ဒဏ်ကို မြည်းစမ်းစေခဲ့ကြရလေပြီ။ ထို့ပြင် ('အာခိရေသ်' တမလွန်ဘဝတွင်လည်း) ၎င်းတို့၌ လွန်စွာ နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည်လည်း ရှိချေဦးမည်။

ထိုသို့ (လက်ငင်းရင်ဆိုင်ရမည့် ဒုက္ခနှင့် အကြွေးပြစ်ဒဏ်တို့မှာ) ၎င်းတို့ထံ ၎င်းတို့၏ ရစူလ်တမန်တော်များသည် ထင်ရှားစွာသော သက်သေသာဓက များနှင့် တက်ရောက်လေ့ ရှိခဲ့ကြသောအခါ ၎င်းတို့က (ထိုရစူလ်တမန်တော်များနှင့် စပ်လျဉ်း၍) 'လူသားများသည် ကျွန်ုပ်တို့အား တရားလမ်းမှန်ကို ပြသကြမည်လော'ဟု ပြောဆိုကြကုန်၏။ (လူသားသည် နဗီရစူလ်တမန်တော်၊ (သို့မဟုတ်) လမ်းမှန်ပြသနိုင်သူ ဖြစ်နိုင်ပါ၏လော။) ထို့နောက် ၎င်းတို့သည် သွေဖည်ငြင်းပယ်ခဲ့၍ ကျောခိုင်းသွားခဲ့ကြကုန်၏။ အလ္လာဟ်အသျှင်မြတ်သည်လည်း (၎င်းတို့အား တစ်စုံတစ်ရာကိုမျှပင်) ဂရုစိုက်တော်မူသည် မရှိခဲ့ပေ။ (သို့သာမက အမျက်တော်ရှခြင်း ခံရသောသူများအဖြစ် ပြုလုပ်တော်မူခဲ့ပေသည်။) စင်စစ် အလ္လာဟ်အသျှင်မြတ်သည် (အရာအားလုံးတို့မှ) လိုလားတောင့်တမှု ကင်းမဲ့တော်မူသော အသျှင်၊ ချီးမွမ်းအပ်သော ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (မည်သည့်ပြစ်မှုဒုစရိုက် တစ်စုံတစ်ရာကြောင့် ထိုအသျှင်မြတ်အဖို့ ထိခိုက်မှု တစ်စုံတစ်ရာ မရှိသလို အမိန့်နာခံမှုကြောင့်လည်း ကောင်းကျိုးတစ်စုံတစ်ရာ မရောက်ရှိနိုင်ပေ။ နာခံသူ၊ ကျူးလွန်သူကိုယ်တိုင်အဖို့သာလျှင် ကောင်းကျိုး၊ ဆိုးကျိုး ဖြစ်ပေမည်။)

ကာဖိရ်သွေဖည်ငြင်းပယ်သော သူများက (နောင်တမလွန် 'အာခိရေသ်'၌ ပြစ်ဒဏ်များ ရှိသည် ဟူသော အကြောင်းအရာကို ကြားကာ (ပမာတင်ပြရမည်ဆိုသော် အထက်၌ လာရှိထားသော

لَهُمْ عَذَابٌ اَلِيْمٌ

(ထို့ပြင် ('အာခိရေသ်' တမလွန်ဘဝတွင်) ၎င်းတို့၌ လွန်စွာ နာကျင်ဖွယ်ဖြစ်သော အပြစ်ဒဏ်သည်လည်း ရှိချေဦးမည်။) *[၂:၁၀]*

အာယသ်တော်အတွင်း၌ အမိန့်ရှိထားပေသည်) ဟူသော နာကျင်ဖွယ်ကောင်းသည့် ပြစ်ဒဏ်ခံစားရမည်ဟူ၍ တင်ပြထားသော ရှင်ပြန်ထရခြင်းမျိုး) ၎င်းတို့သည် အလျဉ်း ရှင်ပြန်ထကြရမည်မဟုတ်ဟူ၍ ထင်မြင် ပြောဆိုခဲ့ကြကုန်၏။

(အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) အဘယ်ကြောင့် မဟုတ်ပါသနည်း။ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား တိုင်တည်၍ (ပြောအံ့။) ဧကန်မလွဲ အသင်တို့သည် ရှင်ပြန်ထကြရပေမည်။ ထို့နောက် ဧကန်မုချ အသင်တို့သည် မိမိတို့ ကျင့်မူခဲ့သမျှတို့ကို သိစေခြင်း ခံကြရမည်။ (၎င်းကျင့်မူချက်များအပေါ် ပြစ်ဒဏ်စီရင်ခြင်းကို ခံကြရပေမည်။) စင်စစ် ဤ (သို့ ရှင်ပြန်ထစေခြင်းနှင့် ပြစ်ဒဏ်ခတ်ခြင်း) သည် အလ္လာဟ်အသျှင်မြတ်၌ (အပြည့်အဝ စွမ်းဆောင်နိုင်တော်မူခြင်းကြောင့်) လွန်စွာ လွယ်ကူလှ၏။

သို့ဖြစ်ပေရာ (အီမာန်ရယူရန် လိုလားတောင်းဆိုနေသော အချက်များအားလုံး စုရုံးတည်ရှိနေပေရာ အသင်တို့အဖို့ သင့်သော အချက်မှာ) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်

မြတ်၏ ရစူလ်တမန်တော်မြတ်အားလည်းကောင်း၊ ငါအသျှင်မြတ် ချပေးသနားတော်မူခဲ့သော အလင်းရောင် (တည်းဟူသော ကျမ်းမြတ်ကုရ်အာန်) အားလည်းကောင်း သက်ဝင်ယုံကြည်ကြလေကုန်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ကျင့်မူသမျှတို့ကို အကြွင်းမဲ့ ကြားသိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

အကြင်နေ့ကို (သတိရကြလေကုန်။) ထိုအသျှင်မြတ်သည် အသင်တို့အား စုရုံးရာနေ့တွင် စုရုံးတော်မူပေမည်။ ထိုနေ့သည် အရှုံးအနိုင်ကို (ပေါ်လွင်စွာ) အမှန်အတိုင်း သိရှိရမည့်နေ့ပင် (ဖြစ်၏။ ဆိုလိုသည်မှာ မွတ်စ္လင်မ်များအဖို့ အကျိုးအမြတ် အောင်မြင်မှု၊ ကာဖိရ်များအဖို့ ဆုံးရှုံးနစ်နာမှုသည် ထိုနေ့တွင် လက်တွေ့ကျကျ ထင်ရှားပေါ်လွင်လာပေမည်။ ထိုအချက်၏ တင်ပြချက်မှာ ဤသို့တည်း။) စင်စစ် မည်သူမဆို အလ္လာဟ်အသျှင်မြတ်အား သက်ဝင်ယုံကြည်၍ ကောင်းမှုကို ကျင့်မူ ဆောက်တည်ပါလျှင်၊ ထိုအသျှင်မြတ်သည် ၎င်း၏ အကုသိုလ် ဒုစရိုက်များကို ၎င်းမှ ပပျောက်စေတော်မူမည့်အပြင်၊ ၎င်းအား အကြင် (ဂျန္နသ်) ဥယျာဉ်များသို့လည်း အမြဲထာဝစဉ် နေထိုင်သူများအဖြစ် ဝင်ရောက်စေတော်မူမည် ဖြစ်၏။ ယင်းဥယျာဉ်များ၏ အောက်မှ စမ်းရေချောင်းများသည် စီးတွေလျက် ရှိကြပေမည်။ ထို့ပြင် (ဤသည်) ကြီးကျယ်လှစွာသော အောင်မြင်မှုပင် (ဖြစ်၏။)

သို့တစေလည်း အကြင်သူတို့သည် သွေဖည်ငြင်းပယ်ကြကုန်၏။ ၎င်းပြင် ငါအသျှင်မြတ်၏ အာယသ်တော်များကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ ထိုသူတို့သည် ငရဲမီး၌ အမြဲထာဝစဉ် နေထိုင်ကြရမည့်သူများပင် ဖြစ်ကြကုန်၏။ စင်စစ် ယင်းငရဲမီးသည် လွန်စွာ ယုတ်ညံ့လှသော စခန်းပင် ဖြစ်ပေသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

خَلَقَكُمْ فَمِنْكُمْ كَافِرٌ وَّ مِنْكُمْ مُّؤْمِنٌ

(အသင်တို့အား ဖန်ဆင်းတော်မူခဲ့သော အသျှင်မြတ် ဖြစ်တော်မူ၏။ သို့ပါသော်လည်း အသင်တို့အနက် အချို့မှာ သွေဖည်ငြင်းပယ်သူဖြစ်၍ အချို့မှာ သက်ဝင်ယုံကြည်သူ ဖြစ်၏။) *[၆၄ : ၂]*

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ကို ဖန်ဆင်းတော်မူခဲ့သည်။ တစ်ဖန် အသင်တို့အတွင်းမှ အချို့သည် ကာဖိရ်ဖြစ်သွားကြ၍ အချို့သည် မုအ်မင်န်ဖြစ်သွားခဲ့ပေသည်ဟူ၏။ အာယသ်တော်အတွင်းပါ **فَمِنْكُمْ** (အသင်တို့အနက်) ဟူသော စကားလုံးအတွင်းရှိ **ف** 'ဖားအ်' အက္ခရာသည် 'သအ်ကီးဗ်' (အရာတစ်ခုသည် အရာတစ်ခု၏နောက် ဖြစ်ပေါ်ခြင်း) ဟူသော အဓိပ္ပာယ်အပေါ် ညွှန်ပြလျက် ရှိနေပေသည်။ ၎င်းမှ 'ကနဦးပိုင်း စတင်ဖန်ဆင်းချိန်၌ ကာဖိရ်တစ်ဦးတစ်ယောက်မျှ မရှိကြောင်း' ကို သိရှိရပေသည်။ ဤသို့ ကာဖိရ်၊ မုအ်မင်န် ကွဲပြားသွားခြင်းသည် နောက်ပိုင်း၌ အလ္လာဟ်အသျှင်မြတ်အနေနှင့် လူသားတိုင်းကို ပေးအပ်ထားသော ရှာဖွေ၊ ရွေးချယ်ခွင့်ကို အသုံးပြုပြီးနောက် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ထိုရှာဖွေဆည်းပူး၊ ရွေးချယ်ပိုင်ခွင့်ကို ရယူလိုက်ကြခြင်း၏ အကြောင်းကြောင့် အပေါ်ဝယ် ဖြစ်ဒဏ်နှင့် 'စဝါး၆'တို့သည် ပြန်လည် သက်ရောက်၍ နေပေသည်။ ဟဒီးစ်တော်တစ်ရပ်မှလည်း ထိုအကြောင်းအရာကို ထောက်ခံသမှု ရရှိနေသည်။ ဟဒီးစ်တော်အတွင်း၌ တမန်တော်မြတ် ﷺ သည် ဤသို့ အမိန့်ရှိထားသည်။

كلّ مولوديّولد على الفطرة فابواه يهوّدَ انه وينصر انه

(မွေးဖွားလာသည့် ကလေးတိုင်းသည် မှန်ကန်သော ဗီဇသဘာဝအပေါ်ဝယ် မွေးဖွားလာပေသည်။ (၄င်းဗီဇသဘာဝ၏ လိုလားတောင်းဆိုချက်မှာ မုအ်မင်န်ဖြစ်ရှိခြင်းပင် ဖြစ်ပေသည်။) တစ်ဖန် ထိုကလေးငယ်၏ မိဘနှစ်ဦးသည် ၄င်းအား ယဟူဒီ (သို့မဟုတ်) နစ္စရာနီ အစရှိသော လူမျိုးများအဖြစ် ပြုလုပ်ပေးလိုက်ပေသည်။) *[ကုရ်သုဗီး]*

လူမျိုးနစ်ရပ်၏ ခံယူချက် သီအိုရီများ

ကုရ်အာန်ကျမ်းတော်မြတ်သည် ဤနေရာ၌ လူသားတို့အား ကာဖိရ်၊ မုအ်မင်န်ဟူ၍ အဖွဲ့နှစ်ဖွဲ့အဖြစ် ခွဲခြားတင်ပြထားပေသည်။ ၄င်းမှ 'ဟဇရသ်အာဒမ် عليه السلام ၏ သားစဉ် မြေးဆက်များအားလုံးသည် အိမ်ထောင်စု၊ မိသားစုတစ်စုသဖွယ် ဖြစ်၍ ကမ္ဘာတစ်ဝှမ်းလုံးရှိ လူသားများအားလုံးသည် ထိုမိသားစုဝင်၊ အိမ်ထောင်စုဝင်များသာ ဖြစ်ကြောင်းကို သိရှိရပေသည်။ ထိုသို့ သွေးရင်းသားချင်း ဆွေမျိုးတော်စပ်ဆက်နွယ်မှုကို ဖြတ်တောက်လိုက်သော၊ သီးခြားအုပ်စုအဖွဲ့တစ်ရပ်အဖြစ် ပြုလုပ်လိုက်သော အရာမှာ 'ကုဖ္ဖရ်'သွေဖည်ငြင်းဆိုခြင်းပင် ဖြစ်ပေသည်။ အကြင်သူသည် ကာဖိရ်ဖြစ်သွားသည်ဆိုပါက ကမ္ဘာ့အိမ်ထောင်စုကြီးတစ်ခုလုံး၏ ဆက်နွယ်ပတ်သက်မှုကို ဖြတ်တောက်၊ ဖျက်ဆီးလိုက်ခြင်း ဖြစ်ပေသည်။ ဤနည်းဖြင့် ကမ္ဘာလောကကြီးတစ်ခုလုံးဝယ် လူသားတို့၏ ကြား၌ အုပ်စုအဖွဲ့နှင့် ဂိုဏ်းဂဏတို့သည် အီမာန်နှင့် ကုဖ္ဖရ်သွေဖည်ငြင်းဆိုခြင်း၏ အပေါ်၌သာလျှင် အခြေခံမှုတည်၍ ကွဲပြားနေခြင်း ဖြစ်ပေသည်။ အရောင်အသွေး၊ ဘာသာစကား၊ ဆွေမျိုးသားချင်း၊ မျိုးနွယ်အုပ်စု၊ ဌာနေ၊ တိုင်းပြည်နှင့် နိုင်ငံတို့ကြောင့် လူ့ဘောင်အသိုင်းအဝိုင်း၏ ကမ္ဘာ့အိမ်ထောင်စုကြီးကို အမျိုးမျိုး အသင်းအဖွဲ့များအဖြစ် ခွဲကွဲပြားစေနိုင်သော အရာတစ်ခုမျှ မရှိပေ။ ဖခင်တစ်ဦး၏ သားသမီးများသည် အကယ်၍ မြို့အသီးသီးတို့၌ နေထိုင်ကြလျှင်သော်လည်းကောင်း၊ (သို့မဟုတ်) ဘာသာစကားအမျိုးမျိုးကို ပြောဆိုနေကြလျှင်သော်လည်းကောင်း၊ (သို့မဟုတ်) အသွေး၊ အသားရောင်အမျိုးမျိုး ရှိနေကြလျှင်သော်လည်းကောင်း၊ ထိုသားသမီးများသည် သီးခြားသီးခြား မဖြစ်သွားကြပေ။ အသားအရောင်၊ ဘာသာစကား၊ ဌာနေနှင့် တိုင်းပြည်နိုင်ငံ ကွဲပြားနေသည့်ကြားကပင် ၄င်းတို့အားလုံးသည် ညီအစ်ကိုမောင်နှမများသာလျှင် ဖြစ်ကြပေသည်။ အသိဉာဏ်ရှိသော မည်သည့်လူသားတစ်ဦး ၄င်းတို့အား တစ်သီးပုဂ္ဂလ မဖြစ်သွားကြပေ။

အမိုက်ခေတ်၌ ဆွေစဉ်မျိုးဆက်နှင့် မျိုးနွယ်အုပ်စုများ ကွဲပြားခြင်းမှာ မျိုးစွဲဝါဒနှင့် ဂိုဏ်းဂဏကွဲပြားခြင်းအပေါ် အခြေခံ၍ နေပေသည်။ ဤသို့ဖြင့် တိုင်းပြည်နိုင်ငံနှင့် ဌာနေတို့အပေါ် အခြေခံ၍ ဂိုဏ်းဂဏခွဲ၊ ဂိုဏ်းဂဏစွဲ မူဝါဒ စွဲကပ်လာပါမူ တမန်တော်မြတ် ﷺ သည် ထိုအရိုးစွဲဝါဒများ အားလုံးကို

ချေမှုန်းတော်မူခဲ့ပေသည်။ မွတ်စ္စလင်မ်သည် မည်သည့်တိုင်းပြည်၊ မည်သည့်နိုင်ငံ၊ မည်သည့်အရပ်ဒေသ၊ မည်သည့်အသွေးအသား၊ အသားအရောင်၊ မည်သည့်မျိုးနွယ်၊ မည်သည့်ဘာသာ စကားကို ပြောဆိုသည် ဖြစ်စေ ၎င်းတို့အားလုံးကို ကုရ်အာန်ကျမ်းတော်မြတ်လာ အိမ်ထောင်စုဝင်၊ မိသားစုဝင်တစ်ခုတည်းအဖြစ် သတ်မှတ်ခဲ့ပေသည်။

اِنَّمَا الْمُؤْمِنُوْنَ اِخْوَةٌ

(မုအ်မင်န်သက်ဝင်ယုံကြည်သူတို့သည် အချင်းချင်း ညီအစ်ကိုများသာ ဖြစ်ကြကုန်၏။)/ *၄၉ း၁၀* /

ဤနည်းနှင်နှင် ကာဖိရ်များသည် မည်သည့်တိုင်းပြည်၊ နိုင်ငံ၊ မည်သည့်မျိုးနွယ်အုပ်စု ဖြစ်စေ၊ ၎င်းတို့သည် အစ္စလာမ့်ရှုထောင့်အရ သာသနာအယူဝါဒတူ မျိုးနွယ်အုပ်စု တစ်အုပ်စုတည်းသာ ဖြစ်ပေသည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ အထက်၌ တင်ပြလျက်ရှိနေသော အာယသ်တော်များ၌ 'အလ္လာဟ် အသျှင်မြတ်သည် ဟဇရသ်အာဒမ် ﷺ ၏ သားသမီးများအားလုံးကို ကာဖိရ်နှင့် မွတ်စ္စလင်မ်ဟူ၍ နှစ်အုပ်စုသာလျှင် ခွဲခြားပေးထား၏' ဟူသည့် အချက်သည် ၎င်း၏ အထောက်အထားဖြစ်ပေသည်။ အသားအရောင်နှင့် ဘာသာစကား ကွဲပြားခြင်းကို ကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝစုံလင်လှစွာသော တန်ခိုးတော်၏ နိမိတ်လက္ခဏာတော်နှင့် လူသားတို့အဖို့ အမျိုးမျိုး၊ အသွယ်သွယ်သော အကျိုးများ ဆက်နွယ်ပါဝင်နေခြင်း အချက်အပေါ် အခြေခံ၍ အလွန်ကြီးမားသော 'နေ့အ်မသ်' (စည်းစိမ်တော်) တစ်ရပ်ဟူ၍ သတ်မှတ်ပေးထားတော်မူပေသည်။ သို့သော် ထိုအချက်ကို လူသားများကြားဝယ် အုပ်စု၊ ဂိုဏ်းဂဏဖြစ်ပေါ်စေခြင်း၏ အကြောင်းခံအဖြစ် ပြုလုပ်ခြင်းကိုမူ ခွင့်မပြုထားပေ။

အီမာန်နှင့် ကုဖ္ဖရ်သွေဖည်ငြင်းဆိုခြင်းကို အခြေခံ၍ မျိုးနွယ်အုပ်စု နှစ်ရပ် ခွဲထားခြင်းသည် မိမိသဘောဆန္ဒအရ ရွေးချယ်ကျင့်ဆောက်တည်ရသော အချက်အပေါ် အခြေခံ၍ ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် အီမာန်သည်လည်း မိမိသဘောဆန္ဒအရ ရွေးချယ်ပိုင်ခွင့် ရှိသော အရာဖြစ်၍ ကုဖ္ဖရ်သွေဖည်ငြင်းဆိုခြင်းသည်လည်း မိမိသဘောဆန္ဒအရ ရွေးချယ်ပိုင်ခွင့်ရှိသော အရာ ဖြစ်သည်။ အကယ်၍ တစ်ဦးတစ်ယောက်သည် မိမိ၏ လူမျိုးဘာသာအုပ်စုကို စွန့်လွှတ်ကာ အခြားသော ဘာသာအုပ်စုအတွင်းသို့ ဝင်ရောက်လိုသည်ဆိုလျှင် အလွန်လွယ်ကူစွာဖြင့် မိမိ၏ ယုံကြည်ချက်ပိုင်းဆိုင်ရာ မူဝါဒကို ပြောင်းကာ ဒုတိယလူမျိုး ဘာသာအတွင်းသို့ ဝင်ရောက်နိုင်ပေသည်။ ဆွေမျိုးသားချင်း၊ မျိုးနွယ်အုပ်စု၊ အသွေးအသား၊ အရောင်အဆင်း၊ ဘာသာစကား၊ တိုင်းပြည်နိုင်ငံနှင့် ဌာနေဟူသော အချက်တို့သည် အထက်ပါအချက်နှင့် ဆန့်ကျင်ခြားနားကာ 'မိမိ၏ ဆွေစဉ်မျိုးဆက်ကို ပြောင်းလွဲရန်ကိုသော်လည်းကောင်း၊ (သို့မဟုတ်) အသွေးအသား၊ အရောင်အဆင်းကို ပြောင်းလွဲရန်ကို သော်လည်းကောင်း' ဟူသော အချက်တို့သည် မည်သည့် လူသား တစ်ဦးတစ်ယောက်၏ ရွေးချယ်ပိုင်ဆိုင်ခွင့်အတွင်း၌ မရှိပေ။ ဘာသာစကားနှင့် ဌာနေတို့ကိုမူ ပြောင်းလွဲနိုင်၏။ သို့သော် တိုင်းရင်း သားမျိုးနွယ်စုများအသည် အခြားသောသူတို့ကို 'မိမိတို့၏ ဘာသာစကားကို ပြောဆိုနေလင့်ကစား မိမိတို့ဌာနေ၌ လာရောက်ကာ နေထိုင်လင့်ကစား' မိမိတို့၏ မျိုးနွယ်အတွင်းသို့ သွတ်သွင်းဝင်ရောက်စေရန် မည်သည့်အခါမျှ အသင့်ရှိခဲ့ကြသည် မဟုတ်ပေ။

ဤအစ္စလာမ်ရေးရာ ဆက်နွယ်တော်စပ်မှုနှင့် အီမာန်ညီနောင်ဖြစ်ခြင်းသည် အချိန်အနည်းငယ်အတွင်း မှာပင် အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အဖြူ၊ အမည်း၊ အာရဗ်ဟုတ်သူ၊ မဟုတ်သူဟူသော မရေမတွက်နိုင်လောက်အောင်သော သူများကို သီကုံးတစ်ခုအတွင်းဝယ် စီစီရီရီ သီကုံးထားသကဲ့သို့ စုစည်းညီညွတ်စေပေသည်။ အစ္စလာမ့်အနွယ်ဝင်ဖြစ်ခြင်းနှင့် အီမာန်မိတ်ဆွေ ညီနောင်ဖြစ်ခြင်း၏ စွမ်းအားကို ကမ္ဘာလောကရှိ အခြားသော မျိုးနွယ်အုပ်စုများ ယှဉ်ပြိုင်နိုင်စွမ်းမရှိပေ။ သို့သော်လည်း ၎င်းတို့သည် မျိုးရိုးစွဲ ဂိုဏ်းဂဏစွဲများနှင့် လူမျိုးခွဲခြားရေးများကို ရှင်သန်လာအောင် ပြုနေပေပြီ။ ယင်းအစွဲမှုဝါဒကို တမန်တော်မြတ် ﷺ နှင့် အစ္စလာမ်သာသနာသည် တစ်စတစ်စဖြစ်စေကာ ချေမှုန်းခဲ့ပြီး ဖြစ်၏။ မွတ်စ္စလင်မ်တို့၏ အကြီးကျယ်ဆုံးသော တစ်ခုတည်းသော သာသနာကို တိုင်းပြည်နိုင်ငံ၊ ဌာနေ၊ ဘာသာစကား၊ အရောင်အသွေးနှင့် မျိုးနွယ်အုပ်စုတို့အပေါ် အခြေခံ၍ အမျိုးမျိုးသော အသင်းအဖွဲ့များ၊ ဂိုဏ်းဂဏများအတွင်းဖြစ်စေကာ အချင်းချင်း တိုက်ခိုက်ခိုင်းနေပေသည်။ ဤသို့ဖြင့် အစ္စလာမ့်ရန်သူများကို ဝင်ရောက်တိုက်ခိုက်ရန်အတွက် လမ်းစများ ရရှိသွားပေသည်။ ယင်း၏ အကြောင်းဆက်တရားကို မျက်ဝါးထင်ထင် မြင်တွေ့နေရပေသည်။ တစ်မျိုးနွယ်တည်း၊ နှလုံးသားတစ်ခုတည်းအဖြစ် တည်ရှိနေသော ကမ္ဘာ့အရှေ့ဖျား၊ အနောက်ဖျား၌ ရှိသော မွတ်စ္စလင်မ်တို့သည် သေးငယ်သော အသင်းအဖွဲ့အုပ်စုများအဖြစ် ကစဉ့်ကလျား ဖြစ်ရှိနေပေသည်။ တစ်ဖွဲ့သည် အခြားတစ်ဖွဲ့အား တိုက်ခိုက်ရန် အသင့်ဖြစ်လျက် နေကြပေသည်။ ၎င်းတို့၏ ပြိုင်ဘက်များမှာမူ အချင်းချင်း ကွဲပြားနေသည့် ကြားကပင် မွတ်စ္စလင်မ်တို့အား ယှဉ်ပြိုင်ရာ၌ သာသနာတစ်ရပ်တည်း ဟူ၍သာလျှင် ထင်မှတ်ရပေသည်။

وَصَوَّرَكُمْ فَأَحْسَنَ صُوَرَكُمْ

(၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့၏ ပုံပန်းသဏ္ဌာန်ကို ပြုလုပ်တော်မူခဲ့ပေရာ အသင်တို့၏ ပုံပန်းသဏ္ဌာန်များကို ကောင်းမွန်လှပစွာ ပြုလုပ်တော်မူခဲ့၏။) *[၆၄ : ၃]*

ပုံပန်းသဏ္ဌာန်ကို ပြုလုပ် ဖန်ဆင်းခြင်းသည် စင်စစ်၌ စကြဝဠာအပေါင်းကို ဖန်ဆင်းတော်မူသော အသျှင်မြတ်၏ သီးသန့်ဂုဏ်တော် ဖြစ်ပေသည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်၏ နာမတော်များ၌ مُصَوِّر ဟူ၍ ဂုဏ်တော်နာမတစ်ပါးလည်း ရှိပေသည်။ သေချာကျနစွာ စဉ်းစားကြည့်ရှုမည်ဆိုပါက စကြဝဠာကြီးများအတွင်းဝယ် အဘယ်မျှခန့်သော အမျိုးအစားများ ရှိနေပေသနည်း။ ထိုအမျိုးအစား တစ်ခုချင်းစီအတွင်း၌လည်း အဘယ်မျှခန့်သော အတန်းအစားများ ရှိနေပေသနည်း။ အတန်းအစားတစ်ခုချင်း စီအတွင်း၌လည်း သိန်းပေါင်း၊ ကုဋေပေါင်းများစွာသော အဖန်ဆင်းခံများသည် အမျိုးမျိုးအဖုံဖုံ၊ အသွယ်သွယ် အလျှလျှ ရှိနေကြောင်းကို မြင်တွေ့ရပေမည်။ တစ်ဦး၏ ပုံပန်းသဏ္ဌာန်သည် အခြားတစ်ဦးနှင့် မတူပေ။ လူ့အမျိုးအစားအတွင်း၌မှာပင် တိုင်းပြည်နိုင်ငံ၊ ဌာနေများ ကွဲပြားနေခြင်းကြောင့်သော်လည်းကောင်း၊ မျိုးနွယ်အုပ်စုများ ကွဲပြားနေခြင်းကြောင့်သော်လည်းကောင်း ပုံပန်းသဏ္ဌာန်၌ ရှင်းလင်းလှစွာသော ခြားနားမှုများ ရှိနေသည်ကို တွေ့မြင်နေရပေသည်။ တစ်ဖန် ထိုလူ့ဘောင်အသိုင်းအဝိုင်းအတွင်း၌

တစ်ဦးချင်းစီ၏ ပုံပန်းသဏ္ဍာန်သည် အခြားသော သူများအားလုံးတို့ဖြင့် မတူနေခြင်းမှာ ဦးနှောက်အသိဉာဏ်မှပင် လိုက်မီနိုင်စွမ်း မရှိတော့သည့် အံ့ဖွယ်ကောင်းလှသည့် ပြုပြင်ဖန်ဆင်း စီရင်မှုပင် ဖြစ်ပေသည်။ လူသားတို့၏ မျက်နှာသည် စတုရန်း (၆) လက်မ (၇) လက်မအပြင် ပို၍ မရှိပေ။ ကုဋေပေါင်း သိန်းသန်းကုဋေပေါင်းများစွာသော လူသားတို့၌ မျက်နှာတစ်ခုချင်းစီသာလျှင် ရှိနေသည့် ကြားကပင် ခွဲခွဲခြားခြား သိရှိနိုင်ရန် ခက်ခဲရလောက်အောင် တစ်ဦး၏ ပုံစံသည် အခြားတစ်ဦး၏ ပုံစံနှင့် တူညီနေခြင်းမျိုး မရှိပေ။ တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ ပုံပန်းကို ဖန်ဆင်းတော်မူခြင်း၏ 'နေ့အ်မသ်' စည်းစိမ်တော်ကို တင်ပြထားပေသည်။ ထို့နောက်

فَاَحۡسَنَ صُوَرَكُمۡ

(အသင်တို့၏ ပုံပန်းသဏ္ဍာန်များကို ကောင်းမွန်လှပစွာ ပြုလုပ်တော်မူခဲ့၏။) *[၆၄ : ၃]*

ဟူ၍ မိန့်တော်မူထားပေသည်။ ဆိုလိုသည်မှာ လူ့ပုံပန်းသဏ္ဍာန်ကို ငါအသျှင်မြတ်သည် စကြဝဠာအားလုံးနှင့် အဖန်ဆင်းခံများအားလုံးတို့၏ ပုံပန်းသဏ္ဍာန်များထက် သာပို ကောင်းမွန်လှပစွာ ဖန်ဆင်းထားတော်မူပေသည်။ လူတစ်ဦးသည် မိမိ၏ လူ့ဘောင်အသိုင်းအဝိုင်း အတန်းစား၌ မည်မျှခန့်ပင် ရုပ်ဆိုးအကျည်းတန်နေလင့်ကစား သို့ရာတွင် အခြားကျန်ရှိသော တိရစ္ဆာန်၊ သတ္တဝါ အစရှိသော အဖန်ဆင်းခံများထက်မူ ထိုအကျည်းတန် ရုပ်ဆိုးသူသည် လှပနေပေမည်သာ ဖြစ်၏။

فَتَبَارَكَ اللّٰهُ اَحۡسَنُ الۡخَالِقِيۡنَ

(သို့ဖြစ်ပေရာ အကောင်းဆုံး ဖန်ဆင်းတော်မူသော အလ္လာဟ်အသျှင်မြတ်သည် အဘယ်မျှ ထူးကဲမြင့်မြတ်လှပါဘိသနည်း။) *[၂၃ : ၁၄]*

فَقَالُوۡۤا اَبَشَرٌ يَّهۡدُوۡنَنَا

(လူသားများသည် ကျွန်ုပ်တို့အား တရားလမ်းမှန်ကို ပြသကြမည်လော။) *[၆၄ : ၆]*

بَشَرٌ ဟူသော စကားလုံးသည် တစ်ခုကိန်းအတွက် အသုံးပြုသော စကားလုံး ဖြစ်နေလင့်ကစား 'အများ' ကိန်း၏ အဓိပ္ပာယ်ကို ဆောင်ပေသည်။ ထို့ကြောင့် يَهۡدُوۡنَ ဟူသော ကြိယာကို ၎င်းအဓိပ္ပာယ်ကို ထောက်ရှု၍ အများကိန်းနှင့် အသုံးပြုထားခြင်း ဖြစ်ပေသည်။ လူဖြစ်ခြင်းကို နဗီနှင့် ရစူလ်ဖြစ်နိုင်ရန် အဖို့ ဆန့်ကျင်ဘက်အချက်ဟူ၍ မှတ်ယူထားခြင်းသည် ကာဖိရ်များအားလုံးတို့၏ မှားယွင်းသော တွေးခေါ် ဖြစ်ပေသည်။ ယင်းအချက်အပေါ် ကုရ်အာန်ကျမ်းတော်မြတ်၏ များစွာသော နေရာများတွင် တုန့်ပြန်မိန့်မြွက်ထားပေသည်။ ဝမ်းနည်းရသည်မှာ ယခု မွတ်စလင်မ်များအတွင်း၌လည်း အချို့သော သူတို့သည် တမန်တော်မြတ် ﷺ ၏ လူဖြစ်ခြင်းကို ငြင်းဆိုနေကြသည်ကို တွေ့မြင်နေရပေသည်။ ၎င်းတို့သည် မိမိတို့ မည်သည့်လမ်းကို လျှောက်နေကြောင်းကို စဉ်းစားသင့်ပေသည်။ လူသားဖြစ်ခြင်းသည် နဗီဖြစ်ခြင်း

အတွက် ဆန့်ကျင်၍ မနေသလို ရစူလ်ဖြစ်ခြင်းဟူသော မြင့်မားသော အဆင့်အတန်းနှင့်လည်း ဆန့်ကျင်၍ မနေပေ။ ရစူလ်တမန်တော်သည် 'နူးရ်'ရောင်ခြည်တော်ဖြစ်ခြင်းကို ဆန့်ကျင်နေသည် မဟုတ်ပေ။ ထို့နဗီ ရစူလ်တမန်တော်သည် 'နူးရ်' ရောင်ခြည်လည်းဖြစ်သလို လူသားလည်း ဖြစ်ပေသည်။ ထိုရစူလ်တမန်တော်၏ 'နူးရ်'ရောင်ခြည်တော်ကို မီးအိမ်၏ အလင်း၊ နေနှင့် လတို့၏ ရောင်ခြည်အပေါ် ထပ်တူထပ်မျှ စဉ်းစားခြင်းသည် မှားယွင်းပေသည်။

فَاٰمِنُوْا بِاللهِ وَرَسُوْلِهٖ وَالنُّوْرِ الَّذِىْٓ اَنْزَلْنَا

(သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အားလည်းကောင်း၊ ငါအသျှင်မြတ် ချပေးသနားတော်မူခဲ့သော အလင်းရောင်အားလည်းကောင်း သက်ဝင်ယုံကြည်ကြလေကုန်။) *[၆၄ : ၈]*

نُوْرٌ အလင်းရောင်၏ အလိုသဘောသည် ကုရ်အာန်ကျမ်းတော်မြတ် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် အလင်းရောင်၏ ဝိသေသအချက်မှာ ၎င်းသည် ကိုယ်တိုင်လည်း လင်းဝင်းထင်ပေါ်တောက်ပနေပြီး အခြားသော အရာများကိုလည်း လင်းဝင်းတောက်ပ ထင်ပေါ်စေပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် မိမိ၏ အံ့ဖွယ်တန်ခိုးတော်များကြောင့် ကိုယ်တော်တိုင် လင်းဝင်းကာ ထင်ပေါ်နေခြင်းသည် ရှင်းလင်းလှစွာသော အချက် ဖြစ်ပေသည်။ ထိုကျမ်းတော်မြတ်ကို အကြောင်းခံ၍ အလ္လာဟ်အသျှင်မြတ်၏ သဘောတူနှစ်မြို့သော အချက်၊ မနှစ်မြို့သော အချက်များ၊ သာသနာ့အမိန့်များ၊ ပညတ်ချက်များနှင့် လူသားတို့အဖို့ သိနားလည်ရန် အရေးကြီးသော တမလွန်'အာခေရသ်'၏ အခြေခံဖစ်မြစ်အချက်များ အားလုံးတို့သည် ရှင်းလင်းပေါ်လွင်ခဲ့ပေသည်။

"ကေယာမသ်"နေ့ကို يوم تغابن ဟူ၍ ခေါ်ဆိုရခြင်းအကြောင်း

يَوْمَ يَجْمَعُكُمْ لِيَوْمِ الْجَمْعِ ذٰلِكَ يَوْمُ التَّغَابُنِ

(အကြင်နေ့ကို သတိရကြလေကုန်။ ထိုအသျှင်မြတ်သည် အသင်တို့အား စုရုံးရာနေ့တွင် စုရုံးတော်မူပေမည်။ ထိုနေ့သည် အရှုံးအနိုင်ကို အမှန်အတိုင်း သိရှိရမည့်နေ့ပင် ဖြစ်သည်။) *[၆၄ : ၉]*

يوم الجمع နှင့် يوم التغابن နှစ်မျိုးစလုံးသည် 'ကေယာမသ်'နေ့၏ အမည်များ ဖြစ်ပေသည်။ 'ကေယာမသ်' နေ့ကို يوم الجمع ဟူ၍ ခေါ်ဆိုရခြင်းမှာ ထင်ရှားလှပေသည်။ အဘယ်ကြောင့်ဟူမူ သူဟောင်း၊ သူသစ်၊ အတိတ်ခေတ်နှင့် နောင်းပိုင်းခေတ်ရှိသူများ အားလုံးသည် ထိုနေ့တွင် စာရင်းစစ်ဆေးခြင်း ခံရရန်နှင့် ကြောင်းကျိုးပြစ်ဒဏ် ခံရရန်အတွက် စုရုံးကာ ရောက်ရှိလာကြရပေလိမ့်မည်။ يوم التغابن ဟူ၍ ခေါ်ဆိုရခြင်းမှာ تغابن သည် غبن ဟူသော ပုဒ်မှ ဆင်းသက်လာပေရာ 'ဆုံးရှုံးနစ်နာခြင်း'

ဟူ၍ အဓိပ္ပာယ်ရပေသည်။ ဥစ္စာပစ္စည်း ဆုံးရှုံးနစ်နာခြင်းကိုလည်း غبن ဟူ၍ ခေါ်ဆိုပေသည်။ ထို့နည်းတူစွာ အသိဉာဏ်စဉ်းစားဆင်ခြင်မှု၌ မှားယွင်းခြင်းကိုလည်း ခေါ်ဆို၏။

အေမာမ်ရာဂိဗ်အစ္စဖဟာနီး (ရဟ) သခင်ကြီးသည် 'မုဖ်ရဒါးသုလ်ကုရ်အာန်' ကျမ်း၌ ဤသို့ ဆိုထားပေသည်။ ဥစ္စာပစ္စည်း ဆုံးရှုံးနစ်နာချိန်၌ ဤစကားလုံးကို 'မဂ်ျဟူးလ်' (ကတ္တားမသိ ကြိယာပုဒ်) ဖြင့် အသုံးပြုပေသည်။ ပမာအားဖြင့်

غُبِنَ فُلَانٌ فَهُوَمغْبُوْنٌ

'ထိုသူ့၏ ပစ္စည်းများ ဆုံးရှုံးခဲ့ရသည်ဖြစ်သည်' ဟူ၍ ပြောဆို၏။ ဦးနှောက်အသိဉာဏ်ပိုင်းဆိုင်ရာ ချို့တဲ့ယို့ယွင်းချက်အတွက် ကြိယာပုဒ်ခွဲ နံပါတ် (၃) سمع ဖြင့် အသုံးပြုသည်ဟူ၏။ تغابن ဟူသော စကားလုံးသည် မူရင်းအဓိပ္ပာယ်ကို ထောက်ရှု၍ အပြန်အလှန် ပြုလုပ်ခြင်းအတွက် အသုံးပြုပေသည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ထိခိုက်ဆုံးရှုံးနစ်နာစေခြင်းဟူ၍ ဖြစ်ပေသည်။ သို့မဟုတ် ၎င်းထိခိုက်ဆုံးရှုံး နစ်နာစေခြင်းကို ထုတ်ဖော်ခြင်းဟူ၍လည်း ဖြစ်ပေသည်။ ဤနေရာ၌ တစ်ဘက်တည်းမှ ဆုံးရှုံးခြင်းကို ထုတ်ဖော်သော အဓိပ္ပာယ်၌ ဖြစ်ပေသည်။ ပမာဆိုရသော် ဤစကားလုံးကို တစ်ဖက်တည်းမှ အသုံးပြုခြင်းအဖို့လည်း ကျော်ကြားပေသည်။ 'ကေယာမသ်' နေ့ကို يوم التغابن ဟူ၍ ခေါ်ဆိုခြင်းအကြောင်းမှာ ဤသို့ ဖြစ်ပေသည်။

ဟဒီးစ်တော်များအတွင်း၌ အလ္လာဟ်အသျှင်မြတ်သည် လူတိုင်းအတွက် နောင်တမလွန် 'အာခေရသ်' ၌ အိမ်နှစ်လုံးကို စီမံထားကြောင်း' လာရှိထား ပေသည်။ အိမ်တစ်လုံးသည် 'ဂျန္နသ်' ဖြစ်၍ အိမ်တစ်လုံးသည် 'ဂျဟန္နမ်' ဖြစ်ပေမည်။ ဂျန္နသ်သူဂျန္နသ် သားတို့အား 'ဂျန္နသ်' သို့ မဝင်ရောက်မီအလျင် ၎င်းအီမာန်နှင့် ကျင့်ကြံဆောင်ရွက်ချက်ကို မပြုသော ပုံပန်းသဏ္ဌာန်၌ ၎င်းအဖို့ သတ်မှတ်ပေးခြင်းခံရမည့် နေရာကို ပြသပေလိမ့်မည်။ သို့မှသာ ၎င်းသည် ထိုအိမ်နေရာကို ကြည့်ရှုပြီးနောက် 'ဂျန္နသ်' ရှိ နေရာဌာနဘုံ၏ အဆင့်အတန်းကို သာပို၍ တန်ဖိုးထားရှိမှု၊ ၎င်း၏ နှလုံးသားအတွင်း ပေါ်ပေါက်စေရန်ဖြစ်ပြီး အလ္လာဟ် အသျှင်မြတ်အား သာပို၍ ကျေးဇူးတင်ရှိသောသူ ဖြစ်စေရန်အတွက် ဖြစ်၏။ ဤကဲ့သို့ပင် ငရဲဘုံသားများကိုလည်း ငရဲဘုံသို့ မဝင်ရောက်မီအလျင် အီမာန်နှင့် ကောင်းမြတ်သော အကျင့်သီလကို ဆောက်တည်ခဲ့က ၎င်းအဖို့ သတ်မှတ်ပေးခြင်း ခံရမည့် ၎င်း၏ 'ဂျန္နသ်' ရှိ နေရာထိုင်ခင်းကို ပြသပေလိမ့်မည်။ ၎င်းတို့အား သာပို၍ ဝမ်းနည်းပူကျုံးမရမှု ဖြစ်ရှိစေရန် ဖြစ်ပေသည်။ ဆင့်ပြန်ချက်များအတွင်း၌ 'ဂျန္နသ်' ၌ ငရဲဘုံသားများအဖို့ သတ်မှတ်ထားသော 'ဂျန္နသ်' ၏ ဘုံဗိမာန်ကိုလည်း 'ဂျန္နသ်' သားများသာ ရရှိမည် ဖြစ်ကြောင်း၊ 'ဂျဟန္နမ်' ၌ 'ဂျန္နသ်' သားများအဖို့ သတ်မှတ်ထားသော 'ဂျဟန္နမ်' ၏ နေရာထိုင်ခင်းရှိ ပြစ်ဒဏ်ကိုလည်း ငရဲသားများသာ ခံစားခံရမည်ဖြစ်ကြောင်း' ဟူ၍လည်း လာရှိထားပေသည်။ ဤဟဒီးစ်တော်၏ ဆင့်ပြန်ချက်များကို ဘုခါရီ၊ မွတ်စ္စလင်မ်နှင့် အခြားသော ဟဒီးစ်ကျမ်းကြီးများတွင် စာသားအမျိုးမျိုးဖြင့် အကျယ်တဝင့် လာရှိထားပေသည်။ ထိုအချိန်၌ ကာဖိရ်များ၊ သူယုတ်မာများနှင့် ကံဆိုး

သူများအဖို့ သတ်မှတ်ထားသော 'ဂျန္နသ်'၏ နေရာဌာနများသည်လည်း 'ဂျန္နသ်'သူ 'ဂျန္နသ်'သားများ၏ ပိုင်ဆိုင်မှုအတွင်းသို့သာ ရောက်ရှိလာပေလိမ့်မည်။ သို့ရှိရာ ၎င်းတို့သည် မိမိတို့၏ ဆုံးရှုံးနစ်နာခြင်းကို 'အဘယ်အရာကို ရရှိ၍ မည်သည့်အရာကို စွန့်လွှတ်ခဲ့ရသည်' ကို ခံစားသိမြင်လာပေလိမ့်မည်။

ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်းနှင့် သိရ်မေဇီအစရှိသော ကျမ်းများ၌ ဟဇရသ်အဗူဟုရိုင်ရာဟ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ တမန်တော်မြတ် ﷺ သည် ဆွဟာဗာကြီးများအား 'သူဆင်းရဲသည် မည်သူနည်း။ အသင်တို့ သိရှိပါ၏လော'ဟူ၍ မေးမြန်းရာ ဆွဟာဗာကြီးများက 'ဥစ္စာ ပစ္စည်းတစ်စုံတစ်ရာမျှ မရှိသောသူတို့ကို သူဆင်းရဲ' ဟူ၍ သဘောပေါက် မှတ်ယူထားကြောင်း' ကို တင်ပြခဲ့ပေသည်။ တမန်တော်မြတ် ﷺ က 'ငါကိုယ်တော်၏ အွမ္မသ် (နောက်လိုက်ထု) အတွင်းရှိ သူဆင်းရဲသည် ထိုသူဖြစ်သည်။ အကြင်သူသည် 'ကေယာမသ်'နေ့၌ မိမိ၏ အကျိုးကုသိုလ် ကောင်းမှုများဖြစ်သော နမာဇ်၊ 'ရိုဇာဟ်'၊ 'ဇကားသ်'အစရှိသော ကုသိုလ်တောင်ပုံ၊ ယာပုံကြီးများကို ယူဆောင်လာကြပေမည်။ သို့ရာတွင် ၎င်းသူသည် 'ကမ္ဘာလောက၌ တစ်ဦးတစ်ယောက်အား ဆဲရေးတိုင်းထွာမှုကို ပြုခဲ့သည်။ တစ်ဦးတစ်ယောက်အား မတရားစွပ်စွဲပြောဆိုခဲ့သည်။ တစ်ဦးတစ်ယောက်ကို ရိုက်ခဲ့သည်။ (သို့မဟုတ်) သတ်ဖြတ်ခဲ့သည်။ တစ်ဦးတစ်ယောက်၏ ပစ္စည်းကို မတရားသောနည်းဖြင့် ရယူခဲ့သည်။ ထို့ကြောင့် မတရားပြုခြင်း ခံရသောသူများအားလုံး စုရုံးကာ ရောက်ရှိလာကြပြီး မိမိတို့၏ ရယူပိုင်ဆိုင်ခွင့်ရှိသော အခွင့်အရေးများကို တောင်းခံကြပေလိမ့်မည်။ တစ်ဦးတစ်ယောက်သည် ၎င်း၏ နမာဇ်ကို ယူသွားပေလိမ့်မည်။ အချို့သည် 'ရိုဇာဟ်'၊ အချို့သည် အခြားသော ကုသိုလ်ကောင်းမှုများကို ယူသွားကြပေလိမ့်မည်။ ကုသိုလ်ကောင်းမှုများ ကုန်ဆုံးသွားပါမူ မတရားမှုပြုခြင်း ခံရသော သူတို့၏ ပြစ်မှုများကို ထိုမတရားမှုပြုသော သူ၏ အပေါ်ဝယ်တင်ကာ အစားပေးခြင်း ခံရပေလိမ့်မည်။ ယင်းသူ၏ နိဂုံးဇာတ်လမ်းမှာ 'ဂျဟန္နမ်'သို့ ပစ်ချခြင်းခံရမည်သာ ဖြစ်သည်' ဟူ၍ မိန့်တော်မူခဲ့ပေသည်။

ဆွဟီးဟ်ဘိုခါရီကျမ်း၌ တမန်တော်မြတ် ﷺ သည် ဤသို့ အမိန့်ရှိထားပေသည်။ တစ်ဦးတစ်ယောက်သည် အခြားတစ်ဦးတစ်ယောက်၏ ရယူပိုင်ဆိုင်ခွင့်ရှိသော အခွင့်အရေးရှိသည်ဆိုပါက ကမ္ဘာလောက၌ပင် ရယူပိုင်ဆိုင်ခွင့် ရှိသောသူကို ပြန်လည်ပေးဆပ်ခြင်း၊ (သို့မဟုတ်) ခွင့်လွှတ်ခိုင်းကာ ကင်းရှင်း၊ ကင်းလွတ်မှုကို ပြုထားသင့်ပေသည်။ သို့တည်းမဟုတ်ပါက 'ကေယာမသ်'နေ့တွင် ရယူပိုင်ဆိုင်ခွင့်ရှိသောသူက ပြန်လည် တောင်းခံရာတွင် ရွှေဒင်္ဂါးနှင့် ငွေဒင်္ဂါးတို့သည် ရှိမည်မဟုတ်ဘဲ ထိုရယူပိုင်ဆိုင်ခွင့်ရှိသော သူကို မိမိကာယကံရှင်၏ ကုသိုလ်၊ ကောင်းမှုများကို ပေးစေကာ အစားပေးစေခြင်း ခံရပေလိမ့်မည်။ ကောင်းမြတ်သော အကျင့်သီလများ ကုန်ဆုံးသွားသည်ဆိုလျှင် မတရားသမှုပြုခြင်းခံရသူ၏ ပြစ်မှုများကို ၎င်း၏ ရပိုင်ခွင့်နှင့်အညီ ထိုသူ့အပေါ် ပစ်ချခြင်းကို ခံရပေမည်။ *[မဇ္ဇဟရီး]*

ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးနှင့် အခြားသော အကျယ်ဖွင့် ပညာရှင်ကြီးများသည် 'ကေယာမသ်' နေ့ကို يوم التغابن ဟူ၍ ခေါ်ဆိုရခြင်းမှာ ဤသည့် (အထက်ဖော်ပြပါ) အချက်များကြောင့် ဖြစ်သည်ဟု တင်ပြထားပေသည်။ များစွာသော အကျယ်ဖွင့် ပညာရှင်ကြီးများက မိန့်ဆိုထား

သည်မှာ ထိုနေ့၌ ဝမ်းနည်းပူဆွေးမှု၏ ခံစားချက်ကို ကာဖိရ်များ၊ သူယုတ်မာများနှင့် နဖူးစာကံဆိုးသော သူများသာ ခံစားရမည်မဟုတ်။ သို့သာမက သူမွန်သူမြတ်သော မုအ်မင်န်တို့သည်လည်း 'ကျွန်ုပ်တို့သည် နောက်ထပ် သာပို၍ ကုသိုလ်ကောင်းမှုများကို ပြုကျင့်ခဲ့လျှင် ကောင်းလေစွ။ သို့မှသာ 'ဂျန္နသ်'ရှိ အဆင့်အတန်းများကို သာပို၍ ရယူနိုင်မည် ဖြစ်ပေသည်' ဟူ၍ ဝမ်းနည်းမှုဖြစ်ကြပေမည်။ ထိုနေ့၌ လူတိုင်းသည် မိမိတို့သက်တမ်း၌ အလဟဿကုန်ဆုံးစေခဲ့သည့် အချိန်များအပေါ် ဝမ်းနည်းပူဆွေးကြပေလိမ့်မည်။ ပမာဆိုရသော် ဟဒီးစ်တော်တစ်ရပ်၌ ဤသို့ လာရှိထားပေသည်။

مَنْ جَلَسَ مَجْلِسًا لَمْ يَذْكُرِ اللهَ فِيهِ كَانَ عَلَيْهِ تِرَةٌ يَوْمَ الْقِيَامَةِ

(အကြင်သူတစ်ဦးတစ်ယောက်သည် ထိုင်ဝိုင်းတစ်ခု၌ ထိုင်ခဲ့သည်။ ထိုင်ဝိုင်းတစ်ခုလုံး၌ အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်း မရှိပါမူ ထိုထိုင်ဝိုင်းသည် 'ကေယာမသ်'နေ့၌ ၄င်းအတွက် ဝမ်းနည်းခြင်းကို ဖြစ်စေပေလိမ့်မည်။)

ကုရ်သုဗီးကျမ်း၌ ပါရှိထားသည်မှာ မုအ်မင်န်တိုင်းသည်လည်း ထိုနေ့၌ **احسان عمل** (မိမိသည် အလ္လာဟ်အသျှင်မြတ်အား မြင်တွေ့နေရသကဲ့သို့ ထိုသို့ အာရုံမထားနိုင်လျှင် အလ္လာဟ်အသျှင်မြတ်သည် မိမိအား မြင်တွေ့နေပေသည်ဟူသော အာရုံထားရှိကာ သေချာကျနစွာ ကျင့်ကြံဆောက်တည်ရမည့် အချက်၌ မိမိတို့၏ ပေါ့လျော့ လျော့နည်းခဲ့မှုအပေါ် မိမိတို့၏ ဆုံးရှုံးနစ်နာမှုကို ခံစား သိရှိသွားပေလိမ့်မည်။ 'ကေယာမသ်'နေ့၏ အမည် ကို **يوم التغابن** ဟူ၍ ထားခြင်းသည် စူရာဟ် 'မရ်ယမ်'အတွင်း

وَاَنْذِرْهُمْ يَوْمَ الْحَسْرَةِ اِذْ قُضِيَ الْاَمْرُ

၌ ထိုနေ့ကို **يوم الحسرة** ဟူ၍ မှည့်ခေါ်ခဲ့သည့်အတိုင်း ဖြစ်ပေသည်။

(ထို့ပြင် အို, နဗီတမန်တော်၊ အသင်သည် ၄င်းတို့အား အကြင် ဝမ်းနည်း ကြေကွဲရမည့် နေ့နှင့် စပ်လျဉ်း၍ သတိပေး နှိုးဆော်ပါလေ။ ထိုနေ့တွင် အမှုကိစ္စ အဝဝတို့သည် စီရင်ဆုံးဖြတ်ပြီး ဖြစ်ပေလိမ့်မည်။) *[၁၉ : ၃၉]*

ဟူသော ရူဟူးလ်မအာနီကျမ်း၌ ဤအာယသ်တော်၏ အကျယ်ဖွင့်ဆိုချက်ကို ဤသို့ ရေးသားထားပေသည်။ ထိုနေ့၌ မတရားသောသူ (ညှဉ်းပန်းနှိပ်စက်သူ) နှင့် သူယုတ်မာတို့သည် မိမိတို့၏ ချွတ်ချော်မှားယွင်းမှုများအပေါ် ဝမ်းနည်းကြပေလိမ့်မည်။ သူမွန်သူမြတ် မုအ်မင်န်များသည်လည်း ကောင်းမှုကုသိုလ် ဆောင်ရွက်ချက်များ သေချာကျနစွာ ကျင့်ကြံဆောက်တည်ရမည့် အချက်၌ ပေါ့လျော့ လျော့နည်းခဲ့မှုအပေါ် ဝမ်းနည်းကြပေလိမ့်မည်။ ဤသို့ဖြင့် 'ကေယာမသ်'နေ့၌ အားလုံးသော သူတို့သည် မိမိတို့၏ ကိုယ်စီကိုယ်စီ ပေါ့လျော့ လျော့နည်းမှုများအပေါ် ရက်ကြောက်သူများဖြစ်ကာ ကျင့်ကြံဆောင်ရွက်မှု နည်းပါးခြင်းအပေါ် ဆုံးရှုံးနစ်နာခြင်းအား ခံစားသိမြင်သွားကြပေလိမ့်မည်။ ဤအတွက်ကြောင့် ထိုနေ့ကို **يوم التغابن** ဟူ၍ ခေါ်ဆိုခြင်း ဖြစ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

مَا أَصَابَ مِن مُّصِيبَةٍ إِلَّا بِإِذْنِ اللَّهِ ۗ وَمَن يُؤْمِن بِاللَّهِ يَهْدِ قَلْبَهُ ۚ وَاللَّهُ بِكُلِّ شَيْءٍ عَلِيمٌ ﴿١١﴾

၆၄ း ၁၁ ॥ ॥ ဘေးဒုက္ခဟူသမျှတို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်နှင့်သာ သက်ရောက်၏။ ထို့ပြင် မည်သူမဆို အလ္လာဟ်အသျှင်မြတ်အား သက်ဝင်ယုံကြည်ပါလျှင် ထိုအသျှင်မြတ်သည် ၎င်း၏ စိတ်နှလုံးအား တရားလမ်းမှန်ကို ပြသတော်မူ၏။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

وَأَطِيعُوا اللَّهَ وَأَطِيعُوا الرَّسُولَ ۚ فَإِن تَوَلَّيْتُمْ فَإِنَّمَا عَلَىٰ رَسُولِنَا الْبَلَاغُ الْمُبِينُ ﴿١٢﴾

၆၄ း ၁၂ ॥ ॥ ၎င်းပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို လိုက်နာကြလေကုန်။ ၎င်းပြင် အသင်တို့သည် ရစူလ်တမန်တော်မြတ်၏ အမိန့်ကိုလည်း လိုက်နာကြလေကုန်။ သို့ရာတွင် အကယ်၍ အသင်တို့သည် (လိုက်နာခြင်း မပြုဘဲ) မျက်နှာလွှဲသွားကြပါလျှင်၊ ငါအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အပေါ်ဝယ် (အမိန့်တော်များကို) ရှင်းလင်းစွာ ပို့ဆောင်ရန်သာလျှင် တာဝန်ရှိ၏။

اللَّهُ لَا إِلَٰهَ إِلَّا هُوَ ۚ وَعَلَى اللَّهِ فَلْيَتَوَكَّلِ الْمُؤْمِنُونَ ﴿١٣﴾

၆၄ း ၁၃ ॥ ॥ အလ္လာဟ်အသျှင်မြတ်သည်သာလျှင် (ဆည်းကပ်ကိုးကွယ်အသျှင် ဖြစ်တော်မူ၏။) ထိုအသျှင်မြတ်မှတစ်ပါး (အခြား) ဆည်းကပ်ကိုးကွယ်ရာ အသျှင်ဟူ၍ အလျှင်းမရှိပြီ။ သို့ဖြစ်ပေရာ မုအ်မင်န်သက်ဝင်ယုံကြည်သူတို့မှာမူ အလ္လာဟ်အသျှင်မြတ်အပေါ်၌သာလျှင် ယုံပုံလွှဲအပ် အားထားကြရာကုန်သည်။

يَا أَيُّهَا الَّذِينَ آمَنُوا إِنَّ مِنْ أَزْوَاجِكُمْ وَأَوْلَادِكُمْ عَدُوًّا لَّكُمْ فَاحْذَرُوهُمْ ۚ
وَإِن تَعْفُوا وَتَصْفَحُوا وَتَغْفِرُوا فَإِنَّ اللَّهَ غَفُورٌ رَّحِيمٌ ﴿١٤﴾

၆၄ း ၁၄ ॥ ॥ အို့၊ မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့၏ ဇနီးမိန်းမတို့တွင်လည်းကောင်း၊ အသင်တို့၏ သားသမီးတို့တွင်လည်းကောင်း အသင်တို့၏ ရန်သူများ ရှိနေကြပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ၎င်းတို့ကို သတိပြုကြလေကုန်။ ထို့ပြင် အသင်တို့သည် ခွင့်လွှတ်ကြပါလျှင်လည်းကောင်း၊ လစ်လျူရှုကြပါလျှင်လည်းကောင်း၊ လွတ်ငြိမ်းချမ်းသာခွင့် ပေးကြပါလျှင်လည်းကောင်း၊ ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးတော်မူသော အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

إِنَّمَا أَمْوَالُكُمْ وَأَوْلَادُكُمْ فِتْنَةٌ ۚ وَاللَّهُ عِندَهُ أَجْرٌ عَظِيمٌ ﴿١٥﴾

၆၄ း ၁၅ ॥ ॥ အသင်တို့၏ ပစ္စည်းဥစ္စာများသည်လည်းကောင်း၊ အသင်တို့၏ သားသမီးများသည်လည်းကောင်း စမ်းသပ်မှုသာလျှင် ဖြစ်ကြကုန်၏။ ၎င်းပြင် အလ္လာဟ်အသျှင်မြတ်ထံတော်၌ ကြီးကျယ်လှစွာသော အကျိုးကျေးဇူးသည် ရှိပေသည်။

فَاتَّقُوا اللّٰهَ مَا اسْتَطَعْتُمْ وَاسْمَعُوْا وَاَطِيْعُوْا وَاَنْفِقُوْا خَيْرًا لِّاَنْفُسِكُمْ ۗ وَمَنْ يُّوْقَ شُحَّ نَفْسِهٖ فَاُولٰٓئِكَ هُمُ الْمُفْلِحُوْنَ ⑯

၆၄ : ၁၆ ။ ။ သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့ တတ်စွမ်းနိုင်သမျှ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ထို့ပြင် အသင်တို့သည် နာခံကြလေကုန်။ ၄င်းပြင် အသင်တို့သည် လိုက်နာကြလေကုန်။ ထို့ပြင် အသင်တို့သည် မိမိတို့ကိုယ်တိုင် ကောင်းစားရန် သုံးစွဲ (လှူဒါန်း) ကြလေကုန်။ စင်စစ် မည်သူမဆို မိမိကိုယ်တိုင်၏ လောဘရမ္မက်ကြီးမှုမှ လွတ်ကင်းပါမူ၊ ယင်းကဲ့သို့သော သူတို့သည်သာလျှင် အောင်မြင်သူများ ဖြစ်ကြကုန်၏။

اِنْ تُقْرِضُوا اللّٰهَ قَرْضًا حَسَنًا يُّضٰعِفْهُ لَكُمْ وَيَغْفِرْ لَكُمْ ۗ وَاللّٰهُ شَكُوْرٌ حَلِيْمٌ ⑰

၆၄ : ၁၇ ။ ။ အကယ်၍ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကောင်းမြတ်စွာ ချေးငှားကြသည်ရှိသော်၊ ထိုအသျှင်မြတ်သည် အသင်တို့အဖို့ ယင်းချေးငှားခြင်းကို ဆထက်ထမ်းပိုး တိုးပွားစေတော်မူပေမည်။ ထို့ပြင် ထိုအသျှင်မြတ်သည် အသင်တို့အား ခွင့်လွှတ်ချမ်းသာ ပေးတော်မူပေမည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ရက်ရောစွာ ကျေးဇူးတုန့်ပြန်တော်မူသော အသျှင်၊ အလွန်တရာ သည်းခံခြင်းတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

عٰلِمُ الْغَيْبِ وَالشَّهَادَةِ الْعَزِيْزُ الْحَكِيْمُ ⑱

၆၄ : ၁၈ ။ ။ လျှို့ဝှက်စွာ ရှိသည်တို့ကိုလည်းကောင်း၊ ထင်ရှားစွာ ရှိသည်တို့ကိုလည်းကောင်း သိရှိတော်မူသော အသျှင်၊ အလွန်တရာ ခံ့ညားတော်မူသော အသျှင်၊ လွန်စွာ နက်နဲသိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ကုဖွရ်သွေဖည်ငြင်းဆိုမှု ပြုခြင်းသည် နောင်တမလွန် 'အာခိရသ်'၏ အောင်မြင်မှုမှ လုံးဝ အဟန့်အတား ဖြစ်သလို ဥစ္စာပစ္စည်း၊ သားသမီးနှင့် ဇနီးသည် အစရှိသော အရာများအတွင်း အလ္လာဟ်အသျှင်မြတ်၏ အမိန့်ပညတ်ချက်များအား လိုက်နာရာ၌ ချို့ယွင်းပေါ့လျော့မှု ဖြစ်ရလောက်အောင် အတိုင်းအတာထိ နစ်မွန်းနေခြင်းသည်လည်း အတိုင်းအတာတစ်ခုအထိ နောင်တမလွန် 'အာခိရသ်'၏ အောင်မြင်မှုမှ အဟန့်အတား ဖြစ်စေပေသည်။ ထို့ကြောင့် ဘေးဒုက္ခရောက်ချိန်၌ ဤသို့ မှတ်ယူထားသင့်ပေသည်။) ဘေးဒုက္ခဟူသမျှ တို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်နှင့်သာ သက်ရောက်၏။ (ဤသို့ မှတ်ယူကာ သည်းခံမှုတရား ထားရှိပြီး နဖူးစာကံတရားအပေါ် ကျေနပ်လက်ခံသင့်ပေသည်။) ထို့ပြင် မည်သူမဆို အလ္လာဟ်အသျှင်မြတ်အား (ပြည့်ဝစွာ) သက်ဝင်ယုံကြည်ပါလျှင် ထိုအသျှင်မြတ်သည် ၄င်း၏ စိတ်နှလုံးအား (သည်းခံမှုနှင့် နဖူးစာကံအပေါ် ကျေနပ်လက်ခံခြင်း၏) တရားလမ်းမှန်ကို ပြသတော်မူ၏။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသော အသျှင်

မြတ်ပင် ဖြစ်တော်မူ၏။ (မည်သူသည် သည်းခံခြင်းတရား ထားရှိသည်။ နဖူးစာကံကို ကျေနပ်လက်ခံသည်၊ မည်သူသည် သည်းခံမှုမထား၊ နဖူးစာကံကို ကျေနပ်လက်ခံခြင်း မရှိသည်ကို အကြွင်းမဲ့ သိရှိတော်မူသည်။ လူတိုင်းအား အမြော်အမြင်တော်နှင့်အညီ အကြောင်းအကျိုး၊ အကောင်းအဆိုး၊ ကြောင်းကျိုးပြစ်ဒဏ်ကို ပေးသနားတော်မူပေမည်။)

၄င်းပြင် (မုက္ခပါဠ်တော်၏ အချုပ်သဘောတရားမှာ ဘေးဒုက္ခများ အပါအဝင် အမှုကိစ္စတိုင်း၌) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို လိုက်နာကြလေကုန်။ ၄င်းပြင် အသင်တို့သည် ရစူလ်တမန်တော်မြတ်၏ အမိန့်ကိုလည်း လိုက်နာကြလေကုန်။ သို့ရာတွင် အကယ်၍ အသင်တို့သည် (လိုက်နာခြင်းမပြုဘဲ) မျက်နှာလွှဲသွားကြပါလျှင် (မှတ်သားကြကုန်။) ငါအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အပေါ်ဝယ် (အမိန့်တော်များကို) ရှင်းလင်းစွာ ပို့ဆောင်ရန်သာလျှင် တာဝန်ရှိ၏။ (၄င်းပို့ဆောင်ခြင်းတာဝန်ကို ထိုနဗီသည် ကောင်းမွန်လှသော အကြောင်းများဖြင့် ပို့ဆောင်ခဲ့ပြီးဖြစ်ပေသည်။ ထို့ကြောင့် ယင်းနဗီတမန်တော်အဖို့ ထိခိုက်ဆုံးရှုံးမှု တစ်စုံတစ်ရာမျှပင် မရှိပေ။ အသင်တို့အဖို့သာ ထိခိုက်ဆုံးရှုံးမှု ရှိပေမည်။ အလ္လာဟ်အသျှင်မြတ်အဖို့ ထိခိုက်နစ်နာစေမှု လုံးဝ ဖြစ်နိုင်ချေ မရှိခြင်းကြောင့် ထိုအချက်ကို မတင်ပြထားပေ။)

အလ္လာဟ်အသျှင်မြတ်သည်သာလျှင် (ဆည်းကပ်ကိုးကွယ်အသျှင် ဖြစ်တော်မူ၏။) ထိုအသျှင်မြတ်မှ တစ်ပါး (အခြား) ဆည်းကပ်ကိုးကွယ်ရာ အသျှင်ဟူ၍ အလျဉ်းမရှိပြီ။ သို့ဖြစ်ပေရာ မုအ်မင်န်သက်ဝင်ယုံကြည်သူတို့မှာမူ အလ္လာဟ်အသျှင်မြတ်အပေါ်၌သာလျှင် ယုံပုံလွှဲအပ် အားထားကြရာကုန်သည်။

(အသင်တို့ အထူးသဖြင့် ဒုက္ခရောက်နေသောသူတို့သည် ဤသို့ မှတ်ယူထားသင့်ပေသည်။) အို့၊ မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့၏ ဇနီးမိန်းမတို့တွင်လည်းကောင်း၊ အသင်တို့၏ သားသမီးတို့တွင်လည်းကောင်း အသင်တို့၏ (ဒီးန်သာသနာ၏) ရန်သူများ ရှိနေကြပေသည်။ (၄င်းတို့သည် မိမိတို့၏ လောကီရေးရာ အကျိုးအတွက် အသင်တို့အား မိမိတို့အဖို့ နောင်တမလွန် 'အာခေရသ်'၏ ဆိုးကျိုးဖြစ်စေနိုင်သော အမိန့်တစ်စုံတစ်ရာကို ပေးလာသောအခါဝယ်) သို့ဖြစ်ပေရာ အသင်တို့သည် ၄င်းတို့ကို (ဤသို့သော လူတန်းစားတို့အား) သတိပြုကြလေကုန်။ (၄င်းတို့တောင်းဆိုသော အမှုကိစ္စကို မလိုက်လျောလေနှင့်။) ထို့ပြင် (အကယ်၍ အသင်တို့သည် ဤသို့သော တောင်းခံချက်တို့အပေါ် စိတ်ဆိုးဒေါသထွက်ကာ ခက်ထန်ကြမ်းတမ်းစွာ ပြုမူဆက်ဆံချိန်၊ ၄င်းတို့သည် တောင်းပန်ကာ အမှားဝန်ခံမှုကို ပြုသည်ဆိုလျှင်) အသင်တို့သည် (ထိုအချိန်၌ ၄င်းတို့၏ ထိုမှားယွင်းချက်အား) ခွင့်လွှတ်ကြပါလျှင်လည်းကောင်း၊ (အပြစ်ဒဏ်မပေးလေနှင့်။) လျစ်လျူရှုကြပါလျှင်လည်းကောင်း၊ (ပြင်းထန်စွာ ပြစ်တင်မှုကို မပြုလေနှင့်) လွှတ်ငြိမ်းချမ်းသာခွင့် ပေးကြပါလျှင်လည်းကောင်း (ယင်းအချက်ကို နှလုံးသားအတွင်းမှသော်လည်း ကောင်း၊ နှုတ်လျှာမှသော်လည်းကောင်း မေ့လျော့လိုက်ကြကုန်။) စေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် (အသင်တို့၏ အခြေအနေအပေါ်) အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသော အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

(ဤသည်ဖြင့် ခွင့်လွှတ်မှုပြုရန် လှုံ့ဆော်ထားပေသည်။ အပြစ်ဒဏ်ပေးက ပို၍ ဆိုးသွမ်းသွားမည်ကို စိုးရိမ်ရချိန်မျိုး၌ 'ဝါဂျိဗ်' ခွင့်လွှတ်ချမ်းသာပေးခြင်းသည် 'ဝါဂျိဗ်'ဖြစ်၏။ အချို့အချိန်အခါမျိုး၌ 'မွတ်စ်သဟဗ်' အဆင့်ရှိ၏။)

(ရှေ့၌ သားသမီးများနှင့် ဥစ္စာပစ္စည်းနှင့် စပ်လျဉ်းသော စာစဉ်အကြောင်းအရာကို တင်ပြထားပေသည်။) အသင်တို့၏ ပစ္စည်းဥစ္စာများသည်လည်းကောင်း၊ အသင်တို့၏ သားသမီးများသည်လည်းကောင်း (မည်သူသည် ထိုအရာများအတွင်း၌ နစ်မွန်းကာ အလ္လာဟ်အသျှင်မြတ်၏ ပညတ်ချက် အမိန့်တော်များကို မေ့လျော့သွားပေသနည်း။ မည်သူသည် မမေ့မလျော့ ရှိနေပေသနည်း' ဟူသော အချက်ကို ကြည့်ရှုရန်အတွက်) စမ်းသပ်မှုသာလျှင် ဖြစ်ကြကုန်၏။ ၎င်းပြင် (အကြင်သူသည် ထိုအရာများအတွင်း နစ်မွန်းနေလျက်လည်း အလ္လာဟ်အသျှင်မြတ်အား သတိရတမ်းတပါမူ) အလ္လာဟ်အသျှင်မြတ်ထံတော်၌ (၎င်းအဖို့) ကြီးကျယ်လှစွာသော အကျိုးကျေးဇူးသည် ရှိပေသည်။

သို့ဖြစ်ပေရာ (ထိုအချက်အကြောင်းအရာများအားလုံးကို ကြားနာကာ) အသင်တို့သည် မိမိတို့ တတ်စွမ်းနိုင်သမျှ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ထို့ပြင် အသင်တို့သည် (ထိုအသျှင်မြတ်၏ အမိန့်တော်များကို) နာခံကြလေကုန်။ ၎င်းပြင် အသင်တို့သည် လိုက်နာကြလေကုန်။ ထို့ပြင် အသင်တို့သည် အထူးသဖြင့် အမိန့်ပေးထားသော နေရာများ၌) မိမိတို့ကိုယ်တိုင် ကောင်းစားရန် သုံးစွဲ (လှူဒါန်း)' ကြလေကုန်။ (လှူဒါန်းမှုကို အထူးပြု၍ မိန့်မြွက်တော်မူထားခြင်းမှာ များသောအားဖြင့် ပေးကမ်းလှူဒါန်းခြင်းအချက်သည် လူတို့၏ စိတ်အပေါ် အလွန်လေးလံခက်ခဲလှသော အမှုကိစ္စဖြစ်သောကြောင့် ဖြစ်ပေသည်။) စင်စစ် မည်သူမဆို မိမိကိုယ်တိုင်၏ လောဘရမ္မက်ကြီးမှုမှ လွတ်ကင်း ပါမူ၊ ယင်းကဲ့သို့သော သူတို့သည်သာလျှင် (နောင်တမလွန် 'အာခိရသ်'၌) အောင်မြင်သူများ ဖြစ်ကြကုန်၏။

(ရှေ့၌ ထို့ထက် သာပို၍ ကောင်းမွန်ကာ မုချ အောင်မြင်သူများ ဖြစ်သောသူများအကြောင်းကို တင်ပြထားပေသည်။) အကယ်၍ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကောင်းမြတ်စွာ (စိတ်စေတနာဖြူစင်စွာဖြင့်) ချေးငှားကြသည်ရှိသော်၊ ထိုအသျှင်မြတ်သည် အသင်တို့အဖို့ ယင်းချေးငှားခြင်းကို ဆထက်ထမ်းပိုး တိုးပွားစေတော်မူပေမည်။ ထို့ပြင် ထိုအသျှင်မြတ်သည် အသင်တို့အား ခွင့်လွှတ်ချမ်းသာပေးတော်မူပေမည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် (ကောင်းမြတ်သော အကျင့်သီလတို့ကို လက်ခံတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည့်အတွက်) အလွန်တရာ ရက်ရောစွာ ကျေးဇူးတုန့်ပြန်တော်မူသော အသျှင်၊ (ပြစ်မှုဒုစရိုက်ကို ချက်ချင်း အရေးယူတော်မမူသည့်အတွက်) အလွန်တရာ သည်းခံခြင်းတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

လျှို့ဝှက်စွာ ရှိ (သော အမှုကိစ္စ ဆောင်ရွက်ချက်) တို့ကိုလည်းကောင်း၊ ထင်ရှားစွာ ရှိသည်တို့ကိုလည်းကောင်း သိရှိတော်မူသော အသျှင်၊ အလွန်တရာ ခံ့ညားတော်မူသော အသျှင်၊ လွန်စွာ နက်နဲသိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (شَكُورٌ (အလွန်

တရာ ရက်ရောစွာ ကျေးဇူးတုန့်ပြန်တော်မူသော အသျှင်) မှ حَكِيْمٌ (လွန်စွာ နက်နဲသိမ်မွေ့သော ဆင်ခြင်တုံ တရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ်) ထိတိုင် စာစဉ်အကြောင်းအရာများအားလုံးသည် စူရာဟ်တော် အတွက် အကြောင်းခံပြ ဝါကျအဖြစ် ရှိနေပေသည်။ စာစဉ်အကြောင်းအရာများ အားလုံးသည် ထိုအချက် များမှ ဖြာထွက်လာ၍ ဖြစ်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္ဗသတ်များ

مَآ اَصَابَ مِنْ مُّصِيْبَةٍ اِلَّا بِاِذْنِ اللهِ وَمَنْ يُّؤْمِنْ بِاللهِ يَهْدِ قَلْبَهٗ

(ဘေးဒုက္ခဟူသမျှတို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်နှင့်သာ သက်ရောက်၏။ ထို့ပြင် မည်သူမဆို အလ္လာဟ်အသျှင်မြတ်အား သက်ဝင်ယုံကြည်ပါလျှင် ထိုအသျှင်မြတ်သည် ၎င်း၏ စိတ်နှလုံးအား တရားလမ်းမှန်ကို ပြသတော်မူ၏။) *[၆၄ : ၁၁]*

ဆိုလိုသည်မှာ မည်သူတစ်ဦးတစ်ယောက်အပေါ်ကိုမှ ဘေးဒုက္ခတစ်စုံတစ်ရာသည် အလ္လာဟ်အသျှင် မြတ်၏ ခွင့်ပြုချက်အမိန့် ဆန္ဒတော်မရှိဘဲ ဆိုက်ရောက်မည်မဟုတ်ပေဟူ၍ ဖြစ်သည်။ အကြင်သူသည် အလ္လာဟ်အသျှင်မြတ်အပေါ်ဝယ် အီမာန်သက်ဝင် ယုံကြည်ထားပါက အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ နှလုံးသားကို လမ်းမှန်တရား ပြသတော်မူပေမည်။ အလိုသဘောမှာ ဤသို့ ဖြစ်သည်။ (အလ္လာဟ်အသျှင် မြတ်၏ ခွင့်ပြုချက် အမိန့်ဆန္ဒတော်မပါဘဲ မည်သည့်နေရာတစ်နေရာ၌မှာမဆို မြူမှုန်တစ်မှုန်မျှပင် မလှုပ် ရှားနိုင်ကြောင်း အမှုကိစ္စမှာ မိမိ၏ နေရာ၌ မိမိ မုချ အခြေခံကျသော အချက်ဖြစ်ပေသည်။ 'အလ္လာဟ် အသျှင်မြတ်၏ ခွင့်ပြုချက် အမိန့်မရှိဘဲ တစ်ဦးတစ်ယောက်သည် အခြားတစ်ဦးတစ်ယောက်အား ဒုက္ခ ဆုံးရှုံးမှုကို မပေးနိုင်သလို ကောင်းကျိုးလည်း မပြုနိုင်ကြောင်း' မှာလည်း အထက်ပါအတိုင်းပင် ဖြစ်ပေ သည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်နှင့် 'သပ်ကဒီးရ်' (နဖူးစာကံ) အပေါ် အီမာန်ရယူထားသူအဖို့ ဘေးဒုက္ခသက်ရောက်သော အချိန်၌ စိတ်နှလုံး တည်ငြိမ်အေးချမ်းမှု ရယူရန် မည်သည့်အချက် တစ်စုံတစ်ရာ မျှ မရှိပေ။ ၎င်းသည် ဘေးဒုက္ခ ဝေးကွာသွားစေရန်အတွက် လှုပ်ရှားရုန်းကန်နေရပေမည်။ ၎င်းနှင့် ဆန့်ကျင် ဘက် မုအ်မင်န်သည် 'သပ်ကဒီးရ်' (နဖူးစာကံ) အပေါ် အီမာန်ရယူထားရာ အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ နှလုံးသားကို 'ဖြစ်ပျက်သမျှသော အကြောင်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ ခွင့်ပြုချက် အမိန့် ဆန္ဒတော်တို့ဖြင့်သာ ဖြစ်ပေါ်၍နေကြောင်း၊ မိမိ၏ထံသို့ သက်ရောက်ရန် ရှိသော ဘေးဒုက္ခတို့သည် သက် ရောက်လာမည်သာဖြစ်ကြောင်း၊ ထိုဘေးဒုက္ခကို မည်သူတစ်ဦးတစ်ယောက်မျှ တွန်းလှန်နိုင်စွမ်း မရှိကြောင်း၊ လွတ်မြောက်မှုရရှိရန် ရှိသော ဘေးဒုက္ခမှ လွတ်မြောက်မှုကို ရရှိမည်သာ ဖြစ်ကြောင်း၊ ထိုဒုက္ခကို မိမိ အပေါ်သို့ မည်သူတစ်ဦးတစ်ယောက်ကမျှ မပို့နိုင်ကြောင်း' ဟူသော အချက်တို့ဖြင့် တည်ငြိမ်မှုကို ရရှိ စေပေသည်။ ထိုအီမာန်ခံယူချက်၏ အကျိုးဆက်တရား၌ ၎င်းအဖို့ နောင်တမလွန် 'အာခိရသ်'၌ အကျိုး

စဝါးဖ်၏ ကတိတော်သည်လည်း ရှေ့မှောက်သို့ ရောက်ရှိလာပေသည်။ ယင်းကုသိုလ်အကျိုးစဝါးဖ်၏ ကတိတော်ကြောင့် ကမ္ဘာလောကဌ်ရှိသော အကြီးမားဆုံးသော ဘေးဒုက္ခများသည်ပင်လျှင် လွယ်ကူ သွားပေသည်။

يَاَيُّهَاالَّذِيْنَ اٰمَنُوْا اِنَّ مِنْ اَزْوَاجِكُمْ وَ اَوْلَادِكُمْ عَدُ وًّالَّكُمْ فَاحْذَرُوْهُمْ

(အို, အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့၏ ဇနီးမိန်းမတို့တွင်လည်းကောင်း၊ အသင် တို့၏ သားသမီးတို့တွင်လည်းကောင်း အသင်တို့၏ ရန်သူများ ရှိကြပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ၎င်းတို့ကို သတိပြုကြလေကုန်။) *[၆၄ ؛ ၁၄]*

ဆိုလိုသည်မှာ 'အို, မွတ်စ္စလင်မ်အပေါင်းတို့၊ အသင်တို့၏ အချို့သော ဇနီးမိန်းမများနှင့် သားသမီး တို့သည် အသင်တို့၏ ရန်သူများ ဖြစ်ကြပေသည်။ ၎င်းတို့၏ ဆိုးသွမ်းနှောင်ယှက်မှုတို့မှ ရှောင်ရှား၍ နေထိုင်ကုန်' ဟူ၍ ဖြစ်သည်။

သိရ်မေဇီနှင့် ဟာကင်မ် အစရှိသော ကျမ်းများဌ် မှန်ကန်ခိုင်မာသော ဆင့်ကဲဆင့်ပြန်မှု ကွင်းဆက် ဇယားနှင့်အတူ ဟာဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ ဤအာယတ် တော်သည် ထိုကဲ့သို့သော မွတ်စ္စလင်မ်တို့နှင့် စပ်လျဉ်း၍ ကျရောက်လာသော အာယတ်တော်ဖြစ်ပေ သည်။ 'အကြင်သူတို့သည် တမန်တော်မြတ် ﷺ ၏ မဒီနာမြို့သို့ ဟိဂျ်ရတ်ပြု ပြောင်းရွှေ့တော်မူပြီးနောက် မက္ကာဟ်ရွှေမြို့တော်ဌ် အစ္စလာမ်သာသနာတော်ကို လက်ခံခဲ့ကြသည်။ 'ဟိဂျ်ရတ်' ပြုကာ တမန်တော် မြတ် ﷺ ၏ အခစားတော်သို့ သွားရောက်ခစားမည်' ဟူသော ရည်ရွယ်ချက်ဆန္ဒလည်း ရှိကြသည်။ သို့ရာတွင် ၎င်းတို့၏ ဇနီးသားသမီးများသည် '၎င်းတို့အား 'ဟိဂျ်ရတ်'ပြု၍ မဒီနာမြို့သို့ သွားရောက်ရန် မလွှတ်တော့ပေ။ *[ရှုးဟ်]*

(ဤသည် မက္ကာဟ်မြို့မှ စွန့်ခွာရန် လူတိုင်းအပေါ် 'ဖွရဒ်'တာဝန်အဖြစ် ရှိနေသော အချိန်ဌ် ဖြစ်ပေသည်။) ကုရ်အာန်ကျမ်းတော်မြတ်၏ တင်ပြလျက်ရှိနေသော အာယတ်တော်မြတ်အတွင်းဌ် ဤသို့သော ဇနီးများနှင့် သားသမီးများကို လူသားတို့၏ ရန်သူများအဖြစ် အတည်ပြု သတ်မှတ်ထားကာ ၎င်းတို့၏ နှောင့်ယှက်မှုများမှ ရှောင်ရှား၍ နေထိုင်ရန် လေးနက်စွာ နှိုးဆော်ထားပေသည်။ အဘယ်ကြောင့်ဆိုသော် မိမိအား ထာဝစဉ် ထာဝရ၏ ပြစ်ဒဏ်နှင့် ငရဲမီးအတွင်း ဝင်ရောက်ရန် ပြုမူလျက် ရှိကြကုန်သော သူတို့ ထက် ကြီးမားသော ရန်သူသည် လူသားတို့အဖို့ မည်သူရှိနိုင်အံ့နည်း။

ဟာဇရတ်အသွာအ်အိဗ်နေအဗီရဗားဟ် ﷺ ၏ ဆင့်ပြန်ချက်ဌ် ဤသို့ လာရှိထားပေသည်။ ဤအာယတ် တော်မြတ်သည် အောက်ဖ်ဗင်နမာလိက် အရှ်ဂျအီး ﷺ နှင့် စပ်လျဉ်း၍ ကျရောက်လာသော အာယတ် တော်ဖြစ်ပေသည်။ ၎င်း၏ ဖြစ်အင်မှာ ဤသို့တည်း။ ဤသူသည် မဒီနာမြို့ဌ် ရှိနေပေသည်။ စစ်ပွဲဆင်နွှဲ ရန် အချိန်အခါ ဆိုက်ရောက်လာသည်ဆိုလျှင် ပါဝင်ဆင်နွှဲရန်အတွက် သွားမည်ဟူသော ဆန္ဒပြုခဲ့လေ သည်။ သို့ရာတွင် ၎င်း၏ ဇနီးနှင့် သားသမီးများသည် 'ကျွန်တော်မျိုးမတို့အား မည်သူ့အပေါ် အားထား၍

ချုန်ထားရစ်ခဲ့ပါ၏လော’ ဟူ၍ ပြောဆိုလာသောအခါ ၄င်းတို့၏ ထိုပြောကြားချက်ကြောင့် စူးရှသက်ရောက်ပြီး စစ်ပွဲတွင် သွားရောက် ပူးပေါင်းပါဝင်ခြင်းမှ ရပ်တန့်သွားလေ့ ရှိပေသည်။ *[ရှူးဟ်၊ အိဗ်နေကဆီးရ်]*

အထက်တင်ပြပါ ဆင့်ပြန်ချက်နှစ်ရပ်စလုံး၌ ဆန့်ကျင်ဘက်တစ်စုံတစ်ရာမျှ မရှိပေ။ ဆင့်ပြန်ချက်နှစ်ရပ်စလုံးသည်ပင်လျှင် အာယသ်တော်ကျရောက်လာခြင်း၏ အကြောင်းခံ ဖြစ်နိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်၏ ဘက်မှ ချမှတ်ပေးထားသော ‘ဖွရ်ဇ်’ တာဝန်ဖြစ်သည့် ‘ဂျိဟာဒ်’ (စစ်ဆင်နွဲရေး) ဖြစ်သည်ဖြစ်စေ၊ ဟိဂျ်ရသ်ပြု ရွှေ့ပြောင်းခြင်းဖြစ်စေ ထိုတာဝန်များကို ထမ်းဆောင်ရာ၌ သားသမီးများနှင့် ဇနီးသည်များသည် အဟန့်အတား အနှောင့်အယှက်အဖြစ် တည်ရှိ နေမည်ဆိုလျှင် ၄င်းသားသမီးများနှင့် ဇနီးများသည် ထိုသူ့အတွက် ရန်သူများသာလျှင် ဖြစ်ပေမည်။

وَإِن تَعْفُوا وَتَصْفَحُوا وَتَغْفِرُوا فَإِنَّ اللَّهَ غَفُورٌ رَّحِيمٌ

(ထို့ပြင် အကယ်၍ အသင်တို့သည် ထိုသူတို့အား ခွင့်လွှတ်ကြပါလျှင်လည်းကောင်း၊ လျစ်လျူရှုကြပါလျှင်လည်းကောင်း လွတ်ငြိမ်းချမ်းသာခွင့် ပေးကြပါလျှင်လည်းကောင်း၊ စေကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးတော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။) *[၆၄ : ၁၄]*

လွန်လေပြီးသော အာယသ်တော်များ၌ အချို့သောသူတို့အဖို့ ၄င်းတို့၏ သားသမီးများနှင့် ဇနီးများကို ရန်သူများအဖြစ် သတ်မှတ်ကာ တင်ပြခြင်းခံရသော သူတို့သည် မိမိတို့၏ အမှားကို သတိပြုမိလာကြသောအခါဝယ် ‘နောင်အခါတွင် မိမိတို့၏ ဇနီးများနှင့် သားသမီးများအပေါ် ကြမ်းတမ်းခက်ထန်စွာ ဆက်ဆံကြမည်’ ဟူ၍ ထိုကဲ့သို့ ရည်ရွယ်ဆုံးဖြတ်ခဲ့ခြင်းအပေါ် အာယသ်တော်၏ ဤအစိတ်အပိုင်း၌ ‘ထိုဇနီးများနှင့် သားသမီးများသည် အသင်တို့အား ‘ဖွရ်ဇ်’ တာဝန်များကို ထမ်းဆောင်ရာ၌ အဟန့်အတား၊ အနှောင့်အယှက် ဖြစ်စေခဲ့ကာ ရန်သူကဲ့သို့သော အမှုကိစ္စကို ပြုလုပ်နေလင့်ကစား ၄င်းတို့အား ကြင်နာမှုကင်းမဲ့စွာ ခက်ထန်သော အမှုကိစ္စမျိုးတို့ဖြင့် ဆက်ဆံမှုမျိုးကို မပြုလေနှင့်။ သို့သာမက ခွင့်လွှတ်ကာ၊ လျစ်လျူရှုကာနှင့် ချမ်းသာခွင့်ပေးခြင်း တို့ဖြင့် ဆက်ဆံမည်ဆိုလျှင် အသင်တို့အဖို့ သာပို၍ ကောင်းပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်၏ ဓလေ့တော်သည်လည်း လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းနှင့် ကရုဏာတရားထားခြင်းပင် ဖြစ်ပေသည်ဟူ၍ လမ်းညွှန် မိန့်ကြားခဲ့ပေသည်။

ပြစ်မှုဒုစရိုက်ကျူးလွန်သော ဇနီးနှင့် သားသမီးတို့အား ပစ်ပယ်ခြင်း မုန်းတီးခြင်းတရား မထားသင့်ကြောင်း

ဓမ္မသတ် ။ ။ အာလင်မ်သာသနာ့ပညာရှင်ကြီးများသည် ဤအာယသ်တော်ကို အိမ်သူသက်ထား၊ သားသမီးတို့ထံမှ သာသနာတော်နှင့် ဆန့်ကျင်သော အမှုကိစ္စတစ်ရပ်ကို ပြုမူနေသည်ဆိုလျှင် ၄င်းတို့အား ပစ်ပယ်ကာ ဖာသိဖာသာနေခြင်း၊ ၄င်းတို့အား မုန်းတီးမှုတရား ထားရှိခြင်း၊ (သို့မဟုတ်) ၄င်းတို့

အတွက် မကောင်းဆုတောင်းခြင်းမျိုးသည် မသင့်တော်လှကြောင်းကို အထောက်အထားပြု ထုတ်နုတ်တင်ပြထားကြပေသည်။

إِنَّمَا أَمْوَالُكُمْ وَأَوْلَادُكُمْ فِتْنَةٌ

(အသင်တို့၏ ဥစ္စာပစ္စည်းများသည်လည်းကောင်း၊ အသင်တို့၏ သားသမီးများသည်လည်းကောင်း စမ်းသပ်မှုသာလျှင် ဖြစ်ကြကုန်၏။) [၆၄ း ၁၅]

فِتْنَةٌ ၏ အဓိပ္ပာယ်မှာ စမ်းစစ်ခြင်း၊ စမ်းသပ်ခြင်း' ဟူ၍ ဖြစ်သည်။ အာယသ်တော်၏ အလိုသဘောမှာ ဤသို့ ဖြစ်သည်။ ပစ္စည်းဥစ္စာနှင့် သားသမီးများကို အကြောင်းပြု၍ အလ္လာဟ်အသျှင်မြတ်သည် လူသားတို့အား စမ်းသပ်မည်။ ထိုသားသမီးများနှင့် ဇနီးများ၏ ချစ်ခင်မှုအတွင်း၌ နစ်မွန်းသွားကာ ပညတ်ချက်များနှင့် 'ဖွရဓ်'တာဝန်များမှ မေ့လျော့နေသလော။ (သို့မဟုတ်) ချစ်ခင်မှုကို အတိုင်းအတာ ဘောင်တစ်ခုအတွင်း ထားရှိကာ မိမိ၏ 'ဖွရဓ်'တာဝန်များကို မမေ့လျော့ဘဲ တာဝန်ကျေမည်လော ဟူသော အချက်ကို စမ်းသပ်ပေမည်။

ပစ္စည်းဥစ္စာနှင့် သားသမီးများသည် လူသားတို့အဖို့ ကြီးကျယ်လှစွာသော စမ်းစစ်မှုဖြစ်ခြင်းအကြောင်း

စင်စစ် ပစ္စည်းဥစ္စာနှင့် သားသမီးတို့အား ချစ်ခင်ခြင်းသည် လူသားတို့အဖို့ ကြီးကျယ်လှစွာသော စမ်းစစ်မှု၊ စမ်းသပ်မှု ဖြစ်ပေသည်။ လူသားတို့သည် များသောအားဖြင့် ပြစ်မှုဒုစရိုက်များ ပြုမိရာတွင် အထူးသဖြင့် 'ဟရာမ်'ပစ္စည်း၊ စီးပွားများကို ရှာဖွေသမှုပြုရာတွင် ၎င်းတို့အား ချစ်ခင်ခြင်း၏ အကြောင်းကြောင့်သာလျှင် ပြုနေကြခြင်း ဖြစ်ပေသည်။ ဟဒီးစ်တော်တစ်ရပ်၌ ဤသို့ လာရှိထားပေသည်။ 'ကေယာမသ်'နေ့၌ အချို့သောသူများကို ခေါ်ဆောင်လာပေလိမ့်မည်။ ၎င်းတို့အား တွေ့မြင်ကာ

أَكَلَ عِيَالُهُ حَسَنَاتِهِ

(၎င်းတို့၏ ကုသိုလ်ကောင်းမှုများကို ၎င်းတို့၏ ဇနီး၊ သားသမီးများက ဖျက်ဆီးပစ်ခဲ့ကြပေသည်။) [ရှုးဟ်]

လူတို့သည် ပြောဆိုကြပေလိမ့်မည်။ ဟဒီးစ်တော်တစ်ရပ်အတွင်း၌ တမန်တော်မြတ် ﷺ သည် သားသမီးများနှင့် စပ်လျဉ်း၍ ဤသို့ အမိန့်ရှိထားပေသည်။

مَبْخَلَةٌ مَجْبَنَةٌ

(ဤသားသမီးတို့သည် စေးနည်းစေခြင်းနှင့် သူရဲဘောကြောင်ခြင်း (သို့မဟုတ်) ယောကျ်ားမပီသခြင်းနှင့် ချည့်နဲ့ခြင်း၏ အကြောင်းခံများ ဖြစ်ပေသည်။) ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းမှာ ၎င်းတို့၏ ချစ်စိတ်ကြောင့် လူသားသည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ ပစ္စည်းဥစ္စာများအား လှူဒါန်းသုံးစွဲ

ခြင်းမှ တွန့်ဆုတ်လျက် ရှိနေပေသည်။ ၎င်းတို့၏ ချစ်စိတ်ကြောင့် သာသနာရေးစစ်ပွဲ ဆင်နွှဲရာ၌ ပါဝင်ခြင်းမှ ကျန်ရစ်ခဲ့ကြပေသည်။ အတိတ်ခေတ် ရှိသူတော်စင်အချို့က ဤသို့ အမိန့်ရှိထားပေသည်။

اَلْعَيَالُ سُوْسُ الطَّاعَاتِ

(အိမ်သူဇနီးနှင့် သားသမီးတို့သည် လူသားတို့၏ ကောင်းမှုကုသိုလ်များအတွက် ချကောင်၊ နံ့ဖျက်ပိုးကောင်များ ဖြစ်ပေသည်။)

ပိုးကောင်သည် ကောက်ပဲသီးနှံများကို ဖျက်ဆီးလိုက်သကဲ့သို့ ဤဇနီးနှင့် သားသမီးများသည်လည်း ၎င်း၏ ကုသိုလ်ကောင်းမှုများကို ဖျက်ဆီးကြပေသည်။

فَاتَّقُوا اللّٰهَ مَا اسْتَطَعْتُمْ

(သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့ တတ်စွမ်းနိုင်သမျှ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။) [၆၄ : ၁၆]

ဆိုလိုသည်မှာ 'တတ်စွမ်းနိုင်သမျှ **تقوى** ရှောင်ကြဉ်ခြင်းတရားကို လက်ကိုင်ထားကုန်' ဟူ၏။

اِتَّقُوا اللّٰهَ حَقَّ تُقَاتِهٖ

(အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ရှိသေအပ်သည့်အတိုင်း ကြောက်ရွံ့ကြလေကုန်။) [၃ : ၁၀၂]

ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ရှိသေအပ်သည့် အတိုင်းအတာ အပြည့်အဝ 'သက္ကဝါ' ရှောင်ကြဉ်ခြင်းတရားကို လက်ကိုင်ထားကြကုန်' ဟူသော အာယသ်တော် ကျရောက်လာသောအခါ ဆွဟာဗာကြီးများ၏ စိတ်နှလုံးအပေါ် လေးလံမှု၊ ဖိဆီးမှု ဖြစ်သွားရပေတော့သည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်၏ ကြီးကျယ်ခံ့ညားတော်မူသော အတိုင်းအတာနှင့်အညီ ရှောင်ကြဉ်ခြင်းတရား ထားရှိရန်ကို မည်သူ စွမ်းနိုင်ပေမည်နည်း။ ထိုအချက်အပေါ် ယခုတင်ပြပါ အာယသ်တော်မြတ် ကျရောက်လာပေသည်။ ဤအာယသ်တော်မြတ်သည် 'အလ္လာဟ်အသျှင်မြတ်သည် လူသားတို့အား ၎င်းတို့၏ စွမ်းဆောင်နိုင်သော အင်အားထက် ကျော်လွန်သော တာဝန်ကို မပေးထားကြောင်း၊ 'သက္ကဝါ' ရှောင်ကြဉ်ခြင်းတရားသည် မိမိ၏ စွမ်းဆောင်နိုင်စွမ်းနှင့်အညီသာ 'ဝါဂျိဗ်' တာဝန်ဖြစ်ကြောင်းတို့ကို ပြဆိုထားပေသည်။ အဓိကရည်ရွယ်ချက်မှာ 'သက္ကဝါ' (ရှောင်ကြဉ်ခြင်းတရား) ကို ရယူရာ၌ မိမိ၏ အင်အားနှင့် အစွမ်းကုန်ကြိုးစားလိုက်လျှင်မူ ထိုသို့ ရယူလိုက်ခြင်းဖြင့် အလ္လာဟ်အသျှင်မြတ် တောင်းဆိုထားသော ဝတ္တရားတာဝန်သည် ကျေပွန်သွားပေဟူသည်ကို မိန့်ကြားလမ်းညွှန်ရန် ဖြစ်ပေသည်။ [ရှူးဟ်]

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်သွလားက်

လင်ခန်း မယားခန် ပြတ်စဲခြင်း ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

يٰٓاَيُّهَا النَّبِيُّ اِذَا طَلَّقْتُمُ النِّسَآءَ فَطَلِّقُوْهُنَّ لِعِدَّتِهِنَّ وَاَحْصُوا

الْعِدَّةَ ۚ وَاتَّقُوا اللّٰهَ رَبَّكُمْ ۚ لَا تُخْرِجُوْهُنَّ مِنْۢ بُيُوْتِهِنَّ وَلَا يَخْرُجْنَ

اِلَّآ اَنْ يَّاْتِيْنَ بِفَاحِشَةٍ مُّبَيِّنَةٍ ۗ وَتِلْكَ حُدُوْدُ اللّٰهِ ۗ وَمَنْ يَّتَعَدَّ

حُدُوْدَ اللّٰهِ فَقَدْ ظَلَمَ نَفْسَهٗ ۗ لَا تَدْرِيْ لَعَلَّ اللّٰهَ يُحْدِثُ بَعْدَ ذٰلِكَ اَمْرًا ①

၆၅ : ၁ ။ ၊ ။ အို, နဗီတမန်တော်၊ (အသင်သည် လူသားတို့အား ပြောကြားလိုက်ပါလေ။) အသင်တို့သည် ဇနီးမိန်းမများအား 'သွားလက်' ပေး ကွာရှင်း (ရန် ရည်ရွယ်) ကြသောအခါ [ရာသီသွေးဆင်းချိန်တွင် ကွာရှင်းခြင်းမပြုဘဲ] ၎င်းတို့၏ 'အိဒ်ဒသ်' ရက်များ [စ၍ ရေတွက်နိုင်သော သန့်ရှင်းသွားသည့်] အချိန်ကာလ၌ 'သွလာက်' ပေးကွာရှင်းကြလေကုန်။ ၎င်းပြင် အသင်တို့သည် 'အိဒ်ဒသ်' ရက်များကို ရေတွက်ကြလေကုန်။ ထို့ပြင် အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ထင်ရှားစွာသော စက်ဆုပ်ရွံရှာမှု တစ်စုံတစ်ရာကို ယင်းဇနီးမိန်းမများ ကျူးလွန်ကြသည်မှအပ အသင်တို့သည် ၎င်းတို့အား ၎င်းတို့၏ နေအိမ်များမှ ထွက်စေခြင်းကို မပြုကြကုန်လင့်။ ၎င်းတို့ကိုယ်တိုင်လည်း (နေအိမ်များမှ) မထွက်ကြရပေ။ စင်စစ် ထိုသည် အလ္လာဟ်အသျှင်မြတ် (သတ်မှတ်ပြဋ္ဌာန်းတော်မူသော) စည်းကမ်းချက်များပင် (ဖြစ်၏။) မည်သူမဆို အလ္လာဟ်အသျှင်မြတ်၏ စည်းကမ်းချက်များကို ကျူးလွန်ဖောက်ဖျက်ပါမူ၊ ဧကန်မလွဲ ထိုသူသည် မိမိကိုယ်ကို နှိပ်စက်ခဲ့ချေပြီ။ ထို့နောက် အလ္လာဟ်အသျှင်မြတ်သည် အကြောင်းကိစ္စ တစ်စုံတစ်ရာကို အသစ်ဖန်တီး၍ ပေးတော်မူမည် ဖြစ်တန်ရာသည်ကို အသင် မသိပြီ။ [ထိုသို့ ဖန်တီးပေးမှုကြောင့် အသင်တို့ဇနီးမောင်နှံသည် ပြန်လည်သင့်မြတ်သွားနိုင်ကြပေသည်။]

فَاِذَا بَلَغْنَ اَجَلَهُنَّ فَاَمْسِكُوْهُنَّ بِمَعْرُوْفٍ اَوْ فَارِقُوْهُنَّ

بِمَعْرُوْفٍ وَّاَشْهِدُوْا ذَوَيْ عَدْلٍ مِّنْكُمْ وَاَقِيْمُوا الشَّهَادَةَ لِلّٰهِ ۗ ذٰلِكُمْ

يُوْعَظُ بِهٖ مَنْ كَانَ يُؤْمِنُ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ ۗ وَمَنْ يَّتَّقِ اللّٰهَ يَجْعَلْ لَّهٗ مَخْرَجًا ②

၆၅ : ၂ ။ ။ တစ်ဖန် ထို (ကွာရှင်းခဲ့သော) ဇနီးမိန်းမများသည် ၎င်းတို့နှင့် ပတ်သက်၍ သတ်မှတ်ထားသော 'အိဒ်ဒသ်' ရက်ပိုင်း၏ နောက်ဆုံးအချိန်ကာလသို့ ရောက်ခါနီးတွင် အသင်တို့သည် ၎င်းတို့အား (တရားတော်၏) စည်းကမ်းနှင့်အညီ ၎င်းတို့နှင့် ခွဲခွာကြလေကုန်။ ၎င်းပြင် အသင်တို့သည် မိမိတို့အနက်မှ သမာဓိရှိသောသူ နှစ်ယောက်ကို သက်သေထားကြလေကုန်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ရည်သန်၍ ဖြောင့်မှန်စွာ သက်သေထွက်ဆိုကြလေကုန်။ ထိုသည် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း သက်ဝင်ယုံကြည်သောသူအား အဆုံးအမ တရားတော်ပေးခြင်းပင် ဖြစ်၏။ စင်စစ် မည်သူမဆို အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့သည်ရှိသော် ထိုအသျှင်မြတ်သည် ထိုသူ၏အဖို့ လွတ်မြောက်ရာ နည်းလမ်းကို ပြုလုပ်၍ ပေးသနားတော်မူပေမည်။

وَيَرْزُقْهُ مِنْ حَيْثُ لَا يَحْتَسِبُ ۚ وَمَنْ يَتَوَكَّلْ عَلَى
اللَّهِ فَهُوَ حَسْبُهُ ۚ إِنَّ اللَّهَ بَالِغُ أَمْرِهِ ۚ قَدْ جَعَلَ اللَّهُ لِكُلِّ شَيْءٍ قَدْرًا ۝٣

၆၅ : ၃ ။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည် ထိုသူ့အား ထိုသူ မထင်မှတ်သော နေရာမှ စားနပ်ရိက္ခာကို ချီးမြှင့်ပေးသနားတော်မူပေမည်။ ထို့ပြင် မည်သူမဆို အလ္လာဟ်အသျှင်မြတ်အပေါ်၌ ယုံကြည်အားထားပါမူ၊ ထိုအသျှင်မြတ်သည် ထိုသူ၏အဖို့ လုံလောက်တော်မူ၏။ ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အရေးကိစ္စကို ပြီးမြောက်အောင် ပြုလုပ်ပေးတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့နှင့် စပ်လျဉ်း၍ အတိုင်းအတာ အချိန်အဆတစ်ခုကို ပြုလုပ်၍ ထားရှိတော်မူပေသည်။

وَاللَّائِي يَئِسْنَ مِنَ الْمَحِيضِ مِنْ نِسَائِكُمْ إِنِ ارْتَبْتُمْ فَعِدَّتُهُنَّ
ثَلَاثَةُ أَشْهُرٍ وَاللَّائِي لَمْ يَحِضْنَ ۚ وَأُولَاتُ الْأَحْمَالِ أَجَلُهُنَّ أَنْ يَضَعْنَ
حَمْلَهُنَّ ۚ وَمَنْ يَتَّقِ اللَّهَ يَجْعَلْ لَهُ مِنْ أَمْرِهِ يُسْرًا ۝٤

၆၅ : ၄ ။ ။ ၎င်းပြင် အသင်တို့၏ (ကွာရှင်းပြီးဖြစ်သော) ဇနီးမိန်းမတို့အနက် [အသက်ကြီးခြင်းကြောင့်၊ ရောဂါကြောင့်၊ ငယ်ရွယ်မှုကြောင့်] ရာသီပန်းပွင့်ခြင်းမှ မျှော်လင့်ချက် ကင်းမဲ့ကြသော မိန်းမများသည် အကယ်၍ (၎င်းတို့၏ 'အိဒ္ဒသ်' ရက်နှင့် စပ်လျဉ်း၍) အသင်တို့သည် သံသယဖြစ်ခဲ့ကြပါလျှင်၊ ၎င်းတို့၏ 'အိဒ္ဒသ်'မှာ သုံးလ (တိတိ) ဖြစ်၏။ ထိုနည်းတူစွာ ရာသီပန်း ပွင့်ဖူးခဲ့သည် မရှိသေးသော မိန်းမများ (၏ 'အိဒ္ဒသ်' မှာ) လည်း (သုံးလတိတိပင် ဖြစ်၏။) ထို့ပြင် ကိုယ်ဝန်ရှိသော မိန်းမများသည် ၎င်းတို့၏ ('အိဒ္ဒသ်'ရက်) အပိုင်းအခြားမှာ ၎င်းတို့သည် မိမိတို့၏ ကိုယ်ဝန်ကို ဖွားမြင်ခြင်းပင် ဖြစ်၏။ စင်စစ် မည်သူမဆို အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့သည်ရှိသော်၊ ထိုအသျှင်မြတ်သည် ၎င်းအဖို့ အရေးကိစ္စကို လွယ်ကူအောင် ပြုလုပ်၍ ပေးတော်မူမည် ဖြစ်၏။) [ရာသီလာသည့် အမျိုးသမီး၏ 'အိဒ္ဒသ်' ရက်မှာ ရာသီသွေး သုံးကြိမ် ဆင်းသက်ခြင်းပင် ဖြစ်၏။]

ذٰلِكَ أَمْرُ اللّٰهِ أَنْزَلَهٗٓ إِلَيْكُمْ ۚ وَمَنْ يَّتَّقِ اللّٰهَ يُكَفِّرْ عَنْهُ سَيِّاٰتِهٖ وَيُعْظِمْ لَهٗٓ أَجْرًا ⑤

၆၅ : ၅ ။ ။ ထိုသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ပင် (ဖြစ်၏။) ထိုအသျှင်မြတ်သည် ယင်းအမိန့်တော်ကို အသင်တို့ထံ ချပေးတော်မူခဲ့၏။ စင်စစ် မည်သူမဆို အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ပါမူ၊ ထိုအသျှင်မြတ်သည် ထိုသူ၏ ပြစ်မှုဒုစရိုက်များကို ထိုသူမှ ပပျောက်စေတော်မူမည်။ ၎င်းပြင် ထိုသူ၏ အကျိုးကျေးဇူးကို ကြီးကျယ်စေတော်မူပေမည်။

أَسْكِنُوهُنَّ مِنْ حَيْثُ سَكَنْتُمْ مِّنْ وُّجْدِكُمْ وَلَا تُضَآرُّوهُنَّ لِتُضَيِّقُوا
عَلَيْهِنَّ ۚ وَإِنْ كُنَّ أُولَاتِ حَمْلٍ فَأَنْفِقُوا عَلَيْهِنَّ حَتّٰى يَضَعْنَ حَمْلَهُنَّ ۚ
فَإِنْ أَرْضَعْنَ لَكُمْ فَاٰتُوهُنَّ أُجُورَهُنَّ ۚ وَأْتَمِرُوا بَيْنَكُمْ بِمَعْرُوفٍ ۚ وَإِنْ
تَعَاسَرْتُمْ فَسَتُرْضِعُ لَهٗٓ أُخْرٰى ⑥

၆၅ : ၆ ။ ။ အသင်တို့သည် (ထိုကွာရှင်းပြီးဖြစ်ကြသော) မိန်းမများအား မိမိတို့နေထိုင်ကြရာတွင် မိမိတို့၏ ကြွယ်ဝမှုနှင့် လျော်ညီစွာ (နေထိုင်ရန်) အိမ်ပေးကြလေကုန်။ ထို့ပြင် အသင်တို့သည် ၎င်းတို့အပေါ်၌ ကျပ်တည်းစေရန်အလို့ငှာ ၎င်းတို့အား ဒုက္ခမပေးကြကုန်လင့်။ ထို့ပြင် အကယ်၍ ထိုမိန်းမများမှာ ကိုယ်ဝန်ရှိသူများ ဖြစ်ခဲ့ကြပါလျှင် အသင်တို့သည် ၎င်းတို့နှင့် ပတ်သက်၍ ၎င်းတို့သည် မိမိတို့၏ ကိုယ်ဝန်ကို ဖွားမြင်ကြသည်အထိ သုံးစွဲကြလေကုန်။ တစ်ဖန် အကယ်၍ ၎င်းတို့သည် အသင်တို့၏ အကျိုးငှာ (အသင်တို့၏ ကလေးကို) နို့တိုက်ကျွေးခဲ့ကြလျှင်၊ အသင်တို့သည် ၎င်းတို့အား ၎င်းတို့၏ အခများကို ပေးဆပ်ကြလေကုန်။ ထို့ပြင် အသင်တို့သည် မိမိတို့အချင်းချင်း သင့်လျော်စွာ ညှိနှိုင်းတိုင်ပင်ကြလေကုန်။ သို့ရာတွင် အကယ်၍ အသင်တို့သည် အချင်းချင်း မညီညွတ် မပြေမလည် ဖြစ်ခဲ့ကြပါလျှင် (ထိုဖခင်) ၏ အကျိုးငှာ အခြား မိန်းမတစ်ဦးတစ်ယောက်သည် နို့တိုက်ကျွေးရမည် ဖြစ်၏။

لِيُنْفِقْ ذُو سَعَةٍ مِّنْ سَعَتِهٖ ۖ وَمَنْ
قُدِرَ عَلَيْهِ رِزْقُهٗ فَلْيُنْفِقْ مِمَّآ اٰتٰىهُ اللّٰهُ ۚ لَا يُكَلِّفُ اللّٰهُ نَفْسًا إِلَّا مَآ اٰتٰىهَا ۚ
سَيَجْعَلُ اللّٰهُ بَعْدَ عُسْرٍ يُّسْرًا ⑦

၆၅ : ၇ ။ ။ ကြွယ်ဝချမ်းသာသော သူသည် မိမိ၏ ကြွယ်ဝမှုနှင့် လျော်ညီစွာ သုံးစွဲရပေမည်။ သို့ရာတွင် စီးပွား ဥစ္စာ ကျပ်တည်းသော သူမှာမူ မိမိအား အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ပေးသနားတော်မူသမျှသော (ဥစ္စာပစ္စည်း) အနက်မှ သုံးစွဲရပေမည်။ အလ္လာဟ်အသျှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မိမိ ချီးမြှင့်ပေးသနားတော်မူခဲ့သည်ထက် ပို၍ တာဝန်ပေးတော်မူသည် မဟုတ်ပေ။ အလ္လာဟ်အသျှင်မြတ်သည် ကျပ်တည်းမှု၏ နောက်တွင် မကြာမီပင် ချောင်လည်မှုကို ဖန်တီး၍ ပေးသနားတော်မူပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို့, နဗီတမန်တော်၊ (အသင်သည် လူသားတို့အား ပြောကြားလိုက်ပါလေ။) အသင်တို့သည် (မိမိတို့ ပေါင်းသင်းဆက်ဆံပြီးဖြစ်သော) ဇနီးမိန်းမများအား 'သွားလက်'ပေး ကွာရှင်း (ရန် ရည်ရွယ်) ကြသောအခါ (အဘယ်ကြောင့်ဆိုသော် 'အိဒ်ဒသ်' ၏ အမိန့်သည် ဤသို့သော အမျိုးသမီးတို့ဖြင့်သာ ပတ်သက်နေပေသည်။ ပမာဆိုရသော် အခြားသော အာယသ်တော် တစ်အာယသ်၌ ဤသို့ အမိန့်ရှိထား ပေသည်။)

ثُمَّ طَلَّقْتُمُوْهُنَّ مِنْ قَبْلِ اَنْ تَمَسُّوْهُنَّ فَمَالَكُمْ عَلَيْهِنَّ مِنْ عِدَّةٍ

(၎င်းတို့အား ထိတွေ့ခြင်းမပြုကြသေးမီ အသင်တို့သည် 'သွလာက်'ပေး၍ ကွာရှင်းခဲ့ကြပါလျှင် အသင်တို့နှင့် ပတ်သက်၍ ၎င်းအမျိုးသမီးတို့အပေါ်၌ မည်သည့် 'အိဒ်ဒသ်'ရက် ဆိုင်းငံ့ခြင်းကိုမျှပင် အသင်တို့ ရေတွက်ကြရန် မရှိတော့ပြီ။) [၃၃ : ၄၉]

(ရာသီသွေးဆင်းချိန်တွင် ကွာရှင်းခြင်းမပြုဘဲ) ၎င်းတို့၏ 'အိဒ်ဒသ်'ရက်များ (စ၍ ရေတွက်နိုင်သော သန့်ရှင်းသွားသည့်) အချိန်ကာလ၌ 'သွလာက်'ပေးကွာရှင်းကြလေကုန်။ (ပေါင်းသင်းဆက်ဆံခြင်း မပြုရသေးသော သန့်ရှင်းသော ကာလ၌ 'သွလာက်'ပေးရန် စစ်မှန်သော ဟဒီးစ်တော်များဖြင့် အတည်ပြုထားပေသည်။) ၎င်းပြင် အသင်တို့သည် ('သွလာက်'ပေးပြီးနောက်) 'အိဒ်ဒသ်'ရက်များကို ရေတွက်ကြလေကုန်။ (အမျိုးသားနှင့် အမျိုးသမီးများအားလုံးတို့ ရေတွက်ကြရန် ဖြစ်ပေသည်။ သို့ရာတွင် မိန့်မြွက်ရာ၌ အမျိုးသားများကို အထူးပြုထားခြင်းမှာ အမျိုးသမီးများ၌ မေ့လျော့မှုသည် လွှမ်းမိုးလျက်ရှိရာ အမျိုးသားတို့အဖို့ ထိုအချက်ကို အလေးထားသင့်ကြောင်းဘက်သို့ ရည်ညွှန်းထားပေသည်။ ဤအတိုင်း မဒါရစ်က်ကျမ်း၌ တင်ပြထားပေသည်။) ထို့ပြင် အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ (ဆိုလိုသည်မှာ ထိုအခန်းကဏ္ဍများနှင့် စပ်လျဉ်းသော ပညတ်ချက်များအား ဆန့်ကျင်မှုကို မပြုကြကုန်လင့်။ ဥပမာ- သုံး 'သွလာက်'ကို တစ်ကြိမ်တည်း မပေးကြနှင့်။ စစ်မှန်သော ဟဒီးစ်တော်များအတွင်း၌လည်း လာရှိထားသလို ရာသီသွေးဆင်းချိန်၌လည်း 'သွလာက်' မပေးလေနှင့်။ 'အိဒ်ဒသ်' ၏ အချိန်ကာလအတွင်း) ထင်ရှားစွာသော စက်ဆုပ်ရွံရှာမှု တစ်စုံတစ်ရာ (ဥပမာ- မကောင်းသော အမှုကိစ္စကို ကျူးလွန်လိုက်သည်ဆိုလျှင် ပြစ်ဒဏ်ခတ်ရန်အတွက် အိမ်မှ ထုတ်ခွင့် ရှိပေသည်။ (သို့မဟုတ်) အချို့သော အာလင်မ်ပညာရှင်များ၏ အဆိုအရ လျှာရှည်ခြင်းနှင့် အချိန်တိုင်း၌ တဂျီဂျီပြုလုပ်နေသည်ဆိုပါကလည်း အိမ်မှ ထုတ်ပစ်ပိုင်ခွင့် ရှိပေသည်။) ကို ယင်းဇနီးမိန်းမများ ကျူးလွန်ကြသည်မှအပ (ထိုအချက်သည်မူ တစ်ခြား ဖြစ်သည်။) အသင်တို့သည် ၎င်းတို့အား ၎င်းတို့၏ နေအိမ်များမှ ထွက်စေခြင်းကို မပြုကြကုန်လင့်။ (အဘယ်ကြောင့်ဆိုသော် နေထိုင်ခွင့်ပေးခြင်းသည် 'သွလာက်'ပေးခြင်းခံရသော အမျိုးသမီးတို့အဖို့လည်း တရားဝင် လက်ထပ်ထားသော အမျိုးသမီးတို့ကဲ့သို့ပင် 'ဝါဂျိဗ်'ဖြစ်ပေသည်။)

ငင်းတို့ကိုယ်တိုင်လည်း (နေအိမ်များမှ) မထွက်ကြရပေ။ (အဘယ်ကြောင့်ဆိုသော် ဤသို့ နေထိုင်ရန် စီစဉ်ပေးခြင်းသည် ခင်ပွန်းသည်၏ သဘောဖြင့် ရုပ်သိမ်းခွင့်ရှိသော အခွင့်အရေးမျိုးသက်သက်မဟုတ်ဘဲ၊ သို့သာမက သာသနာတော်ဘက်မှ သတ်မှတ်ပေးထားသော တာဝန်ဖြစ်ပေသည်။) စင်စစ် ထိုသည် အလ္လာဟ်အသျှင်မြတ် (သတ်မှတ်ပြဋ္ဌာန်းတော်မူသော) စည်းကမ်းချက်များပင် (ဖြစ်၏။) မည်သူမဆို အလ္လာဟ်အသျှင်မြတ်၏ စည်းကမ်းချက်များကို ကျူးလွန်ဖောက်ဖျက်ပါမူ၊ (ဥပမာ- ထိုအမျိုးသမီးကို အိမ်မှ နှင်ထုတ်လိုက်ပေသည်။) ဧကန်မလွဲ ထိုသူသည် မိမိကိုယ်ကို နှိပ်စက်ခဲ့လေပြီ။ (ဆိုလိုသည်မှာ ပြစ်မှုဒုစရိုက်ကျူးလွန်သူ ဖြစ်သွားပေမည်။ ရှေ့၌ 'သွလားက်'ပေးသောသူအား 'မိမိအနေနှင့် 'သွလားက်'ပေးမည်ဆိုလျှင် ပြန်လည် သိမ်းပိုက်နိုင်ခွင့် ရှိသော 'သွလားက်'ကို ပေးခြင်း သာပို၍ ကောင်းမွန်ကြောင်းအချက်ကို တိုက်တွန်းနှိုးဆော်ထားပေသည်။ သို့ရှိရာ မိန့်တော်မူထားသည်မှာ အို, သွလားက်ပေးသူအပေါင်းတို့) ထို့နောက် အလ္လာဟ်အသျှင်မြတ်သည် (အသင် 'သွလားက်'ပေးပြီးနောက်) အကြောင်းကိစ္စ တစ်စုံတစ်ရာကို (အသင့်နှလုံးသားအတွင်းဝယ်) အသစ်ဖန်တီး၍ ပေးတော်မူမည် ဖြစ်တန်ရာသည်ကို အသင်မသိပြီ။ (ဥပမာ- 'သွလားက်'ပေးလိုက်သည်အပေါ် ရက်စိတ်တရား ပေါ်ပေါက်လာပါမူ ပြန်လည်သိမ်းပိုက်ခွင့်ရှိသော 'သွလားက်' ၌ ထိုအချက်အား လွယ်ကူစွာဖြင့် ပြန်လည် အစားထိုးနိုင်ပေသည်။ ထိုသို့ ဖန်တီးပေးမှုကြောင့် အသင်တို့ ဇနီးမောင်နှံသည် ပြန်လည် သင့်မြတ်သွားနိုင်ပေသည်။)

တစ်ဖန် فَأَمۡسِكُوهُنَّ (အသင်တို့သည် သိမ်းပိုက်ကြလေကုန်။) ဟူသော အကြောင်းခံကြောင့်) ထို (သို့ သိမ်းပိုက်ခွင့်ရှိသော ပုံစံမျိုးဖြင့် (ကွာရှင်းခဲ့သော) ဇနီးမိန်းမများသည် ငင်းတို့နှင့် ပတ်သက်၍ သတ်မှတ်ထားသော 'အိဒ်ဒသ်'ရက်ပိုင်း၏ နောက်ဆုံးအချိန်ကာလသို့ ရောက်ခါနီးတွင် ('အိဒ်ဒသ်' ရက်မကုန်ဆုံးသေးချိန် အသင်တို့အဖို့ အချက်နှစ်ရပ် ရွေးချယ်ပိုင်ခွင့် ရှိသည်။) အသင်တို့သည် ငင်းတို့အား (တရားတော်၏) စည်းကမ်းနှင့်အညီ ပြန်လည်သိမ်းပိုက်ကြလေကုန်။ (ဆိုလိုသည်မှာ 'အိဒ်ဒသ်'ရက်ကုန်သည့် အထိတိုင် ရုပ်သိမ်းခြင်းကို မပြုလေနှင့်။ အလိုသဘောမှာ ထားရန်လည်း ရည်ရွယ်ချက်မရှိကာ 'အိဒ်ဒသ်'ရက်ကို ရှည်လျားစေခြင်း၏ အကြောင်းခံဖြင့် ဇနီးသည်ကို ဒုက္ခပေးရန် ရည်ရွယ်ချက်ဆန္ဒဖြင့် သိမ်းပိုက် ရန်ဟူသော တတိယအချက်ကို မပြုလေနှင့်။) ငင်းပြင် (ဆက်လက် သိမ်းပိုက်ထားသည်ဖြစ်စေ၊ သို့မဟုတ် ကွာရှင်းလိုက်သည်ဖြစ်စေ မည်သည့်ပုံစံကိုမဆို ပြုသည် ဖြစ်စေ၊ ထိုပြုမှုချက်အပေါ်) အသင်တို့သည် မိမိတို့အနက်မှ သမာဓိရှိသောသူ နှစ်ယောက်ကို သက်သေထားကြလေကုန်။ (ဤသည် 'မွတ်စ်သဟဗ်' ဖြစ်ပေသည်။ *[ဟေဒါယာနှင့် နေဟာယာကျမ်း]*

'ရဂ်ျအသ်' (ပြန်လည်သိမ်းပိုက်ခြင်း) ၌ သက်သေထားခိုင်းခြင်းမှာ 'အိဒ်ဒသ်'ရက်များ ကုန်ဆုံးပြီးနောက် တစ်ခါတစ်ရံ အမျိုးသမီးတို့သည် အရှုပ်အရှင်း မပြုလုပ်ရန် ဖြစ်ပြီး၊ ကွာရှင်းပြတ်စဲခြင်း၌ တစ်ခါတစ်ရံ အမျိုးသမီးတို့သည် အရှုပ်အရှင်းမပြုလုပ်ရန် ဖြစ်ပြီး၊ ကွာရှင်းပြတ်စဲခြင်း၌ တစ်ခါတစ်ရံ ခင်ပွန်းသည်၏ စိတ်သည် 'ကျွန်ုပ် ပြန်လည်သိမ်းပိုက်ပြီးဖြစ်သည်'ဟူ၍ မုသားကြွေးကြော်မှုမျိုးကို ပြုလာနိုင်

မည်ဖြစ်ခြင်း၏ ဆိုးသွမ်းမှုကို မပြုရန် ဖြစ်ပေသည်။) ထို့ပြင် (အို၊ သက်သေပေးသူအပေါင်းတို့) သက်သေထွက်ဆိုရန် လိုအပ်ချက်ရှိလာပါမူ) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ရည်သန်၍ (မျက်နှာမလိုက်ဘဲ) ဖြောင့်မှန်စွာ သက်သေထွက်ဆိုကြလေကုန်။ ထိုသည် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း သက်ဝင်ယုံကြည်သောသူအား အဆုံးအမ တရားတော်ပေးခြင်းပင် ဖြစ်၏။ (အလိုသဘောမှာ သက်ဝင်ယုံကြည်သူဖြစ်ပြီး ၎င်းဆိုဆုံးမတရားအပေါ် လိုက်နာသူများအတွက်သာလျှင် ဖြစ်ပေသည်။ အမိန့်ပညတ်ချက်များ၏ နောက် ထိုပညတ်ချက်များ၏ အကျိုးထူးအမျိုးမျိုးကို မိန့်မြွက်ထားပေသည်။ ပထမအကျိုးထူးမှာ) မည်သူမဆို အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့သည်ရှိသော် ထိုအသျှင်မြတ်သည် ထိုသူ၏အဖို့ (ထိခိုက်ဆုံးရှုံးဖွယ်ရှိသော အချက်များမှ) လွတ်မြောက်ရာ နည်းလမ်းကို ပြုလုပ်၍ ပေးသနားတော်မူပေမည်။

၎င်းပြင် (အကျိုးများကို ချီးမြှင့် ပေးသနားတော်မူပေမည်။ သို့ရှိရာ ကြီးမားသော အကျိုးတစ်ရပ်မှာ ရိဇ်ဂရိက္ခာ ဖြစ်ပေသည်။ သို့ရှိရာ) ထိုအသျှင်မြတ်သည် ထိုသူ့အား ထိုသူ မထင်မှတ်သော နေရာမှ စားနပ်ရိက္ခာကို ချီးမြှင့်ပေးသနားတော်မူပေမည်။ ထို့ပြင် ('သက္ကဝါ'ရှောင်ကြဉ်ခြင်းတရား၏ အကိုင်းအခက် တစ်ရပ်မှာ 'သဝပ်က်ကုလ်' (အလ္လာဟ်အသျှင်မြတ်အပေါ် ယုံကြည်အားထားခြင်း) ဖြစ်ပေသည်။ ထို 'သဝပ်က်ကုလ်' (အလ္လာဟ်အသျှင်မြတ်အပေါ် ယုံကြည်အားထားပါမူ ထိုအသျှင်မြတ်သည် ထိုသူ၏အဖို့ လုံလောက်တော်မူ၏။ (ဆိုလိုသည်မှာ မိမိလုံလောက်တော်မူခြင်း၏ သီးသန့် စူးရှသက်ရောက်မှုကို အရေးကြီးသော အမှုကိစ္စများအား ပြုပြင်ပေးမှု၌ ထုတ်ဖော်ထားတော်မူပေသည်။ သို့တည်းမဟုတ်ပါက ထိုအသျှင်မြတ်၏ လုံလောက်တော်မူခြင်းသည် စကြဝဠာအပေါင်းအတွက် ခြုံငုံကာ ကျယ်ဝန်းလှပေသည်။ ထို့ပြင် ဤအရေးကြီးသော အမှုကိစ္စများအား ပြုပြင်ပေးခြင်းသည်လည်း ခံစားသိမြင်နိုင်သော အရာဖြစ်စေ၊ (သို့မဟုတ်) အတွင်းပိုင်းဆိုင်ရာဖြစ်စေ၊ ခြုံငုံကာ ကျယ်ဝန်းလှပေသည်။ အဘယ်ကြောင့်ဆိုသော်) ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အရေးကိစ္စကို (နှစ်သက်သည့်အတိုင်း) ပြီးမြောက်အောင် ပြုလုပ်ပေးတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ (ဤကဲ့သို့ပင် အမှုကိစ္စများကို ပြုပြင်ပေးသည့် အချိန်သည် လည်း ထိုအသျှင်မြတ်၏ အလိုသဘောတော်အပေါ်၌သာ ရှိနေပေသည်။ အဘယ်ကြောင့်ဆိုသော်) ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့နှင့် စပ်လျဉ်း၍ အတိုင်းအတာ အချိန်အဆတစ်ခုကို ပြုလုပ်၍ ထားရှိတော်မူပေသည်။ (ထိုအသိတော်နှင့်အညီ ထိုအရာကို ဖြစ်ပေါ်တည်ရှိစေလိုက်ခြင်းသည် အမြော်အမြင်တော်နှင့်အတူ နီးစပ်လှစွာသော အချက်ဖြစ်ပေသည်။)

(ရှေ့၌ တစ်ဖန် အမိန့်ပညတ်ချက်များ၏ ဘက်သို့ ထပ်မံ တင်ပြထားပြန်လေသည်။ ဆိုလိုသည်မှာ အထက်၌မူ 'အိဒ်ဒသ်'ရက်၏ အကြောင်းအား အကျဉ်းချုပ် တင်ပြထားပေသည်။ အကျယ်ချဲ့အချက်ကို ရှေ့၌ တင်ပြထားပေသည်။ ၎င်းမှာ) ထို့ပြင် အသင်တို့၏ (ကွာရှင်းပြီးဖြစ်သော) ဇနီးမိန်းမတို့အနက် (အသက်ကြီးခြင်းကြောင့်၊ ရောဂါကြောင့်၊ ငယ်ရွယ်မှုကြောင့်) ရာသီပန်းပွင့်ခြင်းမှ မျှော်လင့်ချက် ကင်းမဲ့ကြသော မိန်းမများသည် အကယ်၍ (၎င်းတို့၏ 'အိဒ်ဒသ် 'ရက်အား သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍)

အသင်တို့သည် သံသယဖြစ်ခဲ့ကြပါလျှင် (ပမာဆိုရသော် အမှန်တကယ်ပင် သံသယဖြစ်ကာ မေးမြန်းခဲ့ကြသည်ဆိုလျှင်) ၎င်းတို့၏ 'အိဒ္ဒသ်'မှာ သုံးလ (တိတိ) ဖြစ်၏။ ထိုနည်းတူစွာ (အသက်အရွယ်ငယ်လွန်းသည့်အတွက်ကြောင့်) ရာသီပန်းပွင့်ဖူးခဲ့သည် မရှိသေးသော မိန်းမများ (၏ 'အိဒ္ဒသ်'မှာ) လည်း (သုံးလတိတိပင် ဖြစ်၏။) ထို့ပြင် ကိုယ်ဝန်ရှိသော မိန်းမများသည် ၎င်းတို့၏ ('အိဒ္ဒသ်'ရက်) အပိုင်းအခြားမှာ ၎င်းတို့သည် မိမိတို့၏ ကိုယ်ဝန်ကို ဖွားမြင်ခြင်းပင် ဖြစ်၏။ (ပြည့်စုံစွာ ဖွားမြင်သည်ဖြစ်စေ၊ မပြည့်စုံကာ ဖွားမြင်သည်ဖြစ်စေ စည်းကမ်းချက်မှာ လက်ချောင်းတစ်ချောင်းပင် ဖြစ်နေလင့်ကစား ကိုယ်ခန္ဓာ၏ အစိတ်အပိုင်းတစ်ခု ဖြစ်ရန်သည် စည်းကမ်းချက်ဖြစ်ပေသည်။) စင်စစ် ('သက္ကဝါ' ရှောင်ကြဉ်ခြင်းတရား) ပင်လျှင်လည်း ဂုဏ်ရှိန်ဂုဏ်ဝါ ကြီးကျယ်ထွတ်မြတ်သော အချက်ဖြစ်ပေသည်။ တင်ပြလျက်ရှိသော ပညတ်ချက်များသည် လောကီရေးရာ၏ အမှုကိစ္စနှင့် စပ်လျဉ်း၍ ဖြစ်နေပေရာ များစွာသော သူတို့၏ ဗိဓသဘောတရား၌ 'ဤအမှုကိစ္စများသည် လောကီရေးရာဆိုင်ရာ အမှုကိစ္စများဖြစ်ပေရာ လောကုတ္တရာရေးရာနှင့် မည်ကဲ့သို့ ပတ်သက်မှု ရှိနေပေသည်။ ကျွန်ုပ်တို့ ပြုလိုသလို ပြုလုပ်ကြမည်' ဟူ၍ တွေးခေါ်မှုမျိုးများ လာရောက်နိုင်သည့်အတွက်ကြောင့် ရှေ့၌ တစ်ဖန် 'သက္ကဝါ'(ရှောင်ကြဉ်ခြင်းတရား) ၏ အကြောင်းအရာကို တင်ပြထားပေသည်။) မည်သူမဆို အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့သည်ရှိသော်၊ ထိုအသျှင်မြတ်သည် ၎င်းအဖို့ အရေးကိစ္စကို လွယ်ကူအောင် ပြုလုပ်၍ ပေးတော်မူမည် ဖြစ်၏။ ရာသီလာသည့် အမျိုးသမီး၏ 'အိဒ္ဒသ်' ရက်မှာ ရာသီသွေး သုံးကြိမ် ဆင်းသက်ခြင်းပင် ဖြစ်၏။)

(တစ်ဖန် အမိန့်ပညတ်ချက်များအား ကျင့်သုံးရန် တိုက်တွန်းနှိုးဆော်သမှုပြုရန်အတွက် မိန့်တော်မူထားသည်မှာ) ထို (တင်ပြထားသော အချက်များ) သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ပင် (ဖြစ်၏) ထိုအသျှင်မြတ်သည် ယင်းအမိန့်တော်ကို အသင်တို့ထံ ချပေးတော်မူခဲ့၏။ စင်စစ် (မည်သူမဆို ဤအမှုကိစ္စများနှင့် အခြားသော အမှုကိစ္စများ၌လည်း) အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ပါမူ၊ ထိုအသျှင်မြတ်သည် ထိုသူ၏ ပြစ်မှုဒုစရိုက်များကို ထိုသူမှ ပပျောက်စေတော်မူမည်။ (အကြင်အချက်သည် အကြီးကျယ်ဆုံးသော ထိခိုက်နစ်နာမှုမှ လွတ်မြောက်မှု ရရှိခြင်းပင် ဖြစ်သည်။) ၎င်းပြင် ထိုသူ၏ အကျိုးကျေးဇူးကို ကြီးကျယ်စေတော်မူပေမည်။ (အကြင်အချက်သည် အကြီးကျယ်ဆုံးသော အကျိုးကို ရရှိခြင်း ဖြစ်ပေသည်။)

(ရှေ့၌ 'သွလာက်'ပေးခြင်းခံရသော အမျိုးသမီးတို့နှင့် စပ်လျဉ်းသော ပညတ်ချက်များ လာရှိထားပေသည်။ ဆိုလိုသည်မှာ 'အိဒ္ဒသ်'ရက်ပိုင်း၊ ကာလအတွင်း 'အိဒ္ဒသ်'ရက်ကို ရှည်လျားစွာ မပြုရန်အချက်အပြင် နေထိုင်စေရေးနှင့် စပ်လျဉ်းသော အချို့သော ဝတ္တရားများလည်း ရှိပေသည်။ ထိုဝတ္တရားမှာ) အသင်တို့သည် (ထိုကွာရှင်းပြီးဖြစ်ကြသော) မိန်းမများအား မိမိတို့နေထိုင်ကြရာတွင် မိမိတို့၏ ကြွယ်ဝမှုနှင့် လျော်ညီစွာ (နေထိုင်ရန်) အိမ်ပေးကြလေကုန်။ (ဆိုလိုသည်မှာ 'အိဒ္ဒသ်'ရက်ပိုင်းကာလအတွင်း ကွာရှင်းပြီးသော အမျိုးသမီးအဖို့ နေထိုင်ရန် အိမ်စီစဉ်ပေးရန် 'ဝါဂျိဗ်'ဖြစ်ပေသည်။ သို့သာမက 'သွလာကေ့ဗာအင်န်'၌ တစ်အိမ်တည်း၌ နှစ်ဦး အတူတကွ နေထိုင်ခြင်းသည် မပိုင်ပေ။ သို့သာမက တားဆီးမှုအရာရှိရန် အရေးကြီးပေသည်။) ထို့ပြင် အသင်တို့သည် ၎င်းတို့အပေါ်၌ ကျပ်တည်းစေရန်အလို့ငှာ (နေထိုင်

ရေးနှင့် စပ်လျဉ်း၍) ၎င်းတို့အား ဒုက္ခမပေးကြကုန်လင့်။ (ဥပမာ- ထိုအမျိုးသမီး စိတ်သောကရောက်ကာ ထွက်ခွာသွားမည့် အပြုအမူမျိုး ဖြစ်ပေသည်။) ထို့ပြင် အကယ်၍ ထို (ကွာရှင်းခံရသော) မိန်းမများမှာ ကိုယ်ဝန်ရှိသူများ ဖြစ်ခဲ့ကြပါလျှင် အသင်တို့သည် ၎င်းတို့နှင့် ပတ်သက်၍ ၎င်းတို့သည် မိမိတို့၏ ကိုယ်ဝန်ကို ဖွားမြင်ကြသည်အထိ (စားသုံးစရိတ်ကို) သုံးစွဲ (ပေး) ကြလေကုန်။

(ထိုအမျိုးသမီးများနှင့် ဆန့်ကျင်ကာ ကိုယ်ဝန်မရှိသော အမျိုးသမီးတို့အဖို့ စားသောက်ရေးစရိတ်သည် ရာသီပန်း (၃) ကြိမ် ပွင့်သည့်အချိန် (သို့မဟုတ်) (၃) လ ဖြစ်ပေသည်။ ဤပညတ်ချက်များမှာ 'အိဒ်ဒသ်'နှင့် စပ်လျဉ်းသော ပညတ်ချက်များ ဖြစ်ပေသည်။) တစ်ဖန် အကယ်၍ ('အိဒ်ဒသ်'ရက် ကုန်ဆုံးပြီးနောက်) ၎င်း (ကွာရှင်းခြင်းခံထားရသော အမျိုးသမီး) တို့သည် (အစကတည်းက ကလေးရှိသော မိခင်ဖြစ်လျှင်သော်လည်းကောင်း၊ (သို့မဟုတ် ကလေးဖွားမြင်လိုက်သည့်အတွက်ကြောင့် 'အိဒ်ဒသ်'ရက် ကုန်ဆုံးသွားလျှင်သော်လည်းကောင်း) အသင်တို့၏ အကျိုးငှာ (အသင်တို့၏ ကလေးကို) နို့တိုက်ကျွေးခဲ့ကြလျှင်၊ အသင်တို့သည် ၎င်းတို့အား ၎င်းတို့၏ အခများကို (သတ်မှတ်ကာ) ပေးဆပ်ကြလေကုန်။ ထို့ပြင် (အဖိုးအခသတ်မှတ်ရေးကိစ္စနှင့် စပ်လျဉ်း၍) အသင်တို့သည် မိမိတို့အချင်းချင်း သင့်လျော်စွာ ညှိနှိုင်း တိုင်ပင်ကြလေကုန်။

(အမျိုးသားသည် အခြားသော နို့တိုက်ကျွေးသည့် အမျိုးသမီးတစ်ဦးကို ထပ်မံရှာဖွေရလောက်အောင် မိခင်အမျိုးသမီးကလည်း မတောင်းခံလေနှင့်။ အမျိုးသမီး၏ အမှုကိစ္စ အဆင်မပြေလှလောက်အောင် အမျိုးသားသည်လည်း လျှော့၍ မပေးလေနှင့်။ သို့သာမက အတတ်နိုင်ဆုံး 'မိခင်နို့တိုက်ကျွေးမှသာ ကလေးအဖို့ သာပို၍ သင့်မြတ်ကာ အကျိုးရှိကြောင်း' အချက်ကို နှစ်ဦးစလုံးမှ တွေးခေါ်ထားသင့်ပေသည်။) သို့ရာတွင် အကယ်၍ အသင်တို့သည် အချင်းချင်း မညီညွတ် မပြေမလည်ဖြစ်ခဲ့ကြပါလျှင် (ထိုဖခင်) ၏ အကျိုးငှာ အခြားမိန်းမတစ်ဦးတစ်ယောက်သည် နို့တိုက်ကျွေးရမည် ဖြစ်၏။ (ထိုသတင်းပေးဝါကျ၏ အဓိကရည်ရွယ်ချက်မှာ အမိန့်ပေးခြင်း ဖြစ်ပေသည်။ ဆိုလိုသည်မှာ အခြားနို့တိုက်ကျွေးသော မိခင်တစ်ဦးကို ရှာဖွေကြလေကုန်။ မိခင်နှင့် ဖခင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အကြပ်မကိုင်လေနှင့်။ သတင်းပေးသည့် ပုံစံမျိုးဖြင့် တင်ပြထားရာ၌ 'အမျိုးသားအား အဖိုးအခ နည်းပါးစွာ စီမံထားပေးမှုအပေါ် ခြိမ်းခြောက်ထားတော်မူပေသည်။ အကြောင်းမှာ နောက်ဆုံး၌ အခြားအမျိုးသမီးတစ်ဦးအား တိုက်ကျွေးစေပေရာ များသောအားဖြင့် ထိုအမျိုးသမီးသည်လည်း အလွန်နည်းပါးသော အဖိုးအခကို ယူဆောင်မည်မဟုတ်ရာ ဤနည်းပါးသော အခကြေးငွေကို မိခင်အရင်းအဖို့သာ အဘယ်ကြောင့် စီမံမှုကို ပြုပေးထားပါသနည်း။ အမျိုးသမီးကိုလည်း အခကြေးငွေများစွာ တောင်းခံခြင်းအပေါ် အရေးယူ ခြိမ်းခြောက်ထားတော်မူပေသည်။ အကြောင်းမှာ အသင်မအနေနှင့် မတိုက်ကျွေးပါက အခြားသော သူမတစ်ဦးတစ်ယောက် တိုက်ကျွေးရန် ရှိပေသည်။ ကမ္ဘာလောက၌ ဤမျှခန့် ဈေးကြီးစွာ တောင်းခံရလောက်အောင် အသင်မတစ်ဦးတစ်ယောက်တည်း ရှိပါ၏လော'ဟူ၍ အချက်များဘက်သို့ နက်နဲစွာ ညွှန်ပြထားတော်မူပေသည်။)

(ရှေ့၌ ကလေးစရိတ်နှင့် စပ်လျဉ်း၍ မိန့်မြွက်ထားပေသည်။) ကြွယ်ဝချမ်းသာသော သူသည် မိမိ၏ ကြွယ်ဝမှုနှင့် လျော်ညီစွာ (ကလေးအပေါ်) သုံးစွဲရပေမည်။ သို့ရာတွင် စီးပွားဥစ္စာ ကျပ်တည်းသော သူမှာမူ မိမိအား အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ပေးသနားတော်မူသမျှသော (ဥစ္စာပစ္စည်း) အနက်မှ သုံးစွဲရပေမည်။ (ဆိုလိုသည်မှာ ချမ်းသာသူသည် ချမ်းသာသော ရှုထောင့်နှင့်အညီ သုံးစွဲပေး၍ ဆင်းရဲသူသည်လည်း ဆင်းရဲသည့် ရှုထောင့်နှင့်အညီ သုံးစွဲပေးရပေမည်။ အဘယ်ကြောင့်ဆိုသော်) အလ္လာဟ်အသျှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မိမိ ချီးမြှင့်ပေးသနားတော်မူခဲ့သည်ထက် ပို၍ တာဝန်ပေးတော်မူသည် မဟုတ်ပေ။ (ကျပ်တည်းသောသူသည်လည်း သုံးစွဲပေးလျက် ရှိနေရမည်သာ ဖြစ်ပေသည်။ သုံးစွဲစေလိုက်ခြင်းဖြင့် လုံးဝ တစ်စုံတစ်ရာ မကျန်ရှိတော့ပေ' ဟူသော အချက်ကိုလည်း မစိုးရိမ်လေနှင့်။ ပမာဆိုရသော် အချို့သော သူတို့သည် ထိုစိုးရိမ်ကြောင့်ကြမှုကြောင့် သားသမီးများကို သတ်ဖြတ်ပစ်လေ့ ရှိပေသည်။ သို့ရှိရာ မိန့်တော်မူထားသည်မှာ) အလ္လာဟ်အသျှင်မြတ်သည် ကျပ်တည်းမှု၏ နောက်တွင် မကြာမီပင် ချောင်လည်မှုကို ဖန်တီး၍ ပေးသနားတော်မူပေမည်။ (လိုအပ်ချက်နှင့်အညီ သုံးစွဲပေးနေလင့်ကစား ဤသည် အလ္လာဟ်အသျှင်မြတ်၏ မိန့်မြွက်ချက်ကြောင့် ဖြစ်ပေသည်။

وَلَاتَقْتُلُوْا اَوْلَادَكُمْ خَشْيَةَ اِمْلَاقٍ نَحْنُ نَرْزُقُهُمْ وَ اِيَّاكُمْ

(ထို့ပြင် အသင်တို့သည် စီးပွားရေးကျပ်တည်းမှုကို စိုးရိမ်သောကြောင့် မိမိတို့၏ သားသမီးများအား မသတ်ဖြတ်ကြလေနှင့်။) စင်စစ် ငါအသျှင်မြတ်သည်ပင်လျှင် ၎င်းတို့နှင့် အသင်တို့အား စားနပ်ရိက္ခာကို ချီးမြှင့်ပေးသနားတော်မူပေသည်။) *[၁၇ ፡ ၃၁]*

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

သာသနာ့ရှုထောင့်ရှုထောင့်အရ ဆင်ခြင်တုံတရားရှိလှသော ထိမ်းမြားခြင်းနှင့် ကွာရှင်းပြတ်စဲခြင်းဆိုင်ရာ ကိစ္စရပ်များအကြောင်း

မအာရိဖွလ်ကုရ်အာန်ကျမ်း၊ အတွဲ (၁) စာမျက်နှာ (၅၀၀) ၌ ဗူရာဟ် 'ဗကရာ'အား အကျယ်ဖွင့်ဆိုရာတွင် အထက်တင်ပြပါ ခေါင်းစည်း၏ အောက်၌ ပြည့်စုံလှစွာသော အကျယ်ဖွင့်ဆိုချက်ကို ရေးသားပြီး ဖြစ်ပေသည်။ ဤနေရာ၌ ပြန်လည်လေ့လာ ကြည့်ရှုကြကုန်။

အကြင်တင်ပြချက်၏ အနှစ်ချုပ်သဘောတရားမှာ ဤသို့တည်း။ ထိမ်းမြားခြင်းနှင့် ကွာရှင်းပြတ်စဲခြင်းတို့၏ အမှုကိစ္စသည် သာသနာတိုင်း၌ နှစ်ဦးနှစ်ဖက် သဘောတူကာ ပြုချင်သည့်အတိုင်း ပြုနိုင်သကဲ့သို့ များစွာသော အမှုကိစ္စများဖြစ်သည့် အရောင်းအဝယ်ပြုခြင်းနှင့် ငှားရမ်းခြင်းတို့ကဲ့သို့ မဟုတ်ကြောင်း လာရှိထားပေသည်။ သို့သာမက သာသနာတိုင်းရှိသူတို့သည် အမြဲတစေ 'ထိုအမှုကိစ္စတို့ကို

သာသနာရေးဆိုင်ရာ အထူးထွက်မြတ်သည့် အချက်အဖြစ် ရယူထားကြောင်းနှင့် ထိုသက်ဆိုင်ရာ သာသနာ၏ လမ်းညွှန်ချက်များ၏ အောက်၌ ဤအမှုကိစ္စတို့ကို အဆုံးသတ် ဆောင်ရွက်သင့်ကြောင်း' အချက်အပေါ် တစ်ညီတစ်ညွတ်တည်း မှတ်ယူထားကြ၏။ ကျမ်းရပုဂ္ဂိုလ်များဖြစ်သော ယဟူဒီနှင့် နစ္စရာနီတို့သည် မည်သို့ပင်ဆိုစေကာမူ ကောင်းကင်ကျ သာသနာတော်တစ်ရပ်နှင့် ကောင်းကင်ကျ ကျမ်းဂန်တို့ဖြင့် အပ်စပ်လျက်ရှိနေပေရာ ၎င်းတို့အတွင်းဝယ် ရာပေါင်းများစွာသော ပြောင်းလဲမှုများ ပြုထားသည့်ကြားကပင် 'အထက်တင်ပြပါ အမှုကိစ္စရပ်များ၌ သာသနာရေးဆိုင်ရာ အချို့သော စည်းမျဉ်းဥပဒေများအား လိုက်နာရန်' မူရင်းအချက်အလက် အနည်းငယ်သည် ယခုထိတိုင် ရှိနေပေသည်။ ကာဖိရ်များနှင့် မုရှ်ရစ်က်တို့သည် မိုးကောင်းကင်ကျ ကျမ်းဂန်တစ်စုံတစ်ရာနှင့် ကိုက်ညီစွာ သာသနာကို လက်ခံခြင်းမရှိပေ။ သို့ရာတွင် မည်သည့်နည်းတစ်နည်းနှင့်မဆို အလ္လာဟ်အသျှင်မြတ် တည်ရှိတော်မူကြောင်းကို ဝန်ခံထားကြပေသည်။ ဥပမာ- ဟိန္ဒူလူမျိုး၊ အာရိယာလူမျိုး၊ စစ်ခ်လူမျိုး၊ မဂျူစီ (မီးကိုးကွယ်သူများ) နှင့် ကြယ်တာရာကို ခဝပ်ကိုးကွယ်သော သူတို့သည်လည်း ထိမ်းမြားခြင်းနှင့် ကွာရှင်းပြတ်စဲခြင်းတို့၏ အမှုကိစ္စများကို အများသုံးဓလေ့ထုံး အမှုကိစ္စများဖြစ်သော အရောင်းအဝယ်ပြုခြင်း၊ (သို့မဟုတ်) ငှားရမ်းခြင်းကဲ့သို့သော အမှုကိစ္စတို့ကို မှတ်ယူထားခြင်း မရှိပေ။ ၎င်းတို့ထံ၌လည်း ဘာသာသာသနာရေးဆိုင်ရာ ထုံးဓလေ့အချို့ရှိပေရာ ထိုထိမ်းမြားခြင်းနှင့် ကွာရှင်းပြတ်စဲခြင်းဆိုင်ရာ အမှုကိစ္စတို့၌လည်း ယင်းဓလေ့ထုံးများအား လိုက်နာရန် အရေးကြီးသော အချက်များဟူ၍ မှတ်ယူထားကြပေသည်။ ထိုအခြေခံ စည်းမျဉ်းဘောင်များနှင့် ထုံးဓလေ့များအပေါ် ဘာသာအသင်းအဖွဲ့များ အားလုံး၏ မိသားစု၊ ဇနီးမောင်နှံရေးဆိုင်ရာ စီရင်ထုံးများကို အသုံးပြုလျက် ရှိနေပေသည်။

ဒဟ်ရီယာမည်သော သာသနာမဲ့ အလ္လာဟ်အသျှင်မြတ်ကိုပင် ငြင်းဆိုသော အဖွဲ့တစ်ဖွဲ့ ရှိပေသည်။ ယင်းအဖွဲ့သည် အလ္လာဟ်အသျှင်မြတ်နှင့် သာသနာကိုပင်လျှင် ပတ်သက်မှု မထားရှိကြပေရာ ၎င်းတို့သည် ဤသို့ လင်ခန်း၊ မယားခန်းကိုလည်း အငှား၊ အရမ်းကဲ့သို့ပင် အချင်းချင်းကြား သဘောတူညီမှုဖြင့် ဆုံးဖြတ်ချက်ချ၍ရသော အမှုကိစ္စတစ်ရပ်အနေဖြင့် သတ်မှတ် အတည်ပြုထားကြပေသည်။ ယင်းဆုံးဖြတ်ချက်၏ ရည်ရွယ်ချက်မှာ မိမိ၏ ကာမစိတ်များကို တည်ငြိမ်အောင် ထိန်းချုပ်ခြင်းမှအပြင် နောက်ထပ် မည်သို့မျှ မရှိပေ။ ဝမ်းနည်းစရာကောင်းရသည်မှာ ယနေ့ မျက်မှောက်ခေတ် ကမ္ဘာလောက၌ ဤသီအိုသည်သာလျှင် တွင်ကျယ်ပြန့်နှံ့လျက် ရှိနေပေသည်။ ယင်းခံယူချက် မူဝါဒသီအိုရီသည် လူသားတို့ကို တောတွင်းရှိ တိရစ္ဆာန်များ၏ အုပ်စုအတွင်းသို့ တွန်းပို့ထားစေလိုက်ပေသည်။ (အလ္လာဟ်အသျှင်မြတ် ထံတော်ပါးသို့သာလျှင် တိုင်တန်းလျှောက်ထားမှုကို ပြုပါ၏။)

အစ္စလာမ်သာသနာသည် ပြည့်စုံသန့်ရှင်း ဖွံ့ဖြိုးတိုးတက် ရှင်သန်ရေးစီမံကိန်း၏ အမည် ဖြစ်ပေသည်။ ထိုသာသနာတော်အတွင်း၌ ထိမ်းမြားခြင်းကို အမှုကိစ္စနှင့် ခံဝန်ကတိတစ်ခုအဖြစ်သာ ထားရှိရုံသာမက ရှုထောင့်တစ်ရပ်အရ ခဝပ်ကိုးကွယ်မှု၏ အသွင်ကိုလည်း ထားရှိထားပေသည်။ ယင်းအချက်၌ စကြဝဠာများအား ဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ဘက်တော်မှ လူသား၏ ဗီဇသဘာဝအတွင်း၌ ထားရှိသော ရာဂတပ်မက်မှုကို ထိန်းချုပ်တည်ငြိမ်အောင် ပြုခြင်း၏ အကောင်းဆုံးနှင့် သန့်ရှင်းစေသော အချက်

ဖြစ်ပေသည်။ အမျိုးသားနှင့် အမျိုးသမီးတို့၏ အိမ်ထောင်ရေးဆိုင်ရာ ဆက်နွယ်မှုတို့ကြောင့် ဖြစ်ပေါ်လာသော မျိုးဆက်သစ်ရှင်သန်ရေးနှင့် ဖွံ့ဖြိုးရေးတို့နှင့် စပ်လျဉ်းသော သက်တမ်းရေးရာဆိုင်ရာ ဓမ္မသတ်အမှုကိစ္စတို့ကိုလည်း သမာသမတ်ကျကာ အမြော်အမြင်ရှိပြီး အကောင်းဆုံးသော စီမံချက်များကို ထားရှိပေးထားပေသည်။

အိမ်ထောင်ရေးသက်တမ်း မှန်ကန်သော အမှုကိစ္စအပေါ် လူ့ဘောင်အသိုင်းအဝိုင်းကြီးတစ်ရပ်လုံး၏ မှန်ကန်မှုသည် မူတည်နေပေသည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်၌ ထိုအိမ်ထောင်ရေးဆိုင်ရာ ဓမ္မသတ်များကို အခြားသော အမှုကိစ္စများထက် သာပို၍အရေးပေးကာ တင်ပြထားခြင်း ဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်ကို သေချာကျနစွာ ဖတ်ရှုတ်လေ့လာသူသည် 'ကမ္ဘာလောက၏ ဝမ်းစာရှာဖွေရေးဆိုင်ရာ ဓမ္မသတ်များ၌ အားလုံးတို့ထက် အရေးပါဆုံးသော အချက်ကို ရှောင်းဝယ်ဖောက်ကားခြင်း၊ ဖက်စပ်ပြုလုပ်ခြင်းနှင့် အငှားဆိုင်ရာ ကဏ္ဍတို့ဖြစ်ကြောင်း' ကို အံ့သြစွာဖြင့် တွေ့မြင်ရပေမည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ထိုကဏ္ဍရပ်များကိုမူ အခြေခံစည်းမျဉ်းများကိုသာလျှင် တင်ပြပေးမှုကို လုံလောက်တော်မူပေသည်ဟု မှတ်ယူထားပေသည်။ ထိုကဏ္ဍရပ်တို့၏ ဆင့်ပွားအသေးစိတ် ဓမ္မသတ်များသည် ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ ရှားပါးလှပေသည်။ ထိမ်းမြားခြင်း၊ ကွာရှင်းပြတ်စဲခြင်းသည် ယခု အထက်တင်ပြပါ ကဏ္ဍရပ်တို့နှင့် ဆန့်ကျင်ဘက် ဖြစ်နေပေသည်။ ထိုလင်ခန်းမယားခန်းတို့နှင့် စပ်လျဉ်း၍ အခြေခံအချက်များကိုသာလျှင် ပြဆိုထားခြင်းကို လုံလောက်သည်ဟု မမှတ်ယူထားဘဲ ထိုအိမ်ထောင်ရေးဆိုင်ရာတို့၏ များစွာသော ဆင့်ပွားအချက်များနှင့် အသေးစိတ်ကဏ္ဍရပ်တို့ကိုလည်း အလ္လာဟ်အသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ တိုက်ရိုက် ချပေးသနားထားတော်မူပေသည်။

ဤဓမ္မသတ်များသည် ကုရ်အာန်ကျမ်းတော်မြတ်၏ များစွာသော စူရာဟ်တော်များအတွင်း၌ သီးခြားစွာဖြင့်သော်လည်းကောင်း၊ စူရာဟ်နေဆာအ်အတွင်း၌ အနည်းငယ် သာပို၍ အကျယ်တဝင့်သော်လည်းကောင်း လာရှိထားပေသည်။ စူရာဟ် 'သွလာ:က်' ဟူ၍ အမည်ပေးထားသော ဤစူရာဟ်တော်အတွင်း၌ အထူးသဖြင့် 'သွလာ:က်' နှင့် 'အိဒ်ဒသ်' အစရှိသော ပညတ်ချက်များကို တင်ပြထားပေသည်။ ထို့ကြောင့် အချို့ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များ၌ ဤစူရာဟ် 'သွလာ:က်'၊ စူရာဟ် 'နေဆာအ်' အသေးစားဟူ၍ ခေါ်ဆိုထားပေသည်။ *[ဘိုခါရီကျမ်း၏ အမှီသဟဲဖြင့် ကုရ်သုဗီး]*

အစ္စလာမ်သာသနာရေးဆိုင်ရာ၏ အခြေခံဦးတည်ချက်မှာ အကြင် ဇနီးမောင်နှံနှစ်ဦး အကြားတွင် သာသနာတော်ပါ စည်းကမ်းချက်များနှင့် လျော်ညီစွာ အိမ်ထောင်သက်တမ်းကို မွေးမြူမည်ဆိုပါက ထိုသက်တမ်းသည် ခိုင်ခန့်၍ ရာသက်ပန် ဆက်လက်ရှင်သန်နေမည်သာ ဖြစ်ပေသည်။ ယင်းကဲ့သို့သော သက်တမ်းကို မွေးမြူခြင်းဖြင့် ထိုဇနီးမောင်နှံနှစ်ဦးစလုံး၏ လောကီနှင့် ဒီးန်သာသနာရေးရာသည်လည်း ကောင်းမွန်မှန်ကန်ကာ ၄င်းတို့ထံမှ မွေးမြူပေါက်ဖွားလာသော ရင်သွေးငယ်တို့၏ ကျင့်ကြံဆောင်ရွက်ချက်များနှင့် စာရိတ္တတို့သည်လည်း မှန်ကန်နေမည် ဖြစ်ပေသည်။ ဤအတွက်ကြောင့် 'နေကာဟ်' နှင့် စပ်လျဉ်းသော

အမှုကိစ္စ၌ အစမှ အဆုံးထိတိုင် နေရာတိုင်းလိုလိုတွင် အစ္စလာမ်သာသနာ၏ ညွှန်ပြချက်များမှာ ဤသို့ လာရှိထားပေသည်။ ထိုဆက်နွယ်စေ့စပ် ထိမ်းမြားမှု ပြုလုပ်လိုက်ခြင်းကို ခါးသီးခြင်းများနှင့် ရှုပ်ထွေး ပွေလီခြင်းတို့မှ ကင်းစင်စွာ ထားရှိရန်နှင့် အကယ်၍ တစ်ခါတစ်ရံ ပေါ်ပေါက်လာတတ်သည်ဆိုလျှင်လည်း ၎င်းအား ဝေးကွာပပျောက်အောင် ပြည့်ဝစွာ ကြိုးစားမှုကို ပြုရပေမည်။ သို့ရာတွင် ထိုသို့ အစွမ်းကုန် ကြိုးစားမှုကို ပြုနေသည့်ကြားကပင် အချို့သော အချိန်အခါမျိုးတွင် နှစ်ဖက်စလုံး၏ သက်တမ်း၏ အောင်မြင် မှုသည် ဤအိမ်ထောင်ရေးဆက်နွယ်မှုကို ဖျက်သိမ်းလိုက်ခြင်း၌မှာသာလျှင် တည်ရှိနေပြန်ပေသည်။ ကွာရှင်း ပြတ်စဲခြင်း၏ အခြေခံဥပဒေမရှိသော ဘာသာသာသနာ၌ ဤကဲ့သို့သော အချိန်အခါမျိုးတွင် အလွန်ခက်ခဲ သော အမှုကိစ္စများနှင့် ရင်ဆိုင်ကြုံတွေ့လာရပေသည်။ အချို့သော အချိန်အခါမျိုးတွင် လုံးဝ ဆိုးရွားသော အကြောင်းဆက်တရားများ ရှေ့မှောက်သို့ ရောက်ရှိလာတတ်ပေသည်။ ထို့ကြောင့် အစ္စလာမ်သာသနာ သည် ထိမ်းမြားခြင်း၏ အခြေခံဥပဒေများ ထားရှိသလို ကွာရှင်းပြတ်စဲခြင်း၏ အခြေခံဥပဒေများကိုလည်း ပြဋ္ဌာန်းထားပေသည်။ သို့ရာတွင် တစ်ဆက်တည်းမှာပင် 'သွလားက်' သည် အလ္လာဟ်အသျှင်မြတ်၏ထံတော် ပါး၌ အလွန် မုန်းတီးခြင်းခံရခြင်းနှင့် မနှစ်မြို့ဖွယ်ကောင်းသော အချက်ဖြစ်ကြောင်း တတ်စွမ်းနိုင်သမျှ ထိုအချက်အား ရှောင်ရှားရန်အကြောင်း' ကို လမ်းညွှန်ထားပေသည်။ ဟဒီးစ်တော်၌ အဗ်ဒွလ္လာဟ်ဗ်နိအုမရ် ﷺ သခင်ကြီး၏ ဆင့်ပြန်ချက်၌ တမန်တော်မြတ် ﷺ သည် ဤသို့ မိန့်တော်မူထားပေသည်။ 'အလ္လာဟ် အသျှင်မြတ်၏ ထံတော်ပါး၌ ပြုပိုင်ခွင့်ရှိသော အမှုကိစ္စအတွင်း အရွံမုန်းဆုံး ခံရခြင်းကိစ္စရပ်မှာ 'သွလားက်' ပင် ဖြစ်သည်။ ဟဇရသ်အလီ ﷺ သခင်ကြီး၏ ဆင့်ပြန်ချက်၌လည်း တမန်တော်မြတ် ﷺ သည်

تَزَوَّجُوا وَلَا تُطَلِّقُوا فَانَّ الطَّلَاقَ يَهْتَزُّ مِنْهُ عَرْشُ الرَّحْمٰنِ

(ထိမ်းမြားကြကုန်။ ကွာရှင်းပြတ်စဲမှု မပြုကြကုန်လင့်။ အဘယ်ကြောင့်ဆိုသော် ကွာရှင်းပြတ်စဲမှု ပြုလိုက်ခြင်းကြောင့် အနန္တကရုဏာတော်ရှင်၏ 'အရ်ရှ်' တော်ပင် တုန်လှုပ်သွားပေသည်) ဟူ၍ မိန့်တော်မူ ထားပေသည်။ ဟဇရသ်အဗူမူစာ ﷺ သခင်ကြီး၏ ဆင့်ပြန်ချက်၌ တမန်တော်မြတ် ﷺ သည် အမျိုးသမီး များအား မည်သည့်မကောင်းသော အမှုကိစ္စ တစ်စုံတစ်ရာ မကျူးလွန်ဘဲ ကွာရှင်းပြတ်စဲခြင်းကို မပြုကြ ကုန်လင့်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် အရသာကိုသာလျှင် မြည်းစမ်းလိုသော အမျိုးသားများနှင့် အမျိုးသမီးများကို နှစ်သက်တော်မမူပေ' ဟူ၍ မိန့်တော်မူထားပေသည်။

[စအ်လဗီး၏ ဆင့်ပြန်ချက်ဖြင့် ကုရ်သုဗီး]

အေမာမ်ဒါးရေကုသ္ဒ်နီး (ရဟ) သခင်ကြီးသည် ဟဇရသ်မအားဇ်ဗင်နိဂျဗလ် (ရဟ) သခင်ကြီး ထံမှ ဆင့်ပြန်ထားပေသည်။ တမန်တော်မြတ် ﷺ သည် 'မြေပထဝီပေါ်ဝယ် အလ္လာဟ်အသျှင်မြတ် ဖန်ဆင်း ထားတော်မူသော အရာများအတွင်း အနှစ်မြို့ဆုံးသော အချက်မှာ ကျွန်များကို သူကောင်းပြုခြင်းဖြစ်ပြီး မုန်းတီးအရွံရှာဆုံးသော အချက်မှာ 'သွလားက်' ကွာရှင်းပြတ်စဲခြင်းဖြစ်ပေသည်။ *[ကုရ်သုဗီးကျမ်း]*

မည်သို့ပင်ဖြစ်စေကာမူ အစ္စလာမ်သာသနာသည် 'သွလားက်'ကို ပေးရန် စွမ်းအားမြှင့်တင်ပေးခြင်းကို မပြုထားရုံသာမက အတတ်နိုင်ဆုံး ယင်းအချက်မှ တားမြစ်ထားနေလင့်ကစား သို့ရာတွင် အချို့လိုအပ်သော နေရာများ၌ ခွင့်ပြုထားပေသည်။ သို့ရှိရာ ထိုခွင့်ပြုမှုအတွက် အချို့သော အခြေခံစည်းမျဉ်း ဥပဒေဘောင်များ သတ်မှတ်၍ ခွင့်ပြုချက်ကို ပေးထားပေသည်။ ယင်းသို့ ဘောင်သတ်မှတ်ပေးခြင်း၏ အချုပ်သဘောတရား ရလဒ်မှာ အိမ်ထောင်ရေးဆက်သွယ်မှုကို အဆုံးသတ်ပေးရန်ကိုသာလျှင် လိုအပ်သည် ဆိုပါက ထိုသို့ ကွာရှင်းပြတ်စဲစေခြင်းကိုလည်း အလွန်လှပသော အမှုကိစ္စနှင့်အတူ အဆုံးသတ်ပေးထားပေသည်။ ဒေါသပြေပျောက်ရန်နှင့် ကလဲ့စားချေရန် ထက်သန်မှုသက်သက်ကိုသာ ကြည့်ရှုပြီး စော့ကစားခြင်း၏ အသွင်အဖြစ်လည်း သတ်မှတ်ထားခြင်း မရှိပေ။ ဤစူရာဟ်တော်အတွင်း၌ 'သွလားက်'၏ ပညတ်ချက်များကို ဦးစွာပထမ တမန်တော်မြတ် ﷺ အား يَاَيُّهَا النَّبِيُّ (အို၊ နဗီ) ဟူသော ခေါင်းစည်းမျိုးဖြင့် မိန့်မြွက်ကာ အစပြုထားပေသည်။ ထိုကဲ့သို့ တင်ပြပုံသည် အေမာမ်ကုရ်သုဗီ (ရဟ) သခင်ကြီး၏ တင်ပြချက်နှင့်အညီ 'အွမ္မသ်' (နောက်လိုက်ထု) တစ်ရပ်လုံးအတွက် ခြုံငုံကျယ်ပြန့်လှစွာ မိန့်တော်မူလိုက်ခြင်း' ၏ နေရာမျိုးများ၌ အသုံးပြုထားပေသည်။ တမန်တော်မြတ် ﷺ ၏ ဇာတိတော်ကိုသာ မိန့်တော်မူသည် ဆိုလျှင် يَاَيُّهَا الرَّسُوْلُ (အို၊ ရစူလ်တမန်တော်) ဟူ၍ မိန့်တော်မူထားပေသည်။

يَاَيُّهَا النَّبِيُّ (အို၊ နဗီ) ဟူသော ဝါကျ၏ လိုလားချက်မှ ရှေ့၌ ဆက်လက်အမိန့်ရှိမည့် ပုဒ်တို့ကိုလည်း တစ်ခုကိန်းအဖြစ်နှင့်သာ အသုံးပြုရပေမည်။ သို့ရာတွင် ဤနေရာ၌ ယင်းအချက်နှင့် ဆန့်ကျင်ဘက်

اِذَا طَلَّقْتُمُ النِّسَاءَ

(အသင်တို့သည် ဇနီးမိန်းမများအား 'သွလားက်'ပေးကွာရှင်းရန် ရည်ရွယ်ကြသောခါ။) *[၆၅ : ၁]*

ဟူ၍ အများကိန်းကို အသုံးပြုထားပေသည်။ အကြင်အမိန့်တော်သည် တမန်တော်မြတ် ﷺ အား တိုက်ရိုက် မိန့်တော်မူထားနေလင့်ကစား အမိန့်တော်ကို အများကိန်းဖြင့် တင်ပြထားရာ၌ တမန်တော်မြတ် ﷺ အား ဂုဏ်ပေးအလေးထားခြင်း ဖြစ်သလို တစ်ဆက်တည်းမှာပင် 'ဤအမိန့်သည် အသင် နဗီတမန်တော်အဖို့သာ သီးသန့်မဟုတ်ဘဲ 'အွမ္မသ်' (နောက်လိုက်ထု) အတွင်းရှိ သူများအားလုံး အတူတကွ ပါဝင်ကြောင်း' ၏ဘက်သို့လည်း ရည်ညွှန်းဖော်ထုတ်ထားပေသည်။

အချို့သော အာလင်မ်ပညာရှင်များသည် ဤနေရာ၌ ဝါကျတစ်ရပ်ကို မြုပ်နေသည်ဟူ၍ သတ်မှတ်ကာ အာယသ်တော်အား ဤသို့ အကျယ်ဖွင့်ဆိုလိုက်ပေသည်။

يٰاَيُّهَا النَّبِيُّ قُلْ لِلْمُؤْمِنِيْنَ اِذَا طَلَّقْتُمُ النِّسَاءَ

(အို၊ နဗီတမန်တော်၊ အသင်သည် မုအ်မင်န်တို့အား ပြောဆိုကုန်။ ၎င်းတို့သည် 'သွလားက်' ကွာရှင်းမှုပြုရန် ရှိပါမူ ရှေ့၌ တင်ပြထားသော ဥပဒေသနှင့်အညီ ပြုကုန်။) အထက်ပါ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်၌လည်း ဤအချက်ကိုသာလျှင် ရွေးချယ်ကာ တင်ပြထားပေသည်။ ရှေ့၌ 'သွလားက်'၏ အချို့သော ပညတ်ချက်များအား တင်ပြထားပေသည်။

ပညတ်ချက် ❶

فَطَلِّقُوهُنَّ لِعِدَّتِهِنَّ

(အသင်တို့သည် ဇနီးမိန်းမများအား 'သွလာႏက်'ပေး ကွာရှင်းရန် ရည်ရွယ်ကြသောအခါ ရာသီသွေး ဆင်းချိန်တွင် ကွာရှင်းခြင်းမပြုဘဲ ၎င်းတို့၏ 'အိဒ်ဒသ်'ရက်များ စ၍ ရေတွက်နိုင်သော သန့်ရှင်းသွားသည့် အချိန်ကာလ၌ 'သွလာႏက်'ပေး ကွာရှင်းကြလေကုန်။) *[၆၅ : ၁]*

'အိဒ်ဒသ်'၏ လုံးချင်းကောက် အဓိပ္ပာယ်မှာ ရေတွက်ခြင်းဖြစ်သည်။ သာသနာတော်၏ အသုံးနှုန်း ဝေါဟာရ၌ 'အမျိုးသမီးသည် ပထမအမျိုးသားတစ်ဦး၏ 'နေကာဟ်'မှ ထွက်သွားပြီးနောက် ဒုတိယ အမျိုးသားတစ်ဦးဖြင့် ထိမ်းမြားပိုင်ခွင့် မရှိသေးသည့် ကြားအချိန်ကာလ စောင့်ဆိုင်းခြင်း' ကို ခေါ်ဆိုပေသည်။ အမျိုးသားတစ်ဦး၏ 'နေကာဟ်'မှ ထွက်သွားခြင်းသည် ပုံစံနှစ်မျိုး ရှိပေသည်။ ပထမပုံစံမှာ ခင်ပွန်းသည် အမျိုးသား ကွယ်လွန်သွားသည့်အပေါ် စောင့်ဆိုင်းရသည့် 'အိဒ်ဒသ်'ကို 'အိဒ်ဒသ်သေ့ဝဖားသ်' ဟု ခေါ်ဆိုပေသည်။ အကြင်ရက်သည် ကိုယ်ဝန်မရှိသော အမျိုးသမီးတို့အဖို့ (၄) လနှင့် (၁၀) ရက် ဖြစ်ပေသည်။ 'နေကာဟ်'မှ ထွက်သွားခြင်း၏ ဒုတိယပုံစံမှာ 'သွလာႏက်'ဖြစ်ပေသည်။ 'သွလာႏက်'၏ 'အိဒ်ဒသ်' (စောင့်ဆိုင်းရက်) သည် ကိုယ်ဝန်မရှိသော အမျိုးသမီးတို့အဖို့ အေမာမ်အဗူဟာနီဖာနှင့် အချို့အခြား သော အေမာမ်များထံ၌ ရာသီပန်း (၃) ကြိမ် ပြည့်ပြည့်ဝဝ ပွင့်သည့်အချိန်အထိ ဖြစ်ပေသည်။ အေမာမ် ရှာဖေအီသခင်ကြီးနှင့် အချို့အခြားသော အေမာမ်များထံ၌ သန့်ရှင်းသော အချိန်ကာလ (၃) ခုသည် 'သွလာႏက်' ၏ 'အိဒ်ဒသ်'ရက် ဖြစ်ပေသည်။ မည်သို့ဆိုစေကာမူ ထိုရက်ပိုင်းကာလတို့အတွက် ရက်များ နှင့် လများကို တစ်စုံတစ်ရာ သတ်မှတ်ထားခြင်းမျိုး မရှိပေ။ အကြင်မည်သည့်လများ၌မဆို ရာသီပန်း (၃) ကြိမ် (သို့မဟုတ်) သန့်ရှင်းရာသီ (၃) ကြိမ် ပြည့်ပြည့်ဝဝ ဖြစ်ရှိသွားမည်ဆိုလျှင် ဤရက်ပိုင်းကာလ ဘို့သည်သာလျှင် 'သွလာႏက်'၏ 'အိဒ်ဒသ်'ရက် ဖြစ်ပေသည်။ အကြင်အမျိုးသမီးတို့သည် အသက်အရွယ် ငယ်လွန်း၍ ရာသီပန်းမပွင့်သေးလျှင်သော်လည်းကောင်း၊ (သို့မဟုတ်) အသက်အရွယ် အိုမင်းသွားသည့် အတွက်ကြောင့် သွေးဆုံးသွားလျှင်သော်လည်းကောင်း ထိုအချက်တို့နှင့် စပ်လျဉ်းသော ဓမ္မသတ်တို့သည် ရှေ့၌ သီးသန့်တင်ပြထားပေသည်။ ဤကဲ့သို့ပင် ကိုယ်ဝန်ဆောင် အမျိုးသမီးများ၏ အမိန့်သည်လည်း ရှေ့၌ လာရှိနေပေသည်။ ထိုအမျိုးသမီးတို့နှင့် စပ်လျဉ်း၍ ခင်ပွန်းသေဆုံးသွားခြင်း၏ 'အိဒ်ဒသ်' (စောင့် ဆိုင်းရက်) နှင့် 'သွလာႏက်'ပေးခံရခြင်း၏ 'အိဒ်ဒသ်' (စောင့်ဆိုင်းရက်) သည် အတူတူပင် ဖြစ်ပေသည်။

فَطَلِّقُوهُنَّ لِعِدَّتِهِنَّ

(၎င်းတို့၏ အိဒ်ဒသ်ရက်များ အချိန်ကာလ၌ 'သွလာႏက်'ပေးကွာရှင်းပေးကြလေကုန်။) *[၆၅ : ၁]*

မှန်ကန်သော မွတ်စ္စလင်မ်ကျမ်း၏ ဟဒီးစ်တော်၌ တမန်တော်မြတ် ﷺ သည် ထိုအာယသ်တော်ကို **فَطَلِّقُوهُنَّ لِقُبُلِ عِدَّتِهِنَّ** ဟူ၍ ရွတ်ဖတ်တော်မူထားပေသည်။ ဟဇရသ်အိဗ်နေအုမရ် ﷺ နှင့် အိဗ်နေ

အဗ္ဗားစ် ﵁ သခင်ကြီးတို့၏ ရွတ်ဖတ်မှု၏ ဆင့်ပြန်ချက်တစ်ရပ်၌ لِقِبَلِ عِدَّتِهِنَّ ဟူ၍ လာရှိထားကာ အခြားသော ဆင့်ပြန်ချက်တစ်ရပ်၌ فِى قُبُلِ عِدَّتِهِنَّ ဟူ၍လည်း ဆင့်ပြန်ချက် လာရှိထားပေသည်။

[ရူးဟ်]

မှန်ကန်သော ဗုခါရီကျမ်းနှင့် မွတ်စ္စလင်မ်ကျမ်းတို့၌ ဟဇရတ်အဗ်ဒွလ္လာဟ်ဗင်န်အုမရ် ﵁ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ ၎င်းသည် မိမိ၏ ဇနီးကို ရာသီပန်းပွင့်နေချိန် 'သွလားက်' ပေးလိုက်ပေသည်။ ဟဇရတ်ဖာရူကေ့အအ်ဇွာမ်း (ရသွိ) သခင်ကြီးသည် ထိုအကြောင်းအား တမန်တော်မြတ် ﷺ အား တင်ပြလိုက်ရာ တမန်တော်မြတ် ﷺ သည် အလွန်စိတ်ဆိုးတော်မူကာ အမိန့်ရှိတော်မူလိုက်ပေသည်။

لِيُرَاجِعْهَا ـــ ـــ بِهَا النِّسَاءِ

(၎င်းသည် ရာသီပန်းပွင့်နေချိန်၌ ပေးထားသော 'သွလားက်' ကို ပြန်လည် ရုပ်သိမ်းသင့်ပေသည်။ တစ်ဖန် မိမိ၏ ဇနီးအဖြစ် 'ရာသီပန်းပွင့်ပြီး သန့်ရှင်းလာသည့် ကာလအထိတိုင် ထားရှိရပေမည်။ ထို့နောက် တစ်ဖန် ရာသီပန်းပြန်ပွင့်ကာ ထိုရာသီပန်းပွင့်ပြီး သန့်ရှင်းသည့် အချိန်သို့ ရောက်လာသည်ဆိုလျှင် အကယ်၍ 'သွလားက်' ပေးရန်ရှိပါမူ ထိုမသန့်ရှင်းကာလအတွင်း ပေါင်းသင်းဆက်ဆံမှုမပြုဘဲ 'သွလားက်' ပေးရန် ဖြစ်ပေသည်။ ဤသည် 'အလ္လာဟ်အသျှင်မြတ်က တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ မိန့်တော်မူသော 'အိဒ္ဒသ်' သည်သာလျှင် ဖြစ်ပေသည်။ *[ဗုခါရီကျမ်းနှင့် မွတ်စ္စလင်မ်ကျမ်း မဇ္ဖဟရီကျမ်း]*

အထက်ပါဟဒီးစ်တော်မှ အချို့သော အချက်များကို အတည်ပြု၍ ရရှိပေသည်။

ပထမအချက် မှာ ရာသီပန်းပွင့်နေသော အချိန်၌ 'သွလားက်' ပေးခြင်းသည် 'ဟရာမ်' ဖြစ်ပေသည်။

ဒုတိယအချက်မှာ အကယ်၍ တစ်ဦးတစ်ယောက်သည် ဤသို့ ပြုလုပ်ပါမူ ထို 'သွလားက်' အား ပြန်လည် ရုပ်သိမ်းခြင်းသည် 'ဝါဂျိဗ်' ဖြစ်ပေသည်။ (စည်းကမ်းချက်မှာ ရုပ်သိမ်းထိုက်ခွင့် ရှိသော 'သွလားက်' မျိုး ဖြစ်ရပေမည်။ ပမာတင်ပြရမည်ဆိုသော် အိဗ်နေအုမရ် ﵁ ၏ ဖြစ်စဉ်အတွင်း၌ ထိုအမျိုးအစားမျိုး ရှိနေပေသည်။)

တတိယအချက် မှာ 'သွလားက်' ပေးမည့် သန့်ရှင်းသော ကာလတွင် အမျိုးသမီးနှင့် ပေါင်းသင်းဆက်ဆံမှု မပြုရန်ဖြစ်သည်။

စတုတ္ထအချက် မှာ وَطَلِّقُوهُنَّ لِعِدَّتِهِنَّ (အသင်တို့သည် ဇနီးမိန်းမများ အား 'သွလားက်' ပေးရန် 'သွလားက်' ပေးရန် ရည်ရွယ်ကြသောအခါ သန့်ရှင်းသည့်ကာလ၌ ပြုကြလေကုန်။) *[၆၅ : ၁]*

၏ အကျယ်ဖွင့်ဆိုချက်သည် ဤသည်သာလျှင် ဖြစ်ပေသည်။

တင်ပြလျက်ရှိနေသော အာယသ်တော်၏ ရွတ်ဖတ်နည်း (၂) ရပ်မှသော်လည်းကောင်း၊ တစ်ဖန် ဟဒီးစ်တော်၏ ဆင့်ပြန်ချက်တစ်ရပ်မှသော်လည်းကောင်း တင်ပြလျက်ရှိနေသော အာယသ်တော်၏ အလို

သဘောကို 'အမျိုးသမီးတစ်ဦးအား 'သွလားက်'ပေးရန် ရှိပါမူ 'အိဒ်ဒသ်'ကို အစမပြုမီအလျင် 'သွလားက်' ပေးရမည်ဖြစ်ကြောင်း' ဟူ၍ သတ်မှတ်အတည်ပြု၍ ရရှိသွားပေသည်။ အေမာမ်အဗူဟနီဖားသခင်ကြီးထံ၌ 'အိဒ်ဒသ်'သည် ရာသီပန်းပွင့်ချိန်မှ စတင်သည်ဖြစ်ရာ အာယသ်တော်၏ အဓိပ္ပာယ်ကို 'သွလားက်'ပေးရန် သဘောပိုက်ထားသော သန့်ရှင်းသောကာလ၌ အမျိုးသမီးနှင့် ပေါင်းသင်းဆက်ဆံခြင်း မပြုရကြောင်းနှင့် သန့်ရှင်းသော ကာလ၏ နောက်ဆုံးပိုင်းနှင့် ရာသီပန်းမပွင့်မီအလျင် 'သွလားက်'ပေးရမည်' ဖြစ်ကြောင်းကို သတ်မှတ်အတည်ပြု၍ ရရှိပေသည်။ အေမာမ်ရှာဖေအီ အစရှိသော သခင်တို့ထံ၌ 'အိဒ်ဒသ်'သည် သန့်ရှင်းသော အချိန်ကာလမှသာလျှင် အစပြုထားသည့်အတွက်ကြောင့် لِقِبَلِ عِدَّتِهِنَّ ဟူသော စကားလုံးတော်များ၏ အလိုသဘောကို 'သန့်ရှင်းသော ကာလ၏ လုံး၀ ကနဦးပိုင်း၌ 'သွလာက်'ပေးရမည်' ဟူသော အလိုသဘောမျိုးကို ကောက်ယူရပေမည်။ 'အိဒ်ဒသ်'သည် 'ရာသီပန်း (၃) ကြိမ် ပွင့်ချိန်၊ (သို့မဟုတ်) သန့်သော ရာသီကာလ (၃) ခုလော'ဟူသော ဆွေးနွေးချက်ကို စူရာဟ်ဘကရာ၏ ثَلٰثَةَ قُرُوٓءٍ ဟူသော အာယသ်တော်၏ အကျယ်ဖွင့်ဆိုမှု၌ တင်ပြပြီး ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေမူ ဤအာယသ်တော်မှ 'သွလားက်'နှင့် စပ်လျဉ်းသော ပထမအမိန့်ကို အွမ္မသ်၏ နောက်လိုက်ထုတစ်ရပ်လုံးရှိ အာလင်မ်ပညာရှင်ကြီးများသည် 'ရာသီပန်းပွင့်ချိန် 'သွလားက်'ပေးခြင်းသည် လည်း 'ဟရာမ်'ဖြစ်ကြောင်း' ကို တစ်ညီတစ်ညွတ်တည်း ပြုထားကြပေသည်။ ယင်းပုံစံနှစ်ရပ်စလုံး၌ 'ဟရာမ်'ဖြစ်ခြင်း၏ အကြောင်းမှာ ထိုပုံစံများတွင် အမျိုးသမီး၏ 'အိဒ်ဒသ်' (စောင့်ဆိုင်းရက်) သည် ရှည်လျားသွားပေသည်။ အကြင်ကဲ့သို့ ရှည်လျားခြင်းသည် အမျိုးသမီးအဖို့ ဒုက္ခရောက်ရှိခြင်း၏ အကြောင်းခံ ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် 'သွလားက်'ပေးလိုက်သော ရာသီပန်းပွင့်ကာလကို 'အိဒ်ဒသ်'၌ ရေတွက်၍ မရရှိရုံသာမက ပြည့်ဝသော ရာသီပန်းပွင့်ချိန်ကို ရေတွက်ရမည်သာ ဖြစ်၏။ အေမာမ်အဗူဟနီဖာ (ရဟ) ၏ လမ်းစဉ်နှင့်အညီ ထိုပန်းပွင့်ချိန်၏ နောက် သန့်ရှင်းသော ကာလကိုလည်း ရေတွက်၍ မရယူဘဲ ဤအတိုင်း ကျော်ဖြတ်ရမည်သာ ဖြစ်ပေသည်။ ဒုတိယရာသီပန်းပွင့်ချိန် ရောက်ရှိလာမှသာ 'အိဒ်ဒသ်' ရက်ကို စတင်ရေတွက်ရပေမည်။ ယင်းသို့ စောင့်ဆိုင်းရာ၌ စောင့်ဆိုင်းရက်သည် အလွန် ရှည်လျားသွား ပေသည်။ အေမာမ်ရှာဖေအီသခင်ကြီး၏ လမ်းစဉ်နှင့်အညီလည်း 'အိဒ်ဒသ်'၏အလျင် ကုန်လွန်ခဲ့သော အနည်းဆုံး ရာသီပန်းပွင့်ချိန်၏ ကျန်ရှိသော ရက်များသည် သာပိုသွားပေလိမ့်မည်။ 'သွလားက်'၏ ဤပထမ အမိန့်သည် 'သွလားက်'သည် ဒေါသပြေပျောက်ရန်၊ (သို့မဟုတ်) လက်စားချေရန် အချက်မဟုတ်ရုံသာမက မတတ်သာသော အခြေအနေအဆင့်၌ နှစ်ဘက်စလုံးရှိသူတို့အဖို့ သက်တောင့်သက်သာရှိသော စီမံမှုကို ပြုထားခြင်း' ဟူ၍ အရေးပါသော လမ်းညွှန်ချက်များ ပါဝင်နေသော အမိန့်သည်သာလျှင် ဖြစ်ပေသည်။ ထို့ကြောင့် 'သွလားက်'ပေးသော အချိန်မှစ၍ 'အမျိုးသမီးအား အကြောင်းမဲ့ 'အိဒ်ဒသ်'စောင့်ဆိုင်းရက် ကို ရှည်လျားစေခြင်း၏ ဒုက္ခကို မပေးရန်'ဟူသော အချက်ကို ဂရုပြုရန် အရေးကြီးပေသည်။ ဤအမိန့် သည် ရာသီပန်းပွင့်ခြင်းနှင့် သန့်ရှင်းခြင်းကာလတို့ဖြင့် 'အိဒ်ဒသ်'ထိုင်စောင့်ဆိုင်းရန် အရေးကြီးသော အမျိုးသမီးတို့အဖို့သာ ဖြစ်ပေသည်။ 'အိဒ်ဒသ်'ရက်ထိုင်ရန် 'ဝါဂျိဗ်'ပင် မဟုတ်သော အမျိုးသားများ၊

ဥပမာ- ယခုအချိန်ထိတိုင် ပေါင်းသင်းဆက်ဆံမှုကို ပြုခြင်း မခံရသေးသော အမျိုးသမီးအပေါ် အစကတည်းကပင် 'အိဒ်ဒသ်'ရက်ထိုင်ရန်သည် အရေးပင် မကြီးပေ။ ထိုအမျိုးသမီးကို ရာသီပန်းပွင့်ချိန်အခြေအနေ၌လည်း 'သွလားက်'ပေးပါကလည်း ပိုင်ပေသည်။ ဤကဲ့သို့ပင် အသက်အရွယ် ငယ်လွန်း၍သော်လည်းကောင်း၊ (သို့မဟုတ်) အသက်အရွယ် ကြီးရင့်လွန်း၍သော်လည်းကောင်း စသော အကြောင်းခံတို့ကြောင့် ရာသီပန်းမပွင့်ခြင်းကြောင့် ထိုအမျိုးသမီးတို့၏ 'အိဒ်ဒသ်'စောင့်ဆိုင်းရက်နှင့် စပ်လျဉ်း၍ ရာသီပန်းပွင့်ခြင်းနှင့် သန့်ပြန့်မှုကာလတို့ကို တစ်စုံတစ်ရာ ထောက်ရှုမရသည်သာမက ၄င်းအမျိုးသမီးတို့၏ 'အိဒ်ဒသ်'စောင့်ဆိုင်းရန် အချိန်ကာလမှာ လများ၏ စာရင်းအရ (၃) လဖြစ်ပေသည်။ ထိုအမျိုးသမီးတို့ကို မည်သည့်အခြေအနေ၌မှာပင် 'သွလားက်'ပေးလျှင်သော်လည်းကောင်း၊ (သို့မဟုတ်) ပေါင်းသင်းဆက်ဆံပြီးနောက် 'သွလားက်'ပေးလျှင်လည်းကောင်း အားလုံး ပိုင်ပေသည်။ ပမာတင်ပြရမည်ဆိုသော် တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ လာလျက် ရှိနေပေသည်။ *[မဇ္ဇဟရီကျမ်း]*

ပညတ်ချက် ❷

وَاَحْصُوا الْعِدَّةَ

(၄င်းပြင် အသင်တို့သည် 'အိဒ်ဒသ်'ရက်များကို ရေတွက်ကြလေကုန်။) *[၆၅ း ၁]*

'အိဟ်စွား'၏ အဓိပ္ပာယ်မှာ 'ရေတွက်ခြင်း' ဖြစ်ပေသည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ 'အိဒ်ဒသ်ရက်များကို အထူးဂရုမှုစွာနှင့်အတူ ရေတွက်ထားရန် သင့်ပေသည်။ မေ့လျော့စွာဖြင့် 'အိဒ်ဒသ်'ရက်မဆုံးမီအလျင် ပြီးသွားပြီဟူ၍ မှတ်ယူလိုက်ခြင်း မဖြစ်စေရန်' ဖြစ်ပေသည်။ 'အိဒ်ဒသ်'ရက်များကို ရေတွက်မှတ်သားရန် တာဝန်သည် အမျိုးသား၊ အမျိုးသမီး နှစ်ဦးစလုံးတို့အပေါ်၌ ဖြစ်ပေသည်။ သို့ရာတွင် ဤနေရာ၌ အမျိုးသားပုဒ်ကိုသာလျှင် အသုံးပြုထားပေသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသားနှင့် အမျိုးသမီးလူတန်းစားနှစ်ရပ်စလုံး အတူတကွ ပါဝင်သော အမိန့်များ၌ များသောအားဖြင့် အမျိုးသားပုဒ်ကိုသာလျှင် ရည်ညွှန်းမိန့်မြွက်ထားပေသည်။ အမျိုးသမီးများကို အမျိုးသားများ၏ နောက်လိုက်များအဖြစ် ပါဝင်နေသည်ဟူ၍ မှတ်ယူသဘောပေါက်ရပေမည်။ ဤသီးသန့်ဓမ္မသတ်၌ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်၌ ရေးသားထားပြီး ဖြစ်သလို၊ အမျိုးသမီးများသည် သာပို၍ မေ့လျော့နိုင်ခြင်းဟူသော အကြောင်းများ ရှိနိုင်သောကြောင့် တိုက်ရိုက်အမျိုးသားများအပေါ် တာဝန်ပေးထားခြင်း'ဟူသော အမြော်အမြင်အချက်လည်း ဖြစ်နိုင်ပေသည်။

ပညတ်ချက် ❸

لَا تُخْرِجُوْهُنَّ مِنْ بُيُوْتِهِنَّ

(အသင်တို့သည် ၄င်းတို့အား ၄င်းတို့၏ နေအိမ်များမှ ထွက်စေခြင်းကို မပြုကြကုန်လင့်။ ၄င်းတို့ကိုယ်တိုင်လည်း နေအိမ်များမှ မထွက်ကြရပေ။) *[၆၅ း ၁]*

ထိုအာယသ်တော်အတွင်း ပါရှိသည့် بُيُوتِهِنَّ ဟူသော စကားလုံး၌ (နေအိမ်များ) ကို ထိုအမျိုးသမီးများ၏ နေအိမ်များ' ဟူ၍ မိန့်တော်မူကာ 'ထိုအမျိုးသမီး၏ နေထိုင်ရန် အခွင့်အရေးသည် အမျိုးသား၏ တာဝန်ဖြစ်ရှိနေသရွေ့ ကာလပတ်လုံး ထိုအိမ်၌ ယင်းအမျိုးသမီး နေထိုင်ခွင့်ရှိ၍နေကြောင်း ထိုအိမ်၌ပင် ဆက်လက်နေထိုင်ခြင်းသည် မိမိဘက်မှ ကျေးဇူးတရား တစ်စုံတစ်ရာ ထားရှိခြင်းမျိုး မဟုတ်ရုံသာမက နေထိုင်ခွင့်ပေးရန်သည် အမျိုးသားအပေါ် 'ဝါဂျိဗ်'ဖြစ်ကြောင်းနှင့် အမျိုးသမီး၏ ရယူပိုင်ဆိုင်ခွင့်ရှိသော အခွင့်အရေးများ၌ အခွင့်အရေးတစ်ရပ်သည် နေထိုင်ခွင့် ရရှိခြင်းပင်' ဖြစ်ကြောင်းဟူသော အချက်ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားပေသည်။ ဤအာယသ်တော်သည် 'ထိုအခွင့်အရေးအား 'သွလာ့က်'ပေးလိုက်ရုံဖြင့် မပျောက်ပျက်သွားပေ။ သို့သာမက 'အိဒ်ဒသ်'ရက်များထိတိုင် အမျိုးသမီးအဖို့ ၎င်းအိမ်၌သာလျှင် နေထိုင်ခွင့်ရှိကြောင်း၊ ထိုအမျိုးသမီးများအား 'အိဒ်ဒသ်' ရက်များ မကုန်ဆုံးမီအလျင် ထွက်ခိုင်းခြင်း ဖြစ်သည်။ မတရားသမှုနှင့် 'ဟရာမ်'ဖြစ်ကြောင်း၊ ခင်ပွန်းသည်အနေဖြင့် နေထိုင်ခွင့် ပေးနေသည့် ကြားကပင် ထိုအမျိုးသမီးများသည် မိမိတို့ကိုယ်တိုင် ရွေးချယ်မှုဖြင့် အိမ်များမှ ထွက်ခွာသွားခြင်းသည်လည်း ဤသို့ပင် 'ဟရာမ်' ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် 'အိဒ်ဒသ်'ရက်များအတွင်း ထိုအိမ်၌မှာပင် ကျော်လွန်စေခြင်းသည် ခင်ပွန်းသည်နှင့်သာလျှင် သက်ဆိုင်သော ဝတ္တရားဖြစ်သည်သာမက 'အိဒ်ဒသ်'ထိုင်သော အမျိုးသမီးအပေါ် အရေးကြီးသော အချက်အနေဖြင့် အလ္လာဟ်အသျှင်မြတ်၏ဘက်မှ သတ်မှတ်ပေးထားသော ဝတ္တရားလည်းဖြစ်ကြောင်း' ကို ပြဆိုထားပေသည်။ (ဤသည် အေမာမ်အဘူဟနီဖာ၏ လမ်းစဉ်ဖြစ်သည်။)

ပညတ်ချက် ❾

إِلَّآ أَن يَأْتِينَ بِفَٰحِشَةٍ مُّبَيِّنَةٍ

(ထင်ရှားစွာသော စက်ဆုပ်ရွံရှာမှု တစ်စုံတစ်ရာကို ယင်းဇနီးမိန်းမများ ကျူးလွန်ကြသည်မှအပ)

[၆၅ : ၁]

ဆိုလိုသည်မှာ 'အိဒ်ဒသ်'ထိုင်နေသော အမျိုးသမီးများကို အိမ်မှ နှင်ထုတ်ခြင်းသည် 'ဟရာမ်' ဖြစ်ပေသည်။ သို့ရာတွင် ထို 'ဟရာမ်'ဖြစ်သော အမိန့်၌ 'အမျိုးသမီးသည် မည်သည့်ထင်ရှားလှစွာသော အရှက်ကင်းမဲ့သည့် ကိစ္စရပ်၌ နှစ်မွန်းနေသည့်' ပုံစံရှိမှု 'ဟရာမ်'ဖြစ်ခြင်း၏ အမိန့်၌ မပါဝင်ပေ။ ထင်ရှားစွာသော စက်ဆုပ်ရွံရှာမှု၏ အလိုသဘောသည် မည်သို့နည်း။ ထိုအချက်နှင့် စပ်လျဉ်း၍ အကျယ်ဖွင့်ဆိုသော ပညာရှင်ကြီးများ၏ အဆို (၃) ရပ် ဆင့်ပြန်ချက်၌ လာရှိထားပေသည်။

ပထမအဆို ။ ။ စက်ဆုပ်ရွံရှာဖွယ်ဖြစ်ခြင်း၏ အလိုသဘောသည် ဤအမျိုးသမီးကိုယ်တိုင် အိမ်မှ ထွက်သွားခြင်း ဖြစ်ပေသည်။ သို့ဆိုလျှင် ထိုပုံစံ၌ ဤချွင်းချက်သည် ပုံသဏ္ဌာန်အရသည်သာလျှင် ဖြစ်သော ချွင်းချက်သာ ဖြစ်ပေသည်။ ယင်းပုံသဏ္ဌာန် ချွင်းချက်မှ အိမ်မှ ထွက်ခြင်းကို ခွင့်ပေးခြင်းကို ရည်ရွယ်

ချက်မျိုးထားရှိခြင်းမဟုတ်ဘဲ သို့သာမက ထွက်ခြင်းအား တားမြစ်ခြင်းကို သာ၍ လေးနက်စေရန်သာ ဖြစ်ပေသည်။ ပုံသဏ္ဍာန်၏ ဥပမာသည် ဤသို့တည်း။ 'လူမဟုတ်သော သူမှအပ အခြားမည်သူ တစ်ဦး တစ်ယောက်မှ ထိုအလုပ်ကို မပြုလုပ်သင့်ပေ။' သို့မဟုတ် 'မိခင်၏ အမိန့်ကို လုံး၀ ဖီဆန်သောသူမှအပ မိမိ၏ မိခင်ကို မဆဲဆိုရပေ'ဟူ၍ ပြောဆိုလိုက်မည်။ သို့ဆိုလျှင် 'ပထမဥပမာရှိ ချွင်းချက်ပုံစံမှ ထိုလုပ်ရပ် ပြုပိုင်ခွင့်ရှိခြင်းကို ပြဆိုရန် အချက်ကို လက်မခံဘဲ ဒုတိယဥပမာ၌ မိခင်၏ အမိန့်ကို ဖီဆန်ခြင်းပိုင် ကြောင်းကို အတည်ပြုထားခြင်းမဟုတ်။ သို့သာမက ပြောင်မြောက်စွာဖြင့် ထိုဖီဆန်ခြင်းကို သာ၍ လေးနက်စေသော အသွင်မျိုးဖြင့် ပြောဆိုထားကြောင်း'အချက်မှာ ထင်ရှားလှပေသည်။ သို့ရှိရာ အာယသ် တော်၏ အချုပ်သဘောတရားသည် ထိုပုံစံ၌ ဤသို့ ဖြစ်ပေါ်သွားပေသည်။ 'သွလာက်'ပေးခြင်း ခံထားရ သော အမျိုးသမီးများသည် မိမိတို့၏ ခင်ပွန်းသည်များ၏ အိမ်မှ မထွက်ခွာသွားရန်၊ သို့သော် ထိုအမျိုးသမီး များသည် စက်ဆုပ်ရွံရှာမှုအပေါ် သက်ရောက်လာသည်ဆိုလျှင် ထွက်ခွာသွားရပေမည်။ သို့ဆိုလျှင် ၎င်းတို့ ထွက်ခွာသွားရန် အလိုသဘောသည် ပိုင်ကြောင်းကို ပြသထားခြင်းမျိုး မဟုတ်ဘဲ နောက်ထပ် သာ၍ ရှုတ်ချဖွယ်ခံထိုက်ခြင်းနှင့် တားမြစ်ချက်ကို အတည်ပြုထားခြင်း ဖြစ်ပေသည်။ ထင်ရှားစွာသော စက်ဆုပ် ရွံရှာမှု၏ ဤအကျယ်ဖွင့်ဆိုချက်သည် ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်နိအုမရ်၊ စုဒ်ဒီး၊ အိဗ်နေစာအိဗ်၊ နခ်အီး အစရှိသော သခင်တို့ထံမှ ဆင့်ပြန်ချက် လာရှိထားခြင်းဖြစ်ပေသည်။ အေမာမ်အဘူဟနီဖာ (ရဟ) သခင် ကြီးသည်လည်း ဤအဆိုကိုသာလျှင် ရွေးချယ်ထားပေသည်။ *[ရူးဟုလ်မအာနီး]*

ဒုတိယအဆို ။ ။ ထင်ရှားစွာသော စက်ဆုပ်ရွံရှာမှု၏ အလိုသဘောသည် 'ဇေနာ'နှင့် မကောင်းမှု ကျူးလွန်ခြင်း ဖြစ်ပေသည်။ ထိုပုံစံ၌ ချွင်းချက်သည် မိမိ၏ အဓိပ္ပာယ်အတွင်း၌သာ ရှိနေပေသည်။ အကယ်၍ 'သွလာက်' ပေးခြင်းခံရသော အမျိုးသမီးသည် 'ဇေနာ' အမှုကို ကျူးလွန်၍ ကျူးလွန်ချက်အပြစ်ကို အတည်ပြု၍ ရသည်ဆိုပါလျှင် ၎င်းအား သာသနာပြစ်ဒဏ်ပေးရန်အတွက် မုချ 'အိဒ်ဒသ်'ထိုင်သော အိမ်မှ ထုတ်လာရပေမည်။ ဤအချက်သည် ဟဇရသ်ကသာဒဟ်၊ ဟစန်ဗစ္စရီး၊ ရှအ်ဗီး၊ ဇိုက်ဒ်ဗင်န် အဗ်စ်လားမ်၊ ဿဟ်ဟာက်၊ အိက်ရိမား စသော သခင်တို့ထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ အေမာမ် အဗူယူစွဖ်သခင်ကြီးသည် ထိုအဆိုကို ရွေးချယ်ထားပေသည်။

တတိယအဆို ။ ။ ထင်ရှားစွာသော စက်ဆုပ်ရွံရှာမှု၏ အလိုသဘောမှာ လျှာရှည်ခြင်းနှင့် ပြဿနာရှာခြင်း ဖြစ်ပေသည်။ ဤသို့ဆိုလျှင် အာယသ်တော်၏ အဓိပ္ပာယ်မှာ ယင်းသို့ ဖြစ်ပေမည်။ 'သွလာက်'ပေးခြင်း ခံထားရသော အမျိုးသမီးများကို ၎င်းတို့၏ အိမ်များအတွင်းမှ 'အမျိုးသမီးသည် မိမိ၏ ခင်ပွန်းသည်နှင့် ပတ်သက်သော သူများကို အပြောအဆို ကြမ်းတမ်းစွာဖြင့် အတူဆက်ဆံကာ နှုတ်ကြမ်း၍ ပြဿနာရှာနေသော ပုံစံမျိုးမှအပ' အပြင်သို့ ထွက်ခွင့် မရှိပေ။ ဤသို့သော ပုံစံ၌ ၎င်းတို့ကို 'အိဒ်ဒသ်'ထိုင်နေသော အိမ်မှ ထုတ်ပိုင်ခွင့် ရှိပေသည်။ ထင်ရှားစွာသော စက်ဆုပ်ရွံရှာမှု၏ ဤအကျယ်ချဲ့ ဖွင့်ဆိုချက်သည် ဟဇရသ်

အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက်များစွာကို ဆင့်ပြန်ထားသည်ကို သိရှိရပေသည်။ တင်ပြပါ အာယသ်တော်မြတ်အား ဟဇရသ်အိုဗိုက်အိဗ်နေကအဗ်နှင့် အဗ်ဒုလ္လာဟ်ဗင်န်မတ်စ်ဒူးဒ် ﷺ သခင်ကြီး တို့သည် **اِلَّآ اَنۡ يَّفۡحَشَ** ဟူသော ပုံစံမျိုးဖြင့် ရွတ်ဖတ်ကြပေရာ ထိုစကားလုံး၏ အပေါ်ယံအဓိပ္ပာယ်သည် နှုတ်လျှာ ကြမ်းတမ်းစွာ ပြောဆိုခြင်း' ဟူ၍ ရရှိပေသည်။ ဤရွတ်ဖတ်မှုမှလည်း နောက်ဆုံး အကျယ်ချဲ့ ဖွင့်ဆိုချက် ကို အထောက်အကူပြုလျက် ရှိနေပေသည်။ *[ရှုးဟ်]*

ထိုပုံစံ၌လည်း ချွင်းချက်သည် မိမိ၏ အခြေခံအချက်အပေါ်၌ တည်ရှိနေပေကာ နှုတ်လျှာကြမ်းတမ်း ခြင်းနှင့် ပြဿနာရှာသော ပုံစံ၌ 'သွလားက်'ပေးခြင်း ခံရသည့် အမျိုးသမီးကို 'အိဒ်ဒသ်'ထိုင်နေသော အိမ်မှ ခေါ်ထုတ်နိုင်ပေသည်။

ဤနေရာထိတိုင် 'သွလားက်'နှင့် စပ်လျဉ်းသော ပညတ်ချက် (၄) ရပ်ကို တင်ပြထားပေသည်။ ရှေ့၌ သာပို၍ ပညတ်ချက်များကို တင်ပြထားဦးမည် ဖြစ်ပေသည်။ သို့ရာတွင် ဤပညတ်ချက်များ၏ ကြား၌ တင်ပြပါပညတ်ချက်များကို ဆောက်တည်ရန် နှိုးဆော်ချက်နှင့် ဆန့်ကျင်ဘက်ပြုလုပ်ခြင်းမှ ရှောင်ရှား ရန်အတွက် ဆိုဆုံးမသမှုပြုသော ဝါကျများကို တင်ပြထားပေသည်။ ဤသည် ကုရ်အာန်ကျမ်းတော်မြတ်၏ သီးသန့်တင်ပြနည်း၊ တင်ပြဟန် ဖြစ်ပေသည်။ အမိန့်ညတ်ချက်တိုင်း၏နောက် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ရန်နှင့် တမလွန် 'အာခေရသ်'၏ သောကကို သတိပေးကာ ပညတ်ချက်များအား ဆန့်ကျင်ဘက် ပြုလုပ်ခြင်းမှ တားမြစ်ထားပေသည်။ အဘယ်ကြောင့်ဆိုသော် ဇနီးမောင်နှံနှစ်ဦးကြား ဆက်သွယ်မှုနှင့် အချင်းချင်းကြား အပြန်အလှန်ထားရှိရမည့် ဝတ္တရားတို့ကို ပြည့်ဝစွာ ဆောင်ရွက်ရန် စီမံချက်သည် မည်သည့် တရားဥပဒေဘောင်တစ်ခု၏ အကြောင်းခံနှင့်မျှ ဖြစ်နိုင်စွမ်းမရှိဘဲ ထိုအချက်အား အကောင်အထည်ဖော်ရန် အတွက် အလ္လာဟ်အသျှင်မြတ်နှင့် တမလွန် 'အာခေရသ်'အား ကြောက်ရွံ့ခြင်းသည်သာလျှင် တားမြစ်နိုင် စွမ်းရှိသော အချက်ပင် ဖြစ်ပေသည်။

وَتِلۡكَ حُدُوۡدُ اللّٰهِ وَمَنۡ يَّتَعَدَّ حُدُوۡدَ اللّٰهِ فَقَدۡ ظَلَمَ نَفۡسَهٗ لَا تَدۡرِىۡ

لَعَلَّ اللّٰهَ يُحۡدِثُ بَعۡدَ ذٰلِكَ اَمۡرًا

(စင်စစ် ဤသည် အလ္လာဟ်အသျှင်မြတ် သတ်မှတ်ပြဋ္ဌာန်းတော်မူသော စည်းကမ်းချက်များပင် ဖြစ်၏။ မည်သူမဆို အလ္လာဟ်အသျှင်မြတ်၏ စည်းကမ်းချက်များကို ကျူးလွန်ဖောက်ဖျက်ပါမူ ဧကန်မလွဲ ထိုသူသည် မိမိကိုယ်ကို နှိပ်စက်ခဲ့ချေပြီ။ ထို့နောက် အလ္လာဟ်အသျှင်မြတ်သည် အကြောင်းကိစ္စ တစ်စုံ တစ်ရာကို အသစ်ဖန်တီး၍ ပေးတော်မူမည် ဖြစ်သည်ကို အသင်မသိပြီ။) *[၆၅ : ၁]*

အလ္လာဟ်အသျှင်မြတ် ပြဋ္ဌာန်းထားတော်မူသော စည်းကမ်းချက်များ၏ အလိုသဘာမှာ သာသနာတော် မှ ပြဋ္ဌာန်းအတည်ပြုထားသော ဘောင်အတိုင်းအတာများ ဖြစ်ပေသည်။)

وَمَن يَتَعَدَّ (မည်သူမဆို ကျူးလွန်ဖောက်ဖျက်ပါမူ) ဟူသော အဓိပ္ပာယ်မှာ 'အကြင်မည်သူမဆို အလ္လာဟ်အသျှင်မြတ် ချမှတ်ပေးထားသော စည်းကမ်းဘောင်များအား အတိုင်းထက်အလွန် ပြုပေသည်' ဆိုလိုသည်မှာ ထိုစည်းကမ်းဘောင်များကို ဆန့်ကျင်ဘက် ပြုလုပ်မည်ဆိုပါမူ။

نَفْسَهُ သို့ဆိုလျှင် ထိုသူသည် မိမိကိုယ်ကို မိမိ နှိပ်စက်ခဲ့ချေပြီ။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ (သို့မဟုတ်) အစ္စလာမ်သာသနာအား တစ်စုံတစ်ရာမျှပင် ထိခိုက်နစ်နာစေမည် မဟုတ်ဘဲ မိမိအဖို့သာလျှင် ဆုံးရှုံးနစ်နာအောင် ပြုနေသည်သာ ဖြစ်လေသည်။ ဤဆုံးရှုံးနစ်နာမှုသည် ဒီးန်သာသနာရေးရာ၌လည်းကောင်း၊ လောကီရေးရာ၌လည်းကောင်းဟူ၍ ကျယ်ပြန့်စွာ ရှိနေပေသည်။ ဒီးန်သာသနာရေးရာ၏ ထိခိုက်နစ်နာမှာ ထိုအမှုကိစ္စ၌ သာသနာတော်နှင့် ဆန့်ကျင်ဘက် ပြုလုပ်ခြင်း၏ 'ဂိုနာဟ်' ပြစ်မှုဒုစရိုက်နှင့် ၎င်း၏ ဆိုးကျိုးပြစ်ဒဏ်သည် 'အာခေရသ်' ၌ ရှိပေမည်။ လောကီရေးရာ၏ ဆုံးရှုံးနစ်နာမှုမှာ အကြင်သူသည် သာသနာရေးရာဆိုင်ရာ လမ်းညွှန်ချက်များမပါဘဲ 'သွလာက်' ပေးကာ နေလိုက်ပေသည်။ ထိုသို့ 'သွလာက်' ပေးခြင်းသည် များသောအားဖြင့် (၃) 'သွလာက်' ထိတိုင် ရောက်ရှိသွားပေသည်။ ယင်းကဲ့သို့ ပေးပြီးနောက် အချင်းချင်းကြား ပြန်လည်သိမ်းပိုက်ခြင်း၊ (သို့မဟုတ်) 'နေကာဟ်' အသစ်ကိုလည်း မပြုလုပ်နိုင်ပေ။ လူသားသည် များသောအားဖြင့် 'သွလာက်' ပေးပြီးနောက် အထူးသဖြင့် သားသမီးများရှိသောသူသည် နောင်တရကာ ဒုက္ခများကို ခံစား၍ နေရပေသည်။ ထို့ကြောင့် ဤဒုက္ခသည် ကမ္ဘာလောက၌မှာပင် မိမိအပေါ် တန်ပြန်သက်ရောက်၍ များစွာသော သူတို့သည် ဇနီးအား ဒုက္ခနှင့် ထိခိုက်ဆုံးရှုံးစေရန် ရည်ရွယ်ချက်မျိုးဖြင့် မတရားသော နည်းဖြင့် 'သွလာက်' ပေးမှုကို ပြုကြပေသည်။ ၎င်း၏ဘက်မှ ပေးသော ဒုက္ခသည် အမျိုးသမီးထံသို့ အနည်းနှင့်အများမဆို ဆိုက်ရောက်နေလင့်ကစား သို့ရာတွင် ၎င်းအဖို့ မတရားမှုအပေါ် မတရားမှုနှင့် ဒုက္ခနှစ်ထပ်ကွမ်းနှင့် ရင်ဆိုင်ရပေမည်။ ဒုက္ခတစ်ရပ်မှာ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ချပေးထားသော အတိုင်းအတာကို ချိုးဖောက်ခြင်းနှင့် ဒုတိယမှာ အမျိုးသမီးအား ဒုက္ခနှင့် မတရားသမှုပြုခြင်းပင် ဖြစ်ပေသည်။ ၎င်းအချက်၏ အခြေခံ ဖစ်မြစ်အချက်မှာ ဤသို့တည်း။

لَا تَدْرِي لَعَلَّ اللَّهَ يُحْدِثُ بَعْدَ ذَٰلِكَ أَمْرًا

(ထို့နောက် အလ္လာဟ်အသျှင်မြတ်သည် အကြောင်းကိစ္စတစ်စုံတစ်ရာကို အသစ်ဖန်တီး၍ ပေးတော်မူမည် ဖြစ်တန်ရာသည်ကို အသင်မသိပြီ။) [၆၅ : ၁]

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ထိုအမျက်ထွက်ပြီးနောက် အခြားသော အခြေအနေကို ဖန်တီးပေးကောင်း ဖန်တီးပေးနိုင်သည်ကို အသင်တို့ မသိရှိပါ၏လော။ အမျိုးသမီး၏ထံမှ ရရှိသော သက်တောင့်သက်သာဖြစ်မှုများ၊ သားသမီးများအား ပြုစုစောင့်ရှောက်မှုနှင့် အိမ်မှုကိစ္စအဝဝကို လွယ်ကူစွာ စီမံမှုတို့ကို တွေးတောကာ အသင်တို့သည် တစ်ဖန် မိမိတို့၏ 'သွလာက်' ပေးလိုက်ခြင်းကို နောင်တရ၍ ဒုတိယအကြိမ် ထိုအမျိုးသမီးကို 'နေကာဟ်' ၌ ထားရန်ပုံစံမှာ 'အသင်သည် 'သွလာက်' ပေးသော

အချိန်အခါ၌ သာသနာတော်၏ ဘောင်အတိုင်းအတာများကို ထားရှိထောက်ရှုသော အချိန်၌သာ ဖြစ်နိုင်သည်။ အကြောင်းမှာ မလိုအပ်ဘဲ 'သွလားက်'ကို 'ဗာအင်နှ်' (ပြတ်တောက်သွားခြင်း) ၏ ပုံစံမျိုးကို မပေးလေနှင့်။ သို့သာမက 'ရဂ်ျအီး' (ပြန်လည်သိမ်းပိုက်ခွင့်ရှိခြင်း) ၏ ပုံစံမျိုးကို ပေးကုန်။ ယင်း'သွလားက်'၌ ပြန်လည်သိမ်းပိုက်ရန် အခွင့်အရေးသည် အမျိုးသားတို့အဖို့ ရှိပေသည်။ ပြန်လည်သိမ်းပိုက်လိုက်ခြင်းဖြင့် ပထမ 'နေကာဟ်'သည် ရှိရင်းစွဲအတိုင်း ရှိနေပေသည်။ ထို့ပြင် 'သွလားက်'(၃) ကြိမ် ရောက်သွားသည့် အဆင့်ထိတိုင်အောင်လည်း မဖြစ်လေနှင့်။ သုံး'သွလားက်'ပေးပြီးသည့်နောက် ပြန်လည်သိမ်းပိုက်ရန် အခွင့်အရေးလည်းမရှိဘဲ လူနှစ်ဦးစလုံး သဘောတူညီချက်ရှိနေသည့်ကြားကပင် အချင်းချင်းကြား 'နေကာဟ်' ပြန်ဖတ်ခြင်းသည် သာသနာတော်အရ မပိုင်ပေ။

فَاِذَا بَلَغْنَ اَجَلَهُنَّ فَاَمْسِكُوْهُنَّ بِمَعْرُوْفٍ اَوْفَارِقُوْهُنَّ بِمَعْرُوْفٍ

(တစ်ဖန် ထိုကွာရှင်းခဲ့သော ဇနီးမိန်းမများသည် ၄င်းတို့နှင့် ပတ်သက်၍ သတ်မှတ်ထားသော 'အိဒ်ဒသ်'ရက်ပိုင်း၏ နောက်ဆုံးအချိန်ကာလသို့ ရောက်ခါနီးတွင် အသင်တို့သည် ၄င်းတို့အား တရားတော်၏ စည်းကမ်းနှင့်အညီ ပြန်လည်သိမ်းပိုက်ကြလေကုန်။ သို့တည်းမဟုတ် အသင်တို့သည် တရားတော်၏ စည်းကမ်းနှင့်အညီ ၄င်းတို့နှင့် ခွဲခွာကြလေကုန်။) [၆၅ : ၂]

اَجَلَهُنَّ ဟူသော စကားလုံး၌ 'အဂျလ်'ဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ 'အိဒ်ဒသ်'ရက်ကို ခေါ်ဆိုကာ ထိုရက်သို့ ရောက်ရှိခြင်း၏ အလိုသဘောမှာ 'အိဒ်ဒသ်'ရက် ကုန်ခါနီးအချိန်သို့ ရောက်ရှိခြင်းဟူ၍ ဖြစ်ပေသည်။

ပညတ်ချက် ➏

ကွာရှင်းခြင်းခံရသော အမျိုးသမီး၏ 'အိဒ်ဒသ်'ရက် ကုန်ဆုံးခါနီးအချိန်သို့ ရောက်ရှိလာချိန် ယခု 'နေကာဟ်'မှ ထွက်ခွာရန် အချိန်သို့ ရောက်ရှိလာပေသည်။ ထိုအချိန်ထိတိုင် အခိုက်အတန့် စူးရှသက်ရောက်မှုများနှင့် ဝမ်းနည်းဒေါသတို့၏ အခြေအနေသည်လည်း ပျက်သုဉ်းသွားသင့်ပေသည်။ ထိုအချိန်၌ တစ်ဖန်သည်းခံ တည်ငြိမ်စွာနှင့်အတူ 'နေကာဟ်' ၌ ဆက်လက်ထားရှိခြင်း သာပို၍ ကောင်းမွန်ပေ၏လော။ (သို့မဟုတ်) ထို 'နေကာဟ်'အား လုံးဝ ဖြတ်တောက်လိုက်ရမည်၏လောဟူသော အချက်တို့ကို သေချာကျနစွာ စဉ်းစားရပေမည်။ အကယ်၍ 'နေကာဟ်'၌ ဆက်လက်ထားရှိရန် အကြံရရှိလာလျှင်မူ ၄င်းအမျိုးသမီးအား ပြန်လည်သိမ်းပိုက်ကြကုန်။ အကြင်ကဲ့သို့ ပြန်လည်သိမ်းပိုက်ခြင်း၏ စွန္နသ်တော်၏ ပုံစံမှာ တင်ပြလျက်ရှိနေသော အာယသ်တော်၏ ညွှန်ပြမှုဖြင့်သော်လည်းကောင်း၊ ဟဒီးစ်တော်၏ မိန့်မြွက်ချက်နှင့်အညီသော်လည်းကောင်း ဤသို့ ဖြစ်ပေသည်။ 'ကျွန်ုပ်သည် မိမိ၏ 'သွလားက်'အား ပြန်လည်ရုပ်သိမ်းလိုက်ပေသည်' ဟူ၍ နှုတ်ဖြင့် ပြောဆိုရမည်ဖြစ်ကာ ထိုအချက်အပေါ် သက်သေနှစ်ဦးကိုလည်း ထားရှိကုန်။

အကယ်၍ ယခုအချိန်ထိလည်း 'နေကာဟ်'ကို ဖျက်သိမ်းရန် အကြံအစည်ကို အကောင်အထည်ဖော်ဆောင်လိုလျှင် တစ်ဖန် ထိုအမျိုးသမီးကို လှပကောင်းမွန်စွာနှင့်အတူ စွန့်လွှတ်လိုက်ကုန်။ ဆိုလိုသည်မှာ

'အိဒ်ဒသ်'ရက် ကုန်သည်ထိတိုင် စောင့်ဆိုင်းကာ ယင်းရက်များ ကုန်ဆုံးသွားသည်နှင့် ထိုအမျိုးသမီးသည် အလိုအလျောက် လွတ်လပ်သောသူ ဖြစ်သွားပေမည်။

ပညတ်ချက် ၆

'အိဒ်ဒသ်'ရက် ကုန်ဆုံးခါနီးအချိန်၌ အမျိုးသမီးကို သိမ်းပိုက်ကာ 'နေကာဟ်'၌ ထားရန် ဆုံးဖြတ်ချက်ချထားခြင်း၊ (သို့မဟုတ်) စွန့်လွှတ်လိုက်ခြင်းဟူသော ပုံစံနှစ်ရပ်စလုံး၌ ကုရ်အာန်ကျမ်းတော်မြတ်သည် بِمَعْرُوفٍ ဟူသော စည်းကမ်းချက်ကို ဘောင်ခတ်ပေးထားပေသည်။ 'မအ်ရူးဖ်'၏ လုံးချင်းကောက်အဓိပ္ပာယ်မှာ 'သိရှိပြီးသားနည်းစနစ်'ဟူ၍ ရရှိကာ ထိုစကားလုံးအား တင်ပြထားရခြင်း၏ အလိုသဘောမှာ 'ရှရီအသ်'နှင့် ဓမ္မသဲတော်မှ အတည်ပြုထားသော နည်းလမ်းဖြစ်ပေသည်။ အစ္စလာမ်နှင့် မွတ်စ္စလင်မ်တို့၏ ကြားဝယ် များသောအားဖြင့် ထင်ရှားသော နည်းလမ်းကို ရွေးချယ်ကြကုန်။ ထိုနည်းလမ်းမှာ အကယ်၍ 'နေကာဟ်'၌ ပြန်ထား၍ ပြန်လည်သိမ်းပိုက်ရန် ဆုံးဖြတ်ချက်ချထားပါမူ နောက်နောင် ထိုအမျိုးသမီးကို နှုတ်လျှာအရသော်လည်းကောင်း၊ (သို့မဟုတ်) ကာယကံမြောက်သော်လည်းကောင်း ဒုက္ခမပေးလေနှင့်။ 'သွလာက်'ပေးလိုက်ရခြင်း၏ အကြောင်းခံဖြစ်သော ထိုအမျိုးသမီး၏ ကျင့်ကြံမှုနှင့် စာရိတ္တချို့ယွင်း အားနည်းချက်အပေါ် ဂုဏ်ဖော်မှုတို့ကိုလည်း မပြုလေနှင့်။ နောက်နောင်ကို မိမိကိုယ်တိုင်လည်း ထိုအားနည်းချက်အပေါ် သည်းခံမှုကို ပြုရန် ယတိပြတ် ဆုံးဖြတ်ထားပါ။ သို့မှသာ တစ်ဖန် ထိုကဲ့သို့သော ခါးသီးမှုများ မပေါ်ပေါက်လာစေရန် ဖြစ်ပေသည်။ ထို့ပြင် အကယ်၍ စွန့်လွှတ်လိုက်ရန် ဆုံးဖြတ်ချက် ထားရှိပါမူ ဓမ္မသဲတော်၏ နည်းလမ်းမှာ ထိုအမျိုးသမီးအား သေးသိမ်၊ သိက္ခာကျဆင်းစွာဖြင့်လည်းကောင်း၊ (သို့မဟုတ်) မကောင်းပြောဆို၍လည်းကောင်း အိမ်မှ မနှင်ထုတ်လိုက်လေနှင့်။ သို့သာမက မွန်ရည်သော စာရိတ္တနှင့်အတူ ခွဲခွာခွင့်ကို ပြုလိုက်ကြကုန်။ ပမာတင်ပြရမည်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားသော အာယသ်တော်များ၌ 'ဆင်းသွားချိန်၊ ထိုအမျိုးသမီးကို အဝတ်အစားတစ်စုံကို ပေးကာ ခွဲခွာလိုက်ခြင်းသည် အနိမ့်ဆုံးအဆင့်အနေဖြင့် မုချ 'မွတ်စ်သဟာဗ်'ဖြစ်ကြောင်းကို အတည်ပြုထားပေသည်။ အချို့သော ပုံစံများ၌ 'ဝါဂျိဗ်'လည်း ဖြစ်ပေသည်။ ယင်းအချက်၏ အကျယ်ချဲ့ရှင်းလင်းချက်သည် ဓမ္မသတ်ကျမ်းများ၌ ပါရှိထားပေသည်။

ပညတ်ချက် ၇

တင်ပြလျက်ရှိနေသော အာယသ်တော်၌ သိမ်းပိုက်ခြင်း၊ (သို့မဟုတ်) စွန့်လွှတ်လိုက်ခြင်းဟူ၍ အခွင့်အရေးနှစ်ရပ်ကို ပေးခြင်းဖြင့်သော်လည်းကောင်း၊ ထို့အပြင် အာယသ်တော်၏ အလျင်အာယသ်တော်အတွင်း၌

لَعَلَّ اللهَ يُحْدِثُ بَعْدَ ذٰلِكَ اَمْرًا

(ထို့နောက် အလ္လာဟ်အသျှင်မြတ်သည် အကြောင်းကိစ္စ တစ်စုံတစ်ရာကို အသစ်ဖန်တီး၍ ပေးတော်မူမည် ဖြစ်တန်ရာကို အသင်မသိပြီ။) [၆၅ : ၁]

ဟူ၍ မိန့်တော်မူထားပေရာ ထိုမိန့်မြွက်ချက်မှ ကွင်းဆက်တစ်ဆက်တည်း အနေဖြင့်သော်လည်းကောင်း ဤအောက်ဖော်ပြပါ အကျိုးတရားကို ထုတ်ယူ၍ ရရှိနိုင်ပေသည်။ 'သွလားက်'ပေးရန် မတက်သာသော အခြေအနေသို့ ဆိုက်ရောက်လာပါမူ ပြန်လည် သိမ်းပိုက်ခွင့်ရှိသော 'သွလားက်'မျိုးကို ပေးရပေမည်' ဟူသော အချက်ကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် လိုလားတော်မူနေပေသည်။ အကြင် 'သွလားက်'၏ စွန္နသ်တော်နည်းလမ်းမှာ စကားလုံးရှင်းရှင်းဖြင့် 'သွလားက်'တစ်ကြိမ် ပေးရန်ဖြစ်ပေသည်။ ထို 'သွလားက်'နှင့်အတူ ဒေါသကို ထုတ်ဖော်ရန်အတွက် 'နေကာဟ်'၏ ဆက်နွယ်မှုကို လုံးဝ ဖြတ်တောက်ရန်အပေါ် ညွှန်ပြလျက်ရှိနေသော စကားလုံးများကို မပြောဆိုရပေ။ ဥပမာ- 'ငါ့အိမ်မှ ထွက်သွား။' (သို့မဟုတ်) 'အသင်မအား အလွန်လေးနက်သော 'သွလားက်'ကို ပေးမည်။' (သို့မဟုတ်) 'ယခု ငါသည် 'နေကာဟ်' နှင့် ပတ်သက်၍ အသင်မနှင့် တစ်စုံတစ်ရာ ပတ်သက်မှုမရှိတော့ပြီ' ဟူ၍ ပြောဆိုလိုက်ပေသည်။ အကယ်၍ ဤစကားလုံးများကို ရှင်းလင်းစွာသော 'သွလားက်'စကားလုံးနှင့် အတူတကွလည်း ပြောဆိုလိုက်လျှင်လည်းကောင်း၊ (သို့မဟုတ်) ဤစကားလုံးများသည်ပင် 'သွလားက်'၏ နီယသ်ဖြင့် ပြောဆိုလိုက်လျှင်သော်လည်းကောင်း ယင်းသို့ ပြောဆိုလိုက်ခြင်းဖြင့် ပြန်လည်သိမ်းပိုက်ခွင့် ရှိခြင်းသည် ပပျောက်သွားပေသည်။ ဤသို့ 'သွလားက်'ပေးခြင်းသည် သာသနာတော်၏ အသုံးအနှုန်းဝေါဟာရ၌ 'သွလာကေ့ဗာအင်န်'ဖြစ်ပေသည်။ ယင်း 'သွလားက်'ကြောင့် 'နေကာဟ်'သည် ချက်ချင်းပျက်သွားပေသည်။ ထို့ပြင် ပြန်လည်သိမ်းပိုက်ပိုင်ခွင့်သည် မကျန်ရှိတော့ပေ။ ထို့ထက် သာ၍ ဆိုးရွားသော အချက်မှာ 'သွလားက်'ကို အရေအတွက် (၃) ကြိမ်အထိတိုင် ရောက်အောင် ပေးခြင်း ဖြစ်ပေသည်။ ထိုသို့ ပေးလိုက်ခြင်း၏ အကြောင်းဆက်တရားမှာ ခင်ပွန်း၏ ပြန်လည်သိမ်းပိုက်နိုင်ခွင့်သည် ရုပ်သိမ်းခြင်း ခံရလိုက်ရရုံသာမက နောက်နောင်ကိုလည်း အမျိုးသားနှင့် အမျိုးသမီး (၂) ဦးစလုံးသည် သဘောတူကာ အချင်းချင်းကြား ပြန်လည်၍ 'နေကာဟ်'ပြုလိုပါကလည်း 'နေကာဟ်'အသစ်ကိုလည်း ပြန်လည်၍ မပြုနိုင်ပေ။ ပမာဆိုရသော် စူရာဟ်ဗကရာ၏ အာယသ်တော်တွင် အောက်ပါအတိုင်း မိန့်တော်မူထားပေသည်။

فَاِنْ طَلَّقَهَا فَلَا تَحِلُّ لَهٗ مِنْ بَعْدُ حَتّٰى تَنْكِحَ زَوْجًا غَيْرَهٗ

(ထို 'သွလာကေ့ရဂ်ျအီ' နှစ်ကြိမ်ပေးပြီးနောက် တစ်ဖန် အကယ်၍ လင်ယောကျ်ားသည် မိန်းမအား ထပ်မံ၍ တတိယမြောက် 'သွလားက်' ကွာရှင်းပေးခဲ့သော် ယင်းတတိယမြောက် 'သွလားက်'ပေးပြီးနောက် ထိုမိန်းမသည် အခြားယောကျ်ား ခင်ပွန်းတစ်ဦးဦးနှင့် 'နေကာဟ်'ထိမ်းမြား ပေါင်းသင်းဆက်ဆံခြင်း မပြုသမျှ ကာလပတ်လုံး ထိုပထမယောကျ်ားအဖို့ 'ဟလာလ်'တရားဝင်ဇနီး ဖြစ်မည်မဟုတ်ပေ။) [၂ : ၂၃၀]

သုံး"သွလားက်"ကို တစ်ကြိမ်တည်းပေးခြင်း "ဟရာမ်"ဖြစ်ကြောင်း၊ သို့ရာတွင် တစ်ဦးတစ်ယောက်သည် ဤသို့ ပြုပါမူ "သွလားက်" (၃) ကြိမ်စလုံး ကျသွားမည်ဖြစ်ကြောင်းနှင့် ထိုအချက်အပေါ် အွမ္မသ်ထုတစ်ရပ်လုံး တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်ချထားခြင်းအကြောင်း

ယနေ့ မျက်မှောက်ခေတ်၌ သာသနာအား ဂရုမမူကာ သာသနာ့ပညတ်ချက်များအား မေ့လျော့နေမှုတို့သည် ဆိုးရွားစွာ ပြန့်နှံ့လျက် ရှိနေပေသည်။ စာပေကျမ်းဂန်မတတ်သူကို မဆိုထားဘိဦး။ စာပေကျမ်းဂန်တတ်သော ရေးတတ်၊ ဖတ်တတ်သော သူတို့သည်လည်း သုံးကြိမ်ထက်နည်းသော 'သွလားက်'ကို 'သွလားက်'ဟူ၍ပင် မမှတ်ယူကြပေ။ သုံး 'သွလားက်'ပေးသောသူသည် နောက်ဆုံး၌ နောင်တရကာ မည်သည့်နည်းဖြင့် ဇနီးလက်ဝယ်မှ မထွက်သွားစေရန်'ဟူသော သောကအတွင်း၌ နစ်မွန်းနေသည်ကို နေ့နှင့် ညမဆို မြင်တွေ့၍ နေရပေသည်။ စစ်မှန်သော ဟဒီးစ်တော်၌ သုံး 'သွလားက်' ကို တစ်ကြိမ်တည်း ပေးခြင်းအပေါ် တမန်တော်မြတ် ﷺ သည် လွန်စွာ မနှစ်မြို့မှုကို ထုတ်ဖော်ကြောင်း၊ အေမာမ်နစာအီသခင်ကြီးသည် မဟ်မူးဒ်ဗင်န်လဗီးဒ်သခင်ကြီး၏ ဆင့်ပြန်ချက်ဖြင့် ဆင့်ပြန်ထားပေသည်။ ထို့ကြောင့် တစ်ကြိမ်တည်း သုံး 'သွလားက်'ပေးခြင်းသည် အွမ္မသ်နောက်လိုက်ထုတစ်ရပ်လုံးထံ၌ 'ဟရာမ်'နှင့် မပိုင်သော အချက်ပင် ဖြစ်ပေသည်။ အကယ်၍ တစ်ဦးတစ်ယောက်သည် သန့်ရှင်းသော ကာလ (၃) ခု၌ သီးခြားစွာ 'သွလားက်' (၃) ကြိမ်ထိတိုင် ပေးပါမူ ထိုအချက်သည် နှစ်မြို့ခြင်းခံရသော အချက်မဟုတ်ကြောင်းကိုလည်း အွမ္မသ် (နောက်လိုက်ထု) ၏ တစ်စုတစ်စည်းတည်း ဆုံးဖြတ်ချက်နှင့် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များ၏ ညွှန်ပြမှုကြောင့် အတည်ပြုထားပေသည်။ 'ဤပုံစံသည် 'ဟရာမ်' မပိုင်ခြင်းနှင့် 'ဗိဒ်အသ်'ဖြစ်သော 'သွလားက်'အမျိုးအစားအတွင်း၌ ပါဝင်ပါ၏လော။ မပါဝင်၏လော့' ဟူသော အချက်နှင့် စပ်လျဉ်း၍ အကွဲအလွဲ ရှိပေသည်။ အေမာမ်မာလစ်က်သခင်ကြီးထံ၌ 'ဟရာမ်' ဖြစ်ကာ အေမာမ်အဘူဟနီဖာသခင်ကြီးနှင့် အေမာမ်ရှာဖေအီသခင်ကြီးတို့သည် 'ဟရာမ်'ဟူ၍မူ အမိန့်မရှိထားပေ။ ဆိုလိုသည်မှာ ထိုပုံစံကို 'ဗိဒ်အသ်'ဖြစ်သော 'သွလားက်'အမျိုးအစားအတွင်း ဖြစ်ကြောင်း မသတ်မှတ်ဘဲ စွန္နသ်အရ 'သွလားက်'ပေးခြင်း၏ အတွင်း၌ ပါဝင်သည်ဟူ၍ မှတ်ယူထားကြပေသည်။ သို့ရာတွင် မနှစ်မြို့ဖွယ်အချက် ဖြစ်ကြောင်းသည် ၎င်းတို့ထံ၌လည်း ဖြစ်ပေသည်။ ထိုအချက်၏ အကျယ်ချဲ့ ရှင်းလင်းချက်ကို စူရာဟ်ဗကရာ၏ အကျယ်ချဲ့ဖွင့်ဆိုချက်၊ မအာရိဖွလ်ကုရ်အာန်ကျမ်း၏ အတွဲ (၁)၊ စာမျက်နှာ (၅၀၄) ၌ တင်ပြထားပေသည်။

သုံး 'သွလားက်'ကို တစ်ကြိမ်တည်းပေးခြင်း 'ဟရာမ်'ဖြစ်ကြောင်းကို အွမ္မသ် (နောက်လိုက်ထု) တစ်ရပ်လုံးက တစ်ညီတစ်ညွတ်တည်း 'ဟရာမ်'ဖြစ်ကြောင်း သတ်မှတ်ထားသလို 'ဟရာမ်'ဖြစ်နေသည့်ကြားကပင် 'တစ်ဦးတစ်ယောက်သည် ဤသို့ ပြုလိုက်မည်ဆိုလျှင် 'သွလားက်'သုံးကြိမ်စလုံး ကျသွားကြောင်းနှင့် နောင်အခါဝယ် ယင်းဇနီးမောင်နှံ နှစ်ဦးကြား 'နေကာဟ်' အသစ်ပြုလုပ်လိုက်ခြင်းသည်လည်း မပိုင်ကြောင်း'ကိုပါ တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်ချထားကြပေသည်။ အွမ္မသ် (နောက်လိုက်ထု)

ဟူ၍ ဆိုရာ၌ အချို့သော 'အဲဟ်လေ့ဟဒီးစ်'နှင့် ရှီအာတို့မှအပ 'မဇ်ဟဗ်'ကြီး (၄) ရပ်စလုံးသည် သုံး 'သွလားက်'ကို တစ်ကြိမ်တည်းပေးလိုက်ပါမူ (၃) ကြိမ်စလုံး ကျသွားကြောင်း အချက်အပေါ် တစ်ညီ တစ်ညွတ်တည်း ဆုံးဖြတ်ချက် ချထားကြပေသည်။ အဘယ်ကြောင့်ဆိုသော် လုပ်ရပ်တစ်ရပ် 'ဟရာမ်' ဖြစ်သွားခြင်းဖြင့် ထိုလုပ်ရပ်၏ အကြောင်းဆက်တရားများ၏ ဖြစ်ပေါ်တည်ရှိမှုသည် မစူးရှ၊ မသက်ရောက် ဟူ၍ မရှိပေ။ ဥပမာ- တစ်ဦးတစ်ယာက်သည် အခြားအပြစ်မဲ့သော သူတစ်ဦးတစ်ယောက်အား သတ်ဖြတ် လိုက်သည်ဆိုပါလျှင် ဤလုပ်ရပ်သည် 'ဟရာမ်'ဖြစ်နေသည့် ကြားကပင် အသတ်ခံရသူသည် သေဆုံး၍ နေမည်သာ ဖြစ်ပေသည်။ ဤကဲ့သို့ပင် 'သွလားက်' (၃) ကြိမ်စလုံး ကျသွားခြင်း မုချ ဖြစ်ထိုက်ဖွယ် ဖြစ်သော အချက်ပင် ဖြစ်ပေသည်။ 'မဇ်ဟဗ်'ကြီး (၄) ရပ်သာလျှင်သာမက ထိုအချက်အပေါ် ဆွဟာဗာ ကြီးများသည်လည်း ထိုအချက်အပေါ် တစ်စုတစ်စည်းရှိကြောင်း ဟဇရသ်အုမရ် ﷺ သခင်ကြီး၏ ခေတ် ကာလ၌ ဆင့်ပြန်ခြင်းခံရကာ ထင်ရှားကျော်ကြားနေပေသည်။ ထိုအချက်၏ ပြည့်စုံသော တင်ပြချက် ကိုလည်း မအာရိဖွလ်ကုရ်အာန်ကျမ်း၊ အတွဲ (၁)၊ စာမျက်နှာ (၅၀၄) မှ (၅၁၄) ၌ အကျယ်ချဲ့နှင့်အတူ တင်ပြထားပြီးဖြစ်ကြောင်းကို ကြည့်ရှုနိုင်ပေသည်။

وَاَشۡهِدُوۡا ذَوَىۡ عَدۡلٍ مِّنۡكُمۡ وَاَقِيۡمُوا الشَّهَادَةَ لِلّٰهِ

(၄င်းပြင် အသင်တို့သည် မိမိတို့အနက်မှ သမာဓိရှိသောသူ နှစ်ယောက်ကို သက်သေထားကြ လေကုန်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ရည်သန်၍ ဖြောင့်မတ်စွာ သက်သေထွက်ဆို ကြလေကုန်။) *[၆၅ : ၂]*

ဆိုလိုသည်မှာ မိမိတို့၏ မွတ်စ္စလင်မ်အမျိုးသားများထဲမှ ထောက်ခံအတည်ပြုခြင်း ခံရသောသူ နှစ်ဦးကို သက်သေအဖြစ် ထားရှိကာ သက်သေထွက်ဆိုချက်ကို မှန်ကန်ကောင်းမွန်စွာဖြင့် တည်တံ့စွာ ထားရှိကုန်။

ပညတ်ချက် ❽

ဤအာယသ်တော်မှ 'အိဒ်ဒသ်'ရက် ကုန်ဆုံးချိန်၌ ပြန်လည်သိမ်းပိုက်ကာ ဇနီးကို ခေါ်ဆောင်ထားရန် ဆုံးဖြတ်ထားသည်ဖြစ်စေ၊ (သို့မဟုတ်) 'အိဒ်ဒသ်'ရက်ပြည့်ဝစွာ ကုန်ဆုံးသွားချိန် စွန့်လွှတ်လိုက်ကာ ဟူသော အချက်ကို ဆုံးဖြတ်ထားသည်ဖြစ်စေ၊ ပုံစံနှစ်ရပ်စလုံး၌ မိမိ၏ ထိုသို့ ပြန်လည်သိမ်းပိုက်သော လုပ်ရပ်၌ ဖြစ်စေ၊ (သို့မဟုတ်) ပြန်လည်မသိမ်းပိုက်သော ကိစ္စရပ်၌ဖြစ်စေ၊ အတည်ပြုခြင်းခံရသောသူ (၂) ဦးကို သက်သေအဖြစ် ထားရှိရန်အချက်ကို သိရှိရပေသည်။ ဤအမိန့်သည် များစွာသော အေမာမ်ကြီး များထံ၌ 'မွတ်စ်သဟ်ဗ်' ဖြစ်ပေသည်။ ပြန်လည်သိမ်းပိုက်ခြင်းသည် သက်သေထွက်ဆိုချက်အပေါ်မူတည်၍ မနေသလို ပြန်လည်သိမ်းပိုက်သော ပုံစံ၌လည်း သက်သေထွက်ဆိုချက်အပေါ် မူတည်၍ မနေပေ။ ပြန်လည်

သိမ်းပိုက်သော ပုံစံ၌ သက်သေအားထား ရှိစေခြင်း၏ အမြော်အမြင်အချက်မှာ 'နောင်အခါ၌ အမျိုးသမီးသည် ပြန်လည်သိမ်းပိုက်ခြင်းအား ငြင်းဆိုကာ ၎င်း၏ 'နေကာဟ်'မှ ထွက်ခွာသွားရန် ကြွေးကြော်မှုကို ကြွေးကြော်ကောင်း၊ ကြွေးကြော်နိုင်မှုမျိုးကို မပြုရန်' ဟူ၍ ဖြစ်သည်။ သိမ်းပိုက်ခြင်းကို စွန့်လွှတ်၍ 'နေကာဟ်'ကို ဖက်လိုက်သည့်ပုံစံ၌ သက်သေအားထားရှိရခြင်း အကြောင်းမှာ နောင်အခါ မိမိ၏ စိတ်ကိုယ်တိုင်သည်ပင်လျှင် ဆိုးသွမ်းယုတ်မာခြင်း၊ (သို့မဟုတ်) ဇနီးချစ်စိတ်မွန်ကာ 'အိဒ်ဒသ်'ရက် မကုန်မီအလျှင် ပြန်လည်သိမ်းပိုက်ထားသည်' ဟူသော ကြွေးကြော်မှုမျိုးကို ကြွေးကြော်ကောင်း ကြွေးကြော်နိုင်မှုမျိုး မဖြစ်ရန် ဖြစ်ပေသည်။ ထိုသက်သေနှစ်ဦးအတွက် ذَوَىْ عَدْلٍ ဟူ၍ မိန့်တော်မူကာ သာသနာတော်၏ အသုံးအနှုန်းဝေါ ရ၌ 'အဒ်လ်'၏ အဓိပ္ပာယ်မှာ သက်သေများအဖို့ ယုံကြည်စိတ်ချကာ ထောက်ခံအတည်ပြုခြင်းခံရန် အရေးကြီးပေသည်။ သို့တည်းမဟုတ်ပါက ၎င်း၏ သက်သေပေးချက်အပေါ် တရားသူကြီးသည် တစ်စုံတစ်ရာ ဆုံးဖြတ်ချက် ချပေးလိမ့်မည်မဟုတ်ပေ။

اَقِيْمُوا الشَّهَادَةَ لِلّٰهِ

(အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ရည်သန်၍ ဖြောင့်မတ်စွာ သက်သေထွက်ဆိုကြလေကုန်။) [၆၅ : ၂]

ဟူသော အာယသ်တော်၌ မွတ်စလင်မ်အများစုတို့ကို 'အကယ်၍ အသင်တို့ထဲမှ တစ်ဦးတစ်ယောက်သည် ပြန်လည်သိမ်းပိုက်ခြင်း၊ (သို့မဟုတ်) 'နေကာဟ်ကို ဖြတ်တောက်လိုက်ခြင်း၏ ဖြစ်ရပ်မျိုး၏ သက်သေနှင့် တရားသူကြီး၏ တရားခွင်၌ သက်သေပေးရန် အခါမျိုး ကြုံကြိုက်လာသည်ဆိုလျှင် တစ်ဖက်သတ် မျက်နှာလိုက်မှု၊ (သို့မဟုတ်) ဆန္ဒကျင်ဘက်နှင့် မုန်းတီးမှုတစ်စုံတစ်ရာတို့ကြောင့် သက်သေအမှန်ပေးရာ၌ အနည်းငယ်မျှပင် ခွဲခြားမှုမျိုးကို မပြုလေနှင့်'ဟူ၍ မိန့်တော်မူထားပေသည်။

ذَالِكُمْ يُوْعَظُ بِهٖ مَنْ كَانَ يُؤْمِنُ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ

(ထိုသည် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း သက်ဝင်ယုံကြည်သောသူအား အဆုံးအမတရားပေးခြင်းပင် ဖြစ်၏။) [၆၅ : ၂]

ဆိုလိုသည်မှာ ထိုတင်ပြပါ အကြောင်းအရာမှ အလ္လာဟ်အသျှင်မြတ်နှင့် နောင်တမလွန် 'အာခေရသ်' (သို့မဟုတ်) 'ကေယာမသ်'နေ့အပေါ် အီမာန်ရယူထားသော သူတို့ကို ဆိုဆုံးမသမှု ပြုထားခြင်း ဖြစ်ပေသည်။ ထိုအချက်၌ နောင်တမလွန် 'အာခေရသ်' ကို အထူးပြုစွာဖြင့် မိန့်တော်မူထားရခြင်း အကြောင်းမှာ ဇနီးမောင်နှံနှစ်ဦးအကြား အပြန်အလှန် ဝတ္တရားများ ကျေပွန်ခြင်းသည် 'သက္ကဝါ' (ရှောင်ကြဉ်ခြင်းတရား) နှင့် နောင်တမလွန် 'အာခေရသ်'၏ သောကမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မှ ပြုနိုင်းနိုင်စွမ်း မရှိပေ။

ကုရ်အာန်ကျမ်းတော်မြတ်၏ အံ့ဖွယ်ကောင်းသော အမြော်အမြင်နှင့် ပြစ်ချက်၊ ပြစ်ဒဏ်နှင့် စပ်လျဉ်းသည့် ဥပဒေများ၏ အခြေခံစည်းမျဉ်းများ

ကမ္ဘာလောက၏ အစိုးရဌာနေများတွင် တရားဥပဒေဘောင်များအား စီရင်ရေးဆွဲခြင်းနှင့် ပြစ်မှုများအား ပြစ်ဒဏ်ခတ်ခြင်း၏ ဓလေ့ထုံးဟောင်းသည် ရှိစမြဲဖြစ်ပေသည်။ မျိုးနွယ်အုပ်စုတိုင်းနှင့် တိုင်းပြည်နိုင်ငံတိုင်း၌ ဥပဒေစီရင်ထုံးရေးရာ ဥပဒေကျမ်းများကို ရေးသားထားကြပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည်လည်း အလ္လာဟ်အသျှင်မြတ်၏ ဥပဒေကျမ်းစာအုပ်ဖြစ်ကြောင်း' မှာ ထင်ရှားလှပေသည်။ သို့ရာတွင် ထိုကျမ်းမြတ်၏ တင်ပြပုံသည် တစ်လောကလုံးရှိ ဥပဒေစီရင်ထုံးကျမ်းများထက် တစ်မူထူးကာ အံ့ဖွယ်ကောင်းလှပေသည်။ တရားဥပဒေတိုင်း၏ ရှေ့နှင့် နောက်၌ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ရန်နှင့် တမလွန်အား သောကထားရန်ကို တင်ပြထားပေသည်။ သို့မှသာ လူသားတိုင်းသည် တရားဥပဒေအား လေးစားလိုက်နာခြင်းကို အရေးကြီးသော အချက်ဟူ၍ မှတ်ယူကြရပေမည်။ ဤအကြောင်းခံအတွက်ကြောင့်သာလျှင် ကုရ်အာန်ကျမ်းတော်မြတ်အပေါ် မှန်ကန်စွာ အီမာန်ရယူထားသော သူတို့နှင့် စပ်လျဉ်း၍ ပြင်းထန်ဆုံးသော စီရင်ဆုံးဖြတ်ချက်များကို ထုတ်ပြန်ချမှတ်ပေးထားရာ၌လည်း သာပိုခက်ခဲနေမည် မဟုတ်ပေ။ ထိုကိစ္စရပ် အကောင်အထည်ဖော်ဆောင်ရန်အတွက် အစ္စလာမ်သာသနာအစိုးရသည် စစ်သား ပုလိပ်၊ ထိုစစ်သား ပုလိပ်တို့အပေါ် အထူးတပ်၊ ထိုအထူးတပ်အပေါ် အထူးသူလျှိုတပ်တို့အား ဆင့်ကဲဆင့်ကဲ ဖြန့်ကာ ထားရန် မလိုအပ်ပေ။

ကုရ်အာန်ကျမ်းတော်မြတ်၏ ဤဆင့်ကဲပျိုးထောင်ခြင်းဆိုင်ရာ အခြေခံစည်းမျဉ်းတို့သည် ဥပဒေများအားလုံး၌ ခြုံငုံကျယ်ပြန့်စွာဖြင့် လာရှိထားပေသည်။ အထူးသဖြင့် ဇနီးမောင်နှံနှစ်ဦးကြား ပတ်သက်ဆက်နွယ်မှုနှင့် အချင်းချင်းကြား အပြန်အလှန်ထားရှိရမည့် ဝတ္တရားများ၏ ဥပဒေသများ၌ ကုရ်အာန်ကျမ်းတော်မြတ်၏ ဥပဒေစီရင်ထုံးများသည် အားလုံးသော စီရင်ထုံးတို့ထက် သာပိုစွာ အလေးထား မိန့်ဆိုထားခြင်း ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဤဆက်နွယ် ပတ်သက်မှုများသည် 'ငှင်းတို့ဇနီးမောင်နှံကြားရှိ ကိစ္စရပ်တိုင်းအပေါ် သက်သေပေးမှု တစ်စုံတစ်ရာကို အဆင်သင့် မဖန်တီးနိုင်သလို ဥပဒေဌာနရှိ စီစစ်ဖော်ထုတ်ရေးသမားတို့သည် ဇနီးမောင်နှံနှစ်ဦးကြားရှိ ဝတ္တရားများ ပေါ့လျော့ပျက်ကွက်မှုကို မှန်ကန်စွာ မခန့်မှန်းနိုင်ကြပေ။ ထိုကိစ္စရပ်များအားလုံး၏ အခြေခံမူတည်ချက်သည် ဇနီးမောင်နှံနှစ်ဦးစလုံး၏ နှလုံးသားများနှင့် ငှင်းတို့၏ ပြုမူဆောင်ရွက်ချက်များအပေါ်၌သာလျှင် အခြေခံမူတည်နေပေသည်။ ဤအတွက်ကြောင့်သာလျှင် 'နေကာဟ်'၏ ခွန္ဓသ်တော် 'ခွသ်ဗာဟ်'၌ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော် (၃) ပိုဒ်ဖတ်ရန် ဟဒီးစ်တော်ဖြင့် အတည်ပြုထားပေည်။ ဤအာယသ်တော် (၃) ပုဒ်သည် 'သက္ကဝါ' (ရှောင်ကြဉ်ခြင်းတရား) ၏ အမိန့်ဖြင့် အစပြုထား၍ ထိုအမိန့်တော်အပေါ်၌သာလျှင် အဆုံးသတ်ထားပေသည်။ ယင်းအာယသ်တော်များပါ အမိန့်အတွင်း၌ 'နေကာဟ်'ပြုလုပ်သော သူတို့သည် စတင်ပြုလုပ်သော အချိန်မှစ၍ 'မည်သူတစ်ဦးတစ်ယောက် တွေ့သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ သို့ရာတွင် အလ္လာဟ်

အသျှင်မြတ်သည် ကျွန်ုပ်တို့၏ ထင်ရှားကွယ်ဝှက်နေသော အမှုကိစ္စအလုံးစုံတို့အပြင် နှလုံးသားများအတွင်းရှိ ကြံဆလျက်ရှိနေသော လျှို့ဝှက်အကြံအစည်များထိတိုင် သိနားလည်တော်မူသော အသျှင်မြတ်' ဟူ၍ မှတ်ယူထားသင့်ပေသည်။ ကျွန်ုပ်တို့သည် အချင်းချင်းကြား ထားရှိရမည့် တာဝန်ဝတ္တရားများအား ပျော့လျော့ပျက်ကွက်မှုပြုကြကာ တစ်ဦးသည် အခြားတစ်ဦးတစ်ယောက်အား ဒုက္ခပေးမည်ဆိုပါလျှင် အကွယ်၌ရှိသော လျှို့ဝှက်ချက်များကို သိရှိတော်မူသော အသျှင်မြတ်၏ ရှေ့တော်မှောက်၌ အဖြေပေးရမည် ဖြစ်ပေသည်။ ဤကဲ့သို့ပင် စူရာဟ် 'သွလားက်'၌လည်း 'သွလားက်'၏ အချို့သော အမိန့်ပညတ်ချက်များကို တင်ပြ မိန့်မြွက်ထားပေးရာတွင် ဦးစွာပထမ၏ အမိန့်နောက်၌မှာပင်

وَاتَّقُوا اللّٰهَ رَبَّكُمْ

(ထို့ပြင် အသင်တို့သည် မိမိတို့အား မွေးမြူတော်မူသော အသျှင်မြတ်အား ကြောက်ရွံ့ကြကုန်။)
[၆၅ : ၁]

ဟူ၍ မိန့်တော်မူကာ 'သက္ကဝါ'(ရှောင်ကြဉ်ခြင်းတရား) ကို ထားရန် လမ်းညွှန်ချက်အား မှာတမ်းတော်မူလိုက်ပေသည်။ တစ်ဖန် ပညတ်ချက် (၄) ရပ်ကို တင်ပြပြီးနောက် 'အကြင်သူသည် ထိုပညတ်ချက်များအား ဖီလာဆန့်ကျင်မှုပြုမည်ဆိုပါက ထိုဆန့်ကျင်မှုပြုလုပ်ခြင်းသည် မည်သူတစ်ဦးတစ်ယောက်၏ အပေါ်၌မှာပင် တည်ရှိနေမည်မဟုတ်ဘဲ မိမိကိုယ်ကို မိမိ ညှဉ်းပန်းနှိပ်စက်ခြင်းသာ ဖြစ်ပြီး မိမိ၏ မကောင်းကျိုးသည် မိမိကိုယ်ကိုသာလျှင် ဖျက်ဆီးပစ်လိုက်မည်သာ ဖြစ်ပေသည်။

وَمَنْ يَّتَعَدَّ حُدُوْدَ اللّٰهِ فَقَدْ ظَلَمَ نَفْسَهٗ

(မည်သူမဆို အလ္လာဟ်အသျှင်မြတ်၏ စည်းကမ်းချက်များကို ကျူးလွန်ဖောက်ဖျက်ပါမူ ဧကန်မလွဲ ထိုသူသည် မိမိကိုယ်ကို နှိပ်စက်ခဲ့ချေပြီ။)
[၆၅ : ၁]

ဟူသော အချက်ဖြင့် ဆိုဆုံးမသမှုကို ပြုတော်မူလိုက်ပေသည်။ တစ်ဖန် ကွင်းဆက်တစ်ဆက်တည်းမှာပင် အကျုံးဝင်သော ပညတ်ချက်ဥပဒေ (၄) ရပ်ကို တင်ပြပြီးနောက် ဒုတိယအကြိမ် ထိုလမ်းညွှန်ချက်ကိုသာ ပြန်ပြောင်းကာ အမိန့်ရှိထားတော်မူပြန်ပေသည်။

ذٰلِكُمْ يُوْعَظُ بِهٖ مَنْ كَانَ يُؤْمِنُ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ

(ဤသည် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ နောက်ဆုံးနေ့အားလည်းကောင်း သက်ဝင်ယုံကြည်သောသူတို့အား အဆုံးအမတရားတော် ပေးခြင်းပင် ဖြစ်၏။)
[၆၅ : ၂]

ရှေ့တွင် တင်ပြလျက်ရှိနေသော အာယသ်တော်၌ 'သက္ကဝါ' (ရှောင်ကြဉ်ခြင်းတရား) ၏ အကျိုးကျေးဇူးများနှင့် ထိုတရား၏ ဒီးန်သာသနာရေးရာ လောကီရေးဆိုင်ရာတို့၏ 'ဗရ်ကသ်'မင်္ဂလာတော်များကိုလည်း တင်ပြထားပေသည်။ တစ်ဖန် ထိုအာယသ်တော်၏ နောက်ဆုံးပိုင်းတွင် အလ္လာဟ်အသျှင်မြတ်အပေါ် 'သဝပ်က်ကုလ်' (ယုံကြည်အားထားခြင်း) ၏ မင်္ဂလာ 'ဗရ်ကသ်'တော်များကို မိန့်မြွက်ထား

တော်မူ၍ ထို့နောက်တစ်ဖန် 'အိဒ်ဒသ်'၏ အချို့သော အမိန့်ပညတ်ချက်များကို တင်ပြထား၏။ ထို့နောက် တစ်ဖန် အာယသ်တော်နှစ်ပိုဒ်အတွင်း၌ 'သက္ကဝါ' (ရှောင်ကြဉ်ခြင်းတရား) ၏ သာပိုသော 'ဗရ်ကသ်' (မင်္ဂလာတော်များ) နှင့် အကျိုးဆက်တရားများကို တင်ပြထားပေသည်။ တစ်ဖန် ထိမ်းမြားခြင်း၊ ကွာရှင်း ပြတ်စဲခြင်းတို့နှင့် စပ်လျဉ်းသော ပညတ်ချက်များဖြစ်သည့် အမျိုးသမီး၏ စားစရိတ် (ကျွေးဘိုး) နှင့် သားသမီးငယ်တို့အား နို့တိုက်ကျွေးခြင်း စသော အမှုကိစ္စတို့၏ ပညတ်ချက်များကို တင်ပြထားသည်။ 'သွလာက်'၊ 'အိဒ်ဒသ်' (အမျိုးသမီးများ၏ အသုံးစရိတ်နှင့် နို့ချိုတိုက်ကျွေးခြင်း စသော ပညတ်ချက်များကို တင်ပြရာ၌ အကြိမ်ကြိမ်အခါခါ အချို့နေရာတွင် နောင်တမလွန် 'အာခေရသ်' ၏ အကြောင်း အချို့နေရာ တွင် 'သက္ကဝါ' (ရှောင်ကြဉ်ခြင်း) တရား၏ အကျိုးကျေးဇူး၊ 'ဗရ်ကသ်' မင်္ဂလာတော်၊ 'သဝပ်က်ကူလ်' (အလ္လာဟ်အသျှင်မြတ်အပေါ် ယုံကြည်အားထားခြင်း) ၏ 'ဗရ်ကသ်'(မင်္ဂလာတော်နှင့် အချို့သော ပညတ် ချက်များကို တင်ပြကာ တစ်ဖန် 'သက္ကဝါ' (ရှောင်ကြဉ်ခြင်းတရား) ၏ ထပ်ဖန်တလဲလဲ အကျိုးကျေးဇူး များကို တင်ပြခြင်းကို ပြင်ပသဏ္ဍာန်အားဖြင့် ရှုမြင်သုံးသပ်မည်ဆိုပါမူ အပ်စပ်မှုကင်းမဲ့သော အချက်ဟူ၍ မှတ်ယူရပေသည်။ သို့ရာတွင် ကုရ်အာန်ကျမ်းတော်မြတ်၏ ထိုဆင့်ကဲမိန့်ကြားခြင်းဆိုင်ရာ အခြေခံစည်းမျဉ်း များ၏ အမြော်အမြင်ကို သဘောပေါက်ပြီးနောက် ထိုအာယသ်တော်မြတ်များကြား အချင်းချင်း ဆက်စပ် မှုနှင့် လေးနက်သော အပ်စပ်မှုတို့သည် ရှင်းလင်းသွားပေသည်။ ယခု တင်ပြလျက် ရှိနေသော အာယသ် တော်၏ အကျယ်ချဲ့ဖွင့်ဆိုချက်များကို ဆက်လက် လေ့လာကြည့်ရှုကြပါစို့။

وَمَنْ يَتَّقِ اللهِ يَجْعَلْ لَّهُ مَخْرَجًا وَّيَرْزُقْهُ مِنْ حَيْثُ لَا يَحْتَسِبُ

(စင်စစ် မည်သူမဆို အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့သည်ရှိသော် ထိုအသျှင်မြတ်သည် ထိုသူ၏ အဖို့ လွတ်မြောက်ရာ နည်းလမ်းကို ပြုလုပ်၍ ပေးသနားတော်မူပေမည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် ထိုသူ့အား ထိုသူမထင်မှတ်သော နေရာမှ စားနပ်ရိက္ခာကို ချီးမြှင့်ပေးသနားတော်မူပေမည်။)

[၆၅ : ၂-၃]

ဆိုလိုသည်မှာ အကြင်သူသည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့သည်ဆိုပါမူ အလ္လာဟ်အသျှင် မြတ်သည် ၎င်းအဖို့ ခက်ခဲမှုနှင့် ဒုက္ခတိုင်းမှ လွတ်ကင်းရာ လွတ်ကင်းကြောင်း၏ နည်းလမ်းများကို ဖော်ထုတ်ပေးလိမ့်မည်။ ၎င်းအား ထိုသူမမျှော်လင့်သော နေရာမှ ရိဇ္ဇိရိက္ခာကို ချီးမြှင့်ပေးသနားတော် မူပေလိမ့်မည်။

'သက္ကဝါ'ဟူသော စကားလုံး၏ လုံးချင်းကောက်အဓိပ္ပာယ်မှာ ရှောင်ရှားခြင်း ဖြစ်ပေသည်။ သာသနာတော်၏ အသုံးအနှုန်းဝေါဟာရ၌ ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်ခြင်းအတွက် ထိုစကားလုံးကို အသုံးပြုထားပေသည်။ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်သို့ ဆက်နွယ်ကာ အသုံးပြုမည်ဆိုလျှင် 'အလ္လာဟ် အသျှင်မြတ်အား ကြောက်ရွံ့မှုတရား ထားရှိရမည်'ဟူ၍ ဘာသာပြန်ဆိုရပေမည်။ အလိုသဘောမှာ 'အလ္လာဟ် အသျှင်မြတ်အား ဖီဆန်မှုနှင့် ပြစ်မှုဒုစရိုက်တို့မှ ရှောင်ရှားကာ ကြောက်ရွံ့ရပေမည်။

ဤအာယသ်တော်၌ 'သက္ကဝါ' (ရှောင်ကြဉ်ခြင်းတရား) ၏ 'ဗရိကသ်' (မင်္ဂလာတော်) နှစ်ရပ်အား တင်ပြထားသည်။ ပထမ 'ဗရိကသ်'တော်မှာ 'သက္ကဝါ' (ရှောင်ကြဉ်ခြင်းတရား) ကို ရွေးချယ်ထားသော သူတို့အတွက် အလ္လာဟ်အသျှင်မြတ်သည် လွတ်မြောက်အောင်မြင်မှု၏ နည်းလမ်းတို့ကို စီမံဖန်တီးပေးထားတော်မူပေသည်။ မည်သည့်အချက်များမှ လွတ်မြောက်ခွင့်ကို ချီးမြှင့်ပေးသနားတော်မူပေမည်နည်း။ ထိုအချက်နှင့် စပ်လျဉ်း၍ မှန်ကန်သော အချက်မှာ 'ကမ္ဘာလောက၏ အခက်အခဲများနှင့် ဒုက္ခများအတွက်လည်း ဖြစ်သလို၊ နောင်တမလွန် 'အာခေရသ်'၏ အခက်အခဲဒုက္ခများအားလုံးအတွက်လည်း ဖြစ်သည်' ဟူ၍ ကျယ်ပြန့်သော သဘောကို ဆောင်၍ နေပေသည်။ အာယသ်တော်၏ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သည် 'မုသ်သကီ'ဆိုလိုသည်မှာ ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်သော သူတို့အဖို့ လောကီလောကုတ္တရာ နှစ်ဌာနစလုံး၏ ဒုက္ခနှင့် အခက်အခဲတိုင်းတို့မှ ကယ်တင်ခြင်း၏ လမ်းကြောင်းကို စီမံထုတ်ဖော် ပေးသနားတော်မူပေသည်' ဟူ၍ ဖြစ်ပေသည်။ ဒုတိယ 'ဗရိကသ်'မင်္ဂလာတော်မှာ ၎င်းအား ထိုသူ မမျှော်လင့်သော နေရာများမှ ရိဇ္ဇိရိက္ခာ၏ အလိုသဘောသည် ဤနေရာ၌ လောကီ၌ဖြစ်စေ၊ လောကုတ္တရာ၌ဖြစ်စေ လိုအပ်သော အရာတိုင်း၌ ဖြစ်ကြောင်း ဆိုလိုထားခြင်းမှာ အမှန်ကန်ဆုံးသော အချက် ဖြစ်ပေသည်။ ပြစ်မှုဒုစရိုက်များကို ရှောင်ကြဉ်သော မုအ်မင်န်တို့အဖို့ ဤအာယသ်တော်အတွင်း၌ 'အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ အခက်အခဲတိုင်းကိုလည်း လွယ်ကူစွာ ပြုပေးတော်မူမည် ဖြစ်ကြောင်း၊ ၎င်း၏ လိုအပ်ချက်များအားလည်း တာဝန်ယူ ဖြည့်ဆည်းဆောင်ရွက်ပေးတော်မူမည် ဖြစ်ကြောင်းနှင့် ၎င်း၏ လိုအပ်ချက်များကိုလည်း ထိုသူ မမျှော်လင့်၊ မမျှော်မှန်းထားသော လမ်းကြောင်းများမှပင် အသင့်စီမံမှု ပြုလုပ်ပေးတော်မူမည် ဖြစ်ကြောင်း' တို့ကို ကတိပြုထားတော်မူခြင်း ဖြစ်သည်။ *[ရူးဟ်]*

သင့်တော်လျော်ကန်သော အချက်နေရာကို ထောက်ရှု၍ အချို့အကျယ်ဖွင့်ဆိုသော ပညာရှင်များသည် ဤအာယသ်တော်အား အောက်ဖော်ပြပါအတိုင်း အကျယ်ဖွင့်ဆိုပြကြပေသည်။ 'သွလားက်'ပေးလိုက်သော ခင်ပွန်းနှင့် 'သွလားက်'ပေးခြင်းခံရသော ဇနီး နှစ်ဦးစလုံးသည်လည်းကောင်း၊ (သို့မဟုတ်) ၎င်းတို့ နှစ်ဦးစလုံးအတွင်းမှ အကြင်မည်သူ၊ မည်သူမ မဆို ရှောင်ကြဉ်ခြင်းတရားကို ရွေးချယ်ကြပေမည်။ ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် ထိုသူ၊ သူမတို့အား 'သွလားက်'နှင့် 'နေကာဟ်'ပျက်သွားပြီးနောက် ရင်ဆိုင်ကြုံတွေ့လာရမည်ဖြစ်သော အခက်အခဲနှင့် ဒုက္ခတိုင်းတို့မှ ကယ်တင်မှုကို ပေးသနားတော်မူပေလိမ့်မည်။ အမျိုးသားကိုလည်း ၎င်းနှင့် သင့်တော်သော အမျိုးသမီး (ဇနီး) ကိုလည်းကောင်း၊ အမျိုးသမီး (ဇနီး) ကိုလည်း ၎င်းနှင့် သင့်တော်သော အမျိုးသား (ခင်ပွန်း) ကိုလည်းကောင်း ချီးမြှင့်ပေးသနားတော်မူပေလိမ့်မည်။ အာယသ်တော်၏ အဓိက မှတ်ယူသဘောပေါက်ရမည့် အချက်၌ ခက်ခဲမှုများအားလုံးနှင့် အသွယ်သွယ်သော လိုအပ်ချက်၊ ရိဇ္ဇိရိက္ခာတို့သည် ယေဘုယျအားဖြင့် ပါဝင်လျက် ရှိနေပေရာ ထိုအချက်များအတွင်း ဇနီးမောင်နှံနှစ်ဦးကြား ပေါ်ပေါက်လာမည့် ခက်ခဲမှုများနှင့် လိုအပ်ချက်များသည်လည်း ပါဝင်နေကြောင်း' မှာ ထင်ရှားလှပေသည်။ *[ရူဟုလ်မအာနီကျမ်း]*

တင်ပြပါအာယသ်တော် ကျရောက်လာခြင်း၏ နောက်ခံသမိုင်း

ဟဒရသ်အဗ်ဒုလ္လာဟ်ဗင်န်အဗ္ဗားစ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ အောက်ဖ်ဗင်နိမာလိက် (ရဟ) သခင်ကြီးသည် တမန်တော်မြတ် ﷺ ၏ အခစားတော်သို့ ဝင်ရောက်ကာ 'ကျွန်တော်မျိုး၏ သား စလင်းမ်ကို ရန်သူများသည် ဖမ်းဆီးခေါ်ဆောင်သွားချေပြီ။ ထိုသား၏ မိခင် (ကျွန်တော်မျိုး၏ ဇနီး) သည် လွန်စွာ သောကဝေဖြာနေပေသည်။ ကျွန်တော်မျိုး မည်သည့်အချက်ကို ပြုသင့်ပေသနည်း' ဟူ၍ လျှောက်ထားလိုက်ပေသည်။ တမန်တော်မြတ် ﷺ သည် 'ငါကိုယ်တော်သည် အသင်နှင့် အသင့်သား၏ မိခင်ကို لَا حَوْلَ وَلَا قُوَّةَ إِلَّا بِاللهِ (လာဟောင်ဝ်လ ဝလားကုဝသ အိလ်လားဗိလ်လား) ကို များမြောင်စွာ ရွတ်ဆိုရန် အမိန့်ပေး မိန့်ခြွေတော်မူလိုက်ပေသည်။ ထိုသူနှစ်ဦးစလုံးသည် အမိန့်တော်ကို နာခံပေသည်။ အထက်ဖော်ပြပါ မြောက်မြားစွာသော 'ကလေမာဟ်' (စကားလုံး) တော်များကို ရွတ်ဆိုကြလေသည်။ ထိုသို့ ရွတ်ဖတ်ခြင်း၏ အကျိုးဆက်တရားမှာ သားကို ဖမ်းဆီးထားသော ရန်သူများသည် တစ်နေ့ အမှုမဲ့အမှတ်မဲ့ ရှိနေခိုက် နည်းလမ်းတစ်လမ်းလမ်းဖြင့် ၄င်းတို့၏ ချုပ်နှောင်မှုမှ လွတ်မြောက်ကာ ၄င်းတို့ပိုင် ဆိတ်အချို့ကို မောင်းနှင်ကာ အတူတကွ ယူဆောင်၍ မိမိ ဖခင်ထံသို့ ရောက်ရှိလာခဲ့သည်' ဟူ၍ ဖြစ်ပေသည်။ အချို့သော ဆင့်ပြန်ချက်များ၌ '၄င်းတို့ပိုင် ကုလားအုတ်တစ်ကောင်ကို တွေ့မြင်ရရှိကာ ၄င်းအား စီးနင်း၍ တစ်ပါတည်း အခြားသော ကုလားအုတ်များကို ယူဆောင်ကာ ဖခင်ဖြစ်သူထံသို့ ရောက်ရှိလာခဲ့ပေသည်။ ၄င်း၏ ဖခင်သည် ဤသတင်းကို ယူဆောင်ကာ တမန်တော်မြတ် ﷺ ၏ ထံတော်သို့ ဝင်ရောက်ခဲ့ပေသည်' ဟူ၍လည်း လာရှိထားပေသည်။ အချို့သော ဆင့်ပြန်ချက်များ၌ 'ကျွန်တော်မျိုး၏သား ယူဆောင်လာသော ဆိတ်များနှင့် ကုလားအုတ်တို့သည် ကျွန်ုပ်တို့အဖို့ အသုံးပြုပိုင်ခွင့် ရှိပါ၏လော။ (သို့မဟုတ်) မရှိပါ၏လော' ဟူသော မေးမြန်းချက်သည်လည်း ပါရှိထားပေသည်။ ထိုမေးမြန်းချက်အပေါ် وَمَنْ يَتَّقِ اللهَ ဟူသော အာယသ်တော် ကျရောက်လာပေသည်။

အချို့သော ဆင့်ပြန်ချက်များ၌ 'အောက်ဖ်ဗင်နိမာလိက်အရှ်ဂျအီး (ရဟ) သခင်ကြီးနှင့် ၄င်း၏ ဇနီးသည်တို့ကို မိမိတို့၏ သား၏ ခွဲခွာမှုသည် များစွာ နေမထိထိုင်မသာ ဖြစ်အောင်ပြုလိုက်ပါမူ တမန်တော်မြတ် ﷺ သည် ၄င်းတို့အား 'သက္ကဝါ' (ရှောင်ကြဉ်ခြင်းတရား) ရွေးချယ်တော်မူရန် အမိန့်ပေးလိုက်ပေသည်' ဟူ၍လည်း လာရှိထားပေသည်။ ထိုမိန့်မြွက်ချက်၌ 'သက္ကဝါ' (ရှောင်ကြဉ်ခြင်းတရား) ထားရန်ကိုလည်း အမိန့်ရှိကာ များမြောင်စွာ لَا حَوْلَ وَلَا قُوَّةَ ကိုလည်း ဖတ်ရန်ကိုလည်း အမိန့်ရှိလိုက်ခြင်းသည်လည်း တစ်စုံတစ်ရာ တွေးခေါ်ရန် ခဲယဉ်း ဝေးလံလှစွာသော အချက်မျိုးမဟုတ်ပေ။ (ဤဆင့်ပြန်ချက်များအားလုံးကို ရှုဟုလ်မအာနီကျမ်းအတွင်း၌ အိဗ်နေအဗုမရ်ဒူယားသခင်ကြီးထံမှ အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးထံမှ အဗူစွာလေးဟ်၊ ၄င်းထံမှ ကလ်ဗီးသခင်ကြီးတို့၏ ဆင့်ကဲဆင့်ပြန်မှု လမ်းစဉ်တရားဖြင့် ဆင့်ဆိုမှုကို ပြုထားကြပေသည်။)

အထက်တင်ပြပါ ကျောထောက်နောက်ခံသမိုင်းမှ 'ဤနေရာ၌ ရှိသော အာယသ်တော်သည် 'သွလားက်'နှင့် အပ်စပ်လျက်ရှိနေသော အမျိုးသား၊ အမျိုးသမီးတို့နှင့် ပတ်သက်နေလင့်ကစား သို့ရာတွင် ထိုအာယသ်တော်၏ အလိုသဘောသည် အားလုံးသောသူတို့အဖို့ အများဆိုင်အနေမျိုးဖြင့် ပါဝင်လျက်ရှိနေကြောင်း'ကို သိရှိရပေသည်။

ဓမ္မသတ် ။ ။ အထက်ပါဟဒီးစ်တော်မှ အောက်ဖော်ပြပါအချက်ကိုလည်း အတည်ပြုထားပေသည်။ မွတ်စ္စလင်မ်တစ်ဦးတစ်ယောက်သည် ကာဖိရ်များ၏ အချုပ်အနှောင်မှ ထွက်လာကာ ၎င်းသည် ထိုကာဖိရ်တို့၏ ပစ္စည်းအချို့ကို ယူဆောင်လာပါမူ၊ ထိုပစ္စည်းသည် သုံ့ပန်းပစ္စည်းအဖြစ်နှင့် ပြုပိုင်၊ သုံးပိုင်ပေသည်။ သုံ့ပန်းပစ္စည်း၏ ခွဲဝေပေးနေကျ အများသုံးဝေ့နည်းတူ (၅) ပုံ (၁) ပုံအား အများဆိုင် ဘဏ္ဍာအတွင်းသို့ ပေးအပ်ရန်လည်း ၎င်းအပေါ် တာဝန်မရှိပေ။ ပမာဆိုရသော် တင်ပြပါဟဒီးစ်တော်၏ ဖြစ်ရပ်၌ ထိုပစ္စည်းထဲမှ (၅) ပုံ (၁) ပုံကို မယူထားပေ။ ဓမ္မသတ်ပညာရှင်ကြီးများက အမိန့်ရှိထားပေသည်။ မွတ်စ္စလင်မ်တစ်ဦးတစ်ယောက်သည် တိတ်တဆိတ် ပုန်းလျှိုးစွာဖြင့် ငြိမ်းချမ်းရေးနှင့် ခွင့်ကို မရယူဘဲ ကာဖိရ်များ၏ နယ်နိမိတ်ဒေသနာတွင်းသို့ ရောက်ရှိသွားပေသည်။ ထိုနယ်ပယ်ဒေသမှ ကာဖိရ်များ၏ အချို့သော ပစ္စည်းများကို လုယူ၍သော်လည်းကောင်း၊ (သို့မဟုတ်) နည်းတစ်မျိုးမျိုးဖြင့်သော်လည်းကောင်း ရယူလာပေသည်။ ထို့နောက် အစ္စလာမ့်နယ်နိမိတ်အတွင်းသို့ ရောက်ရှိလာသည်ဆိုလျှင် ဤပစ္စည်း၏ အမိန့်သည်လည်း အထက်တင်ပြပါပစ္စည်း၏ အမိန့်ကဲ့သို့ပင် ဖြစ်ပေသည်။ သို့ရာတွင် အကြင်သူသည် ကာဖိရ်များ၏ထံမှ ငြိမ်းချမ်းရေးနှင့် ခွင့်ကို ရယူကာ ယနေ့မျက်မှောက်ခေတ်ရှိ ဗီဇာရယူခြင်း၏ ဝေ့ထုံးကဲ့သို့ ထိုကာဖိရ် တို့၏ တိုင်းပြည်၊ နိုင်ငံဆီသို့ ရောက်ရှိသွားပေသည်။ သို့ရှိရာ ၎င်းမွတ်စ္စလင်မ်တို့အဖို့ ထိုကာဖိရ်တို့၏ ပစ္စည်းဥစ္စာ တစ်စုံတစ်ရာကို ၎င်းတို့၏ သဘောတူညီချက်မပါဘဲ ယူဆောင်လာခြင်း မပိုင်ပေ။ ဤကဲ့သို့ပင် တစ်ဦးတစ်ယောက်သည် ချုပ်နှောင်ခြင်းခံရကာ ၎င်းကာဖိရ်တို့၏ တိုင်းပြည်၊ နိုင်ငံသို့ ရောက်ရှိသွားပေသည်။ တစ်ဖန် ကာဖိရ်များထံမှ တစ်ဦးတစ်ယောက်သည် ၎င်းထံသို့ အပ်နှံပစ္စည်း တစ်စုံတစ်ရာကို ထားရှိပါမူ ထိုပစ္စည်းအား ယူဆောင်လာခြင်းသည်လည်း ၎င်းအဖို့ မပိုင်ပေ။

ပထမပုံစံ၌ မပိုင်ရခြင်း၏ အကြောင်းမှာ ငြိမ်းချမ်းရေးကို ယူကာ သွားရောက်ခြင်းဖြင့် ၎င်းတို့၏ ကြားဝယ် ကတိခံဝန်ချက်တစ်ရပ် ဖြစ်ပေါ်တည်ရှိသွားပေသည်။ ယခု ၎င်းတို့၏ သဘောတူညီချက်မပါဘဲ ၎င်းတို့၏ အသက်နှင့် ပစ္စည်းဥစ္စာ၌ ခြယ်လှယ်မှုတစ်စုံတစ်ရာ ပြုလုပ်ခြင်းသည် ကတိဖောက်ဖျက်ခြင်း၌ ပါဝင်သွားပေသည်။

ဒုတိယပုံစံ၌လည်း အပ်နှံသောသူဖြင့် '၎င်းပြန်လည်တောင်းခံလာသောအခါ အပ်နှံပစ္စည်းအား ပြန်လည်ပေးအပ်ရပေမည်'ဟူ၍ လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရန် ပဋိညာဉ်မျိုးကို ပြုထားပေသည်။ ယခု အပ်နှံပစ္စည်းကို ပြန်လည်၍ မတောင်းခံခြင်းသည် ကတိဖောက်ဖျက်ခြင်းပင် ဖြစ်ပေသည်။ ယင်းကဲ့သို့ ကတိချိုးဖောက်ခြင်းသည် သာသနာတော်အရ 'ဟရာမ်'ဖြစ်ပေသည်။ *[မဇ္ဇဟရီကျမ်း]*

တမန်တော်မြတ် ﷺ ၏ ထံတော်ပါး၌ 'ဟိဂျ်ရသ်'မပြုလုပ်မီအလျင် များစွာသော ကာဖိရ်များသည် မိမိတို့၏ အပ်နှံပစ္စည်းများကို ထားလေ့ ရှိကြပေသည်။ ဟိဂျ်ရသ်ပြုလုပ်သော အချိန်၌ တမန်တော်မြတ် ﷺ သည် မိမိနှင့် အတူတကွ ယူဆောင်၍ မသွားသော အပ်နှံပစ္စည်းအချို့ ရှိနေပေရာ သက်ဆိုင်ရာ ပိုင်ရှင်များထံ ပြန်လည်၍ ပေးအပ်ရန် ဟဇရသ်အလီ ﷺ သခင်ကြီးအား ထိုအမှုကိစ္စကို ပြုလုပ်ဆောင်ရွက်ရန်အတွက် နောက်၌ ချန်ရစ်ထားခြင်း ဖြစ်ပေသည်။

ဘေးဒုက္ခများမှ လွတ်မြောက်ရန်နှင့် ရည်ရွယ်ချက်များ ပြည့်ဝစေရန် အစွမ်းထက်သော ဆေးနည်း

တင်ပြပါဟဒီးစ်တော်အတွင်း၌ တမန်တော်မြတ် ﷺ သည် အောက်ဖိဗင်နိမာလိက်ကို ဘေးဒုက္ခမှ လွတ်မြောက်မှု ရရှိရန် ရည်ရွယ်ချက်များ ပြည့်ဝစေရန်အတွက် 'လာဟောင်ဝ်လဝလာကုဝသ၊ အိလ်လားဗိလ်လား' ကို များမြောင်စွာ ဖတ်ရွတ်ရန်ကို ညွှန်ပြတော်မူလိုက်ပေသည်။ ဟဇရသ်မုဂျဒ်ဒစ်အလ်ဖေ့စာနီး သခင်ကြီးမှ အမိန့်ရှိထားပေသည်။ ဒီးန်သာသနာရေးရာနှင့် လောကီရေးရာတို့၏ အမျိုးမျိုးသော ဘေးဒုက္ခ ဆုံးရှုံးမှုအန္တရာယ်တို့မှ ရှောင်ရှားရန်နှင့် အကျိုးပြုမှုများ၊ ရည်ရွယ်ချက်များ အထမြောက်အောင်မြင်ရန်အတွက် ဤစကားလုံးတော်များကို များစွာ ဖတ်ရွတ်ခြင်းသည် အလွန် အစွမ်းထက်သော ကျင့်စဉ်တစ်ရပ် ဖြစ်ပေသည်။ ဟဇရသ်မုဂျဒ်ဒိဒ်သခင်ကြီးသည် များပြားခြင်း၏ အတိုင်းအတာကို ဤသို့ မိန့်ဆိုထားပေသည်။ 'ဒရူးဒ်' အပိတ်အဖွင့် (၁၀၀) နှင့်အတူ နေ့တိုင်း 'လာဟောင်လာဝလာကုဝသ' ကို အကြိမ် (၅၀၀) ဖတ်ကာ မိမိ၏ လိုအင်ဆန္ဒရည်ရွယ်ချက်အတွက် ဆုမွန်ဒိုအာကို ပြုရပေမည်။ *[မဇ္ဇှဟရီကျမ်း]*

အေမာမ်အဟ်မဒ်၊ ဟာကင်မ်၊ ဗိုင်ဟကီ၊ အဗူနအီးမ် အစရှိသော သခင်မကြီးတို့သည် ဟဇရသ်အဗူဇရ်သခင်ကြီးထံမှ ဆင့်ပြန်ထားပေသည်။ ဟာကင်မ်သခင်ကြီးသည် ၎င်း၏ ဆင့်ကဲဆင့်ပြန်မှု မှန်ကန်သည်ဟု ဆိုထားပေသည်။ တမန်တော်မြတ် ﷺ သည် တစ်နေ့

وَمَنْ يَتَّقِ اللّٰهَ يَجْعَلْ لَّهٗ مَخْرَجًا

အာယသ်တော်ကို ကျွန်ုပ် အိပ်ဒိုက်လာသည့် အတိုင်းအတာထိတိုင် အကြိမ်ကြိမ်အခါခါ ဖတ်ရွတ်တော်မူနေပေသည်။ တစ်ဖန် 'အို၊ အဗူဇရ်၊ အကယ်၍ အားလုံးသော သူတို့သည် ဤအာယသ်တော်ကို သာလျှင် ရွေးချယ်ထားကြမည်ဆိုလျှင် အားလုံးသောသူတို့အဖို့ လုံလောက်သွားပေလိမ့်မည်'ဟု မိန့်တော်မူလိုက်ပေသည်။ *[ရူးဟူလ်မအာနီကျမ်း]*

လုံလောက်စေတော်မူခြင်း၏ အလိုသဘောမှာ ဒီးန်သာသနာရေးရာနှင့် လောကီရေးရာ၏ ရည်ရွယ်ချက်များအလုံးစုံ၌ အောင်မြင်ရန် လုံလောက်ခြင်းဖြစ်ခြင်းမှာ ထင်ရှားလှပေသည်။

وَمَنْ يَّتَوَكَّلْ عَلَى اللهِ فَهُوَ حَسْبُهٗ اِنَّ اللهَ بَالِغُ اَمْرِهٖ قَدْ جَعَلَ اللهُ لِكُلِّ شَيْءٍ قَدْرًا

(ထိုပြင် မည်သူမဆို အလ္လာဟ်အသျှင်မြတ်အပေါ်၌ ယုံကြည်အားထားပါမူ ထိုအသျှင်မြတ်သည် ထိုသူအဖို့ လုံလောက်တော်မူ၏။ ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အရေးကိစ္စကို ပြီးမြောက်အောင် ပြုလုပ်ပေးတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။) *[၆၅ : ၁၃]*

ဆိုလိုသည်မှာ အကြင်သူသည် အလ္လာဟ်အသျှင်မြတ်အပေါ် အားကိုးအားထားမှု ပြုမည်ဆိုပါက အလ္လာဟ်အသျှင်မြတ်သည် ထိုသူ၏ အရေးကိစ္စများကို ပြည့်စုံပြီးမြောက်စွာ လုံလောက်စေတော်မူပေမည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်၏ မိမိ၏ ဆောင်ရွက်ချက်ကို လိုလားတော်မူသလို ပြီးပြည့်စုံစွာ ဖန်တီးထားတော်မူပေသည်။ ထိုအသျှင်မြတ်သည် အရာရာတိုင်းအား သတ်မှတ်ချက်တစ်ရပ်အား သတ်မှတ်ထားတော်မူပေသည်။ ထိုသတ်မှတ်ချက်နှင့်အညီ အမှုကိစ္စများသည် ဖြစ်ပေါ်တည်ရှိနေပေသည်။ သိရ်မေဇီ (ရဟ) နှင့် အိဗ်နေမာဂျား (ရဟ) သခင်ကြီးသည် ဟဇရတ်ဥမရ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ထားပေသည်။ တမန်တော်မြတ် ﷺ သည် အမိန့်ရှိထားတော်မူပေသည်။

لو انّكم توكّلتم على الله حقّ توكّله لرزقكم كما يرزق
الطّير تغدو خماصًا وتروح بطانا

(အကယ်၍ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အပေါ် အားကိုးအားထားထိုက်သမျှ ပြုရန် လျော်ကန်သော အချက်နှင့်အညီ ယုံကြည်ကိုးစားမှုကို ပြုမည်ဆိုပါက ဧကန်မုချ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား ပျံသန်းသော ငှက်သတ္တဝါများအား ရိဇ်ဇီရိက္ခာကို ချီးမြှင့်သကဲ့သို့ ချီးမြှင့်ပေမည်။ အဘယ်ကြောင့်ဆိုသော် နံနက်ခင်းအချိန်၌ မိမိတို့၏ အသိုက်များမှ ဆာလောင်စွာဖြင့် ထွက်ခွာသွားကြ၍ ညနေခင်း အချိန်အခါတွင် ဝမ်းဝစွာဖြင့် ပြန်လာကြပေသည်။)

စွဟီးဟ်ဘိုခါရီးနှင့် မွတ်စ္စလင်မ်ကျမ်းတို့၏ ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ထားပေသည်။ တမန်တော်မြတ် ﷺ သည် 'ငါကိုယ်တော်၏ အွမ္မသ် (နောက်လိုက်ထု) အတွင်းရှိ (၇၀၀၀) ဟူသော လူအပေါင်းသည် စာရင်းစစ်ဆေးခြင်းမခံရဘဲ သုခဘုံသို့ ဝင်ရောက်ရပေလိမ့်မည်။ ၎င်းတို့၏ အရည်အချင်းများထဲမှ ဝိသေသအကျိုးထူးတစ်ရပ်မှာ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်အပေါ် အားကိုးအားထားသမှု ပြုကြသောသူများ ဖြစ်ကြပေလိမ့်မည်' ဟူ၍ မိန့်တော်မူထားပေသည်။ *[မစ္စ်ဟရီးကျမ်း]*

'သဝပ်ကကုလ်' (အလ္လာဟ်အသျှင်မြတ်အပေါ် အားကိုး၊ အားထားခြင်း) ၏ အဓိပ္ပာယ်မှာ အလ္လာဟ်အသျှင်မြတ် ဖန်ဆင်းထားတော်မူသော အကြောင်းခံများကို စွန့်လွှတ်လိုက်ခြင်း၏ အဓိပ္ပာယ် မဟုတ်ဘဲ သို့သာမက အလိုသဘောမှာ ဤသို့ ဖြစ်သည်။ ရွေးချယ်ထိုက်ခွင့်ရှိသော အကြောင်းခံများကို မုချ ရွေးချယ်ကာ သို့ရာတွင် အားကိုးမှုပြုခြင်းကို အကြောင်းခံများအပေါ် ထားရှိရမည့်အစား အလ္လာဟ်အသျှင်မြတ် အပေါ်၌ ထားရှိရပေမည်။ အကြောင်းမှာ ထိုအသျှင်မြတ်၏ အလိုသဘောတော် မရှိသရွေ့ ကာလပတ်လုံး

မည်သည့်အလုပ် တစ်စုံတစ်ရာမျှ မပေါ်ပေါက်လာနိုင်ပေ။ တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ 'သက္ကဝါ' (ရှောင်ကြဉ်ခြင်း) တရားနှင့် 'သဝပ်က်ကုလ်' (အလ္လာဟ်အသျှင်မြတ်အပေါ် အားကိုးအားထားခြင်း) တို့၏ အကျိုးထူးများနှင့် 'ဗရ်ကသ်'(မင်္ဂလာတော်) များကို တင်ပြပြီးနောက် 'ဠလာက်'နှင့် 'အိဒ်ဒသ်'တို့၏ ပညတ်ချက်အဖို့ အချို့ကို တင်ပြထားပေသည်။

وَالّٰٓـِٔىْ يَئِسْنَ مِنَ الْمَحِيْضِ مِنْ نِّسَآئِكُمْ اِنِ ارْتَبْتُمْ فَعِدَّتُهُنَّ ثَلٰثَةُ اَشْهُرٍ وَّالّٰٓـِٔىْ لَمْ يَحِضْنَ وَاُولَاتُ الْاَحْمَالِ اَجَلُهُنَّ اَنْ يَّضَعْنَ حَمْلَهُنَّ

(၄င်းပြင် အသင်တို့၏ ဇနီးမိန်းမတို့အနက် ရာသီပန်းပွင့်ခြင်းမှ မျှော်လင့်ချက်ကင်းမဲ့ကြသော မိန်းမများသည် အကယ်၍ အသင်တို့သည် သံသယဖြစ်ခဲ့ကြပါလျှင် ၄င်းတို့၏ 'အိဒ်ဒသ်'မှာ (၃) လတိတိဖြစ်၏။ ထိုနည်းတူစွာ ရာသီပန်းပွင့်ဖူးခဲ့သည် မရှိသေးသော မိန်းမများလည်း သုံးလတိတိပင် ဖြစ်၏။ ၄င်းပြင် ကိုယ်ဝန်သည်များသည် ၄င်းတို့၏ အပိုင်းအခြားမှာ ၄င်းတို့သည် မိမိတို့၏ ကိုယ်ဝန်ကို ဖွားမြင်ခြင်းပင် (ဖြစ်၏။) *[၆၅ : ၄]*

ဤအာယသ်တော်အတွင်း၌ 'ဠလာက်'ပေးခြင်းခံရသော အမျိုးသမီးတို့၏ 'အိဒ်ဒသ်'နှင့် စပ်လျဉ်း၍ သာပိုသော အကျယ်ချဲ့အကြောင်းတရားကို တင်ပြထားပေသည်။ ယင်းအကျယ်ရှင်းလင်းချက်၌ သုံးမျိုးသုံးစားသော အမျိုးသမီးတို့၏ 'အိဒ်ဒသ်'၏ အမိန့်ကို အခြားသော 'အိဒ်ဒသ်'၏ နည်းလမ်းဥပဒေသနှင့် အညီ သီးခြားစွာ တင်ပြထားခြင်း ဖြစ်ပေသည်။

ပညတ်ချက် ❻

'ဠလာက်'၏ 'အိဒ်ဒသ်'သည် ယေဘုယျအားဖြင့် ရာသီပန်းသုံးကြိမ် ပြည့်ဝစွာ ပွင့်သည့် အချိန်၌ ဖြစ်ပေသည်။ ယင်းနှင့် စပ်လျဉ်းပြီး စူရာဟ်ဗကရာ၌ တင်ပြပြီးဖြစ်ပေသည်။ သို့ရာတွင် အသက်အရွယ် အလွန် အိုမင်းရင့်ရော်၍သော်လည်းကောင်း၊ (သို့မဟုတ်) ရောဂါ စသော အကြောင်းခံ တစ်ရပ်ရပ်သော်လည်းကောင်း ရာသီပန်းပွင့်ခြင်း ပိတ်သွားသော အမျိုးသမီးများ၊ ဤကဲ့သို့ပင် အသက်အရွယ် ငယ်လွန်းသည့် အကြောင်းခံကြောင့် ယခုအချိန်ထိတိုင် ရာသီပန်းပွင့်ခြင်း အစမပြုသေးသော စသည့် အမျိုးသမီးတို့၏ 'အိဒ်ဒသ်'ကို တင်ပြလျက် ရှိနေသော အာယသ်တော်၌ ရာသီပန်း (၃) ကြိမ်ပွင့်သည့် အချိန်၏ အစား (၃) လဟူ၍ သတ်မှတ်ထားပေသည်။ ကိုယ်ဝန်ရှိသော အမျိုးသမီးများ၏ 'အိဒ်ဒသ်'သည် ရက်မည်မျှပင် ဖြစ်နေလင့်ကစား ကလေးမွေးဖွားသည့်အချိန်ထိတိုင် ဖြစ်ပေသည်။

اِنِ ارْتَبْتُمْ (အကယ်၍ အသင်တို့ သံသယဖြစ်ခဲ့ကြပါလျှင်) 'အကယ်၍ အသင်တို့သည် ဒွိဟ သံသယ ဖြစ်ရှိနေမည်ဆိုလျှင်' ဟူ၍ ဖြစ်သည်။ 'ဒွိဟသံသယဖြစ်ခြင်း'၏ အလိုသဘောမှာ 'အိဒ်ဒသ်'၏ မူရင်းအချိန်သည် ရာသီပန်းပွင့်ချိန်မှ စတင်ရေတွက်ရမည်ဖြစ်ကာ ရာသီပန်းပွင့်ခြင်းပင် ပိတ်လျက် ရှိနေသော

ယင်းအမျိုးသမီးများ၏ 'အိဒ်ဒသ်'ရက်များကို မည်ကဲ့သို့ ရေတွက်ရပေမည်နည်း' ဟူသော ဒွိဟသံသယကို ဆိုလိုထားခြင်း ဖြစ်ပေသည်။

ရှေ့၌ တစ်ဖန် သက္ကဝါရှောင်ကြဉ်ခြင်းတရား) ၏ အကျိုးထူးနှင့် 'ဗရ်ကသ်'မင်္ဂလာတော်ကို တင်ပြထားပေသည်။

وَمَنْ يَتَّقِ اللّٰهَ يَجْعَلْ لَّهٗ مِنْ اَمْرِهٖ يُسْرًا

(စင်စစ် မည်သူမဆို အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့သည်ရှိသော် ထိုအသျှင်မြတ်သည် ၎င်း၏အဖို့ အမှုကိစ္စကို လွယ်ကူအောင် ပြုလုပ်ပေးတော်မူမည် ဖြစ်၏။) [၆၅ : ၄]

ဆိုလိုသည်မှာ အကြင်သူသည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့သည်ဆိုပါက အလ္လာဟ်အသျှင်မြတ်သည် ထိုသူ၏ လုပ်ငန်းဆောင်တာများအတွင်း၀ယ် လွယ်ကူမှုကို ပြုပေးသနားတော်မူပေမည်။ ဆိုလိုသည်မှာ ကမ္ဘာလောကနှင့် နောင်တမလွန် 'အာခိရသ်'၏ အမှုကိစ္စများသည် ၎င်းအဖို့ လွယ်ကူသွားပေသည်။ ထို့နောက် တစ်ဖန် 'သွလာက်'နှင့် 'အိဒ်ဒသ်'၏ တင်ပြပါ ပညတ်ချက်များအား လိုက်နာမှုပြုရန်ကို တိုက်တွန်းနှိုးဆော်ထားပြန်ပေသည်။

ذٰلِكَ اَمْرُ اللّٰهِ اَنْزَلَهٗۤ اِلَيْكُمْ

(ဤသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ပင် ဖြစ်၏။ ထိုအသျှင်မြတ်သည် ယင်းအမိန့်တော်ကို အသင်တို့ထံ ချပေးတော်မူခဲ့၏။) [၆၅ : ၅]

ထို့နောက်တစ်ဖန် 'သက္ကဝါ' (ရှောင်ကြဉ်ခြင်းတရား) ၏ အခြားသော အကျိုးထူးတစ်ရပ်ကို တင်ပြထားပေသည်။

وَمَنْ يَّتَّقِ اللّٰهَ يُكَفِّرْ عَنْهُ سَيِّاٰتِهٖ وَيُعْظِمْ لَهٗۤ اَجْرًا

(စင်စစ် မည်သူမဆို အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ပါမူ ထိုအသျှင်မြတ်သည် ထိုသူ၏ ပြစ်မှုဒုစရိုက်များကို ထိုသူမှ ပပျောက်စေတော်မူမည်။ ၎င်းပြင် ထိုသူ၏ အကျိုးကျေးဇူးကို ကြီးကျယ်စေတော်မူပေမည်။) [၆၅ : ၅]

"သက္ကဝါ"တရား၏ "ဗရ်ကသ်"မင်္ဂလာတော် (၅) ရပ်

တင်ပြလျက်ရှိနေသော အာယသ်တော်များတွင် 'သက္ကဝါ'(ရှောင်ကြဉ်ခြင်းတရား) ၏ အကျိုးထူးများနှင့် 'ဗရ်ကသ်' (မင်္ဂလာတော်) များကို တင်ပြထားပေသည်။ ထိုအကျိုးထူးများနှင့် 'ဗရ်ကသ်' (မင်္ဂလာတော်) များ၏ အနှစ်ချုပ်မှာ အချက် (၅) ချက် ဖြစ်ပေသည်။

ပထမအချက် မှာ အလ္လာဟ်အသျှင် မြတ်သည် ပြစ်မှုဒုစရိုက်ကို ရှောင်ကြဉ်သောသူအဖို့ ကမ္ဘာလောကနှင့် တမလွန်'အာခိရသ်'၏ ဘေး ဒုက္ခများနှင့် အခက်အခဲများမှ လွတ်မြောက်မှု၏ လမ်းကြောင်းကို ထုတ်ဖော်ပေးပေမည်။

ဒုတိယအချက် မှာ ၎င်းအတွက် ရိဇိရိက္ခာကို ၎င်းမမျှော်လင့်ထားသော နေရာမှ တံခါးများကို ဖွင့်ပေးလိုက်တော်မူမည် ဖြစ်သည်။ တတိယအချက်မှာ ၎င်း၏ လုပ်ငန်းဆောင်တာများအားလုံး၌ လွယ်ကူမှုကို ဖန်တီးပေးသနားတော်မူပေမည်။

စတုတ္ထအချက် မှာ ၎င်း၏ ပြစ်မှုဒုစရိုက်များအား ချမ်းသာပလပ်ခွင့်ကို ပေးသနားတော်မူလိုက်ပေသည်။

ပဥ္စမအချက် မှာ ၎င်း၏ ကုသိုလ်အကျိုးစဝါးဖ်ကို သာပိုများပြားစွာ ချီးမြှင့်ပေးသနားတော်မူပေမည်။ အခြားတစ်နေရာ၌ 'သက္ကဝါ' (ရှောင်ကြဉ်ခြင်းတရား) ၏ အောက်ဖော်ပြပါ 'ဖုရ်ကာန်' (မဂ်လာတော်) ကိုလည်း ပြဆိုထားပေသည်။ ဤသို့ 'သက္ကဝါ'တရား ထားရှိခြင်းကြောင့် ၎င်းသည် အမှန်နှင့် အမှားကို ခွဲခြားရာ၌ လွယ်ကူမှုကို ပြုပေးထားတော်မူပေသည်။

اِنْ تَتَّقُوا اللّٰهَ يَجْعَلْ لَّكُمْ فُرْقَانًا

အကယ်၍ အသင်တို့သည် အလ္လာဟ်အသင်မြတ်အား ကြောက်ရွံ့ကြပါမူ ထိုအသျှင်မြတ်သည် အသင်တို့အား ခွဲခြမ်းစိတ်ဖြာ သိမြင်စေနိုင်သော အရာကို ပေးသနားတော်မူမည် ဖြစ်သည်။ [၈ : ၂၉]

ဟူသော အာယသ်တော်၏ အလိုသဘောမှာ ဤသည်သာလျှင် ဖြစ်ပေသည်။ ရှေ့၌ တစ်ဖန် 'သွလာက်'ပေးခြင်း ခံရသော အမျိုးသမီးများ၏ 'အိဒ္ဒသ်' (၎င်းအမျိုးသမီးတို့အား သုံးစွဲပေးရေး စရိတ်တို့၏ အကြောင်းနှင့် အခြားသော အမျိုးသမီးများအများစုတို့၏ ဝတ္တရားများကို ကျေပွန်ရန်ကို နှိုးဆော်မှု ပြုထားပေသည်။

اَسْكِنُوْهُنَّ مِنْ حَيْثُ سَكَنْتُمْ مِّنْ وُّجْدِكُمْ وَلَا تُضَآرُّوْهُنَّ لِتُضَيِّقُوْا عَلَيْهِنَّ

(အသင်တို့သည် ထိုကွာရှင်းပြီးဖြစ်ကြသော မိန်းမများအား မိမိတို့ နေထိုင်ကြရာတွင် မိမိတို့၏ ကြွယ်ဝမှုနှင့် လျော်ညီစွာ နေထိုင်ရန် အိမ်ပေးကြလေကုန်။ ထို့ပြင် အသင်တို့သည် ၎င်းတို့အပေါ်၌ ကျပ်တည်းစေရန်အလို့ငှာ ၎င်းတို့အား ဒုက္ခမပေးကြကုန်လင့်။) [၆၅ : ၆]

ဤအာယသ်တော်တွင် ထိုအမိန့်အား လိုက်နာရန် အရေးကြီးသော ရှုထောင့်အသွင်မျိုးကို တင်ပြထားပေသည်။ ထိုအမျိုးသမီးများကို အသင်တို့ကိုယ်တိုင် နေထိုင်ကြသော အိမ်များ၏ မည်သည့်နေရာ အစိတ်အပိုင်းတစ်ခု၌မှာမဆို 'အိဒ္ဒသ်'ရက်များ ပြည့်ဝသည့် အချိန်ထိတိုင် မိမိတို့ စွမ်းနိုင်သည့် အချက်နှင့် လျော်ညီစွာ နေထိုင်ခွင့် ပေးကြလေကုန်။ အကယ်၍ 'သွလာက်'ပေးခြင်းခံရသော အမျိုးသမီးသည် 'ရဂ္ဂျအီး' (ပြန်လည်ရုပ်သိမ်းပိုင်ခွင့်ရှိသော 'သွလာက်') 'သွလာက်'အမျိုးအစား ဖြစ်သည်ဆိုလျှင် ဇနီးမောင်နှံနှစ်ဦးအကြား အတားအဆီး တစ်စုံတစ်ရာကိုမျှပင် လိုအပ်မည်မဟုတ်ပေ။ သို့ရာတွင် 'ဗားအင်န် သွလာက်' (ပြတ်တောက်သွားသော 'သွလာက်') သို့မဟုတ် သုံး 'သွလာက်'ပေးထားပါမူ ယခု 'နေကာဟ်'၏ ဆက်နွယ်မှုသည် ပြတ်တောက်သွားပြီးဖြစ်ရာ ထိုအမျိုးသမီးသည် ခင်ပွန်းဟောင်းဖြင့် 'ပရ်ဒါ' (အတားအဆီး) ဖြင့် နေထိုင်သင့်သည့်အတွက်ကြောင့် 'ပရ်ဒါ' (အတားအဆီး) နှင့်အတူ ထိုအိမ်၌ နေထိုင်စေရန် စီမံမှုကို ပြုပေးရပေမည်။

ပညတ်ချက် ၁၀

("သွလားက်"ပေးခြင်း ခံရသော အမျိုးသမီးများအား "အိဒ်ဒသ်"ရက်ပိုင်းကာလအတွင်း စိတ်ဆင်းရဲမှုဖြစ်အောင် မပြုရန်အကြောင်း)

لَا تُضَارُّوْهُنَّ (၎င်းတို့အား ဒုက္ခမပေးကြကုန်လင့်။) *[၆၅ : ၆]*

အာယသ်တော်၏ အလိုသဘောမှာ ဤသို့ ဖြစ်သည်။ 'အိဒ်ဒသ်' ရက်ပိုင်း ကာလများအတွင်း၌ 'သွလားက်' ပေးခြင်းခံရသော အမျိုးသမီးတို့သည် အသင်တို့နှင့်အတူ နေထိုင်လျက် ရှိနေကြစဉ် ထိုအမျိုးသမီးများ မသက်သာတော့၍ ထွက်ခွာသွားရလောက်အောင် စောင်းချိတ်ကဲ့ရဲ့ ပြစ်တင်ပြောဆို၍သော်လည်းကောင်း၊ (သို့မဟုတ်) ထိုအမျိုးသမီး၏ လိုအပ်ချက်များ၌ စိတ်ကျဉ်းကြပ်မှုဖြစ်အောင် ပြုကာ ဒုက္ခပေးမှုကိုလည်းကောင်း မပြုကြကုန်လင့်။

وَاِنْ كُنَّ اُولَاتِ حَمْلٍ فَاَنْفِقُوْا عَلَيْهِنَّ حَتّٰى يَضَعْنَ حَمْلَهُنَّ

(ထို့ပြင် အကယ်၍ ထိုမိန်းမများမှာ ကိုယ်ဝန်ရှိသူများ ဖြစ်ခဲ့ကြပါလျှင် အသင်တို့သည် ၎င်းတို့နှင့် ပတ်သက်၍ ၎င်းတို့သည် မိမိတို့၏ ကိုယ်ဝန်ကို ဖွားမြင်ကြသည်အထိ သုံးစွဲကြလေကုန်။) *[၆၅ : ၆]*

ဆိုလိုသည်မှာ အကယ်၍ 'သွလားက်'ပေးခြင်းခံရသော အမျိုးသမီးသည် ကိုယ်ဝန်ဆောင်များ ဖြစ်ပါမူ၊ ထိုအမျိုးသမီးများ ကလေးမွေးဖွားသည့် အချိန်ထိတိုင် သုံးစွဲပေးမှုကို ပြုကြကုန်။

ပညတ်ချက် ၁၁

("သွလားက်"ပေးခြင်းခံရသော အမျိုးသမီးများအတွက် "အိဒ်ဒသ်"ရက်အတွင်း အသုံးစရိတ်အကြောင်း)

ဤအထက်တင်ပြပါ အာယသ်တော်၌ 'သွလားက်'ပေးခြင်းခံရသော အမျိုးသမီးများသည် အကယ်၍ ကိုယ်ဝန်ဆောင်များ ဖြစ်ပါမူ ကလေးဖွားမြင်လာသည့် အချိန်ထိတိုင် ၎င်းသူမတို့အဖို့ သုံးစွဲပေးရေးစရိတ်သည် ခင်ပွန်းသည်အပေါ်၌ အရေးကြီးကြောင်း'ကို ပြဆိုထားပေသည်။ ထို့ကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် စပ်လျဉ်း၍ အွမ္မသ် (နောက်လိုက်ထု) တစ်ရပ်လုံး၏ အာလင်မ်သာသနာ့ပညာရှင်များသည် 'ကလေးဖွားမြင်လာသည့် အချိန်ထိတိုင် 'အိဒ်ဒသ်'ထိုင်ရမည်ဖြစ်သော ကိုယ်ဝန်ဆောင် အမျိုးသမီး၏ စားစရိတ်သည် ယင်းကာလ ပြည့်ဝသည့်ထိတိုင် ခင်ပွန်းသည်အပေါ် 'ဝါဂျိဗ်'ဖြစ်ကြောင်း' တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ထားကြပေသည်။ ကိုယ်ဝန်ဆောင်မဟုတ်သည့် ကျန်ရှိသည့် အမျိုးသမီး အတန်းအစားတို့သည် အကယ်၍ 'ရဂ်ျအီး' (ပြန်လည်ရုပ်သိမ်းခွင့်ရှိခြင်း၏) 'သွလားက်'ပေးခံရသည်ဆိုလျှင် ထိုအမျိုးသမီး၏ 'အိဒ်ဒသ်'ရက်ပိုင်းကာလရှိ သုံးစွဲစရိတ်သည်လည်း ခင်ပွန်းသည်၏ အပေါ်၌ 'ဝါဂျိဗ်'ဖြစ်ကြောင်း

အွမ္မသ်နောက်လိုက်ထုတစ်ရပ်လုံး ဆုံးဖြတ်ချက်ချက်ထားကြပေသည်။ 'ဗာအင်းန်သွလားက်' (သို့မဟုတ်) (၃) 'သွလားက်'ပေးခြင်းခံရသော အမျိုးသမီးများ၊ (သို့မဟုတ်) 'ခိုလာအ်' အစရှိသော အချက်များ၏ အကြောင်းခံဖြင့် မိမိတို့၏ နေကာဟ်'ကို ဖျက်ခိုင်းသော အမျိုးသမီးများ၊ ထိုအမျိုးသမီးတို့နှင့် စပ်လျဉ်း၍ အေမာမ်ရှာဖေအီ၊ အေမာမ်အဟ်မဒ်နှင့် အခြားသော အေမာမ်များ၏ အဆိုမှာ ၎င်းတို့အား သုံးစွဲစရိတ်ပေးခြင်းသည် ခင်ပွန်းသည်အပေါ် 'ဝါဂျိဗ်'မဟုတ်ကြောင်း'ဟူ၍ ဖြစ်သည်။ အေမာမ်အဘူဟာနီဖာ သခင်ကြီး ထံ၌ ၎င်းတို့အဖို့ သုံးစွဲစရိတ်ပေးခြင်းသည် ခင်ပွန်းသည်အပေါ် အရေးကြီးကြောင်းဟူ၍ ဖြစ်ပေသည်။ ၎င်းထံ၌ 'သွလားက်'ပေးခြင်းခံရသော အမျိုးသမီးများအားလုံးတို့အဖို့ နေထိုင်ရန် စီစဉ်ပေးခြင်း 'ဝါဂျိဗ်'ဖြစ်သလို 'သွလားက်'ပေးခြင်းခံရသော မည်သည့်အမျိုးအစား၊ အမျိုးသမီးတို့အဖို့လည်း သုံးစွဲစရိတ်ပေးရန် 'ဝါဂျိဗ်'ဖြစ်ပေသည်။ အထောက်အထားသည် ဤတင်ပြပါ အာယသ်တော်သည်သာလျှင် ဖြစ်ပေသည်။ ယင်းအာယသ်တော်အတွင်း၌ 'သွလားက်'ပေးခြင်းခံရသော အမျိုးသမီးများအားလုံးတို့အတွက် နေထိုင်ရန် စီမံပေးခြင်းကို အရေးကြီးသော အချက်အဖြစ် မိန့်မြွက်ထားပေသည်။ ဆိုလိုသည်မှာ

اَسۡكِنُوۡهُنَّ حَيۡثُ سَكَنۡتُمۡ مِّنۡ وُّجۡدِكُمۡ

(အသင်တို့သည် ထိုကွာရှင်းပြီးဖြစ်ကြသော မိန်းမများအား မိမိတို့နေထိုင်ကြရာတွင် မိမိတို့၏ ကြွယ်ဝမှုနှင့် လျော်ညီစွာ နေထိုင်ရန် အိမ်ပေးကြလေကုန်။) [၆၅ : ၆]

အဘာယ်ကြောင့်ဆိုသော် ထိုအာယသ်တော်နှင့် စပ်လျဉ်း၍ ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န် မတ်စ်အူးဒ် ؓ သခင်ကြီး၏ ရွတ်ဖတ်မှုမှာ-

اَسۡكِنُوۡهُنَّ مِنۡ حَيۡثُ سَكَنۡتُمۡ وَاَنۡفِقُوۡا عَلَيۡهِنَّ مِنۡ وُّجۡدِكُمۡ

(အသင်တို့သည် ထိုမိန်းမများအား မိမိတို့နေထိုင်ကြရာတွင် မိမိတို့၏ ကြွယ်ဝမှုနှင့် လျော်ညီစွာ နေထိုင်ရန် အိမ်ပေးကြကုန်။ ထို့ပြင် သုံးစွဲမှုကို ပြုပေးကုန်။) [၆၅ : ၆]

ဟူ၍ ဖြစ်ပေသည်။ ရွတ်ဖတ်မှုတစ်ရပ်သည် အခြားရွတ်ဖတ်မှုတစ်ရပ်အတွက် အကျယ်ဖွင့်ဆိုသော အရာပင် ဖြစ်ပေသည်။ အထက်ပါအချက်မှ 'တင်ပြလျက်ရှိနေသော အာယသ်တော်၏ ကျော်ကြားသော ရွတ်ဖတ်မှု၌လည်း اَنۡفِقُوۡا (သုံးစွဲပေးကြလေကုန်) ဟူသော စကားလုံးကို မတင်ပြဘဲ မြှုပ်ထားပေသည်။) ထိုသို့ မတင်ပြဘဲနှင့် မြှုပ်ထားခြင်းသည် 'သွလားက်' ပေးခြင်းခံရသော အမျိုးသမီးများ အားလုံးတို့အဖို့ နေထိုင်ရန် စီမံမှုပေးရန်သည် ခင်ပွန်းသည်များအပေါ် အရေးကြီးထားစေသလို စားစရိတ်ဝတ္တရားသည်လည်း 'အိဒ်ဒသ်'ရက်များထိတိုင် 'ဝါဂျိဗ်'အဖြစ် ပြုထားကြောင်း' ကို သိရှိရပေသည်။ ဤအချက်အား အထောက်အကူပြုမှုသည် ဟဇရသ်ဖာရူကေ့အအ်ဇွားမ်နှင့် အခြားများစွာသော ဆွဟာဗာကြီးများ၏ ဤ အောက်ဖော်ပြပါ အဆိုဖြင့်လည်း အသာပေး၍ ရရှိပေသည်။ ၎င်းတို့သည် ခင်ပွန်းသည်၏ဘက်မှ (၃) 'သွလားက်'ပေးခြင်း ခံလိုက်ရသော ဖာသွေမာဗင်န်သေ့ကိုက်စ်သခင်မကြီး၏ 'တမန်တော်မြတ် ﷺ သည်

၄င်း၏ အသုံးစရိတ်ကို မိမိ၏ ခင်ပွန်းသည်အပေါ် အရေးမကြီးဟူ၍ မိန့်မြွက်ခဲ့သော' ဆင့်ပြန်ချက်ကို 'ကျွန်ုပ်တို့သည် ထိုအမျိုးသမီး၏ ဆင့်ပြန်ချက်ကို အခြေခံမှုတည်၍ ကုရ်အာန်ကျမ်းတော်မြတ်နှင့် တမန်တော်မြတ် ﷺ ၏ စွန္နသ်တော်ကို မစွန့်လွှတ်နိုင်ပေ။

ကုရ်အာန်ကျမ်းမြတ်နှင့် စွန္နသ်တော်၌ 'သွလားက်'ပေးခြင်း ခံရသော အမျိုးသမီးများအားလုံး၏ 'အိဒ်ဒသ်'ရက်ပိုင်းအတွင်း အသုံးစရိတ်ကို ခင်ပွန်းသည်များအပေါ် 'ဝါဂျိဗ်'အဖြစ် ပြုထားပေသည်'ဟူ၍ ချေပတော်မူလိုက်ကြပေသည်။ *[မွတ်စ္စလင်မ်ကျမ်း]*

ထိုချေပချက်အတွင်း၌ 'ကေသာဗုလ်လား'ဟူသော အကိုးအကားမှ ပြင်ပသဏ္ဍာန်အားဖြင့် ဤအာယသ်တော်ဖြစ်ကြောင်းကိုသာလျှင် အလိုသဘော ကောက်ယူ၍ရပေသည်။ ဟဇရသ်ဖာရူကေ့အအ်ဇွားမ်သခင်ကြီးထံ၌ အာယသ်တော်၏ အလိုသဘော၌ စားစရိတ်သည်လည်း ပါဝင်ပေသည်။ စွန္နသ်တော်၏ အလိုသဘောသည် ဟဇရသ်အုမရ်ဗင်နိခ သ္တ်သွားဗ်သခင်ကြီးထံမှ သွဟာဝီသခင်ကြီး၊ ဒါရေကုသ္တ်နီ သခင်ကြီးနှင့် သွဗ်ရာနီးသခင်ကြီးတို့သည် ဆင့်ပြန်ထားသော ဟဒီးစ်တော်ပင် ဖြစ်ပေသည်။ ဟဇရသ်အုမရ် ؓ သခင်ကြီးက မိန့်ဆိုခဲ့သည်မှာ ကျွန်ုပ်သည် တမန်တော်မြတ် ﷺ ၏ ထံတော်မှ 'ကိုယ်တော်မြတ်သည် သုံး 'သွလားက်'ပေးခြင်းခံရသော အမျိုးသမီးအတွက်လည်း စားစရိတ်ပေးခြင်းနှင့် နေထိုင်ရန် နေရာ၊ အိမ်၊ စီစဉ်ပေးရန် 'ဝါဂျိဗ်' ဖြစ်ကြောင်း မိန့်မြွက်ချက်ကို ကြားသိခဲ့ရပေသည်။

အနှစ်ချုပ်တင်ပြချက်မှာ 'ကိုယ်ဝန်ဆောင်အမျိုးသမီးများ၏ 'အိဒ်ဒသ်'ရက်ပိုင်းကာလအတွင်း သုံးစွဲစရိတ်ကိုမူ ရှင်းလင်းစွာဖြင့် အာယသ်တော်က 'ဝါဂျိဗ်'အဖြစ် အတည်ပြုထားသည့်အတွက်ကြောင့် ထိုအချက်အပေါ် အွမ္မသ် (နောက်လိုက်ထု) တစ်ရပ်လုံးက တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်ချထားကြခြင်း၊ ဤကဲ့သို့ပင် 'ရဂ်ျအီး' (ပြန်လည်ရုပ်သိမ်းပိုင်ခွင့်ရှိသော) 'သွလားက်'ပေးခြင်းခံရသော အမျိုးသမီးသည် ယခုအချိန်ထိတိုင် 'နေကာဟ်'မပျက်သေးကာ ၄င်းအမျိုးသမီးအား သုံးစွဲစရိတ်ပေးရန်ကိုလည်း 'ဝါဂျိဗ်' အဖြစ် တပြိုင်နက်တည်း သတ်မှတ်ထားကြောင်း၊ 'ဗာအင်န်သွလားက်'ပေးခြင်း ခံရသော အမျိုးသမီး၊ (သို့မဟုတ်) (၃) 'သွလားက်'ပေးခြင်းခံရသော အမျိုးသမီး အစရှိသော သူမတို့၏ အမှုကိစ္စနှင့် စပ်လျဉ်း၍ ဓမ္မသတ်ပညာရှင်များကြားဝယ် အကွဲအလွဲရှိခြင်းအကြောင်းနှင့် အေမာမ်အအ်ဇွားမ်သခင်ကြီးထံ၌ ထိုအမျိုးသမီးတို့အား သုံးစွဲစရိတ်ပေးရန်သည် 'ဝါဂျိဗ်'ဖြစ်ကြောင်း'ဟူ၍ ဖြစ်ပေသည်။ ထိုအချက်၏ ပြည့်ဝသော အကျယ်ဖွင့်ဆိုချက်ကို မဇ္ဇဟရီးကျမ်း၌ ကြည့်ရှုနိုင်ပေသည်။

فَاِنۡ اَرۡضَعۡنَ لَـكُمۡ فَاٰتُوۡهُنَّ اُجُوۡرَهُنَّ

(အကယ်၍ ၄င်းတို့သည် အသင်တို့၏ အကျိုးငှာ နို့တိုက်ကျွေးခဲ့ကြလျှင် ၄င်းတို့သည် ၄င်းတို့အား အကျိုးအခကို ပေးကြကုန်။) *[၆၅ : ၆]*

ဆိုလိုသည်မှာ 'သွလားက်'ပေးခြင်း ခံရသော အမျိုးသမီးများသည် ကိုယ်ဝန်ဆောင်များဖြစ်ရှိ၍ နေပေသည်။ တစ်ဖန် ကိုယ်ဝန်မှ ကလေးမွေးဖွားလိုက်သည်ဆိုလျှင် ၄င်းအမျိုးသမီးတို့၏ 'အိဒ်ဒသ်'သည်မှု

ကလေးမီးဖွားလိုက်သည့်အတွက်ကြောင့် ပြည့်ဝသွားပေသည်။ ထို့ကြောင့် အမျိုးသမီးတို့အတွက် စရိတ်ပေးဆောင်ရန်သည် ခင်ပွန်းသည်အပေါ် အရေးမကြီးပေ။ သို့ရာတွင် မွေးဖွားလာသော ကလေးအား 'သွလားက်'ပေးခြင်းခံရသော မိခင်သည် နို့တိုက်ကျွေးပါမူ နို့တိုက်ကျွေးခအဖြစ် ယူခြင်း၊ ပေးခြင်းသည် ပိုင်ပေသည်။

ပညတ်ချက် ၁၂

'ရသွာအသ်'သည် ကလေးအား နို့တိုက်ကျွေးခြင်း၏ အဖိုးအခဖြစ်ပေသည်။ ဇနီးသည် ခင်ပွန်းသည်၏ 'နေကာဟ်'အတွင်း၌ တည်ရှိနေသရွေ့ ကာလပတ်လုံး ကလေးငယ်ကို နို့တိုက်ကျွေးခြင်းသည် မိခင်၏ တာဝန်ဖြစ်ကြောင်း ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်ဖြင့် 'ဝါဂျိဗ်'ဖြစ်ပေသည်။

وَالْوَالِدَاتُ يُرْضِعْنَ اَوْ لَادَهُنَّ

(စင်စစ် မိခင်များသည် ယောကျ်ားနှင့် ပြတ်စဲသည်ဖြစ်စေ၊ မပြတ်သည်ဖြစ်စေ မိမိတို့၏ သားသမီးများကို နို့တိုက်ကျွေးရမည်။) *[၂ : ၂၃၃]*

အကြင်အလုပ်ကိစ္စရပ်သည် မိမိအပေါ် 'ဝါဂျိဗ်'ဖြစ်ပေရာ ထိုကိစ္စရပ်အပေါ် အဖိုးအခ ရယူခြင်းသည် လာဘ်စားခြင်း၏ အမိန့်တွင် ပါဝင်သွားပေသည်။ ရယူခြင်းလည်း မပိုင်သလို ပေးခြင်းလည်း မပိုင်ပေ။ 'အိဒ်ဒသ်'ရက်ပိုင်း ကာလသည်လည်း ထိုအမှုကိစ္စ၌ 'နေကာဟ်'၏ အမိန့်အတွင်း၌ ပါဝင်ပေသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးအား စားစရိတ်ပေးရန်သည် 'နေကာဟ်'ရှိနေသော အခြေအနေ၌ ခင်ပွန်းသည်အပေါ် အရေးကြီးသလို 'အိဒ်ဒသ်'ရက်ပိုင်းကာလအတွင်း၌လည်း 'ဝါဂျိဗ်'ဖြစ်ပေသည်။ သို့သာမက ကလေးမီးဖွားလိုက်သည့် အကြောင်းခံကြောင့် 'အိဒ်ဒသ်'ရက် ကုန်ဆုံးသွားကာ လွတ်လပ်သော သူမ ဖြစ်သွားသည်ဆိုလျှင် ၎င်းအမျိုးသမီးအား စရိတ်ပေးရန်သည် ခင်ပွန်းသည်အပေါ်၌ 'ဝါဂျိဗ်'အဖြစ် မတည်ရှိတော့ပေ။ ယခု အကယ်၍ ဤအမျိုးသမီးသည် ထိုကလေးအား နို့တိုက်ကျွေးပါမူ တင်ပြလျက်ရှိသော အာယသ်တော်က နို့တိုက်ကျွေးခြင်းကို ပေးခြင်း၊ ရယူခြင်း ပိုင်သည်ဟူ၍ သတ်မှတ်ပေးထားပေသည်။

ပညတ်ချက် ၁၃

وَأْتَمِرُوْا بَيْنَكُمْ بِمَعْرُوْفٍ

(ထို့ပြင် အသင်တို့သည် မိမိတို့အချင်းချင်း သင့်လျော်စွာ ညှိနှိုင်းတိုင်ပင်ကြလေကုန်။) *[၆၅ : ၆]*

'အိအ်သိမားရ်'၏ လုံးချင်းကောက် အဓိပ္ပာယ်သည် အချင်းချင်းကြား ညှိနှိုင်းတိုင်ပင်ခြင်းနှင့် တစ်ဦး၏ စကား တစ်ဦးလက်ခံခြင်းဟူ၍ ဖြစ်သည်။ အလိုသဘောမှာ 'နို့တိုက်ကျွေးခြင်း၏ အဖိုးအခနှင့် စပ်လျဉ်း၍ ဇနီးမောင်နှံ (၂) ဦးစလုံးကို အချင်းချင်းကြား ပြဿနာတစ်စုံတစ်ရာ တက်လာခြင်း၏ အခြေ

အနေ မပေါ်ပေါက်လာစေရန် လမ်းညွှန်ချက်ပေးထားခြင်း'ဟူ၍ ဖြစ်သည်။ 'သွလားက်'ပေးခြင်းခံရသော အမျိုးသမီးသည် အများပေးသော အဖိုးအခထက် သာပို၍ မတောင်းခံရန်နှင့် ခင်ပွန်းသည်လည်း အများသဘောတူသော အဖိုးအခနှင့် လျော်ညီစွာ ပေးခြင်းမှ ငြင်းဆိုမှုကိုလည်း မပြုလေနှင့်။ တစ်ဦးသည် အခြားတစ်ဦးနှင့်အတူ တရားမျှတစွာ ဆက်ဆံရန်ပင် ဖြစ်ပေသည်။

ပညတ်ချက် ၁၄

وَإِنْ تَعَاسَرْتُمْ فَسَتُرْضِعُ لَهُ أُخْرَى

(သို့ရာတွင် အကယ်၍ အသင်တို့သည် အချင်းချင်း မပြေမလည် ဖြစ်ခဲ့ကြပါလျှင် ထိုဖခင်၏အကျိုးငှာ အခြားမိန်းမတစ်ဦးတစ်ယောက်သည် နို့တိုက်ရမည်ဖြစ်၏။) *[၆၅ : ၆]*

ဆိုလိုသည်မှာ အကယ်၍ နို့တိုက်ကျွေးရန် ကိစ္စရပ်၌ အချင်းချင်းကြား ညှိနှိုင်းတိုင်ပင်ကာ ဆုံးဖြတ်၍ မရရှိချိန်၌သော်လည်းကောင်း၊ (သို့မဟုတ်) သက်ဆိုင်ရာ အမျိုးသမီးသည် အကယ်၍ မိမိ၏ ကလေးကို အဖိုးအခယူ၍လည်းကောင်း နို့တိုက်ကျွေးရန်ကို ငြင်းဆိုသမှုပြုနေသည်ဆိုပါက ၎င်းအမျိုးသမီးအား ဥပဒေအရ အကြပ်ကိုင်၍ မရပေ။ သို့သာမက 'မိခင်၏ မေတ္တာသည် ကလေးအပေါ် အားလုံးသော အရာတို့ထက် သာပိုများပြားနေသည့် ကြားကပင် ငြင်းဆိုမှုကို ပြုနေသည်ဆိုလျှင် အမှန်တကယ် ချွင်းချက်တစ်စုံတစ်ရာ ရှိသည်' ဟူ၍ မှတ်ယူရပေမည်။ သို့ရာတွင် အကယ်၍ အမှန်တကယ် ထိုအမျိုးသမီးထံ၌ ချွင်းချက်၊ အကြောင်းပြချက် တစ်စုံတစ်ရာမျှမရှိဘဲ ဒေါသနှင့် မကျေနပ်မှုတို့ကြောင့်သာလျှင် ငြင်းဆိုနေမည်ဆိုပါက အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ ထိုအမျိုးသမီးသည် ပြစ်မှုရှိသော သူမ ဖြစ်နိုင်ပေလိမ့်မည်။ သို့ရာတွင် တရားသူကြီး၏ တရားစီရင်မှုသည် ထိုအမျိုးသမီးအား နို့တိုက်ကျွေးရန် အကြပ်ကိုင်၍ မရရှိပေ။

ဤကဲ့သို့ပင် အကယ်၍ ခင်ပွန်းသည် နို့တိုက်ကျွေးရန် အဖိုးအခကို ကျပ်တည်းဆင်းရဲမှုကြောင့် မစွမ်းနိုင်က အခြားသော အမျိုးသမီးတစ်ဦးသည် အဖိုးအခကင်းမဲ့စွာ သို့မဟုတ် 'သွလားက်'ပေးခြင်းခံရသော မိခင်၏ တောင်းခံမှုထက် လျော့ကာ နို့တိုက်ကျွေးခကို တောင်းခံသည်ဆိုလျှင် ခင်ပွန်းသည်အား 'မိခင်၏ တောင်းဆိုချက်ကို လက်ခံ၍ ထိုမိခင်မှသာလျှင် တိုက်ကျွေးနိုင်းရမည်' ဟူ၍ အကြပ်ကိုင်မှုမျိုးကို မပြုရပေ။ သို့သာမက အထက်တင်ပြပါပုံစံ နှစ်ရပ်စလုံး၌ အခြားသော အမျိုးသမီးဖြင့် ထိုကလေးကို နို့တိုက်ကျွေးခိုင်းခြင်းသည် ဓမ္မသတ်ပညာရှင်များအားလုံးသည် တစ်ညီတစ်ညွတ်တည်း ခင်ပွန်းသည်အတွက် မပိုင်ဟူ၍ အမိန့်ရှိထားကြပေသည်။

ဓမ္မသတ် ။ ။ အကယ်၍ အခြားသော အမျိုးသမီးအား နို့တိုက်ကျွေးခိုင်းရန် ဆုံးဖြတ်ထားပါမူ နို့တိုက်ကျွေးသော မိခင်ကို ကလေး၏ မိခင်အရင်း၏ အနီးအပါး၌ထားကာ နို့တိုက်ကျွေးရန် အရေးကြီးပေသည်။ မိခင်အရင်းနှင့် သီးခြားစွာ ထား၍ နို့တိုက်ကျွေးခိုင်းခြင်းသည် မပိုင်ပေ။ အဘယ်ကြောင့်ဆိုသော်

'ဟာသွာနသ်' ဆိုလိုသည်မှာ 'စာရိတ္တပြုပြင်ခြင်းနှင့် မိမိတို့၏ ထိန်းသိမ်းစောင့်ရှောက်မှုအောက်၌ ထားရှိခြင်းသည် ဆွဟီးဟ်ဟဒီးစ်တော်များ၏ ရှုထောင့်အရ မိခင်၏ ဝတ္တရား ဖြစ်ပေသည်။ ထိုမိခင်ထံမှ ဤဝတ္တရားကို ရုပ်သိမ်းလိုက်ခြင်းသည် မပိုင်ပေ။ *[သဖ်စီးရေမဇ္ဇ်ဟရီး]*

ပညတ်ချက် ၁၅

ဇနီးသည်၏ သုံးစွဲစရိတ်နှင့် စပ်လျဉ်း၍ အတိုင်းအတာသည် ခင်ပွန်းသည်၏ အခြေအနေကို ထောက်ရှုရပေမည်။

لِيُنفِقْ ذُوسَعَةٍمِّنْ سَعَتِهِ وَمَنْ قُدِرَ عَلَيْهِ رِزْقُهُ فَلْيُنفِقْ مِمَّا اٰتٰهُ اللّٰهُ

(ကြွယ်ဝချမ်းသာသောသူသည် မိမိ၏ ကြွယ်ဝမှုနှင့် လျော်ညီစွာ သုံးစွဲရပေမည်။ သို့ရာတွင် စီးပွားဥစ္စာ ကျပ်တည်းသောသူမှာမူ မိမိအား အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ပေးသနားတော်မူသမျှသော ဥစ္စာပစ္စည်းအနက်မှ သုံးစွဲရပေမည်။) *[၆၅ : ၇]*

ဆိုလိုသည်မှာ ကြွယ်ဝသူသည် မိမိ၏ ချောင်လည်မှုနှင့် ကိုက်ညီစွာ သုံးစွဲရမည်ဖြစ်ပြီး ကျပ်တည်းသောသူသည်လည်း မိမိ၏ ဝင်ငွေနှင့်အညီ သုံးစွဲမှုကို ပြုရပေမည်။ အထက်တင်ပြပါ အာယသ်တော်၏ အလိုသဘောမှ 'အမျိုးသမီး၏ သုံးစွဲစားရိတ်နှင့် စပ်လျဉ်း၍ အမျိုးသမီး၏ အခြေအနေကို ထောက်ရှုရမည်မဟုတ်ဘဲ သို့သာမက ခင်ပွန်းသည်၏ အခြေအနေနှင့် လျော်ညီစွာ အသုံးစရိတ်ပေးရန်သည် 'ဝါဂျိဗ်' ဖြစ်ကြောင်း၊ ဇနီးသည်သည် မချမ်းသာကာ ကျပ်တည်းဆင်းရဲနေသောသူ ဖြစ်နေလင့်ကစား အကယ်၍ ခင်ပွန်းသည်သည် ကြွယ်ဝချမ်းသာသူ ဖြစ်လျှင် ချမ်းသာသည့် ပုံစံမျိုးဖြင့် သုံးစွဲခြင်းသည် 'ဝါဂျိဗ်'ဖြစ်ကြောင်း၊ အကယ်၍ ဇနီးသည်သည် ကြွယ်ဝချမ်းသောသူမ ဖြစ်နေလင့်ကစား အကယ်၍ ခင်ပွန်းသည်သည် ဆင်းရဲသောသူ ဖြစ်ပါက ၎င်း၏ တတ်စွမ်းနိုင်ချက်နှင့်အညီ သုံးစွဲပေးခြင်း 'ဝါဂျိဗ်'ဖြစ်ကြောင်း' ကို သိရှိရပေသည်။ အေမာမ်အဘူဟာနီဖာသခင်ကြီး၏ လမ်းစဉ်မှာလည်း ဤသို့သာလျှင် ဖြစ်ပေသည်။ အချို့အခြားသော ဓမ္မသတ်ပညာရှင်ကြီးများ၏ အဆိုများသည် အထက်တင်ပြပါအဆိုနှင့် ဆန့်ကျင်ဘက်လည်း ဖြစ်နေပေသည်။ *[သဖ်စီးရေမဇ္ဇ်ဟရီကျမ်း]*

لَا يُكَلِّفُ اللّٰهُ نَفْسًا اِلَّا مَآ اٰتٰهَا سَيَجْعَلُ اللّٰهُ بَعْدَ عُسْرٍ يُّسْرًا

(အလ္လာဟ်အသျှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မိမိ ချီးမြှင့်ပေးသနားတော်မူခဲ့သည်ထက် ပို၍ တာဝန်ပေးတော်မူသည် မဟုတ်ပေ။ အလ္လာဟ်အသျှင်မြတ်သည် ကျပ်တည်းမှု၏ နောက်တွင် မကြာမီပင် ချောင်လည်မှုကို ဖန်တီးပေးသနားတော်မူမည်။) *[၆၅ : ၇]*

ဤသည် ထိုလွန်ခဲ့သော ဝါကျအား သာပို၍ ရှင်းလင်းချက် ထုတ်ပေးထားခြင်း ဖြစ်ပေသည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ၎င်းတတ်စွမ်းနိုင်သည်ထက် ပို၍ ဒုက္ခပေးသည် မဟုတ်ပေ။ ဤအတွက်ကြောင့် နွမ်းပါးသော သူဆင်းရဲခင်ပွန်းသည်အပေါ် လက်ရှိ

အချိန်၌ မိမိ၏ တည်ရှိနေသော အခြေအနေအရသာ သုံးစွဲခြင်းသည် 'ဝါဂျိဗ်'ဖြစ်ပေသည်။ ရှေ့၌ ဖော်ပြခဲ့သော အာယသ်တော်တွင် ဒေါသန်း ခုနစ်ချက် ကျပ်တည်းကာ သုံးစွဲပေးမှုအပေါ် ရောင့်ရဲတင်းတိမ်မှု ထားရှိခြင်းနှင့် ထိုပုံစံမျိုး သုံးစွဲပေးမှုအပေါ် သည်းခံခြင်းတရား ထားရှိခြင်း၏ လမ်းညွှန်မှုကို ပြရန်အတွက် မိန့်တော်မူထားပေသည်။

سَيَجْعَلُ اللَّهُ بَعْدَ عُسْرٍ يُسْرًا

(အလ္လာဟ်အသျှင်မြတ်သည် ကျပ်တည်းမှု၏ နောက်တွင် မကြာမီပင် ချောင်လည်မှုကို ဖန်တီး၍ ပေးသနားတော်မူပေမည်။) *[၆၅ : ၇]*

ဆိုလိုသည်မှာ 'တစ်ဦးတစ်ယောက်သည် လက်ရှိအခြေအနေ၌ ကျပ်တည်းမှုဖြစ်နေပေရာ ဤကျပ်တည်းမှုသည် အစဉ်အမြဲ တည်ရှိနေလိမ့်မည်'ဟူ၍ မတွေးထားသင့်ပေ။ သို့သာမက ကျပ်တည်းမှုနှင့် ချောင်ချိမှုသည် အလ္လာဟ်အသျှင်မြတ်၏ လက်ဝယ်တွင်း၌ ရှိနေပေသည်။ ထိုအသျှင်မြတ်သည် ကျပ်တည်းမှု၏နောက် ချောင်ချိမှုကို ပေးသနားတော်မူနိုင်ပေသည်။

အကျိုးထူး

ဤအာယသ်တော်၌ ဖနီးသည်များကို ကျပ်တည်းကျဉ်းမြောင်းစွာဖြင့် ထားလေ့မရှိကာ တတ်စွမ်းနိုင်သမျှ အရေးကြီးသော သုံးစွဲမှုကို သုံးစွဲမှုပြုရန် ကြိုးစားလျက် ရှိနေသော ခင်ပွန်းသည်များအတွက် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ချောင်ချိမှု ရရှိခြင်းဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားခြင်း ဖြစ်ပေသည်။ (အလ္လာဟ်အသျှင်မြတ်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေသည်။) *[ရှုဟုလ်မအာနီးကျမ်း]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَكَأَيِّن مِّن قَرْيَةٍ عَتَتْ عَنْ أَمْرِ رَبِّهَا وَرُسُلِهِ فَحَاسَبْنَاهَا حِسَابًا شَدِيدًا وَعَذَّبْنَاهَا عَذَابًا نُّكْرًا ⑧

၆၅ : ၈ ။ ။ စင်စစ် မြောက်မြားစွာသော မြို့ရွာ များ (၌ နေထိုင်သောသူတို့) သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အမိန့်တော်ကိုလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်များ၏ အမိန့်များကိုလည်းကောင်း ဖီဆန်တော်လှန်ခဲ့ကြလေ၏။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ယင်းမြို့ (သူ) ရွာ (သား) တို့အား ပြင်းထန်စွာ စစ်ဆေးတော်မူသည့်အပြင်၊ ၄င်းတို့အား ဆိုးရွားလှသော ပြစ်ဒဏ်ကို တပ်ရိုက်စီရင်တော်မူခဲ့သည်။

فَذَاقَتْ وَبَالَ أَمْرِهَا وَكَانَ عَاقِبَةُ أَمْرِهَا خُسْرًا ⑨

၆၅ : ၉ ။ ။ မည်သို့ပင်ဖြစ်စေ ယင်းမြို့ (သူ) ရွာ (သား) တို့မှာ မိမိတို့၏ အမှုကိစ္စများနှင့် စပ်လျဉ်း၍ ပြစ်ဒဏ်ကို မြည်းစမ်းခဲ့ကြရကုန်၏။ စင်စစ် ၄င်းတို့၏ နောက်ဆုံးအကျိုးမှာ ဆုံးရှုံးမှုပင် ဖြစ်ခဲ့လေ၏။

أَعَدَّ اللَّهُ لَهُمْ عَذَابًا شَدِيدًا ۖ فَاتَّقُوا اللَّهَ يَا أُولِي الْأَلْبَابِ الَّذِينَ
آمَنُوا ۚ قَدْ أَنزَلَ اللَّهُ إِلَيْكُمْ ذِكْرًا ⑩

၆၅ : ၁၀ ။ ။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့နှင့် ပတ်သက်၍ ပြင်းထန်လှစွာသော ပြစ်ဒဏ်ကို အဆင်သင့် ပြုလုပ်၍ ထားရှိတော်မူ၏။ သို့ဖြစ်ပေရာ အို, သက်ဝင်ယုံကြည်ခဲ့ကြလေသော အသိဉာဏ်ရှင်တို့၊ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ထံ ဆုံးမစာ (ကုရ်အာန်ကျမ်းတော်မြတ်)ကို ချပေးသနားတော်မူခဲ့၏။

رَّسُولًا يَتْلُو عَلَيْكُمْ آيَاتِ اللَّهِ مُبَيِّنَاتٍ
لِّيُخْرِجَ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ مِنَ الظُّلُمَاتِ إِلَى النُّورِ ۚ وَمَن
يُؤْمِن بِاللَّهِ وَيَعْمَلْ صَالِحًا يُدْخِلْهُ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ
خَالِدِينَ فِيهَا أَبَدًا ۖ قَدْ أَحْسَنَ اللَّهُ لَهُ رِزْقًا ⑪

၆၅ : ၁၁ ။ ။ (ထို့ပြင်) ရစူလ်တမန်တော်တစ်ပါးကို (စေလွှတ်တော်မူခဲ့ရာ) ထိုရစူလ်တမန်တော်သည် အသင်တို့၏ ရှေ့တွင် အလ္လာဟ်အသျှင်မြတ်၏ ရှင်းလင်းသော အာယသ်တော်များကို ဖတ်ကြားလေ၏။ (ထိုသို့ ပြုလုပ်တော်မူခြင်းမှာ) ထိုအသျှင်မြတ်သည် သက်ဝင်ယုံကြည်ပြီးနောက် ကောင်းမှုများကို ကျင့်မှုဆောက်တည်ခဲ့ကြသော သူတို့အား အမှောင်ထုမှ အလင်းသို့ ထွက်စေတော်မူရန်အလို့ငှာ ဖြစ်၏။ စင်စစ် မည်သူမဆို အလ္လာဟ်အသျှင်မြတ်အား သက်ဝင်ယုံကြည်၍ ကောင်းမှုကို ကျင့်မှုဆောက်တည်ပါလျှင် ထိုအသျှင်မြတ်သည် ၎င်းအား အကြင်ဉယျာဉ်များသို့ အမြဲထာဝစဉ် နေထိုင်သူများအဖြစ် ဝင်ရောက်စေတော်မူပေမည်။ ထိုဉယျာဉ်များ၏ အောက်မှ စမ်းရေချောင်းများသည် စီးတွေလျက် ရှိကြပေမည်။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ထိုသူ့အား မွန်မြတ်လှစွာသော စားနပ်ရိက္ခာကို ချီးမြှင့်တော်မူခြင်းပင် (ဖြစ်၏။)

اللَّهُ الَّذِي خَلَقَ سَبْعَ سَمَاوَاتٍ وَمِنَ الْأَرْضِ مِثْلَهُنَّ يَتَنَزَّلُ الْأَمْرُ بَيْنَهُنَّ لِتَعْلَمُوا أَنَّ
اللَّهَ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ وَأَنَّ اللَّهَ قَدْ أَحَاطَ بِكُلِّ شَيْءٍ عِلْمًا ⑫

၆၅ : ၁၂ ။ ။ အလ္လာဟ်အသျှင်မြတ်သည် အကြင်အသျှင်မြတ်ပင် (ဖြစ်၏။) ထိုအသျှင်မြတ်သည် မိုးခုနစ်ထပ်ကို ဖန်ဆင်းတော်မူခဲ့၏။ ၎င်းပြင် မြေပထဝီကိုလည်း ယင်းကဲ့သို့ပင် (ဖန်ဆင်းတော်မူခဲ့၏။) ယင်းမိုးနှင့် မြေပထဝီတို့ကြားဝယ် အမိန့်တော်များသည် ဆင်းသက်လေ၏။ (ယင်းသို့ ဖြစ်ရခြင်းမှာ) ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူကြောင်းကိုလည်းကောင်း၊ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတိုကို အသိပညာဖြင့် အမှန်ပင် ဝန်းခြံလျက် ရှိတော်မူကြောင်းကိုလည်းကောင်း အသင်တို့ သိရှိကြရန်အလို့ငှာ ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

စင်စစ် မြောက်မြားစွာသော မြို့ရွာ များ (၌ နေထိုင်ကြသောသူတို့) သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အမိန့်တော်ကို (ယုံကြည်လက်ခံခြင်းမှ) လည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်များ၏ အမိန့်များကို (ယုံကြည်လက်ခံခြင်းမှ) လည်းကောင်း ဖီဆန်တော်လှန်ခဲ့ကြလေ၏။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ယင်းမြို့ (သူ) ရွာ (သား) တို့ (၏ ကျင့်မှုချက်များ) အား ပြင်းထန်စွာ စစ်ဆေးတော်မူသည့်အပြင် (အလိုသဘောမှာ ၎င်းတို့၏ ကုဖွ်ရ်ပြု ငြင်းဆိုသော ကျင့်မှုချက်များမှ မည်သည့် ကျင့်မှုချက်တစ်ချက်ကိုမဆို ချမ်းသာပလပ်ခွင့် မပေးရုံသာမက အားလုံးသော သူတို့အပေါ်၌ ပြစ်ဒဏ်ကို အသင့်စီမံထားတော်မူသည်ဟူ၍ ဖြစ်သည်။ ဤနေရာ၌ စစ်ဆေးတော်မူခြင်း၏ အလိုသဘောသည် မေးမြန်းခြင်း၏ အသွင်မျိုးဖြင့် စစ်ဆေးတော်မူခြင်းမျိုး မဟုတ်ပေ။) ၎င်းတို့အား (ပြစ်ဒဏ်တော်၏ အကြောင်းခံဖြင့် ဖျက်ဆီးပစ်တော်မူခဲ့ရခြင်းထိတိုင်) ဆိုးရွားလှသော ပြစ်ဒဏ်ကို တပ်ရိုက်စီရင်တော်မူခဲ့သည်။

မည်သို့ပင်ဖြစ်စေ ယင်းမြို့ (သူ) ရွာ (သား) တို့မှာ မိမိတို့၏ အမှုကိစ္စများနှင့် စပ်လျဉ်း၍ ပြစ်ဒဏ်ကို မြည်းစမ်းခဲ့ကြရကုန်၏။ စင်စစ် ၎င်းတို့၏ နောက်ဆုံးအကျိုးမှာ ဆုံးရှုံးမှုပင် ဖြစ်ခဲ့လေ၏။ (ဤသည်မှု ကမ္ဘာလောက၌ ခံစားရမည်ဖြစ်သော ပြစ်ဒဏ် ဖြစ်ပေသည်။)

(နောင်တမလွန် 'အာခိရသ်' ၌) အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့နှင့် ပတ်သက်၍ ပြင်းထန်လှစွာသော ပြစ်ဒဏ်ကို အဆင်သင့် ပြုလုပ်၍ ထားရှိတော်မူ၏။ (ဖီဆန်ခြင်း၏ အဆုံးရလဒ်မှာ ဤသို့ ဖြစ်မှု) သို့ဖြစ်ပေရာ အို, သက်ဝင်ယုံကြည်ခဲ့ကြကုန်သော အသိဉာဏ်ရှိသူတို့၊ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ (အီမာန်ယုံကြည်ခြင်းသည် ကြောက်ရွံ့ခြင်းဟူသော အချက်ကို လိုလားပေရာ ကြောက်ရွံ့ခြင်းသည် 'နာခံမှုပြုကြကုန်'ဟူ၍ ဖြစ်သည်။ ထိုသို့ နာခံမှု၏ နည်းလမ်းကို ပြသရန်အတွက်) ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ထံ ဆုံးမစာ (ကုရ်အာန်ကျမ်းတော်မြတ်) ကို ချပေးသနားတော်မူခဲ့၏။

(ထိုဆုံးမစာကို ပေးအပ်ကာ ထို့ပြင်) ရစူလ်တမန်တော်တစ်ပါးကို (စေလွှတ်တော်မူခဲ့ရာ) ထိုရစူလ်တမန်တော်သည် အသင်တို့၏ ရှေ့၌ အလ္လာဟ်အသျှင်မြတ်၏ ရှင်းလင်းသော အာယသ်တော်များကို ဖတ်ကြားလေ၏။ (ထိုသို့ ပြုလုပ်တော်မူခြင်းမှာ) ထိုအသျှင်မြတ်သည် သက်ဝင်ယုံကြည်ပြီးနောက် ကောင်းမှုများကို ကျင့်မှုဆောက်တည်ခဲ့ကြသော သူတို့အား (ကုဖွ်ရ်သွေဖည်ငြင်းဆိုမှု၊ မသိမိုက်မဲမှုတို့၏) အမှောင်ထုမှ (အီမာန်၊ အိလ်မ် (အသိပညာ) နှင့် ကျင့်ကြံဆောင်ရွက်ချက်တို့၏) အလင်းသို့ ထွက်စေတော်မူရန်အလို့ငှာ ဖြစ်၏။ (အလိုသဘောမှာ ထိုရစူလ်၏ အကြောင်းခံဖြင့် ရောက်ရှိလာသော ဆုံးမစာများအပေါ် လက်တွေ့ကျင့်ကြံခြင်းသည်လည်း နာခံမှုပင် ဖြစ်သည်' ဟူ၍ ဖြစ်၏။ ရှေ့၌ နာခံခြင်းဟူသော အလိုသဘောမှာ အီမာန်နှင့် ကောင်းမြတ်သော အကျင့်သီလတို့ ဆောက်တည်ခြင်းအပေါ် ကတိပြုထားတော်မူသည်မှာ) စင်စစ် မည်သူမဆို အလ္လာဟ်အသျှင်မြတ်အား သက်ဝင်ယုံကြည်၍ ကောင်းမှုကို ကျင့်မှုဆောက်တည်ပါလျှင် ထိုအသျှင်မြတ်သည် ၎င်းအား ('ဂျန္နသ်'၏) အကြင်ဥယျာဉ်များသို့ အမြဲထာဝစဉ်

နေထိုင်သူများအဖြစ် ဝင်ရောက် စေတော်မူပေမည်။ ထိုဥယျာဉ်များ၏ အောက်မှ စမ်းရေချောင်းများသည် စီးတွေလျက် ရှိကြပေမည်။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ထိုသူ့အား မွန်မြတ်လှစွာသော စားနပ် ရိက္ခာကို ချီးမြှင့်တော်မူခြင်းပင် (ဖြစ်၏။)

(ရှေ့၌ အလ္လာဟ်အသျှင်မြတ်၏ မိန့်မြွက်ချက်အား မုချနာခံရမည်ဖြစ်ကြောင်းကို ကင်ပြထားပေသည်။ ဆိုလိုသည်မှာ) အလ္လာဟ်အသျှင်မြတ်သည် အကြင်အသျှင်မြတ်ပင် (ဖြစ်၏။) ထိုအသျှင်မြတ်သည် မိုးခုနစ် ထပ်ကို ဖန်ဆင်းတော်မူခဲ့၏။ ၎င်းပြင် မြေပထဝီကိုလည်း ယင်းကဲ့သို့ပင် (ဖန်ဆင်းတော်မူခဲ့၏။ ပမာဆိုရသော် သိရ်မေဇီ အစရှိသော ကျမ်းများ၏ ဟဒီးစ်တော်၌ လာရှိထားပေသည်။ မြေတစ်ထပ်၏ အောက်၌ ဒုတိယ မြေအထပ် ရှိ၏။ ယင်းဒုတိယထပ်၏ အောက်၌ တတိယအထပ်သည် ရှိ၏။ ဤသို့သောနည်းဖြင့် မြေ (၇) ထပ်ကို ဖန်ဆင်းထားတော်မူပေသည်။) ယင်းမိုး (များ) နှင့် မြေပထဝီတို့ကြားဝယ် (သာသနာတော် အရလည်းကောင်း၊ (သို့မဟုတ်) ဖန်ဆင်းပေးတော်မူလိုက်ခြင်းအရသော်လည်းကောင်း၊ (သို့မဟုတ်) ယင်း အချက်နှစ်ရပ်စလုံးအရသော်လည်းကောင်) အမိန့်တော်များသည် ဆင်းသက်လေ၏။ (ယင်းသို့ ဖြစ်ရခြင်း မှာ) ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူကြောင်းကိုလည်း ကောင်း၊ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတိုကို (မိမိ) အသိပညာဖြင့် အမှန်ပင် ဝန်းခြုံ လျက် ရှိတော်မူကြောင်ကိုလည်းကောင်း အသင်တို့ သိရှိကြရန်အလို့ငှာ ဖြစ်ပေသည်။ (ထို့ကြောင့် အလ္လာဟ် အသျှင်မြတ်၏ အမိန့်တော်ကို မုချ နာခံရမည်ဖြစ်ကြောင်းမှာ ထင်ရှားသွားပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

فَحَاسَبْنٰهَا حِسَابًا شَدِيْدًا وَّعَذَّبْنٰهَا عَذَابًا نُّكْرًا

(သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ယင်းမြို့သူရွာသားတို့အား ပြင်းထန်စွာ စစ်ဆေးတော်မူသည့် အပြင် ၎င်းတို့အား ဆိုးရွားလှသော ပြစ်ဒဏ်ကို တပ်ရိုက်စီရင်တော်မူခဲ့သည်။) *[၆၅ : ၈]*

အာယသ်တော်၌ စစ်ဆေးခြင်းနှင့် ပြစ်ဒဏ်ခတ်ခြင်းအကြောင်းကို တင်ပြထားသော မျိုးနွယ် အုပ်စုများသည် နောင်တမလွန် 'အာခိရေသ်'၌ ဖြစ်ပေါ် ကြုံကြိုက်လာမည်ဖြစ်သော မျိုးနွယ်အုပ်စုများသာ ဖြစ်ပေသည်။ သို့ရာတွင် ဤနေရာ၌ **حَاسَبْنَا** (ငါအသျှင်မြတ်သည် စစ်ဆေးတော်မူခဲ့သည်) နှင့် **عَذَّبْنَا** (ငါအသျှင်မြတ်သည် ပြစ်ဒဏ်ကို တပ်ရိုက်စီရင်တော်မူခဲ့သည်) ဟူ၍ အတိတ်ကာလဖြင့် သုံးနှုန်းဖော်ထုတ် ထားခြင်းမှာ 'ဤအလုပ် ဖြစ်ပေါ်ပြီးဖြစ်သွားပြီ' ဟူ၍ မုချ အတတ် ဖြစ်ပေါ်မှု၏ဘက်သို့ ရည်ညွှန်းဖော်ထုတ် ထားဟန် ဖြစ်နိုင်သလို သို့တည်းမဟုတ်ပါက စစ်ဆေးခြင်း၏ အလိုသဘောသည် ဤနေရာ၌ မေးခွန်းများနှင့် မေးမြန်းခြင်းများ မဟုတ်ရုံသာမက ၎င်းတို့အား ပြစ်ဒဏ်ခတ်ရန် သတ်မှတ် ပြဋ္ဌာန်းတော်မူလိုက်ခြင်း၏ အလိုသဘောမျိုးလည်း ဖြစ်နိုင်ပေသည်။ ပမာတင်ပြရမည်ဆိုသော် တင်ပြပါ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်၌

ကောက်နုတ်တင်ပြထားပေသည်။ 'ပြင်းထန်စွာ စစ်ဆေးခြင်းသည် တမလွန် 'အာခရေသ်'၌ ဖြစ်နေလင့်ကစား ကောင်းမှု၊ မကောင်းမှု မှတ်တမ်းများ၌ ယင်းအချက်အား ရေးမှတ်ပြီးဖြစ်ကြောင်းနှင့် ရေးမှတ်တော်မူလျက် ရှိနေကြောင်း 'စစ်ဆေးတော်မူသည်'ဟူသော စကားလုံးဖြင့် ဖော်ထုတ် သုံးနှုန်းလိုက်ခြင်းဖြစ်ကြောင်း၊ ပြစ်ဒဏ်တော်၏ အလိုသဘောသည် ကမ္ဘာလောက၌ ကျရောက်လာသည့် ပြစ်ဒဏ်ဖြစ်ကြောင်း၊ ယင်းပြစ်ဒဏ်သည် အတိတ်ခေတ် မျိုးနွယ်အုပ်စုတို့အပေါ် ကျရောက်ခဲ့သည် ဖြစ်ကြောင်း၊ ထိုပုံစံ၌မူ နောက်၌ လာလျက်ရှိနေသည့်

اَعَدَّا اللّٰهُ لَهُمْ عَذَابًا شَدِيْدًا

(အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့နှင့် ပတ်သက်၍ ပြင်းထန်လှစွာသော ပြစ်ဒဏ်ကို အဆင်သင့် ပြုလုပ်၍ ဟု လာရှိတော်မူ၏။) *[၆၅ : ၁၀]*

ဟူသော ဝါကျသည် 'တမလွန် 'အာခရေသ်'၏ ပြစ်ဒဏ်နှင့်သာလျှင် ပတ်သက်လျက် ရှိနေကြောင်း' ဟူသော အချက်ဖြစ်သည်။

قَدْاَنْزَلَ اللّٰهُ اِلَيْكُمْ ذِكْرًا رَّسُوْلًا

(ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ထံ ဆုံးမချက် (ကုရ်အာန်ကျမ်းတော်မြတ်) ကို ချပေးသနားတော်မူခဲ့၏။ ထို့ပြင် ရစူလ်တမန်တော်တစ်ပါးကို) ဤအာယသ်တော်၏ လွယ်ကူသော အထောက်အထားဖြင့် ရယူခြင်းအကြောင်းမှာ ဤသို့ဖြစ်သည်။ ဤနေရာ၌ اَرْسَلَ (စေလွှတ်တော်မူခဲ့သည်) ဟူသော စကားလုံးကို မြုပ်နေသည်ဟူ၍ မှတ်ယူမည်ဆိုလျှင် အဓိပ္ပာယ်မှာ 'ဇိကဲရ်' (ကုရ်အာန်ကျမ်းတော်မြတ်) ကို ချပေးသနားတော်မူ၍ ရစူလ်တမန်တော်ကို စေလွှတ်တော်မူခဲ့ပေသည်'ဟူ၍ ဖြစ်သွားပေလိမ့်မည်။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်၌ ထိုအဆိုကိုသာလျှင် ရွေးချယ်ကာ အကျယ်ဖွင့်ဆိုထားပေသည်။ အကျယ်ဖွင့်ဆိုသော ပညာရှင်များသည် အခြားသော ဤသို့ တင်ပြထားရခြင်း၏ အကြောင်းများကို ရေးသားထားပေသည်။ ဥပမာ- 'ဇိကိရ်'၏ အလိုသဘောကို တမန်တော်မြတ် ﷺ ဖြစ်တော်မူပေသည်။ အကြောင်းမှာ 'အလ္လာဟ်အသျှင်မြတ်အား များစွာသော သတိရတသခြင်း၏ အကြောင်းခံကြောင့် ထိုတမန်တော်မြတ် တည်ရှိမှုသည် အလ္လာဟ်အသျှင်မြတ်အား တသ သတိရခြင်း ဖြစ်သွားပေသည်' ဟူသော အစရှိသည့် အချက်များပင် ဖြစ်ပေသည်။) *[ရှူးဟ်]*

မြေ (၇) ထပ်သည် မည်သည့်နေရာများ၌ မည်သည့်ပုံစံများဖြင့် တည်ရှိနေပေသနည်း။

اَللّٰهُ الَّذِىْ خَلَقَ سَبْعَ سَمٰوٰتٍ وَّمِنَ الْاَرْضِ مِثْلَهُنَّ

(အလ္လာဟ်အသျှင်မြတ်သည် အကြင်အသျှင်မြတ်ပင် ဖြစ်၏။ ထိုအသျှင်မြတ်သည် မိုး (၇) ထပ်ကို ဖန်ဆင်းတော်မူခဲ့၏။ ၎င်းအပြင် မြေပထဝီကိုလည်း ယင်းကဲ့သို့ပင် (၇) ထပ် ဖန်ဆင်းတော်မူခဲ့၏။) *[၆၅ : ၁၂]*

ဤအာယသ်တော်မှ 'မိုးကောင်းကင်သည် (၇) ထပ်ဖြစ်သလို မြေပထဝီသည်လည်း (၇) ထပ်ဖြစ်ကြောင်း' ရှင်းလင်းစွာဖြင့် အတည်ပြုထားပေသည်။ တစ်ဖန် ဤ (၇) ထပ်သည် မည်သည့်နေရာများ၌ တည်ရှိနေပေသနည်း။ မည်သည့်ပုံပန်းသဏ္ဌာန်များဖြင့် တည်ရှိနေပေသနည်း။ အပေါ်၊ အောက် ပုံစံမျိုးဖြင့် တစ်ထပ်ပြီးတစ်ထပ် တည်ရှိနေပါ၏လော။ (သို့မဟုတ်) တစ်ထပ်ခြင်းစီ၏ နေရာသည် သီးခြားစွာ တည်ရှိနေပါ၏လော။ အကယ်၍ အပေါ်အောက် အထပ်များပုံစံမျိုးများဖြင့် တည်ရှိနေပါမူ 'မိုး (၇) ထပ်အတွင်း နှစ်ထပ်တိုင်း၏ ကြား၌ ကျယ်ပြန့်ပွစွာသော အကွာအဝေး တည်ရှိနေသလို၊ မိုးကောင်းကင်တိုင်း၌ သီးခြားစွာသော ကောင်းကင်တမန်တော်များ တည်ရှိနေသလို မြေတစ်ထပ်နှင့် တစ်ထပ်ကြား၌ ခြားနားကာ လေထု၊ ဟင်းလင်းပြင် အစရှိသော အရာများ တည်ရှိနေပြီး၊ ထိုမြေထပ်အတွင်း၌ အဖန်ဆင်းခံတစ်မျိုးမျိုးတို့ တည်ရှိကာ နေထိုင်ခြင်းမျိုးလည်း ရှိပါ၏လော။ (သို့မဟုတ်) ဤမြေထပ်များသည် တစ်ထပ်နှင့် တစ်ထပ် ဆက်လျက် ရှိနေပါ၏လော။ ကုရ်အာန်ကျမ်းတော်မြတ်သည် ထိုအသေးစိတ် အချက်အလက်များအား မတင်ပြထားပေ။ ထိုအချက်အလက်များနှင့် စပ်လျဉ်း၍ ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များ လာရှိထားပေသည်။ ဆင့်ပြန်ချက်များရှိ များစွာသော ဟဒီးစ်တော်များအတွင်း၌ ဟဒီးစ်တော်၏ အေမာမ်ကြီးများကြား အကွဲအလွဲ ရှိကြပေသည်။ အချို့သည် ထိုဟဒီးစ်တော်များကို စွဟီးဟ်နှင့် အတည်ပြု၍ ရသော ဆင့်ပြန်ချက်များအဖြစ် သတ်မှတ်ထားကြပေသည်။

အချို့သော ပညာရှင်များသည် လုပ်ကြံထားသော ဆင့်ပြန်ချက်များဖြစ်သည်ဟူ၍ ဆိုထားကြပေသည်။ ဦးနှောက်၏ စဉ်းစားတွေးခေါ်မှုအရ အထက်တင်ပြပါ ပုံစံများအားလုံး ဖြစ်နိုင်ပေသည်။ ကျွန်ုပ်တို့၏ ဒီးန်သာသနာရေးရာနှင့် လောကီရေးရာ၏ လိုအပ်ချက် တစ်စုံတစ်ရာသည် ထိုအချက်များအား စိစစ်သုတေသနပြုရန်အပေါ် မူတည်၍ မနေပေ။ ကျွန်ုပ်တို့အားလည်း 'ကဗရ်' စခန်းနှင့် 'ဟရှ်' စခန်း၌လည်း 'မိမိတို့အနေဖြင့် မြေ (၇) ထပ်စလုံး၏ တည်ရှိမှု ပုံစံ၊ တည်ရှိရာ နေရာဌာနနှင့် ထိုအထပ်များအတွင်း၌ နေထိုင်ကြကုန်သော အဖန်ဆင်းခံများအား သုတေသနပြုထားရန် အချက်တို့ကို' လည်း မေးမြန်းလိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် အငြိမ်းချမ်းဆုံးသော ပုံစံမှာ 'မြေပထဝီများသည်လည်း မိုးကောင်းကင်များကဲ့သို့ပင် (၇) ထပ်ရှိကြောင်းနှင့် ထိုအရာများအားလုံးကို အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ပြည့်စုံတော်မူလှသော တန်ခိုးတော်ဖြင့် ဖန်ဆင်းထားတော်မူကြောင်း' အချက်တို့အပေါ်၌သာလျှင် အီမာန်ယုံကြည်ထားရပေမည်။ ဤမျှခန့် အချက်ကိုသာလျှင် ကုရ်အာန်ကျမ်းတော်မြတ်သည် တင်ပြထားပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် တင်ပြရန် အရေးမကြီးဟူ၍ မှတ်ယူထားသော အချက်များကို စိစစ်သုတေသနမှုပြုခြင်းနှင့် တွေးခေါ်နေခြင်း၏ အတွင်းဝယ် ကျွန်ုပ်တို့သည် အဘယ်ကြောင့် သက်ရောက်၍ နေကြပေသနည်း။ ဤသို့သော ပုံစံများနှင့် စပ်လျဉ်း၍သာလျှင် အတိတ်ခေတ် သူတော်စင်ကြီးတို့သည် ယင်းပုံစံကိုသာ ပြုမူဆောင်ရွက်လာကြပေသည်။ ၎င်းတို့က ဤသို့ ဆိုထားကြပေသည်။

ابهموا ما ابهمه الله (ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် အတိုချုပ် လိုရင်းတိုရှင်း ခန့်မှန်းပုံစံမျိုးဖြင့် ထားရှိသော အချက်များကို အသင်တို့သည်လည်း 'ထိုအချက်များ၌ အသင်တို့အဖို့ ကျင့်ကြံပြုမူ

ဆောင်ရွက်ရန် အမိန့်တစ်စုံတစ်ရာ မရှိသလို အသင်တို့အဖို့ ဒီနီသာသနာရေးရာ (သို့မဟုတ်) လောကီရေးရာ၏ လိုအပ်ချက်တစ်စုံတစ်ရာသည်လည်း ယင်းအချက်အလက်နှင့် မအပ်စပ်လေရာ ထိုအချက်များကို အတိုချုပ်လိုရင်းပုံစံဖြင့်သာ ထားရှိကြကုန်။ အထူးသဖြင့် ဤအကျယ်ဖွင့်ဆိုချက်သည် အများသူငှာအတွက်သာ ရေးသားထားခြင်း ဖြစ်ပေသည်။ အများသူငှာတို့အဖို့ မလိုအပ်သော သီးသန့် အသိပညာရေးဆိုင်ရာ အကွဲအလွဲ ဖြစ်ခြင်း၏ အခြေအတင် ဆွေးနွေးချက်များနှင့် စပ်လျဉ်းသော အချက်အလက်များကို မရေးသား မတင်ပြထားခြင်း ဖြစ်ပေသည်။

تَتَنَزَّلُ الْاَمْرُ بَيْنَهُنَّ

(ယင်းမိုးနှင့် မြေပဝထီတို့ကြားဝယ် အမိန့်တော်များသည် ဆင်းသက်လေ၏။) *[၆၅ : ၁၂]*

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်သည် ထိုမိုး (၇) ထပ်နှင့် မြေ (၇) ထပ်တို့၏ ကြားဝယ် ကျရောက်တော်မူလျက် ရှိနေပေသည်။ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်သည် နှစ်မျိုးနှစ်စား ရှိပေသည်။ တစ်မျိုးမှာ သာသနာရေးဆိုင်ရာ ပညတ်ချက်များ ဖြစ်ပေသည်။ အကြင်ပညတ်ချက် အမိန့်တော်ကို တာဝန်ရှိ အဖန်ဆင်းခံများအတွက် 'ဝဟီ'၏ အကြောင်းခံ နဗီတမန်တော်များမှ တစ်ဆင့် စေလွှတ်ထားပေသည်။ ဥပမာ- ကမ္ဘာမြေပထဝီ၌ လူသားတို့နှင့် 'ဂျင်န်'များအတွက် မိုးကောင်းကင်များမှ ကောင်းကင်တမန်တော်များသည် ဤသာသနာရေးဆိုင်ရာ ပညတ်ချက်များကို နဗီတမန်တော်များထံတိုင် ယူဆောင်လာကြပေသည်။ ယင်းပညတ်ချက်များအတွင်း၌ ခဝပ်ကိုးကွယ်မှုများ၊ ယုံကြည်ချက်ပိုင်းဆိုင်ရာ ကဏ္ဍများ၊ စာရိတ္တပိုင်းဆိုင်ရာ ကဏ္ဍရပ်များ၊ အပေးအယူများနှင့် ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ ကဏ္ဍရပ်များ၏ ဥပဒေသမှုသည် ရှိနေပေသည်။ ထိုအချက်များအား နာခံခြင်းအပေါ် အကျိုးစဝါးဗ်နှင့် ဆန့်ကျင်ဘက် ပြုလုပ်ခြင်းအပေါ် ပြစ်ဒဏ်သည် သက်ရောက်နေပေသည်။ အမိန့်တော်၏ ဒုတိယအမျိုးအစားမှာ 'သက္ကဝိနီး' အမိန့် ဖြစ်ပေသည်။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ 'သက္ကဒီးရ်' (သတ်မှတ်မှု) ၏ ပြဋ္ဌာန်းချက်တို့ဖြင့် ပတ်သက်လျက်ရှိနေသော အမိန့်တော်များဖြစ်ကာ အကြင်အမိန့်တော်များ၌ စကြဝဠာများအား ဖန်ဆင်းခြင်း၊ ထိုအဖန်ဆင်းခံများ၏ ဖြေးဖြေးကြီးမားဖွံ့ဖြိုး တိုးတက်လာခြင်း၊ ထိုအဖန်ဆင်းခံများ အတိုး၊ အလျော့ဖြစ်ရှိ၍ နေခြင်းနှင့် ရှင်ခြင်း၊ သေခြင်းတို့သည်လည်း ပါဝင်၍ နေပေသည်။ ဤပညတ်ချက် အမိန့်တော်များသည် အလ္လာဟ်အသျှင်မြတ်၏ အဖန်ဆင်းခံများအားလုံးအပေါ် ဝိုင်းရံလွှမ်းခြုံလျက် ရှိနေသည်။ ထို့အတွက်ကြောင့် အကယ်၍ မြေနှစ်ထပ်တိုင်း၏ ကြား၌ ကွာဟခြားနားမှုရှိကာ ထိုဟင်းလင်းပြင်နေရာ၌၊ သာသနာ့အမိန့်ပညတ်ချက်တော်အား လိုက်နာရန် တာဝန်မရှိသော အဖန်ဆင်းခံများ ရှိနေသည်' ကို အတည်ပြု၍ ရရှိသည်ဆိုပါကလည်း ထိုအဖန်ဆင်းခံများအပေါ်၌လည်း تَتَنَزَّلُ الْاَمْرُ (အမိန့်တော်များသည် ဆင်းသက်လေ၏) ဟူသော အချက်သည် ပီပြင်မှန်ကန်စွာ သက်ရောက်နေပေသည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်၏ တည်ပြု သတ်မှတ်ပြဋ္ဌာန်းထားရှိခြင်း၏ အမိန့်တော်သည် ထိုအဖန်ဆင်းခံများအပေါ်၌ ခြုံငုံဝန်းရံလျက် ရှိနေပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်သဟရီမ်

တားမြစ်ခြင်းကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

يٰۤاَيُّهَا النَّبِيُّ لِمَ تُحَرِّمُ مَاۤ اَحَلَّ اللّٰهُ لَكَ ۚ تَبْتَغِيْ مَرْضَاتَ
اَزْوَاجِكَ ؕ وَاللّٰهُ غَفُوْرٌ رَّحِيْمٌ ①

၆၆ : ၁ ။ ။ အို, နဗီတမန်တော်၊ အသင်သည် မိမိအဖို့ အလ္လာဟ်အသျှင်မြတ်က (ဟလာလ်) ခွင့်ပြုတော်မူခဲ့သော အရာကို မည်သည့်အတွက်ကြောင့် အသင် ကြင်ရာတော်များ၏ နှစ်သက်မှုကို ရှာဖွေသောအားဖြင့် ('ဟရာမ်' ဟူ၍) တားမြစ်သောအရာ ပြုလုပ်ပါသနည်း။ သို့တစေလည်း အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော အသျှင်၊ အလွန်တရာ ကရုဏာပြုတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

قَدْ فَرَضَ اللّٰهُ لَكُمْ تَحِلَّةَ اَيْمَانِكُمْ ۚ وَاللّٰهُ مَوْلٰىكُمْ ۚ وَهُوَ الْعَلِيْمُ الْحَكِيْمُ ②

၆၆ : ၂ ။ ။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အကျိုးငှာ၊ အသင်တို့၏ ကျိန်ဆိုချက်များကို ဖြေနိုင်ရန် (နည်းလမ်း) သတ်မှတ်၍ ပေးတော်မူခဲ့၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ ကိစ္စအဝဝကို ဆောင်ရွက်ပေးတော်မူသည့်အပြင် ထိုအသျှင်မြတ်သည် ခပ်သိမ်းကုန်တို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်၊ အလွန်တရာ နက်နဲသိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

وَاِذْ اَسَرَّ النَّبِيُّ اِلٰى بَعْضِ اَزْوَاجِهٖ حَدِيْثًا ۚ فَلَمَّا نَبَّاَتْ بِهٖ وَاَظْهَرَهُ
اللّٰهُ عَلَيْهِ عَرَّفَ بَعْضَهٗ وَاَعْرَضَ عَنْ بَعْضٍ ۚ فَلَمَّا نَبَّاَهَا بِهٖ
قَالَتْ مَنْ اَنْۢبَاَكَ هٰذَا ؕ قَالَ نَبَّاَنِيَ الْعَلِيْمُ الْخَبِيْرُ ③

၆၆ : ၃ ။ ။ ၎င်းပြင် (ပြန်လည်သတိရကြလေကုန်။) တစ်ရံရောအခါဝယ် နဗီတမန်တော်မြတ်သည် မိမိ၏ ကြင်ရာတော်တစ်ပါးအား စကားတစ်ခွန်းကို လျှို့ဝှက်စွာ ပြောခဲ့လေ၏။ ထို့နောက် ထိုကြင်ရာတော်က (အခြားကြင်ရာတော်အား) ယင်းစကားကို ပြောပြခဲ့လေ၏။ အလ္လာဟ်အသျှင်မြတ်သည် ယင်းအကြောင်းကို နဗီတမန်တော်မြတ်အား အသိပေးတော်မူခဲ့၏။

ထိုအခါ ထိုနဗီတမန်တော်မြတ်သည် ယင်းစကားအချို့ကို သိစေခဲ့ပြီး၊ အချို့ကိုမူ လစ်လျူရှုထားခဲ့၏။ တစ်ဖန် ထိုနဗီတမန်တော်မြတ်သည် ၎င်းကြင်ရာတော်အား ယင်းစကားကို ပြောပြခဲ့သောအခါ ထိုကြင်ရာတော်က 'ဤသတင်းကို အသင့်အား မည်သူ ပြောပြသနည်း' ဟု ပြောဆို (မေးမြန်း) ခဲ့ရာ ထိုနဗီတမန်တော်မြတ်က 'ကျွန်ုပ်တော်အား ခပ်သိမ်းကုန်တို့ကို အကြွင်းမဲ့ သိရှိတော်မူသော၊ ခပ်သိမ်းကုန်တို့ကို အကြွင်းမဲ့ ကြားသိတော်မူသော အသျှင်မြတ်က အသိပေးတော်မူခဲ့သည်'ဟု ပြန်ကြားခဲ့လေသည်။

إِن تَتُوبَا إِلَى اللَّهِ فَقَدْ صَغَتْ قُلُوبُكُمَا ۖ وَإِن تَظَاهَرَا عَلَيْهِ فَإِنَّ اللَّهَ هُوَ مَوْلَاهُ وَجِبْرِيلُ وَصَالِحُ الْمُؤْمِنِينَ ۖ وَالْمَلَائِكَةُ بَعْدَ ذَٰلِكَ ظَهِيرٌ ۝٤

၆၆ : ၄ ။ ။ အကယ်၍ အသင် (ကြင်ရာတော်) နှစ်ပါးတို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ ဝန်ချတောင်းပန်ခဲ့ကြပါလျှင် (အသင်တို့အဖို့ ကောင်း၏။ အဘယ်ကြောင့်ဆိုသော်) စင်စစ်မှာ အသင်တို့နှစ်ဦး၏ စိတ်နှလုံးသည် (တမန်တော်မြတ် မနှစ်မြို့သော အရာဘက်သို့) ယိမ်းညွတ်လျက် ရှိနေခဲ့၏။ သို့ရာတွင် အကယ်၍ အသင်တို့နှစ်ဦးသည် ထိုနဗီတမန်တော်မြတ်နှင့် ဆန့်ကျင်၍ အချင်းချင်း ရိုင်းပင်းကူညီလျက် ရှိကြပါလျှင် ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ်အား ကာကွယ်စောင့်ရှောက်တော်မူမည့် ယုံကြည်သူတို့သည်လည်းကောင်း၊ ထိုနဗီတမန်တော်မြတ်အား ကာကွယ်စောင့်ရှောက်သော အဆွေခင်ပွန်းများ ဖြစ်ကြကုန်၏။

عَسَىٰ رَبُّهُ إِن طَلَّقَكُنَّ أَن يُبْدِلَهُ أَزْوَاجًا خَيْرًا مِّنكُنَّ مُسْلِمَاتٍ مُّؤْمِنَاتٍ قَانِتَاتٍ تَائِبَاتٍ عَابِدَاتٍ سَائِحَاتٍ ثَيِّبَاتٍ وَأَبْكَارًا ۝٥

၆၆ : ၅ ။ ။ အကယ်၍ ထိုနဗီတမန်တော်မြတ်သည် အသင်တို့အား ကွာရှင်းခဲ့ပါလျှင်၊ ထိုနဗီတမန်တော်မြတ်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အသင်တို့အစား ထိုနဗီတမန်တော်မြတ်အား အသင်တို့ထက် ပိုမို၍ ထွတ်မြတ်သော မွတ်စ္စလင်မ်မိန်းမများ၊ အမိန့်ကို နာခံသော မိန်းမများ၊ ဝန်ချတောင်းပန်သော မိန်းမများ၊ ဝတ်ပြုသော မိန်းမများ၊ ဥပုသ်သီလ ဆောက်တည်သော မိန်းမများ၊ အအိုများနှင့် အပျိုများကို ပေးတော်မူပေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို၊ နဗီတမန်တော်၊ အသင်သည် မိမိအဖို့ အလ္လာဟ်အသျှင်မြတ်က (ဟလာလ်) ခွင့်ပြုတော်မူခဲ့သော အရာကို မည်သည့်အတွက်ကြောင့် (တစ်ဖန် ထိုအချက်သည်လည်း) အသင် ကြင်ရာတော်များ၏ နှစ်သက်မှုကို ရှာဖွေသောအားဖြင့် ('ဟရာမ်'ဟူ၍ ကျိန်တွယ်ကာ) တားမြစ်သောအရာ ပြုလုပ်ပါသနည်း။ (ဆိုလိုသည်မှာ 'မုဗာဟ်' လုပ်ပိုင်ခွင့်ရှိသော အချက်တစ်ချက်ချက်အား စွန့်လွှတ်လိုက်ခြင်းနှင့် ထိုသို့ စွန့်လွှတ်ခြင်းကိုလည်း သာပိုလေးနက်စေရန် 'ကစမ်'ကျိန်ဆိုခြင်းသည်လည်း ကြောင်းကျိုးတစ်စုံတစ်ရာ သင့်လျော်မှုကြောင့် ပိုင်နေလင့်ကစား ဤအချက်သည်လည်း အကောင်းဆုံးအချက်နှင့် ဆန့်ကျင်ဘက်

ဖြစ်နေပေသည်။ အထူးသဖြင့် အကြင်အခါ၀ယ် ထိုအချက်အား ကြွေးကြော်မှုကို ပြုနေခြင်းသည်လည်း မခိုင်မာလှပေ။ ဆိုလိုသည်မှာ ကြင်ရာတော်များ သဘောတူကျေနပ်မှု ရရှိရန် ဖြစ်ပေသည်။ ဤသို့သော အမှုကိစ္စများ၌ ၎င်းတို့အား ကျေနပ်နှစ်သက်အောင် ပြုခြင်းသည် အရေးမကြီးပေ။) သို့တစေလည်း အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော အသျှင်၊ အလွန်တရာ ကရုဏာပြုတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ (အကြောင်းမှာ ပြစ်မှုဒုစရိုက်ထိတိုင် ပလပ်ချမ်းသာခွင့်ကို ပေးသနားတော်မူပေမည်။ အသင့်ထံမှမူ ပြစ်မှုဒုစရိုက် တစ်စုံတစ်ရာမျှ မဖြစ်ပေါ်သည့်အတွက်ကြောင့် ဤသည် ပြစ်ဒဏ်ပေးခြင်းမျိုး မဟုတ်ပေ။ သို့သာမက သနားကရုဏာတော်ထားသည့် အသွင်မျိုးဖြင့် 'အသင်သည် ပိုင်၍ အကျိုးရှိသော အချက်တစ်ရပ်ကို စွန့်လွှတ်၍ အဘယ်ကြောင့် ဒုက္ခခံလိုက်ပေသနည်း' ဟူ၍ မိန့်ကြားတော်မူခြင်း ဖြစ်ပေသည်။)

(သို့ရှိရာ အသင်တမန်တော်သည် 'ကစမ်' ကျိန်ဆိုမှုကို ပြုခဲ့သည်။ ထို့ကြောင့် ခြုံငုံကျယ်ဝန်းလှစွာသော အသွင်မျိုးဖြင့် 'ကစမ်'၏ လျော်ကြေးကို ပေးဆောင်ရန်နှင့် စပ်လျဉ်း၍ အမိန့်ရှိထားတော်မူသည်မှာ) ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အကျိုးငှာ၊ အသင်တို့၏ ကျိန်ဆိုချက်များကို ဖြေနိုင်ရန် (ဆိုလိုသည်မှာ ကျိန်ဆိုမှုကို ချိုးဖောက်ပြီးနောက် လျော်ကြေးပေးဆောင်ရန် နည်းလမ်းကို) သတ်မှတ်၍ ပေးတော်မူခဲ့၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ ကိစ္စအဝဝကို ဆောင်ရွက်ပေးတော်မူသည့်အပြင် ထိုအသျှင်မြတ်သည် ခပ်သိမ်းကုန်တို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်၊ အလွန်တရာ နက်နဲသိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ (ဤအတွက်ကြောင့် ထိုအသျှင်မြတ်သည် မိမိ၏ 'အိလ်မ်' (အသိပညာ အမြော်အမြင်တော်) ဖြင့် အသင်တို့အဖို့ သင့်တော်လျော်ကန်သော ကြောင်းကျိုးတရားများနှင့် လိုအပ်ချက်များကို သိနားလည်ကာ များစွာသော လိုအပ်ချက်များကို လွယ်ကူအောင် ပြုပေးခြင်း၏ နည်းလမ်းများကို သတ်မှတ်ပေးထားတော်မူပေသည်။ သို့ရှိရာ 'ကဖ်ဖာရာ' (လျော်ကြေးပေးဆောင်ခြင်း) ၏ အကြောင်းခံဖြင့် ကစမ်' ကျိန်ဆိုမှုအား လိုက်နာနေခြင်း၏ သောကဗျာပါဒကို ကုသလိုက်ခြင်း ဖြစ်ပေသည်။)

(ရှေ့၌ ကြင်ရာတော်များအား ဖတ်ကြားမှာတမ်းမှုကို ပြုထားပေသည်။) ၎င်းပြင် (ထိုအချိန်အား ပြန်လည်သတိရကြလေကုန်။) တစ်ရံရောအခါ၀ယ် နဗီတမန်တော်မြတ်သည် မိမိ၏ ကြင်ရာတော်တစ်ပါးအား စကားတစ်ခွန်းကို လျှို့ဝှက်စွာ ပြောခဲ့လေ၏။ (ငါကိုယ်တော်သည် ပျားရည်ကို သောက်သုံးတော်မူတော့မည် မဟုတ်။ သို့ရာတွင် ထိုစကား မည်သူ့ကိုမျှ မပြောပြလိုက်လေနှင့်ဟူသော စကားရပ်သာလျှင် ဖြစ်ပေသည်။) ထို့နောက် ထိုကြင်ရာတော်က (အခြားကြင်ရာတော်အား) ယင်းစကားကို ပြောပြခဲ့လေ၏။ အလ္လာဟ်အသျှင်မြတ်သည် ယင်းအကြောင်းကို နဗီတမန်တော်မြတ်အား ('ဝဟီ' ဗျာဒိတ်တော်၏ အကြောင်းခံဖြင့်) အသိပေးတော်မူခဲ့၏။ ထိုအခါ ထိုနဗီတမန်တော်မြတ်သည် (ထိုဖော်ထုတ်လိုက်သော ကြင်ရာတော်အား) ယင်းစကားအချို့ကို သိစေခဲ့ပြီး၊ (အသင်မသည် ငါကိုယ်တော် ပြောဆိုခဲ့သော စကားကို အခြားကြင်ရာတော်တစ်ပါးအား ပြောပြလိုက်ပေသည်။) အချို့ကိုမူ လစ်လျူရှုထားခဲ့၏။ (ဆိုလိုသည်မှာ

တမန်တော်မြတ် ﷺ ၏ ဂုဏ်ပေးမှုသည် မိမိ၏ အမိန့်နှင့် ဆန့်ကျင်ဘက် ပြုလုပ်ခဲ့သော ကြင်ယာတော်အား တိုင်တန်းသတိပေးမှု ပြုလုပ်ရန် ရှိပေရာ ယင်းသို့ တိုင်တန်းသတိပေးမှုကို ပြုလုပ်ရန် အချိန်၌လည်း ပြောပြခဲ့သော စကားရပ်အလုံးစုံ၏ အစိတ်အပိုင်း ကဏ္ဍရပ်များကို 'အသင်မသည် ဤသို့၊ ထိုသို့ ပြောဆိုခဲ့သည်' ဟူ၍ ထပ်လောင်းကာ မပြောပြတော့ဘဲ သို့သာမက အချို့ကိုသာ ပြောပြ၍ အချို့ကို မပြောပြတော့ပေ။ သို့မှသာ မိန့်ကြားခြင်းခံရသော ကြင်ရာတော်သည် 'ဤမျှခန့် ပြောဆိုလိုက်သည့် အတိုင်းအတာခန့်မျှသာ အသိပေးတော်မူခြင်း ခံခဲ့ရလေပြီ။ ထို့ထက်ပို၍ အသိပေးတော်မူခြင်း မခံခဲ့ရပေဟူ၍ ရက်ကြောက်မှုတရား နည်းပါးစွာ ခံစားမှုကို တွေးတော၍ နေလိုက်မည်ဖြစ်ခြင်း' ဟူသော အတိုင်းအတာထိတိုင် ရောက်ရှိနေပေသည်။ ဤအချို့အဆိုနှစ်ရပ်ကို ဖွင့်ဆိုရာ ဤအဆိုသည် အလွယ်ကူဆုံးသော အဆိုဖြစ်ပေသည်။) တစ်ဖန် ထိုနဗီတမန်တော်မြတ်သည် ၄င်းကြင်ရာတော်အား ယင်းစကားကို ပြောပြခဲ့သောအခါ ထိုကြင်ရာတော်က 'ဤသတင်းကို အသင့်အား မည်သူ ပြောပြသနည်း' ဟု ပြောဆို (မေးမြန်း) ခဲ့ရာ ထိုနဗီတမန်တော်မြတ်က 'ကျွန်တော်အား ခပ်သိမ်းကုန်တို့ကို အကြွင်းမဲ့ သိရှိတော်မူသော၊ ခပ်သိမ်းကုန်တို့ကို အကြွင်းမဲ့ ကြားသိတော်မူသော အသျှင်မြတ်က အသိပေးတော်မူခဲ့သည်' ဟု ပြန်ကြားခဲ့လေသည်။ (ဤအချက်ကို ကြင်ယာတော်များအား ဖတ်ကြားစေခြင်းအကြောင်းမှာ တမန်တော်မြတ် ﷺ ၏ လျှို့ဝှက်ချက်အားလုံးကို သိရှိတော်မူကြောင်းကို ကြားသိရကာ ကိုယ်တော်မြတ် ﷺ ၏ မွန်ရည်သော အပြုအမူကြောင့် မိမိ၏ လုပ်ရပ်အပေါ် သာပို၍ အရှက်တရား ရရှိကာ အမှားဝန်ခံမှုကို ပြုရန်' အကြောင်းကြောင့်ဟူ၍ ဖြစ်တန်ကောင်းပေသည်။)

(သို့ရှိရာ ရှေ့၌ ကြင်ရာတော်များကိုယ်တိုင် 'သောင်ဗာဟ်' (အမှားဝန်ခံမှု) အစရှိသော အရာများပြုရန် မိန့်မြွက်ထားတော်မူပေသည်။) အကယ်၍ အသင် (ကြင်ယာတော်) နှစ်ပါးတို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ ဝန်ချတောင်းပန်ခဲ့ကြလျှင် (အသင်တို့အဖို့ ကောင်း၏။ အဘယ်ကြောင့်ဆိုသော် 'သောင်ဗာဟ်' ပြုထိုက်ဖွယ် အချက်သည် တည်ရှိနေပေသည်။ ထိုအချက်မှာ) စင်စစ်မှာ အသင်တို့နှစ်ဦး၏ စိတ်နှလုံးသည် (တမန်တော်မြတ် မနှစ်မြို့သော အရာဘက်သို့) ယိမ်းညွတ်လျက် ရှိနေခဲ့၏။ (ထိုမနှစ်မြို့ချက်မှာ အခြားသော ကြင်ရာတော်များအား ရှောင်ဖယ်ကာ ကိုယ်တော်မြတ်ကို မိမိတို့အဖို့သာလျှင် ပြုလုပ်ခြင်းဖြစ်ပေသည်။ ထိုလုပ်ရပ်၏ အဓိကမူတည်ချက်မှာ တမန်တော်မြတ် ﷺ ကို ချစ်ခင်မှုထားရှိခြင်းအားထောက်ရှု၍ ဤအချက်သည် မလျော်ကန်သော အချက်မဟုတ်လင့်ကစား ထိုလုပ်ရပ်၌ အခြားသောသူမများ၏ အခွင့်အရေးများကို ဖျက်ဆီးပစ်ကာ စိတ်ဒုက္ခ မုချ သက်ရောက်စေသည်။ မလျော်ကန်သောအမှုကိစ္စကို မုချ ဖြစ်စေသော အမှုကိစ္စသည်လည်း မသင့်တော်သော ကိစ္စရပ် ဖြစ်လေသည်။ ဤတင်ပြချက်ပါအချက်ကို ထောက်ရှု၍ မသင့်တော် မလျော်ကန်ကာ မုချ အမှားဝန်ခံမှုကို ပြုထိုက်ပေသည်။) သို့ရာတွင် အကယ်၍ (ဤကဲ့သို့ပင်) အသင်တို့နှစ်ဦးသည် ထိုနဗီတမန်တော်မြတ်နှင့် ဆန့်ကျင်၍ အချင်းချင်း ရိုင်းပင်းကူညီလျက် ရှိကြပါလျှင် (မှတ်သားထားကြကုန်။) ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ် ﷺ အား ကာကွယ်စောင့်ရှောက်တော်မူမည့် အဆွေခင်ပွန်း ဖြစ်တော်မူသည်။ ထို့ပြင် ကောင်းကင်

တမန် ဂျီဗ်ရီးလ်သည်လည်းကောင်း၊ သူတော်ကောင်း မုအ်မင်နိသက်ဝင် ယုံကြည်သူတို့သည်လည်းကောင်း၊ ထိုနဗီတမန်တော်မြတ်အား ကာကွယ်စောင့်ရှောက်သော အဆွေခင်ပွန်းများ ဖြစ်ကြကုန်၏။ ၎င်းတို့အပြင် ကောင်းကင်တမန်တော်တို့သည်လည်း တမန်တော်မြတ်အား) ရိုင်းပင်းကူညီသူများပင် ဖြစ်ကြကုန်၏။ (အလိုသဘောမှာ အသင်မတို့၏ ထိုဆန့်ကျင်မှုပြုခြင်းများကြောင့် တမန်တော်မြတ် ﷺ အဖို့ ဘေးအန္တရာယ် တစ်စုံတစ်ရာမျှပင် သက်ရောက်မည်မဟုတ်ဘဲ သို့သာမက အသင်မတို့အဖို့သာလျှင် ထိခိုက်ဆုံးရှုံးမှု ဖြစ်ပေါ် နေပေမည် ဖြစ်ပေသည်' ဟူ၍ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အကြင်ပုဂ္ဂိုလ်အား ကူညီစောင်မသော သူတို့သည် ဤသို့သောသူများ ဖြစ်နေပေရာ ထိုတမန်တော်မြတ် ﷺ ၏ ဗီဇသဘောနှင့် ဆန့်ကျင်ဘက်ပြု သော အပြုအမူများ၏ အဆုံးရလဒ်မှာ 'ဆိုးရွားမှုချည်းသာ' ဖြစ်ကြောင်းမှာ ထင်ရှားလှပေသည်။ သို့ရှိရာ အာယသ်တော် ကျရောက်လာခြင်း၏ အချို့သော အကြောင်းခံများ၌ ဟဇရသ်အာအေရှာဟ် ؓ သခင်မ နှင့် ဟဇရသ်ဟဖ်စွား ؓ သခင်မကြီးတို့အပြင် ဟဇရသ်စောင်ဒါး ؓ သခင်မနှင့် စွဖီယား ؓ သခင်မ ကဲ့သို့သော ကြင်ရာတော်များလည်း အတူတကွ ပါဝင်ကြပေသည်။ ထို့ကြောင့် ရှေ့၌ အများကိန်းဖြင့် မိန့်မြွက်ထားပေသည်။)

(အသင်မတို့သည် နောက်ဆုံးမှ အမျိုးသားသည် အမျိုးသမီးတို့ကို လိုအပ်လျက် ရှိနေမည်သာ ဖြစ်ပေသည်။ ကျွန်တော်မျိုးမတို့ထက် သာပို ကောင်းမွန်သော အမျိုးသမီးများ အဘယ်မှာနည်း။ ဤအတွက် ကြောင့် မတက်သာ၍ ကျွန်တော်မျိုးမတို့၏ ပြောဆိုပြုမူချက်အားလုံးတို့ကို သည်းခံရမည်သာ ဖြစ်၏' ဟူသော သို့လောသို့လော ဒွိဟစိတ်များအတွင်းဝယ် မယူဆောင်လာကြလေနှင့်။ သို့ရှိရာ ဤအချက်ကို မှတ်ယူထားကြကုန်။) အကယ်၍ ထိုနဗီတမန်တော်မြတ်သည် အသင်တို့အား ကွာရှင်းခဲ့ပါလျှင်၊ ထိုနဗီ တမန်တော်မြတ်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အသင် (မ) တို့အစား ထိုနဗီတမန် တော်မြတ်အား အသင် (မ) တို့ထက် ပိုမို၍ ထွတ်မြတ်သော မွတ်စ္စလင်မ်မိန်းမများ၊ အမိန့်ကို နာခံသော မိန်းမများ၊ ဝန်ချတောင်းပန်သော မိန်းမများ၊ ဝတ်ပြုသော မိန်းမများ၊ ဥပုသ်သီလ ဆောက်တည်သော မိန်းမများ၊ အအိုများနှင့် အပျိုများကို ပေးတော်မူပေလိမ့်မည်။ (အချို့သော ကြောင်းကျိုး သင့်တော်လှသော အချက်များကြောင့် အအိုများသည်လည်း တပ်မက်နှစ်မြို့ဖွယ် ကောင်းလှပေသည်။ ဥပမာ-အတွေ့အကြုံ ရှိကာ စည်းကမ်းသေဝပ်သော သက်တူအမျိုးသမီးများ အစရှိသော သူမတို့ ဖြစ်ပေသည်။ ဤအတွက် ကြောင့် ထိုအမျိုးသမီးများကို တပ်မက်နှစ်မြို့ဖွယ်ကောင်းခြင်း၏ ဝိသေသအချက်များ၌ ရေတွက် မိန့်မြွက်ထားပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

"သဟ်ရီးမ်"အာယသ်တော်များ ကျရောက်လာခြင်း၏ ဖြစ်စဉ်

ဆွဟီးဟ်ဘိုခါရီ အစရှိသော ကျမ်းများ၌ ဟဇရသ်အာအေရှာဟ် ؓ သခင်မ အစရှိသော သခင်မကြီး တို့ထံမှ ဆင်ပြန်မှု လာရှိထားပေသည်။ တမန်တော်မြတ် ﷺ သည် 'အဆွရ်'နမာဇ်၏ နောက် ရပ်ကာ

ကြင်ရာတော်များအားလုံးထံ (အခြေအနေ သတင်းကို ရယူရန်အတွက်) ကြွမြန်းတော်မူသော ဓလေ့တော် ရှိပေသည်။ တစ်နေ့ ဟဇရသ်ဇိုင်နဗ်သခင်မကြီးထံ၌ ဓလေ့တော်ထက် သာပိုကာ နေထိုင်တော်မူ၍ ပျားရည် သောက်သုံးတော်မူလိုက်ရာ ကျွန်တော်မျိုးမသည် အားကျသွားမိပေသည်။ ကျွန်တော်မျိုးမသည် ဟဖ်စွား သခင်မကြီးဖြင့် 'ကျွန်တော်မျိုးမတို့ထဲမှ အကြင်မည်သူ တစ်ဦးတစ်ယောက်ထံသို့မဆို ကိုယ်တော်မြတ် ကြွရောက်လာသည်ဆိုလျှင် 'ကိုယ်တော်မြတ်သည် 'မဂါးဖီးရ်'ကို စားသုံးတော်မူခဲ့ပါသည်'ဟူ၍ လျှောက် ထားရန် ညှိနှိုင်းတိုင်ပင်လိုက်ကြပေသည်။ 'မဂါဖီးရ်'သည် အနံ့ဆိုးနည်းငယ်ရှိကာ ချွဲပစ်သော အစေး (မှုန်) တစ်မျိုး ဖြစ်ပေသည်။ သို့ရှိရာ ဤသို့ပင် ဖြစ်ပေါ်သွားပေသည်။ ကိုယ်တော်မြတ်သည် 'ငါကိုယ်တော် သည် ပျားရည်ကို သောက်သုံးတော်မူခဲ့ပေသည်'ဟူ၍ မိန့်တော်မူလိုက်ပေသည်။ ထိုကြင်ရာတော်က 'ယင်တစ်ကောင်သည် 'မဂါဖီးရ်'အပင်ပေါ်၌ ထိုအပင်၏ အရည်ကို စုပ်ကောင်း စုပ်ခဲ့ပေသည်။ (ထို့ကြောင့် ပျားရည်၌လည်း အနံ့ဆိုး ပေါ်ပေါက်လာခြင်း ဖြစ်ပေသည်'ဟူ၍ လျှောက်ထားတော်မူလိုက်ပေသည်။ တမန်တော်မြတ် ﷺ သည် အနံ့ဆိုးသော အရာများမှ ရှောင်ကြဉ်လေ့ ရှိပေသည်။ ထို့ကြောင့် တမန်တော် မြတ် ﷺ သည် ဇိုင်နဗ်သခင်မကြီး စိတ်မကောင်း မဖြစ်သွားစေရန် တွေးခေါ်မှုမျိုးဖြင့် 'ဤသို့ဖြစ်လျှင် ငါကိုယ်တော် သည် ပျားရည်ကို မသောက်တော့ပေ'ဟူ၍ 'ကစမ်'ကျိန်ဆိုလိုက်ပေသည်။ ထိုစကားရပ်ကို လည်း ဖုံးဖုံးဖိဖိဖြင့် ထားရှိရန်ကိုလည်း လေးနက်စွာ မိန့်ထားတော်မူလိုက်ခြင်း မရှိပေ။ သို့ရာတွင် ထိုကြင်ရာ တော်သည် အခြားကြင်ယာတော်အား ပြောပြလိုက်ပေသည်။ အချို့သော ဆင့်ပြန်ချက်များ၌ ပျားရည်တိုက် သော သူမသည် ဟဇရသ်ဟဖ်စွား ؓ သခင်မကြီးဖြစ်၍ ညှိနှိုင်းတိုင်ပင်ကြသော သူမတို့မှာ ဟဇရသ် အာအေရှာဟ် ؓ သခင်မ၊ ဟဇရသ်စောင်ဒါး ؓ သခင်မနှင့် ဟဇရသ်စွဖီယား ؓ သခင်မတို့ဖြစ်ကြောင်း' လာရှိ ထားပေသည်။ အချို့သော ဆင့်ပြန်ချက်များ၌ ဤဖြစ်စဉ်သည် အခြားသော နည်းပုံစံမျိုးတို့ဖြင့် လည်း လာရှိထားပေသည်။ ဖြစ်စဉ်များစွာ ဖြစ်ကာ ထိုဖြစ်စဉ်အားလုံး၏ နောက် ဤအာယသ်တော်များ ကျရောက်လာခြင်းလည်း ဖြစ်နိုင်ပေသည်။ *[ဗယာနုလ်ကုရ်အာန်ကျမ်း]*

အာယသ်တော်များ၏ အနှစ်ချုပ်သဘောတရားမှာ ဤသို့ ဖြစ်သည်။ ထိုဖြစ်စဉ်၌ တမန်တော် မြတ် ﷺ သည် သုံးပိုင်၊ ပြုပိုင်ခွင့်ရှိသော အရာ (ပျားရည်) ကို 'ကစမ်'ကျိန်ဆိုခြင်း၏ အကြောင်း ခံဖြင့် မိမိအပေါ် မိမိ 'ဟရာမ်'အဖြစ် ပြုတော်မူလိုက်ပေသည်။ ဤအချက်လုပ်ရပ်သည် လိုအပ်ချက်နှင့် ကြောင်းကျိုးနှင့် သင့်လျော်သော အချက်တစ်စုံတစ်ရာအတွက် ဖြစ်မှု ပိုင်၍ 'ဂိုနာဟ်'လည်း မဖြစ်ပေ။ သို့ရာတွင် ဤဖြစ်စဉ်၌ တမန်တော်မြတ် ﷺ ကိုယ်တော်တိုင် ဒုက္ခခံကာ ပြုပိုင်၊ သုံးပိုင်၊ စားပိုင်ခွင့်ရှိ သော အရာကို စွန့်လွှတ်လိုက်ရခြင်း၏ လိုအပ်ချက် အကြောင်းတစ်စုံတစ်ရာမျှပင် မရှိပေ။ အဘယ်ကြောင့် ဆိုသော် တမန်တော်မြတ် ﷺ သည် ဤလုပ်ရပ်ကို ကြင်ရာတော်များအား ကျေနပ်စေရန်အတွက် ပြုတော် မူခဲ့ခြင်း ဖြစ်ပေသည်။ ဤသို့သော အမှုကိစ္စ၌ ၎င်းတို့အား ကျေနပ်နှစ်သက်အောင် ပြုခြင်းသည် တမန် တော်မြတ် ﷺ အပေါ် အရေးကြီးသော တာဝန်မျိုးမဟုတ်ပေ။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် ရက်ရော မှုနှင့် ကရုဏာတရား၏ ရှုထောင့်ဖြင့် မိန့်တော်မူလိုက်ပေသည်။

يَاَيُّهَاالنَّبِىُّ لِمَ تُحَرِّمُ مَآ اَحَلَّ اللهُ لَكَ تَبْتَغِىْ مَرْضَاتَ اَزْوَاجِكَ وَاللهُ غَفُوْرٌرَّحِيْمٌ

(အို၊ နဗီတမန်တော်၊ အသင်သည် မိမိအဖို့ အလ္လာဟ်အသျှင်မြတ်က 'ဟလာလ်'ခွင့်ပြုတော်မူခဲ့သောအရာကို မည်သည့်အတွက်ကြောင့် အသင့်ကြင်ရာတော်များ၏ နှစ်သက်မှုကို ရှာဖွေသောအားဖြင့် 'ဟရာမ်'ဟူ၍ တားမြစ်သောအရာ ပြုလုပ်ပါသနည်း။ သို့တစေလည်း အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော အသျှင်၊ အလွန်တရာ ကရုဏာပြုတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။)

[၆၆ : ၁]

ဤအာယသ်တော်တွင်လည်း ကုရ်အာန်ကျမ်းတော်မြတ်၏ များစွာသော တင်ပြနည်း တင်ပြဟန်နှင့် ကိုက်ညီစွာ တမန်တော်မြတ် ﷺ ကို အမည်ဖြင့် တပ်ကာ မိန့်တော်မမူထားပေ။ သို့သာမက يَاَيُّهَا النَّبِىُّ (အို၊ နဗီ) ဟူသော ဂုဏ်ပုဒ်တော်ဖြင့် မိန့်တော်မူထားပေသည်။ အကြင်ဂုဏ်ပုဒ်တော်သည် တမန်တော်မြတ် ﷺ အဖို့ သီးသန့်ဂုဏ်ပေး၊ ဂုဏ်ပြုထားသော ဂုဏ်ပုဒ်တော်ပင် ဖြစ်ပေသည်။ ထို့နောက်တစ်ဖန် ဤသို့ မိန့်တော်မူထားပေသည်။ မိမိ၏ ကြင်ရာတော်များ ကျေနပ်နှစ်သက်စေရန်အတွက် မိမိအပေါ် မိမိပြုပိုင်၊ သုံးပိုင်၊ စားပိုင်ခွင့် ပေးထားသော အရာတစ်ခုကို အဘယ်ကြောင့် 'ဟရာမ်'အဖြစ် ပြုလိုက်ပေသနည်း။ ဤမုက္ခပါဋ္ဌ်တော်သည် ကရုဏာတရား ထားရှိခြင်း၏ ရှုထောင့်အဖြစ် မိန့်တော်မူထားနေလင့်ကစား၊ မိန့်မြွက်ထားသည့် နည်းပုံစံမှာ ဖြေကြားချက်ကို တောင်းခံနေခြင်း ဖြစ်ပေသည်။ အကြင်ပုံစံမျိုးဖြင့် မိန့်မြွက်ထားသည့်အတွက်ကြောင့် ကိုယ်တော်မြတ်ထံတော်မှ ကြီးမားသော မှားယွင်းမှု တစ်စုံတစ်ရာ ဖြစ်ပေါ်ကောင်း၊ ဖြစ်ပေါ်သွားနိုင်ပေသည်'ဟူ၍ ထင်မှတ်ကောင်း ထင်မှတ်သွားနိုင်ပေသည်။ ဤအတွက်ကြောင့် တစ်ဆက်တည်းမှာပင်

وَاللهُ غَفُوْرٌرَّحِيْمٌ

(သို့တစေလည်း အလ္လာဟ်အသျှင် မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော အျှင်၊ အလွန်တရာ ကရုဏာပြုတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။) *[၆၆ : ၁]*

ဆိုလိုသည်မှာ အကယ်၍ ပြစ်မှုဖြစ်သွားလျှင်လည်း အလ္လာဟ်အသျှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်ပေးကာ ပလပ်ခွင့်ပေးသနားတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်ဟူ၍ မိန့်တော်မူလိုက်ပေသည်။

စမ္မသတ် ။ ။ 'ဟလာလ်'ဖြစ်သော အရာတစ်ခုကို မိမိအပေါ် မိမိ 'ဟရာမ်'ပြုလုပ်လိုက်ခြင်း၏ ပုံစံ (၃) ရပ် ရှိပေသည်။ အကြင်ပုံစံ (၃) လုံး၏ ရှင်းလင်းချက်ကို စူရာဟ်မာအေဒါ၏

يَاَيُّهَا الَّذِيْنَ اٰمَنُوْ لَاتُحَرِّمُوْا طَيِّبٰتِ مَااَحَلَّ اللهُ لَكُمْ

ဟူသော အာယသ်တော်၏ အောက်မအာရိဖွလ်ကုရ်အာန်ကျမ်း၏ အတွဲ (၃) ၌ တင်ပြထားပြီး ဖြစ်ပေသည်။ ရှင်းလင်းချက်၏ အနှစ်ချုပ်မှာ ဤသို့ ဖြစ်သည်။ အကယ်၍ တစ်ဦးတစ်ယောက်သည်

လုံး၀ ပြုပိုင်၊ သုံးပိုင်ခွင့်ရှိသော အရာတစ်ခုကို ခံယူချက်ပိုင်းဆိုင်ရာ မူဝါဒအရ 'ဟရာမ်'အဖြစ် အတည်ပြုလိုက်ပါမူ၊ 'ကုဖ္ဖရ်'သွေဖည်ငြင်းဆိုမှုနှင့် ကြီးလေးသော 'ဂိုနာဟ်'ဖြစ်ပေသည်။ အကယ်၍ ခံယူချက်ပိုင်းဆိုင်ရာ မူဝါဒအရ 'ဟရာမ်'ဟူ၍ မမှတ်ယူဘဲ ကြောင်းကျိုးလျော်ညီခြင်းနှင့် လိုအပ်ချက်တစ်စုံ တစ်ရာမျှ မရှိဘဲ 'ကစမ်'ကျိန်ဆိုကာ မိမိအပေါ် မိမိ 'ဟရာမ်'အဖြစ် ပြုလိုက်လျှင်မူ ဤသည့် ပြစ်မှုဒုစရိုက် 'ဂိုနာဟ်'ဖြစ်ပေသည်။ ထို 'ကစမ်'အား ပြန်ဖြေခြင်းနှင့် 'ကဖ်ဖာရာ' (လျော်ကြေးပေးဆောင်ခြင်း) သည် ၎င်းအပေါ် '၀ါဂျိဗ်'ဖြစ်ပေသည်။ ယင်းအချက်အကြောင်း ရှေ့၌ တင်ပြထားပေသည်။

ကြောင်းကျိုးလျော်ကန်မှုနှင့် လိုအပ်ချက်တစ်စုံတစ်ရာဖြစ်မူ ပိုင်၏။ သို့တစေလည်း အကောင်းဆုံးဖြစ်ခြင်းအချက်နှင့် ဆန့်ကျင်ဘက်အသွင် ဖြစ်ရှိနေမည်သာ ဖြစ်သည်။ တတိယပုံစံမှာ ခံယူချက်ပိုင်းဆိုင်ရာ မူဝါဒအရလည်း 'ဟရာမ်'ဟူ၍ မမှတ်ယူ၊ 'ကစမ်'ကျိန်ဆိုမှုကိုလည်း မပြုကာ မိမိအပေါ် မိမိ 'ဟရာမ်' အဖြစ် သတ်မှတ်လိုက်ပေသည်။ သို့ရာတွင် လက်တွေ့ကျကျအရ ထိုအချက်ကို အစဉ်မပြတ် စွန့်လွှတ်ထားရန် နှလုံးသားအတွင်း ခိုင်မာစွာ ဆုံးဖြတ်ချက်ချထားလိုက်ပေသည်။ ဤသို့ ခိုင်မာသော ဆုံးဖြတ်ချက်ကို ထိုအချက်အား အမြဲတမ်း စွန့်လွှတ်ထားခြင်းသည် 'စဝါးဗ်' ရရှိခြင်း၏ အကြောင်းခံ ဖြစ်နေပေသည်' ဟူသော ရည်ရွယ်ချက်မျိုးဖြင့် ထားရှိပါက သာသနာ့ရှုထောင့်အရ ပြစ်မှုဒုစရိုက်နှင့် ရှုတ်ချထိုက်ဖွယ်ကောင်းလှသော သာသနာသစ်တီထွင်ခြင်းနှင့် ရဟ်ဗာနီယသ် (ဝတ္တရားများကို စွန့်ပယ်ထားခြင်း) ဖြစ်ပေသည်။ ထို့ပြင် အကယ်၍ ထိုသို့ စွန့်လွှတ်ထားခြင်းကို အကျိုး 'စဝါးဗ်' ရရှိမည်ဟု မမှတ်ယူထားဘဲ မိမိ၏ ကိုယ်ခန္ဓာရေးဆိုင်ရာ (သို့မဟုတ်) ဝိညာဉ်ပိုင်းဆိုင်ရာ ရောဂါတို့ကို ကုသရန်အတွက် ဖြစ်ပါမူ 'မက္ကရူးဟ်'မဖြစ်ဘဲ ပိုင်ပေသည်။ အချို့သော သူတော်စင်များထံမှ အရသာရှိသော ဓိမ်ခံမှုမျိုးကို စွန့်လွှတ်ထားခြင်း ဖြစ်စဉ်များကို တင်ပြထားပေသည်။ ထိုအချက်များသည် ဤတတိယပုံစံမျိုး ဖြစ်သည်ဟူ၍သာ ကောက်ချက်ချရပေမည်။

တင်ပြလျက်ရှိနေသော ဖြစ်စဉ်၌ တမန်တော်မြတ် ﷺ သည် 'ကစမ်'ကျိန်ဆိုတော်မူထားကာ အာယသ်တော် ကျရောက်လာပြီးနောက် 'ကစမ်'ကို ပြန်လည်၍ ဖြေကာ 'ကဖ်ဖာရာ' ('ကစမ်'လျော်ကြေး) ကို ပေးဆောင်လိုက်ပေသည်။ ပမာတင်ပြရမည်ဆိုသော် ကိုယ်တော်မြတ် ﷺ သည် ကျွန်တစ်ဦးကို 'ကစမ်'၏ လျော်ကြေးအဖြစ် သူကောင်းပြုတော်မူလိုက်ကြောင်း ဒုရ်ရေမန်စူးရ်၏ ဆင့်ပြန်ချက်၌ လာရှိထားပေသည်။ *[ဗယာနုလ်ကုရ်အာန်ကျမ်း]*

قَدْفَرَضَ اللهُ لَكُمْ تَحِلَّةَ اَيْمَانِكُمْ

(ဧကန်စင်စစ် အလ္လဟ်အသျှင်မြတ်သည် အသင်တို့အကျိုးငှာ အသင်တို့၏ ကျိန်ဆိုချက်များကို ဖြေနိုင်ရန် နည်းလမ်းသတ်မှတ်၍ ပေးတော်မူခဲ့၏။) *[၆၆ : ၂]*

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် 'ကစမ်'ကို ချိုးဖျက်ရန် အရေးကြီးသော (သို့မဟုတ်) သင့်တော်ကောင်းမွန်သော ပုံစံများတွင် အသင်တို့၏ 'ကစမ်'ဆိုမှုများမှ ပြေသွားစေရန် ဆိုလိုသည်မှာ

'ကစမ်'ကို ချိုးဖျက်ကာ 'ကဖ်ဖာရာ' (လျော်ကြေး) ပေးဆောင်ခြင်း၏ နည်းလမ်းကို ထုတ်ဖော်ပြဆိုထားသည်။ ယင်းအချက်၏အကြောင်း အခြားသော အာယသ်တော်များ၌ အကျယ်ချဲ့အဖြစ် လာရှိထားသည်။

وَاِذْاَسَرَّ النَّبِيُّ اِلٰى بَعْضِ اَزْوَاجِهٖ حَدِيْثًا

(ငှင်းပြင် ပြန်လည်သတိရကြလေကုန်။ တစ်ရံရောအခါဝယ် နဗီတမန်တော်မြတ်သည် မိမိ၏ ကြင်ရာတော်တစ်ပါးအား စကားတစ်ခွန်းကို လျှို့ဝှက်စွာ ပြောဆိုခဲ့လေ၏။) *[၆၆ : ၃]*

ထိုလျှို့ဝှက်စကားသည် မှန်ကန်၍ များစွာသော ဆင့်ပြန်ချက်များ၏ ရှုထောင့်မှ ဤအောက်ဖော်ပြပါ စကားရပ်သည် ဟဇရသ်ဟိုင်နဗ် ﵂ သခင်မကြီး၏ ထံ၌ ပျားရည်ကို သောက်သုံးတော်မူခဲ့ပေသည်။ သို့ဆိုလျှင် အခြားသော ကြင်ရာတော်များသည် ယင်းအချက်ကို ခက်ခဲလေးလံလှစွာသော အချက်ဟူ၍ မှတ်ယူလိုက်ကြပေသည်။ တမန်တော်မြတ် ﷺ သည် ထိုကြင်ရာတော်များကို ကျေနပ်နှစ်သိမ့်စေရန်အတွက် ပျားရည်မသောက်သုံးတော့ရန်ကို 'ကစမ်'ကျိန်ဆိုလိုက်ပေသည်။ သို့ရာတွင် ဇိုင်နဗ် ﵂ သခင်မ သောကမဖြစ်သွားစေရန် ယင်းစကားရပ်ကို မည်သူ့ကိုမျှ မပြောဆိုရန်ကိုလည်း မိန့်တော်မူလိုက်ပေသည်။ သို့ရှိရာ ထိုကြင်ရာတော်သည် ဤလျှို့ဝှက်သတင်းစကားကို အခြားသော ကြင်ရာတော်များအား ထုတ်ဖော်ပြောဆိုလိုက်ပေသည်။ အကြင်အချက်အကြောင်း တင်ပြလျက်ရှိသော အာယသ်တော်၌ လာရှိထားပေသည်။ ထိုလျှို့ဝှက်စကားနှင့် စပ်လျဉ်း၍ အခြားသော ဆင့်ပြန်ချက်များ၌ အခြားသော အချက်အလက် အကြောင်းအရာများကိုလည်း ဆင့်ပြန်ထားပေသည်။ သို့ရာတွင် အများဆုံးနှင့် အမှန်ကန်ဆုံးအချက်မှာ အထက်၌ ရေးသားတင်ပြခဲ့သော အချက်သည်သာလျှင် ဖြစ်ပေသည်။

فَلَمَّانَبَّاَتْ بِهٖ وَاَظْهَرَهُ اللّٰهُ عَلَيْهِ عَرَّفَ بَعْضَهٗ وَاَعْرَضَ عَنْۢ بَعْضٍ

(ထို့နောက် ထိုကြင်ရာတော်က အခြားကြင်ရာတော်အား ယင်းစကားကို ပြောပြခဲ့လေ၏။ အလ္လာဟ်အသျှင်မြတ်သည် ယင်းအကြောင်းကို နဗီတမန်တော်မြတ်အား အသိပေးတော်မူခဲ့၏။ ထိုအခါ နဗီတမန်တော်မြတ်သည် ယင်းစကားအချို့ကို သိစေခဲ့ပြီး အချို့ကိုမူ လျစ်လျူရှုထားခဲ့၏။) *[၆၆ : ၃]*

ဆိုလိုသည်မှာ ယင်းကြင်ရာတော်သည် ထိုလျှို့ဝှက်စကားအား အခြားသော ကြင်ရာတော်တစ်ပါးအား ထုတ်ဖော်ပြောဆိုလိုက်သေည်။ အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ် ﷺ အား 'ထိုကြင်ယာတော်သည် အသင်၏ လျှို့ဝှက်စကားကို ထုတ်ဖော်လိုက်ပေပြီ'ဟူ၍ သတင်း အသိပေးတော်မူလိုက်သည်။ သို့ရှိရာ တမန်တော်မြတ် ﷺ သည် ထိုကြင်ရာတော်အား လျှို့ဝှက်ချက်ကို ဖော်ထုတ်လိုက်ခြင်းအား သတိပေးပြောကြားရာတွင် စကားရပ်အလုံးစုံကို ထုတ်ဖော်၍ မိန့်တော်မမူလိုက်ပေ။ ဤသည် တမန်တော်မြတ် ﷺ ၏ မွန်ရည်သော စာရိတ္တတော်ပင် ဖြစ်ပေသည်။ အကြောင်းမှာ စကားရပ်တစ်ခုလုံးကို ထုတ်ဖော်ပြောဆိုလိုက်ခြင်းဖြင့် အမျိုးသမီးသည် သာပို၍ ရှက်ကြောက်မှုတရား ခံစားသွားရပေမည်။ လျှို့ဝှက်စကားကို ပြောဆိုခြင်း ခံခဲ့ရသော ကြင်ရာတော်သည် မည်သူနည်း။ တစ်ဆင့်ပြန်လည် ပြောဆိုခြင်း ခံခဲ့ရသော ကြင်ရာတော်မှာ မည်သူနည်း။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ထိုအချက်များကို မတင်ပြထားပေ။ ဟဒီးစ်

တော်၏ များစွာသော ဆင့်ပြန်ချက်များမှ လျှို့ဝှက်စကားကို ဟဇရသ်ဟဖ်စွာသခင်မကြီးအား ပြောဆိုခဲ့ကြောင်း၊ ၎င်းက တစ်ဖန် ဟဇရသ်အာအေရှာဟ် ﵁ သခင်မကြီးအား ပြောပြခဲ့ကြောင်း’ဟူသော အချက်ကို သိရှိရပေသည်။ ပမာတင်ပြရမည်ဆိုသော် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﵁ သခင်ကြီးထံမှ ဆင့်ပြန်ချက်လာရှိထားသော ဟဒီးစ်တော်ကို ရှေ့၌ တင်ပြထားပေသည်။

အချို့ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များ၌ ဟဇရသ်ဟဖ်စွားဖ်သခင်မကြီးသည် လျှို့ဝှက်စကားကို ထုတ်ဖော်လိုက်သည့်အပေါ် တမန်တော်မြတ် ﷺ သည် ၎င်းအား ‘သွလာက်’ပေးရန် ရည်ရွယ်တော်မူခဲ့ကြောင်း၊ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် ကောင်းကင်တမန်တော်ကြီး ဂျိဗ်ရာအီးလ်ကို စေလွှတ်ကာ ‘သွလာက်’ ပေးခြင်းကို တားမြစ်တော်မူလိုက်ကြောင်းနှင့် ‘အလွန် နမာဇ်ဝတ်ပြုသော သူမ၊ များစွာ ‘ရိဇာဟ်’ဥပုသ်သီလ စောင့်ထိန်းသောသူမ ဖြစ်ကြောင်းနှင့် ၎င်း၏ အမည်ကို အသင်တမန်တော်၏ ဇနီးကြင်ရာတော်များအတွင်းဝယ် ‘ဂျန္နသ်’၌ ရေးသားထားကြောင်း’ဟူသော အချက်ကိုပါ မိန့်မြွက်တော်မူလိုက်ကြောင်း’ဟူ၍ လာရှိထားပေသည်။ *[မဇ္ဇဟရီကျမ်း]*

اِنْ تَتُوْبَآ اِلَى اللّٰهِ فَقَدْ صَغَتْ قُلُوْبُكُمَا

(အကယ်၍ အသင်ကြင်ရာတော်နှစ်ပါးသည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ ဝန်ချတောင်းပန်ခဲ့ကြသော် အသင်မတို့အဖို့ ကောင်း၏။ အဘယ်ကြောင့်ဆိုသော် စင်စစ်မှာ အသင်တို့နှစ်ဦး၏ စိတ်နှလုံးသည် တမန်တော်မြတ် မနှစ်မြို့သော အရာဘက်သို့ ယိမ်းညွတ်လျက် ရှိနေခဲ့၏။) *[၆၆ : ၄]*

ကြင်ရာတော်များထဲမှ အကြင်ကြင်ရာတော်နှစ်ပါး၏ အကြောင်းကို အထက်၌ အတိုချုပ်အနေဖြင့် တင်ပြထားပေသည်။ အကြောင်းမှာ ၎င်းတို့သည် အချင်းချင်းကြား ညှိနှိုင်းတိုင်ပင်၍ တမန်တော်မြတ် ပျားရည်သောက်သုံးလိုက်ခြင်း၏ ဤနည်းလမ်းကို ရွေးချယ်ထားကြပေသည်။ ယင်းနည်းပရိယာယ်ကြောင့် တမန်တော်မြတ် ﷺ သည် ပျားရည်မသောက်သုံးတော့ရန် ‘ကစမ်’ကျိန်ဆိုလိုက်ပေသည်။ တစ်ဖန် တမန်တော်မြတ်သည် ထိုအချက်အား ဖုံးဖုံးဖိဖိထားရှိရန်ကိုလည်း မိန့်တော်မူထားပေသည်။ ထိုကြင်ရာတော်သည် ဖုံးဖုံးဖိဖိ မထားရှိဘဲ အခြားတစ်ပါးအား ဖွင့်ဟဖော်ထုတ်လိုက်ပေသည်။ ဤကြင်ရာတော်နှစ်ပါးသည် မည်သူများနည်း။ ၎င်းတို့နှင့် စပ်လျဉ်း၍ ဗွှဟီးဟ်ဘိုခါရီ အစရှိသော ကျမ်းများ၌ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﵁ သခင်ကြီးထံမှ ရှည်လျားသော ဆင့်ပြန်ချက်တစ်ရပ် လာရှိထားပေသည်။ အချိန်အခိုက်အတန့်ကာလ ကြာမြင့်စွာထိတိုင် ကျွန်ုပ်သည် မိမိ၏ နှလုံးသားအတွင်း၌ ‘ထိုကြင်ယာတော်နှစ်ပါးနှင့် စပ်လျဉ်း၍ ဟဇရသ်အုမရ် ﵁ သခင်ကြီးအား လျှောက်ထားမေးမြန်းရန် ဖြစ်ပေသည်။ အကြင်ကြင်ရာတော်နှစ်ပါးနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌

اِنْ تَتُوْبَآ اِلَى اللّٰهِ

(အကယ်၍ အသင်ကြင်ရာတော်နှစ်ပါးသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် ဝန်ချတောင်းပန်ခဲ့ကြလျှင်။) *[၆၆ : ၄]*

ဟူ၍ လာရှိထားပေရာ ယင်းသို့ လာရှိခြင်းနှင့် စပ်လျဉ်းသော အမျိုးသမီးနှစ်ဦးသည် မည်သို့သော သူမများ ဖြစ်ပေသနည်း' ဟူ၍ မေးမြန်းလိုက်ပေသည်။ ဟဇရတ်အုမရ် ﷺ သခင်ကြီးသည် 'ဤအမျိုးသမီးနှစ်ဦးသည် ဟဇရတ်ဟဖ်စွား ﷺ သခင်မနှင့် ဟဇရတ်အာအေရှာဟ် ﷺ သခင်မနှစ်ပါးဖြစ်ကြောင်း အသင် မသိသည်ကို အံ့ဩပါ၏' ဟူ၍ မိန့်ကြားလိုက်ပေသည်။ ထို့နောက် ဟဇရတ်အုမရ်သခင်ကြီးသည် ထိုဖြစ်စဉ်နှင့် စပ်လျဉ်း၍ ရှည်လျားသော မိမိ၏ ကိုယ်တွေ့ဖြစ်စဉ်ကို တင်ပြမိန့်မြွက်လိုက်ပေသည်။ အကြင် မိန့်မြွက်ချက်တွင် ထိုဖြစ်စဉ် မဖြစ်ပေါ်မီအလျင် အခြေအနေအချို့တို့ကိုလည်း တင်ပြထားပေသည်။ အကျယ်ရှင်းလင်းချက် မဖ္ဖဟာရီကျမ်း၌ လာရှိပေသည်။ တင်ပြလျက်ရှိသော အာယသ်တော်တွင် ထိုကြင်ရာ တော်နှစ်ပါးအား သီးသန့် မိန့်မြွက်ထားတော်မူပေသည်။ အသင်မတို့၏ စိတ်နှလုံးသားသည် အမှန်တရားဘက်မှ ယိမ်းညွတ်နေသည်' ဟူ၍ ထိုဖြစ်စဉ်၏ လိုလားချက်အတိုင်း 'အကယ်၍ အသင်မတို့သည် အမှားဝန်ခံမှုကို ပြုကြမည်ဆိုလျှင်' ဟူ၍ မိန့်တော်မူထားပေသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ အား ချစ်ခင်မှုထားရှိခြင်းနှင့် နှစ်မြို့မှုကို ရရှိရန်သည် မုအ်မင်နံတိုင်းအပေါ်၌ 'ဖွရ်ဓ်'တာဝန် ဖြစ်ပေသည်။ သို့ရာတွင် အသင်မတို့နှစ်ဦးသည် အချင်းချင်းကြား ညှိနှိုင်းတိုင်ပင်၍ ဤသို့သော ပုံစံကို ရွေးချယ်လိုက်ပေသည်။ ယင်းပုံစံကြောင့် တမန်တော်မြတ် ﷺ သည် စိတ်ဒုက္ခ ရောက်ရှိခဲ့ပေသည်။ ဤသည် 'သောင်ဗာဟ်' ပြုရန် အရေးကြီးသော 'ဂိုနာဟ်'ဖြစ်သွားပေသည်။ ရှေ့၌ ဤသို့ ဆက်လက် အမိန့်ရှိထားပေသည်။

وَاِنْ تَظٰهَرَا عَلَيْهِ فَاِنَّ اللّٰهَ هُوَمَوْلٰىهُ وَجِبْرِيْلُ

(သို့ရာတွင် အကယ်၍ အသင်တို့နှစ်ဦးသည် ထိုနဗီတမန်တော်မြတ်နှင့် ဆန့်ကျင်၍ အချင်းချင်း ရိုင်းပင်းကူညီလျက် ရှိကြပါလျှင် ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ်အား ကာကွယ်စောင့်ရှောက်တော်မူမည့် အဆွေခင်ပွန်း ဖြစ်တော်မူသည်။) *[၆၆ : ၄]*

ထိုအာယသ်တော်အတွင်း၌ ဤအချက်ကို ပြဆိုထားပေသည်။ အကယ်၍ အသင်မတို့သည် 'သောင်ဗာဟ်'ပြုကာ တမန်တော်မြတ် ﷺ အား ကျေနပ်နှစ်သက်အောင် ပြုတော်မမူခဲ့ပါမူ၊ ကိုယ်တော်မြတ်ထံ ဆုံးရှုံးမှုတစ်စုံတစ်ရာ သက်ရောက်ပေလိမ့်မည်'ဟူ၍ မမှတ်ယူထားလေနှင့်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ အဖို့မူ အလ္လာဟ်အသျှင်မြတ်သည် ကူညီစောင်မတော်မူသော အသျှင်၊ မှီခိုအားကိုးထိုက်ခြင်း ခံရတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ ကောင်းကင်တမန်တော် ဂျိဗ်ရာအီးလ်၊ မွန်မြတ်သော မွတ်စ္စလင်မ်များအားလုံးနှင့် ထို့နောက် ကောင်းကင်တမန်တော်များ အားလုံးသည် အကြင်တမန်တော်မြတ် ﷺ အား ကာကွယ်စောင့်ရှောက်ခြင်းနှင့် ကူညီမှုအပေါ် အားလုံးရှိနေကြပေရာ ၄င်းအားတစ်စုံတစ်ရာ ထိခိုက်ဆုံးရှုံးမှုဖြစ်အောင် ပြုနိုင်ကြပါ၏လော။ အနည်းနှင့် အများမဆို ထိခိုက်နစ်နာမှုသည် အသင်မတို့အဖို့သာလျှင် ဖြစ်ပေမည်။ ရှေ့၌ ယင်းကြင်ရာတော်များနှင့် စပ်လျဉ်း၍ မိန့်တော်မူထားပြန်ပေသည်။

عَسَى رَبُّهٗۤ اِنْ طَلَّقَكُنَّ اَنْ يُّبْدِلَهٗۤ اَزْوَاجًا خَيْرًا مِّنْكُنَّ

(အကယ်၍ ထိုနဗီတမန်တော်မြတ်သည် အသင်တို့အား ကွာရှင်းခဲ့ပါလျှင် ထိုနဗီတမန်တော်မြတ်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် အသင်မတို့အစား ထိုနဗီတမန်တော်မြတ်အား အသင်မတို့ထက် ပိုမို၍ ထွတ်မြတ်သော မိန်းမများကို ပေးတော်မူပေလိမ့်မည်။) *[၆၆ : ၅]*

ထိုအာယသ်တော်တွင် 'အကယ်၍ ကျွန်တော်မျိုးမတို့အား 'သွလာက်'ပေးလိုက်ပါမူ ကျွန်တော်မျိုးမတို့ကဲ့သို့သော အခြားသော အမျိုးသမီးများကို ကိုယ်တော်မြတ်အဖို့ ရရှိချင်မှ ရရှိပေလိမ့်မည်'ဟူသော ထိုအမျိုးသမီးတို့၏ ထိုသို့သော တွေးခေါ်မှုကို တုန့်ပြန်ဖြေကြားထားပေသည်။ မိန့်မြွက်ချက်၏ အချုပ်သဘောတရားမှာ ဤသို့ ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် မစွမ်းနိုင်သော အရာသည် မည်သည့်အရာနည်း။ အကယ်၍ ထိုတမန်တော်သည် အသင်မတို့အား'သွလာက်'ပေးလိုက်ပါမူ ထိုအသျှင်မြတ်သည် အသင်မတို့ကဲ့သို့ အမျိုးသမီးများကို မဆိုထားဘိဦး။ အသင်မတို့ထက် သာပိုကောင်းမြတ်သော အမျိုးသမီးများကို ချီးမြှင့်ပေးသနားတော်မူပေလိမ့်မည်။ ထိုမိန့်မြွက်ချက်ကြောင့် ၄င်းတို့ထက် သာပိုကောင်းမြတ်သော အမျိုးသမီးများသည် ဤအချိန်၌ တည်ရှိနေသည်'ဟူသော အချက်သည် မုချရှိနေသည်ဟူသည်ကို ဆိုလိုထားခြင်းမျိုး မဟုတ်ပေ။ ဤအချိန်၌ မရှိကာ လိုအပ်လာလျှင်မူ အလ္လာဟ်အသျှင်မြတ်သည် အခြားသော အမျိုးသမီးများကို ၄င်းတို့ထက် ပိုမိုမွန်မြတ်သော သူမများအဖြစ် ပြုလုပ်ဖန်ဆင်းပေးတော်မူနိုင်ပေသည်' ဟူ၍လည်း ဖြစ်နိုင်ပေသည်။ ဤအထက်တင်ပြပါ အာယသ်တော်များတွင် သီးသန့် ကြင်ရာတော်များ၏ ကျင့်ကြံဆောင်ရွက်ချက်များ၊ စာရိတ္တပိုင်းဆိုင်ရာတို့ကို ပြုပြင်မှုပြုပေးခြင်းနှင့် ၄င်းတို့အား ယဉ်ကျေးမှုတရားနှင့် ဆုံးမပဲ့ပြင်မှုတို့ကို တင်ပြပေးထားသလို ရှေ့၌ အများ မုအ်မင်န်အမျိုးသမီးတို့အဖို့လည်း ထိုအချက်အား မိန့်မြွက်ထားတော်မူပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْا قُوْۤا اَنْفُسَكُمْ وَاَهْلِيْكُمْ
نَارًا وَّقُوْدُهَا النَّاسُ وَالْحِجَارَةُ عَلَيْهَا مَلٰۤئِكَةٌ غِلَاظٌ شِدَادٌ
لَّا يَعْصُوْنَ اللّٰهَ مَاۤ اَمَرَهُمْ وَيَفْعَلُوْنَ مَا يُؤْمَرُوْنَ ۝

၆၆ : ၆ ။ ။ အို့၊ မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့ (ကိုယ်များ) ကို လည်းကောင်း၊ မိမိတို့၏ အိမ်သူအိမ်သားတို့ကိုလည်းကောင်း၊ (ငရဲ) မီး (ဘေး) မှ ကင်းလွတ်စေကြလေကုန်။ ယင်း (ငရဲ) မီး၏ လောင်စာများမှာ လူများနှင့် ကျောက်တုံးများ ဖြစ်ကြ၏။ ယင်း (ငရဲ) မီး၌ ညှာတာကင်းမဲ့မှု၊ စိတ်ဓါတ် ခက်ထန် ကြမ်းတမ်းသော၊ လွန်စွာ ပြင်းထန်ကြံ့ခိုင်သော 'မလာအေ့ကာဟ်' ကောင်းကင်တမန်များသည် (စောင့်ကြပ်လျက်) ရှိကြကုန်၏။ ထို 'မလာအေ့

ကာဟ်' ကောင်းကင်တမန်တို့သည် အလ္လာဟ်အသျှင်မြတ်အား ထိုအသျှင်မြတ်က ၄င်းတို့ကို ပေးတော်မူသော အမိန့်တော်နှင့် စပ်လျဉ်း၍ ဖီဆန်ကြသည် မရှိသည့်အပြင်၊ မိမိတို့ အမိန့်ပေးတော်မူခြင်း ခံကြရသည်ကို (မဆိုင်းမတွ) ပြုလုပ်ဆောင်ရွက်လေ့ ရှိကြကုန်၏။

يَٰٓأَيُّهَا ٱلَّذِينَ كَفَرُوا۟ لَا تَعْتَذِرُوا۟ ٱلْيَوْمَ ۖ إِنَّمَا تُجْزَوْنَ مَا كُنتُمْ تَعْمَلُونَ ۝٧

၆၆ : ၇ ။ ။ အို, ကာဖိရ်သွေဖည်ငြင်းပယ်သူအပေါင်းတို့၊ ယနေ့ အသင်တို့သည် (မည်သို့မျှ) အကြောင်းမပြကြကုန်လင့်။ အသင်တို့သည် မိမိတို့ ကျင့်မူနေခဲ့ကြသော (အမှုကိစ္စ) နှင့် စပ်လျဉ်း၍သာ အစားပေးခြင်းကို ခံနေကြရခြင်း ဖြစ်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို, မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ (အထက်၌ သိထားပြီးဖြစ်သလို ရစူလ်တမန်တော်မြတ်၏ ကြင်ရာတော်များအဖို့လည်း ကောင်းမြတ်သော အကျင့်သီလများနှင့် အမိန့်နာခံခြင်းတို့မှ မတက်သာဘဲ ရှိနေကြကာ တမန်တော်မြတ်ကိုလည်း မိမိ၏ ကြင်ရာတော်များအား ဆိုဆုံးမမှုကို ပြု၍ ကောင်းမြတ်သော အကျင့်သီလများကို ပြုမူဆောင်ရွက်ရန် နှိုးဆော်မှုပြုရန် အမိန့်ပေးထားပေရာ ကျန်ရှိသော အွမ္မသ် (နောက်လိုက်ထု) အားလုံးတို့အပေါ် ဤ 'ဖွရ်ခ်' ဝတ္တရားသည် သာပို၍ လေးနက်သွားပေသည်။ သို့မှသာလျှင် မိမိတို့၏ အိမ်သူ၊ အိမ်သားများ၏ ဆောင်ရွက်ချက်များနှင့် စာရိတ္တတို့ကို ပြုပြင်ရာ၌ မေ့လျော့၍ မနေစေရန် ဖြစ်ပေသည်။ ထို့ကြောင့် မိန့်တော်မူထားသည်မှာ) အသင်တို့သည် မိမိတို့ (ကိုယ်များ) ကို လည်းကောင်း၊ မိမိတို့၏ အိမ်သူအိမ်သားတို့ကိုလည်းကောင်း၊ (ငရဲ) မီး (ဘေး) မှ ကင်းလွတ်စေကြလေကုန်။ ယင်း (ငရဲ) မီး၏ လောင်စာများမှာ (လောင်ကျွမ်းလျက်ရှိသော) လူများနှင့် ကျောက်တုံးများ ဖြစ်ကြ၏။ (မိမိကိုယ်ကို မိမိ ကင်းလွတ်စေခြင်းသည် ကိုယ်တိုင် ပညတ်ချက်များအား နာခံခြင်းနှင့် အိမ်သူအိမ်သားများအား ကင်းလွတ်စေခြင်းသည် ၄င်းတို့အား အလ္လာဟ်အသျှင်မြတ်၏ ပညတ်ချက်များကို သင်ကြားပြသခြင်းနှင့် ၄င်းတို့အား ပြုကျင့်ခိုင်းစေရန် နှုတ်ဖြင့်လည်းကောင်း၊ လက်ဖြင့်လည်းကောင်း တတ်စွမ်းနိုင်သမျှ ကြိုးစားခြင်း ဖြစ်ပေသည်။ ရှေ့၌ ဆက်လက်၍ ထိုမီး၏ ဒုတိယ အခြေအနေကို တင်ပြထားပေသည်။)

ယင်း (ငရဲ) မီး၌ ညှာတာကင်းမဲ့မှု၊ စိတ်ဓါတ် ခက်ထန် ကြမ်းတမ်းသော၊ လွန်စွာ ပြင်းထန်ကြံ့ခိုင်သော 'မလာအေ့ကာဟ်' ကောင်းကင်တမန်များသည် (သတ်မှတ်ခြင်းခံရကာ စောင့်ကြပ်လျက်) ရှိကြကုန်၏။ (အကြောင်းမှာ ၄င်းတို့သည် မည်သူတစ်ဦးတစ်ယောက်မျှ ၄င်းတို့နှင့် ယှဉ်ပြိုင်ကာ ရှောင်ရှားနိုင်စွမ်းလည်း မရှိပေ။) ထို 'မလာအေ့ကာဟ်' ကောင်းကင်တမန်တို့သည် အလ္လာဟ်အသျှင်မြတ်အား ထိုအသျှင်မြတ်က ၄င်းတို့ကို ပေးတော်မူသော အမိန့်တော်နှင့် စပ်လျဉ်း၍ (အနည်းငယ်မျှ) ဖီဆန်ကြသည် မရှိသည့်အပြင်၊ မိမိတို့ အမိန့်ပေးတော်မူခြင်း ခံကြရသည်ကို (မဆိုင်းမတွ) ပြုလုပ်ဆောင်ရွက်လေ့ ရှိကြ

ကုန်၏။ (အချုပ်ဆိုရသော် ထိုငရဲ၌ ဤသို့သော ကောင်းကင်တမန်တော်များ သတ်မှတ်ခြင်း ခံထားရပေသည်။ အကြင်ကောင်းကင်တမန်များသည် ကာဖိရ်များကို ငရဲဘုံအတွင်း သွတ်သွင်း၍ လွှတ်ထားလိုက်ကြပေမည်။ ထိုအချိန်၌ ကာဖိရ်များအား ပြောကြားမည်မှာ) အို့, ကာဖိရ် သွေဖည်ငြင်းပယ်သူအပေါင်းတို့၊ (မည်သို့မျှ) အကြောင်း (ချွင်းချက်ကို) မပြုကြကုန်လင့်။ (အကြောင်းမှာ အကြောင်းပြမည်ဆိုပါကလည်း အချည်းနှီးသာ ဖြစ်ပေမည်။) အသင်တို့သည် မိမိတို့ ကျင့်မူနေခဲ့ကြသော (အမှုကိစ္စ) နှင့် စပ်လျဉ်း၍သာ အစားပေးခြင်းကို ခံနေကြရခြင်း ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

قُوْٓا اَنْفُسَكُمْ وَاَهْلِيْكُمْ

(အသင်တို့သည် မိမိတို့ကိုယ်များကိုလည်းကောင်း၊ မိမိတို့၏ အိမ်သူအိမ်သားများကိုလည်းကောင်း ကင်းလွှတ်စေကြလေကုန်။) *[၆၆ : ၆]*

ဟူသော အာယသ်တော်တွင် မွတ်စ္စလင်မ်အပေါင်းကို အပယ်ငရဲမီးမှ မိမိတို့ကိုယ်ကိုသော်လည်းကောင်း၊ မိမိတို့၏ အိမ်သူအိမ်သားများကိုလည်းကောင်း ကင်းလွတ်စေရန် မိန့်မြွက်ထားပေသည်။ တစ်ဖန် အပယ်ငရဲမီး၏ ပြင်းထန်၊ ကြောက်မက်ဖွယ်ကောင်းကြောင်းကို တင်ပြထားပေသည်။ နောက်ဆုံး၌ ‘ငရဲထိုက်သော သူတို့သည် အင်အားအဖွဲ့အစည်းတစ်ရပ်ဖြင့်သော်လည်းကောင်း၊ (သို့မဟုတ်) လာဘ်ပေးလာဘ်ယူခြင်း၊ မိမိအရှိန်အဝါပြခြင်းတို့၏ အကြောင်းခံဖြင့် ‘ဇဗါနိယား’အမည်ရှိသော အပယ်ငရဲဘုံ၌ စောင့်ကြပ်လျက် ရှိနေသော ကောင်းကင်တမန်များ၏ ဖမ်းဆီးကွပ်မျက်ခြင်းမှ မရှောင်ရှားနိုင်ပေ။

اَهْلِيْكُمْ (မိမိတို့၏ အိမ်သူအိမ်သား) ဟူသော စကားလုံး၌ အိမ်သူအိမ်သားများအားလုံး ပါဝင်ပေသည်။ အကြင်အိမ်သူ၊ အိမ်သားများအတွင်း၌ ဇနီး၊ သားသမီးများ၊ ကျွန်များနှင့် ကျွန်မများအားလုံး ပါဝင်ပေသည်။ (အစဉ်မပြတ်မဆို လုပ်ကိုင်ဆောင်ရွက်ပေးနေသော အလုပ်သမ၊ အလုပ်သမားများ၊ အခိုင်းအစေများသည်လည်း ကျွန်နှင့် ကျွန်မများ၏ အမိန့်၌ ပါဝင်နေကြောင်းမှာ တွေးခေါ်ရန် ဝေးကွာလှစွာသော အချက်မဟုတ်ပေ။ ဆင့်ပြန်ချက်တစ်ရပ်အတွင်း၌ လာရှိထားပေသည်။ ဤအာယသ်တော် ကျရောက်လာသောအခါ ဟဇရသ်အုမရ်အိဗ်နေခတ္တဘ်သွားဗ် ﷺ သခင်သည် ‘အို့, အလ္လာဟ်အသျှင်မြတ်၏ ရစူလ်၊ မိမိကိုယ်ကို မိမိ ငရဲမီးဘေးမှ လွတ်ကင်းစေရန် သောကထားရမည့် အချက်ကိုမူ သဘောပေါက်ပေသည်။ (အကြောင်းမှာ ကျွန်ုပ်တို့သည်ပင် ပြစ်မှုဒုစရိုက်များမှ ရှောင်ရှား၍ အလ္လာဟ်အသျှင်မြတ်၏ ပညတ်ချက်များအား တည်တံ့မြဲမြံစွာ လိုက်နာရန် ဖြစ်သည်။) သို့ရာတွင် အိမ်သူအိမ်သားများကို ကျွန်ုပ်တို့သည် မည်ကဲ့သို့ ငရဲမီးဘေးမှ ရှောင်ရှားကယ်တင်ရမည်နည်း’ ဟူ၍ လျှောက်ထားလိုက်ပေသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ ထိုနည်းလမ်းမှာ အလ္လာဟ်အသျှင်မြတ်သည် အသင့်အား တားမြစ်ထားသော အမှုကိစ္စများမှ ၎င်းတို့အား

လည်း တားမြစ်ကုန်။ အသင့်အား ပြုလုပ်ရန် မိန့်မြွက်ထားသော အမိန့်များကို ၎င်းအိမ်သူအိမ်သားတို့အား လည်း ပြုလုပ်ရန် အမိန့်ပေးကုန်။ ဤပြုမူဆောင်ရွက်ချက်သည် ၎င်းတို့အား ငရဲမီးဘေးမှ ကယ်တင် ရှောင်ရှားနိုင်ပေလိမ့်မည်။ *[ရှုးဟုလ်မအာနီး]*

ဇနီးနှင့် သားသမီးများအား သင်ကြား၊ ဆုံးမမှုသည် မွတ်စ္စလင်မ်တိုင်းအပေါ် ဖွရင်တာဝန်ဖြစ်ခြင်းအကြောင်း

ခမ္မသတ်ပညာရှင်များက မိန့်ထားပေသည်။ လူတိုင်းသည် မိမိတို့၏ ဇနီးနှင့် သားသမီးများကို သာသနာရေးဆိုင်ရာ 'ဖွရဇ်'တာန်ဝန်များနှင့် 'ဟရာမ်'၊ 'ဟလာလ်'တို့၏ ပညတ်ချက်များကို သင်ကြားရန် ထိုပညတ်ချက်များအပေါ် ကျင့်ကြံနိုင်းရန်အတွက် ကြိုးစားမှုကို ပြုရန်သည် 'ဖွရဇ်'တာဝန်ဖြစ်ကြောင်း အတည်ပြုထားပေသည်။ ဟဒီးစ်တော်တစ်ရပ်၌ လာရှိထားပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုသူ့အပေါ် မိမိ၏ သနားကရုဏာတော်ကို ချပေးသနားတော်မူပါစေ။ အကြင်သူသည် 'အို၊ ကျွန်ုပ်၏ ဇနီးနှင့် သားသမီး အပေါင်းတို့၊ အသင်တို့၏ နမာဇ်၊ အသင်တို့၏ 'ရိုဇာဟ်'၊ အသင်တို့၏ 'ဇကားသ်'၊ အသင်တို့၏ သူဆင်းရဲ၊ အသင်တို့၏ ဖတဆိုးကလေး၊ အသင်တို့၏ အိမ်နီးဝန်းကျင်ဟူ၍ ပြောဆိုပေသည်။ အလ္လာဟ်အသျှင်မြတ် သည် ထိုသူများအားလုံးကို ၎င်းနှင့်အတူ 'ဂျန္နသ်'၌ စုရုံးစေတော်မူမည်ဖြစ်ကြောင်းကို မျှော်လင့်မိပေသည်။ 'အသင်တို့၏ နမာဇ်၊ အသင်တို့၏ 'ရိုဇာဟ်'ဟူ၍ စသော အချက်များအား မိန့်တော်မူထားခြင်း၏ အလိုသဘော မှာ ထိုအချက်များအား ဂရုမူရန်နှင့် မေ့လျော့ပေါ့ဆမှု မပြုရန်'ဟူ၍ ဖြစ်ပေသည်။

مِسْكِيْنَكُمْ يَتِيْمَكُمْ (အသင်တို့၏ သူဆင်းရဲ၊ အသင်တို့၏ ဖတဆိုးကလေး) ဟူ၍ စသော အချက်များကို မိန့်တော်မူထားရခြင်း၏ အလိုသဘောမှာ 'အသင်တို့အပေါ် တာဝန်ရှိသော ၎င်းတို့၏ ဝတ္တရား များကို ပျော်ရွှင်၊ ဝမ်းမြောက်ကျေပွန်စွာဖြင့် ဆောင်ရွက်ကုန်'ဟူ၍ ဖြစ်ပေသည်။ အချို့သော သူမွန်သူမြတ် များ က အမိန့်ရှိထားပေသည်။ 'ကေယာမသ်'နေ့၌ အားလုံးတို့ထက် များပြားသာပိုစွာ ပြစ်ဒဏ်အတွင်း၌ ခံစားရမည့်သူမှာ ထိုသူဖြစ်ချေမည်။ ယင်းသူ၏ အိမ်သူအိမ်သားတို့သည် ဒီးန်သာသနာရေးရာ အမှုကိစ္စ တို့မှ မသိနားမလည်ကာ မေ့လျော့ပေါ့ဆသောသူများ ဖြစ်နေပေသည်။ *[ရှုးဟ်]*

မုအ်မင်န်များကို ဆုံးမပြီးနောက် ကာဖိရ်များအား အသင်တို့ ပြုကျင့်ခဲ့သော အပြုအမူများသည် အသင်တို့၏ ရှေ့မှောက်သို့ ဆိုက်ရောက်လာပေပြီ။ ယခု မည်သည့်အကြောင်းပြချက် တစ်စုံတစ်ရာကိုမျှ လက်ခံတော်မူခြင်း ခံရမည်မဟုတ်' ဟူ၍ မိန့်မြွက်ထားတော်မူပေသည်။

يَاأَيُّهَا الَّذِيْنَ كَفَرُوْا لَا تَعْتَذِرُوا الْيَوْمَ

(အို၊ ကာဖိရ်အပေါင်းတို့၊ ယနေ့ အသင်တို့သည် မည်သို့မျှ အကြောင်းမပြကြကုန်လင့်။) *[၆၆ : ၇]* ဟူသော အာယသ်တော်၏ အလိုသဘောသည် ဤသည်သာလျှင် ဖြစ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ تُوبُوٓا۟ إِلَى ٱللَّهِ تَوْبَةً نَّصُوحًا
عَسَىٰ رَبُّكُمْ أَن يُكَفِّرَ عَنكُمْ سَيِّـَٔاتِكُمْ وَيُدْخِلَكُمْ جَنَّٰتٍ تَجْرِى
مِن تَحْتِهَا ٱلْأَنْهَٰرُ يَوْمَ لَا يُخْزِى ٱللَّهُ ٱلنَّبِىَّ وَٱلَّذِينَ ءَامَنُوا۟ مَعَهُۥ
نُورُهُمْ يَسْعَىٰ بَيْنَ أَيْدِيهِمْ وَبِأَيْمَٰنِهِمْ يَقُولُونَ رَبَّنَآ أَتْمِمْ لَنَا
نُورَنَا وَٱغْفِرْ لَنَآ إِنَّكَ عَلَىٰ كُلِّ شَىْءٍ قَدِيرٌ ﴿٨﴾

၆၆ : ၈ ။ ။ အို, မုအ်မင်နသက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်သို့ စစ်မှန်သော ဝန်ချတောင်းပန်ခြင်းမျိုးဖြင့် ဝန်ချတောင်းပန်ကြလေကုန်။ (ထိုသို့ ပြုလုပ်ခြင်းအားဖြင့်) အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အသင်တို့၏ ပြစ်မှုဒုစရိုက်များကို အသင်တို့မှ ပပျောက်စေတော်မူမည့်အပြင်၊ အသင်တို့အား အကြင်ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူတန်ရာ၏။ ယင်းဥယျာဉ်များ၏ အောက်မှ စမ်းရေချောင်းများသည် စီးတွေလျက် ရှိကြပေမည်။ အကြင်နေ့ကို (သတိရရှိကြလေကုန်။) ထိုနေ့တွင် အလ္လာဟ်အသျှင်မြတ်သည် နဗီတမန်တော်မြတ်အားလည်းကောင်း၊ ထိုနဗီတမန်တော်မြတ်နှင့်အတူ သက်ဝင်ယုံကြည်ခဲ့ကြသော သူတို့အားလည်းကောင်း ကျိုးယုတ် ရှက်ရ ဖြစ်စေတော်မူမည် မဟုတ်ပေ။ ၎င်းတို့၏ အလင်းရောင်မှာ ၎င်းတို့၏ ရှေ့၌လည်းကောင်း၊ လက်ယာဘက်များ၌လည်းကောင်း ပြေးလျက် ရှိပေမည်။ ၎င်းတို့မှာ (ဤသို့) လျှောက်ထားပန်ကြားလျက် ရှိကြသည်။ 'အို, ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အဖို့ ကျွန်တော်မျိုးတို့၏ အလင်းရောင်ကို အဆုံးတိုင်အောင် ထားရှိတော်မူပါ။ ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား ခွင့်လွှတ်တော်မူပါ။ ဧကန်မလွဲ အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို တတ်စွမ်းနိုင်တော်မူသော အသျှင် မြတ်ပင် ဖြစ်တော်မူပါသည်။

يَٰٓأَيُّهَا ٱلنَّبِىُّ جَٰهِدِ ٱلْكُفَّارَ وَٱلْمُنَٰفِقِينَ وَٱغْلُظْ عَلَيْهِمْ ۚ وَمَأْوَىٰهُمْ جَهَنَّمُ ۖ وَبِئْسَ ٱلْمَصِيرُ ﴿٩﴾

၆၆ : ၉ ။ ။ အို, နဗီတမန်တော်၊ အသင်သည် ကာဖိရ်သွေဖည်ငြင်းပယ်ကြကုန်သော သူတို့အားလည်းကောင်း၊ 'မုနာဖစ်က် အယောင်ဆောင် မွတ်စ္စလင်မ်တို့အားလည်းကောင်း၊ သက်စွန့်ကြိုးပမ်း တိုက်ခိုက်ပါလေ။ ထို့ပြင် အသင်သည် ၎င်းတို့အပေါ်၌ ကျပ်တည်းစေပါလေ။ ထို့ပြင် ၎င်းတို့၏ ခိုလှုံရာဌာနမှာ 'ဂျဟန္နမ်' ငရဲဘုံသာလျှင် ဖြစ်၏။ စင်စစ်မှာ (ယင်း 'ဂျဟန္နမ်' ငရဲဘုံသည်) လွန်စွာ ဆိုးရွားလှသော စခန်းပင် ဖြစ်ချေသည်။

ضَرَبَ ٱللَّهُ مَثَلًا لِّلَّذِينَ كَفَرُوا۟ ٱمْرَأَتَ نُوحٍ وَ
ٱمْرَأَتَ لُوطٍ ۖ كَانَتَا تَحْتَ عَبْدَيْنِ مِنْ عِبَادِنَا صَٰلِحَيْنِ
فَخَانَتَاهُمَا فَلَمْ يُغْنِيَا عَنْهُمَا مِنَ ٱللَّهِ شَيْـًٔا وَقِيلَ ٱدْخُلَا ٱلنَّارَ مَعَ ٱلدَّٰخِلِينَ ﴿١٠﴾

၆၆ : ၁၀ ။ ။ အလ္လာဟ်အသျှင်မြတ်သည် ကာဖိရ် သွေဖည်ငြင်းပယ်ကြကုန်သော သူတို့၏ အကျိုးငှာ (နဗီတမန်တော်) နူးဟ်၏ ဇနီးကြင်ရာကိုလည်းကောင်း၊ (နဗီတမန်တော်) လူးသ်၏ ဇနီးကြင်ရာကိုလည်းကောင်း ဥပမာအဖြစ် ခိုင်းနှိုင်းမိန့်ကြားတော်မူ၏။ ထိုဇနီးကြင်ရာနှစ်ဦးသည် ငါအသျှင်မြတ်၏ ကျွန်တို့အနက် သူတော်စင် ကျွန်နှစ်ပါး၏ (ထိမ်းမြားမှု) အောက်တွင် ရှိခဲ့ကြလေ၏။ သို့တစေလည်း ထိုဇနီးကြင်ရာနှစ်ဦးသည် ထိုကျွန်နှစ်ပါးနှင့် ပတ်သက်၍ (ဒီးန်သာသနာရေးတွင်) သစ္စာဖောက် တော်လှန်ခဲ့ကြပေရာ ထိုကျွန်နှစ်ပါးမှာ အလ္လာဟ်အသျှင်မြတ်နှင့် ယှဉ်ပြိုင်၍ ထိုကြင်ရာနှစ်ဦးတို့အဖို့ အနည်းငယ်စိုးစဉ်မျှပင် အကျိုးမပြုနိုင်ခဲ့ကြပေ။ ထို့ပြင် 'အသင်တို့နှစ်ဦးသည်လည်း (အခြားသော) ဝင်ရောက်ကြသူတို့နှင့်အတူ (ငရဲ) မီးထဲသို့ ဝင်ရောက်ကြကုန်လော့' ဟု အမိန့်ပေးတော်မူခြင်းကို ခံခဲ့ကြရလေသည်။

وَضَرَبَ اللّٰهُ مَثَلًا لِّلَّذِيْنَ اٰمَنُوا امْرَاَتَ
فِرْعَوْنَ ۘ اِذْ قَالَتْ رَبِّ ابْنِ لِيْ عِنْدَكَ بَيْتًا فِي الْجَنَّةِ وَنَجِّنِيْ مِنْ
فِرْعَوْنَ وَعَمَلِهٖ وَنَجِّنِيْ مِنَ الْقَوْمِ الظّٰلِمِيْنَ ۙ﴿١١﴾

၆၆ : ၁၁ ။ ။ ထိုနည်းတူစွာ အလ္လာဟ်အသျှင်မြတ်သည် မုအ်မင်နသက်ဝင် ယုံကြည်ကြကုန်သော သူတို့၏ အကျိုးငှာ၊ ဖိရ်အောင်န်၏ ဇနီးကြင်ရာကို ဥပမာအဖြစ် ခိုင်းနှိုင်းမိန့်ကြားတော်မူခဲ့၏။ တစ်ရံရောအခါဝယ် ထိုဖိရ်အောင်န်၏ ဇနီးကြင်ရာ သည် (ဤသို့) လျှောက်ထားပန်ကြားခဲ့လေ၏။ 'အို, ကျွန်တော်မျိုးမအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ အသျှင်မြတ် သည် မိမိ၏ ထံတော်ပါး၌ 'ဂျန္နသ်' သုခဘုံတွင် ကျွန်တော်မျိုးမအဖို့ နေအိမ်တစ်လုံးကို ပြုလုပ်၍ ပေးသနားတော်မူပါ။ ၎င်းပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးမအား ဖိရ်အောင်န်နှင့် ၎င်း၏ အကျင့်အမူတို့မှ လွတ်မြောက်စေတော်မူပါ။ ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးမအား မတရားသော အမျိုးသားတို့မှလည်း လွတ်မြောက်စေတော်မူပါ။

وَمَرْيَمَ ابْنَتَ عِمْرٰنَ الَّتِيْٓ اَحْصَنَتْ فَرْجَهَا فَنَفَخْنَا فِيْهِ مِنْ رُّوْحِنَا
وَصَدَّقَتْ بِكَلِمٰتِ رَبِّهَا وَكُتُبِهٖ وَكَانَتْ مِنَ الْقٰنِتِيْنَ ۧ﴿١٢﴾

၆၆ : ၁၂ ။ ။ ထိုနည်းတူစွာ အလ္လာဟ်အသျှင်မြတ်သည် အိမ်ရာန်၏ သမီး အကြင်မရ်ယမ်အား (ဥပမာအဖြစ် ခိုင်းနှိုင်း မိန့်ကြားတော်မူခဲ့၏။) ထိုမရ်ယမ်သည် မိမိ၏ အသရေကို စောင့်စည်းထိန်းသိမ်းခဲ့လေရာ ငါအသျှင်မြတ်သည် ၎င်း၏ အင်္ကျီ (ရင်ဖုံး) ဝယ် မိမိ၏ ထံတော်မှ အသက်ဇီဝိန်ကို မှုတ်တော်မူခဲ့လေ၏။ ထို့ပြင် ၎င်း (မရ်ယမ်) သည် မိမိအား ဖန်ဆင်းမွေးမြူ တော်မူသော အသျှင်မြတ်၏ မိန့်ကြားချက်များကိုလည်းကောင်း၊ ထိုအသျှင်မြတ်၏ ကျမ်းဂန်တရားတော်တို့ကိုလည်းကောင်း၊ ယုံကြည်ထောက်ခံခဲ့သည်။ အမှန်စင်စစ် ၎င်း (မရ်ယမ်) သည် အမိန့်တော်ကို နာခံကြကုန်သော သူတို့တွင် အပါအဝင် ဖြစ်ခဲ့ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ဤအာယသ်တော်များ၌ အပယ်ငရဲမီးဘေးမှ လွတ်မြောက်နိုင်သော နည်းလမ်းကို ပြဆိုထားပေသည်။ ထိုနည်းလမ်းကိုပင် အိမ်သူ၊ အိမ်သားများကို တင်ပြ နားလည်သဘောပေါက်စေ၍ ၎င်းတို့အား 'ဂျဟန္နမ်'ငရဲမီးဘေးမှ လွတ်မြောက်စေနိုင်သော နည်းလမ်းကောင်း ဖြစ်ပေသည်။ ၎င်းမှာ ဤသို့တည်း။) အို၊ မုအ်မင်န်သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ စစ်မှန်သော ဝန်ချတောင်းပန်ခြင်းမျိုးဖြင့် ဝန်ချတောင်းပန်ကြလေကုန်။ (ဆိုလိုသည်မှာ နှလုံးသားအတွင်းမှ ပြစ်မှုဒုစရိုက်အပေါ် ပြည့်ဝသော ရှက်ကြောက်ခြင်းတရားထားရှိကာ နောက်နောင် ထိုပြစ်မှုကို ကျူးလွန်တော့မည်မဟုတ်ဟူသော ခိုင်မာသော ယတိပြတ်ဆုံးဖြတ်ချက်ကို ချရပေမည်။ ဤသည်၌ ကျင့်ဆောင်မှုမပြုလျှင် ပြစ်မှုဒုစရိုက်ဖြစ်စေသော 'ဝါဂျိဗ်'တာဝန်နှင့် 'ဖွရဇ်' တာဝန်များဖြစ်သော သာသနာရေးဆိုင်ရာ ပညတ်ချက်များအားလုံး ပါဝင်သွား၏။ သို့သာမက ပြုမူဆောင်ရွက်မိလျှင် ပြစ်မှုဒုစရိုက်ဖြစ်စေသော 'မက္ကရူးဟ်'ဖြစ်သည့် အချက်အလက်များနှင့် 'ဟရာမ်'ပြု တားမြစ်ထားသော အချက်များအားလုံးလည်း ပါဝင်သွားပေသည်။ ထိုသို့ ပြုလုပ်ခြင်းအားဖြင့်) အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အသင်တို့၏ ပြစ်မှုဒုစရိုက်များကို အသင်တို့မှ ပပျောက်စေတော်မူမည့်အပြင်၊ အသင်တို့အား ('ဂျန္နသ်'၏) အကြင်ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူတန်ရာ၏။ (ကတိပြုတော်မူထားပြီး ဖြစ်၏။) ယင်းဥယျာဉ်များ၏ အောက်မှ စမ်းရေချောင်းများသည် စီးတွေလျက် ရှိကြပေမည်။ (ဤသည် ထိုနေ့၌ ဖြစ်လိမ့်မည်။) အကြင်နေ့ကို (သတိရရှိကြလေကုန်။) ထိုနေ့တွင် အလ္လာဟ်အသျှင်မြတ်သည် နဗီတမန်တော်မြတ်အားလည်းကောင်း၊ ထိုနဗီတမန်တော်မြတ်နှင့် (အီမာန်နှင့် သာသနာ ရေးရာတွင်) အတူ သက်ဝင်ယုံကြည်ခဲ့ကြသော သူတို့အားလည်းကောင်း ကျိုးယုတ်ရှက်ရ ဖြစ်စေတော်မူမည် မဟုတ်ပေ။ ၎င်းတို့၏ အလင်းရောင်မှာ ၎င်းတို့၏ ရှေ့၌လည်းကောင်း၊ လက်ယာဘက်များ၌လည်းကောင်း ပြေးလျက် ရှိပေမည်။ (ယင်းအကြောင်းအရာကို စူရာဟ်ဟဒီးဒ်၌ တင်ပြခဲ့ပြီးဖြစ်ပေသည်။ ၎င်းတို့မှာ ဤသို့) လျှောက်ထားပန်ကြားလျက် ရှိကြသည်။ 'အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အဖို့ ကျွန်တော်မျိုးတို့၏ အလင်းရောင်ကို (လမ်း၌ပင် ငြိမ်းသွားစေခြင်း ပြုတော်မမူဘဲ) အဆုံးတိုင်အောင် ထားရှိတော်မူပါ။ ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား ခွင့်လွှတ်တော်မူပါ။ ဧကန်မလွဲ အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို တတ်စွမ်းနိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပါသည်။

(ထိုသို့ ဆုမွန်ဒိုအာ တောင်းဆိုရခြင်းအကြောင်းမှာ 'ကေယာမသ်'နေ့၌ မုအ်မင်န်တို့အဖို့ အလင်းရောင် အနည်းနှင့်အများမဆို ချီးမြှင့်ခြင်း ခံရပေလိမ့်မည်။ 'စွေရားသ်' (တံတား) အနီးသို့ ရောက်ချိန်မုနာဖစ်က်တို့၏ အလင်းရောင်သည် ငြိမ်းသွားပေလိမ့်မည်။ ထိုအချက်ကို စူရာဟ်ဟဒီးဒ်၌ တင်ပြခဲ့ပြီးဖြစ်ပေသည်။ ထိုအချိန်၌ မုအ်မင်န်တို့သည် မုနာဖစ်က်တို့ကဲ့သို့ ကျွန်ုပ်တို့၏ အလင်းရောင်ကိုလည်း ရုပ်သိမ်း

ခြင်း ခံရလေမည်လော’ ဟူ၍ စိုးရိမ်မကင်းဖြစ်ကာ ဆုမွန်ဒိုအာတောင်းဆိုခြင်း ဖြစ်ပေသည်။ (ဤအတိုင်း ဒုရ်ရေမန်စူးရ်ကျမ်းတွင် အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။)

အို၊ နဗီတမန်တော်၊ အသင်သည် ကာဖိရ်သွေဖည်ငြင်းပယ်ကြကုန်သော သူတို့အား (‘လအ်နသ်’ ဖြင့်) လည်းကောင်း၊ မုနာဖစ်က်အယောင်ဆောင် မွတ်စ္စလင်မ်တို့အား (နှုတ်လျှာဖြင့်လည်းကောင်း၊ အထောက် အထားသက်သေကို တင်ပြ၍) လည်းကောင်း၊ သက်စွန့်ကြိုးပမ်း တိုက်ခိုက်ပါလေ။ ထို့ပြင် အသင်သည် ၎င်းတို့အပေါ်၌ ကျပ်တည်းစေပါလေ။ (ကမ္ဘာလောက၌မူ ဤသူတို့သည် ဤအထက်တင်ပြပါ ပြစ်ဒဏ် ကို ခံထိုက်သောသူများ ဖြစ်ပေသည်။) ထို့ပြင် (နောင်တမလွန် ‘အာခေရသ်’၌) ၎င်းတို့၏ ခိုလှုံရာဌာနမှာ ‘ဂျဟန္နမ်’ငရဲဘုံသာလျှင် ဖြစ်၏။ စင်စစ်မှာ (ယင်း ‘ဂျဟန္နမ်’ငရဲဘုံသည်) လွန်စွာ ဆိုးရွားလှသော စခန်းပင် ဖြစ်ချေသည်။

(ရှေ့၌ နောင်တမလွန် ‘အာခေရသ်’တွင် လူတိုင်းအဖို့ မိမိတို့၏ အီမာန်သည်သာလျှင် မိမိတို့အဖို့ အသုံးဝင်မည်ဖြစ်ကြောင်း၊ ကာဖိရ်တို့အဖို့ ၎င်းတို့၏ ဆွေမျိုးသားချင်းများနှင့် အသိမိတ်ဆွေတို့၏ အီမာန် သည် ၎င်းတို့ ခံစားရမည်ဖြစ်သော ပြစ်ဒဏ်မှ ဖယ်ရှားကယ်တင်ပေးနိုင်မည် မဟုတ်ကြောင်းနှင့် ဤကဲ့ သို့ပင် မုအ်မင်န်တစ်ဦး၏ ဆွေမျိုးသားချင်း၊ အသိမိတ်ဆွေသည် ကာဖိရ်ဖြစ်နေလျှင် ၎င်းမုအ်မင်န် ပုဂ္ဂိုလ် အပေါ် ကာဖိရ်တို့ ကုဖွရ်ပြု ငြင်းပယ်ခြင်းသည် ဆိုးကျိုးတစ်စုံတစ်ရာ သက်ရောက်စေမည်မဟုတ်ကြောင်း’ တို့ကို တင်ပြထားပေသည်။)

အလ္လာဟ်အသျှင်မြတ်သည် ကာဖိရ် သွေဖည်ငြင်းပယ်ကြကုန်သော သူတို့၏ အကျိုးငှာ (သံဝေဂ တရား ရရှိစေရန် နဗီတမန်တော်) နူးဟ်၏ ဇနီးကြင်ရာကိုလည်းကောင်း၊ (နဗီတမန်တော်) လူးသွ်၏ ဇနီးကြင်ရာကိုလည်းကောင်း ဥပမာအဖြစ် ခိုင်းနှိုင်းမိန့်ကြားတော်မူ၏။ ထိုဇနီးကြင်ရာနှစ်ဦးသည် ငါအသျှင် မြတ်၏ ကျွန်တို့အနက် သူတော်စင်ကျွန်နှစ်ပါး၏ (ထိမ်းမြားမှု) အောက်တွင် ရှိခဲ့ကြလေ၏။ သို့တစေ လည်း ထိုဇနီးကြင်ရာနှစ်ဦးသည် ထိုကျွန်နှစ်ပါးနှင့် ပတ်သက်၍ (ဒီးန်သာသနာရေးတွင်) သစ္စာဖောက် တော်လှန်ခဲ့ကြပေရာ (၎င်းပုဂ္ဂိုလ်တို့သည် နဗီဖြစ်သောကြောင့် ၎င်းတို့အပေါ် အီမာန်ရယူရန်မှာ ဇနီးနှစ်ဦး အပေါ် တာဝန်ရှိပေသည်။ ထို့ပြင် သာသနာရေးဆိုင်ရာ ပညတ်ချက်များကိုလည်း လိုက်နာဆောက်တည် ရပေမည်။ ယင်းအချက်တို့ကို ထိုဇနီးနှစ်ဦးသည် မပြုခဲ့ကြပေ။) ထိုကျွန်နှစ်ပါးမှာ အလ္လာဟ်အသျှင်မြတ် နှင့် ယှဉ်ပြိုင်၍ ထိုကြင်ရာနှစ်ဦးတို့အဖို့ အနည်းငယ်စိုးစဉ်မျှပင် အကျိုးမပြုနိုင်ခဲ့ကြပေ။ ထို့ပြင် ‘အသင် တို့ နှစ်ဦးသည်လည်း (ကာဖိရ်များဖြစ်သည့်အတွက်ကြောင့် အခြားသော) ဝင်ရောက်ကြသူတို့နှင့်အတူ (ငရဲ) မီးထဲသို့ ဝင်ရောက်ကြကုန်လော့’ ဟု အမိန့်ပေးတော်မူခြင်းကို ခံခဲ့ကြရလေသည်။ (ဤနေရာထိတိုင် ကာဖိရ်များ သတိသံဝေဂတရား ရယူရန် ဖြစ်ရပ်များကို တင်ပြထားခြင်း ဖြစ်ပေသည်။)

(ရှေ့၌ မွတ်စ္စလင်မ်များ စိတ်တည်ငြိမ်အေးချမ်းမှု ရရှိရန်အတွက် မိန့်တော်မူထားသည်မှာ) ထိုနည်း တူစွာ အလ္လာဟ်အသျှင်မြတ်သည် မုအ်မင်န်သက်ဝင် ယုံကြည်ကြကုန်သော သူတို့ (ဖြေသိမ့်မှု ရရှိစေရန်) အကျိုးငှာ၊ ဖိရ်အောင်န်၏ ဇနီးကြင်ရာကို ဥပမာအဖြစ် ခိုင်းနှိုင်းမိန့်ကြားတော်မူခဲ့၏။ တစ်ရံရောအခါဝယ်

ထိုဖိရ်အောင်န်၏ ဇနီးကြင်ရာသည် (ဤသို့) လျှောက်ထားပန်ကြားခဲ့လေ၏။ 'အို၊ ကျွန်တော်မျိုးမအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ အသျှင်မြတ်သည် မိမိ၏ ထံတော်ပါး၌ 'ဂျန္နသ်'သုခဘုံတွင် ကျွန်တော်မျိုးမအဖို့ နေအိမ်တစ်လုံးကို ပြုလုပ်၍ ပေးသနားတော်မူပါ။ ၎င်းပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးမအား ဖိရ်အောင်န် (၏ ဆိုးသွမ်းနှောင့်ယှက်မှု) နှင့် ၎င်း၏ အကျင့်အမူ (ကုဖွရ် ငြင်းဆိုမှု လုပ်ရပ်၏ ဆိုးကျိုး၊ အကြောင်းဆက်တရား) တို့မှ လွတ်မြောက်စေတော်မူပါ။ ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးမအား မတရားသော (ကာဖိရ်) အမျိုးသားတို့ (၏ အပြင်ပိုင်း၊ အတွင်းပိုင်းဆိုင်ရာ ဆိုးကျိုးအန္တရာယ် အသွယ်သွယ်) မှလည်း လွတ်မြောက်စေတော်မူပါ။

ထို့နည်းတူစွာ (နောက်ထပ် မွတ်စ္စလင်မ်တို့အဖို့ ဖြေသိမ့်မှုတရား ရရှိစေရန်အတွက်) အလ္လာဟ်အသျှင်မြတ်သည် အိမ်ရာန်၏ သမီး အကြင်မရ်ယမ်အား (ဥပမာအဖြစ် ခိုင်းနှိုင်း မိန့်ကြားတော်မူခဲ့၏။) ထိုမရ်ယမ်သည် မိမိ၏ အသရေကို ('ဟရာမ်'နည်းလမ်းနှင့် 'ဟလာလ်'နည်းလမ်း နှစ်ခုစလုံးမှ) စောင့်စည်းထိန်းသိမ်းခဲ့လေရာ ငါအသျှင်မြတ်သည် ၎င်း၏ အင်္ကျီ (ရင်ဖုံး) ဝယ် (ဟဇရသ်ဂျိဗ်ရာအီးလ် ﷺ ၏ တစ်ဆင့်ခံဖြင့်) မိမိ၏ ထံတော်မှ အသက်ဇီဝိန်ကို မှုတ်တော်မူခဲ့လေ၏။ ထို့ပြင် ၎င်း (မရ်ယမ်) သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ (ကောင်းကင်တမန်တော်များ၏ အကြောင်းခံဖြင့် ရောက်ရှိလာသော) မိန့်ကြားချက်များကိုလည်းကောင်း၊ ထိုအသျှင်မြတ်၏ ကျမ်းဂန်တရားတော်တို့ကိုလည်းကောင်း၊ (ယင်းတွင် 'သောင်ရားသ်'ကျမ်းနှင့် 'အင်န်ဂျီးလ်'ကျမ်းတို့လည်း ပါဝင်ပေသည်။) ယုံကြည်ထောက်ခံခဲ့သည်။ (ဤသည် ၎င်း၏ ယုံကြည်ချက်ပိုင်းဆိုင်ရာ ကဏ္ဍရပ်တို့အား တင်ပြထားခြင်း ဖြစ်ပေသည်။) အမှန်စင်စစ် ၎င်း (မရ်ယမ်) သည် အမိန့်တော်ကို နာခံကြကုန်သော သူတို့တွင် အပါအဝင် ဖြစ်ခဲ့ပေသည်။ (ဤသည် ၎င်း၏ ကျင့်ကြံပြုမူ ဆောင်ရွက်ချက်တို့အား တင်ပြထားခြင်း ဖြစ်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

تُوْبُوْا اِلَى اللهِ تَوْبَةً نَّصُوْحًا

(အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ စစ်မှန်သော ဝန်ချတောင်းပန်ခြင်းမျိုးဖြင့် ဝန်ချတောင်းပန်ကြလေကုန်။) *[၆၆ : ၈]*

'သောင်ဗာဟ်'၏ လုံးချင်းကောက်အဓိပ္ပာယ်မှာ လှည့်ပြန်လာခြင်းဟူ၍ ဖြစ်ပေသည်။ အလိုသဘောမှာ ပြစ်မှုဒုစရိုက်များမှ ပြန်လှည့်လာခြင်း ဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်ဟဒီးစ်တော်၏ အသုံးအနှုန်းဝေါဟာရ၌ 'သောင်ဗာဟ်' သည် 'လူသားသည် မိမိ၏ အတိတ်က ပြစ်မှုဒုစရိုက်များအပေါ် ရှက်ကြောက်မှုတရား ထားရှိကာ နောက်နောင်ကို ထိုပြစ်မှုများဆီသို့ မသွားရန် ခိုင်မာသော ယတ္တိပြတ် ဆုံးဖြတ်ချက် ထားရှိခြင်း'ကို ခေါ်ဆိုပေသည်။ نصوح ဟူသော စကားလုံးကို အကယ်၍

نصح ၊ **نصيحت** ဟူသော နာမ်ပုဒ်တို့မှ ဆင်းသက်လာသည်ဟူ၍ ကောက်ယူမည်ဆိုလျှင် 'သီးသန့် စစ်မှန်စွာ ပြုမူခြင်း' ဟူ၍ အဓိပ္ပာယ်ရရှိ၏။ **نصاحت** ဟူသော နာမ်ပုဒ်မှ ဆင်းသက်လာသည်ဟူ၍ သတ်မှတ်မည်ဆိုလျှင် အဓိပ္ပာယ်မှာ 'အင်္ကျီကို ရင်ဘတ်နှင့် ဟပ်ကာ ကပ်လိုက်သည်' ဟူ၍ အဓိပ္ပာယ် ရ၏။ ပထမအဓိပ္ပာယ်ကို ထောက်ရှု၍ **نصوح** ၏ အဓိပ္ပာယ်မှာ 'ပြစ်မှားကြွေးဝါခြင်းများ ကင်းရှင်း၍ အလ္လာဟ်အသျှင်မြတ် သဘောတူနှစ်မြို့စေရန်အတွက်သာ ပြစ်ဒဏ်အား ကြောက်ရွံ့ခြင်းကြောင့် ပြစ်မှု ဒုစရိုက်အပေါ် ရှက်ကြောက်ပြီး စွန့်လွှတ်လိုက်ခြင်း' ဟူ၍ ဖြစ်ပေမည်။ ဒုတိယအဓိပ္ပာယ်ကို ထောက်ရှု၍ **نصوح** ၏ အဓိပ္ပာယ်သည် အောက်ဖော်ပြပါ အလိုသဘောအတွက် ဖြစ်ပေလိမ့်မည်။ 'ကုသိုလ်ကောင်းမှု များ၏ အဝတ်အင်္ကျီသည် ပြစ်မှုဒုစရိုက်ကြောင့် ပြဲသွားပေရာ ဤ'သောင်ဗာဟ်'သည် ထိုပြဲနေသော နေရာကို တွယ်ဆက်ကာ ချုပ်ပေးလိုက်ခြင်း'ဟူ၍ ဖြစ်ပေမည်။

ဟဇရတ်ဟာစန်ဗဇွရီ (ရဟ) သခင်ကြီးက မိန့်ဆိုသည်မှာ **توبة نصوح** ဟူသည် 'လူသားသည် မိမိ၏ အတိတ်လုပ်ရပ်အပေါ် အရှက်တရားရကာ တစ်ဖန် ထိုလုပ်ရပ်ဘက်သို့ ပြန်မလှည့်တော့ပါ' ဟူ၍ ခိုင်မာသော ယတ္တိပြတ် ဆုံးဖြတ်ချက် ထားရှိခြင်း ဖြစ်ပေသည်ဟူ၏။ ကလ်ဗီး (ရဟ) သခင်ကြီးကလည်း ဤသို့ အမိန့်ရှိထားပေသည်။ **توبة نصوح** သည် နှုတ်လျှာမှ 'အစ်သိဂ်ဖာရ်' (လွှတ်ငြိမ်းချမ်းသာခွင့် တောင်းဆိုခြင်း) ပြု၍ နှလုံးသားအတွင်း၌ ရှက်ကြောက်မှုတရား ထားရှိကာ မိမိ၏ ကိုယ်ခန္ဓာနှင့် အစိတ် အပိုင်းများကို နောက်နောင်တွင် ထိုပြစ်မှုများမှ ဝေးကွာစွာ ထားခြင်း ဖြစ်ပေသည်။

ဟဇရတ်အလီ ﷺ သခင်ကြီးအား တစ်ဦးတစ်ယောက်က 'သောင်ဗာဟ်'ဟူသည် မည်သည့် အရာနည်းဟူ၍ မေးမြန်းရာ အချက် (၆) ချက်နှင့် ပေါင်းစပ်ထားသော အရာဖြစ်သည်ဟု မိန့်ဆိုခဲ့ပေ သည်။

(၁) မိမိ၏ အတိတ်လုပ်ရပ် ပြုမူချက်အပေါ် ရှက်ကြောက်မှုတရား ထားရှိခြင်း၊

(၂) လွတ်သွားသော အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ အတည်ပြု ပြဋ္ဌာန်းထားသော 'ဝါဂျိဗ်'နှင့် 'ဖွရဇ်'တာဝန်များကို ပြန်လည်ဖြည့်စွက် ဆောက်တည်ခြင်း၊

(၃) တစ်ဦးတစ်ယောက်၏ ပစ္စည်းဥစ္စာ အစရှိသော အရာများကို မတရားသဖြင့် ရယူထား သည်ဆိုလျှင် ပြန်လည်ပေးဆောင်ခြင်း၊

(၄) တစ်ဦးတစ်ယောက်အား နှုတ်လျှာဖြင့်သော်လည်းကောင်း၊ (သို့မဟုတ်) လက်ဖြင့်သော် လည်းကောင်း ဒုက္ခပေးထားသည်ဆိုပါက ခွင့်လွှတ်ရန် ပြန်လည်တောင်းပန်ခြင်း၊

(၅) နောက်နောင် ထိုပြစ်မှု၏ အပါးသို့ မသွားရောက်ရန် ခိုင်မာသော ယတ္တိပြတ် ဆုံးဖြတ် ချက်ကို ချထားခြင်း၊

⑥ ၎င်းသည် မိမိ၏ စိတ်ကို အလ္လာဟ်အသျှင်မြတ်အား ဗီဆန့်မှု ပြုခဲ့သည်ကို တွေ့မြင်ခဲ့သည်ဖြစ်ရာ ယခု ထိုစိတ်ကို အမိန့်နာခံမှုပြုစေလျက် တွေ့မြင်ခြင်း။ *[မဇ္ဇ်ဟရီး]*

ဟဇရသ်အလီ ﷺ သခင်ကြီး မိန့်ဆိုထားသော 'သောင်ဗာဟ်'၏ စည်းကမ်းချက်များသည် အားလုံးသော ပညာရှင်များ အတည်ပြု လက်ခံထားသော အချက်များသည်သာလျှင် ဖြစ်ပေသည်။ အချို့သည် အကျဉ်းရုံး တင်ပြခဲ့ကြပြီး အချို့သည် အကျယ်တဝင့် တင်ပြထားပေသည်။

عَسٰی رَبُّکُمۡ اَنۡ یُّکَفِّرَ عَنۡکُمۡ

(အသင်တို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် အသင်တို့၏ ပြစ်မှုဒုစရိုက်များကို အသင်တို့မှ ပပျောက်စေတော်မူရာ၏။) *[၆၆ : ၈]*

عَسٰی 'အစား'ဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ 'မျှော်လင့်မိရာ၏'၊ 'ဖြစ်စေတော်မူရာ၏' ဟူ၍ ဖြစ်ပေသည်။ ဤနေရာ၌ အလိုသဘောမှာ 'ကတိပြုထားတော်မူသည်' ဟူ၍ ဖြစ်ပေသည်။ သို့ရာတွင် ထိုကတိတော်ကို 'မျှော်လင့်မိရာ၏' ဟူသော စကားလုံးဖြင့် သုံးနှုန်းဖွဲ့ဆိုထားခြင်းသည် 'သောင်ဗာဟ်' အမှားဝန်ခံခြင်းဖြစ်စေ၊ (သို့မဟုတ်) လူသားတို့ ကျင့်ကြံပြုမူ ဆောင်ရွက်သော ဆောင်ရွက်ချက်များ အနက် မည်သည့်ဆောင်ရွက်ချက် တစ်ရပ်ရပ်ပင်ဖြစ်စေ 'ဂျန္နသ်'နှင့် လွတ်ငြိမ်းချမ်းသာခွင့် ရထိုက်စေသော တန်ရာတန်ကြေး မဖြစ်နိုင်ခြင်း၊ ကောင်းမြတ်သော အကျင့်သီလကို ပြုမူသူအား မုချ 'ဂျန္နသ်'သို့ ဝင်ရောက်စေရမည်ဟူ၍လည်း အလ္လာဟ်အသျှင်မြတ်အပေါ် တာဝန်အရ အရေးကြီး၍ မနေကြောင်း၊ အဘယ်ကြောင့်ဆိုသော် ကောင်းမြတ်သော အကျင့်သီလ၏ အကျိုးအစားတစ်ရပ်ကိုမူ လူသားတိုင်းသည် လောကီရေးရာ သက်တမ်း၌မှာပင် ချီးမြှင့်ခြင်းခံထားရသော 'နေ့အ်မသ်'စည်းစိမ်တော်များအဖြစ်နှင့် ရရှိပြီးဖြစ်ကြောင်း၊ ထိုစည်းစိမ်တော်များကို အကျိုးအစားအဖြစ် ရယူထားပြီးဖြစ်ရာ တရားဥပဒေ၏ ရှုထောင့်အရ 'ဂျန္နသ်'ကို ရရှိစေခြင်းသည် အရေးမကြီးတော့ကြောင်းနှင့် ထိုသို့ 'ဂျန္နသ်'ကို ချီးမြှင့်ခြင်းခံထားရခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးအသနားတော်နှင့် ချီးမြှင့်ခြင်းအပေါ်၌သာလျှင် မူတည်၍ နေကြောင်းဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားပေသည်။ ပမာဆိုရသော် ဟဒီးစ်တော်၌ တမန်တော်မြတ် ﷺ သည် မိန့်တော်မူထားသည်။ 'အသင်တို့အတွင်း မည်သူတစ်ဦးတစ်ယောက်ကိုမဆို ၎င်း၏ ပြုမူဆောင်ရွက်ချက်သည် ၎င်းအား လွတ်မြောက်ကယ်တင် ပေးနိုင်မည်မဟုတ်ပေ။ ထိုအခါ ဆွဟာဗာသခင်ကြီးများက 'အို၊ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်၊ ကိုယ်တော်မြတ်သည်လည်း ဤအတိုင်းပင် ဖြစ်ပါ၏လော' ဟူ၍ လျှောက်ထားတော်မူခဲ့ရာ ကိုယ်တော်မြတ် ﷺ က 'ဟုတ်ပါသည်။ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကျေးဇူးအသနားတော်နှင့် ကရုဏာတော် မပြုလျှင် ငါကိုယ်တော်သည်လည်း ဤအတိုင်းပင် ဖြစ်ပေမည်'ဟူ၍ ပြန်လည် မိန့်မြွက်တော်မူခဲ့ပေသည်။ *[ဘိုခါရီ၊ မွတ်စ္စလင်မ်၊ မဇ္ဇ်ဟရီးကျမ်း]*

ضَرَبَ اللّٰهُ مَثَلًا لِّلَّذِيْنَ كَفَرُوا امْرَاَتَ نُوْحٍ

(အလ္လာဟ်အသျှင်မြတ်သည် ကာဖိရ် သွေဖည်ငြင်းပယ်ကြကုန်သော သူတို့၏ အကျိုးငှာ တမန်တော်နူးဟ်၏ ဇနီးကိုသော်လည်းကောင်း၊ တမန်တော်လူးသွ်၏ ဇနီးကိုသော်လည်းကောင်း ဥပမာအဖြစ် ခိုင်းနှိုင်းမိန့်ကြားတော်မူ၏။) *[၆၆ : ၁၀]*

စူရာဟ်တော်၏ နောက်ဆုံးပိုင်း၌ အလ္လာဟ်အသျှင်မြတ်သည် အမျိုးသမီး (၄) ဦး၏ ဥပမာခိုင်းနှိုင်းချက်များကို တင်ပြထားပေသည်။ ပထမအမျိုးသမီးနှစ်ဦးမှာ နဗီတမန်တော်နှစ်ပါး၏ ဇနီးများ ဖြစ်ပေသည်။ အကြင်အမျိုးသမီးတို့သည် ဒီးန်သာသနာရေး၏ အမှုကိစ္စတို့၌ မိမိတို့၏ ခင်ပွန်းသည်များအား ဖီလာဆန့်ကျင်ကာ ကာဖိရ်၊ မုရှ်ရစ်က်တို့အား အကူအညီပေး ပူးပေါင်းမှုတို့ကို ပုန်းလျှိုးကွယ်လျှိုး ပြုလုပ်လျက် ရှိနေပေသည်။ ထိုပြုမူချက်၏ အကျိုးဆက်တရားကြောင့် ငရဲဘုံသို့ လားသွား ရပေသည်။ အလ္လာဟ်အသျှင်မြတ် ဘက်တော်မှ ရွေးချယ်လက်ခံသော နဗီတမန်တော်များ၏ ဇနီးဖြစ်ခြင်း အချက်သည်လည်း ထိုအမျိုးသမီးတို့အား ပြစ်ဒဏ်မှ ဖယ်ရှားပေးနိုင်စွမ်း မရှိပေ။ ထိုအမျိုးသမီး နှစ်ဦးအနက် တစ်ဦးမှာ ဟဇရသ်နူးဟ် ﷺ ၏ ဇနီးဖြစ်၏။ ၎င်း၏ အမည်မှာ ဝါဂေလားဖြစ်ကြောင်း တင်ပြထားကြပေသည်။ ဒုတိယတစ်ဦးမှာ ဟဇရသ်လူးသွ် ﷺ ၏ ဇနီးဖြစ်၏။ ၎င်း၏အမည်မှာ ဝါလေဟာဟ်ဖြစ်သည်ဟူ၍ တင်ပြထားကြပေသည်။ *[ကုရ်သုဗီး]*

ထိုအမျိုးသမီးနှစ်ဦး၏ အမည်များနှင့် စပ်လျဉ်း၍ နောက်ထပ်လည်း အဆိုအမျိုးမျိုး ရှိပေသည်။ တတိယအမျိုးသမီးမှာ အကြီးမားဆုံး ကာဖိရ်ဖြစ်သည့် မိမိကိုယ်ကို မိမိ အရှင်သခင်ဖြစ်ကြောင်း ကြွေးကြော်ခဲ့သော ဖိရ်အောင်န်၏ ဇနီးဖြစ်ပေသည်။ သို့ရာတွင် ထိုအမျိုးသမီးသည် ဟဇရသ်မူစာ ﷺ အပေါ် အီမာန်ယူခဲ့ပေသည်။ ထိုအမျိုးသမီးကို အလ္လာဟ်အသျှင်မြတ်သည် 'ကမ္ဘာလောက၌မှာပင် ၎င်း၏ 'ဂျန္နသ်'ရှိနေရာဘုံဌာနကို တွေ့မြင်စေခဲ့ပြီး ၎င်းအတွက် ခင်ပွန်းသည်၏ ဆိုးသွမ်းနှောင့်ယှက်မှုကို အဟာန့်အတား၊ အနှောင့်အယှက် တစ်စုံတစ်ရာမျှ မဖြစ်စေသော အဆင့်အတန်းမျိုးကို ချီးမြှင့်ပေးသနားတော်မူခဲ့ပေသည်။ စတုတ္ထအမျိုးသမီးမှာ ဟဇရသ်မရ်ယမ်သခင်မ ဖြစ်ပေသည်။ အကြင် သခင်မကြီးသည် မည်သူတစ်ဦးတစ်ယောက်၏ ဇနီးမဖြစ်ခဲ့ပေ။ သို့ရာတွင် အီမာန်နှင့် ကောင်းမြတ်သော အကျင့်သီလတို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား နှောင်းပိုင်းခေတ် အွမ္မသ်ထုတစ်ရပ်လုံးထံ၌ ၎င်းသည် နဗီမဟုတ်နေလင့်ကစား နဗီတို့၏ အရည်အချင်းများ ချီးမြှင့်ပေးသနားထားတော်မူ ခြင်းခံရသည့် အဆင့်ကို ချီးမြှင့်ပေးသနားတော်မူခဲ့ပေသည်။

အထက်တင်ပြပါ ဥပမာများအားလုံးမှ အောက်ဖော်ပြပါ အချက်များသည် ရှင်းလင်းသွားပေသည်။ မုအ်မင်န်တစ်ဦး၏ အီမာန်သည် ၎င်း၏ ကာဖိရ်မိတ်ဆွေ တစ်ဦးတစ်ယောက်အတွက် အသုံးမဝင်နိုင်သလို ကာဖိရ်တစ်ဦး၏ ကုဖွရ် (သွေဖည်ငြင်းဆိုမှု) သည် ၎င်း၏ မည်သည့်မုအ်မင်န်မိတ်ဆွေ တစ်ဦးတစ်ယောက်လည်း နစ်နာဆိုးကျိုး မပြုနိုင်ပေ။ ထို့ကြောင့် နဗီတမန်တော်များနှင့် ဝလီသူတော်စင်ကြီးများ၏ ဇနီးများ

သည် ‘ကျွန်တော်မျိုးမတို့သည် မိမိတို့၏ ခင်ပွန်းသည်များကြောင့် လွတ်မြောက်အောင်မြင်မှုကို မလွဲဧကန် ရရှိပေလိမ့်မည်’ဟု ဆိုကာ သောကကင်းမဲ့စွာဖြင့် မနေအပ်ပေ။ မည်သည့်ကာဖိရ်၊ သူယုတ်မာတစ်ဦး၏ ဇနီးသည်လည်း ‘ထိုယုတ်မာသော ကာဖိရ်၏ ကုဖွ်ရ် (သွေဖည်ငြင်းဆိုမှု) သည် ကျွန်တော်မျိုးမအတွက် ဆိုးကျိုးတစ်စုံတစ်ရာ ပေါ်ပေါက်စေနိုင်သည့် အကြောင်းခံဖြစ်နိုင်ပေ၏’ဟူ၍ စဉ်းစားမိကာ သောက မပွားသင့်ပေ။ သို့သာမက အမျိုးသား၊ အမျိုးသမီး အားလုံးတို့သည် ကိုယ်စီကိုယ်ငှ မိမိတို့၏ အီမာန်နှင့် ကျင့်ကြံဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ အမြဲ သောကထားနေရပေမည်။

وَضَرَبَ اللهُ مَثَلًا لِلَّذِيْنَ اٰمَنُوا امْرَاَتَ فِرْعَوْنَ اِذْ قَالَتْ رَبِّ ابْنِ لِىْ
عِنْدَكَ بَيْتًا فِى الْجَنَّةِ

(ထိုနည်းတူစွာ အလ္လာဟ်အသျှင်မြတ်သည် မုအ်မင်န်သက်ဝင် ယုံကြည်ကြကုန်သော သူတို့၏ အကျိုးငှာ ဖိရ်အောင်န်၏ ဇနီးကြင်ယာကို ဥပမာအဖြစ် ခိုင်းနှိုင်းမိန့်ကြားတော်မူခဲ့၏။ တစ်ရံရောအခါဝယ် ထိုဖိရ်အောင်န်၏ ဇနီးကြင်ယာသည် ဤသို့ လျှောက်ထားပန်ကြားခဲ့လေ၏။ ‘အို, ကျွန်တော်မျိုးမအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် မိမိ၏ ထံတော်ပါး၌ ‘ဂျန္နသ်’သုခဘုံတွင် ကျွန်တော်မျိုးမအဖို့ နေအိမ်တစ်လုံးကို ပြုလုပ်၍ ပေးသနားတော်မူပါ။) *[၆၆ : ၁၁]*

ဤဥပမာသည် ဖိရ်အောင်န်၏ ဇနီးဖြစ်သူ မဇာဟင်မ်၏ သမီး၊ အာစီယာသခင်မကြီး၏ ဥပမာ ဖြစ်ပေသည်။ ဟဇရသ်မူစာ عليه السلام သည် ‘ဂျာဒူ’ အောက်လမ်းဆရာများနှင့် ယှဉ်ပြိုင်ရာ အောင်နိုင်သွား၍ အောက်လမ်းဆရာများ မွတ်စ္စလင်မ်ဖြစ်သွားချိန်ဝယ် ထိုသခင်မကြီးသည် မိမိ၏ အီမာန်အား ထုတ်ဖော် ပြခဲ့ပေသည်။ ဖိရ်အောင်န်သည် ထိုသခင်မကြီးအား ပြင်းထန်သော ပြစ်ဒဏ်ပေးရန် ဆုံးဖြတ် စီစဉ်ခဲ့ပေ သည်။ အချို့သော ဆင့်ပြန်ချက်များအတွင်း၌ ဤသို့ လာရှိထားပေသည်။ ထိုသခင်မကြီးအား လက်၊ ခြေတို့ကို ကားစေပြီး သံ (၄) ချောင်းဖြင့် ပန္နက်ရိုက်နည်းရိုက်ကာ ရင်ဘတ်ပေါ်၌ လေးလံသော ကျောက်တုံး ကြီးကို တင်ထားခဲ့ပေသည်။ ဆိုလိုသည်မှာ လှုပ်၍ မရနိုင်အောင် ခြေနှစ်ချောင်းနှင့် လက်နှစ်ချောင်း၌ သံချောင်းများဖြင့် ရိုက်နက်ထားလိုက်ပေသည်။ ဤအခြေအနေ၌ ထိုသခင်မကြီးသည် တင်ပြပါ အာယသ် တော်လာ ဆုမွန်ဒိုအာကို တောင်းခံခဲ့ပေသည်။ အချို့သော ဆင့်ပြန်ချက်များအတွင်း၌ ‘အလွန် ကြီးမား သော ကျောက်တုံးကြီးကို ထိုသခင်မကြီး၏ ဦးခေါင်းအပေါ် ပစ်ချသတ်ရန်’ ဆုံးဖြတ်စီစဉ်ခဲ့ကြောင်း၊ ၎င်းနောက် ပစ်ချမည့်ဆဲဆဲ အချိန်တွင် ထိုသခင်မကြီးသည် အလ္လာဟ်အသျှင်မြတ်ထံ ဒိုအာတောင်းခံရာ အလ္လာဟ်အသျှင်မြတ်သည် ထိုသခင်မကြီး၏ ဝိညာဉ်ကို နှုတ်သိမ်းတော်မူလိုက်ပေသည်။ ကျောက်တုံး သည် အသက်၊ ဝိညာဉ်ကင်းမဲ့နေသော ကိုယ်ခန္ဓာပေါ်သို့သာ ကျရောက်ခဲ့ကြောင်း ဆုမွန်ဒိုအာ၌ ‘အို, ကျွန်တော်မျိုးမအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ ‘ဂျန္နသ်’တွင် မိမိ၏ ထံတော်ပါး၌ ဂေဟာတစ်လုံး ပြုပေးတော်မူပါ’ ဟူ၍ ပန်ကြားရာ အလ္လာဟ်အသျှင်မြတ်သည် ကမ္ဘာလောက၌မှာပင် ထိုသခင်မကြီး အား ‘ဂျန္နသ်’ရှိ အိမ်၊ ဂေဟာကို ပြသခဲ့ကြောင်း လာရှိထားပေသည်။ *[မဇ္ဇဟရီကျမ်း]*

وَصَدَّقَتْ بِكَلِمَاتِ رَبِّهَا وَكُتُبِهِ

(ထို့ပြင် ၄င်းမရ်ယမ်သည် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မိန့်ကြားချက်များကိုလည်းကောင်း၊ ထိုအသျှင်မြတ်၏ ကျမ်းဂန်တရားတော်တို့ကိုလည်းကောင်း ယုံကြည်ထောက်ခံခဲ့သည်။) *[၆၆ : ၁၂]*

كَلِمَاتِ رَبِّهَا (မွေးမြူတော်မူသော ဖန်ဆင်းရှင်၏ မိန့်ကြားချက်များ) ၏ အလိုသဘောသည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ချပေးသနားတော်မူသော နဗီတမန်တော်များအပေါ် ကျရောက်သည့် ကျမ်းငယ်များဖြစ်သည်။ كُتُب (ကျမ်းဂန်များ) ၏ အလိုသဘောသည် မိုးကောင်းကင်ကျ ထင်ရှားကျော်ကြားသော ကျမ်းဂန်များဖြစ်သည့် 'သောင်ရားသ်' ကျမ်း၊ 'ဇဗူးရ်' ကျမ်းနှင့် 'အင်န်ဂျီးလ်' ကျမ်းတို့ ဖြစ်သည်။

وَكَانَتْ مِنَ الْقَانِتِينَ (အမှန်စင်စစ် ၄င်းမရ်ယမ်သည် အမိန့်တော်ကို နာခံကြကုန်သော သူတို့တွင် အပါအဝင် ဖြစ်ခဲ့ပေသည်။) *[၆၆ : ၁၂]*

قَانِتِينَ သည် قَانِتٌ ဟူသော စကားလုံး၏ အများကိန်းဖြစ်ပေသည်။ 'ခဝပ်ကိုးကွယ်မှုနှင့် အမိန့်နာခံမှု၌ တစ်စိုက်မတ်မတ် ခဝပ်ကိုးကွယ်သောသူ' ဟူ၍ အဓိပ္ပာယ်ရရှိ၏။ ဤသည် ဟဇရသ်မရ်ယမ်သခင်မ၏ ဝိသေသအချက် ဖြစ်ပေသည်။ ဟဇရသ်အဗူမူစာ ﷺ သခင်ကြီး ဆင့်ပြန်ထားသော ဟဒီးစ်တော်၌ တမန်တော်မြတ် ﷺ သည် မိန့်မြွက်ထားတော်မူပေသည်။ အမျိုးသားများအတွင်း၌လည်း များစွာသော သူတို့သည် ပြည့်ဝသော အရည်အချင်းပိုင်ရှင်များဖြစ်ခဲ့၊ ရှိခဲ့ဘူးကြပေသည်။ သို့ရာတွင် အမျိုးသမီးများအတွင်း၌ ဖိရ်အောင်န်၏ ဇနီးအာစီယာနှင့် အိမ်ရာန်၏သမီး မရ်ယမ်တို့သည် အရည်အချင်းပြည့်ဝသော အမျိုးသမီးများ ဖြစ်ပေသည်။ *[ဘိုခါရီ၊ မွတ်စ္စလင်မ်၊ မဇ္ဇဟရီကျမ်း။]*

နဗီများအား ချီးမြှင့်ခြင်းခံရသော အရည်အချင်းကို ဆိုလိုကြောင်းမှာ ထင်ရှားလှပေသည်။ အမျိုးသမီးဖြစ်နေပါလျက် ထိုသူမနှစ်ဦးသည် ရရှိခဲ့ပေသည်ဟူ၏။ *[မဇ္ဇဟရီး]*

(အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူလေ၏။)

အလ္လာဟ်အသျှင်မြတ်၏ 'သောင်ဖီးကာ်' စွမ်းအားဖြင့်

မအာရိဖွလ်ကုရ်အာန် မြန်မာဘာသာပြန် အတွဲ [၂၈]

ဤတွင် ပြီးဆုံးပါပြီ။

فَاسْأَلُوا أَهْلَ الذِّكْرِ إِن كُنتُمْ لَا تَعْلَمُونَ ۝

معارف القرآن

‘‘အသင်တို့ မသိကြပါမူ

တတ်သိသူများအား မေးမြန်း ကြလေကုန်။’’